www.burmeseclassic.com

လာဘ်မိုးရွာ စာပေ ● မောင်မောင်မြင့်အေး စီစဉ်မွမ်းမံတည်းဖြတ်သည်။

မဂ္ဂပစ္စယော

# ရောင်ပြန်

မဂ္ဂဇင်း



စကျွှအလင်းဂါထာနှင့်
ရွှေမျက်မှန်ဘုရား(စာ - ၄၁)










မာကိုပိုလိုနှင့်
ထူးဆန်းသောအင်းပြား(စာ - ၈၅)

မနုဟာမင်းနှင့်
ဗျတ်ဝိဗျတ္တ(စာ - ၈၂)

လီအင်ပြည့်ဝ
တရုတ်ဂမ္ဘီရ(စာ - ၆၃)


- ဘီးလင်းမြို့နယ်မိလံခံတော်ရှင်(စာ - ၄၉)
- ရန်ကုန်မြို့မှ ဂမ္ဘီရဆန်းကြယ်(စာ - ၅၃)
- တရုတ်လူမျိုး အင်းသက်ပွဲ(စာ - ၆၇)
- ကွမ်းရင်မယ်တော်(စာ - ၇၃)
- ဝိဇ္ဇာတို့၏ ကျင့်စဉ်(စာ - ၁၀၁)
- ဣန္ဒာသယ ဂြိုဟ်ပြေနံပြေ(စာ - ၁၂၅)
- ပြည်တွင်းပြည်ပ ဝိညာဉ်လောက(စာ - ၁၄၀)
- မဟာဒုတ်၏ ကုသိုလ်ကံ(စာ - ၂၆၀)
- ဆေးဖက်ဝင် သီးနှံ(စာ - ၂၇၃)
- အံ့ဖွယ်ဆေးစွမ်းကောင်း(စာ - ၂၈၁)


Graphic: Soe Win Htun

www.burmeseclassic.com

www.burmeseclassic.com

**လာဘ်မိုးရွာဂါထာ**

ဂါမေ ဝနေ စ သဗ္ဗတ္ထ၊
ဒေဝေဟိ မနုဿေဟိ စ။
အာဘတော နန္ဒလာဘောမေ၊
သဒါဟောတု ဘဝါဘဝေ။

မဂ္ဂပစ္စယော

# ရောင်ပြန် မဂ္ဂဇင်း

၂၀၁၆-ခုနှစ်၊ ဖေဖော်ဝါရီလ၊ အမှတ် (၂၆၅)

မောင်မောင်မြင့်အေး စီစဉ်မွမ်းမံတည်းဖြတ်သည်။

ထုတ်လုပ်မှုအယ်ဒီတာ - ဦးသန့်(လာဘ်မိုးရွာ)　　အုပ်ချုပ်မှုအယ်ဒီတာ - ဒေါက်တာစောယုနွယ်

အမှုဆောင်အယ်ဒီတာ - နန္ဒာမိုးကြယ်၊ သန္တာဇင်　　အယ်ဒီတာရုံးအဖွဲ့ - စိုးစိုး

ထုတ်ဝေသူ - ဦးမောင်မောင်မြင့်အေး(၀၀၉၅၆)မှ ထုတ်ဝေ၍ ဝင်းထွန်း(၀၀၁၂၆)၊ အမှတ်-၃၇၊ ရေကျော်လမ်းမကြီး ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့မှ ပုံနှိပ်သည်။

အုပ်ရေ - ၁၀၀၀၊ တန်ဖိုး - ၂၄၀၀ ကျပ်

စာအုပ်ချုပ် - ရှကီး၊ အတွင်းဖလင် - မျိုးဝင်းကျော်၊ အတွင်းပန်းချီ - အောင်နိုင်လတ်၊ ပညတ်၊ ဖိုးအောင်၊ စံလွင်မောင်၊ လုသစ်အောင် တို့က ပန်းချီဆွဲ၍ မျက်နှာဖုံးဂရပ်ဖစ်ကို စိုးဝင်းထွဋ်းမှ ဖန်တီးသည်။

## ရောင်ပြန်မဂ္ဂဇင်း၏ မူဝါဒ

လစဉ်ထုတ်ဝေလျက်ရှိသော ရောင်ပြန်မဂ္ဂဇင်းသည် ဘာသာရေးသက်သက်စာအုပ် မဟုတ်ပါ။ ယောကီရေးရာ၊ မြန်မာ့ရေးရာ သုတအဖြာဖြာကိုလည်းကောင်း၊ ရသမြောက်ဝတ္ထုတို၊ ဝတ္ထုရှည်များကိုလည်းကောင်း၊ ပြည်တွင်းပြည်ပ ဗဟုသုတဖြစ်ဖွယ် အကြောင်းအရာများ၊ ထေရဝါဒနှင့် မဆန့်ကျင်သော ဘာသာရေးဆိုင်ရာ ဆောင်းပါးများ၊ ထူးခြားသော စေတီပုထိုးများ၊ ရဟန်းသံဃာများအကြောင်း၊ ဗေဒင်၊ ယတြာဆိုင်ရာ ပညာရပ်ဆောင်းပါးများ၊ ပုဂ္ဂိုလ်ထူးတို့၏ အကြောင်းအရာများကို ဖော်ပြလျက်ရှိသော မဂ္ဂဇင်း ဖြစ်ပါသည်။ ဤသို့ ပုဂ္ဂိုလ်ထူးများအကြောင်းကို ထည့်သွင်းဖော်ပြရာတွင် ထိုပုဂ္ဂိုလ်ထူးများအပေါ် ယုံကြည်ကိုးကွယ်မှုနှင့် မဆိုင်ဘဲ ထိုပုဂ္ဂိုလ်ထူးများ၏ ခြင်းရာအတ္ထုပ္ပတ္တိကိုလည်းကောင်း၊ ၎င်းတို့၏ ကျင့်စဉ်များကိုလည်းကောင်း၊ ၎င်းတို့၏ စွမ်းဆောင်ချက်များကိုလည်းကောင်း ဗဟုသုတ ဖြစ်စေရန်အလို့ငှာ ထည့်သွင်းဖော်ပြခြင်းသာ ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

မဂ္ဂပစ္စယော

မဂ္ဂဇင်း

၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ၊ အမှတ် (၂၆၅)

# မာတိကာ

## ရောင်ပြန် ကဗျာ

မောင်လှလွန်း၊ နွေကိုတူး(ပခုက္ကူ)၊ ခက်လှိုင်းကျော်၊
တောသားကြီးလှနိုင်၊ နန္ဒာမိုးကြယ်၊ နွယ်ဦးမွန်(ကျုံဒါး)၊
ဝေယံချစ်၊ ထက်ခေါင်မြင့်မား

## ရောင်ပြန် အခန်းဆက်ရသ

အစိမ်းရောင် သစ္စာစကား(၅)

ကျော်မြသန်း ———— ၁၅၅
တောဘုမ္မာဝင့်နန်းလယ်မှာ ကျွတ်တမ်းကယ် စာမလိပ်ချင်ဘု(၁၄)

မောင်ဟိန်းကျော် ———— ၁၆၆
ဂန္ထီရခွစာ(၈)

ယိုး ———— ၁၈၈
ပရော်ဖက်ဆာဒေါက်တာဆိတ်ဖွား(၈)

မင်းသိခ် ———— ၂၁၄
ဒေါ်ခုံမ၏ သုံးဘဝခရီး(၃)

ဝေယံလင်းခေါင် ———— ၂၃၂

## မဟာသိုသံဘာဝ

### မဟာချွဲ ရုပ်ရှင်တော်မြတ်




စာ-၃၁

## မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်ရှိ

# မဲလံဆံတော်ရှင်စေတီတော်

ဗညားဦး(အိမ်မဲ)



စာ-၄၉

# ဒီလိုဆိုရင် ကျေနပ်တယ်

မနုဿကျော်ဝင်း

စာ-၁၄၆



# မန္တဟာနတ်နန်းနှင့်

## ဗျတ်ဝိ,ဗျတ္တာ ကြက်မတစ်ဝပ်စာ

မင်းဒီပလှိုင်

စာ-၈၂



www.burmeseclassic.com

www.burmeseclassic.com



# စာရေးဆရာကြီးဦးနု

**(သို့မဟုတ်)**

# ဗမာ့ဘားနတ်ရှော

မောင်အေးသန့်

စာ - ၂၄၈

## ရောင်ပြန် ရသ


သူတို့ကို ကယ်ကြပါ
ပီတာမြိုး ——— ၁၃၆

ဒီလိုဆိုရင်
မနုသကျော်ဝင်း ——— ၁၄၆

အမှားကြီး မှားခဲ့သော်လည်း
မြမြလှိုင် ——— ၂၄၄

သတ္တဝါတစ်ခု ကံတစ်ခု
နန္ဒာမိုးကြယ် ——— ၂၅၂

ဝတ်လွှာရုံမဲ့ ပင်လယ်ပျော်ရွှေဗိမာန်ရှင်
အောင်သပြေ ——— ၂၆၄



**အယ်ဒီတာအဖွဲ့ / ကြော်ငြာနှင့် ဖြန့်ချိရေး**

**လာဘ်မိုးရွှေ စာပေ**

တိုက် - ၂၇၊ အခန်း - ၁၂ (မြေညီထပ်)

၅၂ - လမ်း (အောက်)၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့

၀၉ - ၄၂၀၀၅၉၂၅၊ ၀၉ - ၅၀၉၂၄၇၇


## မြန်မာ့ရေးရာ


ဆင်ကေသာတော်ဝင် မဲလံဆံတော်ရှင်
ဂမ္ဘီရဆရာလှမျိုး ——— ၄၅

မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်ရှိ မဲလံဆံတော်ရှင်စေတီတော်
ဗညားဦး(အိမ်မဲ) ——— ၄၉

ကျွန်ုပ်နှင့် ထူးဆန်းအံ့ဖွယ်ရာ ဝိဇ္ဇာကြီးများ(၁၈)
ပထမဆရာကြီးဦးအောင်သူ ——— ၉၉

သူတော်စင်ဝိဇ္ဇာကြီးတို့၏ ကျင့်စဉ်နှင့် ဖြစ်ရပ်ဆန်းများ
ဝိဇ္ဇာရေးဆရာအောင် ——— ၁၀၁





# သူတို့ကို ကယ်ကြပါ

ပီတာမြိုး





www.burmeseclassic.com

www.burmeseclassic.com

စာ - ၈၈

# ရန်ကုန်ထောင်အကြောင်း တစေ့တစောင်း

သုတေသီဆရာငြိမ်း



## လောကီရေးရာ


ရောင်ပြန်မဂ္ဂဇင်းပြက္ခဒိန်
အင်ကြင်းဖြူဖြူ(တောင်ငူ) —— ၁၇
တပို့တွဲလပြည့်နေ့(သို့)ဩဝါဒပါတိမောက်အခါတော်နေ့
တက္ကသိုလ်သျှင်ဥက္ကာ —— ၁၈
စိုက်ပျိုးရေးရာ သည်လမှာ
တောကကိုရင် —— ၂၀
သည်လအတွက် ကောင်းသောရက်
နွယ်သာကီအောင် —— ၂၁
ဖေဖော်ဝါရီလမှာ ဆောင်ရွက်ပါ
နေမျိုးထွဋ်ခေါင် —— ၂၃
အလုပ်အကိုင် အောင်မြင်ရန်
မဟိန္ဒီကျော်ခေါင် —— ၂၄
သည်လများအတွက် ကံဇာတာ
ဆရာမိုးဟန်ကြွယ် —— ၂၅
ဝန်ထမ်းဆုတောင်း စီးပွားကောင်း
မော်တင်သိန်းဇော် —— ၂၆
တရုတ်နက္ခတ္တဗေဒင်ပညာ ၂၀၁၆-ဖေဖော်ဝါရီလ...
ဇေတီအောင်သိန်း —— ၂၇
အပ္ပနာနှင့် ဆော်ဘာမန်တိုက်
တက္ကသိုလ်သမီး —— ၈၀

မနုဿနတ်နန်းနှင့် ဖျတ်ဝိဇ္ဇာ ကြက်မတစ်ဝပ်စာ
မင်းဒီပလှိုင် —— ၈၂
မာကိုပိုလို၊ ကူဗလေခန်နှင့် ထူးခြားဆန်းကြယ်သော အင်းပြားကြီး
တက္ကသိုလ်မိုးမြင့်ဝေ —— ၈၅
ရန်ကုန်ထောင်အကြောင်း တစေ့တစောင်း
သုတေသီဆရာငြိမ်း —— ၈၈
၁၈၃၃-ခုနှစ် ရန်ကုန်မြို့မြင်ကွင်း
ကိုမောင်မြင့်ကျော် —— ၉၃
မဟာပထမံဘိုးဘိုးအောင်နှင့် ဂဏန်းသချ်ာပဋ္ဌာ
မော်တင်သိန်းဇော် —— ၉၇
သီတင်းကျွတ်ရက်မြတ်မင်္ဂလာနှင့်
ဆရာမကြီး ယောဂီနန္ဒမာလာ၏ ကျောင်းလွှတ်ပူဇော
ဂမ္ဘီရဆရာစံ —— ၁၀၅
ဆရာလေးဒေါ်နန္ဒဝတီ ပြန်လည်ပြုပြင်မည့် စေတီပုံတွင်
(၇)ရက်သားသမီးများ စုပေါင်းပါဝင် ကုသိုလ်ပြုနိုင် —— ၁၀၇
ခံယူဆင်မြန်း ဗျာဒိတ်ပန်း
ခရာ(ကေတ) —— ၁၀၉
ကြီးပွားလိုတ မိတ်ဆွေကောင်းကိုရှာ
တင့်ကူး(ဇေယျဝတီ) —— ၁၁၂
လောဘသားကောင်
နွေဦး(Pyu) —— ၁၁၅




www.burmeseclassic.com

www.burmeseclassic.com

## လောကီရေးရာ


နယူးဘေ့ဘ်ဘာက်မှတ်စာ(၅)
မောင်ဘေဘ်းမြင့် ——— ၁၁၇
ဂမ္ဘီရမှတ်စုမှ ဂ်ငံဘ ——— ၁၁၉
အရိယာဝိဇ္ဇာလမ်း အရောက်လှမ်းနေကြသည်သာ
ဝေယျထက် ——— ၁၂၂
ဣန္ဒြာသယ ပြုပြင်ပြောင်းမြဲ
အောင်ကြီးပွား ——— ၁၂၅
ရှောင်ရန် အနော်ရထာ ကျွဲတော်ကိန်း
ညွန့်လွင်(စက်မှုတက္ကသိုလ်) ——— ၁၂၈
ဘုန်းမိုးနက္ခတ်နှင့် ယတြာ
ဆရာတီထိ ——— ၁၃၁
စိတ်နှင့်ရုပ် တစ်ခုနတ်သော်
မိုးမြင့်လွင် ——— ၁၃၃
တောင့်တကင်းကင်း ကြောင့်ကြမဲ့ခြင်းက အကြောင်းရင်း
ခင်မောင်အေး(မန္တလေး) ——— ၁၅၁
အနိစ္စဒေသနာတော်(၂၀)
မဟာထွန်း ——— ၁၇၆
သုနန္ဒရီ
…တ်ထီးလှိုင် ——— ၁၇၉


### ဗုဒ္ဓပေါင်မင်းကြီး၏ အောင်မြင်မှု လျှို့ဝှက်စိပ်သော ပုတီးစိပ်

မနှင်းပွင့် (ပြည်)




### မဟာပထမံဘိုးဘိုးအောင် နှင့် ဂဏန်းသင်္ချာပဉ္စဂံ

မော်တင်သိန်းဇော်ဇ



စာ - ၉၇

## ရောင်ပြန် မျက်နှာဖုံးဆောင်းပါး


လယ်ပိုင်ရှင် ကျွတ်များအား သီးစားခပေးရသော လယ်သမားများ
လှစံ(ပညာရေး) ——— ၁၉၉
ဓာတ်ရိုက်ယတြာ ရွှေပညာ
ဘုန်းပွင့်ထွန်း ——— ၂၀၃
တကယ်ဖြစ်ချင် တကယ်လုပ်ကြည့်
မောင်ပုတ်စည် ——— ၂၀၅
ဗုဒ္ဓပေါင်မင်းကြီး၏ အောင်မြင်မှု လျှို့ဝှက်စိပ်သောပုတီး
မနှင်းပွင့်(ပြည်) ——— ၂၀၇
ဘဝအမောစင်မယ့် လှတောတစ်ခွင်ဟာသများ
ဦးကောင်းထူး ——— ၂၀၉
တုတ်၊ ဓား၊ လှံ၊ လေး၊ မြား၊ သေနတ်ပြီး ဂါထာတော်
အောင်မြင့်မြတ်(ပြည်ရွှေဘို) ——— ၂၂၅
တစ္ဆေခြောက် ကြောက်ရန်မလို
နိုင်ငွေထွန်း ——— ၂၂၉
စာရေးဆရာကြီးဦးနု(သို့)ဗမာ့ဘားနတ်ရှော
မောင်အေးသန့် ——— ၂၄၈
မဟာဒုတ်ရဲ့ သဒ္ဓါအားနဲ့ ကုသိုလ်ကံ စေတနာအကျိုး
ကိုမောင်သန်းဝင်း ——— ၂၆၀
ပါရမီဖြည့်ကျင့် ဆောင်ရွက်ချက်
သောင်းညာထိ(ပန်းတော်ကျွန်း) ——— ၂၇၀


www.burmeseclassic.com

www.burmeseclassic.com

## ရောင်ပြန် မျက်နှာဖုံးဆောင်းပါး


မဟာသုံ့သံ့ဘဝနှင့် မဟာသွဲ့ခရုပ်ရှင်တော်မြတ်
စံရိပ်ငြိမ်မောင်တင်ချို ———— ၃၁

ကျွန်တော်တို့နှင့် ဆွေဘုရား မျိုးဘုရား
မဟာသုံ့ဥသာရ ရုပ်ရှင်တော်မြတ်ကြီး
ငါးကုန်းခင်မောင်သိန်း ———— ၃၇

စကျွရွာ၏ ဝိနယသတုနှင့် ရွှေမျက်မှန်ဘုရား
ဒေါ်ခိုနန်းကြည်သား ———— ၄၀

ရွှေတောင်မြို့မှ ဆုတောင်းပြည့် ရွှေမျက်မှန်ဘုရားကြီး၏ . . .
မြမိဥူဝေ(ကျူမင်း) ———— ၄၁

မြို့ရွန်တွန်ဝန်းကျင်မှ ဂမ္ဘီရဆန်းကြယ်ဖြစ်ရပ်များ
ပထမပိဋကအောင် ———— ၆၃

မဟာဆေးဝက်ဘာ ဆရာတော်ကြီး၏
သမထပုတီးအစ္စီအရင်
ပထမံဆရာကြီးဦးအောင်သူ ———— ၆၂

လိုအင်ပြည့်ဝ တာရုတ်ဂမ္ဘီရ အစီအမံများ
သုတေသီမြင့်ထွန်း ———— ၆၃

ကျန်းမာရေး တရုတ်အင်းလက်ဖွဲ့ အဆောင်များ
ကောတ်အောင်သိန်း ———— ၆၇

တရုတ်အမျိုးသားတို့၏ ကိုးကွယ်ယုံကြည်မှု
သုတေသီမြင့်ထွန်း ———— ၆၉

တရုတ်ရွှေစက္ကူ ငွေစက္ကူ မီးရှို့ခြင်း
သုတေသီမြင့်ထွန်း ———— ၇၁


ကွမ်ရင်မှုယ်တော် ပူဇော်ပသ,နည်း
သုတေသီမြင့်ထွန်း ———— ၇၃

ကွမ်ရှင်မယ်တော်ဘုရား ရှေးခေတ်ရုပ်ပွားတော်
ကောတ်အောင်သိန်း ———— ၇၄

တရုတ်လူမျိုးတို့၏ ကန်တော့နည်းသုံးဖြာ
သုတေသီမြင့်ထွန်း ———— ၇၅

တရုတ်လူမျိုးအနွယ်နှင့် စာပေ
သုတေသီမြင့်ထွန်း ———— ၇၆

ဂန္ဓာလရာဇ်၏ မွဲသူဌေးရ
သုတေသီမြင့်ထွန်း ———— ၇၇


## ရောင်ပြန် တိုင်းရင်းဆေး


အာဟာရပြည့်ဆေးဖက်ဝင် သီးနှံအစားအစာများ
သုတေသီဆရာငြိမ်း ———— ၂၇၃

တိုရှစ္စာန်များမှ လူသားများကို အကျိုးပြုပုံ
ဒေါက်တာသက်ဆွေ ———— ၂၇၇

ဆင်ဖုက်ယား
တောင်တွင်းအောင်သက်ဦး ———— ၂၈၀

အုံ့ဖွယ်ထူးဆန်း ဆေးစွမ်းကောင်းများ
မျိုးသိန်းထွန်းကို ———— ၂၈၁

လူအိုတော့ ပုန်းပန် အိမ်အိုတော့ ကျားကန်
ကျော်ဇေယာဟိန်း(နံ့သာ) ———— ၂၉၃

ဖရဲသီးတန်ဖိုး
နိုင်ခင်အင်ကြင်း ———— ၂၉၅


လစဉ်ထုတ် ရောင်ပြန်မဂ္ဂဇင်း၊ ပြစ်မှုမဂ္ဂဇင်းသို့ စာမူပေးပို့ခြင်း၊ စာမူခထုတ်ယူခြင်းတို့ကို
နံနက်(၁၀း၀၀)နာရီမှ မွန်းလွဲ(၂း၀၀)နာရီအတွင်း (စနေ၊ တနင်္ဂနွေနှင့် ပြန်တမ်းဝင် ရုံးပိတ်ရက်များမှအပ)
ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်လွှဲစာဖြင့်သော်လည်းကောင်း လာရောက်ထုတ်ယူနိုင်ကြပါသည်။
စာမူပေးပို့ရာ၌ မဂ္ဂဇင်းတိုက်သို့ တိုက်ရိုက်ပေးပို့ခြင်းမရှိပါက တာဝန်ယူမည်မဟုတ်ပါ။

www.burmeseclassic.com

www.burmeseclassic.com



## ရောင်ပြန်ဗေဒင်

သိသံ့ကမစကြောင်း မင်္ဂလာနိမိတ်ကောင်း
ဒေါက်တာစောယုနွယ် ---- ၃၀၁

## ရောင်ပြန် အထူးယတြာ


နိုင်ငံခြားရောက်မြန်မာများအတွက် အထူးဟောကိန်း
ဒေါက်တာစောယုနွယ် ---- ၃၁၀

## လူတွေသိ နတ်တွေကြားစေ

လူတွေသိ၍ နတ်တွေကြားစေ ---- ၃၀၂

## ရောင်ပြန် လျှို့ဝှက်ဆန်းကြယ်

ပြည်တွင်းပြည်ပ ဝိညာဉ်လောက ယုံကြည်ချက်များ
လုတိုး(စိတ်ပညာ) ---- ၁၄၀
မောင့်ဘက်တန်နှင့် ပန်းကန်ပြားပျံများ
လျှမ်းထက် ---- ၁၈၁



အယ်ဒီတာအဖွဲ့ / ကြော်ငြာနှင့် ဖြန့်ချိရေး
လာဘ်မိုးစွေ စာပေ
တိုက် - ၂၇၊ အခန်း - ၁၂ (မြေညီထပ်)
၅၂ - လမ်း (အောက်)၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့
၀၉ - ၄၂၀၀၁၅၉၂၅၊ ၀၉ - ၅၀၉၂၄၇၇



www.burmeseclassic.com

www.burmeseclassic.com

# အလှူဒါန အမျိုးမျိုး၏ အကျိုးတရား

(၁) ဆွမ်းလှူရကျိုး (၅)ပါး
(၂) အဝတ်ပုဆိုးလှူရကျိုး (၆)ပါး
(၃) ထီးလှူရကျိုး (၈)ပါး
(၄) သပိတ်လှူရကျိုး (၈)ပါး
(၅) ပဲခွပ်လှူရကျိုး (၇)ပါး
(၆) ဓားငယ်လှူရကျိုး (၅)ပါး
(၇) လက်သည်းလှီးဓားလှူရကျိုး (၅)ပါး
(၈) အပ်လှူရကျိုး (၇)ပါး
(၉) ယပ်တောင်လှူရကျိုး (၃)ပါး
(၁၀) ရေစစ်လှူရကျိုး (၄)ပါး
(၁၁) ဆီလှူရကျိုး (၅)ပါး
(၁၂) အပ်ချည်၊ အပ်ဘူးလှူရကျိုး (၃)ပါး
(၁၃) ပခုံးလွယ်ကြိုး (အံသကိုင်း)လှူရကျိုး (၃)ပါး
(၁၄) ခါးပန်းကြိုးလှူရကျိုး (၆)ပါး
(၁၅) သပိတ်ခြေလှူရကျိုး (၅)ပါး
(၁၆) အိုးလှူရကျိုး (၇)ပါး
(၁၇) ခွက်လှူရကျိုး (၂)ပါး
(၁၈) ဖိနပ်လှူရကျိုး (၄)ပါး
(၁၉) ခြေနင်းလှူရကျိုး (၁)ပါး
(၂၀) ရေသုတ်ပဝါလှူရကျိုး (၆)ပါး
(၂၁) တောင်ဝေှးလှူရကျိုး (၆)ပါး
(၂၂) မျက်စဉ်းဆေးလှူရကျိုး (၈)ပါး
(၂၃) သော့လှူရကျိုး (၁)ပါး
(၂၄) မွေ့ရာလှူရကျိုး (၆)ပါး
(၂၅) ခေါင်းအုံးလှူရကျိုး (၆)ပါး
(၂၆) ခြေဆေးပျဉ်လှူရကျိုး (၂)ပါး
(၂၇) သွားတိုက်ဆေးလှူရကျိုး (၅)ပါး
(၂၈) နို့စမ်းလှူရကျိုး (၂)ပါး
(၂၉) ပျားရည်လှူရကျိုး (၁)ပါး
(၃၀) ဆွမ်း၊ ထမင်း၊ ဖျော်ရည်လှူရကျိုး (၁၀)ပါး
(၃၁) ရေလှူရကျိုး (၁၀)ပါး
(၃၂) သော့အိမ်၊ သော့ခလောက်လှူရကျိုး (၂)ပါး
(၃၃) အာယောဂပတ်လှူရကျိုး (၅)ပါး
(၃၄) ဆေးလိပ်၊ ဆေးတံလှူရကျိုး (၃)ပါး
(၃၅) ဆီမီးတိုင်လှူရကျိုး (၃)ပါး
(၃၆) ဘူးနှင့်ကြုတ်လှူရကျိုး (၁၁)ပါး
(၃၇) လက်သုတ်ပဝါလှူရကျိုး (၅)ပါး
(၃၈) သင်တုန်းဓားလှူရကျိုး (၁)ပါး
(၃၉) မွေးညှပ်လှူရကျိုး (၁)ပါး
(၄၀) နှာနှပ်တံလှူရကျိုး (၈)ပါး
(၄၁) အင်းပျဉ်လှူရကျိုး (၅)ပါး
(၄၂) ပျဉ်ချပ်လှူရကျိုး (၂)ပါး
(၄၃) ခြေနယ်ဆီလှူရကျိုး (၅)ပါး
(၄၄) ထောပတ်ဆီလှူရကျိုး (၅)ပါး
(၄၅) အမွှေးတိုင်၊ အနံ့အလျှံလှူရကျိုး (၁၀)ပါး
(၄၆) တံတားလှူရကျိုး (၁၀)ပါး
(၄၇) ယာဂုလှူရကျိုး (၁၀)ပါး

www.burmeseclassic.com

www.burmeseclassic.com



# ဝေးဝေးမပြေးနဲ့

## မောင်လှဲလွှန်း

✱ စိတ်မှတ်လွှတ်တာနဲ့
စိတ်က မိုင်ပေါင်းများစွာ ဝေးသွားရော။

✱ တစ်စက္ကန့် နှစ်စက္ကန့် သတိလက်လွှတ်
စိတ်က ငါ့ကို ကုဋေပေါင်းများစွာ
ဖြတ်ကျော်သွားပေါ့။

✱ ဖျတ်ခနဲ သတိရ
ချည်တိုင်က ကြိုးလွတ်သွား
အနိစ္စ အမြဲမရှိ
ဒုက္ခ ဆင်းရဲခြင်း
အနတ္တ ငါ၏ကိုယ်မဟုတ်
လက္ခဏာရေးသုံးပါး
'သတိ'သံပတ်တင်းလိုက်ရ။

✱ ဒီလိုနဲ့
လွတ်နေတဲ့ စိတ်ကလေး
ဖြည်းဖြည်းချင်းလိုက်ဖမ်း
အလှမ်းမဝေးတော့ပါဘူး။ ။

www.burmeseclassic.com

www.burmeseclassic.com

# ယင်နှင့်ပျား

နွေကိုတူး(ပခုက္ကူ)

* 'ယင်'

မဆင်မခြင်၊ ခုံမင်ပျော်ပါး
ရရစားစား၊ ဝါးဝါးမျိုမျို
ထိုထိုဤဤ
အညီရှိရာ၊ ကျက်စားကာဖြင့်
ရောဂါပိုးမွှား ဖြန့်ဝေသူ။

* 'ပျား'

နေ့ညမနား၊ ကြိုးစားလုံ့လ
ဝီရိယဖြင့်
ဂန္ဓအဆီ၊ ပန်းဝတ်ရည်ကို
ဆွတ်ချီစုဆောင်း၊ စနစ်ကောင်းဖြင့်
စုပေါင်းညီညီ၊ ပျားအိမ်တည်၍
သက်ဇီဝဆေး ပေးဝေသူ။

* 'ယင်နှင့်ပျား'တို့

ခြားနားအသွင်၊ စရိုက်ဉာဉ်ကြောင့်
ယင်ကိုမလိုလား၊ ရွံရှာဖြားလည်း
ပျားကိုကြည်ဖြူ၊ အတုယူလျက်
လူတို့အလေးထား မြတ်နိုးအံ့။ ။



www.burmeseclassic.com

www.burmeseclassic.com

# တံလျှပ်

## နွယ်ဦးမွန်(ကျုံ့ဒါး)




✱ ကောင်းကင်မိုးဖျား
မြင့်တက်သွားလည်း
မြေသားပေါ်သို့ ပြန်ကျမည်...။

✱ ခိုင်မာစိုက်ထား
ကျောက်တိုင်အားလည်း
ပျက်ပြားကြေမွ မြေခမည်...။

✱ နှိုင်းဆမရ
အနန္တလည်း
သုညအစ ရောက်ရမည်...။

✱ ဖြစ်သျှင် ပျက်မည်
တက်လျှင် ကျမည်
မတည်ခဏ
အနတ္တမည် ဤသည့်သချာ
သူ့အဘိဓမ္မာသည်
နားမလည်သော စကား
မသင်ကြားရသေးသည့်...စာ
ညြချစရာကောင်းလှချည့်။ ။

www.burmeseclassic.com

www.burmeseclassic.com



# ခွန်းဆက်ကဗျာ

ဝေယံချစ်

* ဟောဒီလောကကြီးကို
အဝတ်အစားအသစ်တွေ
ဝတ်ပေးကြည့်ချင်တယ်···။

* ချုပ်ရိုးကောင်းကောင်း···အဆင်ကောင်းကောင်း
အရည်အသွေးကောင်းကောင်းနဲ့
အဟောင်းတွေကို ဆုတ်ဖြဲပြီး
ခပ်ရဲရဲကြီး ဝတ်ပေးချင်တာပါ···။

* အဲဒီအင်္ကျီ···
အညီအဟောက်လည်းကင်းပါ့
မေတ္တာ···စေတနာ···ပြီးတော့အချစ်
နှစ်သစ်ဦးရဲ့အလှမှာ ခပ်ဖွဖွရောစပ်
တဖျတ်ဖျတ်ကဲနေတဲ့နေရောင်
တဝင်းဝင်းစိုနေတဲ့ လရောင်
လေပြည်နုမှာ ပန်းကလေးတွေကလည်းအသစ်
အားလုံးချည်နှောင်ချုပ်ဖွဲ့
ပဥ္စလက်တိမ်လွှာရဲ့ လောကကြီးဟာ
လှသည်ထက်လှသွားမယ်ဆိုတာ···
ကျွန်တော်ယုံတယ်···။

* ကျွန်တော်ချုပ်တဲ့အင်္ကျီ
ချစ်သူတွေလည်းဝတ်···မုန်းသူတွေလည်းဝတ်
မကျေမချမ်းဖြစ်နေသူတွေလည်းဝတ်
သစ္စာအသစ်···သည်းခံခြင်းအသစ်တွေနဲ့
ချုပ်ထားတဲ့ အင်္ကျီဟာ
ပန်းချီကဗျာဆန်လွန်းပါ့···။

* အဲဒါပဲလေ···
ကဗျာဆရာဟာ ကမ္ဘာကြီးကို
အဲဒီအင်္ကျီ ဝတ်ပေးချင်သလို···
ကမ္ဘာကြီးကလည်း···
အဲဒီအင်္ကျီကို မျှော်လင့်နေမှာပါ···။

* ခုတော့ ကျွန်တော်လာပြီ···
အင်္ကျီတစ်ထည်နဲ့ ကမ္ဘာကြီးရဲ့နယ်ပယ်မှာ
အနုပ္ပမေတ္တာတွေနဲ့
မိတ်ဆွေတို့ရေ···ကမ္ဘာရွာကြီးကို
"နှစ်သစ်မင်္ဂလာပါ" လို့
နှုတ်ခွန်းဆက်ကြပါစို့···။

www.burmeseclassic.com

www.burmeseclassic.com



# သမိုင်းရေးတဲ့လက်

## ခက်လှိုင်းကျော်

* ပုဂံမင်းငါးဆယ့်ငါးမှာ
ကုလားကျ တရုတ်ပြေး
ရေးခဲ့ကြ သမိုင်းအရှက်။

* မှန်နန်းဘုတ်အုပ်ကြီးကိုပိတ်
အတိတ်ဖြစ်ရပ်တွေကျော်နိုင်း
ဒီကနေ့ တို့ရဲ့သမိုင်း
အနာဂတ်မှာ မရိုင်းဖို့
ဆိုင်းစို့ တို့လက်။ ။

www.burmeseclassic.com

www.burmeseclassic.com

# ကျီးယောင်ဆောင်သော ကျွန်တော်

## ထက်ခေါင်မြင့်မား



* အတောင်လည်းမာ၊ နှုတ်သီးမာ၍
ဘာသာဘာဝ၊ ငှက်မည်ရလျက်
နီးထရန်းကန်၊ မြရှင်သန်ခဲ့။

* "အားဝါ"သံသာ၊ နှစ်ခြိုက်ပါ၍
အာသာ အာနေ၊ ကြိုးပမ်းလေ၏
"အိုးဝေ"မှသည်၊ "အားဝါ"မြည်သံ
ကြာရှည်သောခါ၊ ပီသလာလိမ့်
အာသာ အာမည် မလျှော့ပြီ။

* ငှက်မျိုးစိတ်ချင်း၊ မေတ္တာနှင်းကာ
သင်းဖွဲ့ကြရေး၊ အရှည်တွေးပြီး
လေးလေးစားစား၊ အရေးထားလျက်
ဒေါင်းများအပေါ်၊ ဘောင်စည်းကျော်၍
မလျော်မထောက်၊ သစ္စာဖောက်ဟု
ရှုံ့ကြောက်စူးရှ၊ မယူဆတော့။

* ရန်အသွယ်သွယ်၊ ဗျူဟာကြွယ်လည်း
စားဖွယ်သားစ၊ တစ်ကောင်ရမှု
ရသည့်သူတိုင်း၊ ရန်မူရိုင်းမြဲ
ပိုင်းကြ လိုက်ကြ၊ ထိုးဆိတ်ကြလျက်
မရမက၊ လုယက်ကြသည့်
အာဂ ကျီးစရိုက်ပါတည်း။

* ကျီးတို့အလိုက်၊ ထိုစရိုက်ကို
နှစ်ခြိုက်ယိုဖိတ်၊ အားကျစိတ်ကြောင့်
သိုသိပ်ထိမ်ချန်၊ ကျိတ်မကြံဘူး
ကျီးဟန်ဆောင်ချင်၊ စိတ်ကိုပြင်လျက်
ထင်သာမြင်သာ၊ ဆက်၍အာမည်
ခုခါ ပွင့်လင်းနေပြီတည်း။ ။

www.burmeseclassic.com

www.burmeseclassic.com



# တာဝန်ကျေပါသည်

တောသားကြီးလူနိုင်

* မိုးခါးရေအိုး
အနံ့ဆိုး၍
ထိုးခွဲလိုက်တာ ငါပဲဟေ့။ ။

www.burmeseclassic.com

www.burmeseclassic.com

# အင်ကြင်းတစ်ခက်ရဲ့ ရာဇဝင်

## နန္ဒာမိုးကြယ်



* ခါချဉ်တွေးကိုဖြင့်
ပမာအသွင် အင်ကြင်းမွှေးရယ်လို့
ပန်ပေးခဲ့ ဆဒ္ဒန်အရှင်။

* သုဘဒ္ဒါ အသည်းထက်မှာတော့
ကမ္ဘာကြီး ယွင်းကာပျက်အောင်ပ
နာကြည်းချက် အထွေထွေနဲ့
လက်စားချေ မုန်းမာန်ပျိုးပါလို့
သံသရာတစ်ဆစ်ချိုးမှာ
ရန်ငြိုးဖွဲ့ဆင်။

* ခုဘဝမှာတော့
မြမရှား စိန်မရှားပေမဲ့
ချစ်လင်ရဲ့ အစွယ်အသွားကိုမှ
နားမှာတဲ့ ပန်လိုချင့်
ဘဒ္ဒါခင် နှလုံးအသည်း။

* အစွယ်ကို ပွေ့ကာထွေးပေမယ့်
တကယ်ကို မြေကြာဆွေးပါပေါ့
အတိတ်ရေးဘဝဟောင်းဆီက
ငယ်ပေါင်းပီ လည်ချင်းမီသမျှ
ဖြေမဆည် စံရာနန်းမှာ
မုန်းဆကာ ဘယ်မပြေပါလား…
(မယ့်သခင်ရေ…)
လွမ်းတကြေကွဲ။ ။

www.burmeseclassic.com




www.burmeseclassic.com

# ကျောင်းပြန်မဂ္ဂဇင်း ပြက္ခဒိန်

## ၁၃၇၇ ခုနှစ်၊ ပြာသိုလ - တပို့တွဲလ

## 2016 FEBRUARY

| | | |
|---|---|---|
| တနင်္လာ Monday | 1 ၈ | |
| အင်္ဂါ Tuesday | 2 ၉ | |
| ဗုဒ္ဓဟူး Wednesday | 3 ၁၀ | |
| ကြာသပတေး Thursday | 4 ၁၁ ရက်ရာဇာ | 18 ၁၀ ရက်ရာဇာ |
| သောကြာ Friday | 5 ၁၂ | 19 ၁၁ |
| စနေ Saturday | 6 ၁၃ ရက်ရာဇာ | 20 ၁၂ |
| တနင်္ဂနွေ Sunday | 7 ၁၄ | 21 ၁၃ |
| တနင်္လာ Monday | 8 ၁၅ ပြာသိုလကွယ် | 22 ၁၄ |
| အင်္ဂါ Tuesday | 9 ၁ ရက်ရာဇာ | 23 ၁၅ တပို့တွဲလပြည့် ရက်ရာဇာ |
| ဗုဒ္ဓဟူး Wednesday | 10 ၂ အမြိတ္တစုတ်ရက် | 24 ၁ |
| ကြာသပတေး Thursday | 11 ၃ ရက်ရာဇာ | 25 ၂ ရက်ရာဇာ |
| သောကြာ Friday | 12 ၄ ပြည်ထောင်စုနေ့ | 26 ၃ |
| စနေ Saturday | 13 ၅ အမြိတ္တစုတ်ရက် | 27 ၄ မဟာရက်ကြမ်း |
| တနင်္ဂနွေ Sunday | 14 ၆ | 28 ၅ |
| တနင်္လာ Monday | 15 ၇ | 29 ၆ |
| အင်္ဂါ Tuesday | 16 ၈ ရက်ရာဇာ | |
| ဗုဒ္ဓဟူး Wednesday | 17 ၉ | |

၁. ၂. ၂၀၁၆ စန်းပြောင်းရက်စွဲ ၁၃. ၂. ၂၀၁၆

### ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း ဂြိုဟ်ပြောင်းချိန်

တနင်္ဂနွေသည် - ၁၃. ၂. ၂၀၁၆ စနေနေ့ ညနေ ၃ နာရီ ၁၀ မိနစ်တွင် ကုမ်ရာသီသို့ ပြောင်းသည်။

အင်္ဂါသည် - ၂၀. ၂. ၂၀၁၆ စနေနေ့ ည ၇ နာရီ ၂၅ မိနစ်တွင် ဗြိစ္ဆာရာသီသို့ ပြောင်းသည်။

ဗုဒ္ဓဟူးသည် - ၉. ၂. ၂၀၁၆ အင်္ဂါနေ့ နံနက် ၃ နာရီ ၄၅ မိနစ်တွင် မကာရရာသီသို့ ပြောင်းသည်။

သောကြာသည် - ၁၂. ၂. ၂၀၁၆ သောကြာနေ့ ညနေ ၃ နာရီ ၃၁ မိနစ်တွင် မကာရရာသီသို့ ပြောင်းသည်။

### ၂၀၁၆ ခုနှစ်အတွက် မနသိဒ္ဓိနက္ခတ်နှင့် စန်းယှဉ်ချိန်

(၈. ၂. ၂၀၁၆)တနင်္လာနေ့၊ ညနေ ၆ နာရီ ၀ မိနစ် ၅၀ စက္ကန့်။

(၁၀. ၂. ၂၀၁၆)ရက်နှင့် (၁၃. ၂. ၂၀၁၆)ရက်တို့သည် အမြိတ္တစုတ်ကျ၍ *အကောင်းဆုံးရက်များ ဖြစ်သည်။*

### အမြိတ္တစုတ်ရက်မှာ လုပ်ဆောင်စရာ

*တနင်္ဂနွေသားသမီးသည်* မြောက်အရပ်တွင် ပုန်းညက်ပင် စိုက်ပါ။

*တနင်္လာသားသမီးသည်* အရှေ့မြောက်အရပ်တွင် ခရေပင် စိုက်ပါ။

*အင်္ဂါသားသမီးသည်* အရှေ့အရပ်တွင် သရဖီပင် စိုက်ပါ။

*ဗုဒ္ဓဟူးသားသမီးသည်* အရှေ့တောင်အရပ်တွင် ကွမ်းသီးပင် စိုက်ပါ။

*ကြာသပတေးသားသမီးသည်* အနောက်တောင်အရပ်တွင် ဒန်းပင် စိုက်ပါ။

*သောကြာသားသမီးသည်* အနောက်မြောက်အရပ်တွင် အုန်းပင် စိုက်ပါ။

*စနေသားသမီးသည်* တောင်အရပ်တွင် ကံ့ကော်ပင် စိုက်ပါ။



www.burmeseclassic.com

www.burmeseclassic.com

## တပို့တွဲလပြည့်နေ့ (သို့မဟုတ်)

# ဩဝါဒပါတိမောက်အခါတော်နေ့

တက္ကသိုလ်သျှင်ဥက္ကာ (မဟာဝိဇ္ဇာ၊ ကျမ်းပြု)

တပို့တွဲလပြည့်နေ့။

ထိုနေ့သည်ကား ဗုဒ္ဓဘာသာဝင်များအတွက် ထူးခြားလှသော နေ့ကလေးတစ်နေ့ဟု ဆိုရလျှင် မမှားချေ။ အကြောင်းမူ တပို့တွဲလပြည့်နေ့ ကျရောက်တိုင်း မြတ်စွာဘုရားရှင်တို့သည် 'ဩဝါဒပါတိမောက်'ကို ပြလေ့ရှိသောကြောင့် ဖြစ်ပါသည်။

'ဩဝါဒ'ဟူသည် အပါယ်ဘေးမှ ကင်းဝေးစေသော အဆုံးအမကို ဆိုလို၏။ 'ပါတိမောက်'ဟူသည် ဘုရားရှင်၏ အဆုံးအမဩဝါဒနှင့် ပညတ်တော်မူသော သိက္ခာပုဒ်များကို ဆိုလိုပေသည်။ သို့ဖြစ်၍ ဘုရားရှင်တို့မှ ဩဝါဒမိန့်ကြားခြင်းကို ဩဝါဒပါတိမောက်ပြသည်ဟု ခေါ်ဆိုခြင်းဖြစ်ပေ၏။ ပါတိမောက်၌ ဩဝါဒပါတိမောက်နှင့် အာဏာပါတိမောက်ဟူ၍ နှစ်မျိုးရှိ၏။ ယင်းတို့မှ ဩဝါဒပါတိမောက်ကို မြတ်စွာဘုရားရှင်တို့သာလျှင် ပြတော်မူရပြီး၊ တပည့်သံဃာများအနေဖြင့် ပြခွင့်လုံးဝမရှိ။ အာဏာပါတိမောက်ကိုသာလျှင် ပြခွင့်ရှိပါသည်။ ဘုရားရှင်အားလုံးတို့သည် ဩဝါဒပါတိမောက်ဂါထာကို ရွတ်မြဲပြမြဲ ဖြစ်ပါသည်။ အဆိုပါ ဂါထာတော်များမှာ –

– ခန္တီ ပရမံ တပေါ တီတိက္ခာ၊
နိဗ္ဗာနံ ပရမံ ဝဒန္တိ ဗုဒ္ဓါ။
န ဟိ ပဗ္ဗဇိတော ပရူပဃာတီ၊
န သမဏော ဟောတိ ပရံ ဝိဟေဌယန္တော။

– သဗ္ဗပါပဿ အကရဏံ၊
ကုသလဿ ဥပသမ္ပဒါ။
သစိတ္တပရိယောဒပနံ၊
ဧတံ ဗုဒ္ဓါန သာသနံ။

အနူပဝါဒေါ အနူပဃာတော၊
ပါတိမောက္ခေ စ သံဝရော။
မတ္တညုတာ စ ဘတ္တသ္မိံ၊
အဓိစိတ္တေ စ အာယောဂေါ။
ဧတံ ဗုဒ္ဓါန သာသနံ။

ဘုရားရှင်တို့သည် တစ်ဆူနှင့်တစ်ဆူ ဩဝါဒပေးပုံ ကွဲပြားမှု၊ ခြားနားမှု မရှိကြပါ။ ပြသသော အချိန်ကာလသာလျှင် ကွဲပြားကြောင်း မှတ်သားရပါသည်။ သက်တမ်းရှည်သော ဘုရားရှင်တို့သည် ဩဝါဒပါတိမောက်ကို အသက်ထက်ဆုံး သာသနာခေတ်ဆုံးသည့်တိုင်အောင် ပြတော်မူကြပါသည်။ သက်တမ်းတိုသော ဘုရားရှင်တို့ကမူ ဩဝါဒပါတိမောက်ကို ဝါတော် (၂၀)အတွင်း၌သာ ပြတော်မူကြသည်။ လောဘ၊ ဒေါသ စသော စရိုက်လက္ခဏာများ ထူပြောနေချိန်တွင် ဩဝါဒတည်မြဲရန် ခဲယဉ်းသည့်အတွက် ဝါတော်(၂၀)လွန်လျှင်ပင် တပည့်သံဃာတို့အား ဩဝါဒပါတိမောက် မဟုတ်ဘဲ အာဏာပါတိမောက်ကို ပြစေရပါသည်။ ဘုရားရှင်တို့၏ သက်တမ်းကာလနှင့် စပ်လျဉ်း၍

(၁) ဝိပဿီမြတ်စွာဘုရားရှင်သည် ခုနစ်နှစ်တစ်ကြိမ် ဩဝါဒပါတိမောက်ကို ပြတော်မူပါသည်။ တစ်ကြိမ်ပြတော်မူရုံဖြင့် ဩဝါဒ ခုနစ်ကြာ တည်တံ့သည်ဟု သိရှိရပါသည်။

(၂) သိခီနှင့် ဝေဿဘူမြတ်စွာဘုရားရှင်တို့မှာ ခြောက်နှစ်လျှင်တစ်ကြိမ် ဩဝါဒပါတိမောက်ကို ပြတော်မူပါသည်။ တစ်ကြိမ်ပြတော်မူရုံဖြင့် ဩဝါဒ ခြောက်နှစ်ကြာ တည်တံ့သည်ဟု သိရှိရပါသည်။



www.burmeseclassic.com

www.burmeseclassic.com

(၃) ကကုသန်နှင့် ကောဏဂုံမြတ်စွာဘုရားရှင်တို့မှာ တစ်နှစ်လျှင်တစ်ကြိမ် ဩဝါဒပါတိမောက်ကို ပြတော်မူပါသည်။ တစ်ကြိမ်ပြတော်မူရုံဖြင့် ဩဝါဒ တစ်နှစ်ကြာ တည်တံ့ကြောင်း မှတ်သားသိရှိရပါသည်။

(၄) ကဿပမြတ်စွာဘုရားရှင်သည် ခြောက်လလျှင်တစ်ကြိမ် ဩဝါဒပါတိမောက်ကို ပြတော်မူပါသည်။ တစ်ကြိမ်ပြတော်မူရုံဖြင့် ဩဝါဒ ခြောက်လကြာ တည်တံ့ကြောင်း သိရှိရပါသည်။

စင်စစ် တပို့တွဲလပြည့်နေ့သည် ဘုရားရင်တိုင်း တပည့်သားရဟန်းသံဃာအပေါင်းတို့အား ဩဝါဒပါတိမောက်ပေးစမြဲဖြစ်၍ အဆိုပါ တပို့တွဲလပြည့်နေ့ကို 'ဩဝါဒပါတိမောက်အခါတော်နေ့' အဖြစ် ဗုဒ္ဓဘာသာဝင်အပေါင်းမှ အလေးအနက်ထားကာ ကျင်းပစမြဲဖြစ်ပါသည်။

တပို့တွဲလပြည့်နေ့၏ ထူးခြားချက်ကို သုံးသပ်ကြည့်ပါက -

- အရှင်သာရိပုတ္တရာ ရဟန္တာဖြစ်သောနေ့ဖြစ်၏။
- အရှင်သာရိပုတ္တရာနှင့် အရှင်မဟာမောဂ္ဂလာန်တို့ ပညာအရာနှင့် တန်ခိုးအရာတို့တွင် ဧတဒဂ်ရသောနေ့ဖြစ်၏။
- အင်္ဂါလေးရပ်နှင့် ပြည့်စုံသော ရဟန်းပရိသတ်တို့ အလိုအလျောက် စုဝေးမိသောနေ့ဖြစ်၏။
- ဘုရားရှင်တိုင်း၊ ဘုရားရှင်တိုင်း ဩဝါဒပါတိမောက်ပြသောနေ့ဖြစ်၏။

ဘုရားရှင်တို့သည် ဩဝါဒပါတိမောက်ကို ပြသရာ၌ တပို့တွဲလပြည့်နေ့၌သာလျှင် ကြုံကြိုက်ရလေ့ရှိ၏။ ဩဝါဒပါတိမောက်ပြပွဲ၌ ဧဟိဘိက္ခုရဟန်းတွေချည်းသာ ဖြစ်ကြ၏။ ဆဠာဘိညပဋိသမ္ဘိဒါပတ္တရဟန္တာချည်း ဖြစ်ကြ၏။ ဖိတ်ခေါ်သူမှု မပင့်ဖိတ်ဘဲ စုဝေးမိကြ၏။ အဆိုပါအင်္ဂါရပ်လေးရပ်နှင့် ပြည့်စုံမှသာလျှင် ဘုရားရှင်မှ ဩဝါဒပါတိမောက်ပြပါသည်။

ဂေါတမမြတ်စွာဘုရားရှင်သည် မဟာသက္ကရာဇ် [illegible] ခုနှစ်၊ တပို့တွဲလပြည့်နေ့တွင် အထက်ဖော်ပြပါ အင်္ဂါလေးရပ်နှင့် ပြည့်စုံသော ကဿပညီနောင် အပါအဝင်ရှင်အပါးလေးထောင်၊ အရှင်သာရိပုတ္တရာ၊ အရှင်မဟာမောဂ္ဂလာန်နှင့် တပည့် ၂၅၀၊ စုစုပေါင်း ရဟန္တာအရေအတွက် ၁၂၅၂ ပါးတို့အား ဤဆောင်းပါး၌ ဖော်ပြထားသော ဂါထာသုံးပုဒ်ဖြင့် ဩဝါဒပါတိမောက်ကို ပြတော်မူပါသည်။

ဩဝါဒပါတိမောက်သည် သီလ၊ သမာဓိ၊ ပညာတို့ကို ပေါင်းကြားထား၍ ပိဋကတ်သုံးပုံ၊ အနှစ်ချုပ်တရားဟူ၍လည်း ခေါ်ဝေါ်ကြပါသည်။ ဩဝါဒပါတိမောက်ဂါထာတော်အရ -

သည်းခံခြင်းတရားကို လက်ကိုင်ထားခြင်း၊ နိဗ္ဗာန်ပန်းတိုင်ကို အမြတ်ဆုံးဟု သတ်မှတ်ခြင်း၊ သတ္တဝါတို့အပေါ်၌ ညှဉ်းဆဲမှုကို ရှောင်ကြဉ်ခြင်း၊ အကုသိုလ်ရှောင်၊ ကုသိုလ်ဆောင်၍ စိတ်ကိုဖြူစင်အောင်ထားရှိခြင်း၊ သတိတရားကို အစဉ်ပွားများခြင်း၊ တစ်ပါးသူအပေါ် စွပ်စွပ်စွဲစွဲ မပြောဘဲ နှုတ်ကို စောင့်စည်းခြင်း၊ သူတစ်ပါးကို ညှဉ်းဆဲသတ်ဖြတ်မှုမပြုခြင်း၊ ဣန္ဒြေကို လုံခြုံစွာ ထိန်းသိမ်းခြင်း၊ အစားအစာကို အတိုင်းအတာပမာဏ ချင့်ချိန်၍ စားသောက်ခြင်း၊ ဆိတ်ငြိမ်သည့်အရပ်၌ နေထိုင်ခြင်း၊ စိတ်ကို တည်ငြိမ်မှုရှိအောင် လုံ့လထုတ်ခြင်း၊ ဘုရားရှင်၏ ဆုံးမဩဝါဒတို့အား လိုက်နာကျင့်သုံးခြင်း အစရှိသည်တို့အား ဦးထိပ်ပန်ဆင်ထားပါမူ ရဟန်းရှင်လူအပေါင်းတို့အဖို့ ကိုယ်စိတ်နှလုံးကို ယဉ်ကျေးလိမ္မာပြီး အိုခြင်း၊ နာခြင်း၊ သေခြင်းတို့ ကင်းလွတ်ရာ အမြိုက်နိဗ္ဗာန်သို့ ရောက်ရှိနိုင်ကြလိမ့်မည့်အကြောင်း တပို့တွဲလပြည့်နေ့ ဩဝါဒပါတိမောက်အခါတော်နေ့ကို အကြောင်းပြု၍ တင်ပြရေးသားလိုက်ရပါတော့သည်။

---

**တက္ကသိုလ်သျှင်ဥက္ကာ(မဟာဝိဇ္ဇာ၊ ကျမ်းပြု)**

---

ကျမ်းကိုး

*မာဃဓိသာစည်၏ အခါတော်နေ့များ၊ ကိုယ်ပိုင်ဘာသာရေးမှတ်စု။*



www.burmeseclassic.com

www.burmeseclassic.com

# စိုက်ပျိုးရေးရာသည်လမှာ

## ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလအတွက်

■ တောကကိုရင်

မိမိတို့နိုင်ငံသည် လယ်ယာစိုက်ပျိုးရေးကိုအခြေခံသော နိုင်ငံတစ်နိုင်ငံ ဖြစ်သည့်အားလျော်စွာ မြေလွတ်မြေရိုင်းတွေလည်း ပေါများလှ၏။ လယ်ယာမြေတို့မှာလည်း ဩဇာမြေဆီကြွယ်ဝသဖြင့် စိုက်ပျိုးသမျှ သီးနှံတို့ ဖြစ်ထွန်းကြသည်မှာလည်း အငြင်းပွားစရာ မရှိပါချေ။ သို့ရာတွင် စိုက်ပျိုးရေးကိစ္စ၌ နည်းစနစ်မှန်ကန်ဖို့ လိုသလို၊ အခါကာလကောင်းကိုလည်း ရွေးချယ်တတ်ဖို့ လိုပေသည်။ သည့်အတွက် ကိုင်းသမား၊ ယာသမား၊ လယ်သမား၊ ဥယျာဉ်ခြံမြေစိုက်ပျိုးကြသူများအတွက် ရည်စူးကာ ဤကာလအခါသမယ၌ သတိပြုဖွယ် စိုက်ပျိုးရေးရာကိစ္စကို ဖော်ပြလိုက်ပါ၏။

၁။ အပွင့်၊ အသီး၊ အနှံ၊ အရွက်အပွင့်များ စိုက်ပျိုးရန်နှင့် ကိုင်းကူးစိုက်ခြင်း၊ နေရာပြောင်းရွှေ့စိုက်ခြင်းတို့အတွက်

ဖေဖော်ဝါရီလ (၄)၊ (၆)၊ (၁၀)၊ (၁၁)၊ (၁၃)၊ (၁၈)၊ (၂၅)၊ (၂၉) စသော ရက်များ၌ အပွင့်၊ အသီးအနှံ၊ အရွက်များ စိုက်ပျိုးရန်နှင့် ကိုင်းကူးစိုက်ခြင်း၊ နေရာပြောင်းရွှေ့ စိုက်ပျိုးခြင်းတို့ကို ပြုလုပ်သင့်ပါသည်။

၂။ ဥ၊ အမြစ်၊ အပင်များ စိုက်ပျိုးရန်၊ အကိုင်းအခက်များ ခုတ်ရန်အတွက်

ဖေဖော်ဝါရီလ (၇)၊ (၉)၊ (၁၁)၊ (၁၉)၊ (၂၄) စသော ရက်များ၌ ဥ၊ အမြစ်၊ အပင်များ စိုက်ပျိုးခြင်းနှင့် အကိုင်းအခက်များကို ခုတ်ထွင်ရှင်းလင်းခြင်းတို့ကို ပြုလုပ်သင့်ပါသည်။

၃။ ထွန်ယက်ခြင်း၊ ပိုးသတ်ဆေးဖျန်းခြင်း၊ ပေါင်းပင်ချုံနွယ် မီးရှို့ခြင်း၊ သီးနှံရိတ်သိမ်းခြင်းနှင့် ဥ၊ အမြစ်များ တူးရန်အတွက်

ဖေဖော်ဝါရီလ (၁)၊ (၂)၊ (၇)၊ (၈)၊ (၉)၊ (၁၀)၊ (၁၃)၊ (၁၈)၊ (၂၀)၊ (၂၃)၊ (၂၅)၊ (၂၉) စသော ရက်များ၌ လယ်မြေ ယာမြေ ဥယျာဉ်မြေတို့ကို ထွန်ယက်ခြင်း၊ အပင်တို့အား ပိုးသတ်ဆေးဖျန်းခြင်း၊ ပေါင်းပင်ချုံနွယ်တို့ကို မီးရှို့ခြင်း၊ သီးနှံရိတ်သိမ်းခြင်းနှင့် ဥ၊ အမြစ်များတူးဖော်ခြင်းတို့အား ပြုလုပ်သင့်ပါသည်။

၄။ သီးနှံမျိုးစေ့များ ကြဲရန်အတွက်

ဖေဖော်ဝါရီလ (၄)၊ (၆)၊ (၁၀)၊ (၁၁)၊ (၁၃)၊ (၁၈)၊ (၂၅)၊ (၂၉) စသောရက်များသည် သီးနှံများမျိုးစေ့တို့ကိုကြဲရန် သင့်လျော်လှပါကြောင်း တိုက်တွန်းရေးသားလိုက်ပါသည်။

● တောကကိုရင်



www.burmeseclassic.com

www.burmeseclassic.com

## သည်လအတွက်

# ကောင်းသောရက်

**၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလအတွက်**

နွယ်သာကီအောင်

### ၁။ ကျောင်းဆောက်ရန်၊ အိမ်ဆောက်ရန်

ဖေဖော်ဝါရီလ (၁)၊ (၇)၊ (၈)၊ (၁၀)၊ (၁၁)၊ (၁၃)၊ (၁၈)၊ (၂၁)၊ (၂၅) စသောရက်များသည် ကျောင်းဆောက်လုပ်ရန်အတွက်လည်းကောင်း၊ အိမ်ဆောက်လုပ်ရန်အတွက်လည်းကောင်း အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

### ၂။ အိမ်ပြောင်းရွှေ့ရန်၊ အိမ်သစ်တက်ရန်

ဖေဖော်ဝါရီလ (၂)၊ (၇)၊ (၁၁)၊ (၁၃)၊ (၁၈)၊ (၂၅)၊ (၂၉) စသောရက်များသည် အိမ်ပြောင်းရွှေ့ရန်သော်လည်းကောင်း၊ အိမ်သစ်တက်ရန်သော်လည်းကောင်း အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

### ၃။ ထိမ်းမြားလက်ထပ်ရန်

ဖေဖော်ဝါရီလ (၁)၊ (၆)၊ (၇)၊ (၁၁)၊ (၁၃)၊ (၁၈)၊ (၂၃)၊ (၂၅) စသောရက်များသည် လက်ထပ်မင်္ဂလာ ဆင်ယင်ကျင်းပရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

### ၄။ ပွဲခင်းခံ၊ ရှင်ပြု၊ နားသရန်

ဖေဖော်ဝါရီလ (၁)၊ (၄)၊ (၅)၊ (၈)၊ (၉)၊ (၁၃)၊ (၁၆)၊ (၁၉)၊ (၂၃)၊ (၂၉) စသောရက်များသည် ပွဲခင်းခံ၊ ရှင်ပြုနားသရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

### ၅။ လယ်ထွန်ရန်

ဖေဖော်ဝါရီလ (၄)၊ (၆)၊ (၁၀)၊ (၁၁)၊ (၁၃)၊ (၁၈)၊



www.burmeseclassic.com

www.burmeseclassic.com

(၂၅)၊ (၂၉) စသောရက်များသည် လယ်ထွန်မင်္ဂလာ စတင်ကျင်းပရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

**၆။ ခရီးသွားရန်**

ဖေဖော်ဝါရီလ (၄)၊ (၆)၊ (၁၁)၊ (၁၃)၊ (၁၈)၊ (၁၉)၊ (၂၉) စသောရက်များသည် ခရီးစတင်ထွက်ခွာရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

**၇။ အမည်ပေးခြင်း၊ ဆိုင်သစ်ဖွင့်ခြင်း၊ ဆိုင်းဘုတ်တင်ခြင်းတို့အတွက်**

ဖေဖော်ဝါရီလ (၄)၊ (၁၀)၊ (၁၁)၊ (၁၃)၊ (၁၈)၊ (၂၅)၊ (၂၉) စသောရက်များသည် အမည်ပေးခြင်း၊ ဆိုင်သစ်ဖွင့်ခြင်း၊ ဆိုင်းဘုတ်တင်ခြင်းတို့အတွက် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

**၈။ အရောင်းအဝယ်ပြုလုပ်ရန်**

ဖေဖော်ဝါရီလ (၄)၊ (၆)၊ (၁၀)၊ (၁၁)၊ (၁၃)၊ (၁၈)၊ (၂၅)၊ (၂၉) စသောရက်များသည် အရောင်းအဝယ်ပြုလုပ်ရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

**၉။ ရေတွင်းရေကန် တူးဖော်ရန်**

ဖေဖော်ဝါရီလ (၄)၊ (၆)၊ (၈)၊ (၁၀)၊ (၁၁)၊ (၁၃)၊ (၁၈)၊ (၁၉)၊ (၂၃)၊ (၂၅)၊ (၂၉) စသောရက်များသည် ရေတွင်း၊ ရေကန်များ စတင်တူးဖော်ရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

**၁၀။ သီးနှံမျိုးစေ့ကြဲရန်**

ဖေဖော်ဝါရီလ (၄)၊ (၆)၊ (၁၀)၊ (၁၁)၊ (၁၃)၊ (၁၈)၊ (၂၅)၊ (၂၉) စသောရက်များသည် သီးနှံမျိုးစေ့များ စတင်ကြဲရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

**၁၁။ အိမ်ဝယ်ရန်၊ တိုက်ခန်းဝယ်ရန်**

ဖေဖော်ဝါရီလ (၁)၊ (၁၃)၊ (၁၇)၊ (၂၀)၊ (၂၁)၊ (၂၃)၊ (၂၉) စသောရက်များသည် အိမ်ဝယ်ယူရန်၊ တိုက်ခန်းဝယ်ရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

**၁၂။ ကား၊ ယာဉ် ဝယ်ရန်**

ဖေဖော်ဝါရီလ (၁)၊ (၈)၊ (၉)၊ (၁၀)၊ (၁၉)၊ (၂၀) စသောရက်များသည် ကားဝယ်ရန်၊ ယာဉ်ဝယ်ရန်တို့အတွက် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

**၁၃။ ငါးဖမ်းရန်၊ အင်းဖော်ရန်**

ဖေဖော်ဝါရီလ (၂)၊ (၉)၊ (၁၀)၊ (၁၁)၊ (၁၉)၊ (၂၁)၊ (၂၉) စသောရက်များသည် ငါးဖမ်းရန်၊ အင်းဖော်ရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

**၁၄။ ရွှေတွင်း၊ ကျောက်တွင်းများ တူးဖော်ရန်**

ဖေဖော်ဝါရီလ (၈)၊ (၁၃)၊ (၁၈)၊ (၂၁)၊ (၂၃)၊ (၂၆) စသောရက်များသည် ရွှေတွင်းများ၊ ကျောက်တွင်းများ စတင်တူးဖော်ရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

**၁၅။ ယှဉ်ပြိုင်ကစားမှုများ ဆောင်ရွက်ရန်**

ဖေဖော်ဝါရီလ (၂)၊ (၆)၊ (၁၃)၊ (၁၈)၊ (၂၁)၊ (၂၅)၊ (၂၉) စသောရက်များသည် ယှဉ်ပြိုင်ကစားမှုများနှင့် ပတ်သက်၍ စတင်လုပ်ဆောင်ရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

**၁၆။ ပညာသင်ကြားရန်**

ဖေဖော်ဝါရီလ (၁)၊ (၈)၊ (၉)၊ (၁၀)၊ (၁၈)၊ (၁၉)၊ (၂၁)၊ (၂၉) စသောရက်များသည် ပညာသင်ကြားရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

**နွယ်သာကီအောင်**



www.burmeseclassic.com

www.burmeseclassic.com

# ဖေဖော်ဝါရီလမှာ ဆောင်ရွက်ပါ

## ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလအတွက်

**နေမျိုးထွန်းခေါင်**

၁။ ဖေဖော်ဝါရီလ (၄)၊ (၈)၊ (၁၃)၊ (၁၇)၊ (၂၃)၊ (၂၈) စသောရက်များသည် "နန္ဒာတိထိ"တွင် ကျရောက်၏။ ထိုရက်များ၌ ဘုရား၊ ဂူ၊ ကျောင်း၊ ဇရပ် စသည်တို့ ဆောက်လုပ်ခြင်း၊ တံတားခင်းခြင်း၊ ပျိုးကြဲခြင်း၊ ကောက်စိုက်ခြင်း၊ သစ်ပင်စိုက်ခြင်း၊ မြေတူးဆွခြင်း စသော အမှုတို့ကို ပြုလုပ်နိုင်ပါသည်။

၂။ ဖေဖော်ဝါရီလ (၉)၊ (၁၄)၊ (၁၈)၊ (၂၄)၊ (၂၉) စသောရက်များသည် "ဘဒ္ဒြာတိထိ"တွင် ကျရောက်၏။ သို့ဖြစ်၍ ထိုရက်များ၌ အမည်ပေးခြင်း၊ နားထွင်းခြင်း၊ ထိမ်းမြားမင်္ဂလာဆင်ယင်ကျင်းပခြင်းတို့ကို ပြုလုပ်နိုင်ပါသည်။

၃။ ဖေဖော်ဝါရီလ (၅)၊ (၆)၊ (၁၀)၊ (၁၅)၊ (၁၉)၊ (၂၅) စသောရက်များသည် "ဇယာတိထိ"တွင် ကျရောက်၏။ ထိုရက်များ၌ စစ်ချီခြင်း၊ စစ်တက်ခြင်း၊ ကင်းလှည့်ခြင်း၊ ထင်းခုတ်ခြင်း၊ သစ္စာဆိုခြင်း၊ အမှုကိစ္စ စုံစမ်းထောက်လှမ်းခြင်းတို့ ပြုလုပ်နိုင်ပါသည်။

၄။ ဖေဖော်ဝါရီလ (၁)၊ (၂)၊ (၁၁)၊ (၁၆)၊ (၂၀)၊ (၂၆) စသောရက်များသည် "ရိတ္တာတိထိ"တွင် ကျရောက်၏။ ထိုရက်များ၌ ဆေးဖော်ခြင်း၊ ဆေးထိုးခြင်း၊ လက်ဖွဲ့ထိုးခြင်း၊ သိုက်တင်ခြင်း၊ ပစ္စည်းသိမ်းခြင်း၊ သစ်ပင်ခုတ်ခြင်း၊ လှေကားထောင်ခြင်း စသောအမှုကိစ္စတို့ကို ဆောင်ရွက်နိုင်ပါသည်။

၅။ ဖေဖော်ဝါရီလ (၃)၊ (၇)၊ (၁၂)၊ (၂၁)၊ (၂၂)၊ (၂၇) စသောရက်များသည် "ပုဏ္ဏာတိထိ"တွင် ကျရောက်၏။ ထိုရက်များ၌ ရဝ နာပစ္စည်းများ ရောင်းဝယ်ခြင်း၊ ရှင်ပြုခြင်း၊ ပဒွင်းခံခြင်း စသော လောကီ၊ လောကုတ်ရ မင်္ဂလာကိစ္စများကို ဆောင်ရွက်နိုင်ကြပါသည်။

၆။ ဖေဖော်ဝါရီလ (၆) ရက်သည် "အမြိတ္တရစ်"တွင် ကျရောက်၏။ သို့ဖြစ်၍ ထိုရက်၌ အဘယ်မျှပင် မိမိအပေါ် မကောင်းကြံစေကာမူ ကိစ္စအဝဝကို အောင်မြင်ပြီးမြောက်စွာ ဆောင်ရွက်နိုင်ပါသည်။

၇။ ဖေဖော်ဝါရီလ (၄)၊ (၆)၊ (၉)၊ (၁၃)၊ (၁၆)၊ (၁၈)၊ (၂၃)၊ (၂၅) စသောရက်များသည် "ရက်ရာဇာ"တွင် ကျရောက်၏။ ထိုရက်များ၌ လူမှုရေးကိစ္စ၊ ဘာသာရေးကိစ္စ စီးပွားရေးကိစ္စများကို ဆောင်ရွက်ပါက ကိစ္စအလုံးစုံ ပြီးမြောက်နိုင်ပြီး နာမည်ဂုဏ်သတင်းလည်း ထင်ရှားကျော်စောတတ်ပါသည်။

နေမျိုးထွန်းခေါင်



www.burmeseclassic.com

www.burmeseclassic.com

# အလုပ်အကိုင် အောင်မြင်ရန်

## ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလအတွက်

မဟိဒ္ဓိကျော်ခေါင်

ဝသန်ကာလ၏ ကန့်လန့်ကာကို ရာသီခွင်ဇာတ်ဆရာက အသာပင့်မလိုက်လေရာ တောစိမ်းတောင်စိမ်း မြရောင်တွေ လိမ်းခြယ်သော မြင်ကွင်းတို့ကို တွေ့မြင်လိုက်ရလေတော့သည်။ နွေကာလတုန်းက ညှိုးလျော်သွေ့ခြောက်နေသော မြက်တို့သည် ယခုအခါတွင် ရှင်သန်ထမြောက်ရင်း ငြိမ်းချမ်းသည့်ကဗျာအား ရွတ်ဖတ်သရဇ္ဈာယ်ပေရော့မည်။ မင်္ဂလာရှိသော ကာလ၌ မိမိတို့လူသားတွေမှာလည်း စားဝတ်နေရေး၊ လူမှုရေးကိစ္စအဝဝတို့ ပြေလည်ကြစေခြင်းငှာ အလုပ်အကိုင်တွေ လုပ်ကိုင်ကြရာဝယ် အောင်မြင်ဖို့အရေး တိုင်းရက်သည့်ပက္ကလာ မိုးရွာသည်နှင့် အဆင်သင့်ဆိုသလို ပြေလည်နိုင်ကြရန်အတွက် • • •

**၁။ တနင်္ဂနွေသားသမီးများအဖို့**

ဖေဖော်ဝါရီလ (၅)၊ (၆)၊ (၁၂)၊ (၁၉)၊ (၂၀)၊ (၂၆)၊ (၂၉) စသောရက်များသည် အလုပ်အကိုင်အောင်မြင်စေသည့် ရက်ကောင်းများဖြစ်ကြ၏။

**၂။ တနင်္လာသားသမီးများအဖို့**

ဖေဖော်ဝါရီလ (၁)၊ (၄)၊ (၅)၊ (၈)၊ (၁၁)၊ (၁၂)၊ (၁၆)၊ (၁၈) စသောရက်များသည် အလုပ်အကိုင်အောင်မြင်စေသည့် ရက်ကောင်းများဖြစ်ကြ၏။

**၃။ အင်္ဂါသားသမီးများအဖို့**

ဖေဖော်ဝါရီလ (၁)၊ (၃)၊ (၆)၊ (၇)၊ (၁၁)၊ (၁၄)၊ (၁၆)၊ (၁၇)၊ (၁၈)၊ (၂၁)၊ (၂၈)၊ (၃၀) စသောရက်များသည် အလုပ်အကိုင်အောင်မြင်စေသည့် ရက်ကောင်းများဖြစ်ကြ၏။

**၄။ ဗုဒ္ဓဟူးသားသမီးများအဖို့**

ဖေဖော်ဝါရီလ (၁)၊ (၃)၊ (၆)၊ (၁၃)၊ (၁၆)၊ (၂၀)၊ (၂၁)၊ (၃၀) စသောရက်များသည် အလုပ်အကိုင်အောင်မြင်စေသည့် ရက်ကောင်းများဖြစ်ကြ၏။

**၅။ ကြာသပတေးသားသမီးများအဖို့**

ဖေဖော်ဝါရီလ (၁)၊ (၂)၊ (၅)၊ (၈)၊ (၁၂)၊ (၁၆)၊ (၁၉)၊ (၂၅)၊ (၂၆) စသောရက်များသည် အလုပ်အကိုင်အောင်မြင်စေသည့် ရက်ကောင်းများဖြစ်ကြ၏။

**၆။ သောကြာသားသမီးများအဖို့**

ဖေဖော်ဝါရီလ (၁)၊ (၄)၊ (၇)၊ (၈)၊ (၁၁)၊ (၁၄)၊ (၁၈)၊ (၂၄)၊ (၂၅)၊ (၂၈) စသောရက်များသည် အလုပ်အကိုင်အောင်မြင်စေသည့် ရက်ကောင်းများဖြစ်ကြ၏။

**၇။ စနေသားသမီးများအဖို့**

ဖေဖော်ဝါရီလ (၆)၊ (၇)၊ (၁၃)၊ (၁၄)၊ (၁၇)၊ (၂၀)၊ (၂၁)၊ (၂၄)၊ (၃၀) စသောရက်များသည် အလုပ်အကိုင်အောင်မြင်စေသည့် ရက်ကောင်းများဖြစ်ကြ၏။

**၈။ ရာဟုသားသမီးများအဖို့**

ဖေဖော်ဝါရီလ (၁)၊ (၃)၊ (၁၀)၊ (၁၃)၊ (၁၇)၊ (၂၁)၊ (၂၆)၊ (၃၀) စသောရက်များသည် အလုပ်အကိုင်အောင်မြင်စေသည့် ရက်ကောင်းများဖြစ်ကြ၏။

သို့ဖြစ်၍ ဖေဖော်ဝါရီလအတွင်း မိမိတို့ မွေးနေ့နှင့် ကံအားလျော်ညီသည့် ရက်ကောင်းများကို ရွေးချယ်ကာ တိုးတက်ကြီးပွားအောင် ကြံစည်လုပ်ဆောင်သင့်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါတော့၏။

■ မဟိဒ္ဓိကျော်ခေါင်



www.burmeseclassic.com

www.burmeseclassic.com

# သည်လများအတွက် ကံဇာတာ

## ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလအတွက်

■ ဆရာမိုးဟန်ကြွယ်

မောင်နှမသားချင်းများအတွက် ငွေကြေးဆုံးရှုံးမှုရှိမည်။ လူမျိုးခြားကပြားများ၏ ကူညီမစခြင်းကို ခံရမည်။ အိမ်တွင် ကလေးငယ်ရှိပါက သစ်ပင်တက်ခြင်း၊ နေရာအမြင့်သို့တက်ခြင်းများကို ပိတ်ပင်တားမြစ်ပါ။ သို့မဟုတ်ပါက ပြုတ်ကျတတ်ပါသည်။ လုပ်ငန်းခွင်၌ လုပ်ပိုင်ခွင့်ရှိသောသူများ၏ အကျိုးပြုခြင်းကို ခံစားရတတ်ပါသည်။ အိမ်ခြံမြေလုပ်ငန်း လုပ်ကိုင်ပါက အကျိုးဖြစ်ထွန်းမည်။ ကျန်းမာရေးကိစ္စအတွက် ခရီးထွက်ရကိန်း ကြုံမည်။ အလုပ်နှင့်ပတ်သက်၍ ဂုဏ်ထူး၊ ဘွဲ့ထူးများရရှိတတ်သည်။ လက်မှုပညာများ သင်ကြားရတတ်သည်။ စီးပွားဘက်မိတ်ဆွေများ ရောက်ရှိလာတတ်သည်။ လျှပ်စစ်နှင့် ပတ်သက်သည့်ပစ္စည်းများ ဝင်လာတတ်သည်။ ပျိုရွယ်သူများအနေဖြင့် အချစ်ရေး၌ အောင်မြင်မှုရရှိတတ်ပါသည်။ သက်ကြီးရွယ်အိုများအပေါ် အလှူဒါနပြုရတတ်သည်။

အိမ်ထောင်ဘက်နှင့်အတူ ခရီးသွားရတတ်ပါသည်။ ရေအောက်၊ မြေအောက် ပစ္စည်းများ ရရှိတတ်သည်။ အလုပ်အကိုင်၊ အကြံအစည်များ အောင်မြင်ပါလိမ့်မည်။ ဆုံးပြီဟု မှတ်ထင်ရသော ပြန်ရရှိရန်ရှိသည့်ငွေများ ရလာစရာအကြောင်း ရှိပါသည်။ အဝတ်အထည်၊ လက်ဝတ်ရတနာပစ္စည်းများ အရောင်းအဝယ်လုပ်ကိုင်ပါက အကျိုးကျေးဇူးခံစားရတတ်ပါလိမ့်မည်။ လက်ရှိအိမ်နေရာ အပြောင်းအလဲဖြစ်တတ်သည်။ ကျန်းမာရေးအနည်းငယ် ညံ့ဖျင်းတတ်ပါသည်။ အစာအိမ်၌ ဝေဒနာတစ်ခုခု ခံစားရတတ်သည်။

အလုပ်ကိစ္စဖြင့် ခရီးသွားစဉ် လူလိမ်ခံရတတ်၏။ ကျောက်စိမ်း၊ စိန်တို့နှင့် ပတ်သက်၍ ငွေရမည်။ အပြိုင်အဆိုင် အတိုက်အခံများကြားမှ အောင်မြင်မှုရရှိလိမ့်မည်။ ဆီး၊ ကျောက်ကပ်ဆိုင်ရာ ဝေဒနာများ ဝင်လာတတ်သည်။ အစားအသောက်များယွင်းတတ်သည်။ အာခံတွင်းပိုင်းဆိုင်ရာ ဝေဒနာကြောင့် စိတ်ညစ်ညူးစရာ ကြုံမည်။ အမှိုက်ဘာ... တရားစခန်းဝင်ရန် ကိစ္စများ ပျက်ယွင်းတတ်သည်။ ခြံလုပ်ငန်း၊ လယ်ယာလုပ်ငန်း၊ ကျွဲနွားမွေးမြူရေးလုပ်ငန်းများတွင် အကျိုးဖြစ်ထွန်းတတ်သည်။ ဝန်ထမ်းဖြစ်ပါက ရာထူးတက်ကိန်းရှိသည်။ လက်အောက်ငယ်သားထဲမှ တစ်ဦးဦး၏ ကလိမ်ကျခြင်းကိုလည်း ခံရတတ်သည်။ အပြိုင်အဆိုင် လုပ်ငန်းများထွင် အနိုင်ရတတ်သည်။

ကြံသကာ၊ ကြံ၊ သကြား၊ ဆီ၊ ပျားရည်၊ ထောပတ်၊ စပါး၊ ကောက်ပဲသီးနှံများကို သိုလှောင်ပါက ခြောက်လအကြာရောက်မှ ထုတ်ရောင်းပါ။ အကျိုးအမြတ်ခံစားရပါလိမ့်မည်။ နို့နှင့် နို့ထွက်ပစ္စည်းများ၊ ငွေနှင့် ငွေထည်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကုန်စိမ်းများ၊ ငှက်ပျောသီး၊ သစ်ဥ၊ သစ်သီးများ၊ ဂျုံနှင့် သစ်တောထွက်ပစ္စည်းများ ဝယ်ယူလျှင် အမြတ်အစွန်းများစွာ ရတတ်သည်။ ပဲ၊ ပြောင်း၊ စပါးတို့ကို ရောင်းလျှင်လည်း အခြေအနေကောင်းပါသည်။ အဝတ်အထည်၊ ကျောက်သံပတ္တမြား၊ ပလတ်စတစ် ပစ္စည်းအမျိုးမျိုးတို့ကို ရောင်းချပါမှ အကျိုးအမြတ် သင့်တင့်ရုံသာ ရပါလိမ့်မည်။

*ယတြာပြုလုပ်လိုပါက* - သာကူကျို၍ အရပ်အားဝေငှပေးပါ။ ဘုရား၌ ရွှေတိုင်းတစ်ဆိုင်း ကပ်လှူပါ။ ကုံကော် နှစ်ညွန့် ပူဇော်ပါ။ တစ်ပါးသူ၏အိမ်၌ သုံးညသွား၍အိပ်ပါ။

ဆရာမိုးဟန်ကြွယ်



www.burmeseclassic.com

www.burmeseclassic.com

# ပန်းကပ်ဆုတောင်း စီးပွားကောင်း

■ မော်တင်သိန်းဇော်ဇ

စီးပွားရေးကောင်းမွန်စေရန်၊ အဆင်ပြေစေရန် နေအိမ်ရှိ မြတ်စွာဘုရားရုပ်ပွားတော်မြတ်အား ကံ့ကော် ကိုးညွန့်၊ အောင်သပြေ တစ်ညွန့်၊ ပွင့်သောပန်းပွင့် တစ်ပွင့်ကို အမြဲကပ်လှူပူဇော်ထားပေးပါ။ စီးပွားရေးကောင်းမွန် အဆင်ပြေလာပါလိမ့်မည်ဟု ကုသိုလ်တော်ဖြစ် ဓမ္မဒါနအထင်ကရကျမ်းမွန်တွင် ကြီးမြတ်သော မေတ္တာသဒ္ဓါအဟုန်နှင့် ကျမ်းပြုဆရာမြတ်က အထင်အရှားပင် မိန့်ဆိုလက်ကမ်းဖော်ပြထားပါသည်။ ယင်းပူဇော်နည်းမွန်အားကျမ်းမွန်ကို လေးမြတ်စွာ နာယူပန်ဆင်၍ စာရေးသူမှ ဉာဏ်မီသရွေ့ ဆပွားလေ့လာကြည့်ရာတွင် ပဉ္စဝဂ္ဂီငါးပါးတော်ဝင်ဖြစ်တော်မူအပ်သည့် တနင်္လာဂြိုဟ်နံဘွဲ့တော်မြတ် ပေါက်မြောက်တော်မူအပ်သော တေဇဂ်ဘွဲ့မြတ်တော်ရ အရှင်ကောဏ္ဍညအရှင်တော်ကို အမိဋ္ဌာန်ပူဇော်၍ တနင်္လာဂြိုဟ်နံ ကံ့ကော်ညွန့်ကိုလည်းကောင်း။ အဂ္ဂသာဝကလက်ယာရံဖြစ်တော်မူအပ်သည့် သောကြာနံဂြိုဟ်နံ ဘွဲ့တော်မြတ် ပေါက်မြောက်တော်မူအပ်သော လက်ယာရံအရှင်သာရိပုတ္တရာမထေရ်မြတ်ကို အမိဋ္ဌာန်ပူဇော်၍ သောကြာဂြိုဟ်နံ သပြေညွန့်ကိုလည်းကောင်း။ အဂ္ဂသာဝက လက်ဝဲရံဖြစ်တော်မူအပ်သော ကြာသပတေးဂြိုဟ်ဘွဲ့တော်မြတ် ပေါက်မြောက်တော်မူကြသည့် လက်ဝဲရံ အရှင်မောဂ္ဂလာန်မထေရ်မြတ်ကို အမိဋ္ဌာန်ပူဇော်၍ ကြာသပတေးဂြိုဟ်နံ ပွင့်သောပန်းပွင့်ကိုလည်းကောင်း ဆွတ်ယူလျက် ငွေကြေးနံ့ဂြိုဟ် တနင်္လာနံ ကံ့ကော်ညွန့်၊ စည်းစိမ်ချမ်းသာ အောင်ဓာတ်နံ့ဂြိုဟ် သောကြာနံ သပြေညွန့်၊ ကံကုသိုလ်ကယ်တင်မစသော မန်ဂြိုဟ် ကြာသပတေးနံလည်းဖြစ်၊ အတိတ်နိမိတ်၊ ပညတ်ကောင်းလည်းဖြစ်တာ ကံပွင့်၊ စီးပွားလာဘ်ပွင့်၊ ဘုန်းဩဇာပွင့်စသဖြင့် အပွင့်ဓာတ်သဘော ဆောင်သသည့် ကြာသပတေးနံပွင့်သောပန်းစသည့် သောမန်ဂြိုဟ်များသာဖြစ်ကြသော ကံ့ကော်၊ သပြေ၊ ပွင့်သောပန်း အညွန့်နှင့် အပွင့်တို့အားကျမ်းမွန်ပါ ဩဝါဒကိုခံယူ၍ လောကီထွတ်ထား မြတ်စွာဘုရားရှင်အား ကပ်လှူပူဇော်ပါက ပူဇော်ခြင်းသည် ဓမ္မဒါန၊ ကျမ်းမွန်လာ၊ ဩဝါဒမွန်အတိုင်း ဆိုင်ရာကပ်လှူပူဇော်သူကို တူသောအကျိုးဝိပါက်များ ပေးစွမ်းရရှိ စီးပွားကောင်းမည်မှာ မလွဲကေန်ဖြစ်မည်ဟူသော ကြီးမြတ်သောအကြောင်းနှင့် အကျိုးဆက်ဝိသေသထူးများကိုလည်း ဓမ္မဒါနကျမ်းမွန်ပြု ဆရာတော်၏ဂုဏ်ကျေးဇူးတရားနှင့် စာရေးသူအနေနှင့် တစ်ဖက်တစ်လမ်းမှ တွေးတောနှလုံးသွင်းကာ တိုးပွားသိရှိခံစားရပါသည်။

တင်ပြပါအတိုင်း ကုသိုလ်တော်ဖြစ်ဓမ္မဒါနကျမ်းမွန်ပါ စီးပွားရေး ကောင်းမွန်အဆင်ပြေစေနိုင်သော ကံ့ကော်ညွန့်၊ အောင်သပြေညွန့်နှင့် ပွင့်သောပန်းပွင့်တစ်ပွင့် ကပ်လှူပူဇော်ဆုတောင်းနည်းမွန်မှာ နက်နဲကြီးမြတ်သော ဝိသေသထူး၊ ဂုဏ်ရည်ထူး၊ အကျိုးပေး အကြောင်းထူးများပါရှိ၍ ဝန်ထမ်း (သို့မဟုတ်) ပြင်ပကိုယ်ပိုင်လုပ်ငန်းရှင်တို့မဟူ မိမိတို့၏ရာထူးဌာနန္တရ၊ အရောင်းအဝယ်၊ ဝင်ငွေ၊ လာဘ်လာဘများ ကောင်းမွန်အဆင်ပြေစေနိုင်ရန်အတွက် အဆိုပါ မွန်မြတ်သော ပန်းအညွန့် သုံးညွန့်ကို မိမိတို့နေအိမ်ရှိ မြတ်စွာဘုရားရှင်အား အမြဲကပ်လှူပူဇော်ထားရှိပေးကာ လိုရာဆုများ တောင်းခံကြပါရန် ကျမ်းပြုဆရာမြတ်၏ ဩဝါဒအား ထောက်ခံရင်း၊ အကျိုးမျှော်၍ လေးမြတ်စွာ ထပ်ဆင့်သတင်းပါး အကြံပြုအပ်ပါသည်။

အများသူငါ ခုနစ်ရက်သားသမီးအားလုံးတို့နှင့်အတူ အထူးသဖြင့် တနင်္လာ၊ ကြာသပတေး၊ သောကြာနေ့ဖွား သားသမီးများနှင့် တနင်္လာ၊ ကြာသပတေး၊ သောကြာဂြိုဟ်နံ ပေါက်မြောက်ရာ အမည်သညာနာမရှင်တို့ ဆိုင်လုပ်ငန်းအဖွဲ့အစည်းပိုင်ရှင်တို့အနေနှင့်လည်း ကပ်လှူပူဇော်သင့်ကြပါသည်။

**မော်တင်သိန်းဇော်ဇ**

**ဝန်ခံချက်** ။ ၂၀၀၇ ခုနစ်ထုတ်၊ ဆရာဦးအောင်မြင့်ထွန်း (B.Ag) စိုက်ပျိုးရေးပညာ ပြုစုသော ဣန္ဒိတ၊ မဟာလာဘ်မုနိရုပ်ရှင်တော်မြတ်သမိုင်း၊ ဓမ္မဒါနကျမ်းမွန် စာမျက်နှာ(၅၁)၊ ကြောင်းရေ (၃၊ ၄၊ ၅)တို့အား ကိုးကားမှီငြမ်းတင်ပြခြင်းဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

# တရုတ်နက္ခတ္တဗေဒင်ပညာ

## ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ

## တရုတ်နှစ်မွေးသူများအတွက်

## ဆောင်ရန်ရှောင်ရန်နှင့်သတိပြုရန်အချက်များ

■ ကေတီ–အောင်သိန်း(ရန်ကုန်တက္ကသိုလ်)

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| မျောက်နှစ်မွေးသူ | ၁၉၂၀ | ၁၉၃၂ | ၁၉၄၄ | ၁၉၅၆ | ၁၉၆၈ | ၁၉၈၀ | ၁၉၉၂ | ၂၀၀၄ |
| ကြက်နှစ်မွေးသူ | ၁၉၂၁ | ၁၉၃၃ | ၁၉၄၅ | ၁၉၅၇ | ၁၉၆၉ | ၁၉၈၁ | ၁၉၉၃ | ၂၀၀၅ |
| ခွေးနှစ်မွေးသူ | ၁၉၂၂ | ၁၉၃၄ | ၁၉၄၆ | ၁၉၅၈ | ၁၉၇၀ | ၁၉၈၂ | ၁၉၉၄ | ၂၀၀၆ |
| ဝက်နှစ်မွေးသူ | ၁၉၂၃ | ၁၉၃၅ | ၁၉၄၇ | ၁၉၅၉ | ၁၉၇၁ | ၁၉၈၃ | ၁၉၉၅ | ၂၀၀၇ |
| ကြွက်နှစ်မွေးသူ | ၁၉၂၄ | ၁၉၃၆ | ၁၉၄၈ | ၁၉၆၀ | ၁၉၇၂ | ၁၉၈၄ | ၁၉၉၆ | ၂၀၀၈ |
| နွားနှစ်မွေးသူ | ၁၉၂၅ | ၁၉၃၇ | ၁၉၄၉ | ၁၉၆၁ | ၁၉၇၃ | ၁၉၈၅ | ၁၉၉၇ | ၂၀၀၉ |
| ကျားနှစ်မွေးသူ | ၁၉၂၆ | ၁၉၃၈ | ၁၉၅၀ | ၁၉၆၂ | ၁၉၇၄ | ၁၉၈၆ | ၁၉၉၈ | ၂၀၁၀ |
| ယုန်နှစ်မွေးသူ | ၁၉၂၇ | ၁၉၃၉ | ၁၉၅၁ | ၁၉၆၃ | ၁၉၇၅ | ၁၉၈၇ | ၁၉၉၉ | ၂၀၁၁ |
| နဂါးနှစ်မွေးသူ | ၁၉၂၈ | ၁၉၄၀ | ၁၉၅၂ | ၁၉၆၄ | ၁၉၇၆ | ၁၉၈၈ | ၂၀၀၀ | ၂၀၁၂ |
| မြွေနှစ်မွေးသူ | ၁၉၂၉ | ၁၉၄၁ | ၁၉၅၃ | ၁၉၆၅ | ၁၉၇၇ | ၁၉၈၉ | ၂၀၀၁ | ၂၀၁၃ |
| မြင်းနှစ်မွေးသူ | ၁၉၃၀ | ၁၉၄၂ | ၁၉၅၄ | ၁၉၆၆ | ၁၉၇၈ | ၁၉၉၀ | ၂၀၀၂ | ၂၀၁၄ |
| ဆိတ်နှစ်မွေးသူ | ၁၉၃၁ | ၁၉၄၃ | ၁၉၅၅ | ၁၉၆၇ | ၁၉၇၉ | ၁၉၉၁ | ၂၀၀၃ | ၂၀၁၅ |



www.burmeseclassic.com

www.burmeseclassic.com

### ခွေးနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ


ဆုတောင်းပွဲ၊ ရိုးရာကန်တော့ပွဲ၊ ပူဇော်ပွဲ ပြုလုပ်နိုင်ပါသည်။ အမဲလိုက်နိုင်ပါသည်။ သင်ကံကောင်းနေပါလိမ့်မည်။ သားကောင်များများ ရရှိပါလိမ့်မည်။ သင်လည်းအေးကင်းချမ်းသာမည်။ မိတ်ဆုံပွဲပြုလုပ်လျှင် အကျိုးထူးမည်။ လုပ်ပါ။ ဈေးဆိုင်သစ် တည်နိုင်ဖွင့်နိုင်၏။ အရောင်းအဝယ်စာချုပ် ချုပ်ဆိုနိုင်၏။ ကူးသန်းရောင်းဝယ်နိုင်၏။ နိုင်ငံခြားကုန်သွယ်ရေးလုပ်လျှင် အကျိုးပေးမည်။ ပြည်တွင်း၌ မွေးမြူရေးနှင့် အထည်ချုပ်လုပ်ငန်း လုပ်နိုင်ပါသေးသည်။ အကျိုးထူးမည်။ ရင်းနှီးမြှုပ်နှံပေးပါ။ ဖေဖော်ဝါရီလ ၁၃ ရက်နေ့နှင့် ၂၅ ရက်နေ့သည် ရက်ကောင်းမင်္ဂလာနေ့များ ဖြစ်ပါသည်။

### ရှောင်ကြဉ်ရန်အချက်များ

ခရီးဝေးမထွက်ကြရ။ နေအိမ်နှင့်အလုပ် မပြောင်းရွှေ့ရပါ။ အလုပ်သစ်၊ ရာထူးသစ် လက်မခံရ။ အချည်းနှီးဖြစ်တတ်ပါသည်။ မိတ်ဆွေအပေါင်းအသင်းများနှင့် ရန်မဖြစ်ရ။ သင့်မြတ်အောင်နေပါ။ တရားမစွဲဆိုရ။ အမှုမရင်ဆိုင်ရ။ ရုံးမတက်ရ။ အမှုရှုံးနိမ့်တတ်၏။ သတိနှင့်ဆင်ခြင်ပါလေ။

### ဝက်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ရိုးရာကန်တော့ပွဲ၊ ပူဇော်ပွဲပြုလုပ်နိုင်၏။ ဆံသ၊ ခေါင်းလျှော်နိုင်၏။ လက်ထပ်ထိမ်းမြားခြင်းပြုနိုင်၏။ ခရီးထွက်နိုင်ပါသည်။ အိမ်ရာနှင့်အလုပ် ပြောင်းရွှေ့လျှင် ကောင်းပါမည်။ လယ်ယာ၊ ခြံစိုက်ပျိုးရေးလုပ်ငန်းနှင့် အကျိုးပေးပါမည်။ ဆေးသမားတော်ပေါင်းနှင့်သာ ဆေးကုသပါလေ။



### ရှောင်ကြဉ်ရန်အချက်များ

အိမ်ဆောက်၊ ဂိုဒေါင်ဆောက်သည့်လုပ်ငန်းရှောင်ပါ။ မရှောင်နိုင်လျှင် အရှုံးပေါ်တတ်၏။ မြင်းပတွင်မကူသရ၊ ဆရာများသားသေတတ်၏။ ဆေးမြီးတိုရှောင်ပါ၊ ဘေးများ၏။ ရေကြောင်းခရီး ရှောင်ပါ။ အသစ်စေ့စပ်ခြင်းမပြုရ။

### ကြွက်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ဆုတောင်းပွဲပြုလုပ်လျှင် အကျိုးထူးမည်။ လုပ်သာလုပ်ပေးပါလေ။ တွေးမနေပါနှင့်။ ငေးမနေပါနှင့်။ ဆံသခြင်း၊ ခေါင်းလျှော်ခြင်းလည်း ပြုလုပ်နိုင်ပါသည်။ ဖေဖော်ဝါရီလ ၃ ရက်နေ့၊ ၁၅ ရက်နေ့နှင့် ၂၇ ရက်နေ့များမှာ ရက်ကောင်းမင်္ဂလာနေ့များ ဖြစ်ပါသည်။ ဖေဖော်ဝါရီလ ၂၇ ရက်နေ့တွင် စေ့စပ်ခြင်း၊ လက်ထပ်ခြင်း ပြုလုပ်နိုင်၏။ ခရီးထွက်နိုင်၏။ ဈေးဆိုင်သစ်တည်နိုင်ဖွင့်နိုင်၏။ ငွေထုတ်ချေးနိုင်၏။ အိမ်နှင့်မီးဖိုဆောင်ကိုလည်း ပြုပြင်နိုင်ပါသေးသည်။

### ရှောင်ကြဉ်ရန်အချက်များ

သစ်ခုတ်ခြင်း၊ ထင်းခွေခြင်း၊ သစ်ဖောင်မျှောခြင်း၊ သစ်အရောင်းအဝယ်လုပ်ခြင်း၊ ငါးဖမ်းခြင်း၊ သားကောင်ဖမ်းခြင်း၊ တောအမဲလိုက်ခြင်း၊ လှေသင်္ဘောစီးခြင်း စသည်တို့အားလုံးကို ရှောင်ပါ။ ငွတ်မလုပ်ကြရ။ အကျိုးယုတ်တတ်၏။

### နွားနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

မိတ်ဆုံပွဲပြုလုပ်လျှင် အကျိုးထူးမည်။ လုပ်ပါ။ လယ်ကန်သင်းရိုး၊ တာတမံရိုး ပြုပြင်ဆောက်လုပ်နိုင်၏။ ရိုးရာကန်တော့ပွဲလုပ်နိုင်၏။ အကျိုးဖြစ်ထွန်းမှုရှိမည်။ ဖေဖော်ဝါရီလ ၄ ရက်နေ့၊ ၁၆ ရက်နေ့နှင့် ၂၈ ရက်နေ့များသည် ရက်ကောင်းမင်္ဂလာနေ့များ ဖြစ်၏။

### ရှောင်ကြဉ်ရန်အချက်များ

သင်္ချိုင်းမြေ မနင်းရ။ အသုဘမပို့ရ၊ ထိခိုက်တတ်၏။ လာဘ်တိတ်တတ်သည်။ သတိထားပါ။ ခရီးမထွက်ရ။



www.burmeseclassic.com

www.burmeseclassic.com

စေ့စပ်ခြင်း၊ လက်ထပ်ခြင်းတို့ကို ရှောင်ပါ။ ဖွတ်လုပ်လျှင် အကျိုးယုတ်မည်။

## ကျားနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

မိတ်ဆုံနိုင်၏။ ကူးသန်းရောင်းဝယ်နိုင်၏။ ငွေထုတ်ချေးနိုင်၏။ အထည်ချုပ်လုပ်ငန်းနှင့် အကျိုးပေးမည်။ မွေးမြူရေးလုပ်ငန်းလည်းကောင်း၏ အကျိုးရှိမည်။ အရောင်းအဝယ်စာချုပ် ချုပ်ဆိုနိုင်၏။ စေ့စပ်နိုင်ပါသည်။ ရက်ကောင်းများမှာ ဖေဖော်ဝါရီလ ၅ ရက်နေ့ ၁၇ ရက်နေ့ နှင့် ၂၉ ရက်နေ့များ ဖြစ်ပါသည်။

## ရှောင်ကြဉ်ရန်အချက်များ

စေ့စပ်နိုင်ပါသော်လည်း ချက်ချင်းလက်ငင်း လက်မထပ်ရပါ။ ခဏဆိုင်းပါဦး။ အကျိုးယုတ်တတ်၏။ ခရီးမထွက်ကြရ။ ဘေးအန္တရာယ်ရှိ၏။ အလုပ်သစ်၊ ရာထူးသစ် လက်မခံရ၊ အချည်းနှီးဖြစ်တတ်၏။ ငါးမဖမ်းရ၊ သားကောင်မဖမ်းရ။ တောအမဲမလိုက်ရ။

## ယုန်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ခရီးထွက်နိုင်၏။ မိတ်ဆုံနိုင်လျှင် အကျိုးထူးမည်။ မိတ်ဆုံပေးပါ။ စေ့စပ်နိုင်၏။ အရောင်းအဝယ်စာချုပ် ချုပ်ဆိုနိုင်၏။ ကူးသန်းရောင်းဝယ်ဖောက်ကားနိုင်၏။ နိုင်ငံခြားကုန်သွယ်မှုပြုလျှင် အကျိုးရှိမည်။ ဆံသနိုင်၏။ အလုပ်နှင့်ရာထူးအသစ် လက်ခံနိုင်၏။ အထည်ချုပ်လုပ်ငန်းလုပ်လျှင် အကျိုးပေးပါလိမ့်မည်။ ဖေဖော်ဝါရီလ ၆ ရက်နေ့ ၁၈ ရက်နေ့သည် ရက်ကောင်းမင်္ဂလာနေ့များ ဖြစ်ပါသည်။ ဖေဖော်ဝါရီလ ၁၈ ရက်နေ့တွင် လက်ထပ်ထိမ်းမြားပါ။

## ရှောင်ကြဉ်ရန်အချက်များ

ရေတွင်း၊ ရေကန်မတူးဖော်ရ၊ ခိုက်တတ်၏။ လာဘ်တိတ်တတ်၏။ သတိနှင့်ဆင်ခြင်ပါလေ။ ဖေဖော်ဝါရီလ ၁၇ ရက်နေ့တွင် တောအမဲမလိုက်ရ။ သားကောင်မဖမ်းရ။ ငါးမဖမ်းရ၊ ငါးမမျှားရ၊ ငါးအရောင်းအဝယ်လုပ်လျှင် အရှုံးပေါ်တတ်၏။ ငါးစီးပွားဖြစ်လုပ်ငန်းကို လုံးဝရှောင်ပါ။ ငါးဒိုင်မလုပ်သင့်။

## နဂါးနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

စေ့စပ်နိုင်၏။ လက်ထပ်နိုင်၏။ ဖေဖော်ဝါရီလ ၇ ရက်နေ့သည်ရက် ကောင်းမင်္ဂလာနေ့ဖြစ်ပါသည်။ ထိုနေ့တွင် လက်ထပ်ဖြစ်အောင်လက်ထပ်လိုက်ပါ။ ခရီးထွက်နိုင်၏။ မိတ်ဆုံနိုင်၏။ မိတ်ဆုံလျှင် အကျိုးထူးမှုရှိမည်။ အိမ်၊ ဂိုဒေါင်၊ စတိုခန်း၊ မီးဖိုခန်း ပြင်ဆင်နိုင်ပါသေးသည်။ အိမ်ရာနှင့်အလုပ်ပြောင်းနိုင်၏။ ဖေဖော်ဝါရီလ ၁၈ ရက်နေ့တွင် အထည်ချုပ်လုပ်ငန်း စတင်လုပ်ကိုင်ပါ။ လက်ထပ်ပါ။ ကောင်း၏။

## ရှောင်ကြဉ်ရန်အချက်များ

ရေတွင်း၊ ရေကန် မတူးဖော်ရ၊ ရေမြောင်းလည်း မဖော်ရ၊ ခိုက်တတ်ပါသည်။ လာဘ်တိတ်တတ်၏။ စိုက်ပျိုးရေးလုပ်ငန်းမလုပ်ရ၊ အကျိုးပေးမည်မဟုတ်ပါ။ ကြပ်ကြပ်ရှောင်ပါလေ။ တောအမဲမလိုက်ရ၊ သားကောင်မဖမ်းရ၊ သင်္ချိုင်းမြို့နေ၏။ ဘေးအန္တရာယ်ရှိ၏။ အထူးသတိထားပါလေ။

## မြွေနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ရိုးရာကန်တော့ပွဲ၊ ပူဇော်ပွဲ၊ ဆုတောင်းပွဲ ပြုလုပ်နိုင်၏။ အကျိုးထူးမှုရှိမည်။ ဖေဖော်ဝါရီလ ၈ ရက်နေ့နှင့် ၂၀ ရက်နေ့များသည် ရက်ကောင်းမင်္ဂလာနေ့များ ဖြစ်ပါသည်။

## ရှောင်ကြဉ်ရန်အချက်များ

ခရီးထွက်ခြင်း၊ ဆံသခြင်း၊ ခေါင်းလျှော်ခြင်းတို့ကို ရှောင်ပါ။ အထူးသဖြင့် ဖေဖော်ဝါရီလ ၈ ရက်နေ့နှင့် ၂၀ ရက်နေ့တို့ကို ရှောင်ပေးပါလေ။ မရှောင်နိုင်လျှင် အကျိုးယုတ်မည်။



www.burmeseclassic.com

www.burmeseclassic.com

### မြင်းနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

စေ့စပ်နိုင်၏။ လက်ထပ်နိုင်၏။ မိတ်ဆုံနိုင်၏။ ခရီးထွက်နိုင်၏။ အရောင်းအဝယ်စာချုပ် ချုပ်ဆိုနိုင်၏။ အိမ်ရာပြောင်းရွှေ့နိုင်၏။ အထည်ချုပ်လုပ်ငန်းလုပ်လျှင် အကျိုးရှိမည် လုပ်ပါ။

### ရှောင်ကြဉ်ရန်အချက်များ

စိုက်ပျိုးရေးလုပ်ငန်း မလုပ်ရ။ အကျိုးပေးမည်မဟုတ်ပါ။ လယ်ယာလုပ်ငန်း။ ခြံစိုက်လုပ်ငန်းကို ဝေးဝေးရှောင်ပါ။ နေအိမ်၊ ဂိုဒေါင်နှင့် မီးဖိုဆောင် လုံးဝမပြင်သင့်။ နိက်တတ်ပါသည်။ သတိထားပါလေ။

### ဆိတ်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

တောအမဲလိုက်နိုင်၏။ သားကောင်ဖမ်းနိုင်၏။ ငါးဖမ်းနိုင်၏။ ငါးမျှားနိုင်၏။ ငါးဒိုင်လုပ်လျှင် အကျိုးထူးမှုရှိပါမည်။ လုပ်ပေးပါလေ။ စေ့စပ်နိုင်၏။ လက်ထပ်နိုင်၏။ အိမ်ရာပြောင်းရွှေ့နိုင်၏။ အထည်ချုပ်လုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းလုပ်လျှင် အကျိုးပေးမှုရှိမည်။ လုပ်ပါ။ ဖေဖော်ဝါရီလ ၉ ရက်နေ့နှင့် ၂၂ ရက်နေ့များသည် ရက်ကောင်းမင်္ဂလာနေ့များ ဖြစ်၏။

### ရှောင်ကြဉ်ရန်အချက်များ

ဈေးဆိုင်သစ်မတည်ရ၊ မဖွင့်ရ၊ စီးပွားရေးလုပ်ငန်းသစ် မလုပ်ရ၊ ကုမ္ပဏီသစ်မတည်ထောင်ရ။ အကျိုးရှိမည်မဟုတ်ပါ။ အရောင်းအဝယ်စာချုပ် ချုပ်လျှင် အမှုပြဿနာတက်တတ်၏။ ရှောင်ပါလေ။ မရှောင်နိုင်လျှင် အကျိုးယုတ်မည်။

### မျောက်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

မိမိ၏နေအိမ်ခြံဝန်း သန့်ရှင်းရေးလုပ်ပေးပါ။ ဆေးသမားတော်ရှာ ထွက်နိုင်၏။ ဆေးဆရာပြောင်းကုလျှင် အကျိုးထူးမှုရှိမည်။ ရိုးရာကန်တော့ပွဲ၊ ပူဇော်ပွဲ၊ ဆုတောင်းပွဲပြုလုပ်နိုင်၏။ ပြုလုပ်လျှင် အကျိုးရှိမည်။ ပြုလုပ်ပါ။ ဖေဖော်ဝါရီလ ၂၇ ရက်နေ့သည် ရက်ကောင်းမင်္ဂလာနေ့ ဖြစ်ပါသည်။

### ရှောင်ကြဉ်ရန်အချက်များ

ပြည်ပနိုင်ငံခြားကုန်သွယ်ရေး ကူးသန်းရောင်းဝယ်ရေးလုပ်ငန်း မလုပ်ရ။ အကျိုးပေးမည်မဟုတ်ပါ။ ရှောင်ပါလေ။ လက်ထပ်ခြင်းလည်း ရှောင်ကြဉ်ရပါလိမ့်မည်။ ဌတ်မလုပ်ရ။ ဌတ်လုပ်ပါက အကျိုးယုတ်ရပါလိမ့်မည်။ ထီမထိုးရ ကံမစမ်းရ၊ အချည်းနှီးဖြစ်မည်။ သတိနှင့် ဆင်ခြင်ပါလေ။

### ကြက်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

သစ်ခုတ်ခြင်း။ သစ်ဖောင်မျှောခြင်း။ သစ်အရောင်းအဝယ်လုပ်ခြင်း။ ထင်းခွေခြင်း။ တောအမဲလိုက်ခြင်း။ သားကောင်ဖမ်းခြင်း စသည်တို့ အားလုံးကို ပြုလုပ်နိုင်ပါသည်။ သင်ကံကောင်းနေပါလိမ့်မည်။ ငါးဖမ်းနိုင်၊ ငါးမျှားနိုင်၏၊ ငါးဒိုင်လုပ်လျှင် အကျိုးပေးမှုရှိမည်။ လုပ်ပါလေ။

### ရှောင်ကြဉ်ရန်အချက်များ

လှေသင်္ဘောမစီးရ။ ရေကြောင်းခရီးကိုရှောင်ပါ။ ရေဘေးသင့်တတ်၏။ ရေဘေးအန္တရာယ်ရှိ၏။ နေအိမ်မပြင်ရ။ နိက်တတ်ပါသည်။ လက်ထပ်ခြင်းရှောင်ပါ။ မိတ်မဆုံရ။ အချည်းနှီးဖြစ်တတ်၏။ အရောင်းအဝယ်စာချုပ် မချုပ်နှင့်။ အမှု ပြဿနာတက်တတ်ပါသည်။ သတိနှင့် ဆင်ခြင်ပါ။

**ကေတီ-အောင်သိန်း(ရန်ကုန်တက္ကသိုလ်)**

*Ref;*

တရုတ်နက္ခတ္တဗေဒပညာ
၂၀၁၆ ခုနှစ်၊ Hong Kong (China)



www.burmeseclassic.com

www.burmeseclassic.com

# မဟာသံ့သံဘဝ

နှင့်

# မဟာသံ့ခ ရုပ်ရှင်တော်မြတ်

စံရိပ်ငြိမ် မောင်တင်ချို



မဟာသံ့သံဘဝရုပ်ရှင်တော်မြတ်    မဟာသံ့ခရုပ်ရှင်တော်မြတ်

www.burmeseclassic.com

www.burmeseclassic.com

ပဲခူးတိုင်းအနောက်ခြမ်း၊ ပြည်မြို့ ရတနာမန်အောင်ကွက်သစ်၊ ရွှေပြည်ပတ်ကျိုင်ကျောင်းတိုက်ကြီးမှာ သီတင်းသုံးတော်မူတဲ့ မဟာသွဲ့သံဘဝနှင့် မဟာသွဲ့ခ ရုပ်ရှင်တော်မြတ်ကြီး ညီနောင်နှစ်ဆူဟာ မြန်မာနိုင်ငံ မြို့နယ်အရပ်ရပ်ကို ဒေသစာရီ ကြွချီတော်မူလျက်ရှိပြီး ခုနစ်ရက်သားသမီး ဗုဒ္ဓဘာသာဝင်သူတော်စင်အပေါင်းတို့ရဲ့ ပူဇော်မှုအထူးထူးကို ကန်တော့ခံယူလျက်ရှိပါတယ်။

ရုပ်ရှင်တော်မြတ်ကြီးရဲ့ တန်ခိုးရောင်ခြည်တော်နဲ့ အပြုံးဖွင့်တော်မူတဲ့ မေတ္တာဓာတို့ ဆည်းကပ်ကိုးကွယ်ကြကုန်သော သာသနာ့ဒါယကာ၊ ဒါယိကာမအပေါင်းတို့ကို အတိတ်ကောင်း၊ နိမိတ်ကောင်းတို့ဆောင်စေကာ လောကီ လောကုတ္တရာ ချမ်းသာသုခများရရှိစေပြီး အကျိုးစီးပွားများ တိုးတက်လျက်ရှိကြောင်း တွေ့ရှိရပါတယ်။

ညီနောင် ရုပ်ရှင်တော်မြတ်ကြီးတို့ ရောက်ရှိရာဒေသ အိမ်နေရာ၊ ဌာနများတွင်လည်း မြင်အပ်ပုဂ္ဂိုလ်၊ မမြင်အပ်ပုဂ္ဂိုလ်များအားလုံး ရောက်ရှိလာပြီး ၎င်းအိမ်နေရာဌာနများရှိ မကောင်းသော အတိတ်နိမိတ်များ ဖယ်ရှားရှင်းလင်းသွားပါတယ်။

ထူးခြားဆန်းကြယ်တဲ့ တန်ခိုးတော်တွေကြောင့် မဟာသွဲ့သံဘဝနဲ့ မဟာသွဲ့ခရုပ်ရှင်တော်မြတ်ကြီးတို့ရဲ့ ဒေသစာရီ ကြွတော်မူခိုက် ကြုံတောင့်ကြုံခဲ ဖူးမြော်ရတဲ့ ဗုဒ္ဓဘာသာဝင် သူတော်စင်တို့မှာလည်း တစ်နေ့တခြား များပြားလာပြီး မိမိတို့ရဲ့ မြင့်မြတ်ရာ အိမ်ဌာနကို ပင့်ဆောင်ပူဇော်လိုကြတဲ့ အလှူ့ဒါယကာ၊ ဒါယိကာမတို့လည်း တိုးပွားလာလျက် ရှိပါတယ်။

စတင်ဖူးမြော်ကြတဲ့ သူတော်စင်တို့က ညီနောင် ရုပ်ရှင်တော်မြတ်နှစ်ဆူရဲ့အကြောင်းကို သိလိုတဲ့ ဆန္ဒများကို ပြည့်ဝစေလိုတဲ့ စိတ်စေတနာနဲ့ ရုပ်ရှင်တော်မြတ်တို့ရဲ့ သမိုင်းဝင်၊ ဗုဒ္ဓဝင်ကို ပြန်လည်ပြုစုထားခြင်း ဖြစ်ပါတယ်။

ဒီ မဟာသွဲ့သံဘဝနဲ့ မဟာသွဲ့ခ ညီနောင်ရုပ်ရှင်တော်မြတ်ကြီးတို့ကို အိန္ဒိယနိုင်ငံက ပင့်ဆောင်လာတဲ့ မဟာလေးကျွန်း၊ ဒိဗ္ဗအတုလ သက်တော်ရှည်ဆရာတော်ကြီးဟာ ၁၃၇၀ ပြည့်နှစ်၊ တန်ခူးလဆန်း ၄ ရက်၊ ၂၀၀၉ ခုနှစ်၊ မတ်လ ၂၉ ရက်နေ့မှာ သက်တော် ၁၀၀ နှစ်ပြည့် ဝိဇာတအလှူတော်မင်္ဂလာနဲ့အတူ ရွှေပတ်ကျိုင်ကျောင်းတိုက်အတွင်းမှာ တည်ထားကိုးကွယ်လျက်ရှိတဲ့ ဓမ္မေခဥ္စိသလစေတီတော်မြတ်ကြီးကို ထီးတော်တင်မင်္ဂလာပွဲကို ဆင်ယင်ကျင်းပတဲ့အခိုက်မှာ စေတနာရည်သန်ပြီး ကြွရောက်လာတဲ့ ဗုဒ္ဓဘာသာနွယ်ဝင် သူတော်စင်တို့ကို ရုပ်ရှင်တော်မြတ်ကြီးနှစ်ဆူတို့ရဲ့ ဗုဒ္ဓဝင်အကျဉ်းကို တရားဒါနအလှူအဖြစ် ဖြန့်ဝေလိုက်ပါတယ်။

မဟာလေးကျွန်း၊ ဒိဗ္ဗအတုလ ဆရာတော်ဘုရားကြီးက "တပည့် အခုအချိန်အခါ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီး ပွင့်တော်မူရာ မဇ္ဈိမဒေသမှာ ဘုရားရှင်ကိုယ်တော်မြတ်ကြီး ဖွားမြင်တော်မူရာ ဒေသ၊ တောထွက်တော်မူရာဒေသ၊ ဘုရားဖြစ်တော်မူရာဒေသ၊ ကျင့်ကြံအားထုတ်တော်မူသောဒေသများ၊ ဓမ္မစကြာသုတ်ဟောတော်မူရာ မိဂဒါဝုန်တော၊ တိတ္ထိများနဲ့ တန်ခိုးပြိုင်ပြီး ပြာဋိဟာပြတော်မူတဲ့နေရာ၊ ပရိနိဗ္ဗာန်ပြုတော်မူတဲ့နေရာ၊ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးနဲ့ ပတ်သက်တဲ့ ဒေသများကို ကိုယ်တိုင်သွားပြီး ကိုယ်တွေ့လေ့လာမှတ်သားကာ သာသနာတော်ကြီးကို ပြုစုစောင့်ရှောက်နိုင်ဖို့ အိန္ဒိယပြည်ကို မင်းသွားရမယ်"ဟု အမိန့်ရှိသောကြောင့် ဆရာတော်ဘုရားဟာ ၁၂၉၆ ခုနှစ်၊ တပေါင်းလထဲမှာ အိန္ဒိယပြည်ကို သွားခဲ့ပါတယ်။

ဗုဒ္ဓရှင်တော်မြတ် ဖွားတော်မူရာကစပြီး ဒေသအသီးသီးကို မိန့်မှာတဲ့အတိုင်း ကိုယ်တိုင်သွားပြီး ပြည့်စုံနိုင်သမျှ ပြည့်စုံအောင် လေ့လာမှတ်သားနေခဲ့ပါတယ်။ အဲဒီလို မှတ်သားလေ့လာရင်း မိမိဝါသနာပါတဲ့ လောကီပညာရပ်များကိုလည်း စုံစမ်းလေ့လာမှတ်သားခဲ့ရပါသေးတယ်။

တစ်နေ့တော့ လောကီပညာကို အလွန်တတ်မြောက်တဲ့ ပြဟ္မာနအမည်ရှိတဲ့ ကုလားဆရာကြီးတစ်ဦးဟာ ဒေလီမြို့ကို ရောက်နေကြောင်း၊ အကျင့်ကျတော့လည်း ၄၉ ရက်အကြာမှ အစာအာဟာရ တစ်ကြိမ်စားသောက်ကြောင်း၊ တစ်နှစ်ကြာမှ တစ်ခါသာ ရေချိုးကြောင်း၊ စကားပြောဆိုရာမှာလည်း မလွဲတမ်း ပြောဆိုနိုင်စွမ်းရှိပြီး ထူပြောလှတဲ့ တပည့်များကလည်း အမြဲမပြတ် ဆည်းကပ်ကိုးကွယ်ကြပါတယ်။ ထူးခြားတဲ့ ပုဂ္ဂိုလ်ကြီးတစ်ဦးဖြစ်ကြောင်း သိရှိရပါတယ်။

ယခု ဆရာတော်ရောက်နေတဲ့ ဘနားရာစမြို့(ဗာရာဏသီ)နဲ့ ပြဟ္မာနဆရာကြီးရှိရာ ဒေလီဟာ ဂင်္ဂါမြစ်ရဲ့ အရင်း



www.burmeseclassic.com

www.burmeseclassic.com

နဲ့ အဖျားပဲ ဆိုပါတော့။ အဲဒီလောက်ဝေးတဲ့နေရာအထိ သတင်းဟာ ပျံ့နှံ့လျက်ရှိပါတယ်။

ဘနားရာ့စမြို့ (ဗာရာဏသီ)နှင့် ဂယာမြို့တို့ကတော့ သိပ်မဝေးလှပါဘူး။ မှန်းဆနိုင်ရုံပြောတာပါ။ ဒါနဲ့ အဲဒီလို ကြားတော့ ဆရာတော်လည်း အလွန်ရောက်ချင်တယ်၊ တွေ့ချင်တယ်။ ဆန္ဒပြင်းလွန်းတော့ ခရီးဝေးလွန်းပေမယ့် ရောက်အောင်သွားခဲ့တယ်။ ရောက်သွားတော့ သူ့ထံမှာ တပည့်ပရိသတ်လူအုပ်ကြီးဟာ တိုးမပေါက်အောင် များတာလား။ ဒါနဲ့ ဆရာတော်လည်း နေ့အချိန် မတိုးနိုင်တော့ ညမှာ သွားရတာပေါ့။ ဖြပ္ပာနဆရာကြီးနဲ့ တွေ့တော့ ခင်ခင်မင်မင် ရင်းရင်းနှီးနှီး နှစ်ပေါင်းများစွာက တွေ့ကြုံခဲ့ကြတဲ့ မိတ်ဆွေဟောင်းတွေကို တွေ့ရသကဲ့သို့ ဆက်ဆံပါတယ်။

ဒီလိုနဲ့ နေ့တိုင်းသွားနေတော့ ဖြပ္ပာနဆရာကြီးက "သူနဲ့အတူ ဒီမြို့မှာ အမြဲနေပါ။ သူလည်း ဒီမှာ ခေတ္တနေတာပါ။ အမြဲနေတာက ဒေလီမြို့မြောက်ဘက်မှာရှိတဲ့ ဒေးရားဒွန်းမြို့နဲ့ မဝေးသော တောင်မှာနေပါတယ်"လို့ ပြောတယ်။ ဒီတောင်က ပေပေါင်း ၇၄၀၀ ပေကျော်မြင့်တဲ့ နန္ဒာဒေဝီတောင်လို့ခေါ်တယ်။ တိဘက်ပြည်နဲ့လည်း ဆက်လျက်ဖြစ်တယ်လို့ ပြောတယ်။

သူနဲ့အတူနေရန် ပြောတဲ့အတိုင်း ဒေလီမြို့မှာ သူနဲ့ အတူတူ နေခဲ့တယ်။

ဖြပ္ပာနဆရာကြီးအယူကတော့ ဗုဒ္ဓဘာသာအယူပါပဲ။ ဗုဒ္ဓကျမ်းစာများလည်း အလွန်တတ်ကြောင်း သိရပါတယ်။ တစ်ချိန်မှာ ဖြပ္ပာနဆရာကြီးက သူနေတဲ့ နန္ဒာဒေဝီတောင်ကို ပြန်ရမယ်၊ သူနဲ့အတူ လိုက်ခဲ့ဖို့ခေါ်ထားပြန်တော့လည်း ဆရာတော်ဘုရားပါ လိုက်သွားခဲ့တယ်။ ဒေလီကနေပြီး ရထားနဲ့ ပြန်ကြပါတယ်။ လမ်းမှာတော့ မီရွက်မြို့ မူဇက်မာနဂါ နောက် ဟာဒါမြို့ ဆတာရန်ပူမြို့တို့ကို ဖြတ်သန်းပြီး ဒေးရားဒွန်းမြို့ကို ရောက်ကြတယ်။ အဲဒီမြို့ကိုရောက်တော့ မီးရထားလမ်းဆုံးတယ်။ ဒေးရားဒွန်းမြို့ရဲ့ အရှေ့မြောက်ဘက်ကို ခြေလျင်ဆက်သွားကြတော့ ဒေယာဆိုတဲ့ ရွာကိုရောက်တယ်။

အဲဒီ ဒေယာရွာက တောင်ခြေလို့ဆိုသော်လည်း အတော်လေး မြင့်လာပြီ။ အဲဒီရွာက ဆက်သွားတော့မှပဲ



မဟာလေးကျွန်း ဒိဗ္ဗအတုလ ဆရာတော်ဘုရား

သူ့အမြဲနေတဲ့ နန္ဒာဒေဝီတောင်ကို ရောက်ကြတယ်။

ဒီတောင်ရဲ့ မြောက်ဘက်မှာတော့ ကမ်းမေ့တောင်ကြီးရှိတယ်။ သူနေတဲ့ နန္ဒာဒေဝီတောင်မှာ ဆရာတော်နဲ့ အတူတူ နေထိုင်ကြပြီး သူ့ထံမှ လောကီ၊ လောကုတ္တရာပညာများနဲ့ ဆရာတော်ထံမှ လောကီ၊ လောကုတ္တရာပညာများကို ဆည်းပူးဖလှယ်ကြရင်း ခြောက်လလောက် ကြာသွားတယ်။ အဲဒီအချိန်မှာ နောက်ဆုံးတော့ ဆရာကြီးက အရှင်ဘုရားကို မကြားသိသေးဖူးသော အလွန်ထူးဆန်း အံ့သြဖွယ်ရာဖြစ်တဲ့ သမိုင်းတစ်ခုကို လျှောက်ထားပါတယ်။ ဒီသမိုင်းကတော့ မြတ်စွာဘုရားသခင် သက်တော်ထင်ရှား ရှိတော်မူစဉ်က မိဋ္ဌာန်တော်မူထားတဲ့ ဗုဒ္ဓရှင်တော်မြတ်တစ်ဆူရဲ့ သမိုင်းဖြစ်ပါတယ်။ မှတ်သားတော်မူပါဘုရားလို့ လျှောက်တယ်။

မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးဟာ ဘုရားအဖြစ်ကို ရောက်တော်မူပြီးနောက် မိဂဒါဝုန်တောမှာ တစ်ဝါ၊ ရာဇဂြိုဟ်ပြည်မှာ သုံးဝါ၊ အာဠဝီပြည်မှာ တစ်ဝါ၊ မကုလတောင်မှာ တစ်ဝါ၊ ခြောက်ဝါပြည့်မြောက်ပြီးတဲ့နောက် ခုနစ်ဝါ

www.burmeseclassic.com

www.burmeseclassic.com

မြောက်၊ ဝါဆိုလပြည့်နေ့ သာဝတ္ထိပြည်ရဲ့ အရှေ့မျက်နှာ သရက်ဥယျာဉ် သရက်ဖြူပင်ရင်းမှာ တိတ္ထိတို့နဲ့ တန်ခိုးပြိုင်ပြီး ယမိုက်ပြာဋိဟာကို ပြတော်မူတယ်။ ပြီးလျှင် နှစ်လုမ်းသုံးလှမ်း ဖဝါးဖြင့် တာဝတိံသာ နတ်ပြည်သို့ ကြွရောက်တော်မူလျက် ခင်းအပ်သော ဘုရားနေရာ ပဏ္ဍုကမ္ဗလာ ကျောက်ဖျာထက်မှာ ဝါကက်ပကာ အဘိဓမ္မာ ခုနစ်ကျမ်းကို ဟောတော်မူတယ်။

အဲဒီ ခုနစ်ဝါမြောက်၊ သီတင်းကျွတ်လပြည့်နေ့မှာ ငွေစောင်းတန်း၊ ရွှေစောင်းတန်းတို့ရဲ့အလယ်မှာ ပတ္တမြားစောင်းတန်း စောင်းတန်းသုံးသွယ်အနက် ရွှေစောင်းတန်းက သိကြားမင်းကြီးရဲ့ နတ်ပရိသတ်၊ ငွေစောင်းတန်းက ဗြဟ္မာမင်းကြီးနဲ့ ဗြဟ္မာပရိသတ်တို့ဟာ နတ်မီးရောင်စုံ ဗျရိယအစုံတို့ကို တီးမှုတ်ကာခုန်ခြံရုံပြီး လိုက်ပါလာကြတယ်။

လူတို့ပြည် သင်္ကဿနဂိုရ်မြို့ရဲ့ အရှေ့ဘက် မြတ်စွာဘုရားသခင်ကို ဖူးမြော်မှတော်ပြီး တရားတော်ကို နာကြားဖို့ ရောက်နေကြတဲ့ လူထုပရိသတ်ကြီးကတော့ သုံးဆယ့်နှစ်ယူဇနာရှိတယ်။ (နာခသီခသုတ်တော်) (မြန်မာ့ကျမ်းဂန်နှင့်မညီပါ။ ဗြဟ္မာနဆရာကြီးပြောသည့်အတိုင်း ရေးခြင်းဖြစ်ပါတယ်။)

**ဒါနဲ့ နာမည်သိပ်ကြီးလာတဲ့အခါ မိမိနေရင်းဒေသကိုပြန်မှ တော်တော့မည်ဟုကြံပြီး သားမယားတွေကို နေ့လယ်မှာပို့ပြီး နေဝင်ချိန်ကျမှ ကျောက်ကိုယူပြီး လိုက်သွားရာမှာ ကျောက်က သူ့လက်ထဲမှာမနေတော့ဘဲ သစ်ကနက်ပင်ကြီး ရှိရာကို ပြေးသွားတယ်။**

မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးလည်း ပတ္တမြားစောင်းတန်းမှ မြေသို့ ခြေတော်အစုံရပ်နေတော်မူပြီးနောက် လက်တော်နှင့် ဖုန်မှုန့်ကို ကောက်ယူတော်မူပြီး အရှေ့ဘက်မှာ ရှိခိုးလျက်ရှိနေတဲ့ ညီတော် အာနန္ဒာမထေရ်မြတ်ကို "ချစ်သား အာနန္ဒာ၊ ငါ၏ လက်တော်မှာ တင်နေတဲ့ ဖုန်မှုန့်နဲ့ မဟာပထဝီမြေပေါ်ရှိတဲ့ ဖုန်မှုန့်တို့ဟာ အဘယ်က များပါသနည်း"ဟု မေးမြန်းတော်မူတဲ့အခါ အာနန္ဒာမထေရ်မြတ်က

"ဘုန်းတော်အလွန်တရာ ကြီးမြတ်တော်မူသော မြတ်စွာဘုရား။ ဘုရားရှင်ကိုယ်တော်မြတ်ကြီးရဲ့ လက်တော်ပေါ်ရှိ ဖုန်မှုန့်က အလွန်များလှပါတယ်ဘုရား။ နှိုင်းယှဉ်ခြင်းငှာအရာအောင် ကွာခြားလှပါတယ်ဘုရား"ဟု လျှောက်တင်လေသော် ဘုရားရှင်ကိုယ်တော်မြတ်ကြီးက -

"ဟုတ်မှန်လှပေ၏ ချစ်သား အာနန္ဒာ။ ဤဥပမာကဲ့သို့ လူ့ပြည်ကို အကုသိုလ်ကံ ထောက်ပံ့၍ ရောက်ကြကုန်သော လူသတ္တဝါအပေါင်းတို့ဟာ လူ့ဘဝမှာ လောဘကိလေသာ၊ ဒေါသကိလေသာ၊ မောဟကိလေသာတို့ ဖုံးလွှမ်းပြီး သက်ရှလ ကုသိုလ်တရားအပေါင်းတို့ကို မေ့လျော့ကြသဖြင့် သေလွန်ကြတဲ့အခါ အပါယ်ဘုံသို့ လားကြတဲ့ ပုဂ္ဂိုလ်အပေါင်းက ယောဂပထဝီမြေကြီးပေါ်မှာရှိတဲ့ ဖုန်မှုန့်လောက်များလှပါတယ်။ လူ့ပြည်သို့ ပြန်ပြီးရောက်သော ပုဂ္ဂိုလ်သတ္တဝါက ငါ၏လက်တော်မှာရှိတဲ့ ဖုန်မှုန့်လေးလောက် နည်းပါးစွာ ပြန်ပြီးရောက်ရှိကြတယ်"ဟု ပထဝီသုတ်တော်ကို ဟောတော်မူပြီး သစ္စာတရားတော်ကို ဟောတော်မူတဲ့အခါ သုံးဆယ့်နှစ်ယူဇနာရှိတဲ့ တရားနာပရိသတ်တို့ဟာ အကျွတ်တရားတော်ကို ရတော်မူကြပါတယ်။

တရားတော်များကို ဟောတော်မူပြီးတဲ့နောက် မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးက "ငါ၏ လက်တော်ပေါ်မှာရှိတဲ့ မြေမှုန့်တို့ဟာ သာသနာငါးထောင်တည်အောင် ငါဘုရားရဲ့ကိုယ်စား လူ့အစရှိတဲ့ သတ္တဝါအပေါင်းတို့ကို ကောင်းကျိုးချမ်းသာပေးစွမ်းနိုင်တဲ့ မဟာသစ်ကနက်ပင်စေတီတော်ကြီး ပေါက်ပါစေ"ဟု မိန့်တော်မူကာ မြေမှုန့်ကို လက်တော်မှ ချတော်မူလိုက်တယ်။

အဲဒီအခါကစပြီး လူ၊ နတ်၊ ဗြဟ္မာအပေါင်းတို့သာ စေတီတော်မဟာ သစ်ကနက်ကျွန်းပင်ကြီးကို ဆည်းကပ်ကိုး



www.burmeseclassic.com

www.burmeseclassic.com

ကွယ်ခဲ့ကြရပါတယ်။ စေတီတော်မဟာ သစ်ကနက်ကျွန်းပင်ကြီးဟာ အမြဲတစေ နီလ၊ ပီတ၊ လောဟိတ၊ ဩဒါတ၊ မဉ္ဇိဋ္ဌ၊ သဘာဿရတည်းဟူသော ရောင်ခြည်တော်ခြောက်သွယ်ကို အမြဲလွှတ်နေတယ်။

သက္ကရာဇ် ၂၃၅ ခုနှစ်၊ သီရိဓမ္မာသောကမင်းကြီး သင်္ဂါယနာတင်ပြီးနောက် မဟာသစ်ကနက်စေတီတော်မြတ်ကြီးကို တံတိုင်းသုံးထပ်ကာရံကာ ရွှေချကိုးကွယ်ဆည်းကပ်ခဲ့ပါတယ်။ နောင်အခါ မဂိုလူမျိုးတို့ အိန္ဒိယပြည်ကို တိုက်ခိုက်သိမ်းယူအုပ်စိုးကြတဲ့အခါ သင်္ကဿနဂိုရ်မြို့ကြီး ပျက်စီးပြီး ကုန်းမြေအတိ ဖြစ်သွားတယ်။ မဟာသစ်ကနက်စေတီတော်ကြီးကိုလည်း ကိုးကွယ်ဆည်းကပ်ခြင်း မပြုကြတဲ့အပြင် တန်ခိုးတော်ကြောင့်ဖြစ်တဲ့ ရောင်ခြည်တော်အပေါင်းကိုလည်း တလွဲထင်ကာ စုန်းပင်ကြီး၊ နတ်ပင်ကြီး၊ တစ္ဆေပင်ကြီးလို့ သမုတ်ပြီးတော့ ကြောက်လန့်ကြကာ ကွေ့ကွင်းရှောင်ရှား သွားလာနေကြတယ်။

သက္ကရာဇ် ၄၉၃ ခုနှစ်လောက်မှာ သင်္ကဿနဂိုရ်မြို့ဟောင်းနေရာဟာ ယာခင်းများဖြစ်လုပ်ပြီး ဂျုံများ၊ သစ်ပင်မျိုးစုံကို စိုက်ပျိုးလုပ်ကိုင်ပြီး ဟိန္ဒူကုလားလူမျိုးတို့ နေထိုင်ကြပါတယ်။

တစ်နေ့တော့ မဟာသစ်ကနက်ပင်စေတီတော်ကြီးနဲ့ မလှမ်းမကမ်းမှာနေတဲ့ ဟိန္ဒူကုလားကြီးတစ်ယောက်က အကြံဖြစ်လာတယ်။ ဒီအပင်ကြီးက ညညကျရင် အရောင်အမျိုးမျိုးထွက်နေတာဟာ အကြောင်းတစ်ခုခုတော့ ရှိရမယ်လို့ တွေးထင်ကာ မဟာသစ်ကနက်ပင်အောက်ရောက်သွားတယ်။ တစ်ပင်လုံး အေးဆက်ကာစပြီး အထက်သို့တိုင်အောင် အရောင်တွေထွက်နေတာ မြင်ရတယ်။ အပင်ကြီးအောက်မှာ တဝင်းဝင်းနဲ့ တောက်နေတဲ့ ကျောက်လုံးများကို တွေ့တယ်။ သူက ကျောက်တစ်လုံးကို ကောက်ယူပြီး သူနေတဲ့ တဲကို ရောက်တော့ မီးခွက်တင်တဲ့ခုံပေးမှာ တင်ထားလိုက်တယ်။

တစ်နေ့တော့ မလှမ်းမကမ်းမှာနေတဲ့ သူငယ်ချင်းတွေက "မင်းတဲ ညည ဘာကြောင့် မီးထွန်းရတာတုံး"လို့ မေးကြတော့မှ သူသတိထားပြီး ကြည့်မိတဲ့အခါ မဟာသစ်ကနက်ပင်ကြီးအောက်က ကောက်ယူလာတဲ့ ကျောက်တုံးက တန်ဖိုးများကျောက်ကြီးဖြစ်နေပြီး အရောင်တွေထွက်နေတာ သိရတော့ အဖိုးတန်ကျောက်မှန်း သိသွားတယ်။ ဒါနဲ့ ကျောက်ကိုယူပြီး မြို့မှာ ရောင်းဖို့သွားတဲ့အခါ အခုနေ မြို့ကို ရောက်ရင် ကောင်းမှာပဲလို့ အောက်မေ့လိုက်တာရှိသေး မြို့တံခါးဝကို ရောက်နေတယ်။ ဒီကျောက်ဟာ အလွန်တန်ခိုး ရှိတာပဲ။ ငါမရောင်းတော့ဘဲ ငါ့တဲအိမ်ကို ပြန်မယ်ဆိုပြီး မြို့တံခါးက ထွက်လာတယ်။ အခုနေ ငါ့တဲဆီရောက်ရင် ကောင်းမှာလဲလို့ စိတ်ကတွေးလိုက်တာနဲ့ တဲကလေးဆီ ရောက်နေတယ်။ နောက်တော့ သူဟာ ဆေးကုချင်စိတ်တွေပေါက်လာပြီး ရောဂါအမျိုးမျိုးကို သူကုလိုက်တာ အကုန်လုံးပျောက်ကုန်တယ်တဲ့။ ဝိဇ္ဇာကြီးဖြစ်သွားတာပေါ့။ ကျောက်ရဲ့ တန်ခိုးတွေကြောင့်ပေါ့။

ဒါနဲ့ နာမည်သိပ်ကြီးလာတဲ့အခါ မိမိနေရင်းဒေသကို ပြန်မှ တော်တော့မည်ဟုကြံပြီး သားမယားတွေကို နေ့လယ်မှာပို့ပြီး နေဝင်ချိန်ကျမှ ကျောက်ကိုယူပြီး လိုက်သွားရာမှာ ကျောက်က သူ့လက်ထဲမှာမနေတော့ဘဲ သစ်ကနက်ပင်ကြီးရှိရာကို ပြေးသွားတယ်။ သူလည်း နောက်ကလိုက်တာပေါ့။ ဒီအချိန်မှာ တိဘက်လားမား ဆရာတော်ကြီးနှစ်ပါးနဲ့ တွေ့တယ်။ ဆရာတော်ကြီးနှစ်ပါးက "ဒါယကာ၊ ကျောက်ကိုလိုချင်သလား"လို့ မေးတယ်။ ကျောက်ကလည်း သစ်ကနက်ပင်ကြီးကို လက်ျာလှည့်နေတယ်။ လိုချင်ကြောင်းလျှောက်တော့ ဆရာတော်ကြီးတစ်ပါးက လက်တော်ဖြန့်လိုက်လျှင် ကျောက်ကလပ်ပေါ်မှာ တည်နေတယ်။ ဒါယကာ လာပါလို့ခေါ်ပြီး ခေါင်းကို လက်ဖြင့် သုံးခါသပ်လိုက်တယ်။ အဲဒီတော့ ကုလားက လိုချင်စိတ်တွေပျောက်ပြီး ဆရာတော်ကြီးတို့အနားက မခွာနိုင်တော့ဘဲ ဝတ်ကြီးဝတ်ငယ်ပြုချင်တဲ့စိတ်တွေ ပေါ်ပေါက်လာကာ -

"အရှင်ဘုရား၊ ကျောက်ကိုမလိုချင်တော့ပါ။ ပြုစုလုပ်ကျွေးကာ နေပါရစေ"

ဟု လျှောက်တယ်။

အဲဒီနောက် ထူးဆန်းတဲ့ ပတ္တမြားကျောက်ကို အကြောင်းပြုပြီး တိဘက်လားမား ဘုန်းတော်ကြီးနှစ်ပါးနဲ့ ဗြဟ္မာနကုလားဆရာကြီးတို့ဟာ သစ်ကနက်ပင်ကြီးကိုလုံကာ ချိန်ခါနက္ခတ်၊ ဝင်ထွက်မှတ်ပြီး ကောင်းမြတ်တဲ့အခါ ဂါထာမကျန်၊ မန္တရားအစားစားနဲ့ ထွက်ရပ်ဆေးပေါင်း၊ အင်းပေါင်း၊



www.burmeseclassic.com

www.burmeseclassic.com

အိုင်ပါစီရင်ကာ မြန်မာမှု မြန်မာ့ဟန်မပါဘဲ တိဘက်မှု၊ တိဘက်ဟန်ဖြင့် မုဏိတော်၊ ဦးခေါင်းတော်၊ ကိုယ်တော်၊ လက်တော်၊ ခြေတော်မှအစ လောကီစီရင် အမျိုးမျိုးဖြင့် မဟာသွံ့တိက္ခ၊ မဟာသွံ့သံဘဝ၊ မဟာသွံ့သသာရ၊ မဟာသွံ့ခ ဟု ရုပ်ရှင်တော်မြတ်ကြီးလေးဆူကို ထုလုပ်စီရင်ကြတယ်။

တိဘက်လားမားဆရာတော်ကြီးတို့က ထူးဆန်းတဲ့ ပတ္တမြားကျောက်ကို မြပဟ္မာနဆရာကြီးအားပေးပြီး ရုပ်ရှင်တော်မြတ်ကြီးတစ်ဆူကို တိဘက်သို့ ပင့်ဆောင်တော်မူကြတယ်။

ရုပ်ရှင်တော်မြတ်အကြီးဆုံးဖြစ်တဲ့ "မဟာသွံ့တိက္ခ" ရုပ်ရှင်တော်မြတ်ဟာ ယခုတိုင် တိဘက်ပြည်၊ လာဆာမြို့တော်ရဲ့ အနောက်မြောက်ထောင့်အရပ်မှာ ရွှေပြားအစစ်တွေနဲ့ မိုးထားတဲ့ ရွှေကျောင်းတော်ကြီးမှာ သီတင်းသုံးတော်မူလျက်ရှိပါတယ်။

ကျန်ရုပ်ရှင်တော်မြတ် သုံးဆူကိုတော့ မြပဟ္မာနဆရာကြီးထံမှ မဟာလေးကျွန်း ဒိဗ္ဗအတုလ ဆရာတော်ကြီး ရရှိခဲ့ပြီး မြန်မာနိုင်ငံကို ပင့်ဆောင်ပူဇော်ခဲ့ရာ "မဟာသွံ့သသာရ" ရုပ်ရှင်တော်မြတ်ကြီးတစ်ဆူကို အင်းစိန်မြို့ ဘိုကုန်းရပ်၊ ဇေယျာသိဒ္ဓိကျောင်းမှာ ပူဇော်လျက်ရှိပါတယ်။

မဟာလေးကျွန်း၊ ဒိဗ္ဗအတုလဆရာတော်ကြီးဟာ ပြည်မြို့ ရွှေပြည်ပတ်ကျိုင် ဓမ္မရိပ်သာတောရကျောင်း၊ ပြည်မြို့ ရွှေဟသာအရှေ့ပေါက်၊ ရတနာမာန်အောင်တွက်သစ်မှာ မဟာသွံ့သသာရရုပ်ရှင်တော်မြတ်ရဲ့ နောင်တော်၊ ညီတော် နှစ်ဆူဖြစ်တော်မူသော မဟာသွံ့သံဘဝနဲ့ မဟာသွံ့ခ ရုပ်ရှင်တော်မြတ်နှစ်ဆူကို ပူဇော်ကာ သီတင်းသုံးတော်မူလျက် ရှိပါတယ်။

ဒါကြောင့် ရုပ်ရှင်တော်မြတ်ကြီးတို့ကို ဆည်းကပ်ကိုးကွယ်ခြင်းပြုကြကုန်သော သာသနာ့ဒါယကာ၊ ဒါယိကာမ အပေါင်းတို့မှာ လောကီ၊ လောကုတ္တရာများ အဟုတ်တိုးပွားကာ အကျိုးများမည်ဖြစ်ကြောင်း လေးနက်စွာ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ် သူတော်ကောင်းအပေါင်းတို့။

မဟာသွံ့သံဘဝနဲ့ မဟာသွံ့ခ ရုပ်ရှင်တော်မြတ်များ ဒေသစာရီကြွချီတော်မူရာမှာ ပင့်ဆောင်သူ ဥပသကာ၊ ဥပသကာမများ အဆင်ပြေချောမွေ့စေရန်အတွက် အောက်ပါအချက်များကို လိုက်နာရန် မေတ္တာရပ်ခံအပ်ပါသည်။

**ပင့်ဆောင်စဉ်...**

၁။ နံနက် ၉ နာရီ မင်္ဂလာအချိန်မှာ ဘုရားကို ပင့်ဆောင်ရန်။

၂။ သာသနာပွဲ ငါးပွဲ၊ မီးပွဲ ငါးပွဲ၊ တံခွန်ကုက္ကား တစ်စုံ၊ ပန်းကိုးမျိုးပါ ပန်းအိုးတစ်အိုးကို ဘုရားပင့်ဆောင်ရာမှာ တစ်ပါတည်း ယူဆောင်လာရန်။

၃။ မိမိအစီအစဉ်ဖြင့် ဘုရားရှင်တော်မြတ်ကို ပင့်ဆောင်ရန်၊ ရွှေမိုးငွေမိုးရွာရန်၊ ဝတ္ထုငွေနှင့် ပေါက်ပေါက်ပါ ငွေဖလားတစ်လုံး ယူဆောင်လာရန်။

၄။ ဘုရားပင့်ဆောင်ရာမှာ ကားပေါ်တွင် အမျိုးသားများသာ လိုက်ပါရန်။

၅။ ဘုရားအား ထိခိုက်မှုမရှိစေရန် အထူးဂရုပြုပင့်ဆောင်ရန်။

**သီတင်းသုံးစဉ်...**

၁။ သစ်သီး ကိုးမျိုး၊ သောက်တော်ရေ ကိုးခွက်၊ ဆီမီးကိုးတိုင်၊ အမွှေးတိုင် ကိုးတိုင်၊ တစ်တောင်ခန့် ကြံလေးပိုင်းကို တစ်ဆယ်ကျပ်တန် လေးရွက်၊ တစ်ကျပ်တန် လေးရွက် ပူဇော်ကပ်လှူရန်။

၂။ ဘုရားဆင်းတုတော်များပေါ်မှာ ပန်းနှင့် အခြားပစ္စည်းများ ကပ်လှူပူဇော်ခြင်း မပြုရန်။

၃။ ရေမွှေး၊ နံ့သာရည်များဖြင့် ဘုရားအား တိုက်ရိုက်ပက်ဖျန်းပူဇော်ခြင်း မပြုရန်။

၄။ ရွှေသင်္ကန်းကပ်လှူလိုပါက ဂေါပကအဖွဲ့နဲ့ ညှိနှိုင်းဆောင်ရွက်ရန်။

စံရိပ်ငြိမ် မောင်တင်ချို



www.burmeseclassic.com

www.burmeseclassic.com

# ကျွန်တော်တို့နှင့် ဆွေဘုရား၊ မျိုးဘုရား
# မဟာသံ့သာရ ရုပ်ရှင်တော်မြတ်ကြီး



မဟာသံ့သာရ ရုပ်ရှင်တော်မြတ်ကြီး

ယခုရက်အတွင်း ကျန်းမာရေးမကောင်းလှ၍ မန္တလေးနှင့် ရန်ကုန်သို့ စုန်ဆန်ပြီး ရောဂါပျောက်ရာပုံတော်ဖွင့်ခဲ့ရပါသည်။ သက်သာမှု၍ အိမ်(ကြို့ပင်ကောက်)၌ အနားယူနေစဉ် စာပေသမားဖြစ်ရသည့် မိမိအတွက် အာဟာရလိုအပ်သော အလှူရှင်သုံးဦးတို့က စာအုပ်တစ်အုပ်စီ ပို့လိုက်ရာ တစ်နေ့တည်း တိုက်တိုက်ဆိုင်ဆိုင် ရောက်ရှိလာပါသည်။ ထိုနေ့အတွက် အာဟာရဖြစ်သွားရပါတော့သည်။

မန္တလေးမြို့နေ မိမိအောက် ညီဖြစ်သူက မန္တလေးမြို့ အသောကာရာမတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဦးဝိစိတ္တသီရိ ရေးသားစီရင်တော်မူခဲ့သည့် ရင့်မာတစ်ကျိပ် (သောတပ္ပမာလီနီကျမ်း)နှင့် ဗုဒ္ဓနုဿတိကမ္မဋ္ဌာန်းပွားများနည်း စာအုပ်၊ ဇီးကုန်းမှ ဆန်စက်ပိုင်ရှင် ဦးခင်မောင်ဝင်းမှ အမရပူရမြို့ မဟာဂန္ဓာရုံဆရာတော်ကြီး အရှင်ဇနကာဘိဝံသ ရေးသားစီရင်ခဲ့သည့် (တရားသုံးဖြာခုံးမစာ) စာအုပ်နှင့် ညီအငယ်ဆုံး ကိုသက်(ဇီးကုန်း)မှ ၂၀၀၉ ဇူလိုင်လထုတ် (ရောင်ပြန်မဂ္ဂဇင်း) တို့ ဖြစ်ပါသည်။

ရောင်ပြန်မဂ္ဂဇင်း၏ နောက်ကျော အတွင်းဘက်သို့ လှန်လိုက်ရာ အယ်ဒီတာချုပ် ဆရာဦးမောင်မောင်မြင့်အေးနှင့် ဇနီး ဆရာမဒေါ်စောယုနွယ်တို့၏ စုံတွဲဓာတ်ပုံကို မမျှော်လင့်ဘဲ မြင်လိုက်ရ၍ အတော်ကို ဝမ်းသာသွားခဲ့ရပါသည်။ ဆရာတို့ ဇနီးမောင်နှံနှစ်ဦးမှာ မိမိနှင့်ရင်းနှီးသောမိတ်ဆွေများ ဖြစ်ခဲ့ကြပါသည်။

၁၉၉၆ ခုနှစ်၊ ဆရာမင်းသိခ်နှင့် သူတို့ဇနီးမောင်နှံနှစ်ဦးတို့ မိမိအိမ် ရောက်ရှိလာခဲ့ကြပြီး ညစာကို လက်ဆုံ

**ဇီးကုန်း ခင်မောင်သိန်း**



www.burmeseclassic.com

www.burmeseclassic.com

စားခွင့် ကြုံခဲ့ကြရပါသည်။ ယခု မတွေ့ရတာ အတော်ကြာခဲ့ရသလို မိတ်ဆွေကြီး ဆရာမင်းသိခ်ိ မရှိခဲ့သော်လည်း ဆရာတို့ဇနီးမောင်နှံတို့၏ စုံတွဲဓာတ်ပုံကို မြင်ခွင့်ရရှိသဖြင့် မိတ်ဆွေဟောင်း သုံးဦးစလုံးကို အလွမ်းပြေခွင့် ခံစားလိုက်ရပါသည်။

ယခုလထုတ် ရောင်ပြန်မဂ္ဂဇင်းကို စာရေးဆရာ အင်အား ၁၀၀ လောက်က ဝိုင်းဝန်းရေးသားပေးကြပြီး၊ စာမျက်နှာ ၄၀၀ လောက်ရှိ မဂ္ဂဇင်းကြီးမှာ ထုနှင့်ထည်နှင့် ဖတ်လိုက်ရသည်မှာ အင်အားရှိလှပါတော့သည်။ မဂ္ဂဇင်းကို လှန်လိုက်စဉ်မှာပင် အဖွင့်စာမျက်နှာ၌ “မဟာသွံ့သသာရ ရုပ်ရှင်တော်မြတ်” ဟူသော ဆင်းတုတော်ဓာတ်ပုံကို ဖူးတွေ့လိုက်ရပါတော့သည်။

ဤပုံတော်ကို ဖူးလိုက်ရသည်နှင့် မိမိမှာ သံလိုက်ဓာတ် အလိုက်ခံလိုက်ရသည့်နှယ် ထူးခြားသော ခံစားမှုကြီး တစ်ခုကို ခံစားလိုက်ရသလို၊ မိမိနှင့် အကြောင်းရှိပါသည်။ အကြောင်းမှာ ဤဆင်းတုကိုယ်တော်မြတ်ကြီးသည် မိမိတို့၏ ဆွေဘုရား မျိုးဘုရားဟုပင် ပြောလိုက်ရပါမှ မှားအံ့မထင်မိပါ။

အကြောင်းကတော့ ဒီလိုပါ။

ကျွန်တော်တို့ဇာတိက သာယာဝတီခရိုင်၊ ဇီးကုန်းမြို့အနောက် ကိုးမိုင်ကွာ လေးမျက်နှာရွာကြီး။ ကျောင်းထိုင်ဆရာတော်မှာ အထက်တန်းကျောင်း ဆရာတော်ဟု လူသိများသည့် ဆရာတော်ကြီး ဦးကောသလ္လပါ။ လွန်ခဲ့သည့် နှစ်ပေါင်း ၆၀ ခန့်က မိမိ၏ ဦးလေးအငယ် ဦးဘိုကျစ် (အင်ဂျင်နီယာချုပ်-ငြိမ်း)မှာ မန္တလေးမြို့၌ လျှပ်စစ်ခရိုင် အင်ဂျင်နီယာတာဝန် ထမ်းဆောင်နေချိန်။ သူ့ထက်အကြီး ဦးလေးဦးချစ်မောင်က မန္တလေး ဆရာအတတ်သင်၌ သင်ကြားနေချိန်။ ဆရာတော်ကြီးအား တပည့်များက မန္တလေးသို့ ဘုရားဖူးကြွရောက်ပါရန် ပင့်လျှောက်ချက်အရ ဆရာတော်ကြီးသည် ကျောင်းဆရာကြီး ဦးချစ်စိန်နှင့် ကြွရောက်ခဲ့ကြသည်။



ပဲခူးတိုင်း၊ ဇီးကုန်းမြို့၊ လေးမျက်နှာကျေးရွာ၊ ရွာမကျောင်းဆရာတော်ကြီး ဘဒ္ဒန္တကောသလ္လ

ရောက်ရှိစဉ်တွင် မန္တလေးမြို့ မြသိန်းတန်ဆရာတော်ကြီး၏ ရှေးဟောင်းဘုရားများထားရှိရာ ဂန္ဓကုဋီတိုက်သို့ ဦးလေးငယ်နှင့်- သွားရောက်ဖူးမြော်ခဲ့ကြရာ ဆင်ကိုးကောင်ခံသော မဟာသွံ့သသာရဆင်းတုတော်အား မိမိတို့ဆရာတော်မှ ဖူးမြော်လိုက်ရာ အထူးကြည်ညိုစိတ်များ ပွားများလာ၍ ကိုးကွယ်ခွင့်ပြုရန် မြသိန်းတန်ဆရာတော်ကြီးထံသို့ ခွင့်ပန်ခဲ့သည်။ ဆရာတော်ကြီးမှလည်း သာသနာပြုရန်ဖြစ်၍ မငြင်းရာတဲ့ စေတနာထူးကဲစွာဖြင့် စွန့်လှူခဲ့သည်။

မဟာသွံ့သသာရ ကိုယ်တော်မြတ်ကြီး ဇီးကုန်းမြို့သို့ စာပို့ရထားဖြင့် ကြွချီပါခဲ့ပြီး ကျေးရွာမှ ဒကာ၊ ဒကာမအပေါင်းတို့မှ မြို့သို့လာပြီး ခြိမ့်ခြိမ့်သဲမျှ ပင့်ဆောင်ခဲ့ကြသည်။

မဟာသွံ့သသာရ ကိုယ်တော်မြတ်ကြီး လေးမျက်နှာရွာမကျောင်း၌ ၁၉၅၇ ခုနှစ်မှစ၍ သီတင်းသုံးခဲ့ပြီး ၁၄ နှစ်အကွာ၌ ရန်ကုန်မြို့ အင်းစိန်၊ ဘိုကုန်းရပ်ရှိ ဇေယျာသိဒ္ဓိကျောင်းတိုက်ရှိ ဆရာတော် ဦးဒိဗ္ဗသည် ဤဆင်းတုတော်မြတ်ဘုရားအား နှစ်ပေါင်းများစွာလိုက်လံရှာဖွေနေရာ နောက်ဆုံး၌ မိမိတို့ရွာသို့ ကြွရောက်လာသည်။ နည်းမျိုးစုံ ချဉ်းကပ်၍ ပူဇော်လိုကြောင်း လျှောက်ထားခဲ့ရာ မိမိတို့ ဆရာတော်ကြီးမှာ လှူမှုရေး ကြည်ဝပြီး



www.burmeseclassic.com

www.burmeseclassic.com



**လေးမျက်နှာ ဆရာတော်ဘုရားကြီး ဦးကောသလ္လသည် မဟာသံ့သာရ ရုပ်ရှင်တော်မြတ်ကြီးအား ကျောင်းတိုက်၏ ကျက်သရေဘုရားခန်း၌ တစ်နေ့လျှင် နှစ်ကြိမ်မျှ ဤကဲ့သို့ အချိန်မှန်စွာ ဝတ်ပြုခဲ့စဉ်**

ညီသည့်အလှူခံပုဂ္ဂိုလ်ဖြစ်စေ ပေးကမ်းစွန့်ကြဲလိုက်ရမှ ကျေနပ်သဗ္ဗါအား ကောင်းလွန်းလှသည့် ပုဂ္ဂိုလ်ဖြစ်ရာ မိမိအသေထက် နယ်မြေကျယ်ဝန်းသည့် မြို့ဖြစ်နေ၍ ပိုမို သာသနာပြုနိုင်သောက်သည်ဟု မျှော်မှန်းမိပြီး ပူဇော်ခွင့်ပြုလိုက်တော်မူခဲ့သည်။ အင်းစိန်ဆရာတော်ထံမှ ဆင်ခြောက်ကောင်ခံသော ဆင်းတုတော်တစ်ဆူကို ပြန်လည်ပူဇော်သွားခဲ့ရာ ယခုတိုင် သီတင်းသုံးဆဲရှိပါသည်။ (မူရင်းမှာ ဆင်ကိုးကောင်၊ အစေးတိုမှာ ခြောက်ကောင်ဖြစ်ပါသည်။)

ဤမဟာသံ့သာရ ရုပ်ရှင်တော်မြတ်ကြီးသည် ၁၉၇၁ ခုနှစ်မှစ၍ အင်းစိန် ဇေယျာသိဒ္ဓိကျောင်းတိုက်၌ သီတင်းသုံးတော်မူခဲ့ရာ တန်ခိုးတော်ကြီးလှန်းတော်မူလှ၍ မြန်မာတစ်ပြည်လုံးသို့ အနှံ့ပျံ့ခံထွက်တော်မူရာ ကား၊ ရထား၊ သင်္ဘောလမ်းပင်မက ရုပ်ဝေးခရီးများသို့ လေယာဉ်ဖြင့် ပင့်ဆောင်ခြင်းခံခဲ့ရသည်အထိ ဘုန်းသမ္ဘာကြီးမားခဲ့ရပါတော့သည်။

၁၉၈၀ သာသနာသန့်ရှင်းရေးစီမံချက်တွင် ဤဇေယျာသိဒ္ဓိဆရာတော်မှာ အကြောင်းအမျိုးမျိုးသော အကြောင်းများကြောင့် မြင့်မြတ်သော ရဟန်းဘဝမှ လူဝတ်လဲကာ သူ့ဘဝ သူ့သမိုင်းကို သူဆန္ဒအလျောက် နှစ်မြုပ်ပျောက်ကွယ်သွားတော့ရာ ကံအားလျော်စွာ မဟာသံ့သာရဘုရားကြီးမှာ ကျောင်း၌ သီတင်းသုံး ကျန်ရစ်ခဲ့ရပါသည်။

ယခုအခါ ၎င်းကျောင်းတိုက်၌ပင် ဆက်လက်သီတင်းသုံးတော်မူလျက်ရှိပြီး မဟာသံ့သာရ ရုပ်ရှင်တော်မြတ်ကြီးနှင့် ကျောင်းတိုက်အား နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ ကြီးကြပ်မှုဖြင့် ဓမ္မာစရိယ(ဘီအက်စ်)နှင့် မဟာသဒ္ဓမ္မဇောတိကဘွဲ့တံဆိပ်တော်ရ ဆရာတော် ဦးကုမာရက ဆက်လက်ထိန်းသိမ်းစောင့်ရှောက်၍ ဒေသအသီးသီးသို့ ကြွချီပြီး တန်ခိုးတော်အမျိုးမျိုးပြသခြင်းနှင့် ခုနှစ်ရက်သားသမီးများမှအစ သတ္တဝါများကို ကယ်တင်စောင့်ရှောက် ချီးမြှောက်တော်မူလျက် ရှိနေတော်မူပါသည်။

နောက်ဆုံးအနေဖြင့် မဟာသံ့သာရ ရုပ်ရှင်တော်မြတ်ကြီးအား မိမိတို့၏ လေးမျက်နှာရွာ ဆရာတော်ကြီး ဦးကောသလ္လမှ မန္တလေးမြို့ မြသိန်းတန်ကျောင်းတိုက်မှ ၁၉၅၇ ခုနှစ်မှ ပင့်ဆောင်ခဲ့သည်ဖြစ်၍ ယနေ့အထိဆိုပါလျှင် နှစ်ပေါင်း ၅၇ နှစ်ပင် ရှိခဲ့ပါပြီ။ လေးမျက်နှာရွာမှ အင်းစိန်ဇေယျာသိဒ္ဓိဆရာတော် ဦးဒီပမှ ၁၉၇၁ ခုနှစ်တွင် ပင့်ဆောင်သွားခဲ့သည်မှာ နှစ်ပေါင်း ၃၈ နှစ် ရှိသွားခဲ့ပြီး မိမိတို့ရွာရှိ ဆရာတော်ကြီး ဦးကောသလ္လ၏ ကျောင်းဝယ် နှစ်ပေါင်း ၁၄ နှစ်မျှ သီတင်းသုံးစံပယ်သွားတော်မူခဲ့ပါသည်။ ဆရာတော်ကြီး ဦးကောသလ္လမှာ ၁၉၉၅ ခုနှစ်၊ သက်တော် ၉၀ ၌ ပျံလွန်တော်မူသွားခဲ့ရပါကြောင်း။ ဤသည်မှာ မဟာသံ့သာရ ရုပ်ရှင်တော်မြတ်ကြီး၏ သမိုင်းအကျဉ်းဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။


**ဓါးကုန်း-ခင်မောင်သိန်း**



www.burmeseclassic.com

www.burmeseclassic.com

# စက္ခုရောဂါ၊ ဝိနာသတုနှင့် ရွှေမျက်မှန်ဘုရား



တစ်နေ့သ၌ စာရေးဆရာ ကိုကိုလှ(ကမာမြေ)ဆိုသူသည် ညာဘက်မျက်လုံးခွဲရန် မူဆလင်ဆေးရုံ(ဘားလမ်း)တွင် ဆေးရုံတက်နေကြောင်း ဆရာကိုရွှေတောသားက ပြောလေ၏။ ထို့ကြောင့် ကိုကိုလှ မျက်လုံးခွဲစိတ်ကုသနေသော ဆေးရုံသို့ သွားရလေ၏။

ဆေးရုံသို့သွားသည့်အခါ အောက်ပါ ဂါထာတစ်ပုဒ်ကိုလည်း မှတ်စုစာအုပ်ထဲမှ ကူးယူ၍ ကိုကိုလှအား ပေးရမည်ဖြစ်လေ၏။

**"ဓက္ခုအက္ခိစ သူရိယော၊ ဝါမ အက္ခိစ စန္ဒိမာ၊**
**ဗုဒ္ဓ စက္ခုနီ ဓာတုယော၊ အယံ စက္ခုမိ သဗ္ဗဒါ၊**
**စက္ခုရောဂါ၊ ဝိနာသတု"**

ဟူ၍ ဖြစ်လေ၏။

ထိုဂါထာကို ဆရာအစ်ကိုဦးသန့်(လာဘ်မိုးစွေ)မှ မျက်လုံးနှင့်ပတ်သက်လျှင် လွန်စွာမှထက်မြက်သော ဂါထာဖြစ်ကြောင်း ယုံကြည်လျှင် နေ့စဉ်ရွတ်နိုင်ကြောင်းပြောသဖြင့် ကျွန်ုပ်လည်း ရွတ်မိ၏။

ထို့ကြောင့် ကိုကိုလှအတွက် ထိုဂါထာကိုလည်း ဆေးရုံရောက်သည်နှင့် ပေးလိုက်ရလေ၏။

လူတွင် မျက်လုံးသည် လွန်စွာမှ အရေးကြီးလေ၏။ မျက်လုံးနှင့်ပတ်သက်ပြီး ဆေးမြီးတိုများစွာလည်း ရှိ၏။

## မျက်စိရောဂါနှင့် ပတ်သက်ပြီး

၁။ တမာရွက်ရည်ကို ညှစ်၍ မျက်စိတွင်ခပ်ပေးပါက မျက်စိယားယံခြင်း၊ မျက်စိပူခြင်း၊ မျက်ရည်ပူကျခြင်းတို့ကို ပျောက်ကင်းစေသည်။

၂။ ဆီးဖြူသီးအစေ့တို့ကို ထုထောင်းပြီး ရေနွေးနှင့်ပြုတ်၊ အအေးခံပြီးလျှင် မျက်စိကို မကြာခဏ ဆေးကြောပေးပါ။

၃။ မျက်စိနာလျှင် အာလူး (သို့မဟုတ်) သခွားသီးကို ပါးပါးလှီးပြီး မျက်စိတွင်ကပ်ပေးပါ။

၄။ မျက်စိမှုန်လျှင် ခရမ်းချဉ်သီးအရည်ကို သောက်ပေးပါက မျက်စိအမြင်အားနည်းခြင်း၊ ကြက်မျက်သင့်ခြင်းတို့ကို ပျောက်ကင်းစေသည်။

၅။ မျက်စိတိမ်စွဲနေပါက သကြားခဲမှုန့် ၁၂ ပဲသားကို ဖြူကြီးအစေးတွင် စိမ်ထားပြီးနောက် အခြောက်လှန်း လေးညှင်း ၆ ပွင့်နှင့်ရော၍ အမှုန့်ပြုလုပ်၊ ထိုအမှုန့်ကို မကြာခဏရျုပေးပါက မျက်စိတိမ်စွဲကျခြင်းမှ ပျောက်ကင်းစေသည်။

၆။ မျက်စိကြည်လင်စေရန် ခြေကို ဆီလိမ်းနယ်ပေးခြင်းသည် မြတ်စွာဘုရားရှင်လက်ထက်တော်ကပင် အသုံးပြုခဲ့သည့် ရှေးဟောင်းဆေးနည်းပင် ဖြစ်လေ၏။

မျက်စိဝေဒနာနှင့် ပတ်သက်လာပါက အထက်ကဖော်ပြပေးသော ဂါထာကို ရွတ်ဖတ်ပြီးလျှင် ရွှေတောင်မြို့တွင် တည်ထားကိုးကွယ်ထားသည့် "ရွှေမျက်မှန်ဘုရား"အား ရည်မှန်း၍ ကန်တော့ဆုတောင်းကာ ရွတ်ဖတ်ပါက မျက်စိ၊ မျက်လုံးဝေဒနာများ ပျောက်ကင်းစေကြောင်း ရာဖွေစုဆောင်းတင်ပြလိုက်ရလေတော့သတည်း။

**ဒေါ်အုန်းကြည်သား**



www.burmeseclassic.com

www.burmeseclassic.com

# ရွှေတောင်မြို့မှ

## ဆုတောင်းပြည့် ရွှေမျက်မှန်ဘုရားကြီး၏ ရွှေမျက်မှန်သမိုင်းနှင့် စက္ကူအလင်းဂါထာ

မြမဥ္ဇူဝေ(ကျုံမငေး)

ပဲခူးတိုင်းအတွင်း ဘုရားဖူးခရီးများ အခါခါသွား ဖြစ်ခဲ့သော်လည်း ခရီးလမ်းသင့်သော ဘုရားကြီးတစ်ဆူကို ယခုနှစ်ပြည်မြို့သို့အသွားတွင် မဖြစ်မနေဝင်ရန် အကြောင်းရှိသောကြောင့် ဝင်ဖြစ်ခဲ့ပါသည်။ ဤသို့ပင် လွန်ခဲ့သော နှစ်နှစ်ခန့်ကလည်း မဖြစ်မနေဝင် ရောက် ဖူးခဲ့ရပါသည်။

ထိုဘုရားကြီးမှာ "ဆုတောင်းပြည့် ရွှေမျက်မှန်ဘုရားကြီး"ပင် ဖြစ်ပါသည်။ ပဲခူးတိုင်း၏ အနောက်ပိုင်း ရွှေတောင်မြို့တွင် ကိန်းဝပ်စံပယ်တော်မူနေသော ဘုရားကြီးဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် ရွှေမျက်မှန် တပ်ဆင်ပူဇော်ထားသော ရုပ်ပွားဆင်းတုသည် ဤရွှေမျက်မှန်ဘုရားကြီးတစ်ဆူသာ ဖြစ်ပါသည်။

လွန်ခဲ့သော နှစ်နှစ်ခန့်အချိန် ၂. ၃. ၂၀၁၃ ခုနှစ်တွင် စာရေးသူတို့ မွေးရပ်မြေမှ အစ်မဝမ်းကွဲသည် ရွှေတောင်မြို့မှ ရွှေမျက်မှန်ဘုရားကြီးတွင် ရွှေစင်ရွှေပြားကပ်လှူ၍ သားသမီးအတွက် ဆုတောင်းပြုရန်ဖြစ်သောအကြောင်းဖြင့် သွားခဲ့ရခြင်းဖြစ်ပါသည်။ အစ်မထံတွင် ရွှေမျက်မှန်ဘုရားတွင် အောင်ဆုယူရန် အောင်ဂါထာလည်းပါလာပြီးဖြစ်၍ ဆုတောင်းပြည့်သော ရွှေမျက်မှန်ဘုရားကြီးတွင် တစ်နေ့တာ အဓိဋ္ဌာန်ဝင်ခဲ့ကြပါသည်။

ခရီးအပြန်တွင် ရန်ကုန်ပြန်ရောက်သည်နှင့် ဤအဓိဋ္ဌာန်ကပြည့်ဝခဲ့ရပြီမို့ အစ်မဖြစ်သူအဖို့ အတော်ရွှင်



ဆုတောင်းပြည့် ရွှေမျက်မှန်ဘုရားကြီး



www.burmeseclassic.com

www.burmeseclassic.com


ဘုရားကြီးသာသနိကနယ်မြေမှ မြင်ကွင်းများ

မြူးသော အပြုံးများနှင့် ဌာနေသို့ပြန်သွားပါသည်။ ကျွန်မလည်း ရွှေအမိဌာန် ဂါထာလေးကိုကူးယူရင်း ရွှေမျက်မှန်ဘုရားကြီးကို ရည်မှန်း၍ အမိဌာန်ပြုမည်ဟု အတွေးဝင်ခဲ့သော်လည်း ရေးရန်ရှိသည့် စာတွေကများနေ၍ ရွတ်ရုံမျှသာ ပြုနိုင်ခဲ့ပါသည်။ စိတ်အကြံက မတည်လေသလို၊ အမိဌာန်လည်း မပြီးသည့်အတွက် ရွတ်ရုံမျှသာဟု ဆိုချင်ပါသည်။

ယခုနှစ်ဆန်းပိုင်းမှာ တစ်ခါကြုံရပြန်ပါပြီ။ ဒီတစ်ခါက အေးအေးဆေးဆေးမို့ ဘုရားကြီးရှေ့တော်သို့မရောက်မီ ဘုရားတည်သမိုင်းနှင့် ထူးထူးခြားခြား ရွှေမျက်မှန်ကြီးတပ်ခဲ့ရပုံကို လေ့လာရပါပြီ။ ပျူခေတ်၏ဥသျှောင် ဒွတ္တဘောင်မင်းကြီးနှင့် ဗိသနိုးမိဖုရားကြီး စန္ဒာဒေဝီတို့သည် ဘီစီ ၅ ရာစုအတွင်း၌ ရွှေတောင်မြို့အနောက်တောင်ကျကျအရပ်ရှိ ရွှေနတ်တောင်စေတီတော်မြတ်ကို ထပ်မံပြုပြင်ပူဇော်ပြီး အပြန်ခရီးတွင်‘တည်ကုန်း’ဟုခေါ်သသော အရပ်တွင် တည်းခိုနားနေစဉ် ညဥ့်အခါ ဗိသနိုးမိဖုရားကြီးသည် အိပ်မက်တစ်ခုကို မြင်မက်ခဲ့၏။ ထိုအိပ်မက်မှာ မိမိတည်းခိုနေသောနေရာ၏ အနောက်မြောက်ယွန်းယွန်း အရပ်တစ်နေရာ၌ ဗုဒ္ဓရုပ်ပွားတော်တစ်ဆူကို ဖူးမြော်ရကြောင်း ထူးခြားစွာ မြင်မက်ခဲ့သည်ကို နံနက်မိုးသောက်သောအခါ မင်းကြီးထံ အကြောင်းစုံစွာလျှောက်ထားရာ မင်းကြီးကလည်း


ရွှေမျက်မှန်ဘုရားကြီး ကိန်းဝပ်နေသော
ဂန္ဓကုဋိတန်ဆောင်း

မိဖုရား၊ မှူးမတ်၊ ပရိသတ်တို့နှင့် ထိုနေရာသို့သွားရောက်ရှာဖွေခဲ့ပါသည်။

ဤသို့ဖြင့် ယနေ့ဘုရားကြီးတည်ရာ ယခင် ‘ဖျောက်ဆိပ်ကုန်း’ ယခု ‘သိမ်ကုန်း’သို့ ရောက်သောအခါ ဘုရားရောင်ခြည်တော်ကဲ့သို့ အရောင်မျိုးစုံ လင်းလက်ဖြာ၍ ထွက်ပေါ်လာသည်ကို အားလုံးသော သူအပေါင်းမှ တွေ့လိုက်ကြ၏။ ထိုအခါမိမိတို့ဘုရားတည်ပြီး ကုသိုလ်ပြုရန် နတ်မြတ်နတ်ကောင်းက ပြသခြင်းဖြစ်မည်ဟု ယုံကြည်ခဲ့ပြီး ရုပ်ပွားတော်မြတ်ကြီးကို မဟာသက္ကရာဇ် ၂၅၀ ခုနှစ်တွင် တည်ခဲ့ကြပါသည်။ ထိုစဉ်အခါက မျက်မှန်တပ်ဆင်ထားခြင်းမရှိဘဲ ထိုင်တော်မူဟန်သာ ဖြစ်၏။

ဘုရားတည်ပြီး မကြာခင်အချိန် ဒွတ္တဘောင်မင်းကြီး၏ မျက်စိနှစ်ကွင်းသည် အလင်းရောင်ကွယ်ခဲ့သောကြောင့် ပညာရှိမှူးမတ်များအား ဗေဒင်ကိန်းခန်းများ တွက်၍ကြည့်စေသောအခါ မင်းကြီးတည်ထားကိုး



www.burmeseclassic.com

www.burmeseclassic.com

ကွယ်ခဲ့သော ရုပ်ပွားတော်မြတ်ကြီး၌ မျက်လုံးတော်နှင့် လိုက်ဖက်ညီသော မျက်လုံးတော်ပုံဟန်သဏ္ဌာန်နှင့်အညီ မှန်တစ်စုံကို ဆက်ကပ်လှူဒါန်းပါက နတ်မျက်စိအလင်းရောင် ပြန်လည်ရရှိနိုင်မည်ဖြစ်ကြောင်း လျှောက်ထားမှုကို အကြောင်းပြု၍ ယုံကြည်မှုသဒ္ဓါဖြင့် မင်းကြီးက ဆက်ကပ်လှူဒါန်းခဲ့ရာ မျက်စိအလင်းပြန်လည်ရရှိခဲ့၏။

မြန်မာသက္ကရာဇ် ၁၂၂၇ ခုနှစ်တွင် ရွှေတောင်မြို့စားကြီး ဇေယျနန္ဒမိတ်က ရုပ်ပွားတော်ကြီးကို ပြန်လည်ပြုပြင်ပြီး ဒွတ္တဘောင်မင်းကြီး လှူဒါန်းခဲ့သော မှန်တစ်စုံကိုခြုံငုံလျက် ရွှေသားအတိရှိသော မျက်မှန်တော်ကြီးအဖြစ် ပြုပြင်မွမ်းမံ တပ်ဆင်ပူဇော်လှူဒါန်းခဲ့ပါသည်။ ထိုအချိန်မှစ၍ 'ရွှေမျက်မှန်' ဘုရားကြီးဟု ဘွဲ့တော်ထင်ရှားခဲ့ပါသည်။


မြန်မာသက္ကရာဇ် ၁၂၄၇ ခုနှစ်တွင် မင်းမဲ့ဖြစ်ခဲ့ရသော သီပေါမင်းပါတော်မူပြီးစတွင် ရွှေမျက်မှန်တော်ကြီး အခိုးခံခဲ့ရသဖြင့် ရွှေတောင်မြို့ဝန်ထောက်ကြီးဦးမဲက ဒုတိယမျက်မှန်တော်ကြီးကို ထပ်မံလှူဒါန်းခဲ့ပါသည်။ ခေတ်ကာလအခြေအနေ မကောင်းချိန်ဖြစ်၍ မျက်မှန်တော်ကြီး ထပ်မံအခိုးခံရမှာ စိုးရိမ်ကြသောကြောင့် ရုပ်ပွားတော်၏ နောက်ကျောဘက်ရှိ စေတီ၌ဌာပနာ၍ သိမ်းဆည်းပူဇော်ကိုးကွယ်ခဲ့ပါသည်။ ထို့ကြောင့် ဒုတိယမျက်မှန်တော်နှင့်လည်း ရုပ်ပွားတော်ကြီးမှာ ကင်းကွာခဲ့ရပါသည်။

ထို့နောက် တတိယမျက်မှန်တော်ကြီးကို ရွှေတောင်မြို့နယ် ဒုဝန်ထောက် မစ္စတာဟတ်တန်နှင့် ဇနီးတို့က တပ်ဆင်လှူဒါန်းခဲ့ပါသည်။ နယ်ပိုင်ဝန်ထောက်ကြီးသည် ဇနီးသည်၏ မျက်စိဝေဒနာ ခံစားနေရခြင်းဖြစ်သဖြင့် လောကီပညာများ တတ်ကျွမ်းသော ရွှေမျက်မှန်ကျောင်းမှ ဘုန်းတော်ကြီးဦးမောင်ဘိုထံ ဆည်းကပ်၍ အကူအညီတောင်းခံရာ ဘုန်းတော်ကြီးက မြတ်စွာဘုရားထံ မျက်မှန်ကပ်လှူခြင်းဖြင့် မျက်စိဝေဒနာပျောက်ကင်းမှာဖြစ်ကြောင်း မိန့်ကြား၍ ကုစားပေးခဲ့ပါသည်။

ဝန်ထောက်မင်း၏ ဇနီးကလည်း မျက်မှန်တော် အသေးတစ်လက်ကို အဓိဋ္ဌာန်ပြု၍ ရုပ်ပွားတော်၏ လက်တော်ပေါ်၌ တင်လှူပြီးသောအခါ မျက်စိဝေဒနာမှာ လုံးဝပျောက်ကင်းခဲ့လေသည်။ ထို့နောက် အလေးချိန် ခြောက်ပိဿာခန့်ရှိသော မျက်မှန်တော်ကြီးပြုလုပ်ပြီး ရုပ်ပွားတော်တွင် တပ်ဆင်လှူဒါန်းခဲ့ပါသည်။

ထို့နောက် ရွှေတောင်မြို့ သရက်တောလမ်းမှ ဒေါ်လယ်မိသားစုမှ ထပ်မံပြုပြင်လှူဒါန်းခဲ့ပြီး မြန်မာသက္ကရာဇ် ၁၃၆၂ ခုနှစ်တွင် ရန်ကုန်မြို့၊ ဦးဝိစာရလမ်းနေ ဦးလှဝင်း၊ ဒေါ်ကြည်ကြည်ဝင်းမိသားစုမှ ရွှေစင်ရွှေပြား ၃၉ ကျပ်သားကို မျက်မှန်တော်ကြီး၏ မူလပုံစံအတိုင်းရှိစေပြီး ဆက်ကပ်လှူဒါန်းခဲ့ပါသည်။

ဤသို့ဖြင့် ဘုရားကြီး၌တပ်ဆင်ထားသော မျက်မှန်တော်ကြီးကို မွမ်းမံပြုပြင်လိုသော် ကန်တော့ပွဲများဖြင့် ပူဇော်ပြီးလှူဒါန်းကြရမှာဖြစ်ပါသည်။ ယခုအခါ မျက်မှန်တော်ကြီးကို ချွတ်၍



ရွှေမျက်မှန်ဘုရားကြီး ကမ္ပည်းစာလွှာ



www.burmeseclassic.com

www.burmeseclassic.com

ပြုပြင်နိုင်ခြင်း မရှိသေးကြောင်းလည်း သိခဲ့ရပါသည်။

ရွှေမျက်မှန်ဘုရားကြီးတွင် ရှိသေသောစိတ်ထားဖြင့် အဓိဋ္ဌာန်ပွား တည်ဆောက်ကြမည်ဆိုသော် ကောင်းမှုကေန်ရနိုင်ကြပြီး တောင်းဆုပြုခြင်းများ ပြည့်စုံနိုင်သောကြောင့် ဆုတောင်းပြည့်ဟုလည်း ဂုဏ်တက်နေပါသည်။

မြန်မာသက္ကရာဇ် ၁၃၆၇ ခုနှစ်တွင် မျက်စိအလင်းကွယ်ပျောက်ခဲ့သူများ ဘုရားကြီး၏ရှေ့တော်မှောက်တွင် အောက်ပါဂါထာကို ရွတ်ပွားအဓိဋ္ဌာန်ပြုခဲ့ကြသဖြင့် မျက်စိများအလင်းပြန်ရခဲ့ဖူးကြောင်းသိခဲ့ရပါသည်။ ထိုဂါထာမှာ ...

**"ဒက္ခိဏက္ခိစ သူရိယော၊**
**ဝါမ အက္ခိစ စန္ဒိမာ၊**
**ဗုဒ္ဓ စက္ခုနိ ဓာတုယော၊**
**အယံ ဝန္ဒာမိ သဗ္ဗဒါ**
**တေန ပုည ကမ္မေန၊**
**စက္ခုရောဂါ ဝိနဿတု။"**

မြန်မာပြန်အနက်မှာ ...

လက်ယာဘက်မျက်စိတော်၌ နေမင်းသည် တည်၏။

လက်ဝဲဘက်မျက်စိတော်၌ လမင်းသည်တည်၏။

ဘုရားရှင်ကိုယ်တော်မြတ်၏ မျက်စိတော်၊ ဓာတ်တော်တို့ကို တပည့်တော်သည် နေ့ရှောညပါ အခါခပ်သိမ်း ရှိသေမြတ်နိုးစွာ ရှိခိုးပါ၏ အရှင်ဘုရား။ ဤကဲ့သို့ရှိခိုးရသော ကောင်းမှုကံစေတနာကြောင့် မျက်စိ၌ဖြစ်သော ရောဂါဝေဒနာသည် ကင်းစင်လွင့်ပျောက်ပါစေသတည်း။

အမှန်လက်တွေ့ ပျောက်ကင်းကြသူများ၏ ပြောစကားဖြင့် အပြေးအလွှားရောက်ခဲ့သော ကျွန်မသူငယ်ချင်း မျက်စိတွင်ရေတိမ်ဖြစ်နေပြီး၊ နှစ်ဖက်စလုံးအခြေအနေမကောင်း၊ ခွဲစိတ်ရမည်ဆိုပြီး ရောက်လာခဲ့ခြင်းဖြစ်ပါသည်။ သို့သော် ပြည်မြို့သို့လည်း တစ်ခါမှ မရောက်ဖူးသဖြင့် ဘုရားတွေ စုံအောင်ပို့ရင်း အသွားဝင် တစ်ညအိပ်၊ အပြန်ဝင် တစ်ညအိပ်ရင်း အေးအေးဆေးဆေး အဓိဋ္ဌာန်ကျကျ ပြည့်ပြည့်ဝဝ ဝပ်တွားပူဇော်ရွတ်ပွားပြီး အိမ်ပြန်ရောက်သောအခါ၌လည်း ခုနှစ်ရက်အဓိဋ္ဌာန်ဝင် သုံးခါပြည့်ပြီးနောက် သတင်းစကား ရောက်လာသည်က ဝါးခယ်မမြို့တွင် မျက်စိကုဆရာဝန်များအဖွဲ့လာ၍ သွားရောက်ပြသသောအခါ ရေတိမ်မဟုတ်ပါ။ မျက်မှန်တပ်လျှင်ရပါသည်ဟု အဖြေစကားကြောင့် ယခု မျက်မှန်နှင့် စာတွေဖတ်နေပါပြီဟု သိရပါသည်။

ရွှေအဓိဋ္ဌာန် အစ်မကြီးလည်း သားသမီးတွေ အလုပ်ကိုယ်စီရခဲ့ပြီး အေးချမ်းနေပါပြီ။ ရွှေဘုရားကြီး၊ ရွှေမျက်မှန်ဘုရားကြီးသို့လည်း သူ့တစ်ယောက်တည်းသွားသည်မှာ နှစ်ခါပင်ရှိပြီဖြစ်ကြောင်း ရွှေအဓိဋ္ဌာန်အစီအစဉ်ဖြင့် ကြည်ကြည်လင်လင် ဖြစ်နေသော အစ်မကြီးနှင့် ရွှေတောင်မြို့က ရွှေခရီးပေါက်နေပါပြီ။ သို့ပါ၍ ရွှေအဓိဋ္ဌာန်ကို နောက်ထပ်ရေးသားပါဦးမည်။ စာရေးသူ ကျွန်မလည်း ကိုယ်တွေ့ဖြစ်ရန် ရွှေတောင်မြို့သို့သွားရပါဦးမည်ဟု မျက်စိဝေဒနာအတွက် အသေအချာ အဓိဋ္ဌာန်ပြုနိုင်ကြပါစေသတည်း။

**မြမဥ္ဇူဝေ (ကျုံမငေး)**



**ရွှေမျက်မှန်ဘုရားကြီးမုခ်ဦးတွင် စာရေးသူအမှတ်တရ**

<u>**မှီငြမ်းမှု**</u>

**ရွှေတောင်မြို့ ရွှေမျက်မှန်ဘုရားကြီး ဥပသကာအဖွဲ့၏ လက်ကမ်းကြော်ငြာနှင့် ၂. ၃. ၂၀၀၃ နေ့ ခရီးစဉ်မှတ်တမ်း။**




www.burmeseclassic.com

www.burmeseclassic.com

# ဆကောသမာတုဝင် မဲလံဆံတော်ရှင်

ဓမ္မာရိရဆရာလှမျိုး(B.Sc)




လွန်ခဲ့သောနှစ်ကုန်ခါနီး အချိန်က စာရေးစသူ ကျိုက်မရောမြို့ ဆွမ်းလောင်းလှူပွဲသို့ ရောက်ရှိခဲ့သည်။ နောက်တစ်နေ့တွင် ဓမ္မမိတ်ဆွေများနှင့် ဖွဲကပင်တောင်၊ ကျောက်ကလပ်၊ သာမညဘက်သို့ လိုက်ပါသွားသည်။ ယခင်တစ်ခေါက်က ကျိုက္ခမီ၊ စက်စဲ၊ ဝင်းစိန်တောရသို့ ကျိုက်မရောဆရာတော် ကားနှင့်လိုက်ပို့ပေးသည်။ မွန်ပြည်နယ်ဘက်သည် လမ်းပန်းဆက်သွယ်ရေးကောင်း၍ သွားလာရေး အဆင်ပြေသည်။ အစားအသောက်လည်း ပေါသည်။

နောက်တစ်ရက် ရန်ကုန်အပြန်တွင် ဓမ္မမိတ်ဆွေ ဒေါ်ချိုချိုထွန်း မိသားစုမှ ရဟန္တာကျောက်ဖို သွားမယ်၊ လိုက်မလားဟု မေးသည်။ စာရေးသူလည်း မကြားဖူး၊ မရောက်ဖူး၍ လိုက်မည်ဟု ပြန်ပြောလိုက်သည်။ ဤသို့ဖြင့် မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်သို့ ခရီးထွက်ခဲ့ကြပါသည်။ လမ်းတွင် သထုံရွှေစာရံ၌ ဘုရားဖူးရင်း နားကြသည်။ ထိုမှခရီးဆက်ပြီး ဘီးလင်းမြို့နယ် မြောက်ဘက် ၁၄ မိုင်၊ ၅ ဖာလုံအကွာသို့ ကားမောင်းဝင်ရသည်။ ယခင်က လမ်းပန်းဆက်သွယ်ရေး မကောင်း၍



www.burmeseclassic.com

www.burmeseclassic.com





လူအသွားအလာ နည်းသည်။ ယခုတော့ ကိုယ်ပိုင်ကား၊ ဘုရားဖူးကားတွေနှင့် အသွားအလာများလာသည်။ လမ်းကျဉ်းသော်လည်း လမ်းမဆိုးပါ။ မဲလံဆံတော်ရှင် မရောက်မီနယ်ခြားစောင့်တပ် ဂိတ်ကို ဖြတ်သန်းရသည်။ မဲလံဆံတော်ရှင်သည် ဘီးလင်း–ဖာပွန်ကားလမ်း၊ ဘီးလင်းချောင်းအနောက်ကမ်း၌ မေးတင်လျက် ပေ ၈၆၀ အမြင့်ရှိ နာဂပဗ္ဗတ တောင်ထွတ်ဖျား၌ တည်ရှိသည်။ ဉာဏ်တော်မှာ ၂၈ တောင်မျှသာ ရှိသော်လည်း တစ်လုံးပေါ်တစ်လုံး ထပ်နေသော ကျောက်တုံးကြီးသုံးလုံးပေါ်၌ စေတီကို တည်ထားခြင်း၊ ထီးထီးမားမား မြင့်မားမတ်စောက်သော တောင်ထိပ်ဖျားတွင် ရှိနေခြင်းတို့ကြောင့် တောင်ခြေရင်းမှ မျှော်ကြည့်လျှင် စွင့်စွင့်ငွားငွား မြင့်မားနေပြီး တိမ်ယံအကြား၌ တည်ရှိနေဘိသို့ ထင်မှတ်ကြည်ညိုရပေသည်။

တောင်ခြေရောက်သောအခါ စားသောက်ဆိုင်တွေ တန်းစီဆောက်ထားတာတွေ့ရသည်။ စားသောက်ဆိုင်တစ်ဆိုင်ရှေ့တွင် ကားရပ်ပြီး နောက်ကားကို စောင့်ကြသည်။ ထမင်းအဝစား ၁၅၀၀ ကျပ်သာ ပေးရသည်။ တောင်ခြေ အလှူခံမဏ္ဍပ်ကလည်း ရေနွေးကြမ်းသောက်၊ ပဲကြော်စားပြီး နားကြရန် ဖိတ်ခေါ်သည်။ စေတနာသဒ္ဓါတရားအရ မိမိတတ်နိုင်သလောက် အလှူငွေ ထည့်သွားကြဖို့လည်း နှိုးဆော်တိုက်တွန်းနေသံ အဆက်မပြတ်ကြားရသည်။ တောင်တက်လမ်းကိုလည်း ပြုပြင်ထားသည်။ ကိုယ်ပိုင်ကားဖြင့် တက်၍မရပေ။ တောင်တက်ကားဖြင့်သာ အလှည့်ကျစောင့်ပြီး တက်ရသည်။ အသွားအပြန် ၁၀၀၀ ကျပ်သာပေးရသည်။ မဲလံဆံတော်ရှင်နယ်မြေ စည်ပင်တိုးတက်ရေးအတွက် သက်သတ်လွတ်ဘေးမဲ့ သာသနာပြုနေသော မြိုင်ကြီးငူဆရာတော်မှာလည်း ဂုဏ်သတင်းကျော်ကြားလျက်ရှိသည်။

မဲလံဆံတော်ရှင်နှင့် ရဟန္တာကျောက်ဖိမှာ ယှဉ်တွဲလူသိများလျက်ရှိသည်။ မဲလံဆံတော်ရှင်မှာ မြတ်စွာဘုရားရှင် ဆံတော်မြတ် ကိန်းဝပ်စံပယ်တော်မူရာ ဆံတော်ရှင်စေတီတစ်ဆူဖြစ်သည်။ ဘုရားရှင် သက်တော်ထင်ရှားရှိစဉ်ကပင် တည်ထားကိုးကွယ်ခဲ့သည်ဖြစ်၍ ယခုအခါ နှစ်ပေါင်း ၂၆၀၀ ကျော် သက်တမ်းရှိ ရှေးဟောင်းသမိုင်းဝင်

www.burmeseclassic.com






စေတီတော်တစ်ဆူဖြစ်သည်။

မဟာသက္ကရာဇ် ၁၁၁ ခု၊ ဗုဒ္ဓမြတ်စွာ သုဝဏ္ဏဘူမိသို့ ကြွရောက်ခဲ့စဉ်က တိဿကုမာရ၊ သီဟကုမာရ၊ ဗုဒ္ဓဉာဏ စသော ရသေ့များနှင့်အတူ ဘုရားရှင့် ဆံတော်ချီးမြှင့်ခံရသည့် မဲလံရသေ့ကြီးသည် မိမိရရှိခဲ့သော ဆံတော်မြတ်အား မိမိ၏ဆံကျစ်အကြား၌ အသက်ထက်ဆုံးထား၍ ကိုးကွယ်ခဲ့လေသည်။ မိမိနှင့်အတူ ဘုရားရှင်ဆံတော်ဓာတ်ရရှိခဲ့ကြသည့် တိဿ၊ သီဟ၊ ဗုဒ္ဓဉာဏ စသောရသေ့ကြီးများသည် မိမိတို့ နေရပ်အသီးသီး၌ မင်းနှင့်ပြည်သူတို့သည် သိကြားမင်း၏ အကူအညီဖြင့် ဘုရားရှင်ဆံတော်အား ဌာပနာပြု ကိုးကွယ်ခဲ့ကြသည်။

နာဂပဗ္ဗတတောင်နေ မဲလံရသေ့ကြီးမှာလည်း အခြားသောရသေ့များနည်းတူ မိမိကွယ်လွန်ချေက လူတို့သည် ကိုးကွယ်ဆည်းကပ်မှုမပြုနိုင်ဘဲ အချည်းအနှီး ပျောက်ပျက်သွားမည်ကို ဆင်ခြင်မိသည့်အလျောက် ဌာပနာပြုရန် ဆန္ဒတော် ဖြစ်ခဲ့လေသည်။ မသေလွန်မီ ဆံတော်မြတ်ကို စေတီတည်ဌာပနာပြုလိုသော ရသေ့ကြီး၏ ဆန္ဒပြင်းပြစွာ ဖြစ်ပေါ်သည်ကို သိကြားမင်းသိတော်မူလေသည်။ သို့ဖြစ်၍ ရသေ့ထံလာလတ်၍ အကြောင်းခြင်းရာကို စုံစမ်းမေးမြန်းတော်မူလေသည်။ မဲလံရသေ့ကြီးသည် မိမိအိုမင်းလာသည်ဖြစ်၍ မိမိဆံကျစ်ကြားတွင် ကိုးကွယ်ထားသော ဗုဒ္ဓမြတ်စွာဆံတော်ဓာတ်ကို မိတ်ဆွေရသေ့ကြီးများနည်းတူ ရဟန်းရှင်လူတို့ ထာဝရကိုးကွယ်နိုင်စိမ့်သောငှာ စေတီတည်၍ ကိုးကွယ်လိုကြောင်း ပြောရှာလေသည်။

သိကြားမင်းလည်း ရသေ့ကြီးအား စိုးရိမ်ကြောင့်ကြ တစ်စုံတစ်ရာမဖြစ်ရန် ပြောကြားပြီး မြတ်စွာဘုရား၏ ဆံတော်ဓာတ်ကိန်းဝပ် စံပယ်နိုင်မည့် ကျောက်တုံးများကို







www.burmeseclassic.com

www.burmeseclassic.com



ရှာဖွေခဲ့ရာ နာဂပဗ္ဗတတောင်ထွတ်တစ်နေရာ၌ ကျောက်တုံးကြီးသုံးလုံးတို့သည် တစ်လုံးပေါ်တစ်လုံးဆင့်လျက် လှုပ်ရှားယိမ်းယိုင်ခြင်းမရှိ အံ့ဩစဖွယ် မြင်တွေ့ခဲ့ရသည်။ သို့ဖြစ်၍ သိကြားမင်းလည်း အပေါ်ဆုံးရှိ ကျောက်တုံးအား မိမိသန်လျက်ဖြင့် သုံးထောင်တစ်မိုက် လက်လေးသစ်အနက်ရှိ ဌာပနာတိုက်ကို ဖောက်လုပ်ပြီး ရသေ့ကြီးနှင့်အတူ သာသနာသက္ကရာဇ် ၁၁၉ ခုတွင် ဘုရားရှင်ဆံတော်အား ထည့်သွင်း ဌာပနာခဲ့လေသည်။ ယင်းသို့ ဌာပနာပြီးနောက် ဤတောင်၏အနီးအပါးရှိ လူတို့သည် ဆံတော်ဓာတ်မြတ်အား ကိုးကွယ်ဆည်းကပ် မပြတ်ပူဇော်ဦးခိုက်ခဲ့ကြလေသည်။

မွန်ပြည်နယ်ရှိ ထင်ရှားတန်ခိုးကြီးသော ကျိုက်ထီးရိုးစေတီ၊ ကေလာသ ဇင်းကျိုက်ဆံတော်ရှင်၊ ကုသိနာရုံ ဖွဲကပင်ဆံတော်ရှင်တို့နှင့် မဲလံဆံတော်ရှင်သမိုင်းဆက်စပ်နေပါသည်။ ယခုအခါ မဲလံဆံတော်ရှင် သာသနာတော်သည် ပွင့်လန်းလာပါပြီ။ နေ့စဉ်ဘုရားဖူးတွေ လာနေကြသည်။ ရန်ကုန်မှ နေ့ချင်းပြန်ခရီး သွား၍ရသည်။ အချို့လည်း ကျိုက်ထီးရိုးဘုရားဖူးပြီး မဲလံဆံတော်ရှင်ဘက် သွားကြသည်။ တောင်ပေါ်တွင် ဘုရားစေတီ၊ ရုပ်ပွားတော်၊ တန်ဆောင်း၊ ဓမ္မရုံ၊ ဓာတ်နန်း စသည့် သာသနိက အဆောက်အအုံများ တိုးတက်လျက်ရှိပါသည်။ ယခုလို ပွင့်လန်းလာသည်မှာ မြိုင်ကြီးငူဆရာတော် ကြွရောက်ဖွင့်ဖော် သာသနာပြုနေသောကြောင့်ဟု သိရပါသည်။ ယခင်က တောလမ်းမှတက်ရသော်လည်း ယခုအခါ ဘုရားခြေတော်ရင်းအထိ ကျိုက်ထီးရိုးတောင်တက်သလို တက်၍ရနေပါပြီ။ ဘုရားကုန်းတော်ပေါ်အတက်တွင်လည်း (ဆံတော်ဘုရားခြေ တော်ရင်းအတက်) မုခ်ဦးကိုလည်း လှပတင့်တယ်စွာ ပြုလုပ်ထားပါသည်။ ဆံတော်ဘုရားတက်ရောက်ရန် ၁၃ ပေ ကျယ်၊ ၆ လက်မထုရှိသော နှစ်မိုင်ကျော်ရှည်သော လမ်းကို ဖောက်လုပ်ထားပြီး တောင်ပေါ်မှ လှပသောရှုခင်း၊ ရေစီးနေသောချောင်း၊ တောတောင်အလှကို မြင်တွေ့ရသည်။ ဘုရားပုံတော်၊ ရဟန္တာပုံတော် ရောင်းသောနေရာမှ သမိုင်းစာအုပ် တစ်အုပ်ဝယ်လာပါသည်။ မောင်စေတနာ ရေးသားပြုစုထားသော စာအုပ်ဖြစ်ပါသည်။ ရသေ့ကြီးခြောက်ပါးအား ဗုဒ္ဓမြတ်စွာ ဆံတော်ဝေခန်းရုပ်တု ပြုလုပ်ထားပြီး ဂန္ဓကုဋီတိုက်နှင့် တင့်တယ်စွာ ပူဇော်ထားပါသည်။ ဘုရားရင်ပြင်တော်တွင် စက်တော်ရာနှစ်ဆူလည်း ဖူးတွေ့ရသည်။ အလှူရှင် ဒေါ်ယုယုအောင်မှာ မုခ်ဦးကိုလည်း တည်ဆောက်လှူဒါန်းခဲ့ပါသည်။ စာရေးသူအနေဖြင့် ခရီးသွားရင်း ခဏတာဝင်ရောက်ဖူးမျှော်ခဲ့ရပုံကို ပြန်လည်ရေးသား တင်ပြခြင်းဖြစ်ပါသည်။ စာဖတ်ပရိသတ်များ တစ်ခေါက်တစ်ခါ အရောက်သွားဖူးမြော်သင့်ပါသည်။

**ဂမ္ဘီရဆရာလှမျိုး(B.Sc)**


**၀၉–၄၂၀၀၄ရစ၆၉**

www.burmeseclassic.com

# မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်ရှိ

# မဲလံဆံတော်ရှင်စေတီတော်

ဗညားဦး(အိမ်မဲ)



ဘီးလင်းမြို့သည် မွန်ပြည်နယ်တွင် ထင်ရှားပေါ်လွင်ပြီး လူသိများသော မြို့တစ်မြို့ ဖြစ်သည်။

ဘီလင်းမြို့သည် မွန်ပြည်နယ်၊ သထုံခရိုင်အတွင်း၌ တည်ရှိပြီး မြို့နယ်ရုံးစိုက်ရာ မြို့လည်းဖြစ်သည်။ မော်လမြိုင်မြို့မှ အနောက်မြောက်ဘက် အရပ်တွင် တည်ရှိပြီး မော်လမြိုင်မြို့နှင့် ၆၄ မိုင်ခန့် ကွာဝေးသည်။ ဘီးလင်းမြို့သည် ရပ်ကွက် ၅ ရပ်ကွက်၊ ကျေးရွာအုပ်စု ၅၀၊ ကျေးရွာပေါင်း ၂၁ ရွာနှင့် ဖွဲ့စည်းထားပြီး စည်စည်ကားကားရှိသော မြို့တည်းဖြစ်သည်။

တိုင်းရင်းသားလူမျိုးပေါင်းစုံ နေထိုင်ကြပြီး အများစု နေထိုင်ကြသူများမှာ ဗမာတိုင်းရင်းသားများ ဖြစ်လေသည်။ လူဦးရေမှာ ၁၈၀၂၃၂ ဦး နေထိုင်ရာ မြို့ဖြစ်သည်။ လမ်းပန်းဆက်သွယ်ရေး ချောမွေ့ကောင်းမွန်လာသောကြောင့် ဘီးလင်းမြို့မှ မော်လမြိုင်မြို့သို့ မော်တော်ကား၊ မီးရထားတို့ဖြင့် လွယ်ကူစွာ အချိန်မရွေးသွားလာနိုင်ပြီး ထင်ရှားသော ဘုရားစေတီများမှာ ကျိုက်ထီးဆောင်းစေတီ၊ ကေလာသစေတီ၊ ဆံတော်ရှင် မဲလံစေတီတော်၊ ကုသိနာရုံ၊ ကုမာရကဿပ ကျောက်ပိရပဟန္တာတို့ ဖြစ်သည်။


ရှေးဟောင်းသမိုင်းဝင် တန်ဖိုးကြီးမားသည့် ယဉ်ကျေးမှု အမွေအနှစ် ထွန်းကားရာမြို့လည်း ဖြစ်သည်။ ဇုတ်သုတ်ရွာ၊ ဆင်တပ်မြင်းတပ်၊ တိုက်ကုလားမြို့ဟောင်း၊ သုဝဏ္ဏဘူမိမြို့ရိုးဟောင်းစသော ယဉ်ကျေးမှုဂုဏ်ဆောင် နယ်မြေများကို ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနအမျိုးသားပြတိုက်နှင့် စာကြည့်တိုက် ဦးစီးဌာနမှ သမိုင်းဝင်အမွေအနှစ်များကို မပျောက်မပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ထားလေသည်။

ဘီးလင်းမြို့ မဲလံတောင်တန်းများ ထီးထီးမားမား သွယ်တန်းနေပြီး စိမ်းစိမ်းစိုစို သဘာဝရှုခင်းများကို တွေ့မြင်ခံစားကြလေသည်။ ယခုအခါ ဘီးလင်း-ဖာပွန်လမ်းသည် ချောချောမွေ့မွေ့ရှိလာသောကြောင့် ဘုရားယာဉ်များ အလွယ်တကူ ချောမွေ့အဆင်ပြေစွာ သွားလာနိုင်ကြသည်။ တပေါင်းလဆန်း ၅ ရက်နေ့မှ ၉ ရက်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သော ပွဲတော်မှာ မဲလံဆံတော်ရှင်စေတီတော်၏ ပွဲတော်ပင်ဖြစ်သည်။ တပေါင်းလဆန်း ၈ ရက်နေ့တွင် ဘုရားဖူးသူများ များပြားစည်ကားနေပြီး ပဌာန်းရွတ်ဖတ်သော ဗုဒ္ဓ



www.burmeseclassic.com


www.burmeseclassic.com



ပူဇနီယပူဇော်ပွဲကို နှစ်စဉ်မပျက် စည်ကားသိုက်မြိုက်စွာ ကျင်းပလေ့ရှိပါသည်။

မြိုင်ကြီးငူဆရာတော် ကြွရောက်သာသနာပြုခဲ့သည့်အတွက်ကြောင့် မဲလံဆံတော်ရှင်စေတီတော် သာသနာမှာ ပို၍ပွင့်လင်းလာခဲ့သည်။ သက်သတ်လွတ်ဘေးမဲ့ သာသနာ့နယ်မြေအဖြစ် ယခုခါ ပြန်လည်သတ်မှတ်ပေးထားပြန်သည်။ မဲလံဆံတော်ရှင်စေတီတော် တောင်ထွတ်အထိ ဘုရားဖူးယာဉ်များ အခက်အခဲမရှိ စိတ်နှလုံးအေးချမ်းစွာ တက်ရောက်ဖူးမြော်နိုင်ကြရန် ကွန်ကရစ်လမ်းများ ချောချောမွေ့မွေ့ခင်းထားပေးခဲ့သည်။ ထိုကွန်ကရစ်လမ်းမှာ အကျယ် ၁၃ ပေ၊ ၆ လက်မထု ရှိသည်။

မဲလံဆံတော်ရှင်စေတီတော်သည် ပေပေါင်း ၈၆၀ မြင့်သော နာဂပွတတောင်ထွတ်များ၌ စံဆိုရှိတော်မူသည်။ မဲလံဆံတော်ရှင်စေတီတော်သည် ရွှေသားရောင် ဝင်းအိနေသော ကျောက်တုံးကြီးပေါ်ရှိ ကျောက်တုံးငယ်ပေါ်ဆင့်၍ တည်ထားသော စေတီဖြစ်ပြီး ဘုရားရှင် သက်တော်ထင်ရှားရှိစဉ်က ချီးမြှင့်ခဲ့သော ဆံတော်စစ်စစ်ကို ဌာပနာထားသည်ဟု ဆိုထားပါသည်။ ဆံတော်ရှင်အစစ်ဖြစ်သောကြောင့် ရောင်ခြည်တော် လင်းလက်ကွန့်မြူးခဲ့သည်။ ထို့အပြင်





www.burmeseclassic.com

www.burmeseclassic.com

ဆံတော်ရှင်၏ သုံးဖာလုံခန့်အကွာတွင် ကောင်းမှုတော်စေတီ၊ ပေါင်းချောအိုးစေတီ၊ ကျိုက်ထီးရိုးလေးစေတီနှင့် ဦးဖိုးခိုစေတီတို့ကိုလည်း ကြည်ညိုဖူးမြော်နိုင်ကြပါသည်။

မဲလံဆံတော်ရှင်တောင်ပေါ်တွင် အရှင်ကုမာရကဿပကိုယ်တော်ကြီး ပရိနိဗ္ဗာန်ပြုနေသည့် ပုံတော်ကိုလည်း ဖူးမြော်နိုင်ကြပါသည်။

ရှေးဟောင်းသမိုင်းဝင် ယဉ်ကျေးမှုအမွေအနှစ်များအဖြစ် ဆံတော်ရှင်ဘုရားတွင် ချိတ်ဆွဲထားသော ၁၂၅၉ ခုနှစ်၌ သွန်းလုပ်ခဲ့သော ခေါင်းလောင်းတော်ကြီး၊ ခေါင်းလောင်းတော်ကြီးမှ ဗိသုကာလက်ရာများနှင့် ရှေးဟောင်းအုတ်ချပ်များကိုလည်း တွေ့ရှိနိုင်သောကြောင့် သမိုင်းဝင်နေရာဖြစ်ခဲ့လေသည်။ မဲလံဆံတော်ရှင်စေတီတော်၏ အထူးခြားဆုံးမှာ မဲလံဆံတော်ရှင်စေတီတော်ကို တစ်ကြိမ်ဖူးတွေ့ရုံဖြင့် အကျိုးစီးပွားလာဘ်လာဘ တိုးပွားစေရုံမက အဓိဋ္ဌာန်ဝင်ပြီး ဆုတောင်းလျှင် လိုရာတောင်းဆု ပြည့်စေသည်ဟု ဆိုကြပါသည်။ စေတီတော်၏ ဝန်းကျင်ရှိ ကျောက်တုံးကြီးများမှာလည်း အထူးစိတ်ဝင်စားဖွယ်ကောင်းပြီး ပြည်တွင်းပြည်ပ ဘုရားဖူးသူများကို ဆွဲဆောင်နိုင်စွမ်း ရှိခဲ့ပါသည်။ စေတီတော်မှာ နေ့စဉ် စည်ကားလျက်ရှိပြီး ပြည်တွင်းဘုရားဖူးသူများအပြင် အမေရိကန်၊ အင်္ဂလန်၊ ဂျပန်၊ ကနေဒါစသည့် နိုင်ငံများမှ ဘုရားဖူးသူများကိုလည်း တွေ့မြင်နိုင်ပါသည်။ စေတီတော်တောင်ထွတ်ပေါ်ကို တောင်ခြေမှ ဂံအုတ်လမ်းဖြင့်လည်း ခြေကျင်တက်ရောက်ဖူးမြော်နိုင်ကြပါသည်။

မကြာမီ မဲလံစေတီတော်၏ ထီးတော်မြတ်ကို ရွှေသားစင်စစ် သုံးပိဿာ ၂၅ ကျပ်သားဖြင့် ပြုလုပ်တင်လှူမည့် ပွဲတော်ကို ကျင်းပတော့မည်ဖြစ်ကြောင်း သိရှိရပါသည်။

ဘီးလင်းမြို့မှ ဖာပွန်သို့သွားသော ကားလမ်းအတိုင်း ၁၄ မိုင် ၄ ဖာလုံအကွာတွင် တည်ရှိတော်မူသော မဲလံဆံတော်ရှင်စေတီတော်မြတ်ကြီးသည် ရွှေရောင်တဝင်းဝင်းမွှေအလင်းဖြာနေတော့သည်။

ထို့အပြင် မဲလံဆံတော်ရှင်တောင်ပေါ်တွင် ဆံတော်ဘုရားအား ဦးခိုက်ရှိခိုးလျက် 'ကျောက်သားပရိနိဗ္ဗာန်ပြုနေသော ရဟန္တာပုံတော်ကိုလည်း ထူးထူးခြားခြား ဖူးတွေ့နိုင်သည်။ ထိုရဟန္တာပုံတော်မှာ အရှင်ကုမာရကဿပမထေရ်ထင် ဖြစ်သည်။ ထိုပုံတော်သည် နိပါတ်တော်လာ အရှင်ကုမာရကဿပမထေရ်သည် ဝင့်ကြွေးကြောင့် ကျောက်တုံးဖိ၍ ပရိနိဗ္ဗာန်စံဝင်ဟန် ပုံတော်မျိုးဖြစ်သည်။

နိပါတ်တော်လာ အရှင်ကုမာရကဿပအလောင်းတော် နှစဉ်ဘဝ၌ ဖားငယ်တစ်ကောင်ကို မြေကြီးခဲနှင့် ဖိမိသဖြင့် ဖားငယ်လေး သေဆုံးခဲ့ရသည်။ ထိုဝင့်ကြွေးကို အလောင်းတော်ကဿပလည်း ပြန်လည်ခံစားရကာ ပရိနိဗ္ဗာန်စံဝင်ခဲ့ဖူးသည့် နိပါတ်တော်လာသည့်အတိုင်း ကျောက်တုံးကြီး အပေါ်မှဖိကျတော့မည့်ဟန် ပေါ်လွင်နေသည်မှာ ထူးထူးခြားခြား ကြည်ညိုဖွယ်ရာ ဖြစ်လေသည်။

နှုတ်ပြောသမိုင်းအရဆိုလျှင် ထိုရဟန္တာပုံတော်သည် ယခင်က ဦးခေါင်းတော်သာ ပေါ်နေပြီး တဖြည်းဖြည်း ဝင့်ကြွေးလွတ်၍ ယခုကဲ့သို့ ကိုယ်တော်တစ်ဝက်သာသာ ပေါ်လာသည်ဟု ဆိုကြသောကြောင့် အဆိုပါ ပုံတော်ကို ဘုရားဖူးခရီးသည်များ ကြိတ်ကြိတ်တိုး ဖူးမြော်လျက်ရှိကြသည်ကို တွေ့မြင်ရပေမည်။ ထို့အပြင် နောင်ကာလကြာလျှင် ရဟန္တာတစ်ကိုယ်လုံး ပေါ်ကြွလာမည်ဟုလည်း ယုံကြည်ကြကာ စောင့်ကြည့်ဖူးမျှော် ကြည်ညိုနေကြသည်။

ထိုကုမာရကဿပပုံတော်ကို ဘီးလင်းမြို့နယ်၊ ကင်းရွာ၊ ကျောက်လုံးကြီးလေးသာဂိုဏ်းချုပ်ဆရာတော် ဦးတရုတ်မြူက ၁၂၈၈ ခုနှစ်၊ တပို့တွဲလ၌ ပုံတော်ဖွင့်ပူဇော်ခဲ့ကြောင်း စာရေးဆရာ မောင်စေတနာ၏ "မဲလံဆံတော်ရှင်စေတီမြတ်သမိုင်း"၊ ၂၀၁၃ ခု၊ စက်တင်ဘာလထုတ် စာအုပ်၌ ဆိုထားပါသည်။ ထို့အပြင်လည်း မဲလံစေတီတော်နာယကလူကြီးမင်း ဦးရှင်စိန်က လှူခဲ့သော နှစ်နှစ်ဆယ်ခန့်မှစ၍ ရဟန္တာပုံတော်အား မျက်နှာပုံဖော်၍ ဘိလပ်မြေဖြင့် သင်္ကန်းကပ်ပေးကြောင်း ဆိုထားပါသည်။

နိပါတ်တော်လာ ဝင့်ကြွေးကြောင့် ကျောက်တုံးပိ၍ ပရိနိဗ္ဗာန်ပြုရသော ရှင်မဟာကုမာရကဿပ၏ ပုံတော်ကို လက်ရှိမျက်မြင် ဖူးတွေ့ခွင့်ရလိုက်ခြင်းသည် ကျွန်တော်တို့ ဗုဒ္ဓဘာသာဝင်တို့အတွက်သာမက မည်သည့်ဘာသာဝင်များအတွက်မဆို သတိချပ်စရာ၊ သံဝေဂပြုစရာ ပြယုဂ်အဖြစ် နှလုံးသွင်းမိလေတော့သည်။

ဗညားဦး(အိမ်မဲ)



www.burmeseclassic.com

www.burmeseclassic.com

မိသားစုတိုင်း အိမ်တိုင်း ဆောင်ထားသင့်သော စာအုပ်ကောင်းတစ်အုပ်

သင့်ဘဝတစ်သက်တာအတွက် ဗေဒင်ဟောနည်း ၆၀ နှင့် အဖြေထုတ် ဟောထားသည့် စာအုပ်

ဗေဒင်ပညာကို လေ့လာလိုသူများ၊ ဝါသနာပါသူများ လက်ကိုင်ထားသင့်သည့် စာအုပ်ကောင်းတစ်အုပ်

**အတိတ် ပစ္စုပ္ပန် အနာဂတ် ကံကြမ္မာ**

## သင့်ဘဝ တစ်သက်တာ ဗေဒင်ဟောကိန်းများ

စာအုပ် ထွက်ပြီ


ညွန့်ခိုင်မာ(ကျောက်ဆည်)

ညွန့်လွင်(စက်မှုတက္ကသိုလ်)

ဖုန်း-၀၉-၃၃၂၇၃၃၈၈ သို့ မှာကြားနိုင်ပါသည်။ စာတိုက်မှ အရောက်ပို့ပေးပါမည်။

ဦးညွန့်လွင် - အမှတ်-၂၈၊ ဆေးရုံလမ်း၊ ကျောက်ဆည်မြို့။

ယခင် တစ်အုပ် ၆၀၀၀ ကျပ်၊ ယခု ၅၀၀၀ ကျပ်။ သုံးအုပ်နှင့် အထက်မှာလျှင် ၄၅၀၀ ကျပ်




တက္ကသိုလ်

# နန်းဦး

စားတော်ဆက်

သန့်ရှင်းလတ်ဆတ်သော တရုတ်အစားအစာ မြန်မာအစားအစာများကို ဈေးနှုန်းချိုသာစွာဖြင့် သုံးဆောင်၍ စိတ်တိုင်းကျတည်းခိုလိုလျှင် တက္ကသိုလ်နန်းဦး စားတော်ဆက်သို့ ကြွလှမ်းခဲ့ပါလို့ [illegible]ခေါ်ပါရစေ။

ကျိုက်ထီးရိုးဘုရားသို့ ရောက်ခဲ့လျှင် ကျိုက်ထီးရိုးရင်ပြင်တော် မုဆိုးဘုရားလမ်းရှိ တက္ကသိုလ်နန်းဦး စားတော်ဆက်သို့ ဝင်ရောက်သုံးဆောင်ဖို့ မမေ့နဲ့နော်။

တက္ကသိုလ်နန်းဦး စားတော်ဆက် - ကျိုက်ထီးရိုးရင်ပြင်တော် မုဆိုးဘုရားလမ်း၊ ဖုန်း - ၀၉-[illegible]၂၃၂၆၀

www.burmeseclassic.com

www.burmeseclassic.com

# မြို့ရန်ကုန်ဝန်းကျင်မှ ဂမ္ဘီရဆန်းကြယ် ဖြစ်ရပ်များ

**ပထမံဝိဇ္ဇာအောင်**

သိဂ္ဂုတ္တရဟူသည်ကား ကမ္ဘာဦးတည်စက သိဂ္ဂုတ္တကုန်းမှာ ပင်လယ်သမုဒ္ဒရာအတွင်း၌ရှိသော ကုန်းလေးတစ်ကုန်းမျှသာ ဖြစ်သည်။ ထိုကုန်းလေးတွင် သိန်းငှက်များ ကုတ်ကုတ်ကပ်ကပ် နားရသောကြောင့် သိန်းငှက် ကုတ်ကုတ်ကပ်ကပ် နားရသည်ကို အကြောင်းပြု၍ သိဂ္ဂုတ္တရကုန်း ဟူ၍လည်းကောင်း၊ အချို့သမိုင်းစာတွင် ကမ္ဘာဦးအခါ သမုဒ္ဒရာအတွင်း၌ ရွှေငါးကြင်းမကြီးသည် ဘုရားအလောင်းဆင်မင်းငါးစီးကို ဖွားမြင်သဖြင့် အစဉ်တစိုက်သာ အမိမှာ ရေ၌နေ၍ သားဖြစ်သော ဆင်မင်းငါးစီးတို့သည် ကုန်း၌သာ ကျက်စားလျက်နေကြရာ တစ်နေ့သောအခါ အလွန်ကြီးမားသော သိန်းငှက်ကြီးတစ်ကောင်သည် သမုဒ္ဒရာမှ ရွှေငါးကြင်းမကြီးတို့ သတ်ယူခဲ့ရာ ဟိမဝန္တာ၏အဆုံး ကိုးဆယ့်ကိုးကုန်းတို့၏ အညွန့်အထပ် ရွှေကညင်ပင်ဖုံးလျက်ရှိသော ကုန်းသို့ရောက်လျှင် ကုတ်ချီမရ လွတ်၍ကျလေ၏။ သိန်းငှက်ကြီးလည်း တစ်ဖန် ထပ်မံ၍ ကုတ်ယူရာ ကုတ်မရသောကြောင့် ထိုရွှေကညင်ပင်အောက်တွင်ပင် စားသောက်ပြီး အရိုးတို့ကို ချန်ထားခဲ့ကာ ပျံသွားလေသည်။ ဆင်မင်းငါးစီးလည်း မိခင်ငါးကြင်းမကို တွေ့မြင်နေရာတွင် မတွေ့သဖြင့် လိုက်လံရှာဖွေကြရာ ထိုကုန်းတွင် အညစ်အကြေးအခွံ၊ အသားစများနှင့် အရိုးတို့ကိုတွေ့လျှင် ငါတို့မိခင်သည် သိန်းငှက်ကြီးလက်တွင် အသက်ဆုံးရှုံးလေပြီတကားဟု ငိုယိုကြပြီးလျှင် မိခင်၏ အကြေးခွံ၊ အရိုး၊ အသားစ စသည်တို့ကို မြေတွင် မြှုပ်၍ ရွှေကညင်ပင် အမှတ်အသားထားပြီး လက်ယာရစ် ပူဇော်ကာ ဟိမဝန္တာတောသို့ ပြန်ကြလေသည်။ ဤသို့ ရွှေငါးကြင်းမကို သိန်းငှက် ကုတ်မရသော ကုန်းဖြစ်၍ သိန်းကုတ်မရကုန်းဟု ခေါ်ဆိုခဲ့ရာမှ ကာလရွေ့လျောသောအခါ သိဂ္ဂုတ္တရကုန်းဟူ၍ ခေါ်ဆိုခဲ့ကြသည်။

ဒုတိယ ပေါက္ခရဝတီ ကြာပေါက်သော ရေကန်၏ အနီး၌ ‹ ၁ည်သောမြို့။

တတိယ ဥက္ကလာပမြို့ ဥက္ကလာပမင်းကြီး တည်သောမြို့။

စတုတ္ထ ဒဂုံမြို့ ကုန်းသုံးကုန်းတို့၏ အထွတ်တွင် တည်သောမြို့ ဘုရားရှာ ဒဂုံဟူသော အမည်မှာ တြိကမ္ဗနာဂရဟူသော သင်္သကရိုက်ဘာသာ ဖြစ်သည်။ ၎င်းမှ တြိကုမ္ဗဟူသော ပါဠိစကားတို့မှ တိဂုံ၊ ဒဂုံ ဟူ၍ ခေါ်ဝေါ်လေသည်။

ပဉ္စမ ရန်ကုန်မြို့ကို အလောင်းမင်းတရားကြီးသည် ဤအရပ်၌ မွန်များရန်မှ ကုန်သောကြောင့် ရန်ကုန် ဟူ၍ဆိုသည်။

ထို့ကြောင့် ရန်ကုန်မြို့ရှိ လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်ကြီးသည် ကမ္ဘာတွင် ကျော်ကြားပြီး ထွက်ရပ်ပေါက်ပုဂ္ဂိုလ်တို့၏ ဂမ္ဘီရနှင့်ဆိုင်သော ဂမ္ဘီရ အစီအမံများလည်း ရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com

## အလောင်းမင်းတရားကြီး၏ရန်ကုန်

ရန်ကုန်မြို့သည် ကုန်းဘောင်ခေတ်ဦးကာလတွင် တံငါရွာသာသာမျှသာရှိသော ရွာလေးမျှသာဖြစ်ပြီး ၁၇၅၅ ခုနှစ်တွင် အလောင်းမင်းတရားကြီးက သိမ်းပိုက်ကာ မေလ ၂ ရက်နေ့၌ တာဝန်း ၁၁၁၉ တာ ကျယ်ဝန်းသော မြို့တော်သစ်ကို တည်ဆောက်ခဲ့သည်။ အလောင်းမင်းတရား၏ ရန်ကုန်မြို့မှာ ယနေ့ခေတ်နှင့် နှိုင်းယှဉ်လျှင် သေးငယ်လှသည်ဟု ထင်ရသည်။

အလောင်းမင်းတရား တည်ခဲ့သည့် သစ်တပ်မြို့ အခြေအနေ အကျယ်အဝန်းမှာ $\frac{၁}{၇}$ စတုရန်းမိုင်ဖြစ်၍ ရန်ကုန်မြို့ မြူနီစီပယ်အကျယ်အဝန်းအနေနှင့် စတုရန်းမိုင် ၄၀ မိုင်နှုန်း ကျယ်ဝန်းမှုနှင့် ဆိုလျှင် ပြောပလောက်မည်မဟုတ်။ အကျယ်အဝန်းသည် ရန်ကုန်မြစ်ကမ်းနားမှသည် ဂျူဒါအီစကယ်လမ်း (ယခု သိမ်ဖြူလမ်း) အတိုင်း တောင်မှ မြောက်သို့ ဒါလဟိုဇီလမ်းအထိ အလျားလိုက် ကိုက် ၆၀၀ ခန့် ရှိ၏။



ဤကား သစ်တပ်မြို့မျက်နှာဖြစ်သည်။ ကမ်းနားလမ်းအတိုင်း ဂျူဒါအီစကယ်လမ်း၊ ထိုမှ စစ်ကဲမောင်ထော်လေးလမ်းအလွန် မဂိုလမ်းနီးပါးအထိ ကိုက်ပေါင်း ၁၃၀၀ ခန့် အလျားသည် သစ်တပ်မြို့၏ တောင်ဘက်မျက်နှာစာ ဖြစ်သည်။

တစ်ဖန် အရှေ့မှ အနောက်သို့ မျဉ်းတန်းလျက် မရှိချေ။ မြောက်ဘက်မျက်နှာစာသည် ဒါလဟိုဇီလမ်းအနီးတွင် အရှေ့မှ အနောက်သို့ ဂျူဒါအီစကယ်လမ်းမှ အစပြု၍ တောင်ဘက်သို့ ယိမ်းလျက်ရှိပြန်သဖြင့် ကိုက် ၁၁၀၀ ရှည်၏။

အနောက်ဘက်မျက်နှာသည် တစ်ဖာလုံခန့်သာ ရှည်၏။

ထိုအခါ ဆူးလေစေတီတော်သည် မြို့အပြင် အနောက်မြောက်ဘက်၌ တည်၏။ ပုံစံအားကြည့်လျှင် သာ၍ထင်ရှားမည်ဖြစ်၏။

ဖော်ပြပါ မြို့အကျယ်အဝန်းနှင့် တည်နေပုံ အနေအထားအား ကြည့်ခြင်းအားဖြင့် ရန်ကုန်မြို့ငယ်သည် လေးထောင့်ပုံမကျကြောင်း သိရ၏။ မြို့၏ ပတ်လည်၌ ထုထည်ကောင်းမွန်လှသော သစ်လုံးများ မြေတွင်စိုက်ကာ ဝန်းရံထားသည့် သစ်တပ်မြို့ဖြစ်၏။

သစ်တပ်မြို့ရိုးအကာက အချို့နေရာများ၌ ၁၀ ပေ၊ ၁၂ ပေခန့် မြင့်ပြီး အချို့နေရာများ၌ ပေ ၂၀ ခန့် မြင့်သည်။ ထို့ကြောင့် သစ်တပ်မြို့အကာသည် အချိုးအစား ကျနခြင်း မရှိလှပေ။ သို့ရာတွင် သစ်တပ်မြို့ရိုး ပိုမိုခိုင်ခံ့စေခြင်းငှာ သစ်တပ်ထိပ်၌ ထုထည်ကောင်းမွန်သည့် နဖူးစည်းများထား၏။ အတွင်း၌မူ တပ်ခြေရင်းမှ အတန်ငယ် အမြင့်အထိ မြေဖို့ထားပြီး သူရဲပြေး၊ သူခိုးပြေး မျှော်စင်ပစ်ကွင်း စသည်တို့အား အတော်ပင် အကျအန ထားရှိခြင်း၊ စစ်တားစစ်ခင်းခြင်းနှင့် ခုခံခြင်းအတွက် လွယ်ကူစေ၏။

မြို့၏ အရှေ့မြောက်နှင့် အနောက်မျက်နှာစာ



www.burmeseclassic.com

www.burmeseclassic.com













www.burmeseclassic.com

www.burmeseclassic.com

တို့တွင် မြစ်နှင့်ဆက်လျက် တောချုံထူထပ်သော ကျုံးမြောင်းများ ကာရံထားသည့်အပြင် ယခု ခရစ်လမ်း (ဗိုလ်မြတ်ထွန်းလမ်း)လောက်၌ ရန်ကုန်မြစ်နှင့် ပုဇွန်တောင်ချောင်းအား ဆက်သော ဗိုလ်တထောင်ချောင်းဟူ၍လည်းကောင်း၊ ယခု လဝ္တာလမ်းလောက်တွင် မြစ်နှင့်ဆက်လျက် ချောင်းငယ်တစ်ခုလည်း ရှိ၏။

စင်စစ်မူ အလောင်းဘုရား စီမံထားသည့် သစ်တပ်မြို့ကလေးသည် စစ်ရေးအမြင်အရ ရန်ကုန်မြို့သည် ရေပတ်လည် ဝိုင်းနေ၏။ ရေပတ်လည်ဝိုင်းနေသည့် ကျွန်းနှင့် တူသည်ကို သိရှိရပါသည်။

**သာယာဝတီမင်းရန်ကုန်မြို့သစ် တည်ထောင်ခြင်း**

မြန်မာသက္ကရာဇ် ၁၂၀၃ ခုနှစ်(၁၈၄၁ ခုနှစ်၊ အောက်တိုဘာလ)တွင် သာယာဝတီမင်းသည် မဟာတိသဒ္ဒယဏ္ဍ ခေါင်းလောင်းကြီးအား သွန်းလုပ်လှူဒါန်းရန် အလုံးအရင်းနှင့် အင်းဝမှ ရန်ကုန်သို့ စုန်ဆင်းခဲ့၏။

သာယာဝတီမင်း ရန်ကုန်မြို့သို့ရောက်လျှင် ရန်ကုန်မြို့၏ တည်နေရာသည် ရန်ကုန်မြစ်နှင့် နီးလွန်းလှသဖြင့် ရွံ့နွံထူထပ်ခြင်း ရှိသည်ဟု အယူရှိသဖြင့် ရွှေတိဂုံအနောက်ဘက်၌ မြို့သစ်တည်ထောင်ရန် စိတ်ကူးပေါ်ခဲ့၏။

သာယာဝတီမင်း မြို့သစ်တည်ပုံအား ဖော်ပြရလျှင် သာယာဝတီမင်းသည် ရွှေတိဂုံစေတီတော်အား အရှေ့မြောက်ထောင့်အရပ်၌ထားလျက် ယခုဂေါ်ရာကုန်းစစ်တပ် တည်ထောင်ရာ တောင်ကုန်းအဆုံးအထိ ၎င်းမှရှေ့သို့ ဘုရားကြီးရှိရာအထိသည် မြို့ရိုးနှင့် ကာရံထားစေ၏။(ယခုတိုင် မြောက်မြို့ရိုး၏ တစ်စိတ်တစ်ဒေသအား မြေနီကုန်းအနီး၌ တွေ့နိုင်သေး၏။)

မြောက်ဘက်တွင် အရှေ့မှ အနောက်သို့ သွားရာလမ်းကို မြို့ပတ်လမ်း၊ ဘောင်ထရီလမ်း(ယခု ဓမ္မစေတီလမ်း)ကို တွေ့နိုင်သေး၏။

သာယာဝတီမင်းသည် ထိုသို့အတိုင်း မြို့အား တည်စေပြီးလျှင် ဘုရား၏ အနောက်တောင်အရပ်ကိုက် ၁၂၀၀ ခန့် အကွာအဝေးတွင် စံနန်းဆောင် တည်ဆောက်စေသည်။(ယခုအခါ ကန်တိုမင် ခရစ်ယာန်ဘုရားရှိခိုးကျောင်း တည်ရှိလေသည်။)

ယင်းသို့ တည်ပြီးလျှင် သာယာဝတီမင်းသည် မြို့ဟောင်း၌ သစ်တပ်အား ဖြိုဖျက်စေလျက် ရုံး၊ စစ်တပ် အစရှိသည်တို့အား မြို့တွင်းသို့ ရွှေ့ပြောင်းစေသည်။

ယင်းသို့ မြို့သစ်တည်စေခဲ့သော်လည်း မြို့ဟောင်းမှာ လှေဆိပ်၊ ဇက်ဆိပ် နီးသဖြင့် စည်ကားမြဲစည်ကားနေ၏။

မြို့တွင်း၌ကား မြို့ကြပ်၊ စစ်ကြပ်၊ စစ်ကဲ စစ်သည်တော်များသာ နေကြ၏။ မင်းကြီးသည် အင်းဝမှ ရန်ကုန်သို့ စုန်ဆင်းစဉ်က ရန်ကုန်မြို့ ဆိပ်ကမ်းမှ အလုံးအရင်းနှင့် ဘုရားသို့ ချီတက်လာရာလမ်းအား လမ်းမတော်ဟု သတ်မှတ်ခဲ့သည်။ ၎င်းသည် နန်းတော်သို့ ဦးတိုက်လျက် မြို့အတွင်း တောင်မှ မြောက်သို့ တန်းလျက်ရှိ၏။ မင်းကြီးသည် မြို့သစ်တည်ပြီးလျှင် ရန်ကုန်မြို့သစ်၌ ခြောက်လ စံတော်မူပြီး လိုအပ်သည့် ကိစ္စများ ပြီးသဖြင့် နေပြည်တော်ကို ပြန်လည်ထွက်ခွာသွား၏။

ယခု ဒဂုံမြို့နယ်ဒေသသည် ရန်ကုန်၏ ကနဦးအစဖြစ်သည့် အားလျော်စွာ ရှေးခေတ်မွန်ဘုရင်များ လက်ထက်ကပင် ထင်ရှားခဲ့၏။ ဒဂုံကို ၁၉၇၂ ခုနှစ်တွင် မြို့နယ်အဆင့် သတ်မှတ်ခဲ့ပြီး ၁၉၇၄ ခုနှစ်၊ ဧပြီလ ၁၀ ရက်နေ့တွင် ရန်ကုန်မြို့တော် နယ်နိမိတ်၏အဝင် ဖြစ်လာပါသည်။ ရပ်ကွက်



www.burmeseclassic.com

www.burmeseclassic.com

ကြီးငါးခုဖြင့် ဖွဲ့စည်းထားရာ သမိုင်းဝင် ရွှေတိဂုံ စေတီတော်ကြီးမှာ ဒဂုံမြို့နယ် ဘုရားကြီးရပ်ကွက်၌ ပါဝင်ခဲ့ပါသည်။

**ရွှေတိဂုံစေတီပေါ် ကျီးတက်ခြင်း**





၁၉၀၃ ခုနှစ်၊ မတ်လ ၃ ရက်(သက္ကရာဇ် ၁၂၆၄ ခုနှစ်၊ တပေါင်းလဆန်း ၅ ရက်)နေ့ နံနက် ၇ နာရီအချိန်တွင် စေတီတော်မြတ်ကြီး၏ အဂ္ဂါ ထောင့်ရှိ ခေါင်းလောင်းပုံအနားစွန်းတွင် ကျားမ တစ်ကောင် ဝပ်နေသည်ကို မယ်သီလရှင် အမယ်အို တစ်ပါးသည် ဘုန်းကြီးကို အရုဏ်ဆွမ်း ကပ်နေရာမှ လွတ်၍သွားသော်လည်း ခွေးမှတ်၍ ဂရုမစိုက်ဘဲနေ၏။ နောက်မှ တစ်စတစ်စနှင့် ကျားကို မြင်ရသည်။ ဘုန်းပေါ်မှာ ကျားတက်နေသည်ဟု အရပ်ထဲ၌ အုတ်အော်သောင်းနင်း ဖြစ်လေ၏။ စေတီတော်မြတ်ကြီး ခေါင်းလောင်းပုံရဲ့ အနားစွန်းမှာ ကျားနှင့် တူသည်ဟုပြောဆိုကြ၏။ နောက်တွင် ထိုကျားသည် လှုပ်ရှားတာလည်း မြင်ရသည်ဟု လူအများက အံ့ဩစွာ ပြောဆိုကြ၏။ ၎င်းနောက် အင်္ဂလိပ်စစ်တပ်ကို အကြောင်းကြားရာ ဂေါ်ရာတပ်မှ ဆာဂျင်လဘီမှ သေနတ်နှင့် ပစ်ရာ ကျားမှာ သေဆုံးသွားသည် ဆိုကြ၏။

**ဆူးလေစေတီ**

ဆူးလေစေတီတော်ကို ရှေးခေတ်အခါက မွန်ဘာသာဖြင့် ကျိုက်အသုတ်ဟု ခေါ်ဆိုကြ၏။ အသုတ်အမတ်ကြီး တည်ဆောက်သော စေတီ ဖြစ်သဖြင့် ယင်းသို့ ခေါ်ဆိုကြောင်း ဆိုပါသည်။ ဆူးလေစေတီတော်အကြောင်းကို ရာဇာဓိရာဇ် အရေးတော်ပုံကျမ်းတွင် အစောဆုံး ဖော်ပြထားသည်ကို တွေ့ရှိရ၏။ အရေးတော်ပုံကျမ်းတွင် ဗညားဦးဘုရင် ရွှေတိဂုံစေတီတော်ကို ဖူးမြော်ရန် ထွက်လာစဉ် အသုတ်စေတီတော် ရောင်ခြည်တော် လွှတ်တော်မူ၏ဟူ၍ ပါရှိသကဲ့သို့ ခရစ်နှစ် ၁၃၈၃ ခုနှစ်၊ မေလ ၄ ရက်နေ့တွင် ဗညားနွဲ့မင်းသား(နောင် ရာဇာဓိရာဇ်)ဒဂုံသို့ ပြေးလာစဉ် ကျိုက်အသုတ်သို့ ဝင်ရောက်ဖူးမြော်ခဲ့ကြောင်း ပါရှိပါသည်။

အလောင်းမင်းတရားကြီးသည် ၁၇၅၅ ခုနှစ်တွင် ချုံနွယ်ပိတ်ပေါင်းများ ခုတ်ထွင်ရှင်းလင်းကာ မြို့တည်စဉ်က မြောက်ဘက်မျက်နှာရှိ စေတီတော်အနီး ထွက်ပေါက်တံခါးကို ဆူးလေတံခါးဟု အမည်ပေးခဲ့သည်။ စေတီတော်တစ်ဝိုက်တွင် ဆူးလေပင်များ ပေါက်ရောက်နေသဖြင့် ယင်းသို့ အမည်ပေးခဲ့ဟန်တူပါသည်။ ၎င်းဆူးလေပင်များမှာ ဆူးလေကုန်းတော်ထက်တွင် ၁၉၁၀ ပြည့်နှစ်အထိ ရှိနေဆဲဖြစ်ပြီး ဒုတိယကမ္ဘာစစ်နောက်ပိုင်းတွင် ဗုံးချခံရပြီးနောက် ပျောက်ကွယ်သွားကြောင်း ဆိုပါသည်။ ရှေးအခါက

www.burmeseclassic.com



ရှေးယခင်က ဆူးလေဘုရားလမ်း
နှင့်
ဆူးလေဘုရားပုံများ

ဆူးလေစေတီတော်ကို ရေပတ်လည်ဝိုင်းလျက်ရှိပြီး အနောက်ဘက်စောင်းတန်းမှာ လှူဝင်မှုကြီးကြပ်ရေး ရုံး(လ. ဝ. က)ရုံး(ယခု ဧရာဝတီဘဏ်)နေရာအထိ ရှည်လျားခဲ့သည်ဆို၏။ ရန်ကုန်ဘူတာကြီးဘက် သစ်ဆိမ့်ကျောင်းတိုက်မှ ဆူးလေစေတီတော်အထိ သစ်သားတံတားရှည်တစ်ခုရှိပြီး ဆရာတော်တစ်ပါး မှာ တံတားမှ လမ်းလျှောက်ကာ နေ့စဉ် တံမြက် လှည်း တုသိုလ်ယူလေ့ရှိ၏။

ဆူးလေစေတီတော် တည်ရှိရာ ဆူးလေ ဘုရားလမ်းကို ရှေးခေတ်က 'ရှော်ဘန်း' ဟူ၍ ခေါ်ဆိုပါသည်။

**မြင်သာရွာဦးစေတီ**

မြင်သာရွာကြီးသည် ရှေးခေတ်မွန်ဘုရင် များ လက်ထက်ကပင် တည်ရှိခဲ့ပြီး ဦးလူကဇ်လေး၏ လှေဦးသာ၊ လှည်းဦးသာ သိုက်သမိုင်းမှာ အလွန် စည်ပင် ထွန်းကားခဲ့ဖူးကြောင်း သိရှိရ၏။ တစ်ကြိမ် တွင် မွန်ဘုရင် အဆက်အနွယ်မှ တိဿမင်းသား သည် လှူဘောင်ကို ငြီးငွေ့ကာ မြင်သာရွာသို့ ရောက်လာပြီး ရသေ့ဝတ်လျက် တရားကျင့်ကြံ အားထုတ်ခဲ့ဖူးပါသည်။ နောင်တွင် ယင်းတိဿ မင်းသားသည် အမြဲအစဉ် ဈာန်သမ္မာပတ် ဝင်စား နေတတ်သဖြင့် ဈာန်ယဉ်မင်းသားဟု ခေါ်ဆိုကြ၏။ ဈာန်ယဉ်မင်းသားသည် မြင်သာရွာဦး၌ ညဏ်တော် ကိုးတောင်ပြည့် အောင်တော်မူစေတီနှင့် ဝိပဿိ၊ သိခီ စသည့် ရုပ်ပွားတော် ခုနစ်ဆူ တည်ထား ကိုးကွယ်ခဲ့သည်။ ၁၉၇၅ ခုနှစ်တွင်, ယင်းအောင် တော်မူစေတီအား ငုံလျက် ညဏ်တော် ၃၃ ပေ အမြင့်ရှိ စေတီတော်ကို တည်ခဲ့ပြီး ရုပ်ပွားတော်များ ကိုလည်း ပြုပြင်မွမ်းမံခဲ့၏။ စေတီတော်ပေ[illegible]၏ အုတ်မျှားမှာ အလျား ၁၀ လက်မ[illegible]အနံ ၅

www.burmeseclassic.com

www.burmeseclassic.com

လက်မ၊ ထု ၂ လက်မ အရွယ်ရှိ ရွှေဟောင်းအုတ်ချပ်များ ဖြစ်ကြသည်။ ယခုအခါ ခုနစ်ဆူသော ရုပ်ပွားတော်၊ ဘုရားများကို မိုးရိပ်လျှောင်းနှင့် မလှမ်းမကမ်း၌ ဖူးမြော်နိုင်ကြပြီး မြင်သာရွာကြီးမှာ အမှတ်(၁၄)ရပ်ကွက်အတွင်းမှာ ရှိနေခဲ့ရာမှ ပျောက်ကွယ်သွားပြီ ဖြစ်ပါသည်။

**မဟာပိန္နဲဘုရားကျောင်း**

မဟာဗန္ဓုလလမ်းနှင့် ပန်းဆိုးတန်းလမ်းထောင့်ရှိ မဟာပိန္နဲကျောင်းကို ၁၈၅၆ ခုနှစ်တွင် အိန္ဒိယလူမျိုး ဦးရွှေမောင်+ဒေါ်ပိလီ(POLLAY)နှင့် မိတ်ဆွေသုံးဦးတို့က အရှေ့အိန္ဒိယကုမ္ပဏီထံမှ ဘုရားကျောင်းမြေနေရာအဖြစ် လျှောက်ထားကာ စတင်တည်ထောင်ခဲ့ကြခြင်း ဖြစ်သည်။ အိန္ဒိယလူမျိုး ဆိုသည်မှာ-မဒရာစီဟိန္ဒူဖခင်နှင့် ဗုဒ္ဓဘာသာဝင် မိခင်တို့မှ ဖွားမြင်သူဖြစ်သည့် ဦးရွှေမောင် ကွယ်လွန်သွားပြီးနောက် ဘုရားကျောင်းကို ဦးရွှေမောင်၏ သားဖြစ်သူ ဦးအုန်းခိုင်နှင့် ဇနီးဒေါ်ဒေါ်ရိပ်တို့က ဆက်လက်စောင့်ရှောက်ခဲ့ကြသည်။ တစ်ဖန် ဦးအုန်းခိုင် ကွယ်လွန်သွားသောအခါ သမီးဖြစ်သူ ဒေါ်ဒေါ်နုက ဆက်လက်ပြုပြင် ထိန်းသိမ်းခဲ့၏။ ၁၉၄၅ ခုနှစ် ဒုတိယကမ္ဘာစစ်အတွင်း၌ မူလမဟာပိန္နဲကျောင်းကြီး မီးလောင်ပျက်စီးသွားပါသည်။

စစ်ပြီးခေတ်တွင် မဟာပိန္နဲကျောင်း၏ မူလဒါယကာ ဦးရွှေမောင်၏ မြေးတော်စပ်သူ ဒေါ်ဒေါ်နုက အသစ်တစ်ဖန် ပြန်လည်တည်ဆောက်ပြီး ၁၉၅၅ ခုနှစ်တွင် ဝေဘူဆရာတော် အမှူးပြုသော သံဃာတော်များ ရှေ့မှောက်၌ ရေစက်ချလှူဒါန်းခဲ့၏။ ယခုအခါ ဒေါ်နု၏ မြေးဖြစ်သူ ဦးသန်းမြင့်(ခ)ဦးဆန်နီ(မဥ္ဇူရုပ်ရှင်ပိုင်ရှင် ဒါရိုက်တာသီဟ)က ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ ဥက္ကဋ္ဌအဖြစ် တာဝန်ယူထိန်းသိမ်းထားပါသည်။ လွန်ခဲ့သည့် နှစ်အနည်းငယ်အတွင်း ရုပ်ရှင်ဒါရိုက်တာ ဦးအောင်စိုးဦးက မဟာပိန္နဲကျောင်းဝင်းတွင် ဆုတောင်းပြည့်စေတီတော်ကို တည်ထားကိုးကွယ်ခဲ့သည်။ ထိုစေတီကို ကျိုက်ပါး မဟာပိန္နဲဟု ဘွဲ့တော်ပေးခဲ့သည်။ ထိုစေတီ၌ ဗုဒ္ဓဆံတော်တစ်ဆူ ဌာပနာခဲ့သည်ဟု သမိုင်းတွင် တွေ့ရ၏။ ဘုရားပရိဝုဏ်အတွင်း၌ ဂမ္ဘီရဆန်ဆန် တည်ရှိသော နေရာများကိုလည်း တွေ့နိုင်သည်။

**မင်းနန္ဒာဘုရား**

သာကေတမြို့နယ်၊ (၁၀)တောင်ရပ်ကွက်၊ သန်လျင်ထံတားလမ်းမကြီး၏ မြောက်ဘက်တွင် မင်းနန္ဒာစေတီကို ဖူးတွေ့နိုင်သည်။ ယင်းစေတီမှာ သန်လျင်တစ်ဖက်ကမ်းရှိ ရှင်မွေ့နွမ်း မျှော်တော်ရောင်စေတီနှင့် ဒက္ခိဏာရီအရ ဆက်စပ်လျက်ရှိ၏။ သာကေတမြို့သစ် မတည်မီက မြေပိုင်ရှင် ဦးကြင်ဝှက်ပိုင် လယ်တောတွင်းမှ ဘုရားငုတ်တိုကလေးမျှသာ ဖြစ်သည်။ ရောင်ခြည်တော် ကွန့်မြူးလျက်ရှိနေသည်ကို လယ်သမား ဦးရန်ရှင်းက တွေ့မြင်ရာမှ မြေပိုင်ရှင်နှင့် တိုင်ပင်ကာ ပြန်လည်ပြုပြင်ခဲ့ကြခြင်း ဖြစ်သည်။ စေတီတော် ပြန်လည်ပြုပြင်ရန် တူးဖော်စဉ်က တနင်္ဂနွေထောင့်မှ အုတ်ခွက်ဘုရားတစ်ဆူ ရရှိခဲ့ရာ ရှေးဟောင်း သုတေသနဌာနက အေဒီ ၁၅ ရာစု လက်ရာဖြစ်ကြောင်း မှတ်ချက်ချခဲ့လေသည်။

**ကျောက်တံတားနှင့် ပန်းဆိုးတန်း**

ခေတ်ဦးကာလပြဇာတ် စာဆိုတစ်ဦးဖြစ်သူ ဦးဖုတ်နီက သူ၏ မဟာဗောဓိမဏ္ဍိုင်ပနီကျမ်းတွင် 'ဟံသာဝတီ ဥက္ကလ' ဟု ဒေသအောင်မျိုး ရန်နှင်းမြို့တွင် မောက်မို့လျှံသွား၊ ကျောက်တံတားတွင် ဖွားရာဇာတိမှန်လှဘိသည်ဟု ရေးစပ်သီကုံးခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



ကိုလိုနီ အင်္ဂလိပ်ခေတ်မှ ရန်ကုန်မြို့ရှိ
ကွမ်းခြံဘူတာ(ရန်ကုန်ဘူတာကြီး)
(ယခုအခါတွင် မရှိတော့ပါ။
ဒုတိယကမ္ဘာစစ်အတွင်း
စစ်ပုံးဒဏ်များကြောင့် ပျက်စီးခဲ့သည်)

ယခင် ရန်ကုန်မြို့ရှိ
ကမ်းနားလမ်းနှင့် စထရင်း ဟိုတယ်





ရန်ကုန်မြို့ ဝန်ကြီးများရုံးအား
ရှေးယခင်က တွေ့မြင်ရပုံ
(ယခုခေတ်တိုင်အောင် ရှိသေးသည်)

ယခင် ရန်ကုန်မြို့ရှိ ကမ်းနားလမ်း





www.burmeseclassic.com

www.burmeseclassic.com

ဦးဖုတ်နီသည် ကုမ္ပဏီ ပြဇာတ်များဖြင့် ထင်ရှားခဲ့သူ ဖြစ်ပြီး ခရစ်နှစ် ၁၈၄၉ ခုနှစ်က ဖွားမြင်သူဖြစ်ရာ ထိုစဉ်ကပင် ကျောက်တံတားရပ်ဟု အမည်ထင်ရှား ရှိနေခဲ့ပြီး ဖြစ်ပါသည်။ ကျောက်တံတားရပ်ရှိ ပန်းဆိုး တန်းမှာ ချည်ထည်ပုဆိုးမျိုး ရက်လုပ်ရောင်းချရာ နေရာဖြစ်ပြီး ကိုလိုနီခေတ် ကော်မရှင်နာမင်းကြီး အာသာဖယ်ရာကို ဂုဏ်ပြုလျက် ဖယ်ရာလမ်းဟု မှည့်ခေါ်သည်။ လွတ်လပ်ရေးခေတ်တွင်မှ ပန်းဆိုး တန်းလမ်းဟူ၍ ခေါ်ဆိုကြသည်။

## ကမာရွတ်မြို့အကြောင်း

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ကမာရွတ် မြို့နယ်သည် ၁၉၅၄ ခုနှစ်လောက်က စည်ကားမှု မရှိခဲ့ပါ။ ထိုအချိန်က ကွန်ပ်ရဲ့အသက်သည် ၂၀ မျှ သာ ရှိသေးသည်။ ထို့အပြင် ထိုအချိန်က ရန်ကုန် တစ်မြို့လုံးသွားသော လိုင်းကားတို့သည် ကားအမှတ် အသား အမျိုးမျိုးရှိခဲ့၏။ ကားရဲ့ တံဆိပ်မှာ မြင်းကျား၊ ဆင်၊ ရွက်လှေ စသည်ဖြင့် အမျိုးမျိုးဖြစ်သည်။

ကမာရွတ်မြို့နယ်၏ အကြောင်းကို ယနေ့ လေ့လာသိရှိပုံကို ဖော်ပြလိုပါ၏။

ကမာရွတ်ရဲ့အမည်မှာ မွန်ဘာသာဖြစ်၏။ မြန်မာဘာသာနှင့် 'ကမာ' မှာ ရေကန်ဟု အဓိပ္ပာယ် ရသည်။

အင်းလျားကန်ကြီးကို အစွဲပြုလျက် ၎င်း ထဲ့သို့ ခေါ်ခြင်းဖြစ်သည်ဟု သမိုင်းတွင် တွေ့ရ၏။ ကမာရွတ်မှာ ရန်ကုန်မြို့(ခေါ်)ဒဂုံမြို့ငယ်အဖြစ် ထင် ရှားခဲ့စဉ်ကပင် ရှိခဲ့ပြီး ကမာရွတ်ချောင်း(ခေါ်)စမ်း ချောင်းကလေးတစ်ခုမှာလည်း ရွာအနီးမှ ဖြတ်သန်း စီးဆင်းလျက်ရှိသည်။

ဘိုးတော်ဘုရားလက်ထက် ၁၈၀၂ ခုနှစ်၊ တော်တင်ဘာလ ၅ ရက်နေ့တွင် ဆက်သွင်းသော စစ်တမ်းအရ ကမာရွတ်ချောင်း၏ မြောက်ဘက်မှာ မင်္ဂလာဒုံမြို့ သူကြီးပိုင်နယ်မြေဖြစ်ကြောင်း သိရှိရ၏။

## ကမာရွတ်ခံတပ် တိုက်ပွဲအကြောင်း

အင်္ဂလိပ်၊ မြန်မာ ပထမစစ်ပွဲကာလအတွင်း ၁၈၂၄ ခုနှစ်၊ ဇူလိုင်လ ၈ ရက်နေ့တွင် ကမာရွတ် ခံတပ်၌ တိုက်ပွဲပြင်းထန်စွာ ဖြစ်ပွားခဲ့သည်။ ထိုနေ့ နံနက်တွင် ဗိုလ်မှူးချုပ်မက်ဘင် ဦးစီးသော ကြည်း ကြောင်းချီတက်တပ်များ၊ ရွှေတိဂုံစစ်ဌာနချုပ်မှ ခရီး ၅ မိုင်အကွာ ကမာရွတ်ခံတပ်သို့ ချီတက်ခဲ့ကြသည်။ ကမာရွတ်တွင် အရန်ခံတပ် ခုနစ်ခုနှင့် ခံတပ်မကြီး တို့ရှိရာ ကမာရွတ်တွင် ပင်မခံတပ်၌ သုံးပါးဝန်ကြီး သတိုးမင်းကြီး မဟာဘွဲ့ခံ ဦးရန်အောင်နှင့် ဝန်ထောက် မင်းကြီး အနော်ရထာဘွဲ့ခံ ဦးရွှေမင်းတို့ ခံတပ်အနီး ရောက်ရှိလာကြသောအခါ တိုက်ပွဲစတင်ဖြစ်ပွားတော့ ၏။ လက်နက်အင်အား မမျှတသည့်အပြင် ဗြိတိသျှ တပ်များသည် မြစ်ကြောင်းမှတစ်ဆင့် ထပ်မံအင်အား ဖြည့် ချီတက်လာကြသဖြင့် မြန်မာအရန်တပ်များ တစ်ခုပြီးတစ်ခု ကျဆုံးခဲ့ရ၏။

သုံးပါးဝန်ကြီးသည် အင်္ဂလိပ်တို့အား ထိုးစစ် ဆင်လျက်ရှိရာမှ ခံစစ်သို့ ပြောင်းလိုက်၏။ မကြာမီ ကမာရွတ်ခံတပ် ကျိုးပေါက်သွားကာ အင်္ဂလိပ် စစ်သည်နှင့် မြန်မာရဲမက်တို့ ရောနှောသွားကြသည်။

သုံးပါးဝန်ကြီးသည် ဓားလွတ်ကိုင် တိုက်ပွဲ ဝင်ရင်း ဝန်ထောက်ဦးရွှေမင်းနှင့်အတူ ကမာရွတ်ခံ တပ်တိုက်ပွဲတွင် ကျဆုံးခဲ့ရ၏။

ပထမံဝိဇ္ဇာအောင်



www.burmeseclassic.com

www.burmeseclassic.com

# လာဘ်ဝင်လာဘ်ရှင် အစိဌာန်ပုတီးကျင့်စဉ်

**အင်းစိန်မြို့ အရွှေရွှေနံ့သာကုန်း မဟာဆေးဝက်ဘာ ဆရာတော်ကြီး၏ သမထ ပုတီးအစီအရင်**

## ပထမ်ဆရာကြီး ဦးအောင်သူ

| | |
|---|---|
| တနင်္ဂနွေသားသမီးများ | - အင်သား(၆)လုံး |
| တနင်္လာသားသမီးများ | - ကျွန်းသား(၁၅)လုံး |
| အင်္ဂါသားသမီးများ | - ဆီး(ဇီး)သား(၈)လုံး |
| ဗုဒ္ဓဟူးသားသမီးများ | - လင်းလွန်းသား(၁၇)လုံး |
| ကြာသပတေးသားသမီးများ | - ပေါက်သား (၁၉)လုံး |
| သောကြာသားသမီးများ | - သီးသား(၂၁)လုံး |
| စနေသားသမီးများ | - ထိန်သား(၁၀)လုံး |
| ရာဟုသားသမီးများ | - ရှားသား(၁၂)လုံး |

မိမိမွေးနံကို သိမ်ဝင်ချည်၊ ပရိတ်ကြိုးတို့နှင့် ပြုလုပ်ပြီး မိမိတို့မွေးနေ့မှာ ပုတီးလုံးများကို မွန်းတည့်ချိန်တွင် ပြီးအောင် သီကုံးပြီးလျှင် ဘုရားဂုဏ်တော်၊ တရားဂုဏ်တော်၊ သံဃာဂုဏ်တော်တို့ဖြင့် တန်ခိုးကြီးဘုရား၊ ဇောဓိပင်၊ သိမ်၊ ပင်လယ်၊ မြစ်နှင့် တောင်ထိပ်တို့မှာ ကန်တော့ပွဲပြင်၍ စီရင်ရမည်။ ဤသို့ စီရင်၍ အဆောင်အဖြစ်ဖြင့်သော်လည်းကောင်း ဖော်ပြပါ ဂုဏ်တော်ကိုးပါးကို နေ့ရက်အလိုက် ကျင့်ကြံပွားများပါက သင်နှင့် သင့်အိမ်မိသားစုများသည် ဘေးရန်ကင်း၍ ကျန်းမာချမ်းသာပြီး စီးပွားဥစ္စာများ တိုးတက်လာပါလိမ့်မည်။

### အဓိဋ္ဌာန်ဝင်ရန် အစီအစဉ်

| | |
|---|---|
| ပထမရက် | - "သောဘဂဝါ ဣတိပိ အရဟံ" |
| ဒုတိယရက် | - "သောဘဂဝါ ဣတိပိ သမ္မာသမ္ဗုဒ္ဓေါ" |
| တတိယရက် | - "သောဘဂဝါ ဣတိပိ ဝိဇ္ဇာ စရဏ သမ္ပန္နော" |
| စတုတ္ထရက် | - "သောဘဂဝါ ဣတိပိ သုဂတော" |
| ပဥ္စမရက် | - "သောဘဂဝါ ဣတိပိ လောကဝိဒူ" |
| ဆဋ္ဌမရက် | - "သောဘဂဝါ ဣတိပိ အနုတ္တရော ပုရိသ ဓမ္မသာရထိ" |
| သတ္တမရက် | - "သောဘဂဝါ ဣတိပိ သတ္ထာဒေဝ မနုဿာနံ" |
| အဋ္ဌမရက် | - "သောဘဂဝါ ဣတိပိ ဗုဒ္ဓေါ" |
| နဝမရက် | - "သောဘဂဝါ ဣတိပိ ဘဂဝါတိ" |

စသော ဂုဏ်တော်များကို တစ်နေ့လျှင် ဂုဏ်တော်တစ်ခုဖြင့် အထက်ပါ ပုတီးစိပ်နည်းဖြင့် စိပ်ပြီး (၂၇)ရက် စီးဖြန်းရမည်။

(မှတ်ချက် - အဓိဋ္ဌာန်များ ပြီးစီးအောင်မြင်ပါက ကြီးစွာသော လာဘ်များဝင်ခြင်း၊ ကျန်းမာခြင်း၊ ချမ်းသာခြင်းတို့ဖြင့် ပြည့်စုံပါလိမ့်မည်။)

အထက်ပါပစ္စည်းများကို အလိုရှိပါက အမှတ်-၂၇၊ ၅၂-လမ်း(အောက်)၊ ဗိုလ်တထောင်မြို့နယ်၊ ဖုန်း-၀၉-၂၅၁၀၂၂၃၃၁၊ ၀၉-၂၅၄၇၂၅၂၂၂ သို့ ဆက်သွယ်နိုင်ပါသည်။

ပထမ်ဆရာကြီး ဦးအောင်သူ



www.burmeseclassic.com

www.burmeseclassic.com



သုတေသီမြင့်ထွန်း

# လိုအင်ပြည့်ဝ တရုတ်ဂမ္ဘီရ အစီအမံများ

ညှော့်ခန်း

ညှော့်ခန်းသည် ဧည့်သည်များကို လက်ခံတွေ့ဆုံသည့် အဓိကနေရာဖြစ် ၏။

· ပြတင်းပေါက်သုံးပေါက် တစ်တန်းတည်းရှိနေခြင်းမျိုး မရှိလျှင် တော်လောက်ပါပြီ။ အိမ်ရှင်ထိုင်သော တုလားထိုင်သည် တံခါးပေါက်ကို မျက်နှာမူ၍ ရှိနေရ ညေ်ဖြစ်၏။

ဧည့်သည်များကို လက်ခံတွေ့ဆုံသည့် ဧည့်ခန်းထဲတွင် စားပွဲဝိုင်း၊ ခုံဝိုင်းများ ရှိနေခြင်းက ကောင်း၏။

တရုတ်လူမျိုးတို့၏ နေအိမ်များနှင့် စားသောက်ဆိုင်ကြီးများ၊ စတိုးဆိုင်ကြီးများတွင် ပန်းပင်၊ ပန်းပွင့်များကို ရေအေးဖြင့် ရေဆေးပန်းချီဖြင့် ရေးဆွဲ၍ ချိတ်ဆွဲထားတတ်ကြသည်။ ယင်းသည် ငြိမ်းချမ်းမှု၊ အသက်ရှည်မှုတို့ကို သင်္ကေတပြုသည်ဟုဆို၏။



www.burmeseclassic.com

www.burmeseclassic.com

ဧည့်ခန်းဆောင်တွင် စီးပွားရေးကောင်းမွန်စေသော အန်းကုံးကြွေရုပ်ကြီးများကို ထားရှိတတ်သည်။ စီးပွားရေးကောင်းမွန်ရန်အတွက် အဆောင်သဘောမျိုးဖြင့် ထားရှိခြင်းဖြစ်၏။

အချို့ကလည်း ရွှေခေတ်တရုတ် လေးထောင့်အပေါက်ပါရှိသော ကြေးပိုက်၊ သံပိုက်ပြားများကို ကြိုးနီဖြင့် ချိတ်ဆွဲထားတတ်သည်။ ရွှေခေတ်တရုတ်ကြေးပိုက်တံ ၁၀ ခုကို ဘောလုံးသဏ္ဍာန်စုစည်းပြီး ချိတ်ဆွဲ၍ထားလျှင်လည်း စီးပွားတိုးတက်သည်။ ရန်ဘက်တွေကိုကာကွယ်အောင်နိုင်သည်ဟု အယူရှိ၏။

ဧည့်ခန်း၏တစ်နေရာတွင် ကြွေထည်ဖြင့် ပြုလုပ်ထားသော တရုတ်သူတော်စင်ကြီးများ၏ပုံကို ထားရှိတတ်သည်။ ကံကောင်းမှု၊ ကျော်ကြားမှု၊ အောင်မြင်မှုနှင့် စီးပွားလာဘ်လာဘအတွက် ဖြစ်သည်ဆို၏။

●

## မီးဖိုနှင့် စားသောက်ဆိုင်

တရုတ်လူမျိုးတို့သည် မီးဖိုကို ဂရုပြုကြ၏။ အထူးသဖြင့် ထမင်းအိုးတည်သည့်နေရာနှင့် ဟင်းအိုးတည်သည့် မီးဖိုနေရာ ဖြစ်သည်။ မီးဖိုသည် ကံကြမ္မာ၏ သင်္ကေတဖြစ်သည်။ အသို့ဟူမူ အစားအသောက်များကို ဤနေရာမှ ချက်ပြုတ်ရ၍ ဖြစ်၏။

တရုတ်ဘာသာစကားဖြင့် "ဆိုင်း"ဟူသော ဝေါဟာရအသံသည် နေဥစ္စာဟူသည့် ဝေါဟာရအသံနှင့် အတူတူပင်ဖြစ်သည်။ ထို့အပြင် အစားအသောက်သည် ကျန်းမာရေး၊ စိတ်နေစိတ်ထား၊ အပြုအမူ စသည်တို့ကို အဆုံးအဖြတ်ပေး၏။

သဘောမှာ အစားအသောက်ကြောင့် ကျန်းမာရေးကောင်းမှု၊ အရည်အသွေးကောင်းမှုတွေကို ဖြစ်စေသည်။ အစားအသောက်အမျိုးအစား ကောင်းကောင်းတွေကို ချက်ပြုတ်လျှင် လောကကြီးတွင် အလုပ်ကောင်းကောင်း လုပ်နိုင်သည်။ ထိုအခါမှာ ပိုက်ဆံပိုရလာမည်။ ယင်းအချိန်မှာ အစားအသောက်ကောင်းတွေကို ဝယ်စားနိုင်မည်။ အစားအသောက်နှင့် ငွေကြေးသံသရာမှာ ဤသို့ပင် လည်ပတ်နေ၏။

မီးဖိုကို အခန်းဆောင်ကျဉ်းတွင် မထားရပါ။ ချက်ပြုတ်ရသူတွေ မလွတ်မလပ်နှင့် ကတ်သီးကတ်သတ် အနေအထားတွင် မရှိစေရ။ မီးဖိုချောင် ကျဉ်းလျှင် ကျယ်ပြန့်သည့်သဘောဆောင်အောင် မှန်တွေတပ်ဆင်ထားသင့်သည်။ မီးဖိုပေါ်တွင် တရုတ်လူမျိုး တော်တော်များများသည် မီးဖိုချောင်နတ်မင်း၏ပုံကို ချိတ်ဆွဲထားတတ်ကြသည်။ မီးဖိုချောင်နတ်သည် မီးဖိုနှင့် မိသားစုတို့ကို အပေါ်မှနေ၍ စောင့်ရှောက်ကြည့်ရှုနေ၏။

တရုတ်လူမျိုးတို့၏ အယူအဆအရ တရုတ်နှစ်သစ်ကူးကာလတွင် မီးဖိုဆောင်စောင့်နတ်သည် ကောင်းကင်ဘုံသို့ ခေတ္တခဏအလည်သွားကာ အိမ်သူအိမ်သားများအကြောင်းကို သွားရောက်သတင်းပို့တတ်၏။

ကောင်းကင်ဘုံသို့ မသွားခင် သူ့ကို စားကောင်းသောက်ဖွယ်တွေနှင့် ပသကြရသည်။ သူ့နှုတ်ခမ်းကို ပျားရည်ဆွတ်ပေးရသည်။ ထိုအခါ သူသည် ကောင်းကင်ဘုံတွင် ဤမိသားစုအကြောင်းကို အကောင်းပြောလိမ့်မည်ဆို၏။

မီးဖိုချောင်မှာ ကျဉ်းမြောင်းပြီး ထောင့်စွန်းကြီးတွေက ဟင်းချက်သူကို ထိုးနေလျှင် ထိုနေရာများတွင် မှန်တပ်ပါ။ သို့မဟုတ်လျှင် စပျစ်နွယ်ပင်ကို စိုက်ထားပါ။

အကောင်းဆုံး မီးဖိုချောင်နေရာမှာ ထမင်းဟင်းချက်သူက မီးဖိုချောင်ထဲ ဝင်လာသူအားလုံးကို လှမ်းမြင်နိုင်သော နေရာဖြစ်သည်။ ထမင်းချက်သူသည် တံခါးပေါက်ကို နောက်ကျောပေးထားလျှင် ကျန်းမာရေး၊ စီးပွားရေး၊ အိမ်တွင်းရေး မကောင်းတတ်ပါ။

မလွှဲမရှောင်သာ၍ ထိုသို့ဖြစ်ပျက်နေလျှင် မီးဖိုပေါ်တွင် မှန်တစ်ချပ် ချိတ်ဆွဲထားပါ။ သို့မဟုတ် မီးဖိုဝင်ပေါက်တွင် ခေါင်းလောင်း (သို့မဟုတ်) ချူကို ချိတ်ဆွဲထားပါ။

စားသောက်ဆိုင်ကြီးများ၏ နံရံများတွင် ကိုယ်



www.burmeseclassic.com

www.burmeseclassic.com

လုံးပေါ် မုန့်ချပ်ကြီးများကို တပ်ထားခြင်းဖြင့် လူဦးရေ နှစ်ဆ တိုးသကဲ့သို့ ခံစားရသည်။ ငွေသိမ်းသည့်ကောင်တာတွင် မုန့်ချပ်များတပ်ခြင်းအားဖြင့် ဝင်ငွေတွေ နှစ်ဆတိုးသည့် နိမိတ်ကောင်းကို ဆောင်၏။

တရုတ်စားသောက်ဆိုင် အများစုမှာ ရွှေနှင့် အနီရောင်ကို မင်္ဂလာအရောင်အဖြစ် သုံးကြသည်။ နံဘေးနံရံများတွင် ရှမ်မျော့ခင်းပုံ၊ ပန်းပုံ၊ သူတော်စင်ကြီးများ၏ ပုံတော်များကို ချိတ်ဆွဲထားကြသည်။ အသက်ရှည်ခြင်း၊ ငြိမ်းချမ်းခြင်း၊ စီးပွားဥစ္စာတိုးပွားခြင်း နိမိတ်ဖြစ်၏။

ထို့အပြင်လည်း . . .

"ပျော်ရွှင်မှု နှစ်ဆပွားပါစေ"

"သက်တော်ရာကျော် ရှည်ပါစေ"

"ချမ်းသာကြွယ်ဝပါစေ"

ဟူသော ဆောင်ပုဒ်တွေကိုလည်း နံရံတွင် ရေးသားထားကြသည်။ စားသောက်ဆိုင်များတွင် ငါးအလှမွေးကန်တွေလည်း ထားကြသည်။ ငွေကြေးသရုပ်ကို ဆောင်ခြင်း ဖြစ်၏။

တရုတ်စတိုးဆိုင်ကြီးများတွင် ဓနဥစ္စာကို စောင့်ရှောက်သော နတ်ဘုရားပုံတော်များကို စင်ဖြင့် သီးသန့်တိုးကွယ်ထားကြသည်။ အချို့ ဓနဥစ္စာကို စောင့်ရှောက်သော နတ်ဘုရားပုံတော်များကို ပန်းချီကားချပ်ကြီးအဖြစ် ရေးဆွဲကာ နံရံအမြင့်တွင် ချိတ်ဆွဲထားတတ်ကြသည်။ အရောင်းကျနေသော ရွှေဆိုင်ဖြစ်လျှင် ဆိုင်၏ထောင့်တစ်ထောင့်တွင် စပျစ်နွယ်ပင်အတုကို ချိတ်ထားလျှင် အရောင်းတက်တတ်၏။

အပင်များကိုချိတ်ရာ၌ သက်ရှိ အပင်တွေသာမက စက္ကူပန်းပင်၊ ပလတ်စတစ် အပင်အတုတွေကိုပါ ထား၍ရသည်။ ပလတ်စတစ်အပင်တုများကိုထားလျှင် ဖုန်တက်လာက မကြာခဏ ဆေးကြောပေးရန် လိုအပ်သည်။ စတိုးဆိုင်ကြီးများတွင် အပင်တွေ နေရာအနှံ့ထားခြင်းအားဖြင့် ဈေးဝယ်သူများကို ဆွဲဆောင်မှုရှိစေ၏။

●

## အိမ်သစ်ပြောင်း

အိမ်သန့်မင်္ဂလာ ပြုလုပ်သောအခါ လိမ္မော်ခွံ၊ သံပရာခွံ၊ ရှောက်ခွံ သုံးခုကို ရေအပြည့်ထည့်ထားသော ပုံးတွင်ထည့်ပြီး အိမ်၏နံရံတွေ၊ ကြမ်းပြင်တွေအနှံ့ လျှောက်ပက်ကာ မကောင်းဆိုးဝါးများကို နှင်ထုတ်ရ၏။

အိမ်ပြောင်းသည့် နေ့ရက်တွင် ဝံပုလွေတစ်လက် (ဝံပုလွေသည် ဓား၏သင်္ကေတ)၊ ပန်းအိုးတစ်လုံး (လုံခြုံမှုနှင့် ငြိမ်းချမ်းမှုသင်္ကေတ)၊ ပန်းအိုး၏ လည်ပင်းနေရာတွင် အနီရောင်ဖဲပြားကိုချည်၊ ထိုပုလွေနှင့် ပန်းအိုးကို အိမ်ခန်းတွင်းသို့ ယူသွားပါ။ အိမ်ခန်းတိုင်းကို အိမ်ရှင်သစ်တစ်ဦး ရောက်လာပြီဖြစ်ကြောင်း အသိအမှတ်ပြုပါရန် ပန်ကြားခြင်းဖြစ်၏။

အိမ်ပေါက်ဝတွင် အိမ်တက်မင်္ဂလာ ဆင်ယင်သည့်အခါ ဗျောက်အိုးတွေဖောက်ပါ။ အိမ်တစ်အိမ်၏ အိမ်သားတစ်ဦး ကွယ်လွန်လျှင်လည်း သူ၏ဝိညာဉ် လွင့်ပြယ်သွားရန် ဗျောက်အိုးဖောက်လေ့ရှိ၏။

အိမ်သစ်သို့ ပြောင်းလာသော ညတွင် ခုတင်အဟောင်းတွင် မအိပ်ရ။ အိပ်ရာခင်းအသစ်၊ မွေ့ရာအသစ်ဖြင့် မင်္ဂလာနေ့အဖြစ် စတင်ပြီး မင်္ဂလာယူပါ။

●

## ငါး

တရုတ်လူမျိုးတို့သည် မိမိနှင့် ထမင်းဝိုင်း အတူစားသောက်နေသူတစ်ယောက်သည် ငါးရိုးစူးနေလျှင် ထမင်းဝိုင်းတွင်ရှိသော ဟင်းခွက်အားလုံးတို့ကို နေရာချွေ့ပြောင်းလိုက်ပါ။ အရိုးစူးနေသူသည် ချက်ချင်း အရိုးကျသွားလိမ့်မည်ဖြစ်သည်ဆို၏။ ငါးကို အကောင်လိုက် ကြော်လော်၍ စားသောက်လျှင် ဦးခေါင်းနှင့် အမြီးကိုဖယ်၍ အပေါ်ဘက်က အသားပိုင်းကို ဦးစွာစားသောက်ပါ။ ထို့နောက် အောက်ပိုင်းက အသားပိုင်းကို အပေါ်သို့ပြန်၍လှန်ပြီး မစားသောက်ပါနှင့်။ ငါး၏ အလည်ကြောရိုးများကို ပြန်လှန်ပြီး စားသုံးလျှင် မိမိလုပ်ကိုင်



www.burmeseclassic.com

www.burmeseclassic.com

နေသော အလုပ်များသည် ကပြောင်းကပြန် ဖြစ်ပျက်တတ်သည်ဟု ယူဆလေ့ရှိ၏။

●

ဂဏန်း

တရုတ်လူမျိုးတို့၏ မင်္ဂလာအရှိဆုံး ဂဏန်းများမှာ 'ကိုး'ဂဏန်းနှင့် 'တစ်'ဂဏန်းတို့ဖြစ်သည်။ 'ကိုး' ဂဏန်းသည် ပြည့်ဝမှုကို ဖော်ဆောင်သည်။ အင်အားအကြီးဆုံးဂဏန်း ဖြစ်သည်။ 'တစ်'ဂဏန်းသည် အဦးအစ (သို့မဟုတ်) မွေးဖွားမှုကိုပြ၏။

တရုတ်လူမျိုးတို့၏ အယူအဆအရ 'လေး'ဂဏန်းသည် ကန်တုံဘာသာစကားအရ 'မရဏ'ဖြစ်သည်။ တရုတ်လူမျိုးတို့သည် '၄၂၄'ဂဏန်းကို အမြဲရှောင်သည်။ "သေပြီးရင်းသေ" ဟူသော အဓိပ္ပာယ်ရ၏။

●

လက်ဆောင်

တရုတ်လူမျိုးတို့သည် လက်ပတ်နာရီသော်လည်းကောင်း၊ စားပွဲတင်နာရီသော်လည်းကောင်း အကြောင်းတစ်ခုခုကြောင့် လက်ဆောင်ရရှိခဲ့သော် ကံဆိုးတတ်သည်ဟု အယူရှိကြ၏။

မြူခွမ်နစ်ထုပ်နှင့် ကြက်ဥ ၁၀ လုံး လက်ဆောင်ရရှိခဲ့သော် လူမမာဖြစ်နေခဲ့လျှင် ကျန်းမာလာနိုင်သည်။ လူကောင်းပကတိဖြစ်နေခဲ့သော် မိမိလိုအင်ဆန္ဒများပြည့်ဝပြီးစီး အောင်မြင်နိုင်သည်ဟု အယူရှိကြ၏။

●

တရုတ်ဆေးမြီးတို ကုထုံးမျိုးစုံ

တရုတ်လူမျိုးတို့သည် မကောင်းသော အိမ်နီးနားချင်းနှင့် တွေ့လျှင်ဖြစ်စေ၊ သို့တည်းမဟုတ် ပုံမမှန်သောအခန်းများတွင် နေထိုင်ရလျှင်ဖြစ်စေ၊ တစ္ဆေခြောက်သလိုလို ဘာလိုလို စိတ်ထဲ၌ မသိုးမသန့် ခံစားရလျှင်ဖြစ်စေ မှန်တပ်ထားရုံနှင့် ကိစ္စပြီး၏။

ရှေးခေတ်အခါက တရုတ်စစ်သူကြီးများသည် မှန်ကို ဒိုင်းလွှားများတွင် တပ်ဆင်တတ်သည်။ အိမ်အပြင်နှင့် အိမ်အတွင်းမှာလည်း မှန်တွေချိတ်ဆွဲလေ့ရှိသည်။ တရုတ်ရှေးဟောင်း သုတေသနပညာရှင်များသည် ရှေးတရုတ်ဘုရင်များ၏ ဂူသချိုင်းများကို ဖော်ထုတ်သောအခါ မှန်ပေါင်း ရာနှင့်ချီပြီး တွေ့ရှိခဲ့ရသည်ဆို၏။

မှန်၏တောက်ပမှုသည် နေ၏အလင်းရောင်နှင့် လ၏အလင်းရောင် နှစ်ခုပေါင်းကို ကိုယ်စားပြုသည်ဟူ၍ ယုံကြည်ကြ၏။

အိမ်သန့်၊ မြေသန့်ကို ပြုလုပ်ရာတွင် အခြားသောနည်းတွေလည်း ရှိသေးသည်။ အခြေခံနည်းကား သုံးနည်းရှိ၏။

(၁) ဟောင်းလောင်းပေါက် ဝါးလုံးပိုင်ကို မြေကြီးထဲ တစ်ဝက်ခန့် ရိုက်သွင်းပါ။ တစ်ဖက်ကို မြေပေါ်မှာ ဖော်ထားပါ။ ထိုဝါးလုံးတိုင်၏ထိပ်တွင် မီးလုံးတစ်ထားပါ။

(၂) အိမ်၏ပုံစံအမျိုးအစား မှုမမှန်ဖြစ်နေလျှင် အစွန်းထွက်သည့်အပိုင်းကိုဖျက်၊ သို့တည်းမဟုတ် ပုံပန်းသဏ္ဌာန်ညီမည့်အဆောင်ကို တိုးချဲ့ဆောက်လုပ်ခြင်းဖြင့် ခါတ်ကိုမျှတအောင် ပြန်လည်တည့်ပေးရာရောက်၏။

(၃) အိမ်၏ မှောင်နေသော နေရာများတွင် မီးထွန်းထားပါ။ အချို့နေရာများတွင် ငါးကန်ကိုထားပါ။ အိမ်ပေါက်ဝတွင် အသံသာယာသော ချူများ၊ ဆည်းလည်းများ ချိတ်ဆွဲထားခြင်းအားဖြင့် သာယာချမ်းမြေ့သောအိမ် ဖြစ်လာနိုင်သည်ဟု ဆို၏။

အားလုံးသတ္တဝါ ချမ်းသာပါစေ။

---

**သုတေသီမြင့်ထွန်း**

---



www.burmeseclassic.com

www.burmeseclassic.com

# ကျန်းမာရေး တရုတ်အင်းလက်ဖွဲ့ အဆောင်များ

■ ကေတီအောင်သိန်း(ရန်ကုန်တက္ကသိုလ်)


**(၁) Jan ၁ လပိုင်း မွေးသူများ အတွက် အင်းလက်ဖွဲ့အဆောင်**

တရုတ်နက္ခတ္တနှင့် ဂမ္ဘီရပညာ အရ ဤလမွေးသူများမှာ မျက်စိရောဂါ၊ မိုက်နာရောဂါ၊ အော့အန်ခြင်း၊ အစာအိမ်ရောဂါ၊ ဘယ်ဘက်ခြေထောက်နာခြင်းဖြစ်လျှင် အောက်ပါ အင်းလက်ဖွဲ့အဆောင် ဆောင်ထားပါက ရောဂါကင်းဝေး ကျန်းမာဘေးကင်းနိုင်ပါသည်။




**(၂) Feb ၂ လပိုင်း မွေးသူများ အတွက် အင်းလက်ဖွဲ့အဆောင်**

မျက်စိနာ၊ ညာဘက်ခြေလက်ခါးနာ ကိုက်ခဲလျှင် အောက်ပါအဆောင်ကို ဆောင်ထားကြရပါမည်။




**(၃) Mar ၃ လပိုင်း မွေးသူများ အတွက် အင်းလက်ဖွဲ့အဆောင်**

မျက်စိရောဂါ၊ ခြေလက်ကိုက်ခဲခြင်း၊ ဝမ်းဗိုက်နာရောဂါ၊ အစာအိမ်ရောဂါကင်းဝေးရန် အဆောင်ကောင်း




**(၄) Apr ၄ လပိုင်း မွေးသူများ အတွက် အင်းလက်ဖွဲ့အဆောင်ကောင်း**

အထူးကာကွယ်ရန် နှလုံးရောဂါ ပါးစပ်ခံတွင်းရောဂါ၊ မျက်စိ၊ ခြေလက်ခါးကိုက်ခဲရောဂါ။



**(၅) May ၅ လပိုင်း မွေးသူများ အတွက် အင်းလက်ဖွဲ့အဆောင်ကောင်း**

အထူးကာကွယ်ရန် မျက်စိရောဂါ၊ ဝမ်းဗိုက်၊ အစာအိမ်ရောဂါ၊ ခြေလက်ခါးကိုက်ခဲရောဂါများ။






www.burmeseclassic.com

www.burmeseclassic.com

**(၆) June ၆ လပိုင်း မွေးသူများ အတွက် အင်းလက်ဖွဲ့အဆောင်ကောင်း**

အထူးကာကွယ်ရန် မျက်စိရောဂါ၊ ပါးစပ်ခံတွင်းရောဂါ၊ နှလုံးရောဂါ၊ ခြေလက်ခါးကိုက်ခဲရောဂါ။




**(၇) July ၇ လပိုင်း မွေးသူများ အတွက် အင်းလက်ဖွဲ့အဆောင်ကောင်း**

အထူးကာကွယ်ရန် မျက်စိရောဂါ၊ နှလုံးရောဂါ၊ ဝမ်းဗိုက်အစာအိမ်ရောဂါ၊ ခေါင်းကိုက်ခြင်း၊ စားမဝင်အိပ်မပျော်ခြင်းအတွက်။



**(၈) Aug ၈ လပိုင်း မွေးသူများ အတွက် အင်းလက်ဖွဲ့အဆောင်ကောင်း**

ခေါင်းကိုက်ခြင်း၊ မျက်စိရောဂါဖြစ်ခြင်း၊ နှလုံးရောဂါ၊ ပါးစပ်ခံတွင်းရောဂါ၊ ခြေလက်ကိုက်ခဲခြင်းရောဂါ ကာကွယ်ရန်။



**(၉) Sep ၉ လပိုင်း မွေးသူများ အတွက် အင်းလက်ဖွဲ့အဆောင်ကောင်း**

ခါးနာ၊ ခြေလက်၊ ခွန်အားကြောကိုက်ခဲနာကျင်ခြင်းတို့ကို ကာကွယ်ရန်။



**(၁၀) Oct ၁၀ လပိုင်း မွေးသူများ အတွက် အင်းလက်ဖွဲ့အဆောင်ကောင်း**

ဝမ်းဗိုက်၊ အစာအိမ်၊ အူရောဂါ၊ ခါးကိုက်လက်ကိုက်ခဲရောဂါ ကာကွယ်ရန်။




**(၁၁) Nov ၁၁ လပိုင်း မွေးသူများ အတွက် အင်းလက်ဖွဲ့အဆောင်ကောင်း**

မျက်စိရောဂါ၊ ဝမ်းဗိုက်၊ အစာအိမ်ရောဂါ၊ ခြေလက်ကိုက်ခဲရောဂါ ကာကွယ်ခြင်းပြုရန်အတွက် အသုံးပြုနိုင် ဖြစ်သည်။



**(၁၂) Dec ၁၂ လပိုင်း မွေးသူများ အတွက် အင်းလက်ဖွဲ့အဆောင်ကောင်း**

အထူးကာကွယ်ရန်မှာ မျက်စိရောဂါ၊ ကိုယ်လက်ကိုက်ခဲရောဂါ၊ နှလုံးရောဂါခံစား၊ ပါးစပ်လျှာရောဂါအတွက်။



**ကေတီအောင်သိန်း(ရန်ကုန်တက္ကသိုလ်)**

**Ref:-**

**တရုတ်စွယ်စုံကျမ်း၊ ၂၀၁၄ ခုနှစ်။**

**(Hong Kong China)**



www.burmeseclassic.com

www.burmeseclassic.com

# တရုတ်အမျိုးသားတို့၏ ကိုးကွယ်ယုံကြည်မှု

## ■ သုတေသီမြင့်ထွန်း

တရုတ်အမျိုးသားတို့၏ မဟာယာနဂိုဏ်းတွင် ကိုးကွယ်ရန် ပုဂ္ဂိုလ်သုံးဆင့် ထားရှိ၏။

(က) ဘုရားများ

(ခ) ဘုရားလောင်းများ

(ဂ) နတ်များ

### (က) ဘုရားများ

**ပထမတန်း ဘုရားကြီး ။ ။** (၁) ဂေါတမဗုဒ္ဓ သကျမုနိဖြစ်သည်။ (တရုတ်လို ဂျူလယ်)ကိုလည်း တစ်ခါတစ်ရံသုံးသည်။ အများအားဖြင့် ရတနာသုံးပါး ရေတွက်ရာ၌လည်းကောင်း၊ သုခဝတီအတွက်လည်းကောင်း သုံး၏။

**ဒုတိယတန်း ဘုရားကြီး ။ ။** (၂) အမိတာဘာ ဖြစ်သည်။ ရုပ်ပုံတွင် ခေါင်းကြီးကိုယ်သေး၊ ယာလက်ချ၍ လက်ဝါးပြထား၊ ဝဲလက်ရင်တွင် ကြာပွင့်ကိုင်ထား၏။

**တတိယတန်းဘုရားကြီး ။ ။** (၃) (တရုတ်ကို ယောရှိဖူး)ခေါ် ဆေးဝါးဘက်နှင့်ဆိုင်သောဘုရား။ သက္ကတလို (ဘေသဇ္ဇဖယဂုရုဝေဒုဃ)ခေါ်သည်။ အဖျားအနာ ရောဂါစွဲသူ၊ အကျိုးအကန်းဖြစ်သူ၊ အကျဉ်းအကျပ်ကျနေသူ၊ ဆင်းရဲဒုက္ခရောက်နေသူတို့ကို ကယ်မဆောင်မတော်မူသည်ဟု ယူဆကြ၏။

(၄) ဝေရောစန (တရုတ်လို ပ–အီ–လု–ချီး–န) လက်နှစ်ဘက် ရင်ပေါ်တွင် ပိုက်ထား၊ လက်ညှိုးကို အပေါ်သို့ ထောင်ထားရှိ၏။

(၅) လောရှန (တရုတ်လို လု–ရှိ–န)ညာလက် ပေါင်ခွင်တွင်တင်ထား၊ လက်ဝဲရင်တွင်ထား၊ လက်မနှင့် လက်ခလယ်ထိထားရှိ၏။

ဤအထက်ဖော်ပြပါ ဘုရားကြီးငါးဆူသည် ထင်ရှား၏။ မထင်ရှားသော အခြားတစ်ဆူကား ဒီပင်္ကရာ (ဂျန်–တိန်း–ဖူး)ဖြစ်သည်။ အမည်အတိုင်း မီးခွက် ၂၀၈ တို့ဖြင့် ဖုံးလွှမ်းထွန်းထားလေ့ရှိသည်။ ဤမျှကား ထင်ရှားသော ဘုရားတို့ကိုသာ ပြသည်။ မထင်ရှားသော ဘုရားတို့ကား များစွာရှိသေး၏။

### (ခ) ဘုရားလောင်းများ

ဘုရားလောင်းများကို တရုတ်လို (ပ–အု–တ၊ အီ–စ။ ထော– ဝါ–ပ–အုစ)ဟူ၍ ခေါ်သည်။ (ပါဠိဗောဓိသတ္တ–ဗောဓိသတ္တော၊ ဗောဓိသတ်ကို ဆိုလိုသည်။)ယင်းတို့မှာ ဘုရားဖြစ်ပြီး နိဗ္ဗာန်ကိုယူနိုင်၏။

သို့ရာတွင် သတ္တဝါတို့ကိုကယ်ရန်ကိုငဲ့၍ မယူဘဲနေကြသည်။ ရုပ်ပုံမှာ ဘုရားနှင့် ဦးခေါင်းအဆင်ကွဲသည်။ ဘုရားမှာ အပြာရောင်၊ ရောင်ခြည်တော် ဦးခေါင်းပတ်လည်တွင် ရှိသည်။ ဘုရားလောင်းတို့ကား ဦးခေါင်းတွင် သရဖူဆောင်းတင်ထား၏။

ထင်ရှားသော ဘုရားကြီးငါးဆူထားသကဲ့သို့ ထင်ရှားသော ဘုရားလောင်းငါးပါး ထားရှိ၏။

(၁) ပထမတန်းဘုရားလောင်း။ အဝလောကိတေသွာရ–အဝလောကိပ (တရုတ်လို ကွမ်ရင်)လောကကို ကရုဏာဖြင့် အမြဲစောင့်ရှောက်ကြည့်ရှုနေသော ကရုဏာအသျှင်ဟု အဓိပ္ပာယ်ရ၏။

ဤဘုရားလောင်းမှာ အစရှေးဦး၌ ပုလ္လိင်ယောကျ်ားဖြစ်သည်။ ယခုတိုင် တရုတ်ပြည် ကျောင်းဟောင်းကြီးများ၌ ၎င်း၏ ရုပ်ပုံဟောင်းများမှာ၊ ယောကျ်ားရုပ် မုတ်ဆိတ်နှင့် မျက်နှာ တင်းတင်းကြဲကြဲရှိသည်။ ဤပုလ္လိင်အနေတွင် "အမိတာဘာ၏ သားတော်"ဟူ၍ ခေါ်သည်ဆို၏။

နောင်အခါ၌ကား ဣတ္ထိလိင်မိန်းမဖြစ်သွားသည်။ ဖြစ်သွားပုံမှာ ယင်းဘုရားလောင်းမှာ လောကလူသားတို့၏ဘေးရန်ကို တားဆီး အကျဉ်းအကျပ်ကျနေသူ၊ ခိုးသူ၊ ရာဇဝတ်သားတို့ကိုပင် ကယ်၏။



www.burmeseclassic.com

www.burmeseclassic.com

အားလုံးတို့၏ ချမ်းသာမှုကို လိုလားသည်။ စသည်ဖြင့် အမိသည် သားကို ကြင်နာယုယစွာ စောင့်ရှောက်သကဲ့သို့ပင် သဘောအားဖြင့် ယူဆကာ လောကလူသားတို့၏ အမိသဘောသို့ သက်ရောက်၊ တဖြည်းဖြည်း အမိအမ မိန်းမ ဣတ္ထိလိင် အဖြစ်သို့ ရောက်ရှိသွားသည်ဆို၏။

(၂) ဒုတိယတန်း ဘုရားလောင်း ။ အမိတာဘာ၏ ဒုတိယသား တ–ရှိ– ချိ။

(၃) တတိယတန်း ဘုရားလောင်း ။ (တရုတ်လို မိလိုဖူး) အရိမေတ္တေယျဘုရားလောင်းပင် ဖြစ်သည်။ ယခုအခါ တုသိတာနတ်ပြည်တွင် ရှိနေသည်ဟု ယုံကြည်ကြ၏။

ယင်း၏ ရုပ်ပုံတော်မှာ ပြုံးရွှင်နေသော လူဝကြီးဖြစ်ပြီး အဝတ်ကို ဖယ်ထား၍ ဝမ်းဗိုက်ပူပြီး ဖော်ထားလေ့ရှိသည်။ ယာလက်တွင် ပန်းခက်ပန်းပွင့်၊ သို့မဟုတ် ပုတီးကို ကိုင်ထားရှိပြီး ဝဲလက်က နောင်အခါတွင် ပေးမည့် ချမ်းသာလက်ဆောင်များ ပါရှိသည့် အိတ်စကို ဆုပ်ကိုင်ထားရှိသည်။ ဤရုပ်တု၊ ရုပ်ပုံတော်ကို တရုတ်အမျိုးသား အိမ်တိုင်းလိုလိုပင် ရှိသည့်သာမက ဈေးဆိုင်များတွင်လည်း ထားရှိသည်ကို မြင်တွေ့ရလိမ့်မည်ဖြစ်၏။

(၄) စတုတ္ထတန်းဘုရားလောင်း။ (တရုတ်လို ဝင်းရှူ) ပညာရှင်အရုပ်မှာ ခြင်္သေ့ပေါ်တွင် စီးထား၏။

(၅) ပဥ္စမတန်းဘုရားအလောင်း။ (တရုတ်လို ပ၊ အု–ဆီယင်)ကရုဏာရှင် အရုပ်မှာ ဆင်ပေါ်တွင် စီးထား၏။

## (ဂ) အရဟတ်များ

(၁) သျှင်သာရိပုတ္တရာ၊ (၂) သျှင်မောဂ္ဂလာန်၊ (၃) သျှင်မဟာကဿပ၊ (၄) သျှင်အနုရုဒ္ဓါ၊ (၅) သျှင်သုဘုတိ၊ (၆) သျှင်ပုရဏ၊ (၇) သျှင်ကုတျာယဝ၊ (၈) သျှင်ဥပါလိ၊ (၉) သျှင်ရာဟုလာ၊ (၁၀) သျှင်အာနန္ဒာ

## (ဃ) နတ်များ

ထင်ရှားသောနတ် ၂၄ ပါး ပြုထားသည်။ ဗြဟ္မာ၊ သိကြား၊ ယမမင်း၊ စတုမဟာရာဇ်၊ စစ်ဘက်ဆိုင်ရာ နတ်များ ပါရှိသည်။ ကွန်ဖူးသျှုဆရာကြီးနှင့် စာပေဘက်ဆိုင်ရာ နတ်တို့ကိုလည်း ဤနတ်စာရင်းတွင် ထည့်၍ပြ၏။

## (င) ရတနာသုံးပါး

အများအားဖြင့်

ဘုရား(ဖူး) = သကျမုနိဘုရား၊ အမိတာဘာဘုရားကိုလည်း အစားယူနိုင်၏။

တရား (ဖ)= ဝေရောစန(ပ၊အိ–လ–ချိး–န) ဘုရားငယ်ကိုထား၏။

သံဃာ (ဆင်း) = လောရှန (လူရှီးန)ကို ထား၏။

## (စ) သုခဝတီဂိုဏ်းတွင်

(၁) အလယ်က အမိတာဘာ၊

(၂) ဝဲဘက်က ကွယ်ရင်၊

(၃) ယာဘက်က တ–ရှိ–ချိ

ဤသုံးပါးကို အတွင်းဆောင်များတွင် ထားလေ့ရှိ၏။ ခန်းမကြီး အပြင်ဘက်တွင်ကား

(၁) မိလိုဖူး၊ (၂) ကွမ်ရင်၊ (၃) ယောက်ရှီဖူး

သုံးပါးကို ထားရှိသည်ကို တွေ့ရတတ်၏။ လူးဆွန်ဂိုဏ်းခေါ် ဝိနည်းဘက်ကို ညွှတ်သောဂိုဏ်းတွင်

(၁) အလယ်က ဗုဒ္ဓဘုရား၊

(၂) ဝဲဘက်က ဝင်းရှူဘုရားလောင်း(နံပါတ် ၄ ပဥ္စသီရိ)၊

(၃) ယာဘက်က ပ၊ အုဆီယင်ဘုရားလောင်း (နံပါတ် ၅ သမန္တဘဒ္ဒ)၊

## (ဆ) အားထားရာနတ်များ

တရုတ်လောကီ ပညာရှင်များ အားထားရာနတ်များကို လေ့လာကြည့်သောအခါ တရုတ်ဂမ္ဘီရသိပ္ပံ၊ ဝိဇ္ဇာဓရ လောကီပညာ အစီအရင် အလိုငှာ တစ်ဆင့်ထက်တစ်ဆင့်မြင့်၍ –

(က) သေဆုံးပြီးသူများ၏ ဝိညာဉ် အရိပ် (The Spirit of The Dead) များ။

(ခ) ကောင်းကင်ဘုံ (သို့မဟုတ်) စေတမန်နတ်များ (Celestial or Angelic Intelligence)

(ဂ) ချန်ခွေ (Chung-Khwe) ခေါ်သော မကောင်းဆိုးဝါးများကို နှိမ်နင်းသည့် နတ်ချုပ် (The Chief Demondestroying Spirit)တို့နှင့် အဆက်အသွယ်ပြုရ၏။

ဝူး (ခေါ်) နန်း လောကီပညာရှင် အမျိုးသမီးများတွင် သတိလစ်၍ မေ့မျောနေစဉ် (In A State of Teance)နတ်မှ မပီမသ ရွတ်ဆိုချက်များမှာ အလွန်ထိရောက်ကြောင်း ဖွင့်ဆိုလူကျမ်း၍ မြင်တွေ့ရ၏။

သုတေသီမြင့်ထွန်း



www.burmeseclassic.com

www.burmeseclassic.com

# တရုတ်ရွှေစက္ကူ ငွေစက္ကူ မီးရှို့ခြင်း

## (တရုတ်ရိုးရာဓလေ့)

■ ကေတီအောင်သိန်း(ရန်ကုန်တက္ကသိုလ်)

တရုတ်လူမျိုးတို့သည် ရွှေစက္ကူ၊ ငွေစက္ကူ မီးရှို့ခြင်း ရိုးရာဓလေ့တစ်ခုရှိခဲ့ရာ ယနေ့အထိတိုင်အောင် တရုတ်လူမျိုးရှိရာ ကမ္ဘာအရပ်ရပ် နေရာအနှံ့အပြားတွင် ကျယ်ပြန့်စွာ ကျင့်သုံးလျက်ရှိသည်ကို မြင်တွေ့ကြရပေသည်။

### ရွှေစက္ကူ၊ ငွေစက္ကူ ဆိုဒ်အမျိုးမျိုး

ရွှေစက္ကူ၊ ငွေစက္ကူဆိုသည်မှာ ကောက်ရိုးများဖြင့်ပြုလုပ်ထားသော စက္ကူပွပွ၊ ဝါဖန့်ဖန့် စက္ကူကြမ်းများပေါ်၌ ရွှေဝါမင်သုတ်ထားလျှင် ရွှေစက္ကူဟုလည်းကောင်း၊ ငွေမင်သုတ်ထားလျှင် ငွေစက္ကူဟုလည်းကောင်း သတ်မှတ်ကြပေသည်။ ၎င်းရွှေစက္ကူ၊ ငွေစက္ကူ၏ အရွယ်အစား အမျိုးမျိုးရှိသေးသည်။ ဆိုဒ်အသေး ၆. ၅" × ၄. ၅" လက်မ၊ ဆိုက်ကြီး ၈" × ၁၂"

### ထီကုံး(စကြာဝဠာမင်း)အား ပူဇော်ခြင်း

တရုတ်လူမျိုးတို့သည် ထီကုံး(စကြာဝဠာမင်း) တရုတ်အခေါ် မိုးပေါ်ဘုရားအား ပသ၊ ပူဇော်ရှိခိုးကန်တော့ရာတွင် ရွှေစက္ကူကိုသာ အသုံးပြုမီးရှို့ကြရလေသည်။ ငွေစက္ကူကို အသုံးပြုမီးရှို့ခြင်း မရှိကြပေ။ (ဝန်ခံချက်။ ဒေသအလိုက် ကွဲလွဲမှုရှိပါသည်။)

### မိဘ၊ ဘိုးဘွား ကန်တော့ခြင်း


တရုတ်လူမျိုးတို့သည် မိဘ၊ ဘိုးဘွားများတို့အား ရှိခိုးကန်တော့ကြရာတွင် ငွေစက္ကူများကိုသာ မီးရှို့ကြရလေသည်။ ထို့ပြင် မြေစောင့်နတ်၊ ကမ္ဘာစောင့်နတ်၊ တောစောင့်နတ်၊ တောင်စောင့်နတ် စသည်တို့ကို ပူဇော်ကန်တော့ကြရာတွင်လည်း ငွေစက္ကူများကိုသာ မီးရှို့ကြရလေသည်။ ယင်းကမ္ဘာစောင့်နတ်၊ မြေစောင့်နတ်များကို တရုတ်လူမျိုးတို့က ထောတီကုံး (ဝါ) ထူတီကုံးဟု ခေါ်ဝေါ်သမုတ်ကြလေသည်။

မှတ်ချက် ။ ။ အောက်ဖော်ပြပါအတိုင်း တရုတ်သချိုင်းအုတ်ဂူ၏ လက်ဝဲဘက်အရှေ့နေရာတွင် မြေစောင့်နတ် (ထောတီကုံး)နတ်ကွန်းငယ်ကလေးတစ်ဆောင် တည်ဆောက်ပြီး ကိုးကွယ်ကြလေသည်။

### မိဘဘိုးဘွားများအား ပူဇော်ကန်တော့သည့် အချိန်ကာလများ

(၁) တရုတ်နှစ်သစ်မကူးမီ ကာလ

တရုတ်လူမျိုးတို့သည် အင်္ဂလိပ် ဖေဖော်ဝါရီလ ၅ ရက်၊ သို့မဟုတ် အင်္ဂလိပ် ဇန်နဝါရီလ ၂၇၊ ၂၈၊ ၂၉၊ ၃၀ တစ်ရက်ရက်တွင် နှစ်သစ်ကိုကြိုဆိုကြပါသည်။ တရုတ်လ ၁၂ လပိုင်း ၂၉ ရက်၊ ၃၀ ရက် တရုတ်နှစ်သစ်ကူးခြင်း မပြုမီ တစ်ရက်ကြို၊ နှစ်ရက်ကြို မိဘဘိုးဘွားများအား ပူဇော်ကန်တော့ကြလေသည်။ ယင်းသို့ ရှိခိုးကန်တော့ပြီးလျှင် ငွေစက္ကူကို မီးရှို့ကြရလေသည်။





www.burmeseclassic.com

www.burmeseclassic.com

**(၂). နွေဦးရာသီ သင်္ချိုင်းရှိခိုးကန်တော့ခြင်း**

နွေဦးရာသီ ဧပြီလ ၅ ရက်နေ့ တရုတ်သုံးလပိုင်း သင်္ချိုင်းကန်တော့ပွဲ ထွက်ကြလေသည်။ သင်္ချိုင်းကန်တော့ပွဲကို တရုတ်လို ချင်းမိန်ကျက် (ဝါ) ချယ်မြားကျေ့ဟု ခေါ်လေသည်။ ဧပြီလ တစ်လပတ်လုံး သင်္ချိုင်းကန်တော့ပွဲ ထွက်နိုင်ပါသည်။ ထိုသင်္ချိုင်းရှိခိုး ကန်တော့ပြီးလျှင် မိဘအုတ်ဂူရှေ့တွင်သော်လည်းကောင်း၊ မြေစောင့်နတ်၊ နတ်ကွန်းအရှေ့တွင်သော်လည်းကောင်း ငွေစက္ကူများကို မီးရှို့ပူဇော်ကြရလေသည်။

**(၃) ကောက်ညှင်းပြာရည်ထုပ် ကန်တော့ခြင်း**

အင်္ဂလိပ် ဩဂုတ်လ လလယ် တရုတ် ၇ လပိုင်း ၁၅ ရက်တွင် တရုတ်လူမျိုးတို့က ကောက်ညှင်းထုပ်(ဝါ) ပြာရည်ထုပ်များဖြင့် ကွယ်လွန်သူ မိဘ၊ ဘိုးဘွားတို့အား ရှိခိုးကန်တော့ကြရာတွင် ငွေစက္ကူများကို မီးရှို့ကြရလေသည်။

**(၄) ငွေစက္ကူ ရွှေစက္ကူ မီးရှို့ပုံရှို့နည်း**

ငွေစက္ကူ ရွှေစက္ကူများဖြင့် သင်္ဘောရုပ်၊ သမ္ဗန်လှေရုပ်၊ ငှက်ရုပ်၊ လှည်းရုပ် စသည်တို့ကိုပြုလုပ်၍ မီးရှို့ကြလေသည်။ ရှိခိုးကန်တော့ပွဲသို့ လာရောက်စားသောက်ကြသော ကွယ်လွန်သူ မိဘဘိုးဘွား (နာနာဘာဝ)သည် စားသောက်ပြီး၍ ၎င်းတို့၏ လားရာဘုံဘဝသို့ ပြန်သည့်အခါ လှေစီး၊ ငှက်စီး၍ပြန်ကြရန် သင်္ဘောဖြင့်သော်လည်းကောင်း၊ အိမ်ပြန် မျက်နှာလုရန်သော်လည်းကောင်းဟူသော ရည်ရွယ်ချက်မျိုးနှင့် စက္ကူရုပ်အမျိုးမျိုး ပြုလုပ်ကြခြင်းဖြစ်သည်။

ငွေစက္ကူ ရွှေစက္ကူပေးပို့ လှူဒါန်းသူ၏ မျိုးနွယ်၊ နာမည်များ ငွေစက္ကူ ရွှေစက္ကူများပေါ်တွင် အသေအချာ ရေးသားရလေသည်။ ထို့ပြင် အလှူပစ္စည်းများ လက်ခံရသူ (ကွယ်လွန်သူ) အသီးသီးတို့၏ နာမည်မျိုးနွယ်ကိုလည်း သေသေချာချာ ရေးသားရပါသည်။ သေသေချာချာမရေး၍ မထင်မရှား၊ မပြတ်မသားဖြစ်လျှင်သော်လည်းကောင်း၊ မျိုးနွယ်နာမများကို လုံးဝ မရေးမသားလျှင်သော်လည်းကောင်း ကွယ်လွန်သူ ဆွေမျိုးညာတိတို့က လက်ခံရရှိမည်မဟုတ်။ အခြားသော မရဏမိစ္ဆာလောက ငရဲသား၊ ငရဲတစ္ဆေကောင်တွေ ဝိုင်းဝန်းလုယက်ကုန်သည်ဟု ဆို၏။ ထို့ကြောင့် ပေးပို့သူ လက်ခံသူတို့၏ နာမည်အသီးသီးတို့ကို အသေအချာ ရေးသားရပါသည်။

ကွယ်လွန်သူ မိဘဘိုးဘွားတို့ကို ရှိခိုးကန်တော့ပြီးလျှင် ငွေစက္ကူ ရွှေစက္ကူများကိုရှို့သည့် မြေအိုး၊ သို့မဟုတ် ကြေးအိုး၊ သံအိုး တစ်မျိုးမျိုးဖြင့် မီးရှို့ရင်း မိမိလိုရာကို ဆုတောင်းကြရလေသည်။ ယင်းရွှေစက္ကူ ငွေစက္ကူ မီးရှို့သည့်ပြာအိုးထဲသို့ ကန်တော့ပွဲထဲမှ သား၊ ဟင်းရွက်၊ ထမင်းအနည်းငယ်ကိုယူပြီး ရွှေစက္ကူ ငွေစက္ကူများနှင့် အတူ မီးတင်ရှို့ရလေသည်။ ပြီးလျှင် ကြွေခွက်ကလေးနှင့် ထည့်ထားသော အရက်များဖြင့် ဟင်း၊ ထမင်း၊ ရွှေစက္ကူ ငွေစက္ကူ မီးရှို့ထားသည့် ပြာများကို ပတ်ပတ်လည်ဝိုင်း၍ ဆုတောင်းရင်း ပက်ဖျန်းပေးရလေသည်။ ရှိခိုးကန်တော့ပွဲ ထမြောက်အောင်မြင်သည့် သဘောပင်ဖြစ်ပါသည်။ မီးရှို့ထားသည့် ပြာမည်းများကို မလှဲပစ်ရပါ။ သူ့ဘာသာသူ ပျောက်သွားပါလိမ့်မည်။ သတိထားပါလေ။

**တရုတ်လူမျိုး ငွေစက္ကူ ရွှေစက္ကူ မီးရှို့ရခြင်း၏ ရည်ရွယ်ချက်**

အလှူဒါနပြုသူသည် ငွေစက္ကူ ရွှေစက္ကူများကို မီးရှို့ရခြင်း၏ရည်ရွယ်ချက်မှာ အလှူဒါနပြုသည့် သဘောပင်ဖြစ်ပါသည်။ ငွေစက္ကူ ရွှေစက္ကူများကို များများမီးရှို့ များများလှူလျှင် ကွယ်လွန်သူ မိဘဘိုးဘွားနှင့် နတ်မင်း၊ စကြဝဠာမင်းတို့အနေဖြင့် ရွှေ ငွေ များများရပြီး သာစုများများ ခေါ်နိုင်သည့်သဘော၊ ရည်ရွယ်ချက်ပင် ဖြစ်ပါသည်။ သို့ဖြစ်လေရာ ကုသိုလ်များများ ရရှိကြသည်။ တစ္ဆေချမ်းသာ၊ သရဲချမ်းသာ ဖြစ်ကြသည်။ ဘဝမြန်မြန် ကျွတ်ကြသည်ဟု တရုတ်လူမျိုးတို့က ယုံကြည်ကြလေသည်။

**ဝန်ခံချက်**

ယခုရေးသားချက် အကြောင်းအရာများသည်ကား တရုတ် အကျီရှည်လူမျိုး၊ တစ်နည်း ဖူးကျန့် (ဝါ) ဟုတ်ကြန်လူမျိုး၏ ရှေးရိုးရာဓလေ့ပင် ဖြစ်ပါသည်။ အခြားဒေသအလိုက် ရိုးရာဓလေ့များလည်း အနည်းနှင့်အများ ကွဲပြားခြားနားမှု ရှိပါသည်။ ဥပမာ အကျီတို ကွမ်တုန်းလူမျိုး၊ ဖူးကျူးလူမျိုး၊ ဟပ်ကားရှည်၊ ဟပ်ကားတို စသည်ဖြင့် အမျိုးမျိုးရှိသလို ရိုးရာဓလေ့များလည်း အမျိုးမျိုးရှိကြောင်း ဝန်ခံအပ်ပါသည်။

**ကေတီအောင်သိန်း(ရန်ကုန်တက္ကသိုလ်)**

www.burmeseclassic.com

www.burmeseclassic.com

# ကွမ်ရင်မယ်တော် ပူဇော်ပသနည်း

■ သုတေသီမြင့်ထွန်း

အဝလောကီတေတွာ့ရ-အဝ လောကိတ (တရုတ်လို ကွမ်ရင်) လောကကို ကရုဏာဖြင့် အမြဲစောင့်ရှောက်ကြည့်ရှုနေသော ကရုဏာအသျှင်ဟူ၍ အဓိပ္ပာယ်ရ၏။

ကွမ်ရင်မယ်တော်၏ ရုပ်ပုံပန်းချီကားချပ် (သို့မဟုတ်) သစ်သားရုပ်တု (သို့မဟုတ်) ကြွေရုပ်တု ထိုင်လျက်ဖြစ်စေ မတ်ရပ်ဖြစ်စေ ရှေ့တွင် -

(၁) ပန်းအိုးနှစ်အိုး ထားရှိပူဇော်ရမည်။

(၂) ကွမ်ရင်မယ်တော်အား သစ်သီးကပ်လှူရာတွင် သစ်သီးသုံးမျိုး (သို့မဟုတ်) ငါးမျိုးကို ကြွေပန်းကန် (သို့မဟုတ်) သံပန်းကန်တွင် ထည့်၍ ကပ်လှူပူဇော်ရမည်။

မှတ်ချက် ။ ။ မာလကာသီးများ မကပ်လှူရ။ သစ်သီးအစား အသက်သတ်လွတ်မုန့်များဖြင့်လည်း ကပ်လှူပူဇော်နိုင်၏။

(၃) သောက်တော်ရေချမ်း သုံးခွက် (သို့မဟုတ်) ငါးခွက် ကပ်လှူပူဇော်ရမည်။

(၄) အမွှေးတိုင် သုံးတိုင်ကို မီးညှိ၍ လက်နှစ်ဖက်ယှက်ကာ ရိုသေလေးစားစွာဖြင့် ဒူးထောက်ပြီး မိမိလိုအပ်ရာဆုကို တောင်းခံရမည်ဖြစ်၏။

မှတ်ချက် ။ ။ မိမိဘဝနှင့်ထိုက်တန်ရာကိုသာ ဆုတောင်းသင့်သည်။ မဖြစ်နိုင်သည်များကို ဆုမတောင်းပါလေနှင့်။

(၅) ဖယောင်းတိုင်အနီရောင် နှစ်တိုင်ဖြင့် ဆက်ကပ်ပူဇော်ရမည်။

မှတ်ချက် ။ ။ ဖယောင်းတိုင် အဖြူရောင်ဖြင့် မပူဇော်ရပါ။

ရရှိမည့် အကျိုးတရားများ

(၁) စီးပွားရေး (ငွေကြေးကိစ္စများ)၊
(၂) လူမှုရေး၊
(၃) ကျန်းမာရေး၊
(၄) ပညာရေး၊
(၅) အမှုအခင်းကိစ္စ၊
(၆) အချစ်ရေး အိမ်ထောင်ရေး၊
(၇) သားသမီးမရ၍ သားဆုပန်သည့်ကိစ္စ

စသည့် လူမှုရေးပြဿနာအရပ်ရပ်နှင့် ဆက်နွယ်သမျှတို့ကို ဆုတောင်းအဓိဋ္ဌာန်ပြုလျှင် အလုံးစုံ ပြည့်ဝအောင်မြင်နိုင်၏။

သုတေသီမြင့်ထွန်း



www.burmeseclassic.com

www.burmeseclassic.com

# ကြေးနှင့် ရွှေစင်စပ် သွန်းလောင်းထွင်းထုထားခဲ့သော ကွမ်ရင်မယ်တော်ဘုရား ရှေးခေတ်ရုပ်ပွားတော်

ကေတီအောင်သိန်း(ရန်ကုန်တက္ကသိုလ်)



ကွမ်ရင်မယ်တော်ဘုရားရုပ်ပွားတော်
**(AD.618-907)**

တရုတ်ပြည်တွင်းရှိ တရုတ်လူမျိုးများနှင့် ပြည်ပရောက် တရုတ်လူမျိုးများတို့သည် ကွမ်ရင်မယ်တော်ဘုရားအား အများစု ကိုးကွယ်လျက် ရှိကြ၏။ ဆုတောင်းပြည့်သည့်အတွက် ပိုမို ကိုးကွယ်နေကြခြင်းဖြစ်ရာ ဆုတောင်းပြည့်ဘုရားဟု ဆိုနိုင်ပေသည်။ ကွမ်ရင်မယ်တော်သည် မူလဇာတိမှာ ကျေးလက်တောသူ တစ်ယောက် ဖြစ်ခဲ့၏။ သာသနာ၊ ဘာသာရေးတွင် ပျော်မွေ့လှသည်ဖြစ်၍ ဗုဒ္ဓမြတ်စွာဘုရား၏ ကျင့်စဉ်အတိုင်း တရားကျင့်ကြံအားထုတ်ခဲ့ရာ တရုတ် (၆)လပိုင်း (အင်္ဂလိပ် July လ)၌ တရား ရရှိခဲ့သည်။

မှတ်ချက် - တရုတ် (၂)လပိုင်း (အင်္ဂလိပ် March လ)တွင် တရုတ်ပြည် ကျေးလက်တောရွာတစ်ရွာတွင် မွေးဖွားသန့်စင်တော်မူခဲ့ပြီး တရုတ် (၉)လပိုင်း (အင်္ဂလိပ် Octoberလ) ၌ တောထွက်ခဲ့သည်ဆိုသည်။

ရုပ်ပုံမှာ - တရုတ်တန်ခေတ်၊ တန်မင်းဆက် (A.D 618-907)၊ (၇)ရာစုနှစ်တွင် တရုတ်ပန်းပုပညာရှင်တစ်ဦးက ကြေးညိုနှင့် ရွှေစင် ရောစပ်ပြီး ကျိုချက်၍ သွန်းလောင်းထွင်းထုထားသော ကွမ်ရင်မယ်တော်ဘုရား ရှေးခေတ်ရုပ်ပွားတော်တစ်ဆူ ဖြစ်ပါသည်။

ကေတီအောင်သိန်း

Ref; Life Week
ပေကျင်း(China)
2012 March



www.burmeseclassic.com

www.burmeseclassic.com

# တရုတ်လူမျိုးတို့၏
# ကန်တော့နည်းသုံးဖြာ

■ သုတေသီမြင့်ထွန်း

ကမ္ဘာပေါ်ရှိ ဘာသာတရားတို့ကို ကိုးကွယ်ကြသော လူမျိုးတိုင်းတွင် မိမိတို့လူမျိုး ရိုးရာဓလေ့အတိုင်း ကိုးကွယ်ပူဇော်ကန်တော့နည်းများ ရှိကြ၏။

ထိုသို့ ကိုးကွယ်ပူဇော်ကန်တော့နည်းသည် ဘာသာတရား ကွဲပြားခြားနားသည်နှင့်အမျှ လူမျိုးတစ်မျိုးနှင့် တစ်မျိုး မတူညီကြပါ။ ကန်တော့ခြင်းထုံးတမ်းစဉ်လာသည် ယဉ်ကျေးသိမ်မွေ့သော လူသားတို့၏ ယဉ်ကျေးမှုတစ်ရပ်အနေဖြင့် ရှေးအခါကတည်းက သက်ခံခဲ့ကြ၏။

တရုတ်လူမျိုးတို့သည် မိမိတို့ရိုးရာကိုးကွယ်မှုဆိုင်ရာ သိဒ္ဓိရှင်များ၊ ရိုးရာနတ်များကို မကန်တော့မီ ဦးစွာ ပထမ သကျမုနိ မြတ်စွာဘုရားကို ပူဇော်ကန်တော့လေ့ရှိသည်။ ယင်းသို့ မြတ်စွာဘုရားကို ပူဇော်ကန်တော့သည့် နည်း၌ပင်လျှင် သုံးမျိုးသုံးစား ခွဲခြားထားရှိ၏။

### ကဿပမြတ်စွာဘုရား

ပွင့်တော်မူပြီးသော မြတ်စွာဘုရား ဖြစ်သည်။ ကဿပမြတ်စွာဘုရားသာသနာအတွင်း၌ ဘုရားကန်တော့သည့်အခါ လက်တစ်ဖက်နှင့် ကန်တော့ရသည်။ ပုံသဏ္ဌာန်မှာ ကြာရွက်ကို ဆိုလို၏။

### ဂေါတမမြတ်စွာဘုရား

ပွင့်တော်မူပြီးသော မြတ်စွာဘုရား ဖြစ်သည်။ ဂေါတမမြတ်စွာဘုရားသာသနာအတွင်း၌ ဘုရားကန်တော့သည့်အခါ လက်နှစ်ဖက်နှင့် လက်အုပ်ချီပြီးကန်တော့ရသည်။ ပုံသဏ္ဌာန်မှာ ကြာဖူး၊ ကြာပန်းဟု ဆိုလို၏။

### အရိမေတ္တယျ မြတ်စွာဘုရား

ပွင့်လတ္တံ့သော မြတ်စွာဘုရား ဖြစ်သည်။ အရိမေတ္တယျမြတ်စွာဘုရားခေတ်သို့ရောက်လျှင် လက်နှစ်ဖက်ကို ဆုပ်၍ ကန်တော့ရမည်။ အသီးဟု အဓိပ္ပာယ်ရ၏။

မှတ်ချက် ။ ။ တရုတ်ရိုးရာ သိဒ္ဓိရှင်၊ မဟာသိဒ္ဓိရှင်ကြီးများနှင့် နတ်ဒေဝါများကိုမူ နံ့သာတိုင် (အမွှေးတိုင်)များကို မီးညှိ၍ လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်ကာ ရိုရိုသေသေ ဒူးထောက်ပြီး ကန်တော့လေ့ရှိ၏။

နံနက်တွင် အိမ်၏ မျက်နှာစာကို ထွက်၍ အမွှေးတိုင်သုံးတိုင်ဖြင့် ကောင်းကင်ဘုရားကိုလည်းကောင်း၊ မီးဖိုချောင်စောင့်နတ်ကို အမွှေးတိုင် တစ်တိုင်ဖြင့်လည်းကောင်း၊ ညနေ နေဝင်ချိန်၌ ထိုနည်းအတိုင်း ပြုမူ၍ ကန်တော့ကာ တစ်နေ့လျှင် နှစ်ကြိမ် ကန်တော့လေ့ရှိ၏။

သုတေသီမြင့်ထွန်း



www.burmeseclassic.com

www.burmeseclassic.com

# တရုတ်အမျိုးအနွယ်နှင့် စာပေ

သုတေသီမြင့်ထွန်း

တရုတ်နိုင်ငံတွင် ရှေးအကျဆုံးသော လူ၏အရိုးစုကို ပီကင်းမြို့တော် မြောက်ဘက် ဂူတစ်ခုတွင် တွေ့ရှိရ၍ ယင်းအရိုးစုကို ပီကင်းလူ၏ အရိုးစုဟု အမှတ်သညာ ပြုကြ၏။

ပီကင်းလူကို "ဆင်နန်သရိ ပပ်ပီကင်နင်ဆစ်"ဟူ၍ သိပ္ပံစနစ်ဖြင့် ခေါ်ဆိုသည်။ ထိုပီကင်းလူတို့သည် ပလိုင်စတိုးစင်းယုဂ်ဟူသော ကာလအတွင်း၌ နေထိုင်ကြသော လူမျိုးများပင် ဖြစ်ဟန်တူသည်။ ယင်းလူမျိုးတို့သည် ကျောက်တုံး၊ အရိုးနှင့် ဦးချိုတို့ကို လူသုံးကိရိယာ တန်ဆာပလာအနေဖြင့် အသုံးပြုကြသည်။ မီးကိုလည်း အသုံးချတတ်ကြ၏။

ယခုခေတ် တရုတ်လူမျိုးများသည် ယင်းလူမျိုးတို့မှ ဆင်းသက်လာဟန်တူသည်။ ရှေးဟောင်း တရုတ်လူမျိုးတို့သည် တာရင်မြစ်ဝှမ်းကို ဖြတ်၍ အနောက်ဘက်မှ လာခဲ့ကြသည်ဟု သမိုင်းပညာရှင်တို့က ဆိုကြ၏။ သို့ရာတွင် ယင်းတို့မူလနေထိုင်ရာ ဒေသအမှန်မှာ မူဟွန်တိုမြစ်ဝှမ်းအောက်ပိုင်းဖြစ်သည်ဟု ယူဆကြ၏။

ရှေးဟောင်း တရုတ်လူမျိုးတို့၏ လူမှုဖွဲ့စည်းရေးသည် အလွန်စည်းကမ်းကျနသည်။ အိမ်တွင် အိမ်ထောင်ရှင်ဖြစ်သောဖခင်သည် အကြီးအမှူးဖြစ်၍ ထိုအိမ်၌ အတူတူနေထိုင်ကြသော သားမယား ဆွေမျိုးဉာတိနှင့် မှီခိုသူဟူသမျှသည် အိမ်ထောင်ရှင်ယောကျ်ား၏ ခေါင်းဆောင်မှုကို ခံယူရသည်။ အိမ်ထောင်ရှင်ယောကျ်ားကလည်း သူ၏ လက်အောက်ငယ်သား အားလုံးအတွက် တာဝန်ယူရ၏။

တရုတ်စာသည် ကျွန်ုပ်တို့ မြန်မာစာ အရင်းအမြစ်ကဲ့သို့ပင် အသံတစ်ခုလျှင် အဓိပ္ပာယ်တစ်ခုထွက်သော စာဖြစ်သည်။ စကားမှာမူ ဒေသအလိုက် အလွန်ကွဲပြားခြားနားသည်။ ဒေသန္တရအားဖြင့် ပိုင်းခြား၍ကြည့်လျှင် ...

(က) ကန်တုန်စကား၊
(ခ) ဟတ်ကာစကား၊
(ဂ) အေမွိုင်စကား၊
(ဃ) ဖူချောင်စကား၊
(င) ဝင်ချောင်စကား၊
(စ) နှင်ပိုစကား၊
(ဆ) ဝူစကား၊
(ဇ) မန်းရင် (ဝါ) ပီကင်း(ဝါ) ကွမ်ဟူအာစကား

ဟူ၍ အခြေခံရှစ်မျိုးရှိ၏။ တရုတ်စာရေးသားပုံမှာလည်း အသံထွက်ကို လိုက်၍ ဗျည်း၊ သရတို့ဖြင့် ပေါင်းစပ်ရေးသားနည်းမဟုတ်ဘဲ ရုပ်ပုံရေးဘိသကဲ့သို့ ရေးသားခြင်းဖြစ်သဖြင့် ဒေသအားဖြင့် စကားပြောပုံ ကွဲလွဲသော်လည်း စာမှာမူ ဒေသများအတွက် တစ်ခုတည်းသာ ဖြစ်၏။

တရုတ်စာ ရေးသားရာ၌ မိမိဆိုလိုသော ဝတ္ထုပစ္စည်း၏ ပုံသဏ္ဌာန်ကို သရုပ်ဖော်၍ရေးသည်။ ပမာအားဖြင့် နေကိုရေးလိုသော် နေ၏သဏ္ဌာန်၊ လကိုရေးလိုသော် လ၏သဏ္ဌာန်၊ တောင်ကိုရေးလိုသော် တောင်၏သဏ္ဌာန်ကို ရေးသည်။ ထိုသို့ ရုပ်ပုံဖြင့် သရုပ်ဖော်ထားသောစာကို ကန်တုန်စကားဖြင့် အသံတစ်မျိုး၊ ပီကင်းစကားဖြင့် အသံတစ်မျိုး စသည်ဖြင့် ဒေသအလိုက် အသံအမျိုးမျိုးထွက်သည်။ ထိုသို့ အသံအမျိုးမျိုးထွက်သော်လည်း အနက်အဓိပ္ပာယ်အားဖြင့်ကား ကန်တုန်နယ်နှင့် ပီကင်းနယ်ရှိ နယ်သူနယ်သားတို့အတွက် အတူတူပင် ဖြစ်၏။

သုတေသီမြင့်ထွန်း




www.burmeseclassic.com

www.burmeseclassic.com

# ဂန္ဓာလရာဇ်၏ မွဲ့သျှုတ္တရ

## ■ သုတေသီမြင့်ထွန်း



လူသည် မိမိ၏ အကောင်းအဆိုး၊ အကြောင်းအကျိုးတို့ကို သိရှိလိုကြသည်။ ထို့အတူ တစ်ပါးသောသူ၏အကောင်းအဆိုးတို့ကိုလည်း သိရှိလိုကြသေး၏။

ထို့အတွက်ကြောင့်···

မျက်မှောက်ခေတ် ကမ္ဘာတွင် နက္ခတ်ဗေဒင်၊ လက္ခဏာ၊ မှော်၊ အကြားအမြင်၊ ကြန်အင်လက္ခဏာ၊ အသုံကိုအကဲဖြတ်သောပညာ၊ အတိတ်နိမိတ်ကောက်သောပညာ စသော ဂမ္ဘီရ သိပ္ပ၊ ဝိဇ္ဇာရေ လောကီပညာရပ်များသည် ယနေ့ထက်တိုင်အောင် ခေတ်စားနေဆဲပင်။

လူတစ်ဦးတစ်ယောက်၏ ကြန်အင်လက္ခဏာကိုကြည့်၍ အကဲဖြတ်သော ပညာရပ်သည် များစွာကျယ်ဝန်းနက်နဲလှပါ၏။

လူတစ်ဦးတစ်ယောက်၏ ခန္ဓာကိုယ်ပေါ်တွင် ထင်နေသော "မွဲ့"နှင့်ပတ်သက်၍ ဟောပြောနိုင်သည့် "မွဲ့သျှုတ္တရ" ပညာရပ်သည် ကြန်အင်လက္ခဏာ အကဲဖြတ်ပညာရပ်တွင် ပါဝင်၏။

တစ်နည်းဆိုရလေသော် ကြန်အင်လက္ခဏာ အကဲဖြတ်ပညာ၏ အစိတ်အပိုင်းတစ်ခုဟုဆိုလျှင် မမှားပါ။ မွဲ့ပါရှိသောကြောင့် ကောင်းကျိုးလည်း ဖြစ်တတ်သည်။ ဆိုးကျိုးလည်း ဖြစ်တတ်သည်။ ချမ်းသာသုခလည်း တွေ့တတ်သည်။ ဆင်းရဲဒုက္ခလည်း ရောက်တတ်၏။

မြန်မာတို့သည် မွဲ့များနှင့် ပတ်သက်၍ ရှေးခေတ်အခါကစ၍ မျက်မှောက်ခေတ်တိုင်အောင် အမည်နာမအမျိုးမျိုးကို ပေးထားကြသည် "မျက်ရည်ခံ"၊ "မျက်ရည်ခံကြီး"၊ "ရတနာဆီမီးထွန်း"၊ "ရတနာရွှေအိုး"၊ "ရတနာဆံကျစ်"၊ "ရွှေပိတုန်းစုပ်"၊ "နတ်တဆိတ်"၊ "စံပယ်တင်" စသည်တို့ဖြစ်ကြ၏။ ထို့အတူ တရုတ်လူမျိုးတို့သည် ရှေးအစဉ်အလာကပင် ကြန်အင်လက္ခဏာ အကဲဖြတ်ပညာ (ရုပ်ပိုင်းသျှုတ္တရ) တို့ကို ယုံကြည်လက်ခံခဲ့ကြသည်။ ထိုပညာရပ်နှင့်ပတ်သက်၍ ဂန္ဓာလရာဇ် မွဲ့သျှုတ္တရကျမ်းပေါင်းများစွာ ရှိခဲ့၏။

တရုတ်လူမျိုးတို့၏ အယူအဆတွင် လူတစ်ဦးတစ်ယောက်၏ မျက်နှာပေါ်၌ရှိသော မွဲ့အမှတ်အသားတစ်ခုတည်းကိုသာမက မျက်နှာပေါ်တွင်ရှိသော အရေးအကြောင်းများနှင့် ဆက်စပ်ပြီး ဖြစ်ပျက်လာမည့် အဟောနိမိတ်များကိုလည်း ထုတ်လေ့ရှိ၏။


ထို့ကြောင့် ရှေးတရုတ်လူမျိုးတို့ ယုံကြည်စွာ လက်ခံထားသော မွဲ့သျှုတ္တရပုံနှင့် မျက်နှာပေါ်ရှိ အရေးအကြောင်းပုံများကိုဆက်စပ်ပြီး အဟောထုတ်နိုင်ရန် ဖော်ပြလိုက်ရပေ၏။

■



www.burmeseclassic.com

www.burmeseclassic.com



## မျက်နှာပေါ်ရှိ မှဲ့များ
## (ပုံစံနံပါတ် ၁) မှဲ့နံပါတ်၏
## အကျိုးသက်ရောက်မှု အဟောများ

(၁) အရောင်းအဝယ်လုပ်ငန်းများတွင် ကံကောင်းသူဖြစ်၏။ (၂) ကံဆိုးမည်။ သို့ရာတွင် သင်သည် အဆိုပါကံဆိုးမှုကို ကျော်လွှန်နိုင်ပေလိမ့်မည်။ (၃) သင်သည် ဘဝ၏အောင်မြင်မှုပြုလုပ်ရာတွင် အခက်အခဲများစွာ တွေ့လိမ့်မည်။ (၄) အကယ်၍ ထိုမှဲ့သည် အနီရောင်ဖြစ်နေခဲ့လျှင် မီးဘေးအန္တရာယ်ကို သတိထားပါ။ (၅) သင်သည် ငွေအမြောက်အမြားကို ရနိုင်ဖွယ်ရှိသည်။ (၆) သင့်မှာ ဆန့်ကျင်ဖက်လိင်အတွက် အားနည်းချက်တစ်ခုရှိ၏။ (၇) ဇနီးအတွက်ဖြစ်စေ၊ ခင်ပွန်းအတွက်ဖြစ်စေ မကောင်းပါ။ (၈) အရောင်းအဝယ်အလုပ်အကိုင်များကို ဆက်ဆံလုပ်ကိုင်ရာ၌ သတိထားရမည် ဖြစ်၏။ (၉) သင့်ချက်မြှုပ်ဒေသမှ အခြားဝေးလံသော နေရာဒေသများကို မသွားပါလေနှင့်။ (၁၀) သင်သည် မိမိနေအိမ်မှ အခြားသောနေရာ၌ အလုပ်အကိုင်တွေ့ရှိလျှင် အဆိုပါလုပ်ငန်းကို တိုးတက်မှုအတွက် ကံကောင်းပေလိမ့်မည်ဟု မျှော်လင့်နိုင်၏။ (၁၁) သင့်အား လူသိများဖွယ်ရာရှိသည်။ ထို့နောက် များစွာ အောင်မြင်မှုရရှိလိမ့်မည် ဖြစ်၏။ (၁၂) သင်၏ အငယ်ဆုံးသော သား သို့မဟုတ် သမီးအတွက် မကောင်းပါ။ (၁၃) သင်၏အကြီးဆုံးသား၊ သို့မဟုတ် သမီးအတွက် မကောင်းပါ။ (၁၄) သင့်မှာ မတော်တဆအပြင်းအထန် ထိခိုက်ဒဏ်ရာ ရဖွယ်ရာများရှိ၏။ (၁၅) သင့်မိခင်၊ သို့မဟုတ် ဖခင်အတွက် မကောင်းပါ။ (၁၆) သင့်ချစ်သူရည်းစားအတွက် မကောင်းပါ။ ကံဆိုးတတ်၏။ (၁၇) သင်သည် လျှင်မြန်စွာ ရာထူးတိုးမြှင့်ခြင်းကို ခံရဖွယ်ရှိ၏။ (၁၈) သင်သည် အမှုအခင်းတစ်ခု၌ ပါဝင်ရလိမ့်မည်ဖြစ်၏။ (၁၉) သင်သည် အချိန်ကြာမြင့်စွာ အလုပ်လက်မဲ့ဖြစ်ဖွယ်ရာရှိ၏။ (၂၀) ဖြည်းဖြည်းလုပ်ပါ။ သို့ရာတွင် အောင်မြင်လိမ့်မည် ဖြစ်၏။ (၂၁) ဂုဏ်ပြုခံရမည်။ ပစ္စည်းဥစ္စာ ချမ်းသာမည်ဖြစ်၏။ (၂၂) ဝမ်းနည်းပူဆွေးရမည် ဖြစ်၏။ (၂၃) အသက်တိုမည် ဖြစ်၏။ (၂၄) နှုတ်ကိုစောင့်စည်းပါ။ (၂၅) ကျန်းမာရေး ချို့တဲ့မည် ဖြစ်၏။ (၂၆) အလုပ်ကို ကြိုးစားမည်၊ သည်းခံမည် ဖြစ်၏။ (၂၇) သင့်စိတ်ကို ချုပ်တည်းထားပါ။ (၂၈) သင်သည် ငွေအမြောက်အမြား ရနိုင်ဖွယ်ရှိ၏။ (၂၉) ကြိုးစား၍လုပ်ပါ။ အောင်မြင်မှုရလိမ့်မည်ဖြစ်၏။ (၃၀) အချုပ်အနှောင် ခံရမည်ဖြစ်၏။ (၃၁) သင့်ငွေကို ဂရုစိုက်ပါ။ (၃၂) သင့်ဘဝသည် စိတ်ဝင်စားဖွယ် အပြည့် ရှိလိမ့်မည် ဖြစ်၏။ (၃၃) မိသားစုဘေးဒုက္ခကို သတိထားပါ။ (၃၄) အသက်ရှည်မည် ဖြစ်၏။ (၃၅) သင့်ဘဝသည် ပျော်ရွှင်မည် ဖြစ်၏။

## မျက်နှာပေါ်ရှိ အရေးအကြောင်းများ
## (ပုံစံနံပါတ် ၂)

လူတစ်ယောက်၏ ဘဝကံကြမ္မာကို မှဲ့များကိုချည်း သက်သက်ကြည့်ပြီး မဟောနိုင်ပါ။ ယခုဖော်ပြမည့် မျက်နှာပေါ်ရှိ အရေးအကြောင်းများနှင့် ဆက် စပ်ပြီး အဟောနိမိတ် ထုတ်ရ၏။

ဥပမာ...

ဘယ်ဘက်ပါး အောက်ပိုင်းရှိ မှဲ့တစ်လုံးက (မှဲ့နံပါတ် ၂၈) သင်သည် ငွေအမြောက်အမြား ရနိုင်ဖွယ်ရှိသည်ဟု ဖော်ပြထား၏။

သို့သော် အဆိုပါအဟောကို မျက်နှာအရေးအကြောင်းပေါ်တွင် ဖော်ပြထားသော အဆိုပါ ပါးဘက်ရှိ နှာခေါင်းဘေးမှ

www.burmeseclassic.com

ပါးစပ်ထောင့်အထိ ရှည်လျားသော အရေးအကြောင်းလိုင်း (လိုင်းနံပါတ် ၈)က ပယ်ဖျက်လိုက်သည်။ ဤအရေးအကြောင်း(လိုင်း)ပါ သောသူတစ်ဦးတစ်ယောက်သည် ခက်ခဲကြမ်းတမ်းသည့် အချိန်အခါများနှင့် ရင်ဆိုင်ရဖွယ်ရှိ၏။

နံပါတ်(၁)ဖြင့် ဖော်ပြထားသော နဖူးပေါ်ရှိ အလျားလိုက်အရေးအကြောင်း သုံးခုက အသက်ရှည်မည်ကိုဖော်ပြ၏။

နံပါတ်(၂) ဘယ်ဘက်မျက်ခုံးပေါ်ရှိ ကန့်လန့်ဖြတ်အရေးအကြောင်းက သင်သည် သတိမထားလျှင် သင်ဒုက္ခတွေ့ရလိမ့်မည်ဟုဖော်ပြသည်။ တရုတ်တို့၏ အယူအဆအရ အဆိုပါ အရေးအကြောင်းများကို ဘေးဒုက္ခကိုဖိတ်ခေါ်နေသော အရေးအကြောင်းဟု ခေါ်ဆို၏။

နံပါတ်(၃)ဖြင့် ဖော်ပြထားသော ဘယ်ဘက်မျက်ခုံးကို ကန့်လန့်ဖြတ်သည့် အရေးအကြောင်းကလည်း ဘေးဒုက္ခကိုဖော်ပြသည်။ အရေးအကြောင်းကြောင့် သင်သည် အနီးစပ်ဆုံး ဆွေမျိုးသားချင်းများ ငယ်ငယ်ရွယ်ရွယ်နှင့် သေဆုံးခဲ့လျှင် သင်ကိုယ်တိုင် ထောင်တန်းကျဖွယ် ရှိ၏။

နံပါတ်(၄)ဖြင့် ဖော်ပြထားသော ဘယ်ဘက်မျက်လုံးထောင့်ရှိ အရေးအကြောင်းက အမြဲမပြတ်လမ်းလျှောက်ပြီး ရွေ့လျားနေရခြင်းကို ဖော်ပြသည်။ ထိုအရေးအကြောင်းရှိသော လူတစ်ယောက်သည် အသက်မွေးဝမ်းကျောင်းကို ပင်ပန်းခက်ခဲစွာ လုပ်ရပြီး ခရီးများစွာ သည်း သွားရဖွယ်ရှိ၏။

အကယ်၍ အဆိုပါအရေးအကြောင်းသည် နံပါတ်(၅)အရေး အကြောင်းနှင့် ဆက်သွယ်နေလျှင် အဆိုပါပုဂ္ဂိုလ်သည် မိမိချက်မြှုပ်ဌာနမှ ခရီးဝေးသွားရလိမ့်မည်။ သို့ရာတွင် ကြွေးအမြောက်အမြား ရရှိနိုင်သည်။ ဤအရေးအကြောင်းပါသောသူသည် ခရီးသွားလာရေး အေဂျင်စီလုပ်ငန်းကို ကောင်းစွာလုပ်သင့်၏။

နံပါတ်(၆)ဖြင့် ဖော်ပြထားသော အရေးအကြောင်းက သင်သည် မုဆိုးဖိုတစ်ယောက် ဖြစ်ဖွယ်ရာရှိသည်။ သို့သော် အကြိမ်ပေါင်းများစွာလက်ထပ်ရမည်ကို ဖော်ပြသည်။ ဤအကြောင်းအရာကို သိရှိထားသော မည်သည့် တရုတ်မိဘကမှ သူတို့၏ သားသမီးများကို ကျားတစ်ကောင်၏ ပါးစပ်အတွင်းသို့ ထည့်သွင်းမည် မဟုတ်ပါ။

နံပါတ်(၇)၊ (၈)၊ (၉)တို့ဖြင့် ဖော်ပြထားသော အရေးအကြောင်းများက လူတစ်ဦးတစ်ယောက်သည် အသက်ငယ်ငယ်ရွယ်ရွယ်နှင့် သူတို့၏ချစ်သူများက စွန့်ပစ်ခြင်းကို ခံကြရပြီး သူ့ဘဝတွင် အချိန်ကြာမြင့်စွာ တစ်ယောက်တည်း နေရတတ်၏။

နံပါတ်(၁၀)ဖြင့် ဖော်ပြထားသော အရေးအကြောင်းက အချုပ်အနှောင်ခံရခြင်းကို ဖော်ပြ၏။

နံပါတ်(၁၁)ဖြင့် ဖော်ပြထားသော အရေးအကြောင်းက ရုတ်တရက်သေဆုံးခြင်း၊ အပြင်းအထန် ဒဏ်ရာရပြီး သေဆုံးခြင်း၊ မတော်တဆ ထိခိုက်ဒဏ်ရာရပြီး သေဆုံးခြင်း စသည်တို့ ဖြစ်နိုင်ကြောင်းကို ဖော်ပြ၏။

နံပါတ်(၁၂)ဖြင့် ဖော်ပြထားသော အရေးအကြောင်းက အမွေခံသားသမီး ကင်းမဲ့တတ်သည်ကို ဖော်ပြသည်။ ထိုအချက်မှာ တရုတ်လူမျိုးတို့ အယူအဆအရ အရေးအကြီးဆုံး အချက်ဖြစ်၏။

နံပါတ်(၁၃)၊ (၁၄)ဖြင့် ဖော်ပြထားသော ပါးစပ်အောက်နှင့် မေးစေ့တစ်ဝိုက်ရှိ အရေးအကြောင်းများက ရေသချိုင်းကို တွေ့ရှိနိုင်ကြောင်းကို ဖော်ပြ၏။

နံပါတ်(၁၅)ဖြင့် ဖော်ပြထားသော အရေးအကြောင်းက အသက်ရှည်ခြင်း၊ ပစ္စည်းဥစ္စာ ချမ်းသာကြွယ်ဝခြင်း၊ ပျော်ရွှင်ခြင်းတို့ကို ဖော်ပြ၏။

နံပါတ်(၁၆)ဖြင့် ဖော်ပြထားသော အရေးအကြောင်းက စိတ်သောကအမျိုးမျိုးရောက်ရှိပြီး အသက်မွေးဝမ်းကျောင်းအတွက် ပင်ပင်ပန်းပန်း လုပ်ကိုင်ရမည်ကို ဖော်ပြ၏။

အထက်ဖော်ပြပါတို့မှာ တရုတ်လူမျိုးတို့၏ ရှေးအစဉ်အလာကပင် ယုံကြည်စွာလက်ခံခဲ့သော ကြန်အင်လက္ခဏာအကဲဖြတ်ပညာ(ရုပ်ပိုင်းသမုဒ္ဒရ)၏ တစ်စိတ်တစ်ဒေသပင် ဖြစ်ပေ၏။

**သုတေသီမြင့်ထွန်း**



www.burmeseclassic.com

www.burmeseclassic.com

# အပ္ပနားနှင့် လော်ကမန်တိုက်

## တက္ကသိုလ်သခ်

မော်လမြိုင်မြို့တွင် "လော်ကမန်တိုက်"ဆိုလျှင် မသိသူမရှိပေ။ ထို့အတူ လော်ကမန်တိုက်နှင့် စပ်လျဉ်းသည့် ဖြစ်ရပ်ကိုလည်း လူအတော်များများသိကြ၏။

လောကတွင် အချို့သောကိစ္စရပ်များသည် မဖြစ်နိုင်စရာ၊ မယုံကြည်နိုင်စရာဟု ထင်ရသော်လည်း ထိုအကြောင်းအရာများသည်ပင် အမှန်တကယ်ဖြစ်ပေါ်ခဲ့သည်ဆိုလျှင် ထူးဆန်းအံ့ဩဖွယ်ရာ မဟုတ်ပါလား။

မော်လမြိုင်မြို့ပေါ်ရှိ လော်ကမန်တိုက်မှာ ဘိုကုန်းရပ်တွင်ရှိသည်။ မော်လမြိုင်မြို့၏ အစည်ကားဆုံး၊ ယာဉ်အသွားအလာ အများဆုံးဖြစ်သည့် အောက်လမ်းမကြီးပေါ်တွင် ယင်းလော်ကမန်တိုက်တည်ရှိသဖြင့် တွေ့မြင်ရလွယ်သော ကြီးမားသည့် အဆောက်အအုံကြီးဖြစ်သည်။

အင်္ဂလိပ်ခေတ်က ဆောက်လုပ်ထားသည့် နှစ်ထပ်တိုက် အဆောက်အအုံဖြစ်သည်။ ပေ ၂၀၀ ခန့်ကျယ်ဝန်းသော မြေပေါ်တွင် ဆောက်လုပ်ထားသည့် "လော်ကမန်တိုက်"သည် လွန်စွာခိုင်ခံ့သည်။ လူ့နှစ်ရပ်ခန့်မြင့်သည့် အုတ်တံတိုင်းကာရံထားသဖြင့် လုံခြုံစိတ်ချရ၏။ ယင်းအဆောက်အအုံပေါ်သို့ ၁၀ ပေခန့်ရှည်သည့် အုတ်လှေကားဖြင့် တက်ရသည်။

အိမ်အတွင်း အခန်းများစွာ ဖွဲ့ထားပြီး အိမ်၏အလယ်ဗဟိုရှိ အခန်းကျယ်ကြီးတွင် လူတစ်ရပ်ခန့်ရှိ ကိုယ်လုံးပေါ်မှန်များကို အခန်းပတ်ပတ်လည်၌ တပ်ဆင်ထားသည်။ ရှေးခေတ်အဆောက်အအုံဖြစ်သဖြင့် တစ်ထပ်နှင့် တစ်ထပ် ပေ ၃၀ ခန့်မြင့်သည်။ နှစ်ထပ်အဆောက်အအုံဖြစ်သော်လည်း အိမ်ကြီးမှာ မြင့်မားပြီး ထိုးထိုးထောင်ထောင်ကြီး ဖြစ်နေသည်။

အိမ်၏နောက်ဘက်တွင် အလုပ်သမားတန်းလျားရှိသည်။ အခန်းခြောက်ခန်းခန့် ရှိမည်ထင်သည်။ အိမ်ကြီးနှင့် အလုပ်သမားတန်းလျားမှာ ပေ ၂၀ ခန့်ကွာဝေးသည်။ ကွက်လပ်ကြီးအဖြစ် ရည်ရွယ်ထားရှိဟန် တူသည်။

ထိုအိမ်ကြီးကို နေထိုင်ရန် ဟိန္ဒူလူမျိုး လော်ကမန်သူဌေးက ဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။ အိမ်ကြီးနှင့် မျက်နှာချင်းဆိုင်တွင် သစ်စက်ကြီးရှိသည်။ ထိုသစ်စက်ကြီးကို လော်ကမန်သူဌေးကပင် ပိုင်သည်။

အလျဉ်းသင့်သဖြင့် ထိုသစ်စက်ကြီးမှ ဆင်လိမ္မာနှစ်ကောင်အကြောင်း ဖော်ပြလိုသည်။ သစ်တုံးများကိုဆွဲရန်၊ မ,ချီရန် ယင်းဆင်နှစ်ကောင်ကို ခိုင်းသည်။ သစ်စက်အလုပ်သမားများ၏ အလုပ်ချိန်မှာ နံနက် ၇ နာရီတွင် အလုပ်ဝင်ရသည်။ နံနက် ၁၁ နာရီ ထမင်းစားချိန်ဖြစ်သည်။ နေ့လယ် ၁၂ နာရီမှ ညနေ ၄ နာရီအထိ အလုပ်လုပ်ကြရသည်။ သစ်စက်ရှိ ဆင်နှစ်ကောင်သည် အလုပ်သမားများနည်းတူ တစ်နေ့ ရှစ်နာရီ အလုပ်လုပ်ကြရသည်။ ညနေ ၄ နာရီ အလုပ်ဆင်းချိန်တွင် သံချောင်းခေါက်၍ အချက်ပေးသည်။ ဆင်နှစ်ကောင်ကလည်း ထိုသံချောင်းခေါက်သံကို မှတ်ထားသည်။ သံချောင်းခေါက်သံကြားသည်နှင့် သူတို့လုပ်နေသည့်အလုပ်ကို ချက်ချင်းရပ်ပစ်ကာ မည်သည့်အလုပ်ကိုမျှ မလုပ်တော့ပေ။

ဤသည်ကို အစွဲပြု၍ မော်လမြိုင်မြို့ရှိ ရုံးဝန်ထမ်းအလုပ်သမားများကို လော်ကမန်ဆင်လို မလုပ်နှင့်ဟူ၍ ဆိုစမှတ်ပြုခဲ့ကြသည်။

အိမ်ကြီးအကြောင်း ဆက်ပြီးဖော်ပြလိုသည်။ လော်ကမန်သူဌေးကြီးသည် အိမ်ကြီးဆောက်ပြီးနောက် ဇနီးမိသားစု၊ အလုပ်သမားများနှင့်အတူ ထိုအိမ်ကြီးတွင် နေထိုင်သည်။ ညဘက်သန်းခေါင်ယံအချိန်တွင် အလွန်ကျယ်လောင်သော အသံကြီးတစ်သံသည် ထွက်ပေါ်လာသည်။ "ပစ်ချလိုက်မယ်・・・ပစ်ချလိုက်မယ်"ဟူသော ယောကျ်ားတစ်ဦး အသံသည် အိပ်ပျော်နေသူများကိုပင် နိုးစေသည်။ ထိုအသံကျယ်ကြီးကို နေ့စဉ်ကြားနေရသဖြင့် လော်ကမန်သူဌေးကြီးနှင့် မိသားစုမှာ ထိုအိမ်တွင် မနေရဲတော့ဘဲ တစ်နေရာသို့ ပြောင်းရွှေ့ခဲ့ကြ၏။ အိမ်



www.burmeseclassic.com

www.burmeseclassic.com

စောင့်အဖြစ် အပ္ပနားဆိုသူ လူကြီးတစ်ဦးကို ထားခဲ့သည်။ အပ္ပနားသည် တစ်ကိုယ်ရေတစ်ကာယသမား ဖြစ်သည်။ ညဘက်တွင် အရက်သောက်ပြီး မူးမူးနှင့် အိပ်ရာဝင်သည်။

ယခင်ကလိုပင် ညဘက် သန်းခေါင်ယံအချိန်တွင် "ပစ်ချလိုက်မယ်‥ ပစ် ချလိုက်မယ်"ဟူသော ယောကျ်ားတစ်ဦး၏ အသံကျယ်ကြီးသည် ထွက်ပေါ်နေကျဖြစ်သည်။ သို့ရာတွင် အပ္ပနားမှာ အရက်မူးပြီး အိပ်မောကျနေသဖြင့် ထို အသံကျယ်ကြီးကို မကြားရဘဲ ဘာမှ မသိသကဲ့သို့ ရှိလေသည်။

တစ်နေ့တွင် အပ္ပနားသည် အစားများပြီး ညဘက်သန်းခေါင်ယံအချိန်တွင် နောက်ဖေးထသွားသည်။ ပြီးလျှင် ပြန်အိပ်သည်။ နှစ်နှစ်ခြိုက်ခြိုက်အိပ်၍မပျော်မီ "ပစ်ချလိုက်မယ်၊ ပစ်ချလိုက်မယ်" ဟူသော အသံကျယ်ကြီး ပေါ်ထွက်လာသည်။ အရက်တန်ခိုးကြောင့် အရာရာကို ကြောက်ရမှန်း၊ စိုးရိမ်ရမှန်းမသိဖြစ်နေသော အပ္ပနားသည် "ပစ်ချချင်ရင် ပစ်ချလိုက်၊ ပစ်ချချင်ရင် ပစ်ချလိုက်" ဟူ၍ အသံကျယ်ကျယ်ဖြင့် ပြန်၍အော်လိုက်သည်။

ထိုအခါ တစ်ဖက်မှ "တကယ်ပစ်ချလိုက်မယ်နော်၊ တကယ်ပစ်ချလိုက်မယ်နော်"ဟူ၍ ကျယ်လောင်စွာ ပြန်အော်ပြောသည်။ အပ္ပနားကလည်း အားကျမခံ "တကယ်ပစ်ချလိုက် တကယ်ပစ်ချလိုက်"ဟူ၍ ပြန်တုံ့ပြန်လိုက်သည်။ အပ္ပနား၏ အသံဆုံးသည်နှင့် အလေးချိန် တစ်ပိဿာခန့်ရှိ အထုပ်တစ်ထုပ်သည် အပ္ပနားအိပ်ရာဘေးသို့ ဖုတ်ခနဲ ကျလာသည်။ အိပ်မပျော်တပျော်ဖြစ်နေသော အပ္ပနားသည် သူ့အိပ်ရာဘေးသို့ ကျလာသော အထုပ်ကို မီးခွက်ထွန်း၍ရှာကြည့်ရာ အဝတ်ဖြူဖြင့် သေသပ်စွာထုပ်ထားသော အထုပ်တစ်ထုပ်ကို တွေ့ရသည်။ အထုပ်ကိုလှမ်းယူပြီး အရေးမကြီးသည့်သဘောဖြင့် နံနက်မိုးလင်းမှ အထုပ်ကို ဖွင့်ကြည့်မည်ဟု စိတ်ကူးကာ မူလနေရာတွင်ပင်ထားပြီး ပြန်အိပ်လိုက်သည်။

နံနက်မိုးလင်းသည်နှင့် အရက်မူးပြေသွားသော အပ္ပနားသည် အထုပ်ကို ယူ၍ဖွင့်ကြည့်ရာ သူ့မျက်စိပင် သူမယုံကြည်နိုင်လောက်အောင် ဖြစ်သွားသည်။ တပြောင်ပြောင် တလက်လက်နှင့် ရွှေထည်၊ စိန်ထည်ပစ္စည်းများကို တွေ့လိုက်ရခြင်းပင် ဖြစ်သည်။

အပ္ပနားသည် ခေါင်းနားပန်းကြီးသွားကာ တုန်ယင်နေသောလက်ဖြင့် ရတနာပစ္စည်းများကို ကိုင်ကြည့်သည်။ ကျောက်မျက်ရတနာ အဖိုးတန်ပစ္စည်းများကို မမြင်ဖူး။ မတွေ့ဖူးသော်လည်း အဖိုးတန်ပစ္စည်းများ ဖြစ်သည်ကိုမူ အပ္ပနား သဘောပေါက်သည်။ အပ္ပနားသည် ရတနာထုပ်ကို လုံခြုံစိတ်ချရသည့် နေရာတွင် ဝှက်ထားလိုက်ပြီး ယင်းအထုပ်ထဲမှ လက်ကောက်တစ်ကွင်းကိုယူ၍ ရွှေဆိုင်သို့ သွားပြသည်။

ထိုအခါ ဆိုင်ရှင်က "ရွှေလက်ကောက်ဖြစ်ကြောင်း၊ ရောင်းလိုက ဝယ်မည်ဖြစ်ကြောင်း၊ ရောင်းလိုလျှင် အချိန်မရွေး ဆိုင်ကိုလာခဲ့ရန်" ပြောသည်။ အပ္ပနားက "ကျွန်တော့်ကို လာပြခိုင်းလို့ လာပြခြင်းဖြစ်ကြောင်း၊ ရောင်းမရောင်း သူမသိကြောင်း၊ ပိုင်ရှင်ကို ပြန်ပြောပြမည်ဖြစ်ကြောင်း"ပြော၍ ပြန်ခဲ့၏။

ထို့နောက် အပ္ပနား လော်ကမန်သူဌေးထံ ခွင့်ပန်၍ အိန္ဒိယသို့ခဏပြန်လိုကြောင်း ပြောကာ ပျောက်သွားပါတော့သည်။ အပ္ပနားသည် မြန်မာနိုင်ငံအတွင်း မြို့တစ်မြို့သို့ ပြောင်းရွှေ့နေထိုင်ပြီး ရတနာပစ္စည်းများကို ထုခွဲရောင်းချကာ တင့်တောင့်တင့်တယ်နေထိုင်ခဲ့သည်ဟု လေ့လာသိရှိရသည်။ အပ္ပနားသည် သူနှင့်ထိုက်၍ရသည့် ရတနာပစ္စည်းများဖြင့် ချမ်းသာသွားပြီး ကောင်းမှုကုသိုလ်များကို လုပ်ခဲ့သည်ဟု သိရှိရပြန်သည်။

ကျွန်တော် သိရှိသရွေ့ တင်ပြရလျှင် လော်ကမန်သူဌေးကြီးပိုင် အိမ်ကြီးနှင့် သစ်စက်ကို ၁၉၆၄ ခုနှစ်တွင် နိုင်ငံတော်က ပြည်သူပိုင်ပြုလုပ်ခဲ့သည်။ ထို့နောက် လော်ကမန်တိုက်ကို အဖွဲ့အစည်းကြီးတစ်ခုက ရုံးဖွင့်လှစ်ခဲ့သည်။ ၁၉၈၈ ခုနှစ် နောက်ပိုင်းတွင် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနပိုင် မော်လမြိုင်သံလွင်ဟိုတယ် အဖြစ် ဖွင့်လှစ်ခဲ့ရာ ယနေ့တိုင်အောင်ပင် ဖြစ်သည်။

ကျွန်တော်ကိုယ်တိုင်ပင် မော်လမြိုင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင် တာဝန်ထမ်းဆောင်စဉ် ရန်ကုန်မှရောက်ရှိလာသော မြန်မာ့အသံနှင့် ရုပ်မြင်သံကြားရိုက်ကူးရေးအဖွဲ့နှင့်အတူ ၁၉၉၁ ခုနှစ်တွင် အဆိုပါ ဟိုတယ်သို့ ရောက်ရှိပြီး ရိုက်ကူးရေး လုပ်ခဲ့သည်။ ဟိုတယ်မှ ကျွေးမွေးသော အစားအစာများကိုလည်း အားပါးတရ စားသုံးခဲ့သည်။

ယနေ့ဆိုလျှင် လော်ကမန်တိုက်တစ်ဖြစ်လဲ သံလွင်ဟိုတယ်သည် ခရီးသွားဧည့်သည်များနှင့် စည်ကားလျက်ရှိသည်ကို ကျွန်တော်ကိုယ်တိုင် ၂၀၀၉ ခုနှစ်အတွင်း မော်လမြိုင်မြို့သို့ ရောက်ရှိစဉ်က မျက်မြင်ကိုယ်တွေ့ ရှိခဲ့ပါကြောင်း တင်ပြလိုက်ရပါ၏။

တက္ကသိုလ်သခ်



www.burmeseclassic.com

www.burmeseclassic.com

# မနူဟာနတ်နန်းနှင့် ဗျတ်ဝိ၊ ဗျတ္တာ ကြက်မတစ်ဝပ်စာ

မင်းဒီပလှိုင်



သထုံမြို့သည် မွန်ပြည်နယ်၊ သထုံခရိုင်အတွင်း၌ တည်ရှိပြီး မြို့နယ်ရုံးစိုက်ရာ မြို့လည်းဖြစ်သည်။ မော်လမြိုင်မြို့၏ အနောက်မြောက်ဘက် ၄၀ မိုင်အကွာတွင် တည်ရှိသည်။

မြောက်လတ္တီတွဒ် ၁၆ ၅၅'၊ အရှေ့လောင်ဂျီတွဒ် ၉၇ ၂၂' အတွင်း၌ တည်ရှိပြီး ဧရိယာစတုရန်းမိုင်ပေါင်း ၅၃၇.၉၂ ကျယ်ဝန်းသည်။ သထုံမြို့သည် ရပ်ကွက် ၅ ရပ်ကွက်၊ ကျေးရွာအုပ်စု ၄၉ အုပ်စု၊ ကျေးရွာပေါင်း ၁၉၇ ရွာဖြင့် တည်ရှိနေသည်။ လူဦးရေ ၂၃၇၇၄၁ ဦးရှိပြီး တိုင်းရင်းသားပေါင်းစုံ ဖွဲ့စည်းနေထိုင်ရာ ဖြစ်သည်။ ခရီးလမ်းပန်းဆက်သွယ်ရေးလည်း ချောမွေ့ပြီး မော်လမြိုင်သို့ မော်တော်ကား၊ မီးရထားတို့ဖြင့် လွယ်ကူစွာ အချိန်မရွေး သွားလာနိုင်သည်။ သထုံမြို့တွင် ထင်ရှားသော ဘုရားစေတီများမှာ လေးဆူဓာတ်ပုံ ရွှေစာရံစေတီတော်မြတ်ကြီး၊ မြသပိတ်စေတီ၊ အလံတစ်ရာဘုရား၊ ကလျာဏီသိမ်တော်၊ ကြေးသွန်းဘုရားကြီး၊ နီးဘုရားကြီးတို့ ဖြစ်သည်။


လွန်ခဲ့သော နှစ်ပေါင်းများစွာက သထုံမင်းဆက် ၅၇ ဆက် ထီးနန်းစံခဲ့ဖူးသည်။ သထုံမြို့၏ နောက်ဆုံးမင်းဆက်မှာ မနူဟာဘုရင်ဖြစ်သည်။ မနူဟာမင်း၏ သီလအာနုဘော်ကြောင့် ခုနစ်ဖြူအစီး ၃၀ ပိုင်ဆိုင်ထားပြီး နှုတ်မြွက်စကားပြောကြားရာတွင် ခံတွင်းမှ မီးတောက်သည်ဟု အဆိုရှိသည်။ သာသနာရေးကို အလွန်ကြည်ညိုသောကြောင့် တိုင်းပြည်၏ စစ်အင်အားကို တောင့်တင်းခိုင်မာစွာ ဖွဲ့စည်းထားခြင်း မရှိပါ။ ထိုစဉ်က ကျွမ်းစစ်သည်များ၏ ရန်စထိပါးခြင်းကို အကြိမ်ကြိမ်ခံရရှာသည်။ ထို့ကြောင့် အနော်ရထာမင်းထံ စစ်ကူတောင်း၍ ကျွမ်းစစ်သည်များကို ပြန်လည်တိုက်ခိုက်ခဲ့ရသည်။

ထိုစဉ်က အနော်ရထာမင်း စိုးစံနေသော ပုဂံပြည်တွင် ဗုဒ္ဓသာသနာ ထွန်းကားရန်အတွက် အရေးပါသော ပိဋကတ်သုံးပုံ မရှိသေးပါ။ ဗုဒ္ဓသာသနာ ထွန်းကားရန် ကြိုးစားဆောင်ရွက်နေသော အနော်ရထာဘုရင်၏ ဆန္ဒကို ရှင်အရဟံမှ အကြံကောင်းများပေးကာ



www.burmeseclassic.com

www.burmeseclassic.com



သထုံမနူဟာမင်းထံ၌ရှိနေသော ပိဋကတ်တော်များကို တောင်းယူခဲ့သည်။ မနူဟာမင်းက သာသနာရေးကို ကြည်ညိုသောကြောင့် လွယ်ကူစွာ မပေးသောအခါ အနော်ရထာမင်းက သထုံသို့ စစ်ချီ၍ မနူဟာမင်းနှင့်တကွ ပိဋကတ်အစုံ သုံးဆယ်ကို ပုဂံသို့ ယူဆောင်သွားသည်။

ပုဂံ မြင်းကပါအရပ်တွင် မနူဟာမင်း စံစားနေထိုင်စဉ် မိမိလက်စွပ်တော်ကို ရောင်းချ၍ မနူဟာဘုရားကို တည်ထားခဲ့၏။ ဘုရားရှေ့တွင် ဆန် ၁၇ တင်းချက် လောင်းလှူနိုင်ရန် ရေမသပိတ်တော်ကြီးကို ပြုလုပ်၍ သာသနာရေးကို ဆောင်ရွက်ရင်း သက်တော် ၇၀ တွင် နတ်ရွာလားတော်မူသည်။

မနူဟာမင်းသည် နတ်ရွာလားပြီးနောက် နေမိန္နရတောင်၌ နတ်အဖြစ်ရှိနေသည်ဟု ဒေသခံများက ယုံကြည်ကြသေးသည်။ ထို့အပြင် မြင်းခြံမြို့ စွန်းလွန်းဂူကျောင်းဆရာတော် ဦးကာဝိက မနူဟာမင်းမြတ် မကျွတ်လွတ်သေးကြောင်း မိန့်ဆိုခဲ့ဖူးသည်။ ဒေသခံ နတ်ယုံကြည်ကြသူများက မနူဟာနတ်နန်းကို တည်ဆောက်၍ ကိုးကွယ်ကာ နှစ်စဉ် ပဌာန်းပွဲ ကျင်းပလျက်ရှိသည်။

"မနူဟာမင်း ကျွတ်တမ်းဝင်နိုင်အောင်လို့ မနူဟာမင်းနတ်နန်းမှာ ပဌာန်းရွတ်ဆိုပွဲကို ကျင်းပပြီး အမျှအတန်းပေးပါတယ်။ ပဌာန်းပွဲကျင်းပပြီး နတ်ကပွဲကိုလည်း ကျင်းပခဲ့တယ်။ တပေါင်းလဆန်း ၆ ရက်နေ့မှ ၉ ရက်နေ့ထိ သုံးရက်ဆက်တိုက် ကျင်းပခဲ့ပါတယ်"ဟု မနူဟာနတ်နန်းထိန်း အဘွားနန်းက ဆိုပါသည်။ မနူဟာမင်းသည် သထုံမြို့ သမိုင်းကြောင်း၌ အထင်ကရ ကျော်ကြားခဲ့သော မင်းတစ်ပါးဖြစ်ခဲ့သောကြောင့် စိတ်ဝင်စားကြပြီး မင်းကို ရည်စူး၍ ပဌာန်းရွတ်ဆိုပွဲသည်လည်း အထူးစည်ကားနေပါသည်။

သထုံမြို့မှ ဘားအံမြို့သို့ ခရီးထွက်ခွာရာ ကားလမ်းနံဘေးတွင် တည်ရှိသော မြေမြို့ရိုးတွင် "သမိုင်းဝင်သုဝဏ္ဏဘူမိမြို့ရိုး၊ ကြက်မတစ်ဝပ်စာ" ဟု ကမ္ပည်းရေးထိုးထားသော နေရာတစ်ခုကို ထင်ထင်ရှားရှား တွေ့မြင်နိုင်ပါသည်။


ထိုနေရာကိုရောက်တိုင်း သထုံမြို့၏ သမိုင်းကြောင်းကို ပြန်ပြောင်းသတိရမိသည်။ မြေမြို့ရိုး၌ "သမိုင်းဝင်သုဝဏ္ဏဘူမိမြို့ရိုး ကြက်မတစ်ဝပ်စာ" ဟု ကမ္ပည်းရေးထိုးထားသော နေရာသည် သထုံမြို့၏ သမိုင်းကြောင်းကို ကိုယ်စားပြုထားသည်ဟု ဆိုနိုင်ပါသည်။

ကမ္ပည်းစာတန်းအောက်ရှိ စက်ဝိုင်းခြမ်းငယ်အတွင်း၌ ကြက်မတစ်ကောင် ဝပ်နေပုံကို ရုပ်ကြွပုံဖော်ထားသည်။ ထို့အပြင် ကြက်မတစ်ဝပ်စာ၏ အနီးအနားတွင် ဗျတ်ဝိ၊ ဗျတ္တနှင့် မဒိုစာ ရုပ်တုများကို တွေ့မြင်နိုင်ပါသည်။ ထိုရုပ်တုများသည် ရှေးဟောင်းသမိုင်းကြောင်းကို ပြန်လည်ထုတ်ဖော်ပြဆိုနေပါသည်။

ပြန်ပြောင်းသတိရမိသည့် သမိုင်းကြောင်းမှာ မဒိုစာသည် ဗျတ်ဝိ၏ ဇနီးတော်ဖြစ်သည်။ ဗျတ်ဝိသည် မနူဟာမင်း၏ ဘုန်းရိပ်ခိုလှုံ၍ အမှုတော်ထမ်းလျက်ရှိသည်။ သို့သော် မနူဟာမင်းသည် ဗျတ်ဝိကြောင့် ထီးရေးနန်းရေး ရှုပ်ထွေးလာမည်ကို စိုးရိမ်လာသဖြင့် ဗျတ်ဝိကို ကွပ်မျက်ပြီး သထုံမြို့ နယ်နိမိတ်၌ ဗျတ်ဝိ၏ သွေးသွန်းလောင်းကာ မြို့စောင့်အဖြစ် စီရင်ထားသည်။ ပုဂံမင်း အနော်ရထာသည် မနူဟာမင်းထံမှ ပိဋကတ်သုံးပုံကို ရယူလို၍ တစ်ပြုလာသည်။ သို့သော် သထုံမြို့ကို ကြိုး

www.burmeseclassic.com

www.burmeseclassic.com





စားသော်လည်း အလွယ်တကူ မရရှိဘဲ ခက်ခက်ခဲခဲ ဖြစ်လို့နေသည်။

ဗျတ်ဝိ၏ ညီအစ်ကိုတော် ဗျတ္တသည် ပုဂံမင်းထံမှ သထုံကိုရရန် ကြိုးစားပေးသော အမှုတော်ထမ်းဖြစ်သည်။ သထုံမြို့ကိုရရှိရန် ဗျတ်ဝိ၏ဇနီး မဒိုစာနှင့် အဆက်အသွယ်ပြု၍ မဒိုစာသည် ဗျတ်ဝိကွပ်မျက်ခံရသည့် အရေးကြောင့် မနူဟာမင်းအပေါ် မကြည်လင်ဖြစ်နေသည်ဟု ဆိုသည်။ သထုံမြို့ကို ရလိုပါက ဗျတ်ဝိ၏ သွေးစက်ကင်းလွတ်ရာ ကြက်မတစ်ဝပ်စာမျှသော နေရာရှိ၏။ ထိုနေရာမှ လုပ်ကြံပါက မုချအောင်မြင်မည်ဟု ဆိုသည်။ ထိုအခါ ဗျတ္တလည်း မဒိုစာဆိုသည့်အတိုင်း ကျန်စစ်သားကို လျှောက်တင်၍ အဆိုပါ ကြက်မတစ်ဝပ်စာနေရာမှ ဝင်ရောက်တိုက်ခိုက်ပြီး သထုံမြို့ကို အောင်မြင်စွာ သိမ်းပိုက်နိုင်ခဲ့သည်။

ထိုကြက်မတစ်ဝပ်စာ နေရာသည် မနူဟာမင်း သထုံမြို့မှ ပုဂံပါတော်မူခန်း အစဖြစ်သည်ဟု ဆိုကြသည်။ ထို့ကြောင့် ဗျတ်ဝိ၊ ဗျတ္တ၊ မဒိုစာနှင့် ကြက်မတစ်ဝပ်စာ မြို့ရိုး၏ သမိုင်းပုံရိပ်သည် ယခုတိုင် ဖော်ကျူးတည်ရှိနေပါတော့သည်။

**မင်းဒီပလှိုင်**

www.burmeseclassic.com

# မာကိုပိုလို၊ ကူဗလေခန်နှင့် ထူးခြားဆန်းကြယ်သော အင်းပြားကြီး

တက္ကသိုလ်မိုးမြင့်ဝေ

မာကိုပိုလိုဟုဆိုလျှင် အာရှတစ်ခွင်အနှံ့ လှည့်လည်ခရီးသွားသော ကုန်သည်မှန်း။ ကူဗလေခန်ဟုဆိုလျှင် တရုတ်နိုင်ငံကို ထူးခြားစွာ ဖြစ်ပေါ်စေသော မွန်ဂိုမင်းတစ်ပါးဖြစ်ကြောင်း သမိုင်းလေ့လာသူများအနေဖြင့် သိရှိကြပေလိမ့်မည်။

ကူဗလေခန်သည် ၁၂၁၅ ခုနှစ်၊ စက်တင်ဘာ ၂၃ ရက်တွင်မွေးဖွား၍ ၁၂၉၄ ခုနှစ်တွင် ကွယ်လွန်ခဲ့သည်။ မာကိုပိုလိုမှာ ၁၂၅၄ ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက်နေ့တွင် မွေးဖွားပြီး၊ ၁၃၂၄ ခုနှစ်၊ ဇန်နဝါရီလ ၈ ရက်နေ့တွင် ကွယ်လွန်ခဲ့သည်။ ကူဗလေခန်သည် ဇာတာအလွန်ကြီးမားသော၊ ဘုန်းကံရှိသောသူဖြစ်သည်။ ကူဗလေခန်၏ ဆရာများအနက် နက္ခတ်ဗေဒင်အတတ်ကို ကျွမ်းကျင်စွာ တတ်မြောက်သော တရုတ်လူမျိုးပညာရှိကြီး တစ်ဦးရှိ၏။ ထိုပညာရှိကြီးက -

"ကူဗလေခန်ဟာ တစ်နေ့နေ့တစ်ချိန်ချိန်ကျရင် တရုတ်နိုင်ငံကို ထူးခြားစေမယ့် မင်းကောင်းတစ်ပါးဖြစ်လိမ့်မယ်"

ဟု ဆိုခဲ့သည်။ အမေရိကန်နိုင်ငံဖြစ်လာမည့် ကျွန်းကြီးတစ်ကျွန်းကို အနောက်နိုင်ငံသားတို့မတွေ့မီ အေဒီ ၄၉၉ ၌ တရုတ်ဗုဒ္ဓဘာသာဘုန်းတော်ကြီး ဗိရှိုင်းဆိုသူက စတင်တွေ့ရှိခဲ့သည်။ ဗိရှိုင်း၏မျိုးဆက်မှ ဗိဝမ်အမည်ရှိ တရုတ်ပညာရှိကြီးသည် ကူဗလေခန်၏ ဆရာရင်းဖြစ်လာခဲ့သည်။ ဗိဝမ်သည် ၎င်း၏ဘိုးဘေးဆရာကြီးများထံမှ ပညာကျမ်းဂန်များကို အဆင့်ဆင့်ဆက်ခံခဲ့ပြီး ဆရာကြီး ဗိရှိုင်းသယ်ဆောင်သော ကံကောင်းစေသည့်အင်းပြားကို ကူဗလေခန်အား ပေးအပ်ခဲ့သည်။ အဆိုပါအင်းပြားကြီး၌ ဂဏန်းအများပါဝင်ရာ ယခုခေတ်သုံးနှင့် ဖော်ပြရလျှင် -

| | | |
|---|---|---|
| 4 | 9 | 2 |
| 3 | 5 | 7 |
| 8 | 1 | 6 |

ဟူ၍ဖြစ်ပြီး "ဖုဆီ"၏ ဂမ္ဘီရဇယားကွက်ဟု ဆိုကြပေသည်။ ဆရာကြီးဗိဝမ်သည် ကူဗလေခန်ကို ငယ်စဉ်ကပင် ထူးခြားနက်နဲသော တရုတ်လူမျိုးတို့၏ လျှို့ဝှက်သော အတတ်များ၊ ယဉ်ကျေးမှုများကို စနစ်တကျသင်ပေးခဲ့သည်။ ဆရာကြီးဗိဝမ်ကွယ်လွန်ခါနီး၌ ကူဗလေခန်အား···

"သည်အင်းပြားကြီးဟာ လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာက ငါ့ရဲ့မျိုးရိုးဘိုးဘေးကြီးတွေရဲ့ ကံကောင်းခြင်းကို ပေးစွမ်းတဲ့ အဆောင်အင်းပြားပဲဖြစ်တယ်။ မျိုးရိုးစဉ်ဆက်အရ ငါဟာ အဲသည်အင်းပြားကို ဆက်ခံခဲ့ရတယ်။ ခုဆိုရင်ငါ့ရဲ့ ဗိမျိုးဆက်ဆိုတာ မရှိတော့ဘူး။ ငါဟာ နောက်ဆုံးမျိုးဆက်ပဲ ဆိုပါတော့။

ကူဗလေခန်··· သင်ဟာ ငါကွယ်လွန်ပြီးတဲ့နောက် မကြာမီမှာ မင်းကောင်းဖြစ်လိမ့်မယ်။ အဲသည်နောက် နိုင်ငံကြီးတစ်ခု ထူထောင်ရလိမ့်ဦးမယ်။ သည်အင်းပြားကြီးကို သင့်လက်ထဲငါ ပေးအပ်လိုက်ပါပြီ။ သင်မင်းကောင်းဖြစ်တဲ့အခါ သည်အင်းပြားကြီးကို စီနနိုင်ငံတရုတ်ပြည်မှာ မရှိပါစေနဲ့။ ဖျောက်ဖျက်ပစ်လိုက်ပါ"

ဟုမှာကြားခဲ့သည်။ သည့်နောက်



www.burmeseclassic.com

www.burmeseclassic.com



ကူဗလေခန်က မာကိုပိုလိုကို ပေးသော အင်းပြားကြီး








www.burmeseclassic.com

www.burmeseclassic.com

ကူဗလေခန်လည်း အင်းပြားကြီး အဆောင်ဖြင့် တိုက်ပွဲအလီလီဆင်နွှဲကာ မွန်ဂိုခေါင်းဆောင်ဖြစ်လာခဲ့ပြီး မင်းဆက်သစ်ကို ထူထောင်နိုင်ခဲ့သည်။ မာကိုပိုလိုသည် ကူဗလေခန့်ထံရောက်ရှိသောအခါ ကူဗလေခန်က လွန်စွာသဘောကျပြီး ၎င်း၏အင်ပါယာတွင် စိတ်ကြိုက်နေခွင့်ရရှိခဲ့၏။ မာကိုပိုလိုသည် အလွန်နက်နဲသော စိနတို့၏ ယဉ်ကျေးမှု အယူအဆများ၊ နည်းပညာများ၊ ယဉ်ကျေးမှုများ၊ ရှေးဟောင်းလျှို့ဝှက် အတတ်များကို လေ့လာခဲ့သည်။

ကူဗလေခန်သည် မိမိအထွတ်အထိပ်သို့ရောက်ရှိသောအခါတွင် ဆရာကြီးဗိုဝမ်ပေးခဲ့သော အင်းပြားကြီးအား ဖျောက်ဖျက်ရန် တာဝန်ကျလာတော့သည်။ ဤ၌ အင်းပြားကြီးကို စိနနိုင်ငံသား(မွန်ဂိုဖြစ်စေ၊ တန်ဖြစ်စေ)တို့၏ လက်သို့ မရောက်စေရန်လည်း သတိထားရသည်။ သို့ဖြစ်၍ ၁၂၉၂ ခုနှစ်ဖေ ရက်တစ်ရက်တွင် မာကိုပိုလိုကို အပါးသို့ခေါ်ကာ...

"ငါ့ထံခစားတဲ့ သင့်ကို ဆုလာဘ်ပေးရမယ်"

ဟုဆိုကာ များစွာသော ဆုလာဘ်များနှင့်အတူ ရွှေအင်းပြားကြီးအား မာကိုပိုလို၏လက်တွင်းသို့ ထည့်လိုက်လေသည်။ ထို့နောက် မာကိုပိုလိုအား လျှို့ဝှက်စွာတွေ့ဆုံပြီး အဆိုပါရွှေအင်းပြားကြီးကို အနောက်တိုင်းသို့ အပြီးသယ်ဆောင်သွားရန် ကတိတောင်းခဲ့လေသည်။ သို့ဖြင့် မာကိုပိုလိုလည်း မိမိ၏ ဌာနေသို့ ပြန်လာခဲ့

ကူဗလေခန်သည် မိမိအထွတ်အထိပ်သို့ ရောက်ရှိသောအခါတွင် ဆရာကြီးဗိုဝမ် ပေးခဲ့သော အင်းပြားကြီးအား ဖျောက်ဖျက်ရန် တာဝန်ကျလာတော့သည်။ ဤ၌ အင်းပြားကြီးကို စိနနိုင်ငံသား (မွန်ဂိုဖြစ်စေ၊ တန်ဖြစ်စေ)တို့၏လက်သို့ မရောက်စေရန်လည်း သတိထားရသည်။

လေသည်။ မာကိုပိုလိုသည် ၎င်း၏ဌာနေ၌ လွန်စွာချမ်းသာကြွယ်ဝသော ပုဂ္ဂိုလ်ဖြစ်ခဲ့သည်။ ၎င်းကွယ်လွန်အနိစ္စရောက်သောအခါ လူအချို့သည် အရှေ့တိုင်းကရရှိလာသော ရတနာတို့ကြောင့် ချမ်းသာလာသည်ဟု ထင်မှတ်ကြ၏။ အချို့ကလည်း မာကိုပိုလိုသည် အရှေ့ကမ္ဘာမှရရှိလာသော ထူးခြားသည့် လာဘ်လာဘကောင်းစေသော အရာတစ်ခုကြောင့် လုပ်ငန်းတိုင်း အောင်မြင်သည်ဟုမှတ်ယူကြ၏။ သည့်အတွက် အင်းပြားကြီးမှ အကွက်ဂဏန်းများကို ရေးကူး၍ဆောင်ကြလေသည်။ ထိုအဆောင်ဖယားကွက်ကိုလည်း (Chinese Magic Square) တရုတ်တို့၏ ကံကောင်းစေသော အဆောင်ဟု အမှတ်သညာပြုကြလေ၏။

အဆိုပါ ရွှေအင်းပြားကြီးသည်ကား...

တရုတ်ဘုန်းတော်ကြီး ဗိုရှိုင်း၏ မျိုးဆက်လိုက်ဆောင်သော အင်းပြားကြီးဖြစ်၏။ ဗိုရှိုင်း၏နောက်ဆုံးမျိုးဆက် ပညာရှိကြီး ဗိုဝမ်းမှ ၎င်း၏တပည့် ကူဗလေခန်အား ကံကောင်းခြင်းလက်ဆောင်အဖြစ် လက်ဆင့်ပေးကမ်းခဲ့၏။ ကူဗလေခန်မင်းကောရာင်ဖြစ်ပြီးဖျောက်ဖျက်ပစ်စေသော အင်းပြားကြီးဖြစ်၏။ နောက်ဆုံး မာကိုပိုလို၏ လက်တွင်းသို့ ရောက်ရှိပြီး ကူဗလေခန်၏ တာဝန်ပေးချက်အရ ၎င်းကွယ်လွန်သည့်အခါတွင် ၎င်း၏ဂူသင်္ချိုင်းရှိရာ ဆန်လော်ရင်ဇိုဘုရားကျောင်း၌ ဤအင်းပြားကြီးကို ၎င်းနှင့်အတူ မြှုပ်နှံစေရန် ကျန်ရစ်သူသမီးသုံးဦးအား မှာကြားခဲ့၏။

သမီးသုံးဦးကလည်း ဖခင်ကြီးမှာကြားခဲ့သည့်အတိုင်း မာကိုပိုလိုနှင့်အတူ အင်းပြားကြီးကို မြှုပ်နှံခဲ့၏။ သို့ဖြင့်ပင် ရွှေအင်းပြားကြီးမှာ နိဂုံးကမ္ပက် အဆုံးသတ်ခဲ့ရလေသည်။ သို့သော်ငြား အင်းပြားကြီးပေါ်မှ ဖယားကွက်များကား ဂမ္ဘီရဆန်နေပေရာ ဂမ္ဘီရလိုက်စားသူများအဖို့ နှစ်ကာလမည်မျှပင် ရင့်ညောင်းစေကာမူ ယခုတိုင်စိတ်ဝင် တစားရှိနေကြဆဲပါတည်း။

**တက္ကသိုလ်မိုးမြင့်ဝေ**




www.burmeseclassic.com

www.burmeseclassic.com

# ရန်ကုန်ထောင်အကြောင်း တစေ့တစောင်း

သုတေသီဆရာငြိမ်း



ရန်ကုန်ထောင်ကို အပေါ်မှ မြင်ရပုံ



ရန်ကုန်ထောင် ရှေ့မျက်နှာစာ ပုံ၀

တစ်လောကတုန်းက ဆရာဦးသန့်(လာဘ်မိုးရွှေ)ထံမှ စာအုပ်ကလေးတစ်အုပ်ကို ငှားဖတ်ခွင့်ကြုံသည်။ ကိုကိုလေး (မြန်မာပြန်)၏ "တစ်ခါတုန်းက ရန်ကုန်ထောင်"အမည်ရှိ စာအုပ်။

သည်စာအုပ်ကလေးက အတော်ကလေးဖတ်၍ ကောင်းသည်။ ဖက်ဆစ်ဂျပန်တို့၏ စစ်သုံ့ပန်းအဖြစ် ဖမ်းဆီးခြင်းခံရသော ဗြိတိသျှဆရာဝန်တစ်ဦး၏ ဂျပန်ခေတ်ရန်ကုန်ထောင် ကိုယ်တွေ့မှတ်တမ်းပဲဖြစ်သည်။ သည်စာအုပ်ကိုဖတ်ရင်းမှ ဖက်ဆစ်ဂျပန်တို့၏ ညှဉ်းပန်းနှိပ်စက်မှုကို ဆိုးရွားစွာ ခံစားခဲ့ရသော အဖြစ်အပျက်များကို ကိုယ်တွေ့မှတ်တမ်းတင် ပြုစုရေးသားခဲ့သည့် ဆရာကြီးလင်းယုန်သစ်လွင်၏ "ယိုးဒယား-မြန်မာ မီးရထားလမ်း ကိုယ်တွေ့ချွေးတပ်မှတ်တမ်း"နှင့် "သေမင်းတမန် လမ်းပေါ်ဝယ်" စာအုပ်တို့ကိုပင် သတိရလာခဲ့သည်။ စနစ်တကာ စနစ်တို့တွင် ဖက်ဆစ်စနစ်ကား ဆိုးရွားလှပါဘိ။

ယခု ဆရာကိုကိုလေး မြန်မာပြန်ဆိုထားသော စာအုပ်မှာ Col. K. F. MACKENZIE R.A.M.C ရေးသားသော OPERATION RANGOOAN JAIL ဖြစ်သည်။

စာရေးသူအဖို့ မြန်မာပြည်ရှိ ထောင်များနှင့်ပတ်သက်၍ အင်းစိန်ထောင်၊ သာယာဝတီထောင်၊ မြင်းခြံထောင်၊ မိတ္ထီလာထောင်၊ မန္တလေးထောင်၊ သရက်ထောင်၊ မြင်းကြီးနားထောင် အစရှိသည်တို့လောက်သာ ကြားသိဖူးပါသည်။ ရန်ကုန်ထောင်ဆိုသည်ကို ဗဟုသုတနည်းပါး၍ မသိခဲ့ပါ။ ယခု

www.burmeseclassic.com

www.burmeseclassic.com



ဤစာအုပ်ဖတ်မိလိုက်မှ ရန်ကုန်ထောင်အကြောင်းကို သိရပါသည်။


ရန်ကုန်ထောင်သည် မြန်မာနိုင်ငံ၏ မြို့တော်ဖြစ်(ခဲ့ဖူး)သော ရန်ကုန်မြို့၌ ရှိခဲ့ဖူးပါသည်။ အဆိုပါ ရန်ကုန်ထောင်ကြီးကို တည်ဆောက်ခဲ့သူတို့မှာ အခြားမဟုတ်။ မိမိတို့ မြန်မာနိုင်ငံကို သိမ်းပိုက်ကျွန်ပြုခဲ့သော နယ်ချဲ့ဗြိတိသျှအစိုးရပင် ဖြစ်ပါသည်။ ရန်ကုန်ထောင်ကို နယ်ချဲ့ဗြိတိသျှအစိုးရတို့သည် မြို့ပြအုပ်ချုပ်ရေး လိုအပ်ချက်အရ တည်ဆောက်ခဲ့သည့်နည်းတူ ၎င်းတို့အား တွန်းလှန်ပုန်ကန်သူ မြန်မာမျိုးချစ်တို့ကိုလည်း အကျဉ်းချထားနိုင်ရန် တည်ဆောက်ခဲ့ပေသည်။ သို့ဖြစ်၍ ရန်ကုန်ထောင်အတွင်း၌ မြန်မာမျိုးချစ် အမြောက်အမြား အကျဉ်းချခံခဲ့ရသည်။ ကွပ်မျက်ကြိုးပေးခြင်းကိုလည်း ခံခဲ့ရသည်။

မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှု သမိုင်းစဉ်တွင် ထင်ရှားသော ရဟန်းအာဇာနည်များ ဖြစ်ကြသည့် ဦးဥတ္တမ ကိုယ်တော်ကြီးမှာ ရန်ကုန်ထောင်ကြီး၌ အကျဉ်းကျခဲ့ဖူး၏။ ဆရာတော်ဦးဝိစာရဆိုလျှင် ရန်ကုန်ထောင်ကြီးအတွင်း အစာအငတ်ခံ ဆန္ဒပြရင်း ပျံလွန်တော်မူခဲ့ရရှာ၏။ စင်စစ် ရန်ကုန်ထောင်ကြီးသည် မည်ကာမတ္တမဟုတ်။ မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှုနှင့် ဆက်စပ်လျက်ရှိ၏။

ကိုလိုနီခေတ်၊ ဖက်ဆစ်ခေတ်တို့တွင်သာ မဟုတ်။ မြန်မာ့လွတ်လပ်ရေးရရှိပြီး ဖဆပလအစိုးရလက်ထက်၊ ပြည်ထောင်စုအစိုးရ လက်ထက်တွင်လည်း အဆိုပါ ရန်ကုန်ထောင်ကြီး၌ ဒီမိုကရေစီရေး ပြည်တွင်းငြိမ်းချမ်းရေး ဆောင်ရွက်သူတို့နှင့် အစိုးရအပေါ် ဝေဖန်တိုက်ခိုက်သူတို့အတွက် အကျဉ်းချထားစရာ အဆောက်အအုံကြီး ဖြစ်ခဲ့ဖူး၏။ သတင်းစာဆရာကြီး လူထုဦးလှ၊ စာရေးဆရာကြီး ဗန်းမော်တင်အောင် စသော ပုဂ္ဂိုလ်တို့ဆိုလျှင် ရန်ကုန်ထောင်ကြီးနှင့် မဟာမိတ်သဖွယ် ဖြစ်ခဲ့၏။ စင်စစ်အားဖြင့် ထောင်၊ ဂါတ်၊ အချုပ်တို့ဆိုသည်မှာ ရာဇဝတ်မှုကျူးလွန်သူတို့အတွက်သာ ဖြစ်သင့်သော်လည်း ခေတ်အဆက်ဆက်၊ အုပ်ချုပ်သူအဆက်ဆက်တို့ စွဲကိုင်သည့် ဖိနှိပ်ရေးယန္တရားများသဖွယ်သာ ဖြစ်ခဲ့ပေသည်။

ဤ "တစ်ခါတုန်းက…ရန်ကုန်ထောင်" စာအုပ်ကား မြန်မာနိုင်ငံအတွက် သမိုင်းဝင်အထောက်အထား ပြနိုင်သော အချက်အလက်များပါဝင် နေပေသည်။

…ရန်ကုန်မြို့ကြီးသည် လွန်ခဲ့သည့်နှစ်ပေါင်း တစ်ရာကျော်ကျော်က တံငါရွာကလေးတစ်ခုမျှသာ ဖြစ်သည်။ ၁၉၀၀ ပြည့်လွန်ကာလများတွင် အရှေ့




ရန်ကုန်ထောင်တိုက်ခန်းနှင့် အကျဉ်းသားအိပ်သည့် ကွပ်ပျစ်



www.burmeseclassic.com

www.burmeseclassic.com



ထောင်စကြိုကော်ရစ်တာ

တောင်အာရှ၌ အလှပဆုံး၊ နေထိုင်ရန် အကောင်းဆုံး မြို့ကြီးတစ်မြို့ ဖြစ်လာခဲ့သည်။ ၁၉၁၁ ခုနှစ်၌ ရန်ကုန်မြို့၏လူဦးရေသည် လူဦးရေ သုံးသိန်းကျော်အထိ ရှိလာခဲ့ပြီဖြစ်သည်။

၁၉၃၁ ခုနှစ်တွင် ရန်ကုန်မြို့၏ လူဦးရေသည် လေးသိန်းကျော်အထိ ရှိလာခဲ့ပြီဖြစ်သည်။ ၁၉၄၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်နေ့တွင် ဖက်ဆစ်ဂျပန်တို့ ကျူးကျော်သိမ်းပိုက်ချိန်၌ လူဦးရေသည် သန်းဝက်မျှအထိ ရှိနေရာမှ အတော်များများသည် မြို့ကို စွန့်ခွာထွက်ပြေးသွားကြပြီ ဖြစ်သည်။ ထိုအချိန်က ရန်ကုန်မြို့တွင် နေထိုင်သူအများစုသည် ငွေကြေးချမ်းသာကြွယ်ဝသော အိန္ဒိယသားများ ဖြစ်လေရာ သူတို့အားလုံးနီးပါး မြို့ကို စွန့်ပြေးထွက်ခွာရာတွင် အဖိုးတန် လက်ဝတ်ရတနာများကိုယူပြီး ထွက်ပြေးသွားခဲ့ကြသည်။

ဗမာလူမျိုး သူခိုးဓားပြများကလည်း တောမီးလောင်၊ တောကြောင်လက်ခမောင်းခတ် ဆိုသကဲ့သို့ မြို့၌ ကျန်နေသူများကို ခိုး၊ ဆိုး၊ လုယက်၊ တိုက်ခိုက် သတ်ဖြတ်နေခဲ့ကြသည်။ ဗြိတိသျှအစိုးရတပ်သည် မြို့ကိုစွန့်ပြီး ဆုတ်ခွာရာတွင် မြေလှန်စနစ်ဖြင့် အရာရာကို နိုင်စွမ်းသလောက် မီးရှို့ဖျက်ဆီးပစ်ခဲ့ကြသည်။

ရန်ကုန်ထောင်ကြီးသည် ကော်မရှင်နာလမ်း (Commissioners Road) ၌ တည်ရှိသည်။ အကျဉ်းတန် အရုပ်ဆိုးလှသော ရန်ကုန်ထောင်ကြီးသည် ဗြိတိသျှအင်ပါယာအတွင်းရှိ အကြီးဆုံးသောထောင်များတွင် တစ်ခုအပါအဝင် ဖြစ်ပေသည်။ ထောင်ထဲ၌ အကျဉ်းသားသုံးထောင်ကျော်ရှိသည်။ ဗြိတိသျှခေတ်ထောင်များသည် ပြစ်မှုဒုစရိုက် ကျူးလွန်သူများကို အပြစ်ပေးသောပုံစံဖြင့် တည်ထောင်ထားသော စာရိတ္တပြုပြင်ရေး ထောင်မျှသာဖြစ်သည်။

ဗြိတိသျှအင်ပါယာကို လက်နက်စွဲကိုင် တော်လှန်ပုန်ကန်သူများ၊ လူသတ်မှုကျူးလွန်သူများ၊ မုဒိမ်းမှုကျူးလွန်သူများကိုမူ သေဒဏ်အပြစ်ပေးပြီး လူ



ရန်ကုန်ထောင်တွင်း အကျဉ်းသားများအတွက် ဗေဆင်



www.burmeseclassic.com

www.burmeseclassic.com



ဗြိတိသျှအကျဉ်းသားများ

ပေးကြသည်။

ရန်ကုန်ထောင်တွင် အခေါင်များကို အုပ်စုခွဲပြီး နံပါတ်တပ်ထားသည်။

အလယ်ဗဟိုရှိ မြင့်မားသော အဆောက်အဦကြီးသည် (Q.M store) ဖြစ်သည်။ အနီးရှိ ရေစင်ကြီးအောက်တွင် ပဲတီအပင်ဖောက်သည့် အခန်းရှိသည်။ ထောင်သားများ စားသုံးရန်အတွက် လိုအပ်သော ဟင်းသီးဟင်းရွက်များကို မင်္ဂလာဒုံမှ တင်သွင်းသည်။ အဆောက်အဦများကို ပုံစံတူ တည်ဆောက်ထားသည်။ ထောင်အတွက် လိုအပ်သောရေကို မင်္ဂလာဒုံမှပို့ပေးသည်။ အကြောင်းတစ်စုံတစ်ရာကြောင့် ရေပြတ်လပ်သောအခါ အသုံးပြုရန်အတွက် အလွန်နက်သော ရေတွင်းကြီးတစ်ခု တူးထားသည်။ ရေတွင်းမှရေကို စုပ်ရန်အတွက် ရေစုပ်စက်ကြီး တပ်ဆင်ပေးထားသည်။

ထောင်အဆောက်အဦ၏ အောက်ထပ်ကို ဘိလပ်မြေလောင်းထားသည်။ အပေါ်ထပ်ကို သစ်သားဖြင့် တည်ဆောက်ထားသည်။ ဗြိတိသျှခေတ်တွင် ဆောက်လုပ်ထားသောပုံစံသည် လျှောင်ဒဏ်ခံနိုင်သော ပုံစံဖြစ်သည်။ သို့သော် ဂျပန်တို့ဝင်စဉ်က ဗုံးကြဲခံခဲ့ရသည်။ ယခုအခါ မဟာမိတ်လေတပ်၏ ဗုံးကြဲခြင်းကိုလည်း ခံထားရသည်။ ဗုံးထိမှန်၍ ပျက်စီးသောနေရာများကို ပြန်လည်ပြုပြင်ခြင်း မရှိခဲ့ပေ။

အဆောက်အဦများမှာ နှစ်ထပ်အဆောက်အဦကြီးတွေ ဖြစ်သည်။ အောက်ထပ်ကို အင်္ဂတေလောင်းထားပြီး အပေါ်ထပ်ကို သစ်သားဖြင့်တည် ဆောက်ထားသည်။

လောက၊ လူ့အသိုင်းအဝိုင်းမှ ဖယ်ထုတ်ရှင်းလင်းရမည် ဖြစ်သော်လည်း ဓားပြတိုက်သည်။ ပစ္စည်းယူရုံမျှအပ လူသတ်ခြင်း၊ မုဒိမ်းကျင့်ခြင်း စသည့် ပြစ်မှုကြီးများ ထပ်မံကျူးလွန်ခြင်းမရှိသူများကို ထောင်ဒဏ်ပေးပြီး အကျင့်စာရိတ္တဆိုးများကို ပြုပြင်




ဗြိတိသျှအကျဉ်းသားတို့ ထမင်းစားခဲ့ရသော နောက်ဆုံးနေ့



www.burmeseclassic.com

www.burmeseclassic.com



မြန်မာ့လွတ်လပ်ရေးကို တောင်းဆိုသဖြင့် ဗြိတိသျှနယ်ချဲ့အစိုးရမှ ဒုတိယအကြိမ်အဖြစ် အလုပ်ကြမ်းနှင့် ထောင်ဒဏ်သုံးနှစ် အပြစ်ပေးခြင်းခံရ၍ ရန်ကုန်ထောင်ကြီး၏ အဝင်တွင် ထိုစဉ်က ကျောင်းဝတ်ထောင်စားနှင့် တွေ့ရသော ဦးဥတ္တမကိုယ်တော်ကြီး

သစ်ပေါသောကြောင့် ထုထည်နှင့် ဆောက်လုပ်ထားခြင်းဖြစ်သည်။ အထပ်တစ်ထပ်တွင် အခန်းကြီး ငါးခန်း ဖွဲ့စည်းထားသည်။ နံရံတစ်ဖက်စီတွင် ရှည်မျောမျော ပြတင်းပေါက်ကြီး ငါးခုစီ ပြုလုပ်ထားသည်။ ပြတင်းပေါက်များတွင် မှန်များတပ်ဆင်ထားခြင်း မရှိပေ။ လုံခြုံမှုမရှိသော်လည်း လေဝင်လေထွက်ကောင်းသော အားသာချက်ရှိသည်။ နေ့ရောညပါ လေကောင်းလေသန့်ကို လုံလောက်စွာ ရရှိသည်။ အကယ်၍ အလုံပိတ် အဆောက်အဦကြီးဖြစ်ပါက အနံ့အသက် လွန်စွာဆိုးဝါးမည်ဖြစ်သည်။

ဗြိတိသျှခေတ်တွင် အခန်းကျယ်ကြီးတစ်ခုတွင် အကျဉ်းသား ၂၈ ယောက်ထားလေသည်။ အပေါ်ထပ်ရှိ အရာရှိအခန်းတွင်မူ ၂၆ ယောက်မျှသာ နေထိုင်ရန်အတွက် ခုတင်များစီ ပေးထားသည်။ အရာရှိအခန်းများသည် သီးသန့်အခန်းကျယ်ကြီးများဖြစ်သည်။

အဆောင်နံပါတ် ၃ မှအခန်းတစ်ခုတွင် ၃၂ ယောက်အထိ ထားရသည်။ အဆောင်အမှတ် ၃ တွင် မီးဖိုကြီးနှစ်ခုရှိသည်။ တစ်ခုကို ထမင်းချက်ရန်ဖြစ်သည်။ ကျန်တစ်ခုကို ဟင်းချက်ရန် အသုံးချသည်။ သွပ်ပြားကြီးများ၊ အုတ်ခဲနှင့် ဘိလပ်မြေပေးပြီး ဗြိတိသျှစစ်သားများက မီးဖိုပုံစံ ဒီဇိုင်းပြုလုပ်ပေးကြသည်။ တတ်စွမ်းသမျှသော ပန်းရန်ပညာဖြင့် မီးဖိုကြီးနှစ်ခုကို စနစ်တကျတည်ဆောက်ခဲ့ရာ မဟာမိတ်တပ်များ ရန်ကုန်ကို သိမ်းပိုက်ချိန်အထိ အသုံးဝင်ခဲ့သော မီးဖိုကြီးများဖြစ်သည်။ ရေလှောင်ကန်ကြီးသည် ၁၉၄၄ ခုနှစ်ကုန် ပိုင်းတွင် မဟာမိတ်လေတပ်မှ ဗုံးဒဏ်ထိမှန်သောကြောင့် ပေါက်ကွဲပျက်စီးခဲ့ပါသည်။ ထောင်၏ခေါင်မိုးများသည် စက်သေနတ်ကျည်ဆန်ထိထားသောကြောင့် နေရာအနှံ့၌ အပေါက်များ ဖြစ်ပေါ်နေတတ်သည်။

တစ်ချိန်တုန်းက ရန်ကုန်ထောင်မှာ ဘုန်းကြီးလမ်းနှင့် ပြည်လမ်းထောင့် ယခင်စိန့်ဂျွန်းဈေးဟောင်းရှေ့ (ယခု သူနာပြုတက္ကသိုလ်နေရာ)တွင် တည်ရှိခဲ့သည်။ ထောင်ကြီး၏ ဖွဲ့စည်းပုံမှာ အခြားထောင်များကဲ့သို့ပင် အလယ်မှ မိန်းဂျေးကို ဦးတိုက်ထားသော အဆောင်ကြီးများနှင့် ဖွဲ့စည်းထားသော ပုံစံပင်ဖြစ်သည်။ ထိုထောင်ကို ဗြိတိသျှအစိုးရလက်ထက်မှစ၍ ဂျပန်ခေတ်၊ ဖဆပလခေတ်၊ အိမ်စောင့်အစိုးရခေတ်၊ ပြည်ထောင်စုအစိုးရခေတ်၊ တော်လှန်ရေးကောင်စီခေတ်မှ မဆလခေတ်အထိ အစိုးရအဆက်ဆက် အသုံးပြုခဲ့သည်။ ၁၉၇၉ ခုနှစ်၊ ၁၉၈၀ ပြည့်နှစ်အထိ ရန်ကုန်ထောင်ကို အသုံးပြုနေဆဲဖြစ်ပြီး ၁၉၈၀ ပြည့်နှစ် နောက်ပိုင်းမှပင် ရန်ကုန်ထောင်ကို ဖျက်သိမ်းခဲ့သည်။

ရန်ကုန်ထောင်ကား မျက်မှောက်ကာလ၌ မရှိတော့ပြီ။

သို့သော်ငြား မြန်မာ့သမိုင်းနှင့် ဆက်စပ်နေရကားသမိုင်းအလို့ငှာ ရန်ကုန်ထောင်ကြီးနှင့် စပ်လျဉ်းသော သမိုင်းမှတ်တမ်းအချို့ကို ရှာဖွေတင်ပြလိုက်ရပါသည်။

**သုတေသီဆရာငြိမ်း**

www.burmeseclassic.com

www.burmeseclassic.com

# ၁၈၃၃ ခုနှစ် ရန်ကုန်မြို့မြင်ကွင်း

## ကိုမောင်မြင့်ကျော်

ယခု ရန်ကုန်မြို့မြင်ကွင်း ဆောင်းပါးမှာ ၁၉၅၄ ခုနှစ်ထုတ် ဓမ္မပါရဂူဘွဲ့ရ ဆရာကြီးဦးသာထင်(ပြည်) ရေးသားသော ရှေးဖြစ်ဟောင်း အောက်မေ့ဖွယ် ဝတ္ထု၏ နိဒါန်းတွင်ပါဝင်သော စာစာကို ထုတ်နုတ်ဖော်ပြခြင်း ဖြစ်သည်။ စာအုပ်မှာ မြန်မာနိုင်ငံသို့ ခရစ်ယာန်ဘာသာ ရောက်ခဲ့ပုံနှင့် ပြန့်ပွားပုံတို့ကို ဝတ္ထုသဖွယ် ရေးသားထားသော စာအုပ်ဖြစ်သည်။ ရေးသားသူမှာ ခရစ်ယာန်ဘာသာပြန့်ပွားရန်အတွက် ၁၈၃၃ ခုနှစ်လောက်က ရန်ကုန်မြို့သို့ ရောက်ရှိနေသော ဆရာဘင်းနက်က မှတ်တမ်းတင်ထားသော ရန်ကုန်မြို့မြင်ကွင်း ဆောင်းပါးဖြစ်ပါသည်။ ယင်းဆောင်းပါးကို ၁၉၃၀ ပြည့်ထုတ် မြန်မာတမန်စာစာစောင် အမှတ်(၆၊ ၇၊ ၈) ခေါင်းကြီးပိုင်း၌ ထည့်သွင်းဖော်ပြခဲ့သော ဆောင်းပါးဖြစ်သည်။ ယင်းဆောင်းပါးကို ဦးသာထင်က သူ့ရေးသော စာအုပ်ရှေ့ပိုင်းတွင် နိဒါန်းအဖြစ် ထည့်သွင်းဖော်ပြခြင်းဖြစ်သည်။ ယင်းဆောင်းပါးအရ ၁၈၃၃ ခုနှစ်က ရန်ကုန်မြို့မြင်ကွင်းကို သော စာဖတ်ပရိသတ်များ လေ့လာဖတ်ရှုနိုင်ရန်အတွက် ဖြတ်တောက်ထုတ်နုတ်၍ ဖော်ပြရခြင်း ဖြစ်သည်။

မြန်မာနိုင်ငံသည် ၁၈၂၄ ခုနှစ်၊ ကုန်းဘောင်းမင်းဆက် ဘကြီးတော်မင်းတရားလက်ထက် အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲပြီးနောက် မြန်မာတို့က ရခိုင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့ကို အင်္ဂလိပ်တို့လက်ထဲ အပ်နှံလိုက်ရလေသည်။ ၁၈၃၃ ခုနှစ်သည် မြန်မာဘုရင် ဘကြီးတော်မင်း နန်းစံနေသောအချိန် ဖြစ်သည်။ ယခု ရန်ကုန်မြို့မြင်ကွင်းကို ရေးသားသူ သာသနာပြုဆရာကြီး ဘင်းနက်သည် မြန်မာနိုင်ငံတွင် နှစ်ပေါင်းငါးဆယ်ကျော် သာသနာပြုခဲ့ကြောင်း၊ ၁၈၅၅ ခုနှစ်တွင် ရန်ကုန်မြို့ လူပျိုကလေးများအသင်း အစည်းအဝေးတွင် ဤရန်ကုန်မြို့မြင်ကွင်းကို ပြောဟောခဲ့၍ မှတ်တမ်းတင်ခဲ့လေသည်။ ယင်းမှတ်တမ်းကို ၁၉၃၀ ပြည့်နှစ်၌ ထုတ်ဝေသော မြန်မာတမန်စာ စာစောင်တွင် ခေါင်းကြီးပိုင်း၌ သုံးစောင်ဆက်တိုက် ဖော်ပြခဲ့ခြင်း ဖြစ်သည်။

၁၈၃၃ ခုနှစ်၌ ရန်ကုန်မြစ်ဝကမ်းနှုတ်ခမ်းပေါ်တွင် ထန်းတော၊ အုန်းတောများရှိရာ ထိုအပင်များ အနိမ့်အမြင့်ပေါက်ရောက်နေပုံကို ပင်လယ်ပြင်က ကြည့်လျှင် ဆင်နှင့် ပုံသဏ္ဌာန်တူခြင်းကြောင့် ထိုအငူကို (အဲလီးဖန့်ပွိုင့်) ဆင်အငူဟု အမည်ပေးကြသည်။ အင်းဝထီးနန်းကို သိမ်းယူစံမြန်းသော သာယာဝတီမင်းလက်ထက်၌ မြစ်ကမ်းခြေကို အလွယ်တကူ မတွေ့မြင်နိုင်စေရန် ထန်းတော၊ အုန်းတောများကို ခုတ်ပစ်လေသည်။ ၁၈၈၄ ခုနှစ် အနှစ်ငါးဆယ် ကုန်လွန်သည့်တိုင်အောင် ထိုနေရာတွင် ထန်းတော၊ အုန်းတောများ အတော်





www.burmeseclassic.com

www.burmeseclassic.com

အသင့် တွေ့ရှိသေးသည်။ ၁၈၃၃ ခုနှစ်၌ ရန်ကုန်မြို့သည် မြန်မာဘုရင်ပိုင်သည့်မြို့ ဖြစ်ရာ ဘုရင်ကိုယ်စား မြို့ဝန်များ ထားရှိအုပ်ချုပ်စေသည်။ အင်းဝမြို့မှာ မြန်မာမင်း ထီးနန်းစိုက်ရာ မင်းနေပြည်တော်ဖြစ်သည်။


ထိုအချိန်က ရန်ကုန်မြို့ကို အုပ်ချုပ်သည့် မြို့ဝန်သည် စိတ်သဘောထားအလွန်ကောင်း၍ သိက္ခာသမာဓိရှိသူဖြစ်သည်။ ပဲခူးကို ဆယ်နှစ်အုပ်ချုပ်ခဲ့သည်။ မြို့သူမြို့သားအား အေးချမ်းသာယာ၍ စည်းစိမ်ဥစ္စာတိုးတက်သည်။ မြို့ရွာ စည်ကားငြိမ်သက်သည်။ ရာဇဝတ်မှုကြီး မဖြစ်ပွား။ ဘိန်းဆိုင်၊ ကဇော်ဆိုင်မရှိ။ ရန်ကုန်မြို့အောက် မိုင်အနည်းငယ်အကွာ မြစ်ကမ်းပေါ်တွင် ချိုကောခေါ် ရွာကလေးတစ်ရွာရှိသည်။ ပင်လယ်ခရီးဖြင့်လာသူ ခရီးသည်များ ဤနေရာသို့ရောက်လျှင် လာရောက်သည့်ကိစ္စ၊ ပါသည့်ကုန်ပစ္စည်းစာရင်း၊ ခရီးသွားလာခွင့် အမိန့်စာများကို စစ်ဆေးမေးမြန်းကြသည်။ ပြီးမှ မြို့သို့ဝင်ခွင့်ပြုသည်။ မြို့မရောက်မီ အဝေးကပင် သိင်္ဂုတ္တရကုန်းပေါ်ရှိ ရွှေတိဂုံစေတီတော်ကြီးကို တွေ့မြင်သည်။ အနီးသို့ချဉ်းကပ်လျှင် မြစ်ကမ်းနားရှိ သစ်တပ်ကြီးကို တွေ့မြင်ရသည်။ ရွှေတိဂုံစေတီတော်မှာ ကြီးကျယ်ခမ်းနား၍ ရှုချင်စဖွယ်ကောင်းလှသည်။ သစ်တပ်အနားတွင် အိမ်များ၊ မစ္စတာဆာကေပိုင် သစ်ဆိုင်ဝင်းကြီး၊ ဘားကမ်းသင်္ဘောဆိပ်အနီးတွင် သင်္ဘောဆိပ်တစ်ခုတို့သာ ထင်ရှားသည်။ ဆိပ်ကမ်းသို့တက်လာလျှင် အကောက်ဌာနသို့ ပထမသွား၍ ချိုကောရွာ၌ စစ်ဆေးသည့် စာရင်းများ ကိုက်မကိုက် တိုက်၍ ကြည့်ပြန်သည်။ ပြီးလျှင် အကောက်တွက် ကုန်စည်မှ ဆယ်ပုံတစ်ပုံထုတ်၍ ဘဏ္ဍာတော်ပြုလုပ်သည်။ အထည်အလိပ်များသည် နိုင်ငံခြားအထည်များဖြစ်၍ ခေါင်းရပ်ရှိ မြန်မာအလံတံဆိပ်ကို မဲနယ်ရောင်ဆေးဖြင့် ရိုက်နှိပ်ထားသည်။ ထို့နောက် အလိုရှိရာ ကုန်လှောင်ရုံ၊ အိမ်ဆိုင်၊ ဈေးသို့ ယူသွားခွင့်ပြုသည်။ သစ်တပ်ထဲသို့ဝင်လျှင် တံခါးမှူးအား အဝတ်စ၊ အထည်စများ လက်ဆောင်ပေးရသည်။ သစ်တပ်အတွင်းနှင့် အနီးအနား၌ နေထိုင်သူများမှာ ၂၅၀၀၀ လောက် ရှိမည်ဖြစ်သည်။ သစ်တပ်တည်ပုံမှာ ထိပ်ဝအချင်း ၁၈ မှ ၂၄ လက်မအထိ၊ အလျား ၁၈ ပေရှိ ကျွန်းသစ်လုံးကြီးများကို မြေတွင် မတ်ရပ်စိုက်ထူ၍ အတွင်းအပြင်၌ ကြီးလေးသော သစ်လုံးကြီးများကို ကန့်လန့်ခိုင်ခံ့စွာ ဇာစီစုပ်ထားသည်။ သစ်တပ်နံရံ အထက်ပိုင်းတွင် စတုရန်းတစ်တောင်ခန့်ရှိ သေနတ်ပေါက်များ ဖောက်ထားသည်။ တံခါးကြီး ငါးပေါက်ရှိရာ မြောက်ဘက်၌ နှစ်ပေါက်၊ ကျန်သုံးမျက်နှာ၌ တစ်ပေါက်ကျစီ။ တံခါးရွက်မှာ တစ်ပေါက်လျှင် နှစ်ခု အလွန်ထူထဲခိုင်ခံ့စွာ ပြုလုပ်ထားသည်။ သစ်တပ်ပေါ်တွင် အမြောက်လက်နက် တင်ထားခြင်းမရှိ။ သစ်တပ်အတွင်း အကျယ်ဧရိယာမှာ ၇၅ ဧကခန့် ရှိသည်။ ပထမ အင်္ဂလိပ်-မြန်မာစစ်ပြီး ၁၈၂၆ ခုနှစ်မှ ဤသစ်တပ်ကို ဆောက်လုပ်သည်။ အကောက်တိုက်က ထွက်၍ သစ်တပ်တံခါးပေါက်က ဝင်ပြီးနောက် မြောက်ဘက်သို့ သွားသော် မကြာခင် အရှေ့အနောက် တန်းနေသော ကုလားတန်းအမည်ရှိ လမ်းသို့ ရောက်သည်။ ထိုလမ်းတွင် အာရမန်လူမျိုး၊ ရဟူဒီလူမျိုး၊ မဂို၊ ပါရစီ၊ ဟိန္ဒူနှင့် တရုတ်အနည်းငယ် နေထိုင်သည်။ ဤလမ်းတွင် နေထိုင်သူတို့သည် နေပုံထိုင်ပုံ ညံ့ဖျင်းသည်။ ဆောက်ထားသော အိမ်ပုံစံများမှာ မြန်မာမဆန်၊ မလှ၊ နှစ်ထပ်ပင်ဖြစ်သော်လည်း လွန်စွာနိမ့်သည်။





www.burmeseclassic.com

www.burmeseclassic.com



အောက်ထပ်ကို အုတ်နှင့်ဆောက်လုပ်၍ အပေါ်ထပ်မှာ ဝါး၊ သစ် ခင်းကာ ဓနိ၊ သက်ငယ်မိုးသည်။

ထိုစဉ်က ရန်ကုန်မြို့ရှိ အိမ်များမှာ သစ်၊ ဝါး၊ ဓနိ၊ သက်ငယ်တို့ဖြင့်သာ ဆောက်လုပ်ကြသည်ဖြစ်သောကြောင့် မီးဘေးကင်းဝေးရန် အထူးစောင့်ရှောက်ကြလေသည်။ အိမ်ခေါင်မိုးပေါ်တွင် ရေအိုးများ တင်ထားကြရသည်။ မီးလောင်ပါက သက်ငယ်၊ ဝါးငယ်များကို ချိတ်ဆွဲရန် မီးချိတ်၊ မီးကိုရိုက်ပုတ်သတ်ရန် မီးကုပ်များကို မင်းမိန့်အရ မထားဘဲ မနေကြရ။ ကျပ်တည်းစွာ ကွစ်ညှပ်ထားသည်။ မီးဘေးအန္တရာယ်ကြောင့် အချို့သော ကုန်သည်ကြီးများသည် အိမ်အောက်ထပ်မြေကိုတူး၍ အကျယ်ငါးပေမှ ရှစ်ပေထိ အုတ်စီထားသော လိုဏ်ပေါက်များ ပြုလုပ်ထားသည်။ မီးဆော်ဟစ်ခေါ်သော မီးဆောင်းခတ်တီးလိုက်လျှင် ထိုလိုဏ်ခေါင်းထဲသို့ ပစ္စည်းများ ပစ်ချပြီးလျှင် အံကထဲခါးကိုပိတ်၍ ရွှံ့များပိတ်ဆို့ဖုံးအုပ်ထားကြလေသည်။

ကုလားတန်းမှ ပေပေါင်း အတော်အကွာတွင် မြို့မလမ်းမတော်ကြီးရှိသည်။ အခြားသောလမ်းတို့ထက် တစ်ပေမျှကျယ်သဖြင့် လမ်းအကျယ် ဆယ်ပေ၊ ဆယ့်နှစ်ပေမျှ ရှိသည်။ မြို့ဝန်အိမ်နှင့် ရုံးများ ဤလမ်းတွင် ရှိသည်။ လမ်းကို အုတ်စီ၍ ဘေးနှစ်ဖက်တွင်လည်း အုတ်စီသည့် တစ်ပေခန့်ရှိ ရေစီးမြောင်းရှိသည်။ ရေကြီးသည့်လများ၌ မြစ်ရေလျှံတက်သဖြင့် မြောင်းထဲတွင် ငါးကလေးများ ပြည့်နှက်နေရာ ကလေးများ ဖမ်းကစားတတ်သည်။ တစ်ခါတစ်ရံ ရေသည် သုံးပေမှ လေးပေအထိ နက်သည်။ မြို့ဝန်အိမ်မှာ တစ်ဆောင်တည်းမဟုတ်။ အဆောင်ဆောင်ဖြစ်သည်။ အဆောင်ပတ်ဝန်းကျင်တွင် မြေကွက်လပ်ထား၍ မြေမှ ငါးပေခန့်အမြင့်တွင် မြန်မာပုံစံ အဆောက်အဦများကို ဆောက်လုပ်ထားသည်။ တရားရုံးရင်ပြင်မှာ လမ်းမတော်ကြီးတောင်ဘက်ယွန်းယွန်းတွင် ရှိသည်။ အဆောင်များကို ရေ့မျက်နှာစာပြုလျက်ရှိသည်။ ရုံးတက်သည့်နေ့များတွင် မြို့ဝန်မင်းသည် ရုံးခန်းမြောက်ပိုင်း ထိုင်နေရာ၌ မီးအုံးကိုမှီလျက် လျှောက်လွှာစာရေးက အခန်းတောင်ပိုင်း ကြမ်းပေါ်တွင် ပျပ်ဝပ်၍ လျှောက်လွှာများကို ဖတ်လေသည်။ အမှုသည်များက ဘေးနှစ်ဖက်က ပျပ်ဝပ်နားထောင်ကြရသည်။ ရုံးနှင့် မနီးမဝေး လမ်းနံဘေး၌ ဈေးဆိုင်များရှိသည်။ များသောအားဖြင့် တစ်ပိဿာလျှင် အဖိုးတစ်ကျပ်တန်သော ဖယောင်းတိုင်ထုပ်များ ရောင်းချတတ်သည်။ မင်းစိုးထံဝင်လျှင် လက်ဆောင်ပါရစမြဲဖြစ်၍ ဤဖယောင်းတိုင်ထုပ်များကို ဆင်းရဲသားအမှုသည်တို့က လက်ဆောင်အပေးများသဖြင့် ဆိုင်တွင်ရောင်းချသော ဖယောင်းတိုင်များသည် ဆိုင်မှ မင်းအိမ်၊ မင်းအိမ်မှ ဆိုင်သို့ လှူးလာပြန်ရောက်နေလေသည်။ သို့ရာတွင် အမှုသေးများသာ ဖယောင်းတိုင်နှင့် ကိစ္စပြီး၍ ကြီးလေးသောအမှုမှာ ကြီးလေးသည့် အလျောက် ထိုက်တန်သော လက်ဆောင်ပါရသည်။ လက်ဆောင်မပါလျှင် မပြီးပေ။ သို့ရာတွင် ညှိသည်အဖြစ် လက်ဆောင်ပေးလျှင် နည်းပင်နည်းသော်လည်း အပြန်လက်ဆောင်ရတတ်သည်။ တရားသဘင်ရုံးခန်းအပြင်၌ ခွေးကတက်ရှိသည်။ ခွေးကတက်၌ ဖိနပ်များကို ချွတ်ထားရသည်။ ထိုင်သည့်အခါ ခြေမပေါ်စေရ။ လျှောက်လွှာများ၊ အစီးရနှင့်ပတ်သက်သည့် စာများကို ရုံးစာရေးက အခန်းတောင်ပိုင်းမှနေ၍ ခမ်းနားပီသစွာ ဖတ်ရသည်။ လွှတ်တော်ရုံးကြီးကား မြို့ဝန်၏ အိမ်တောင်ဘက် ကမ်းနားလမ်းတွင်ရှိသည်။ အဆောက်အဦမှာ အကာအရံမရှိ။ မြေမှ ငါးပေနီးနီးမြင့်၍ ကြမ်းခင်းထားသည်။ အကျယ်မှာ စတုရန်းပေ ခုနစ်ဆယ်၊ ရှစ်ဆယ်တည်း ရှိသည်။ မြောက်ဘက်တွင် လှေကားထား၍ ထိုနေရာတွင် ဖိနပ်ချွတ်ရသည်။ တရားစီရင်သည့် ရုံးမင်းသည်



www.burmeseclassic.com

www.burmeseclassic.com

ခရှေ့ဘက်ပိုင်းတွင်နေ၍ ရုံးအပြင် မြေပေါ်၌ ထိပ်တုံးများကို တွေ့မြင်ရသည်။ အရာရှိမှန်သမျှ အိမ်ဝင်းအတွင်းတွင် ထိပ်တုံးမထားသည် မရှိ။ လူကို ထောင်ချလေ့မရှိ။ ထိပ်တုံးခတ်၍သာ ထားလေ့ရှိသည်။

သစ်တပ်ကြီး ပြင်ပမြေနေရာသည် မျက်နှာပြင် မညီမညာရှိကာ ယခုရှိနေသော ထောင်ကြီး၊ အရူးထောင်၊ အလုံရပ်၊ နှစ်ခြင်းသီပွဲကျောင်း ကရင်ကျမ်းစာသင်ဝင်းကြီး၊ စိန့်ဂျွန်းကျောင်းမှစ၍ ဂေါ်ခွင်လမ်းကြီးအနောက်ဘက်ဒေသများသည် သရက်၊ ပိန္နဲ၊ နာနတ်ခြံများနှင့် ပြည့်နှက်နေသည်။ နာနတ်သီးတစ်ရာလျှင် လေးပဲလောက်သာ ပေးရသည်။ သစ်တပ်ကြီးမြောက်ဘက် အရှေ့တံခါးမှ အလောင်းများထုတ်သည့် အ,မင်္ဂလာတံခါးဟုခေါ်တွင်သော ယခု သိမ်ကြီးဈေးနေရာသည် ထိုအချိန်က လူသဂြိုဟ်သည့် နေရာဖြစ်သည်။ ဆူးလေစေတီအရှေ့ဘက်၌ မြန်မာအရာရှိများ၊ ကုန်သည်ကြီးများ ပျော်ပွဲစားထွက်သည့် ဥယျာဉ်ဖြစ်သည်။ သစ်တပ်အတွင်းသို့လှည်းမမောင်းရ။ ဘုရားဖူးသွားသည့် အခါ လှည်းယာဉ်ကို စီးလေ့ရှိကြသည်။ ရွှေတိဂုံစေတီတော်ကြီးကို ဘုရားဖူးသွားရာလမ်းမှာ ရပ်တာ၊ စေတီ၊ ဇရပ် အလွန်ပေါများသည်။ အနည်းဆုံး စေတီကလေးပေါင်း ၉၆၀ ရှိကြောင်း ရေတွက်ရသည်။ ယခု ဖယ်ယာလမ်းမှာ အများခပ်ယူသုံးစွဲသော ရေတွင်းတစ်တွင်းရှိသည်။ ဤနေရာတွင် အပျို လူပျိုတို့သည် ရေခပ်ရင်း စကားပြော၊ လူပျိုလှည့်ခြင်း ပြုလုပ်တတ်ကြသည်။ ယခု အစိုးရဟိုက်စကူးကျောင်းနေရာ၌ မြန်မာဘုရင်တည်ဆောက်ထားသည့် ဘုန်းကြီးကျောင်းတိုက်ကြီး ရှိသည်။ အလွန်လှပတင့်တယ်စွာ ဆောက်လုပ်ထားသည်။

ပင်လယ်ကူးသင်္ဘောဆို၍ တန်ချိန် ၂၀၊ ၄၀ ရှိ ကတ္တူကိုသာ အသုံးပြုသည်။ ငါးပိ၊ ကွမ်းသီး၊ ဆေး၊ ဂေါ်ရစ်နှင့် အခြားကုန်ခြောက်များသာ ရန်ကုန်မြို့တွင် အရောင်းအဝယ်ပြုကြသည်။ အဖိုးတန်ပစ္စည်းများဖြစ်သော ရွှေ၊ ငွေ၊ ကျောက်မျက်ရတနာတို့ကား ဥပဒေပြင်ပမှ ရန်ကုန်မှ မော်လမြိုင်၊ မော်လမြိုင်မှ ကာလကတ္တားသို့ နိုင်ငံခြားသားများက ယူဆောင်၍ ခိုးဝှက်ရောင်းချခြင်း ပြုကြသည်။ ယခု ကြည့်မြင်တိုင်ဒေသတွင် မြန်မာဘုရင်၏ လှေတော်သားများ နေထိုင်ကြသည်။ ထိုအရပ်တွင် အစိုးရ စစ်လှေကြီး လေးဆယ်မှ ငါးဆယ်ထိ ထားသည်။ လှေကျင်းကြီးများလည် တူးထားကြသည်။ လှေဘက်ဆိုင်ရာ မင်းလှေလှော်သား၊ မင်းမှုထမ်းများကို မြို့တွင်းမနေစေခြင်းမှာ ခိုက်ရန်ဖြစ်ပွားမှုများသောကြောင့် ဖြစ်သည်။

ထိုအချိန်က ငွေဒင်္ဂါးမသုံးကြသေး။ အရောင်းအဝယ် ပြုလုပ်သောအခါ ရွှေခဲ၊ ငွေခဲ၊ ရတနာကျောက်မျက်များနှင့် လဲလှယ်ကြသည်။ ရွှေစ၊ ငွေစကလေးများ စုမိလျှင် လုံတွင်ထည့်သွင်းအရေကျို၍ အစိုင်အခဲပြုလုပ်ကြသည်။ တစ်ခဲလျှင် ၁၀ တာ၊ ၁၅ တန် ရှိသည်။ ဝယ်ခြမ်းလိုလျှင် ဖြတ်ထားသည့် ငွေစကလေးများနှင့် အချိန်ကိုက် ဝယ်ကြသည်။ ခဲစကလေးများကို အနုပ်ပြုလုပ်သုံးကြသည်။ ငွေမှာ အခြားသတ္တု ရောနှောတတ်သည်ဖြစ်၍ ငွေစစ်မစစ် ပြောနိုင်သည့် ပွဲစားများလည်း ရှိကြသည်။ ပွဲစားများသည် ဤကဲ့သို့ အလုပ်အကိုင်နှင့်ပင် လုပ်ကိုင်စားသောက်နေထိုင်ကြသည်။ ရွှေ၊ ငွေ၊ ကျောက်၊ ဆန်စပါးတို့ကို နိုင်ငံခြားမပို့ရ ပိတ်ပင်တားမြစ်ထားသည်။ ကူးသန်းရောင်းဝယ်ရေး အလွန်ညံ့ဖျင်း၍ ခိုးဝှက်ရောင်းချခြင်း လွန်စွာများသည်။ မိလျှင် ပစ္စည်းကို အစိုးရဘဏ္ဍာ ပြုလုပ်လေသည်။ ဥစ္စာရှင်တွေ့က တစ်ရာပေါ်တွင် နှစ်ဆယ် ထပ်ဆင့်ဒဏ်ရိုက်သည်။

ကျောင်း၊ ဘုရားကို အမှီပြုစားသောက်နေသော သူတောင်းစား၊ ဘုရားကျွန်များစွာ ရှိသည်။ မြို့သူမြို့သားများနှင့် ဆက်ဆံခြင်းမရှိ၊ သီးသန့်ထားသည့် ရပ်ကွက်များ၌သာ နေထိုင်ကြသည်။ ဆွမ်းတော်တင်ကျများကို စား၍ ဘုရားပရိဝုဏ်ရှိ အညစ်အကြေးများကို ရှင်းလင်းကြသည်။ ဆန်စပါး အလွန်ပေါများသည်။ ဆန်တစ်တင်းကို ငါးမူးသာပေးရသည်။ အစိုးရမင်းမှုထမ်းများသည် လခစားမဟုတ်။ ခွင့်ပြုထားသလောက်ကောက်ခံစားသုံးကြသည်။ ပုလိပ်မရှိ၊ မင်းစေလုလင်များ ရှိသည်။ အမှုအခင်းရှိလျှင် ထူးခတ်သဖြင့် လွတ်ခွင့်ရလိုလျှင် လာဘ်ပေးရသည်။ မြို့ဝန်ဘုရားဖူးသွားလျှင် ဝန်ထောက်၊ သို့မဟုတ် ရေဝန်ကထူးကို အုပ်စိုးသည်။ မြို့ဝန်မရှိလျှင် မီးများကို သတ်၍ထားရသည်။ မှောင်ကျသောအခါ လက်မရှုံအာဏာသားများက လမ်းတကာလှည့်လည်ကြသည်။

ဤသည်မှာ သာသနာပြုဆရာကြီး ဘင်းနက်၏ ကိုယ်တွေ့ ၁၈၃၃ ခုနှစ် ရန်ကုန်မြို့ မြင်ကွင်းပင် ဖြစ်ပေသည်။

**ကိုမောင်မြင့်ကျော်**



www.burmeseclassic.com


www.burmeseclassic.com

# မဟာပထမံဘိုးဘိုးအောင်

နှင့်

# ဂဏန်းသင်္ချာပဉ္စဂံ

မော်တင်သိန်းဇော်ဇ



သိဒ္ဓိရှင်၊ မဟိဒ္ဓိရှင် မဟာပထမံ သိဒ္ဓိဦးသျှောင် ဘိုးဘိုးအောင်သည် ၁၁၄၀ ဝန်းကျင် သက္ကရာဇ်ခန့်က ကုန်းဘောင်ခေတ်တွင်း အင်းဝအရှင်တို့ လက်ထက်၌ အင်းအိုင်၊ မန္တရား၊ ပထမံ အတတ်စုံတို့နှင့် သိဒ္ဓိဆယ်ပါး ထုံပေါက်ထမြောက်ကာ မဟာပထမံ ဝိဇ္ဇာမိုရ်ကြီး အဖြစ်သို့ ပြည်မြို့၊ ရွှေဆံတော်စေတီတော် သိဒ္ဓိပေါက်လိုဏ်ဂူတော်မှ ရောက်ရှိတက်လှမ်းခဲ့ပါသည်။

သိဒ္ဓိရှင်၊ မဟိဒ္ဓိရှင် မဟာပထမံ ဘိုးဘိုးအောင်အနေနှင့် သိဒ္ဓိဆယ်ပါး ပေါက်ကာ မဟာပထမံ ဝိဇ္ဇာမိုရ်ကြီး အဖြစ်သို့ ပေါက်မြောက်တက်လှမ်းခဲ့သည့် ကြီးမြတ်သော ဝိဇ္ဇာဖြစ် နောက်ခံကိုယ်ရေးသမိုင်းဖြစ်စဉ်အချို့တို့အနက် ဝိဇ္ဇာမိုရ်ကြီး မွေးဖွားခဲ့သည်မှစ၍ ပေါက်မြောက်ထူးမြတ်ခဲ့သော နေ့ရက်တာ အကြောင်းခြင်းရာ အစဉ်အဆက် ကိန်းခန်းတို့ကို လောကီကြောင်းလာ ဗေဒင်ပညာရပ် ရှုထောင့်မှ လက်လှမ်းမီ တတ်စွမ်းဉာဏ်ရှိသရွေ့ လေ့လာစိစစ် မှတ်သားခဲ့ရာတွင် သိဒ္ဓိရှင်၊ မဟိဒ္ဓိရှင် မဟာပထမံဘိုးဘိုးအောင် ဝိဇ္ဇာမိုရ်ကြီးအနေနှင့် ပထမံ တြိဂံပဉ္စဂံ၊ သတ္တဂံ၊ နဝဂံများ

www.burmeseclassic.com

www.burmeseclassic.com

အနက် အထူးသဖြင့် ပဋ္ဌာဂံအက္ခရာ သင်္ချာ ၅ ဂဏန်းနှင့် အကျိုးအကြောင်း ပဋ္ဌာန်းဆက် တိုက်ဆိုင်ဖွဲ့တည် သက်ရောက်ခဲ့ ဆက်နွယ်သည်တို့ကို ယေဘုယျအပေါ်ယံအားဖြင့် လေ့လာစိစစ် မှတ်သားရပါသည်။

## သိဒ္ဓိရှင်၊ မဟိဒ္ဓိရှင် မဟာပထမံဘိုးဘိုးအောင်၏ ဝိဇ္ဇာဓိုရ်ဖြစ် သိဒ္ဓိပေါက်လာ နောက်ခံကိုယ်ရေးသမိုင်းစဉ်လာများ

(၁) တောင်တွင်းကြီးမြို့ အနောက်မျက်နှာ ဝိသနိုး မြို့ဟောင်းအနီး ကြက်ဆူတောင်ရွာ၌ မွေးဖွားခဲ့သည်။ ဝိသနိုးမြို့ဟောင်း = ကြာသပတေးနံသင့် ၅ ဂဏန်း ဖြစ်သည်။ ပဋ္ဌာဂံ၊ ၅၊ ကြာသပတေးနံနှင့် စတင်ခဲ့သည်။

(၂) မြန်မာသက္ကရာဇ် ၁၁၁၁ ခုနှစ်၌ မွေးဖွားခဲ့၍ မဟာဘုတ်ကိန်းခွင်ထူသော် ဂ နှင့်စားရာ ၅ ကြွင်းသည်။ ၅ ကြွင်း မဟာဘုတ်ရှင် ဖြစ်သည်။

(၃) အမည်ရင်း မောင်ဖိုးအောင်ဖြစ်၍ ကြာသပတေးနံသင့် ၅ နှင့် စတင်သည်။

(၄) ပြည်မြို့ ရွှေဆံတော်ဘုရား လိဏ်ဂူတော် အတွင်းမှာ ကျင့်ကြံအားထုတ်ခဲ့ပြီး သိဒ္ဓိထူးပေါက်ခဲ့သည်။ ပြည်မြို့မှာ ကြာသပတေးနံသင့်၍ ၅ ဂဏန်းဖြစ်သည်။

(၅) မွေးချင်း စုစုပေါင်း ၅ ဦးရှိ၍ ကြာသပတေးနံသင့် ၅ ဂဏန်း စိုးမိုးသည်။ ဆက်နွယ်ဖွဲ့တည်ခဲ့သည်။

(၆) ဖခင် ဦးမြတ်ကျော်၊ မိခင် ဒေါ်ငြိမ်းမယ်တို့ဖြစ်၍ မိဘနှစ်ပါးစလုံးတို့၌ ကြာသပတေးနံများ ရှိကြသည်။

(၇) သာမဏေအဖြစ် စာဝါ ၅ ဝါ သင်ယူခဲ့၍ ကြာသပတေးနံ ၅ နှစ် ဝါတော်ရှိခဲ့သည်။

(၈) အသက် ၄၅ ၌ သိဒ္ဓိပေါက်ခဲ့၍ မဟာဘုတ်ကိန်းခွင်ထူသော် ဂ နှင့်စားရာ ၅ ကြွင်းသည်။ မွေးဖွားမဟာဘုတ် ၅ ကြွင်းနှင့် ထပ်တူကျသည်။ (အမှတ်စဉ် ၂ နှင့် တူညီသည်။)

(၉) ဘုန်းတော်ပြည့်ရှင် ဘိုးတော်ဦးဝိုင်း၊ မင်းတုန်းမင်း စသော တန်ခိုးကြီးဘုရင်မင်း ကြာသပတေးနံသင့် ၅ ပါတို့နှင့် သိကျွမ်း ဆက်ဆံခဲ့ရသည်။

ဝိဇ္ဇာရွှေလမ်းစဉ် အရိယာမေ့လမ်းစဉ်၊ ဂန္ဓာရီပညာလမ်းစဉ်တို့နှင့် ဝိဇ္ဇာပညာရပ်လာ ဗေဒင်ပညာရပ်တို့ကို လေ့လာလိုက်စား စုဆောင်းတတ်သူတို့နှင့် မဟာပထမံ ဘိုးဘိုးအောင်အား ကိုးကွယ်ယုံကြည်သူများအတွက် သက်ဆိုင်ရာကျမ်းမွန်လာတို့မှ ကောက်နုတ်ကိုးကား မှီငြမ်း၍ တင်ပြအပ်ပါသည်။ ကြုံကြိုက် စပ်လျဉ်း၍ သိဒ္ဓိရှင် မဟာပထမံ ဘိုးဘိုးအောင်ကိုယ်တိုင်ပင် ရေးပေးခဲ့သော ရှားပါးထက်မြက်ကြီးမြတ်သော ဂါထာတော်ကိုပါ ယှဉ်တွဲ၍ တင်ပြအပ်ပါသည်။ လေ့လာနိုင်ကြပါသည်။

## ဏှဉ္စာဘယ နိမ္မိတ ဂါထာတော်

(၁) ဗုဒ္ဓေါ ဗုဒ္ဓသ ဣဒ္ဓိ ဗုဒ္ဓသ
နိမ္မိတံ ဓာတု ဗုဒ္ဓေါ။

(၂) ဘဂဝါ၊ တုမှာကံ၊ အတ္တဓာဝံ
နိမ္မိတံ ဗုဒ္ဓေါ။

(၃) ဗုဒ္ဓေါ ဗုဒ္ဓသ၊ ဣဒ္ဓိ ဗုဒ္ဓသ
နိမ္မိတံ စိတ္တံ ဗုဒ္ဓေါ။

(၄) ဗုဒ္ဓေါ ဗုဒ္ဓသ၊ ဣဒ္ဓိ ဗုဒ္ဓသ
နိမ္မိတံ ကာယ ဗုဒ္ဓေါ။

(၅) ဗုဒ္ဓေါ ဗုဒ္ဓသ ဣဒ္ဓိ ဗုဒ္ဓသ
နိမ္မိတံ သညာန ဗုဒ္ဓေါ။

(ကိုးခေါက်၊ အခေါက်လေးဆယ်၊ လေးဆယ့်ကိုးခေါက် ရွတ်ပွားက သိဒ္ဓိအရာများကို ထူးကဲထင်ရှားစွာပင် ခံစားရတတ်ပါသည်။)

မော်တင်သိန်းဇော်ဇ



www.burmeseclassic.com

www.burmeseclassic.com

# ကျွန်ုပ် နှင့် ထူးဆန်းအံ့ဖွယ်ရာ ဝိဇ္ဇာကြီးများ(၁၈)

## ပထမံ ဆရာကြီးဦးအောင်သူ

**နိုင်တရောဆရာတော်**

ဝိဇ္ဇာတို့အကြောင်း သိကောင်းစရာများနှင့် ထူးဆန်းအံ့ဖွယ်ရာများကို ကျွန်ုပ်အတော်များများရေးခဲ့ပြီး ဖြစ်ပါသည်။

ဝိဇ္ဇာတို့၏အတတ်ပညာသည် လျှို့ဝှက်ဆန်းကြယ်လှပါ၏။ ခက်ခဲနက်နဲပြီး ဂမ္ဘီရဆန်သော အကျင့်စရဏနှင့် တွဲ၍လည်း ကျင့်သုံးရပါ၏။ လောကီလူသားများ၏ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးကိစ္စအဝဝကို ဖြည့်ဆည်းပေးရသေး၏။

ဝိဇ္ဇာလမ်းလျှောက်ကြသော ပုဂ္ဂိုလ်များသည် မိမိတို့တွင် ကိုင်ဆောင်သောပစ္စည်းများ ရှိကြ၏။ ထိုပစ္စည်းများမှာ စိပ်ပုတီးသော်လည်းကောင်း၊ တောင်ဝှေးသော်လည်းကောင်း ကိုင်ကြသည်ကို တွေ့ရ၏။ ထို့ကြောင့် ၎င်းတို့ကိုင်ဆောင်သော ပစ္စည်းများသည် သိဒ္ဓိရှိသည်ကို သိရ၏။

ကက်ကင်းဓာတ်ကို ကိုင်ဆောင်၍ နာမည်ကြီးသော ပုဂ္ဂိုလ်များရှိ၏။ လယ်တီဆရာတော် တောင်ဝှေးကိုကိုင်ဆောင်သောကြောင့် ကက်ကင်းဓာတ်ဖြစ်သော လယ်တီတောင်ဝှေးကြောင့် တန်ခိုးတက်၍ ကျော်ကြားခဲ့လေသည်။ ထို့ပြင် ဦးခန္တီသည် ဒေါက်ချာကိုဆောင်၍လည်း ကက်ကင်းဓာတ်ဖြစ်သော ခန္တီ ဒေါက်ချာ အဆောင်ပြု၍လည်း ကျော်ကြားခဲ့လေသည်။

ယခုတင်ပြလိုသော တိုင်တစ်ရာဆရာတော် (သို့) နိုင်တရောဇ်တောဇိန္နဆရာတော်သည်လည်း ကက်ကင်းဓာတ်ဖြစ်သော တောင်ဝှေးကိုကိုင်သဖြင့် ယနေ့ နာမည်ကြီးနေသည်။

သို့သော်လည်း ကက်ကင်းဓာတ်မိသော်ငြားလည်း



အကျင့်စရဏအား မရှိလျှင်တော့ မကျော်ကြားနိုင်ဟု ဆိုနိုင်ပါ၏။ ၎င်းပြင် ထိုပုဂ္ဂိုလ်ကြီးတို့၏ နောက်ပိုင်းမှ သာသနာကြီးကိုင်သူ ထွက်ရပ်လမ်းမြန်းကြွသွားသော ပုဂ္ဂိုလ်များ၏ ထောက်ပံ့ကူညီမှုမရှိလျှင်တော့ သိပ်ပြီးမထွန်းပေါက်နိုင်ပါ။

ကျွန်ုပ်နှင့် တိုင်တစ်ရာဆရာတော်သည် ဆုံတွေ့ခဲ့ပုံမှာ ကျွန်ုပ်သည် ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်တွင် ရှင်ဥပဂုတ္တရဟန္တာမထေရ် မြတ်ရေမျှောပူဇော်ပွဲကို နှစ်စဉ်မပျက်မကွက် ပြုလုပ်ခဲ့သည်။ လွန်ခဲ့သော နှစ်နှစ်ခန့်က မိတ်ဆွေဗနီးမောင်နှံဖြစ်သော ဦးထွေးသိန်း + ဒေါ်ညို



www.burmeseclassic.com

www.burmeseclassic.com

ညီညီးတို့၏ ဆက်သွယ်ပေးမှုကြောင့် ဆရာတော်ကို တွေ့ဆုံဖူးမြော်ခွင့် ကြုံခဲ့ရ၏။ ဤသို့ဆုံတွေ့ရသည့် အကြောင်းမှာလည်း ကျွန်ုပ်သည် နှစ်စဉ်ပြုလုပ်သော ရှင်ဥပဂုတ္တ ရဟန္တာ ရေမျှောပူဇော်ပွဲနှင့် ပတ်သက်၍ ဖြစ်ပါသည်။

ကျွန်ုပ်သည် ရှင်ဥပဂုတ္တရဟန္တာမထေရ်လေးပါး ပူဇော်ပွဲကို ဗိုလ်တထောင် ကျိုက်ဒေးအပ်စံတော်ဦးစေတီ ရင်ပြင်တွင် နှစ်စဉ် သီတင်းကျွတ်လဆန်းတွင် ကျင်းပလေ့ရှိပါသည်။ အဆိုပါ ရဟန္တာမထေရ်မြတ်ကြီးတို့အား ဗိုလ်တထောင် ဆိပ်ကမ်းမှ မြစ်တွင်းသို့ ရေမျှောရာတွင် လှေသဗ္ဗန်များပေါ်တွင်တင်၍ ရန်ကုန်မြစ်ဝမှနေ၍ ပင်လယ်ဝသို့ ရေမျှောချလိုက်ပါသည်။ ထိုနှစ်တွင် တိုင်တစ်ရာဆရာတော်မှ ပြန်၍ပင့်ပြီး ဧရာဝတီတိုင်းဒေသကြီး ကြက်ကျွန်းတွင် ခေတ္တသီတင်းသုံးအပူဇော်ခံ၍ ငုဒ်းမှတစ်ဆင့် ပုသိမ်၊ မော်တင်စွန်းမှနေ၍ ပင်လယ်ပြင်သို့ ရေမျှောပူဇော်ရန် အာရုံရ၍ ကျွန်ုပ်ထံ၌ အလှူခံခြင်းဖြစ်ပါသည်။

ထိုအချိန်၌ ဧရာဝတီတိုင်းဒေသကြီးရှိ ကြက်ကျွန်းတွင် ဧရာဝတီမြစ်ရေတိုက်စားဖုံးလွှမ်းမှုကြောင့် ကြက်ကျွန်းလေးရှိကျောင်း၊ ကန်၊ ဘုရား၊ ဘုန်းတော်ကြီးကျောင်းများ ရေတိုက်စားမှုကြောင့် ပြိုလဲပျက်စီးသွားခဲ့ရသည်။ ထိုအခြင်းအရာကို တိုင်တစ်ရာဆရာတော်သိ၍ များစွာစိတ်မကောင်းဖြစ်ခဲ့ရသည်။ ထို့အတွက်ကြောင့် ထိုဘေးဆိုးကြီးမှ ကာကွယ်နိုင်ရန် တန်ခိုးကြီးမား ရှင်ဥပဂုတ္တရဟန္တာမထေရ်မြတ်ကြီးတို့အား ပင့်ဖိတ်ပူဇော်ပါက ထိုဘေးဆိုးကြီးမှ ကင်းလွတ်မည်ဟု အာရုံရ၍ ရဟန္တာမထေရ်မြတ်ကြီးတို့အား ပင့်ဆောင်ခြင်းဖြစ်ကြောင်း သိရ၏။

တိုင်တစ်ရာဆရာတော်သည် နေ့မအား၊ ညမအား ဂန္ထာရီခရီးများကြွ၍ သာသနာပြုလုပ်ငန်းများကို စွမ်းစွမ်းတမံ ဆောင်ရွက်လျက်ရှိသည်။ မိမိကျောင်း ပရိဝုဏ်အတွင်းတွင်လည်း၊ ဘုရား၊ ပုထိုးစေတီနှင့် ဓာတ်ပိုင်းဆိုင်ရာပုဂ္ဂိုလ်များ၊ သိုက်ပိုင်းဆိုင်ရာပုဂ္ဂိုလ်များကို သူ့နေရာနှင့်သူ ထားရှိသည်ကိုတွေ့ရသည်။

အထူးသဖြင့် တိုင်တစ်ရာဆရာတော်ကို အကူအညီပေးနေသော ပထမံဘိုးဘိုးအောင်၊ မဟိဒ္ဓိဦးသျှောင်ဘိုးမင်းခေါင်နှင့် ဝိဇ္ဇာကြီးများကိုလည်း ထားရှိသည်။

ဘဝပေါင်းများစွာက သွေးဆက်မျိုးဆက်၊ ပဋ္ဌာန်းဆက်ရှိသော အစ်မတော် မြနန်းနွယ်ကိုလည်း ခမ်းခမ်းနားနား နေရာပေး၍ ထားရှိသည်ကို မြင်တွေ့ရ၏။

တိုင်တစ်ရာဆရာတော်သည် အမြဲတမ်း တောင်ဝှေးကို ကိုင်၍ သွားလေ့ရှိသည်။ ကျွန်ုပ်နှင့်ဆုံခဲ့စဉ်က အပြုံးနှင့် ကြိုဆိုခဲ့သည်။ သူ၏ သိဒ္ဓိတန်ခိုး၊ မဟိဒ္ဓိတန်ခိုးကို မြင်ရုံနှင့် ခန့်မှန်းနိုင်၏။ အံ့ဖွယ်ရာတစ်ခုကား သူ၏တောင်ဝှေးပင်ဖြစ်သည်။ ထို့ကြောင့် ထိုတောင်ဝှေးဖြင့် စေလိုရာစေနိုင်သော သိဒ္ဓိရှိ၏။

ကျွန်ုပ်၏ ခန့်မှန်းယူဆချက်မှာ လောကီဝိဇ္ဇာစာရင်းဝင် ရဟန်းပုဂ္ဂိုလ်ထူးဖြစ်ကြောင်း ဆိုသင့်၏။ ထို့ကြောင့် ကျွန်ုပ်နှင့် တွေ့ဆုံခဲ့သော ဝိဇ္ဇာကြီးများထဲတွင် ထူးဆန်းအံ့ဖွယ်ရာပုဂ္ဂိုလ်ဖြစ်ကြောင်း ရေးသားအပ်ပါသည်။

ကျွန်ုပ်တို့ ဘုန်းရောင်ဂျာနယ်မှ ဆရာတော်၏ သာသနာပြုလုပ်ငန်းများကို မှတ်တမ်းယူ သတင်းဆောင်းပါး ရေးရန်အတွက် ဘုန်းရောင်ဂျာနယ်အယ်ဒီတာချုပ် ဦးမောင်မောင်မြင့်အေးမှ စာရေးဆရာ နန်းဦးဝေလျှံကို ခွင့်ပြုစေလွှတ်ထားပါသည်။

ဒါကြောင့်…ဒါကြောင့်…ကျွန်ုပ်သည် တိုင်တစ်ရာဆရာတော်(သို့) မရှိခဏာတေဇိန္ဒအား ရှိခိုးဦးချ လက်စုံမိုး၍ (လောကနီတိကျမ်း)အလာ ဆောင်ပုဒ် တစ်ခုကို ရေးလိုပါ၏။

တောတိုင်းမှာ ပတ္တမြားမရှိ၊ တောင်တိုင်းမှာ စန္ဒကူးမရှိ၊ ဆင်တိုင်းမှာ အမြဲတောမရှိ၊ အရပ်တိုင်းမှာ ပညာမရှိ။

သို့သော်လည်းပဲ ယခုအချိန်မှာတော့ အရပ်ဒေသတစ်ခုဖြစ်သော မြောက်ဒဂုံ(ယခင်တိုးကြောင်ကြီးကျေးရွာ) တိုင်တစ်ရာဟူသော နေရာတွင်ကား ပညာပြည့်ပြည့်စုံစုံ၊ သိဒ္ဓိအဖုံဖုံ ဂမ္ဘီရပညာမျိုးစုံတို့ဖြင့် သာသနာပြုနေသော ရဟန်းဝိဇ္ဇာ ပေါ်ပေါက်နေပြီဖြစ်ကြောင်း ဤဆောင်းပါးဖြင့် ပူဇော်ရေးသားလိုက်ရပါတော့သတည်း။

တိုင်တစ်ရာဆရာတော်သည် ယနေ့မှစ၍ ဘုန်းရောင်နေသို့ လင်းစေသော…။

**ပထမံဆရာကြီး ဦးအောင်သူ**



www.burmeseclassic.com

www.burmeseclassic.com

# သူတော်စင်ဝိဇ္ဇာကြီးတို့၏ ကျင့်စဉ်နှင့် ဖြစ်ရပ်ဆန်းများ

**ဝိဇ္ဇာဓရ ဆရာအောင်**

### ရွှေဥဒေါင်းတည်နေရာ


တစ်ချိန်တစ်ခါကဆိုလျှင် ရွှေဥဒေါင်းတောင်သည် လူသူအရောက်အပေါက်နည်းလှသော တောခေါင်ခေါင်၊ တောင်ကြမ်းကြမ်းဖြစ်သည်။ ဥဒေါင်းငှက်များနှင့် အခြားသားရဲတိရစ္ဆာန်များ ပေါများသည်ကို အကြောင်းပြု၍ ရွှေဥဒေါင်းတောင်ဟု အမည်ခေါ်တွင်ခဲ့သည် ဆိုပါသည်။

### ရွှေဥဒေါင်းတောင်ဆရာတော်နှင့် တဘောင်နိမိတ်

ရွှေဥဒေါင်းတောင်ပေါ်သို့ ဆရာတော်ကြီး ကြွရောက်လာခြင်း မရှိသေးမီက ထိုဒေသတစ်ဝိုက်တွင် မှော်အောင်နေသည့်သူဟု အများပြောကြသည့် ကျားတွန်ရွာသား ဖိုးဖြူဆိုသူသည် (မှတ်ချက်-ကျားတွန်ရွာသည် ရွှေဥဒေါင်းတောင်နှင့် နှစ်မိုင်ကျော်ဝေးသည်။ လပြည့်၊ လကွယ် ၈ ရက် ဥပုသ်သီတင်းနေ့တိုင်း ရွှေဥဒေါင်းတောင်ပေါ်တက်၍ တောင်ထိပ်တွင်ရှိသော ဘုရားငုတ်တိုတစ်ဆူကို ပြုပြင်ရှင်းလင်းရင်း

**ဤတောင်ပေါ်၌ ကြာပေါက်မည်။**
**ဆင်ဖြူတက်မည်၊**
**ဝါးဖြူပေါက်မည်၊**
**ရဟန်းဝါမည်၊**
**တိုက်ကျောင်း ၉ လုံး ရှိလာမည်။**

ဟူ၍ တဘောင်နိမိတ်များကို တတွတ်တွတ်ရွတ်ဆိုလေ့ရှိသည် ဆိုပါ၏။ ထိုမှ နှစ်အတန်ကြာသော တစ်နေ့တွင် ရွှေဥဒေါင်းတောင်ထိပ်ပေါ်သို့ သက်တော် ၄၇ နှစ်၊ သိက္ခာတော် ၂၇ ဝါရှိတော်မူသော ရဟန်းတော်ကြီးတစ်ပါး ကြွ



ရွှေဥဒေါင်းတောင် ဆရာတော်ဘုရားကြီး

ရောက်သီတင်းသုံးလာခဲ့ပါသည်။ ထိုဆရာတော်ကြီးကား နောင်အခါ အင်းလေး ရွှေဥဒေါင်းတောင်ဆရာတော်ကြီး ဘဒ္ဒန္တကုမာရဟု ကမ္ဘာအနှံ့ ထင်ရှားလာမည့် ရွှေဥဒေါင်းတောင်ဆရာတော်ကြီးပင် ဖြစ်ပါတော့သည်။ အံ့သြဖွယ်



www.burmeseclassic.com

www.burmeseclassic.com

ပင် ဆရာတော်ကြီး၏ လူ့အမည်မှာ ဦးကြာအောင်ဟု ခေါ်တွင်ကြောင်း နောင်တွင်သိရလေရာ တောင်ထိပ်ကြာပေါက်မည်ဟူသော တဘောင်နိမိတ်ဖြင့် ကိုက်ညီနေပါတော့သည်။ ထိုမျှမကသေး ဆရာတော်ကြီးသည် တောင်ထိပ်ပေါ်ရှိ ဘုရားဝတ်တိုကို စေတီတစ်ဆူဖြစ်အောင် ပြုပြင်တည်ဆောက်ခဲ့ပြီး ထီးတော်ကို တောင်ပေါ်သို့ ဆင်ဖြူတော်ဖြင့် ပင့်ဆောင်ခြင်း၊ မကြာမီ ဝါးဖြူပင်များပေါက်ရောက်လာခြင်း၊ တပည့်၊ ရဟန်း၊ သံဃာ၊ ရှင်သာမဏေများခြံရံလျက် တိုက်ကျောင်းကြီးငယ်များ ပေါ်ပေါက်လာခြင်း၊ နေ့စဉ် ဆရာတော်ကြီးအား လာရောက်ဖူးမြော်သူ၊ တရားအားထုတ်သူများနှင့် စည်ကားသိုက်မြိုက်လျက်ရှိလာခြင်းများသည်လည်း ရဟန်း၀ါမည်။ တိုက်ကျောင်း ၉ လုံးရှိလာမည်ဟူသော မော်အောင်သူဖိုးဖြူ တတွတ်တွတ်ရွတ်ခဲ့သည့် တဘောင်နိမိတ်များနှင့် ကိုက်ညီလျက်ရှိကြောင်း တွေ့ရပါသည်။

## ရွှေဥဒေါင်းတောင်ဆရာတော်၏ ငယ်ဘ၀ထူးခြားချက်များ

သက္ကရာဇ် ၁၂၅၃ ခု၊ ပြာသိုလ ဆန်း ၁၃ ရက်၊ သန်းခေါင်လွန် ညဉ့်ဗဟို ၂ ချက်တီးကျော်အချိန်က တောင်ပိုင်းရှမ်းပြည်နယ်၊ ပင်လောင်းမြို့အနောက်ဘက် ၅၆ မိုင်ကွာဝေးသော အရပ်ရှိ ပင်ခင်ဟုခေါ်သော ကျေးရွာကလေးတွင် ဆရာတော်လောင်းလျာ မောင်ကြာအောင်လေးကို မီးရှူးသန့်စင်ဖွားမြင်ခဲ့ပါသည်။ ဖခင်ဖြစ်သူမှာ ရှမ်းတံရဲအမျိုးသား ဦးခိုင်နှင့်၊ မိခင်ဖြစ်သူမှာ ပအိုဝ်အမျိုးသမီး ဒေါ်အွတ် ဖြစ်ပါသည်။ မောင်ကြာအောင်သည် ကိုးယောက်မြောက် အငယ်ဆုံး အထွေးဆုံး သားရတနာဖြစ်သည်။ မွေးကတည်းကပင် ဦးခေါင်းတစ်ခုလုံး ဖွေးဖြူနေခဲ့သည်။ ခြေဖဝါးနှစ်ဖက်လုံးတွင် ထူးခြားသော ရေစီးကြောင်း အမှတ်လက္ခဏာဖြင့် ကြာပွင့်ကြာဖူးသဏ္ဌာန် ပါရှိသည်။ သို့အတွက်ပင် ပင်ခင်ရွာကျောင်း ဆရာတော်ဦးသာဂရက မောင်ကြာအောင်ဟူ၍ နေ့နံညီကာ အမည်ပေး ချီးမြှင့်တော်မူခဲ့ခြင်းဖြစ်ပါသည်။

ဥပဇ္ဈာယ်ဆရာတော်ဖြစ်တော်မူသော ပင်စင်ကျောင်း ဆရာတော်ကလည်း မောင်ကြာအောင်လေးအား ဓမ္မာနုဂ္ဂဟဖြင့် သာမဏေရပဗ္ဗဇ္ဇအောင်သို့ ချောမောစွာရောက်ရှိသွားအောင် ချီးမြှောက်တော်မူခဲ့သည့်အပြင် သာသနာတော်တစ်ခေတ် စင်ကြယ်သော သီလဝိသုဒ္ဓိစောင့်ထိန်းလျက် သီလ၊ သမာ ဓိ၊ ပညာ၊ သိက္ခာတော်ရပ် အကျင့်မြတ်ကို သာသနာတော် အစဉ်အဆက် ဆောင်ရွက်သည့်ပုဂ္ဂိုလ်အဖြစ် မြင်တော်မူ၍ ရှင်ကုမာရဘွဲ့အမည်ကို နေ့နံအလိုက် ချီးမြှင့်ပေးသနားတော်မူကြောင်း သိရပါသည်။

## ဆရာတော်၏ ရွှေဥဒေါင်းတောင်ခရီးအစ

ဆရာတော်သည် ကျားတွန်ရွာ၊ ကျားတွန်ကျောင်းတွင် ကျောင်းထိုင်ဆရာတော်ဘ၀ဖြင့် အစစပြည့်စုံကုံလုံစွာ သီတင်းသုံးနေထိုင်တော်မူရာမှ သပိတ်တစ်လုံး၊ သင်္ကန်းသုံးထည်မျှဖြင့် ရွှေဥဒေါင်းတောင်ပေါ်သို့ တရားဘာဝနာ ကျင့်ကြံအားထုတ်ရန် ကြွလုပ်သွားခဲ့သည်။ ရွာခံဒကာ၊ ဒကာမများကိုပင် အသိမပေး။ သိခဲ့လျှင် အတားအဆီးပေါ်လာပြီး မိမိ၏ အဓိဋ္ဌာန် ပျက်သွားမည်စိုးသောကြောင့်ပင် ဖြစ်၏။

ဆရာတော် ရွှေဥဒေါင်းတောင်ပေါ် ရောက်စအခါက ဆိုလျှင် နားစရာခိုစရာဆို၍ ကျောင်းသင်္ကန်းတစ်ခုတလေပင် ရှိသည်မဟုတ်ပါ။ အလိုအလျောက် ဖြစ်ပေါ်နေသော အမိုးမရှိ အကာမရှိသည့် သဲကျင်းဂူလေးတစ်ခုအတွင်းဝင်၍ တရားကျင့်ကြံအားထုတ်ရသည် ဆို၏။ နေပူသည့်အခါ အပူဒဏ်ခံစားရသလို၊ မိုးရွာသည့်အခါများမှာလည်း တစ်ကိုယ်လုံးရွှဲလျက် ခိုက်ခိုက်တုန် ချမ်းအေးသည့်ဒဏ်ကို ခံစားရရှာပါသည်။ သို့သော်လည်း ဆရာတော်သည် ရဲရဲတောက်ဖွဲ့လုံ့လဖြင့် အဓိဋ္ဌာန်ကိုအပျက် မခံခဲ့ပါ။

မိုးလေကင်းစင်သည့်အခါများကျတော့လည်း မှက်၊ ခြင်၊ ယင်အကောင်၊ မျိုးစုံတို့သည် သဲသဲမဲမဲ ကိုက်တွယ်ကြပြန်သည်။ ဆရာတော်သည် မလှုပ်၊ မပုတ်၊ မခြောက်မလှန့် ကြံ့ကြံ့ခံရှာသည်။ အင်းလေးတစ်ကြောမှ ခြင်ကိုက်လိုက်လျှင် အသည်းခိုက်အောင်နာကျင်၍ အဆိပ်ပြင်းသည်ဟူသော အဆိုရှိသည်။ နာကျင်၊ ယားယံခြင်း အလျဉ်းမရှိတော့၊ ဒဏ်ရာအနာတရလည်း စိုးစဉ်းမျှမရှိမကျန်ခဲ့ဟု ဆိုပါသည်။

ပို၍ ထူးခြားသည့်မှာ ထိုတောင်ပေါ်တစ်ဝိုက် မကြာခဏ ဟိန်းဟောက်၊ အော်မြည်ကျက်စားလေ့ရှိသော ကျား သတ္တဝါအစရှိသည့် တိရစ္ဆာန်များလည်း ဆရာတော် တရားထိုင်ချိန်မှစ၍ တောပြောင်းသွားကြပြီး တောင်ပေါ်သို့ ဥဒေါင်း



www.burmeseclassic.com

www.burmeseclassic.com

ငှက်ကဲ့သို့ လူကိုအန္တရာယ်မပြုသည့် ကျေးငှက်သတ္တဝါများသာ ဆရာတော်နှင့်အတူ ကျန်ရှိနေခဲ့သည်ဆို၏။ ထို့ပြင် ဆရာတော်တရားထိုင်သည့်အခါ ဥဒေါင်းငှက်များသည် အတောင်ဖြန့်၍ အရိပ်သဖွယ် လာရောက်အုပ်မိုးကာကွယ်ပေးလေ့ရှိသည်ဟုပင် ဆိုကြပါသည်။

## ဆရာတော်၏ နေ့စဉ် နိစ္စဓူဝဝတ္တရားများ

ဆရာတော်သည် ရွှေဥဒေါင်းတောင်ပေါ် ရောက်ခဲ့သည့်နေ့မှစ၍ နေ့စဉ် နိစ္စပတ်ဝတ်များကို အောက်ပါအတိုင်း မပျက်မကွက် ပြုလုပ်ဆောင်ရွက်တော်မူပါသည်။

- အရုဏ်ဦး ၃ နာရီမှ နံနက် ၆ နာရီအထိ ဘုရားဝတ်ပြု၊ မေတ္တာဘာဝနာပွားများ၊ ပရိတ်တရားတော်များ ရွတ်ဖတ်သရဇ္ဈာယ်။
- နံနက် ၇ နာရီတွင် တောင်ပေါ်မှ တောင်အောက်ဆင်းပြီး အင်းလေးဝန်းကျင်ရှိ ကျေးရွာများသို့ ဆွမ်းခံကြွတော်မူသည်။
- နံနက်ပိုင်း ဆွမ်းကိစ္စပြီးသည်နှင့် ဘုရားတည်၊ တန်ဆောင်းပြင်၊ သာသနာ့ဝေယျာဝစ္စများ ပြုလုပ်ဆောင်ရွက်။
- ညနေ ၆ နာရီမှ ၉ နာရီထိ ဘုရားဝတ်ပြု၊ မေတ္တာဘာဝနာပွား၍ ပရိတ်တော်များ ရွတ်ဖတ်သရဇ္ဈာယ်။
- ညဉ့်ဦးယံ ၉ နာရီမှ သန်းခေါင်ယံ ၁၂ နာရီအထိ သုသာန်သို့သွား၍ အသုဘကမ္မဋ္ဌာန်း ထိုင်တော်မူသည်။
- သန်းခေါင်ယံ ၁၂ နာရီမှ အရုဏ်ဦး ၃ နာရီအထိ ရွှေဥဒေါင်းတောင်သို့ ပြန်ကြွကျိန်းစက်အနားယူ။

ဆရာတော်၏ နေ့စဉ်နံနက် အရုဏ်ဦး၊ ညဉ့်ဦးယံ အချိန်များတွင် ဘုရားဝတ်ပြုသည့် အစီအစဉ်များကိုလည်း ဖော်ပြလိုပါသေးသည်။

(၁) နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ သုံးကြိမ်ရွတ်ပွား။

(၂) ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ၊ ဒုတိယမ္ပိ၊ တတိယမ္ပိ ရွတ်ပွားသည်။

(၃) ဣတိပိသော ဘုရားဂုဏ်တော်၊ သွာက္ခာတော တရားဂုဏ်တော်၊ သုပ္ပဋိပန္နော သံဃာ့ဂုဏ်တော်များကို ရွတ်ပွား။

ထို့နောက် ဩကာသအစရှိ ဘုရားရှိခိုးပူဇော်ခြင်း ပြုတော်မူသည်။ ထို့နောက် အပြင်အောင်ခြင်း၊ အတွင်းအောင်ခြင်း၊ ရတနာရွှေချိုင့်၊ ပရိတ်ကြီး ၁၁ သုတ်၊ ဗုဒ္ဓဗောဇ္ဈင်သုတ်၊ မောဂ္ဂလာနဗောဇ္ဈင်သုတ်၊ ကဿပဗောဇ္ဈင်သုတ်၊ မဟာသမယသုတ်၊ ဓမ္မစကြာသုတ်၊ အနတ္တလက္ခဏာသုတ်၊ အာဋာနာဋိယသုတ်၊ မဟာသတိပဋ္ဌာန်သုတ်၊ ဆဒိသာပါလသုတ်၊ စက္ကပရိတ်၊ ပရိမိတ္တဇာလသုတ်၊ ပထဝီဇယမင်္ဂလသုတ်များကို တစ်လှည့်စီရွတ်ပွားတော်မူသည်။

## နိဂုံး

ရွှေဥဒေါင်းတော် ဆရာတော်ဘုရားကြီး၏ ဒါနဂုဏ်၊ သီလဂုဏ်၊ ဘာဝနာဂုဏ်နှင့် ပတ်သက်၍ရေးရလျှင် ရေးမကုန်အောင် များပြားလှပါသည်။ အချို့သောသူများက ဆရာတော်ဘုရားကြီးအား ရဟန္တာဟူ၍လည်းကောင်း၊ ဝိပဿနာဘာဝနာကျင့်စဉ်သို့ ကူးပြောင်းလာသော အရိယာဝိဇ္ဇာကြီးဟူ၍လည်းကောင်း၊ အချို့က ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်ကြီးတစ်ပါးဟူ၍လည်း ပြောကြ၏။ အချို့သောပုဂ္ဂိုလ်များက ရွှေဥဒေါင်းတောင်အနီးပတ်ဝန်းကျင်တွင် ဆရာတော်ကြီး ဈာန်သမာပတ်ကြွမြန်းနေသည်ကို ဖူးတွေ့ရသည်ဟူ၍လည်းကောင်း၊ အချို့က မန္တလေးမဟာမြတ်မုနိဘုရားကြီး အလုံပိတ်ထားသော သံတံခါးအတွင်း အရုဏ်ဦးအချိန် ဘုရားဖူးမြော်နေသည်ကို တွေ့ရဖူးသည်ဟူ၍လည်းကောင်း ပြောကြ၏။ အချို့က ရန်ကုန်မြို့ရှိ ရွှေတိဂုံ စေတီရင်ပြင်တော်ပေါ်တွင် ဘုရားဖူးနေတာ တွေ့ရဖူးသည်ဟူ၍လည်း ပြောကြ၏။ အချို့က ယခုတိုင် မထင်မှတ်ဘဲ မထင်မှတ်သော နေရာတစ်နေရာတွင် အမှတ်မထင် ဖူးတွေ့ရသည်ဟူ၍လည်းကောင်း အမျိုးမျိုးအဖုံဖုံ ကိုယ်တွေ့ကြုံသူတို့က ပြောနေကြဆဲရှိပါသည်။

(ရွှေဥဒေါင်းတောင် ဆရာတော်ဘုရားကြီးအား လက်ဆယ်ဖြာယှက်မိုး၍ ပူဇော်ဦးခိုက်ပါ၏။)

**ဝိဇ္ဇာဝရ ဆရာအောင်**

ကျမ်းကိုး

ဒါရိုက်တာမြင့်မောင်၏ အင်းလေးရွှေဥဒေါင်းတောင် ဆရာတော်ကြီး။



www.burmeseclassic.com

www.burmeseclassic.com

# သီတင်းကျွတ် ရက်မြတ်မင်္ဂလာ နှင့် ဆရာမကြီး ယောဂီနန္ဒမာလာ ၏ ကျောင်းလွှတ်ပူဇော

ဂမ္ဘီရဆရာစံ

ပဋ္ဌာန်းဆက်အမှန် နန္ဒိယ+မာလာစမ္မပိမာန်

အဘအောင်မင်းခေါင်ကြီး၏ ဝိဇ္ဇာဓာတ်ဖြင့် နယ်လှည့်သာသနာပြုနေသော ဆရာမကြီး ယောဂီနန္ဒမာလာ ထံသို့ ဒိုက်ဦးမြို့၊ ခေမာသီဝံကျောင်းဆရာတော်မှ ကျောင်းဝင်းအတွင်း၌ သာသနာပြုပေးပါရန် ဖုန်းဆက်မိန့်ကြားလာခဲ့သည်။ ဆရာမကြီး အင်းမလုပ်၊ အဲမလုပ် ဖြစ်နေစဉ် ညပိုင်း ပုတီးစိပ်၊ တရားထိုင်၊ မေတ္တာပို့သအပြီး ခေတ္တအိပ်နေစဉ်–

"အဘ ထားသလိုနေမယ်၊ အဘ ကျွေးတာကို စားမယ်၊ အဘ ခိုင်းတာကိုလုပ်မယ်ဆို၊ အခု အဘခိုင်းပြီ၊ ဒိုက်ဦးမှာ အကြိုက်မျိုးကာ အဘဘုရားရဲ့ ဓာတ်ပန္နက်ကို သမီးကိုယ်တိုင်ဖွင့်လိုက်၊ ဘာမာနကြီးနေတာလဲ၊ နယ်လှည့် သာသနာပြုနေပြီးတော့ အခုသွား၊ အခုလုပ်၊ အခု ဓာတ်စခန်း ချမှတ်လိုက်"

ဟူသော အသံကြောင့် လန့်နိုးသွားခဲ့ရသည်။ နံနက်တွင် ဒိုက်ဦးမြို့သို့ အပြေးအလွှား သွားခဲ့ရသည်။ အဘ၏ ခိုင်းစေချက်အတိုင်း ခေမာသီဝံကျောင်းတော်ကြီး၌ အဘ၏ ဓာတ်စခန်း၊ ဓာတ်ပန္နက်အဖြစ် အလှူရှင် ဗိုလ်မှူးကြီး ဦးသန်းထွန်း(ငြိမ်း)+ဒေါ်တင်တင်လှ မိသားစုတို့မှ ဝိဇ္ဇာ တန်ဆောင်းတော်ကြီးကို (၅-၇-၂၀၁၄)နေ့တွင် ငွေကျပ် သိန်းတစ်ရာမ,တည်ပြီး လှူဒါန်းခဲ့ကြသည်။





www.burmeseclassic.com

www.burmeseclassic.com







ထူးခြားသော ဖြစ်ရပ်တစ်ခုမှာ (၅-၇-၂၀၁၄)စနေနေ့တွင် ဆရာမကြီးနှင့်အတူ ဝိဇ္ဇာတန်ဆောင်းအလှူရှင် ဒေါ်တင်တင်လှတို့ ဝိဇ္ဇာတန်ဆောင်းပန္နက်ရိုက်ရန် ခေမာသီဝံကျောင်းသို့ အသွားတွင် ဒေါ်တင်တင်လှ၏ ဆွေမျိုးများမှ ထိုကျောင်းဝင်းအတွင်းတွင် ဒေါ်တင်တင်လှ၏ မွေးသဖခင် ဦးအောင်သိန်း(ရွှေကုန်သည်)မှ လွန်ခဲ့သော နှစ်ပေါင်း(၆၀)က ဆောက်လုပ်လှူဒါန်းခဲ့သော ပေ(၁၀၀×၆၀)အကျယ်ရှိ ကျောင်းကြီးရှိသည်ဟု ပြောကြားကြသည်။ ပန္နက်တင်မင်္ဂလာအခမ်းအနား ပြီးဆုံးသွားသောအခါ ကျောင်းဝင်းအတွင်း နေရာအနှံ့ ရှာဖွေကြသည်။ ထိုအခါ ခေမာသီဝံကျောင်းဝင်းအတွင်းရှိ ကျောင်းဟောင်းကြီးတွင် **"၁၂၁၄-ခုနှစ်၊ ဦးအောင်သိန်း(ရွှေကုန်သည် မိသားစု)"**ဟူသော ကမ္ပည်းစာတမ်းကို တွေ့လိုက်ရသည်။ ဖခင်ဖြစ်သူ လှူဒါန်းခဲ့သည့် အောင်မြေနေရာတွင် ကျန်ရစ်သူမိသားစုများက ဆက်လက်လှူဒါန်းနိုင်ရန် ပုဂ္ဂိုလ်စစ်၊ ပုဂ္ဂိုလ်မှန်များက ပဋ္ဌာန်းဆက်ဆက်ပေးခဲ့ခြင်းပင် ဖြစ်ပေသည်။

အဘဘုရားကို ပူဇော်သည့် (၆၂)ကြိမ်မြောက် မဟာထွက်ပွဲတွင် ဆရာမကြီး ယောဂီနန္ဒမာလာက ၎င်းကျောင်းတော်ကြီးကို အသစ်တစ်ဖန် ပြန်လည်၍ ဆောက်လုပ်လှူဒါန်းသွားမည်ဆိုသည့်အကြောင်းကို အဘထွက်ပွဲတွင် သစ္စာအဓိဋ္ဌာန်ပြုကာ ရဲရဲကြီးအောင်ဆုပန်ခဲ့သည်

ဤကဲ့သို့ဖြင့် ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမြို့၊ ခေမာသီဝံကျောင်းတိုက်ကြီးတွင် လွန်ခဲ့သော (၆၂)နှစ်ခန့်က ရွှေကုန်သည်ကြီး(ဦးအောင်သိန်း) ဆောက်လုပ်လှူဒါန်းခဲ့သော ပေ(၁၀၀×၆၀)ရှိ ကျောင်းတော်ကြီးအား နယ်လှည့်သာသနာပြု ဆရာမကြီး ယောဂီနန္ဒမာလာမှ ဦးဆောင်၍ ကျန်ရစ်သူဇနီးဒေါ်ကြင်ကြင်(အဂ္ဂမဟာသီရိသုဓမ္မ သင်္ဂီ)နှင့် သားသမီးများ ဖြစ်ကြသော ဦးသိန်းထွန်း(ဗိုလ်မှူးကြီး-ငြိမ်း)+ဒေါ်တင်တင်လှ



www.burmeseclassic.com

www.burmeseclassic.com



မိသားစုတို့နှင့်အတူ အိပ်မက်အရ ဦးအေးမောင်စိန်+ဒေါ်ဖွားရင် မိသားစု၊ ဦးထွန်းလွင်+ဒေါ်လှဲ့လှဲ့ဝေ မိသားစု၊ ဦးကျော်ကျော်လွင်+ဒေါ်ခင်ခင်ဌွေး(ဗိုလ်ကျော်) မိသားစုတို့နှင့်အတူ ရှစ်နေ့ရှစ်နံသားသမီးများက **"နန္ဒိယ+မာလာ"** ဓမ္မဗိမာန်တော်ကြီးကို ပေ(၉၀×၄၅)ရှိ နှစ်ထပ်ကျောင်းတော်ကြီးအဖြစ် ဆောက်လုပ်ရန် ၁၃၇၆-ခုနှစ်၊ သီတင်းကျွတ်လပြည့်နေ့ (၈-၉-၂၀၁၄)ဗုဒ္ဓဟူးနေ့တွင် ပန္နက်တင်မင်္ဂလာပြုလုပ်ခဲ့လေသည်။ ဗိမာန်တော်ကြီးမှာ ကျပ်သိန်းပေါင်း (၄၅၀၀)ခန့် ကုန်ကျမည်ဟု ခန့်မှန်းခဲ့ကြလေသည်။

စုပေါင်းအလှူကုသိုလ်ယူ၊ ပဋ္ဌာန်းဆက်တို့ ဆုံတွေ့ကြ

**"နန္ဒိယ+မာလာ"** ဓမ္မဗိမာန်တော်ကြီး တည်ဆောက်နိုင်ရန်အတွက် ပဋ္ဌာန်းဆက်အလှူရှင်များစွာတို့ကလည်း ပါဝင်လှူဒါန်း ကုသိုလ်ယူခဲ့ကြသည်။ ကျောင်းဒကာကြီး ဦးအောင်သိန်း၏ ကျန်ရစ်သူ အလှူ့ဒါယိကာမကြီး ဒေါ်ဒေါ်ကြင်(အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ)၊ သားသမီးများ ဖြစ်ကြသော ဗိုလ်မှူးကြီး သန်းထွန်း(ငြိမ်း)+ဒေါ်တင်တင်လှ မိသားစုတို့မှ ကျပ်သိန်း(၅၀၀)၊ ဒေါက်တာဟိန်းထက်ဇော်+ဒေါ်သင်းသီရိထွန်း မိသားစု၊ ဦးဝေယံမင်းထွန်း+ဒေါ်မေလှဲ့ကိန်း မိသားစု၊ ဦးဝေဟာင်မင်းထွန်း+ဒေါက်တာခိုင်စံပယ်မင်း မိသားစုတို့မှ ကျပ်သိန်း(၁၅၀)၊ ဦးအေးမောင်စိန်+ဒေါ်ဖွားရင် မိသားစုတို့မှ ကျပ်သိန်း(၂၀၀)၊ ဦးကျော်ကျော်လွင်+ဒေါ်ခင်ခင်ဌွေး မိသားစုတို့မှ ကျပ်သိန်း(၄၅၀)၊ ဦးရဲကံဇော်+ဒေါ်မေဖြိုးထွန်း မိသားစုတို့မှ ကျပ်(၁၈)သိန်း၊ ဦးဇော်မင်း+ဒေါ်စန်းစန်းကြည်(ဓမ္မျုရွှေ)ရွှေဆိုင်မိသားစုတို့မှ (၃၆)သိန်း၊ ဦးမြင့်လှိုင်+ဒေါ်ရီရီဝင်း(မဟော်သဓာ)မိသားစုတို့မှ ကျပ်သိန်း(၉၀)၊ ဦးလှဝင်းထွဋ်+ဒေါ်မိုးဝပနိုင် မိသားစုတို့မှ ငွေကျပ်သိန်း(၃၀)၊ နယ်လှည့်သာသနာပြု ယောဂီနန္ဒမာလာနှင့် တပည့်သာဝကအပေါင်းတို့မှ မ,တည်လှူဒါန်းငွေမှာ ကျပ်သိန်း(၃၀၂၆)သိန်း ဖြစ်ကြောင်း သိရှိရပြီး ဗိမာန်တော်ကြီးအတွက် စုစုပေါင်း ကုန်ကျငွေမှာ ကျပ်သိန်း(၄၅၀၀)မျှ ကုန်ကျခဲ့လေသည်။

ရေစက်သွန်းချ မြတ်ဒါန

**"နန္ဒိယ+မာလာ"** ဓမ္မဗိမာန်တော်ကြီး ပေ(၉၀×၄၅)ရှိ နှစ်ထပ်ကျောင်းဆောင်သစ်ကြီးမှာ တစ်နှစ်တိတိအချိန်အတွင်း ဆောက်လုပ်ပြီးစီးအောင်မြင်ခဲ့သဖြင့် ၁၃၇၇-ခုနှစ်၊ သီတင်းကျွတ်လပြည့်နေ့ (၂၈-၁၀-၂၀၁၅)ဗုဒ္ဓဟူးနေ့တွင် အဘအောင်မင်းခေါင်ကြီးအား ဦးထိပ်ထား၍ ရေစက်သွန်းချ ကျောင်းလှူတ်ပူဇာပွဲကို ကျင်းပခဲ့ရာ ခေမာသီဝံကျောင်း ဆရာတော် ဦးခေမိန္ဒ(ဧရာဝတီ-နယ်လှည့်ဓမ္မကထိက)မှ အနုမောဒနာတရား ဟောကြားပြီး ရေစက်ချအမျှပေးဝေခဲ့ပါသည်။

အလှူ့ဒါယိကာမကြီး ဒေါ်ဒေါ်ကြင်(အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ)မှလည်း ဝမ်းမြောက်ဝမ်းသာ ကြည်သာသောနှလုံးဖြင့် ရွှေလက်စွပ်များ ပါဝင်သော ငွေများကြဲကာ ရတနာမိုးရွာသွန်းဖြိုးခဲ့လေသည်။

ဤသို့အားဖြင့် နယ်လှည့်သာသနာပြု ဆရာမကြီး ယောဂီနန္ဒာမာလာနှင့် တပည့်အပေါင်းတို့၏ **"နန္ဒိယ+မာလာ"** ဓမ္မဗိမာန်တော်ကြီး၏ ကျောင်းလှူတ်ပူဇာ ရေစက်သွန်းချပွဲကြီးတွင် (၂၀-၁၀-၂၀၁၅) ရက်နေ့မှ (၂၆-၁၀-၂၀၁၅)ရက်နေ့အထိ ဓမ္မပူဇာပွဲကို (၇)ရက်တိုင်တိုင် ကျင်းပပြုလုပ်ခဲ့ရာ ဆရာမကြီးမှ ဆရာတော် တစ်ပါးလျှင် ဓမ္မပူဇာအလှူငွေ ကျပ်(၁၀)သိန်းနှင့် ခရီးဝေးမှ လာရောက်ကြသော ဆရာတော်ကြီးများအား ကျပ်(၁၀)သိန်း (၁၅)သိန်း ထပ်မံလှူဒါန်းခဲ့ကြောင်း သိရှိရလေသည်။ (၂၇-၁၀-၂၀၁၅)ရက်နေ့နှင့် (၂၈-၁၀-၂၀၁၅) ရက်နေ့တို့တွင်လည်း 'ဖိုက်စတားညီအစ်ကိုအဖွဲ့'၊ 'ဟားတစ်သိုက်ညီအစ်ကိုအဖွဲ့'တို့မှ အောင်ပွဲခံ ဖျော်ဖြေတင်ဆက်ခဲ့လေသည်။

သီတင်းကျွတ်ရက်မြတ်မင်္ဂလာတွင် ဆရာမကြီး ယောဂီနန္ဒမာလာ၏ ကျောင်းလှူတ်ပူဇာပွဲကြီးကား (၂၈-၁၀-၂၀၁၅)ရက်နေ့ ၁၂ နာရီအချိန်တွင် အောင်မြင်စွာဖြင့် အောင်ဓာတ်စိုက်ထူနိုင်ခဲ့လေသည်။

**ဂမ္ဘီရ(ဆရာစံ)**



www.burmeseclassic.com

www.burmeseclassic.com

# ဆရာလေး ဒေါ်နန္ဒဝတီ ပြန်လည်ပြုပြင်မည့် စေတီပုံတွင်

## (၇)ရက်သားသမီးများ စုပေါင်းပါဝင် ကုသိုလ်ပြုနိုင်ကြစေရန်အတွက် လှူဒါန်းနိုင်





စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်၊ ကြာတကန်ကျေးရွာအနီး လွန်ခဲ့သော နှစ်(၂၀၀၀)ခန့်ကဟု ခန့်မှန်းရသော စေတီပျက်တစ်ဆူရှိပြီး ထိုစေတီတည်ဆောက်ထားသည့် အုတ်ချပ်များမှာ ပုဂံရှိ ရှေးဟောင်းစေတီများမှ အုတ်ချပ်များနှင့် အရွယ်အစား တူညီကြပါသည်။

ထိုဒေသတွင် ဗုဒ္ဓဘာသာဝင်များ ဖြစ်သော်လည်း လူနေမှုဘဝအရ အိမ်အများစုတွင် မြတ်စွာဘုရား၏ ဆင်းတုတော် ထားရှိကိုးကွယ်မှုထက် ဗုဒ္ဓပုံတော်ကားချပ်များကိုသာ ထားရှိကိုးကွယ်သည်ကို တွေ့ရသဖြင့် ရန်ကုန်မြို့၊ ရွှေပေါက်





www.burmeseclassic.com

www.burmeseclassic.com

ကံမြို့သစ်၊ (၂၂)ရပ်ကွက်၊ အောင်သုခလမ်း၊ အမှတ်(၆၇)၊ ဓမ္မဝါဒီ သီလရှင်ကျောင်းတိုက်မှ သီလရှင် ဒေါ်နန္ဒဝတီနှင့် ကုမ္ပဏီပိုင်ရှင်မှ လှူဒါန်းသည့် ညဏ်တော် ၉ လက်မရှိ ဗုဒ္ဓဆင်းတုတော် အဆူ ၁၇၀ ကို ထိုဒေသပတ်ဝန်းကျင်ရှိ နေအိမ်များတွင် ပူဇော်ကိုးကွယ်ရန်အတွက် သွားရောက် လှူဒါန်းခဲ့ပါသည်။

သီလရှင် ဒေါ်နန္ဒဝတီသည် ကြာတကန်ကျေးရွာ အနီးရှိ အထက်ဖော်ပြပါ ရှေးဟောင်းစေတီပျက်ကို တွေ့ရှိ၍ ပြုပြင်လိုသည့်ဆန္ဒ ဖြစ်ပေါ်လာသဖြင့် ကျေးရွာရှိ ဆရာတော် ဦးသီဟနှင့် ရပ်ရွာမှ လူကြီးများနှင့် တိုင်ပင်လျက် ၁၃၇၆ ခု၊ နတ်တော်လဆုတ် ၁၃ ရက်နေ့တွင် မြို့နယ် သံဃနာယက ဆရာတော် အပါအဝင် ပင့်သံဃာ ၉ ပါးနှင့် မြေသန့်မင်္ဂလာ ပြုလုပ်ပြီး စေတီပျက်ပရိဝုဏ်ကိုငုံလျက် စေတီရင်ပြင်ဘောင် အုတ်ရိုးစီလုပ်ငန်းကို ၅၅ ပေ ပတ်လည် ကာရံပြုပြင်ခဲ့ပြီး ဖြစ်ပါသည်။

ဘုရားစေတီပြုပြင်ရာတွင် လိုအပ်သည့် အဝီစိတွင်း တူးဖော်ခြင်းနှင့် ရေလှောင်ကန် ဆောက်လုပ်ခြင်းတို့ကိုလည်း အလှူရှင်များ ကောင်းမှုဖြင့် ဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။

ဆရာလေး ဒေါ်နန္ဒဝတီသည် ပြန်လည်ပြုပြင်မည့် စေတီပုံမှာ စေတီရင်ပြင်မှ အမြင့် ၃၀ ပေရှိ မုခ်(၄)မုခ်ပါ စေတီဖြစ်ပြီး ဆရာလေး ဒေါ်နန္ဒဝတီသည် ဦးဆောင်ဦးရွက် ပြုလျက် (၇)ရက်သားသမီး စုပေါင်းကုသိုလ်ပါဝင်စေလို သည့် စေတနာအရလည်းကောင်း၊ သာသနိကအဆောက် အဦးများ ဖွံ့ဖြိုးတိုးတက်လျက် ဗုဒ္ဓသာသနာ အဓွန့်ရှည် တည်တံ့စေလိုသော ဆန္ဒဖြင့်လည်းကောင်း သာသနာပြု လုပ်ငန်းတွင် ပါဝင်လှူဒါန်းကြစေလိုကြောင်း နိုးဆော်လိုက် ပါသည်။

**ဆက်သွယ်လှူဒါန်းရန် လိပ်စာများမှာ-**

(၁) ဆရာတော် ဦးသီဟ (၀၉-၄၀၃၇၃၀၂၅၀)


(၂) ဆရာလေး ဒေါ်နန္ဒဝတီ(ဓမ္မဝါဒီ သီလရှင်ကျောင်း) (၀၉-၄၂၁၁၆၆၉၈၈)

(၃) ဒေါ်ကြင်တင်(၂၄၊ နတ်စင်လမ်း၊ ကျောက်မြောင်း၊ တာမွေ) (၀၉-၅၄၄၆၀၉)

(၄) ဒေါ်တင်တင်အေး(၇/မြေညီ၊ ငွေလရောင်လမ်း၊ ဗဟိုလစ်) (၀၁-၄၀၀၉၂၃)

(၅) ဒေါ်နွဲ့နွဲ့ဝင်း(၁၇၊ ကျောက်တောလမ်း၊ ကျောက်မြောင်း) (၀၉-၃၁၄၈၇၀၉)

(၆) ဦးအောင်ရွှေ(၅၄၊ လမ်း ၁၂၀၊ မင်္ဂလာတောင်ညွန့်)








www.burmeseclassic.com

www.burmeseclassic.com



# ခံယူဆင်မြန်း ဗျာဒိတ်ပန်း

ခရာ(ကေတ)

သုဇာတဘုရားရှင် ပွင့်တော်မူပြီး နောက် တစ်ထောင့်ရှစ်ရာ ကမ္ဘာထက် ၌ ပိယဒဿီ၊ အတ္ထဒဿီ၊ ဓမ္မဒဿီဟူ သော ဘွဲ့တော်တို့ဖြင့် ဘုရားရှင်သုံးဆူ ပွင့်တော်မူခဲ့ပါသည်။ ရှေးဦးစွာပွင့်တော် မူသော မြတ်စွာဘုရားမှာ ပိယဒဿီ မြတ်စွာဘုရားဖြစ်၍ ထိုမြတ်စွာဘုရား လက်ထက်တွင် ဘုရားအလောင်းတော် မှာ "ကဿပ"အမည်ရှိသော လုလင် ဖြစ်၍ ဘုရားရှင်ဟောကြားတော်မူသော တရားတော်အား ကြည်ညို၍ ကုဋေ တစ်သိန်းမျှသော ဥစ္စာနေတို့ကို စွန့်ကြဲ လျက် သံဃအရာမ်ကြီးပြုလုပ် လှူဒါန်း ၍ သရဏဂုံတည်လေရာ "ဤကမ္ဘာမှ နောက် တစ်ထောင့်ရှစ်ရာကမ္ဘာဝယ် ဘုရားစင်စစ် ဖြစ်တော်မူလတ္တံ့"ဟူ၍ ပိယဒဿီ ဘုရားရှင်ထံမှ နိယတဗျာ ဒိတ်ကို ခံယူရရှိပါသည်။

ပိယဒဿီဘုရား ပွင့်တော်မူပြီး နောက် "အတ္ထဒဿီ"ဘုရားရှင် ပွင့် တော်မူလေသည်။ ထိုဘုရားရှင်လက် ထက်တွင် ဂေါတမမြတ်စွာဘုရား အလောင်းတော်မှာ တန်ခိုးကြီးပါဒ်ကြီး သော ရသေ့ဖြစ်၍ ဘွဲ့တော်မှာ "သုသိမ" ဟူ၍ ဖြစ်ပါသည်။ သုသိမ ရှင်ရသေ့ သည် နတ်ပြည်မှ မန္ဒာရဝ နတ်ပန်းတို့ ဖြင့် ဘုရားရှင်အားပူဇော်လေရာ ဘုရား ရှင်မှ "နောင်သောအခါ၌ ဤရသေ့ သည် ဘုရားစင်စစ် ဖြစ်လတ္တံ့"ဟူသော ဗျာဒိတ်စကားကို တစ်ဆယ့်လေးကြိမ် မြောက် ခံယူရရှိခဲ့ပါသည်။

အတ္ထဒဿီဘုရားရှင်၏ နောက် ဝယ် "ဓမ္မဒဿီ"ဘုရားရှင် ပွင့်တော်မူ လေရာ အလောင်းတော်သည် နတ်တို့ သနင်း သိကြားမင်းဖြစ်လေသည်။ ဘု ရားအလောင်း သိကြားမင်းသည် နတ်၌



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်သော ပန်း၊ နံ့သာတို့ဖြင့်လည်းကောင်း၊ တူရိယာတို့ဖြင့်လည်းကောင်း ပူဇော်လေသည်။ ထိုအခါ ဘုရားရှင်က "ဤသိကြားမင်းသည် နောင်အခါ ဘုရားစင်စစ် အမှန်ဖြစ်လတ္တံ့"ဟူသော ဗျာဒိတ်စကား မိန့်ကြားတော်မူပါသည်။

ဓမ္မဒဿီဘုရား ပွင့်တော်မူပြီးနောက် ဤကမ္ဘာမှပြန်၍ ရေတွက်သော် ကိုးဆယ့်လေးကမ္ဘာထက် တစ်ခုသောကပ်အတွင်း၌ "သိဒ္ဓတ္ထ"ဘွဲ့တော်ရှိသည့် မြတ်စွာဘုရားရှင် ပွင့်တော်မူလေသည်။ ထိုဘုရားရှင် ပွင့်တော်မူရာကာလဝယ် ဘုရားအလောင်းတော်သည် ရသေ့သူမြတ်ဖြစ်၍ ထိုရသေ့သည် ဇမ္ဗူသပြေသီးကိုယူ၍ ဘုရားရှင်အား ဆက်ကပ်လှူဒါန်းလေသည်။ ထိုအခါ မြတ်စွာဘုရားမှ "ဤရသေ့သည် ကိုးဆယ့်လေးကမ္ဘာမြောက်၌ ဘုရားစင်စစ် ကေန်ဖြစ်လတ္တံ့"ဟူ၍ ဗျာဒိတ်စကား မိန့်ကြားတော်မူခဲ့ပါသည်။

သိဒ္ဓတ္ထဘုရားရှင် ပွင့်ထွန်းပြီးနောက် ဤကမ္ဘာမှပြန်တွက်သော် ကိုးဆယ့်နှစ်ကမ္ဘာထက်ဝယ် "တိဿ" မြတ်စွာဘုရားနှင့် "ဖုဿ"မြတ်စွာဘုရားဟူ၍ နှစ်ဆူပွင့်လေရာ တိဿဘုရားရှင်လက်ထက်၌ ဂေါတမမြတ်စွာဘုရားအလောင်းတော်မှာ "သုဇာတာ"ဟူသောအမည်ဖြင့် မင်းကေရာဇ်ဖြစ်တော်မူလေသည်။ မင်းကြီးသည် သံဝေဂရသော ကာလဝယ် တောထွက်၍ ရသေ့ဝတ်လျက် တရားတို့ကိုကျင့်လေရာ ဈာန်အဘိညာဉ်၊ တန်ခိုးဣဒ္ဓိပါဒ်တို့နှင့် ပြည့်စုံလေသည်။ ရသေ့သူမြတ်သည် မြတ်စွာဘုရားအား မန္ဒာရဝနတ်ပန်း၊ ပင်လယ်ကသစ်ပန်း၊ ပဒုမ္မာကြာပန်းတို့ဖြင့် ဓိတာန်ကျက်၍ ပူဇော်လေရာ ဘုရားရှင်ထံမှ "ဤကမ္ဘာမှ ကိုးဆယ့်နှစ်ကမ္ဘာမြောက်၌ ဘုရားစင်စစ်ကေန်ဖြစ်လတ္တံ့"ဟူသော ဗျာဒိတ်စကားကို ခံယူရရှိခဲ့ပါသည်။

တိဿ မြတ်စွာဘုရားရှင်နောက် ပွင့်တော်မူသော ဘုရားရှင်မှာ "ဖုဿ" ဘွဲ့တော်ရှိသည့် မြတ်စွာဘုရား ဖြစ်သည်။ ထိုမြတ်စွာဘုရားလက်ထက်၌ အလောင်းတော်မှာ "ဝိဇိတာဝီ"အမည်ရှိသော မင်းဖြစ်လေသည်။ ဘုရားအလောင်း ဝိဇိတာဝီမင်းသည် ထီးနန်းစည်းစိမ်ကိုစွန့်ခွာလျက် ဘုရားရှင်၏ သာသနာတော်အတွင်း ရဟန်းပြုပြီးနောက် သီလပါရမီကို အထူးပြုဆည်းပူးလေရာ "နောင်အခါ၌ ဘုရားစင်စစ်ဖြစ်လတ္တံ့"ဟူသော တစ်ဆယ့်ရှစ်ကြိမ်မြောက် ဗျာဒိတ်စကားကို ဖုဿမြတ်စွာဘုရားရှင်ထံမှ ခံယူရရှိခဲ့ပါသည်။

ဤကမ္ဘာမှ ပြန်ရေတွက်သော် ကိုးဆယ့်တစ်ကမ္ဘာထက်၌ "ဝိပဿီ" အမည်ရှိသော ဘုရားရှင်ပွင့်တော်မူသည်။ ထိုဘုရားရှင်လက်ထက်တွင် ဘုရားအလောင်းတော်မှာ "အတုလ" ဟု အမည်ရှိသော နဂါးမင်းကြီးဖြစ်သည်။ ရတနာခုနစ်ပါးတို့ဖြင့် စီခြယ်သည့် ရတနာပလ္လင်အား ဘုရားရှင်ကို လှူဒါန်းလေရာ ဘုရားရှင်သည် "ဤနဂါးမင်းကြီးကား ဤကမ္ဘာမှ ကိုးဆယ့်တစ်ကမ္ဘာမြောက်၌ လောကသုံးပါးဝယ် ဘုရားစင်စစ် ဖြစ်တော်မူလတ္တံ့"ဟူသော ဗျာဒိတ်စကားကို မိန့်ကြားတော်မူခဲ့ပါသည်။

ဝိပဿီမြတ်စွာဘုရား ပွင့်တော်မူပြီးနောက် ဤကမ္ဘာမှ ပြန်၍ရေတွက်သော် သုံးဆယ့်တစ်ကမ္ဘာထက်၌ ပွင့်တော်မူသော မြတ်စွာဘုရားမှာ "သိခီ" မြတ်စွာဘုရားဖြစ်၍ ထိုဘုရားရှင်လက်ထက်ဝယ် ကျွန်ုပ်တို့ကိုးကွယ်နေသော ဂေါတမဘုရားအလောင်းတော်မှာ "အရိန္ဒမ"မည်သော မင်းဖြစ်လေသည်။ မင်းကြီးသည် ကြီးစွာသော အလှူဒါနကို ပြုလုပ်ပြီးနောက် ရတနာခုနစ်ပါးတို့ဖြင့် တန်ဆာဆင်ထားသော ဆင်ရတနာကို ဘုရားရှင်အား လှူဒါန်းလေရာ ဘုရားရှင်က "ဤမင်းကြီးသည် ဤကမ္ဘာမှ သုံးဆယ့်တစ်ကမ္ဘာမြောက်၌ ဂေါတမဟူသော ဘွဲ့အမည်ဖြင့် ဘုရားစင်စစ်ဖြစ်လတ္တံ့"ဟူ၍ ဗျာဒိတ်ပေးတော်မူပါသည်။

ဝိပဿီ မြတ်စွာဘုရားရှင်နောက် ပွင့်တော်မူသော ဘုရားရှင်မှာ "ဝေဿဘူ" မြတ်စွာဘုရားဖြစ်ပါသည်။ ထိုဘုရားရှင်လက်ထက်၌ အလောင်းတော်မြတ်မှာ "သုဒဿန"အမည်ရှိသော မင်းဖြစ်လေသည်။ မင်းကြီးသည် မြတ်စွာဘုရားအမှူးထားသော သံဃာတော်အပေါင်းတို့အား ကြီးစွာသောအလှူကို ပေးလေသည်။ ထိုကဲ့သို့ ကြီးစွာသော အလှူကိုပေးပြီးနောက် ထီးနန်းကိုစွန့်ခွာ၍ တောထွက်ကာ ရဟန်း၏တရားအားထုတ်လေသည်။ ထိုသို့ တရားအားထုတ်နေရာမှာ ဘုရားရှင်ထံမှ "ဤရဟန်းကား ဤကမ္ဘာမှပြန်၍ ရေတွက်သော် သုံးဆယ့်တစ်ကမ္ဘာမြောက်၌ ဘုရားစင်စစ် ကေန်ဖြစ်လတ္တံ့"ဟူ၍ ဗျာဒိတ်စကားကို မိန့်ကြားတော်မူလေရာ ဂေါတမမြတ်စွာ ဘုရားအလောင်းတော်အတွက် အကြိမ်နှစ်ဆယ့်တစ်ကြိမ်မြောက် နိယတဗျာဒိတ်ပန်းကို



www.burmeseclassic.com

www.burmeseclassic.com

ခံယူဆင်မြန်းခွင့်ရခြင်းပင် ဖြစ်ပါသည်။

သုံးဆယ့်တစ်ဘုံ လွန်မြောက်ပြီး နောက် ယခုဘဒ္ဒကမ္ဘာ၌ ကကုသန္ဓ မြတ်စွာဘုရား၊ ကောဏာဂမနမြတ်စွာ ဘုရားနှင့် ကဿပမြတ်စွာဘုရားဟူ၍ ဘုရားသုံးဆူ ပွင့်ထွန်းတော်မူခဲ့ပြီး ဖြစ်လေရာ ဂေါတမ မြတ်ဗုဒ္ဓအလောင်း တော်သည် ထိုဘုရားရှင်သုံးဆူတို့ထံ တော် မှောက်၌လည်း ဗျာဒိတ်စကားကို ခံယူနာကြားခဲ့ရပါသည်။

ရှေးဦးစွာ နာကြားခဲ့ရသော မြတ်စွာဘုရားမှာ "ကကုသန္ဓ"ဘုရားရှင်ထံ တော်မှ ဖြစ်သည်။ ထိုကာလဝယ် အလောင်းတော်သူမြတ်မှာ "ခေမာ" အမည်ရှိသော မင်းဖြစ်လေသည်။ မင်း ကြီးသည် ဘုရားရှင်အား အမှူးထား လျက် သံဃာတော်အပေါင်းတို့အား သပိတ်၊ သင်္ကန်း စသော ရဟန်းတို့၏ အသုံးအဆောင်ပစ္စည်းတို့နှင့်တကွ ဆေး ဝါးပစ္စည်းတို့ကို လှူဒါန်း၍ ရဟန်းပြု လေရာ ဘုရားရှင်က "ဤရဟန်းသည် ဤကမ္ဘာတွင် ဘုရားစင်စစ် ဖြစ်ပေလိမ့် မည်"ဟူသော ဗျာဒိတ်စကားကို မိန့် ကြားတော်မူလေသည်။

ကကုသန္ဓဘုရားရှင်နောက် ဤ ဘဒ္ဒကမ္ဘာဝယ် ဒုတိယပွင့်တော်မူသော ဘုရားရှင်မှာ "ကောဏာဂမန"မြတ်စွာ ဘုရားဖြစ်သည်။ ထိုဘုရားရှင် ပွင့်တော် မူချိန်ဝယ် ဘုရားအလောင်းတော်မှာ "ပဗ္ဗတ"အမည်ရှိသော မင်းဖြစ်၍ အမတ်အပေါင်းခြံရံပြီးလျှင် ဘုရားရှင် ထံ၌ တရားနာယူပြီးနောက် ထီးနန်းကို စွန့်ခွာ၍ ရဟန်းပြုလေရာ "ဤရဟန်း သည် သတ္တဝါအများတို့၏ ကိုးကွယ် အားထားရာ အမှန်စင်စစ် ဘုရားဖြစ် လတ္တံ့"ဟူသော နှစ်ဆယ့်သုံးကြိမ် မြောက် ဗျာဒိတ်တော်စကားကို ခံယူနာ ကြားခဲ့ရပါသည်။

ဂေါတမမြတ်စွာ ဘုရားအလောင်း တော်အတွက် နောက်ဆုံးနိယတဗျာ ဒိတ်ပန်းကို ခံယူဆင်မြန်းခွင့်ရသော ဘုရားရှင်မှာ "ကဿပ"မြတ်စွာဘုရား ရှင် ကိုယ်တော်မြတ်ကြီးဖြစ်လေသည်။ ကဿပမြတ်စွာဘုရားရှင် ပွင့်တော်မူ သောအခါ အလောင်းတော်သူမြတ်မှာ "ဃဋိကာရအိုးထိန်းသည်"၏ မိတ်ဆွေ "ဇောတိပါလ"လုလင် ဖြစ်လေသည်။ တစ်နေ့သောအခါ ဇောတိပါလသည် မိတ်ဆွေဖြစ်သူ ဃဋိကာရ အိုးထိန်း သည်နှင့်အတူ မြတ်စွာဘုရားအား သွား ရောက်ဖူးမြော်ရာ ဘုရားရှင်ဟောကြား တော်မူသော တရားတော်ကို နာကြား ရပြီးနောက် သာသနာတော်အား သက် ဝင်ယုံကြည်သဖြင့် ရဟန်းပြုလိုက်လေ သည်။

ထိုသို့ ရဟန်းပြုပြီးနောက် သင် ကြားကျင့်ကြံအပ်သော တရားတို့ကို ဆောင်ရွက်တော်မူ၍ မြတ်စွာဘုရားရှင် ၏ သာသနာအား တင့်တယ်စေလေရာ မြတ်စွာဘုရားသည် "ဤရဟန်းကား ဤဘဒ္ဒကမ္ဘာ၌ပင် ဂေါတမနွယ်ဖွား ဘုရားစင်စစ် မုချဖြစ်လတ္တံ့"ဟူသော ဗျာဒိတ်စကားကို မိန့်ကြားတော်မူလေ သည်။

ဤသို့အားဖြင့် ကျွန်ုပ်တို့ ကိုး ကွယ်အားထား ပူဇော်ရာဖြစ်သော ဂေါတမမြတ်စွာဘုရားသည် မိမိကိုယ် ကျိုးကို မငဲ့ဘဲ သတ္တဝါအများတို့၏ အကျိုးကို ရှေးရှုလျက် သဗ္ဗညုတရွှေ ဉာဏ်တော်ကြီးကို ရရှိနိုင်ရေးအတွက် ဘုရားအလောင်းတို့ ဖြည့်ကျင့်အပ် သော ဒါန၊ သီလ၊ နိက္ခမ၊ ပညာ၊ ဝီရိယ၊ ခန္တီ၊ သစ္စာ၊ အဓိဋ္ဌာန်၊ မေတ္တာ၊ ဥပေက္ခာ အစရှိသော ဆယ်ပါးသော ပါရမီတို့ကို ဖြည့်ကျင့်နေလျက်မှ ဒီပင်္ကရာအစ ကဿပမြတ်စွာဘုရားအဆုံး နှစ်ကျိပ် လေးဆူကုန်သော ဘုရားရှင်တို့ထံ မှောက်၌ ဘုရားစင်စစ် ကေန်ဖြစ်မည့် အကြောင်းကို ခညောင်းဝပ်စင်းလျက် ဗျာဒိတ်စကား ခံယူနာကြားခဲ့ရပေသည်။

ဖြည့်ဆည်းအပ်သော အကျင့် တရားနှင့် ပြည့်စုံပြီးနောက် ပါရမီထူး တို့ ပြည့်စုံရာကာလဝယ် ဗောဓိပင် ထက်၌ သဗ္ဗညုတရွှေဉာဏ်တော်ကြီး ကို လက်ဝယ်ပိုင်ပိုင် ရရှိပြီးလျှင် လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါအပေါင်းတို့အား တရားရေအေး တိုက်ကျွေးလျက် သံသ ရာဝဋ်ဆင်းရဲမှ လွတ်မြောက်စေရန် ကယ်တင်တော်မူခဲ့သော ဘုရားရှင်၏ စေတနာနှင့် မေတ္တာတော်သည် ဘုရား ဆုကိုပန်ယူသောကာလ ထားရှိသော ရည်ရွယ်ချက်အား ပြည့်မြောက်စေ သည့် အကြောင်းဖြစ်၍ ဘုရားရှင်၏ သတ္တဝါတို့အပေါ်ထားသည့် မေတ္တာ တော်ကို လေးမြတ်ကော်ရော် ပူဇော် ကြပါစို့ဟူ၍ တိုက်တွန်းနှိုးဆော်လိုက် ရပါသည်။

■ ခရာ(ဇေတ)

ကျမ်းကိုး

၁။ အရှင်သံဝရဘိဝံသ၏ ဗုဒ္ဓနိုင်ငံတော် (ပထမတွဲ)
၂။ မင်းလုစ်မြင့်၏ စံမြင့်မှတ်စု။



www.burmeseclassic.com



# ကြီးပွားလိုက မိတ်ဆွေကောင်းကိုရှာ

**တင့်ထူး ( ဇေယျဝတီ )**

ယနေ့ခေတ်ကာလတွင် မိတ်ဆွေ၊ အဆွေဟူသော ဝေါဟာရမှာ မိတ္တဟူသောစကားမှ ဆင်းသက်လာခြင်းဖြစ်၍ တကယ်စစ်မှန်သော အချစ်စိတ်ဖြင့် ပေါင်းသင်းဆက်ဆံပြောဆိုသူဟု အဓိပ္ပာယ်ရလေသည်။

လောကတွင် မပေါင်းထိုက်သော မိတ်ဆွေ ခြောက်မျိုးရှိသည်။ ယင်းခြောက်မျိုးမှာ -

(၁) ဓုတ္တမိတ္တ = အလောင်းအစား၊ အကစားကြူးသူ။ (၂) သောဏ္ဍမိတ္တ = မိန်းမလိုက်စားကြူးသူ၊ အစားကြူးသူ။ (၃) ပိပါသမိတ္တ = သေသောက်ကြူးသူ။ (၄) နေကတိကမိတ္တ = လူလိမ်လူညာ။ (၅) ဝဉ္စနိကမိတ္တ = ကောက်ကျစ်စဉ်းလဲသော လူကောက်၊ လူညစ်။ (၆) သဲာဟသိကမိတ္တ = တားပြသူမိုး၊ လူဆိုး၊ လူသရမ်း။

တစ်ဖန် မိတ်ဆွေတုလေးမျိုးရှိသည်။ ထိုမိတ်ဆွေတုလေးမျိုးမှာ -

www.burmeseclassic.com

(၁) မိမိက ပေးကမ်းထောက်ပံ့မှုမရှိ၊ သူတစ်ပါး၏ထံမှသာ ယူဆောင်တတ်သော မိတ်ဆွေတု။ (၂) ပေးကမ်းမှု၌ လက်ကားမပါ၊ ပါးစပ်ပြောသာကောင်းသော မိတ်ဆွေတု။ (၃) ရှေ့မျက်မှောက်၌သာ ချစ်ယောင်ပြု၍ နှုတ်ချိုမြှောက်ပင့် အလိုက်သင့်ပေါင်းသော မိတ်ဆွေတု။ (၄) ပျက်စီးကြောင်းဖြစ်သော အမှုကိစ္စတို့၌သာ အဖော်သဟဲညှိ၍ရသော မိတ်ဆွေတု။

ဆက်ဆံပေါင်းသင်းအပ်သော မိတ်ဆွေစစ်လေးယောက်ရှိ၏။ ယင်းလေးမျိုးမှာ -

(၁) မိမိအား အထွေထွေကိစ္စတို့၌ ကျေးဇူးပြုသော အဆွေခင်ပွန်း။ (၂) ချမ်းသာအတူ၊ ဆင်းရဲအတူ၊ ချမ်းသာဖော် ဆင်းရဲဖက်ဖြစ်သော အဆွေခင်ပွန်း။ (၃) မကောင်းမြစ်တားကောင်းရာညွှန်ကြားပေးသော အဆွေခင်ပွန်း။ (၄) အခါခပ်သိမ်း မိမိကို ရင်ဝယ်သားသကဲ့သို့ သနားညှာတာခြင်းရှိသော အဆွေခင်ပွန်း။

ထို့အပြင် လောကတွင် လူသားတိုင်း ထာဝရဦးထိပ်ပန်ဆင်ထားရမည့် မိတ်ဆွေကောင်း ၁၀ ဦးရှိလေသည်။ ခင်ပွန်းကြီး ၁၀ ပါးဟူ၍လည်း ခေါ်ဆိုပါသည်။ ထို ၁၀ ဦးတို့မှာ -

(၁) မြတ်စွာဘုရား။ (၂) ပစ္စေကဗုဒ္ဓါ၊ (၃) ရဟန္တာ၊ (၄) အဂ္ဂသာဝက၊ (၅) မိခင်၊ (၆) ဖခင်၊ (၇) အသက်၊ ပညာ၊ သိက္ခာအရ အလေးအမြတ်ပြုအပ်သူ၊ ရဟန်းသံဃာ၊ (၈) သင်ကြားပြသဖူးသော ဆရာ၊ (၉) တရားဟော ပြောဆိုဆုံးမခဲ့ဖူးသူ၊ (၁၀) တစ်စုံတစ်ရာ ပေးကမ်းလှူဒါန်းဖူးသူတို့ဖြစ်လေသည်။

လူတို့သည် တစ်ဦးနှင့်တစ်ဦး ပေါင်းသင်းဆက်ဆံ ပြောဆိုကြရာတွင် မိတ်ကောင်းဆွေကောင်းကို ပေါင်းသင်းတတ်ရန် အထူးလိုအပ်ပေသည်။ စိတ်ဓာတ်ကျချင်သလောက် ကျနေပါစေ၊ ကိုယ်လက်အင်္ဂါ ပျက်စီးလျှင်လည်း ပျက်စီးသွားပါစေ၊ ဥစ္စာဓနနိမ့်ကျလျှင် လည်း နိမ့်ကျသွားပါစေ မိတ်ဆွေကောင်းတစ်ဦးကို မိတ်ဆွေအဖြစ်မှ ယုတ်လျော့ပျက်စီးမသွားအောင် ထိန်းသိမ်းထားဖို့က အရေးကြီးသည်။ စိတ်ဓာတ်တွေ တက်ကြွနေ၊ ကိုယ်လက်အင်္ဂါတွေပြည့်စုံနေ၊ ဥစ္စာဓနတွေတိုးတက်နေပြီး မိတ်ဆွေကောင်းတစ်ဦးတလေမှ မရှိခဲ့လျှင်မူ ကြီးပွားတိုးတက်သည်ဟု မဆိုနိုင်ပါ။ ထို့ကြောင့် မိတ်ဆွေကောင်း၊ မိတ်ဆွေစစ်ကို ပေါင်းဖော်ကာ ကုသိုလ်တရားများ ပြုစုအားထုတ်ကြရမည်သာ ဖြစ်ပါသည်။

မိတ်ဆွေကောင်း မိတ်ဆွေစစ်ကို ပေါင်းဖော်မိ၍ အသက်ချမ်းသာမှုရကာ တိုးတက်ကြီးပွားခဲ့ရသည့် သာဓကတစ်ခုကို ထုတ်နုတ်တင်ပြလိုက်ပါသည်။

လွန်လေပြီးသောအချိန်က အိန္ဒိယနိုင်ငံကြီး၌ ရာသီဥတုမမှန်မတ အလွန်တရာပူပြင်းလှသော အပူကပ်ဆိုက်ရောက်ခဲ့၏။ ရေတွင်း၊ ရေကန်၊ ချောင်းငယ်မြောင်းငယ်၊ ရေတံခွန်၊ တောင်ကျချောင်းများပါ ခန်းခြောက်ကုန်သဖြင့် လူတို့ သောက်စရာရေ ရှားပါးကုန်၏။ လိပ်၊ ငါး စသော ရေသတ္တဝါများ မှီခိုရာ ရေကင်းမဲ့သဖြင့် သေကျေပျက်စီးကြကုန်၏။ သစ်ပင်များ ညှိုးနွမ်းခြောက်သွေ့ ပျက်စီးကြ၍ သားငှက်များလည်း တံလျှပ်ကို ရေထင်၍ ရှာဖွေကြရင်း သေကျေပျက်စီးခဲ့ကြပြီး ဗမ္ဗူဒိပ်တစ်ကျွန်းလုံး သက်ရှိသတ္တဝါမှန်သမျှ ရေကိုသာ အလုအယက် ရှာဖွေနေခဲ့ကြလေသည်။

ထိုအခါ မြွေနဂါးတစ်ကောင်သည် အတောင်ခြောက်ဆယ်ခန့်နက်သော တွင်းကြီးတစ်တွင်းမှ ရေ၏အနံ့ရသဖြင့် ထိုတွင်းထဲဆင်း၍ ရေရှာလေရာ အားအင်မပြည့်စုံသဖြင့် တွင်းပေါ်ပြန်မတက်နိုင်ခဲ့ချေ။ ထို့အတူ ကျေးသားတစ်ကောင်နှင့် လူတစ်ယောက်တို့လည်း တွင်းထဲဆင်းကာ ရေရှာခဲ့ကြ၍ တွင်းကြီးထဲမှာပင် နေခဲ့ကြရတော့သည်။

ထိုအချိန်တွင် ဗာရာဏသီပြည်သားတစ်ယောက်သည် ရေရှာထွက်ရင်း တွင်းထဲကျနေသော ထိုသတ္တဝါသုံးဦးကို တွေ့လျှင် သနားသည့်အတွက် ခြင်းတောင်းကြီးတစ်လုံးကို နွယ်ဖြင့်ချည်ကာ တွင်းထဲချပေးပြီး ဆွဲတင်၍ အသက်ကယ်ခဲ့၏။ လူ၊ ငှက်၊ နဂါးသုံးဦးသည် မိမိတို့အသက်ကို ကယ်တင်ခဲ့သူ ကျေးဇူးရှင်ကို ကျေးဇူးတင်စကားပြောကြ၍ မိမိတို့နေထိုင်ရာဒေသအသီးသီးကိုညွှန်ပြပြီး အကူအညီလိုအပ်ပါက မိမိတို့ထံလာခဲ့ရန် ဖိတ်ခေါ်ခဲ့ကြ၏။

တစ်နေ့သော် သတ္တဝါသုံးဦးအသက်ကို ကယ်ခဲ့သော ဗာရာဏသီပြည်သားသည် အကူအညီတောင်းရန် အရေးကိစ္စပေါ်လာ၍ ဗာရာဏသီမြို့၏တောင်ဘက် ပညောင်ပင်ကြီးအရင်း၌ရပ်၍ အဆွေကျေးသားဟု အသံပြုလိုက်၏။ ထိုအခါ ကျေးသားက လာခဲ့ရသည့်အကြောင်းကိုမေးရာ အဆွေကျေးသား ငါ့မှာအသက်မွေးဖို့ခက်ခဲနေပါတယ်။ ငါ့ရဲ့သားမယားတွေကို ဗာရာဏသီမြို့ထဲက မိတ်ဆွေတစ်ဦးထံထားခဲ့ပြီး သင့်ကို အားကိုးရအောင် လာခဲ့ကြောင်း ပြောလေ၏။

ကျေးသားက သင်ဟာ ငါ့ရဲ့အသက်ကယ်ခဲ့တဲ့ ကျေးဇူးရှင်ပဲ။ သင့်ရဲ့အရေးကို အလေးထားပြီး ကူညီရမှာပေါ့ဟု ပြောပြီး



www.burmeseclassic.com

www.burmeseclassic.com

ကောင်းကင်သို့ ပျံတက်သွားရာ ဘုရင့်ဥယျာဉ်တော်အတွင်း ရောက်သွားခဲ့၏။ ဗာရာဏသီမင်းသည် မင်္ဂလာရေကန်တော်ကြီး၌ ရေဆင်းချိုးနေလေရာ မင်းကြီးချွတ်ထားသော အဝတ်တန်ဆာတို့မှ ပုလဲသွယ်ကိုတွေ့၍ ကိုက်ချီပြီး ကျေးဇူးရှင်ယောက်ျားအား သတိနှင့်သုံးရန်မှာ၍ ပေးလိုက်လေသည်။

ကျေးဇူးရှင်ယောက်ျားလည်း ပုလဲသွယ်ကိုယူ၍ မြို့တွင်းဝင်သော် စိတ်ချရသောနေရာ၌ သိမ်းထားလို၍ အသက်ကယ်ခဲ့ဖူးသော ဗာရာဏသီပြည်သားထံ ခေတ္တအပ်နှံထားခဲ့လေသည်။ မင်းကြီးရေချိုးပြီး၍ အဝတ်တန်ဆာများဝတ်သောအခါ ပုလဲသွယ်မတွေ့၍ မင်းမှုထမ်းတို့ကို ရှာဖွေစေသည်။ မတွေ့လျှင် ပုလဲသွယ်တွေ့သူကို ဆုကြီးလာဘ်ကြီးပေးမည်ဟု မြို့တွင်း၌ ကြေညာစေခဲ့ရာ ခေတ္တသိမ်းထားသော ဗာရာဏသီသား ကြားသိလျှင် ကျေးဇူးတရားကိုမငဲ့၊ လာဘ်လာဘမျှော်ကိုးကာ မင်းမှုထမ်းတို့ထံ ပုလဲသွယ်အပ်နှံလိုက်ပြီး မိမိ၏ကျေးဇူးရှင်ကိုပင် ပုလဲသွယ်သူခိုးဟု သတင်းပေးလိုက်လေသည်။

မင်းချင်းတို့သည် ထိုယောက်ျားကိုချုပ်နှောင်ပြီး ခေါ်သွားရာ မြို့တော်တံခါးမှအထွက် နဂါးနေရာ တောင်ပို့အနီးသို့ ရောက်ခဲ့၍ နဂါးထံမှ အကူအညီရရန် အသံပြုလိုက်၏။ နဂါးလည်း မိမိကျေးဇူးရှင်ကို ဖမ်းခေါ်သွားသည်ကိုတွေ့လျှင် ချက်ချင်းပင် လုလင်ပျိုအသွင်ဖန်ဆင်း၍ မင်းချင်းယောက်ျားတို့အား ဤယောက်ျားကို ချက်ချင်းမသတ်ရန် ခေတ္တဆိုင်းပေးရန် ဆိုခဲ့၏။ ပြီးလျှင် မြွေနဂါးအသွင်ပြန်ယူပြီး နန်းတွင်းဝင်ကာ မိဖုရားကြီးကို ကိုက်ခဲပြီး မြွေဆိပ်တက် မြောနေစဉ်မှာပင် လူအသွင်ယူပြန်၍ ယခု အဖမ်းခံထားသူဟာ မြွေဆိပ်ကိုဖြေနိုင်ကြောင်း မင်းချင်းတို့ကို ပြောကြား၏။

ပြီးနောက် မိမိကျေးဇူးရှင်ထံသွားပြီး ကျွန်ုပ် ဒီလိုစီမံထားတယ်။ မိဖုရားကြီးကိုကုသဖို့ သင့်ကိုလာခေါ်လျှင် လိုက်သွားပြီး ရေတစ်ခွက်ဖြင့် ဖျန်းလိုက်ပါ။ မိဖုရားကြီး ကောင်းသွားလိမ့်မည်ဟု မှာကြားလိုက်၏။ ထိုယောက်ျားလည်း နဂါးမှာသည့်အတိုင်း ဆောင်ရွက်လေရာ မိဖုရားကြီး အသက်ချမ်းသာရခဲ့သဖြင့် ထိုယောက်ျားကို အပြစ်မှလွှတ်စေပြီး ဆုလာဘ်ကို ပေးသနားလေသည်။ ထိုယောက်ျားသည် မိမိ၏ဖြစ်ကြောင်းကုန်စင်ကို မင်းကြီးအား ပြန်လည်လျှောက်ထားခဲ့လေသည်။

"အရှင်မင်းကြီး သူတော်ကောင်းကို အဟိတ်တိရစ္ဆာန်မျှဖြစ်သည်ဟုဆိုပြီး မထီမဲ့မြင်မပြုအပ်ပါ။ ကျေးသားသည်လည်းကောင်း၊ နဂါးမင်းသည်လည်းကောင်း မိတ်ဆွေကောင်းအရာ၌ ထားထိုက်သူများဖြစ်ကြသည်။ သို့သော်လည်း အကြောင်းအကျိုး ခွဲခြားသိမြင်ပြီး ကျွန်ုပ်တို့နှင့် အဆင့်အတန်းတူသော ထိုလူယောက်ျား ဗာရာဏသီသားသည်ကား ကောက်ကျစ်ယုတ်မာ၍ မိမိကျေးဇူးရှင်ကိုပင် ကျေးစွပ်ခဲ့လေသည်။ အချို့သောလူတို့သည် မိတ်ဆွေမဖြစ်ထိုက်ပါ။ တိရစ္ဆာန်တို့သည်ကား ကောက်ကျစ်မှုမရှိသည်ဖြစ်၍ မိတ်ဆွေဖြစ်ထိုက်ပါ၏"

မင်းကြီးသည် ထိုအမျိုးသား၏စကားကိုကြားလျှင် ကြည်ညိုစိတ်ဖြစ်ပေါ်လာပြီး မင်းမှုထမ်းတို့အား ဒီယောကျ်ားကို အိမ်ကြီးတစ်လုံးဆောက်ပေးလိုက်ကြ။ လက်ဆောင်ပဏ္ဏာတွေလည်း ထပ်ပြီးပေးလိုက်ကြဟု ဆိုလိုက်၏။ ထိုအမျိုးသားသည် မိမိနေသောအိမ်ကို ကျေးသားနေသော ပညောင်ပင်နှင့် နဂါးမင်းနေသော တောင်ပို့တို့အကြား၌ ဆောက်လုပ်စေခဲ့၏။ ထိုအခါမှစ၍ နဂါးမင်း၊ ကျေးသားနှင့် ထိုအမျိုးသားတို့သည် မိတ်ဆွေသုံးဦးအဖြစ် ချစ်ကြည်စွာ အတူတကွ သက်ဆုံးတိုင် နေထိုင်သွားခဲ့ကြလေသည်။

အထက်ပါ ကျေးဇူးသိတတ်သော ကျေးသားနှင့် နဂါးမင်းတို့၏ ပုံဝတ္ထုကို အကြောင်းပြု၍ ကျေးဇူးမသိတတ်သော မသူတော်နှင့် ဆက်ဆံရခြင်းသည် ဆင်းရဲရ၏။ ချိုမြိန်သော ပျားရည်၊ သကာရည်ကို ချိုစိမ့်သောတာ လောင်းပေးသော်လည်း တမာပင်သည် ချိုမလာနိုင်သကဲ့သို့ သနားကရုဏာစိတ်ဖြင့် နို့ရည်တိုက်ကျွေး မွေးမြူခဲ့သော မြွေပွေး၊ မြွေဟောက်တို့သည် အဆိပ်ကို တိုးပွားစေသကဲ့သို့ သူယုတ်တို့ကို ပေါင်းသင်းဆက်ဆံကျွေးမွေးခြင်းသည်လည်း ယုတ်မာမှုကိုသာ တိုးပွားစေခဲ့၏။ မိမိမွေးသောမီးသည် မိမိကို လောင်မြိုက်တတ်သကဲ့သို့ သူယုတ်သည်လည်း ကျေးဇူးရှင်ကို ပြန်၍လောင်မြိုက်သည်သာဖြစ်၏။

ထို့ကြောင့် ပညာဖြင့် စူးစမ်းဆင်ခြင်ပြီး အဆွေခင်ပွန်းကောင်းကို ရှာရာ၏။ မိတ်ဆွေကောင်းမရှိလျှင် ချမ်းသာကို မရနိုင်ဟု ပညာရှိတို့ ဆိုခဲ့ကြ၏။ မိမိ၏မိတ်ဆွေကောင်းကို ယုတ်လျော့ပျက်စီးမသွားရအောင် ထိန်းသိမ်းထားနိုင်ဖို့မှာ လွန်စွာပင် အရေးကြီးလှပေတော့သည်။

**တင့်ထူး(ဝေယျဝတီ)**

**မှီငြမ်း**

ဥပုသ်သည်တို့ ဖတ်ဖွယ်ပုံဝတ္ထုလေး (ဦးအောင်မွန်-မြတ်ဆုမွန်)မှ တိရစ္ဆာန်လောကမှ ကျေးဇူးမသိတတ်သူ အကြောင်းကို မှီး၍ရေးသားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



# လောဘသားကောင်

■ ငွေဦး(Eyu)

Globalization ဖြစ်နေသော ကမ္ဘာကြီးတွင် မြင်မြင်သမျှသော ရုပ်ဝတ္ထုပစ္စည်းမှန်သမျှသည် စွဲမက်ဖွယ်ရာ၊ လိုချင်စရာ၊ ရယူချင်သောစိတ်ဆန္ဒကို ဖြစ်စေပြီး တီထွင်ဖန်တီးသူများ၏ ဉာဏ်စွမ်းပကားမှာလည်း အလွန်ချီးကျူးအံ့ဩဖွယ်ကောင်းလှပါသည်။

တိုက်တာ အဆောက်အအုံ ဆောက်လုပ်ပြင်ဆင် မွမ်းမံမှုက အားကျမက်မောစရာ၊ အဝတ်အစား၊ အစားအသောက်၊ လူ့အသုံးအဆောင်ယာဉ်၊ ရေချိုးခန်းသုံးပစ္စည်း၊ မီးဖိုချောင်သုံး၊ ဧည့်ခန်း၊ ဘုရားခန်း၊ အိပ်ခန်း၊ အသုံးအဆောင်များ၊ အလှပြင်ပစ္စည်း၊ အဝတ်အစား၊ ဖိနပ်ပစ္စည်း အားလုံးသော ရုပ်ဝတ္ထုပစ္စည်းတို့သည် လှပသောအဆင်းသဏ္ဌာန်၊ ထုပ်ပိုးပြင်ဆင်ထားရှိမှုတို့ကြောင့် လူတို့သည် လိုချင်လာသည်။ လိုချင်လာမှုမှ စွဲလမ်းမှုဖြစ်ပေါ်လာသည်။ စွဲလမ်းရာမှ လက်ဝယ်ပိုင်ဆိုင်ချင်လာသည်။ ပိုင်ဆိုင်ရအောင် အားထုတ်လာပါသည်။

လိုချင်လာပါသည်။ လိုချင်မှုသဘောသည် လောဘဖြစ်သည်။ လိုချင်ရာတွင် ကာမဂုဏ်ဆိုင်ရာ လိုချင်မှုမျိုးကိုသာ လောဘဟုခေါ်ပါသည်။ နိဗ္ဗာန်ကိုလိုချင်မှု၊ တရားကိုလိုချင်မှု၊



www.burmeseclassic.com

www.burmeseclassic.com

စာပေတတ်ချင်မှု ဆင်းရဲသူများကို ပေးကမ်းရန်အတွက် ပစ္စည်းဥစ္စာလိုချင်မှု စသည်တို့သည် ကောင်းသောအရာ၌ လိုချင်မှုမျိုးဖြစ်၍ လောဘမဟုတ်။ ဆန္ဒသဘောသာ ဖြစ်ပါသည်။

လောဘကို "ပေမ"၊ "တဏှာ"၊ "ရာဂ"၊ "သမုဒယ"ဟူ၍ အမျိုးမျိုး အမည်တပ်လို့ သုံးနှုန်းကြပါသည်။ "ပေမ"ကို "ချစ်ခင်ခြင်း"ဟုလည်း ခေါ်ပါသည်။ "သံယောဇဉ်" စကားသည် "ကြိုး"ဟု အဓိပ္ပာယ်ရပြီး "ကြိုး"ဖြင့် ချည်နှောင်ထားသကဲ့သို့ တစ်ယောက်နှင့်တစ်ယောက်ကို မခွဲနိုင် မခွာရက်အောင် ချည်နှောင်ခြင်းဟု ဆိုပါသည်။

အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့ငါးပါးကို ကာမဂုဏ်ငါးပါးဟု ခေါ်ပါသည်။ (ကာမ-လိုလားအပ်သော+ဂုဏ-အနှောင်အဖွဲ့)ထမင်းဆာ ရေငတ်သကဲ့သို့ ထိုကာမဂုဏ်အာရုံငါးပါးကို သာမန်လိုချင်ရုံမကဘဲ ကတ်ကတ်သတ်သတ်တော်ခြင်းကို "တဏှာ"ဟု ခေါ်ပြန်ပါသည်။ တဏှာသည် တပ်မက်ခြင်းဟု အဓိပ္ပာယ်ရပါသည်။ ထိုကာမဂုဏ်အာရုံငါးပါးတို့တွင် အတွေ့အာရုံ (မေထုန်မှု)ကို အလွန်လိုလားရာ၌ "ရာဂ"ဟု ခေါ်ပြန်ပါသည်။ "ရာဂ"သည် "ကပ်ငြိခြင်း၊ စွဲလမ်းခြင်း"ဟု အဓိပ္ပာယ်ရပါသည်။

သစ္စာတရား လေးပါးတွင် လောဘကို "သမုဒယ"ဟု သုံးနှုန်းပါသည်။ "သမုဒယ"သည် ဒုက္ခဖြစ်ကြောင်း ဒုက္ခလောင်းဟု အဓိပ္ပာယ်ရပါသည်။ ယခုလူအများ တွေ့နေကျဖြစ်သော ဒုက္ခကြီးငယ်သည် တဏှာ၊ လောဘ၊ သမုဒယကြောင့်ဖြစ်၍ "လောဘကြီးလျှင် ဒုက္ခကြီး၍ လောဘငယ်လျှင် ဒုက္ခငယ်၏။ လောဘမရှိလျှင် ဒုက္ခမရှိတော့ပြီ"ဟု ဆိုထားပါသည်။

တဏှာ၊ ပေမ၊ သမုဒယ၊ သံယောဇဉ်ဟုခေါ်သော လောဘသည် တရားဖြင့်မထိန်းနိုင်ဘဲ သူ့အလိုဆန္ဒအတိုင်းသာ ဦးစားပေးလိုက်ပါက မည်သည့်အခါမှ နောက်ဆုတ်မည်မဟုတ်ပါ။ နွားကလေး၏ ပေါက်ခါစဦးချိုသည် ကြီးလေရှည်လေဖြစ်သကဲ့သို့ ပဋိသန္ဓေကပင် မျိုးစေ့ပါလာခဲ့သော "တဏှာလောဘ"သည်လည်း အရွယ်ကြီးလေ လောဘကြီးလေ ဖြစ်ပါသည်။ ထိုလောဘကို မတားဆီးနိုင်သူ ဇရာအိုကြီးတို့အတွက် "သျှောင်ကြီးလျှင်ဝိုက်၊ လူကြီးလျှင်မိုက်"ဟု ပြောစမှတ်ပြုကြပါသည်။

လူကြီးများ မိုက်လာသောအခါ လူ့ဘောင်လောကမှ မကောင်းမှုများ မပြုလုပ်ရန် ချမှတ်ခဲ့သည့် လူမှုရေးဥပဒေများ၊ ကိုယ်ကျင့်တရားစံနှုန်းများ၊ စည်းကမ်းများ၏ ထိန်းကွပ်ချုပ်ကိုင်မှုကို ကျင်လည်စွာရှောင်တိမ်း၍ အခြားသတ္တဝါတို့ လိုက်၍မမီနိုင်လောက်သော ကောက်ကျစ်စဉ်းလဲမှုများ၊ လူလည်လုပ်ခြင်းများ၊ မိုက်မဲခြင်းများကို ပြနေတတ်လာပါသည်။ လောဘကြောင့် မိုက်မဲလာသောအခါ မကောင်းမှုကို ကျူးလွန်ရန် စိတ်ဆန္ဒက လှုံ့ဆော်လာပါသည်။ ထိုလှုံ့ဆော်မှုသည် အခွင့်အရေးနှင့် အချိန်အခါပေးမှုကို ရပိုင်ခွင့်ဟုထင်လာပြီး ဒီရပိုင်ခွင့်ကို လက်လွှတ်ဆုံးရှုံးမှု မခံတော့ဘဲ အပိုင်ရယူခံစားပါတော့သည်။ ထိုစိတ်ဆန္ဒ(ဝါ) တဏှာသည် အသိဉာဏ် ဆင်ခြင်ဉာဏ်ကို လုံးဝဂရုစိုက်ခြင်းမရှိဘဲ ထင်သလို လွှမ်းမိုးကြီးစိုးလျက်ရှိပါသည်။ ဤသို့ တဏှာက လွှမ်းမိုးကြီးစိုးနေသောကြောင့် လူတို့သည် ဆင်းရဲဒုက္ခရောက်ကြရခြင်း ဖြစ်ပါသည်။ တဏှာလောဘကြောင့် လူသည် တစ်စုံတစ်ခုကို အစဉ်တောင့်တလျက် ရှိပါသည်။ တောင့်တသည့်အရာကို မရသည့်အခါ လူသည် ဆင်းရဲဒုက္ခဖြစ်ရပြန်ပါသည်။ တောင့်တသည့်အရာကို ရပြန်သည့်အခါ၌လည်း ကျေနပ်မနေနိုင်ဘဲ နောက်ထပ် အသစ်အသစ်တို့ကို တောင့်တပြန်ပါသည်။ တဏှာလောဘကြောင့် လူသည် မည်သည့်အခါမှ အလိုမပြည့်နိုင်ဖြစ်လျက် ရှိပါသည်။

ယခုဘဝတွင်လည်း အရှက်ရ နောင်ဘဝတွင်လည်း ငရဲကျမည့် ထိုတဏှာ၊ လောဘတို့ ဗုဒ္ဓမြတ်စွာ၏ မမြဲသောသဘော၊ ဆင်းရဲသောသဘော တရားဓမ္မတို့ သဘောပေါက်နားလည် ကျင့်ကြံမှုသာ တဏှာလောဘနွံထဲမှ ရုန်းထွက်နိုင်မည် ဖြစ်ပါတော့သည်။

**နွေဦး(Eyu)**

**ရည်ညွှန်း**

- အရှင်ဇနကာဘိဝံသ "ကိုယ်ကျင့်အဘိဓမ္မာ"။
- နန္ဒာသိန်းဇံ "အတွေးအခေါ်တို့တွင် လွင့်မျောခြင်းနှင့် လူ၏တည်ဆောက်ရာ"။



www.burmeseclassic.com

www.burmeseclassic.com

# နယူးယောက်မှစာ ၅

မောင်ကောင်းမြင့်

တစ်နေ့သ်ားမှာ ဆရာမောင်စွမ်းရည်တို့အိမ်သို့ ရောက်သွားပါတယ်။ ပါလာတဲ့ စာအုပ်များ လက်ဆောင်ပေးရင်းပါ။ ဆရာကလည်း သူရထားတဲ့ စာအုပ်တွေကိုပြပြီး "ဖတ်ပြီးပြီလား။ ဖတ်ချင်ရင်ယူသွား"လို့ ဟားပါတယ်။ သည်မှာက စာအုပ်က တန်ဖိုးရှိတယ်။ ရန်ကုန်ပြည်သူအများစုက စားရေး၊ သောက်စရာနှင့် အခြားလက်ဆောင်ခတွ အများအပြား ပါလာတတ်ပေမယ့် စာအုပ်က ဝါသနာပါသူအချို့လောက်သာ သုံးလေးငါးအုပ် သယ်လာတတ်တာ။ မိမိရန်ကုန်မှာ ရှိတုန်းက နယူးယောက်မှ ခေတ္တလာတဲ့ မိတ်ဆွေတစ်ယောက် (အလွန်ရင်းနှီးတဲ့သူပါပဲ)ကို မောင်စွမ်းရည်အတွက် စာအုပ်သုံးလေးအုပ် လက်ဆောင်ပါးလိုက်တယ်။ "လေးလို့တဲ့" သူ အိမ်မှာထားခဲ့တယ်။ အခြားပစ္စည်းတွေကိုပဲ (သယ်ခ တစ်ပေါင်လျှင် ခြောက်ဒေါ်လာနှုန်းရတာဆိုတော့ လက်ဆောင်စာအုပ်က သုံးပေါင်လေးခဲ့လျှင် ၁၈ ဒေါ်လာနစ်နာသွားမယ်လို့ တွက်ပုံရတယ်။) စာအုပ်သယ်လျှင် သိပ်ခင်မင်နေတာရယ်၊ စီးပွားရေးပစ္စည်း မဟုတ်တာရယ်ကြောင့် သယ်ခ (ဝန်ဆောင်ကြေး) တောင်းဖို့ခက်ပုံရတယ်။ ဒါကြောင့် တချို့တွေက ပုံမှန်ဈေး သယ်ခ ၆ ဒေါ်လာ၊ ၇ ဒေါ်လာနှုန်းယူပြီး "စီးပွားဖြစ် ရန်ကုန်၊ နယူးယောက် ကုန်ကူးကြတာပေါ့"လို့ ဆိုပါတယ်။ ထားပါတော့။

ဒါနှင့် စကားတွေပြောကြရင်း "သည်နှစ်သင်္ကြန်ပွဲ ခင်ဗျားလွတ်သွားတယ်။ မေရီလန်းပြည်နယ်က ကိုယဉ်ထွေး တို့အဖွဲ့လာပြီး သင်္ကြန်ပွဲမှာ အဆိုအကနဲ့ သံချပ်တွေထိုးကြတာ သိပ်ကောင်းတာပဲဗျာ"လို့ ဆရာစွမ်းက ပြောရင်းနှင့် သူသိမ်းထားတဲ့ သံချပ်စာရွက်တွေကို ပြပါတယ်။

၂၀၁၄ တုန်းက မိမိ နယူးယောက်မြို့ သင်္ကြန်ပွဲမှာ ရှိခဲ့တယ်။ အဆိုအကတွေပဲပါပြီး သံချပ်မပါဘူး။ နယူးယောက်က သင်္ကြန်ပွဲအကြောင်း ရေးခဲ့ပြီးပါပြီ။

"ကျွန်တော်တို့ ရန်ကုန်မှာတော့ သံချပ်တွေကို ကြိုတင်စိစစ်ဖို့ လုပ်တာ ကြောင့် အချို့လည်း မထိုးကြတော့ဘူး။ အချို့တော့ ဖြစ်ခါမှဖြစ်ဆိုပြီး ထိုးကြတယ်လို့ ကြားရတယ်" ဟုပြောရင်း သံချပ်အကြောင်း ရောက်သွားကြတယ်။

မိမိ ရန်ကုန်ရောက်စနှစ်များ ၁၉၆၅ မှ ၁၉၇၀ ဝန်းကျင်လောက်အထိဟာ ရန်ကုန်သင်္ကြန်မှာ သံချပ်တွေ နားထောင်ခဲ့ရတယ်။ သင်္ကြန်ကားတွေဟာ အဆိုအက၊ သံချပ်တွေနှင့် ညသန်းခေါင်လောက်အထိ ရပ်ကွက်အနှံ့ လိုက်လံကပြကြတယ်။ သံချပ်တွေဟာ တကယ်တော့ "ပြည်သူ့အသံ"နှင့် "ခေတ်ရဲ့ကြေးမုံ"ပဲဖြစ်တယ်။ ဒီတော့ အမှန်တရားကို ဖော်ပြနေတာပေါ့။ ဒါကြောင့် အာဏာပိုင်တွေဟာ သည်လို ကလိခွတာကို အခံရခက်တယ်။ အရေမထူတော့ "ငါ့ကိုပြောရပ့ါမလား"ဆိုပြီး ရှိတဲ့အာဏာဖြင့် ပိတ်ပင်ကြတာမို့ တဖြည်းဖြည်း သံချပ်ခေတ် ကုန်သွားတယ်။

မောင်စွမ်းရည် "သံချပ်ထိုးတဲ့သူအပြင် သံချပ်ရေးတဲ့ ကဗျာဆရာတွေ၊ သံချ င်းသားတွေကို တစ်ကြိမ်မှာ ကြိုပြီး ခေါ်ယူစစ်ဆေးကြတဲ့အထဲ ဆရာတင်မိုးတောင် ပါတယ်။ ကမာရွတ်ရဲစခန်းက ခေါ်တာဗျ"လို့ အစချီပြီး "ကျွန်တော် ပြည်ပရောက်တော့ အချို့နိုင်ငံတွေမှာရှိတဲ့ မြန်မာလူငယ်လေးတွေက သင်္ကြန်သံချပ်တွေကို စာအုပ်ကလေးတွေလုပ်ပြီး ပို့ထားကြတယ်။ ဓာတ်ပြားသွင်းကြတယ်။ ဒီဟာလေးတွေကို ကျွန်တော်သိမ်းထားတယ်"လို့ပြောပါတယ်။ သူကပဲဆက်ပြီး -

"နယူးယောက်က သင်္ကြန်ပွဲကို ယခု ၂၀၁၅၊ ဧပြီ ၁၂ ရက်မှာ IS.5 ဆိုတဲ့ကျောင်းမှာ လုပ်တယ်။ သည်ကျောင်းက နေရာပိုကျယ်တယ်။ လူလည်း ပိုပြီးများများလာကြတယ်။ ကိုယဉ်ထွေး၊ ကိုသားကြီးနှင့် ကိုထွန်းထွန်းတို့က ခေါင်းဆောင်ကြတယ်။ အဆိုအကတွေပါတော့ တစ်လှည့်စီပဲ။ လူကြီးတွေတောင် စင်ပေါ်တက်ကကြ၊ သံချပ်ထိုးကြနှင့် ပျော်ကြရတာပေါ့"

ဆရာစွမ်းပေးသော သံချပ်စာရွက်မှာ ကိုးမျက်နှာရှိပါတယ်။ ဖတ်ကြည့်လိုက်တော့ နိုင်ငံရေး၊ လူမှုရေး၊ ပညာရေး၊ စီးပွားရေး မျက်နှာစာအစုံပါပဲ။ စာအစမှာ ပြောခဲ့တဲ့ နယူးယောက်-ရန်ကုန် ပစ္စည်းသယ်တာတောင်ပါသေးတယ်။



www.burmeseclassic.com

www.burmeseclassic.com

"ဘယ်သူ့မှလည်း မပြောနဲ့ ကိုယ့်လူရာ။ ပစ္စည်းသယ် မယ် ဖဲစ်ပေါင် ၆ ကျပ်"

"ရန်ကုန်က စာဖတ်သူတွေဖတ်ရအောင် သံချပ်တွေ ကို ထည့်ရေးပေးလိုက်ဦးမှပဲ" လို့ မိမိကဆိုတော့ "ကျွန်တော် လည်း 'မိုးမခအွန်လိုင်း မီဒီယာ'ကိုပို့ထားတယ်။ ခင်ဗျား လည်း သတင်းစာမှာရေးတော့ ပိုဖတ်နိုင်ကြတာပေါ့" လို့ သူကပြောပါတယ်။

သံချပ်က အတော်ရှည်လျားပြီး ကဏ္ဍစုံပါတယ်။ အောက်မှာ ကောက်နုတ်ဖော်ပြလိုက်တာက နည်းနည်းစီပါ။ ဒါပေမယ့် မြန်မာနိုင်ငံရဲ့ ခေတ်သရုပ်ဖော်၊ ပြည်သူတို့ရဲ့ဘဝ နှင့် နိုင်ငံရေးဖြစ်စဉ်အားလုံးကို ခြုံမိနိုင်ပါလိမ့်မယ်။

"သမ္မတကြီး တစ်ယောက်ရယ် လကုန်၊ လကုန်တိုင်း TV မှ ပြောတယ်။ အခုတော့သိကာ ပညာယူ TV အကုန် လုံးပိတ်၍ နေလိုက်သူ" ဆိုတဲ့ သီချင်းနှင့် (ကျွန်တော့်မမ မှတ်မိသူ သီချင်းအလိုက်)စပြီး. . .

"လက်နက်မရှိတဲ့ ကျောင်းသားကို တုတ်နှင့်ရိုက်တာ အဲဒီအစိုးရ"

"ကျောင်းသားတစ်ယောက်ကို အယောက် ၂၀ က ရိုက်၊ တော်ပါတယ်ဗျာ ကျုပ်တို့အစိုးရ"

"မိဘပြည်သူများခင်ဗျား၊ စုံစမ်းရေးကော်မတီအဖွဲ့ ဖွဲ့လိုက်ပြီတဲ့"

"ခွေးနွေးဆုံးဖြတ်ထုတ်ပြန်တာ လွှတ်တော်အမတ် တွေ လစာတိုးဟေ့"

"လွှတ်တော်အမတ်တွေ အိပ်ငိုက်တာ Face book သုံးတာ ညကများလို့"

"အိပ်ငိုက်ပြီးမှ ထလို့အော် ထောက်ခံပါတယ်၊ လက် ခံပါတယ်"

## ငြိမ်းချမ်းရေးကဏ္ဍ

"နေပြည်တော်မှာ ငြိမ်းချမ်းရေး - လောက်ကိုင်မှာ တောင် ဖုံးကြဲသေး"

"တီဗွီထဲမှာ ပြုံးပြုံးကြီး - ရှမ်းပြည်နယ်မှာ တဗုန်း ဗုန်းတီး"

## ခရိုနီကဏ္ဍ

"ကိုကြီးတက်အောင် ချမ်းသာတယ် - လက်တစ်ဆုပ် စာ လူတစ်စုပါပဲ"

"ဒေါ်လာလက်ထဲ ပလူပျံ - တကယ်ချမ်းသာတာ ခရိုနီဟေ့"

"ခရိုနီအမတ်ကြီးက ပြောပါတယ် - နှစ်ထောင်ရှိရင် တစ်နေ့သုံးစမ်း"

## အတိုက်အခံကဏ္ဍ

"တို့ကျောင်းသားတွေ ဖမ်းကုန်ပြီဗျ - ငြိမ်နေပါတယ် နို့အတိုက်အခံဟေ့"

"ငြိမ်နေတာတော့ မဟုတ်ပါဘူးဗျာ - ပြန်ပြောမလို့ စကားရှာတုန်း"

"အမေရေ ပြောပေးပါ - ကျောင်းသားတွေကို လွှတ် စေချင်လို့"

## ပြည်ပမှာသွားသူတို့အကြောင်း

"တိုးလို့ရမလား သွားကြည့်တယ် - ရေမှာပိတ်တာ တစ်ပုံတစ်ခေါင်းကြီး"

"အမေစုလည်း သွားတွေ့တယ် - ခြံစည်းရိုးနား တောင် ကပ်မရဘူး"

"ရှစ်ပုံးရုံးလည်း ရောက်ခဲ့တယ် - အပေါ်ထပ်က ဆင်းတောင်မတွေ့ဘူး"

"ပရောဂျက်တင်တော့ သိန်း ၁၀၀ - အောက်မှာသုံး တာ ၅ သိန်း မပြည့်ဘူး"

"ပြောင်းတဲ့သူလည်း ပြောင်းကုန်ပြီဗျ၊ ညောင်းတဲ့သူ လည်း ညောင်းကုန်ပြီဗျ"

"ပြောင်းတဲ့သူတွေ လိုက်လို့ရှာ - သမ္မတအကြံပေး ဖြစ်နေပါလား"

"ကွဲပြနေတဲ့အတိုက်အခံ - ဒီလိုဖြစ်တာ အစဉ် အလာဟေ့"


နယူးယောက်က သင်္ကြန်တွင်း အဆိုအက၊ သံချပ် များနှင့် ပျော်ကြတာကို သိခဲ့ရပါတယ်။ ရန်ကုန်မှာတော့ သင်္ကြန်တွင်းပျော်ကြတာကို သတင်းစာတွေက ထိန်းထိန်း သိမ်းသိမ်း ဖော်ပြခဲ့ပုံရတယ်။ Face book တစ်ခုမှာတော့ သင်္ကြန်ပွဲတစ်ခုက "ကော့ကော်ကန်ကား" ပုံတွေ၊ ဗီဒီယိုတွေ တင်ထားတာကို တွေ့ရဆဲပါပဲ။ ဩော် . . . သင်္ကြန် သင်္ကြန်။

မောင်ကောင်းမြင့်



www.burmeseclassic.com

www.burmeseclassic.com



# ဂမ္ဘီရ မှတ်စုမှတ်ရာ

■ သုတေသီမြင့်ထွန်း

အကျွန်ုပ်သည် လွယ်အိတ်ကို လွယ်လျက် အဖော်မွန် ဝါးတောင်ဝှေးလက်ကိုင်တုတ်ကလေးကို အဖော်ပြုကာ တပည့်ဖြစ်သူ စောဘီလူးနှင့်အတူ မြန်မာနိုင်ငံ ကျေးလက်တောရွာများမှအစ တောအထပ်ထပ်၊ တောင်အသွယ်သွယ်သို့ ဂန္ဓာရီ ခရီးဆန့်၍ လှည့်လည်သွားလာရင်း အရပ်ဒေသအသီးသီးမှ လူအမျိုးမျိုးတို့နှင့် ကြုံတွေ့ခဲ့ရ၏။

ထိုအထဲတွင် ဇရာထောင်းလှပြီဖြစ်သော ဂမ္ဘီရပညာ လေ့လာလိုက်စားသော လူကြီးသူမတို့ အကြောင်းအရာတို့ကို အကျွန်ုပ်သည် ဂမ္ဘီရမှတ်စုပဒေသာစာအုပ်တွင် ရေးသားမှတ်တမ်းတင်ထားရှိခဲ့သည်။ ယင်းဂမ္ဘီရမှတ်စုပဒေသာစာအုပ်မှ အချို့ကို ကောက်နုတ်၍ ရေးသားတင်ပြပါအံ့။

## အာဘ်ရှင်သည့် ရှင်သီဝလိရုပ်တုတော်ထုလုပ်နည်း

ရှေးရှေးသော ဆရာ့ဆရာကြီးများက ရှင်သီဝလိရုပ်တုတော်ကို နံသင့်သစ်သားများဖြင့် ခုနစ်နေ့သားသမီးတို့အတွက် ဖော်ညွှန်းပြသထားခဲ့သည်။ ယင်းတို့မှာ···

(၁) တနင်္ဂနွေနေ့သားသမီးများအတွက် ကုက္ကို၊

(၂) တနင်္လာနေ့သားသမီးများအတွက် ညောင်၊

(၃) အင်္ဂါနေ့သားသမီးများအတွက် ချရား၊

(၄) ဗုဒ္ဓဟူးနေ့သားသမီးများအတွက် သပြေ၊

(၅) ကြာသပတေးနေ့သားသမီးများအတွက် ဖက်သန်း၊

(၆) သောကြာနေ့သားသမီးများအတွက် ဥန္နဲ၊

(၇) စနေနေ့သား သမီးများအတွက် မအူ

အသားတို့ ဖြစ်ကြသည်။ ထုလုပ်သည့်အခါ သပိတ်၊ သင်္ကန်း၊ ခါးပန်း၊ တောင်ဝှေး၊ ယပ် စသော ပရိက္ခရာရှစ်ပါးနှင့်တကွ ရုပ်တော်မူနေဟန်ကို ပီသစွာ ထုလုပ်ရ၏။ ယင်းသစ်သားများဖြင့် ထုလုပ်ကိုးကွယ်လျှင် နတ်ချစ်ပြီး စီးပွားတိုးတက်ကာ



www.burmeseclassic.com

www.burmeseclassic.com

လာဘ်ဘာဘများ အထူးပင် ရှင်လန်းမည်ဖြစ်၏။

* * *

## နတ်ချစ်နည်း

ထက်အောက်နတ်များက မိမိအား အငြိုးထားပြီး မကောင်းကျိုးအမျိုးမျိုးတို့ ပေးနေသော် မိမိနေအိမ်ရှိဘုရားတွင် "နာနတ်သီး"အလုံးလိုက်ကို ဆွမ်းတော်တင်ပြီး နတ်ဒေဝါ အပေါင်းတို့ကို တောင်းပန်၍ မေတ္တာပို့သဲသော် အငြိုးများ ပြေပျောက်ပြီး နတ်များချစ်ခင်တတ်၏။

* * *

## ခုနစ်နေ့သားသမီးတို့အတွက် ကုန်စွံရန်ဓာတ်ရိုက်ယတြာ

(၁) တနင်္ဂနွေနံ ကုန်မစွံသော် ဩဇာကိုင်းနှင့်ရိုက်၊ (၂) တနင်္လာနံကုန်မစွံသော် ကင်ပွန်းကိုင်နှင့်ရိုက်၊ (၃) အင်္ဂါနံ ကုန်မစွံသော် ဆီးကိုင်းနှင့်ရိုက်၊ (၄) ဗုဒ္ဓဟူးနံ ကုန်မစွံသော် ရှောက်ယိုကိုင်းနှင့်ရိုက်၊ (၅) ကြာသပတေးနံ ကုန်မစွံသော် မြင်းကိုင်းနှင့် ရိုက်၊ (၆) သောကြာနံ ကုန်မစွံသော် သရက်ကိုင်းနှင့် ရိုက်၊ (၇) စနေနံ ကုန်မစွံသော် ထနောင်းကိုင်းနှင့်ရိုက်

မှတ်ချက်။ ။ အထက်ဖော်ပြပါ ဓာတ်ရိုက်နည်းမှာ နံတူဓာတ်ဖြင့် ရိုက်သောနည်းဖြစ်သည်။ မရောင်းရသော ကုန်ပစ္စည်းများကို ထိုနည်းဖြင့် ပြုလုပ်ရိုက်ထုတ်လိုက်။ ရိုက်သောအခါ မိမိ၏ ဘယ်ဘက်လက်ဖြင့်ကိုင်၍ရိုက်လျှင် ရောင်းရလိမ့်မည်ဖြစ်ကြောင်း ကိုယ်တွေ့ဖြစ်၏။

* * *

## ခုနစ်နေ့သားသမီးတို့အတွက် ဂမ္ဘီရအစီအမံများ

ခုနစ်နေ့သားသမီးတိုင်းနှင့် သင့်မြတ်သော ဂမ္ဘီရအစီအမံများမှာ -

(၁) စီးပွားရေး၊ လူမှုရေး၊ အိမ်ထောင်ရေးပြဿနာများ ရှုပ်ထွေးနေပြီး မိမိသည် မည်သို့မျှ ရှင်း၍မရအောင် ကြုံတွေ့နေပါလျှင် ခေါက်ဆွဲကြော် (သို့မဟုတ်) ခေါက်ဆွဲသုပ် တစ်ပန်းကန်ကို ပန်းကန်ပေါ်တွင် တစ်ဖတ်မျှမကျန်ဘဲ ရှင်းသွားအောင် စားလိုက်ပါ။

(၂) လူမှုရေး၊ စီးပွားရေး၊ အလုပ်အကိုင်များနှင့်ပတ်သက်၍ ချိန်းဆိုထားပြီး အကြောင်းကြောင်းကြောင့် အလွဲလွဲအချော်ချော် ဖြစ်နေခဲ့လျှင် ငါးမျှားချိတ်သေးသေး(သို့မဟုတ်) တွယ်ချိတ်တစ်ချောင်း ဆောင်ထားပြီး တွေ့ဆုံပါ။

(၃) မိမိ၏အကြံအစည်များ အလွဲလွဲအချော်ချော်ဖြစ်ပြီး ငွေကော်ပေါက်ရှိဝါလျက်နှင့် မရရှိဘဲဖြစ်နေခဲ့လျှင် (၁) ကြံရည်တစ်ခွက်၊ (၂) အဖန်ရည်(လက်ဖက်ရည်အကြမ်း)၊ (၃) ကော်ဖီတစ်ခွက်တို့ကို (၁)၊ (၂)၊ (၃) အတိုင်း မိမိမွေး နေ့တွင် နေအိမ်ကဘုရားတွင် ကပ်လှူပြီး မိမိလိုအပ်ရာဆုကို တောင်းပါ။

(၄) မိမိအလုပ်ဌာနက မပြောင်းရွှေ့လိုသော် ပြောင်းဖူးအစိမ်း(တစ်ဖူး၊ သုံးဖူး၊ ငါးဖူး)အလျဉ်းသင့်သလို မိမိအလုပ်လုပ်သော ဘုရားတွင်ဖြစ်စေ၊ မိမိနေအိမ်ဘုရားတွင်ဖြစ်စေ ကပ်လှူပြီး မိမိအလုပ်ဌာနက မပြောင်းရအောင် ဆုတောင်းပါ။

(၅) မိမိအလုပ်ဌာနတွင် အနေကြာလိုသော် နေကြာပန်းကို တန်ခိုးကြီးဘုရားတစ်ဆူဆူတွင်ကပ်လှူပြီး ဆုတောင်းပါ။

(၆) မိမိအလုပ်ဌာနတွင် ဩဇာကြီးလိုသော် ဩဇာသီးကို ဘုရားမှာကပ်လှူပြီး ဆုတောင်းပါ။

(၇) မိမိလုပ်ကိုင်နေသော အလုပ်များကြန့်ကြာ၍ မကြာရအောင် ကြာဖူးကို ဘုရားမှာကပ်လှူပြီး ဆုတောင်းပါ။

(၈) အကြံအစည်များ ထမြောက် အောင်မြင်ရလေအောင် ကြံပန်းခိုင်တစ်ခိုင်ကို မိမိနေအိမ်ကဘုရားတွင် ကပ်လှူပါ။ သို့မဟုတ် မိမိထက်အသက်အရွယ်ကြီးသူ ရသေ့ရဟန်းပုဂ္ဂိုလ်ဖြစ်စေ၊ လူပုဂ္ဂိုလ်ဖြစ်စေ ကြံရည်များ ကပ်လှူဒါနပြုပါ။

(၉) မိမိကို အကူအညီပေးမည့်သူများ လိုအပ်နေပါလျှင် ကြံကို အချောင်းလိုက်ဝယ်ယူပြီး ဘုရားတွင်ကပ်လှူပြီး မိမိလိုအပ်ရာကို ဆုတောင်းပါ။

(၁၀) ရောဂါဝေဒနာများ ရင်ဆိုင်တွေ့ကြုံ ခံစားနေရပါလျှင် မိမိဝတ်ပြီးသော အဝတ်အထည်ကို (မလျှော်မဖွပ်ရ) တောင်းရမ်းစားသူများအား စွန့်ကြဲပါ။

(၁၁) စိတ်ဒုက္ခ၊ ကိုယ်ဒုက္ခများနှင့် ရင်ဆိုင်ကြုံတွေ့နေရ၍ ဖြေရှင်းမရအောင်ဖြစ်နေသော် "အ-ရ-ဟံ-ဗု-ဒ္ဓေါ-ခ-မွော-သံ-ယော"တစ်လုံးစီရွတ်ဆိုပြီး (၉)လုံးပုတီးနှင့်စိပ်ပါ။ ပုတီးအပတ်ရေကို မမှတ်ရပါ။ စိပ်နိုင်လေ အကျိုးရှိလေဖြစ်ပြီး များမကြာမီ ရင်ဆိုင်တွေ့ကြုံနေရသော စိတ်ဒုက္ခ၊ ကိုယ်ဒုက္ခတို့သည် ကွင်းပပျောက်ကွယ်သွားမည် ဖြစ်၏။

www.burmeseclassic.com

(၁၂) မိမိနေအိမ်တွင် အိမ်ပူပြီး အချင်းချင်း မသင့်မမြတ် ဖြစ်နေပါလျှင် ရွှေငါးခုနှစ်ကောင် နေအိမ်မှာမွေးပါ။ သို့မဟုတ် ရွှေငါးခုနှစ်ကောင်ပါသော ရုပ်ပုံကားချပ်ကို နေအိမ်မှာ ချိတ်ဆွဲထားပါ။

* * *

## ခုနစ်နေ့သားသမီးတို့ အိပ်မက်မကောင်းသော် ယတြာပြုရန်

ခုနစ်နေ့သားသမီးတို့သည် အိပ်မက်မကောင်းမြင်မက်သော် အောက်တွင်ဖော်ပြထားသော ဂိုယ်စောင့်နတ် တစ်ကျိပ်နှစ်ပါးတို့ကို ပူဇော်ပသရမည် ဖြစ်၏၏။

(၁) သတ္တဘာဂ (နဖူးစာရေးနတ်)၊ (၂) သူ့ရသတိ (ပညာကိုပေးသောနတ်)၊ (၃) သကျ (စည်းစိမ်ကိုပေးသောနတ်)၊ (၄) မဟိရာဇာ (အိပ်မက်ကောင်းကိုပေးသောနတ်)၊ (၅) ကရဝါ (ကာမစည်းစိမ်ကို ပေးသောနတ်)၊ (၆) ယောတက (သွားလာရေးကို အမြဲစောင့်ရှောက်သောနတ်)၊ (၇) ကလျာဏီ (ကောင်းသော စကားပြောသည်ကို မှတ်သောနတ်)၊ (၈) စန္ဒာဒေဝီ (ကျက်သရေကို တိုးပွားစေသောနတ်)၊ (၉) နရိန္ဒာဒေဝီ (အိပ်သောအခါ ဦးခေါင်းရင်းကထိုင်၍ စောင့်သောနတ်)၊ (၁၀) မဟာပိန္နဲနတ် (ကောင်းမှု မကောင်းမှုကို စောင့်ရှောက်မှတ်သားသောနတ်)၊ (၁၁) လက္ခမီးနတ် (အမြဲတမ်း ငွေကြေးမနေပေးစွန့်သောနတ်)၊ (၁၂) ပါမသူရာနတ် (အမြဲတမ်းစောင့်ရှောက်သောနတ်)

အထက်ဖော်ပြပါ မိမိကိုယ်၌ စောင့်ရှောက်သော ကိုယ်စောင့်တစ်ကျိပ် နှစ်ပါးတို့ကို အိပ်မက်မကောင်းသောအခါ ပူဇော်ပသပါ။ ကောင်းသောအိပ်မက်ရခြင်း၊ ကောင်းသောအတိတ်၊ ကောင်းသော်နိမိတ်တို့ ဖြစ်ခြင်းသည် အမှန်ဖြစ်၏။

* * *

## တစ်နည်း အိပ်မက်ယတြာ

မကောင်းသောအိပ်မက်များ မြင်မက်ခဲ့သော်…

(၁) ရတနာသုံးပါးကို ပူဇော်ပြီးလျှင် ဦးခေါင်းဆေးရမည်ဖြစ်သည်။

(၂) ဗောဓိညောင်ကို ထောက်ရမည်ဖြစ်၏။

* * *

## ခုနစ်နေ့သားသမီးတို့ မကောင်းသော အတိတ်နိမိတ်တို့ကို ယတြာပြုရန်

ခုနစ်နေ့သားသမီးတို့သည်…

(၁) ခြတောင်ထွက်လာမူ ဆန်စပါးကို ပူဇော်ရမည်ဖြစ်၏။ (၂) မြွေထွက်လာမူ ရတနာကို ပူဇော်ရမည်ဖြစ်၏။ (၃) ချိုးမြည်လာမူ ဆန်ကိုပူဇော်ရမည်ဖြစ်၏။ (၄) ပျားဝင်လာမူ ကျေးကျွန်းသားသမီးတို့ကို ပူဇော်ရမည်ဖြစ်၏။ (၅) လင်းတဝင်လာမူ သားဟင်းမျိုးကို ပူဇော်ရမည်ဖြစ်၏။ (၆) ဖွတ်ဝင်လာမူ ရွှေငွေရတနာကို ပူဇော်ရမည်ဖြစ်၏။ (၇) မှိုပေါက်၍ ထီးဖြူ တံခွန်၊ နွားနို့ ထောပတ်တို့ဖြင့် ပူဇော်ရမည်ဖြစ်၏။ (၈) ယင်ပျားများဝင်လာမူ ညောင်စောင်းကိုပူဇော်ရမည်ဖြစ်၏။ (၉) ခွေးမသားမွေးမူ သားကို ပူဇော်ရမည်ဖြစ်၏။

ထိုဖော်ပြပါအတိုင်း ပြုလုပ်ပါလျှင် မကောင်းသော အကျိုးအပြစ်တို့ပျောက်၊ ကောင်းသောအကျိုးတို့ ရောက်လာတတ်၏။

* * *

## ခုနစ်နေ့သားသမီးတို့ ပျားစွဲယတြာပြုရန်

ခုနစ်နေ့သားသမီးတို့၏ နေအိမ်များတွင် ပျားဝင်ရောက်စွဲကပ်တတ် သည်။ ပျားများစွဲတိုင်း အကောင်းမဟုတ်၊ မကောင်းလည်းမဟုတ်သည်ကို သတိပြုပါ။

(၁) စွဲသောပျားသည် အရှေ့အရပ်သို့ပျံလေသော် ကြံကိုလှူပါ။ (၂) စွဲသောပျားသည် အရှေ့တောင်အရပ်သို့ ပျံလေသော် ဆန်ကိုလှူပါ။ (၃) စွဲသောပျားသည် တောင်အရပ်သို့ပျံလေသော် ကြာကိုလှူပါ။ (၄) စွဲသောပျားသည် အနောက်တောင်အရပ်သို့ပျံလေသော် ထီးကိုလှူပါ။ (၅) စွဲသောပျားသည် အနောက်အရပ်သို့ပျံလေသော် ဆီမီးကိုလှူပါ။ (၆) စွဲသောပျားသည် အနောက်မြောက်အရပ်သို့ ပျံလေသော် ရေချမ်းအိုးကို လှူပါ။ (၇) စွဲသောပျားသည် မြောက်အရပ်သို့ပျံလေသော် သစ်သီးကိုလှူပါ။

ထိုဖော်ပြပါအတိုင်း ပြုလုပ်စီမံလျှင် မကောင်းကျိုးတို့သည် ပျောက်ကင်း၍ ကောင်းကျိုးမင်္ဂလာအပေါင်းတို့ ကျရောက်လိမ့်မည်ဖြစ်၏။

အားလုံးသတ္တဝါ ချမ်းသာပါစေ…

**သုတေသီမြင့်ထွန်း**



www.burmeseclassic.com

www.burmeseclassic.com

# အရိယာဝိဇ္ဇာလမ်း အရောက်လှမ်းနေကြသည်သာ

■ ဇေယျာထက်

မြတ်ဗုဒ္ဓသာသနာတော် ထွန်းလင်းတောက်ပလျက်ရှိနေသော ယနေ့ခေတ်အခါကာလဝယ် ဝိပဿနာတရားအားထုတ်နိုင်ခွင့် ရရှိနိုင်ကြသည့် ရိပ်သာကျောင်းတိုက်များ အမြောက်အမြားဖြစ်ထွန်းပေါ်ပေါက်လျက် ရှိနေသည်မှာ မြတ်ဗုဒ္ဓ၏ သာသနာတော်ဝယ် သက်ဝင်ယုံကြည်မှု အပြည့်အဝအားဖြင့် ဗုဒ္ဓဘာသာဝင်အဖြစ် ခံယူကျင့်သုံးနေကြသည့် ဗုဒ္ဓဘာသာဝင်များအတွက် များစွာ အားကိုးအားထားပြုနိုင်မှု ရကြခြင်းပင် ဖြစ်ပါသည်။ ဝိပဿနာတရားကျင့်ကြံပွားများ အားထုတ်မှုဖြင့် သံသရာမှ လွတ်ကင်းရာ မြတ်နိဗ္ဗာန်သို့ အရောက်လှမ်းနိုင်ကြမည် ဖြစ်လေရာ ရိပ်သာများ ပေါ်ထွန်းလာနေခြင်းမှာ မုဒိတာပွားစရာ ကောင်းလှပါသည်။

မြတ်ဗုဒ္ဓ လမ်းညွှန်မိန့်မှာချက်တို့ကို အနှစ်ချုပ်သုံးသပ်ကာ လေ့လာကြည့်မည်ဆိုပါက မကောင်းမှုရှောင် ကောင်းမှုဆောင် စိတ်ကိုဖြူအောင်ထားဟူသည့် အဓိကကျသောအချက်ကို တွေ့ကြရမည်သာ ဖြစ်ပါသည်။ ဗုဒ္ဓဘာသာဝင်ဟု မိမိကိုယ်မိမိ ယုံကြည်စွာ ခံယူထားမိပြီဆိုပါက မြတ်ဗုဒ္ဓအလိုတော်ကျအတိုင်း နိစ္စသီလအဖြစ် ထိန်းသိမ်း စောင့်ရှောက်အပ်သည့် ငါးပါး (ငါးပါးသီလကို)ခါးဝတ်ပုဆိုးကဲ့သို့ မြဲမြဲစွာ ထိန်းသိမ်းစောင့်ရှောက်ထားနိုင်ရန်မှာ အဓိကကျလှပါသည်။ မိမိကိုယ်မိမိ ငါးပါးကိုပင် လုံခြုံအောင် ထိန်းသိမ်းစွမ်း မရှိပါဘဲလျက် မိမိကိုယ်မိမိ ဗုဒ္ဓဘာသာဝင်ပါ၊ ထေရဝါဒဆိုသည်က မည်သို့မည်ပုံ ရှိနေပါသည်ဟူသော အယူဝါဒအလံကို အကာအကွယ်ပြုကာ တစ်ပါးသူတို့ကို ပုတ်ခတ်ဝေဖန်ရေးသားပြောဆိုခြင်း မပြုအပ်သည်ကတော့ အမှန်ပင်ဖြစ်ပါသည်။

လွန်ခဲ့သောလက မေတ္တာအရိပ်အာဝသ ကြီးမားလွန်းလှသော ရုပ်ဝန်းတစ်ခုမှထုတ်ဝေသော ဓမ္မမဂ္ဂဇင်း တစ်စောင်တွင် ဝိဇ္ဇာရှစ်သောင်းနှင့် ဘိုးဘိုးအောင်၊ ဘိုးမင်းခေါင်တို့ အမှန်တကယ်ရှိမရှိ စဉ်းစားကြည့်ကြရန်။ ရှိပါသည်ဟုဆိုက လူသားတို့အတွက် အဘယ်နိဗ္ဗာန်ရောက်ကြောင်း တရားများကို ဟောကြားခဲ့ပါသနည်း။ အပါယ်သို့မကျအောင် လမ်းကြောင်းပေးဖူးပါသလား။ လူသားများကို မဆိုထားနှင့် ၎င်းတို့ကိုယ်တိုင်ပင် နိဗ္ဗာန်ရောက်နိုင်အောင် ပြုနိုင်ကြပါသလား။ ထိုပုဂ္ဂိုလ်တို့သည် သူတော်စင်များဖြစ်ကြပြီး သမထကျင့်စဉ်များကြောင့် ထွက်ရပ်ပေါက်သွားတာပါဟု ဆိုကြပါလျှင် ထွက်ရပ်ပေါက်တယ်ဆိုတာ ဘာကိုပြောတာလဲ။ ဘယ်ကိုထွက်ပြီး ဘယ်ကိုပေါက်သွားတာလဲ။ ထွက်ရပ်ပေါက်ပုဂ္ဂိုလ်များနှင့် အနန္တော အနန္တငါးပါးတို့ကို ဘုရားကျောင်းဆောင်အတွင်း တစ်တန်းတည်းထားအပ်၊ ကိုးကွယ်အပ်ပါသလားဆိုသည့် အမေးနှင့် အတွေးပါကျများ စီကာစဉ်ကာ တင်ပြရေးသားထားသည်ကို ဖတ်မိဖြစ်ခဲ့ရသည်။

နောက်ဆုံးပုဒ်တွင်၊ ဝိဇ္ဇာနတ်ပြဟ္မာတို့သည် အဘယ်မျှပင် ကြိုးစားသော်လည်း နိဗ္ဗာန်ကို စိတ်ကူးရုံပင် ရမည်မဟုတ်ပေဟု အလေးအနက်ထားတင်ပြထားပြန်သည်ကို တွေ့ရသည်။

ထိုတင်ပြချက်များနှင့် ပတ်သက်၍ နားမလည်နိုင်အောင် ဖြစ်မိရသည်ကတော့ အမှန်ပင်ဖြစ်ပါသည်။ ရေးသားတင်ပြသူ၏ စာဖတ်အား အားနည်းမှုနှင့် မိမိသိထားခွင့်ရသည့် အကြောင်းအရာကျဉ်းကျဉ်းလေးပေါ်တွင်သာ တစ်ဖက်သတ်အမြင်ဖြင့် တင်ပြသွားခြင်းမျှသာ ဖြစ်ပါသည်။ အကြောင်းအရာ အချက်အလက်တို့ကို စေတနာဖြင့် တင်ပြရာတွင် နှစ်ဖက်မျှတသော အတွေးဖြင့်သာ

www.burmeseclassic.com

တင်ပြသင့်သည်ဟု ယူဆမိပါသည်။

၁၂၈၃ ခုနှစ်၊ နတ်တော်လတွင် ရန်ကုန်တက္ကသိုလ် ဇကျောင်းတော်ကြီး ဖွင့်လှစ်သည့် အထိမ်းအမှတ်အဖြစ် တက္ကသိုလ်အဓိပတိဖြစ်သူ မြန်မာဘုရင်ခံက စာပေပါရဂူ(ဒီလစ်)ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်း ခံယူရရှိတော်မူသည့် ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီးက လယ်တီဒီပနီပေါင်းချုပ်ကို ရေးသားပြုစုထားတော်မူခဲ့သည်။ ထိုဒီပနီပေါင်းချုပ်တွင် ဝိဇ္ဇာမဂ္ဂဒီပနီကိုလည်း ထည့်သွင်းတင်ပြထားခဲ့ပါသည်။ ဝိဇ္ဇာမဂ္ဂဒီပနီတွင် ဝိဇ္ဇာငါးမျိုးရှိကြောင်း အထင်အရှား တွေ့ရသည်။ ဝိဇ္ဇာငါးမျိုးမှာ ဝေဒဝိဇ္ဇာ၊ မန္တဝိဇ္ဇာ၊ ဂန္ဓာရီဝိဇ္ဇာ၊ လောကီယဝိဇ္ဇာနှင့် အရိယာဝိဇ္ဇာတို့ပင် ဖြစ်သည်။

ဝေဒဝိဇ္ဇာတို့သည် သာမဗေဒင်၊ ယဇုဗေဒင်၊ ဣရုဗေဒင်၊ အာတဗ္ဗနဗေဒင်ဟူသော အဲတတ်တို့ကို ကျွမ်းကျင်သူများပင် ဖြစ်ကြသည်။ မန္တဝိဇ္ဇာတို့သည် အမျိုးမျိုးသော လက္ခဏာကျမ်း၊ အမျိုးမျိုးသောနိမိတ်ကျမ်း၊ အမျိုးမျိုးသော နက္ခတ်ကျမ်း၊ အမျိုးမျိုးသော ဂါထာမန္တရားကျမ်း၊ ဆေးကျမ်း၊ ဓာတ်ကျမ်း စသော လောကီပညာရပ်ဟူ၍ ယနေ့လောကတွင် ထင်ရှားသည့် အတတ်ပညာတို့ကို ကျွမ်းကျင်တတ်မြောက်ထားသူများ ဖြစ်သည်။ ဝိဇ္ဇာနှစ်ပါးနှင့်ပတ်သက်၍ ဉာဏ်ဝိဘင်းပါဠိတော်များ၌ ကမ္မာယတန၊ သိပ္ပါယတန၊ ဝိဇ္ဇာဋ္ဌာနေသုဟု ညွှန်းဆိုဖော်ပြထားသည်ကို တွေ့ရပါသည်။ ဂန္ဓာရီဝိဇ္ဇာဟူသည်ကား ဆေးဝိဇ္ဇာ၊ အင်းဝိဇ္ဇာ၊ ပြဒါးဝိဇ္ဇာ၊ သံဝိဇ္ဇာ ဟူ၍ ဝိဇ္ဇာရေကျမ်းများ၌ လာရှိသော နေသိဒ္ဓိ၊ ပထဝီသိဒ္ဓိ၊ ဥဒကသိဒ္ဓိ၊ အာကာသသိဒ္ဓိ၊ အာယုသိဒ္ဓိ၊ စိန္တာမယသိဒ္ဓိမျိုးတို့ ပေါက်ရောက်သဖြင့် နတ်သိကြားတို့၏ တန်ခိုး၊ အဘိညာဉ်တန်ခိုးနှင့် အလားတူတတ်စွမ်းကြသော ဝိဇ္ဇာမျိုးပင် ဖြစ်သည်။ ဂန္ဓာရီဝိဇ္ဇာနှင့်ပတ်သက်၍ ပဋိသမ္ဘိဒါမဂ် ပါဠိတော်၌ လာရှိပါသည်။

ကတမာ - အဘယ်မည်သော တန်ခိုးသည်၊ ဝိဇ္ဇာမယာဣဒ္ဓိ-အတတ်ဖြင့်ပြီးသော တန်ခိုးမည်နည်း။ ဝိဇ္ဇာရော-ဝိဇ္ဇာမိုရ်ရှိတို့သည် ဝိဇ္ဇာအတတ်ပညာကို၊ ပရိဇပ္ပေတွာ-စိပ်၍(ဝါ)နှီး၍၊ ဝေဟာသံ-ကောင်းကင်သို့၊ ဂစ္ဆန္တိ-ပျံသွားကြကုန်၏။ အန္တလိက္ခေ-ရေဖြင့်မထင်သော၊ အာကာသေ-မိုးကောင်းကင်၌၊ ဟတ္ထိမ္ပိ-ဆင်တပ်ကိုလည်းကောင်း၊ ဒဿေန္တိ-ဖန်ဆင်း၍ပြနိုင်ကုန်၏။ အဿမ္ပိ-မြင်းတပ်ကိုလည်းကောင်း၊ ဒဿေန္တိ-ဖန်ဆင်း၍ ပြနိုင်ကုန်၏။ ပတ္တိမ္ပိ-လက်နက်ကိုင် ခြေသည်သူရဲတပ်ကိုလည်းကောင်း၊ ဒဿေန္တိ-ဖန်ဆင်း၍ ပြနိုင်ကုန်၏။ ဝိဝိဓံ-အထူး ထူးအပြားပြားသော၊ သေနာဗျူဟမ္ပိ- စစ်သည်ဗိုလ်ထု အစုအရုံးအလုံးအရင်းကိုလည်းကောင်း၊ ဒဿေန္တိ-ဖန်ဆင်း၍ ပြနိုင်ကုန်၏။ အယံ-ထိုသည်လျှင် ဝိဇ္ဇာမယာအတတ်ဖြင့် ပြီးစေနိုင်သော၊ ဝိဇ္ဇာမယတန်ခိုးမည်၏ဟူ၍ ပါဠိတော်၌ လာရှိသည်ကို တွေ့ရသည်။

ဂန္ဓာရီဝိဇ္ဇာအဖြစ် ရရှိရန် ကြိုးပမ်းလိုသူတို့သည် ရတနာသုံးပါးဂုဏ်ကို မိမိကိုယ်၌ အမြဲထုံစေပြီးလျှင် တောစောင့်၊ နတ်၊ တောင်စောင့်နတ်တို့ကိုလည်းကောင်း၊ မန္တရားအင်းအိုင်များကို အုပ်စိုးသော ဝိဇ္ဇာဒေဝနတ်တို့ကိုလည်းကောင်း၊ သိုက်သမိုင်းဝင် ဆေးပင်မျိုး၊ ကျောက်ဓာတ်မျိုးတို့ကို အုပ်စိုးသော ဩသမ်ဒေဝနတ်တို့ကိုလည်းကောင်း ဤအလုံးစုံသော နတ်တို့ကို ရင်ဝယ်သားကဲ့သို့ သနားချစ်ခင် ကျွမ်းကျင်လေးမြတ်အောင် မိတ်သဟာယပြုလုပ်၍ ကျင့်ကြံကြိုးပမ်းမှသာ အောင်မြင်မှု ရရှိနိုင်မည်ဖြစ်သည်။ ဂန္ဓာရီဝိဇ္ဇာသည် နတ်တို့၏ ကမ္မဝိပါက ကမ္မဇိဒ္ဓိတန်ခိုးကိုပင် လွှမ်းမိုးနိုင်သော ဝိဇ္ဇာမယိဒ္ဓိတန်ခိုးမျိုးကို ပိုင်ဆိုင်ခွင့် ရရှိနိုင်တတ်ကြလေရာ ကျင့်ကြံပွားများ အားထုတ်စဉ်အတွင်း နတ်တို့ မလိုလားသည့်အတွက် အသက်အန္တရာယ်၊ ဆေးဝါး၏ အန္တရာယ် ဖြစ်တတ်ပါသည်။

အရိယာဝိဇ္ဇဟူသည်ကား အနိစ္စဝိဇ္ဇာ၊ အနတ္တဝိဇ္ဇာ၊ မဂ္ဂဝိဇ္ဇာ၊ ဖလဝိဇ္ဇာဟု သိခွင့်ရလို့ စတုသစ္စဉာဏ်လေးပါးဟုလည်း သိခွင့်ရပါသည်။ အရိယာဝိဇ္ဇာအဖြစ်ကို ရလိုမှုကား သာသနာတော်အတွင်း၌သာ ကျင့်ကြံပွားများ အားထုတ်ပါမှ ပေါက်မြောက်အောင်မြင်နိုင်မည် ဖြစ်ပါသည်။ သာသနာငါးထောင်ဟူသော ခေတ်အခါသမယသည်ကား အရိယာဝိဇ္ဇာ၏ ခေတ်အခါသမယသာ ဖြစ်သည်။ အရိယာဝိဇ္ဇာလမ်းကို ပေါက်မြောက်အောင် ကြံဆောင်အားထုတ်နိုင်သော သူသာလျှင် ဘုရားကို တွေ့မြင်ဖူးတွေ့ရသူ ဘုရားသာသနာကို ကြုံတွေ့ရသူဟူ၍ ဆိုထိုက်သည့် အရိယာဝိဇ္ဇာအဖြစ် ပေါက်မြောက်အောင် ကျင့်ကြံမည့်သူသည် အင်္ဂါငါးပါးနှင့် ပြည့်စုံရန် လိုအပ်ပါသည်။ အင်္ဂါငါးပါးမှာ -

(၁) ဘုရား၌ ယုံကြည်ခြင်းသည်



www.burmeseclassic.com

www.burmeseclassic.com

အင်္ဂါတစ်ပါး၊ (၂) ကိုယ်လက်အင်္ဂါ ကျန်းမာခိုင်ခံ့ခြင်းသည် အင်္ဂါတစ်ပါး၊ (၃) ဝမ်းတွင်းနှလုံး ဖြောင့်စင်းခြင်းသည် အင်္ဂါတစ်ပါး၊ (၄) ဝီရိယထက်သန်ခြင်းသည် အင်္ဂါတစ်ပါး၊ (၅) ရုပ်နာမ်ခန္ဓာတို့၏ ဖြစ်ပွားမှု၊ ချုပ်ကွယ်မှုတို့၌ ဉာဏ်စူးရှခြင်းသည် အင်္ဂါတစ်ပါး...

စသည်ဖြင့် အင်္ဂါငါးပါးပြည့်စုံရန် လိုအပ်ပါသည်။

တင်ပြပါ အချက်အလက်တို့သည် ဝိဇ္ဇာနှင့်စပ်လျဉ်း၍ သိထားကြရန် လိုအပ်လှသည့် အခြေခံအချက်အလက်များပင် ဖြစ်ပါသည်။ ထိုအချက်အလက်များကို လေ့လာကြည့်မည်ဆိုပါက ဝိဇ္ဇာလမ်း လျှောက်လှမ်းနေကြသူများသည် ရတနာသုံးပါးအပေါ် အလေးထားယုံကြည်မှု အပြည့်အဝထားကြကာ မြတ်ဗုဒ္ဓ၏ဂုဏ်တော်ကို ပုံပေါ်သည်အထိ စိတ်အာရုံသွင်းကာ ဂုဏ်တော်ရွတ်ဆိုခြင်း၊ ပွားများခြင်း၊ စိပ်ပုတီးဖြင့်စိပ်ကာ ထုံမွှမ်းခြင်း စသည့်လုပ်ရပ်များကို ဝီရိယထားကာ အဓိဋ္ဌာန်ဝင်ခြင်းဖြင့် အမြင့်ဆုံးဖြစ်သည့် အရိယာဝိဇ္ဇာဖြစ်အောင် ကြိုးပမ်းလျှောက်လှမ်းနေကြသူ များလှသည်ကို သိနိုင်ကြမည်ဖြစ်ပါသည်။

ဝိဇ္ဇာလမ်း လျှောက်လှမ်းကြသူတို့ သိခွင့်ရထားကြသည်မှာ အသက်တစ်ရာတမ်းမှာပင် ဖြစ်သော်လည်း မိမိကိုယ်ကို ရုပ်ပြောင်းနိုင်လျှင် အသက်တစ်ထောင်ခန့် နေနိုင်မည်ပင်ဖြစ်သည်။ ရုပ်ပြောင်းနည်းမှာမူကား သာမန်အစာအာဟာရတို့ဖြင့် ရုပ်တည်မနေဘဲ ခိုင်ခံ့မှုရှိသော ကျောက်သံပြဒါး စသည်တို့ကို ထမြောက်အောင်မြင်အောင် စီရင်၍ ပြောင်းခြင်းပင်ဖြစ်သည်။ ကျောက်ဓာတ်၊ သံဓာတ်၊ ပြဒါးဓာတ်တို့သည် စိမ်းစိုသော အာမကဘာဝအတိုင်း မျိုခဲ့ပါက ကိုယ်တွင်းသို့ရောက်လျှင် မပဟိဒ္ဓအဖြစ်ကိုမစွန့်၊ အဇ္ဈတ္တဘာဝမကူး။ အာမကဓာတ်ကိုကုန်ဆုံးအောင် ကျိုချက်၍မျိုခဲ့လျှင် အဇ္ဈတ္တဘာဝသို့ ကူးပြောင်း၍ ခိုင်ခံ့သောရုပ်တို့ကို ပွားစေ၏။ မျိုဖန်များ၍ ပွားဖန်များလာပါက တစ်ကိုယ်လုံးရှိ ပကတိရုပ်နှင့်ယှဉ် ကုန်ဆုံးကာ ဓာတ်သွေး ဓာတ်သားအဖြစ် ပြောင်းလဲကာ တစ်ရာတမ်းမှာပင် အသက်တစ်ထောင်မက ရှည်စေနိုင်သည်။

ဇရာအိုမင်း ဆေးမြည့်ခြင်းဟူသော ဇရာတရားကို ပဋိကမ္မကာတုံ မဆွေးရအောင် ကြံဆောင်ပြုပြင်ခြင်းမှာ သက္ကတေဝ ဖြစ်ကောင်းသည်သာတည်းဟု နေတ္တိပါဠိတော်တွင် အထင်အရှား လာရှိပါသည်။

ဝိဇ္ဇာလမ်း လျှောက်လှမ်းကြသူများ သက်တမ်းကို ရှည်နိုင်သမျှရှည်ကြာစွာ နေနိုင်အောင် ကြိုးပမ်းကြခြင်းမှာ မိမိတို့အဖို့ ကျင့်စဉ်အဓိဋ္ဌာန်များပေါက်ရောက်ပြီးမြောက်သည်အထိ ကျင့်ကြံပွားများအားထုတ်ချိန် ပိုမိုများများရရှိစေရန် ရည်ရွယ်ကာ ကြိုးပမ်းကြခြင်းပင် ဖြစ်သည်။ ဝိဇ္ဇာလမ်းလျှောက်လှမ်းကြသည့် ဝိဇ္ဇာရှင်သောင်းသူတော်ကောင်းအပေါင်းတို့မှာ မကောင်းမှုကိုရှောင်၊ ကောင်းမှုကိုဆောင်ကာ လျှောက်လှမ်းနေကြခြင်းသာဖြစ်သည်။ ဝိဇ္ဇာအပေါင်း သူတော်ကောင်းတို့မှာ အနန္တောအနန္တငါးပါး အဝင်အပါဖြစ်သည့် ဆရာအာစရိယများအဖြစ် ထားသင့်ကြသည်မှာ အမှန်ပင်ဖြစ်ပါသည်။

မရှိသေလိုက မရှိသေဘဲ ထားမိကြသည်က သာမန်အပြစ်မျှသာ ရှိကြမည်ဖြစ်သော်လည်း ဝိဇ္ဇာလမ်းလျှောက်လှမ်းနေသည့် ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်တို့အား ပုတ်ခတ်ဝေဖန် ပြောဆိုမိကြပါမူ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်တို့ ကျင့်ကြံပွားများမှု ကျင့်စရဏအားကောင်းလေလေ မိမိတွင် အပြစ်ကြီးလေလေပင်ဖြစ်သည်။

မည်သို့ပင်ဆိုစေ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား ဝေဖန်ပုတ်ခတ်တော့မည်ဆိုပါလျှင် မိမိကိုယ်မိမိ ပထမဦးစွာ ဆင်ခြင်သမှု ပြုကြည့်ရန် လိုအပ်ပါသည်။ မိမိကံငါးပါးအား လုံခြုံစွာထိန်းနိုင်ပြီလားဆိုသည့် အနိမ့်ဆုံးစရဏအတွက် လုံခြုံပြီလားဆိုသည်ကိုပင် မြတ်ဗုဒ္ဓမိန့်တော်မူထားသော စကားရှိပါသည်။ ငါဘုရား ဟောသည်ဆိုသည်နှင့် ယုံကြည်လက်ခံသမှု မပြုလေနှင့်ဦး။ လက်တွေ့ ထိတွေ့သိရှိမှုများရလာမှ ယုံကြည်လက်ခံပါဆိုသည့်စကားပင်ဖြစ်သည်။ မြတ်ဗုဒ္ဓ ဟောဖော်ညွှန်ပြခဲ့သည့် တရားတို့ကို ဇီလာဆန့်ကျင်မှုမပြုဘဲ အရိယာဝိဇ္ဇာလမ်း မျှော်မှန်းကာ လျှောက်လှမ်းနေကြသည့် ဝိဇ္ဇာများ သာသနာတော် ၅၀၀၀ အတွင်း ပေါ်ထွက်နေဦးမည်ကတော့ အမှန်ပင်ဖြစ်ပါသည်။

ဝိဇ္ဇာလမ်း လျှောက်လှမ်းနေကြသည့် ပုဂ္ဂိုလ်အပေါင်းအား အလေးထားလျက်....


**ဇေယျာထက်**

ကိုးကား ။ ။ ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီး ပြုစုတော်မူသည့် "ဝိဇ္ဇာမဂ္ဂဒီပနီ"။



www.burmeseclassic.com

www.burmeseclassic.com



# ဂန္ဓာသယ ဂြိုဟ်မြေ နံမြေ

အောင်ကြီးပွား

ပျဉ်းမနားမြို့နယ်၊ သာဝတ္ထိရွာ၊ စမတောင်တော်မြတ်၌ အဓိဋ္ဌာန်ဝင်နေစဉ်က ဖြစ်သည်။ မနှစ်က အလွန်ပူပြင်းကြွပ်ရှနေသည့် ဧပြီလအလွန်ကာလ မြေလတ်ဒေသ ပဲခူးရိုးမရှိ တောင်ထူးတောင်မြတ်တစ်ခုထက်၌ စာရေးသူ ရောက်ရှိနေခြင်းဖြစ်သည်။ မြန်မာတစ်နိုင်ငံလုံး ဖောက်ပြန်သည့် ရာသီဥတုဒဏ်ကို အလူးအလဲခံနေရချိန်တွင် စာရေးသူရောက်ရှိနေသော စမတောင်လည်းပါလေသည်။ သစ်ရွက်များ အရွက်ကြွေချိန်ဖြစ်၍ ကျွန်းပင်မှစ၍ သစ်ကြီးဝါးကြီးများ အတော်အသင့်ကျန်ရှိနေသေးသော စမတောင်တစ်ဝိုက်သည်လည်း နေ၏အပူဒဏ်ကို အဓိဋ္ဌာန်ဝင်နေသူများ၊ ဘုရားဖူးများလည်း အလူးအလဲခံနေကြရ၏။

တချို့မှာ ဗိုလ်တာရာ(ရဲဘော်သုံးကျိပ်) ကုသိုလ်သံပရာပင်ဇရပ်ကြီးထဲမှာ အေးလိုအေးငြား ယပ်တခတ်ခတ်။ စာရေးသူမှာလည်း ကမ္ဘောဇ ဇရပ်တွင် နားနေရင်း အဓိဋ္ဌာန်ဖြစ်၍ နေ့ခင်းပင်ဖြစ်လင့်ကစား အဖေနွဲ့သီတင်းသုံးခဲ့ရာ ခြေတံရှည်မာတ်ကျောင်းလေးထဲသို့ ရင်ပြင်ပတ်၍ တက်လာခဲ့သည်။ မာတ်ကျောင်းမှာ လောကမာတ်ရုံး၏နံဘေး၌ တည်ရှိပြီး စမတောင်သာသနာပြု ပုဂ္ဂိုလ်ထူးကြီးများ ခမ်းနားထည်ဝါမှုကင်းမဲ့စွာ နေထိုင်သာသနာပြုခဲ့ရာ မာတ်ကျောင်းလေးဖြစ်၏။ ခြေတံရှည်လှေကားလေးကနေ လှမ်းတက်ပြီး လူတစ်ထိုင်စာ နေရာလေးတွင် မေတ္တာခံယူ ပုတီးထုံ့ပွားရလေသည်။ အပေါ်၌ ပုတီးစိပ်၊ တရားအားထုတ်နေသူရှိပါက အောက်မှနေထိုင်စောင့်ရတတ်၏။ နံရံဖြင့်ကပ်လျက် သစ်သားကွပ်ပျစ်လေး ခင်းထားသည်။ မာတ်ကျောင်းလေးအပေါ်၌ ဘုရားတစ်ဆူ၊ ကြေးစည်တစ်လုံးနှင့် ကဲလားပြတင်းဖြင့်ကပ်လျက် ကုလားထိုင်လေးတစ်လုံးသာ ရိုးစင်းစွာရှိပေမည်။ အဓိဋ္ဌာန်ဝင်သူ ထိုင်ရန်မဟုတ်ပါ။ ဓမ္မဝိဇ္ဇာအဖေကြီးများ သုံးခဲ့သည့် အသုံးအဆောင် ပက်လက်ကုလားထိုင်လေးသာဖြစ်သည်။ စာရေးသူ၏ အဓိဋ္ဌာန်အတိုင်း ပရိကံပြု၊ ခန္ဓာအပ်၊ မေတ္တာခံယူ၊ မေတ္တာပို့ပြီး ရတနာသုံးပါးဂုဏ်တော်များ၊ ပရိတ်ဂါထာမန္တန်များ အာရုံပြုရွတ်ပွားရသည်။ အကြွင်းအကျန်မရှိ မကြားမလပ်ရအောင် မေတ္တာဆက်ခံယူကာ မေတ္တာပြန်လည်



www.burmeseclassic.com

www.burmeseclassic.com

ပေးပို့ရသည်။ ပုတီးဆယ်ပတ်စိပ်ရသည်။ ဆယ်သော ဓာတ်အရ ဖြစ်ပါသည်။ ပုတီးစိပ်မှာ "အရဟံ မေတ္တံ သမ္မာသမ္ဗောဓိ"ဖြစ်၏။ နှစ်နှစ်တာကာလအတိုင်း စာရေးသူ ပြောင်းလဲထုံစိပ်လာရသော ပုတီးစိပ်ဖြစ်ပေသည်။ နီးခြင်း။ ဝေးခြင်း။ မှောင်ခြင်း။ လင်းခြင်း။ ပူခြင်း။ အိုက်ခြင်း။ အေးခြင်း ဆိုသည်မှာ စာရေးသူဖြင့်မဆိုင်ပါ။ အလုပ်သည် အလုပ်ဖြစ်၍ အကျင့်သည် အကျင့်ဖြစ်မှန်း စာရေးသူလျှောက်ခဲ့သမျှ သိထားပြီးဖြစ် လေသည်။ အလုပ်လုပ်မှ လုပ်ခရမည်မှာ ဓမ္မတာ။ အလုပ်မှန်မှလည်း အမှန်လုပ်တတ်မည်ဟုလည်း မိန့်မှာဖူးသည်။ ဤသစ္စာအဓိဋ္ဌာန်သည် လျော့ရိလျော့ရဲ မရချေ။ ပွဲကြီးပြီးစေ၊ ပွဲပြီးမီးသေ လုပ်ရမည်ဟုလည်း မှာသည်။ မီးသည် လောဘ၊ မောဟ၊ ဒေါသမီးပင် ဖြစ်ပေ၏။ အဓိဋ္ဌာန်ချိန်ပြီးသောအခါ စာရေးသူ ခြေတံရှည်ဓာတ် ကျောင်းလေးကနေ ဆင်းလာခဲ့သည်။ ဓာတ်ကျောင်းခေါင်းရင်းအောက်ရှိ သစ်သားကုတင်ကွပ်ပျစ်လေး၌ လူတစ်ယောက်ထိုင်နေသည်။ သက်လတ်ပိုင်းအရွယ်ဖြစ်၍ ရုပ်ရည်မှာ အေးချမ်းကြည်လင်နေ၏။ လောက၏ ဓမ္မတစ်ခုကို တွေ့ရှိရရှိထားသည့် အသွင်အပြင်။ အဓိဋ္ဌာန်ဝန်ရန် စာရေးသူအား စောင့်ဆိုင်းနေခြင်းဟု ထင်မိလိုက်သည်။ သို့သော် စာရေးသူအား ယင်းပုဂ္ဂိုလ်က အေးချမ်းစွာပြုံးပြရင်း • • •

"ပြီးသွားပြီလား"

"ဟုတ်ကဲ့ ပြီးသွားပါပြီ။ ပူလွန်းအားကြီးတာနဲ့ တောင်ခြေဆင်းပြီး ကော်ဖီသောက်ကမလားလို့"

"ဒါဆိုလည်း ကိုယ်တိုက်ပါ့မယ်။ ဓမ္မဒါနပေါ့"

နှစ်ယောက်သား တောင်ခြေမုခ်ဦးဝရှိ ကော်ဖီဆိုင်လေးသို့ လှေကားစောင်းတန်းအတိုင်း ဆင်းလာခဲ့ကြသည်။ တောင်ခြေမုခ်ဦးရှေ့ လက်ဖက်ရည်ကော်ဖီ စားသောက်ဆိုင်ဝါးတဲကြီးထဲ ထိုင်မိတော့ မိတ်ဆက်စကားဆိုစဉ် မန္တလေးတောင်ကနေ အဓိဋ္ဌာန်လာရောက်ဝင်သူမှန်းသိရ၏။ နာမည်မှာ ကိုကျော်မျိုးဖြစ်သည်။ စမတောင်သို့ လာရောက်အဓိဋ္ဌာန်ဝင်သည်မှာ သုံးကြိမ်ခန့်ရှိပြီဟု သိရ၏။ သူ၏စီးပွားရေးငွေကြေးလုပ်ငန်းကိုင်ငန်းများ အခက်ခဲ အကျပ်တည်းပေါ်တိုင်း စမတောင်၌ လာရောက်အဓိဋ္ဌာန်ဝင်သည်။ စမတောင်မှ ပြန်သွားလျှင် မကြာခင် လုပ်ငန်းကိစ္စဟူသမျှ ပြေလည်အောင်မြင်သွားရစမြဲဟု ဆိုပါသည်။ စာရေးသူ ယုံကြည်ပါသည်။ ကိုကျော်မျိုး၏ ဝတ်စားဆင်ယင်နေထိုင်မှုနှင့် ဥပဓိရုပ်ရည်အရရော၊ စမတောင်တွင် ရင်းနှီးကျွမ်းဝင်သူအချို့၏ ဖွင့်ဟပြောမှုကြောင့်ရော သိရခြင်းဖြစ်သည်။ အထူးသဖြင့် စနေသားသမီးများနှင့် ဗုဒ္ဓဟူးသားသမီးများသည် ပိုမို၍ လောကီလုပ်ငန်း အစစ အောင်မြင်ကြသည်ဟု ဆိုသည်။ စာရေးသူသည် ဗုဒ္ဓဟူးသားဖြစ်၏။

ကိုကျော်မျိုးက ကော်ဖီသောက်ရင်းက • • •

"သူများတွေတော့ မပြောတတ်ဘူးဗျ။ ကျွန်တော်ကတော့ စမတောင်ကနေ ပြန်ဆင်းသွားရင် လုပ်ငန်းတွေအဆင်ပြေတာချည်းပဲ။ အဲဒါ ကျွန်တော် အဓိဋ္ဌာန်ဝင်တဲ့ ပုတီးစိပ်ကျင့်စဉ်ကြောင့် ထင်တယ်"

"ဘာပုတီးစိပ်နည်းလဲဗျ။ မျှပါဦး"

"ကျွန်တော့်ကိုလည်း မန္တလေးရန်ကင်းတောင်မှာ ဆုံခဲ့ရတဲ့ ရသေ့ကြီးတစ်ပါးက ချီးမြှင့်ခဲ့တာပဲ။ ကျွန်တော် အဲဒီပုတီးစိပ်ကို စွဲစွဲမြဲမြဲစိပ်တယ်။ အဓိဋ္ဌာန်ဝင်တယ်။ အဓိဋ္ဌာန်က ကိုးရက်မဟုတ်ဘူး။ ခုနစ်ရက်ပဲ ဝင်ရတယ်။ လုပ်ငန်းကိစ္စအရေးကြီးမှ ဒီစမတောင်ကို လာဝင်တာ။ ဂုဏ္ဏာသယ ဂြိုဟ်ပြေနံ့ပြေ ပုတီးစိပ်ပါ။ ထူးခြားတာတော့ ကောန်ဗျ"

မန္တလေးမှ ကိုကျော်မျိုးသည် ယင်းပုတီးစိပ်ကျင့်စဉ်အား စာရေးသူအား ဝေငှပြောပြသွားပါသည်။ သူ၏ ဘဝအပြောင်းအလဲ အတိုးအဆုတ်များကိုလည်း မချွင်းမချန် ပြောပြသွား၏။ အဓိဋ္ဌာန်ရက်ပြည့်သွားသောအခါ ကိုကျော်မျိုး ပြန်သွားလေသည်။ ကိုကျော်မျိုးပေးခဲ့သည့် ရသေ့ကြီးတစ်ပါးချီးမြှင့်ခဲ့သည်ဆိုသော ဂုဏ္ဏာသယ ဂြိုဟ်ပြေနံ့ပြေ ပုတီးစိပ်မှာ အောက်ပါအတိုင်းဖြစ်ပေသည်။ ယင်းပုတီးစိပ်နည်းကို စာရေးသူ လွန်ခဲ့သောဆယ်နှစ်ကျော်ကာလက ရရှိ၍ သယ်န်းကျွန်းမြို့နယ်၊ ရန်မျိုးအောင်စေတီတော်တွင် အဓိဋ္ဌာန်ဝင်ခဲ့ဖူးပါသည်။ စာရေးသူသည် ထိုစဉ်က ငွေကြေးခက်ခဲနေ၍ အဓိဋ္ဌာန်ဝင်ခဲ့ခြင်းဖြစ်ပြီး မကြာခင် လုပ်ငန်းများ အဆင်ပြေချောမွေ့အောင်မြင်ခဲ့ပါသည်။ (ယင်းအကြောင်းကို နေ[illegible]ရဂျာနယ်၌ လွန် ခဲ့သည့်ခြောက်နှစ်ခန့်က စာရေးသူ ရေးသား



www.burmeseclassic.com

www.burmeseclassic.com

ခဲ့ပူးပါသည်။) ယင်းဣစ္စာသယ ဂြိုဟ်ပြေနံ့ပြေ ပုတီးစိပ်နည်းမှာ အောက်ပါအတိုင်းဖြစ်၏။ တနင်္ဂနွေနေ့မှတင်၍ နံနက်အရုဏ်ချိန်၌ မိမိ၏မွေးနံ၊ အညွှန့်နံပါသော ဘုရားစေတီတစ်ဆူ၌ သန့်ရှင်းစင်ကြယ်စွာ ကံထိန်းလျက် အဓိဋ္ဌာန် စတင်ဝင်ရမည်ဖြစ်ပါသည်။ စေတီ၏ တနင်္ဂနွေ(အောင်ထောင့်အရပ်မှ) စတင်ကာ အဓိဋ္ဌာန်ဝင်ရပါသည်။ တနင်္ဂနွေဖွား ဘုရားရှင်၊ ရဟန္တာ၊ သူတော်စင်ပုဂ္ဂိုလ်ကြီးများ၊ တနင်္ဂနွေဂြိုဟ်မင်းနှင့် အခြံအရံများ၊ တနင်္ဂနွေနေ့ဖွား သားသမီးများ၏ မေတ္တာဓာတ်ကိုခံယူပြီး မေတ္တာပို့သရပါသည်။ ပြီးလျှင် ဂြိုဟ်သက်အလိုက် အရဟံဂုဏ်တော်အား စတင်၍ ပွားများပုတီးစိပ်ရပါသည်။ ဂြိုဟ်သက်ပုတီးပတ်ရေပြည့်ပါက မေတ္တာဓာတ်ခံယူ မေတ္တာပို့သပါ။ တနင်္လာ၊ အင်္ဂါ စသည်ဖြင့် ဂုဏ်တော်ကိုးပါးကို စိပ်သွားရပါမည်။ ဗုဒ္ဓဟူးနေ့တွင် ရာဟုအတွက်ပါ နှစ်ကြိမ်စိပ်ရပြီး စနေနေ့တွင်လည်း ကိတ်ဂြိုဟ်အတွက်ပါ နှစ်ကြိမ်စိပ်ရပါမည်။ မနက်ခင်း စိပ်ရမည့်အဓိဋ္ဌာန်အတွက် မွန်းတည့်သွားလျှင် စိတ်၍မရတော့ပါ။ အဓိဋ္ဌာန်ပျက်ပါသည်။ ယင်းအခါ တနင်္ဂနွေနေ့ကို ပြန်စောင့်ဆိုင်းပြီး အဓိဋ္ဌာန်ပြန်လည်ဝင်ရသည်။ အဓိဋ္ဌာန်ကာလမှာ ခုနစ်ရက်ဖြစ်ပါသည်။ ခုနစ်ရက်တစ်ပတ်ဖြင့်ပင် ထူးခြားလှပါသည်။ အထူးသဖြင့် ကံငါးပါးမပျက်ယွင်းရပါ။ ယင်းအဓိဋ္ဌာန်နည်းကို အောက်တွင် ဖော်ပြရေးလိုက်ရပါသည်။

စာဖတ်သူ မည်သူမဆို ယုံကြည်စွာ စိပ်ပွားကြည့်ပါ။ လူလိုမှ နတ်လို၊ နတ်လိုက ဂြိုဟ်မ၊ ဂြိုဟ်မမှ လိုတရဟု ဆိုကြပါသည်။ အဓိဋ္ဌာန်များ၊ ကျင့်စဉ်များ၏ နောက်ကွယ်၌ မိမိမရိပ်စား၊ မသိရှိနိုင်၊ ဉာဏ်မမီနိုင်သော လျှို့ဝှက်ချက်များ ရှိတတ်ပါသည်။ လောကီဝိဇ္ဇာရေ ဂန္ဓာရီပညာများအား မယုံကြည်ဟု မျက်စိမှိတ်အော်နေကြသော ရုပ်ဝါဒသမားများလည်း ကျင့်ကြံအားထုတ်ကြည့်နိုင်ပါသည်။ အထူးသဖြင့် ဆိုခဲ့ပြီးသည့်အတိုင်း ကံကိုလုံရပါမည်။ အလုပ်ဟူသည် လုပ်မှသာ ထိုက်တန်သည့်လုပ်ခ အနည်းအများရမည်မှာ သဘာဝဓမ္မတရား ဖြစ်ပါသည်။ အလုပ်မလုပ်ဘဲ မည်သည့်လုပ်ခ(တန်ကြေး)မှ ရမည်မထင်ပါ။ ယင်းဣစ္စာသယ ဂြိုဟ်ပြေနံ့ပြေ ပုတီးစိပ်နည်း၏ ထူးခြားသော လျှို့ဝှက်ချက်တစ်ခုအား စာရေးသူ ပွင့်လင်းစွာ ဖော်ပြပေးလိုက်ပါသည်။ ယင်းလျှို့ဝှက်ချက်မှာ ယင်းအဓိဋ္ဌာန်ကို ဝင်နေသည့်ကာလအတွင်း မိမိရင်ဆိုင်ကြုံတွေ့နေရသော လောကီစီးပွား၊ လူမှုရေး အခက်အခဲဟူသမျှ ကူညီစောင်မဖြေရှင်းပေးသွားသူများသည် ယင်းနေ့သား သားသမီး(သို့မဟုတ်) အမည်ပါသောသူများသာလျှင် ဖြစ်နေလေသတည်း။)

အောင်ဇေယျာ သဗ္ဗမင်္ဂလံ

■ အောင်ကြီးပွား

(မှတ်ချက်။ ။ ဗုဒ္ဓဟူးနေ့မနက်၌ ဗုဒ္ဓဟူးသုဂတော ဟု စိပ်ရမည်ဖြစ်ပြီး ညနေ၌ ရာဟုလောကဝိဒူဟု စိပ်ရမည်ဖြစ်သလို စနေနေ့၌လည်း ယခင်အတိုင်း မနက်ပိုင်း၊ ညနေပိုင်း ခွဲခြားစိပ်ရပါကြောင်း . . .။)

| နေ့ | ပုတီးစိပ်နည်း | ဂြိုဟ် | ပုတီးပတ်ရေ |
|---|---|---|---|
| တနင်္ဂနွေ | တနင်္ဂနွေ - အရဟံ | တနင်္ဂနွေဂြိုဟ် | ၆ |
| တနင်္လာ | တနင်္လာ - သမ္မာသမ္ဗုဒ္ဓေါ | တနင်္လာဂြိုဟ် | ၁၅ |
| အင်္ဂါ | အင်္ဂါ - ဝိဇ္ဇာစရဏ သမ္ပန္နော | အင်္ဂါဂြိုဟ် | ၈ |
| ဗုဒ္ဓဟူး/ရာဟု | ဗုဒ္ဓဟူး - သုဂတော / ရာဟု - လောကဝိဒူ | ဗုဒ္ဓဟူးဂြိုဟ်/ရာဟုဂြိုဟ် | ၁၇ + ၁၂ |
| ကြာသပတေး | ကြာသပတေး - အနုတ္တရောပုရိသ ဓမ္မသာရထိ | ကြာသပတေးဂြိုဟ် | ၁၉ |
| သောကြာ | သောကြာ - သတ္ထာဒေဝမနုဿာနံ | သောကြာဂြိုဟ် | ၂၁ |
| စနေ/ကိတ် | စနေ - ဗုဒ္ဓေါ / ကိတ် - ဘဂဝါ | စနေဂြိုဟ်/ကိတ်ဂြိုဟ် | ၁၀ + ၁၀ |



www.burmeseclassic.com

www.burmeseclassic.com

# ရှောင်ရန် အနော်ရထာကွဲခတ်ကိန်း

ညွန့်လွင်(စက်မှုတက္ကသိုလ်)

ရှောင်ရန်သင့်သော အနော်ရထာ ကွဲခတ်ကိန်းရှိရာ အရပ်ဒေသကိုဖော်ပြသည့် တွက်နည်းဖြစ်ပါသည်။ ဘေးအန္တရာယ်ရှိသောနေရာ၊ မသွားသင့် မသွားအပ်သောနေရာကို သွားရောက်လျှင် ဘေးဒုက္ခတွေ့ရနိုင်လေသည်။

လူတိုင်း လူတိုင်းအတွက် ရောက်သက်နှင့် ရောက်သက်နှစ်တိုင်း အရပ်ရှစ်မျက်နှာရှိသည့်အနက် အရပ်တစ်မျက်နှာတွင် အနော်ရထာကွဲခတ်ကိန်းရှိနေသည်။ ရောက်သက်တစ်နှစ်တွင်ရှိသော အနော်ရထာကွဲခတ်ကိန်းကို ဖော်ပြသည့် အရပ်ဒေသကိုသိလျှင် ရှောင်နိုင်ပေမည်။

ဘေးအန္တရာယ်ရှိသော စွန့်စားရသည့်အလုပ်ကို လုပ်ကိုင်အသက်မွေးဝမ်းကျောင်းရမည့် သူများအတွက်လည်း ဤတွက်နည်းမှာ သင့်လျော်အရေးပါပေသည်။

ရွှေတွင်း၊ ကျောက်တွင်း၊ ကျောက်မီးသွေးတွင်း၊ သတ္တုတွင်းသို့သွား၍ အလုပ်လုပ်ကိုင်မည့်သူများ၊ နယ်စွန်နယ်ဖျားရေခြားမြေခြားသို့သွားပြီး လုပ်ကိုင်ကြမည့်သူများ၊ ရေကြောင်း၊ ကုန်းကြောင်း၊ လေကြောင်း၊ ခရီးကြမ်းသွားရသူများ၊ လက်ငွေ့နပန်းသမားများ၊ သစ်ဖောင်ဝါးဖောင် သစ်ခုတ်ဝါးခုတ်သမားများ၊ အပဲလိုက်တောလိုက်မုဆိုးများ စသည့် အန္တရာယ်မကင်းသော လုပ်ငန်းလုပ်ကိုင်မည့်သူများအတွက် ပို၍အရေးကြီးပါသည်။

တွက်နည်းမှာ ရောက်သက်ကို တည်၊ ၂ နှင့် ပေါင်း၊ ၈ နှင့်စားပါ။ အကြွင်းကို ကြည့်ပါ။

၁ ကြွင်းလျှင် အရှေ့အရပ် (တနင်္လာထောင့်)၊

၂ ကြွင်းလျှင် အနောက်မြောက်အရပ် (ရာဟုထောင့်)၊

၃ ကြွင်းလျှင် အနောက်အရပ် (ကြာသပတေးထောင့်)၊

၄ ကြွင်းလျှင် မြောက်အရပ် (သောကြာထောင့်)၊

၅ ကြွင်းလျှင် အရှေ့မြောက်အရပ် (တနင်္ဂနွေထောင့်)၊

၆ ကြွင်းလျှင် အရှေ့တောင်အရပ် (အင်္ဂါထောင့်)၊

၇ ကြွင်းလျှင် တောင်အရပ် (ဗုဒ္ဓဟူးထောင့်)၊

၀ ကြွင်းလျှင်(ပြတ်လျှင်) အနောက်တောင်အရပ် (စနေထောင့်)

တို့ကို ရှောင်ပါ။ အနော်ရထာကွဲခတ်ကိန်းရှိရာ အရပ်ဖြစ်သည်။

ရောက်သက်ဆိုသည်မှာ ဥပမာ - အသက် ၂၀ ပြည့်ပြီးလျှင် ရောက်သက်မှာ ၂၁ နှစ်နှင့် တွက်ရပါမည်။ ထို့အတူ အသက် ၃၅ နှစ်ပြည့်ပြီးသူ၏ ရောက်သက်မှာ ၃၆ နှစ်ဖြစ်မည်။ ထိုနည်းအတူ အသက် ၆၅ နှစ်ပြည့်ပြီးလျှင် ရောက်သက်မှာ ၆၆ နှစ်ဖြစ်ပေမည်။

## တွက်နည်းနမူနာ (၁)

ရောက်သက် ၂၈ နှစ်ရှိသူတစ်ယောက်၏ အနော်ရထာကွဲခတ်ကိန်းရှိရာအရပ်ကို ရှာလိုသော် -

အသက်တည်၍ ၂ နှင့်ပေါင်းလျှင်

၂၈ + ၂ = ၃၀



www.burmeseclassic.com

www.burmeseclassic.com

၃၀ ကို ၈ နှင့်စားလျှင်

၃၀ အစား ၈ = အကြွင်း ၆ ရမည်။

၆ ကြွင်းသောကြောင့် အနော်ရထာကျွဲခတ်ကိန်းရှိရာ အရပ်မှာ အရှေ့တောင်အရပ် (အင်္ဂါထောင့်) ဖြစ်၏။

## တွက်နည်းနမူနာ (၂)

ရောက်သက် ၅၄ နှစ်ရှိသူကို တွက်မည်ဆိုလျှင် -

၅၄ + ၂ = ၅၆

၅၆ အစား ၈ = အကြွင်း (၀) ပြတ်၏။

အနော်ရထာကျွဲခတ်ကိန်းမှာ အနောက်တောင်အရပ် (စနေထောင့်)ဖြစ်၏။

## တွက်နည်းနမူနာ (၃)

ရောက်သက် ၆၆ နှစ်ရှိသူတစ်ယောက်၏ ရှောင်ရန် အနော်ရထာကျွဲခတ်ကိန်းရှိရာအရပ်ကို တွက်လိုသော်

၆၆ + ၂ = ၆၈

၆၈ အစား ၈ = အကြွင်း ၄ ရမည်။

၄ ကြွင်းသောကြောင့် အနော်ရထာကျွဲခတ်ကိန်းရှိရာ အရပ်ကို မြောက်အရပ် (သောကြာထောင့်)ဖြစ်၏။

တွက်ချက်ရာတွင် လွယ်ကူ၍ မြန်ဆန်စေရန် လူတိုင်းအတွက် ရောက်သက်များနှင့် အနော်ရထာကျွဲခတ်ကိန်း အရပ်ကို ဖော်ပြသည့် အသင့်တွက်ပြီးဇယားကို ဖတ်ရှုလေ့လာနိုင်ပါသည်။

ဇယားကြည့်နည်းမှာ ရောက်သက်ကို ဇယားတွင်ရှာပြီး ညာဘက်တစ်တန်းတည်း၌ အနော်ရထာကျွဲခတ်ကိန်း အရပ်နှင့် ထောင့်ကိုကြည့်ရပါမည်။

ဥပမာ - ရောက်သက် ၆၆ နှစ်ရှိ သူကိုကြည့်လျှင် ပထမ ၆၆ ကိုရှာပါ။ ညာဖက်တစ်တန်းတည်း၌ ကြည့်ပါက မြောက်အရပ်(သောကြာထောင့်) အနော်ရထာကျွဲခတ်ကိန်း ရှိရာဒေသကို တွေ့ရမည်။

ဥပမာ - ရောက်သက် ၃၁ ရှိသူကို ကြည့်လျှင် ပထမ ၃၁ ကိုရှာပါ။ တွေ့လျှင် ညာဘက်တစ်တန်းတည်း၌ ကြည့်ပါက အရှေ့အရပ်(တနင်္လာထောင့်) အနော်ရထာကျွဲခတ်ကိန်းရှိရာဒေသကို တွေ့ရမည်။

လွယ်ကူပြီး ဇယားကြည့်ရန်မလိုဘဲ လက်တန်းတွက်နိုင်သည့်နည်းကို တင်ပြလိုက်ပါသည်။

"ဖိုးသာအောင်၊ ညည့်ယံ၊ ထိပ်ကိုရောက်"

လင်္ကာကို ကျက်ထားရပါမည်။

## အရပ်ရှစ်မျက်နှာ

| | အရှေ့မြောက်အရပ် | အရှေ့အရပ် | အရှေ့တောင်အရပ် | |
|---|---|---|---|---|
| | တနင်္ဂနွေထောင့် | တနင်္လာထောင့် | အင်္ဂါထောင့် | |
| မြောက်အရပ် | သောကြာထောင့် | | ဗုဒ္ဓဟူးထောင့် | တောင်အရပ် |
| | ရာဟုထောင့် | ကြာသပတေးထောင့် | စနေထောင့် | |
| | အနောက်မြောက်အရပ် | အနောက်အရပ် | အနောက်တောင်အရပ် | |



www.burmeseclassic.com

www.burmeseclassic.com

## ရောက်သက်များနှင့် အနေဒ်ရထာ ကျွဲခတ်ကိန်းဇယား

| ရောက်သက်များ | | | | | | | | | | | | အရပ် | ထောင့် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ၉ | ၁၇ | ၂၅ | ၃၃ | ၄၁ | ၄၉ | ၅၇ | ၆၅ | ၇၃ | ၈၁ | ၈၉ | အနောက် | ကြာသပတေး |
| ၂ | ၁၀ | ၁၈ | ၂၆ | ၃၄ | ၄၂ | ၅၀ | ၅၈ | ၆၆ | ၇၄ | ၈၂ | ၉၀ | မြောက် | သောကြာ |
| ၃ | ၁၁ | ၁၉ | ၂၇ | ၃၅ | ၄၃ | ၅၁ | ၅၉ | ၆၇ | ၇၅ | ၈၃ | ၉၁ | အရှေ့မြောက် | တနင်္ဂနွေ |
| ၄ | ၁၂ | ၂၀ | ၂၈ | ၃၆ | ၄၄ | ၅၂ | ၆၀ | ၆၈ | ၇၆ | ၈၄ | ၉၂ | အရှေ့တောင် | အင်္ဂါ |
| ၅ | ၁၃ | ၂၁ | ၂၉ | ၃၇ | ၄၅ | ၅၃ | ၆၁ | ၆၉ | ၇၇ | ၈၅ | ၉၃ | တောင် | ဗုဒ္ဓဟူး |
| ၆ | ၁၄ | ၂၂ | ၃၀ | ၃၈ | ၄၆ | ၅၄ | ၆၂ | ၇၀ | ၇၈ | ၈၆ | ၉၄ | အနောက်တောင် | စနေ |
| ၇ | ၁၅ | ၂၃ | ၃၁ | ၃၉ | ၄၇ | ၅၅ | ၆၃ | ၇၁ | ၇၉ | ၈၇ | ၉၅ | အရှေ့ | တနင်္လာ |
| ၈ | ၁၆ | ၂၄ | ၃၂ | ၄၀ | ၄၈ | ၅၆ | ၆၄ | ၇၂ | ၈၀ | ၈၈ | ၉၆ | အနောက်မြောက် | ရာဟု |

ရောက်သက်ကိုသိလျှင် စိတ်တွက် ၈ နှင့်စား၍ အကြွင်းကိုရှာရမည်။ ဥပမာ - ၆၆ နှစ်ရှိသူကိုတွက်လျှင် ၈ နှင့်စားပါက အကြွင်း ၂ ရမည်။ လက်ာ၏ ဒုတိယစာလုံး။

သာသည် သောကြာထောင့် (မြောက်အရပ်)သည် ၆၆ ရောက်သက် ရှိသူ၏ အနောက်ရထာကျွဲခတ်ကိန်းရှိရာ အရပ်ဟု တန်းပြောနိုင်သည်။

ဥပမာ - ရောက်သက် ၅၅ နှစ်ရှိ သူကိုတွက်လျှင် ၅၅ ကို ၈ နှင့်စားပါက အကြွင်း ၇ ရမည်။

"ဖိုးသာအောင်၊ ညဥ့်ယံ၊ ထိပ်ကိုရောက်"လက်ာကို လက်ချိုးရေတွက်ပါက (ကို)တနင်္လာထောင့်(အရှေ့အရပ်) ကို အနေဒ်ရထာကျွဲခတ်ကိန်းရှိရာအရပ်ဟု တန်းပြောနိုင်ပါမည်။

လေ့ကျင့်ထားလျှင် အလွန်မြန်ပါသည်။

ညွှန့်လွင်(စက်မှုတက္ကသိုလ်)



www.burmeseclassic.com

www.burmeseclassic.com

# ဘုမ္မိနက္ခတ်နှင့် ယတြာ

## ဆရာတီကာ

တစ်နှစ်အတွင်း ခုနစ်ရက်သားသမီးများ ဘုမ္မိနက္ခတ်စီးသော အချိန်ကာလများတွင် စီးပွားများပျက်၍ ဥပဒ်များ ရတာတ်ပြီး ကျန်းမာရေးညံ့၊ စိတ်ဆင်းရဲစရာ၊ စိတ်ဒေါသ ရောက်စရာများ ကြုံရတာတ်ပါတယ်။ မိသားစုနှင့် ဆွေမျိုး ဉာတိမိတ်ဆွေများ ကွဲကွာရတာတ်သောကြောင့် နှစ်စဉ်တစ်နှစ်အတွင်း သင်သည် မည်သည့်အချိန်ကာလ၌ ဘုမ္မိနက္ခတ်ကျရောက်သော အချိန်ဖြစ်သည်ကို အောက်တွင် ဖော်ပြထားပါတယ်။

၁၂ လရာသီခွင်တွင် မိဿရာသီ အဿဝဏီနက္ခတ်မှစပြီး မိန်ရာသီ ရေဝတီနက္ခတ်အဆုံး နက္ခတ် ၂၇ လုံးရှိပါတယ်။ ၎င်းနက္ခတ် ၂၇ လုံးကို ကိတ်၊ သာ၊ အံ၊ ကျ၊ စံ၊ ရာ၊ မြ၊ နှင်း၊ လာ ဟူ၍ နက္ခတ် ၉ ခိုင်ခေါ် နက္ခတ်သခင်ဂြိုဟ်ကြီး ၉ လုံးရှိပါတယ်။ ၎င်းနက္ခတ်သခင် ဂြိုဟ်ကြီး ၉ လုံးသည် ၁ နေ့ဂြိုဟ်ကြီး ဖြတ်သန်းသွားရာတွင် အစဉ်အလိုက် နက္ခတ်များ စီးသောကြောင့် ၁ နေ့ နက္ခတ်စီးဟုလည်း ခေါ်ဆိုပါတယ်။ ၁ နေ့ဂြိုဟ်ကြီးသည် မိဿရာသီ (ဝံ) သုညဒီဂရီမှစပြီး တစ်နည်း မိဿရာသီ အဿဝဏီနက္ခတ်မှစပြီး မိန်ရာသီ ရေဝတီနက္ခတ်အဆုံး ၁၂ လ ရာသီအား တစ်ပတ်ပတ်မိသောအချိန်တွင် တစ်နှစ်ပြည့်ပါတယ်။ နက္ခတ်တစ်လုံးသည် ၁၃ အံသာ (ဒီဂရီ)နှင့် ၂၀ လိတ္တာရှိပါတယ်။ ဒါကြောင့် နက္ခတ်တစ်လုံးသည် (၁၃) ရက်နှင့် (၁၄) ရက်ကြာနိုင်ပါတယ်။ အဘယ်ကြောင့်ဆိုသော် ၁ နေ့ဂြိုဟ်ကြီးသည် တစ်နေ့ ၂၄ နာရီတွင် တစ်ဝံအံသာတတ်ပါတယ်။ ၎င်းအချိန်ကာလနှင့် ၁ နေ့ နက္ခတ်စီး ရက်၊ လများကို တစ်နှစ်အတွင်း ပုံသေယူ၍ ယေားပြုလုပ်ပြီး အောက်တွင် ဖော်ပြထားပါတယ်။

အထက်ပါ တစ်နှစ်အတွင်း ၁ နေ့ နက္ခတ်စီး အချိန်ကာလများကို သိရှိပြီး သင်သည် မည်သည့်ကာလ၌ ဘုမ္မိနက္ခတ်ကြုံနိုင်သည်ကို အောက်ပါလက်ာအရ ယေားဖြင့် ဖော်ပြထားပါတယ်။

| ဂြိုဟ် | | ၁ နေ့ နက္ခတ်စီး | ကျရောက်သော | အချိန်ကာလများ |
|---|---|---|---|---|
| ကိတ် | ၉ | ၁၆ - ၄ | ၁၆ - ၈ | ၁၆ - ၁၂ |
| သာ | ၆ | ၂၉ - ၄ | ၂၉ - ၈ | ၂၉ - ၁၂ |
| အံ | ၁ | ၁၃ - ၅ | ၁၃ - ၉ | ၁၃ - ၁ |
| ကျ | ၂ | ၂၆ - ၅ | ၂၆ - ၉ | ၂၆ - ၁ |
| စံ | ၃ | ၁၀ - ၆ | ၁၀ - ၁၀ | ၁၀ - ၂ |
| ရာ | ၈ | ၂၂ - ၆ | ၂၂ - ၁၀ | ၂၂ - ၂ |
| မြ | ၅ | ၆ - ၇ | ၆ - ၁၁ | ၆ - ၃ |
| နှင်း | ၀ | ၁၉ - ၇ | ၁၉ - ၁၁ | ၁၉ - ၃ |
| လာ | ၄ | ၃ - ၈ | ၃ - ၁၂ | ၃ - ၄ |



www.burmeseclassic.com

www.burmeseclassic.com

### "ဘောမ ဂုရု ကေတု ယေန"

၃ ဂါသားသမီး - ၅ တေးနက္ခတ်၌ ဘုမ္မိကျပါတယ်။

၅ တေးသားသမီး - ကိတ်နက္ခတ်၌ ဘုမ္မိကျပါတယ်။

ကိတ်သားသမီး - ၃ ဂါနက္ခတ်၌ ဘုမ္မိကျပါတယ်။


နေ့ခုနစ်နေ့တွင် ၄ ဟူး ညနေပိုင်းကို ရာဟုသားသမီးဟု သတ်မှတ်ပြီး ၂ လာနေ့ညနေ သားသမီးကို ကိတ်ဟု သတ်မှတ်ထားပါတယ်။

| နေ့သားသမီး | ဘုမ္မိနက္ခတ်ဂြိုဟ် |
|---|---|
| ၁ နွေ | ၄ ဟူး |
| ၂ လာ | စနေ |
| ၃ အဂါ | ၅ တေး |
| ၄ ဟူး | ရာဟု |
| ၅ တေး | ကိတ် |
| ၆ ကြာ | ၂ လာ |
| စနေ | ၆ ကြာ |
| ရာဟု | ၅ တေး |
| ကိတ် | ၃ ဂါ |

| နေ့သားသမီး | ထန်းလျက်ခဲလုံးရေ | ခေါ်ထားရမည့်အရပ် |
|---|---|---|
| ၁ နွေ | ၆ လုံး | တောင် |
| ၂ လာ | ၁၀ လုံး | အနောက်တောင် |
| ၃ အဂါ | ၇ လုံး | အနောက် |
| ၄ ဟူး | ၁၇ လုံး | အနောက်မြောက် |
| ၅ တေး | ၁၆ လုံး | အိမ်၏အလယ်ဗဟို |
| ၆ ကြာ | ၂၀ လုံး | အရှေ့ |
| စနေ | ၁၉ လုံး | မြောက် |
| ရာဟု | ၁၈ လုံး | အနောက် |
| ကိတ် | ၇ လုံး | အရှေ့တောင် |

ဥပမာ - ၁ နွေသားသမီးသည် ဘုမ္မိနက္ခတ်ဂြိုဟ် ၄ ဟူးဖြစ်နေသောကြောင့် ၃ ရက် ၈ လပိုင်းမှ ၁၅ ရက် ၈ လပိုင်းအတွင်း ၃ ရက်၊ ၁၂ လပိုင်းမှ ၁၅ ရက် ၁၂ လပိုင်းအတွင်း ၃ ရက်၊ ၄ လပိုင်းမှ ၁၅ ရက် ၄ လပိုင်းအတွင်း ဘုမ္မိနက္ခတ်ကျရောက်သော အချိန်ကာလ ဖြစ်နေပါတယ်။ ဒါကြောင့် ၎င်းအချိန်ကာလများတွင် ဤယတြာပြုလုပ်ပါက ဆိုးကျိုးများ ပပျောက်နိုင်ပါတယ်။

**ယတြာ**




ဝါးတိုင်တစ်ခုပေါ်တွင် တောင်းသေးသေး တစ်ခုတင်ပြီး ငှက်ပျောဖက်ခင်းပါ။ ထမင်းအဖြူကို လက်ဖြင့် ၆ ဆုပ်၊ ပန်းအနီတစ်ပွင့်၊ ရေတစ်မှုတ်နှင့် ထန်းလျက်ခဲထည့်ပါ။ ပြီးလျှင် စားချင်တဲ့ သတ္တဝါတွေ စားစေဆိုပြီး လှူပါ။

လှူရမည့်အရပ်နှင့် ထန်းလျက်ခဲလုံးရေကို နေ့သားအလိုက် ဇယားဖြင့် ဖော်ပြထားပါတယ်။

■ ဆရာတီဇင်



www.burmeseclassic.com

www.burmeseclassic.com

# စိတ်နှင့်ရုပ် တစ်ခုနှတ်သော်

မိုးမြင့်လွင်

ဘာသာရေးနှင့်ပတ်သက်၍ အပြန်အလှန် သူ့အမြင်၊ ကိုယ့်အမြင်၊ သူ့အယူအဆ၊ ကိုယ့်အယူအဆ ဆွေးနွေးရခြင်းသည် အဖြေမှန်လည်းရ၍ မွေသာကစ္ဆာ ဖြစ်သည်။

ထိုသို့မဟုတ်ဘဲ ငါပြောတာကသာ မှန်သည်။ မင်းဘယ်လောက်သိလို့လဲ၊ ငါက သေသေချာချာ လေ့လာထားစသည်ဖြင့် ငြင်းခုံနေကြလျှင် ဘာတစ်ခုမှ အကျိုးမခံစားရသလို စိတ်မှာလည်း ဒေါမနဿဖြစ်ရသည်။

စာရေးသူ မှတ်မိနေသေးသည်။ တောမှာနေစဉ်က အလှူပွဲရှင်ပြုပွဲများရှိလျှင် ဘကြီးဘိုးအုန်းတို့၊ ဘိုးတုတ်တို့ လူကြီးပိုင်းသည် ညဘက်ဆိုလျှင် အလှူမဏ္ဍပ်ရောက်လာကြသည်။ တောဓလေ့ တောသဘာဝအတိုင်း ရွာတွင် အလှူရှိပြီဆိုလျှင် မဏ္ဍပ်ဆောက်သည့်နေ့မှစပြီး လူငယ်ပိုင်းကလည်း ပိုင်းဝန်း လုပ်ကိုင်ကြနှင့် အလွန်ပျော်စရာကောင်းသည့် တောအလှူဖြစ်သည်။

ဘကြီးဘိုးအုန်းတို့ လူကြီးပိုင်းကတော့ မဏ္ဍပ်သံယာစင်ပေါ်မှာ ဝိပဿနာအကြောင်း ပြောကြသည်။ ကြာလာသည့်အခါ မင်းနည်းကမှားတယ်၊ ငါ့နည်းကလွယ်တယ်။ မှတ်လို့ကောင်းတယ်။ တစ်ဦးကလည်း အရှုံးမပေး။ အေး- - - ငါက ရိပ်သာဝင်တာနှစ်ကြိမ်ဝင်ပြီးပြီကွ စသည်ဖြင့် ငြင်းကြခုံကြပြီးတော့ အိမ်ပြန်ကြသည်။ ဘာမှအကျိုးမရှိပေ။

တကယ်တော့ မည်သည့်တရားရိပ်သာမဆို ဘယ်နည်းနှင့်ပဲ အားထုတ်အားထုတ် နောက်ဆုံးရည်ရွယ်ချက်ပန်းတိုင်သည် ဒုက္ခခပ်သိမ်းကင်းငြိမ်းရာ အမှန်နိဗ္ဗာန်ချမ်းသာပင်ဖြစ်သည်။

သို့ဖြစ်၍ ဝိပဿနာနှင့်ပတ်သက်၍ ငြင်းခုံကြသူများကို စာရေးသူကိုယ်တိုင် ဓမ္မမိတ်ဆွေတစ်ဦး၏ ကူညီမှုဖြင့် ရိပ်သာဝင် တရားအားထုတ်ခဲ့ရသည်။ ဘဝတစ်လျှောက်မှာ တရားထိုင်တယ်ဆိုတာ ဒီတစ်ကြိမ်ပဲရှိသည်။ တကယ်တော့ တရားရ၏၊ မရ၏ဆိုသည်မှာ မိမိကိုယ်မိမိ အသိဆုံးဖြစ်သည်။ တရားအားထုတ်သူယောဂီ၏ အဇ္ဈတ္တသန္တာန်မှာ တရားရ၏၊ မရ၏ဆိုသည်မှာလည်း တရားကသာသိသည်။ တရားသည် ငြင်းစရာစာအုပ်မဟုတ်ပေ။

ယခုရက်ပိုင်းတွင် စာရေးသူကိုယ်တိုင် အငြင်းသန်သူတစ်ဖက်သတ်အနိုင်ယူလိုသူတစ်ဦးနှင့် ကြုံခဲ့ရသည်။

မိမိဘက်က မှန်သည်ထင်လျှင် ဘယ်သောအခါမှ အရှုံးမပေးတတ်သူ စာရေးသူနှင့် အကြီးအကျယ်ငြင်းခုံရသည်။ မင်းဘာကောင်လဲ၊ ငါဘာကောင်လဲအဆင့်ထိ ရောက်လာတော့သည်။ ပွဲကကြမ်းသည်။ ကြား၍မကောင်းတော့ပေ။

သိပ်တော့ ခက်ရခက်ခဲတော့ မဟုတ်။ သူကပြောသည်၊ လူဆိုတာ စိတ်ကတစ်ခုတည်း ရုပ်ကကိုးဆယ်ဟုဆိုသည်။

စာရေးသမှ မိတ်ဆွေများနေတယ် မဟုတ်ဘူး။ မိတ်ဆွေပြောသည့် စိတ်ဆိုတာ တစ်ခုမကဘူးလေဟု ဆိုသည့်အခါ ခင်ဗျားက ဘယ်လောက်သိလို့လဲ။ ကြားဖူးတယ်မို့လားလူတွေပြောပြောနေကြတာ။ စိတ်တစ်ခု ရုပ်ကိုးဆယ် အကျယ်တစ်ရာနှစ်ဆယ်ဆိုတာ ခင်ဗျားကြားဖူးရဲ့လား။

ဒီမှာကိုယ့်လူ - - ခင်ဗျားလိုကြားဖူးတာမဟုတ်ဘူး။ ကိုယ်တိုင် အဘိဓမ္မာကိုးပိုင်းကို လေ့လာမှတ်သားပြီးမှ ပြောတာ။ စသည်ဖြင့် သူနိုင်ကိုယ်နိုင် ငြင်းခုံစကားသံသည် အခြားလက်ဖက်ရည်ဝိုင်းများကို အားနာလာရတော့သည်။

သူပြောတာ မှားသော်လည်း အရပ်ထဲက လူအတော်များများဟာ ဒီလိုပဲ စိတ်တစ်ခု ရုပ်ကိုးဆယ်ဆိုတော့ စိတ်က တစ်ခုတည်းမို့လို့ပေါ့။ ငါးဆယ်လောက်ဆို အခက်သားဟု ဆိုကြသည်။



www.burmeseclassic.com

www.burmeseclassic.com

တကယ်တော့ ပရိယတ္တိစာပေ မလေ့လာဖူး၊ အားနည်းသူများ ထိုသူကဲ့သို့ပင် သူများအများပြောတာကို စိတ်ထဲမှာ စွဲမှတ်ထားကြသည်။ ဒါကြောင့် ပရိယတ္တိစာပေကို ပါဠိမဟုတ်ရင်တောင် မြန်မာပြန်ကျမ်းစာများကို ဖတ်ရှုသင့်ကြသည်။ တချို့က အလွန်စာဖတ်ပျင်းကြသည်။ စာရေးသူကိုယ်တိုင် ဖတ်စေချင်လွန်း၍ စာအုပ်များပေးသည်ကိုပင် သုံ့များဖတ်ခိုင်းပြီး ထိုင်နားထောင်သူများလည်း တွေ့ရသည်။

အမှန်မှာ စိတ်သည် တစ်ခုမဟုတ်သလို ရုပ်သည်လည်း ကိုးဆယ်ဆိုသည်မှာ မဟာအမှားဖြစ်သည်။ ရကောက်ရုပ်နှင့် ယပက်လက်ယုတ်တို့ မှားယွင်းစွာ မှားခြင်းဖြစ်သည်။

အဘိဓမ္မာ သင်္ဂဟကျမ်းတွင် စိတ်အရေအတွက်၊ ရုပ်အရေအတွက် ဖွင့်ပြထားသည်မှာ…

စိတ်သည် အကျဉ်းအားဖြင့် ၈၉ ရှိသည်။ ကိုးဆယ်ပြည့်ရန် တစ်ခုလိုသောကြောင့် **စိတ်တစ်ခုယုတ်ကိုးဆယ်**ဟု စာအားဖြင့် သုံးစွဲခြင်းဖြစ်သည်။

တစ်ဖန် စိတ်သည် အကျယ်အား တစ်ရာနှစ်ဆယ်မဟုတ်၊ တစ်ရာနှစ်ဆယ့်တစ်ပါး ၁၂၁ ဖြစ်သည်။

ယုတ်မဟုတ်သော ရုပ်တရားသည် နှစ်ဆယ့်ရှစ်ပါး ၂၈ ပါးသာရှိသည်။

ယုတ်နှင့်ရုပ်သည် အသံထွက်ချင်းက တူသည်။ ပရိယတ္တိစာပေကို သေချာစွာ မလေ့လာသောအခါ ထိုကဲ့သို့ မှားရခြင်းဖြစ်သည်။

စိတ်တစ်ခု ယုတ်ကိုးဆယ် ၈၉ ပါးမှာ

(၁) အကုသိုလ်စိတ် ၁၂ ပါး

(၂) အဟိတ်စိတ် ၁၈ ပါး

(၃) ကာမာဝစရစိတ် ၂၄ ပါး

(၄) အရူပါဝစရစိတ် ၁၂ ပါး

(၅) ရူပါဝစရစိတ် ၁၅ ပါး

(၆) မဂ်လေးပါး၊ ဖိုလ်လေးပါးဟု ခေါ်သည့် လောကုတ္တရာစိတ်အကျဉ်း ၈ ပါး

ပေါင်းသော် ၈၉ ပါးဖြစ်သည်။ ကိုးဆယ်ပြည့်ရန် တစ်ခုလိုနေသည်။ အကယ်၍ အကျယ်ကိုရေတွက်သော် လောကုတ္တရာစိတ်အကျဉ်းကိုဖယ်၍ မဂ်စိတ် ၂၀၊ ဖိုလ်စိတ် ၂၀ ပါး ပေါင်းထည့်သော် ၁၂၁ ပါးဖြစ်လေသည်။ ၎င်း မဂ် ၂၀၊ ဖိုလ် ၂၀၊ ၄၀ ကို လောကုတ္တရာစိတ်အကျယ် ၄၀ဟု ခေါ်သည်။ တစ်ဖန် ရုပ် ၂၈ ပါးဆိုသည်မှာ မဟာဘုတ် ၄ ပါးနှင့် ဥပါဒါရုပ် ၂၄ ပါးပေါင်းသော် ၎င်း ၂၈ ပါးသည် ရုပ်တရားဖြစ်သည်။

အဘိဓမ္မာ၏သဘောသည် အလွန်နက်နဲသိမ်မွေ့သည်။ အခြေခံအားဖြင့် သိထားသင့်သည်။ အထူးသဖြင့် ရိပ်သာဝင်တရားအားထုတ်သည့် ယောဂီများအဖို့ အဘိဓမ္မာ ပရမတ္ထတရား ၄ ပါးကိုသိထားလျှင် တရားမှတ်ရသည်မှာ သဘောပေါက်လွယ်ကူသည်။ ကမ္မဋ္ဌာန်းနာစရိယ ဆရာတော်မှ အရိပ်မြွက်ပြောကာဖြင့် မိမိက သဘောနားလည်ပြီးဖြစ်သည်။

စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန် ဤလေးပါးကို တတ္ထာဝုတ္တာ ဘိဓမ္မတ္ထာ စတုဓာပရမတ္ထတော ဟု ဆိုသဖြင့် ပရမတ်မည်သော တရားများဖြစ်သည်။

(ပရမတ္ထ) ပရမတ်၏သဘောသည် လွယ်ကူစွာမှတ်၍လျှင် မဖောက်မပြန် မှန်ကန်သောသဘောသည် ပရမတ်မည်၏။ ဖောက်ပြန်ခြင်းသဘောကား ပညတ်ဖြစ်သည်။

စိတ်ဆိုသည်မှာ အာရုံကို ကြံတတ် စည်တတ်သော သဘောရှိပြီး စေတသိက်သည်ကား စိတ်၌ယှဉ်တတ်သော သဘောရှိ၏။

ရုပ်သည် ဖောက်ပြန်သောသဘောရှိ၍ နိဗ္ဗာန်သည် "မဂ္ဂဖလာန မာရမ္မကာဘူတော အသင်္ခတဓမ္မေ"ဟု ဖွင့်ဆိုသဖြင့် မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတတရားသည် နိဗ္ဗာန်မည်ပေ၏။

ထို့ပြင် ရုပ်ပိုင်း၌လည်း ရုပ်တရားတို့ ဖြစ်ပေါ်လာပုံ၊ ရုပ်တရားတို့ ပျက်စီးဖောက်ပြန်ပုံ၊ ဘာကြောင့် နိဗ္ဗာန်ဟု ခေါ်ပုံများကို အကျယ်တဝင့် ဖွင့်ဆိုထားပါသည်။


အကယ်၍သာ အဘိဓမ္မာကို မှတ်မှတ်သားသား အနည်းငယ်လေ့လာထားကြသူများအဖို့ ယခုကဲ့သို့ ငြင်းခုံစရာ အကြောင်းလည်း မရှိပေ။ ရိပ်သာများ၌ တရားအားထုတ်မည်ဆိုလျှင်လည်း များစွာအထောက်အကူဖြစ်သဖြင့် ဗုဒ္ဓဘာသာဝင်များအနေဖြင့် စာဖတ်မပျင်းကြဘဲ အဘိဓမ္မာအား ဖတ်ရှုကြပါရန် ရေးသားတိုက်တွန်းလိုက်ရပါသည်။

မိုးမြင့်လှ



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# သူတို့ကို ကယ်ကြပါ

**မီတာမြဦး**

မြန်မာနိုင်ငံအလယ်ပိုင်း မန္တလေးတိုင်း ထောင်အုပ်စုအတွင်းရှိ အကျဉ်းထောင်သစ်ကြီးတစ်ခုမှ ယာယီဝန်ထမ်းအိမ်ရာရှိ ထောင်မှူးကျော်ထွန်းနိုင်၏ နေအိမ်တွင် ဖြစ်လေသည်။

"ဗုန်း…ဗုန်း…ဗုန်း…ဘတ်ဘတ်ဘတ်"

"အို…ဒါဘာသံတွေလဲတော်"

ထောင်မှူးကတော်၏ အသံဖြစ်၏။

"ဟော့…အပြင်က ထရံကို ထုနေတာ ဘယ်သူလဲကွ"

ထောင်မှူးကျော်ထွန်းနိုင်က အိမ်ထဲမှ လှမ်းမေးသည်။

"ဘတ်ဘတ်ဘတ်··ဗုန်းဗုန်းဗုန်း"

"ထွက်ကြည့်ပါဦး ကိုကျော်…။ အပြင်မှာ ဘာတွေဖြစ်နေတာလဲလို့"

ထောင်မှူးကျော်ထွန်းနိုင် အိမ်ပြင်ထွက်၍ သွားကြည့်သည်။ ခဏကြာတော့ အိမ်ထဲပြန်ဝင်လာသည်။

"ဟာ…ဒီမှာ လူလည်းမတွေ့ဘူး ခွေးလည်းမတွေ့ဘူး။ ဘယ်လိုဖြစ်တာလဲ မသိဘူး"

အချိန်က နေ့လယ် ၁၂ နာရီ နေ့ခင်းကြောင်တောင်ကြီး။ ထောင်မှူးကျော်ထွန်းနိုင် ထမင်းစားထွက်လာချိန်ဖြစ်၏။

"တကယ် ဘာမှမတွေ့ဘူးလား ကိုကျော်"

"အေး…"

နေ့ခင်းနေ့လယ်ဖြစ်၍ သရဲတစ္ဆေကလည်း မဖြစ်နိုင်ပြန်။

"ကောင်းပြီ၊ နောက်တစ်ခါဖြစ်ရင် ပြော။ ငါလာကြည့်မယ်"

ထောင်မှူးကျော်ထွန်းနိုင် ထောင်ထဲပြန်ရောက်တော့ လုပ်ဖော်ကိုင်ဘက် ထောင်မှူး ရန်နိုင်အား ထိုအဖြစ်ကို ပြောပြတော့ သူက ထိုသို့ပြောသည်။ သိပ်လည်း စိတ်ဝင်ပားဟန် မတွေ့ရ။

ထူးခြားသည်မှာ ထိုနေ့ ည ၇ နာရီခန့်တွင် ညစာစားနေကြစဉ် နေ့လယ်ကအတိုင်း အိမ်နံရံကို တဗုန်းဗုန်းနှင့် လာထုသံကြားရပြန်သည်။ ကိုကျော်က လက်နှိပ်ဓာတ်မီးယူ၍ ထရံအနှံ့လိုက်ထိုးကြည့်သော်လည်း ဘာအရိပ်အယောင်မှ မတွေ့ရ။

"ဘုန်းကြီးငါးပါးပင့်ပြီး ပရိတ်ရွတ်မှ ဖြစ်မယ်ကွ။ ဒါ…နာနာဘာဝပဲ"

ထောင်မှူးရန်နိုင်ကို ခေါ်ပြတော့ သူက စဉ်းစားပြီး မှတ်ချက်ပြုသည်။

"မင်းက နာနာဘာဝလို့ ဘာလို့ ပြောနိုင်ရတာလဲ"

"ဒါက အရှင်းကြီးပဲဥစ္စာ။ နေ့လယ်က အသံပြုတာရော၊ အခုညရော ထမင်းစားချိန်ချည်း ဖြစ်နေတယ်မဟုတ်လား"

"အေး…အဲဒါ ဘာဖြစ်လဲ"

"အဲဒီတော့ မင်းပဲစဉ်းစားကြည့်။ နာနာဘာဝလို မမြင်ရတဲ့ အရာတစ်ခုက အစာလာတောင်းနေသလို ဖြစ်မနေဘူးလား"

"မင်းပြောတာကြားရတာ ထမင်းစားရမှာတောင် ကြက်သီးထတယ်"

"အေး…ပိုသေချာအောင် တစ်ရက်နှစ်ရက် စောင့်ကြည့်ချင် ကြည့်ဦးပေါ့ကွာ"

ဟုတ်ပါသည်။ ထိုထရံပုတ်သံများသည် သုံးရက်ကြာအောင် နေ့လယ်ထမင်းစားချိန်နှင့် ညစာစားချိန်တိုင်း ကြားရပြန်ပါသည်။ ထို့ကြောင့် နောက်တစ်နေ့ နံနက်ပိုင်း၌ သံဃာငါးပါးပင့်ကာ အန္တရာယ်ကင်း ပရိတ်ရွတ်ခဲ့ရ၏။

သို့တစေ အခြေအနေက ထူးမခြားနားပင်။ နောက်နေ့များတွင်လည်း ထရံပုတ်သံက အချိန်မှန်ပေါ်လာသည်သာ။ တစ်ခါတစ်ရံ ပို၍ပင် ကြမ်းတမ်းကာ အသံကပါ ပို၍ကျယ်လာတတ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com

"အင်း...ကြည့်ရတာ ပုဏ္ဏက အင်းလို ခပ်ကြမ်းကြမ်းအင်းတွေ ဘာတွေများ မြှုပ်ထားလားမသိဘူး။ ဒီလိုလုပ်ပါ။ ငါမနက်ဖြန် မြို့ထဲသွားရင်း ပယောဂဆရာကြီး ဦးထွန်းရွှေကို ဝင်တွေ့ကြည့်လိုက်ဦးမယ်"

ထောင်မှူးရန်နိုင်က တစ်မျိုးအကြံပြုလာပြန်၏။

"အေး...မင်းကြိုက်သလိုသာ လုပ်ပါတော့"

ကိုကျော်က စိတ်ပျက်လက်ပျက် ပြောလိုက်သည်။

နောက်တစ်နေ့ နေ့ခင်းပိုင်းတွင် ထောင်မှူးရန်နိုင်နှင့်အတူ ပယောဂဆရာကြီး ဦးထွန်းရွှေဆိုသူ ရောက်လာလေသည်။

"ဆရာ...ဒီမှာနေတာ ကြာပြီလား"

ဦးထွန်းရွှေက ထောင်မှူးကျော်ထွန်းခိုင်အား မေးသည်။

"တစ်နှစ်ကျော်လောက် ရှိပါပြီ ဆရာကြီး"

"ဒီကြားထဲ ဘာထူးထူးခြားခြား ရှိဖူးလဲ"

"ခုတစ်ခါပဲ ဖြစ်သေးတယ်"

"ခုလို ထမင်းစားချိန်တိုင်း ထရံကို လာလာထုတာ ဘယ်နရက်ရှိပြီလဲ"

"တစ်ပတ်ကျော်လောက် ရှိပါပြီ"

ဆရာကြီးက အိမ်ပြင်ထွက်၍ အထုခံရသော နေရာမှ ထရံကို သေချာကြည့်သည်။ မြေကြီးပေါ် ထိုင်လျက် ထရံများကို ကိုင်ကြည့်သည်။ ထရံမှာ မြေစိုက်အိမ်ဖြစ်၍ မြေကြီးထဲသို့ အနည်းငယ်မြှုပ်ဝင်နေသည်။

"ကျွန်တော် ဒီထရံကာပ်ထားတဲ့ တိုင်နှစ်တိုင်ကို တူးကြည့်ချင်တယ်"

ဆရာကြီးဦးထွန်းရွှေက ပြောသည်။

"ရပါတယ် ဆရာကြီး။ ကျွန်တော် လူခေါ်ပေးပါ့မယ်"

ထောင်မှူးရန်နိုင်က မလှမ်းမကမ်းရှိ တောင်ယာဘုတ်ထဲမှ အကျဉ်းသားနှစ်ယောက်ကို ခေါ်လိုက်သည်။

"မင်းတို့ ဒီတိုင်နှစ်တိုင်ကို တစ်ယောက်တစ်တိုင်စီ ပေါ်အောင်တူးကြစမ်းကွာ"

အကျဉ်းသားနှစ်ယောက်က ပါလာသော ပေါက်ပြားများဖြင့် စတူးသည်။ သူတို့ စတူးသည်နှင့် ဆရာကြီးက အိမ်တိုင်နှစ်တိုင် ရှေ့တည့်တည့်လောက်က မြေကြီးပေါ်တွင် ကြေးလင်ပန်းကို ချကာ နှုတ်က ဂါထာများ အဆက်မပြတ် ရွတ်လျက် ဖယောင်းတိုင် ၁၀ တိုင်ပြည့်အောင် ထွန်းလေသည်။

ထို့နောက် မြေကြီးပေါ်တွင် တင်ပျဉ်ခွေထိုင်ကာ မျက်စိများမှိတ်လျက် ဂါထာများ ဆက်၍ ရွတ်ဆိုလေသည်။ အကျဉ်းသားနှစ်ယောက်မှာ တိုင်နှစ်တိုင်ကို တစ်ပြိုင်တည်းတူးနေပါလေသည်။

"ဗုန်းဗုန်းဗုန်း...ဘုတ်ဘုတ်ဘုတ်"

ရုတ်တရက်ပေါ်လာသော ထရံထုသံကြောင့် အကျဉ်းသားနှစ်ယောက် ဆက်မတူးရဲတော့ဘဲ ပေါက်ပြားများကို ပစ်ချကာ နောက်ဆုတ်လိုက်ကြသည်။ ထရံထုသံမှာလည်း ဖြုန်းခနဲရပ်သွား၏။

"ဘာမှ မကြောက်ကြနဲ့။ ဆရာကြီး ရှိတယ်။ ကဲ...ဘယ်ဘက်ကလူက ဆက်တူးကြည့်စမ်း"

ဘယ်ဘက်က အကျဉ်းသား ခပ်ကြောက်ကြောက်နှင့် ဆက်တူးသည်။ ငါးမိနစ်ခန့်ကြာသည်အထိ ထရံထုရိုက်သံ မကြားရ။ ဆရာကြီးက -

"ကဲ...မင်းရပ်တော့။ ညာဘက်ကတိုင်ကို ဆက်တူးကြည့်ပါ"

"ဘုတ်ဘုတ်ဘုတ်...ဗုန်းဗုန်းဗုန်း"

ညာဘက်အကျဉ်းသား လေးငါးချက်ခန့် တူးမိသည်နှင့် ထရံကို ထရိုက်သံ ကျယ်လောင်စွာ ပေါ်ထွက်လာ၏။ အကျဉ်းသားက ဆရာကြီးကို လှည့်ကြည့်သည်။ ဆရာကြီးက -

"ရဲရဲသာ ဆက်တူးပါကွယ်။ မကြောက်နဲ့ လုံးဝ မရပ်လိုက်ဘဲ ဆက်သာတူးပါ"

အကျဉ်းသားက ဆက်တူးလေ ထရံထုသံက ပို၍ကျယ်လာလေ။ ဆရာကြီးက လက်ဟန်ဖြင့် ဆက်တူးခိုင်းလေသည်။ သုံးလက်မပတ်လည် သစ်မာသားအိမ်တိုင်မှာ မြေကြီးအတွင်းသို့ လေးပေခန့်သာ အနက်ရှိပေရာ မကြာမီ သစ်သားတိုင်၏ အောက်ခြေပေါ်လာတော့သည်။ ထရံထုရိုက်သံကလည်း ပို၍ကျယ်လာသည်။

ဆရာကြီးက အကျဉ်းသားနှစ်ယောက်အားဖြင့် သစ်သားတိုင်ကို အပေါ်သို့ မ,တင်စေလိုက်ရာ ထရံထုသံမှာ ချက်ချင်းပျောက်သွားတော့၏။ ဆရာ



www.burmeseclassic.com

www.burmeseclassic.com

ကြီးက မြေကြီးပေါ် ဆောင့်ကြောင့်ထိုင်ကာ သစ်သားအောက်ခြေရှိခဲ့သော နေရာ၏ အောက်တည့်တည့်ကို လက်ဖြင့်နှိုက်ကာ တစ်စုံတစ်ခုကို ဆွဲမယူလိုက်သည်။

"ဟာ..."

အနီးရှိသူအားလုံး အံ့သြလွန်း၍ အာမေဋိတ်သံ ဟာခနဲ တစ်ပြိုင်တည်း ထွက်သွားကြ၏။ အဘယ်ကြောင့်ဆိုသော် ဆရာကြီးလက်ထဲကိုင်ထားသော ပစ္စည်းမှာ အတော်ကြီးမားသော လူဦးခေါင်းခွံတစ်ခု ဖြစ်နေသောကြောင့်ပါတည်း။ ဆရာကြီးက -

"ဒီအိမ်စဆောက်တုန်းက သစ်သားတိုင်ခြေနဲ့ ဒီဦးခေါင်းခွံ မထိသေးဘူး။ နှစ်မိုးလောက်ကြာလာတော့ အိမ်တိုင်ခြေ တဖြည်းဖြည်း မြေကြီးထဲနစ်ဝင်လာပြီး လွန်ခဲ့တဲ့ တစ်ပတ်ကျော်လောက်က စပြီး အိမ်တိုင်ခြေက ဒီဦးခေါင်းခွံအပေါ်မှာ အလေးချိန်နဲ့ ဖိမိလာတယ်"

အားလုံး ငြိမ်သက်စွာ နားထောင်နေကြ၏။

"ဒီဦးခေါင်းခွံမှာ မကျွတ်မလွတ်သေးတဲ့ ဝိညာဉ်တစ်ခု ခိုအောင်းနေတာဆိုတော့ သူ့ခေါင်းပေါ်ကို တဖြည်းဖြည်း အိကျလာတဲ့ အလေးချိန်ကို မခံနိုင်တော့ဘဲ အပေါ်က ထရံကို ထုရိုက်ပြီး အကူအညီတောင်းကြတာပေါ့လေ"

"ဩော်...ဒါဆို သရဲခြောက်တာ မဟုတ်ဘူးပေါ့"

ထောင်မှူးကျော်ထွန်းခိုင်က မေးလိုက်သည်။

"လူ့ဘဝမှာ သေပြီး မကျွတ်မလွတ်နိုင်ဘဲ ပြိတ္တာလိုဘဝမျိုးရောက်နေတဲ့ တွယ်ရာမဲ့ ဝိညာဉ်လိပ်ပြာတွေဟာ လူတွေကို အကူအညီတောင်းတတ်ကြတယ်။ နည်းအမျိုးမျိုးနဲ့ပေါ့လေ။ တချို့က အနံ့ပေးပြီး အသိပေးတယ်၊ တချို့ ကိုယ်ထင်ပြပြီး အကူအညီတောင်းတတ်ကြသလို၊ အခုလို ထရံကို ထုရိုက်ပြီး သူတို့ဝဋ်ဒုက္ခကို ကယ်တင်ပေးဖို့ တောင်းပန်တာမျိုးလည်း ရှိတယ်။ ဒါကို နားမလည်တော့ လူတွေက သရဲခြောက်တယ်ထင်ပြီး ကြောက်လန့်တတ်ကြတယ်"

"ဩော်..."

ထောင်မှူးကျော်ထွန်းခိုင်က ခေါင်းဆတ်ခနဲညိတ်ကာ -

"သဘောပေါက်ပါပြီ ဆရာကြီး။ ဒါပေမယ့် ကျွန်တော်နားမလည်တာက ဒီဦးခေါင်းခွံကြီးက ဘာဖြစ်လို့ အိမ်အောက်ထဲ ရောက်နေရတာလဲလို့"

ဆရာကြီးက ထောင်မှူးရန်နိုင်အား လှည့်ကြည့်သည်။

"ဆရာတို့ထဲမှာ ဒေသခံဝန်ထမ်းတွေ မပါဘူးလား"

"ဟုတ်ကဲ့၊ မပါပါဘူး"

"အင်း...ဒါဆို ဘယ်သိနိုင်ပါ့မလဲ။ အမှန်က ဒီနေရာကို ဟိုးအရင် အင်္ဂလိပ်ခေတ်ကတည်းက သင်္ချိုင်းလုပ်ထားခဲ့ကြတာလေ။ ခုတော့ သင်္ချိုင်းမြေပြောင်းပေါ့ကွယ်"

"ဩော်...ခုမှပဲ ရှင်းတော့တယ်။ ဒါနဲ့ ဆရာကြီး ဒီအရိုးခေါင်းခွံကြီးကို ဘယ်လိုက်လုပ်ရမလဲ"

ထောင်မှူးရန်နိုင်က မေးသည်။

"ဒီအတွက်တော့ ဘာမှမပူပါနဲ့။ သူ့ကို ကောင်းရာမွန်ရာ ရောက်အောင် ဆရာကြီးပဲ စီရင်လိုက်ပါ့မယ်။ ကဲ.. အားလုံးပဲ။ သွားပြီနော်"

"ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ် ဆရာကြီး"

ပယောဂဆရာကြီး ဦးထွန်းရွှေ ဦးခေါင်းခွံကြီးကိုကိုင်ကာ အကျဉ်းထောင်နယ်မြေမှ ပြန်လည်ထွက်ခွာသွားလေတော့၏။

"ဩော်...လက်စသတ်တော့ ငါ့အိမ်ထရံကို လာလာထုနေတာ သရဲခြောက်တာမဟုတ်ဘဲ သူ့ခေါင်းပေါ်မှာ အိမ်တိုင်ဖိနေလို့ အကူအညီတောင်းနေတာပါလား"

ထိုအခါမှ ထောင်မှူးကျော်ထွန်းခိုင် သဘောပေါက်နားလည်လာသည်။ ထို့အတူ ထောင်မှူးရန်နိုင်မိသားစုနှင့်တကွ ဝန်ထမ်းမိသားစုအားလုံးတို့ကပါ နာနာဘာဝတို့၏ ဒုက္ခဝေဒနာကို သနားကရုဏာပွားကာ ကိုယ်ချင်းစာမိကြပါတော့သတည်း။

**ပီတာမြဦး**



www.burmeseclassic.com

www.burmeseclassic.com



ပြည်တွင်းပြည်ပ

# စိတ္တဇလောက ယုံကြည်ချက်များ

လှထိုး [စိတ်ပညာ]

## ပရလောကသားနှင့် လူသူတော်ဆရာကြီး

(၁)

ပရလောကသားတို့ ရှိသည်ကို ပုဂ္ဂိုလ်အမျိုးမျိုးတို့ ကြုံတွေ့ဖူးကြသည်။ ပရလောကသားတို့မှာလည်း ကောင်းသူ၊ ဆိုးသူတို့ ရှိကြသည်။ အချို့က သီလ၊ သမာဓိနှင့် ပြည့်စုံသူတို့ကို ဒုက္ခပေးတတ်သည်။ အချို့က ကူညီစောင့်ရှောက်တတ်ကြသည်။ ဤသဘောမျိုးကို လောကီထွက်ရပ်လမ်းကို ကျင့်ကြံနေသူများကိုယ်တိုင် တွေ့ရှိကြရသည်။ ဤအကြောင်းနှင့် ပတ်သက်၍ ဖြစ်ရပ်မှန် သာဓကတစ်ခုကို ဆရာမင်းသူရိန် ရေးသားသော "ဗုဒ္ဓဂုဏ်တော်များ" စာအုပ်မှ ဖော်ပြလိုက်ပါသည်။

ဇင်းကျိုက်တောင် ဆရာကြီးတစ်ဦးသည် လောကုတ္တရာထွက်ရပ်လမ်းကို ရည်သန်၍ ဇင်းကျိုက်တောင်သို့ ထွက်လာခဲ့ခြင်းဖြစ်ပါသည်။ ဇင်းကျိုက်တောင်သို့ ရောက်သည့်အခါတွင် အများအားဖြင့် လောကီဇွက်ရပ်လမ်းကိုလိုက်သော ပုဂ္ဂိုလ်များနှင့်သာ တွေ့ဆုံရပါသည်။ ယင်းပုဂ္ဂိုလ်များထဲတွင် အစစ်တစ်ခု၊ အတုတစ်ထောင်ဆိုသကဲ့သို့ အမျိုးမျိုး ပါဝင်သည်ဟု ဆိုပါသည်။

* * *

(၂)

တစ်နေ့တွင် ဆရာကြီးအားထုတ်ရာ ဇင်းကျိုက်တောင်ခြေသို့ အသက် ၆၀ ခန့် လူသူတော်ကြီးတစ်ဦး ရောက်ရှိလာပါသည်။ အဆိုပါ လူသူတော်ပုဂ္ဂိုလ်ကြီးအား တွေ့ဆုံနှုတ်ဆက် မေးမြန်းကြည့်သောအခါ အေးအေးဆေး



www.burmeseclassic.com

www.burmeseclassic.com

ဆေး ပုတီးစိပ်ရင်း တရားနလုံးသွင်းလို ကြောင်း ပြောပြသဖြင့် တစ်ယောက်နေ ကမ္မဋ္ဌာန်းကျောင်းလေးတစ်ကျောင်းကို ညွှန်ပြပြီး အပ်ထားလိုက်ပါသည်။

တောင်ခြေတွင် အားထုတ်နေကြ သူများမှာ အသီးသီး ကိုယ်စီကိုယ်င ကိုယ့်တရားကိုယ် နလုံးသွင်းနေကြ သဖြင့် တစ်ဦးနှင့်တစ်ဦး ကူးလူးရောယှက်ခြင်းမရှိ။ ရှင်းရှင်းအေးအေး နေလေ့ရှိကြပါသည်။ ၁၀ ခန့်အကြာတွင် လူသူတော်ကြီး၏ နေထိုင်စားသောက် လှုပ်ရှားမှုသတင်းကလေးများကို ကြားရပါသည်။

အဆိုပါ လူသူတော်ကြီးသည် ပိတ်ဖြူပုဆိုးအင်္ကျီကို ဝတ်ဆင်၍ ပိတ်ဖြူခေါင်းပေါင်းကို အမြဲပေါင်းထားလေ့ ရှိပါသည်။ ကိုးပါးသီလကို အမြဲစောင့် ထိန်း၍ ပရိတ်မေတ္တာဘာဝနာများကို ညလုံးပေါက် ရွတ်ပွားသရဇ္ဈာယ်နေလေ့ ရှိပါသည်။

အစားအသောက်မှာလည်း ထမင်းကို လုံးဝမစားဘဲ ကန်စွန်းရွက်ပြုတ် လက်တွင်းတစ်ဆုပ်ခန့်၊ သခွားသီး ပြုတ်တစ်စိတ်ခန့် ဘူးသီးပြုတ် လက် နှစ်လုံးခန့်၊ ငှက်ပျောသီးမှည့်ဆိုလျှင် နှစ် လုံးခန့်ကိုသာ နေ့မွန်းမလွဲမီ ပဲငံပြာရည် ဖြင့်တို့၍ တစ်ထပ်သာစားလေ့ရှိပါသည်။

လူသူတော်ဆရာကြီး၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ နေထိုင်ပြောဆို လှုပ်ရှားစားသောက်ပုံတို့မှာ ကြည်ညို ဖွယ်ရာ ဖြစ်ပါသည်။ စားသောက်မှု အတွက် ပြုစုရသည်မှာလည်း ပေါ့ပါး လွယ်ကူလှပါသည်။ မည်မျှပင် ဆင်းရဲ သူဖြစ်စေကာမူ လူသူတော်ကြီးအား ကျွေးမွေးပြုစုနိုင်ပါသည်။ လူကြီးလူငယ် ကလေးသူငယ်များမှအစ ချိုချို သာသာ စကားပြောဆိုတတ်သဖြင့် တွေ့ ကြုံဖူးသူတိုင်းပင် လူသူတော်ကြီးအား ခင်မင်ကြည်ညိုလေးစားသွားကြပါသည်။

ဖင်းကျိုက်တောင် ဆရာကြီးသည် လူသူတော်ကြီးအား တွေ့ခဲ့စက ဝိဇ္ဇာ ယောင်ယောင်၊ မှော်ယောင်ယောင် ယောင်ခြောက်ဆယ်တစ်ဦးများ ဖြစ်နေ မည်လားဟု အမှုမဲ့အမှတ်မဲ့ ဂရုမပြုဘဲ နေခဲ့မိပါသည်။ နောက်ပိုင်းတွင် တစ်ဦး နှင့်တစ်ဦး ရင်းနှီးဆွေးနွေးမိသောအခါ မှ လူသူတော်ဆရာကြီးသည် စာပေ ပရိယတ္တိများ တတ်ကျွမ်းပြီး လောကီ၊ လောကုတ္တရာ နှစ်လီနှစ်ဝ လိုက်စား အားထုတ်ခဲ့သော ပုဂ္ဂိုလ်ကြီးတစ်ဦးဖြစ် ကြောင်း တွေ့ရှိရပေသည်။

× × ×

(၃)

တစ်ညသော် လူသူတော်ဆရာကြီးက "ဖင်းကျိုက်တောင်တွင် အေး အေးဆေးဆေး တရားအားထုတ်ရန် လာခဲ့ခြင်းဖြစ်သော်လည်း ယခု လူ အဝင်အထွက်များလာပြီဖြစ်၍ ဒီမှာ ကြာရှည်နေလို့မဖြစ်ဘူး ပြန်ဦးမည်"ဟု ပြောပါသည်။ ဆက်လက်၍ သူသည် စစ်ကိုင်းတောင်ရိုးတွင် ရဟန်းဘဝဖြင့် ဆယ်ဝါတိုင်တိုင် စာပေပရိယတ္တိများကို အားထုတ်ခဲ့ဖူးသည်။ ရဟန်းဘဝဖြင့် လောကီထွက်ရပ်လမ်းကို လိုက်စား အားထုတ်ရန် မလွယ်ကူ(မလျော်လု သည့်အတွက်) လူထွက်ကာ ဝတ်ဖြူ စင်ကြယ်ဘဝသို့ ရောက်ရှိခဲ့ကြောင်း ပြောပြပါသည်။

စကားစပ်မိကြရင်း ဓမ္မပဒ အဋ္ဌကထာ၌ ပါရှိသော ဝင်္ဂီသမထေရ် အကြောင်း စကားစပ်မိကြရာ ဝင်္ဂီသ (ဝင်္ဂီသမထေရ်မဖြစ်ခင် လူ့ဘဝဖြင့်) သည် သေသွားသူတို့၏အရိုးကို ခေါက် ၍နားထောင်လျှင် သေသူသည် ဘယ် ဘဝရောက်နေသည်ကို သိကြောင်း။ ယင်းအတတ်ပညာသည် လောကီဂန္ဓာရီ အတတ်ပင်ဖြစ်ကြောင်း၊ ဗေဒင်လေးပုံတို့ တွင် အာတပ္ပနဗေဒင်၌ အကျုံးဝင် ကြောင်း ပြောပြပါသည်။

"ယင်းအတတ်ပညာမျိုးကို ဆရာကြီးကော သိရှိပါသလား"ဟု ဖင်းကျိုက် တောင်ဆရာကြီးက မေးမြန်းလာရာ လူ သူတော်ဆရာကြီးက "အင်း . . .မခဲ ယဉ်းလှပါဘူး"ဟု ပြန်ပြောပါသည်။ ဆက်လက်၍ ယင်းအတတ်ပညာမျိုး မှာ သရဏဂုံ ၃၀ ကို ပုတီးစိပ်ခြင်းဖြင့် လည်း ရနိုင်ကြောင်းဖြင့် သရဏဂုံ ၃၀ ပုတီးစိပ်နည်းကို အောက်ပါအတိုင်း အကျယ်တဝင့် ရှင်းလင်းပြောပြပါသည်။

× × ×

(၄)

သရဏဂုံ ၃၀ ကို အဓိဋ္ဌာန်ပုတီး စိပ်မည်ဆိုလျှင် မိမိနေထိုင်ရာဒေသနှင့် မနီးမဝေး တောစိုးသစ်ပင်ကြီးများ ရှိ လျှင် ၎င်းသစ်ပင်ကြီးခြေရင်း၌ သရဏ ဂုံ ၃၀ ကို ညလုံးပေါက် ၁၂ ညတိတိ စိပ်ရပါသည်။ ဤနည်းမျိုးဖြင့် တောစိုး သစ်ပင်ကြီး ၁၂ ပင်ပြည့်အောင် အား ထုတ်ရပါသည်။ (တောစိုးသစ်ပင်ဆို သည်မှာ အခြားသစ်ပင်များထက်ကြီး၍



www.burmeseclassic.com

www.burmeseclassic.com

မြင့်မားသောသစ်ပင် ဖြစ်ပါသည်။)

ဇင်းကျိုက်တောင် ဆရာကြီးက "ဤကဲ့သို့ ညလုံးပေါက် တစ်ယောက်တည်း ပုတီးစိပ်သည့်အခါ အခြောက်အလှန့် အဖျက်အဆီးများ မတွေ့ဘူးလား"ဟု မေးရာ တွေ့တော့တွေ့တတ်ပါသည်။ သတ္တိကောင်းဖို့ စိတ်ခိုင်မာဖို့ လိုပါသည်။ ကြောက်တတ်သူဆိုလျှင် အားမထုတ်ဘဲနေတာက ကောင်းပါသည်။ ခြောက်လှန့်သည်ဆိုသော်လည်း ပုတီးစိပ်စပိုင်းလောက်သာ ဖြစ်တတ်ပါသည်။ သစ်ပင်ပေါ်က သစ်ကိုင်းများ ချိုးချလိုက်သလို တင်ပျဉ်ခွေပေါ်သို့ အရာဝတ္ထုတစ်ခု ဖုတ်ခနဲကျလာသလို မျိုးလောက်သာ ဖြစ်တတ်ပါသည်။ စိတ်ကိုလည်း တည်ငြိမ်စွာထား၍ ပုတီးကိုသာ မြဲမြဲစိပ်နေပါက ယင်းခြောက်လှန့်မှုမျိုး မတွေ့ရတော့ပါ။

ယင်းကဲ့သို့ သစ်ပင် ၁၂ ပင် ပြည့်သောအခါ သစ်ပင်စောင့် ရက္ခစိုးများနှင့် အကျွမ်းတဝင်ဖြစ်သွားပါသည်။ မိမိပတ်ဝန်းကျင်၌ နေထိုင်ကြသောသူများကလည်း ဆရာ၊ ဆရာနှင့် မြှောက်စား၍လာတတ်ပါသည်။ တော်ရုံတန်ရုံ ရောဂါငယ်များကိုလည်း ရေကို သရဏဂုံမန်း၍ ပေးလိုက်သည်နှင့် ပျောက်ကင်းသွားတတ်ပါသည်။ ခင်မင်ကြည်ညိုသူများ တစ်နေ့တခြား ပေါများလာပါသည်။ ရက္ခစိုးများက ပြောကြားပြသခြင်းဖြင့် ကံအားလျော်စွာ အကြားအမြင်ရတတ်ပါသည်။ သေသူ၏အကြောင်းများကိုလည်း အာရုံပြုလိုက်လျှင် သိလာတတ်ပါသည်။ အချုပ်အားဖြင့်ဆိုပါလျှင် ရက္ခစိုးနတ်များနှင့် မိတ်ဆွေဖွဲ့၍ အောင်မြင်ခြင်းကြောင့် "ရက္ခမှုအောင်တယ်"ဟု ခေါ်ကြပါသည်။

အဖျက်အဆီးများလည်း တွေ့တတ်ပါသည်။ အဖျက်အဆီးဆိုသည်မှာ မိမိ၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့ကို ပျက်စီးစေသော မိန်းမနှင့်ငွေပဲ ဖြစ်ပါသည်။ အဆိုပါကျင့်စဉ်ကို အားထုတ်ရာတွင် အနည်းဆုံး ငါးပါးသီလကိုတော့ ဆောက်တည်ရပါသည်။ ထိုထက်တတ်နိုင်လျှင် ရှစ်ပါးသီလ၊ ကိုးပါးသီလများကို ဆောက်တည်ရပါသည်။

တစ်စုံတစ်ခုသော အကြောင်းကြောင့် ပျက်ပြယ်သွားပါက မိမိနှစ်သက်ရာ သီလကို ဆောက်တည်ပြီး တောစိုးသစ်ပင်ကြီး ၁၂ ပင်အောက်တွင် သရဏဂုံ ၃၀ ကို ပုတီးပြန်စိပ်က ပြန်ရပါသည်။

ရက္ခမှုကျင့်စဉ်အတိုင်း အဓိကတောင်ကြီး ၁၂ တောင်၊ တောကြီး ၁၂ တော၊ သုသာန် ၁၂ ရပ်တို့၌လည်း ဤနည်းအတိုင်း သရဏဂုံ ၃၀ ကို ပုတီးစိပ်သွားလျှင် ရပါသည်။

× × ×

(၅)

ဤကျင့်စဉ်များကို ဆရာကြီးကိုယ်တိုင် အားထုတ်ခဲ့ပါပြီလားဟု ဇင်းကျိုက်ဆရာကြီးက မေးမြန်းရာ "အောင်မြင်ပြီးမြောက်ခဲ့ပါပြီ" ဒီကျင့်စဉ်တွင်မက ပထမံ စမရှပ်မော်ကိုလည်း အောင်မြင်ခဲ့ပါပြီ။ နက္ခတ်ပညာကိုလည်း ဂဏန်းနှင့်တွက်တာရော၊ မျက်မြင်ရော လေ့လာပြီးခဲ့ပါပြီ။ လုပ်ရပ်လမ်းမှာလည်း ငါးနှစ်တိတိ မျက်စိလည်လမ်းမှားခဲ့ဖူးပါပြီ။ နောက်မှ လမ်းမှန်ကို တွေ့ခဲ့ပါသည်ဟု ပြောသည်။

တောင်ကြီး ၁၂ တောင်ဆိုသည်မှာ ဇင်းကျိုင်တောင်၊ ကျိုက်ထီးရိုးတောင်၊ ဖိုးဝင်းတောင်စသော အဓိကရထင်ရှားသော တောင်ကြီးများကို ဆိုလိုပါသည်။

တောကြီး ၁၂ တောဆိုသည်မှာလည်း တွံတေးတောကြီး၊ ထားဝယ်တောကြီး၊ ပဲခူးတောကြီး စသော တောကြီးမျိုးကို ဆိုလိုပါသည်။

သုသာန် ၁၂ ရပ်ဆိုသည်မှာ လူသေကောင် မြှုပ်နှံထားသော မြေနေရာ ၁၂ နှစ် မပြည့်သေးလျှင် သုသာန်ဟု ခေါ်ဆိုနိုင်ပါသည်။

× × ×

(၆)

"တောကြီး၊ တောင်ကြီးတွေ၊ သုသာန်ကြီးတွေမှာရော.. အခြောက်အလှန့် မတွေ့ခဲ့ဘူးလား"ဟု ဇင်းကျိုက်တောင်ဆရာကြီးက မေးမြန်းရာ "တွေ့ခဲ့ဖူးပါသည်။ ဒါတွေကိုပြောရလျှင် အလွန်ရှည်လျားမည် ဖြစ်ပါသည်။ အထူးသတိပြုရန်မှာ တောတောင်ကို စောင့်သော နတ်သမီးများကလည်း လူမိန်းမများကဲ့သို့ပင် သီလ၊ သမာဓိပျက်အောင် သွေးဆောင်ဖျားယောင်း ဖျက်ဆီးတတ်ပါသည်။ ခြောက်လှန့်တာထက် ဖျက်ဆီးတာကို ပို၍သတိပြုရပါသည်။ အဆိုပါကျင့်စဉ်များကို အောင်မြင်ပြီးစီးသောအခါ ရရှိခံစားရသည့် အကျိုးထူးတရားများကို ဆက်လက်ပြောပြပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ခေတ်လောကဥပမာနှင့် ထင်ရှားအောင် ပြောရမည်ဆိုလျှင် ဂိတ်တဲရှိသော နေရာမှာ ဌာနအုပ်များက အုပ်ချုပ်သည်။ မြို့နယ်များတွင် မြို့ပိုင်များက အုပ်ချုပ်သည်။ ဝန်ထောက်ရုံးစိုက်သော မြို့တွင် ဝန်ထောက်တွေက အုပ်ချုပ်သည်။ အရေးပိုင်ရုံးစိုက်သောမြို့မှာ အရေးပိုင်တွေက အုပ်ချုပ်သည်။ ထို့ကြောင့် ဌာနအုပ် ၁၂ ယောက်နှင့် မိတ်ဆွေဖွဲ့ထားလျှင် မြန်မာပြည်တွင်ရှိသော ဌာနအုပ်အားလုံးနှင့် မိတ်ဆွေဖြစ်ရောပေ့။ မိတ်ဆွေဖြစ်တယ်ဆိုကတည်းက ကူညီမယ်၊ မစမယ်၊ ကိုယ့်မှာ အရေးကြုံလျှင် ဆောင်ရွက်မယ်။ သူတို့ရဲ့ အတွင်းစကား၊ အပြင်စကားကို ကြားရမယ်။ မြို့ပိုင်၊ ဝန်ထောက်၊ အရေးပိုင်တွေနဲ့ သိတယ်ဆိုတော့ သာလို့မကောင်းဘူးလား။ အရေးပါအရာရောက်တဲ့သူတွေနဲ့ မိတ်ဆွေဖြစ်သွားတော့ အကျိုးတွေ သက်ရောက်တတ်ပါသည်။

ထိုနည်းအတူပါပဲ တောစောင့်နတ်၊ တောင်စောင့်နတ်၊ ဘုမ္မစိုး၊ ရက္ခစိုးတွေအားလုံးနှင့် မိတ်ဆွေဖြစ်ပြီဆိုတော့ ကိုယ်စားလိုတာ စားရနိုင်တယ်။ ကြားလိုက ကြားရနိုင်တယ်၊ သိလိုတာ သိနိုင်တယ်၊ အဲဒါ အကျိုးတွေပေါ့ဟု ပြောပါသည်။

ဇင်းကျိုက်တောင် ဆရာကြီးက “ဒါလောက်ဆိုလျှင် ရိပ်မိပါပြီ ဆရာကြီး။ ဒါပေမယ့် ဆရာကြီးကိုယ်တိုင်ခံစားရသည့် သာဓက ကလေးများရှိရင် သိချင် ကြားချင်ပါသည်”ဟု မေးမြန်းရာ “ကိုယ်တိုင်ခံစားရတဲ့ အကျိုးတွေကတော့ ပြောလို့မကုန်နိုင်ပါဘူး။ အဲဒီကတည်းက ဒိုက်ဦးမြို့တောင်ခြေမှာ တွေ့ကြုံခဲ့ရတဲ့ အကြောင်းကလေး အနည်းငယ်ကိုတော့ ပြောပါဦးမယ်”ဟု ဆိုကာ ဆက်လက်ပြောပါသည်။

× × ×

(၇)

တောင်ကြီး ၁၂ တောင် ကျင့်တုန်းကပေါ့။ ကျိုက်ထီးရိုးတောင်၊ ဇင်းကျိုက်တောင်၊ ဖိုဝင်းတောင် စသည်တို့မှာ ကျင့်ပြီးတဲ့နောက် တောင် ၁၂ လုံး မပြည့်သေးတာနဲ့ ဒိုက်ဦးမြို့အနီးမှာ တောင်ကြီးတစ်လုံး၊ တောင်ကလေးတစ်လုံး ရှိပါသည်။ မြို့ကလူတွေက ဆရာကြီး တောင်ကလေးပေါ်သွားလိုက သွားပါ။ တောင်ကြီးပေါ်ကို မတက်ပါနဲ့။ တောင်ကြီးပေါ်တက်တဲ့ ဆရာအပေါင်းဟာ ပြန်မလာကြဘူးလို့ ဝိုင်းဝန်းတားမြစ်ကြပါသည်။

ဒါကြောင့် ဆန်ကလေး တစ်စလွယ်နဲ့ ငှက်ပျောသီးလေးဘာလေး စတဲ့ သင့်တင့်တဲ့စားနပ်ရိက္ခာလေးများ သယ်ယူပြီး တောင်ကလေးပေါ်ကို ရှေးဦးစွာ သွားပါတယ်။ ညနေစောင်းလောက် တောင်ကလေးပေါ်ကို ရောက်သွားတော့ အိပ်စရာ၊ နေစရာကလေးများ ရှာဖွေရာ ဂူကလေးတစ်ခုကို တွေ့တာနဲ့ သည်ဂူထဲမှာပဲ ပုတီးစိပ်ပြီးတော့ ညအိပ်ခါနီးတော့ ကျွန်တော်သည် တောင်ကြီးပေါ်ကိုတက်၍ ပုတီးများစိပ်ချင်လာပါသည်။ တောင်စောင့်နတ်များ ခွင့်ပြုမပြု အိပ်မက်တွင်ပြပါလို့ အဓိဋ္ဌာန်ပြီး အိပ်ပါသည်။

ညအိပ်မက်ထဲတွင် ကျွန်တော်အိပ်နေသော ဂူဝမှာ တောင်မကြီးထိပ်ပေါ်အထိ လှေကားကြီးထောင်ထားတာ မြင်မက်ပါသည်။ အိပ်မက်အဓိပ္ပာယ်အရ တက်သာတက်ခဲ့လို့ အဓိပ္ပာယ်ရသည်နှင့် မနက်မိုးလင်းသောအခါ တောင်မကြီးပေါ်ကို တက်ခဲ့ပါသည်။ တောင်ပေါ်ရောက်လို့ နေရာထိုင်ခင်းရှာတော့ ဂူကြီးတစ်ဂူတွေ့တာနဲ့ အဲဒီဂူကြီးထဲမှာ ၄၅ ရက် နေမယ်လို့ အဓိဋ္ဌာန်လိုက်ပါတယ်။

ဂူကြီးထဲမှာ အဓိဋ္ဌာန်ဝင်လို့ ၃-၄ ရက်ရတာနဲ့ ပါလာတဲ့ စားနပ်ရိက္ခာများက ကုန်ပါလေရော။ မြို့ဆင်းပြီး ရိက္ခာဝယ်ခြမ်းဖို့ကလည်း တောင်တက်တောင်ဆင်းနဲ့ မလွယ်ဘူး။ အစားအသောက်အတွက်နဲ့လည်း အလုပ်ပျက်မခံတော့ဘူး။ သေချင်သေပါစေတော့ဆိုပြီး စိပ်ပုတီးကိုပဲ တွင်တွင်စိပ်လိုက်ပါတော့သည်။

အဲဒီလိုနဲ့ ရိက္ခာကုန်ပြီးတဲ့ နောက်တစ်နေ့မနက် အိပ်ရာခေါင်းရင်းမှာ နွေးနွေးညှိညှိ အနံ့အရသာနဲ့ပြည့်စုံတဲ့ မုန့်တွေ တွေ့ရတာပါပဲ။ မုန့်အနေကတော့ အဆန်းတကြယ် မဟုတ်ပါဘူး။ မြို့ပေါ်မှာ သွားဝယ်ရင်ရတဲ့ မုန့်သေတ္တာ ဘီစကစ်မုန့်မျိုးစုံပါပဲ။ အဲဒီတောင်ကြီးပေါ်မှာ အဓိဋ္ဌာန် ၄၅ ရက်လုံးလုံး အဲဒီမုန့်တွေကိုစားပြီး ပုတီးစိပ်ခဲ့ရပါသည်။ အဲဒါတွင်မက ဘယ်တောဘယ်တောင်ကိုသွားသွား စားဖွယ်သောက်ဖွယ်များကတော့ အမြဲရခဲ့ပါသည်။

× × ×



www.burmeseclassic.com

www.burmeseclassic.com

(၈)

ဒါဖြင့် ဆရာကြီးရဲ့ ကျင့်စဉ်က အင်္ဂုတ္တရနိကာယ်မှာပါတဲ့ သာရဏီယဝတ် အကျင့်နဲ့ ခပ်ဆင်ဆင်တူနေတာပါပဲ။ အင်္ဂုတ္တရနိကာယ်မှာလာတဲ့ သာရဏီယကျင့်ဝတ်ဆိုတာက ကျင့်ကြံအားထုတ်မယ့် ရဟန်းတစ်ပါးဟာ နေ့စဉ်နှင့်အမျှ မိမိအလှူခံလို့ရတဲ့ ဆွမ်းကို မိမိနေထိုင်ရာကျောင်းတိုက်ရှိ သံဃာများ ဆွမ်းစားကျောင်းသို့သွား၍ သံဃာကြီးငယ်အလိုက် လှူဒါန်းရပါသည်။

အလှူခံသည့် သံဃာများက ဆွမ်းကို အကုန်ယူစားလိုက်လျှင် ဆွမ်းပြန်ခံရန် အချိန်ရှိလျှင် ပြန်၍ခံရပါသည်။ အကယ်၍ ဆွမ်းပြန်ခံရန် အချိန်မရှိလျှင်လည်း သပိတ်ကို ရေဆေး သောက်ရပါတယ်။ ဤနည်းအတိုင်း စေတနာမပျက် ၁၂ နှစ်တိတိ ကျင့်နိုင်ပါက သာရဏီယဝတ်အကျင့် အောင်မြင်ပါတယ်။

အဲဒီလို သာရဏီယဝတ်အကျင့်အောင်တဲ့ ပုဂ္ဂိုလ်ဟာ မြို့ထဲရွာထဲမဆိုထားနဲ့ ဘယ်တော ဘယ်တောင်ကိုပဲ သွားသွား ရကွန်စိုးများ၊ နတ်များက ဆွမ်းလောင်းလှူရပါတယ်။ ဇင်းကျိုက်တောင် ဆရာကြီးရဲ့ တင်ပြချက်ကို လူသူတော်ဆရာကြီးက ခေါင်းညိတ်လက်ခံပါသည်။

ဟုတ်ပါသည်။ နောက်ဆုံးလိုရင်းကတော့ (ကုသလာ အနဝဇ္ဇ သုခဝိပါက လက္ခဏာ) ဆိုတဲ့ ဘုရားဟောဒေသနာအတိုင်း ကုသိုလ်စေတနာရဲ့ သဘာဝကိုက အပြစ်မရှိခြင်း၊ ကောင်းသော ချမ်းသာသော အကျိုးပေးခြင်း လက္ခဏာရှိတယ်လို့ ဆိုထားပါသည်။ ဒါကြောင့် မိမိ၏ကုသိုလ်စေတနာက အကျိုးပေးခြင်းပဲ ဖြစ်ပါသည်။

× × ×

(၉)

အထက်ပါအတိုင်း လူသူတော်ဆရာကြီး ပြန်ခါနီး လေးငါးရက်လောက်တွင် ဇင်းကျိုက်တောင်ဆရာကြီးနှင့် တွေ့ဆုံမေးမြန်း လေ့လာခဲ့ပါသည်။ လူသူတော်ဆရာကြီး အမိန့်ရှိခဲ့သည့်အတိုင်း သရဏဂုံ ၃၀ ပုတီးစိပ်နည်းကို ကိုယ်တွေ့စမ်းသပ် အားထုတ်ကြည့်ရာ မှန်ကန်ကြောင်း တွေ့ရပါသည်။

လူသူတော်ဆရာကြီး ညွှန်ကြားခဲ့သည့်အတိုင်း သစ်ပင် ၁၂ ပင်၊ တော ၁၂ တော၊ တောင် ၁၂ တောင် စသည်တို့မှာ သရဏဂုံ ၃၀ ကို ပုတီးသွားစိပ်ရန်မှာ မလွယ်ကူပါ။ သတ္တိရှိရှိနှင့် စွန့်စားလုပ်ကိုင်ရမည့် လုပ်ငန်းရပ်များ ဖြစ်ပါသည်။

သို့သော် သူတထူးက မေတ္တာဖြင့်ပြောကြားလာသော ပညာရပ်တစ်ခုကို စမ်းသပ်ကြည့်လိုသောဆန္ဒဖြင့် ဇင်းကျိုက်တောင်ဆရာကြီးသည် သရဏဂုံ ၃၀ ပုစီးစိပ်နည်းကို ရိုးရိုးအမိဋ္ဌာန်ပြု၍ စိပ်ကြည့်ခြင်း ဖြစ်ပါသည်။

သရဏဂုံ ၃၀ အဓိဋ္ဌာန်ပုတီးစိပ်၍ အောင်မြင်ပြီးမြောက်သည့် မကြာမီတစ်နေ့တွင် နံနက် ၃ နာရီကျော်ကျော်တွင် ဇင်းကျိုင်တောင်ဆရာကြီးမှာ အိပ်လည်းမပျော်၊ နိုးလည်းမနိုး၊ အိပ်မက်လည်းမဟုတ်ဘဲ သေဆုံးခဲ့သူတစ်ဦး အိပ်ယာခေါင်းရင်းမှလာ၍ သူဘယ်ဘဝရောက်နေသည်ကို လာရောက် ပြောပြသည်ကို တွေ့ရပါသည်။

မျက်စိထဲမှာလည်း သူ့ပုံကို သေသေချာချာ မြင်နေရသည်။ သူ့အသံကိုလည်း သဲသဲကွဲကွဲ ကြားရပါသည်။ ဤမျှလောက် စမ်းသပ်အားထုတ်ရုံဖြင့် ဤသို့ လက်တွေ့တူးခြားခဲ့ပါလျှင် လူသူတော်ဆရာကြီး အမိန့်ရှိခဲ့သည့်အတိုင်း သရဏဂုံ ၃၀ ပုတီးစိပ်နည်းကို ဋ္ဌာန်ကရိုထံးကျကျနှင့် အားထုတ်ရလျှင် မှုံချအကျိုးထူး ခံစားရမည်ဟု ဇင်းကျိုက်တောင်ဆရာကြီး ရေးသားသည့် "လောကီထွက်ရပ်လမ်း လက်တွေ့ကျမ်း"တွင် ဖော်ပြပါရှိပါသည်။

စာပေတွင် ကိုယ်ကျင့်သီလနှင့် ပြည့်စုံပါက မိမိစိတ်အလိုအတိုင်း ဖြစ်ရသည်။ ပြီးသည်ဟု ပါရှိပေသည်။ ပုဂ္ဂိုလ်တစ်ဦးသည် မိမိ၏ ကိုယ်ကျင့်သီလကို ကောင်းအောင် စောင့်စည်းလျှင် အခက်အခဲကြုံတွေ့ပါက အထက်ပါအတိုင်း ပရလောကသားတို့ကလည်း ကူညီတတ်ပါသည်။ ထို့ထက် မိမိစိတ်အစဉ်ရင့်ကျက်အောင် သမာဓိ(သမထ)လုပ်ငန်းစဉ်ကို ကြိုးစားအားထုတ်ပါကလည်း ပ ရလောကသားတို့ကို မိမိမျက်စိဖြင့် ဒိဋ္ဌမျက်မြင် မြင်တွေ့နိုင်ပါသည်။ ထူးထွေဆန်းပြားသော ပရလောကသားတို့၏ ထူးဆန်းဖွယ်ဖြစ်ရပ်တို့ကား ဤလူသားတို့နှင့် အမြဲဆက်စပ်လျက်ပင် ရှိနေမည်သာ ဖြစ်ပါသည်။

လှဝိုး(စိတ်ပညာ)



www.burmeseclassic.com

www.burmeseclassic.com

# ခုနစ်ရက်သားသမီးများအတွက်
# ဆရာမ ဒေါက်တာစောယုနွယ်က ဆောင်ရွက်ပေးနေပြီ

အမိအဘဘွေက ကိုယ့်သားသမီးတွေကို ဆင်းစီးမြင်းရံပြီး ဘဝခရီးတစ်လျှောက် ပန်းခင်းတဲ့လမ်းကို လျှောက်လှမ်းစေချင်တာ မမှတာပါပဲ၊ ဒါကြောင့် ကိုယ့်သားသမီးလေးတွေကို ကံဇာတာမြင့်မားစေတဲ့ ရက်တွေ၊ နေ့တွေမှာ မွေးစေချင်ကြပါတယ်၊ အဲဒီလိုကိစ္စတွေဖြစ်ခဲ့ရင် ဆရာမဒေါက်တာစောယုနွယ်ထံမှာ သင့်လျော်တဲ့ မွေးရက်ကို တွက်ချက်လိုက်ပါ။

## မွေးရက်ရွေးခြင်း

မွေးလာတဲ့ကလေးအတွက် မွေးသည့်အချိန်မှစလို့ လူမှုရေးပညာရေးတွေ ကောင်းစေဖို့ ဆောင်ရွက်ပေးပြီး မျက်နှာမြင်ချစ်ခင်စေ၊ နာမည်ကြားရုံနှင့် လူတိုင်းက ဖြူစေမယ့် နာမည်ကောင်းတွေကို ရွေးလိုက်ပါ။

## ကလေးအမည်ပေးလွှာ

မင်္ဂလာဆောင်မယ်တို့အတွက် နေ့ကောင်းနဲ့ရက်သာကိုရွေးပြီး တစ်သက်မခွဲ ရွှေလက်တွဲရမယ့်အဆောင်။

## မင်္ဂလာရက်မြတ်လက်ထပ်ရက်ရွေး

အလုပ်ကြီးအကိုင်ကြီး ဆိုင်ကြီးကန္တားကြီးတွေအတွက်

## လုပ်ငန်းအမည်ပေး

ငွေကြေးအဆင်ပြေလို့ အိုးအိမ် အသစ်ဆောက်မယ့်အခါ။

## အိမ်ဆောက်ပန္နက်တင်မင်္ဂလာ

နာမည်ကျော်ကြား လူသိများပြီး ဝင်ငွေကောင်းစေမယ့်

## အနုပညာရှင်တို့၏ အမည်ပေးလွှာ

စသည့်အကြောင်းအရာတို့ကို စနစ်တကျ တွက်ချက်ဆောင်ရွက်ပေးနေပါပြီ၊ နယ်မှ ဆောင်ရွက်လိုသူများ တယ်လီဖုန်းဖြင့် ဆက်သွယ်ခဲ့ပါလျှင် စာတိုက်၊ မော်တော်ကား စသည့်ရောက်ရှိမည့် လမ်းကြောင်းများနှင့် ပြန်လည်ပေးပို့နေပါပြီ။

ချမ်းသာကိုယ်စိတ်မြဲပါစေ • • • •

**ဆရာမဒေါက်တာစောယုနွယ်**
အမှတ်-၂၀၅(က)၊ ပိတောက်(၅)လမ်း၊ မြို့သစ်(၁)
ဘုရင့်နောင်ရိပ်သာ၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၆၄၃၀၁၀

www.burmeseclassic.com

www.burmeseclassic.com

# ဒီလိုဆိုရင် ကျေနပ်တယ်

မနုဿကျော်ဝင်း



www.burmeseclassic.com

www.burmeseclassic.com

# ဒီလိုဆိုရင် ကျေနပ်တယ်

မနုဿကျော်ဝင်း(အမျိုးသားစာပေဆုရ)

"မမှန်ကန်တဲ့ အလေးနဲ့ ဝက်သားရောင်းချခဲ့တဲ့အတွက် ဒေါ်လုံးတင်မှာ အပြစ်ရှိပါသလား"

"ကျွန်မမှာ အပြစ်ရှိကြောင်း ဝန်ခံပါတယ်ရှင့်"

"တရားခံကိုယ်တိုင်က မိမိတွင် အပြစ်ရှိကြောင်း ဝန်ခံသဖြင့် တရားရုံးတော်သို့ ဒဏ်ငွေ ၂၀၀ (နှစ်ရာကျပ်တိတိ) ပေးဆောင်စေ"

"ဟာ...ဒီအမိန့် မတရားဘူး။ မနေ့တုန်းက ဒီလိုအမှုမျိုးမှာ တရားခံတွေဟာ တစ်ယောက်ကို ဒဏ်ငွေ ၁၀၀ (တစ်ရာကျပ်)စီပဲ ပေးဆောင်ခဲ့ကြရတယ်။ အဲဒီလိုအမှုမျိုး ကျူးလွန်ခဲ့တဲ့ ကျွန်မကိုတော့ ဒီကနေ့ တရားရုံးက ဒဏ်ငွေ ၂၀၀ (နှစ်ရာကျပ်)တောင် ပေးဆောင်ခိုင်းတယ်။ ဒါဟာ လုံးဝမတရားတဲ့ စီရင်ချက်ဖြစ်ပါတယ်။ ကျွန်မ အဲဒီဒဏ်ငွေကို မဆောင်နိုင်ပါဘူး။ မနေ့က လူတွေကို ဒဏ်ငွေတပ်သလို တစ်ရာကျပ်ပဲ တပ်မယ်ထင်လို့ အပြစ်ရှိကြောင်း ဝန်ခံလိုက်မိတာပါ"

အချိန်ကား ၁၉၇၅ ခုနှစ်၊ ဖေဖော်ဝါရီလ။ နေရာကား ရန်ကုန်တိုင်း မြို့နယ်ကြီးတစ်ခု တရားရုံးအတွင်း။ အကျဉ်းနည်းဖြင့် စစ်ဆေးနေသော အမှုငယ်တစ်ခုမို့ ဘာမျှမထူးဆန်းဟု ယူဆစရာရှိသော်လည်း တရားခံအမျိုးသမီးကြီး၏ တုံ့ပြန်ပြောကြားချက်များက ထူးခြားနေ၏။ တရားရုံး လုပ်ထုံးလုပ်နည်းအရ အကျဉ်းနည်းဖြင့် စစ်ဆေးသည့်အမှု၌ တရားသူကြီးက "သင့်မှာ အပြစ်ရှိသလား"ဟု မေး၍ တရားခံက အပြစ်ရှိကြောင်း ဝန်ခံလျှင် ကျူးလွန်သည့် ပြစ်မှုပေါ်တွင်မူတည်ပြီး ဒဏ်ငွေချမှတ်မည်။ သို့မဟုတ် ထောင်ဒဏ်ချမှတ်မည်။ သို့မဟုတ် ထောင်ဒဏ်ရော ငွေဒဏ်ပါ နှစ်ရပ်စလုံးချမှတ်မည်။ အကယ်၍ တရားခံက မိမိတွင် အပြစ်မရှိကြောင်း ငြင်းဆန်ပါက တရားလိုနှင့် တရားလိုပြသက်သေများကို စစ်ဆေးမည်။ တရားခံနှင့် တရားခံပြသက်သေများကို စစ်ဆေးမည်။ နှစ်ဖက်သောရှေ့နေများ၏ လျှောက်လဲချက်ကို ကြားနာမည်။ တရားခံကို စွဲချက်တင်ရန် မသင့်ပါက တရားရှင်လွှတ်မည်။ စွဲချက်တင်သင့်သည်ဟု ဆုံးဖြတ်ပါက စွဲချက်တင်ပြီး ဆက်လက်စစ်ဆေးမည်။ စစ်ဆေးမှုများ လုံးဝပြီးစီးသွားပါက တွေ့ရှိချက်များ၊ သက်သေအထောက်အထားများပေါ်တွင်မူတည်ပြီး အပြစ်ရှိကြောင်း ထင်ရှားပါက တရားခံကို ထိုက်သင့်သော ပြစ်ဒဏ်ချမှတ်မည်။ အပြစ်မရှိကြောင်း ပေါ်လွင်ပါက တရားသေလွှတ်မည်။

ယခုအမှုကို အကျဉ်းနည်းဖြင့် စစ်ဆေးခဲ့ရာ တရားခံ ဒေါ်လုံးတင်ကိုယ်တိုင်က သူမတွင် အပြစ်ရှိကြောင်း ဝန်ခံခဲ့ပြီးဖြစ်ပါလျက် တရားသူကြီးက အမိန့်ချမှတ်သောအခါတွင်မှ စောဒကတက်ခြင်းဖြစ်၏။ ဤဖြစ်ရပ်ဆန်းမျိုးကို တစ်ကြိမ်တစ်ခါမျှ မကြုံဖူးခဲ့ကြလေရာ ဂ ၁း တစ်ရုံးလုံးက ပါးစပ်အဟောင်းသားဖြင့် တရားသူကြီးကို တစ်လှည့်၊ တရားခံအမျိုးသမီးကြီးကိုတစ်လှည့် အံ့ဩစွာ ငေးကြည့်နေကြ၏။ တရားရုံးလုပ်ထုံးလုပ်နည်းအတိုင်းဆိုလျှင် တရားခံသည် ဤသို့အပြစ်ရှိကြောင်း ဝန်ခံပြီးပါက တရားသူကြီးချမှတ်လိုက်သော အမိန့်ပေါ်တွင် မူတည်၍ ဆောင်ရွက်ဖို့သာ ရှိတော့သည်။ ဘွားခတ်၍မရတော့။ ယခုကဲ့သို့ မချေမငံပြန်ပြောပြီး စောဒကတက်နေခြင်းသည်ကား နောက်ထပ် ပြစ်မှုတစ်ခုကို ထပ်မံကျူးလွန်လိုက်သလို ဖြစ်နေလေပြီ။ ရုံးတော်ကို မလေးမစားပြုမှုဖြင့် တရားသူကြီးက အရေးယူနိုင်၏။ အပြစ်ပေးနိုင်၏။ သို့ရာတွင် ဤအမှုကို စီရင်ရသော တရားသူကြီး ဦးသက်ဝင်းသည်ကား ထိုသို့ပြုလုပ်ရန်



www.burmeseclassic.com

www.burmeseclassic.com

စိတ်ကူးရှိဟန်မတူ။ တရားခံအမျိုးသမီးကြီးကိုသာ ကရုဏာသက်သည့်မျက်လုံးများဖြင့် ငေးကြည့်နေ၏။ တစ်စုံတစ်ရာကိုစဉ်းစားနေဟန်တူ၏။ ဦးသက်ဝင်း၏ လက်ဝဲဘက်နှင့် လက်ယာဘက်တွင် ထိုင်နေကြသော အချိန်ပိုင်းတရားသူကြီးအဖွဲ့ဝင်နှစ်ဦးတို့ကလည်း တရားခံကိုသာ အံ့သြခြင်းကြီးစွာဖြင့် ငေးကြည့်နေကြ၏။

ယခုအမှုကို စီရင်ရသော အချိန်ပြည့်မြို့နယ်တရား သူကြီး (ဝါ) တရားစီရင်ရေးအဖွဲ့ ဥက္ကဋ္ဌဦးသက်ဝင်းသည် အစိုးရဌာနကြီး တစ်ခုမှ အထက်တန်းအရာရှိတစ်ဦးဖြစ်သော်လည်း ထိုခေတ်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ရွေးကောက်ပွဲတွင် မြို့နယ်ကောင်စီဝင်အဖြစ် အရွေးခံရပြီး ယခုကဲ့သို့ တရားရုံးတွင် တာဝန်ထမ်းဆောင်နေရခြင်းဖြစ်၏။ မိခင်ဌာနကို ယာယီစွန့်ခွာခဲ့ရပြီး မြို့နယ်တရားရုံးတွင် အချိန်ပြည့်တာဝန်ထမ်းဆောင်နေရသူဖြစ်ရာ သုံးနှစ်တာကာလအတွင်း ဖိနပ်ခိုးမှုမှသည် လူသတ်မှုအဆုံး ပြစ်မှုများကို ကြားနာစစ်ဆေးခဲ့ရဖူးပြီဖြစ်၏။ တရားမမှုပိုင်းတွင်လည်း အိမ်မှု၊ မြေမှု၊ လင်ကွာ၊ မယားကွာမှုစသည်ဖြင့် အမှုပေါင်းများစွာတို့ကို စစ်ဆေးစီရင်ချက်ချပေးခဲ့ရသူ ဖြစ်၏။

"ဒီမိန်းမကြီးကတော့ မိန်းမသားလည်းဖြစ်တယ် အသက်လည်းကြီးပြီ။ သူ့ကို ထောင်ဒဏ်တစ်ရက် အပြစ်မပေးတော့ဘဲ ဒဏ်ငွေနှစ်ရာကျပ်ဆောင်ခိုင်းလိုက်ရင် ကောင်းမယ်ထင်တယ်။ မနေ့ကလူတွေထက် ဒဏ်ငွေတစ်ရာကျပ် ပိုဆောင်ရပေမယ့် အဲဒီလူတွေလို ထောင်ဒဏ်တစ်ရက် မကျခံရတော့ဘူးပေါ့ဗျာ"

ဝက်သားအလေးခိုးရောင်းသူ ဒေါ်လုံးတင်၏ အမှုအတွက် စီရင်ချက်ချမည့်နေ့ နံနက်ပိုင်းတွင် ဦးသက်ဝင်းက သူ၏အဖွဲ့ဝင်များနှင့် ဆွေးနွေးတိုင်ပင်ခဲ့ခြင်းပင် ဖြစ်၏။ သားငါးများအလေးခိုးရောင်းချမှုအတွက် ယမန်နေ့က တရားခံ ၁၀ ဦးကို တစ်ဦးလျှင် ဒဏ်ငွေတစ်ရာကျပ်စီ ပေးဆောင်စေရန်နှင့် ထောင်ဒဏ်တစ်ရက်စီ ကျခံ(ရုံးမင်းတစ်ထိုင်)ကြစေရန် သူတို့အဖွဲ့က စီရင်ချက်ချခဲ့၏။ ထိုတရားခံများအားလုံးသည် ယောက်ျားကြီးများဖြစ်ကြ၍ ဒဏ်ငွေအပြင် ထောင်ဒဏ်ကိုပါ ကျခံစေခဲ့ခြင်းဖြစ်၏။ ထောင်ဒဏ်တစ်ရက်ဆိုသော်လည်း အကျဉ်းထောင်တွင် ကျခံရန်မဟုတ်ဘဲ တရားရုံး၌သာ တစ်နေ့လုံးထိုင်နေကြရခြင်းဖြစ်၏။ ဒီကနေ့ရုံးတင်လာသော အလေးခိုးတရားခံဒေါ်လုံးတင်မှာ တစ်ဦးတည်းလည်းဖြစ်ပြန်၊ အသက်ကြီးသူ မိန်းမသားတစ်ဦးလည်း ဖြစ်နေပြန်သဖြင့် ဦးသက်ဝင်းတို့၏ တရားစီရင်ရေးအဖွဲ့က သက်ညှာသောအားဖြင့် ထောင်ဒဏ်တစ်ရက်မချမှတ်တော့ဘဲ ဒဏ်ငွေကိုသာ တိုးမြှင့်ချမှတ်ခဲ့ကြခြင်း ဖြစ်ရာ ယင်းစေတနာနှင့် သက်ညှာမှုအကြောင်းကို အာပေါက်အောင်ရှင်းပြပါသော်လည်း ဝက်သားသည်မကြီး ဒေါ်လုံးတင်က လုံးဝလက်မခံ။

"သူများကို တစ်ရာကျပ်ဆိုရင် ကျွန်မကိုလည်း တစ်ရာကျပ်ပဲ ဒဏ်ငွေချသင့်တာပေါ့"ဟု အကြိမ်ကြိမ်စောဒကတက်နေ၏။ ဒဏ်ငွေပေးဆောင်ရန် ငြင်းဆန်နေ၏။ ဦးသက်ဝင်းသည် တရားရုံး၏ လုပ်ထုံးလုပ်နည်းအတိုင်း အာဏာသုံး၍ ဆောင်ရွက်ခွင့်ရှိသော်လည်း ထိုသို့အတင်းအကျပ်ပြုရန် ဆန္ဒမရှိ။ အလောင်းတော် မဟော်သဓာထုံး နှလုံးမူပြီး စဉ်းစားခန်းဝင်နေမိ၏။ တရားရုံးတစ်ရုံး၌ အပ်ကျသံပင်မကြားရတော့။ ဤအမှုအတွက် ဦးသက်ဝင်း မည်သို့ဆုံးဖြတ်ချက်ချမည်ကိုသာ စိတ်ဝင်စားစောင့်မျှော်လျက်ရှိကြ၏။

ဦးသက်ဝင်းသည် ဒေါ်လုံးတင်ကို ငေးကြည့်နေရာမှ အာရုံက ဈေးဘက်ဆီသို့ ရောက်သွား၏။ သူသည် အထက်တန်းအရာရှိတစ်ဦး ဖြစ်သော်လည်း အိမ်ထောင်ကျပြီးချိန်မှစ၍ ယခုအထိ နေ့စဉ်ဈေးဝယ်နေရသူဖြစ်၏။

"ဈေးသည်မိန်းမတွေကို လေးသိပ်ကြောက်တယ်။ သူတို့အလေးခိုးပြီး ရောင်းရင်လည်း လေးက ဘာမှပြန်ပြောရဲမှာ မဟုတ်ဘူး။ သူတို့နဲ့တဖက်ပြီး ရန်ဖြစ်ရင်လည်း ကိုယ်ပဲ အရှက်ကွဲမှာ။ ဒီတော့ ကိုကိုပဲ နေ့တိုင်းဈေးဝယ်ပေးပါနော်"

မင်္ဂလာဦးညမှာပင် သူ့ဇနီးက သူ့ကို အဝယ်တော်တာဝန်အပ်နှင်းခဲ့၏။ သို့ဖြင့် ဦးသက်ဝင်းခမျာ ဇနီးမယားရပြီးပါသော်လည်း လူပျိုဘဝ မှူလအဝယ်တော်ရာထူးကို စွန့်လွှတ်ခွင့်မရခဲ့ရှာချေ။ နံနက်တိုင်း ခြင်းတောင်းဆွဲပြီး ဈေးဝယ်ထွက်ရ၏။ ဦးသက်ဝင်းသို့



www.burmeseclassic.com

www.burmeseclassic.com

လူပျိုဘဝကတည်းက ဈေးဝယ်မှု၌ ကျင့်သားရခဲ့ပြီးဖြစ်၍ အိမ်ထောင်သည်ဘဝတွင်လည်း ဤတာဝန်အတွက် ဘာမျှမခက်ခဲလှ။ ဈေးသည်တွေနှင့် ရင်းနှီးနေပြီးဖြစ်၍ ဝယ်ခြမ်းရသည်မှာ အဆင်ပြေလှ၏။ ဈေးသည်အများစုမှာ အမျိုးသမီးများဖြစ်ကြ၍ ဈေးဝယ်သူမိန်းမများနှင်က တစ်ခါတစ်ရံ အပေါက်အလမ်းမတည့်ဖြစ်တတ်ကြသော်လည်း ယောက်ျားသားဖြစ်သူ ဦးသက်ဝင်းနှင့်မူ အဆင်ပြေ၏။ ထို့ပြင် ရာထူးအရ ဦးတပ်၍ ခေါ်နေရသော်လည်း ဦးသက်ဝင်းမှာ အသက် ၄၀ ပင် မပြည့်တတ်သေးရာ ငယ်ဂုဏ်က ရှိနေ၏။ ရုပ်ရည်ကလည်း သင့်၏။ ထို့ကြောင့် အချို့ဈေးသည်အပျိုမတွေက ဦးသက်ဝင်းကို လူပျိုထင်ပြီး စိတ်ဝင်စားကြ၏။ ပါးနပ်စွာ တီးခေါက်တတ်ကြ၏။

"တစ်ခါတလေ အိမ်က အမျိုးသမီးကို ဈေးဝယ်လွှတ်ပါလားရှင်"

ကုန်စိမ်းသည် အပျိုကြီးတစ်ဦးက ဦးသက်ဝင်းကို ဤသို့အကဲစမ်းလေရာ -

"ကျွန်တော် ဒီလောက်တောင် ဆိုးကောင်းတဲ့ လူစားမျိုးမဟုတ်ပါဘူးခင်ဗျာ"

မုသားလွတ်ရုံမျှသော စကားမျိုးဖြင့် တုံ့ပြန်ခဲ့၏။ အိမ်ထောင်သည် တစ်ဦးဖြစ်သော ဦးသက်ဝင်းသည် ထိုအမျိုးသမီးအပြင် အခြားမည်သည့် အမျိုးသမီးကိုမျှ လှည့်ဖြားဖျက်ဆီးရန် စိတ်ယုတ်မျိုးမရှိခဲ့။ သို့ရာတွင် သူ၏ အိမ်တွင်းရေးအခြေအနေအကြောင်း အကျယ်အကျယ် မပြောလိုသဖြင့် အထက်ပါအတိုင်း ပဟေဠိဆန်ဆန် ပြောကြားခဲ့ခြင်းဖြစ်၏။ သို့သော်လည်း ကုန်စိမ်းသည် အမျိုးသမီးက မည်သို့တွေးမိပြီး သဒ္ဓါပေါက်သွားသည်မသိ။ သူမ၏ ဆိုင်၌ ဦးသက်ဝင်းဈေးဝယ်သည့်အခါတိုင်း သာသာထိုးထိုးထည့်ပေးလေ့ရှိ၏။ ဦးသက်ဝင်းက ဘူးသီးတစ်စိတ်ဝယ်လျှင် သူမက တစ်ခြမ်းလောက်နီးနီး အစိတ်ကြီးကြီး လှီးပေးလေ့ရှိ၏။ တစ်ခါသော် ဦးသက်ဝင်း၏ ငါးနှစ်အရွယ်ရှိ တစ်ဦးတည်းသော သားငယ်သည် ဈေးသို့လိုက်ပါလာခဲ့ရာ ထိုအမျိုးသမီးက စူးစမ်းသောအကြည့်မျိုးဖြင့်ကြည့်ရင်း -

"သူကလေးက ဘယ်သူလဲ"ဟု စိတ်ဝင်စားစွာ မေးမြန်း၏။

"ကျွန်တော့်ရဲ့ တူကလေးပါ"

ဒီတစ်ခါတော့ ရုတ်တရက်မို့ ဦးသက်ဝင်း၏ စကားမှာ မိုးလုံးပြည့် မုသာဝါဒဖြစ်သွားခဲ့ရ၏။ သူ့သားငယ်က သူ့ကို နားမလည်သည့် မျက်နှာပေးမျိုးဖြင့် မော့ကြည့်၏။ သို့ရာတွင် ဘာမျှတော့မပြော။ ဈေးဝင်းအပြင်ဘက်သို့ရောက်သည့်အခါတွင်မှ -

"ဖေဖေကြီး မကောင်းဘူး။ သားသားကို တူကလေးဆိုပြီး ဟိုမိန်းမကို လိမ်ပြောတယ်။ အိမ်ရောက်ရင် မေမေ့ကို တိုင်ပြောမယ်"ဟု ဂျိုတိုက်လေတော့၏။ ထိုအခါ ဦးသက်ဝင်းက -

"သားရယ် . . . အဲဒီမိန်းမက ဖေဖေ့ကို လူပျိုကြီးထင်ပြီး ဘူးသီးစိတ်အကြီးကြီးပေးလိုက်တာကွဲ့။ သားရဲ့ ဖေဖေမုန်းသာသိသွားရင် နောက်ကို ဘူးသီးစိတ်သေးသေးလေးပဲ ရတော့မှာ။ ဒါကြောင့် ငါ့သားကို ဖေဖေ့ရဲ့ တူကလေးဆိုပြီး လိမ်ပြောလိုက်ရတာပါကွယ်။ အိမ်ပြန်ရောက်ရင် မေမေ့ကို မတိုင်ပါနဲ့နော်"

ဦးသက်ဝင်း၏ ရှင်းပြချက်ကို သူ့သားငယ်က သဘောတွေ့သွားပြီး -

"ဟီး . . . ဟီး။ ဒါဆိုရင် မေမေ့ကို မတိုင်တော့ဘူး။ နောက်ဆိုရင် ဖေဖေကြီးကို ဈေးထဲမှာ သားသားက ဦးဦးလို့ပဲ ခေါ်တော့မယ်နော်။ ဟုတ်လား ဦးဦး"

သူ့သားငယ်က အရွှန်းလေးဖောက်၍ ပြောလိုက်ရာ ဦးသက်ဝင်း အလွန်ပင် မနောခွေ့သွား၏။ ဦးသက်ဝင်းသည် ဤသို့လျှင် ဈေးသည်အမျိုးမျိုးနှင့် အလွမ်းသင့်အောင် ဆက်ဆံနိုင်သဖြင့် ကုန်စိမ်းသည်ဆိုလျှင် လတ်လတ်ဆတ်ဆတ်နှင့် ပေါပေါများများ စားရ၏။ သားငါးများကိုလည်း အလေးပြည့်ပြည့်ဝဝဖြင့် ဝယ်၍ရ၏။ သူတို့မြို့နယ်တွင် ဈေးကြီးနှစ်ဈေးရှိရာ ယခု ဒေါ်လုံးတင်ဝက်သားရောင်သော ဈေးမှာ ဦးသက်ဝင်း၏ နေအိမ်နှင့် အလှမ်းကွာသဖြင့် ထိုဈေးသို့ သူမရောက်ဖူးခဲ့။ ထို့ကြောင့် ဒေါ်လုံးတင်ကိုလည်း မမြင်ဖူး၊ မသိဖူးခဲ့ပါ။ ဦးသက်ဝင်းသည် မိမိနေ့စဉ်ဈေးဝယ်မှု အတွေ့အကြုံများအကြောင်း ပြန်ပြောင်းစဉ်းစားနေမိရင်း ရုတ်တရက် သူ့ခေါင်းထဲသို့ အတွေးတစ်ချက် လက်ခနဲဝင်လာ၏။ ချက်ချင်းပင် သူသည် ဒေါ်လုံးတင်ကို တည်



www.burmeseclassic.com

www.burmeseclassic.com

ငြိမ်စူးရှစွာ စိုက်ကြည့်လိုက်ပြီးနောက်

"မနေ့တုန်းက ဝက်သားဘယ်ဈေးလဲခင်ဗျ"

"နှစ်ဆယ့်ငါးကျပ်ဈေးပါ တရားသူကြီးမင်း"

"ဒီကနေ့မနက်ရော"

"အဲ . . . ဒီကနေ့တော့ ဒိုင်က ပစ္စည်းအရနည်းတာကြောင့် နှစ်ဆယ့်ရှစ်ကျပ်ဈေး ဖြစ်သွားတယ်"

ဒေါ်လုံးတင်၏ အဖြေစကားကို နားထောင်ပြီးနောက် ဦးသက်ဝင်းက-

"အင်း . . . ဒေါ်လုံးတင်တို့ရဲ့ ဝက်သားဈေးတောင် မနေ့ကနဲ့ ဒီကနေ့ တူတာမှမဟုတ်ဘဲလေ။ တရားရုံးက ချမှတ်တဲ့ဒဏ်ငွေဆိုတာလည်း နေ့တိုင်း ဘယ်တူနိုင်မှာလဲ။ အခြေအနေအရ အတက်အကျ အပြောင်းအလဲတွေ ရှိတတ်တာပေါ့။ အလေးခိုးမှုမျိုးကို မနေ့က ဒဏ်ငွေတစ်ရာကျပ် ချမှတ်တာဟာ အခြေအနေကြောင့်ဆိုတာ ဒေါ်လုံးတင် နားလည်မှုရှိမှာပါ။ အဲဒီတော့ မနေ့က ကိစ္စကို ထပ်မပြောတော့ဘဲ ဒီကနေ့ ခင်ဗျားကို ချမှတ်လိုက်တဲ့ဒဏ်အတိုင်း အတိအကျပေးဆောင်ပါ။ ကျေနပ်တယ် မဟုတ်လား"

ဦးသက်ဝင်း၏ စကားအဆုံး၌ ဒေါ်လုံးတင်၏ မျက်နှာတွင် ကျေနပ်မှု အပြုံးရိပ်များ သန်းလာပြီး -

"အောင်မယ်လေး တရားသူကြီးမင်းရယ်။ စောစောကတည်းက အဲဒီလို ရှင်းပြလိုက်ပါလား။ ဒါဆိုရင် မိလုံးတင်တို့က ကျေနပ်ပါတယ်တော်။ အဲ အဲ . . . ရှင် . . ဒဏ်ငွေနှစ်ရာကိုလည်း အခုချက်ချင်း ပေးဆောင်ပါ့မယ်"

ထိုနေ့က တရားခွင်ပြီးဆုံးချိန်၌ အရန်တရားသူကြီးအဖွဲ့ဝင် ဦးကျော်ညွန့်က -

"ဒီကနေ့ ကျွန်တော်တို့ တရားစီရင်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသက်ဝင်းရဲ့ စီရင်ချက်ကတော့ ဂန္ထဝင်မြောက်အောင် စံတင်လောက်ပါပေတယ်ဗျ။ တရားခံမိန်းမကြီးလည်း ကျေနပ်သွားတယ်။ တစ်ရုံးလုံးကလည်း သဘောကျတယ်။ ဦးသက်ဝင်းက မိန်းမစိတ်ပညာ(Woman Psychology) ကို အတော်ကျေညက်ပုံရတယ်"ဟု ချီးကျူးလိုက်ရာ -

"ဟာ . . . ကျွန်တော် ဘာဆိုက်ကိုလိုဂျီမှ ကျေညက်လို့မဟုတ်ဘူးဗျို့။ လူပျိုဘဝကတည်းက ဒီကနေ့အထိ နေ့တိုင်း ဈေးဝယ်နေရတဲ့ အတွေ့အကြုံက အထောက်အကူပေးသွားတာပါ။ အင်း . . ဘယ်လိုအတွေ့အကြုံမျိုးပဲဖြစ်ဖြစ် သူ့နေရာနဲ့သူ အသုံးချတတ်သွားရင် အကျိုးရှိနိုင်တယ်ဆိုတာ ဒီအမှုက ကျွန်တော့်ကို သင်ခန်းစာပေးသွားခဲ့ပြီလေ"

ဦးသက်ဝင်းက အားပါးတရ ပြန်၍ပြောလိုက်ခြင်းဖြစ်၏။

(ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်တစ်ခု၏ တရားရုံး၌ အချိန်ပြည့် တရားသူကြီးအဖွဲ့ဝင်အဖြစ် ဆောင်ရွက်ခဲ့စဉ် ၁၉၈၅ ခုနှစ်တွင် ကိုယ်တိုင်ကြုံတွေ့စီရင်ခဲ့ရသော မှုခင်းတစ်ခုအကြောင်း အောက်မေ့သတိရမိသဖြင့် ရေးသားတင်ပြလိုက်ရခြင်း ဖြစ်ပါကြောင်း။)

မနသသကျော်ဝင်း
(အမျိုးသားစာပေဆုရ)


ပဌာန်းရွှေကျမ်းရတနာဒီပံ
ရွှေအလင်းတိုင်

ပဌာန်းဆက် အားကောင်း၍ လူ့ဘုံလောကတွင် ကျင်လည်နေထိုင်လျက်ရှိကြသော ပါရမီရှင်များအတွက် အားထားစရာ ပဌာန်းရွှေကျမ်း ရတနာဒီပံ ရွှေအလင်းတိုင် ပေါ်ထွက်လာပါပြီ။

ဤသို့ ပေါ်ထွက်ရအောင်လည်း ပဌာန်းရွှေကျမ်းကျင့်စဉ်ကို အဓိဋ္ဌာန်တင် သမထစွမ်းအင်ဖြင့် စီမံ၍ထားသဖြင့် ပါရမီရှင်များ လိုအပ်သော ကိစ္စအဝဝကို ဖြည့်ဆည်းပေးနိုင်ပါလိမ့်မည်။

အထူးသဖြင့် လျှို့ဝှက်စီမံထားသော ဂမ္ဘီရပစ္စည်းတစ်မျိုးနှင့် တွဲဖက်၍ စီမံထားပါသည်။ အသေးစိတ်သိလိုသူများ လူကိုယ်တိုင်ကြွရောက်၍ မှာယူနိုင်ပါသည်။

—— ဆက်သွယ်ရန် ——

ရောင်ပြန်မဂ္ဂဇင်းတိုက်

အမှတ်(၂၇)၊ ၅၂-လမ်း(အောက်)၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၉-၂၅၁၀၂၂၃၃၁




www.burmeseclassic.com

www.burmeseclassic.com

# တောင့်တကင်းကင်း

# ကြောင့်ကြမဲ့ခြင်း အကြောင်းရင်း

ခင်မောင်အေး(မန္တလေး)

ဗာရာဏသီပြည်တွင် ဗြဟ္မဒတ် မင်းကြီး ထီးနန်းစိုးစံလျက်ရှိလေသည်။ ထိုအချိန်တွင် မြတ်စွာဘုရားအလောင်းသည် ဗြာဟ္မဏပုဏ္ဏားမျိုး၌ ဖြစ်လေသည်။ ဘုရားလောင်းပုဏ္ဏားသည် ငယ်ရွယ်စဉ် ကလေးဘဝအရွယ်မှအစပြု လျက် မြတ်သောအကျင့်ကို ကျင့်ကြံအားထုတ်ခဲ့သူဖြစ်သည်။ အရွယ်သို့ ရောက်သောအခါ ထိုပုဏ္ဏားငယ်သည် ရဟန်းပြုရန်အလို့ငှာ ထွက်ခွာလာခဲ့လေသည်။

ထိုအချိန်တွင် စွန်ရဲတစ်ကောင်သည် မနီးမဝေး အမဲဈေးတစ်ခုမှ ဆိုင်ခုံပေါ်တွင်ကင်လျက်ထားသည့် အမဲသားတစ် တစ်စကို အလစ်အငိုက်သုတ်ချီကာ ဟိုအထက်ကောင်းကင်ထက်သို့ ပျံတက်ပြေးခဲ့လေသည်။ သားတစ်ကို သုတ်ချီလာသော စွန်ရဲအား အခြားစွန်များက အမဲသားတစ်ကို သူတို့လည်းစားလိုကြသဖြင့် ဝိုင်းဝန်းထိုးဆိတ်လုယက်ကြ၏။ သားတစ်စကိုကိုက်ချီလာသည့် စွန်ရဲသည် အခြားစွန်များ၏ ထိုးဆိတ်မှုကို မခံနိုင်တော့သဖြင့် နှုတ်သီးဖြင့်ကိုက်ချီလာခဲ့သော အမဲသားတစ်ကို လွှတ်ချလိုက်ရလေသည်။

ထိုအခါ စွန်ရဲလွှတ်ချလိုက်သော သားတစ်စကို အခြားစွန်တစ်ကောင်က ထိုးသုတ်လျက် ယူဆောင်သွားပြန်လေသည်။ ထိုစွန်၏နှုတ်သီးဝမှ သားတစ်ကို အခြားသောစွန်များကတစ်ဖက် ဝိုင်းဝန်းထိုးဆိတ်လုယက်ကြပြန်သည်။ ထက်ကောင်းကင်တွင် စွန်ရဲများ အစာလုယက် တိုက်ခိုက်နေကြသည် ဖြစ်ရာ ငှက်မွေးများ၊ တောင်ပံအကျိုးအပဲ့များ ဟိုသည်အနှံ့ ကျဲပြန့်ကျဆင်းနေကြ၏။ ထို့နောက်တစ်ဖန် အမဲသားတစ်ကို ထိုးသုတ်ကိုက်ချီလာသော စွန်ကို အခြားစွန်များက ဝိုင်းဝန်းတိုက်ခိုက် လုယက်ကြပြန်လေသည်။

ထိုအခါ အမဲသားတစ်ကို ကိုက်ချီထားသော စွန်သည် အခြားစွန်များ ဝိုင်းဝန်းထိုးဆိတ်မှုကို မခံနိုင်သဖြင့် သားတစ်ကို လွှတ်ချလိုက်ရပြန်လေသည်။ ယင်းကဲ့သို့ အမဲသားတစ်ကို စွန်တစ်ကောင်ရသွားလိုက်၊ ဝိုင်းဝန်းထိုးဆိတ် လုယက်လိုက်နှင့် သူတစ်လှည့် ကိုယ်တစ်ပြန် စွန်တွေ တစ်ကောင်ပြီး တစ်ကောင် သားတစ်ကို ထိုးသုတ်ရရှိလိုက်၊ နောက်တစ်ကောင်က ပြန်လည်လုယက်ရရှိလိုက်နှင့် အမဲသားတစ်ကို မည်သည့်စွန်ကမျှ စားရသည်မရှိဖြစ်နေတော့သည်။

ဘုရားလောင်း ပုဏ္ဏားသည် ထိုသို့ စွန်ရဲများ ရန်းရင်းဆန်ခတ် ဝရုန်းသုန်းကား တိုက်ခိုက်ထိုးဆိတ်နေကြသော မြင်ကွင်းကိုကြည့်ရှုရင်း အမဲသားတစ်ကို ထိုးသုတ်ရရှိပြီး ကိုက်ချီသွားသည့်စွန်၏ ဒုက္ခနှင့်ရင်ဆိုင်ခဲ့ရသည့် အခြေအနေကိုလည်းကောင်း၊ အမဲသားတစ်ကို လွှတ်ချလိုက်ရပြီး ကိုယ်လွတ်လက်လွတ်ဖြစ်သွားသည့် စွန်သည် ကိုယ်ရောစိတ်ပါ ချမ်းသာရရသွားသည်ကိုလည်းကောင်း သတိသံဝေဂရစေပြီး အံပြစ်ကိုမြင်ကာ အကျိုးကိုထင်စေလေသည်။

ဘုရားလောင်း ပုဏ္ဏားသည် ယင်းသို့ အပြစ်မြင်အကျိုးထင်ခဲ့ရပြီးသည့်နောက် "ကိလေသာ ကာမတို့ မည်သည် စွန်ရဲများ တစ်ကောင့်နှုတ်သီးမှတစ်ကောင် လုယက်သုတ်ချီနေသော အမဲသားတစ်နှင့် ပမာတူပါသည်။ ယင်းကိလေသာကာမနှင့်တူသော သားတစ်ကိုသုတ်ချီလာသောစွန်များ၊ သို့တည်းမဟုတ် လူများသည် ဝန်းကျင်ရှိ မိမိကဲ့သို့ လောဘ၊ ဒေါသနှင့် မောဟကြီးမားသည့်လူများက ဝိုင်းဝန်းတိုက်ခိုက်ခြင်း ခံရသည်ဖြစ်၍ ဆင်းရဲခြင်းဒုက္ခနှင့် ကြုံတွေ့ကြရပါသည်။ စင်စစ်

www.burmeseclassic.com

ဤ‌ဒီလေ သာကာမတို့ကို ဆောင်ကြဉ်းလာသော သူများသာလျှင် ဆင်းရဲဒုက္ခနှင့် ကြုံ‌တွေ့ကြရပေသည်။ အမဲသားတစ်နှင့်တူသော ကိလေသာကာမတို့ကို စွန့်ပစ်ပယ်ခွာခဲ့ကြသူများ၌ကား ချမ်းသာခြင်းသုခကို ခံစားကြရပါသည်ဟု ဘုရားလောင်းပုဏ္ဏား တွေးတောမိကာ သဘောပေါက်သွားလေသည်။

ဘုရားလောင်းသည် ကာမကိလေသာတို့၏ ညစ်ထေးနှောက်ကျူခြင်းကို စက်ဆုပ်လှပြီး ခရီးဆက်ခဲ့ပြန်လေသည်။ ခရီးလမ်းအကြား ရွာတစ်ရွာသို့ ရောက်ရှိလာခဲ့သည်တွင် မိတ်ဆွေတစ်ဦး၏အိမ်၌ တည်းခိုလျက် ညအိပ်လေသည်။ ထိုအိမ်မှ "ပိင်္ဂလာ"အမည်ရှိသည့် ကျွန်မတစ်ယောက်သည် အိမ်ရှင်ဖြစ်သော ဇနီးမောင်နှံတို့ အိပ်ပျော်သွားကြသည့်တိုင်အောင် သူမက မအိပ်သေးဘဲ တံခါးခုံတစ်ခုအနီးတွင်ထိုင်ကာ စောင့်ဆိုင်းနေသော တစ်စုံတစ်ယောက်ကို လာနိုးလာနိုးနှင့် စောင့်မျှော်နေလျက်ရှိ၏။ ညဥ့်ဦးယံအချိန် ကုန်ဆုံးသွားပြီးနောက် သန်းခေါင်ယံသို့ တိုင်လေသည်။

ပိင်္ဂလာကျွန်မသည် တံခါးခုံအနီးတွင် ပျင်းရိငြီးငွေ့ခြင်းအလျဉ်းမရှိ ငွဲနပဲနှင့် ခြင်ကိုက်သည်ကိုလည်း အမှုမထား။ အိပ်ငိုက်သည်ကိုလည်း ဂရုမပြုဘဲ ငြိမ်ဆိတ်တိတ်ဆိတ်စွာ စောင့်ဆိုင်းမြဲစောင့်ဆိုင်းနေခဲ့လေသည်။ သည်လိုနှင့် အချိန်သည် တဖြည်းဖြည်းတရွေ့ရွေ့ ကုန်ဆုံးသွားခဲ့ပြီးနောက် သန်းခေါင်ယံကျော်လွန်ကာ အရှေ့ဆီမှ ရောင်နီထွက်ပြူလာတော့မည့်အချိန်။

မိုးသောက်ယံအချိန်သို့ ရောက်ရှိလာလေတော့သည်။ အရုဏ်ကျင်း၍အလင်းသို့ရောက်တော့မည် ဖြစ်ပါသည်။ ပိင်္ဂလာအဖို့မှာကား လာနိုးငယ်မျှော်၊ မောင်ကလည်း မပေါ်လာ၊ ဘယ်ဆီဘယ်ဝယ်၊ ရောက်နေတာလဲကွယ်၊ မျှော်သူမှာသာ မောနေရရှာ။ မသနားမစာနာ၊ ပြုရက်လေသလား။ မယ်တစ်ပါးမှာ သောကတွေဗျာပါဝေ၊ ညှာတာစိတ်များထား၊ ပြန်လာလှည့်ပါလား။

နေဝန်းနီနီက အရှေ့ဆီမှ ဝင့်ဝင့်ကြွားကြွား ပေါ်ထွက်လာလေသည်။ နေ့သစ်သည် အားမာန်အပြည့်ဖြင့် ရဲရဲတောက် စစ်သည်တော်တစ်ဦးအလား ချီတက်လာသည်။ အရုဏ်ဦးလေပြေသည်လည်း နေဝန်းနီနီနှင့်အတူ ကိုယ်ရံတော်အသွင်ယူလျက် တရှဲရှဲ တဟဲဟဲ အသံပေးကာ မခွဲမခွာ လိုက်ပါလာလေသည်။ လမ်းတစ်လျှောက် သက်ရှိသက်မဲ့ဟူသမျှ အမှုမထား အေးစိမ့်သော အထိအတွေ့ဖြင့် ပွေ့ဖက်ပိုက်ထွေးသွားလေသည်။

သည်အခါ၌ကား ပိင်္ဂလာကျွန်မသည် စိတ်နှလုံးကို နှံ့ဖုံးချလိုက်သည့်နှယ် သူမမျှော်လင့်လျက်ရှိသူ ပေါ်မလာတော့သည်မှာ သေချာသွားပြီး အာသာပြတ်သွားခဲ့လေသည်။ သည်အခါ၌မှ ပိင်္ဂလာကျွန်မသည် တံခါးခုံအနီးမှခွာကာ သူမ၏အိပ်ရာဆီသို့ လေးလေးတွဲ့တွဲ့ ဖြည်းညင်းသာယာစွာ ခြေလှမ်းတစ်လှမ်းချင်း လှမ်းလျှောက်လာခဲ့လေသည်။ ဘုရားလောင်းပုဏ္ဏားသည်လည်း ပိင်္ဂလာကျွန်မ၏လုပ်ရပ်များအား တစ်ခုမကျန် မြင်တွေ့နေရသည်ဖြစ်ရကား ကောင်းစွာဆင်ခြင် သုံးသပ်မိလေသည်။ ပိင်္ဂလာကျွန်မသည် ဘုရားလောင်းပုဏ္ဏား သူမအား သေချာစွာတွေ့မြင်သုံးသပ် အကဲခတ်နေခြင်းကို စိုးစဉ်းမျှ သိရှိပုံမရဘဲ သူမ၏အိပ်ရာထဲသို့ဝင်ကာ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားရှာလေတော့သည်။

ဘုရားလောင်းမှာမူကား ပါရမီရှင်ပီပီ ပိင်္ဂလာ၏ ဖြစ်စဉ်ဖြစ်ရပ်အား "ကိလေသာတို့၌ တောင့်တခြင်းအာသီသသည် ဆင်းရဲလှစွာ၏။ အာသာကင်းခြင်းသည်သာလျှင် ချမ်းသာခြင်းအမှန်ဖြစ်ပါပေသည်"ဟု သုံးသပ်ဆင်ခြင်မိလေသည်။

နံနက်မိုးသောက် အလင်းသို့ရောက်လေပြီ။ ဘုရားလောင်းပုဏ္ဏားသည် အိပ်ရာမှနိုးထလာခဲ့ပြီး ကိုယ်လက်သုတ်သင်ကာ မိမိ၏ခရီးဆောင်အထုပ်အပိုးများကို ပြင်ဆင်သိမ်းဆည်း၏။ များမကြာမီ အိမ်ရှင်ဇနီးမောင်နှံလည်း နိုးထလာပြီဖြစ်သဖြင့် ဘုရားလောင်းက ကျေးဇူးစကားဆိုကာ နှုတ်ဆက်ထွက်ခွာလာခဲ့လေသည်။ သည့်နောက်ကား ဘုရားလောင်းပုဏ္ဏားသည် တောသို့ဝင်ရောက်လျက် ရဟန်းပြုလေသည်။

မြင်သမျှ ဘာကိုမျှ မတွယ်တာ၊ သည်အခါ ဆင်းရဲမတွေ့။

**ခင်မောင်အေး(မန္တလေး)**

<u>ကျမ်းကိုး</u>

သီလဝိမံသဇာတ်တော်။



www.burmeseclassic.com

www.burmeseclassic.com


# ဆရာကြီး အရှယ်ံ ဆရာနေအောင်

(အကြားအမြင် ဂမ္ဘီရပညာပါရမီရှင်)　(ဝါတွင်းဝါပ တနင်္လာနေ့တိုင်းပိတ်သည်)

မော်လမြိုင်(ခေါင်းဆေးကျွန်း)၊ ပဲခူး(ဒေးစွန်းပါ)၊ သန်လျင်(ကျောက်တန်း) ဘုရားတည့်၊ စာမေးပွဲ၊ ကျန်းမာရေး၊ အချစ်ရေး၊ ထူးချွန်ထက်မြက်မည့် ကလေးနာမည်ပေးခြင်း၊ ဆိုင်၊ ကုမ္ပဏီနှင့် လုပ်ငန်းအမည်ရွေးချယ်ခြင်း၊ ထူးခြားအောင်မြင်သော စီးပွားရေးလုပ်ငန်းများ နိုင်ငံခြားကိစ္စ၊ သင်္ဘောသားများ လိုင်းကောင်း၊ လစာကောင်းပြီး အမြန်ထွက်ခွာရန်၊ အမှုအခင်းများ၊ အိမ်၊ ခြံ၊ မြေ၊ ကားရောင်း၊ သားသမီးများ လိမ္မာယဉ်ကျေးပြီး မိဘစိတ်တိုင်းကျဖြစ်စေရန် ကူညီခြင်း၊ အိမ်ထောင်ရေးကိစ္စ အထူးဆောင်ရွက်သည်(မူလအိမ်ထောင်ရှင်ဘက်မှသာ)၊ ထီနှင့် ကံစမ်းလုပ်ငန်းများအတွက် လမ်းညွှန်သည်။ ဓာတ်ရိုက်၊ ဓာတ်ဆင် အာမခံဖြင့် ဆောင်ရွက်သည်။

ဆိုင်အမှတ်(၈)၊ ဆူးလေဘုရားအဝိုင်း၊ ရန်ကုန်မြို့။ ဖုန်း/၀၉-၅၁-၁၂၁၄၆၊ ၀၉-၇၃၁-၅၃၁၈၈
နံနက် (၈း၃၀) နာရီ မှ နေ့လည် (၁၂း၃၀) နာရီ။
အိမ်အမှတ်(၁၇)၊ အောင်နီလာလမ်း၊ အောင်မင်္ဂလာရပ်ကွက်၊ သန်လျင်မြို့။ ဖုန်း/၀၅၆-၂၀၆၀၉(အိမ်)
ညနေ (၄း၀၀) နာရီ နောက်ပိုင်း



လိုင်စင်အမှတ် - ၁/၂၀၁၅ တဆထလ(၂၇၄၆)


# နေအောင်ဝိဇ္ဇာမိုးရိဆေးတိုက်

- ကျားအားနည်း၊ သေ/ညှိုး၊ တစ်ခဏပြီးသွားခြင်း၊ အားမထိန်းနိုင်၊ ပန်းလန်းပြီး ရုတ်တရက် ညှိုးနွမ်းခြင်း၊ အကြောများ ရှုန်းကန်မှုနည်း၊ ရာနှုန်းပြည့် မစွမ်းဆောင်နိုင်ခြင်းများအတွက် အောင်ဝိဇ္ဇာမိုးရိမှ ကုသရင်း ထုတ်လုပ်ထားသည့် အကြောအားဖြည့် စားဆေး၊ လိမ်းဆေး၊ ဆေးမျိုးစုံ (TMR 011176), (1114), (TMR 011177), (1114)
- လိပ်ခေါင်းတွင်း/ပြင်၊ စအိုဝဖုသီးထွက်၊ ဝမ်းသွားအားမရ သွေးပါ၊ စအိုဝယောင်ရမ်းနာကျင်ခြင်း၊ လိပ်ခေါင်းအဖု တဖြည်းဖြည်းကြီးလာခြင်း၊ အရိအချွဲကျခြင်းတို့ကို အထူးကုသ ဆေးများဖြင့် အမြစ်ပြတ် ကုသပေးနေပါပြီ။ (1208 y 7427942)
- ခရုသင်း၊ သမင်ဖြူ၊ နှင်းခူစို/ခြောက်၊ ကာလသားရောဂါများ ကုသပေးနေပါပြီ။ အထူးကုဆေးများလည်း ရရှိနိုင်ပါသည်။ (0813 y 10568)သွေးသန့်ဆေး၊ သွေးညှိဆေး၊ မီးယပ်၊ ထိမ်ငုပ်၊ ယားယံ/ဖုပိမ့်ထခြင်း၊ အပူငြိမ်းဆေး၊ အဆီကျဝမ်းပျော့၊ သွေးသန့်ဆေးများလည်း ရရှိသည်။

❖ ဆေးခန်း - အမှတ်(၃၁၄)၊ ရွှေဘုံသာအလယ်လမ်း၊ KBZ ဘဏ်ဘေး၊ (၀၁-၃၈၇၀၉၇)၊ (၀၉-၃၁၉၂၁၁၃၅)
❖ ပင်ရင်းဖြန့်ချိရေး - အမှတ်(၈၆)၊ (၉၄)လမ်း၊ မင်္ဂလာတောင်ညွန့်၊ (၀၉-၅၀၁၆၃၇၂၊ ၀၉-၅၀၃၃၈၃၉)
❖ ပင်မဖြန့်ချိရေး - ကိုဝင်းမြင့်+မဘေဘီ(ကမ်းနားလမ်း)၊ (၁၅)လမ်းထောင့်၊ ကိုလှစိုး(သိမ်ကြီးဈေး)၊ လှထုမေတ္တာ(သိမ်ကြီးဈေး)၊ သီဟ(သန်လျင်မြို့မဈေးအနီး)၊ အောင်ရတနာ(၂၈×၈၃)လမ်းထိပ်၊ ကောင်းသန့်(၂၆၄/၂၈)၊ (၇၂×၈၃ လမ်းထိပ်)၊ မတူမရှူ(၂၀×၂၂) မြန်မာ့ဂုဏ်ရည်(၂၆)၊ (၈၈×၇၉)၊ ပန္နလ(ဈေးချို)၊ အာရောဂျ(သိမ်ကြီးဈေး)၊ အာရောဂျ န(၄)၊ နေပြည်တော်မြို့မဈေး၊ ပွဲကတော်မင်္ဂလာရပ်(ပျဉ်းမနား)၊ ကိုတူးတူး(မကွေးတိုင်းဆေးရုံကြီးနောက်ဘက်)တို့တွင် ရရှိနိုင်ပါသည်။


www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# အခိမ်းရောင် သစ္စာစကား

(ယခင်လမှအဆက်)

ကျော်မြသန်း

အခန်း (ဆယ့်ခုနစ်)

အချိန်မဟုတ် အခါမဟုတ် မိုး ရွာဦးမလားမသိ။

ကောင်းကင်ပြင်က မှိုင်းညို့လို့ နေသည်။ ကြည်ကြည်လင်လင်မရှိ။ နေရောင်ခြည်ကလည်း ဘယ်ကမ္ဘာသို့ အလည်သွားနေသည်မသိ။ နေထွက် ချိန်ဖြစ်ပေမယ့် ကောင်းကင်ပြင်မှာ နေ ရောင်ကင်းမဲ့နေသည်။

ကောင်းကင်က ပြာလဲ့လို့မနေ။ ခဲသားရောင် ထလို့နေ၏။

ခင်သီတာသည် ငြိမ်သက်စွာရပ် နေရာမှ သက်ပြင်းမောကို စိတ်ပျက် လက်ပျက် ချလိုက်သည်။ ကောင်းကင် ပြင်ကို ကြည့်နေရာမှ အကြည့်လွှဲ လိုက်သည်။

သည်နေ့က ရာသီဥတုလည်း မသာယာ။ စိတ်လက်လည်း မကြည် မလင်နဲ့ ပါကလား။

မှန်သည်။ သည်နေ့က သီတာ စိတ်ညစ်ညူးသောနေ့ ဆိုလျှင်လည်း မမှားပါ။ စိတ်ပျက်လက်ပျက် ဖြစ်နေ သည့် နေ့ဆိုလျှင်လည်း မှန်ကန်လို့နေ ပါသည်။ ကြည့်...သည်ကနေ့ကျမှ စိတ်ထဲလေးလံနေသလို သည်နေ့အဖို့ ဘာတစ်ခုမှလည်း လုပ်ရကိုင်ရတာ အဆင်ပြေပြေ မရှိ။

အကြောင်းတိုက်ဆိုင်လာလို့ မနက် က အဖြစ်အပျက်ကလေးကို သီတာ ပြောပြချင်သေး၏။ ပြောရလျှင် သည် ကနေ့ သူမ စိတ်လက်မကြည်မသာ ဖြစ်သည်မှာလည်း သည်အကြောင်းနှင့် ပတ်သက်နေသည်လို့ ပြောချင်သည်။

ဥပါဒါန်ကြောင့် ဥပဒ်ရောက်ဆို သော စကားလည်းရှိသည်မို့ သီတာ ဘာမှတော့ မယုံးစွပ်လို့။ မထင်လို့။ အမေကလည်း ပြောပါသည်။ သည်က အဖြစ်သည် မတော်တဆဖြစ်သည့် အဖြစ်သာ ဖြစ်ပါစေလို့ အတိတ်တို့ နိမိတ်တို့နှင့် မတိုက်ဆိုင်ပါစေနဲ့လို့။

မည်သို့ဆိုစေ။ မနက်ကဖြစ်ခဲ့ သည့် အကြောင်းကလေးကိုတော့ သီတာ ပြောချင်ပါသေးသည်။ ဒါမှ လည်း သီတာ့အဖို့ ရင်မှာအနည်းငယ် ချမ်းမြသည်ဟုထင်ပါသည်။

မနက်က...။ မနက်က သီတာ့ တူကလေးနှစ်ယောက် ရောက်လာ သည်။ ဟန်နောင်ဦးနှင့် ဝင်းနောက်ထွန်း တို့ဖြစ်သည်။ ဟန်နောင်ဦးနှင့် ဝင်းနောင် ထွန်းသည် နှစ်နှစ်ကြီး နှစ်နှစ်ငယ် ညီ အစ်ကို။ ဟန်နောင်ဦးက ကိုးနှစ်။ ဝင်း နောင်ထွန်းက ခုနစ်နှစ်။

ဟန်နောင်ဦးနှင့် ဝင်းနောင်ထွန်း တို့ ညီအစ်ကိုက လိမ္မာသည်။ ချစ်စရာ ကောင်းသည်။ ဆော့သည့်နေရာတွင် လည်း သူမတူအောင်ဆော့သည်။

သို့ပေမယ့် သူတကာ ကလေး တွေလို ဝေးဝေးလံလံသို့တော့ သွား မဆော့တတ်။ အိမ်ထဲမှာပဲ ဆော့တတ် သည်။ သည်နေ့က ဧည့်ခန်းမှာ ဘော လုံးကန်သည်။

သီတာက ဟန်နောင်ဦးနှင့် ဝင်း နောင်ထွန်းတို့ကို ဧည့်ခန်းတွင်ဘောလုံး ကန်ခိုင်းပြီး မီးဖိုဆောင်သို့ဝင်ခဲ့သည်။ ဘုရားဆွမ်းတော်တင်ရင်း ပြင်ဆင်ဖို့ ဖြစ်သည်။

"ချလွမ်း"

ဆွမ်းခွက်နှစ်ခွက်ကို ကိုင်လာရာ မှ ဘယ်လိုကဘယ်လို တစ်ခွက်က ချော်ကျသွားသည် မသိ။

လက်ထဲမှ လွတ်ကျသွားသည်။

ဘုရားဆွမ်းတော်ပန်းကန်က သမံ တလင်းနှင့်ထိပြီး ကွဲကြေသွားသည်။

"ဘုရား ...ဘုရား စိတ်လေး လိုက်တာ"

သီတာ ညိုးငယ်စွာနှင့် ရေရွတ် မိသည်။ လေးကန်စွာ သက်ပြင်းကို ရှိုက်လိုက်ပြီး ပန်းကန်ကွဲများကို လိုက် ကောက်သည်။

ပြီး နောက်ဖေး အမှိုက်တောင်း



www.burmeseclassic.com

www.burmeseclassic.com

ထဲ သွားထည့်သည်။

ထိုစဉ် မမျှော်လင့်သည့် အသံတစ်ခုကို ကြားလိုက်ရပြန်၏။

"ခွမ်း . . ."

"အလို . . . ကွဲရှသံပါကလား"

သီတာ့စိတ်ထဲ ထင့်ခနဲ လေးခနဲဖြစ်သွားရပြန်သည်။ အမြန်ဆုံး အိမ်ရှေ့သို့ အပြေးတစ်ပိုင်း ထွက်ခဲ့သည်။ အိမ်ရှေ့ဧည့်ခန်းသို့ ရောက်သည်နှင့် သီတာ့ခြေလှမ်းတို့ တုံ့ခနဲရပ်သွားသည်။

"အို . . ."

အလန့်တကြား ရေရွတ်လိုက်မိသည်။

ဧည့်ခန်းထဲမှာ ကြောက်ရွံ့ပြာနှမ်းနေသည့် ကလေးနှစ်ယောက်။ ပြုတ်ကျ၍ကွဲနေသည့် ဓာတ်ပုံတစ်ပုံ။

ဓာတ်ပုံက တင်ထွန်းနိုင်နှင့် ခင်သီတာ လက်ထပ်ပြီးရိုက်ထားသည့် ဓာတ်ပုံ။ သီတာ့ရင်ထဲမှာ မချုပ်တည်းနိုင်အောင် ခံစားရသည်။ မျက်ရည်တို့ ထွက်မလာအောင် သိမ်းဆည်းပေမယ့် မရ။ ပါးပြင်ပေါ်သို့ မျက်ရည်တွေက စီးကျလို့နေ၏။ ဓာတ်ပုံနားသို့ အပြေးတစ်ပိုင်းသွားပြီး ဓာတ်ပုံကွဲများကို ကောက်ကိုင်လိုက်သည်။

နောက် ဟန်နော်ဦးနှင့် ဝင်းနော်ထွန်းတို့ကို ကြည့်လိုက်သည်။ ကလေးနှစ်ယောက်မှာ မိမိအကြည့်အတွက် ကြောက်လန့်နေကြသည်။

သီတာ စိတ်ပျက်လက်ပျက် သက်ပြင်းရှိုက်လိုက်သည်။

"မောင် . . . မောင် ဘာဖြစ်လို့ပါလိမ့်။ မောင် ဘာမှမဖြစ်ပါစေနဲ့"

သီတာ့စိတ်ထဲမှာ ကျိတ်၍ဆုတောင်းလိုက်သည်။

ထိုစဉ် အမေဝင်လာသည်။ အမေသည် မြင်ကွင်းကိုမြင်လိုက်သည်နှင့် သီတာ၏အခြေအနေ အသွင်အလျာကို ရုတ်ခြည်းနားလည်သွားပုံရသည်။

"ဘာမှ စိတ်မကောင်းမဖြစ်ပါနဲ့ ကွယ်။ မတော်တဆဖြစ်တာပါ။ တော်ကြာ ဥပါဒါန်ကြောင့် ဥပဒ်ရောက်နေပါ့မယ်"

အပြုံးနှင့် နှစ်သိမ့်သည်။

မည်သို့ဆိုစေ . . . သီတာ့စိတ်ထဲမှာတော့ ဖြေမဆည်နိုင်ခဲ့။ စိုးရိမ်စိတ်က ဟဲလို့နေ၏။ စိတ်တွေက လေးလံထိုင်းမှိုင်းနေသလို အသိတွေက ရီဝေလို့နေ၏။

သို့ဖြင့် သီတာ ညက အိပ်မရဖြစ်ခဲ့သည်။ မျက်လုံးကိုမှိတ်၊ မီးကိုမှိတ်၊ စောင်ခြုံအိပ်ပေမယ့် မရ။

ထိုင်လိုက် ထလိုက်နှင့် အချိန်များစွာကို ဖြုန်းတီးပစ်ရသည်။ အိပ်မရ။

သိပ်စိတ်ညစ်တာပဲ။ စိတ်ညစ်တယ်။ ဒီလို စိတ်ညစ်တယ်ဆိုလေမှ မဆီလေးရယ်တဲ့မဆိုင်။ တာရာမဏိဝင်းက ကဗျာလေးတစ်ပုဒ်ကို ပြေးသတိရသည်။ ကဗျာရဲ့အမည်က "တစ္ဆေ"တဲ့။

ကဗျာရေးသူက မကြည်အေးမ။

ညကြီးမင်းကြီး၊

ထပြီးထိုင်နေ၊

မွေ့ရာတွေလည်း၊

ကြေမွတွန့်လိပ်၊

သိပ်စိတ်ညစ်တယ် . . . တဲ့။

ဪ . . . ခုတော့လည်း သီတာ့အဖြစ်က သည်လိုပါပဲလား။

***

## အခန်း (ဆယ့်ရှစ်)

မေ့ခနဲ အိပ်ပျော်သွားသည်။

ဒီတော့ မိုးလင်းလုပြီ။

တိုင်ကပ်နာရီက နံနက် ၃ နာရီကို ညွှန်ပြနေချိန်။

ယင်းသို့ မေ့ခနဲ အိပ်ပျော်သွားတော့ သီတာ အိပ်မက်တစ်ခုကို မြင်မက်သည်။ အိပ်မက်သည် ဆွတ်ပျံ့ကြည်နူးဖွယ် အိပ်မက်တော့မဟုတ်။ လိုက်ဖိုရင်မောဖွယ် အိပ်မက်ရယ်ပါ။

ထိုအိပ်မက် အတွင်းတွင်လည်း သီတာတစ်ယောက်တည်း။

အထီးတည်းဖြစ်သည်။ အထီးကျန် ဆန်လို့နေသည်။ သီတာ့အနားတွင် မည်သူမျှမရှိ။

မောင်လည်းမရှိ။ မောင်သည် သီတာ့ကို အသက်တမျှချစ်သည်လို့ ဆိုခဲ့သည်။ သီတာသည် မောင့်အသက်၊ မောင့်အသည်းလို့ ဆိုခဲ့ရသည်။ မောင့်ရင်ခွင်တွင် ချစ်သီတာ အမြဲရှိရမည်လို့ ကြွေးကြော်ဖူးသည်။

ခုတော့ . . .

သီတာတစ်ယောက်တည်း။ သီတာ့ကို ချစ်ပါသည်ဆိုသော ချစ်ရသူမောင်က ဘယ်ရောက်နေသနည်း။ ရင်သည် ပူလောင်လို့နေသည်။ ကျယ်ပြန့်သည့် ဖုန်းဆိုးမြေကို ဖြတ်ကျော်လာရသည်မို့ နွမ်းလျနေသည်။

နောက်ကို ပြန်ကြည့်သည့်အခါ ပူလောင်ကျယ်ပြန့်သည့် ဖုန်းဆိုးမြေအပြန့်ကို မြင်ရသည်။ မိမိလျှောက်လာရသည့် ခရီးသည် ဝေးကွာလှသည်ဖြစ်ကြောင်းကို သီတာသိလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

သီတာသည် ဤမျှကျယ်ပြန့်၊ ဤမျှလောက်သည့် ဖုန်းဆိုးမြေအပြန့်ကို သည်မျှကြာကြာ ဖြတ်ကျော်ခဲ့ရသည် သေး၊ အဝတ်အစားများသည်လည်းကောင်း၊ အသွင်အပြင်များသည်လည်းကောင်း ညှိုးရော်လို့နေပြီကော။

သီတာသည် ယခုမှ မိမိကိုယ်မိမိ ပြန်လည်၍ သုံးသပ်ကြည့်မိ၏။ မိမိ၏ အသွင်အလျာသည် အတော်ကလေး ပြောင်းလဲလို့နေလေပြီ။ သပ်ရပ်မှုသည် သူမခန္ဓာကိုယ်ပေါ်တွင် လုံးဝမရှိပါလေ တော့။

ယခုဆိုလျှင် သီတာသည် ကျယ်ပြန့်သည့် ဖုန်းဆိုးမြေအပြင်တွင် မဟုတ်လေတော့။ ကျယ်ပြန့်သည့် ဖုန်းဆိုးမြေ အပြင်ကို ဖြတ်ကျော်ခဲ့ပြီး ခက်တရော်သည့် တောင်ကြောတစ်ခုပေါ်သို့ တရွေ့ရွေ့တက်လာခဲ့၏။

လေသည် ကြမ်းတမ်းစွာ တိုက်ခတ်လို့နေသည်။ လေက ကြမ်းတမ်းစွာ တိုက်ခတ်နေသည်မို့ စည်းနှောင်ခြင်း ကင်းသည့် ဆံကေသာတို့သည် ရိုင်းစိုင်းစွာ တလူလူလွင့်လို့နေသည်။ အင်္ကျီ လုံချည်များကလည်း အရောင်အသွေး ပျက်စ ပြုနေလေပြီ။

ယခုအချိန် သီတာ့ကိုကြည့်ရသည်မှာ သူရူးတစ်ယောက်နှင့် တူနေပါသည်။ အချစ်ရူး၊ သီတာ၏စိတ်တွေကလည်း လေရူးကဲ့သို့ လွင့်ချင်တိုင်း လွင့်လို့နေသည်။

မောင့်ဆီ ရောက်လို့နေသည်။

မောင် ဘယ်ရောက်နေပါလိမ့်။

မောင် ဘယ်ရောက်နေပါလိမ့်။

သို့နှင့် သီတာ ဝေ့သီမြင့်မားသည့် တောင်ထွတ်ပေါ်သို့ ရောက်ခဲ့သည်။ တောင်ထွတ်တစ်ခု အပေါ်သို့ ရောက်သည့်အခါ လေအတိုက်က ပို၍ပို၍ ကြမ်းလာသည်။ သည့်အပြင် တောင်အောက်မှ ဖြတ်စီးသွားသည့် ချောင်းရေစီးသံက ပို၍ကြမ်းသည်လို့ ဆိုရမည်ထင့်။ မရဏမင်း၏ အော်မြည်သံကဲ့သို့ ကျယ်လောင်လွန်း၏။ တုန်လှုပ်ချောက်ချားဖွယ် ကောင်းလွန်း၏။

သီတာ ဝေးသီသည့်တောင်ထွတ် ထိပ်တွင် ရပ်လိုက်သည်။ မျက်နှာမူရာဆီသို့ အေးစက်သော အကြည့်ဖြင့် ရီဝေစွာ စိုက်ကြည့်နေ၏။

"သီတာ့ . . . သီတာ့"

ထိုစဉ် ကြမ်းတမ်းစွာတိုက်ခတ်သည့် လေသံနှင့်အတူ ခေါ်သံကပေါ် လာသည်။ ခေါ်သံသည် အနီးကလေးမှ ခေါ်သံတော့မဟုတ်။ ဟိုးဝေးသီလှသည့် နေရာမှ ခေါ်လိုက်သည့်အသံမှန်းသိ၏။

သီတာ့ရင်ထဲတွင် အေးမြသလို ခံစားရသည်။ ပူလောင်ပြင်းပြသော ဂဗ္ဘာရအတွင်း လျှောက်လာရာမှ အေးမြသည့် အိုအေစစ်ကို ဆုံတွေ့ရမည်သို့ ရှိ၏။

သီတာ ဝမ်းသာအားရ အသံလာရာဘက်သို့ ဇဝေဇဝါကြည့်လိုက်၏။ ခေါ်သံသည် တောင်တက်လမ်းဘက်မှ ဖြစ်သည်။

"သီတာ . . . သီတာ"

အသံကို ကြားနေရသည်။

ရုပ်သွင်ကို မမြင်ရ။

သို့ပေမယ့် . . .

ဒီအသံသည် မည်သူ့အသံဖြစ်ကြောင်း သီတာသိသည်။

ဒီအသံသည် သူ့အသံပါ။

မောင့်အသံပါ။

တင်ထွန်းနိုင်အသံပါ။

ဝမ်းသာအားရ အသံလာရာဘက်သို့ ခန္ဓာကိုယ်ပါလှည့်လိုက်သည်။ နောက်ပြီး ညို့မှုပ စ်လွှတ်လိုက်သည့် မြားကဲ့သို့ အပြေးတစ်ပိုင်း အသံလာရာသို့ ပြေးခဲ့သည်။

"မောင် . . . မောင်"

သီတာ့အသံ။

"သီတာ . . . သီတာ"

တင်ထွန်းနိုင်အသံ။

ဤသို့ဖြင့် အသံတစ်ခုနှင့်တစ်ခု နီးကပ်ခဲ့သည်။

ယခုတော့ . . .

တစ်ယောက်၏ အသွင်အပြင်ကို တစ်ယောက်က ပိုင်ပိုင်မြင်ရပြီ။ နှစ်ဦးစလုံး၏ မျက်နှာပေါ်တွင် တည်ရှိနေသည့် အပြုံးပွင့်ကလေးများက ရင်ထဲတွင် မည်ရွေ့မည်မျှ ပျော်ရွှင်နေကြောင်း ပေါ်လွင်သည်။

"မောင် . . ."

"သီတာ . . ."

တစ်ဦးကိုတစ်ဦး ကြည့်လိုက်ရင်းမှ ဝမ်းသာအားရ ခေါ်လိုက်သည်။ နှလုံးသားမှ မြစ်ဖျားခံလာသည့် အသံမို့ လှိုက်လှိုက်လှဲလှဲရှိသည်။

နောက်တော့ နှစ်ဦးသား တစ်ဦးကိုတစ်ဦး အားပါးတရ တင်းကျပ်စွာ ပွေ့ဖက်လိုက်သည်ပေါ့။

"သီတာ . . သီတာ"

"မောင် . . . မောင်"

"သီတာရယ် အခုမှပဲ မောင်ပျော်ရတော့တယ်"



www.burmeseclassic.com

www.burmeseclassic.com

"မောင်ရယ်"

တစ်ဦးကိုတစ်ဦး ထွေးဖက်လိုက်သည်။

နောက်…

နုနုအိအိပါးပြင်ကို…

ပြီးတော့ကာ တစ်ဦးလက်ကိုတစ်ဦး ဆုပ်ကိုင်ရင်းမှ အပြုံးကလေးများနှင့် လျှောက်လာကြသည်။

ထိုစဉ် ကျယ်လောင်သောအံသံဗလံများ ပေါ်လာသည်။ သေနတ်သံများ ဖြစ်သည်။ သည်တော့ နှစ်ဦးသား၏ အသိများက ဤသို့ ငြိမ့်ညောင်း၍ သွားလာလို့မဖြစ်တော့ကြောင်း သိလာသည်။ သို့ကြောင့် တစ်ဦးလက်တစ်ဦး တွဲကာ ပြေးကြသည်။

"ဖိုင်း…"

"အား…"

သေနတ်သံတစ်ချက်နှင့် ညည်းညူသံတစ်သံ။

မရဏတမန် ကျည်တောင့်သည် မည်သည့်နေရာမှ ဖောက်ထွင်းပြေးဝင်လာသည်မသိ။ တင်ထွန်းနိုင်နှလုံးသားကို ဖောက်ဝင်သွားသည်။ တင်ထွန်းနိုင်ပြေးနေရာမှ တုံ့ခနဲရပ်သွားသည်။ ညည်းညူသံနှင့်အတူ ဒူးညွှတ်ကွေးကျသွားသည်။

"မောင်…မောင်"

မောင်က တုံ့ပြန်မထူး။

ဆင်ခြေလျှောလမ်းအတိုင်း လိမ့်ဆင်းကျသွားသည်။

"မောင်…မောင်"

ခေါ်သည်။ တောင်အောက်သို့ တလိမ့်ခေါက်ကွေးကျသွားသည့် တင်ထွန်းနိုင်နောက်သို့ အပြေးလိုက်သည်။

ခု တင်ထွန်းနိုင် ဘယ်ရောက်နေပြီလဲ။

မောင်…

မောင်…

ခေါ်သည်။

ထူးသံမကြားရ။

အိပ်ရာမှ နိုးလာသည်။

အိပ်မက်ကလေး မက်မှန်းသိသည်။ ဒါပေမယ့်…ဒီအိပ်မက်သည် အလွန်တရာ မောပန်းနွမ်းနယ်ဖွယ်ကောင်းသည့် အိပ်မက်မှန်းသိ၏။

ရင်ထဲမှာ နွမ်းနေသည်။ မောနေသည်။ မျက်နှာတစ်ပြင်လုံး ချွေးစတွေ ထန်းလို့နေ၏။ ရှေရင်ကလည်း ခုန်လွန်းသည်။

သီတာ အိပ်ရာမှ နွမ်းနယ်စွာ ထလိုက်သည်။ ခန္ဓာကိုယ်တစ်ခုံလုံး လှုပ်ချင်ကိုင်ချင်စိတ်မရှိအောင် နွမ်းနယ်လို့နေ၏။ လေးကန်စွာထလိုက်ပြီးနောက် ရေအိုးစင်အနားသို့ ခပ်ယဲ့ယဲ့ကလေး လျှောက်လာသည်။

ရေအိုးစင်နားသို့ရောက်တော့ ရေခွက်တစ်လုံးအပြည့် ရေခပ်ပြီး အားပါးတရသောက်လိုက်သည်။ ပြီးမှ ခုတင်ဆီသို့ ပြန်လျှောက်လာသည်။ ခုတင်ပေါ်တင် ထိုင်လိုက်ပြီး ခေါင်းအုံးအောက်မှ ဓာတ်ပုံကို ထုတ်ကြည့်လိုက်မိသည်။

မောင်က ပြုံးလို့။ မပြုံးနိုင်သူက သီတာ။ ခက်သည်။ ခက်သည်က သီတာပါပဲ။ အကယ်တန္တ မောင်က ဘာလို့ မပြုံးနိုင်ပါသလဲလို့ မေးလျှင်အခက်။ မည်သို့အဖြေပေးရမည်နည်း။

သက်ပြင်းကို ရှိုက်လိုက်သည်။

ကလင်…ကလင်…။

ထိုအခိုက် ကျယ်လောင်သော လူခေါ်ခေါင်းလောင်းသံက အတွေးကို ဖြတ်တောက်ပစ်လိုက်သည်။ ပင်ပန်းနွမ်းနယ်စွာ ထိုင်ရာမှ ထရပြန်၏။ အိမ်ရှေ့ဘက်သို့ ခပ်မှန်မှန်ကလေး လျှောက်လာသည်။

တံခါးနားသို့ရောက်တော့ တံခါးကို ဖွင့်လိုက်သည်။ တံခါးပွင့်သွားပြီ။

မျက်နှာစိမ်းတစ်ယောက်၏ မျက်နှာကို မြင်ရသည်။ ဘယ်သူပါလိမ့်။ တစ်ခုတော့ရှိသည်။

မိမိမျက်စိရှေ့သို့ ရောက်နေသူသည် သာမန်လူတစ်ယောက်တော့ မဟုတ်။ တပ်မတော်သားတစ်ယောက်ပဲ ဖြစ်၏။ သူက ညိုးငယ်စွာပြုံး၏။

"ဗိုလ်ကြီးတင်ထွန်းနိုင်ဇနီး ဒေါ်ခင်သီတာပါနော်"

သီတာက လေးကန်စွာ ခေါင်းညိတ်လိုက်၏။

"ဘာကိစ္စရှိလို့ပါလဲရှင်။ ဗိုလ်ကြီးတင်ထွန်းနိုင်ဇနီး ဒေါ်ခင်သီတာပါ"

ရဲဘော်ကလေးက လေးကန်စွာ သက်ပြင်းရှိုက်၏။

"တပ်မှူးက စာပို့ခိုင်းလိုက်လို့ပါ"

"ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်။ ဒါထက် အိမ်ထဲဝင်ပါဦးလား။ အမောဖြေရင်း ကော်ဖီလေးသောက်ပါဦး"

"ကျေးဇူးတင်ပါတယ် ဗိုလ်ကြီးကတော်၊ ကျွန်တော့်ကို ခွင့်ပြုပါဦး"

ရဲဘော်ကလေးက အိတ်ကပ်အတွင်းမှ စာအိတ်ကလေးကိုထုတ်သည်။ စာအိတ်ကလေးအား လက်နှစ်ဘက်နှင့် ကိုင်ပြီး သီတာ့ကို ရိုသေစွာပေးသည်။ သီတာက လှမ်းယူလိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com

"ကျေးဇူးတင်ပါတယ်ရှင်"

"ဟုတ်ကဲ့ ကျွန်တော့်ကို ခွင့်ပြုပါဦး"

"ကောင်းပါပြီရှင်"

ရဲဘော်ကလေးက ခပ်ယဲ့ယဲ့ အပြုံးနှင့် နှုတ်ဆက်ပြီး ထွက်သွားသည်။

သီတာ ငိုင်လို့ပါ။

***

## အခန်း (ဆယ့်ကိုး)

ခင်သီတာ။

ငိုင်နေသည်။

ငေးနေသည်။

ဟုတ်သည်။ သီတာ့ကိုကြည့်ရတာ ကျောက်ရုပ်တစ်ရုပ်နှင့် တူနေသည်။ အကယ်တန္တ သီတာသည် ဝင်သက်ထွက်သက်ကိုသာ မရှူမရှိုက်ဘူးဆိုရင် ကျောက်ရုပ်အသွင် ဆောင်နေလိမ့်မည်ပါ။

ခင်သီတာ ကျောက်ရုပ်တစ်ရုပ်လို ရပ်နေသည်မှာ ကြာပါပြီ။

ခုဆို သီတာကိုနှုတ်ဆက်ပြီး ကျောခိုင်းထွက်ခွာသွားသည့် ရဲဘော်ကလေး၏ အရိပ်အသွင်ကိုပင် မမြင်ရတော့။ ပျောက်သွားပြီ။

သီတာ ငိုင်နေတုန်း။

သည်လိုနှင့် အချိန်တွေကြာသွားသည်။

စက္ကန့်တွေ၊ မိနစ်တွေ ပြောင်းသွားပြီ။ ခုမှ သီတာ အသိတွေပြန်ဝင်လာသည်။ ကြာမြင့်စွာ ရပ်နေမိသည့် အဖြစ်ကို သတိရလာ၏။

သီတာ လှုပ်ရှားလိုက်သည်။

ရပ်နေရာမှ အိမ်တွင်းသို့ ခပ်လေးလေးဝင်ခဲ့၏။ ဧည့်ခန်းသို့ရောက်ခဲ့သည်။ အိပ်ခန်းတွင်းသို့ ရောက်တော့ ထောင့်စွန်းဆိုဖာပေါ်တွင် ခြေပစ်လက်ပစ် ထိုင်ချလိုက်သည်။

ဖူးခနဲ သက်ပြင်းကို မှုတ်ထုတ်လိုက်သည်။

ဟော…အခုမှ သတိရသည်။

စာ.. စာတစ်စောင်…တပ်မှူးက ပေးခိုင်းလိုက်သည့် စာတစ်စောင်။

ဘာပါလိမ့်။ သီတာ သိချင်လွန်းလှ၏။ ကိုယ်ကို ဆတ်ခနဲမတ်လိုက်သည်။ လက်ထဲမှ ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားသည့် စာကလေးကို ဖြန့်လိုက်သည်။

စာအိတ်ကလေးကို ဖောက်လိုက်သည်။ စာရွက်ပြာကလေး တစ်ရွက် ထွက်လာသည်။

သီတာက စာကို စူးစူးစိုက်စိုက် ဖတ်လိုက်သည်။

*ဒေါ်ခင်သီတာ*

*ဒီစာကို ရေးရတဲ့အတွက် ကျွန်တော်နဲ့တကွ တပ်မတော်တစ်ခုလုံးက စိတ်မကောင်းပါဘူး။ ရေးလည်းမရေးချင်ပါဘူး။ ဒါပေမယ့် အဖြစ်ကို ရေးရပါတယ်။*

*ဒီစာကို ဖတ်ရတဲ့အတွက် ဒေါ်ခင်သီတာ ဘယ်လောက်ကြေကွဲမယ်၊ ဝမ်းနည်းမယ်ဆိုတာ ကျွန်တော်သိပါတယ်။ ဘာလို့လဲဆို ဒေါ်ခင်သီတာ့အဖို့ အကြီးမားဆုံး ဆုံးရှုံးမှုတစ်ခုကို ရင်ဆိုင်ရမှာကိုး။ မှန်ပါတယ် ဒေါ်ခင်သီတာ။ ကျွန်တော်တို့တပ်မတော်အနေနဲ့လည်း အကြီးမားဆုံးဆုံးရှုံးမှုတစ်ခုနဲ့ ရင်ဆိုင်ရပါတယ်။*

*ရှင်းရှင်းပြောရရင်…*

*ဗိုလ်တင်ထွန်းနိုင် ရှုကော်တိုက်ပွဲမှာ ကျသွားရှာတယ်။*

*ဒါပေမယ့် ဒေါ်ခင်သီတာ ရဲဘော်ဆိုတာ ဘယ်တော့မှမသေဘူးလို့ သေတာတောင် ငရဲမလားပါဘူးလို့ ပြောပါရစေ။*

*ဝမ်းနည်းမှုများစွာနဲ့*

*ဗိုလ်မှူးတင်မြင့်*

*ခမရ (…)ခြေမြန်တပ်ရင်း*

မောင် တိုက်ပွဲမှာ ကျသွားပြီတဲ့။

မောင် သေပြီတဲ့။

မောင်…မောင်…

မောင်ရယ် မောင်ချစ်တဲ့သီတာကို ဘာလို့ပစ်သွားတာလဲလို့။ စိတ်ထဲမှာ ကြိမ်ဖန်များစွာ ပြောမိသည်။ အရူးတစ်ယောက်လို ပြောနေမိသည်။

မောင် ကြားနိုင်မည်လား။ မောင် သိမည်လား။ မသိ…မသိ။

သီတာ ရင်တွေပူလွန်းလှသည်။

အမှန်ကို ဝန်ခံရလျှင် သီတာ့အဖို့ ငွေတောင်ကြီး ပြိုလဲသည်ကိုမမြင်ဖူးပေမယ့် ငွေတောင်ကြီး ပြိုလဲသွားသလို ခံစားရသည်။ သည်းအူပြတ်မျှ ခံစားရသည်ဆိုသော စကားအဓိပ္ပာယ်ကိုလည်း သီတာ နားလည်ပါပြီ။

သီတာ ဆောက်တည်ရာ မရတော့။ ထိုင်ရာမှ ထလိုက်သည်။

မောင် သေပြီတဲ့…

မဟုတ်ဘူး။

မောင် မသေဘူး။

မောင် မသေဘူး။

မောင် ဘယ်တော့မှမသေဘူး။



www.burmeseclassic.com

www.burmeseclassic.com

မောင်···မောင်···မောင်··· မောင်ရယ်။

မောင်···မောင်···မောင်··· မောင်မသေဘူး။ မောင်မသေဘူး။ မောင်"

"သမီး···သမီး"

ကြင်နာစွာ ခေါ်လိုက်သည့်အသံ။

အမေ့အသံ။

မျက်လုံးကို အားယူဖွင့်လိုက်သည် မရ။ မျက်ခွံတွေ လေးလံလို့နေသည်။ ခေါင်းတွေက ချာချာလည်လို့နေသည်။

အိပ်နေရာမှ ထကြည့်မိသည်။ မရ။

"သမီး သမီးလေး မထနဲ့လေ။ ငြိမ်ငြိမ်နေ၊ ငြိမ်ငြိမ်နေကွယ်"

အမေ့အသံကို ကြားရပြန်သည်။ ကြင်နာသောလက်ကလေးများ မိမိကို လာရောက်ထိတွေ့မှုကိုလည်း ခံစားရသည်။ သည်တော့ မျက်လုံးကို ပြန်မှိတ်ထားလိုက်သည်။ အရာရာ ငြိမ်သက်သွားသည်။

"ငြိမ်ငြိမ်နေပါကွယ်။ သမီးလေး အိပ်ချင်အိပ်လိုက်ပါလားကွယ်။ ဒါဆို သမီးလေး နေကောင်းသွားမှာ"

အသံကြားသည်။

နောက် အသံတွေပျောက်သွားသည်။ ဘာမှမကြားရတော့။

မေမေပြောသည့်အတိုင်း မေးခနဲ ပြန်အိပ်ပျော်သွားတာလား ဒါမှမဟုတ် ဒါမှမဟုတ်···အိပ်ပျော်သွားတာလား။ မေ့သွား၊ မြောသွားတာလား။

ဒါကိုလည်း ဝိုင်ဝိုင်မသိ။ ဒါပေမယ့် ဒီလို လောကနှင့် တခဏ အဆက်အသွယ်ပြတ်သွားစဉ်မှာပင် သီတာ မောင့်ကို တစာစာခေါ်နေမိသည်။ မောင့်ကို လိုက်ရှာနေမိသည်။ မောင် ဘယ်မှာလဲ။ မောင် ဘယ်ရောက်နေလဲမသိ။

မောင့်ကို မတွေ့။

"ရေ···ရေ"

နှုတ်မှ အသံထွက်လာသည်ကို တော့ သိသည်။ မျက်လုံးဖွင့်မရသေး။

"ဟော···သီတာ သတိရလာပြီ။ ရေ···ရေပေးလိုက်စမ်းပါ"

"ဟုတ်ကဲ့ ဆရာ"

အသံတွေကြားသည်။ ယောကျ်ားသံရော၊ မိန်းမသံရော ရှုပ်ထွေးနေသည်။ ဘယ်သူတွေလဲ သီတာမသိပါ။

ထိုစဉ် သီတာကို ကြင်နာသော လက်အစုံက လာရောက်ထိတွေ့ပြန်၏။ နောက်···သီတာ့ကို ချီမသည်။ သီတာ အလိုက်သင့်ပါလာသည်။ ထို့အတူ မျက်လုံးကို အသာအယာ ဖွင့်လိုက်သည်။

အမြင်သည် မကြည်လင်သေး။

သို့ပေမယ့်···

ယောကျ်ား၊ မိန်းမလို့ ခွဲခြားနိုင်သည်။ ယခု သီတာ့ကို ချီပွေ့ထားသူသည် မိန်းကလေးတစ်ယောက်။

နပ်စ်မလေးတစ်ယောက်။

"ရေလေ သီတာ။ အားရှိသွားအောင် သောက်လိုက်လေ"

ပြောပြောဆိုဆို ရေခွက်နှင့်နှုတ်ခမ်း တေ့ပေးသည်။ ရေကို သီတာ မျှင်းမျှင်းသောက်သည်။ ဆရာမလေးပြောတာ ဟုတ်သားပဲလို့ အသိဝင်သည်။ အတော်ကလေး အားရှိသွားသည်။

"ဆရာ···ဆရာမ"

ခေါ်လိုက်သည်။

နပ်စ်မလေးက ပြုံးသည်။

"စကားမပြောပါနဲ့လား သီတာ။ ဒီအချိန်မှာ သီတာ သိပ်အားလိုနေတယ်။ အေးအေးဆေးဆေး အနားယူလိုက်ပါ"

"ကျွန်···ကျွန်မ ဒီကို ဘယ်လိုရောက်လာတာလဲဟင်"

"နောက်တော့ ပြောပြပါ့မယ် သီတာ။ ခုတော့ ခဏအိပ်ပြီး အနားယူလိုက်ပါဦးလားကွယ်"

မောသည်။

သီတာ ရင်တွေမောနေသည်။

အိပ်ပါဦးတဲ့။ သိပ်ခက်တဲ့လူတွေပဲ။ ဘာလို့ ခဏခဏ အိပ်ခိုင်းတာလဲ။ သီတာ မအိပ်ချင်ဘူး။ မောင့်ကို သီတာ တွေ့ချင်တယ်။ မောင့်ကို သီတာ ရှာချင်သေးတယ်။

"ကဲ···သီတာ ခဏအိပ်လိုက်ဦးနော်"

မအိပ်ချင်တော့ပါ။

ဒါပေမယ့် သီတာ ဘာမှတော့ မပြောမိ။ မပြောတတ်နိုင်အောင် ဖြစ်နေ၏။

သက်ပြင်းရှိုက်မိသည်။

နောက်···

မျက်လုံးကို မှိတ်လိုက်မိသည်။

အို···ဘာလို့ မျက်လုံးကိုမှိတ်မိပါလိမ့်။

သြော်···သိပြီ···သိပြီ။

မောင်···မောင်···သူ့မျက်နှာ သူငယ်အိမ်အတွင်းကို ကျူးဝင်လာပြီ

မောင် မသေဘူး။

မောင် မသေဘူး။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (နှစ်ဆယ်)

နေ့ကလေးများစွာ ကြေပျက်သွားသည်။

နောက်တစ်နေ့...။

အခုတော့ သီတာ့အခြေအနေသည် အကောင်းဘက်သို့ ရောက်နေပြီ။ အဆိုးဘက်တွင်မရှိတော့။ ခေါင်းအနည်းငယ်နောက်သည်မှအပ အားလုံးအကောင်းပကတိ။ သီတာ့အဖို့ ထူထူထောင်ထောင် နေရုံတင်မဟုတ်တော့။ လမ်းပင်လျှောက်နိုင်လေပြီ။

ညနေစောင်း ဖြစ်သည်။

နေဝင်တော့မည်။

အနောက် ဂေါယာကျွန်းသို့ မေးတင်နေသည့် နေမင်း၏မျက်နှာသည် ပတ္တမြားသွေးများ ဖိတ်စင်ကျနေဘိသို့ ဖြစ်သည်။ တိမ်ဂဠုန်၊ တိမ်နဂါး၊ တိမ်များတို့သည် တောက်ပမှုအတိဖြင့် ဟန်ရေးပြလျက်ပါ။

သီတာတစ်ယောက် ဆေးရုံစင်္ကြံတွင် အညောင်းပြေ အညာပြေ လမ်းလျှောက်နေသည်။

ညနေစောင်း ဖြစ်သည်မို့ အေးမြသတ်ဆတ်သန့်ရှင်းသည့်လေကို တဝရှူရှိုက်ရသည်။ နလုံးစိမ်ဝမ်းသည် အေးချမ်းမှုမရှိခဲ့၊ မှုန်မော်လျက်ရှိသည်။

သီတာသည် အပြန့်ပြောကျယ်သည့် ပတ္တမြားရောင် ကောင်းကင်ပြင်ကို ငေးမောကြည့်ရင်းမှ သက်ပြင်းရှိုက်မိသည်။

ချစ်သောမောင်သည် သီတာမည်သော ချစ်သူအပါးတွင် မရှိတော့။ သို့သော သီတာ၏ နလုံးသားမှာတော့ ကိန်းဝပ်ဆဲ။

မောင် သေပြီတဲ့...

သီတာ့အတွက်ဖြစ်သော မောင်သည် မသေသေး။

မောင့် ရုပ်ပုံလွှာသည် သီတာ့အသည်း၊ သီတာ့နလုံးသားတွင်းဝယ် ကူးဝင်နေဆဲ။

ဒါကြောင့် မောင်မသေဘူးလို့ သီတာထင်၏။ ပြီးတော့ ဤစကားကိုပြောလျှင် သီတာကို ရူးသည်လို့ပြောမလား။ သီတာ တစ်ခုပြောချင်သည်။

ဒါက တခြားတော့မဟုတ်။ သီတာ ပြောချင်သည်မှာ မောင့် မသေဘူးဆိုသည့်အကြောင်း။

သီတာသည် အကြားအမြင်ရသည့်သူတော့ မဟုတ်၊ ဒါပေမယ့် မောင်မသေဘူးလို့ ပြောနိုင်သည်။

အများကတော့ ပြောသည်။

မောင် သေပြီတဲ့၊ မောင် သေပြီတဲ့၊ မောင် ရှကော်ရွာတိုက်ပွဲမှာ တိုင်းပြည်အတွက်၊ လူမျိုးအတွက် အသက်သွေးနဲ့စတေးကာ တိုင်းပြည်တာဝန်ထမ်းဆောင်ရင်း ငွေကြယ်ပွင့်ကြွေသလို ကြွေသွားသည်တဲ့။

ဒါဆိုရင်တော့ ဗိုလ်မှူးတင်မြပြောသလို ဆုံးရှုံးမှုတစ်ရပ်ပေါ့။

တစ်နေ့က သီတာ အမေ့ကို စကားတစ်ခွန်းပြောဖူးသည်။ မောင်နှင့်ပတ်သက်၍ဖြစ်သည်။ အများက မောင်သေပြီလို့ ပြောကြတယ်၊ သီတာ့အထင်တော့ မောင်မသေဘူးလို့ထင်တယ်၊ မောင် ကချင်ပြည်နယ်မှာရှိနေတယ်လို့ထင်တယ်။ ဒါကြောင့် သီတာတို့ သွားရှာကြရအောင် အမေ။ သီတာပြောတာကို ယုံပါအမေရယ်။

အမေ့ထံမှ တန်ပြန်ဖြေကြားမှုကို မတွေ့ရ။ အမေ၏ နှုတ်အိမ်ကြားမှ စကားကို မကြားရ။

အမေ၏ စိတ်ပျက်လက်ပျက်အကြည့်၊ အမေ၏ စိတ်ပျက်လက်ပျက်သက်ပြင်းချသံကိုသာ ကြားရသည်။

ပြီးတော့...

အမေက လေးကန်စွာ ခေါင်းခါသည်။

အမေ့က သမီးကို ရူးနေပြီလို့များ ထင်နေသလားမသိ။

"အမေ မယုံဘူးလား။ သီတာတကယ်ပြောနေတာပါအမေ။ မောင်မသေဘူး။ သီတာ့ကို မောင်လာတွေ့တယ် အမေရဲ့"

အမေက သီတာ့ပခုံးကို ကြင်နာစွာ ဆုပ်ကိုင်လိုက်သည်။

"သမီးရယ်...စိတ်ကို အေးအေးထားစမ်းပါ။ သမီး ပင်ပန်းလှပါပြီကွယ်။ သေတဲ့လူလည်း သေပြီပဲ။ အစားထိုးလို့ မရနိုင်တဲ့ကိစ္စကို အစားထိုးဖို့ မကြိုးစားပါနဲ့လား"

"သမီးပြောတာ အမေ မယုံလို့လား"

"အမေ မယုံလို့ ပြောနေတာမဟုတ်ဘူး သမီး။ အမေ ယုံပါတယ်။ သမီးပင်ပန်းလွန်းလို့ပါကွယ်၊ ကဲ... သမီးအိပ်လိုက်ဦးနော်"

ဒီတော့ သက်ပြင်းရှိုက်ရသူက သူ့ပဲပေါ့။

အများနှင့်တစ်ယောက် ဆိုတော့ ခက်တာပေါ့။ အားလုံးက သေပြီလို့ ထင်တဲ့လူကို သီတာက မသေဘူးဆို



www.burmeseclassic.com

www.burmeseclassic.com

တော့ သူသာ အရှုံးဖြစ်တာပေါ့။ ဒါပေမယ့် သီတာ့ကို သီတာသာ အသိဆုံးဖြစ်သည်။ သီတာမရှုံး။

သီတာ အခန်းတွင် ပြန်ဝင်ခဲ့သည်။ ခုတင်ပေါ်တွင် လေးကန်စွာထိုင်လိုက်သည်။

ထိုစဉ် ဒေါက်တာမင်းသန်း သီတာ့အနားသို့ ရောက်လာသည်။ ဒေါက်တာမင်းသန်းက အပြုံးနှင့်နှုတ်ဆက်သည်မို့ သီတာက တုံ့ပြန်ပြုံးလိုက်သည်။

"ဘယ်လိုလဲသီတာ နေကောင်းလား"

"ဟုတ်ကဲ့ ဆရာ"

"ဆေးရော မှန်မှန်သောက်ရဲ့လား"

"ဟုတ်ကဲ့"

"နောက်ပြီး အအိပ်ပျက်လည်း မခံနဲ့။ သိပ်လည်း မတွေးနဲ့ပေါ့"

"ဟုတ်ကဲ့"

"ကဲ···ဆရာသွားမယ်"

"ဟုတ်ကဲ့"

ဒေါက်တာမင်းသန်း ထွက်သွားသည်။

သီတာ ငိုင်လို့ကျန်ခဲ့သည်။

ဒေါက်တာမင်းသန်းက အတွေးမလွန်ဖို့အကြောင်း ပြောသွားသည်ကို သတိရသည်။ သီတာကတော့ အတွေးလွန်သည်။ စင်စစ် အတွေးများလျှင် ခေါင်းကိုက်လာသည်ကို သီတာမသိ။ ဒါပေမယ့် ခေါင်းကိုက်ရုံမကလို့ ရူးစိတ်ကွဲချင် ကွဲသွားပါစေ။ မောင့်အကြောင်းကိုတော့ မတွေးဘဲမနေနိုင်။

ပြီးတော့···ပြီးတော့လေ။ သီတာ့ကို ရူးသွပ်လို့ ဆိုချင်ဆို။ အတွေးလွန်သူလို့ ပြောချင်ပြော။ သီတာ့အဖို့ ဒီလို အတွေးလွန်လို့ ခံစားရသည့် ဝေဒနာကိုပဲ မက်မင်သည်။ တွယ်တာသည်။

ဘာလို့လဲဆို ဒီဝေဒနာဖြစ်တာကိုက မောင့်ကို ချစ်လွန်းလို့။

မဟုတ်ဘူးလား။ သီတယ်မဟုတ်လား။ သည်ဝေဒနာဖြစ်ရတာက ကားတိုက်လို့ပေါ့။ ကားဘာလို့ တိုက်ရသလဲလို့ မေးဦးမလား။ ဟုတ်ကဲ့ရှင့် ပေါက်ပင်ဘာကြောင့် ကိုင်းရတယ်။ ငွေဖျှင်းနားလို့ ကိုင်းရတယ် ဆိုသလိုပေါ့။

ကြည့်လေ။ သည်နေ့က ဗိုလ်မှူးတင်မြင့်စာကိုဖတ်ပြီး သီတာ စိတ်တွေဆောက်တည်ရာမရအောင် ဖြစ်ရတယ်။ အရှုံးတစ်ယောက်လို မောင့်နာမည်ကို တသသခေါ်ရင်း အိမ်ပေါ်ကနေ လမ်းမဘက်ကို ပြေးဆင်းခဲ့သည်။

သည်မှာ···သည်မှာပေါ့။ အပြင်က ပြန်လာတဲ့ အမေ့ကားနဲ့ တိုက်မိတယ်လေ။ ကားကလည်း ဘရိတ်မမိလို့ပေါ့။ [illegible] မောင်နဲ့မတွေ့ရတော့ဘူး။ သီတာမရှိတော့ဘူး။ သီတာ သေပြီပေါ့။

မောင့်ကို သေပြီလို့ ပြောကြသလို သီတာ့ကိုလည်း ပြောကြမှာ။ ဒါပေမယ့် တစ်နေရာ ကမ္ဘာတစ်ခုမှာ မောင်နဲ့သွားပြီး ကြည်နူးရမှာကိုတော့ ဘယ်သူမှသိမှာ မဟုတ်ဘူး။ ကောင်းပါတယ်။

အခုတော့ သီတာ ကံကောင်းလို့ မသေဘူးတဲ့။ ရယ်စရာကောင်းတယ်။ တကယ်တော့ သီတာသေသွားတာကို သူတို့မသိကြဘူး။

ဟုတ်တယ်လေ···သီတာက မောင်သေပြီဆိုတဲ့အကြောင်းကို ကြားရတဲ့နေ့ကတည်းက သေသွားတာပဲ။

သီတယ်မဟုတ်လား။ မောင်နဲ့သီတာက သိပ်ချစ်ကြတာရှင့်။ အောက်ချင်းငှက်လို မေတ္တာမျိုးရှင့်။ သိလား။

သည်တော့ မောင်သေရင် ကျွန်မလည်း သေပြီပေါ့။

ခု သီတာမသေတာ မောင်မသေလို့ပေါ့။

* * *

အမေက သီတာ့ကို ချစ်သည်။ အမေ့အဖို့ ချစ်သောသား မရှိတော့တဲ့အတွက် သီတာ့အား ချွေးမပေမယ့် သမီးပဲ ဖြစ်သွားသည်။ ဝမ်းနှင့်လွယ်မမွေးရပေမယ့် ဝမ်းနှင့်လွယ်မွေးရသည့် သမီးလို ချစ်သည်။

ဆေးရုံဆင်းပြီးသည့် နောက်ပိုင်း ကျောင်းဆက်တက်နိုင်သည်။ ဆရာဝန်တစ်ယောက်ဖြစ်အောင် ကြိုးစားနိုင်သည်။

ခုတော့ သီတာလည်း ဒေါက်တာခင်သီတာ ဖြစ်နေပြီပေါ့။

ခုမှ ရက်တွေအကုန်မြန်မှန်း သီတာ သိသည်။

မောင်သေသွားတာ သုံးနှစ်ရှိပြီ။ သီတာပင် ဆေးရုံကြီးမှာ တာဝန်ယူနေရပြီ။

ကြာကြာလေလေ
နွေနွေတွေကျူး
မေ့မေ့ဖူးကွယ်···တဲ့။
ကဗျာလေးတစ်ပုဒ်ပါပဲ။



www.burmeseclassic.com

www.burmeseclassic.com

ကဗျာဆရာကိုဘော့ အမှတ်မရတော့။ သည်ကဗျာဂလေးကို နှစ်သက်လွန်းသည်။

မိမိဘဝကလည်း ၁ည့်လိုပါပဲ။

သေသောသူ ကြာလျှင်ခမ့်တဲ့။

ပျောက်သောသူ ရှာလျှင်တွေ့တဲ့။

ခုဆို မောင်သေသွားတာ သုံးနှစ်တောင်ရှိပြီပဲ။ သေသောသူ ကြာလျှင်မေ့ဆိုပေမယ့် သီတာ မမေ့နိုင်သေး။ ကြာလာလေ သတိရလာလေဖော့။

နောင်နှစ်ဆို သီတာ ဆေးရုံကြီးမှာ တာဝန်ပြီးပြီ။ သည်တော့…လိုရာကို သွားနိုင်သည်။

သီတာသွားချင်သည်မှာ ကချင်ပြည်နယ်။

အဲဒီတော့ တချို့ကပြောကြသည် အရူးတဲ့။ ပြောကြပါစေ။ မိခင်သီတာကလည်း ရူးနေတာပဲ။

ဒီတယ်မဟုတ်လား။ အချစ်ရူးလေ။

* * *

## အခန်း (နှစ်ဆယ့်တစ်)

သည်ကြားထဲ သီတာ ပြဿနာတစ်ခု ဖြစ်သေးသည်။

အစကတော့ သည်ပြဿနာနှင့် ပတ်သက်၍ သီတာ မပြောဘဲ နေမလို့ပါပဲ။ ရေငုံနှုတ်ပိတ် နေမလို့ပါပဲ။ သို့ပေမယ့် သည်ပြဿနာက ပြောသင့်ပြောထိုက်သည့် ပြဿနာဖြစ်နေသည်မို့ ပြောရချေဦးမည်။

သည်ပြဿနာကလည်း မမျှော်လင့်တဲ့ပြဿနာ။ ပြဿနာဖြစ်တာက အမေနှင့် သီတာ။

တကယ်တော့ ယင်းသို့ ပြဿနာဖြစ်ရသည့်အကြောင်းကို ပြန်ပြောရလျှင် ရှက်စရာပင်ကောင်းသေးတော့။ ဒါပေမယ့် သီတာကတော့ မရှက်နိုင်။ အဘယ်ကြောင့်ဆိုသော် ကိုယ်ကောင်းရင် ခေါင်းဘယ်မရွှေ့ ဆိုသည့်အတိုင်း ကိုယ့်ဘက်က မှန်သည်လို့ ယူဆသည်။

တစ်ခုတော့ရှိသည်။ သည်ပြဿနာကို ပြောတော့မည်ဆိုလျှင် သည်ပြဿနာလေး၏ ဇာစ်မြစ်ကိုတော့ မေ့လို့မရ။ ဖျောက်လို့မရ။ သည်တစ်ခါ မလွဲမသွေ လူတစ်ယောက်အကြောင်းကို ပြောရမည်။ ဒါမှလည်း အကြောင်းအရာက ပို၍ပြည့်စုံလိမ့်မည်ထင်သည်။

တွက်ကြည့်လျှင် သူ့ခမျာ ကျွဲနှစ်ကောင်ခတ်သည့်နေရာတွင် မြေဇာပင်နာရသလို ဖြစ်နေသည်။

ထားပါ။ အကြောင်းတိုက်ဆိုင်လာလို့ သူ့အကြောင်း ပြောရဦးမည်။

သူနှင့် မိတ်ဆက်ပေးရဦးမည်။

သူဆိုသည်က တခြားလူမဟုတ်။

ဒေါက်တာ မြင့်ဇော်မိုး။

ဒေါက်တာမြင့်ဇော်မိုး၊ အသက်သုံးဆယ့်နှစ်နှစ်၊ ကိုယ်ခန္ဓာပြေပြစ်ပြီး ယောကျ်ားပီသသည်။ ဒေါက်တာမြင့်ဇော်မိုးနှင့် သီတာက ကျောင်းကတည်းက ခင်ကြသည်။ ရင်းနှီးသည်။ မောင်နှင့်လည်း သိသည်။

ဘာပဲဖြစ်ဖြစ် ဒီရက်ပိုင်းအတွင်းက သီတာ ဒေါက်တာမြင့်ဇော်မိုးနှင့် အတွဲများသည်ကို ဝန်ခံချင်သည်။ ဒါကလည်း ကိုယ့်ဝမ်းနာ ကိုယ်သာသိဆိုသလို တွဲရသည့်အကြောင်း သီတာ့တွင် ရှိသည်။

ဒါပေမယ့် သီတာနှင့် ဒေါက်တာမြင့်ဇော်မိုးတွင် မရိုးသားသည့်အသည်းမရှိ။ သူငယ်ချင်းကောင်းပီပီ သီတာ့ကို အရိုးသားဆုံး ကူညီကြောင်း သီတာနားလည်သည်။ ပြီးတော့ သီတာနှင့် ဒေါက်တာမြင့်ဇော်မိုးတို့က အယူအဆချင်းတူသည်။ သီတာက မောင်မသေလို့ ယုံသည်။ သို့ကြောင့် စုံစမ်းမှုများစွာလုပ်သည်။

တစ်နေ့ ဒေါက်တာမြင့်ဇော်မိုးနှင့် သီတာ မောင်၏ မိခင်တပ်ရင်းသို့ရောက်သည်။ တပ်ရင်းမှူး၏ အကူအညီဖြင့် မောင်နှင့်အတူ ရှကော်ရွာတိုက်ပွဲတွင် တိုက်ခဲ့ရသည့် ရဲဘော်စန်းမောင်နှင့် တွေ့ရသည်။

"ခုလို တွေ့ရတာ ကျွန်တော့်အတွက် ဝမ်းလည်းသာတယ်။ ဝမ်းလည်းနည်းတယ်။ ဘာလို့လဲဆို ဗိုလ်ကြီးကတော်နဲ့ တွေ့ရတဲ့အတွက် ပြောချင်တာ ပြောရမယ်။ ဒါကြောင့် ဝမ်းသာတယ်။ ဝမ်းနည်းကတာက ဗိုလ်ကြီးမရှိတော့…"

ရဲဘော်စန်းမောင်က အရိုးခံအတိုင်း ပြောသည်။

"မောင်နဲ့အတူ တိုက်ခိုက်တဲ့ တိုက်ပွဲမှာ မောင်ကျဆုံးသွားတာ အမှန်ပဲလား ကိုစန်းမောင်။ ဒါကို ကျွန်မ တိတိကျကျ သိချင်တယ်"

"ဗိုလ်ကြီးကတော် ဘယ်လိုထင်သလဲ။ ဆိုလိုတာက ဗိုလ်ကြီးသေပြီဆို



www.burmeseclassic.com

www.burmeseclassic.com

တာ ယုံသလား။ ဒါမှမဟုတ် ဗိုလ်ကြီး မသေသေးဘူးလို့ ထင်နေသလား"

"ကျွန်မကတော့ မောင်မသေဘူးလို့ထင်တယ်"

ရဲဘော်စန်းမောင် သက်ပြင်းရှိုက်သည်။

"ဟုတ်တယ် ကျွန်တော်လည်း ဗိုလ်ကြီး မသေဘူးလို့ ထင်နေတယ်"

"ဘာလို့လဲ ကိုစန်းမောင်"

ရဲဘော်စန်းမောင်က ချက်ချင်း မဖြေ။ စဉ်းစားသလို တွေးတောသလို ငိုင်နေသည်။ တစ်စုံတစ်ရာကို ပြောသင့်၊ မပြောသင့် ချင့်ချိန်နေသည်လည်း ဖြစ်ချိမ့်မည်ထင့်။

"ပြောပါ ကိုစန်းမောင်၊ ဘာမှ အားမနာပါနဲ့"

သီတာက စကားထောက်ပေးလိုက်သည်။ ရေလာမြောင်းပေးစကား ပြောလိုက်သည်။

သည်တော့မှ အဝေးကို ငေးကာ တွေးတောသလို စဉ်းစားသလို လုပ်နေသည်။ ရဲဘော်စန်းမောင်က သီတာ့ကို စွေခနဲကြည့်လိုက်သည်။

"ဟုတ်တယ်၊ ဗိုလ်ကြီးမသေဘူးလို့ ပြောချင်တယ်။ ဗိုလ်ကြီးမသေနိုင်ဘူးလို့ ပြောချင်တယ်။ ဘာလို့လဲဆို ဗိုလ်ကြီးသေနတ်မှန်တော့ သေနိုင်တဲ့ နေရာမဟုတ်ဘူး။ လက်မောင်းကိုမှန်တာ။ ဒီလို သေနတ်မှန်ပြီး ဗိုလ်ကြီး ရှုကော်ချောင်းထဲကို ကျသွားတာ။ ဗိုလ်ကြီး ရေစီးနောက်မှာ ပါသွားတာဖြစ်မယ်။ မသေနိုင်ဘူး ဗိုလ်ကြီးကတော်"

ရဲဘော်စန်းမောင်က အခိုင်အမာ ပြောသည်။ ရဲဘော်စန်းမောင်ပြောသည့် စကားက ယုတ္တိရှိသည်။ သဘာဝကျသည်။

ဒါကြောင့် မောင်မသေဘူးလို့ စွဲစွဲမြဲမြဲ မှတ်ထားသည့် သီတာ့အဖို့ ပို၍ပို၍ မောင်မသေဘူးလို့ အထင်ဖြစ်မိသည်။ ခိုင်မာစွာ ယုံကြည်မိသည်။

သည်နေ့က သီတာ ရဲဘော်စန်းမောင်နှင့်တွေ့ပြီးအပြန် ဒေါက်တာမြင့်ဇော်မိုးနှင့်အတူ "ရွှေသရဖူ"စားသောက်ဆိုင်သို့ ဝင်ခဲ့သည်။ ရွှေသရဖူသည် အလွန်တရာ အဆင့်အတန်းမြင့်သည့် စားသောက်ဆိုင်ပါ။

ရွှေသရဖူ စားသောက်ဆိုင်၏ ထောင့်ဘက်စားပွဲတွင်ထိုင်ပြီး ညစာစားကြသည်။ ညစာစားရင်း သီတာက ဒေါက်တာမြင့်ဇော်မိုးနှင့် တိုင်ပင်ခဲ့သည်။ မောင့်အကြောင်းပေါ့။

"ကိုဇော်..."

"ပြောပါ သီတာ"

"ကိုဇော့်အနေနဲ့ ရဲဘော်စန်းမောင်ပြောတဲ့ စကားကို ဘယ်လို သဘောရသလဲ။ ဖြစ်နိုင်ရဲ့လား။ သီတာကတော့ လက်ခံတယ်။ ဒါကြောင့် မောင်မသေဘူးလို့ ခိုင်ခိုင်မာမာ ယုံကြည်ချင်တယ်"

ဒေါက်တာမြင့်ဇော်မိုးက အပြုံးနှင့် ခေါင်းညိတ်သည်။

"ဟုတ်တယ်သီတာ။ ရဲဘော်စန်းမောင်ပြောတဲ့စကားက ဖြစ်နိုင်တယ်။ ယုတ္တိလည်းတန်တယ်။ ကျွန်တော်တောင် ကိုတင်ထွန်းနိုင်က မသေဘူးလို့ ယုံကြည်လာတယ်"

ဒေါက်တာမြင့်ဇော်မိုး၏ ပြောစကားကြောင့် သီတာ အတော်ကလေး ရွှင်ရွှင်လန်းလန်း တက်တက်ကြွကြွ ဖြစ်သွားပုံရသည်။ စောစောက မှိုင်းမှိုင်းပျပျ ဖြစ်နေသည့် မျက်ဝန်းတွေက တောက်တောက်ပပရှိလာသည်။ ကြည်ကြည်လင်လင်ရှိလာသည်။

"ဟုတ်တယ်၊ သီတာလည်း ယုံတယ်။ ဒါကြောင့် ဆေးရုံကြီးတာဝန်ပြီးရင် တိုင်းပြည်တာဝန်ကိုလည်း ကျေပွန်စွာထမ်းဆောင်ရင်း မောင့်ကို ရှာဖို့ ကချင်ပြည်နယ်မှာ တာဝန်ထမ်းဖို့ ဆုံးဖြတ်ထားတယ်"

ဒေါက်တာမြင့်ဇော်မိုးက ပြုံးသည်။

"ကောင်းပါတယ်ဗျာ။ အင်း... ဒါမျိုးကို အတ္တဟိတ၊ ပရဟိတလို့ခေါ်တာ ထင်ပါရဲ့နော်"

ဒေါက်တာမြင့်ဇော်မိုး၏ အပြောကြောင့် သီတာပြုံးမိသည်။

သည်နောက် စကားဝိုင်းက တိတ်ဆိတ်သွားသည်။ ကိုယ့်အတွေးနှင့်ကိုယ် ငြိမ်သက်သွားကြသည်။ စားပွဲထိုးက ချပေးသည့် ညစာကို အေးဆေးငြိမ်သက်စွာ စားသောက်ကြသည်။

စားသောက်ပြီးတော့ ...

"ပြန်ကြစို့ထင်တယ်။ တော်ကြာ သီတာ့အိမ်က စိတ်ပူနေဦးမယ်"

"ပြန်စို့လေ..."

*(ရွှေလဆက်ရန်)*

**ကျော်မြသန်း**



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# တောဘုမ္မာ ဝင့်နန်းလယ်မှာ
# ကျွတ်တမ်းကာယ် စာမလိပ်ချင်ဘု
## မောင်ဟိန်းကျော်

(ယခင်လမှအဆက်)

ကာလကြာသော် ဖုဿဘုရားသခင် ပရိနိဗ္ဗာန်စံဝင်၏။ မင်းနှင့်တကွလူအပေါင်းတို့သည်လည်း သက်တမ်းကုန်၍ကွယ်လွန်ကြသောအခါကသိုလ်ပြုသူတို့ နတ်ပြည်ရောက်ပြီး အကုသိုလ်ပြုသူတို့ ငရဲသို့ လားကြရလေသည်။ နတ်ပြည်တစ်ခုမှ တစ်ခု၊ ငရဲပြည် တစ်ခုမှ တစ်ခု ပြောင်းရွှေ့ခံစားကြရင်း ၉၂ ကမ္ဘာလွန်၍ ကဿပဘုရားပွင့်တော်မူသောအခါ ငရဲသားတို့ ငရဲဘဝမှ လွတ်ကာ ပြိတ္တာဘုံ၌ ရောက်ရှိခံစားကြရပြန်သည်။

ပြိတ္တာတို့သည် ရှတို့ လှူဒါန်းအမျှပေးဝေသောကြောင့် ၎င်းတို့ဆွေမျိုးပြိတ္တာများ ကျွတ်လွတ်သွားသည်ကို တွေ့ကြုံလာရ၏။ သူတို့အတွက်ကား ရည်မှန်းလှူဒါန်းပေးမည့် အဆွေအမျိုးမရှိသောကြောင့် ပြိတ္တာတို့မှာ ကြီးစွာသော ဒုက္ခမျိုးစုံခံစားနေရသည့်ဘဝမှ မလွတ်နိုင်ကြ။ ထိုပြိတ္တာတို့သည် ကဿပဘုရားထံဝင်၍ လျှောက်ထားကြတော့သည်။

ကဿပဘုရားရှင်က ပြိတ္တာတို့အား "ငါဘုရား လက်ထက်၌ မရနိုင်။ နောင်သောအခါ ဂေါတမမြတ်စွာဘုရားရှင်သည် ပွင့်လတ္တံ့။ ဂေါတမမြတ်စွာဘုရားရှင် လက်ထက်၌ ဗိမ္ဗိသာရမင်းသည် သင်တို့အားရည်မှန်းကာအမျှအတန်းပေးဝေလတ္တံ့။ ထိုအခါ သင်တို့ စည်းစိမ်ချမ်းသာခံစားရအံ့" ဟု မိန့်ကြားခဲ့သည်။

ကဿပဘုရားရှင်၏ မိန့်ကြားသည့် စကားကို ကြားရသည့်အခါ ပြိတ္တာအပေါင်းတို့မှာ ဂေါတမဘုရားရှင်သည် မနက်ဖြန်၌ ပွင့်လိမ့်မည်ဟု ကြားသိရသည့်ပမာ အလွန်ပင် ဝမ်းမြောက် ဝမ်းသာဖြစ်ကြကုန်လျက် ဂေါတမဘုရား ပွင့်တော်မူမည့်နေ့ကို



www.burmeseclassic.com

www.burmeseclassic.com

စောင့်စားနေခဲ့ကြလေသည်။ ဂေါတမဘုရားရှင် လက်ထက်တွင် ဖုဿဘုရားရှင်၏ ညီတော်မင်းသား သုံးပါးနှင့် အခြံအရံတစ်ထောင်တို့သည် နတ်ပြည်၌ စုတေခဲ့ပြီး ပုဏ္ဏားမျိုး၌ ဖြစ်ပြီးရဟန်းပြုကြလေလျှင် ကဿပညီနောင် ရှင်တစ်ထောင်ဟု ကျော်ကြားလေသည်။

ယင်းဥက္ကာ မင်းချင်း ယောကျ်ားသည် ဂေါတမဘုရားရှင်လက်ထက်၌ ဗိမ္ဗိသာရမင်းကြီး ဖြစ်လာလေသည်။

ထိုစဉ်က သူကြွယ်လင်မယားမှာ ဂေါတမဘုရားရှင် လက်ထက်တော်၌ ဝိသာခါသူဌေးကြီးနှင့် ဘုရားရှင်မှ ဧတဒဂ်ဘွဲ့ချီးမြှင့်ခံရသော ဓမ္မဒိန္နာသူဌေးမကြီးတို့ ဖြစ်လာကြ၏။

ဂေါတမဘုရားရှင် ပွင့်တော်မူလာသောအခါ ငရဲမှ လွတ်ပြီး ပြိတ္တာဖြစ်ကြကုန်သော ဗိမ္ဗိသာရမင်းကြီး၏ အတိတ်ဘဝများစွာမှ ဆွေမျိုးပြိတ္တာတို့သည် ၎င်းတို့မျှော်လင့်ခဲ့ရသော အခွင့်အရေးကြီး ပေါ်လာပြီဟူ၍ ဝမ်းသာနေကြ၏။

လူတို့သည် ကွယ်လွန်သွားသော အမိ အဖ ဆွေမျိုးသားချင်းတို့အား တမ်းတငိုကြွေးမှုဆွေးနေခြင်းသည် မည်သည့်အကျိုးမျှ မထင်။ မိမိတို့ လှူဒါန်းအပ်သော ကုသိုလ်အဖို့သည် ဆွေမျိုးမိဘတို့အား ရပါစေဟူ၍ ရည်မှန်းပြီး ပြုမှုသာလျှင် ထိုသူတို့ ရရှိခံစားကြရလေသည်။ အမျှအတန်းရကြသော ဆွေမျိုးပြိတ္တာတို့သည် နတ်စည်းစိမ်ကို ခံစားရမည်။ ခန္ဓာကိုယ် ကြည်လင်သန့်ရှင်းမည်။

ဆွေမျိုးတို့အား ရည်မှန်းပြုလုပ်သော ဒါနအဖို့ကို အမျှပေးဝေရာ၌ ငရဲသို့ ရောက်ရှိသူတို့သည်လည်းကောင်း၊ တိရစ္ဆာန်ဘဝသို့ရောက်သူတို့သည်လည်းကောင်း မခံစားနိုင်ကြ။ ပြိတ္တာဘုံသို့ရောက်သူတို့သာ ခံစားနိုင်ကြပေသည်။

ပြိတ္တာတို့သည် လူ့ပြည်၌ရှိသော ဆွေမျိုးတော်စပ်သူတို့ထံမှ တစ်စုံတစ်ခုကို အလိုရှိသည်ဖြစ်အံ့။ လူ့ဘဝ၌ ရှိသူထံမှ ဤမည်သော ဝတ္ထုပစ္စည်းပေးပါဟု တောင်းရမ်းခြင်းငှာ မတတ်နိုင်ကြကုန်။ သို့ဖြစ်၍ လူ့ပြည်မှ လူ့ဘဝရရှိသူတို့သည် သတိတရား လက်ကိုင်ထားကာ သင့်တော်သော အလှူဒါနကို ၎င်းတို့အား ရည်မှန်းလှူဒါန်းပေးကမ်းသင့်သည်။

မြင့်သောနေရာမှ ရေတို့သည် နိမ့်သောချောင်းအိုင်သို့ စီးဝင်ပြည့်သကဲ့သို့ လူ့ဘုံမှ လူတို့က စွန့်ကြဲပေးကမ်းအမျှဝေမှသာ နိမ့်သောဘုံရှိ ပြိတ္တာတို့ ရရှိခံစားကြရပေမည်။

အမျှပေးဝေရာ၌ ဆွေမျိုးပြိတ္တာမရှိလျှင် မလာရောက်နိုင်လျှင် အနီးသို့ရောက်ရှိပြီး သာဓုခေါ်နိုင်သော ပြိတ္တာတို့ ရရှိခံစားနိုင်ကြ၏။ ဤလောက၌ သံသရာများစွာကျင်လည်ရသည်ဖြစ်၍ ဆွေမျိုး မတော်သူ၊ ဆွေမျိုးကင်းသူသည် လောက၌မရှိ။

ထိုသို့မြတ်စွာဘုရားဟောကြားသဖြင့် ဗိမ္ဗိသာရမင်းကြီးသည် ဆွေမျိုးပြိတ္တာတို့အား ရည်မှန်းကာ အလှူများစွာတို့ကို လှူဒါန်းလေသည်။ ပြိတ္တာတို့လည်း အမျှရကြသဖြင့် နတ်၌ဖြစ်သော အဝတ်အထည်အစားအစာ ဘုံဗိမာန်တို့ဖြင့် ခံစားကြရကုန်၏။

"ဒါယကာမင်းမြတ် သင်သည် ပြိတ္တာတို့အတွက် လှူဒါန်းခဲ့သမျှကို အမျှရကြသည်ဖြစ်၍ နတ်ဝတ်တန်ဆာ ဘုံဗိမာန်ကို ရခဲ့ပြီ။ သင်မင်းကြီးသည်လည်း ရဟန်းတို့ကို ခွန်အားဗလအလှူပေးရာရောက်သည်၊ စွန့်ကြဲခြင်းစေတနာကို ဖြစ်စေသဖြင့် အတိုင်းမသိသောကောင်းမှုကိုဆည်းပူးပြီးသား ဖြစ်ပြီ၊ အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ခွန်အားကြီးခြင်း စသည့်ဖွံ့ဖြိုး လှူရခြင်းအကျိုးကိုလည်း သင်ခံစားရလေပြီ၊ သို့ဖြစ်၍ နှစ်ဦးနှစ်ဖက် ကောင်းကျိုးဖြစ်စေသော အလှူပင် ဖြစ်တော့သည်။"

ဆရာတော်၏တရားကို ကျွန်ုပ်နားလည်လိုက်သမျှအား အတိုချုပ်လိုရင်းများ မှတ်မိသရွေ့ ဤမျှသာ ဖြစ်၏။ ဥပုသ်သည်တို့ကို အလှူအမျိုးမျိုးအား ပြုလုပ်လျက် မျိုးစေ့ ရိုက်ပျိုးပုံ၊ ဘုရားသာသနာအတွင်း

www.burmeseclassic.com

မိခ္ဓမေ့အကျိုးပေးပုံတို့ကို ထပ်မံရှင်းပြ ပောကြားခဲ့သည်တို့လည်း ဆက်လက် ကြားသိခဲ့ရသည်။

ကျွန်ုပ်သည် ဂေါတမမြတ်စွာဘုရားအား ကိုယ်တိုင်ဖူးတွေ့ပြီး မိမိ၏ ပြင်းပြလှသော အလိုဆန္ဒပြည့်နိုင်မပြည့်နိုင် လျှောက်ထားမေးမြန်းချင်မိ၏။ သို့သော် ထိုမြတ်စွာဘုရားသည်လည်း ပရိနိဗ္ဗာန်ပြုခဲ့ပြီဖြစ်၍ သက်တမ်းနှစ်ထောင်ရှိ ရက္ခစိုးပင် မဖူးတွေ့လိုက်ရပေ။

ကျွန်ုပ်တို့၏ ပြိတ္တာဘဝတွင် ကိုယ်ပိုင်ဥစ္စာမေ့ မရှိကြ။ ကျွန်ုပ်တို့၏ လောက၌ အလှူမျိုးစေ့စိုက်ပျိုးရန် လယ်မြေကောင်းနှင့်တူသော ရဟန်းသံဃာသည်လည်း မရှိ။ ကျွန်ုပ်တို့အား ရည်မှန်းပြီး လှူဒါန်းအမျှပေးဝေရန်မယ်တော်အား အကူအညီတောင်းခံခြင်းအား ကိုယ်တိုင် မပြုလုပ်နိုင်ကြ။ တန်ခိုးတစ်စုံတစ်ရာရှိသည့် ရက္ခစိုးကလည်း ကျွန်ုပ်တို့ ခံစားရမည့် ကံအတိုင်းအတာကို ပြောင်းလဲပြုပြင်ပေးနိုင်ခွင့်မရှိ။

ဤဘဝဆိုးကြီးမှလွတ်မြောက်ရန် လမ်းစသည်မရှိတော့ပြီလား။

ပြိတ္တာအတွက်မူ ဘိုးတာရွှေဟူသည့် ကောက်ရိုးမျှင်ကလေးအား ဖမ်းဆုပ်ရယူနိုင်ဖို့အပြင်းအထန်အားထုတ်နေသည်။ ကောက်ရိုးပင်လေး၏ အစအနကိုမျှ မြင်တွေ့ရခြင်း မရှိသေး။

ကျွန်ုပ်အတွက်မူ သူ့လိုလိုက်တု ကြိုးပမ်းမှုပြုနေရသော်လည်း ကျွန်ုပ်အား ကယ်တင်နိုင်မည့် တစ်စုံတစ်ရာမှာ ဘာဖြစ်ကြောင်း ရေရာသဲကွဲမှုရှိသည်မဟုတ်။ လေကို ဖမ်းပြီး ဝါးရမ်းချည်နေမိခြင်းဖြစ်သည်။

တစ်နေ့သ၌ ရက္ခစိုးထံသွားရန် ပြိတ္တာနှင့် တိုင်ပင်ကြည့်သည်။ သူက အလွယ်တကူ သဘောတူသဖြင့် ရက္ခစိုးရှိရာသို့ ရောက်ခဲ့ကြသည်။

သို့သော် ရက္ခစိုးအား ညောင်ပင်တွင်လည်းကောင်း၊ ဘုရားကြီး၊ ဘုရားလေး ရင်ပြင်အနှံ့တွင်လည်းကောင်းမတွေ့ရပေ။ ကျွန်ုပ်တို့သည် ဘုရားကြီး၊ ဘုရားလေးနှင့် ညောင်ပင်သို့ ခေါက်တုံ့လူးလာ ကူးသန်းရှာဖွေရင်း တစ်နေသာ ကုန် ညိုးသွားခဲ့သည်။ ရက္ခစိုးအား မတွေ့နောက်ဆုံးညောင်ပင်မှ ထွက်ခွာမှုမပြုကြတော့ဘဲ ထိုင်စောင့်နေခဲ့ကြသည်။

တစ်နေကုန် မိုးသားတိမ်မျှင်ကင်းစင်ခဲ့သော ကောင်းကင်တစ်ခုသည် ညဘက်တွင် မိုးပြိုသည့်နှယ် အလုံးအရင်းနှင့် ရွာသွန်းချလိုက်သည်။

ကျွန်ုပ်တို့မှာ မိုးလွတ်ရာသို့ ကြိုတင်ခိုအောင်ရန် အခွင့်မရလိုက်ဘဲ ရွှဲရွှဲစိုကုန်ကြတော့၏။ ရက္ခစိုးအား တွေ့ချင်သည့်စိတ် စောလျက် ဆာလောင်ခြင်းကလည်း နှိပ်စက်ကလူနေသောကြောင့် ရုတ်တရက် ပြောင်းလဲသွားသည့် ရာသီဥတုအနေအထားကို သတိမထားမိခဲ့ခြင်း ဖြစ်ပေသည်။

နာရီပေါင်းများစွာ အဆက်မပြတ် ရွာသွန်းနေသော လေဒဏ်မိုးဒဏ်ကို ကျွန်ုပ်တို့ တင်းခံခြင်းငှာ မတတ်နိုင်တော့သဖြင့် ဘုရားကြီးရင်ပြင်ပေါ်ရှိ အာရုံခံတန်ဆောင်းအိုတစ်ခုဆီသို့ ပြောင်းရွှေ့ခိုအောင်းကြရတော့သည်။

ကျွန်ုပ်တို့သည် ဆာလောင်ခြင်း၊ ချမ်းအေးခြင်း ဒဏ်နှစ်ခုပေါင်းထောင်းထုနှိပ်စက်မှုဖြင့် ဆင်းတု၏နောက်ကျောဘက် လေကွယ်ရာတွင် ပုန်းခိုရင်း သတိလစ်သွားခဲ့တော့သည်။

ထိုသို့ သတိလစ်သွားခဲ့သည်မှာ မည်မျှကြာသွားသည်ကို မခန့်မှန်းနိုင်ပေ။ မိန်းမပျိုလေး တစ်ယောက်၏ အသံအား အဖန်တလဲလဲ ကြားနေရသဖြင့် အင်အားကုန်ခန်းနေသည့် ကြားမှ မျက်စိများကို အားယူဖွင့်ကြည့်လိုက်သည်။

ချောမောလှပ နုနယ်ချစ်စဖွယ် မိန်းမပျိုလေးတစ်ယောက်။

ကျွန်ုပ်တို့မှာ ထိတ်လန့်ခြင်း၊ အံ့ဩဝမ်းသာခြင်း တစ်ပြိုင်နက်တည်းဖြစ်ပြီး မှင်တက်ငေးမောကြည့်နေမိ၏။

"ရှင်တို့အတွက် စားစရာတွေ ဟိုမှာ စားလိုက်ပါဦး"



www.burmeseclassic.com

www.burmeseclassic.com

မိန်းမပျိုလေး၏ စကားတစ်ဝက်ခန့်အရောက်မှာပင် ကျွန်ုပ်တို့သည် စားစရာများရှိရာသို့ အလျင်အပလှန်ပြင်းစွာ ရောက်ရှိပြီး အငမ်းမရ စားသောက်နေကြပြီဖြစ်သည်။ ဆာလောင်မှု အာသာဆန္ဒ ပြေငြိမ်းသွားချိန်၌ မိန်းမပျိုလေးသည် ကျွန်ုပ်တို့ထံသို့ လျှောက်လာ၏။ ထိုအခါမှ ကျွန်ုပ်တို့သည် လှသားမိန်းမပျိုလေးအနီးမှ ရှောင်ရှား ထွက်ပြေးရန် အားယူလိုက်၏။

"ထွက်မပြေးပါနဲ့။ ကျွန်မကို ရက္ခစိုးနတ်မင်းက လွှတ်လိုက်လို့လာခဲ့တာပါရှင်"

မိန်းကလေးသည် ချောမောလှပရုံမျှမက စကားသံမှာလည်း အေးမြချိုလွင်၏ ကျွန်ုပ်တို့လည်း ရက္ခစိုးဟူသောစကားကြောင့် မိန်းကလေးကို အားကိုးတကြီးဖြင့် မျက်နှာချင်းဆိုင်လိုက်ကြလေသည်။

"ရက္ခစိုးမင်းက ကျွန်မတို့၏ ဘုံနန်း ဘုရားခန်းမှာ အမိဋ္ဌာန်ဝင်နေပါတယ်ရှင်။ သီတင်းကျွတ်သည်အထိ ဘိုးဘိုးနဲ့အတူ ဥပုသ်စောင့်နေကြမှာမို့ ရှင်တို့ဆီမလာနိုင်ပါဘူး။ ဒါကြောင့် ကျွန်မကို လွှတ်လိုက်တာပါရှင်"

"ဒါဆိုရင် ကျုပ်တို့ ရှာပြန်ရဲ့ရှိတော့တာပေါ့"

ပြိတ္တာ၏ ညည်းညူပြည်တမ်းသံနှင့်အတူ ကျွန်ုပ်လည်း စိတ်လျှော့အားပျော့သွားရလေသည်။ သီတင်းကျွတ်ဆိုသည်မှာ ဘုရားကြီးပွဲတော်ကျင်းပပြုလုပ်သောအချိန် ဖြစ်သည်။

"ရှင်တို့ ဘာလာလုပ်တာလဲ၊ ဘာအကြောင်းရှိသလဲလို့ ရက္ခစိုးနတ်က မေးခိုင်းလိုက်ပါတယ်၊ ကျွန်မသွားပြောပေးပါ့မယ်၊ ရှင်တို့ကို ခေါ်သွားခွင့် မရှိတာကိုတော့ ခွင့်လွှတ်ပါရှင်"

ကျွန်ုပ်တို့၏ လောက၊ ကျွန်ုပ်ကြုံဖူးသမျှတွင် ကျွန်ုပ်တို့အား အသနားခံ တောင်းပန်စကားပြောသည်ကို ယခုပထမဆုံးကြားဖူးခြင်းပင်ဖြစ်သည်။ ပြောသူက မိန်းမချောလေး။ ပြောဟန်က ရည်မွန်ချိုပြလှ၏။ စကား အသွားအလာအား ထောက်၍ ဥစ္စာစောင့်ဆိုသည့် သတ္တဝါဖြစ်မည်။ လူသား၊ လူ့ဘုံသားမဟုတ်ဟူ၍ ကျွန်ုပ်မှတ်ယူလိုက်သည်။

"ကျုပ်တို့မှာက ပြောပြစရာတွေ အများကြီးရှိတယ်၊ မေးချင်တာတွေလည်း တစ်ပုံတစ်ပင်ရှိတယ်၊ ဒါတွေအားလုံး ဘယ်လိုလုပ်ပြောနိုင်မှာလဲ၊ ပြီးတော့ ကျုပ်တို့ မှတ်သားထားတာတွေဟာ တချို့ကို မှတ်မိပေမယ့် ရက္ခစိုးနဲ့တွေ့မှပဲ ကျုပ်တို့အဆင်ပြေမှာပါဗျာ"

"ရှင်တို့ပြောစရာ မရှိဘူးဆိုရင်တော့ ရက္ခစိုးနတ်မှာလိုက်တဲ့ စကားကိုတော့ ရှင်တို့ကို ပြောပါရစေရှင်"

"ပြောပါ"

ကျွန်ုပ်နှင့် ပြိတ္တာသည် ပြိုင်တူပင် တုံးတိတိကြီး ပြောလိုက်သည်။

"ရှင်တို့ ဆုတောင်းတာတွေ အမြန်ပြည့်ဖို့ ရွှေတိဂုံဘုရားကို သွားပါ။ ဘဒ္ဒကမ္ဘာမှာ ပွင့်တော်မူပြီးတဲ့ ဘုရားလေးဆူတို့ကို ရည်မှန်းပြီး မုခ်ဦးလေးခုမှာ ဆင်းတုတွေ ထုလုပ်ထားတယ်၊ ထိုဘုရားလေးဆူရှေ့၌ ရှိခိုးခြင်း၊ ဆုတောင်းခြင်းများ သွား၍ပြုသူအား တောင်းတဲ့ဆုနဲ့ ပြည့်ဝစေနိုင်တယ်၊ ဘာကြောင့်လဲဆိုတော့ ရွှေတိဂုံဘုရားဟာ ပွင့်တော်မူပြီးတဲ့ မြတ်စွာဘုရားတို့ရဲ့ တောင်ဝှေးတော်၊ ရေစစ်တော်၊ ဓုကုဋ်တော်နဲ့ ဆံတော်တို့ကို ဌာပနာထားလို့ဖြစ်ပါတယ်ရှင်"

"အဲဒီဘုရားက ဘယ်မှာရှိတာလဲ"

"သိင်္ဂုတ္တရကုန်းတော်မှာ တည်ထားတဲ့ လေးဆူဓာတ်ပုံရွှေတိဂုံဖြစ်ပါတယ်။ ဒဂုံမြို့ခေါ် ရန်ကုန်မြို့မှာရှိပါတယ်ရှင်"

"ကျုပ်တို့ အဲဒီနေရာကို မသိဘူး။ ဘယ်လိုသွားတတ်မလဲ"

ကျွန်ုပ်က မိန်းကလေးအား မကျေမနပ်ပြောလိုက်၏။

"ရှင်တို့ သွားမယ်ဆိုရင် ကျွန်မလိုက်ပို့ပါ့မယ်ရှင်၊ ဒါပေမယ့် ဘုရားဝတ္တုကံမြေကို ဘုန်းတန်ခိုး ကြီးမြတ်တဲ့ နတ်တွေ စောင့်ကြပ်နေ

www.burmeseclassic.com

လို့ ထာက်ရောက်ဖူးခွင့်ရ မရ ရှင်တို့ကံပဲ ဖြစ်တယ်"

"ဒီဘုရားမှာ ကျုပ်တို့သွားလာနေသလို သွားလာလို့ မရဘူးလား"

"အဲဒါက ရှင်တို့ရဲ့ ကံအတိုင်းဖြစ်ရမှာပါပဲရှင်၊ ဒီဘုရားပေါ်ကိုလည်း ဘုရားပွဲကျင်းပချိန်ပဲဖြစ်ဖြစ်၊ အခုလိုအချိန်ပဲဖြစ်ဖြစ်၊ သာသနာတော်ကို နှောင့်ယှက်ဖျက်ဆီးမယ့် သူတွေ မရောက်လာအောင် ရောက်လာရင်လည်း မဖျက်ဆီး၊ မနှောင့်ယှက်နိုင်အောင် သက်ဆိုင်ရာ ပုဂ္ဂိုလ်တို့က စောင့်ရှောက်ထားကြပါတယ်၊သာသနာငါးထောင်မကာတည်တံ့စေဖို့ ဘိုးတော်သိကြားမင်းအပ်နှင်းထားတဲ့ သက်ဆိုင်ရာပုဂ္ဂိုလ်များ။ လူပုဂ္ဂိုလ်များ စောင့်ရှောက်ထားတဲ့ ရွှေတိဂုံဘုရားလို တန်ခိုးတော်ကြီးမားတဲ့ ဘုရားမျိုးမှာတော့ အစောင့်အကြပ်ထူပြောမယ် ဆိုတာကို ရှင်တို့ စဉ်းစားကြည့်ပါ"

"ဒါဆိုလည်း ကျုပ်တို့သွားလည်း ဆုမတောင်းရမယ့်အတူတူ သွားတော့ပါဘူး"

ကျွန်ုပ် အားလျော့စကားပြောလိုက်မိသည်။

"ရှင်တို့မသွားချင်ရင် ကျွန်မလိုက်မပို့တော့ပါဘူး။ ဒါပေမယ့် သွားချင်ရှိတော့ ကျွန်မတိုက်တွန်းပါရစေ ရှင့်"

"ဘာဖြစ်လို့ သွားဖို့ တိုက်တွန်းနေတာလဲ ရက္ခစိုးက မှာလိုက်လို့လား"

ဗြိတ္တာက စူးစမ်းမေးမြန်းလိုက်သည်။

"မမှာပါဘူးရှင်၊ ကျွန်မက စေတနာနဲ့ တိုက်တွန်းတာပါ"

ကျွန်ုပ်တို့သည် မိန်းမပျိုအား တွေး၍ကြည့်နေပြီး ဘာပြောရမှန်း မသိတော့ချေ။

"ကျွန်မပြောတာကို ရှင်တို့ နားထောင်ကြည့်ပါဦး။ ကျွန်မတို့လည်း ရွှေတိဂုံဘုရားကို သွားရောက်ဖူးမြော်ခဲ့တဲ့ ကနဦးအကြိမ်တုန်းက ဖူးခွင့်မရခဲ့ပါဘူး။ နောင်အခါ ဘိုးဘိုးရောက်လာပြီး ခေါ်သွားတဲ့အခါမှ ဖူးခွင့်ရကြတာပါ။ ကျွန်မက ရွှေတိဂုံဘုရားဖူးချင်တဲ့အခါ ဘိုးဘိုးကို ပြောပါတယ်။ ဘိုးဘိုးက ခွင့်ပြုမှ သွားဖူးခွင့်ပြုတဲ့အခါမှသွားရင် ဖူးရတယ်။ ဘိုးဘိုးခွင့်မပေးဘဲ ကိုယ့်သဘောနဲ့ကိုယ်သွားတဲ့အခါ လမ်းခရီးမှာပဲ တားဆီးခံရပါတယ်"

"ကျုပ်တို့ဆို ပိုဆိုးမှာပေါ့"

"ဒီလိုလည်း မထင်ပါနဲ့ရှင်၊ ကျွန်မတို့ထက် မြင့်မြတ်တဲ့ တချို့လူတွေတောင်မှ ဘုရားရင်ပြင်ပေါ် ရောက်ပြီး ရွှေတိဂုံဘုရားရှာမတွေ့ဘဲ ပြန်ကြရတာရှိပါတယ်၊ ဒီလိုဖြစ်တာကတော့ အဲဒီလူရဲ့ အကုသိုလ်ကံကြီးလွန်းအားကြီးလို့ သူ့ကံက သူ့ကို ဘုရားကွယ်ထားတာ ဖြစ်တယ်လို့ ဘိုးဘိုးပြောပြဖူးပါတယ်၊ ရှင်တို့ဆို ပိုဆိုးမယ်လို့ ထင်စရာပါပဲ၊ ဒါပေမယ့် အခု ရက္ခစိုးမင်းက ရှင်တို့ကို လိုက်ပို့ပေးဖို့ ပြောတုန်းမှာ အနားမှာ ဘိုးဘိုးလည်းရှိပါတယ်၊ ကျွန်မသွားခွင့်မရှိဘူးဆိုရင် ဘိုးဘိုးက တားမြစ်မှာပါ။ ဘိုးဘိုးက မတားမြစ်လို့ ကျွန်မလိုက်ပို့ခွင့်ရှိသလို ကျွန်မလိုက်ပို့ရမယ့် ရှင်တို့လည်း သွားခွင့်ရှိမယ်လို့ ကျွန်မထင်ပါတယ်။ ဒါကြောင့် တိုက်တွန်းနေရတာပါရှင်"

ကျွန်ုပ်နှင့် ဗြိတ္တာသည် မိန်းကလေးပြောစကားများကို နားစိုက်ထောင်ပြီး အတန်ကြာအောင် အဖြေရှာဖွေကြည့်နေကြ၏။ ဗြိတ္တာသည် မည်သို့ အဖြေရသွားသည်ဟု ကျွန်ုပ် မသိ။ ကျွန်ုပ်၏ အတွေးများသည် စဉ်းစားရင်းမှာပင် အကြောင်းရင်း အချက်ပျောက်ပျက်ရှုပ်ထွေးကုန်တော့သည်။

သို့သော်လည်း ကျွန်ုပ်၏ နားစည်ထဲ၌ "ရွှေတိဂုံ-ရွှေတိဂုံ" ဟူ၍ ပဲ့တင်ရိုက်ဟည်းနေပေသည်။ ဘာပဲ ဖြစ်ဖြစ် ဖြစ်ရာဖြစ်ပါစေတော့ ရွှေတိဂုံကိုသွားမည်ဟူ၍ ပိုင်ပိုင်ကြီး ဆုံးဖြတ်လိုက်တော့သည်။

"ကျုပ်တို့ကို လိုက်ပို့ပါ ကျုပ်တို့ ရွှေတိဂုံကိုသွားမယ်"

ဗြိတ္တာက ကျွန်ုပ်ထက်စောဦး၍ ပြောလိုက်သည်။ မိန်းကလေး မျက်နှာလေးမှာ အရောင်ဝင်းလက်သွားကြောင်း ညအမှောင်ထဲမှာပင် ထင်ရှားစွာမြင်လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com

မိန်းကလေး ပို၍သေချာစေရန် ကျွန်ုပ်အား အဖြေတောင်းနေဟန်ဖြင့် ကြည့်လိုက်ရာ ကျွန်ုပ်လည်း တုံ့ဆိုင်းခြင်း အလျဉ်းမရှိဘဲ အဖြေပေးလိုက်မိပါသည်။

"ကျုပ်လည်း လိုက်မှာပေါ့ မရောက်ရောက်အောင်ကို သွားမယ်"

"ရှင်တို့ ကံကောင်းကြပါစေလို့ ကျွန်မဆုတောင်းပေးပါတယ်ရှင်"

မိန်းကလေး၏ ဆုတောင်းသည့်အတိုင်း တစ်လုံးတဝတည်းပြည့်ရပါလို၏ဟူ၍ ဥပုသ်သည်တို့ထံမှ ကြားဖူးနားဝရှိထားကြသည့်ဆုတောင်းစကားဖြင့် ရင်ထဲမှာ နှစ်နှစ်ကာကာ ဆုတောင်းမိလိုက်ပါတော့သည်။

❖ ❖ ❖

✧ **မိုးရေမလွယ် သုညနယ်ကို စိတ်ဝယ် ပိုက်မှ တော်မည်တည်း**

ကျွန်ုပ်တို့ကို မိန်းမပျိုလေးက ဦးဆောင်သွားခဲ့သည်။

ကျွန်ုပ်တို့သည် နောက်မှ တကောက်ကောက် လိုက်ခဲ့ကြရင်း လမ်းခရီးအစီအစဉ်များအား မှတ်သားခဲ့ကြသည်။ သို့သော် အစီအစဉ်တကျ မမှတ်မိပေ။ ကျွန်ုပ်တို့ လိုက်ပါခဲ့သော ခရီးတွင် လမ်းဟူ၍မရှိချေ။ လူနေအရပ်များကို ကွင်းရှောင်လျက် လယ်ကွင်းများ တောင်တန်းများမှ ဖြတ်သန်းသွားလာနေကြသောကြောင့်ဖြစ်သည်။

တစ်နေရာတွင် အလွန်ကျယ်ပြောသော ရေပြင်ကျယ်ကြီးအား တွေ့မြင်ခဲ့ရသည်။ စိမ်းညို့ညို့တောတောင်များဖြင့် ဝန်းရံလျက်ရှိသည်။ ကျွန်းကြီးကျွန်းငယ်များရှိပြီး အနောက်တောင်ယွန်းယွန်း၌ ကုန်းမြင့်လေးတစ်ခုပေါ်ဝယ် စေတီတစ်ဆူအား မြင်တွေ့ရ၏။ ကျွန်ုပ်က ရွှေတိဂုံရောက်ပြီဟု ထင်မှတ်လိုက်မိသည်။ မိန်းမပျိုလေးက သာစုကန်ဘုရားဖြစ်ကြောင်း၊ ကန်ရေ့အဂ်ါထောင့် ယွန်းယွန်းမှ စေတီလေးများသည် ရေကြည်အိုင်တောရဖြစ်ကြောင်း ပြန်လည် ပြောပြသည်။

ထိုမှဆက်လက်၍ ကျိုက်ကလို့ဘုရား၊ ကျိုက်ကလဲ့ဘုရား၊ နာဂလိုဏ်ဂူဘုရား၊ ကမ္ဘာအေးဘုရား စသည်ဖြင့် လမ်းတစ်လျှောက်တွေ့ရသည့် ဘုရားတို့အားလည်း ဘွဲ့အမည်များနှင့်တကွ ပြောပြခဲ့သည်။

ကျွန်ုပ်တို့မှာ ထိုဘုရားများသည် ကျွန်ုပ်တို့နှင့် မသက်ဆိုင်သီးခြားဖြစ်တိအလား ရှိရှိဦးချရန် စိတ်မကူးမိကြပါ။ ရွှေတိဂုံသို့ ရောက်လိုသည့် ဆန္ဒသာလျှင် မပြတ်တမ်းဖြစ်ပေါ်နေ၏။ မိန်းမပျိုလေးကလည်း အမည်များကို ပြောပြရုံပြောလျက် အနားမှ ဖြတ်လာသည့်အတိုင်း ဘုရားသို့ဝင်ရောက် ဖူးမြော်ခြင်းမပြု။ ရွှေတိဂုံသာ ရှေ့ရှုသွားနေခဲ့သည်။

ကွင်းပြင်ကျယ်ကြီးတစ်ခုအတွင်းသို့ ရောက်ကြသောအခါ အရှေ့ဘက်မဝေးလှသော တောင်ကုန်းတစ်ခုပေါ်၌ ရွှေရောင်ဝင်းပလျက်ရှိသော ဘုရားတစ်ဆူအား ထင်ထင်ရှားရှားဘွားခနဲမြင်တွေ့လိုက်ကြရပါတော့သည်။

"ကျွန်ုပ်တို့သွားမယ့် ရွှေတိဂုံဘုရားဆိုတာ အဲဒါပါပဲရှင်"

သူမက ပြောနေကျအတိုင်း ချိုမြစွာ ပြောလိုက်၍ နားဝင်အေးချမ်းသွားခဲ့သော်လည်း ရွှေတိဂုံဘုရားအား အဝေးမှ လှမ်းမျှော်မြင်တွေ့ရသည့် ရင်ထဲမှာ အေးမြသွားခြင်းက ပို၍လွှမ်းမိုးသွားခဲ့ပေသည်။

ကွင်းစပ်မှ ကုန်းမြင့်လေးတစ်ခုထက်ရှိ စေတီငယ်လေးအနီးတွင် ရပ်နား လိုက်ကြသည်။

"ဒီမှာ နားကြပါ။ ကျွန်မစားဖို့ စီစဉ်လိုက်ဦးမယ်၊ ရှင်တို့စားပြီးတဲ့အခါ ဒီနေရာက ဘယ်မှ မသွားပါနဲ့"

"ဟို ရွှေတိဂုံဘုရားပေါ်အထိ ဆက်မသွားဘူးလား"

"အေးလေ၊ ကျုပ်တို့က ဘုရားလေးဆူကို ရှိခိုးပြီး ဆုတောင်းကြမှာ"

ပြိုင်တူနှင့် ကျွန်ုပ်က မိန်းကလေးကို နားမလည်စွာ မေးမြန်းလိုက်သည်။

"အခု နေဝင်တော့မှာပါ။ လူခြေရှင်းမှသွားတော့ ပိုကောင်းမှာ ကြောင့်ပါရှင်"

www.burmeseclassic.com

ဘာပဲဖြစ်ဖြစ် ကျွန်ုပ်တို့မှာ မိန်းမပျိုလေး၏ စကားအတိုင်း လိုက်နာ နေထိုင်သွားရန် ဆုံးဖြတ်ကြပြီး စောင့်နေရန် သဘောတူလိုက်ကြ၏။

မိန်းမပျိုလေးက ထွက်သွားပြီး မကြာမီ စားစရာများနှင့်အတူ ပြန်ရောက်လာ၏။

သူမထံမှ စားစရာများကို လှမ်းယူပြီး စားလိုက်ကြသည်။ မနက်ကတည်းက မစားမသောက်ဘဲ ထွက်လာခဲ့ကြခြင်းဖြစ်သော်လည်း နေဝင်ချိန်ထိ ဆာရကောင်းမှန်း မသိကြပေ။ မိန်းမပျိုလေးယူလာပေးသော ထမင်းဟင်းများသည် သန့်ရှင်းသပ်ရပ်စွာ ထုပ်ပိုးထားသည်။ သို့သော်လည်း အစားအစာကောင်းခြင်း မကောင်းခြင်းထက်၊ ရွှေတိဂုံဘုရားဖူးမြော်ဖို့အရေးကိုသာ စိတ်စောနေမိသည်။

စားသောက်ခြင်းအမှု ပြီးစီးသွားသော်လည်း မိန်းမပျိုလေးမှာ ဘုရားဆီသို့သွားမည့် အရိပ်အရောင်မတွေ့ရ။ သူမကို ကြည့်ရသည်မှာ တစ်စုံတစ်ခုအား လည့်တဆန့်ဆန့် မျှော်ငေးနေသည်နှင့် တူနေသည်။

ကျွန်ုပ်သည် ဂနာမငြိမ်ဖြစ်နေသည့် မိန်းမပျိုလေးအား တစ်စုံတစ်ရာ မေးချင်နေ၏။ သို့သော် ဘာမေးရမည်ဟူ၍ မသိ။

ပြိတ္တာကမူ နေလုံးကြီးချန်ထားခဲ့သည့် ပုစွန်ဆီတိတ် တိမ်ရောင်ဖြင့် ရွှေတောင်ကြီးအလား ထီးထီးမားမား ကြည့်နူးဖွယ် ရွှေတိဂုံစေတီအား အဝေးမှထိုင်လျက် အာရုံပြုနေလေသည်။ ထိုအခါမှ သတိရပြီး ကျွန်ုပ်လည်း တုံ့ဝပ်လျက် အကြိမ်ကြိမ် ဦးချလိုက် ဖူးမြော်လိုက် ပြုနေမိတော့သည်။

မကြာမတင်က မရှင်းမလင်း ဖြစ်နေသော အခြေအနေများ လွင့်စဉ်ကွယ်ပျောက်သွားခဲ့သည်။ ကျွန်ုပ်နှင့်အတူ ရှိနေကြသည့် ပြိတ္တာနှင့် မိန်းမပျိုလေးတို့ကိုပင် ရှိနေသည်မထင်မိတော့ချေ။

ငြိမ်းအေးခြင်း၊ ချမ်းမြေ့ခြင်း၊ ငြိမ်းအေးချမ်းမြေ့ခြင်းများသည် ကျွန်ုပ်အား သိမ်းကြုံးပွေ့ဖက်ထားသဖြင့် ကျွန်ုပ်ကိုယ် ကျွန်ုပ်ပင် အငွေ့ဖြူဖြူများ ဖြစ်သွားခဲ့ပြီး ထက်အောက်ကာဟင်းလင်းပြင်ကြီးတစ်ခုဆီသို့ မျောပါလွင့်တက်သွားသည်ဟု ထင်မှတ်နေမိတော့သည်။

မတူ၊ မတူ။ ဘာဆို ဘာနှင့်မျှ မတူ။ စားဖူးသမျှထဲတွင် မိန်းမပျိုလေး ကျွေးခဲ့သည့် ထမင်းဟင်းတို့သည် အရသာအရှိဆုံး။ ကြားဖူးသမျှတို့တွင်လည်း ဥပုသ်နေ့တွင် ဆရာတော် ဟောကြားသည့်တရားသံသည်အသာယာဆုံး။ ပြိတ္တာနှင့်အတူ ဘုရားကြီးဘုရားလေး၌ စေတီအား ဖူးမြော်ဆုတောင်းခဲ့ချိန်များမှာ ချမ်းမြေ့ဆုံး။

ထိုထိုသော အရသာတို့ထက် ယခုရရှိနေသည့် အရသာမှာ အဆပေါင်းထောင်သောင်းမက ပိုမိုသာလွန်ချေသည်။

"ဒီမှာ . . . ဒီမှာ၊ ရှင်တို့ကို ခေါ်နေတယ်လေ"

ကျွန်ုပ်တို့အား ခေါ်နေသည့် မိန်းမပျိုလေး၏ မာထန်ထန်အသံကြားလိုက်ရတော့မှ ကျွန်ုပ်သည် အိပ်ပျော်သွားရာမှ အနှိုးခံလိုက်ရသည်သို့ ဖြစ်ခါ မိန်းမပျိုလေးအား လှည့်ကြည့်လိုက်မိသည်။

ကျွန်ုပ်တို့၏ နောက်ဘက်တွင် မိန်းမပျိုလေးတစ်ယောက်တည်းမဟုတ်၊ ဝတ်ဖြူစင်ကြယ်ဝတ် အဘိုးအိုတစ်ဦးကိုလည်း တွေ့ရ၏။ အဘိုးအိုသည် အင်္ကျီ ပုဆိုး၊ ခေါင်းပေါင်းအားလုံး ဖြူနေရုံမက မျက်ခုံးမွေး၊ မုတ်ဆိတ်မွေးတို့လည်း ဆွတ်ဆွတ်ဖြူလျက်ရှိသည်။ ရွှေရောင်တောင်ဝှေးကို လက်တစ်ဘက်၌ ကိုင်ထားပြီး ထိုလက်ကောက်ဝတ်တွင် ရွှေရောင်ပုတီးတစ်ကုံးချိတ်တွဲလျက်ရှိသည်။

ကျွန်ုပ်သည် အဖြေရှာသည့်သဘောဖြင့် ပြိတ္တာအား စောင့်ကြည့်လိုက်၏ ပြိတ္တာကလည်း နားမလည်ဟန်ဖြင့် ကျွန်ုပ်အား ကြည့်နေသည်။

"ရှင်တို့ ဘုရားဖူးရအောင် ဘိုးဘိုးဆီမှာ ကျွန်မ အခွင့်တောင်းခဲ့လို့ ဘိုးဘိုးက ရှင်တို့ ကံကောင်း



www.burmeseclassic.com

www.burmeseclassic.com

ကံဆိုး လာကြည့်တာ၊ အခု ရှင်တို့ ကံကောင်းတယ်တဲ့၊ ဒါကြောင့်မို့ ရင်ပြင်ပေါ်ကို သွားပြီး ဘုရားဖူးကြ မယ်တဲ့"

"ဟုတ်လား။ ဒါဆိုလည်း သွား ကြမယ်လေ"

ဖြိုးသွာက ပြောပြောဆိုဆို ရှေ့ မှသွားမည်ပြုသည်။

"နေပါဦး။ ခုနတုန်းကတော့ ကျောက်တုံးကြီးတွေကျနေတာပဲ၊ ကျွန်မ ပြောစရာရှိသေးတယ်၊ နား ထောင်ပါဦး"

ဖြိုးသွာက အသာကိုယ်ရှိန် သတ်ကာ နားထောင်မည့်ဟန်ဖြင့် ငြိမ်နေသည်။

"ကျွန်မတို့ ဒီဘိုးဘိုးရဲ့နောက် ကလိုက်ရမယ်၊ ဘိုးဘိုးပြတဲ့ နေရာမှာ ဘုရားဝတ်ပြုဆုတောင်း လုပ်ရမယ်၊ ဘိုးဘိုးက ဘုရားငလးဆူစလုံးကို လိုက်ပို့မယ်၊ ဘိုးဘိုး ခွင့်မပြုဘဲ ရှင်တို့ သဘောနဲ့ ရှင်တို့ ဟိုသွား ဒီသွား မလုပ်ရဘူး"

"အင်းပါဗျာ အင်ပါ နောက် ပြောစရာ ရှိသေးလား"

ကျွန်မ်က စကားဖြတ်ပြီး ပြော လိုက်၏။

"မရှိတော့ပါဘူး။ ဘိုးဘိုးက လည်း ရှင်တို့ကို ကျကျနန အံကဲခတ် ပြီးပါပြီ ကဲ…လာ… ဘိုးဘိုးနောက် က လိုက်ရအောင်"

ဝတ်ဖြူစင်ကြယ်ဝတ် ဘိုးဘိုး ၏ နောက်မှ တစ်ပါတည်း လိုက်ခဲ့ ကြတော့၏။ သို့ဖြင့် မိန်းမပျိုလေး ပြောသည့်အတိုင်း တစ်သဝေမတိမ်း လိုက်နာခဲ့သဖြင့် ကျွန်ုပ်တို့သည် ရွှေတိဂုံဘုရားမုခ်ဦး လေးဘက်လေး တန်ရှိ ရုပ်ပွားတော်လေးဆူစလုံးအား စိတ်ရှိလက်ရှိ ရှိခိုးခြင်း၊ ဆုတောင်း ခြင်းများ ပြုခဲ့ရလေတော့၏။

ကျွန်ုပ်တို့ ရွှေတိဂုံဘုရားသို့ ရောက်ချိန်သည် ခုနစ်စင်ကြယ်ပြောင် အမြီးထောင်နေချိန်ဖြစ်ပြီး ကျွန်ုပ်တို့ ဘုရားကြီးသို့ ပြန်ရောက်ချိန်မှာ အရုဏ်ကျင်းလုပြီဖြစ်သည်။ မိန်းမပျို လေးလည်း နှုတ်ဆက် ထွက်ခွာသွား ပြီးမို့ ဖြိုးသွာနှင့် ကျွန်ုပ်သည် ရွာသို့ ပြန်လာကာ မယ်ဆင့်ခြံအတွင်းမှ သရက်ပင်ထက်၌ အိပ်စက်နားနေ လိုက်ကြသည်။

ရွှေတိဂုံဘုရားသို့ လိုက်ပို့သော ဘိုးဘိုးဆိုသူ၊ ဘုရားကြီး၌ လာတွေ့ သော မိန်းမပျိုလေးတို့မှာ မည်သူမည် ဝါ ဖြစ်သည်၊ ဘာလုပ်ကိုင်သည်၊ ဘယ်မှာနေသည် စသော အချက် အလက်များကို စုစမ်းဖို့ သတိမရနိုင် အောင်ပင် ထူးခြားသော ကျေနပ်မှု အရသာကြီးက ကျွန်ုပ်တို့အား လွှမ်းမိုး ထားခဲ့ချေသည်တကား။

ကျွန်ုပ် ရုတ်တရက် လန့်နိုး လာသည်။

ဖြိုးသွာလာနှိုးနေသည် ထင် မှတ်၍ သူ့အိပ်သော အကိုင်းအား လှမ်းကြည့်လိုက်၏။ သူမရှိ၊ ဖြိုးသွာ သည် ကျွန်ုပ်အား အသိမပေးဘဲ ဘယ်ဆီများ သွားလေသနည်း။ ကျွန်ုပ် အိပ်ပျော်သွားချိန်အတွင်း ဘိုးတစ္ဆေ လာရောက် ခေါ်သွားခဲ့လေသလား။ ဘာကိုမျှ ကျွန်ုပ်တပ်အပ် သေချာ မပြောနိုင်ပေ။

ကျွန်ုပ်သည် ဘုန်းတော်ကြီး ကျောင်းမှ ဆည်းလည်းသံလိုလို၊ ကောင်ကင်၌ လမင်းမရှိ၊ အရှေ့ဥဒည် စွန်းမှ ထွက်မလာသေးသည်လား။ အနောက် ဂေါယာကျွန်းသို့ယွန်းခဲ့ပြီ လား မခန့်မှန်းတတ်ပေ။ မိုးရိပ်မိုးတိမ် ကင်းစင်သော ကောင်းကင်အနှံ့ကြယ် ပွင့်ငယ်များ မှိတ်တုတ်ပြိုးပြက်လင်း လျက်ရှိသည်။

ပင်ကြီးကြားမှ ဝိုးမှားတို့မြည်သံ စီစီညံလျက်ရှိသည့်တိုင် ဆည်းလည်း သံလေးများကို ကြားနေရသလိုလို ။ ဘယ်ဆီသွားမှန်း မသိရသော ဖြိုးသွာ အကြောင်းထက် ကြားယောင်နေ သည့် ဆည်းလည်းသံလေးများကို ကြည်လင်ပြတ်သားစွာ ကြားချင်သည့် ဆန္ဒများ ဖြစ်လာသည်။

စေတီလေးရင်ပြင်ပေါ်သို့ရောက် သော် ဖြိုးသွာကို မတွေ့ရဘဲ တရား ထိုင်နေသည့် ဆရာတော်အား တွေ့ လိုက်ရလေသည်။ စေတီနှင့် ဝါးဆင်



www.burmeseclassic.com

www.burmeseclassic.com

ကြား၌ ဖက်တွယ်ရပ်နေပြီး ကျောင်း၏ တောင်ဘက် ကျွန်ုပ်တို့ နားခိုရာ သရက်ပင်ရှေ့ဆီသို့ သွားရန်ဟန်ပြင်လိုက်သည်။ ထိုခဏ၌ ဆရာတော်မှာ တရားထိုင်ခြင်းမှ မတ်တတ်ရပ်လိုက်သည်။

"ဆရာတော်ဘုရား…

ဆရာတော်ဘုရား"

ဆရာတော်က ကျွန်ုပ်အား တွေ့မြင်သွားသည်ဟု ကျွန်ုပ်ထင်မှတ်မိသည်။

"တပည့်တော်ကို ကယ်တော်မူပါ အရှင်ဘုရား"

ဆရာတော်နှင့် ပိုမိုနီးကပ်အောင် အနည်းငယ်ရွေ့တိုးပြီး လက်တစ်ကမ်းအကွာမှ လက်အုပ်ချီလျက် ရပ်လိုက်၏။

"သင်ကို ငါမြင်ဖူးသလိုရှိပါတယ်၊ သင်က ဘယ်သူလဲ၊ လူလား။ နတ်လား။ နာနာဘာဝလား"

ဆရာတော်က ကျွန်ုပ်ကို ရှုစမ်းသောအကြည့်ဖြင့် ကြည့်ရင်း မေး၏။

ကျွန်ုပ် လွန်စွာ ဝမ်းသာသွားသည်။ ဆရာတော်သည် ကျွန်ုပ်အား အမှန်တကယ်ပင် မြင်တွေ့သွားလေပြီ။ ကျွန်ုပ်အားလည်း စကားပြောလေပြီ။

လွန်စွာ ဝမ်းသာလွန်းသောကြောင့် စကားဆက်ရန်အတွက် စကားစရှာမရနိုင်ဘဲ ရုတ်ခြည်းဆွံ့အသွားခဲ့ရသည်။

"မှန်…မှန်ပါ။ တပည့်တော် သက်နိုင်ပါဘုရား။ ဘုန်းဘုရားဦးဝေန ဆီမှာ ကျောင်းသားအဖြစ် စာသင်ခဲ့ဖူးပါတယ် အရှင်ဘုရား"

"မယ်ဆင့်နဲ့ အိမ်ထောင်ကျသွားတဲ့ သက်နိုင်လား"

"မှန်ပါတယ် အရှင်ဘုရား"

"ဒါဆို ကျုပ် ဘာလုပ်ပေးရမလဲ ပြောပါ"

ကျွန်ုပ်အားသက်နိုင်ဖြစ်ကြောင်း မှတ်မိသိရှိသွားဖြင့် လွန်စွာ အားတက်ရွှင်လန်းသွားလေသည်။ သို့ဖြစ်၍ ကျွန်ုပ်ပြောချင်သည့် စကားများကို လျှာခလုတ်တိုက်လုခမန်း ဝမ်းပန်းတသာ ပြောချလိုက်လေသည်။

"တပည့်တော် ဒီဘဝမှ ကူးပြောင်းပြီး မယ်ဆင့်ဝမ်းဗိုက်မှာ ဝင်စားလိုပါတယ်ဘုရား။ ဒီဘဝ ကျွတ်လွတ်ပြီး တိရစ္ဆာန်လည်း မဖြစ်ချင်၊ နတ်ဘုံနတ်စည်းစိမ်လည်း မလိုချင်ပါဘူး အရှင်ဘုရား။ တပည့်တော်ဖြစ်ချင်သလို မဖြစ်ရဘူး၊ မဖြစ်နိုင်ဘူးဆိုရင်တော့ ပြိတ္တာသက်တမ်း ကမ္ဘာပေါင်း ကုဋေကုဋာအထိ မယ်ဆင့်ကူးပြောင်းရာ ဘယ်ဘဝဖြစ်ဖြစ် လိုက်ရှာမှာပြီး မယ်ဆင့်နဲ့ နီးရမယ့် အကြောင်းကိုသာ ကြံဆောင်မှာဖြစ်ပါတယ် အရှင်ဘုရား။ တပည့်တော်နဲ့ မယ်ဆင့် ဘဝချင်းဆုံတွေ့နိုင်အောင် ကူညီစောင်မတော်မူပါဘုရား။ စီစဉ်ဆောင်ရွက်ပေးတော်မူပါဘုရား"

"ကျုပ် မကူညီနိုင်ဘူး မောင်သက်နိုင်"

"ဗျာ"

ဆရာတော်ထံမှ ဤသို့ ပြတ်တောင်းလှသော စကားမျိုး ပြောဆိုလာလိမ့်မည်ဟူ၍ သိသိလေးမျှပင် စိတ်မကူးမိချေ။ ကျွန်ုပ်၏ ခရမ်းသီးပိန်းဘဝကို ဆရာတော်သည် မထောက်မညှာ၊ စေတနာမထား။ ဓားတုံးတုံးဖြင့် လှီးဖြတ်သည့် စကားမျိုးပြောထွက်ရက်လေခြင်း။

ထိုမျှ ရက်စက်လွန်းသည့် စကားသံကို ယတိပြတ်ပြောရုံသာမက စေတီရင်ပြင်၌ ကျွန်ုပ်အား ကျောခိုင်းထားရစ်ကာ ကျောင်းဘက်သို့ လှည့်ထွက်သွားခဲ့လေသည်။

တစ်ခုံတစ်ရာ တစ်ခွန်းတလေမျှ မေးမြန်းခြင်း၊ စစ်ဆေးခြင်းမရှိဘဲ "လည်မျိုကို တုတ်တိုနဲ့ တစ်ချက်တည်းရိုက်နှက်ပြီး အသေသတ်စေ" ဟု ပဒေသရာဇ် ကေရာဇ်မင်း၏ ရာဇသံကို နာခံရလိုက်သူပမာ ကျွန်ုပ်သည် အရပ်ကြီးပြတ်ဖြစ်လျက် ပုံကျသွားခဲ့တော့သည်။

ဆက်ပါဦးမည်…

**မောင်ဟိန်းကျော်**



www.burmeseclassic.com

www.burmeseclassic.com

# အနိစ္စဒေသနာတော် (၂၀)

❖ မဟာထွန်း ❖

ဤလသည် စာရေးသူ အလုပ်များဆုံးသော လတစ်လဖြစ်သည်ဟု ဆိုရမည်။ စာရေး၍ အဆင်မပြေဆုံးသော လလည်းဖြစ်သည်။ ကွန်ပျူတာနှင့် ပရင်တာ ပျက်၍ စက်ပြင်ဆရာကို ခေါ်မရနိုင်ဘဲ ဖွင့်လိုက်၊ ပိတ်လိုက် အချိန်များစွာပေးပြီး စားရိုက်နေရသလို -

ဆရာ့ဆီကို သွားပြရာတွင်လည်း ခဏသာ အဆင်ပြေပြီး ပြန်ပျက်သွားပြန်လေသည်။ မှုရင်း(လီနိုဗို)ကုမ္ပဏီကလည်း မြို့မှာဖြစ်၍ ဝေးပြည်သာမှ သွားရေးလာရေး ခက်ခဲသောကြောင့် ဆရာပြောင်းပြရင်းဖြင့်ပင် အချိန်များစွာကြာသွားခဲ့ရသည်။ နောက်ဆုံးတွင် မူရင်း လီနိုဗိုကိုပင် သွားပြရလေသည်။

ထို့အပြင် ဤစာရေးသူ၏ကျောင်း၌ လက်ရှိတွင် ပဋိပတ်=ဝိပဿနာကျင့်စဉ်တရားတော်များကို ဟောကြား၊ ကျင့်ပွား၊ ပြသလျက်ရှိသလို သည်ဝါဆိုဦးမှစပြီး မဇ္ဈိမပဏ္ဏာသ ပါဠိတော် ဆယ်ပါးကို အခြေခံကာ စာသင်တိုက်ဖွင့်လှစ်လိုက်သောကြောင့် ထိုထိုကိစ္စများ ပိလေးနေ၍ စာပေရေးသားခြင်း စသော အလုပ်များ နှောင့်နှေးသွားရခြင်းသည်လည်း အဓိကဖြစ်နေလေသည်။

ဤစာရေးသူမှာ ငယ်စဉ်က ဆုံးဖြတ်ထားခဲ့သည့်အတိုင်း တစ်သဝေမတိမ်း လိုက်လုပ်လာခဲ့သည်။ ငယ်ရွယ်စဉ်က စာပေကို အပတ်တကုတ်သင်ယူသည်။ ထို့နောက် အထိုက်အလျောက် စာပေပို့ချသည်။ ထို့နောက် ရိပ်သာများကိုဝင်ကာ ဝိပဿနာကျင့်စဉ်တရားတော်များကို နာကြားသင်ယူပြီး ရှုမှတ်ပွားများခဲ့သည်။

ထို့နောက် တောရဆောက်တည်ရန် ပြင်ဆင်ခဲ့သည်။ ငယ်စဉ်ကပင် တောရကျောင်းမှာသာ ရဟန်းဖြစ်လာသောကြောင့် တောရဆောက်တည်ရန်ကိုလည်း ဝါသနာကြီးသည်။ သို့သော်လည်း ထင်သလို တစ်ခုမျှဖြစ်မလာခဲ့ပေ။

သိက္ခာ္ဖမ်းရင်းနှီးနေကြသော ဒကာ၊ ဒကာမများက သင့်လျော်ရာတွင် ကျောင်းလေးတစ်ကျောင်း ဖန်တီးကာ မိမိဟောပြောပြသနေသော တရားတော်ကို လမ်းစဉ်အတိုင်း တပည့်တစ်ပါးပါးအား သင်ပြပြီး ထားခဲ့ပါ။ ပြီးမှ တောရဆောက်တည်လိုကလည်း ဆောက်တည်ပါဟု အတင်းတောင်းပန်လာကြ၍ ကျောင်းလေးတစ်ကျောင်းဖန်တီးရာမှ မူလဦးတည်ချက်များ ပျက်ပြားခဲ့ရသည်။

-ဘုန်းကံနည်းသောပုဂ္ဂိုလ်ဖြစ်သည့်အလျောက် ကျောင်းဖြစ်မြောက်ရေးတွင် များစွာအခက်တွေ့လာရပြီး ဆင်းရဲခြင်းစိတ်သောကဖြစ်ရခြင်းများစွာကိုသာ တစ်ခုပြီးတစ်ခု ရင်ဆိုင်လာခဲ့ရသည်။ ထို့ကြောင့် မူလဦးတည်ချက်ကို ပယ်ဖျက်လိုက်ရပြီး ကျောင်းဖြစ်မြောက်ရေးကိုသာ အားစိုက်ရလေသည်။

ကျောင်းလေး နေထိုင်စရာရရှိလာပြီးနောက်လည်း ကျောင်းနှင့်တူအောင်၊ မိမိသည်လည်း ရဟန်းတစ်ပါးနှင့်တူအောင် ပရိယတ်၊ ပဋိပတ် နှစ်မျိုးလုံးကို တွဲလုပ်လိုသောဆန္ဒများ ရှိလာခဲ့သည်။ ဤဆန္ဒနှစ်ခုလုံး ဖြစ်မြောက်ရေးသည် ဆိုခဲ့သည့်အတိုင်း ဤစာရေးသူမှာ ဘုန်းကံနည်းသောကြောင့်သာ၍ပင် အခက်တွေ့ရပြန်သည်။

အခက်တွေ့ရသော်လည်း စိတ်ပျက်ခြင်း၊ တွန့်ဆုတ်လိုခြင်း အလျဉ်းမရှိပေ။ ရဟန်းဖြစ်လျှင် ရဟန်းအလုပ်ကိုလုပ်ရမည်။ ရဟန်းတို့၏အလုပ်သည် ပရိယတ်၊ ပဋိပတ် နှစ်မျိုးတည်းသာရှိသည်။

ဤနှစ်မျိုးကိုသာ ဘုရားရှင်လမ်းစဉ် သတ်မှတ်၍ ချမှတ်ခဲ့သည်။ ထို့ကြောင့် ဤနှစ်မျိုးတွင် တစ်မျိုးကိုသော်လည်းကောင်း၊ နှစ်မျိုးလုံးကိုသော်လည်းကောင်း လုပ်ဖြစ်အောင် လုပ်ရမည်ဟု (တောရဆောက်တည်ရန် ဦးတည်ချက်များ ပျက်ပြားသွားခဲ့ပြီးနောက်) ဆုံးဖြတ်ခဲ့ရပြန်သည်။

ဆိုခဲ့သည့်အတိုင်း ဤနှစ်မျိုးလုံးကို တွဲလုပ်မည့်အရေးသည် ဘုန်းကံနည်းသော ဤစာရေးသူအနေဖြင့် များစွာအခက်ကြုံနိုင်သည်လည်း နားလည်ထားသည်။ သို့သော်လည်း အခက်အခဲဟူသည် လူ့လောကမှာဖြစ်စေ၊ ရဟန်းလောကမှာဖြစ်စေ ကြုံရစမြဲဖြစ်၍ ဤစာရေးသူ အနည်းငယ်



www.burmeseclassic.com

www.burmeseclassic.com

မှု တွန့်ဆုတ်ခြင်းမရှိခဲ့ပေ။

ပေါရဆောက်တည်ခြင်း၊ ပဋိပတ်လုပ်ငန်းကြီး လမ်းလွဲသွားခဲ့လျှင် ပရိယတ်နယ်ပယ်၌ ကျင်လည်သင့်က ကျင်လည်ရမည်ဟူသော မျှော်မှန်းချက်ဖြင့်လည်း တပည့်များမွေးလာခဲ့ရာ ဓမ္မာစရိယအောင်မြင်ထားသည့် တပည့်သုံးပါး ပေါ်ထွန်းခဲ့သည်။

ယခု ထိုတပည့်သုံးပါးထဲမှ ဝါတော်အငယ်ဆုံး ယခုဆယ်ဝါရ တပည့်တစ်ပါးကိုခေါ်ယူသော စာသင် ဓမ္မာစရိယငါးပါးနှင့် အခြား ငယ်၊ လတ်၊ ကြီး ဦးပဉ္စင်းကိုရင်များကို ပင့်ခေါ်ပြီး စာသင်တိုက်ကို စတင်ခဲ့သည်။ တရားတိုက်သည်လည်း အထိုက်အလျောက် ရှိနေပြီဖြစ်၍ ဘုရားရှင်အလိုတော်ကျ မိမိသည်လည်း ဝါသနာကြီးသည့် ပရိယတ်၊ ပဋိပတ်လုပ်ငန်းတော်ကြီးကို သည်ဝါဦးမှ စတင်ခဲ့သည်။

ဤလုပ်ငန်းတော်ကြီးနှစ်ရပ်နှင့် ပတ်သက်ပြီး ဤစာရေးသူအဖို့ အခက်တွေ့ရသည်ကို ဘေးဖယ်၍ ဘုရားရှင်အလိုတော်ကျ လုပ်ငန်းတော်ကြီးနှစ်ရပ်ကို တစ်ပြိုင်တည်းလုပ်ခွင့်ရသောကြောင့် ဝမ်းမြောက်ဝမ်းသာ မဆုံးလောက်အောင်ပင် ဖြစ်ရလေသည်။

သည်အကြောင်းအရာများကို ထည့်သွင်းရေးသားပြသနေသည်မှာ ဤစာရေးသူ၏ ဓမ္မပရိသတ်များ ဝမ်းမြောက်ဝမ်းသာစွာဖြင့် သာဓုခေါ်နိုင်ကြရန်အတွက်ဖြစ်သည်။ တရားသမားတိုင်းသည် စာပေနှင့် ကင်းလွတ်ခြင်းမရှိတတ်သောကြောင့် ပရိယတ်တည်းဟူသော စာသင်တိုက်များ ထူထောင်ခြင်းကိုလည်း ကြည်ညိုကြသည်။ ယခုကဲ့သို့ ပရိယတ်၊ ပဋိပတ်နှစ်ရပ်လုံးကို တွဲလုပ်လျှင်မူ ဆိုဖွယ်ရာပင်မရှိတော့ပေ။

သာသနာတော်၏ အရင်းအမြစ်သည် ပရိယတ်ပင်စည်နှင့် ခက်မငါးဖြာ အဖူးအရွက်၊ အပွင့်၊ အကင်း၊ အသီးများသည် ပဋိပတ်ဟု ကြည်ညိုရသောကြောင့် ဓမ္မနှစ်ဖြာလုံးသည်ပင် ဘုရားရှင်၏အလိုတော်ကျသာလျှင် ဖြစ်ပေသည်။

ထို့ကြောင့် အသက်ရှင်သမျှကာလပတ်လုံး ဓမ္မနှစ်ဖြာတို့ ခွန်တွဲ၍ အချိန်နှင့်အမျှ လုပ်သွားရန်ကိုသာ မဆုတ်မနစ် ဆုံးဖြတ်ထားသည်။ ဤသည်ပင် ရဟန်းတော်တို့၏ လုပ်ငန်းစဉ်ကြီးလည်း ဖြစ်ပေသည်။

× × ×

တရားသားသည်ကား သိပ်ပြီးမများပေ။ တိုတိုကျဉ်းကျဉ်းနှင့် ရှင်းအောင် အသက်ပိုင်းခြား တစ်ခုစီကိုသာ စဉ်၍ထားသည်။ သို့မှမှတ်သား၍လည်း လွယ်ကူသည်။ အယူဖြူစင်ပြီးဖြစ်သည့် ဗုဒ္ဓဘာသာအမျိုးကောင်းသားသမီးများ ဖြစ်ကြသည့်အလျောက် ပရမတ်ဉာဏ် မရှိသေးသည်မှလွဲလျှင် သမ္မာဒိဋ္ဌိဉာဏ် ရင့်သန်ပြီးဖြစ်၍ တစ်ခုတည်းသော ရှုမှတ်ဖွယ်ကို လွယ်လွယ်ဖြင့် သိရှိလို၊ ရလိုနေကြခြင်းလည်း ဖြစ်သောကြောင့် တစ်ခုစီ တစ်ပါးချင်း လင်းလင်းကြီး ရေးသားရန်သာ ဆုံးဖြတ်ထားသည်။

နဂိုမူလ ရှုမှတ်နည်းအတိုင်း မပြတ်ဖြစ်ပျက်နေသော ခန္ဓာအစဉ်ကို ပရမတ်ကျကျ စိတ်ဉာဏ်၌တည်အောင် နှလုံးသွင်းပြီး ဖြစ်ပျက်(အနိစ္စ)တင်ကာ ရှုမှတ်ရုံသာရှိသည်။ ပရမတ်ဉာဏ်နှင့် အနိစ္စကို အမှတ်တမဲ့ဖြစ်နေလျှင်လည်း ကုန်ခဲ့သည့်လက ရှုမှတ်ခဲ့သည်ကို ပြန်[illegible]ည်၍ နှလုံးသွင်းကြည့်လျှင်ပင် အလိုအလျောက် ပေါ်လာပေလိမ့်မည်။

သို့တည်းမဟုတ် ကုန်ခဲ့သည့်လက ဖြတ်ထားခဲ့သည့် အစလေးကို နှလုံးသွင်းလိုက်ပါ။ အသက်လေးဆယ် လူတစ်ယောက်အကြောင်း ပေါ်လာပေလိမ့်မည်။ ထိုလေးဆယ်လူတစ်ယောက်နှင့် အသက်ငါးဆယ် လူကြီးတစ်ယောက်တို့ကို ယှဉ်ကြည့်လိုက်ပါ။ အသက်လေးဆယ[illegible]က် ငါးဆယ်လူသည် မတူကွဲပြားခြင်းဖြင့် အိုမင်းရင့်ရော်သည်ကို အလိုလိုပေါ်လွင်ထင်ရှားပြီး ဘွားဘွားကြီးပေါ်လာပေလိမ့်မည်။ အနိစ္စ၏ ဖြစ်ပျက်သဘောကို လင်းလင်းကြီး ပြသနေပေ[illegible]သည်။

ထိုထက်ထင်လိုလျှင် ဝီထိစဉ်ကို ပြသခဲ့စဉ်က[illegible] မွေးဖွားခါမှသည် ရောက်ဆဲအသက် ငါးဆယ်တိုင်အောင် စက္ကန့်၊ မိနစ်၊ နာရီ၊ နေ့ရက်၊ လ၊ နှစ်များ အစဉ်အတိုင်း ပြန်လည်နှလုံးသွင်းပြီး ရောက်ဆဲကာလ၏ ပစ္စုပ္ပန်တည့်တည့်ဖြစ်သော တစ်စက္ကန့်အတွင်းမှာပင်လျှင် ရုပ်ပျက်၊ နာမ်ပျက်၊ ခန္ဓာပျက်တို့သည် ကုဋေပေါင်းသိန်းချီ ဖြစ်ပျက်နေသည်ကို အာရုံသွင်းပြီး ရှုမှတ်ရုံသာရှိသည်။

အနိစ္စ၏ ရှုမှတ်ခြင်းသဘောသည်လည်း ထိုအတိုင်းသာရှိ၍ ခန္ဓာပေါ်သို့ ဉာဏ်စိုက်လိုက်ရုံမျှဖြင့်ပင် အလိုလိုရှုမှတ်ပြီးသားဖြစ်နေပေသည်။ အလွန်မှအားတက်ဖွယ်ဖြစ်ရသည်။

ခန္ဓာကိုယ်ကို ပရမတ်ဉာဏ်ဖြင့် သိစဉ်ကပင် မဂ်ဝင်သော ဉာဏ်ထက်သည့်ပုဂ္ဂိုလ်များ ရှိတတ်ကြသည်။ ပရမတ်ကိုမြင်ရုံဖြင့် မဂ်မဝင်လျှင်လည်း အားနည်းဖွယ်မဟုတ်ပေ။ ပရမတ်ကိုမြင်ရချိန်ကပင် ဒိဋ္ဌိပြုတ်ပြီးဖြစ်သည်။ မဂ္ဂင်ငါးပါး-မဂ်၌သက်ဝင်ပြီး ပုဂ္ဂိုလ်ဟု ဆိုရသည်။

www.burmeseclassic.com

ဤဘဝ၌ ဆက်လက်ရှုမှတ်၍သော်လည်းကောင်း၊ ဒုတိယ(လာမည့်) ဘဝတွင်သော်လည်းကောင်း မဂ်ရမည့် အဖိုးထိုက်အဖိုးတန် ပုဂ္ဂိုလ်မြတ်သာလျှင် ဖြစ်သည်။ ရှုမှတ်မြဲ တရားကိုမူ မလျှော့သင့်ပေ။ ထို့ကြောင့် ပရမတ်ကိုမြင်ခြင်း သည် ရွှေတုံးရွှေခဲကြီးကို ရသည်နှင့်တူပြီး ဆက်လက်ရှု မှတ်ခြင်းသည် ပန်းထိမ်ပညာဖြင့် လက်ဝတ်တန်ဆာများပြုလုပ် ဖန်တီးသည်နှင့် တူသည်။ မဂ်ဝင်ခြင်းသည် လက်ဝတ်ရတနာ များကို ဝတ်ခြင်းနှင့်တူပေသည်။

ထို့ကြောင့် သာသနာတော်ကြီးနှင့် တွေ့ခိုက်ကြုံခိုက် တွင် အခွင့်ဆိုက်လျက်ရှိသော တရားဘာဝနာပွားများခြင်းကို အချိန်ရှိသမျှ ရှုမှတ်ကြလေ သူတော်ကောင်းတို့။

× × ×

ဤလတွင်လည်း ကုန်ခဲ့သည့်လက ကဗျာနှစ်ပုဒ်ကို ထည့်သွင်းဦးမည်။ ဤကဗျာနှစ်ပုဒ်ကို အရကျက်ပြီး ဆောင် ထားစေချင်သည်။

**၁။ နား၊ နှတ်၊ စိတ်၊ ဉာဏ် ဤလေးတန်ဖြင့် ဓမ္မတရား နာကြား လေ့လာ အားထုတ်ပါက** - သေရာ ညောင်စောင်း၊ လဲလျောင်းပြီးကာ၊ ရောဂါဆူသည်၊ ပူညည်းဆူ ပွက်၊ သတိလစ်မဲ့ သေခဲ့ရခြား၊ မလားအပါယ်၊ ထက်ဝယ်နတ် ပြည်၊ ရောက်ကြောင်းကေန် စဉ်စစ်မှန်၏။ တစ်ဖန်ထိုပြင် မဂ်ဝင်ဖိုလ်ပေါက်၊ နိဗ္ဗာန်ရောက်ဟု၊ သုံးလူ့ထွတ်ထား ဘုရား မိန့်မှာ၊ ဟောသည်သာတည်း။

(သောတာ နုဂတာသုတ်၊ အံ၊ ၁။)

**၂။ နား၊ နှုတ်၊ စိတ်၊ ဉာဏ် ဤလေးတန်ဖြင့် ဓမ္မတရား နာကြားလေ့လာ အားထုတ်ပါက** - (၁) ကျွန်း မာနေစဉ် မသေခင်ဝယ်၊ မဂ်ဝင်ဖိုလ်ပေါက် နိဗ္ဗာန်ရောက်၏။ (၂) မရောက်ပါလျှင် ဖျားနာစဉ်နှင့် (၃) သက်ငင်ပူညည်း သေခါနီးမှ မဂ်ရလာ၏။ (၄) မရပါက နတ်ဘဝမှာ သေချာ ကိန်းသေ မဂ်ရလေ။ တစ်ထွေထိုမှ ဓမ္မရာဂ ဓမ္မနန္ဒီ ထိုစွမ်း ရည်ကြောင့် မထေရ်မြတ်လှ ပစ္စေကဟု ဗုဒ္ဓအငယ် ဖြစ်ရဖွယ် သည် ငါးသွယ်အားထုတ်ရကျိုးတည်း။

(ပေဋကော ပဒေသ ပါဠိတော်၊ ၁၇၇)

× × ×

(သည်အခန်းကို တရားရှုမှတ်ပွားများနေချိန်ဟု မှတ်ပါ။)

× × ×

သည်လအတွက် မိမိကိုယ်မှစ၍ စကြဝဠာ အနန္တ တိုင်အောင် မေတ္တာပို့နည်းကို ရေးဦးမည်။

၁။ ငါသည် ဘေးရန်ကင်းပါစေ၊ စိတ်ဆင်းရဲကင်းပါစေ၊ ကိုယ်ဆင်းရဲကင်းပါစေ၊ ချမ်းသာစွာဖြင့် မိမိ၏ခန္ဓာကိုယ်ကို ရွက်ဆောင်နိုင်ပါစေ။

၂။ ဤကျောင်း(အိမ်၊ ဇရပ်၊ ကား၊ ရထား၊ သင်္ဘော၊ မော်တော်၊ လေယာဉ်)အတွင်း၌ ရှိကြကုန်သော အားလုံးသော သတ္တဝါတွေ ဘေးရန်ကင်းကြပါစေ၊ စိတ်ဆင်းရဲ ကင်းကြပါစေ၊ ကိုယ်ဆင်းရဲကင်းကြပါစေ၊ ချမ်းသာစွာဖြင့် မိမိတို့ခန္ဓာကိုယ်ကို ရွက်ဆောင်နိုင်ကြပါစေ။

**(အောက်၌ ညီမျှခြင်း ပြထားခြင်းသည် မိမိတို့နေ သော နေရာကို ထည့်ဆိုရန်ဖြစ်သည်။)**

၃။ = ရပ်ကွက် (မည်သည့်ရပ်ကွက်၊ ကျေးရွာ စသည် ဖြင့်)အတွင်း၌ ရှိကြကုန်သော =

၄။ = မြို့နယ်အတွင်း၌ ရှိကြကုန် သော =

၅။ = တိုင်းဒေသကြီးအတွင်း၌ ရှိကြကုန်သော =

၆။ = နိုင်ငံတွင်း၌ ရှိကြကုန်သော =

၇။ = ကမ္ဘာအတွင်း၌ ရှိကြကုန်သော =

၈။ = သုံးဆယ့်တစ်ဘုံအတွင်း၌ ရှိကြကုန်သော =

၉။ = စကြဝဠာအတွင်း၌ ရှိကြကုန်သော =

၁၀။ = စကြဝဠာအနန္တ၌ ရှိကြကုန်သော အားလုံး သောသတ္တဝါတွေ ဘေးရန်ကင်းကြပါစေ၊ စိတ်ဆင်းရဲခြင်း ကင်းကြပါစေ၊ ကိုယ်ဆင်းရဲကင်းကြပါစေ၊ ချမ်းသာစွာဖြင့် မိမိတို့ခန္ဓာကိုယ်ကို ရွက်ဆောင်နိုင်ကြပါစေ။

(ဆုတောင်း အမျှဝေ)

ယနေ့တိုင်အောင် ပြုလုပ်ရသော အားထုတ်ရသော ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်ကောင်းမှု အဖို့ပါဂရသမျှကို သုံးဆယ့်တစ်ဘုံ ကျင်လည်ကြကုန်သော သုခိတ၊ ဒုက္ခိတ သတ္တဝါအပေါင်း တို့အား အမျှ အမျှ အမျှ ပေးဝေပုပါကုန် ၏။ အမျှရ၍ ကျန်းမာကြသည်၊ ချမ်းသာကြသည် ဖြစ်ကြပါစေ ကုန်သတည်း. . .။


မဟာထွန်း

09-73091769



www.burmeseclassic.com

www.burmeseclassic.com



# ဝသုန္ဓရီ

## နတ်ထီးလှိုင်

ရှေးဘုရား၊ ပုထိုး၊ စေတီ၊ ဂူကျောင်းတို့တွင် ဝသုန္ဓရီနတ်မိန်းမအရုပ် ထုလုပ်ထားကြပါသည်။ ထိုဝသုန္ဓရီ ဆံရေညှစ်၊ မညှစ်နှင့် ရုပ်တုလုပ်ကိုး ကွယ်အပ်၊ မအပ် အကြောင်းကို မုံရွေးဇေတဝန်ဆရာတော်ကြီးက ရှင်းလင်းရေးသားခဲ့ပါသည်။ သမန္တစက္ခုဒီပနီကျမ်း ဒုတိယတွဲတွင် အချိန်ကာလပါဝင်၏။

သက္ကရာဇ် ၁၁၇၁ ခု၊ ပြာသိုလဆန်း ၁ ရက်၊ ဗုဒ္ဓဟူးနေ့ သီရိမာလာက လျှောက်ထားရာတွင် ဖြေဆိုလိုက်သည်ကားဟု အစချီထား၏။ လွန်ခဲ့သော နှစ်ပေါင်း ၂၀၆ နှစ်ကတည်းက ပေါ်ပေါက်ရှင်းလင်းခဲ့ရသော ပုစ္ဆာနှင့်အဖြေ ဖြစ်ပါသည်။ စာမျက်နှာ ၁၆၁ တွင် ၆၂ ပုစ္ဆာ။

ဗောဓိပလ္လင်၌ မာရ်နတ်သားကို သိစေလို၍ ဘုရားသခင်က သက်သေညွှန်သောအခါ ဝသုန္ဓရီနတ်မိန်းမသည် ဆံရေညှစ်၍ သက်သေခံသောကာလ ဆံက ရေသည် မြစ်ကြီးငါးသွယ်ဖြစ်၍ မာရ်နတ်သား စသည့်တို့သည် ရေ၌ မျောပါပျက်စီးခြင်းသို့ ရောက်ရာတွင်မှ ဘုရားသခင်လည်း အောင်မြင်ခြင်းသို့ ရောက်လေသည်။ မာရ်နတ်သားလည်း ရှုံးခြင်းသို့ ရောက်လေသည်ဟု သူဟောင်းတို့ အစဉ်ပင် ပြောဆိုကြပါသည်။

ရှေးဘုရား၊ ပုထိုး၊ စေတီ၊ ဂူ၊ ကျောင်းတို့၌လည်း ရွှေငွေခြယ်လှယ်၍ အစဉ်သမ္မုတိမှတ်သားရအောင် စရိတ်ကြေးငွေ အကုန်ခံ၍ ရှေးသူဟောင်းအဆက်ဆက်တို့ အရုပ်ထုလုပ်၍ ထားကြပါသည်။ အချို့လည်း ဤအရုပ်ကိုကြည့်ရှု၍ မိစ္ဆာဉာဏ်သို့ သက်ရာသည်။ နောက်နောင် အစဉ်အမှတ်များလေအောင် နတ်ရုပ် ထုလုပ်၍ မကိုးကွယ်အပ်ဟု ဆိုကြပါသည်။ ဤစကားတွင် စရိတ်ကြေးငွေအကုန်ခံ၍ လုပ်ခြင်း



www.burmeseclassic.com

www.burmeseclassic.com

သည်ကား နတ်ရွာနိဗ္ဗာန်အလို့ငှာသော လုပ်ပါသည်ကို အမြင်မှား၍ အမှတ်မှားအောင် နတ်ရုပ်ကို ထုလုပ်မိသဖြင့် မကောင်းမှုပင် ရှိရာအံ့သို့ စကားရောက်ပါသည်။ ဝသုန္ဒရီနတ်ရုပ်ကို ထုလုပ်မိသဖြင့် မကောင်းမှုပင် ရှိရာအံ့သို့ စကားရောက်ပါသည်။ ဝသုန္ဒရီဆံရေခါသည်၊ မခါသည်ကိုလည်း သိလိုပါသည်။

၆၂-ဝိသဇ္ဇနာ(အဖြေ) ။ ။ ဝသုန္ဒရီနတ်မိန်းမ သက်သေခံ၊ မခံကိုမေးရာ၌ အပဒါန်အဋ္ဌကထာ၌လာသော ပါဠ်၏ အဓိပ္ပာယ်ကား -

အချင်း မာရ်နတ်သား• • •ဤအရပ် စိတ်စေတနာရှိသော တစ်စုံတစ်ယောက်သော သက်သေမရှိ။ ဝေဿန္တရာဘဝမှ ကြွင်းသောဘဝတို့၌ ပေးအပ်သော အလှူကိုထားဘိဦး။ ဝေဿန္တရာဖြစ်၍ သတ္တ သတ္တက မဟာဒါနကို ပေးသော ငါ၏အဖြစ်၌ စိတ်စေတနာမရှိသော ဤတစ်ခဲနက်သော မဟာပထဝီသည် ငါ၏သက်သေတည်းဟု သင်္ကန်းတော်၏အကြားမှ လက်ယာလက်ရုံးတော်ကို ထုတ်ဖော်တော်မူ၍ "ဝေဿန္တရာဖြစ်သောအခါ သတ္တသတ္တက မဟာဒါနကို သင်သိသလော၊ မသိသလော"ဟု မဟာပ..ဝီသို့ ရှေးရှုလက်ညှိုးညွှန်တော်မူလျှင် မြေကြီးသ..ည် "ငါကား သင်၏ သက်သေတည်း"ဟု အထောင်သော မြည်ခြင်း၊ အသိန်းသောမြည်ခြင်းတို့ဖြင့် မြည်၍ မာရ်၏စစ်သည်ကို လွှမ်းမိုးဘိသကဲ့သို့ ယောက်ျားမြတ်ဖြစ်တော်မူသော အသင်..သိဒ္ဓတ်• • သင်လှူအပ်သော အလှူသည် မြတ်သေ..အလှူတည်းဟု ပဲ့တင်ထပ်မျှမြည်၏။ ဤသို့ ဝေဿန္တရာအလှူကို သုံးသပ်သည်ရှိသော် ယူဇနာ တစ်ရာ့ငါးဆယ်ရှိသော ဂိရိမေခလာဆင်သည် ပုဆစ်တုပ်၍ဝပ်၏။ မာရ်နတ်၏ ပရိသတ်အပေါင်းတို့သည်လည်း ပြေးကုန်၏။ နှစ်ယောက်သောသူတို့ တစ်ခရီးတည်းပြေးသော မည်သည်မရှိ။ ဦးခေါင်း၌ဆင်သော တန်ဆာ၊ ခါးဝတ်ပုဆိုးတို့ကိုစွန့်၍ မျက်နှာရှေးရှုမှုမိရာ အရပ်သို့သာလျှင် ပြေးကြကုန်၏ဟုလိုသည်။

မူလ ပဏ္ဏာသ အဋ္ဌကထာ ပါသရာသိသုတ် အဖွင့်တွင်လည်း -

ပါရမီဖြည့်တော်မူသော ငါ့အား တစ်စုံတစ်ယောက်သော ရဟန်း၊ ပုဏ္ဏား၊ လူ၊ နတ်၊ ဗြဟ္မာဖြစ်သော သက်သေသည် မရှိပြီဟု ကြံ၍ မြေကို လက်ညှိုးညွှန်လျှင် မြေကြီးသည်သာလျှင် ပြင်းပြစွာမြည်ကြောင်းကို ဆိုသည်။

ဤသို့ မြေကြီးသာ သက်သေခံ၍ မြည်ကြောင်းကို ဆိုသည်။ ဝသုန္ဒရီနတ်သမီးသည် ဆံရေခါ၍ သက်သေခံလာကြောင်းကို မဆို၊ ဆံက ရေလျှော၍ မြစ်ကြီးမြစ်ငယ်ဖြစ်၍ စီးဆင်းသွားရာတွင် မာရ်နတ်သားစစ်သည်တို့ မျောပါ၍ ပျက်စီးခြင်းသို့ရောက်ကြောင်းကိုလည်း မဆိုပါ။

ရာဇာမဏိစူဠာဇာတ ကမ္ဘည်း၊ မဏိကုဏ္ဍလစသော ဝတ္ထုတို့တွင်လည်း မြေကြီးကောင်းကင် မြည်ဟိန်းကြောင်းများကိုသာ ဆို၏။ မနော်သာရ ဥမင်တွင် ဝသုန္ဒရီနတ်ရုပ် ရေးသောကာလ တိပိဋကာလင်္ကာရဆရာတော်က ကျမ်းဂန်မလာ၊ ဖျက်ဘိဟုမိန့်တော်မူ၍ ဖျက်ရကြောင်းကိုလည်း ထုံးစံဝတ္ထုများတွင် ဆိုလျက်ရှိတော့သည်။

အရုပ်ထုလုပ်ရာမှာ ကုသိုလ်ရမည်၊ မရမည်မေးရာ၌ အစဉ်အဆက် ကောင်းမှုကုသိုလ် ဖြစ်ပါလိမ့်မည်အထင်နှင့် လုပ်ကြပေသည့်အရာကို ကုသိုလ်မဖြစ်ရာဟု ဆိုရမည်မှာလည်း အလွန်ပင်ခက်တော့သည်။ နတ်ရွာနိဗ္ဗာန်အကျိုးငှာ ကုသိုလ်ပွားများအံ့သော အခြင်းအရာနှင့် ရှာကြံလျှင်လည်း ကုသလ ကမ္မပထသို့ဝင်အောင် သွင်းရမည်လည်း တစ်ချက်၊ ကျမ်းဂန်မလာမရှိသည်ကို ကြံဆ၍ ပရိကပ္ပပြုကြသော အရာ သာဖြစ်၍လည်း နတ်ရွာနိဗ္ဗာန်ရရာ၏ဟု ဆိုရမည်လား၊ တစ်ချက် ရှေးရှေးသော ဘုရားသခင်တို့လက်ထက် ဝသုန္ဒရီ နတ်ရုပ် ထုလုပ်၍ မဂ်ဖိုလ်နိဗ္ဗာန်ရောက်ဖူးကြောင်း ထုံးသာ ကော မတွေ့ဖူးသည်လည်းတစ်ချက် ဤသို့ အချက်ချက်သော စကားရပ်တို့ကို ထောက်သော် ခဲခက်သောအရာဖြစ်၍ ကုသိုလ်ရ၏ဟူ၍လည်း မဆုံးဖြတ်နိုင်ရှိချေသည်။ ကျမ်းဂန် မလာ မရှိသည့်အရာ မယုံကြည်အပ်သော စကားဖြစ်၍ မထုမလုပ်ခြင်းသည်သာလျှင် သင့်မည်ထင်သည်။

ဤသို့ မုံရွေးဇေတဝန်ဆရာတော်ကြီး၏ ဖြေကြား ချက်များကြောင့် ဝသုန္ဒရီနတ်ရုပ်များကို မထားရှိအပ် မ.. လုပ်သင့်ကြောင်း• • •။

■ နှုတ်ထီး..

09-42008977

www.burmeseclassic.com

www.burmeseclassic.com

# မောင့်ဘက်တန် နှင့် ပန်းကန်ပြားပျံများ

■ လျှမ်းထက်

ကျွန်တော့်အား ဒုတိယကမ္ဘာစစ်ကြီးတွင်း သင်အနှစ်သက်ဆုံးနှင့် စိတ်အဝင်စားဆုံး မဟာမိတ်စစ်သေနာပတိ တစ်ယောက်အကြောင်း ဆောင်းပါးတစ်စောင် ရေးပါဟုဆိုလျှင် ဒုတိယကမ္ဘာစစ်ကြီးအတွင်း မဟာမိတ်တို့၏ အရှေ့အာရှတောင်ပိုင်း စစ်သေနာပတိချုပ် မောင့်ဘက်တန် အကြောင်း ရေးရပါလိမ့်မည်။ သူသည် ကျွန်တော်တို့ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းအား အထူးလေးစားခင်မင်သူ ဖြစ်သည်သာမက ကျွန်တော်တို့ မြန်မာနိုင်ငံ၏ အမျိုးသားညီညွတ်ရေးကို ရအောင်ယူပေးသူမှာ ဗိုလ်ချုပ်အောင်ဆန်းသာ ဖြစ်သည်ဟု ဗြိတိသျှအာဏာပိုင်များအား ရဲရဲဝံ့ဝံ့ တင်ပြခဲ့သူဖြစ်သည်။

မောင့်ဘက်တန်သည် အင်္ဂလန်နိုင်ငံသမိုင်းတွင် ထီးနန်းသက်အရှည်ဆုံး စံချိန်တင်ခဲ့သော ဗေကရီဘုရင်မကြီးဖြစ်သဖြင့် ပြည်သူအများက မရာကျော်ဟု ကင်ပွန်းတပ်ခံရသော ဝိတိုရိယဘုရင်မကြီး၏ မင်းမျိုးမင်းနွယ်တစ်ဦး ဖြစ်ခဲ့သည်။ သတင်းမီဒီယာ မှတ်တမ်းများ၊ သူ့အကြောင်းရေးသားထုတ်ဝေခဲ့သော အတ္ထုပ္ပတ္တိများ၊ ဒုတိယကမ္ဘာစစ်ကြီးအတွင်း ထုတ်ဝေသော ဂျာနယ်များ၊ မဂ္ဂဇင်းများ၊ စွယ်စုံကျမ်းများ၊ သတင်း





www.burmeseclassic.com

www.burmeseclassic.com





## မောင့်ဘက်တန်နှင့် ကြင်ရာတော်

မှတ်တမ်း ရုပ်ရှင်ပါပုံများအရ လူအများ စိတ်ဝင်စားလောက်၊ လေးစားကြည်ညိုလောက်အောင် ဥပဓိရုပ်ကောင်းသူတစ်ဦး ဖြစ်၏။ သူသည် ထိုစဉ်ကာလက အသက်ငယ်ရွယ်သူတစ်ဦး ဖြစ်သော်လည်း ဝါရင့်ကမ္ဘာ့ထိပ်သီးနိုင်ငံရေးခေါင်းဆောင်ကြီး များဖြစ်သော ဗြိတိသျှဝန်ကြီးချုပ်ချာချီ၊ အမေရိကန်ပြည် ထောင်စုသမ္မတကြီး ရုစဗဲ့၊ ဆိုဗီယက်ပြည်ထောင်စု ခေါင်း ဆောင်ကြီး စတာလင်နှင့် စစ်ဘက်နယ်ဘက်မှ ထိပ်သီးအရာ ရှိကြီးများက လေးစားကြ၏။ စစ်ရေးတွင်မက နိုင်ငံရေးဖြေ ရှင်းရာတွင် လိမ္မာပါးနပ်သူဟုလည်းကောင်း၊ နိုင်ငံရေးရာ အခက်အခဲများ၊ အရေးအခင်းများအား ဣန္ဒြေရရ၊ သိက္ခာ ရှိရှိနှင့် ကျော်လွှားနိုင်သူဟုလည်းကောင်း နိုင်ငံတကာက ကမ္ဘာ့သမိုင်းအား စောင့်ကြည့်လေ့လာသူများ၊ စစ်ရေးအကဲ ခတ်သူများ တညီတညွတ်တည်း အကဲဖြတ်ခဲ့ကြ၏။

မှန်ပါသည်။ သူကား ဗြိတိသျှနယ်ချဲ့ စစ်ရေး၊ နိုင်ငံ ရေးခေါင်းဆောင်များတွင် တစ်ချိန်က နေမဝင်သော အင်ပါ ယာကြီးဟူ၍ ကြွေးကြော်ထားသော ဗြိတိသျှအင်ပါယာကြီး ကား နေဝင်ချိန်တန်ခဲ့လေပြီ။ သို့ဖြစ်၍ ကိုလိုနီနိုင်ငံများ လွတ်လပ်ရေးကိုပေးသင့်ပြီ၊ သို့မဟုတ် ရေးယခင်အတိုင်း တရားသောဝါဒကို လက်ကိုင်ထားပါက ဗြိတိသျှအင်ပါယာ ကြီးသည် တစ်စစီပြိုကွဲသွားမည်ဟု မြင်သူဖြစ်၏။ ထို့ပြင် ဒုတိယကမ္ဘာစစ်ကြီးအတွင်း ဗြိတိသျှနယ်ချဲ့သမားနှင့် ဖက် ဆစ်ဂျပန်တို့အား တော်လှန်တိုက်ခိုက်ခဲ့သော ကျွန်တော်တို့ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း ဦးစီးသည့် မြန်မာ့တော်လှန်ရေးတပ်မတော်နှင့် ဖက်ဆစ်ဆန့်ကျင်ရေး ပြည်သူ့လွတ်လပ်ရေး အင်အားစုများနှင့် နိုင်ငံရေးအခြေ အနေတို့ကို လေးလေးစားစား အသိအမှတ်ပြုခဲ့သူဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com

သမိုင်းမှတ်တမ်းများအရ ၁၉၂၀-၂၂ ခုနှစ်များအတွင်း ဗြိတိသျှလေ့မွေးနန်းဆော ့ခံ ဝေလမင်းသား(နောင်အခါ သတ္တမမြောက် အက်ဒွက်ဘုရင်အဖြစ် ထီးနန်းတက်ခဲ့၍ အချစ်အတွက် ထီးနန်းစွန့်ခဲ့သူ)သည် ဗြိတိသျှအင်ပါယာကြီးအတွင်း တိုင်းခန်းလှည့်လည်လာခဲ့၏။ ထိုစဉ်က မောင့်ဘာက်တန်မှာ သူ့ဖခင်ကွယ်လွန်ခဲ့သည့်အတွက် သောကဝေဒနာ အပြာပြာ ကြုံတွေ့နေရသော အချိန်ဖြစ်၏။ သို့ဖြစ်၍ သူ့အစ်ကိုဝမ်းကွဲဖြစ်သော ဝေလမင်းသားသည် မောင့်ဘက်တန်အား စိတ်ပြေလက်ပျောက် လိုက်ပါလာရန် ခေါ်ခဲ့သည်။ ဤတွင် မောင့်ဘက်တန်သည် ကျွန်တော်တို့ မြန်မာနိုင်ငံသို့ ရောက်ရှိလာခဲ့၏။ ထိုစဉ်က ဗြိတိသျှအလိုတော်ရိများက အုတ်အော်သောင်းတင်း ကြိုဆိုခဲ့ကြသော်လည်း နယ်ချဲ့ဝါဒ ဆန့်ကျင်သော မြန်မာလူထုနှင့် ခေါင်းဆောင်များ၊ မြန်မာသတင်းမီဒီယာများက ပြင်းပြင်းထန်ထန် ကန့်ကွက်ခဲ့ကြ၏။ မောင့်ဘက်တန်သည် ထိုစဉ်ကပင် မြန်မာလူမျိုးတို့၏ မျိုးချစ်စိတ်ဓာတ်နှင့် အမျိုးသားညီညွတ်ရေးကို လေးစားခဲ့သူဖြစ်၏။ ဝေလမင်းသားနှင့်အတူ ရန်ကုန်-မန္တလေးတို့တွင် မြန်မာပြည်သူအချို့နှင့် လက်ပွန်းတတီး တွေ့ခုံလေ့လာခွင့်ရခဲ့သဖြင့် မြန်မာလူမျိုးတို့၏ ပွင့်လင်းမှု၊ ရိုးသားမှုတို့ကို ကိုယ်တိုင်ကြုံခဲ့ရသူဖြစ်ရကား မြန်မာလူမျိုးတို့အပေါ် သံယောဇဉ်ကြီးသူ ဖြစ်ခဲ့သည်။

ထူးထူးခြားခြားအောင်မြင်ပေါက်ရောက်သော စစ်ရေးခေါင်းဆောင်ကြီး ဖြစ်လာသောအခါ ကျွန်တော်တို့ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းသည် မြန်မာနိုင်ငံလွတ်လပ်ရေးအတွက် မောင့်ဘက်တန်ကို အထူးအားထားခဲ့ရ၏။ နောင်အခါ သူ့အား ဗြိတိသျှဘုရင်မကြီးအစိုးရက သူ့အား "မောင့်ဘက်တန်အော့(ဗ်) ဘားမား"ဘွဲ့ကို ချီးမြှင့်ခဲ့ရာ မောင့်ဘက်တန်သည် အခြား သူ့အား ချီးမြှင့်သည့် ဂုဏ်ထူးဘွဲ့ထူးများထက် ထိုဘွဲ့ကို အမြတ်တနိုးထားကာ သူ့ဘက်မှတ်ထိုးသောအခါ "မြန်မာပြည်က မောင့်ဘက်တန်" ဟူ၍ အပြည့်အဝလက်မှတ်ထိုးခဲ့သည်ဟု ဆိုသည်။

မြန်မာနိုင်ငံလွတ်လပ်ရေးရပြီး ၁၉၅၆ ခုနှစ်တွင် မြန်မာနိုင်ငံအစိုးရက မောင့်ဘက်တန်အား မြန်မာနိုင်ငံ၏ အမြင့်ဆုံးဘွဲ့ဖြစ်သော အဂ္ဂမဟာသီရိသုဓမ္မဘွဲ့တံဆိပ် ချီးမြှင့်သည်။ ဤကဲ့သို့ ...မှာ့သမိုင်း၊ မြန်မာ့သမိုင်းတွင် ထူးထူးခြားခြား အောင်မြင်ပေါက်ရောက်ခဲ့သော ဗိုလ်ချုပ်ကြီးမောင့်ဘက်တန်အား လူကိုယ်တိုင် မမြင်ဖူးခဲ့ရပါ။ သို့သော် ၁၉၄၄ ခုနှစ်ခန့်ပင် သူ့အကြောင်းကို ဂျပန်ဖက်ဆစ်တို့ပေးသည့် ရွှေရည်စိမ်လွတ်လပ်ရေးရရှိခဲ့သော ကျွန်တော်တို့ဘာသာမှ အင်္ဂလိပ်ဘာသာဖြင့်ထုတ်ဝေသော ဂရိတ်တာအေးရှား (Greater Asia) သတင်းစာ၊ မန္တလေးသူရိယသတင်းစာ၊ တိုင်းချစ်သတင်းစာနှင့် မြန်မာ့အလင်းသတင်းစာများတွင် သူ့အကြောင်း၊ သူ့အပြစ်အနာဆာများကို ရှာကြံရေးသော သတင်းများကို ဖတ်ရှုခဲ့ရ၏။ ထိုသတင်းများမှာ "ဒိုမေ"ခေါ် ဂျပန်ဖက်ဆစ်အစိုးရ "ဝါဒဖြန့်ချိရေး" (သတင်းပြန်ကြားရေး) မှ ထုတ်ပြန်သော သတင်းများသာ ဖြစ်၏။

မြန်မာလူထုသည် ပထမတွင် "ဒိုမေ"သတင်းများကို ယုံကြည်ခဲ့ကြသော်လည်း ကြာမြင့်လာသည်နှင့် "ဒိုမေ" သတင်းဌာန၏ လုပ်ကြံဖန်တီးမှုများကို သိလာကြသဖြင့် ယုံတမ်းကောလာဟလသတင်းများ၊ အတုအယောင်များကို "ဒိုမေ"ကြီးပါဟု ပြောင်လှောင်သရော်ခဲ့ကြ၏။

မှတ်မှတ်ရရ ထိုစဉ်က ထုတ်ဝေသော သတင်းစာများမှာ ရက်သတ္တပတ်တွင် သုံးကြိမ်သာ ထုတ်ဝေကြရ၏။ စက္ကူရှားပါးသဖြင့် ..ခုနှစ်ရောင် အရောင်စက္ကူများဖြင့် ဖူးစကတ်စက္ကူအရွယ် နှစ်မျက်နှာသာ ထုတ်ဝေခဲ့ကြ၏။ ဒုတိယကမ္ဘာစစ်ပြီးဆုံး၍ မြန်မာနိုင်ငံမှ ထုတ်ဝေသော သတင်းစာများ၊ ဂျာနယ်များ၊ မဂ္ဂဇင်းများတွင် မောင့်ဘက်တန်အကြောင်း ဖတ်ရှုရမှပင် သူကား ကျွန်တော်တို့လူထုချစ်သော မောင့်ဘက်တန်ဖြစ်နေသည်ကို သိခွင့်ရခဲ့၏။

ထိုစဉ်က ကျွန်တော်တို့ မြန်မာနိုင်ငံမှ ထုတ်ဝေသော သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းများတွင် ဗိုလ်ချုပ်ကြီး မောင့်ဘက်တန်၏ သတင်းမပါလျှင် ခေတ်မမီဟု ယူဆကြသည်။ စောင်ရေအများဆုံးထုတ်ဝေရသော ဇဝနဂျာနယ်တွင် ဆရာဇဝန ရေးသားသော "မြို့လုံးပတ်လယ်" အခန်းဆက်ဆောင်းပါးကို အပတ်စဉ် ဖော်ပြခဲ့၏။ ဤအခန်းဆက်ဆောင်းပါးတွင် စာရေးဆရာကြီးဇဝနက "မောင့်ဘက်တန်အား မြန်မာပြည်သူလူထု



www.burmeseclassic.com

www.burmeseclassic.com

ချစ်သော မောင်ဘာတင့်"ဟု ကင်ပွန်းတပ်ရေးသား ဖော်ပြသကြောင့် မောင့်ဘက်တန်မှာ "မောင်ဘာတင့်"ဟု အမည်တွင်ခဲ့ရတော့၏။

"ဘာတင့်"မှာ စစ်ကြိုခေတ်က မြန်မာ့ရုပ်ရှင်ပရိသတ်စွဲမက်သော မင်းသားကြီးဖြစ်၏။ အနုအကြမ်း၊ အလွမ်းဘက်စုံရသော စွယ်စုံရမင်းသားကြီးဖြစ်ရာ ရုပ်ရှင်လူကလေးငယ်ကအစ လေးလေးစားစား စွဲမက်သည့် မင်းသားကြီးဖြစ်၏။ ဗြိတိသျှစစ်သေနာပတိချုပ် လော့(ဒ်)မောင့်ဘက်တန်မှာလည်း အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် မြန်မာပြည်သူလူထုအပေါ် အခြားဗြိတိသျှစစ်ဗိုလ်ချုပ်များနှင့်မတူ စေတနာမေတ္တာထူးသူ ဖြစ်၏။

မှတ်တမ်းများအရ ၁၉၄၅ ခုနှစ်တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် မြန်မာကိုယ်စားလှယ်အဖွဲ့ လန်ဒန်သို့ ပထမဆုံးအကြိမ်သွားရောက်၍ လွတ်လပ်ရေးရရှိရေး ဆွေးနွေးခဲ့စဉ်က မောင့်ဘက်တန်သည် အထူးအားကိုးခဲ့ရသော မိတ်ဆွေစစ်တစ်ဦး ဖြစ်ခဲ့သည်။ ထိုစဉ်က ဗြိတိသျှလေဘာအစိုးရကလည်း လော့ဒ်မောင့်ဘက်တန်သည် မြန်မာလူမျိုးတို့နှင့် မြန်မာနိုင်ငံအကြောင်း ကောင်းစွာသိသူဟု အလေးအနက်ယူဆထားရကား မောင့်ဘက်တန်၏ အကြံပေးမှုများကို ဗြိတိသျှဝန်ကြီးချုပ် အက်တလီက လက်ခံသည်ဟု ဆိုသည်။

ဤကဲ့သို့ ရှည်လျားစွာ စကားပလ္လင်ခံရခြင်းမှာ အကြောင်းရှိပါသည်။ မြန်မာပြည်သူချစ်သော မောင့်ဘက်တန်၊ ကမ္ဘာ့စစ်ဘက်နယ်ဘက် ပုဂ္ဂိုလ်ကြီးများက လေးစားမြတ်နိုးခဲ့သော စစ်သေနာပတိ မောင့်ဘက်တန်၊ ကမ္ဘာ့နိုင်ငံရေးဇာတ်ခုံတွင် လျှမ်းလျှမ်းတောက် ဟိုးဟိုးကျော်ခဲ့သော မောင့်ဘက်တန်၊ အင်္ဂလန်ပြည်သူလူထု မြတ်နိုးရသော တော်ဝင်မိသားစု ပုဂ္ဂိုတစ်ဦးဖြစ်သော မောင့်ဘက်တန်သည် ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးခါစကာစ၍ ယနေ့ထိ အငြင်းပွားပြီး၊ ပွားဆဲ ဖြစ်ခဲ့ရသော ပန်းကန်ပြားပျံ အရှုပ်တော်ပုံပြဿနာတွင် ပါဝင်ခဲ့သည်ဟုဆိုလျှင် စာဖတ်သူများ တအံ့တဩဖြစ်ခဲ့ကြမည် ဖြစ်ပါသည်။

မှတ်တမ်းများအရ ပန်းကန်ပြားပျံများ အမှန်တကယ်ရှိသည်၊ မျက်ဝါးထင်ထင် မြင်ခဲ့ရသည်၊ ပန်းကန်ပြားပျံများသည် အာကာသထဲရှိ ကမ္ဘာတစ်ခုမှ ကျွန်တော်တို့ကမ္ဘာသို့ စူးစမ်းလေ့လာရန် လာရောက်သည်။ ထိုအမျိုးအမည်မသိရသော ယူဖိုး UFO ခေါ် အာကာသယာဉ်ကြီးများနှင့် လိုက်ပါလာသော ဂြိုဟ်သားများကို မြင်တွေ့ရသည်။ ယင်းအာကာသယာဉ်အချို့ ဤကမ္ဘာမြေပြင်ပေါ်သို့ ပျက်ကျခဲ့ဖူးသည်ဆိုသော ပဟေဠိများကို ယုံကြည်သူများမှာ အမေရိကန်ပြည်ထောင်စုတပ်မတော်ကြီးမှာ အငြိမ်းစားကြယ်လေးပွင့်ရ ဗိုလ်ချုပ်ကြီးများ၊ ရေကြောင်းဗိုလ်ချုပ်၊ အချို့သမ္မတကြီးများ၊ အာကာသယာဉ်မှူးများ၊ ကမ္ဘာ့လေကြောင်းလိုင်းများမှ လေယာဉ်မှူးကြီးများ၊ ဗြိတိသျှကာကွယ်ရေးဌာနမှ ထိပ်တန်းတာဝန်ရှိသူများ၊ ပြင်သစ်တပ်မတော်မှ ထိပ်တန်းအရာရှိများ၊ ဘယ်(လ်)ဂျီယန်လေတပ်မတော်မှ တာဝန်ရှိသူများ၊ အမေရိကန်ပြည်ထောင်စုမှ ဘုရင်ခံများ၊ ဘရာဇီး(လ်)နိုင်ငံ လေတပ်မတော်မှ တာဝန်ရှိသူများနှင့် အင်္ဂလန်နိုင်ငံ၊ တော်ဝင်မိသားစုများဖြစ်ကြသော လက်ရှိ အဲယ်လိဇဘက်ဘုရင်မကြီး၏ ကြင်ရာတော် မင်းသားကြီးဖီးလစ်နှင့် သားတော်ချား(လ်)(စ်)မင်းသားနှင့် ကျွန်တော်တို့ ပြည်သူလူထုချစ်သော အငြိမ်းစား စစ်သေနာပတိချုပ် မောင့်ဘက်တန်တို့ ဖြစ်ကြသည်။

အားလုံးသော ပုဂ္ဂိုလ်အများသည် လူအများ လေးစားကြရသော အထင်ကရပုဂ္ဂိုလ်များ ဖြစ်ကြပါသည်။ မည်သည့်နည်းနှင့်မျှ မဟုတ်မမှန်လုပ်ကြံပြောဆိုမည့် ပုဂ္ဂိုလ်များမဟုတ်ကြ။ ကမ္ဘာ့နိုင်ငံအသီးသီးက ယုံကြည်စိတ်ချကြရသော ပုဂ္ဂိုလ်ကျော်များ ဖြစ်ကြ၏။ သို့ဖြစ်၍ ကျွန်တော်တို့အဖို့ ယင်းပုဂ္ဂိုလ်၏ ထုတ်ဖော်ပြောချက်များကို အလေးအနက်ထားရမည် ဖြစ်၏။

မှန်ပါသည်။ အတိတ်သမိုင်းမှတ်တမ်းများအရ ကျွန်တော်တို့နေထိုင်သော ကမ္ဘာဂြိုဟ်ကြီးအပြင် သက်ရှိသတ္တဝါများ နေထိုင်လျက်ရှိကြသော အခြားကမ္ဘာဂြိုဟ်များရှိသည်ဟူသော အချက်ကို လူအများလက်ခံလာကြသည်မှာ ရာစုနှစ်တစ်ခု ရှိခဲ့ပြီဖြစ်သည်။

ဤအာကာသတွင်းရှိ အခြားဂြိုဟ်များမှ လာရောက်သည်ဟု ယူဆထားသော အမျိုးအမည်မသိရှိသေးသော

www.burmeseclassic.com

ယာဉ်ကြီးများအကြောင်းကို သမိုင်းအဆက်ဆက် စာပေကျမ်းဂန်များထဲ၌ ဖော်ပြခဲ့ကြပါသည်။ ဤယာဉ်ကြီးများအကြောင်း ပေါ်ပေါ်လွင်လွင် တရားဝင်ထုတ်ဖော်ပြောကြသည့် သတင်းများသည် ဒုတိယကမ္ဘာစစ်ကြီးအတွင်း လှိုင်လာခဲ့၏။ နာဇီလေတပ်မတော်မှ လေယာဉ်မှူးအချို့ကလည်း ထိုအမျိုးအမည်မသိရသော ယာဉ်ကြီးများသည် မဟာမိတ်တို့ နောက်ဆုံးတီထွင်သော လေယာဉ်ကြီးများဟု မှတ်ယူခဲ့၏။ ဗြိတိသျှနှင့် မဟာမိတ်တို့၏ လေယာဉ်ပျံများ ဗုံးကြဲလေယာဉ်ပျံများကလည်း ထိုအမျိုးအမည်မသိရသော လေယာဉ်ကြီးများကို တွေ့ခဲ့ကြသည်ဟု ဆိုသည်။ စစ်ပြိုင်နိုင်ငံများ၏ နှစ်ဖက်လေတပ်မတော်မှ လေယာဉ်မှူးများသည် တစ်ဖက်နိုင်ငံမှ နောက်ဆုံးတီထွင်သော လေယာဉ်များဟု အပြန်အလှန်ယူဆခဲ့ကြ၏။

အလားတူ ယုန်ထင်၊ ကြောင်ထင် ထင်ခဲ့သည့် ဖြစ်ရပ်ဆန်းများကို ဆိုဗီယက်သမ္မတနိုင်ငံ (ယခု ရုရှား)နှင့် ဂျပန်ဘုရင် လေတပ်မတော်များမှ လေယာဉ်မှူးများကလည်း ထူးဆန်းသော၊ အမျိုးအမည်မသိရသော အာကာသယာဉ်များကို တွေ့မြင်ကြရသည်ဟု ဆိုသည်။ ထိုလေယာဉ်မှူးများကမူ ထိုထူးဆန်းသော လေယာဉ်များသည် ပျံသန်းသည့်နှုန်းသည် အထူးလျင်မြန်သည်ဟု ဆိုကြ၏။ ထိုစဉ်ကာလကမူ ၎င်းအမျိုးအမည်မသိရသော အာကာသယာဉ်ကြီးများကို "ဖူးလ်"ဟု ကင်ပွန်းတပ်ခဲ့သည်။ ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးသွားသည်အထိ ထို "Fool" ဖူး(လ်)ဟု အမည်ပေးထားသော ယာဉ်ကြီးများအကြောင်း ရှင်းရှင်းလင်းလင်း သိခွင့်မရခဲ့ကြ။ စစ်နိုင် နိုင်ငံကြီးများကလည်း ယင်းကိစ္စကို ရောင့်နှုတ်ပိတ်ခဲ့ကြသဖြင့် ထိုအရုပ်တော်ပုံမှာ အမေဘုတ်၏ ချည်ခင် ဖြစ်ခဲ့ရတော့၏။ နိုင်ငံတကာမှ ပန်းကန်ပြားပျံကို မျက်ဝါးထင်ထင် မြင်ရပါသည်ဆိုသော ပုဂ္ဂိုလ်များ၏ ပြောပြချက်အရ ထိုယာဉ်ကြီးများသည် တည့်တည့်ပျံဆင်းနိုင်သည်သာမက အသံထက်မြန်သောနှုန်းထက် ပျံသန်းနိုင်သည်ဟုလည်း ဆိုကြသည်။ ထိုယာဉ်ကြီးများကို ရေဒါဖြင့်လည်းကောင်း၊ မှန်ပြောင်းဖြင့်လည်းကောင်း၊ သာမန်မျက်စိဖြင့်လည်းကောင်း မြင်နိုင်ကြသည်ဟုလည်း သတင်းများက ဖော်ပြခဲ့၏။ ထိုစဉ်ကာလက သံကန့်လန့်ကာနိုင်ငံဟု နိုင်ငံတကာမှ သတင်းမီဒီယာများက ကင်ပွန်းတပ်ခံရသော ဆိုဗီယက်ပြည်ထောင်စုသမ္မတနိုင်ငံ (ယခု ရုရှား)နှင့် တရုတ်ကွန်မြူနစ်နိုင်ငံများက ထုတ်ဝေသော သတင်းစာကြီးများတွင် ပန်းကန်ပြားပျံတွေ့ရသော သတင်းများဖော်ပြခဲ့ရာ အနောက်တိုင်းမှ ယင်းနိုင်ငံများအား စောင့်ကြည့်လေ့လာသူများအဖို့ တအံ့တဩဖြစ်ခဲ့ရ၏။

ထိုပန်းကန်ပြားပျံကို ဓာတ်ပုံရိုက်ယူခဲ့သူများကလည်း ဓာတ်ပုံများအား သတင်းစာများ၊ ဂျာနယ်များ၊ သတင်းမဂ္ဂဇင်းများတွင် ဖော်ပြခဲ့ကြသဖြင့် အငြင်းပွားမှုများလည်း ရှိခဲ့သည်။ ပန်းကန်ပြားပျံများတွင် လိုက်ပါလာသူများက လူသားများကို ပြန်ပေးဆွဲသည်၊ အတင်းအဓမ္မဖမ်းဆီးခေါ်ဆောင်သွားသည်၊ ထိုယာဉ်နှင့် လိုက်ပါလာသော ဂြိုဟ်သားများက လူများ၊ တိရစ္ဆာန်များကို ဖမ်းဆီး၍ ခွဲစိတ်လေ့လာမှုများ ပြုခဲ့သည်ဟူသော သတင်းများလည်း လှိုင်လာရာ ၂၀ ရာစုနှစ်သည် ပန်းကန်ပြားပျံခေတ်ဟု ဆိုရပေတော့မည်။ ထိုပန်းကန်ပြားပျံအကြောင်းနှင့် ဂြိုဟ်သားများအကြောင်း ရိုက်ကူးပြသသည့် ရုပ်ရှင်၊ ဗီဒီယို၊ အသံလွှင့်ပြဇာတ်များမှာလည်း လက်ဆစ်ချိုး၍ ရေတွက်မရအောင် ရှိခဲ့၏။ ၂၀ ရာစု မှတ်တမ်းများအရ အင်္ဂလန်နိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးမှ ပန်းကန်ပြားပျံများကို မျက်ဝါးထင်ထင်တွေ့ရပါသည်ဆိုသော ပုဂ္ဂိုလ်ပေါင်း ၇၀၀၀၀ (ခုနစ်သောင်း)ရှိသည်ဟု ဆိုသည်။ ဤပုဂ္ဂိုလ်များတွင် အထက်ဆောင်းပါးတစ်နေရာတွင် ဖော်ပြခဲ့သည့်အတိုင်း လူအများလေးစားရသော အဝင်ကရ ပုဂ္ဂိုလ်များ ပါဝင်ခဲ့၏။

ပန်းကန်ပြားပျံသုတေသီတို့ကမူ ပန်းကန်ပြားပျံကို အထင်ကရ မြင်ရသည်ဟူသော နေရာပေါင်းငါးဆယ့်တစ်နေရာ အမေရိကန်ပြည်ထောင်စုတွင် ရှိခဲ့သည်သာမက ပန်းကန်ပြားပျံ ပျက်ကျပါသည်ဟု အတ်အော်သောင်းတင်းဖြစ်ခဲ့ရသည့် မြို့များလည်း ရှိခဲ့သည်ဟု သိရ၏။

အင်္ဂလန်နိုင်ငံရှိ ပန်းကန်ပြားပျံသုတေသီအများ၏ မှတ်တမ်းများအရ ၁၉၁၂ ခုနှစ်၊ အောက်တိုဘာလ ၁၂ ရက်နေ့ ညနေခင်းအချိန်တွင် အင်္ဂလန်နိုင်ငံ၊ ကင်းပြည်နယ်ရှိ ဗြိတိသျှဘုရင့်ရေတပ်မတော် လေယာဉ်ပျံမောင်းအတတ်



www.burmeseclassic.com

www.burmeseclassic.com

သင်ကျောင်းအနီး ထက်ကောင်းကင်တွင် အလွန်ကြီးမားသော အမျိုးအမည်မသိရသော ယာဉ်ကြီးတစ်စင်း ပျံဝဲနေသည်ကို ရေတပ်လေယာဉ်မောင်းသင်တန်းမှ တာဝန်ရှိသူများ၊ သင်တန်းသားများ၊ ကင်းကျေးရွာသူ၊ ကျေးရွာသားများက မြင်ကြရသည်။ ထိုကြီးမားသော အမျိုးအမည်မသိရသော အာကာသယာဉ်ကြီး၏ စက်သံမှာ ဝေဟင်တစ်ခုလုံး တုန်လှုပ်ခဲ့သည်ဟု သိရသည်။ ထိုသတင်းအား အင်္ဂလန်နိုင်ငံမှ ထုတ်ဝေသော သတင်းစာများက ကျယ်ကျယ်ပြန့်ပြန့် ရေးသားဖော်ပြခဲ့ကြသည်။ ဗြိတိသျှအာဏာပိုင်များကမူ တစ်စုံတစ်ရာ ထုတ်ဖော်ကြေညာခြင်း မရှိခဲ့။ ၁၉၁၃ ခုနှစ်၊ ဇန်နဝါရီလဆန်း ၄ ရက်နေ့ကလည်း အင်္ဂလန်နိုင်ငံ၊ ဒိုဘာရေလက်ကြားနှင့် ရေလက်ကြားအတွင်းရှိ ကျွန်းငယ်များပေါ်တွင် နေထိုင်ကြသော လူအများ၊ ရေလုပ်သားများ၊ ဗြိတိသျှကမ်းခြေစောင့်တပ်ဖွဲ့ဝင်များ၊ ပုလိပ်(ရဲ)အဖွဲ့ဝင်များကိုယ်တိုင် အမျိုးအမည်မသိရသော အာကာသယာဉ်ကြီးတစ်စင်း မိနစ်အနည်းငယ်ကြာသည်အထိ ပျံဝဲသွားသည်ကို မြင်ကြရသော်လည်း အာဏာပိုင်များက ရှေ့ငုံနှုတ်ပိတ်နေခဲ့ကြသည်။

ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးခဲ့ပြီးနောက် ယင်းပန်းကန်ပြားပျံနှင့် ပတ်သက်သော လျှို့ဝှက်မှတ်တမ်းများအား ကာလစည်းကမ်းသတ်မှတ်ချက် ကျော်လွန်သဖြင့် သက်ဆိုင်ရာမှ ထုတ်ပြန်ခဲ့သည်။ ထိုမှတ်တမ်းများအရ ဗြိတိသျှထောက်လှမ်းရေးအဖွဲ့ အကြီးအကဲများက ဝန်ကြီးချုပ်ချာချီသို့ တင်ပြသော အစီရင်ခံစာတွင် ဒုတိယကမ္ဘာစစ်ကြီးအတွင်း ဗြိတိသျှဘုရင့်လေတပ်မတော်မှ ဗုံးကြဲလေယာဉ်တစ်စင်းသည် အမျိုးအမည်မသိရသော အာကာသယာဉ်ကြီးနှင့် အချိန်အတော်အသင့်ကြာအောင် တွေ့ခဲ့ရသည့်သတင်းကို ဝန်ကြီးချုပ်ချာချီက ထုတ်ပြန်ခြင်းမပြုရန် ပိတ်ပင်ထားခဲ့သည်ဟု သိရ၏။ အဘယ်ကြောင့်ဆိုသော် ပြည်သူလူထု အထိတ်တလန့်ဖြစ်မည်ကို စိုးရိမ်သောကြောင့် ဖြစ်၏။ မှတ်တမ်းအရ အင်္ဂလန်နိုင်ငံ၏ လုံခြုံရေးကာကွယ်ရေးနှင့် ပြည်ပရေးရာကို ကိုင်တွယ်ရသော ကော်မတီသည် ပန်းကန်ပြားပျံကိစ္စနှင့် ပတ်သက်၍ အစီရင်ခံစာများကို ရက်သတ္တပတ် တစ်ပတ်လျှင်တစ်ကြိမ်ကျ ရရှိခဲ့သည်ဟု ဆိုသည်။

ဗြိတိသျှအာဏာပိုင်များသည် ပန်းကန်ပြားပျံကိစ္စကို စိတ်ဝင်စားခဲ့ကြသကဲ့သို့ ဘုရင်မကြီး၏ခင်ပွန်း ဖိလစ်မင်းသားကြီးနှင့် သားတော် ချား(လ်)(စ်)မင်းသားတို့သည်လည်းကောင်း၊ မောင့်ဘက်တန်သည်လည်းကောင်း ယင်းကိစ္စကို အထူးစိတ်ဝင်စားပြီး တစိုက်မတ်မတ် လေ့လာခဲ့ကြသည်။ အင်္ဂလန်နိုင်ငံ ပန်းကန်ပြားပျံသုတေသနမှ ထုတ်ဝေသော "Flying Saucer Review" (ပန်းကန်ပြားပျံသုတေသနဂျာနယ်)တွင် ဖိလစ်မင်းသားကြီး၊ မင်းသားချား(လ်)(စ်)နှင့် မောင့်ဘက်တန်တို့သည် ပန်းကန်ပြားပျံလေ့လာရေးတွင် အထူးစိတ်ဝင်စားသော အထင်ကရပုဂ္ဂိုလ်များဟု တိတိကျကျ မှတ်တမ်းတင်ဖော်ပြခဲ့၏။

အငြိမ်းစား စစ်သေနာပတိချုပ် မောင့်ဘက်တန်သည် သူအနားယူနေသော ယာတောစံအိမ်အနီးတွင် ပန်းကန်ပြားပျံတစ်စင်း ဝဲပျံနေသည်ကို မျက်ဝါးထင်ထင် မြင်ရသည်ဟု သိရ၏။ မင်းသားကြီးဖိလစ်နှင့် မောင့်ဘက်တန်တို့သည် မကြာခဏ တွေ့ဆုံ၍ ပန်းကန်ပြားပျံများအကြောင်း ဆွေးနွေးခဲ့ကြသည်။

လက်ရှိ ဘုရင်မကြီး အယ်လစ်ဇဘက်ကိုယ်တိုင် ပန်းကန်ပြားပျံများနှင့် ပတ်သက်၍ စိတ်ဝင်စားသည်ဟု သိ… ၏။ လန်ဒန်မြို့တော်ဝန် အငြိမ်းစား၊ အထင်ကရပုဂ္ဂိုလ်တ… ဦးကမူ သူအား အငြိမ်းစားဗိုလ်ချုပ်ကြီး မောင့်ဘက်တ… က အင်္ဂလန်နိုင်ငံတွင် ပန်းကန်ပြားပျံတစ်စင်း ပျက်ကျ… ဖူးကြောင်း၊ ထိုကိစ္စကို သက်ဆိုင်ရာအာဏာပိုင်များက မော… ချထားခဲ့ကြောင်း၊ ထိုပန်းကန်ပြားပျံအပျက်အစီးများကို တော… ဝေလပြည်နယ် လေတပ်စခန်းတွင် လျှို့ဝှက်စွာထားရှိခဲ့သည်… ဟု ပြောကြားခဲ့သည်ဟု သိရှိရ၏။

■ လျှမ်းထ…

<u>ကျမ်းကိုး</u>

(၁) **Beyond Explanation?**

(၂) **UFO - The Complete Sighting**
**By P-Brooksmith**



www.burmeseclassic.com

www.burmeseclassic.com


**စာရေးဆရာမောင်စိန်ဝင်း(ပုတီးကုန်း)ထံမှ နှစ်ပေါင်း(၂၀)နီးပါးက စာတစ်စောင်**

ဆရာဦးအောင်မိုးဇော်(အထက်တန်း နက္ခတ္တဗေဒ၊ လက္ခဏာပညာရှင်)အား
၁၉၇၃-ခုနှစ်တွင် တွေ့ဆုံ၍ ဘဝရှေ့ရေးများကို
မေးမြန်းခဲ့ရာ ကျွန်တော့်အား ၁၉၇၄ ခု ဩဂုတ်လအတွင်း
မြန်မာပြည် အရှေ့မြောက်ဒေသ တိုင်းပြည်သို့
ပညာတော်သင်ခရီး သွားရောက်ရပြီဟု ဟောကြားခဲ့ပါသည်။
ယခုအခါတွင် ဆရာ၏ ဟောကြားချက်များအတိုင်း
တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ (၁၅-၈-၁၉၇၄)နေ့တွင်
ပညာတော်သင်အဖြစ် သွားရောက်ခဲ့ရပါသဖြင့်
တိကျမှန်ကန်စွာ ဟောကြားခဲ့သော ဆရာ၏ပညာရပ်များကို
အံ့ဩချီးကျူး ဂုဏ်ပြုလိုက်ပါသည်။

စိန်ဝင်း
B.E (Mech.)
စက်ပစ္စည်းစက်ရုံ အ ၁)

၂၁ ရာစု

# ဆရာဦးအောင်မိုးဇော်

(Ex. စာပေဗိမာန်)

အထက်တန်းလက္ခဏာ၊ နက္ခတ္တဗေဒပညာရှင်
ASTRO-PALMIST EXPERT
သင်တန်းနည်းပြ

အလုပ်ခန်းနေရာ
အမှတ်(၁၄)၊ ရွှေဘုန်းပွင့်ဘုရားဈေးတန်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
အလုပ်ချိန် - နံနက်(၈း၃၀)မှ ညနေ(၆း၀၀)နာရီထိ

# ဂမ္ဘီရ ဆရာလှမျိုး (B.Sc)

ရေးသားပြုစုသော

(၁) အယူတော်မင်္ဂလာ အတိတ်နိမိတ်နှင့် ယတြာများ
(၂) သတ္တမမြောက် ကျော်အောင်စံထား ဆရာတော်ဘုရားကြီး၏
ထက်မြက်စွမ်းအား ဂါထာ မန္တန် မန္တရားများ
(၃) ရွှေတိဂုံစေတီတော်မြတ်ကြီးနှင့် ရင်ပြင်တော်တစ်ဝိုက် ဘုရားစေတီများ
အဓိဋ္ဌာန်ဝင် ပူဇော်ဆုတောင်းနည်း

ဖြန့်ချိရေး
မဇ္ဈိမစာပေ - ဖုန်း - ၀၁-၃၉၂၇၃၅၊ ၀၉-၇၃၀၅၉၉၃၅၊ ၀၉-၅၀၅၆၀၇၃


www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# ဂမ္ဘီရဥစ္စာ

(ယခင်လမှအဆက်)

တစ်နေ့သ၌ ကျွန်ုပ်ငယ်သူငယ်ချင်းလည်းဖြစ်၊ မိတ်ဟောင်းဆွေဟောင်းလည်း ဖြစ်သော ကိုသီတာသည် နံနက်စောစောစီးစီး ကျွန်ုပ်၏ အိမ်သို့ ရောက်ရှိလာလေ၏။ ကျွန်ုပ်ကို မြင်လျှင်မြင်ချင်း –

"ငါ့ကွာ မင်းကို သတိရလွန်းလို့ ညက အိပ်လို့တောင် မပျော်ဘူး"

ဟု ပြောလေ၏။ ကျွန်ုပ်ကလည်း –

"ခင်ဗျားဟာ ခင်ဗျား ကိုယ့်အကြောင်းနဲ့ကိုယ် အိပ်မပျော်တာကို ကျုပ်ကို သတိရသလေး၊ ဘာလေးနဲ့ မလုပ်စမ်းပါနဲ့ ကိုယ့်လူရယ်။ ခင်ဗျားလာတယ်ဆိုကတည်းက တစ်ခုခု ပြောစရာရှိလို့ လာတယ်ဆိုတာ ကျုပ်သိပါတယ်ဗျ"

ဟု ပြောလိုက်ရာ –

"ဒါနဲ့နေပါဦး မင်းက ငါ့မှာ ပြောစရာရှိတယ်ဆိုတာကို ဘယ်လိုလုပ်သိသလဲ။ လုပ်စမ်းပါဦး"

ဟု မေးလေ၏။ ကျွန်ုပ်ကလည်း

"ဘယ်လိုသိသလဲ မမေးစမ်းပါနဲ့ ကိုသီတာရယ်။ ဘာအကြောင်း ပြောချင်တယ်ဆိုတာပါ သိနေတာပါဗျ။ ကဲ ... လက်ဖက်ရည်ဆိုင် သွားကြစို့"

ဟု ဆိုကာ လက်ဖက်ရည်ဆိုင်သို့ ခေါ်ထုတ်ခဲ့လေ၏။ မောင်တိုကလည်း ဈေးသို့သွားတော့မည်ဖြစ်ရာ အိမ်ကို တံခါးသော့ခတ်၍ သုံးဦးသားကိုထွေး၏ ဟောင်ကောင် လက်ဖက်ရည်ဆိုင်သို့ ထွက်ခဲ့ကြပေတော့၏။ လက်ဖက်ရည်ဆိုင်သို့ ရောက်သောအခါ မောင်တိုသည် သူ၏ တန်ဖိုးရှိသော အချိန်များအား ကျွန်ုပ်တို့နှင့် မဖြုန်းလိုသည်ဖြစ်ရာ လက်ဖက်ရည် မသောက်တော့ဘူးဟုဆိုကာ ထွက်သွားလေ၏။ ထိုအခါမှ ကျွန်ုပ်က လက်ဖက်ရည်နှင့် မုန့်များကို မှာယူကာ ကိုသီတာအား တိုက်ရ၏။ ကျွန်ုပ်ကပင်စ၍ –

"ကဲ ...ဘယ်လိုလဲ ကိုသီတာ။ ခင်ဗျားပြောတဲ့ ကလေးတစ်ယောက်အမေ တစ်ခုလပ်၊ လုံးကြီးပေါက်လှနဲ့ အခုအဆင်ပြေပြီး ယူတော့မယ်ပေါ့။ ကျုပ်ကို မင်္ဂလာဆောင်လာ ဖိတ်တာပေါ့"

ဟု ခနဲ့တဲ့တဲ့ ပြောလိုက်ရာ ကိုသီတာက –

"မဟုတ်က ဟုတ်ကကွာ၊ မင်းကလည်း ပြောရော့မယ်။ ငါလိုလူမျိုးက တစ်ခုလပ်၊ တစ်လင်ကွာကို ယူပါ့မလားကွာ"

ဟု ပြောလေ၏။

"ဩော် ... ဒါဆို ဟိုတစ်ခါ ခင်ဗျားပြောတဲ့ အလန်းကောင်မလေးနဲ့ အဆင်ပြေသွားပြီဆိုတဲ့အကြောင်း လာပြောတယ် ထင်တယ်"

ဟု ပြောလိုက်ပြန်ရာ ကိုသီတာက –

"လွဲပြန်ပြီကွာ။ မင်းအဲဒါကြောင့် မိန်းမ မရတာ။ ဒီမှာဟေ့ကောင် ... ငါပြောမယ်။ အဲဒီ မာတုကာမတွေအကြောင်း မပြောစမ်းပါနဲ့ကွာ၊ စိတ်ကုန်လွန်းလို့ပါကွ။ ငါ အခု မင်းဆီလာတာက အဲဒါတွေနဲ့ ဘာမှမဆိုင်ဘူးကွ။ ဘုန်းကြီး ဝတ်မလို့၊ ရာသက်ပန် ဘုန်းကြီးဝတ်တော့မလို့ လာပြောတာ"

ဟု ပြောလိုက်ရာ ကျွန်ုပ်က –

"ဟုတ်ရဲ့လား ကိုသီတာရယ်။ ဘုန်းကြီးဝတ်တယ်ဆိုတာ လွယ်တာမဟုတ်ဘူးဗျ၊ နောက်ပြီး ခင်ဗျားလိုလူမျိုး ဘုန်းကြီးဝတ်ရင် လူတွေ ဘာပြောကြမလဲ သိလား။ ကိုသီတာတစ်ယောက် မိန်းမ မရလို့ ဘုန်းကြီးဝတ်တယ်လို့ ပြောကြမှာဗျ။ ရှက်စရာကြီးဗျာ။ မလုပ်စမ်းပါနဲ့"

ဟု နောက်သလို ပြောင်သလို ပြောလိုက်ရာ ကိုသီတာက –

"လူတွေက ဒီလို ပြောနိုင်သလား"

ဟု တွေတွေဝေဝေဖြင့် ကျွန်ုပ်အား ပြန်၍ မေးလေ၏။ ကျွန်ုပ်သည် ကိုသီတာအကြောင်း ကောင်းကောင်း သိသူတစ်ယောက်ဖြစ်ရာ –



www.burmeseclassic.com

www.burmeseclassic.com

"ပြောနိုင်တာပေါ့ ကိုသီတာရယ် ... ဘယ့်နှယ့်ပြောပါလိမ့်။ ကျုပ်က ခင်ဗျားအတွက် ပြောတာပါဗျ"

ဟု ခပ်တည်တည်နှင့် ပြောလိုက်ရာ ကိုသီတာက —

"အေးကွာ ဒါဆိုလည်း မဝတ်တော့ပါဘူး"

ဟု လျှော့ချလိုက်လေတော့၏။

ကျွန်ုပ်တို့နှစ်ယောက် လက်ဖက်ရည် သောက်ရင်း စကားကောင်းနေခိုက် မောင်တိုသည် ဈေးဝယ်ပြီး ပြန်ရောက်လာ၏။

"ဗိုက်ဆာလိုက်တာဗျာ"ဟု ဆိုကာ လက်ဖက်ရည်နှင့် မုန့်ကို မှာယူ စားသောက်၏။ မုန့်နှင့်လက်ဖက်ရည်ကို အားရအောင် စားသောက်ပြီးနောက် —

"ဦးလေးကို ကျွန်တော် တစ်ခုလောက် ပြောစရာရှိတယ်"

ဟု စကားစလေ၏။ ကျွန်ုပ် ပြောလေကွာဟု လမ်းဖွင့်ပေးလိုက်သောအခါ —

"ဒီညနေ ဈေးထဲက အဖွဲ့တွေက ကျိုက်ထီးရိုးဘုရားဖူး သွားကြမလို့တဲ့ ဦးလေးရဲ့။ အဲဒါ ကျွန်တော် လိုက်သွားချင်တယ်"

ဟု ခွင့်တောင်းလေ၏။

"မင်း ကလေးမလေးလည်း ပါတယ်မို့လား"

ဟု ကျွန်ုပ်က စကားထောက်လိုက်သောအခါ မောင်တိုက ရယ်ကျဲကျဲဖြင့် ဟုတ်ကဲ့ဟု ပြန်ပြောလေ၏။

"အေးလေကွာ ... ရပါတယ် သွားချင်ရင် သွားပေါ့။ ငါခွင့်ပြုပါတယ်"

ဟု ပြောလိုက်သောအခါ ... မောင်တိုသည် —

"ဟာ ... ဒါဆို ကျွန်တော် စာရင်းသွားပေးလိုက်တော့မယ်"

ဟု ဆိုကာ ထပြေးသွားပြန်လေ၏။ မောင်တို ထပြေးသွားသောအခါ ကိုသီတာက —

"ဒီကောင် ရည်းစားသနာတွေ ဘာတွေတောင် ရှိနေပြီလားကွ"

ဟု မေးလေ၏။

"ဟုတ်တယ်ဗျ။ ဈေးထဲက ကောင်မလေးတစ်ယောက်နဲ့ ကြိုက်နေတယ် ပြောတာပဲ။ ငယ်တော့ငယ်သေးတာပေါ့ ကိုသီတာရယ်။ လူငယ်တွေဆိုတော့လည်း စိတ်ကစားတာပေါ့။ နောက်ပြီး သူ့ကောင်မလေးကလည်း ပထွေးနဲ့ နေရတာဆိုတော့ သူ့အမေကလည်း စိတ်မချဘူး ထင်ပါတယ်။ နောက်ပြီး ဒီကောင်ကလည်း ရိုးရိုးသားသားလေးဆိုတော့ သဘောတူတယ်ထင်ပါတယ်"

ဟု ကျွန်ုပ်က ရှင်းပြလိုက်ရာ ကိုသီတာက —

"အေးကွာ ဒီကောင် မိန်းမရသွားရင် မင်းတော့ တစ်ယောက်တည်း ကျန်ခဲ့တော့မှာပဲ"

ဟု ပြောလေ၏။

"အဲဒါတော့ ဘယ်ဖြစ်မလဲ ကိုသီတာရဲ့။ ကျုပ်က ဒီကောင့်ကို အိမ်ခေါ်ထားမှာပေါ့။ သူတို့ လင်မယားအတွက် စား၊ ဝတ်၊ နေ၊ ရေးကို ကျုပ်စီစဉ်ပေးရမှာပေါ့။ ကျုပ်စဉ်းစားထားတာ ရှိပါတယ်ဗျ၊ မပူစမ်းပါနဲ့ ကိုယ့်လူရယ်။ လောလောဆယ် မောင်တိုဘုရားဖူးသွားရင်သာ ခင်ဗျား ကျုပ်နဲ့ အဖော်နေပေးဖို့ပဲ"

ဟု ကျွန်ုပ် တောင်းဆိုလိုက်ရာ ကိုသီတာ လွယ်လင့်တကူပင် လက်ခံလေ၏။ ထိုအခိုက် မောင်တိုသည် အမောတကောနှင့် ပြန်ရောက်လာပြီး

"ဇော်ပါသေးရဲ့ ဦးလေးရယ်၊ တစ်ယောက်စာပဲ ကျန်တာဗျ။ ကံကောင်းလို့ ရလိုက်တယ်"

ဟု ပြောလေ၏။ ကိုသီတာက ကျိုက်ထီးရိုး သွားရင်တော့ မောင်ရေကျီးကန်းပါးစပ်ကိုလည်း ရောက်အောင်သွားကွ၊ မှဆိုးဒူးထောက်တောင်ကိုလည်းသွား၊ ကျောက်ထပ်ကြီးကိုလည်း ရောက်အောင်သွားခဲ့။ အဖော်ကောင်းရင် ရေတံခွန်သို့လည်း သွားဖို့အကြောင်းများကို ပြောလေ၏။

"တို့ငယ်ငယ်ကဆိုလျှင် တောင်ပေါ်ကိုတက်တာ အခုလို ကားတွေ ဘာတွေ ဘယ်ရှိမလိမ့်မလဲ၊ ခြေလျင်တက်ရတာ။ မောလည်းမော၊ ပျော်ဖို့လည်း ကောင်းပေါ့ကွာ။ အခုခေတ်တော့ တောင်တက်ကားတွေ ဘာတွေလည်း ရှိနေပြီကြားတယ်။ ဘာပဲဖြစ်ဖြစ်ပေါ့ကွာ အတက်မဟုတ်တောင် အဆင်းကို ဖြစ်ဖြစ် ခြေလျင်ဆင်း"ဖို့ အကြောင်းများကို မှာနေပြန်၏။

နောက်ကြောင်းကိုတော့ မပူဖို့အကြောင်း၊ သူရှိနေမှာ ဖြစ်ကြောင်းများကိုလည်း မစားရ ဝခမန်း ပြောနေပြန်ရာ ကျွန်ုပ်က —

"ကဲ ... ကိုသီတာရေ အိမ်ပြန်လိုက်ကြဦးစို့ရဲ့။ တော်ကြာ မနက်စာငတ်နေဦးမယ်"

ဟု ဆိုမှ စကားဖြတ်ကာ အိမ်ပြန်ခဲ့ကြလေ၏။

အိမ်သို့ ပြန်ရောက်သောအခါ မောင်တိုသည် နံနက်စာအတွက် ချက်ပြုတ် ပြင်ဆင်နေပြီဖြစ်၏။ ကျွန်ုပ်မှာမူ ကိုသီတာနှင့်အတူ ရေနွေးကြမ်းတစ်အိုးနှင့် ကုက္ကိုပင်ကြီး အောက်ရှိ ကွပ်ပျစ်ပေါ်တွင် လေကန်လျက်ရှိ၏။ ထိုလ



www.burmeseclassic.com

www.burmeseclassic.com

တန်သည် ဆိုသော်လည်း ကျွန်ုပ်က ပြောရသည် သိပ်မရှိလှဘဲ ကိုသီတာက ပြောသည်သာများ၏။ ဘာမှ ရေရေရာရာရှိလှသော စကားများမဟုတ်သည့်တိုင်အောင် ကိုသီတာ လာလျှင်တို ကျွန်ုပ်မှာ အပျင်းပြေလှ၏။

သူပြောသော စကားများထဲတွင် သူငယ်ရွယ်စဉ်က ရပ်ရေး၊ ရွာရေး ဘယ်လောက်လုပ်ခဲ့တဲ့အကြောင်း၊ ဘယ်လူကြီးနဲ့ သိတဲ့အကြောင်း၊ နေရာတကာ သူမပါလျှင် မပြီးကြောင်းစသည်တို့လည်းပါ၏။ မိန်းကလေးများက သူ့ကို ဝိုင်းကြိုက်ကြသည့်အကြောင်းများလည်း ပါ၏။ ကိုသီတာရောက်လာခြင်းသည် ကျွန်ုပ်အတွက် ဘာအကျိုးမှ မရှိပေ။ အကျိုးမပြုသည့်အပြင် အနှောင့်အယှက်ပင် ဖြစ်သေး၏။ သို့သော် ကျွန်ုပ်သည် ကိုသီတာကိုခင်၏။ ကိုသီတာရှိလျှင် အပျင်းပြေ၏။

ကိုသီတာသည် အလွန်စကားများသူ ဖြစ်၏။ လူတစ်ယောက်ကို တွေ့လျှင် သူနှင့်သိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ အကြောင်းမရှိ အကြောင်းရှာ၍ စကားပြောတတ်၏။ တစ်ခါက သူသည် သူ့အစ်ကို ဘုန်းကြီးကျောင်းတွင် ဘုန်းကြီးဝတ်ဖူး၏။ သူ၏အစ်ကိုသည် ပညာတတ် ကျောင်းထိုင်ဆရာတော် ဖြစ်၏။ ကြည်ညိုသူလည်း များပြားသဖြင့် ကျောင်းသို့ ဒကာ၊ ဒကာမများ အဝင်/အထွက်များ၏။ ဦးဇင်းသီတာသည် ကျောင်းသို့လာသမျှ ဒကာ၊ ဒကာမများအား သိသိ၊ မသိသိ ငြည့်ခံနေ၏။ စကားဒိုင်ခံပြော၏။ ဒကာ၊ ဒကာမများသည် ဆရာတော်နှင့် တွေ့ခွင့်မရဘဲ ဦးဇင်းသီတာနှင့် တွေ့ကာ အချိန်ကုန်နေရသည်ကများ၏။ ကြာလာသောအခါ ဆရာတော်သည် စိတ်တိုလာပြီး ဦးဇင်းသီတာအား ကြိမ်လုံးနှင့် လိုက်ရိုက်သဖြင့် ထွက်ပြေးရဖူးလေ၏။ ကျောင်းသို့ မပြန်ရဲတော့သဖြင့် အခြား ကျောင်းတစ်ကျောင်းသို့သွားကာ လူဝတ်လဲလိုက်ရသည်အထိပင်ဖြစ်ခဲ့ရဖူးလေ၏။

မောင်တိုသည် ချက်ပြုတ်ပြီးစီးသောအခါ ကျွန်ုပ်တို့အား ထမင်းစားရန် ခေါ်လေ၏။ မောင်တိုက ဖွယ်ဖွယ်ရာရာလေးများ ချက်ပြုတ်ကျွေးမွေးသော်လည်း ကောင်းသည်၊ ဆိုးသည် ဝေဖန်ပြောဆိုခြင်း မရှိဘဲ စားနေသည်ကို တွေ့ရ၏။ ကိုသီတာသည် အစားအသောက်ကို ခုံမင်သူတစ်ယောက် မဟုတ်သဖြင့် ထမင်းကိုလည်း လက်ဖျားကလေးနှင့် တို့ကနန်း၊ ဆိတ်ကနန်းသာ စား၏။ စားသောက်ပြီးသောအခါ ကောင်းတယ်ကွဟု တစ်ခွန်းသာ ချီးမွမ်းပြီးနောက် ရေနွေးကြမ်းကို တစ်ခွက်ပြီးတစ်ခွက် သောက်နေပေတော့၏။

မောင်တိုက လက်ဖက်သုပ် ချကျွေးသော်လည်း လက်ဖက်သုပ်ကို မစားဘဲ ထန်းလျက်ခဲကိုသာ တစ်ခဲပြီး တစ်ခဲ စားရင်း ရေနွေးနှင့်သောက်နေ၏။ စားသောက်ပြီးသောအခါ နည်းနည်းလောက် မှိန်းလိုက်ဦးမည်ဟု ဆိုကာ တစ်ရေးတစ်မော အိပ်ပြန်၏။

မောင်တိုသည် ကျိုက်ထီးရိုးဘုရားဖူးသွားရန်အတွက် ပြင်ဆင်နေပြီဖြစ်၏။ မောင်တိုသည် ကျွန်ုပ်ထံသို့ ရောက်ပြီးကတည်းက ဘယ်မှ သွားဖူး၊ လာဖူးခြင်း မရှိပေ။ ယခင် ဆရာတော်ကြီးထံတွင် နေစဉ်က ရွှေစက်တော်၊ ပုဂံ စသည့် ဒေသများအား ဆရာတော်နှင့်အတူ ဘုရားဖူး ခရီးသွားဖူးသည်ဟု ပြောပြဖူး၏။ ထိုစဉ်က သူသည် ငယ်ရွယ်သည့် ကလေးသာသာအရွယ်ဖြစ်ပြီး ဆရာတော်၏ ကျောင်းသားအဖြစ် လိုက်ရခြင်းဖြစ်၏။ ယခုမူ ထိုသို့မဟုတ်ဘဲ လွတ်လပ်သော လူငယ်တစ်ယောက်အဖြစ် သွားရမည့် ခရီးဖြစ်သည့်အပြင် သူ၏ ချစ်သူရည်းစားကလည်း ပါနေပြန်သဖြင့် အပျော်ကြီးပျော်လျက် ရှိသည်ကို တွေ့ရ၏။

သူသည် နံနက်စာ ထမင်းကိုပင် မစားနိုင်ဘဲ ရှိ၏။ ကျွန်ုပ်ကလည်း မောင်တိုအား တောင်ပေါ်မှာ ချမ်းတဲ့အတွက် အနွေးထည်လေးဘာလေး လုံလောက်အောင်ယူသွားဖို့အကြောင်းများ ပြောရ၏။ ထို့နောက် ကျွန်ုပ်က မုန့်ဖိုးအနေဖြင့် ငွေကြေးအချို့ကို ပေးရာ မောင်တိုက လက်မခံဘဲ သူ့မှာ ပိုက်ဆံရှိတဲ့အကြောင်း ပြောကာ ငြင်းလေ၏။ ကျွန်ုပ်က လူကြီးပေးရင် ယူရတယ်ကွ၊ မငြင်းရဘူး။ တို့လည်း ဌာနဆိုင်ရာမှာလုပ်တုန်းက လူကြီးတွေက တစ်ခါတစ်ရံ မုန့်ဖိုးအနေနဲ့ ပေးတဲ့အခါ ယူရတယ်၊ မယူရင် လူကြီးကမကြိုက်ဘူးဟု ပြောမှ မောင်တိုက လက်ခံလေ၏။

"နောက်ပြီး ခရီးသွားနေတဲ့အချိန်မှာ အဝတ်အစားအသစ်ကျပ်ချွတ်ကို မဝတ်ရဘူးကွ။ ဘာကြောင့်လဲဆိုတော့ ခရီးသွားနေဆဲ ကာလဆိုတော့ ဖုန်တွေတက်မယ်၊ ရွံ့တွေ ပေချင်လည်းပေမယ်၊ အခြားအကြောင်းအရာတွေကြောင့်လည်း ပေရေကုန်နိုင်တယ်။ ကိုယ်သွားချင်တဲ့အရပ်ကို ရောက်ပြီဆိုမှ အသစ်ကို သပ်သပ်ရပ်ရပ် ဝတ်ရတယ်။ နောက်ပြီး ခရီးသွားဆဲကာလမှာ လွတ်လပ်ပေါ့ပါးတဲ့



www.burmeseclassic.com

www.burmeseclassic.com

အဝတ်အစားမျိုးကို ရွေးချယ်ဝတ်ရတယ်ကွ။ ဥပမာဆိုရင် ဘောင်းဘီရှည်လိုမျိုး၊ တီရှပ်လိုမျိုးပေါ့ကွာ''-

ဟု ပြောရာ မောင်တိုက သူဝယ်ထားပြီးကတည်းက တစ်ခါမှ မဝတ်ရသေးသော ဘောင်းဘီရှည်နှင့် တီရှပ်ကို ကျွန်ုပ်အား ပြလေ၏။

ထို့နောက် မောင်တိုသည် ဇရမိုးချိုးခြင်း၊ ထမင်းစားခြင်းတို့ကို ပြုလုပ်၏။ ထို့နောက် ကျွန်ုပ်အား ကန်တော့ကာ သွားတော့မည်ဖြစ်ကြောင်း နှုတ်ဆက်လေ၏။ ကျွန်ုပ်ကလည်း သွားလေရာ၊ လာလေရာ ဘေးမသီ ရန်မခပါစေကြောင်း ဆုမွန်ကောင်းများ တောင်းပေးရလေ၏။ ကျွန်ုပ်နှင့် ကိုသီတာလည်း မောင်တိုအား ကားဂိတ်သို့ လိုက်ပို့ဆောင်ရင်း ဈေးဘက်သို့ ထွက်ခဲ့ကြလေ၏။

ကျွန်ုပ်တို့ ဈေးဘက်သို့ရောက်သောအခါ ဘုရားဖူးကားကြီးတစ်စီး လမ်းဘေးကပ်လျက် ရပ်ထားသည်ကို တွေ့ရ၏။ လူအချို့လည်း ကားပေါ်တွင် ထိုင်နေသည်ကို တွေ့ရပြီး ကလေးများကလည်း ကားပေါ်တက်လိုက်၊ အောက်ဆင်းလိုက်လုပ်ပြီး ပျော်ရွှင်စွာ ဆော့ကစားနေကြ၏။ ဘုရားဖူးကားကြီးသည် ည ၉ နာရီကျော် ၁၀ နာရီလောက်မှ ထွက်မည်ဖြစ်သော်လည်း မောင်တိုကဲ့သို့သော ခရီးသွားအတွေ့အကြုံနည်းသူများက ကြိုတင်ရောက်နှင့်နေကြခြင်းဖြစ်ပေ၏။ ကျွန်ုပ်နှင့် ကိုသီတာသည် မောင်တိုအား ပို့ဆောင်ပြီးနောက် ကိုထွေး၏ ဟောင်ကောင် လက်ဖက်ရည်ဆိုင်ထဲသို့ ဝင်ကာ လက်ဖက်ရည်နှစ်ခွက်ကို မှာသောက်ရင်း အချိန်ဖြုန်းနေလိုက်ကြ၏။

ကျွန်ုပ်တို့၏ နေရာမှကြည့်လျှင် အတိုင်းသား မြင်နေရသည်ဖြစ်ရာ မောင်တိုသည် ကားမှန်တံခါးပေါက်မှ ခေါင်းပြူ၍လည်းကောင်း၊ တက်လိုက်ဆင်းလိုက်လုပ်၍လည်းကောင်း ဂနာမငြိမ်ဘဲ ဖြစ်လျက်ရှိသည်ကို တွေ့ရ၏။ ကျွန်ုပ်သည် မောင်တို၏ အဖြစ်အား ကြည့်ကာ ပြုံးမိသည့်တိုင် ဘာကိုမှ စိတ်ဝင်စားခြင်း သိပ်မရှိလှသည့် ကိုသီတာသည် ကျွန်ုပ်ပြုံးသည်ကို ကြည့်ကာ ကျွန်ုပ်မျက်လုံး ရောက်ရာနေရာဘက်သို့ ဟိုဟိုသည်သည် လိုက်လံကြည့်ရှုလျက် ရှိလေ၏။ ဘာကိုမှ မတွေ့ရသောအခါ ကျွန်ုပ်အား ဘာမှ မမေးမစမ်းဘဲ လက်ဖက်ရည်ကို ငုံ့သောက်နေလေ၏။

နေသည် အတော်လေး ညိုလာပြီ ဖြစ်၏။ လမ်းမီးများပင် လင်းလာပြီဖြစ်၏။ လမ်းဘေးတွင် ရောင်းချသောဈေးသည် အချို့လည်း သိမ်းဆည်းနေကြပြီဖြစ်၏။ ခပ်လှမ်းလှမ်းတွင် ကောင်မလေး တစ်ယောက်သည် အထုပ်တစ်ထုပ်ကို ခေါင်းတွင် ရွက်ကာ လက်ကလည်း ခြင်းကြီးတစ်ခြင်းကိုဆွဲလျက် လာနေသည်ကို တွေ့လိုက်ရ၏။ ကျွန်ုပ်ကဲ့သို့ မောင်တိုလည်း မြင်ကာ ကောင်မလေးထံသို့ ပြေးသွားသည်ကို တွေ့ရ၏။ မောင်တိုက ကောင်မလေးခေါင်းပေါ်ကအထုပ်ကို ဆွဲချနေသည်ကိုလည်း တွေ့ရ၏။ ကောင်မလေးက မိန်းကလေး အဝတ်အစားများ ပါနေသဖြင့် ငြင်းနေပုံရ၏။ မောင်တိုကလည်း ဖွတ်ဆွဲနေလေ၏။ နောက်ဆုံး ကောင်မလေးက လက်လျှော့ကာ အထုပ်ကို သူ့ခေါင်းပေါ်မှ မောင်တို့ပခုံးပေါ်သို့ လွှဲပြောင်းပေးလိုက်သည်ကို မြင်နေရ၏။ မောင်တို၏မျက်နှာအား ကျွန်ုပ်အနေဖြင့် သေသေချာချာ မမြင်ရသော်လည်း ပြုံးရွှင်နေမည်မှာ အလွန်သေချာလှပေ၏။

သူတို့နှစ်ယောက်သည် အထုပ်အပိုးများအား ကားပေါ်သို့ တင်ပြီးနောက် နှစ်ယောက်သား အောက်သို့ ပြန်ဆင်းကာ လမ်းဘေးရှိ ဗာဒံပင်ကြီးတစ်ပင်အောက်တွင် ပိုင်းပတ်၍ ခင်းထားသော သစ်သားကွပ်ပျစ်ကလေးတစ်ခုပေါ်တွင် ထိုင်ကာ အကြောင်းကြမ့်စွာ စကားပြောနေကြပေ၏။ ကျွန်ုပ်တို့လည်း လက်ဖက်ရည်ဖိုးရှင်းကာ ပြန်ခဲ့ကြပေတော့၏။

ထိုနေ့က ညစာကို မောင်တို ချက်ပြုတ်ထားခဲ့သည့် ဟင်းလျာများဖြင့် စားသောက်လိုက်ကြ၏။ ကိုသီတာသောက်ရန်အတွက် ရေနွေးကြမ်းကို အလုံအလောက်ကျိုကာ ဓာတ်ဘူးများထဲသို့ ထည့်ပေးထားရ၏။ ထိုညက ကိုကြွေသီးလည်း ရောက်လာ၏။ ကိုကြွေသီးလည်း မိန်းမရပြီးကတည်းက ကျွန်ုပ်ထံသို့ အသွားအလာ ကျဲသွား၏။ ကျွန်ုပ်အား ခင်မင်ရင်းစွဲ ရှိသော်လည်း အိမ်ထောင့် တာဝန်များကြောင့်သာ မလာနိုင်ဘဲ ဖြစ်သဖြင့် ကျွန်ုပ်က ကိုကြွေသီးအား နားလည်ပေးပြီးလည်း ဖြစ်၏။

ကိုကြွေသီးက ထန်းလျက်ခဲကို ခွပ်ခနဲနေအောင် ကိုက်လိုက်ပြီးနောက် ရေနွေးကြမ်းပူပူတစ်ခွက်ကို ထည့်ကာ တဖူးဖူးမှုတ်ရင်း စိတ်ကရောက်ပေမယ့် လူကမရောက်နိုင်ဘူး ဖြစ်နေတယ် စာရေးဆရာရေ့ဟု ပြောရာ၏။ ကျွန်ုပ်က ခင်ပျားစီးပွားရေး အဆင်ပြေရဲ့လား ကိုကြွေသီးရယ်ဟု မေးလိုက်ရာ ကိုကြွေသီးက –

''ပြေပါတယ် စာရေးဆရာရေ။



www.burmeseclassic.com

www.burmeseclassic.com

အခုတော့င် သူတို့သားအမိတွေ ကျိုက်ထီးရိုး ဘုရားဖူးသွားကြလို့ ဆရာ့ဆီလာနိုင်တာဗျ၊ ဪ . . . ဒါနဲ့ မောင်တိုလည်း တွေ့မိတယ်ဗျ၊ ဒီကောင်လည်း ဘုရားဖူးပါသွားတယ်ထင်တယ်''

ဟု ပြောလေ၏။

''ကြုံတုန်း ပြောရဦးမယ် စာရေးဆရာရေ့၊ ဆရာ့ဘပည့်ကျော်တော့ ဈေးထဲက ကောင်မလေးတစ်ယောက်နဲ့ တွဲနေတာ တွေ့နေတယ်ဗျ၊ ကျုပ်ကိုတော့ ဦးလေးကို ပြန်မပြောပါနဲ့လို့ ပြောထားလို့ မပြောတော့ပါဘူးဗျာ''

ဟု ပြောလေရာ ကျွန်ုပ်က -

''ကိုကြွေသီးရယ် ခင်ဗျားဟာက ဘာနဲ့တူနေသလဲဆိုတော့ ပုံ . . . အမည်မဖော်လိုသူ မောင်ဘတုတ်၊ ရွှေတိဂုံဘုရား အလယ်ပစ္စယံ တောင်ဘက်မုခ် ဆိုသလို ဖြစ်နေပြီဗျ''

ဟု အရွှန်းဖောက် ပြောလိုက်ရာ ကိုသီတာသည် သောက်လက်စ ရေနွေးများသီးကာ တခွီးခွီးဖြင့် ရယ်ပါလေတော့၏။ ထိုညက ကျွန်ုပ်တို့ သုံးဦးသားသည် ညဉ့်နက်သည်အထိ စကားများ ပြောကြပြီးနောက် ကိုကြွေသီးလည်း ပြန်သွားလေ၏။

နောက်နေ့တွင် ကျွန်ုပ်ကိုယ်တိုင် ထမင်းချက်ကျွေးမည် ဖြစ်သဖြင့် ဦးလေး ဦးမြဘူးကိုလည်း ထမင်းစားကြဖို့အကြောင်း ကိုကြွေသီးနှင့် မှာလိုက်ရ၏။

ကျွန်ုပ်သည် ညဘက်တွင် စာရေးခြင်း၊ စာဖတ်ခြင်းတို့ကို ပြုလုပ်လေ့ရှိရာ များသောအားဖြင့် အိပ်ရာထ နောက်ကျတတ်၏။ ယခုမူ ကိုသီတာရှိသဖြင့် စောစောထရ၏။ ကိုသီတာနှင့်အတူ စားရန်အတွက် ထမင်းကြော်ခြင်း၊ ငါးခြောက်ဖုတ်ခြင်းကို ပြုလုပ်ရ၏။ ထို့နောက် ရေနွေးကျိုရ၏။ ကျွန်ုပ်ကဲ့သို့ပင် ကိုသီတာလည်း အိပ်ရာမှနိုးပြီး ဘုရားရှိခိုးနေပြီ ဖြစ်၏။ ကိုသီတာသည် ဘုရားရှိခိုးရာတွင် အသံကို အနည်းငယ် မြှင့်၍လည်းကောင်း၊ သံနေသံထားဖြင့် သံရှည်ဆွဲ၍လည်းကောင်း ရှိခိုးနေလေ၏။ ထို့နောက် အမျှဝေခြင်း၊ မေတ္တာပို့ခြင်းများအား ဆက်လက်ပြုလုပ်နေပြန်၏။ အားလုံးပြီးသောအခါ ကိုသီတာနှင့်အတူ စားကြသောက်ကြ၏။

ထို့နောက်မှ ကိုသီတာအား အိမ်စောင့်ထားကာ ဈေးသို့သွားရ၏။ ကျွန်ုပ်သည် ကိုယ်တိုင် ဈေးသို့မသွားသည်မှာ ကြာပြီဖြစ်၏။ အချို့ကလည်း ကောင်လေး ဘယ်ရောက်သွားလို့လဲ ဟုလည်းကောင်း၊ စာရေးဆရာကြီး မတွေ့တာကြာပြီဟုလည်းကောင်း၊ ဦးခွစာကြီး ပျောက်ချက်သားကောင်း လှချည်လားဟူ၍လည်းကောင်း နှုတ်ဆက်ကြသည်ဖြစ်ရာ ကျွန်ုပ်မှာ အဆင်ပြေအောင် ပြန်လည်ပြောဆိုရသေး၏။

ကျွန်ုပ်သည် တစ်ခါက ကျွန်ုပ်နှင့် အိမ်ချင်းဘေးချင်းကပ် နေထိုင်ခဲ့ဖူးသော ဒေါ်ဝင်းမရချေ (ဝင်းမြချေ)ဆိုသော ရခိုင်မကြီးတစ်ယောက်နှင့် ခင်မင်ရင်းနှီးဖူးသည်ဖြစ်ရာ သူချက်သော ရခိုင်ဟင်းများကိုလည်း စားဖူးလေ၏။ ကျွန်ုပ်သည် အစပ်ကို ကြိုက်သူတစ်ယောက်ဖြစ်သဖြင့် သူ၏ဟင်းလျာများအား ကိုယ်တိုင်ချက်ပြုတ် စားနိုင်ရန်အတွက် လေ့လာသင်ယူထားဖူးရာ ကျွန်ုပ်စိတ်ကူးအတိုင်း လိုအပ်မည်ထင်သော ဟင်းချက်စရာများကို ဝယ်ယူ၍ ပြန်ခဲ့လေ၏။

ကျွန်ုပ် အိမ်ပြန်ရောက်သောအခါ ကိုသီတာသည် ခြံထဲတွင် တံမြက်စည်းလှည်းနေသည်ကို တွေ့ရ၏။ ကျွန်ုပ်သည် စီးကရက်တစ်ဘူး ဝယ်လာသဖြင့် ကိုသီတာအား ပေးလိုက်ရာ ကိုသီတာက ''အေးကွ၊ ကောင်းတယ်''ဟု ပြောကာ ဆေးလိပ်ဘူးကို ဖောက်ကာ တစ်လိပ်ယူပြီး စတိုင်ကျကျ သောက်နေလေ၏။ ကျွန်ုပ်လည်း စိတ်ကူးရှိသည့်အတိုင်း ငါးနီတူခြောက်ကလေးများအား ရေဆေးကာ ငရုတ်သီးခွဲခြမ်းနှင့် ခပ်စိုစိုလေးကြော်ခြင်း၊ ကင်းမွန်အကောင်ကြီးများအား သန့်စင်၍ ပြုတ်ပြီး အကွင်းလိုက်လှီးကာ ငရုတ်သီးစိမ်း၊ နံနံပင်၊ ခရမ်းချဉ်သီး၊ ကြက်သွန်နီ၊ ငံပြာရည်တို့ဖြင့် သုပ်ခြင်း၊ ငရုတ်သီးစိမ်းများအား ပြုတ်ကာ မျှင်ငါးပိနှင့် ရခိုင်ငါးပိထောင်း ထောင်းခြင်း၊ ဟင်းရည်သောက်အဖြစ် မျှင်ငါးပိခတ်ထားသော ရေနွေးဆူဆူကို ရုံးပတီသီးနှင့် ဆူးပုပ်ရွက်ခတ်ထားသော ဟင်းချိုချက်ခြင်းတို့ကို ဆက်တိုက်ဆိုသလို ဆောင်ရွက်ရ၏။ တို့စရာအတွက်မူ ဆလတ်ရွက် စိမ်းစိမ်းကလေးများအား ရေစင်စင်ဆေးကာ အပင်မပျက်ကလေးထားလိုက်၏။ ကျွန်ုပ် ချက်ပြုတ်နေစဉ်အတွင်း၌ပင် ကျွန်ုပ်ဧည့်သည်များ ဖြစ်သော ဦးမြဘူး၊ ကိုကြွေသီးတို့ ရောက်ရှိလာကြလေ၏။

ထိုဧည့်သည်များအား ကိုသီတာက ကောင်းကောင်းကြီး ဧည့်ထောက်ခံလျက် ရှိ၏။ သူတို့မှာ အေးအေးလူလူရှိသလောက် ကျွန်ုပ်မှာ ချွေးများပြန်လျက်ရှိ၏။ ငရုတ်သီးစိမ်းများ ကိုင်ထားသဖြင့် လက်များလည်း



www.burmeseclassic.com

www.burmeseclassic.com

ပူလောင်လျက်ရှိ၏။ ကျွန်ုပ်သည် ဟင်းပွဲများအား ပြင်ဆင်ပြီးနောက် ရေမိုးချိုးလိုက်ရပေ၏။

ကျွန်ုပ်၏ ဟင်းလျာများသည် အစပ်ကဲသဖြင့် အားလုံး ရှူးရှူးရှဲရှဲ ဖြစ်နေကြ၏။ ကိုကြွေသီးကမူ နှာရည်များ ကျလာသဖြင့် ပုဆိုးဖြင့် သုတ်လျက်ရှိ၏။ ကိုသီတာမှာမူ ကင်းမွန်သုပ်ထဲမှ ငရုတ်သီးများကို ဖယ်ကာ စားနေလေ၏။ ဦးမြဘူးက ခွီးမှုပဲ စပ်လိုက်တာ၊ မောင်တိုလောက်ကို မစွံဘူးဟု ဝေဖန်လေ၏။ ကျွန်ုပ်ကလည်း ဦးမြဘူးအား စချင်သဖြင့် –

"ဒီလိုရှိတယ် ဦးလေးရဲ့။ ကျွန်တော် ဟင်းချက်တဲ့နေရာမှာ အစာလည်းဆေး၊ ဆေးလည်းအစာ ဆိုသလိုပေါ့။ အခု ကျွန်တော်ချက်တဲ့ ဟင်းတွေထဲမှာ ငရုတ်သီးကဲထားတယ်ဆိုတာ ရာသီပေါ်လည်း မူတည်တယ်။ အခုလို အေးတဲ့ရာသီမှာ ငရုတ်သီးဟာလည်း ဆေးတစ်ပါးပဲ ဆိုပါတော့။ ယောမင်းကြီး ဦးဖိုးလှိုင်ရေးတဲ့ ဥတုဘောဇနသင်္ဂဟကျမ်းထဲမှာ ငရုတ်သီးသည် ပူသော၊ စပ်သော အရသာရှိ၏။ အအေးမိခြင်းကို ကာကွယ်၏။ အာခံတွင်းကို ရှင်းစေ၏။ သလိပ်ကို ပျော်စေ၏။ ဝမ်းမီးကို တောက်စေ၏ တဲ့ဗျ"

ဟု ကျွန်ုပ်ကိုယ်တိုင် သေသေချာချာမသိဘဲ စိတ်ထဲ ထင်ရာမြင်ရာများကို စွတ်၍ ပြောလိုက်ရာ ဦးမြဘူးသည် ငရုတ်သီးစပ်သဖြင့် စိတ်တိုနေသည် ဖြစ်ရာ –

"တော်စမ်းကွာ၊ မင်းလို လူ့ခွစာမျိုး ဒီလောကထဲ မင်းတစ်ယောက်ပဲ ရှိတယ်။ နှစ်ယောက်မရှိဘူး"

ဟုဆိုကာ ထမင်းဝိုင်းမှထ၍ ရေနွေးကြမ်းဝိုင်းသို့ ကူးသွားလေတော့၏။

❑ ❑ ❑

မောင်တိုသည် ကျိုက်ထီးရိုးဘုရားဖူး ခရီးမှ ပြန်လာပြီဖြစ်၏။ ဘုရားဖူးအတွေ့အကြုံများအား ကျွန်ုပ်အား မြိန်ရေရှက်ရေ ပြောပြလေ၏။ တောင်ပေါ်ကို ကားနဲ့တက်ရတာ အသည်းယားဖို့ကောင်းကြောင်း၊ ဘုရားပေါ်မှာ ရေချိုးရတာ အလွန်ချမ်းကြောင်း၊ ကျီးကန်းပါးစပ်ကိုလည်း ရောက်ခဲ့ကြောင်း၊ ရေတံခွန်ကိုတော့ မဆင်းဖြစ်တော့ကြောင်း၊ ဘုရားပေါ်တွင် အစားအသောက် ဈေးကြီးကြောင်း၊ ညဘက်ဘုရားဖူးရတာ ပျော်ဖို့ကောင်းကြောင်း၊ မိန်းကလေးများက အောက်ကနေ ဆင်းဖူးရကြောင်း၊ ရွှေချချင်လျှင်လည်း ယောကျ်ားလေးများက ချပေးရကြောင်း၊ ကျောက်ထပ်ကြီးမှာ ကြိုးဖြင့်တက်၍ ဘုရားရွှေချသည်မှာ ကြောက်စရာ၊ အသည်းယားစရာကောင်းကြောင်းတို့ကို ပြောပြရာ သူတစ်ပါးစကားပြောလျှင် စိတ်မဝင်စားသည့်တိုင် စိတ်ဝင်စားဟန်ပြု၍ နားထောင်တတ်သော ကျွန်ုပ် အကျင့်အတိုင်း ဟုတ်လား၊ အေးပေါ့၊ ဩော်၊ အင်း စသည်ဖြင့် လိုက်လျောညီထွေဖြစ်သော စကားထောက်များဖြင့် စိတ်ဝင်စားဟန်ပြုကာ နားထောင်ရ၏။ အမှန်မှာ သူပြောသမျှသည် ကျွန်ုပ်သိပြီးသားချည်းများ ဖြစ်၏။

ကျွန်ုပ်သည် မောင်တို ပြောသမျှအား နားထောင်နေသည့်တိုင် ကျွန်ုပ်စိတ်သည် တခြားသို့ ရောက်နေ၏။ မောင်တိုသည် ကျိုက်ထီးရိုးဘုရားဖူး ခရီးစဉ်အကြောင်း ပြောနေလင့်ကစား သူ့ကောင်မလေးအကြောင်းကို ထည့်မပြောဘဲရှိလေ၏။ ကျွန်ုပ်က

"ဒါနဲ့နေပါဦး မောင်တိုရဲ့။ ငါက ထင်ထားတာ မင်းကောင်မလေးနဲ့ ဘယ်လိုပျော်ခဲ့တယ်၊ ဘာစကားတွေ ပြောခဲ့တယ်၊ ဘယ်လောက် အဆင်ပြေခဲ့တယ်၊ ဘယ်တွေကို လျှောက်လည်ခဲ့တယ် ဆိုတဲ့ စကားတွေ ပြောလိမ့်မယ် ထင်ထားတာကွ။ ဘယ့်နှယ့်လဲ အဆင်မပြေခဲ့ဘူးလား"

ဟု မေးလိုက်ရာ မောင်တိုက

"ပြေတော့ပြေပါတယ် ဦးလေးရယ်။ ဒါပေမယ့် သိပ်အဆင်အပြေကြီးတော့ မဟုတ်ပါဘူး"

ဟု စိတ်ပျက်အားငယ်သည့် အသံလေးနှင့် ပြန်ပြောလေ၏။

"ဘယ်လိုဖြစ်တာလဲကွ တပည့်ရ လုပ်ပါဦး။ ဘာလဲ ...မင်းကောင်မလေးက မင်းကို အကပ်မခံဘူးလား"

"အကပ်မခံတာ မဟုတ်ဘူး ဦးလေးရဲ့ ကပ်ခွင့်မရတာ။ အဖွဲ့ထဲမှာ သူကလည်း မိန်းကလေးထဲမှာ အငယ်ဆုံး၊ ကျွန်တော်ကလည်း ယောကျ်ားလေးထဲမှာ အငယ်ဆုံး ဖြစ်နေတော့ အားလုံးက ကျွန်တော်တို့ကို ကလေးတွေလို သဘောထားကြတာဗျ ..။ နောက်ပြီး ဟိုမှာ အိပ်ကြတော့လည်း သူတို့ မိန်းကလေးတွေက တစ်ခန်း၊ ကျွန်တော်တို့ ယောကျ်ားလေးတွေက တစ်ခန်း၊ ကျောက်ထပ်ကြီးကို သွားလည်တော့မှပဲ လူစုတွေကွဲပြီး သူနဲ့ အတူတူ သွားခွင့်ရတော့တယ်။ ဒါပေမယ့်လည်း သူ့ရဲ့ကြီးတော်ကြီးက ခပ်လှမ်းလှမ်းကနေ လိုက်လာတာဆို



www.burmeseclassic.com

www.burmeseclassic.com

တော့ သိပ်တော့ မလွတ်လပ်ပါဘူး ဦးလေးရယ်''

ဟု ညည်းပြောလေးပြော၏။

''မင်းနယ်ကွာ ... သမီးရည်းစားလည်း ဖြစ်သေးတာ မဟုတ်ဘဲနဲ့ ဒီလောက် အခွင့်အရေးရတာ တော်ရောပေါ့ကွာ မောင်တိုရာ။ ဘယ့်နှယ့်လဲ မင်းပြောချင်တာတွေ ပြောဖြစ်ခဲ့ရဲ့လား''

ဟု ကျွန်ုပ်ကမေးရာ မောင်တိုက -

''ပြောတော့ ပြောဖြစ်ပါတယ်''

''ဒါဆိုရပါပြီကွာ၊ အဆင်ပြေသွားမှာပေါ့။ ကဲ ... မင်း နားလိုက်ပါဦး''

ဟု ခွင့်ပြုလိုက်သဖြင့် မောင်တိုက ကျွန်ုပ်အနားမှ ထွက်ခွာသွားကာ သူလုပ်စရာရှိသည်များကို လုပ်နေလေ၏။ ကျွန်ုပ်လည်း မောင်တို၏ ရှေ့ရေးအတွက် အစီအစဉ်များကို ရေးဆွဲကြည့်နေမိ၏။

မောင်တိုသည် အိမ်သန့်ရှင်းရေးလုပ်ခြင်း၊ မီးဖိုချောင်ရှင်းလင်းခြင်း၊ သူနှင့်ကျွန်ုပ်၏ အဝတ်အစားများအား လျှော်ဖွပ်ခြင်းတို့ကို ပြုလုပ်လျက်ရှိပေ၏။ သူသည် စိတ်ကူးယဉ်ရင်း အလုပ်လုပ်လျက်ရှိရာ တစ်ခါတစ်ရံ ပြုံးလိုက်၊ တစ်ခါတစ်ရံ ရယ်လိုက်၊ တစ်ခါတလေ တည်သွားလိုက်၊ သီချင်းလေးညည်းသည့်အခါ ညည်းလိုက်ဖြင့် သူ၏ စိတ်ခံစားချက်များအတိုင်း သူ၏ မျက်နှာတွင် ပေါ်လွင်လျက်ရှိ၏။ သို့သော် သူသည် အလုပ်ကို ဖယ်ဆက်သလို လုပ်လျက်ရှိ၏။ မောင်တိုမရှိသည့် ရက်ပိုင်းအတွင်း ကိုသီတာသည် ကျွန်ုပ်နှင့် အဖော်အဖြစ် လာနေပေး၏။ မောင်တို ပြန်ရောက်လာသဖြင့် ကိုသီတာလည်း ပြန်သွားပြီဖြစ်၏။

ကျွန်ုပ်သည် ပျင်းပျင်းရှိသည်နှင့် စာရေးဆရာ ဖိုးကျော့ရေးသားသော ရေမှုဆိုးဝတ္တုတိုပေါင်းချုပ် စာအုပ်အဟောင်းလေးအား ပြန်၍ဖတ်နေမိ၏။ ကျွန်ုပ်သည် မှုဆိုးဝတ္တုများအား အလွန်သဘောကျသည်ဖြစ်ရာ ဤစာအုပ်ကလေးအား လမ်းဘေးတစ်နေရာ စာအုပ်အဟောင်းဆိုင်မှ ဝယ်လာခဲ့ခြင်းဖြစ်ပေ၏။ စာများများဖတ်သောသူသည် လူအများနှင့် စကားပြောရာတွင် အမြဲတမ်း တစ်ပန်းသာ၏။ သာမန်လူတစ်ယောက်က စာများများဖတ်ထားသော လူတစ်ယောက်ကို ယှဉ်၍ စကားပြောနိုင်စွမ်းမရှိပေ။

တစ်ခါက ကျွန်ုပ်သည် စာပေအတော်အတန် ဝါသနာပါသော ချာတိတ်တစ်ယောက်အား ပင်လယ်ထဲတွင် ဖောင်များဖြင့် ကျားပိုက်ထောင်၍ ငါးဖမ်းသော ရေလုပ်သားများ၏ ဘဝအကြောင်းများကို ပြောပြရာ ချာတိတ်သည် ပါးစပ်အဟောင်းသားဖြင့် နားထောင်နေရှာ၏။ ကျွန်ုပ်ကိုလည်း အလွန်ပင် အထင်ကြီးလျက်ရှိ၏။ ရက်အနည်းငယ် ကြာသောအခါ ကျွန်ုပ်က ထိုချာတိတ်အား စာအုပ်တစ်အုပ် ပေးဖတ်လိုက်၏။ ချာတိတ်သည် စာအုပ်ကို ဖတ်ပြီးသောအခါ ကျွန်ုပ်ထံသို့ ပြန်ရောက်လာပြီး

''ဆရာ ဟိုတစ်ခါ ကျွန်တော့်ကို ပြောပြတဲ့ ရေလုပ်သားတွေရဲ့ အကြောင်းက ဒီစာအုပ်ထဲကအကြောင်းတွေပဲ''

ဟု ပြောလေ၏။ ကျွန်ုပ်ကလည်း -

''ဟုတ်တယ်ကွ၊ စာဖတ်တဲ့သူက စာမဖတ်တဲ့သူထက် တစ်ပန်းသာတယ်ဆိုတာကိုပြချင်လို့ မင်းကို တမင်ပေးဖတ်လိုက်တာကွ။ ဒီစာအုပ်ကိုသာ မင်းကိုပေးမဖတ်ရင် မင်းငါ့ကို အလကားနေရင်း အထင်ကြီးနေတော့မှာ။ ဆိုလိုတာကတော့ကွာ စာများများဖတ်ဖို့ပါပဲ။ အထူးသဖြင့် မင်းလို စာပေဝါသနာပါတဲ့လူငယ်တစ်ယောက်အတွက် စာများများဖတ်ဖို့ လိုတယ်ကွ''

ဟု ရှင်းပြလိုက်ရ၏။ ကျွန်ုပ်သည် ထိုစာအုပ်လေးအား ဒုတိယအကြိမ် ပြန်ဖတ်နေခြင်းဖြစ်၏။ ဆရာ၏ အရေးအသားသည်လည်းကောင်း၊ အကြောင်းအရာသည်လည်းကောင်း ကျွန်ုပ်အား ဆွဲဆောင်လျက်ရှိရာ ကျွန်ုပ်မှာ ဒုတိယအကြိမ်ပင် ဖြစ်လင့်ကစား အခုမှ ဖတ်ရသည့်အလားကဲ့သို့ ခံစားရပေ၏။

ကျွန်ုပ်သည် စာထဲတွင် စီးမျောလျက်ရှိရာ -

''စာရေးဆရာ ... ဘာတွေများ ဒီလောက်အသည်းအသန် ဖတ်နေရတာတုံးဗျ''

ဆိုသောအသံကို ကြားမှ မော့ကြည့်မိရာ ကျွန်ုပ်မိတ်ဆွေ အငြိမ်းစားပုဂ္ဂိုလ်ကြီး ဦးမြဘူးဖြစ်၍ နေပေတော့၏။ ကျွန်ုပ်က -

''ဘာရယ်မဟုတ်ပါဘူး ဦးလေးရာ။ ဒီလိုပါပဲ၊ စာအုပ်လေးကောင်းတာနဲ့ ဖတ်နေမိတာပါ။ ကဲ ... ဦးလေး ကျွန်တော့်ဆီအလည်လာတာဆိုရင်တော့ လက်ဖက်ရည်ဆိုင်သွားကြမလား၊ ကျွန်တော်တိုက်ပါ့မယ်''

ဟု လောကဝတ်ပြုလိုက်ရာ -

''လက်ဖက်ရည်ဆိုင် ထိုင်ချင်မှဖြင့် မင်းအိမ် ဘယ်လာမလဲကွာ။ ငါ



www.burmeseclassic.com

www.burmeseclassic.com

ဘာသာ လက်ဖက်ရည်ဆိုင်ကစောင့်ပြီး မင်းကို ကလေးတစ်ယောက် ခေါ်ခိုင်းလိုက်ရင် ရတာပဲ''

ဟု ဘုကျကျ ပြန်ပြောလေ၏။ ကျွန်ုပ်ကလည်း –

''ဟုတ်ပါပြီ ဦးခွစာကြီးရယ်။ ကျွန်တော် တောင်းပန်ပါတယ်''

ဟု ခနဲ့တဲ့တဲ့ ပြောလိုက်ရာ –

''အေး ... အဲဒါတော့ မင်းပြောတာ တည့်သဟေ့ စာရေးဆရာရေ့။ တို့ကို လူတွေက ခွစာတွေလို့သဘောထားကြတာကွ။ ညက ရပ်ကွက်မှူးရုံးက အစည်းအဝေး လာဖိတ်တယ်။ ငါ့ကို လူကြီးဆိုပြီး ခေါင်းရင်းခန်းမှာ ထိုင်ခိုင်းတယ်ကွာ။ ပြီးတော့ သူတို့ပြောတာ နားထောင်ခိုင်းတယ်ကွာ။ ဘာမှအပြောမခံဘူး။ ကျွန်တော်တို့ အဆင်ပြေအောင် လုပ်လိုက်ပါ့မယ်တဲ့။ ကဲ ... ဘယ်လောက် ခွကျလိုက်တဲ့ လူတွေလဲလို့ကွာ''

ဟု ဒေါနှင့်မောနှင့် ပြောလေ၏။

''ဒီလိုရှိတယ် ဦးလေးရဲ့ ...။ လောကမှာ လူတွေက ဥပမာဗျာ ကျွန်တော်က အရက်မသောက်တတ်ဘူး။ ကျွန်တော် အရက်မသောက်သလို သူများအရက်သောက်တာကိုလည်း အားပေးအားမြှောက် မပြုဘူး။ အဲဒါကို ကျွန်တော်က လူမှုရေးမရှိဘူး၊ လူ့အလိုက်ကန်းဆိုး မသိဘူးဆိုရင်တော့ ရေစိမ်ပြီးသာပြောပေတော့ ဦးလေးရေ။ ပြောတဲ့သူသာ အအေးပတ်ပြီး သေချင်သေသွားမယ်၊ ကျွန်တော်ကတော့ ဂရုမစိုက်ရေးချ မစိုက်ပဲဗျ''

ဟု ကျွန်ုပ်ကပြောလိုက်ရာ –

''မှန်လိုက်လေ မောင်ရာ။ ခုခေတ်က အရက်သောက်မှ လူရာဝင်တယ်ထင်တဲ့ခေတ်ကွ။ တို့ဌာနဆိုင်ရာမှာ လုပ်ခဲ့တုန်းက ၊ ဆိုရင်လည်း သီတင်းကျွတ်တို့ ဘာတို့ လူကြီးကို လာကန်တော့တာ အကောင်းစား အရက်ပုလင်းပါတဲ့ခြင်းနဲ့ ခြင်းရဲ့တန်ဖိုးကို ပါတဲ့ အရက်အမျိုးအစားကို ကြည့်ပြီး တန်ဖိုးဖြတ်ကြတယ်။ ဘယ်လောက် သောက်သုံးမကျလိုက်တဲ့ လူတွေလဲကွာ။ သူတို့ကိုယ်သူတို့ ဗုဒ္ဓဘာသာပါလို့ အရက်မရှိလို့ ပြောနေကြတယ်။ ဘုရားက ငါးပါးသီလထဲမှာ တရားဝင်တားမြစ်ထားတဲ့ ဒီသေရည်သေရက်ဆိုတဲ့ ဟာကြီးနဲ့ လူကြီးကို သီတင်းကျွတ်မှာ ကန်တော့သတဲ့။ ခက်တာက အဲဒီလူကြီးဆိုတဲ့ လူကလည်း အရက်ပုလင်းလေးပါမှ ကြိုက်တာကိုကွ။ မခက်လားမောင်ရယ်''

ဟု ပြောလေ၏။

ဦးမြဘူးသည် စကားပြောရင်း မောသွားသည်ထင့် ရေနွေးအိုးကို ကောက်၍ ကိုင်လိုက်ရာ ရေနွေးမရှိဘဲ ဖြစ်နေသဖြင့် အိုးကိုပြန်၍ချလေ၏။ ကျွန်ုပ်က မောင်တိုအား လှမ်း၍ကြည့်လိုက်ရာ အကင်းပါးသော မောင်တိုက ရေနွေးဓာတ်ဘူးကို ယူလာပြီး ဖြည့်ပေးလေ၏။ ကျွန်ုပ်က –

''လက်ဖက်သုပ်လေး လုပ်ပါဦး''ဟု ပြောလိုက်ရာ မောင်တိုက ကျွန်တော်သုပ်နေပါပြီ ဦးလေးဟု ပြောကာ လက်ဖက်သုပ်ကို လာ၍ ချပေးလေ၏။ ကျွန်ုပ်သည် ဦးမြဘူးအား ရေနွေးကြမ်းကို ထည့်ပေးလိုက်ပြီး သောက်ပါဦး ဦးလေး၊ လက်ဖက်သုပ်ကလေးလည်း စားပါဦး''

ဟု လောကဝတ် ပြုလိုက်ရ၏။ ဦးမြဘူးက ရေနွေးကြမ်းကို တဖူးဖူး မှုတ်သောက်ကာ လက်ဖက်သုပ် တစ်ဖွန်းကို ခပ်စားလိုက်၏။

''ဟေ့ကောင် ... မောင်တို ဒီလက်ဖက်သုပ် မင်းသုပ်တာလား''

ဟု လှမ်းအော်၍ မေးလိုက်လေ၏။ မောင်တိုက –

''ဟုတ်ပါတယ် ဘကြီး။ ဘာဖြစ်လို့လဲ''

ဟု ပြန်၍မေးလိုက်ရာ ဦးမြဘူးက ကောင်းလို့ကွဟု တိုတိုတုတ်တုတ် ပြန်၍ဖြေလေ၏။ ကျွန်ုပ်သည် ဦးမြဘူး ရေနွေးကြမ်းသောက်ရင်း၊ လက်ဖက်သုပ်စားနေသည်ကို စောင့်ရင်း –

''ဒါနဲ့ ဦးလေးမြေးတွေလည်း တစ်ပတ်ပဲလာပြီး မလာတော့ပါလား''

ဟု မေးလိုက်ရာ –

''ခက်တယ်ကွာ စာရေးဆရာရယ်။ ဒီကလေးတွေကို သူ့မိဘတွေ ဖျက်ဆီးနေတာကွ။ ဘယ့်နှယ့်ကွာ ကလေးတွေကို နားချိန်ကို မပေးဘူး။ ကျောင်းကပြန်တော့ ကျူရှင်၊ ကျူရှင်ပြီးတော့ ကျူရှင်၊ ပိတ်ရက်ကျတော့လည်း ကျူရှင်၊ တစ်ကျူရှင်တည်း ကျူရှင်နေတာနဲ့ ငါလည်း အမြင်ကတ်ကတ်နဲ့ နင်တို့ကလေးကို ကျောင်းမထားဘဲ ကျူရှင်ပဲထားလိုက်ပါလားလို့ပြောလိုက်တော့ အဖေက ဘာသိလို့လဲတဲ့။ ကျောင်းက ဘာမှ ဟုတ်တိပတ်တိ သင်တာမဟုတ်ဘူးတဲ့။ ကျူရှင်ကမှ သေသေချာချာသင်တာတဲ့။ ကျောင်းမထားဘဲ စာမေးပွဲ ဖြေခွင့်ရရင် မထားပါဘူးတဲ့ကွာ''

ဟု ပြန်ပြောလေ၏။

''အဲဒါတော့ သူ့ခေတ်ကိုက ဒီအတိုင်းဖြစ်နေတော့တာကို ဦးလေးရဲ့။ သူငယ်တန်းကစပြီး ကျူရှင်ထားနေရတဲ့ခေတ်လေ''

ဟု ကျွန်ုပ်က ပြောလိုက်ရာ



www.burmeseclassic.com

www.burmeseclassic.com

ဦးမြဘူးက လွန်ကိုလွန်ပါတယ်ကွာဟု ပြောကာ လက်ဖက်သုပ် တစ်ဇွန်းကို ခပ်၍ စားလိုက်ပြန်လေ၏။ ထို့နောက် မောင်တိုအား "ဟဲ့ကောင် ငါဒီနေ့ ညစာ ဒီမှာစားမယ်ကွ၊ ရော့ပိုက်ဆံ" ဟု ဆိုကာ တစ်ထောင်တန်နှစ်ရွက် ထုတ်၍ပေးလေ၏။ ကျွန်ုပ်က -

"မဟုတ်တာ ...ဦးလေးရာ။ ပိုက်ဆံပေးစရာ မလိုပါဘူး။ ကျွန်တော် ကျွေးပါမယ်"

ဟု တောင်းပန်လိုက်ရာ -

"ဘာ မဟုတ်ရမှာလဲကွ၊ ငါကျွေးမယ်။ ရော့ ...ဟိတ်ကောင်လေး"ဟု ဆိုကာ မောင်တိုအား လှမ်း၍ ပေးလေ၏။

မောင်တိုက ကျွန်ုပ်အား လှမ်း၍ ကြည့်နေသဖြင့် ကျွန်ုပ်က ခေါင်းညိတ်ပြလိုက်ရလေ၏။ ဘာဟင်းစားချင်လဲ ဘကြီးဟု မောင်တိုက မေးလိုက်ရာ

"မင်းဟာမင်း ချက်ချင်တာချက်ကွ၊ မင်းလက်ရာ ငါအတော့်ကြိုက်တယ်။ ဟို ကြွေသီးဆိုတဲ့ သောက်ရူး ကိုလည်း တွေ့ရင် ထမင်းစားခေါ်ခဲ့ပါကွာ"

ဟု လှမ်း၍ မှာလိုက်သေး၏။ မောင်တိုသည် ဒီနေ့တစ်နေ့လုံး ဈေးသို့မရောက်သေးပေ။ ကျွန်ုပ်အရင်နေ့က ချက်ထားသော ဟင်းကျန်ဖြင့် မနက်စာကို စားလိုက်ရာ ဈေးမသွားသဖြင့် သူ၏ ကောင်မလေးနှင့် မတွေ့ရသေးဘဲ ရှိ၏။ အခုမှ အကွက်ဆိုက်သွားပြီ ဖြစ်သဖြင့် အိမ်ပေါ်မှ ကဆုန်စိုင်း၍ ပြေးဆင်းသွားလေတော့၏။

"ဒီလိုရှိတယ် စာရေးဆရာရဲ့။ ကျုပ်ဒီကိုလာခဲ့တဲ့ အဓိကအကြောင်းက တစ်မျိုးဗျ။ လိုရင်းမရောက်ဘဲ အခြားရောက်နေတာနဲ့ မပြောဖြစ်တော့တာ။ ကျုပ်ညက အိပ်မပျော်တာနဲ့ တောင်တွေး၊ မြောက်တွေး တွေးရင်း တစ်ခုသွားစဉ်းစားမိတယ်ဗျ။ ကျုပ်စိတ်ထဲမှာ မကျေလည်တာတော့ ကြာပြီ။ ဒါပေမယ့်လည်း ကိုယ့်အရာမဟုတ်ပါဘူးလို့ တွေးမိတာရယ်၊ ကိုယ်ပြောနေလို့လည်း ဘာမှ ဖြစ်လာမှာ မဟုတ်ပါဘူးဆိုတာရယ်၊ နောက်ပြီး ရှေးက တီထွင်ခဲ့တဲ့ ပညာရှင်ကြီးတွေကို စော်ကားသလို ဖြစ်မှာတို့ကြောင့်ရယ်၊ နောက်ဆုံး တစ်ချက်ကတော့ဗျာ ဒီအကြောင်းကို ကျုပ်နဲ့ ပြောဆိုဆွေးနွေးဖို့ လူမရှိတာဘဲဗျ။ ဒါပေမယ့်လည်း တစ်ဖက်က ပြန်တွေးပြန်တော့ မြန်မာစာသည် ကိုယ့်စာ၊ မြန်မာစကားသည် ကိုယ့်စကားဆိုတဲ့ စကားအရ ကျုပ်တို့နဲ့လည်း ဆိုင်တယ်လို့ မြင်လာပြန်တယ်။ အထိုက်အလျောက် ဝေဖန်ဆွေးနွေးပိုင်ခွင့်ရှိတယ်လို့ မြင်လို့ ကျုပ်အမြင်လေးကိုတော့ စာရေးဆရာကို ပြောပြချင်လို့ ထွက်လာခဲ့တာပဲ"

ဟု ရှည်လျားစွာ စကားပလ္လင်ခံ၍နေပေ၏။ ကျွန်ုပ်မှာ ဦးမြဘူး ဘာကို ဆိုလိုချင်သည်ကို မရိပ်မိသေးဘဲ ရှိရာ -

"ကျွန်တော့်ကို သည့်ထက်ရှင်းအောင် ပြောပါလား ဦးလေးဦးမြဘူးရယ်။ ကျွန်တော် ခုချိန်ထိ ဦးလေးဆိုလိုတာကို သဘောမပေါက်သေးဘူး ဖြစ်နေတယ်"

ဟု ပြောလိုက်မှ ဦးမြဘူးက-

"ဘယ်သဘောပေါက်မလဲ ...စာရေးဆရာရဲ့။ ကျုပ်က ဘာမှမပြောရသေးတဲ့ ဥစ္စာကို။ ကျုပ်ပြောချင်တာက ကျုပ်တို့ မြန်မာအက္ခရာမှာ ဗျည်း ၃၃လုံး ရှိတဲ့အနက် သံတူသံထပ် အက္ခရာတွေ ပါနေတာကို ပြောချင်တာဗျ။ ဥပမာဆိုပါတော့ ကတန်းမှာ ဂသံ နှစ်ခုဖြစ်နေတာ တစ်ခုဖြုတ်၊ စတန်းမှာ ဇသံနှစ်ခုဖြစ်နေတာကို တစ်ခုဖြုတ်၊ ဋတန်းကိုတော့ သူ့အောက်က တတန်းတစ်တန်းလုံးက အသံတူနေတော့ တစ်တန်းလုံး ဖြုတ်၊ တတန်းမှာ အသံတူနေတဲ့ ဒသံကို တစ်လုံးဖြုတ်၊ ပတန်းမှာ အသံ တူနေတဲ့ ဘသံကို တစ်လုံးဖြုတ်၊ ယတန်းမှာ အသံတူနေတဲ့ ရသံကို တစ်လုံးဖြုတ်၊ ဟတန်းမှာ အသံတူရှိနေတဲ့ ဠကိုဖြုတ်ပစ်ရင် အားလုံးပေါင်းမှ အက္ခရာ ၂၂ လုံးပဲရှိတယ်။ နောက်ပြီး တကယ်ကို လိုအပ်နေတဲ့ အင်္ဂလိပ်စာလုံး အာရ်လိုအသံမျိုးကို ရ-အက္ခရာမျိုးနဲ့ပြန်ဖြည့် ရင်ခေါင်းထဲကလာတဲ့ 'ဟင်'လိုအသံမျိုးကို အခြားအက္ခရာတစ်လုံး ပြန်ဖြည့်လိုက်ပါမှ အားလုံး အက္ခရာ ၂၄ လုံးပဲ ရှိမယ်။ ဤ၊ ၍၊ ဦ၊ ဣ၊ ဥ၊ ဧ၊ ဩတို့လို အဓိပ္ပာယ်ပြောင်းယူလို့မရတဲ့ အက္ခရာတွေကို သတ်သတ် ထားပေါ့။ ကဲ ...ဘယ်လောက် ကျစ်လျစ်သွားလိုက်မလဲ မင်းစဉ်းစားကြည့်စမ်း"

ဟု ပြောလေ၏။

"အဲဒါတော့ ဦးလေးရယ်။ ရှေးပညာရှိကြီးတွေက လိုအပ်လို့ တီထွင်ထားခဲ့ကြတာ ဖြစ်နိုင်ပါတယ်။ အသံထွက်ချင်း တူတယ်ဆိုပေမယ့် သုံးနှုန်းတဲ့နေရာမှာတော့ သူ့ဟာနဲ့သူ လိုက်လျောညီထွေဖြစ်မယ့် အက္ခရာကို သုံးခဲ့ကြတာတွေရှိနေတာ ဦးလေးလည်း အသိပဲဟာ။ ဥပမာ တင်းတောင်းဆိုတဲ့ စကားကို တသုံးသလို၊ နားဋောင်းဆိုတဲ့ စကားကျပြန်တော့ ဋသုံးထားတာ ကြည့်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com

ဟု ကျွန်ုပ် ရှင်းပြလိုက်ရာ ဦးမြဘူးက ဒေါသထွက်သွားပြီး –

"ဟိတ် ကောင် စာရေးဆရာမင်း အဲဒီလို ဆင်သွားရင် လမ်းဖြစ်ဆိုတဲ့ ပုံစံနဲ့ ငါ့ကို လာမပြောနဲ့ကွ။ မင်းတို့က ဘာနဲ့ အလားသဏ္ဍာန်တူသလဲဆိုတော့ တီဗီနှစ်လုံး ရှိတဲ့လူက တစ်လုံးကို အိမ်ရှေ့ဧည့်ခန်းမှာ ထားပြီး နောက်တစ်လုံးကိုတော့ အိမ်သာတက်ရင်းကြည့်ဖို့ အိမ်သာထဲမှာထားသလို ဖြစ်နေတယ်ကွ။ ငါဆိုလိုတာက အပိုရှိတော့လည်း ဇာချဲ့တဲ့ သဘောသို့ ဒပြောတာ။ ငါလေ့လာမိသလောက် အင်္ဂလိပ်အက္ခရာတွေမှာတော့ အဲဒီလို အပိုစကားတွေ သိပ်မပါလောက်ဘူး ၁င်တာပဲမောင်။ ဒါတောင် သရလို့ ခါတဲ့ အသံတွေ ငါထည့်မပြောသေးဉူးနော်။ မင်းဘယ်လို သဘောရ ၁လဲ ပြောစမ်းပါဦး"

ဟု သူပြောချင်ရာများကို စွတ် ငင်ပြီးမှ ကျွန်ုပ်အား သဘောထားကို ဘာင်းခံနေပြန်သေး၏။

"ကျွန်တော့်သဘောထားကို ပြာရရင်တော့ ဦးလေးရာ ဦးလေး ပြာတာမဆိုးပါဘူး၊ သဘာဝတော့ ျပါတယ်။ သို့ပေမယ့်လည်း ဦးလေး ၊ ကျွန်တော်တို့ အဆင့်တွေလောက် တော့ ဒီကိစ္စကြီးက အလှမ်းဝေး ဝေးနေပါတယ်။ သူ့ဟာနဲ့သူ ပုံမပျက် ၁လေးပဲ ပိုနေမြဲ ကျားနေမြဲက ပို ကာင်းမယ်ထင်တာပါပဲ"

ဟု ကျွန်ုပ်ကပြောလိုက်ရာ ဦးမြ ဘူးက –

"ကျုပ်အမြင် ပြောရရင်တော့ ခေတ်နဲ့လိုက်လျောညီထွေ ဖြစ်အောင် တော့ ပြုပြင်သင့်တယ် ထင်တာပဲ ကိုယ့်လူရေ။ နိုင်ငံခြားသားတွေ ဘာတွေက စိတ်ဝင်စားလို့ လေ့လာချင်တယ်ဆိုဦးတော့ ကိုယ့်စာပေက ရိုးရိုးရှင်းရှင်းနဲ့ လွယ်လွယ်ကူကူဆိုရင် ပိုပြီး စိတ်ဝင်စားနိုင်တာပေါ့ ဟုတ်ဘူးလား။ အခုတော့ဗျာ၊ ဌ ဘယ်ဘက်လှည့်လို့ လှည့်မှန်း မသိတဲ့လူတွေက အများသားလား။ နောက်ပြီး ဘယ်စာလုံးကို ဘယ်နေရာမှာ သုံးသင့်တယ်ဆိုတာလည်း လူတိုင်း မှန်အောင် သိတာ မဟုတ်ပါဘူးဗျာ။ လောကမှာက မြင်းစီးပြီး အထီးမှန်း၊ အမမှန်း မသိတဲ့ လူတွေ တယ်များတာပဲ'ဟု ပျစ်ပျစ်နှစ်နှစ် ဝေဖန်နေလေတော့၏။

ကျွန်ုပ်တို့ နှစ်ယောက်စကားကောင်းလျက်ရှိ၏။ စကားကောင်းသည်ဆိုသော်လည်း ဦးမြဘူးပြောသမျှကို ကျွန်ုပ်က နားထောင်နေရခြင်းသာလျှင်ဖြစ်၏။ ကျွန်ုပ်အနေဖြင့်မူ ဟုတ်ကဲ့၊ အင်းပေါ့၊ မှန်ပါတယ်၊ ဒါပေါ့ စသည့် စကားထောက်များလောက်သာ ပြောဖြစ်၏။ ကျွန်ုပ်တို့သည် မောင်တိုပြန်ရောက်လာသည်ကို သတိမထားလိုက်မိကြပေ။ ဟင်းနံ့များ မွှေးကြိုင်ထွက်လာမှ မောင်တို ချက်ပြုတ်နေပြီ ဖြစ်ကြောင်းကို သတိထားမိပေ၏။ ဗိုက်ထဲကလည်း ဆာသလိုလို ဖြစ်လာပေ၏။ ရေနွေးကြမ်းတစ်အိုးနှင့် လက်ဖက်တစ်ပန်းကန်လည်း ကုန်ပြီဖြစ်၏။

တပည့်ကျော်မောင်တိုမှာလည်း ချက်ပြုတ်ပြီးစီးပြီ ဖြစ်သဖြင့် ထမင်းဟင်းတို့ ခူးခပ်နေပြီဖြစ်၏။ ပြင်ဆင်ပြီးသွားသောအခါ ထမင်းစား၍ ရပြီဖြစ်ကြောင်း သတင်းပို့လေ၏။ ဦးမြဘူးက ဘာတွေချက်ထားသလဲကွ မောင်တိုရဟု မေးလိုက်ရာ မောင်တိုက –

"ဒီညနေ ဈေးမှာ ပုစွန်ကြော့ကြီးတွေ ဈေးပေါတာနဲ့ ဝယ်လာခဲ့တယ် ဘကြီး။ ပုစွန်ကို ခေါင်းပဲဖြုတ်ပြီး အခွံမချွတ်ဘဲ အကောင်မပျက်ကလေး ကြော်ထားတာ။ ဟင်းရည်သောက်က ကင်ပွန်းရွက် ချဉ်ရည်ဟင်း။ နောက် ပဲစောင်းလျားသီးကို ရေနွေးဖျော၊ တစောင်းလေးတွေလှီးပြီး ဆီချက်၊ ပဲမှုန့်၊ ပုစွန်ခြောက်မှုန့်၊ သံပုရာရည်ညှစ်ပြီး သုပ်ထားတာ ဘကြီးရဲ့။ စားကြည့်ပါဦး၊ သိပ်ကောင်းတယ်။ ဒါကတော့ ဈေးထဲက ဝယ်လာတာ ငါးပိထောင်း၊ တို့စရာအနေနဲ့ကတော့ သိပ်ထွေထွေထူးထူး မလုပ်တော့ပါဘူး။ ပဲတီချဉ်လေးပဲ ဝယ်လာလိုက်တယ်၊ စားပါဦး ဘကြီး။ ဦးလေးလည်း အားရပါးရ စားကြပါ။ ကျွန်တော် ရေမိုးချိုးလိုက်ဦးမယ်"

ဟု ဆိုကာ ထွက်သွားလေတော့၏။ ဦးမြဘူးက –

"နေပါဦး မောင်တိုရဲ့၊ ကြွေသီးရော"ဟု မေးလိုက်ရာ မောင်တိုက–

"ဦးကြွေသီးကို ကျွန်တော် ရှာပါတယ် ဘကြီး။ အသွားရော၊ အပြန်ရော ရှာတာ မတွေ့ဘူး။ သူ့မိန်းမ မပိုက်တင်ကို မေးတော့လည်း ဆိုက်ကားဂိတ်မှာ ရှိမှာပေါ့လို့ပဲ ပြောတယ်၊ ဒါပေမယ့် မရှိဘူး။ ကျွန်တော် မေ့သွားလို့ မပြောဖြစ်တာ"

ဟု ပြန်ဖြေလေ၏။

"ဒါဆိုလည်း ပြီးရောကွာ။ ငါ တော့ စားပြီဟေ့"

ဟု ဆိုကာ ပုစွန်ကြော်ပန်းကန် အား သူ့အနီးသို့ဆွဲကာ တစ်ဖွန်းခပ်၍ ထည့်လိုက်တော့၏။

*(ရှေ့လဆက်ရန်)*

**ပဒိုး**



www.burmeseclassic.com

www.burmeseclassic.com

# လယ်ပိုင်ရှင် ကျွတ်များအား
# သီးစားခပေးရသော လယ်သမားများ

■ လှစံ(ပညာရေး)

စာရေးသူသည် ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလဆန်းပိုင်းကွင် ပဲခူးတိုင်း၊ ကဝမြို့နယ်၊ ဖလေးစံပြကျေးရွာရှိ ဆွေမျိုးများထံ အလည်ရောက်ခဲ့ပါသည်။ အလည်သွားရောက်ရခြင်းမှာ မတွေ့ရသည်မှာ ကြာပြီဖြစ်သော ဆွေမျိုးများနှင့် တွေ့ဆုံရန်နှင့် ရှေးဟောင်းဘုရားတစ်ဆူဖြစ်သည့် ရှေးမြန်မာမင်းအဆက်ဆက်တို့ ကိုးကွယ်ခဲ့ကြသော ဖလေးကျေးရွာရှိ "ဆံတော်ရှင် ကျိုက်မတ်ကော်စေတီ" (ဖလေးဘုရားကြီး)ကိုလည်း ဖူးမြော်ကြည်ညိုလိုသော စိတ်ဆန္ဒပြင်းပြလှသောကြောင့် ဖြစ်ပါသည်။

ရှေးအခါက စည်ကားလှသော နေရာတစ်ခု ဖြစ်ဟန်တူပြီး နောက်ပိုင်းတွင် အကြောင်းအမျိုးမျိုးကြောင့် လူသူအရောက်အပေါက်နည်းကာ သွားလာရန်ခက်ခဲသောကြောင့် ဘုရားဖူးများ အရောက်အပေါက်နည်းပြီး ပြုပြင်သူကင်းမဲ့ခဲ့ရသည်။ စေတီတော်ပတ်ဝန်းကျင်တွင်လည်း သစ်ပင်၊ ဝါးပင်ကြီးများဖြင့် ပိတ်ဖုံးကာဆီးလျက်ရှိပြီး တောကောင်ကြီးများ၊ ဆင်ရိုင်းအုပ်များ ကျက်စားနေထိုင်သော နေရာဖြစ်ခဲ့သည်။ ယခုအခါတွင် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်သဖြင့် ထိုနေရာသည် အလွန်စည်ကားလျက် ရှိနေလေပြီ။ "ဖလေးစံပြကျေးရွာ" အဖြစ် မြို့နယ်ခွဲတစ်ခု၏ အင်္ဂါရပ်များနှင့်ပင် ပြည့်စုံကာ စံပြကျေးရွာကြီး ဖြစ်နေလေပြီ။ ဖလေးဘုရားကြီးမှာလည်း ပဋ္ဌာန်းမြားဆရာတော်ဘုရားကြီး ဦးသုန္ဒရ၏ ဦးဆောင်မှု၊ ခုနစ်ရက်သားသမီးများ၏ လှူဒါန်းမှုတို့ဖြင့် အကြီးစား ပြုပြင်ထိန်းသိမ်းမှုများကြောင့် အလွန်ပင် သပ္ပာယ်ကြည်ညိုဖွယ်ကောင်းသော "ဆံတော်ရှင် ကျိုက်မတ်ကော်စေတီတော်ကြီး" အဖြစ် ဝံ့ဝံ့ထည်ထည် စံပယ်နေပြီ ဖြစ်လေသည်။

စာရေးသူ ဖလေးစံပြကျေးရွာရှိ ဆွေမျိုးများအိမ်သို့ ရောက်ရှိပြီးနောက် ညနေ ၅ နာရီခန့်တွင် စာရေးသူတည်းခိုရာ နေအိမ်သို့ ရွာခံလူကြီးတစ်ဦး ရောက်ရှိလာသည်။ ထိုသူသည် ကျိုက်မတ်ကော်စေတီတော် (ဖလေးဘုရားကြီး)တွင် နှစ်ပေါင်းသုံးဆယ်ကျော် ဝေယျာဝစ္စလုပ်ကိုင်၊ ကုသိုလ်ယူ သာသနာပြုခဲ့သူ တစ်ဦးဖြစ်ပြီး လက်ရှိတွင် ဘုရားကြီး၏ ဂေါပကအဖွဲ့တွင် ဒုဥက္ကဋ္ဌတာဝန်ကို ထမ်းဆောင်နေသူ တစ်ဦးလည်းဖြစ်ကြောင်း သိရသည်။ အိမ်ရှင်ဖြစ်သူမှ -

"ဆရာစံ · · · ဒါကတော့ ဖလေးဘုရားကြီးရဲ့ လက်ရှိ ဂေါပကအဖွဲ့ ဒုဥက္ကဋ္ဌ ဆရာဦးမြင့်ထွန်း။ ဆရာဦးမြင့်ထွန်းရေ · · · ရန်ကုန်က အလည်လာတဲ့ ကျွန်တော့်ညော်သည် စာရေးဆရာ လှစံ(ပညာရေး)ဆိုတာပဲ"

ဟုမိတ်ဆက်ပေးပါသည်။

ထိုအခါ စာရေးသူကလည်း ဖလေးဘုရားကြီးနှင့် ပတ်သက်၍ သိလိုသော အကြောင်းအရာများကို မေးမြန်းခဲ့သည်။ ဆရာဦးမြင့်ထွန်းမှလည်း စာရေးသူ သိလိုသမျှကို စိတ်ရှည်ရှည်ဖြင့် ဖြေကြားပေးခဲ့သည့်အပြင် အိမ်သို့တစ်ခေါက်ပြန်၍ "ဆံတော်ရှင် ကျိုက်မတ်ကော် စေတီတော်သမိုင်း" စာအုပ်ကို ပြန်ယူကာ စာရေးသူအား လက်ဆောင်ပေးခဲ့သည်။ ထို့ကြောင့်လည်း ဆရာဦးမြင့်ထွန်းအား အထူးကျေးဇူးတင်ရှိခဲ့ရလေသည်။

"အရင်ကဆို ဒီစေတီတစ်ဝိုက်မှာ တောကလည်းနက်၊ သားရဲတိရစ္ဆာန်တွေကလည်းပေါဆိုတော့ မသွားမလာရဲကြဘူး။ စေတီတော်ပတ်ဝန်းကျင်မှာလည်း ပရလောကသားတွေ၊ ဥစ္စာစောင့်သိုက်နန်းရှင်တွေ၊ ဘီလူးတွေ၊ ယက္ခတွေ ရှိကြတယ်လို့ ယုံကြည်ကြတယ်"



www.burmeseclassic.com

www.burmeseclassic.com

ဟုပြောသဖြင့် စာရေးသူမှာ ကျတ်ကုန်းနှင့် ကျတ်တစ္ဆေအကြောင်း ကိုပြောပြရန် တောင်းဆိုခဲ့သည်။ ဆရာဦးမြင့်ထွန်းမှ ကျတ်တစ္ဆေများအကြောင်း ကို ၎င်းသိရှိသမျှ ပြောပြခဲ့လေသည်။

ကျတ်တစ္ဆေများသည် ကမ္ဘောဇ်ဒ္ဒိ ရှိကြသည့်အတွက် တစ်ခါတစ်ရံ လူ့အသွင်ကိုယူ၍ လူယောင်ဆောင်တတ်ကြသည်။ တစ်ခါကလည်း ညအချိန်မတော် နွားလှည်းတစ်စီးဖြင့် အမျိုးသမီးတစ်ယောက်၊ အမျိုးသားကြီးနှစ်ယောက်တို့က ၎င်းတို့၏ဖခင်၊ နေမကောင်းဖြစ်၍ ဆေးကုသပေးရန် ရွာမှ ဆေးဆရာကြီးကို လာပင့်သည်။ ဆရာကြီးကလည်း စေတနာပါပါဖြင့် လိုက်သွားခဲ့သည်။ ဆေးလွယ်အိတ်ကို လွယ်၍ လိုက်သွားရာ အဖော်ပင်ခေါ် မသွားခဲ့။

ထို့နောက် ရွာတစ်ရွာသို့ ရောက်သွားပြီး လူနာကို ဆေးကုပေးရသည်။ ဆေးကုပြီး ထိုလူများက ဆေးဆရာကြီးကို ညှော်ခံကျွေးမွေးရာ ဆရာကြီးက စားသောက်ပြီး အိပ်ပျော်သွားခဲ့သည်။ နံနက်လင်း၍ အိပ်ရာမှနိုးသောအခါ မိမိအိပ်နေသော နေရာသည် ညက ဆေးကုခဲ့သော အိမ်မဟုတ်ဘဲ သင်္ချိုင်းပေါင်းနေရာတစ်ခု ဖြစ်နေသည်ကို တွေ့ရသည်။ ထိုကဲ့သို့ ဆေးဆရာလာပင့်ခြင်း၊ အလှူအတွက် ဆိုင်းဝိုင်းလာငှားခြင်း၊ အသံချဲ့စက်လာငှားခြင်း၊ အောက်လင်းဓာတ်မီး လာငှားခြင်းတို့မှာ စာရေးသူတို့ ကြားဖူးသိဖူးနေသော အကြောင်းအရာများပင် ဖြစ်သည်။

သို့သော် စာရေးသူ မကြားဖူးသေးသော "လယ်ပိုင်ရှင် ကျတ်တစ္ဆေ" များအကြောင်းကိုလည်း ဆရာဦးမြင့်ထွန်းက သူ၏ကိုယ်တွေ့ အဖြစ်အပျက်အဖြစ် ပြောပြခဲ့သည်။

ဆရာဦးမြင့်ထွန်း၏ မိတ်ဆွေ အခြားရွာမှ ကိုကျော်ငွေး (အမည်လွှဲ) သည် ဤဒေသသို့ ပြောင်းရွှေ့လာခဲ့သည်။ ကျတ်ကုန်းဟု ခေါ်ကြသော ကုန်းအနီးရှိ မြေရိုင်းများကို ရှင်းလင်း၍ လယ်ယာလုပ်ငန်း လုပ်ကိုင်ရန် လယ်တည်ကြသည်။ "လယ်လုပ်မခက်၊ လယ်တည်ခက်"ဆိုသည့် စကားအတိုင်း မိသားစုတို့ ပင်ပင်ပန်းပန်း ကြိုးစားဆောင်ရွက်ခဲ့ရာ လေးကေနီးပါးမျှ လယ်လုပ်ကွက်တစ်ခု ရရှိခဲ့ကြသည်။ မြေရိုင်းဖြစ်သော်လည်း ကိုကျော်ငွေး၏ လုံ့လဝီရိယနှင့် အလုပ်ကြိုးစားမှုတို့ကြောင့် ထိုနှစ်မှာပင် စပါးအထွက်ကောင်းခဲ့သည်။ မိသားစုအားလုံး ပျော်တပြုံးပြုံး။ သို့သော် ထိုပျော်ရွှင်မှုကား တာရှည်မခံခဲ့။ တစ်ပတ်မျှအကြာတွင် အလွန်ခိုင်း၍ကောင်းလှသော သန်မာလှသည့် ခိုင်းနွားကြီးတစ်ကောင် သေဆုံးသွားခဲ့သည်။ နောက်တစ်ပတ်အကြာတွင် နောက်ထပ် ခိုင်းနွားကြီးတစ်ကောင် ထပ်မံသေဆုံးခဲ့ပြန်သည်။ ထိုအချိန်အထိ ကိုကျော်ငွေးမှာ မိမိ၏ နွားကြီးများ ရောဂါကြောင့် သေဆုံးခဲ့ရသည်ဟု ထင်နေခဲ့သည်။

ကိုကျော်ငွေးတို့ တဲကလေးသည် ထိုလယ်ကွက်အနီးတွင် ဆောက်လုပ်နေထိုင်ကြခြင်း ဖြစ်သည်။ တစ်ညတွင် ဇနီးဖြစ်သူ မညိုက -

"ကိုကျော်ငွေး . . . နွားခြံနားမှာ လူရိပ်တွေ့ကယ်။ ထကြည့်ပါဦး"


ဟုပြောသဖြင့် ကိုကျော်ငွေး ကပျာကယာထ၍ ဖားအုပ်ဆောင်း (မီးအုပ်ဆောင်း)မီးကို ထွန်းပြီး အပြင်ကို ထွက်ကြည့်လိုက်သည်။ ခပ်ဝေးဝေးတွင် လူရိပ်ဟုထင်ရသော အရိပ်သုံးခုသည် ကျတ်ကုန်းဘက်ဆီသို့ တရွေ့ရွေ့ သွားနေသည်ကို လရောင်ရေးရေးဖြင့် မြင်တွေ့နေရသည်။ ကိုကျော်ငွေး တစ်ယောက် အိပ်၍မရတော့။ မိမိအား မလိုသူများက နွားခြံအတွင်း ဝင်ရောက်ပြီး နွားများကို အဆိပ်ကျွေး၍ သတ်သည်ဟု အထင်ရှိလာ၍ သုံးရက်မျှ မအိပ်ဘဲစောင့်ကြည့်နေမိသည်။ လေးရက်မြောက်နေ့တွင် နောက်ထပ်နွားတစ်ကောင် ထပ်၍ဒဏ်ရာမရှိဘဲ သေပြန်သည်။ ထိုအခါ ဒေါသစိတ်ကို မထိန်းနိုင်ဘဲ ကိုကျော်ငွေးတစ်ယောက် အိမ်ပြင်သို့ထွက်၍ ညစ်ညမ်းစွာဆဲရေးတိုင်းထွာမိသည်။ နောက်တစ်ပတ်တွင် ၎င်း၏သားငယ် ငါးနှစ်အရွယ် မောင်လူလှမှာ အိပ်ရာထဲတွင် သေဆုံးနေသည်ကို တွေ့လိုက်ရပြန်သည်။

ဤကဲ့သို့ ဆိုးဝါးလှသော အဖြစ်အပျက်များကြောင့် ကိုကျော်ငွေးမှာ ထိုကိစ္စသည် သာမန်မဟုတ်။ ပရောဂတစ်ခုခုကြောင့်ဟု ထင်မိသည်။ ထို့ကြောင့်လည်း ကျိုက်မတ်ကော် ဆံတော်ရှင်စေတီတော်ကြီးကို ပြုပြင်မွမ်းမံပြင်ဆင်ပေးသော ဆရာတော်ဦးသုန္ဒရ (ပတ္တမြားဆရာတော်ကြီး)ထံ သွားရောက်ပြီး အကျိုးအကြောင်းကို ပြောပြလျှောက်ထားသည်။ မိမိတို့မိသားစုအား ဆရာတော်ဘုရားကြီးမှ ကယ်ဆယ်



www.burmeseclassic.com

www.burmeseclassic.com



ကျတ်တစ္ဆေများအတွက် စပါးကျီ

ဆောင့်ရှောက်ပေးပါရန်လည်း လျှောက်ထားတောင်းပန်လေသည်။ ထိုအခါ ဆရာတော်က အတန်ကြာဘုရားခန်းအတွင်းသို့ဝင်၍ ဘုရားရှိခိုး၊ ပုတီးစိပ်ပြီး ပြန်ထွက်လာကာ -

"မောင်ကျော်ဌေး . . .မင်းတို့မိသားစုလုပ်ကိုင်နေတဲ့ လယ်မြေမှာ လယ်ပိုင်ရှင်ရှိတယ်။ သူ့လယ်မှာ ဝင်လုပ်ပြီး စပါးထွက်ချိန်ရောက်ရင် လယ်ပိုင်ရှင်ကို သီးစားခ စပါးပေးရတယ်။ တစ်ဝက်ကို ငါးတင်းပေးရမယ်။ သူက လယ်လေးကေဆိုရင် စပါးတင်းနှစ်ဆယ် ပေးရတာမျိုးပေါ့။ အဲဒီလို မင်းပေးရဲ့လား"

"တပည့်တော်တို့ လယ်ပိုင်ရှင်က ဘယ်သူပါလဲဘုရား။ ဒီနေရာမှာ တပည့်တော်တို့ မိသားစုကိုယ်တိုင် မြေရိုင်းကို ခုတ်ထွင်ရှင်းလင်းပြီး လယ်လုပ်ခဲ့တာပဲ။ လယ်ပိုင်ရှင်က တပည့်တော်ပေါ့"

ဟုပြန်လည် လျှောက်ထားသဖြင့် ဆရာတော်ကြီးက -

"မောင်ရင်က တစ်နယ်တစ်ကျေးက ပြောင်းလာပြီး ဒီမှာလယ်လာလုပ်တယ်ဆိုတော့ ဒါတွေကို ဘယ်သိမလဲ။ ဟိုဘက်နားမှာ ကျတ်ကုန်းဆိုတာရှိတယ်။ မောင်ရင်ရဲ့ လယ်မြေနေရာဟာ အဲဒီကျတ်ကုန်းက ကျတ်တစ္ဆေတွေပိုင်တဲ့ နေရာဖြစ်လိမ့်မယ်။ ဒါကြောင့် သူတို့ပိုင်တဲ့ မြေနေရာမှာ လယ်လုပ်ပြီး လယ်ပိုင်ရှင်ကို သီးစားခ မပေးတဲ့အတွက် မောင်ရင့်ကို ဒဏ်ခတ်ကြတာဖြစ်မှာပေါ့"

"အရှင်ဘုရား…တပည့်တော်က သူတို့ကို ဘယ်လို သီးစားခပေးရမှာလဲဘုရား။ သူတို့က အကောင်အထည်လည်း မရှိဘဲနဲ့ ဘယ်လိုယူကြမှာလဲ"

"အေး . . .သီးစားခ ပေးပုံပေးနည်းကို ရွာက ရှေ့ကြီးသူမတွေကိုသာ မေးကြည့်ပေတော့။ သူတို့က လယ်ပိုင်ရှင်တွေဆိုတော့ သီးစားခ လိုချင်ကြပေမယ်ပေါ့ကွာ"

ဟု ဆရာတော်က မိန့်ကြားလိုက်လေသည်။

ထို့ကြောင့် ကိုကျော်ဌေးမှာ ရွာသို့ပြန်ပြီး ရွာမှအသက် ၈၀ ကျော်အရွယ်ရှိ ဘကြီးလှကို မေးရလေတော့သည်။ ထိုအခါ ဘကြီးလှက -

"ဟုတ်တယ်…မောင်ကျော်ဌေး ဒီနားက လယ်မြေတော်တော်များများကို ကျတ်တစ္ဆေတွေက ပိုင်ကြတယ်။ သူတို့ကို လယ်ပိုင်ရှင်တွေလို့လည်း လယ်သမားတွေက ယုံကြည်နေကြတယ်။ ဒါကြောင့်လည်း နှစ်စဉ် သီးစားခစပါးကို ခြင်တွယ်ပြီး ပေးကြရတယ်။ အဲဒီလို မပေးဘူး မယုံဘူးဆိုတဲ့ လူတွေဟာ ဒုက္ခရောက်ရတာပဲ။ ဒါကြောင့် နှစ်စဉ်မပျက် ပေးနေကြရတယ်"

"ဒါဆိုလည်း သီးစားခပေးပုံပေးနည်းလေး ကျွန်တော့်ကို ပြောပြပါဦး"

"လွယ်ပါတယ်ကွာ။ မင်းရဲ့လယ်ထဲ ကုန်းပြောင်ပြောင်နေရာလေးတစ်ခုမှာ စတိုသဘောမျိုး စပါးကျီသေးသေးလေးတစ်ခုကို ကျူရိုး၊ ကျူတိုင်ကလေးတွေ၊ ဒါမှမဟုတ် ဝါးကိုင်းကလေးတွေနဲ့ ဆောက်ပြီး ခနီဖက်ကလေးနဲ့ အမိုးအကာလေးလုပ်ပေးပေါ့။ ပြီးတော့မှ ကထာန်းခွံ (လယ်ပုစွန်လုံးအခွံ)ကလေးတစ်ခုကိုလည်း ဆောင်ထား။ စပါးလည်း ယူထား။ ဒါတွေပြီးတော့မှ -

"ဤလယ်ကိုပိုင်ဆိုင်သော လယ်ပိုင်ရှင်ကျတ်များခင်ဗျား…ကျွန်တော် မောင်ကျော်ဌေး ယခုနှစ်အတွက် သီးစားခစပါးကို ပေးပါတော့မည်။ လာရောက်လက်ခံကြပါ ခင်ဗျားလို့ ဖိတ်ခေါ်ပြီး ကထာန်းခွံကလေး တစ်ခွံကို တစ်



www.burmeseclassic.com

www.burmeseclassic.com

## ကျွတ်တစ္ဆေများပိုင် လယ်မြေများ



တင်းနွန်းနဲ့ ကိုယ်ပေးရမယ့် သီးစားခ က တင်းငါးဆယ်ဆိုရင် စပါးကိုဂဏန်း ခွံနဲ့ အကြိမ်ငါးဆယ်ခတ်ပြီး မင်း ဆောက်ထားတဲ့ သူတို့အတွက် စပါး ကျီထဲကို ထည့်ပေးလိုက်ပါ။ ဒါဆို မင်း တာဝန်ကျေပြီပေါ့။ မင်းတို့မိသားစု လည်း ဘေးအန္တရာယ်ကင်းပြီပေါ့"

ဟူ၍ ဘကြီးလုက စိတ်ရှည်ရှည် ရှင်းပြခဲ့သည်။ ထို့နောက်တွင် မောင် ကျော်ငွေးတစ်ယောက် ၎င်း၏လယ် အနီး ကွက်လပ်တစ်ခုတွင် ထိုအတိုင်း လုပ်ဆောင်ခဲ့သည်။ နောက်နေ့ နံနက် စောစောထ၍ ထိုနေရာသို့ သွားကြည့် ရာ စပါးကျီထဲတွင် စပါးစေ့ တစ်စေ့မျှ ပင် မရှိတော့။ မနေ့က ကဏန်းခွံနှင့် ချိန်ထည့်ခဲ့သော စပါးများ ဘယ်ရောက် သွားမှန်းမသိ။ ပို၍ ထူးဆန်းသည်မှာ ကျွတ်ကုန်းဘက်သို့ သွားထားသော ခြေရာများနှင့် လူသွားလမ်းကလေး တစ်ခု ဖြစ်ပေါ်နေသည်ကို ထင်ထင် ရှားရှားတွေ့လိုက်ရသည်။ ထိုအကြောင်း ကို ဘကြီးလုအား ပြောပြသောအခါ

"ကျွတ်တွေကို မောင်ကျော်ငွေး က ကောင်းကောင်းမွန်မွန် ဆက်ဆံ မယ်ဆိုရင် သူတို့ကလည်း လူကိုအကူ အညီပြန်ပေးတတ်ကြတယ်။ အဘမိတ် ဆွေ လယ်သမားတစ်ယောက်ဆိုရင် သူ့ယာတောမှာရှိတဲ့ ကျွတ်တစ္ဆေတွေ ကို သူတို့ကြိုက်နှစ်သက်မယ်ထင်တဲ့ အစားအစာတွေကျွေးတယ်။ လေးလေး စားစားနဲ့ ဆက်ဆံပြောဆိုတယ်။ သူ့ လယ်တွေကိုလည်း စောင့်ရှောက်ပေး ဖို့ မေတ္တာရပ်ခံတယ်။ သီးနှံပေါ်ချိန်မှာ တခြားယာခင်းရှင်တွေက ယာခင်းထဲ မှာ လူကိုယ်တိုင်လာနေပြီး ယာခင်း စောင့်ကြပေမယ့် သူခိုး၊ သူဝှက်နဲ့ တောဝက်အန္တရာယ်တွေကို အနည်းနဲ့ အများ ကြုံရတာပဲ။ ကျွတ်တွေကို အပ် ထားတဲ့ သူ့ယာခင်းမှာတော့ လူကိုယ် တိုင်လာပြီး မစောင့်တာတောင် သူခိုး၊ သူဝှက်နဲ့ တိရစ္ဆာန်တွေရဲ့ အန္တရာယ် ကင်းခဲ့တယ်။ လယ်သမားအများစုက တော့ ဘေးအန္တရာယ်တွေ ကင်းစေဖို့ လယ်ပိုင်ရှင်ကျွတ်တွေကို အကူအညီ တောင်းကြတယ်။ သီးစားခလည်း နှစ် စဉ်မပျက်ပေးကြတယ်။ ဒေါ့လေ... သူတို့ကို ပေးရတဲ့စပါးကလည်း အများ ကြီးမှ မဟုတ်တဲ။ စတိသဘောမျိုးသာ ဖြစ်၍ ဘာမှမထိခိုက်နိုင်ဘူးလေ"

ဟု ဆိုကာ လယ်ပိုင်ရှင်ကျွတ် များအကြောင်းကို ပြောပြခဲ့သည်။ လယ် သမား ကိုကျော်ငွေးမှာလည်း ထိုလယ် မြေကို လုပ်ကိုင်ရင်း ကျွတ်တစ္ဆေများ နှင့် သင့်တင့်အောင် ပေါင်းသင်းဆက် ဆံခဲ့သဖြင့် ကြီးပွားတိုးတက်သွား ကြောင်း သိရှိခဲ့ရသည်။ အချို့သော လု ကြီးသူမများကလည်း ယခင်ကဆိုလျှင် လပြည့်လကွယ် ညများတွင် ထိုကျွတ် ကုန်းဆီမှ စပါးမောင်းထောင်းသံများ သီချင်းဆိုသံများ၊ ကလေးငိုသံများ၊ ရယ် မောသံများကို ကြားရတတ်ကြောင်း ဖလေးရွာသူ၊ ရွာသားများထံမှ စာရေး သူ သိရှိခဲ့ရလေသည်။

ယင်းအဖြစ်အပျက်များသည် ယခင် လွန်ခဲ့သောနှစ်များစွာက ဖြစ် ပျက်ခဲ့ခြင်း ဖြစ်သော်လည်း ယခုအခါ ထိုနေရာဒေသရှိ ပရလောကသားများ သည် "ပတ္တမြားဆရာတော်ဘုရားကြီး ဦးသုန္ဒရ"၏ မေတ္တာဓာတ်ကြောင့် ကျွတ်လွတ်ကုန်ကြပြီ ဖြစ်ကြောင်း ဆံတော်ရှင် ကျိုက်မတ်ကော်စေ တော်မြတ်(ဖလေးဘုရားကြီး) ထီးတော် တင်လှူပွဲတွင် ဝင်ရောက်ပူးကပ် ပြော ဆိုခဲ့ကြကြောင်း သိရှိခဲ့ရလေသည်။

ဥပမ်ရန်သေး ကင်းဝေးကြပါစေ

လုစံ(ပညာရေး



www.burmeseclassic.com

www.burmeseclassic.com

# ဓာတ်ရိုက်ယတြာ ရှေးပညာ

❖ ဓနုနီးဖွံ့ဓွနီး ❖

"ဟော…မောင်သန်းဇော်ရောက်နေတာ ကြာများနေပြီလား"

ကျွန်ုပ်သည် ရပ်ကွက်အတွင်းမှ နာရေးအိမ်တစ်အိမ်သို့ သွားရောက်ရာ၌အချိန်ဆိုပါလျှင် မောင်သန်းဇော် တစ်ယောက် အိမ်သို့ရောက်ပြီး ကျွန်ုပ်အား စောင့်နေလိမ့်မည်ကို သိပါသောကြောင့် နာရေးအိမ်မှ နှုတ်ဆက်စကားပြောဆိုကာ အိမ်သို့ပြန်လာခဲ့လေ၏။ ကျွန်ုပ်ထင်သည့်အတိုင်းပင် မောင်သန်းဇော်သည် အိမ်သို့ရောက်ရှိနေကြောင်း တွေ့ရှိရလေ၏။

"သိပ်မကြာသေးပါဘူး အစ်ကို။ နှစ်နာရီလောက်တော့ ရှိသွားပါပြီ။ မတတ်နိုင်ဘူးလေ။ ကိုယ်က သိချင်၊ လေ့လာချင်တဲ့သူဆိုတော့ စောင့်ရတာပေါ့"

"အစ်ကိုလည်း မောင်သန်းဇော်ရောက်နေမယ်မှန်းသိလို့ ပြန်ဖို့ ဖင်တကြွကြွပဲ။ စကားလေးတွေကလည်း မပြတ်တော့ ပြန်လို့မရဘူး။ အခုတောင် စကားဝိုင်းထဲကနေ ရအောင် မနည်းဖြတ်ပြီး ထွက်လာခဲ့ရတာ။ အစ်ကိုပြန်လာတာ နောက်ကျရင်လည်း ပြန်ရောပေါ့။ ဘာဖြစ်လို့ စောင့်နေရတာလဲ။ အားနာစရာကြီး။ နောက်နေ့တွေမှာ ဆုံတွေ့လို့ ရနေတာပဲဟာ"

"အစ်ကိုပဲ ပြောထားတာယ်မဟုတ်လား။ နောက်ကျတာ ဘယ်တော့မှ မကောင်းဘူး။ နောက်ကျတာဆိုရင် သေတာဓာတ်ခုကလွဲရင် ဘယ်ဟာမှ မကောင်းဘူးဆို။ ဒါကြောင့်မို့ အစ်ကို ညသန်းခေါင်မှ ပြန်လာမယ်ဆိုရင်တောင် ညသန်းခေါင်အထိ မောင်သန်းဇော်တို့က ထိုင်စောင့်နေဦးမှာပဲ။ ကွေးသောလက် မဆန့်ခင်ဆိုတဲ့စကားလည်း ရှိတယ်လေ"

"ကိုယ့်စကားနဲ့ကိုယ်ပဲ ဆိုတော့ ဟုတ်ပါတယ်။ အချိန်ကမနည်းတော့ဘူးဆိုတော့ ဆွေးနွေးတာလေးကို တက်သုတ်နှင်ပြီး ဆွေးနွေးလိုက်ကြတာပေါ့။ မနေ့တုန်းက ဆွေးနွေးခဲ့ကြတာကို အစပြန်ကောက်ရအောင်"

"ဓာတ်ခိုက်တဲ့အကြောင်း ဆွေးနွေးခဲ့ကြတာပါ"

"သြော်…အင်း အဲဒီကနေစကားဆက်ကြမယ်။ ဓာတ်ခိုက်တယ်ဆိုတဲ့သဘောတရားက ဘာလဲ…မောင်သန်းဇော်"

"ဓာတ်ခိုက်တယ်ဆိုတာ ဓာတ်ဆင်ဓာတ်ရိုက်တဲ့နေရာမှာ ချွတ်ယွင်းမှုကြောင့် မိမိကို ပြန်လည်ထိခိုက်စေတာပါ"

"ဟုတ်တယ်။ ဓာတ်ရိုက်တဲ့အခါ ချွတ်ယွင်းမယ်ဆိုရင် ကိုယ့်ကိုပြန်ထိခိုက်စေတယ်။ ဓာတ်ရိုက်တဲ့အခါမှာ သေချာစည်းစနစ်တကျ ဥပဒေနည်းလမ်းအတိုင်း ပြုလုပ်မယ်ဆိုရင်တော့ ဓာတ်ခိုက်စရာအကြောင်းမရှိပါဘူး။ ဇော်ရာကိစ္စ အောင်မြင်ပြီးစီးရမှာ အမှန်ပါပဲ။ ပြီးစလွယ်မလုပ်မိဖို့တော့ အရေးကြီးတယ်။ စနစ်တကျနဲ့ ဓာတ်ရိုက်ဓာတ်ဆင်ပေမယ့်လည်း ဓာတ်ရိုက်တဲ့အချိန်ဟာ ရန်ဓာတ်အခါမဖြစ်ဖို့ လိုသေးတယ်"

"ရန်ဓာတ်အခါမှာ ရိုက်မိရင် ဘာဖြစ်တတ်သလဲအစ်ကို"

"ဓာတ်ရိုက်ဓာတ်ဆင်တာ မလွဲမှားပေမယ့် ရန်ဓာတ်အခါမှာ ဓာတ်ရိုက်ဓာတ်ဆင်လုပ်မိရင် ဓာတ်ရိုက်ဓာတ်ဆင်လွဲမှားလို့ ခိုက်သလိုမျိုးပဲ မိမိကို ပြန်လည်ထိခိုက်စေတတ်ပါတယ်"

"ဘယ်လိုမျိုး ခိုက်စေတာတဲ့လဲ"

"အစ်ကိုသိသလောက် ပြောရမယ်ဆိုရင် တနင်္ဂနွေနေ့သား/သမီးအတွက်ပဲဖြစ်ဖြစ်၊ တနင်္ဂနွေနံပစ္စည်းတစ်ခုခုအတွက်ပဲဖြစ်ဖြစ် လိုရာအကျိုးဆန္ဒကိစ္စ ပြီးမြောက်စေဖို့ ဓာတ်ရိုက်ဓာတ်ဆင်လုပ်တယ်ဆိုပါတော့။ ဒါမှမဟုတ်ရင်လည်း တနင်္ဂနွေနံဓာတ်ပစ္စည်းနဲ့ ဓာတ်ရိုက်ဓာတ်ဆင် လုပ်



www.burmeseclassic.com

www.burmeseclassic.com

တယ်ဆိုပါတော့။ အဲ့ဒီအခါမှာ အစီအရင်တစ်ခုခု လွဲမှားချွတ်ချော်မှုရှိမယ်။ အခါကိုမစိစစ်မိဘဲ ရန်ဓာတ်အခါမှာ ပြုလုပ်စီရင်မိတဲ့အခါမျိုးမှာ ဓာတ်ခိုက်ခြင်းကိုဖြစ်စေတယ်။ အဲ့ဒီလို ဓာတ်ခိုက်ရင် ဘာဖြစ်တတ်သလဲဆိုတော့ တနင်္ဂနွေနံရဲ့ ပရိယာယ်အရ အဖေ၊ ဖခင်နဲ့တူသောသူ၊ အိမ်သားမိသားစုထဲက အုပ်ထိန်းသူကို သွားပြီးထိခိုက်တော့တာပဲ"

"အဲ့ဒီလိုမှ မဟုတ်ရင်လည်း မိသားစုထဲက တနင်္ဂနွေသားရှိနေရင် အဲ့ဒီတနင်္ဂနွေသားကို သွားပြီးထိခိုက်စေတယ်။ အစ်ကိုပြောတာ သဘောပေါက်ရဲ့လား။ သဘောပေါက်တယ်ဆိုရင် အစ်ကို့ကို ပြန်ပြောပြပါဦး"

"တနင်္ဂနွေနံနဲ့ ပတ်သက်ပြီး တနင်္ဂနွေသား၊ တနင်္ဂနွေပစ္စည်း၊ တနင်္ဂနွေနံနဲ့ သက်ဆိုင်တဲ့ကိစ္စတွေအတွက် ဓာတ်ရိုက်ဓာတ်ဆင်လုပ်တဲ့အခါ အစီအရင်ချွတ်ယွင်းခဲ့ရင်၊ ရန်ဓာတ်အခါမှာ စီရင်မိရင် မိမိရဲ့ဖခင်၊ အိမ်ထောင်ဦးစီးကို ခိုက်တတ်တယ်။ ဒါမှမဟုတ်ရင်လည်း မိမိရဲ့ အိမ်သားထဲက တနင်္ဂနွေသားသမီးကို ပြန်ခိုက်တတ်တယ်"

"ဟုတ်ပါတယ်။ အဲ့ဒီသဘောသွားအရဆိုရင် တနင်္လာနံနဲ့ပတ်သက်ပြီး ဓာတ်ရိုက်ဓာတ်ဆင်လုပ်တဲ့အခါ ဓာတ်ဆင်တာလွဲမှားခဲ့ရင် ဘယ်လိုဓာတ်ခိုက်သလဲဆိုတာ မောင်သန်းဇော် ပြန်တွေးဆင်ခြင်ပြီး ဆွေးနွေးပေးပါဦး"

"ဟုတ်ကဲ့ပါအစ်ကို။ တနင်္လာနံနဲ့ ပတ်သက်ပြီး အစီအရင်လုပ်တဲ့အခါ အစီအရင် လွဲမှားလို့ရှိရင် တနင်္လာခိုက်တယ်လို့ ဆိုရပါမယ်။ မိသားစုပရိယာယ်အရ တနင်္လာဟာ မိခင်ဆိုတော့ မိခင်ကို ဓာတ်ခိုက်စေမှာဖြစ်ပါတယ်"

"ဟုတ်ပါပြီ။ ဂြိုဟ်နံခုနစ်ခုစလုံးနဲ့ပတ်သက်ပြီး ဓာတ်ရိုက်ဓာတ်ဆင်လွဲမှားရင် မိမိအား ဘယ်လိုပြန်ခိုက်စေသလဲဆိုတာ အနှစ်ချုပ်ပြီး ရှင်းလင်းပေးပါဦး"

"ဓာတ်ရိုက်ဓာတ်ဆင် လွဲမှားရင် မိမိကို ပြန်လည်ဓာတ်ခိုက်တတ်တယ်။ ဓာတ်ခိုက်တတ်ပုံကတော့ -

(၁) တနင်္ဂနွေခိုက်ရင် ဖခင်ကို၊ (၂) တနင်္လာခိုက်ရင် မိခင်ကို၊ (၃) အင်္ဂါခိုက်ရင် တပည့်ကျေးကျွန်ကို၊ (၄) ဗုဒ္ဓဟူးခိုက်ရင် သားသမီးကို၊ (၅) ကြာသပတေးခိုက်ရင် အဆွေခင်ပွန်းနဲ့ ဆရာသမားကို၊ (၆) သောကြာခိုက်ရင် ဇနီးမယားကို၊ (၇) စနေခိုက်ရင် မွေးထားတဲ့ တိရစ္ဆာန်တွေကို ဓာတ်ခိုက်ပြီး ဥပဒ်ကျရောက်စေမှာဖြစ်ပါတယ်"

"မောင်သန်းဇော်ပြောတာ မှန်တယ်။ တိုတိုကျဉ်းကျဉ်းနဲ့ ထိမိပြီး မှတ်သားရတာလွယ်တယ်။ အဲ့ဒီလိုမျိုး ဓာတ်ရိုက်ဓာတ်ဆင် လွဲမှားမှုကြောင့် ဓာတ်ခိုက်တတ်တဲ့အပြင် အခြားတစ်နည်းအားဖြင့် ဘယ်လိုဓာတ်ခိုက်တတ်သလဲဆိုတာ ရှင်းပြပါဦး"

"တစ်နည်းအားဖြင့် ဓာတ်ရိုက်ဓာတ်ဆင် လွဲမှားတဲ့အခါမျိုးမှာ -

တနင်္ဂနွေခိုက်ရင် တနင်္ဂနွေနေသားသမီးကို၊ တနင်္လာခိုက်ရင် တနင်္လာနေသားသမီးကို၊ အင်္ဂါခိုက်ရင် အင်္ဂါနေသားသမီးကို၊ ဗုဒ္ဓဟူးဓာတ်ခိုက်ရင် ဗုဒ္ဓဟူးနေသားသမီးကို၊ ကြာသပတေးဓာတ်ခိုက်ရင် ကြာသပတေးနေသားသမီးကို၊ သောကြာဓာတ်ခိုက်ရင် သောကြာနေသားသမီးကို၊ စနေဓာတ်ခိုက်ရင် စနေနေသားသမီးကို အစရှိသဖြင့် ကိုယ့်မိသားစုကို ပြန်ပြီးထိခိုက်စေပါတယ်"

"အစ်ကိုပြောခဲ့သလိုပဲပေါ့၊ မြန်မာစကားတွေမှာရှိပါတယ်။ မသေသော ဆေးသမား၊ မမှားသောရှေ့နေဆိုတာ မရှိသမို့ ဓာတ်ရိုက်ဓာတ်ဆင်တဲ့နေရာမှာလည်း ဓာတ်ကိုကိုင်တွယ်တဲ့အခါ နေရာမကျရင် လွဲမှားတတ်တာမို့ ပညာရပ်အပေါ် ပေါ့ပေါ့ဆဆမလုပ်မိစေဘဲ လေးလေးနက်နက်နဲ့ လေးလေးစားစားထားရှိလုပ်ကိုင်သွားဖို့ လိုတယ်။ ပညာရပ်ရဲ့ဂုဏ်ကို မြှင့်တင်ထိန်းသိမ်းသွားနိုင်ဖို့ ကြိုးစားရမယ်"


နောက်တစ်ခု ပြောချင်တာက စိတ်သာရှင်စောဘုရား ဟောဆိုတဲ့ စကားလို စိတ်ကအဓိကကျတယ်။ ဓာတ်ရိုက်ယတြာတွေမှာ စီရင်ပေးရတဲ့ ဆရာကဖြစ်စေ၊ ကိုယ်တိုင်ပြုလုပ်စီမံတဲ့ ကာယကံရှင်ကဖြစ်စေ စီရင်တဲ့နေရာမှာ လုပ်ရိုးလုပ်စဉ်နဲ့ လုပ်ထုံးလုပ်နည်းအတိုင်း လုပ်ပြီးတဲ့အပြင် စိတ်ကမေတ္တာသက်ဝင် စေတနာရှင်သန်ပြီး အောင်မြင်စေချင်တဲ့စိတ်၊ စေတသိက်တွေ များများကြီးပွား စူးစူးစိုက်စိုက်ထားပြီး လုပ်ဆောင်ရမယ်။ ဒါမှလည်း အောင်မြင်မှုတွေ များများကြီးရလိမ့်မယ်"

ဘုန်းမွှင့်ထွန်း
၀၉-၂၅၅၇၁၁၈၃



www.burmeseclassic.com

www.burmeseclassic.com



# တကယ်ဖြစ်ချင် တကယ်လုပ်ကြည့်

မောင်ပုတ်စည်

ပျင်းရိတဲ့သူဟာ သူတောင်းစားရဲ့ အစ်ကို (The Lazy man is the baggar's brother.) တဲ့။ ပျင်းရင် ဖျင်းလိမ့်မယ်။ ကြိုးစားက ဘုရားဖြစ်၏။ ဆိုတဲ့စကားတွေရှိတာပဲ။

No bees no honey (ပျားမရှိလျှင် ပျားရည်မရှိ)၊ No work no money (အလုပ်မရှိလျှင် ငွေမရှိဘူး)တဲ့။ ဘာမှ အားလျှော့စိတ်ပျက်စရာ မရှိပါဘူး။ ဘဝဆိုတာ ရှိနေသရွေ့တော့ မျှော်လင့်ချက်ဆိုတာလည်း အမြဲရှိတယ်။ (There is life, There is hope.) တဲ့။

ဒါပေမယ့် လောကကြီးမှာ ဘယ်ဟာမှ အလကား မရဘူး။ လိုချင်ရင်တော့ ပေးရမှာပဲ။ တောင်းတစ်လုံးလိုချင်ရင် ဝါးခွဲရမယ်တဲ့။ ဝါးခွဲဖို့နမြောရင် တောင်းလည်း ရမှာမဟုတ်ဘူး။ စနစ်တကျ ပေးတတ်ယူတတ်ဖို့တော့ လိုတယ်။ ဝီရိယရှိသူ နတ်ဘုရားကူတဲ့၊ နိုးကြားထကြွနေရမယ်။ အကြံကောင်းရင်တစ်ချက်၊ အမိုကောင်းရင် တစ်သက်တဲ့။

မိတ်ကောင်း၊ ဆွေကောင်း၊ အမိုကောင်းကို ရွေးချယ်ပေါင်းသင်းဖို့တော့ သတိပြုရမှာပဲ။ အပေါင်းအသင်းကြောင့် ဂုဏ်တက်၊ အပေါင်းအသင်းကြောင့် ဂုဏ်ပျက်ဆိုတာ ရှိတယ်။ ဒီတော့ ကိုယ်လက်တွဲရမှာက ဝါသနာနဲ့ ယုံကြည်ချက်ခြင်းတူတဲ့သူပဲ။ ဒါမှ အမြင်တူ၊ အတွေးအခေါ်တူ၊ ကိုယ်ကျင့်တရားတူ ဘက်ညီမှာပေါ့။

ဒေါင်းဟာ သူ့ရဲ့အမြီးကို လှပမှုအဖြစ် ဂုဏ်ယူစရာတစ်ခုလို့ ယူဆနေပေမယ့် စာကလေးကတော့ အမြီးကို



www.burmeseclassic.com

www.burmeseclassic.com

ဝန်ထုပ်ဝန်ပိုးအဖြစ် သယ်ပိုးထားရတဲ့ ခေါင်းကို ကြည့်ပြီး သနားနေမှာပဲ။ လူဆိုတာ အမြင်တွေ၊ ဝသီတွေ၊ စရိုက်တွေ တူကြတာမှ မဟုတ်တဲ့။ တူရာတူရာ စုနိုင်မှ။

လူတော်တော်များများဟာ ငွေရဖို့အတွက်ဆိုရင် အချင်းချင်း သစ္စာဖောက်ရဲတယ်။ ဒုက္ခရောက်အောင်လည်း ချောက်တွန်းတတ်တယ်။ အောက်တန်းကျတဲ့ စိတ်ဓာတ်နဲ့လည်း ပြုမူပြောဆိုတတ်ကြတယ်။ အဲဒါမျိုးတွေကိုတော့ သတိကြီးစွာ ထားပြီးရှောင်ရမှာပဲ။

ကိုယ့်ဆီကို ခဏခဏလာပြီး သူတော်ကြောင်း၊ ကောင်းကြောင်းတွေကြွား၊ သူများမကောင်းကြောင်းတွေ များများပြောတတ်တဲ့ လူမျိုးနဲ့ဝေးဝေးကရှောင်၊ အားနာပြီး မပေါင်းမိစေနဲ့။ အဲဒီလူဟာ တစ်ကိုယ်ကောင်းဆန်ပြီး အတ္တကြီးတဲ့လူ၊ လောကကိုဖျက်ဆီးတဲ့လူ ကိုယ့်ကိုလည်းလာပြီး ဖျက်ဆီးတဲ့လူပဲ။ နင်ထုတ်ပစ်။ အားနာပြီးလက်ခံနေရင်တော့ ကိုယ်နာပြီသာမှတ်။

စိန်ရွှေရတနာတွေ၊ တောက်ပပြောင်လက်တဲ့ အဝတ်အစားတွေနဲ့ ဝင့်ဝါပလွှား ကြွားဝါနေတဲ့ကြားထဲမှာ အတင်းအဖျင်းစကားတွေ၊ ဟန်ဆောင်မှုတွေ ရှိနေတယ်ဆိုတာ သတိမလစ်စေနဲ့။ စကားရှိတယ်။ သင့်မှာ လက်ဖက်ရည်နဲ့ အရက်များများရှိရင် မိတ်ဆွေပေါလိမ့်မယ်။ သင်ရယ်မောတဲ့အခါ သင်နဲ့အတူ ဝိုင်းပြီးရယ်မောပေးကြလိမ့်မယ်။ ဒါပေမယ့် သင်ငိုတဲ့အခါကျရင်တော့ သင်တစ်ယောက်တည်း ငိုရလိမ့်မယ်တဲ့။ အိတ်ကပ်ထဲမှာ ပိုက်ဆံမရှိရင်၊ ဆန်အိုးထဲမှာ ဆန်မရှိရင် အချစ်က ပြတင်းပေါက်ကခုန်ချပြီး ထွက်ပြေးသွားလိမ့်မယ်တဲ့။

မြင့်မြတ်တဲ့အရာ၊ တန်ဖိုးရှိတဲ့ အရာတွေ မှန်သမျှဟာ အမြင့်မှာပဲ ရှိနေတတ်ပါတယ်။ အမြင့်ဆုံးပျံတဲ့ စင်ရော်ဟာ အဝေးဆုံးကို မြင်သတဲ့။ အဝေးဆုံးကို မြင်နိုင်ဖို့ အမြင့်ဆုံးကို ပျံရမယ်။ ရည်ရွယ်ချက် မြင့်မြင့်မားမား ခိုင်ခိုင်မာမာ ထားဖို့ဦးစွာ အရေးကြီးတယ်။

ကိုယ့်ဘဝက သုညဆိုပြီး ဘာမှစိတ်ဓာတ်ကျစရာ၊ အားငယ်စရာ မရှိဘူး။ တကယ်တော့ သုညဟာ တန်ဖိုးမရှိဘူးထင်ပေမယ့် သူ့ရှေ့မှာ လာတွဲတဲ့ ကိန်းဂဏန်းကို တန်ဖိုးမြင့်စေနိုင်ပါတယ်။

လောကကြီးမှာ မဖြစ်နိုင်ဘူးဆိုတာ မရှိဘူး။ မဖြစ်သေးတာပဲ ရှိတယ်။ ထူးချွန်ထင်ရှားတဲ့ ပုဂ္ဂိုလ်တွေကိုကြည့်။ ငယ်ငယ်လေးကတည်းက သူတို့ဘဝ တိုးတက်အောင်မြင်ဖို့ စူးစူးစိုက်စိုက် သူမတူအောင် ဇောက်ချအလုပ်လုပ်တယ်၊ ကြိုးစားလေ့ရှိတယ်။

ပြင်းပြတဲ့ဆန္ဒရှိတဲ့လူဟာ တစ်ချိန်ချိန်မှာတော့ သူလိုချင်တာ ရတတ်စမြဲပါပဲ။ တကယ်လိုချင်ရင် တကယ်လုပ် အဟုတ်ရပါတယ်။ မရဘူးဆိုတာ တကယ့်ကို ဆန္ဒပြင်းပြင်း ပြပြ မရှိသေးလို့ပါ။ "ဖြစ်ချင်ရင် တကယ်လုပ် အဟုတ်ဖြစ်ရမည်" တဲ့ဗျ။

အောင်မြင်ကျော်ကြားတဲ့ လူတွေ၊ မအောင်မြင်ခင်မှာ သူတို့ရင်ဆိုင်ကျော်လွှားရတဲ့ အခက်အခဲတွေ၊ ခါးသီးနာကြည်းစရာ ဒဏ်ရာဒဏ်ချက်တွေဟာ ဘယ်လောက်ပြင်းထန်တယ်၊ ဘယ်လောက်သည်းခံ ရင်ဆိုင်ကြိုးစားရတယ်ဆိုတာ လူတွေမှမသိတဲ့။ ဒါကြောင့်လည်း သူတို့ အောင်မြင်မှုတွေဟာ ခိုင်မာတာပေါ့။

ဘဝဆိုတာ ရုန်းကန်ခြင်းဖြစ်တယ်။ ရုန်းကန်နိုင်လေရလေ ကြီးထွားလေလေ၊ ကြိုးစားလေလေ မြင့်တက်လေလေ။ သည်းခံရင်ဆိုင်နိုင်လေလေ ခိုင်မာလေလေ အောင်နိုင်လေပါပဲ။

ကဲ...“အောင်နိုင်သူဖြစ်ချင်တယ်ဆိုရင်တော့ မြေကြီးလိုကျင့်ပါ”တဲ့၊ မြေကြီးဟာ သူ့အပေါ် တက်နင်းလို့လည်း စိတ်မဆိုးဘူး။ အညစ်အကြေးစွန့်လို့လည်း ဒေါသမထွက်ဘူး။ ကြီးမားနက်ရှိုင်းတဲ့ မဟာကရုဏာနဲ့ ခွင့်လွှတ် ကြံ့ကြံ့ခံ သည်းခံနိုင်ခဲ့တယ်။ အဆုံးတစ်နေ့မှာတော့ သက်ရှိသက်မဲ့တွေ အားလုံး သူ့ဆီမှာ ဝပ်စင်းသွားကြရတယ်။ တကယ်ဖြစ်ချင် တကယ်လုပ်ကြည့်...။

**မောင်ပုတ်စည်**

မှီငြမ်း

ဆရာတော် အရှင်သဒ္ဓမ္မ စာစု။



www.burmeseclassic.com

www.burmeseclassic.com

# ဒွတ္တပေါင်မင်းကြီး၏ ကောင်မြင်မှုလျှို့ဝှက်စီပ်သော ပုတီးစိပ်

**မနှင်းပွင့် (ပြည်)**


ဒွတ္တပေါင်မင်းကြီးဆိုတာနှင့် မြန်မာပြည်သူ၊ ပြည်သားအပေါင်းတို့က တစ်ချိန်က ပျူနိုင်ငံကြီး၏ဘုရင်၊ ပျူတို့၏ဖခင်ကြီးဟူ၍ မြင်မိကြမည် ဖြစ်ပေသည်။ ပျူတို့၏ဖခင်ကြီး မြင်မိပါက ပျူတို့၏မိခင်ကြီးကိုလည်း တစ်ဆက်တည်း မြင်မိကြမှာ မလွဲပေ။ ထိုမိခင်ကြီးမှာကား ပန်ထွာ၊ ဒွတ္တပေါင်မင်းကြီး၏ ကြင်ရာတော်မင်းသမီး ပန်ထွာဘုရင်မပင် ဖြစ်ပေသည်။

မည်သူမှ မနိုင်သော ဗိဿနိုးမြို့ကြီးကို ဒွတ္တပေါင်မင်းကြီးသည် အလွယ်တကူနိုင်ခဲ့ခြင်း၏ လျှို့ဝှက်ချက်တစ်ခု ရှိခဲ့ပါသည်။ ထိုလျှို့ဝှက်ချက်ကို မည်သူတစ်ဦးတလေမှ မသိရှိခဲ့ပေ။

ခေတ်အဆက်ဆက် ဘုရင်များကလည်း လျှို့ဝှက်ကာထားခဲ့ကြသည်။ ထို့ကြောင့် မည်သူတစ်ဦးတစ်ယောက် (နန်းတွင်းပြင်ပ)မှာ လျှို့ဝှက်ပုတီးစိပ်နည်းကို မပေါက်ကြားခဲ့ပေ။ ခေတ်အဆက်ဆက် ပြောင်းလဲလာသောအခါမှ ထိုပုတီးစိပ်ရွတ်ဆိုခြင်းကို ပုဂံခေတ်တွင် ရှင်အရဟံမှစ၍ လက်ဆင့်ကမ်းသိရှိလာခြင်းပင် ဖြစ်ပေသည်။ ထိုဂါထာမှာ···

**"စတေ တတေ ထာပတေ သုစတေ ခါမတေ ဏှလဋ္ဌေ ဏှလာတေ ကတေ"**

ဟူသော ဂါထာတော်ကြီးပင် ဖြစ်ပေသည်။ "**စတေ** ပုတီးတစ်လုံးချပါ။ နောက် ပုတီးတစ်လုံးမှာ **တတေ** ဖြစ်၏။ ထို့နောက် **ထာပတေ**တွင် ပုတီးတစ်လုံးချပါ။ နောက်





www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာပေါ်တွင်
အစောဆုံး
ပါဠိစာပေဖြစ်သော
သရေခေတ္တရာတွေ့
ခရစ်နှစ် ၄-၅ ရာစုမှ
ပျူရွှေပေချပ်များ

**သုစတော**တွင် ပုတီးတစ်လုံးချပါ။ ထို့နောက် **ဣုလဋ္ဌေ**တွင် ပုတီးတစ်လုံးချပါ။ ထိုအတိုင်းပင် **ဣုလာတော**နှင့် **ကလေ** ကိုလည်း အထက်ပါနည်းအတိုင်းပင် စိပ်ပါ။

ရွတ်ဆိုရခြင်း၏ အကျိုးကျေးဇူးများကိုလည်း စာရေးသူသည် သရေခေတ္တရာ ဘုန်းကြီးတစ်ပါးဆီမှ ရခဲ့ပါသည်။ ထိုအကျိုးတရားများမှာ -

(၁) **စတော** ရွတ်မှု သူခပ်သိမ်း ကြံ၍မရပါ။
(၂) **စာတော** ရွတ်မှု အသက်ရှည်အံ့။
(၃) **ထာပတော** ရွတ်မှု အနာပျောက်အံ့။
(၄) **သုစတော** ရွတ်မှု မိုးရွာအံ့။
(၅) **ဣုလဋ္ဌေ** ရွတ်မှု ချမ်းသာအံ့။
(၆) **ခါမတော** ရွတ်မှု ရေတံပိုး ဘေးခပ်သိမ်း ပျောက်အံ့။
(၇) **ဣုလာတော** ရွတ်မှု ဆင်ထက်က သက်၍ ရှိခိုးအံ့။
(၈ **ကတော** ရွတ်မှု ကြံတိုင်းပြီးစီးအံ့။

အထက်ပါအတိုင်း မူလမူရင်းမပျက် တင်ပြအပ်ပါသည်။ ထို့ပြင် မည်သည့်အရပ်ဒေသတွင် လှူဒါန်းပါက မည်သည့်အကျိုးကျေးဇူးရရှိမြီး အကျော်ကိုးဆူ လှူို့ဝှက်ဆု တောင်းကိုလည်း ထပ်မံတင်ပြအပ်ပါသည်။

အရှေ့လှူဒါန်း ယပ်နှင့်ဆွမ်း၊
အနောက်ကား ရေ တောင်းဆုခြွေလော့၊
တောင်မှာ ဆီမီး သစ္စာကျမ်းကို ကျိန်ဆိုပေရော့၊
မြောက်မှာ ဆွမ်းပန်း ကပ်လှူဒါန်းသော်၊
ကောင်းကျိုးလိုရာ ပြီးပြည့်စုံမည်။

ဒွတ္တပေါင်မင်း၏ ဆုတောင်းသည်ကို နောက်နောင်း ဗိုလ်လူ သိကြောင်းသော်...

ဟူ၍ စာရေးသူအား သရေခေတ္တရာနယ်မြေမှ ဆင်မြီးခွဲရွာ၊ ဒွတ္တပေါင်မင်း တည်ထားခဲ့သော ဩးဩးဘုရားကို စောင့်ရှောက်နေသော ဘုန်းတော်ကြီး ဦးကုမာရမှ ပြန်လည်ပြီး လှူဒါန်းခြင်း ဖြစ်ပါသည်။ မိမိကဲ့သို့သော ကောင်းနိုးရာရာကို ဝါသနာပါလိုက်စားသူများအတွက် စေတနာဖော ရှေ့ထားပြီး တစ်ဆင့်ဖြန့်ဝေလိုက်ပါ၏။

**မနှင်းပွင့်(ပြည်)**

www.burmeseclassic.com

www.burmeseclassic.com

# ဘဝအမောပြေမယ့် လူ့လောကတစ်ခွင်ဟာသများ

ဦးကောင်းထူး

### ရတော့မယ် မထင်ဘူး

လူမမာမေးပြီး ဆင်းလာသည့်လူကို နောက်တတ်လာသည့်လူက သတင်းမေးလေ၏။

"အခြေအနေ ဘယ့်နှယ်လဲ"

ပထမလူက မပြောကောင်းသည်ကို မပြောချင်သဖြင့် ခေါင်းခါပြီး ရှောင်ပြေးရန် ကြိုးစားလေ၏။

ဒုတိယလူက ကိုယ်ဟန်ပြစကားကို နားမလည်ပေ။ သည့်အတွက် လက်ဆွဲပြီး အတင်းမေးလေ၏။

"ဘယ့်နှယ်တုံး . . . လေဖြတ်ထားတာ စကားပြောနိုင်သေးရဲ့လား"

ပထမလူက စိတ်မရှည်သံနှင့် –

"အေး . . . ငါစိတ်မှန်းရသမျှ လှူရတာသားပိပိ ရှိးသားဖြောင့်မတ် မှန်ကန်ပြတ်သားစွာ ပြောရရင်တော့ အလွန်မာကျောပြီး ပြောင်ချောနေတဲ့ လိပ်ကျောကိုသာ စွန်ရဲခြေသည်းနဲ့ ကုပ်ရချင်ရမယ်။ လူမမာကတော့ ရတော့မယ် မထင်ဘူး"

□

### ပျော်စရာကြီးပါလား

ရန်ကုန်ဘတ်စ်ကားဆိုသည်က ချောင်ချောင်၊ ကျပ်ကျပ်စပယ်ယာ၏ ပါးစပ်နှင့်မှ မလွတ်ကင်းပါချေ။

ခုလည်း ကုသိုလ်ထူးစွာဖြင့် တစ်ယောက်တည်း မတ်တတ်ရပ်ပါလာသည့် ဦးလေးကြီးအား စပယ်ယာကိုယ်တော်မြတ်က အမိန့်ပေးပြန်ပါလေ၏။

"ဟိုဦးလေးကြီး နောက်တက်မယ့် ခရီးသည်တွေအတွက် ကိုယ်ချင်းစာပြီး ရှေ့တိုးပေးပါ"

ဦးလေးကြီးလှတောသားခများ မသိရှာလေသဖြင့်

"ဟင်း . . . ခရီးသည်တွေ လူမထင်၊ မှတ်တိုင်မှာကျောက်ချရပ်၊ မောင်းတော့လည်း ဒုံးကျည်ရှိုး၊ ရပ်ပြန်တော့ ဆောင့်ကြီးအောင့်ကြီး ဆောင့်ရပ်၊ ဆောင့်ထွက်တဲ့ မင်းတို့ကများ ခရီးသည်ချင်း ကိုယ်ချင်းစာပါတဲ့။ ရယ်စရာကောင်လိုက်လေကွယ်။ ပုဆိုးမပါတဲ့ လူကလုံအောင်ထိုင်ပါလို့ ပြောနေပြန်ပြီ"

စပယ်ယာက မျက်နှာအောက်သိုးသိုးနှင့် ဘာမှပြန်မပြော။

နောက်တစ်မှတ်တိုင် ရောက်လေသော် ရှေ့ပေါက်က ဝေါခနဲ ခရီးသည်တွေ တက်လာပြန်၏။

စပယ်ယာ၏အသံ ခပ်ထန်ထန် ထွက်လာပြန်၏။

"အလယ်ကလူတွေ နောက်ဆုတ်ပေးကြပါ။ အလယ်က အစ်ကို၊ အစ်မ၊ ဦးလေး၊ ဦးကြီးတို့"

"စပယ်ယာရေ . . . မင်းပါးစပ်က ခုတစ်မျိုး . . . ခုတစ်မျိုး။ အပျိုလေး မဟုတ်လို့သာပေါ့။ အပျိုလေးသာဆို မင်းနာမည်ပျက်တာ ကြာပြီ"

ဒေါ်ပွပွမို့ လှတောသားကြီး အပြောမရပ်နိုင်ပါ။

"မတ်တတ်ရပ်တဲ့ လူတွေဖြင့် အရွယ်မတိုင်ခင် တောင်ဝှေးဆွဲရမလို လုံးလည်ချပ်ပြားလိုက်နေပြီ။ မင့်ကုန်သေတ္တာကြီးထဲမှာ အီးတောင်ဝဝမပေါက်နိုင်တော့ဘူးဟ"

ဒါတင်ပဲလားဆိုတော့ မကသေးပါ။ လှတောသားကြီး ပါးစပ်က ဘရိတ်ပေါက်သွားသည့်အလား။

"ဒီကြားထဲ ဒရိုက်ဘာက လူပိုဆံ့အောင် ရှေ့တိုး



www.burmeseclassic.com

www.burmeseclassic.com

နောက်ငင်နဲ့ ဂီယာထိုးလိုက်သေးရဲ့။ လူတွေကိုများ ကျောင်းဆရာကြီးလက်ထဲက ကလိုင်းအဆံ မှတ်နေသလားကွာ''

ယာဉ်မောင်းက မျက်နှာရှစ်ခေါက်ချိုးနှင့် နောက်ကြည့်မှန်ထဲမှနေ၍ မကျေမနပ် ကြည့်ပြန်၏။

ခရီးသည်များမှာမူ ကားပေါ်မှာ လူရွှင်တော်ပါလာသကဲ့သို့ တပြုံးပြုံး တဟားဟားနှင့်။

□

## မုန့်တီဆိုတာ ဒါပါလား

ရန်ကုန်ရောက် လူတောသားဘုရားဖူးအဖွဲ့သည် မြို့ထဲသို့ လျှောက်လည်ကြလေ၏။

လမ်းထောင့်တစ်နေရာအရောက် မုန့်တီအထမ်းသမားကို မြင်ရာက ဗိုက်ဖြည့်ရန် ဝိုင်းသွားကြလေ၏။

သူတို့ရှေ့က လူအတွက် ပြင်ပေးသည့် မုန့်ပန်းကန်ကိုကြည့်ပြီး တစ်ယောက်က အချင်းချင်း လက်တို့ပြောလိုက်ပုံမှာ –

''အလိုလေးဟဲ့. . မုန့်တီတဲ့။ ပန်းကန်ဆေးရည်နဲ့ ပြောင်ဖူးမွေး သုံးလေးပင်ကို ငရုတ်သီးနဲ့ ဖျော်ထားတာပါကလားကွယ်ရို့''

□

## နားအုံပွင့်ပြီး သေမှာစိုး

သီတင်ကျွတ်ပွဲတွင် ဖြစ်၏။ တောင်ပိုင်းက အရပ်ပြဇာတ်ကဖို့ ငှားထားသည့် အင်ဂျင်စက်မှာ အိုနာကျိုးကန်းကြီး။ မရ ရသည်ကို ငှားထားရသဖြင့် စက်သံကအမြောက်သံထက် ကျယ်နေ၏။ ပြဇာတ်မင်းသားခမျာ ညည်းရှာ၏။

''ဒီမီးစက် ဒီလောက်ညံနေရင်တော့ ငါတို့အသံ လူကြားအောင် ဖင်မီးထွက်အောင် အော်ရတော့မှာပဲ''

မြောက်ပိုင်းသား တစ်ယောက်ကလည်း ပွဲကြည့်ရောက်လာရာ သြဘာပေးပြန်၏။

''ဟ . . . လူတွေရ၊ မင်းတို့ မီးစက်ကြီးနှယ် ဆူလိုက်လေကွယ်။ လူတောရွာမဆိုထားနဲ့ အဝီစိငရဲနေရတဲ့ စိဋ္ဌမှာနတောင် နားအုံပွင့်ပြီး လဲသေမှာစိုးရသဟေ့''တဲ့။

□

## အုတ်တံတိုင်းကြီးအလား

လူတောသားတစ်စု အရိပ်ကောင်းသည့် လက်ပံပင်ကြီးအောက်ရှိ အကြော်ဆိုင်သို့ ဝင်နားနေကြ၏။

အကြော်စုံမှာပြီး ထိုင်စောင့်ရင်းက ထန်းရည်ပုလင်းများ တန်းစီထားသည်ကို တွေ့ရသည့်အခါ –

''ခရီးဝေးပြန်လာရ မောမောနဲ့ ထန်းရည်သောက်ရင် ကောင်းမလား စိတ်ကူးပေါ့။ ပုလင်းအဝက ထွက်နေတဲ့အမြုပ်တွေ သတိရတာနဲ့ သောက်ချင်စိတ်ကုန်''

ထိုစဉ် အကြော်များရောက်လာရာ သူ့ထက်ငါ နှိုက်စားရင်း ရေနွေးသောက်ကြလေ၏။

အကြမ်းပန်းကန်က နှစ်ခွက်တည်းရှိလေရာ ထပ်တောင်းရပြန်၏။

ရေနွေးငှဲ့ပြီး သူ့ထက်ငါ သောက်လိုက်ကြသည်တွင် တစ်ယောက်က ထအော်၏။

''ငါ ရေနွေးသောက်တဲ့ဟာ ဘာပြုလို့များ နှုတ်ခမ်းကို သံချွန်လာထိုးပါလိမ့်လို့ စဉ်းစားနေတာ။ လက်စသတ်တော့ ဒီပန်းကန် . .''

''ဟလိုလေး . . . အကြမ်းပန်းကန်ရယ် . . . နှုတ်ခမ်းသားတွေ ပဲ့နေလိုက်ပုံများတော့ ပုလင်းကွဲတွေစီထားတဲ့ အုတ်တံတိုင်းကြီးလား မှတ်ရ''

□

## မတတ်နိုင်တာမှ

လူဆိုသည်မှာ အမျိုးမျိုးအဖုံဖုံ ဖြစ်၏။

ဘာမဟုတ်တာလေးနှင့် ငယ်သံပါအောင် ညည်းကြသူတွေမှာလည်း တစ်ပုံတစ်ပင်။

မကျန်းမမာဖြစ်နေစဉ် ညည်းတွားလိုက်ရမှ သက်သာသည်ဟု ထင်တတ်ကြကုန်၏။

ညည်းသူတွေနှင့် ပတ်သက်၍ လူတောသားက မှတ်လောက်သားလောက် ဝေဖန်ခဲ့ပုံလေးမှာ ဤသို့စာတင်လောက်ပါပေ၏။



www.burmeseclassic.com

www.burmeseclassic.com

"ဟလိုလေး ... လူရဲ့ ညည်းရှာလိုက်လေ။ ဒီ ကျောပိုထားသလား မှတ်ရ။ ဒီလိုလူမျိုး ညည်းသံ ပျောက်အောင် စာနိုးအရာမှာ တေဒဂ်ရထားတဲ့ ရှင်မောဂ္ဂလာန် ကိုယ်တော်မြတ်ကြီးတောင်မှ တတ်နိုင်မှာ မဟုတ်ဘူးဟ"

□

## မည်းလိုက်သမှ

လူတောသားတစ်သိုက် လက်ဖက်ရည်ဆိုင် ထိုင်နေစဉ် ရွှေဘိုဘက်မှ ဘတ်စ်ကားတစ်စီး ဆိုင်ရှေ့ရောက်လာပေ၏။

ကားတိုင်ကီကို စပယ်ယာရေ ဖြည့်နေစဉ် ကားနောက်ရှိလူများ အညောင်းပြေ ဆင်းလာကြ၏။

ဤတွင် လူတစ်ယောက်သည် တောင်ငေးမြောက်ငေး လေ့လာရေး လုပ်နေ၏။ ထိုအဖြစ်ကို မြင်တွေ့ရသည့် လူတောသားသည် တအံ့သြကြီးနှင့် –

"ဟလိုလေး ... ဒီလူအသားနယ် မည်းရှာလိုက်လေ။ သူ့အမေ ကျီးကန်းမ လက္ခယ်ညသန်းခေါင်ယံမှာ မဟူရာကျောက်ရိုင်းပေါ်မှာ မီးသွေးခဲစားပြီး မွေးလာမှတ်ရ"

ဟု ပြောလိုက်လေသတည်း။

□

## မံမီကောင်နဲ့ နင်လား။ ငါလား

လူတောရွာနှင့် မနီးမဝေး၌ စက်ဘီးတစ်စီးကို ကားက ဝင်တိုက်၏။ ထိုသတင်းသည် ခဏအတွင်း ရွာထဲသို့ ရောက်ရှိလာလေ၏။

တစ်ယောက်က လမ်းဆိုးသဖြင့်ဟု ဆို၏။ တစ်ယောက်ကမူ စက်ဘီးသမားက ကားကို ပမာမခန့်လုပ်သည် ဟူ၍ အပြစ်တင်၏။

တတိယတစ်ယောက်က အငြင်းပွားမှုကို ရှင်းချက်ထုတ်ပြန်၏။

"ငါက မျက်မြင်ပါကွာ။ စက်ဘီးက ရှောင်ပေးတာသားနဲ့ ကားက ဝင်တိုက်တာ။ ကားသမား မူးနေတာကိုးကွဲ့။ မူးလိုက်သမှ ကြေးစည်နားရွက်ကို တင်းပုတ်နဲ့ နက်ထားသလို သွက်ဘွက်ခါ ချာချာလည်နေတာ လူရ"

"ဒါထက် စက်ဘီးသမားရသွားတဲ့ ဒဏ်ရာတော်တော် များသွားသလား"

"ဒဏ်ရာက များသလားမမေးနဲ့၊ ဆေးရုံပေါ်မှာ တစ်ကိုယ်လုံး ခြေ ဆုံးခေါင်းဆုံး ပတ်တီးနဲ့ ကျပ်စည်းထားလိုက်ရတာများ ပိရမစ်သင်္ချိုင်းထဲက မံမီကောင်နဲ့ နင်လား ငါလားပဲ"

□

## ခြေလေးချောင်းနဲ့ ကြွက်

လူတောသားတစ်ယောက် နာမည်ကြီး နွားခြံတစ်ခြံသို့ ရောက်ရှိလာလေ၏။

သူသည် နွားသင်ပုန်းကြီးကျေ၊ ငွေလည်းတတ်နိုင်သည့်အတွက် နွားကောင်းကို လိုက်ရှာနေ၏။

နွားငယ်ငယ်က သွားစုံလျှင် မကောင်း။ ပုကျစ်ကျစ်လေးနဲ့ အကောင်မထွား။

အကောင်ထွားပြီး သွားအချိုးနောက်ကျမှ နွားလားမြောက်သလို ခိုင်းကောင်းတာလည်း သိပြီးသားဖြစ်၏။

သို့ဖြင့် တစ်နယ်တစ်ကျေးကို အပင်ပန်းခံရောက်လာရာက နွားပေါက်ကလေးတစ်ကောင်ကို တွေ့သဖြင့် ပါးစပ်ဖြဲကြည့်ပြီး –

"ဟလိုလေးကွယ် ... နွားကြည့်တော့ ကြွက်တိန်ညင်လောက်ပဲရှိရဲ့။ ပါးစပ်ထဲမှာတော့ ၁၀၈ လုံး ပုတီး ငုံထားသလား မှတ်ရ။ လက်စသတ်တော့ ခြေလေးချောင်းကြွက်ကြီးပါလား ဟရို့"

□

## အပ္ပရှုပ်မှာ စိုးပါတယ်

စပါးပင်များ အညှောက်ထွက်၍ မိုးမျှော်နေဆဲကာလတွင် မိုးက ရွာလိုက်ပါပြီ။

နောက်တစ်နေ့ လူတောသား လယ်သမားတို့ လယ်တောတွင် ဆုံမိကြရာမှ တစ်ယောက်က ဝမ်းသာအားရဖြင့် –



www.burmeseclassic.com

www.burmeseclassic.com

"မိုးတော့ရွာပြီဗျို့၊ ကောင်းလိုက်တာ။ ကလေး တွေအတွက် ဟန်ကျသွားတာပဲ"

အဆိုပါစကားကို လက်မခံလိုသည့် လယ်သမား တစ်ယောက်၏ ကန့်ကွက်သံက –

"ဟလိုလေး ... မိုးတဲ့ဗျာ။ မုဆိုးမျက်ရည်ပေါက် လောက်တောင် မရှိဘူး။ စပါးပင်ကလေးတွေ အပူရှပ် မှာတောင်စိုးရ"ဟူသတည်း။

❐

## အကွက်မိအောင်လို့

သည်နေ့ကား လုတောအသင်းနှင့် ဝက်လက် အသင်း ယှဉ်ပြိုင်ကစားမည့် ဘောလုံးပွဲဖြစ်၏။ လုတော သားများ တပ်မကြီးချီလာပြီး အားပေးကြလေ၏။

ပွဲအစတွင် လုတောအသင်းက ကစားကွက်မမိ၊ ဝက်လက်အသင်း ပညာသားပါကြောင်း သိလိုက်ကြ၏။

ဤသို့ လုတောသားတစ်ယောက်က အမေကျော် ဒွေးတော်လွှမ်းရုံမက ပထွေးလွှမ်းလိုက်ပါ၏။

"ဝက်လက်က တကယ်အကွက် မိတယ်ကွ"

နောက်တစ်ယောက်ကလည်း ဖြည့်စွက်ထောက် ခံသည့်အနေနှင့် အရွှန်းလေး ဖောက်လိုက်ပြန်၏။

"ငါတို့ လုတောကတော့ အကွက်မိအောင် လယ် ထဲဆင်းပြီး မြွေပွေးဖမ်းရုံပဲ ရှိတော့တာပေါ့ဟ"

ထိုအခါ ကိုယ့်ပေါင်ကိုယ်လှန် ဆိတ်ရပါ့မလား ဟူ၍ မခံမရပ်နိုင်သော လုတောသားကြီး နောက်တစ် ယောက်က –

"ဟလိုလေးကွယ် ... ဝက်လက် အကွက်က တော့ လုပါရဲ့။ အနံကျတော့ တိုတိုလေး။ ကွင်းကလည်း ကျဉ်းကျဉ်း လေးနဲ့ မတော်လိုက်လေခြင်းကွာ"ဟူ၍ ရမိရရာဆွဲပြီး သရော်သံနှင့် ချေပလိုက်လေသတည်း။

❐

## မတော်လိုက်ရတဲ့သူ

လုတောသား ကလေးငယ်တစ်ယောက် မိဘများ နှင့်အတူ မန္တလေးသို့ ပါလာ၏။ ထိုအခါ ကလေးပီပီ မြင်မြင်ကရာ ဟိုမေးသည်မေးနှင့် အမေးတွေ ထူလွန်း မက ထူလာသလောက် မိဘများက စိတ်ရှည်လက်ရှည် ဖြေကြားပေးလေ၏။

"ဟလိုလေးဟဲ့ ... ကလေးရယ်၊ မေးလိုက်တာ လေ။ တကောင်းပြည်က မောင်ပေါက်ကျိုင်းသေပြီး ဝင် စားသလားမှတ်ရ"

ထိုသို့ ဦးလေးဖြစ်သူက ကြားဝင်ဟန့်လိုက်သည့် အချိန်မှာပင် ကလေးက သူ့ဘက်မြားဦးလှည့်ပြီး–

"မောင်ပေါက်ကျိုင်းဆိုတာ ဘယ်သူလဲဟင် ဦးလေး"

"ဩော် ... အေး ... မောင်ပေါက်ကျိုင်းဆို တာ တခြားလူမဟုတ်ဘူး။ အရင်ဘဝက မင်းမတော် လိုက်ရတဲ့ ယောက်ဖ"

❐

## ဘွဲ့တောင် ပေးထားရတယ်

မိခင်ဖြစ်သူက ခပ်ထုံထုံ ခပ်နုံနုံ ခပ်အအ သမီး ကို ဆူပွက်နေလေ၏။

"အားနာရင် အားပါတတ်တယ်လို့ ဘယ်နှခါ ပြောပြီးပလဲ။ အတန်တန်ပြောနေရင်ကြားက တယ် ... ငါ ပြောလိုက်ရ၊ အဆီတစ်ထပ် အသားတစ် ထပ်နေ ရော့မယ်"

"အမေရယ် ... အိမ်နီးချင်းဖြစ်နေတော့ မငြား လို့လည်းမကောင်း၊ ဒါလောက်လေးနဲ့ မလိမ်တန် ကောင်းဘူး ထင်လို့ပါ"

ဤတွင် မိခင်က မဲ့မဲ့ရွဲ့ရွဲ့ ခနစ်သံချီ ဟစ်လေ တော့၏။


"ဟလိုလေး ... လိမ်စရာမရှိ ကိုယ်ဒူးကိုယ်ရေ ဆွတ်ပြီး လိမ်တဲ့ မိန်းမဟဲ့။ လူတကာ အရပ်တကာလှည့် ပြီး လိမ်နေလို့ ကလိမ်ချုံနတ်သမီးလို့တောင် ဘွဲ့ပေး ထားရဟာများ"

ဦးကောင်းထူး



www.burmeseclassic.com

www.burmeseclassic.com



ဆုတောင်းပြည့်

# ဆရာကြီး အောင်ဘုန်းမြင့်

နက္ခတ္တဗေဒ ဗလီတပညာရှင် - မဟာဂန္ဓရီဗေဒင် လက္ခဏာသုတေသီ

စာရေးဆရာ – အောင်ဘုန်းမြင့် (ကချင်မြေ)

ကလောင်ခွဲ – ကာလီဒါ့ချ် (မြန်မာပြည်)

- ➤ ယတြာ ဓာတ်ရိုက်ဓာတ်ဆင် အထူးဆောင်ရွက်ပေးသည်။
- ➤ ဘဝရေချဆောင်လမ်းညွှန် အတိုင်ပင်ခံသည်။
- ➤ နေ့စဉ် နံနက်(၆)နာရီ မှ (၉)နာရီအတွင်း အခမဲ့ဖုန်းဖြင့် ဟောကြားပေးသည်။

အမှတ်(၄၂)၊ အောင်မင်္ဂလာလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်။ ဖုန်း - ၀၁-၅၄၀၇၂၀၊ ၀၉-၃၁၀၂၂၈၁၆

# လိပ်ခေါင်းရောဂါရှင်များ ဝမ်းမြောက်ဖွယ်

## လိပ်ခေါင်းရောဂါမှန်လျှင်ဒိဌပျောက်ကင်းရမည်။

- ဆရာ၏ဆေးခန်းတွင် လိပ်ခေါင်းရောဂါရှင်များအား မပူ မစပ်၊ မနာ၊ မကျင်၊ မလှီးမဖြတ်၊ မြန်မာ့နည်း၊ မြန်မာ့ဟန်သက်သက်ဖြင့် အမြစ်ပါမကျန် လုံးဝပျောက်ကင်းအောင် ကုသပေးလျက်ရှိပါသည်။
- ကုသ၍ပျောက်ကင်းသွားသော ရောဂါရှင်ပေါင်းများ၏ ဓာတ်ပုံနှင့် ထောက်ခံစာပေါင်းများစွာတို့ကို လက်တွေ့ လာရောက်လေ့လာနိုင်ပါသည်။(နိုင်ငံခြားမှ ခွဲစိတ်ကုသဖူးသူများ အပါအဝင်)
- ရောဂါအတွက် ပျောက်ကင်းအောင် တာဝန်ယူသည်။
- လိပ်ခေါင်းရောဂါသည် အနားယူမှသာ အမြစ်ပြတ် ပျောက်ကင်းနိုင်ပါသည်။

**မှတ်ချက်။ ။လိပ်ခေါင်းရောဂါသည် တားဆေးသက်သက်ဖြင့် လုံးဝမပျောက်ကင်းပါ။**

နိုင်ငံကျော် မန္တလေးမြို့ အဘိဓမ္မာတောင်သာဆရာကြီးဦးလှမောင်၊ ဆရာမကြီးဒေါ်သန်းဟန်(လိပ်ခေါင်းအထူး၊ ဂုဏ်ထူး)

**ရန်ကုန်ဆေးခန်းဌာနခွဲ**

အမှတ်(၅၀)၊ (၅)လွှာ၊ (၁၂၁)လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၃၀၀၉၃၉၁၊ ၀၉-၂၅၉၃၁၃၄၂၇၊ ၀၉-၈၇၂၈၀၈၇၂၂


၃၃-၃၄လမ်းကြား၊ ၈၀-၈၁လမ်းကြား၊ အကွက်-၅၄၊ ပြည်လုံးချမ်းသာ၊ မန္တလေး။ ဖုန်း-၀၂-၇၅၂၈၀၊ ၀၉-၉၁၀၄၄၀၂၆

www.burmeseclassic.com

www.burmeseclassic.com

# မင်းသိမ်း

အခန်းဆက်ဝတ္ထုရှည်



www.burmeseclassic.com

www.burmeseclassic.com

# ပရော်ဖက်ဆာ ဒေါက်တာဆိတ်ဖွား

■ မင်းသိင်္ခ

( ယခင်လမှအဆက် )

**အသက်စွန့်၍ ဆောင်ရွက်ကြပြီ**

ဆိတ်ဖွား၊ မိုးသီးနှင့် သေဗ္ဗာတို့သည် ခေါင်းချင်းဆိုင်၍ အသေးစိတ် တိုင်ပင်ကြလေ၏။

“အဖြစ်အပျက် အသေးစိတ်ကိုတော့ ကိုယ့်လူတို့ သိပြီးသားပဲ···။ မောင်သန်းအေးရဲ့ ရင်ဘတ်ကစာနဲ့ မြစပယ်ရဲ့ ကျောက စာကို ပေါင်းပြီး ဖတ်ရင် အရေးကြီးတဲ့ ဝှက်စာတစ်ခောင်ရဲ့ အဖြေကို ရတာပဲ။ ဂိုဏ်းနှစ်ဂိုဏ်းဟာ တစ်ဂိုဏ်းက မောင်သန်းအေးကို ရထားတယ်၊ ကျန်တဲ့ဂိုဏ်းက မြစပယ်ကို ရထားတယ်။ သူတို့ချင်း အလဲအဖယ်လုပ်ပြီးရင် မောင်သန်းအေးနဲ့ မြစပယ်ကို အရှင်ထားကြမှာ မဟုတ်ဘူး”

ဟု ဆိတ်ဖွားက ခေးပြင်းလိပ်ဖွာရင်း ပြောလိုက်လေ၏။

““ဟုတ်တယ်၊ မြစပယ်ရဲ့ မောင်ကိုတောင် မကျီးသီးတို့လူစုက သတ်ပစ်လိုက်ကြပြီပဲ””

ဟု သေဗ္ဗာက ပြောလိုက်၏။

“ဟော···ဒါနဲ့ မြစပယ်ရဲ့ အငြိမ့်ဆောင် ဆရာကပြောတော့ သမီးရည်းစားလိုလို ပြောလိုက်ပါလား။ တယောသမားကလေးဟာ မြစပယ်ရဲ့မောင်သား”

ဟု ဆိတ်ဖွားက ပြောလိုက်လေ၏။

“မောင်နှမဆိုပေမယ့် အဖေတူအမေကွဲလေဗျာ။ သူတို့ချင်း မောင်နှမဖြစ်တယ်ဆိုတာ မြစပယ်ရဲ့ အငြိမ့်ထောင်အိမ်ကို တယောသမားလေးရောက်လာမှ သိတာ။ ကောင်လေးက ညနေတိုင်း သူ့အစ်မ မြစပယ်ကို အငြိမ့်ထောင်အိမ်ကနေကြိုပြီး သယ်န်းကျွန်းကို လိုက်ပြီးပို့ပေးလေ့ရှိတယ်။ မကျီးသီးတို့လူစုက ညနေဘက်မှာ စောင့်ပြီး နှစ်ယောက်စလုံးကို ဖမ်းသွားကြတာ”

ဟု သေဗ္ဗာက ရှင်းပြပြန်၏။

ထို့နောက် သေဗ္ဗာသည် ခေးပေါ့လိပ်ကိုမီးညှိလိုက်ပြီးနောက် အောက်ပါအတိုင်း ပြောပြန်၏။

“ကယ်ရမှာကတော့ နှစ်ယောက်စလုံး ကယ်ရမှာပဲ။ ဒါပေမယ့် မြစပယ်ထက်စာရင် မောင်သန်းအေးဟာ ပိုပြီး အရေးကြီးတယ်။ မောင်သန်းအေးကို မြဒင်တို့က သတ်ပစ်ဖို့ တော်တော်နီးစပ်နေပြီ။ ဘယ်လိုလုပ်ကြမယ်ဆိုတာ ဆရာကိုမိုးသီးနဲ့ ဆရာဆိတ်ဖွားတို့ ပြောပါ”

“အေး···အဲဒီထဲမှာ ငါတပည့်သူတောင်းစား အိုလံကိုလည်း မကျီးသီးတို့က ဖမ်းထားကြတယ်။ သူ့ကိုလည်း ကယ်ရမယ်”

ဟု ဆိတ်ဖွားက ပြာခြေရင်း ပြောလိုက်လေ၏။

ထို့နောက် ဆိတ်ဖွားက ဆက်လက်၍ ပြောပြန်လေ၏။

“သန်းအေးကိုရော၊ မြစပယ်ကိုပါ သတ်ဦးမှာ မဟုတ်သေးဘူး။ ဘာဖြစ်လို့လဲဆိုတော့ သတ်ချင်ရင် အစကတည်းက သူတို့ကိုသတ်ပြီးတော့ ကိုယ်ပေါ်မှာထိုးထားတဲ့ စာတွေကို ကူးပြီးတော့မှ အလဲအလှယ်လုပ်မှာပေါ့။ ဒီလို ဘာကြောင့်မလုပ်သလဲဆိုတော့ မကျီးသီးက မြစပယ်ရဲ့ကျောက စာကိုကူးပြီး မောင်သန်းအေးနဲ့ လဲရင်လည်း မြဒင်တို့က ယုံမှာမဟုတ်ဘူး။ အတုလို့ထင်မှာပဲ။ ဒီလိုပဲ မြဒင်တို့ဘက်က မောင်သန်းအေးကိုသတ်၊ ပြီးတော့ စာကိုကူးပြီး အလဲအလှယ်လုပ်ရင်လည်း မကျီးသီးက ယုံမှာမဟုတ်ဘူး။ ဒီတော့ တစ်ဦးနဲ့တစ်ဦး ယုံကြည်အောင် လူချင်းအကောင်လိုက် လဲပြတဲ့သဘောပေါ့ကွာ မဟုတ်ဘူးလား။ အေး···ဒါပေမယ့် အလဲအလှယ်လုပ်ပြီးရင်တော့ တစ်ခါတည်း သတ်ပစ်ကြလိမ့်မယ်ထင်တယ်။ တစ်ခုတော့ရှိတယ်။ ငါ့တပည့် အိုလံကိုတော့ ဘယ်သူနဲ့မှ လဲစရာမလိုတဲ့အတွက် သတ်ထားကြရောပေါ့ကွာ”

“ဆရာဆိတ်ဖွားဆီမှာ မြစပယ်ရဲ့ ကျောကဝှက်စာဆိုတာ ရှိတယ်နော်”



www.burmeseclassic.com

www.burmeseclassic.com

ဟု မိုးသီးက ပြောလိုက်လေ၏။

"ဟုတ်တယ်၊ မြစပယ်ရဲ့ ကျောကစာရှိတယ်။ မောင်သန်းအေးရဲ့စာတော့ မရှိဘူး။ ဒါပေမယ့် မြဒင်တို့ဂိုဏ်းကကောင်ကိုတော့ ရပြီလို့ ပြောလိုက်တယ်။ ပြောလိုက်တဲ့ သဘောကတော့ မောင်သန်းအေးအပေါ်မှာ လျော့ပြီး စဉ်းစားနိုင်အောင်ပေါ့။ ဘာပဲဖြစ်ဖြစ်လေ သူတို့ကို ကယ်ရမှာပါပဲ"

ဟု ဆိတ်ဖွားက ပြောလိုက်လေ၏။ ထိုအခါ မိုးသီးက…

"ဒါဆိုရင် ဆရာဆိတ်ဖွားကို မြဒင်တို့ဘက်ကရော၊ မကျီးသီးတို့ဘက်ကပါ နှစ်ဖက်စလုံးက လာရန်ရှာနေမှာပေါ့"

ဟု ပြောလိုက်ပြီးလျှင် သေတ္တာဘက်သို့ လှည့်ကာ…

"သေတ္တာရေ… မြစပယ်တို့၊ မောင်သန်းရှအေးတို့ကို ဖမ်းထားတဲ့နေရာတွေကို သိတယ်မဟုတ်လား"

ဟု မိုးသီးက မေးလိုက်လျှင် သေတ္တာက…

"သိပါတယ် ဆရာကိုမိုးသီး"

ဟု ပြန်၍ပြောလိုက်လေ၏။

"ဒါဆိုရင် ပြီးတာပဲကွာ။ သူတို့ကို ကယ်ဖို့ လွယ်ပါတယ်။ ဆရာဆိတ်ဖွားလည်း ရှိတာပဲ။ မင်းရယ်၊ ငါရယ်၊ ဆရာဆိတ်ဖွားရယ် ရှိနေမှပဲကွာ၊ ဘာများခက်တာရှိတော့မှာလဲ"

ဟု မိုးသီးက ပြောလိုက်ရာ သေတ္တာက ထိုစကားကို လွန်စွာသဘောကျ၍သွားလေ၏။

"သိပ်ဟုတ်တာပေါ့ ဆရာကိုမိုးသီးရယ်။ ကဲ… ဆရာဆိတ်ဖွား အဲဒီကိစ္စကို ဘယ်လိုလုပ်မလဲဆိုတာသာ ပြောပါတော့"

ဟု သေတ္တာကပြောလိုက်လေ၏။

"ဒီကိစ္စမှာတော့ ဉာဏ်နီဉာဏ်နက်တွေ သိပ်သုံးနေလို့ မဖြစ်တော့ဘူး။ ဘာဖြစ်လို့လဲဆိုတော့ အချိန်က သိပ်မှ မရတော့ဘဲကိုကွ။ စွန့်စွန့်စားစားနဲ့လုပ်ရမယ့်ကိစ္စ ဖြစ်နေပြီ။ ကျားကစားသလိုပေါ့ကွာ။ ရှေ့ဆက်ပြီး ရွှေ့ဖို့ ရွှေ့ကွက်မရှိဘဲ ပိတ်နေရင် တစ်ကောင်တစ်ကောင်ချင်း လဲပြီး လမ်းရှင်းလိုက်ရတယ်မဟုတ်လား။ ဒီတော့ ရှေ့ဆက်ပြီး ဘယ်အကောင် ရွှေ့သင့်တယ်ဆိုတာကို မြင်လာမယ်မဟုတ်လား။ ဒီတော့ မိုးသီးက မကျီးသီးဆီကို ဓားစာခံအဖြစ်နဲ့သွားပြီး သေတ္တာက မြဒင်ဆီကို ဓားစာခံအဖြစ်နဲ့ သွားရမယ်။ မင်းတို့ကို အဖမ်းခံပြီး လူချင်းလဲယူတဲ့သဘောပေါ့ကွာ။ ဒီအခြေအနေကျမှ ပုလိပ်နဲ့တက်ပြီး ဝိုင်းလို့လည်း မရနိုင်တော့ဘူး။ ပုလိပ်ဝင်လာတာနဲ့ မောင်သန်းအေးရော မြစပယ်ပါ သေကုန်ကြလိမ့်မယ်"

ဟု ဆိတ်ဖွားက ပြောလိုက်ရာ မိုးသီးနှင့် သေတ္တာတို့သည် တစ်ဦးမျက်နှာတစ်ဦး ကြည့်လိုက်ကြလေ၏။

ထို့နောက် အဓိပ္ပာယ်ပါပါ ပြုံးလိုက်ကြလေ၏။ သူတို့၏ အပြုံးများသည် သေခြင်းတရားနှင့် ပတ်သက်၍ အလေးအနက်စဉ်းစားလိုက်ပြီးနောက် သေခြင်းတရားအပေါ်၌ ထားရှိသော သဘောတရားတစ်ခုကို ပြတ်ပြတ်သားသား ရရှိသွားသော အပြုံးမျိုးပင် ဖြစ်ပေသည်။

"သေဖို့ကြုံလာရင် သေဖို့အသင့်ပြင်လိုက်တာဟာ အကောင်းဆုံးပါပဲ သေတ္တာ"

ဟု မိုးသီးက ပြောလိုက်တာ သေတ္တာက -

"သေတယ်ဆိုတာ အိပ်မောကျခြင်းတစ်မျိုးပဲဗျာ"

ဟု ပြောလိုက်ပြန်၏။

"မင်းတို့ပြောတာ မဆိုးပါဘူးကွာ။ ဒါပေမယ့် သေခြင်းတရားရဲ့ ပျော်ရွှင်ချမ်းမြေ့မှုကို သက်ရှိသတ္တဝါတွေမသိအောင် သဘာဝတရားက လျှို့ဝှက်ထားတယ်။ အမှန်ကတော့ သေခြင်းတရားမှာ ပျော်ရွှင်ချမ်းမြေ့မှုတွေ ပါတာတော့ အမှန်ပဲကွာ။ အဲလို ပျော်ရွှင်ချမ်းမြေ့မှုတွေ ပါတယ်ဆိုတာကို လူတွေမသိအောင်တော့ သဘာဝတရားကြီးက လျှို့ဝှက်ထားတယ်ကွ။ အဲဒီလို မလျှို့ဝှက်ရင် လူတွေဟာ အသက်ရှင်ဖို့ ကြိုးစားတော့မှာ မဟုတ်ပေဘူး။ အေး… အေး ငါ့လူတို့နှစ်ယောက် သေဖို့အသင့်ပြင်နေကြပြီဆိုတာ ပျော်ရွှင်ဖို့ အသင့်ဖြစ်နေကြပြီပေါ့ ဟာ… ဟ"

ဟု ဆိတ်ဖွားကရယ်၍ ဆေးလိပ်ပြာကို ခြွေလိုက်လေ၏။

"ကဲ… ကိုမိုးသီး၊ ခင်ဗျားတို့နှစ်ယောက်ကို ဓားစာခံထားပြီး မြစပယ်နဲ့ မောင်သန်းအေးတို့ကို လဲလှယ်ဖို့ကတော့ ဟုတ်ပါပြီ။ ဘယ်နေရာမှာ လဲရမယ်ဆိုတာကိုပဲ စဉ်းစားရတော့မယ်"

ထိုအခါ မိုးသီးက…

"ဆရာဆိတ်ဖွား… ဒီလိုလုပ်ပါလား။ ရန်ကုန်ဆိပ်ကမ်းမှာ ငွေစင်ရော်လို့ နာမည်ရေးထားတဲ့ မော်တော်ကား တစ်စင်း ရပ်ထားတယ်။ အဲဒီမော်တော်



www.burmeseclassic.com

www.burmeseclassic.com

ကဲ အယ်လ်ဖန်စွန်းကနေပြီး ကျုပ်စီးလာခဲ့ မော်တော်ပဲ။ အဲဒီမော်တော်ကနေ ဆင်းပြီး ဆရာဆိတ်ဖွားက မြစပယ်နဲ့ မောင်သန်းအေးကို လက်ခံဖို့ပဲ။ သူတို့နှစ်ယောက်ကိုရဲ့ဟာနဲ့ ဘလူးဂျိုင်းယင်ကြီး ကျောက်ချထားတဲ့ အယ်လ်ဖန်စွန်းကိုသွားပေါ့ကော့။ အဲဒီမှာ ကျုပ်ရဲ့သင်္ဘောသားတွေရှိတယ်။ ကျုပ်တို့နှစ်ယောက်ကို မစောင့်နဲ့။ ကျုပ်တို့နှစ်ယောက်ကတော့ ကိုယ့်နည်းကိုယ့်ဟာန်နဲ့ လာခဲ့ကြမယ်။ အဲ···ပြီးတော့ ဆရာဆိတ်ဖွားနဲ့အတူ ကျုပ်လူတစ်ယောက်လည်း ထားခဲ့မယ်"

ဟု ဆိုပြီး···

"ဟော့···စိန်နက်ရေ လာဟေ့"

ဟု ဆိုကာ မိုးသီးသည် မြင်းရထားဘက်သို့လှည့်၍ ခေါ်လိုက်ရာ လွန်စွာအသားမည်း၍ လွန်စွာမှ နှုတ်ခမ်းနီသော လူတစ်ယောက်သည် ရထားလုံးအတွင်းမှ ထွက်၍လာလေ၏။ သေတ္တာရော၊ ဆိတ်ဖွားကပါ ထိုသူအား ကြည့်လိုက်ရာ ထိုသူက သူ၏ဖြူဖွေးပြောင်လက်လှသော သွားများကို ပေါ်အောင်ပြုံးလိုက်ပြီးနောက် ရေငွေးကြမ်းပိုင်း၍ထိုင်နေသော သေတ္တာ၏လူများထံသို့ သွားပြီးလျှင် တစ်ယောက်သောသူအား ကုပ်မှဆွဲကိုင်၍ ထုတ်လိုက်လေ၏။

ထို့နောက် နံကြားဆီသို့ ဒူးဖြင့်နှစ်ချက်ဆင့်၍ တိုက်လိုက်ရာ ထိုသူသည် နေရာ၌ပင် ခွေ၍လဲကျသွားလေတော့၏။

"ဟောဒီကောင်ဟာ ဒရှိ(သူလျှို)ဖြစ်တယ်ဗျ။ ဆရာကိုမိုးသီးက ကျုပ်ကို ရထားလုံးထဲက မခေါ်ဘဲ မထွက်ခဲ့နဲ့၊ ရထားလုံးထဲကနေပြီး ခြံထဲမှာရှိတဲ့လူတွေကို လေ့လာဖို့မှာထားခဲ့တယ်။ စောစောက ရထားလုံးဘေးမှာလာပြီး သေးပေါက်သလိုနဲ့ သူ့ရဲ့ပေါင်မှာချည်ထားတဲ့ သေနတ်ကို ထုတ်ကြည့်တာ တွေ့ရတယ်။ ဟောဒီမှာ··"

ဟုဆိုကာ လဲကျနေသောသူ၏ လုံချည်ကိုလှန်လိုက်ပြီးလျှင် ပေါင်၌ သားရေကြိုးဖြင့် ချည်၍ထားသော ခြောက်လုံးပြူးကို ဆွဲထုတ်လိုက်ပြီးနောက် ထိုသူ၏နားထင်ကို ဒိုင်းခနဲပစ်လိုက်လေတော့၏။

"ကဲ···ဟေ့ ကိုယ့်လူ၊ မိုးသီးတပည့် စိန်နက်ကတော့ ရှေ့မှာ ကျုပ်တို့ ကျူးလွန်ရမယ့် ရက်စက်မှုတွေ၊ သတ်ဖြတ်မှုတွေအတွက် ဖွင့်ပွဲလုပ်လိုက်ပြီဟေ့။ စိန်နက်ရေ မင်းရဲ့ကူညီစောင်မမှုနဲ့ ဒီကောင်တွေ သေခြင်းတရားရဲ့ ပျော်ရွှင်ချမ်းမြေ့မှုတွေကို တင်းပြည့်ကျပ်ပြည့် ခံစားသွားရပြီကွ···ဟာ···ဟ"

ဟု ဆိတ်ဖွားက ပြောလိုက်ပြီး သေတ္တာ၏လူများအား အလောင်းကို တူးမြှုပ်ရန်အတွက် စေခိုင်းလိုက်လေတော့၏။

"ကဲ···ကိုယ့်လူတို့ သွားပေတော့။ ဟောဒီမှာ စာတစ်စောင်စီ ယူသွားကြပေတော့"

ဟု ဆိုကာ ဆိတ်ဖွားသည် အောက်ပါစာနှစ်စောင်ရေး၍ မိုးသီးအား တစ်စောင်၊ သေတ္တာအားတစ်စောင် ပေးလိုက်လေ၏။

ထို့နောက် အောက်ပါအတိုင်း ဆက်၍ မှာကြားပြန်လေ၏။

"မကျီးသီးက မြစပယ်ကို ထုတ်သွားတာနဲ့ ကိုမိုးသီးက သူတို့လက်က လွတ်အောင် ကြိုးစားပေတော့။ ကျုပ်ဆီကို မကျီးသီးတို့က မြစပယ်ကိုလာပို့ရင် ကျုပ်က မောင်သန်းအေးကို ပို့လိုက်ပြီလို့ လိုမ့်လွှတ်လိုက်မယ်။ အဲ သူတို့ပြန်ရောက်လို့ မောင်သန်းအေးကို မတွေ့ရင်တော့ ခင်ဗျားကို သတ်ကြလိမ့်မယ်။ ဒီတော့ သူတို့ပြန်မရောက်ခင် လွတ်အောင်ပြေးနိုင်မှ တော်ရုံကျမယ်"

ဟု သေတ္တာအား မှာပြန်လေ၏။

ထိုအခါ မိုးသီးနှင့် သေတ္တာတို့သည်···

"စိတ်ချပါ ဆရာဆိတ်ဖွား။ ဒီအတွက်တော့ စိတ်မပူပါနဲ့"

ဟု ဆိုကာ ပြောဆိုလျက် ထွက်သွားကြလေတော့၏။

မိုးသီးနှင့် သေတ္တာတို့အား ဆိတ်ဖွားရေးပေးလိုက်သော စာနှစ်စောင်မှာ အောက်ပါအတိုင်း ဖြစ်လေ၏။

*မကျီးသီး*

*မင်းတို့လိုချင်တဲ့ မောင်သန်းအေးကို ပေးမယ်။ မြစပယ်ကိုပေးပါ။ အဲဒီကိစ္စအတွက် အခု စာယူလာတဲ့လူကို ဓားစာခံအဖြစ် ခေါ်ထားပါ။ ငါတို့ဘက်က ပျက်ကွက်ရင် သူ့ကိုသတ်ပစ်လိုက်ပါ။ အိုလံကိုလည်း ပြန်ပေးပါ*

*ဆိတ်ဖွား*

*မြခင်*

*မင်းတို့လိုချင်တဲ့ မြစပယ်ကိုပေးမယ်။ မင်းတို့က မောင်သန်းအေးကို ပေးပါ။ ပျက်ကွက်ရင် အခုလာတဲ့*



www.burmeseclassic.com

www.burmeseclassic.com

ကောင်ကို ခေါင်းဖြတ်ပစ်နိုင်ပါတယ်

ဆိတ်ဖွား

သဘာဝတရားသည် သေခြင်းတရား၏ အရသာရှိသော အချက်ကို လူသားတို့မသိနိုင်အောင် ဖုံးကွယ်ထားသည်။

ပရော်ဖက်ဆာ ဆိတ်ဖွား

× × ×

## ဘလူးဂျိုင်းယင့် ရွှက်သဘော်ကြီးနှင့်အတူ

ဆိတ်ဖွားသည် မိုးသီးနှင့်သေစ္စာတို့အား စာများပေး၍ ဓားစာခံလွှတ်ခဲ့ပြီးနောက် မိုးသီးပြောပြခဲ့သော ရန်ကုန်ဆိပ်ကမ်းမှ ငွေစင်ရော်မော်တော်ဆီသို့ စိန်နက်နှင့်အတူ သွားရောက်ခဲ့လေ၏။

ညပိုင်းသို့ရောက်သောအခါ မကျီးသီး၏တပည့် လူဆိုးသုံးဦးသည် ငွေစင်ရော်ရှိရာ ဇောတံတားသို့ ရထားလုံးနှင့်ရောက်လာကြပြီး ငွေစင်ရော်မော်တော်ဆီသို့ တစ်ယောက်သောသူက ဆင်း၍လာကာ…

"ကျောသား ပါတယ်"

ဟု ဆိုလေ၏။

ဆိတ်ဖွားက…

"ကျောသားပါရင် ထားခဲ့။ ရင်သားကို တို့က လွှတ်လိုက်ပြီ"

ဟု ဆိုလိုက်လျှင် မကျီးသီး၏တပည့်များသည် တစ်စုံတစ်ယောက်အား လူမမာကဲ့သို့ စောင်ခြုံ၍ ဆိတ်ဖွားထံသို့ ခေါ်၍လာလေ၏။ ဆိတ်ဖွားက ထိုစောင်ခြုံလာသူအား ဖွင့်၍ကြည့်လိုက်ရာ ပါးစပ်ကိုလည်း အဝတ်စည်းထားသည့်အပြင် လက်များကိုလည်း ကြိုးဖြင့် တုပ်နှောင်ထားသော မိန်းကလေးကို တွေ့ရလေ၏။ ထို့ကြောင့် မြစပယ် ဟုတ်၊ မဟုတ် သိရန်အတွက် ဆိတ်ဖွားက မြစပယ်၏ ကျောအင်္ကျီကို လှန်၍ မီးခွက်ဖြင့်ကြည့်ရှုရာ ကျောပြင်တစ်ခုလုံး၌ စာများထိုးထားသည်ကို တွေ့ရလေ၏။ ထိုစာများအား ဆိတ်ဖွားသည် သေချာစွာကြည့်ရှုလိုက်လေရာ ယခင်က တာယောမြင့်သွေး အလောင်းတွင် ပါလာသည့် လက်ဖွဲ့မှရရှိခဲ့သော စာများဖြစ်၍နေသည်ကို တွေ့ရလေ၏။ ထိုအခါ ဆိတ်ဖွားသည် မကျီးသီး၏ တပည့်များဘက်သို့ လှည့်ပြီးလျှင်…

"ကဲ…မင်းတို့ ပြန်နိုင်ပြီ။ မြစပယ်ကို ထားခဲ့တော့။ မင်းတို့ဆီမှာ မောင်သန်းအေးရောက်နေတာကို တွေ့ရလိမ့်မယ်။ ပြီးတော့ ဓားစာခံထားခဲ့တဲ့ ငါ့လူကိုပါ ပြန်လွှတ်လိုက်။ ကြားလား"

ဟု ပြောလိုက်ရာ မကျီးသီး၏ တပည့်များလည်း မော်တော်ပေါ်မှ ဆင်း၍သွားကြလေတော့၏။

ထိုကဲ့သို့ မကျီးသီး၏ တပည့်များ သဘော်ပေါ်မှ ဆင်းသွားကြသောအခါ ဆိတ်ဖွားသည် စိန်နက်အား အနီးသို့ လှမ်းခေါ်လိုက်ပြီးလျှင်…

"စိန်နက်ရေ ဒီမိန်းကလေးကို တော့ ဒီအတိုင်းပဲ အဝတ်တွေ၊ ကြိုးတွေနဲ့ဆက်ပြီး တုပ်နှောင်ထားရဦးမှာပဲ။ သူကတော့ ခုချိန်မှာ တို့ကို လူဆိုးတွေလို့ပဲ ထင်နေမှာပဲ။ ဘာပဲဖြစ်ဖြစ်လေ နောက်တော့မှ ရှင်းပြပြီး တောင်းပန်ရမှာပေါ့"

ဟု ပြောလိုက်လေ၏။ ထိုအခါ စိန်နက်က…

"ဟုတ်တယ် ဆရာဆိတ်ဖွား။ ဒီကောင်မလေးက ကြောက်ကြောက်နဲ့ ထွက်ပြေးသွားရင် အားလုံး အစီအစဉ်တွေ ပျက်ကုန်မယ်"

ဟု ထောက်ခံပြောဆိုလေ၏။

"အစီအစဉ်တွေ ပျက်ကုန်ရုံတင် မကဘူး။ သူ့အတွက်လည်း အန္တရာယ်ရှိနိုင်တယ်။ ကဲ…ဒီတော့ စိန်နက်ရေ ပြောနေရင် အချိန်ကြာမယ်။ သူ့ကို ငါးစည်အလွတ်တစ်ခုထဲမှာ သွားထည့်ပြီး သေသေချာချာ စောင့်ကြည့်နေပေတော့။ တော်ကြာ မြဒင်ဘက်ကလူတွေ မောင်သန်းအေးကို ခေါ်လာကြလိမ့်မယ်"

ဟု ဆိတ်ဖွားက ပြောလိုက်ရာ စိန်နက်သည် မြစပယ်အား ပွေ့ချီကာ မော်တော်ပဲ့ပိုင်းတွင်ရှိသော ငါးစည်ကြီးထဲတွင် ထည့်ထားလိုက်လေ၏။

ထိုကဲ့သို့ မြစပယ်အား ငါးစည်ပိုင်းကြီးအတွင်းတွင် ထည့်ပြီးနောက် မိနစ်အနည်းငယ်မျှ ကြာသောအခါ၌ မော်တော်အနီးသို့ သမ္ဗန်တစ်စီး ကပ်၍လာလေ၏။ ထိုအခါ ဆိတ်ဖွားက သမ္ဗန်ပေါ်သို့ ငုံ့၍ကြည့်လိုက်ပြီးလျှင်…

"ဟေ့…ဘယ်သူတွေလဲကွ။ မော်တော်နားကို ဘာလာလုပ်တာလဲ"

ဟု အော်၍ပြောလိုက်ရာ သမ္ဗန်ကို လှော်ခတ်လာသောလူက…

"ကျုပ်တို့မှာ ရင်သားပါလာတယ်။ ခင်ဗျားတို့ဆီက ကျောသားလိုချင်တယ်"

ဟု ပြန်၍ပြောလေ၏။

ထိုအခါ ဆိတ်ဖွားက…

"ရင်သားပါရင်ထားခဲ့။ တို့ရဲ့ကျော



www.burmeseclassic.com

www.burmeseclassic.com

သားကိုတော့ မင်းတို့ဆီကို သွားပို့နေကြပြီ"

ဟု ပြောလိုက်လေရာ…

သင်္ဘောပေါ်အိုးထဲမှ မြခင်၏တပည့်ယောက်သည် ရှက်ထည်ကြမ်းတစ်ခုဖြင့်ပတ်၍ထားသော အထုပ်ကြီးတစ်ခုအား မော်တော်ပေါ်သို့ မ၍တင်ကြလေ၏။ ထိုအထုပ်ကြီး မော်တော်ပေါ်သို့ ရောက်သောအခါ ဆိတ်ဖွားက…

"ကဲ…မင်းတို့ရဲ့ရှင်သားကို ပြပါဦး။ ငါစစ်ဆေးဦးမယ်"

ဟု ပြောလိုက်လေရာ မြခင်၏တပည့်များသည် ရှက်ထည်ကြမ်းဖြင့်ပတ်၍ထားသော အထုပ်ကြီးအား ဖြေချလိုက်လေ၏။ ထိုအခါ ပါးစပ်ကို အဝတ်နှင့်စည်းထားပြီး လက်များကိုပူးကပ်ကာ ကြိုးဖြင့်ချည်နှောင်ထားသော လူတစ်ယောက်ကို တွေ့ရလေ၏။

ဆိတ်ဖွားသည် မီးခွက်ဖြင့် ထိုလူ၏မျက်နှာအား သေသေချာချာကြည့်လိုက်လေရာ မောင်သန်းအေး ဖြစ်၍နေကြောင်း တွေ့ရလေ၏။ ဆိတ်ဖွားသည် မောင်သန်းအေးအား ကောင်းစွာမှတ်မိ၍နေလေ၏။ (တစ်ကြိမ်က ပုဂ္ဂန်တောင် ပန်းခြံထောင့်တွင် တွေ့ခဲ့ဖူးပြီး ဖြစ်လေ၏။) သို့ရာတွင် ပို၍သေချာစေရန် အတွက် မောင်သန်းအေး၏ အင်္ကျီကျယ်သီးများကို ဖြုတ်လိုက်ပြီးလျှင် ရင်ဘတ်ကိုကြည့်လိုက်ရာ "သရစာလုံးများ"ကို တွေ့ရလေ၏။

ထိုအခါ ဆိတ်ဖွားသည် မြခင်၏တပည့်များဘက်သို့ လှည့်ပြီးလျှင်…

"ကဲ…မင်းတို့ပြန်ကြတော့။ ဒီကောင်ကိုတော့ ထားခဲ့ပါ။ ပရိက္ခတော့ မင်းတို့ဆီမှာ မြစပယ်ရောက်နေတာကို တွေ့ရလိမ့်မယ်။ ပြီးတော့ တို့ထားတဲ့ ဓားစာခံကိုပါ ကောင်းကောင်းမွန်မွန် ပြန်လွှတ်လိုက်…ကြားလား"

ဟု ပြောလိုက်လေရာ မြခင်၏ တပည့်များသည် မော်တော်ပေါ်မှဆင်း၍ သွားကြလေ၏။ ထိုသူတို့၏သမ္ဗန်သည် မော်တော်နှင့်ခပ်ဝေးဝေး ရောက်သွားလျှင် ဆိတ်ဖွားသည် မြစပယ်တို့ကိုထည့်ထားသော ငါးစည်ပိုင်းအနီး၌ ရပ်၍နေသော စိန်နက်အား လှမ်း၍ခေါ်လိုက်လေ၏။

"ကဲ…စိန်နက်ရေ၊ ယောဒီက မောင်သန်းအေးကိုလည်း မြစပယ်လိုပဲ ခဏထားလိုက်ပါဦး။ မင်းတို့ရဲ့ ဘလူးဂျိုင်းယင့်ကြီးပေါ်ရောက်မှပဲ သူတို့နှစ်ယောက်စလုံးကို အခန်းတစ်ခန်းစီမှာ ခွဲချုပ်ထားရတာပေါ့"

ဟု ဆိတ်ဖွားက ပြောလိုက်လေရာ ချက်ဆို "နားခွက်က မီးတောက်"သော စိန်နက်က မောင်သန်းအေးကို ပွေ့ချီကာ မော်တော်ပဲ့ကိုင်းတွင်ရှိသော ငါးစည်တစ်ခု၏အတွင်း၌ သွား၍ထည့်ထားလေ၏။

ဆိတ်ဖွားသည် သူ၏အနီးသို့ စိန်နက်ပြန်ရောက်လာသောအခါ…

"ကဲ…စိန်နက်ရေ တို့ကိစ္စတော့ ပြီးပြီ။ ကျန်တာက မိုးသီးနဲ့ သေတ္တာ တို့ကိစ္စပဲ ရှိတော့တယ်။ ဒီတော့ မင်းတို့ရဲ့ ဘလူးဂျိုင်းယင့်ကြီး ရပ်ထားတဲ့ အယ်လ်ဖန်စွန်းဆီကို သွားဖို့ပဲရှိတော့တယ်။ မော်တော်ကို အမြန်ဆုံးနှုန်းနဲ့ မောင်းပေတော့။ ဒီနေရာမှာ အချိန်ကြာသွားရင် မှုကျီးသီးအဖွဲ့နဲ့ မြခင်တို့အဖွဲ့ ရောက်လာကြလိမ့်မယ်"

ဟု ပြောလိုက်ရာ အကင်းပါး သလောက် သွက်လက်ချက်ချာလှသော စိန်နက်သည် မော်တော်ကို စက်ကုန်ဖွင့်ကာ အယ်လ်ဖန်စွန်းဆီသို့ ဦးတည်မောင်းနှင်လေတော့၏။

× × ×

ဆိတ်ဖွား၊ စိန်နက်၊ မောင်သန်းအေးနှင့် မြစပယ်တို့ လေးဦးသားအား တင်ဆောင်သွားသော ငွေစင်ရော်မော်တော်လေးသည် အရှိန်ပြင်းစွာဖြင့် တစ်ညလုံးခုတ်မောင်းခဲ့ရာ နံနက်ဝေလီဝေလင်းအချိန်လောက်တွင် အယ်လ်ဖန်စွန်း၌ ရပ်၍ထားသည့် ဘလူးဂျိုင်းယင့်ရွက်သင်္ဘောကြီးအနီးသို့ ရောက်လေတော့၏။ ကမ်းခြေသို့ မော်တော်ကပ်၍လာသည်ကိုမြင်သည်နှင့် ဘလူးဂျိုင်းယင့်ရွက်သင်္ဘောကြီးပေါ်မှ သင်္ဘောသားအချို့သည် ပြေး၍လာကြလေ၏။

စိန်နက်သည် သင်္ဘောသားများအား မိုးသီး မကြာခင်ရောက်လာလိမ့်မည်ဖြစ်ကြောင်းနှင့် မိုးသီးရောက်လာသည်နှင့် သင်္ဘောထွက်မည် ဖြစ်ကြောင်းတို့ကို ပြောဆိုကာ မော်တော်ပေါ်တွင်ပါလာသော ငါးစည်အလွတ်များအား ဘလူးဂျိုင်းယင့်ကြီးပေါ်တင်ရန် ခိုင်းလေ၏။

မောင်သန်းအေးနှင့် မြစပယ်တို့ကိုမူ စိန်နက်ကိုယ်တိုင် ဘလူးဂျိုင်း ယင့်ရွက်သင်္ဘောကြီးပေါ်သို့ ခေါ်ဆောင်သွားပြီးလျှင် သင်္ဘောဝမ်းဗိုက်၏ အခန်းတစ်ခုစီအတွင်း၌ သီးသန့်ခွဲ၍ ထည့်



www.burmeseclassic.com

www.burmeseclassic.com

ထားလေ၏။ အခြေအနေနှင့် နေရာဒေသကို စိတ်ချသွားပြီဖြစ်သောကြောင့် သူတို့နှစ်ယောက်အား ချည်နှောင်ထားသော ကြိုးများကို ဖြေပေးလိုက်လေ၏။

ထို့နောက် စိန်နက်သည် ငါးစည်အလွတ်များကို သယ်ယူလာသော သင်္ဘောသားများအား စစ်ဆေး၍ နေရာချထားပေးလေ၏။

ဆိတ်ဖွားသည် ဘလူးဂျိုင်းယင့်ခေါ် ဘီလူးပြာကြီး အမည်ရှိသော သင်္ဘောပေါ်၌ နေရာအနှံ့အပြားကို လှည့်လည်ကြည့်ရှုကြလေ၏။ ထိုအခါ၌ စိန်နက်သည် ဆိတ်ဖွားအနီးသို့ ရောက်လာပြီးလျှင် . . .

"ဆရာကိုမိုးသီးဟာ သီဟိုဠ်မှာ နီလာကျောက်ကြီးတစ်လုံးရတယ်။ အဲဒီနီလာကြီးကို အပြာရောင်ဘီလူးကြီးလို့ ရတနာကုန်သည်တွေက နာမည်ပေးထားကြတယ်။ အဲဒီ အပြာရောင်ဘီလူးကြီးကို ရောင်းလို့ရတဲ့ငွေနဲ့ဝယ်တဲ့ ရွက်သင်္ဘောကြီးမို့လို့ သူ့ကိုလည်း 'ဘလူးဂျိုင်းယင့်'လို့ အမည်ပေးထားတာ ဆရာဆိတ်ဖွား"

ဟု ပြောလေ၏။

ဆိတ်ဖွားသည် သင်္ဘောဦးပိုင်းသို့ လျှောက်၍ သွားပြန်၏။ စိန်နက်လည်း ၎င်းတို့နှင့်အတူ လိုက်ပါ၍လာလေသည်။

"ဝက်စာကတော့ ရတနာတွေ မြှုပ်ထားတဲ့နေရာကို ရေးထားတာဖြစ်လိမ့်မယ်ထင်တယ်။ ရတနာတွေရပြီးရင်တော့ ဟိုနှစ်ယောက်ကို ပြန်လွှတ်နိုင်ပြီပေါ့။ ဒီဝက်စာကို စိတ်ဝင်စားတဲ့ လူဆိုးဂိုဏ်းတွေကလည်း သူတို့ကိုဖမ်းစရာမလိုတော့ပါဘူး"

"ဒီလိုတော့ . . . မဟုတ်ဘူးကွ။ အန္တရာယ်ပေးနိုင်သေးတယ်။ အနည်းဆုံး ဖမ်းပြီး ငါတို့ရဲ့သတင်းကို မေးနိုင်တယ်။ စိတ်မထင်ရင် သတ်ပစ်ချင် သတ်ပစ်နိုင်သေးတယ်။ အကောင်းဆုံးက ဒီကိစ္စကို လူဆိုးတွေဘက်က သွေးအေးသွားတဲ့အထိ သူတို့နှစ်ယောက်ကိုလည်း ဝှက်ပေးထားရမှာပဲ"

"ဆရာဆိတ်ဖွားကတော့ ဘာပဲဖြစ်ဖြစ် ဆရာကိုမိုးသီး၊ ကိုသေတ္တာတို့နဲ့အတူ လိုက်ပြီးနေမယ် မဟုတ်လား"

"လောလောဆယ်တော့ ဘာမှအဖြေမပေးနိုင်သေးဘူး စိန်နက်ရေ။ ဒါပေမယ့် လိုက်ပြီးမနေဖြစ်ဖို့က များပါတယ်ကွာ။ ငါ့မှာက ဒီကိစ္စတွေပြီးရင် သေတဲ့အထိ ဆောင်ရွက်သွားရမယ့် တာဝန်တစ်ခု ရှိသေးတယ်ကွ။ အဲဒါက ဘာလဲဆိုတော့ . . ."

ဟု ဆိုကာ ဆိတ်ဖွားသည် ပင်လယ်ပြင်ကြီးကို ငေးမောကြည့်ရှုလိုက်၏။ တစ်နည်းဆိုရလျှင် အဆုံးမရှိသော အနာဂတ်ကာလကြီးကို ငေးမောကြည့်ရှုလိုက်ခြင်းဟုလည်း ဆိုနိုင်ပေသည်။ ထို့နောက် အောက်ပါအတိုင်း ဆက်၍ ပြောပြန်လေ၏။

"လူတွေဟာ သူ့နည်းနဲ့သူ ဒုက္ခရောက်နေကြတယ်။ ယောက်ယက်ခတ်နေကြတယ်။ အေးအေးဆေးဆေး မရှိဘူး။ ပူပန်နေကြရတယ်။ အဲဒီလိုဖြစ်နေလေတော့ လူတွေဟာ အားငယ်လာပြီး လောကကြီးကိုက မတရားပါဘူးဆိုတဲ့ စကားကိုသုံးပြီး လောကကြီးကိုအပြစ်တင်လာကြတော့တယ်။ အမှန်ကတော့ လောကကြီးဟာ လောကကြီးပါပဲ။ တရားတာလည်း မဟုတ်ဘူး၊ မတရားတာလည်း မဟုတ်ဘူး။ မတရားတာက လူတွေပါ။ အဲဒီလို မတရားဖြစ်နေရတာကလည်း လောကပါလဆိုတဲ့ လောကကြီးကို စောင့်ရှောက်တဲ့တရားတွေ ခေါင်းပါးနေလို့ပဲ။ ဒီတော့ လူတွေအတွက် လောကကြီးကိုစောင့်ရှောက်တဲ့တရားကို အခြေခံပြီး စာအုပ်တစ်အုပ်ရေးမယ်။ အဲဒီစာကို လူတွေလည်း လက်ခံလာအောင်လည်း အားတိုက်ခွန်တိုက် ကြိုးစားရမှာပေါ့ကွာ"

"ဆရာ့ဟာ တော်တော်ခက်မှာပါပဲ"

ဟု စိန်နက်က ပြောလိုက်လေ၏။

"အေးကွာ . . . အလွယ်ဆုံးပြောရရင် အထူးသဖြင့် ဒုက္ခရောက်နေတဲ့ လူသားတွေကို ထိုက်ထိုက်တန်တန် အကူအညီပေးဖို့ အလုပ်တာဝန်တွေ လုပ်ရဦးမယ်။ ငါနဲ့ သဘောချင်းတူတဲ့ လူတွေကို စုပေါင်းရဦးမယ်။ စုပေါင်းပြီး ငါ့ရဲ့ရည်ရွယ်ချက်တွေကို အကောင်အထည်ဖော်ရလိမ့်မယ်ကွ"

"ဆရာဆိတ်ဖွား ဟိုမှာကြည့်စမ်းပါ။ ကိုသေတ္တာ မဟုတ်လား"

ဟု စိန်နက်ကပြောလိုက်သဖြင့် ဆိတ်ဖွားလည်း စိန်နက်ညွှန်ပြရာဘက်သို့ လှည့်ကြည့်လိုက်ရာ သဲသောင်ပြင်၌ လမ်းလျှောက်လာသော သေတ္တာကို တွေ့ရလေ၏။ သေတ္တာသည် ပင်လယ်လေကို ရှူရှိုက်ရင်း စိတ်အေးချမ်းသာစွာ လျှောက်၍လာလေ၏။ သူ့လက်တွင်း၌လည်း အထုပ်တစ်ထုပ် ပါလာလေ၏။



www.burmeseclassic.com

www.burmeseclassic.com

သေတ္တာသည် ရှက်လေ့အနီးသို့ ရောက်သည့်အခါ၌ ဆိတ်ဖွားကိုမြင်လျှင်

"ဆရာဆိတ်ဖွား···ဆရာမိုးသီး ရောက်ပြီလား"

ဟု အော်၍မေးလိုက်လေ၏။ ဆိတ်ဖွားက လက်ကိုခါ၍ပြလေ၏။

သေတ္တာသည် ရှက်လေ့ပေါ်သို့ ပေါ့ပါးဖျတ်လတ်စွာတက်၍ လာလေသည်။ မိုးသီး၏တပည့် စိန်နက်က သူ၏ဆရာမိုးသီးအတွက် စိတ်ပူနေရှာ၏။

"ဆရာမိုးသီးတော့ ဒုက္ခတွေ့ပြီထင်ပဲ"

ဟု စိန်နက်က ညည်းသံဖြင့်ပြောလိုက်ရာ သေတ္တာက···

"ဟာကောင်ရ···ဒုက္ခဖြစ်မယ့်ဆီကို သွားတာပဲဥစ္စာ။ ဒုက္ခတွေ့မှာပေါ့ကွ။ ဟဲ···ဟဲ ဒါပေမယ့် ဘာမှမပူပါနဲ့။ မင်းဆရာ ပြန်ရောက်လာလိမ့်မယ်။ ရန်သူ့ရဲ့လက်ထဲကနေ လွတ်မြောက်အောင် ကြံစည်တဲ့နေရာမှာ ဆရာကိုမိုးသီးဟာ တကယ်တော်တဲ့လူပါကွ"

"နေစမ်းပါဦး သေတ္တာ။ မင်းကော ဘယ်လိုလုပ်ပြီး လွတ်လာတာလဲ"

ဟု ဆိတ်ဖွားက မေးလိုက်ရာ သေတ္တာကပြုံးလျက်···

"ဆရာဆိတ်ဖွား လွှတ်လိုက်တဲ့အတိုင်း မြမြဆိုတဲ့မိန်းမဆီကို အရင်သွားတယ်။ မြမြဆိုတာက မောင်သန်းအေးရဲ့မိထွေးရဲ့ ညီမအရင်းကြီးပဲ ဆရာဆိတ်ဖွားရဲ့"

"ဟာ···ဟ အဲဒါကိုသိဖို့အတွက် ငါနဲ့သူတောင်းစားအိုလံဟာ ဘောင်းဘီ အင်္ကျီအသစ်တွေဝယ်ဝတ်ပြီး အထက်တန်းစား မင်္ဂလာဆောင်တစ်ခုကိုတောင် သွားခဲ့ရသေးတယ်။ မြမြရဲ့လိပ်စာကိုလည်း သိရတယ်။ မြမြကို တစေ့တစောင်းလေ့လာလိုက်တော့ မောင်သန်းအေးရဲ့ မိထွေးရဲ့ ညီမဆိုတာ သိရတော့တယ်။ ဟော့···အဲဒီညှော်ခံပွဲမှာသိခဲ့ရတဲ့ ပြင်သစ်ပြည်မှာနေဖူးတဲ့ ကောင်လေးတစ်ကောင်ရှိတယ်။ အဲဒီကောင်လေးဆီကို ငါက မကြာခဏသွားပြီး မြမြတို့ ဒေါ်ရီရီတို့၊ ဒေါ်ရီရီဆိုတာ မောင်သန်းအေးရဲ့ မိထွေးကိုပြောတာပါ။ ဟဲ···ဟဲ··တစ်ခါက မန္တလေးမှာ မောင်သန်းအေးကို သူ့ညီမမြမြနဲ့ မှားပြီး ရင်ဘတ်ကစာကို ကူးယူဖူးသေးတယ်။ ဒါပေမယ့် တစ်ဖက်ဂိုဏ်းကကောင်တွေက ကူးယူတဲ့စာရွက်ကို အယုံအကြည်မရှိဘူး။ လူကိုယ်တိုင်ရမှ ဖြစ်မယ်ဆိုလို့ မောင်သန်း အေးကို ဖမ်းလိုက်တာပဲ။ ဖမ်းပုံကလည်း ဒီလိုကွ။ မိထွေးလုပ်တဲ့ ဒေါ်ရီရီက မယဉ်နွယ်ဆိုတဲ့ ကောင်မလေးကို မောင်သန်းအေးနဲ့ သဘောမတူနိုင်ဘူးဆိုတာကို အကြောင်းပြပြီး မောင်သန်းအေးကို တစ်နေရာပို့လိုက်တာပဲ။ အမှန်တော့ သူနဲ့ အဆက်အသွယ်ရှိတဲ့ မြဒင်လက်ထဲကို ပို့လိုက်တာပေါ့ကွာ။ ဒါကို မိန်းမကြောက်ရတဲ့ မောင်သန်းအေးရဲ့ အဖေကြီးကလည်း မရိပ်မိရှာဘူး"

"ပြီးတော့ တကယ်လို့များ အလဲအလှယ်လုပ်တဲ့အခါမှာ မောင်သန်းအေးသေလို့ရှိရင် ပြဿနာရှင်းသွားအောင် မောင်သန်းအေးသေပြီဆိုပြီး အသုဘချလိုက်သေးတယ်။ မောင်သန်းအေးရဲ့အဖေ သူ့ယောက်ျားကြီးကိုတော့ မယဉ်နွယ်နဲ့ အဆက်ပြတ်ပြီး မယဉ်နွယ် တစ်ခါတည်း လက်လျှော့သွားအောင်လို့ ဆိုတဲ့ အကြောင်းပြခဲ့တယ်။ အကြံကတော့ ခပ်ကြီးကြီးပဲကွာ။ ကဲ···ကဲ မင်းကိစ္စဆက်ပါဦး သေတ္တာ"

ဟု ဆိတ်ဖွားကပြောလိုက်ရာ သေတ္တာက ဆက်ပြန်၏။

"မြမြဆီကိုသွားပြီး ဒီစာပေးတော့ ပထမ မြမြက ဘာလဲ ကျွန်မ ဘာမှ မသိဘူးလို့ လုပ်သေးတယ်။ ဒါပေမယ့် ကျုပ်က ဒီမှာ ဒေါ်မြမြ ကျုပ်ဟာ ဓားစာခံလုပ်ပြီး လာတဲ့သူပါ။ ဒီလိုလူမျိုးဟာ သေရမှာကိုပဲဖြစ်ဖြစ်၊ သတ်ရမှာကိုပဲဖြစ်ဖြစ် ရှုံ့နေမယ့်လူမျိုး မဟုတ်ပါဘူးလို့ ပြောလိုက်တော့မှ အိမ်ထဲမှာရှိတဲ့ သူ့အစ်မဒေါ်ရီရီကို သွားခေါ်ပေးတယ်။ ဒေါ်ရီရီရောက်လာတော့ ဆရာဆိတ်ဖွားရေးပေးလိုက်တဲ့ စာကိုဖတ်ပြီး သူ့ရဲ့ခြံထဲက တပည့်သုံးယောက်ကိုခေါ်ပြီး ကျုပ်ကို ကြိုးနဲ့တုပ်ခိုင်းပြီး ထောက်ကြံ့က မြဒင်တို့ရှိတဲ့ဆီကို ခေါ်သွားတယ်။ ဟိုရောက်တော့ မြဒင်နဲ့ဒေါ်ရီရီ နှစ်ယောက်သား တိုးတိုးတိုးတိုးနဲ့တိုင်ပင်ပြီး ကျုပ်ကိုတော့ အခန်းတစ်ခန်းထဲမှာ သော့ပိတ်ထားလိုက်တယ်။ ညကျတော့ မောင်သန်းအေးကို အခန်းတစ်ခုထဲက ထုတ်ပြီး ခေါ်သွားတာကို ကျွန်တော်က သော့ပေါက်ကနေ မြင်ရတယ်ဗျို့။ အဲဒီအချိန်မှာပဲ ကျွန်တော့်ရဲ့ လွတ်မြောက်ရေးကို ကြိုးစားရတော့မယ်။ ဟဲ···ဟဲ ဒါကတော့ ကျွန်တော့်လို သူခိုးတစ်ယောက်အဖို့ အလွန်ပဲလွယ်ပါတယ်။ သူတို့က တံခါးနဲ့သော့ကိုပဲ ဂရုစိုက်ကြတယ်။ ကျွန်တော်က ပျဉ်ကိုခွာပြီး ထွက်ခဲ့တယ်။ ဟဲ···ဟဲ



www.burmeseclassic.com

www.burmeseclassic.com

ရယ်ဖို့ကောင်းတဲ့ လူတွေပဲ"

ဟု သေတ္တာကပြော၍ တဟဲဟဲနှင့် ရယ်လေတော့၏။

"မောင်သန်းအေးရဲ့ ရင်ဘတ်က စာလည်း ငါ့ဆီမှာ ရပြီကွ။ မြစပယ်ရဲ့ကျောကစာတော့ ငါ့ဆီမှာ ရှိပြီးသားပဲ။ အဲဒီစာတစ်စောင်ကို ဆက်စပ်ပြီး ဖတ်ကြည့်ရအောင်"

ဟု ဆိတ်ဖွားက ပြောဆိုကာ စိန်နက်အား မောင်သန်းအေး၏ရင်ဘတ်မှ စာကို ကူးယူရန်အတွက် ရှက်လေ့၏ ဝမ်းထဲသို့ လွှတ်လိုက်လေ၏။

"ဆရာဆိတ်ဖွား မောင်သန်းအေးကို ဖမ်းထားတုန်းပဲလား"

ဟု သေတ္တာက မေးလိုက်ရာ ဆရာဆိတ်ဖွားက…

"ဖမ်းထားရတယ်ကွ။ ဒီကောင်က တို့ကိုကြောက်ပြီး ထွက်ပြေးရင် မြခင်တို့ အုပ်စုနဲ့တွေ့တာနဲ့ အသတ်ခံရမှာ။ ဒါကြောင့် သူ့ကိုဖမ်းထားရတုန်းပဲပေါ့"

ဟု ရှင်းပြလေ၏။

တစ်အောင့်ကြာလျှင် စိန်နက်သည် မောင်သန်းအေးအား ဆိတ်ဖွားထံသို့ ခေါ်လာလေတော့၏။

သေတ္တာသည် မောင်သန်းအေး၏ ရင်ဘတ်မှ အင်္ကျီကိုဆွဲဖြဲလိုက်ရာ ရင်ဘတ်တစ်ခုလုံး၌ မွေနေအောင်ထိုးထားသော အောက်ပါစာများကို တွေ့ရလေတော့၏။

–ို –င် –၁

( ) ြို့ ( × ေ–ာင် ြ–ီး –ို
( ) –ု –ား –ိူင် –ို ေ–ာ ေ–ျာင်
–ံ –ူး –ိ – – –ဲ – –င် –ျင် ေ–
–ိူင် –ူး ေ–

ထိုအခါ ဆိတ်ဖွားသည်…

"ကဲ…ဒီတော့ ဟောဒီမှာ မြစပယ်ရဲ့ကျောက စာတွေ"

ဟု ဆိုကာ အသတ်ခံရသော တယောသမားမြင့်သွေး၏ လက်မောင်းတွင် စည်းနှောင်ထားသည့် လက်ဖွဲ့စာများကို စာရွက်တစ်ရွက်ပေါ်တွင် ရေးပြလိုက်လေ၏။ (မှတ်ချက်- ထိုစာများအား ဆိတ်ဖွားသည် အလွတ်ကျက်မှတ်ထားခဲ့ပြီး ဖြစ်လေ၏။)

"ဟား…ဆရာဆိတ်ဖွား ဒီစာနှစ်စောင်ကို ဆက်လိုက်တော့လည်း လွယ်လွယ်ကလေးပါလား။ နေပါဦး ကျွန်တော် ဖတ်စမ်းမယ်"

ဟု ဆိုကာ စိတ်နက်က အောက်ပါအတိုင်း စဖတ်လေတော့၏။

**သိုက်စာ**

( ) မြို့ ( ) တောင်ကြီးရှိ ( ) ဘုရားနှိက်ရှိသော ( ) ကျောက်ဘီလူး၏ လက်ဝဲဘက် မျက်စိနှိုက် တူးလေ။

(မှတ်ချက်။ ။ မြို့အမည်၊ ဘုရား၏တွဲတော် စသည်တို့ကို ရေးသားရန်မသင့်ဟု ယူဆ၍ ချန်လှပ်ထားခဲ့ပါသည်။ မလိမ္မာသူတို့သည် ယခုလည်း ရှိအုံနီးနီးထင်ကာ တူးဆွခြင်းပြုမည့် အန္တရာယ်ကို ကာကွယ်လိုသောကြောင့် ဖြစ်၏။

စာရေးသူ)

"ကဲ…သေတ္တာ၊ အခု ငါတို့လေ့ကြီး ရပ်ထားတဲ့နေရာက အယ်လ်ဖန်စွန်းနားမှာကွ။ ရေ့ကိုသွားရင် လက်ခုပ်ကုန်း။ ကညင်ကုန်းရှိတယ်။ ရေ့ဘက်သွားရင် တိုးမြစ်ကိုရောက်မယ်။ ငါ့အကြိုက်ကတော့ ဟောဒီကနေ ပင်လယ်ကမ်းရိုးတစ်လျှောက် ရွက်လွှင့်ပြီး လိုက်ပို့မယ်။ အနီးဆုံးနေရာကျတော့ ဆင်းပြီး မင်းတစ်ယောက်တည်းသွား။ အဲဒီနေရာကိုရှာပြီး တူးခဲ့ပေတော့"

ဟု ဆိတ်ဖွားက အကြံပေးလေ၏။ ထိုအချိန်၌ စိန်နက်က…

"ဟိုမှာ …ဟိုမှာ ဆရာမိုးသီး ပြန်လာပြီ"

ဟု ပြောလိုက်သဖြင့် ဆိတ်ဖွားရော သေတ္တာပါ သောင်ပြင်ကို ကြည့်လိုက်မိလေ၏။

မိုးသီးသည် လွန်စွာကြီးမားသော သစ်သားစည်ကြီးတစ်လုံးအား ခြေထောက်ဖြင့် လိမ့်လာသည်ကို တွေ့ရလေ၏။

"ဆရာမိုးသီးရဲ့ ပခုံးပေါ်မှာက ဘာလဲ"

ဟု စိန်နက်က မေးလိုက်လေ၏။

မိုးသီး၏ပခုံးပေါ်မှာ မည်းမည်းညိုညိုအရာဝတ္ထုကို သင်္ဘောသားများကပါ စိတ်ဝင်စားစွာ လှမ်း၍ကြည့်လိုက်လေ၏။ ထိုအရာသည် မိုးသီး၏ပခုံးပေါ်မှ ခုန်၍ဆင်းကာ သဲသောင်ပြင်၌လျှောက်၍ ပြေးသည်ကို တွေ့လိုက်ရမှပင် မျောက်တစ်ကောင်ဖြစ်ကြောင်း သဘောပေါက်ရလေတော့၏။

ရှက်လေ့ကြီးအနီးသို့ မိုးသီး ရောက်ရှိလာသည့်အခါ၌ သင်္ဘောသားများသည် မိုးသီးထံသို့ ပြေးသွားကြလေ၏။ ဆိတ်ဖွား သေတ္တာနှင့် စိန်နက်တို့သည်လည်း ဆင်း၍သွားကြလေ၏။

မိုးသီးသည် ဆိတ်ဖွားကိုရော သေတ္တာကိုပါ ပြုံး၍ပြလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com

"အစောကြီးရောက်ဖို့ပဲ ဆရာဆိတ်ဖွား။ ဟောဒီစည်ထဲကကောင်ကို သယ်နေရတာနဲ့ ကြာသွားတာ"

ဟု ဆိုကာ သစ်သားစည်ကိုဖွင့်ရန် သဘော်သားများအား စေခိုင်းလိုက်သဖြင့် သဘော်သားများလည်း ခါးတွင်ထိုးထားသော ပုဆိန်များဖြင့် သစ်သားစည်အားခွဲလိုက်ရာ အတွင်း၌ ဝက်တုပ်တုပ်၍ထားသော လူတစ်ယောက်အား ထူးဆန်းစွာ တွေ့ရလေတော့၏။

"မကျီးသီးကိုး"

ဟု ဆိတ်ဖွားက နှုတ်ဆက်လိုက်ပြီးနောက် မိုးသီးဘက်သို့လှည့်ကာ··

"သူ့ကို ဘာဖြစ်လို့ ခေါ်လာတာလဲ"

ဟု မေးလိုက်လေ၏။

"ဆရာဆိတ်ဖွားရဲ့တပည့် · · · သူတောင်းစားအိုလံကိုဖမ်းထားတာ သူတို့ပဲ။ အိုလံထွက်ပြေးတော့ သေနတ်နဲ့ပစ်တာ သူ့လက်ချက်ပေါ့"

"ဟင်···အိုလံသေပြီပေါ့"

ဟု ဆိတ်ဖွားက မေးလိုက်လေ၏။ မိုးသီးက ခေါင်းညိတ်၍ပြပြီးနောက်

"သေတော့သေပြီ။ အလောင်းကတော့ ပုလိပ်ဘက်က ရသွားလေရဲ့"

ဟု ပြောလိုက်လျှင်···

ဆိတ်ဖွားသည် အနီးရှိသဘော်သားထံမှ ဓားမြှောင်ကို ဆွဲငင်ယူလိုက်ပြီးနောက် မကျီးသီး၏ကိုယ်တွင် ချည်နှောင်ထားသော ကြိုးများကို ဖြတ်တောက်ပေးလိုက်ရာ ကြိုးပြေသည်နှင့်တစ်ပြိုင်နက် မကျီးသီးလည်း ပြေးလေသော့၏။

ထိုအခါ၌ ဆိတ်ဖွားသည် စိန်နက်ထံမှ ခြောက်လုံးပြူးကို တောင်းယူကာ ပစ်ချလိုက်လေတော့၏။

"အိုလံသေသလို သေသွားပြီ။ ကဲ···ဆိုစမ်းပါဦး။ ဘယ်လိုများ ထွက်ခဲ့ရသလဲ မိုးသီး"

ဟု ဆိတ်ဖွားက မိုးသီးဘက်သို့ လှည့်၍မေးလိုက်လေ၏။

"ဆရာဆိတ်ဖွား ပေးလိုက်တဲ့စာကိုယူပြီး မကျီးသီးတို့လူစုနဲ့ ဆက်သွယ်တယ်။ မကျီးသီးဆီလည်းရောက်ရော ကျုပ်ကို တန်းပြီးဖမ်းတော့တာပဲဗျို့။ ကျုပ်ကိုဖမ်းပြီးတော့မှ မြစပယ်ကို ကားနဲ့တင်ပြီး ဆရာဆိတ်ဖွားတို့ဆီကို ပို့တာ။ ဆရာဆိတ်ဖွားဆီသွားတဲ့ကား ပြန်ရောက်တဲ့အခါမှာတော့ ကျုပ်ကို သူတို့က သတ်ကြတော့မှာပဲ။ ပြီးတော့ မကျီးသီးက ကျုပ်ကို မင်းထွက်ပြေးတာနဲ့ အိုလံဆိုတဲ့ကောင်ကို သတ်ပစ်လိုက်သလို မင်းကိုလည်း သတ်ပစ်မယ်လို့ ခြိမ်းခြောက်နေပြန်သေးတယ်။ ကျုပ်က သေရမှာမကြောက်ပါဘူး။ မကျီးသီးဆိုတဲ့ကောင်ကို ဆရာဆိတ်ဖွားဆီ ဖမ်းမလာရမှာကိုပဲ စိတ်ထဲက တွေးပူမိပါတယ်"

ဟု ဆိုကာ မိုးသီးသည် သူ၏ဘောင်းဘီအိတ်အတွင်းမှ စီးကရက်ဘူးကိုထုတ်ကာ မီးညှိလိုက်လေ၏။

"ဆရာမိုးသီး ဆက်ပြောပါဦးဗျ"

"ဒီလိုကွ စိန်နက်ရ၊ မကျီးသီးတို့နဲ့ မလုမ်းမကမ်းက ခြံကြီးထဲမှာ မြင်းရထားနဲ့ ငါ့လူတစ်ယောက်ကို စောင့်ခိုင်းထားတယ်။ ဒီကောင်က မောင်ရိပ်ခိုပြီး သူ့ရဲ့မျောက်ကို ငါ့ဆီလွှတ်ပေးတယ်။ အဲဒီမျောက်ကလည်း လိမ္မာလိုက်တာ မပြောပါနဲ့တော့။ မျောက်က ဓားယူပြီးလာခဲ့သေးတယ်။ နောက်ပြန်ချည်ထားတဲ့ လက်ထဲရောက်အောင်ကို ဓားကိုထည့်ပေးပြီး ပြန်ထွက်သွားတယ်"

"ဆရာ့နယ်ဗျာ။ နဂိုကတည်းက ဓားယူသွားရင်ပြီးရော"

ဟု စိန်နက်က ပြောလိုက်ရာ ကြားရသူအပေါင်းက ဝါးခနဲ ဝိုင်း၍ရယ်ကြလေ၏။

"မရဘူးကွ။ ဓားစာခံအဖြစ်နေရမယ့်လူဆိုတော့ သူတို့က ကျေနပ်အောင်ရှာကြတာကွ။ တစ်ကိုယ်လုံးနဲ့ အောင်ရှာတာ။ ဟဲ···ဟဲ အဲဒါနဲ့ ကြိုးကို ဓားနဲ့ထောက်ပြီး ပွတ်ဖြတ်ရတယ်။ ကြိုးထုံးပြတ်ပြီးသွားတဲ့အခါမှာ အပြင်က ကျုပ်တပည့်က မျောက်ကို သေနတ်လာပေးခိုင်းတယ်။ ကျုပ်လည်း ဒီကောင်တွေကို စွတ်ပြီးပစ်တော့တာပဲ။ ဒီလိုပစ်ရင်းကနေ မကျီးသီးဆီကို ပြေးသွားပြီး နားထင်ကို သေနတ်နဲ့ထောက်ပြီး ဖမ်းခဲ့ရတာ။ ဖမ်းခဲ့ပြီးတော့မှ မြင်းရထားဝှက်ထားတဲ့ ခြံကိုသွားပြီး မြင်းရထားနဲ့ပြေးရတာ။ စဉ့်အိုးတန်းဘက်က သစ်သားစည်တစ်လုံး သွားဝယ်ပြီး ကမ်းနားကိုယူသွား။ သမ္ဗန်တစ်စီးငှားပြီး သမ္ဗန်နဲ့ သယ်လာရတာဗျ။ မျောက်ပိုင်ရှင်က လမ်းဘေးမှာ မျောက်ပြစားတဲ့လူလေ။ သူ့ကိုလည်း ရွှေဒင်္ဂါးလေးပြားပေးခဲ့တယ်။ ပြီးတော့ သူ့ရဲ့မျောက်ကိုပါ ရွှေဒင်္ဂါးခြောက်ပြားပေးပြီး အပိုင်ဝယ်ယူလာခဲ့ရတာပဲ။ ဟဲ···ဟဲ···လူဆိုးဂိုဏ်းနှစ်ခုလုံးကတော့ ဆရာဆိတ်ဖွားကို မြေလှန်ပြီးရှာနေကြလေရဲ့။ အဲဒီတော့ ဟိုအသေကောင် မကျီးသီးရဲ့



www.burmeseclassic.com

www.burmeseclassic.com

ကိုယ်က အင်္ကျီတွေ၊ လုံချည်တွေ ချွတ်ပစ်ပြီး ဆရာဆိတ်ဖွားရဲ့ အင်္ကျီတွေ၊ လုံချည်တွေဝတ်ပေး။ မျက်နှာကိုလည်း မမှတ်မိအောင် ခုတ်ထစ်ပစ်ခဲ့ရင်ကောင်းမယ်။ ဟိုကောင်တွေက ခြေရာခံပြီး လိုက်လာခဲ့လို့ရှိရင် ဆရာဆိတ်ဖွား သေပြီလို့ယူဆနိုင်တာပေါ့ဗျ"

ဟု မိုးသီးက ပြောသဖြင့် ဆိတ်ဖွားလည်း အင်္ကျီလုံချည်များကိုချွတ်၍ သင်္ဘောသားတစ်ယောက်ကို ပေးလိုက်ရာ သင်္ဘောသားသည် မကျိုးသီး၏ကိုယ်၌ ဝတ်ဆင်ပေးပြီးနောက် -

ထို့နောက် ဆိတ်ဖွား၊ မိုးသီး၊ သေဋ္ဌာတို့သည် ရွက်လှေကြီးပေါ်သို့ တက်ကြလေ၏။ ဆိတ်ဖွားက သိုက်စာညွှန်းကို ပြောပြ၍ သွားမည့်အစီအစဉ်ကိုပါ မိုးသီးအားရှင်းပြရာ မိုးသီးက

"မဟုတ်ဘူး ဆရာဆိတ်ဖွား။ အကောင်းဆုံးကတော့ လောင်ဂျီတွဒ် ၉၅း၃၀ ဒီဂရီလောက်မှာရှိတဲ့ ကရီသျှနား သောင်နားမှာ ခိုလှိုကပ်လို့ကောင်းမယ့် ကျွန်းကလေးတွေရှိတယ်။ အဲဒီမှာ ကျုပ်တို့က ကျောက်ချပြီးစောင့်နေမယ်။ ခုတော့ သေဋ္ဌာတစ်ယောက်တည်း လွှတ်လိုက်မယ်။ သေဋ္ဌာက သိုက်စာပါအညွှန်းအတိုင်း သွားပြီးတူး။ ပြီးတော့ ကြုံရာရွက်လှေနဲ့ လိုက်လာပြီး ဘိုကလေးမြစ်ဝ ထပ်တစ်ရာကျွန်းဘက်မှာ ဆင်းပြီး ကရီသျှနားကျွန်းကို အရောက်လာပေတော့။ ကျန်တာတွေကတော့ သေဋ္ဌာပြန်ရောက်မှ ဆက်ပြီးစီစဉ်ရမယ်။ ရတနာတွေများရင်တော့ သေဋ္ဌာက တစ်နေရာရာမှာဝှက်ထားပြီး ပြန်လာခဲ့ပေတော့"

ဟုပြောရာ သေဋ္ဌာကပါ သဘောတူလေ၏။

ထို့ကြောင့် ဆိတ်ဖွားက သေဋ္ဌာ ခရီးထွက်ရန်အတွက် ရုပ်ဖျက်ပေးလေ၏။ ရုပ်ဖျက်ပေးရင်းမှ ဆိတ်ဖွားက အောက်ပါအတိုင်း ပြောလေ၏။

"သာမညဖလသုတ်နဲ့ အင်္ဂုတ္တိုရ်ကာတွေမှာ သူရဲကောင်း ၁၃ မျိုးကို တွေ့ရတယ်။ အဲဒီထဲမှာ သူရာလို့ခေါ်တဲ့ သူရဲကောင်းမျိုးဟာ သမုဒ္ဒရာကိုဖြတ်ကူးဖို့ကြုံလာရင် ဖြတ်ကူးသွားဝံ့တဲ့ သူရဲကောင်းမျိုးကွ။ အခုလည်း မင်းဟာ သွားရမယ့်ခရီးက နီးတာမှ မဟုတ်တဲ့။ ဒါပေမယ့် တစ်ချက်ကလေးတောင်မှ ခက်ခဲတဲ့အကြောင်း တစ်လုံးတလေမှ 'ပြောဖော်မရပါလား။ ဟားဟား…သိပ်တော်တဲ့သေဋ္ဌာ။ ကဲ…ဒီပုံဆိုရင် တံငါသည်နဲ့တူသွားပြီ။ သွားပေတော့"

သေဋ္ဌာသည် ဆိတ်ဖွားနှင့်မိုးသီးကို နှုတ်ဆက်၍ ချက်ချင်းပင် လှေပေါ်မှဆင်း၍ သွားလေတော့၏။

"ကဲ…ဆရာဆိတ်ဖွားရေ ကျုပ်တို့ ကမ်းကခွာကြမယ်"

ဟု ဆိုကာ မိုးသီးသည် သူ၏ အောင်မြင်ခန့်ညားသော အသံဖြင့် သင်္ဘောသားများအား ရွက်ကြီးများတင်ရန်နှင့် ကျောက်ကြိုးတင်ရန် အမိန့်ပေးလိုက်လေတော့၏။

သင်္ဘောကြီး ကမ်းမှခွာသည့်အခါ၌ ဆိတ်ဖွားသည် စိန်နက်အား…

"စိန်နက်ရေ…မြစပယ်ကို သွားခေါ်ခဲ့ပါဦးကွာ။ ပြီးတော့ ဟောဒီက မောင်သန်းအေးနဲ့ မြစပယ်တို့နှစ်ယောက်ကိုလည်း သင်္ဘောကြီးပေါ်မှာ လွတ်လွတ်လပ်လပ် အနားယူကြပါစေ"

ဟု ပြောလိုက်ရာ စိန်နက်သည် သင်္ဘောဝမ်းအောက်သို့ ဆင်းသွားပြီးလျှင် မောင်သန်းအေးနှင့် မြစပယ်အား ဆိတ်ဖွားတို့ထံသို့ ခေါ်၍လာလေ၏။

မောင်သန်းအေးနှင့် မြစပယ်အား တကွဲတပြားစီ ချုပ်ထားသည်ဖြစ်ရာ မောင်သန်းအေးသည် မြစပယ်ကိုမြင်သည်နှင့် တစ်ပြိုင်နက် မျက်လုံးကျွတ်ကျလုမတတ် ငေးမောကြည့်ရှုလေတော့၏။

ဆိတ်ဖွားတို့အနီးသို့ ရောက်လျှင် ဆိတ်ဖွားက…

"သင်္ဘောပေါ်မှာ ကိုယ့်အိမ်လို သဘောထားပြီး လွတ်လွတ်လပ်လပ် နေကြပါ။ မင်းတို့ကို ဖမ်းထားရတာကလည်း ငါတို့ရဲ့စေတနာကို နားမလည်ဘဲ မင်းတို့ထွက်ပြေးရင် အန္တရာယ်တွေမှာ စိုးလို့ပါ"

ဟု ပြောလေ၏။

မြစပယ်သည် ပင်လယ်ပြင်ကြီး၌ ရွေ့လျားလျက်ရှိသော သင်္ဘောကြီးပေါ်မှာ မိမိလိုက်ပါနေရမည့်အဖြစ်ကို အံ့ဩလျက်ရှိနေ၏။

*(ရှေ့လဆက်ရန်)*

သဗ္ဗေသတ္တာ ကမ္မဿကာ

■ မင်းသိခ်



www.burmeseclassic.com

www.burmeseclassic.com

# ရုက်၊ ခား၊ လုံ၊ လေးမြား၊ သေနတ်ပြီး
# ဂါထာတော်

အောင်မြင့်မြတ် (ပြည်ရွှေတို)

(က)

ယခုဖော်ပြရေးသားမည့် ဂါထာ၏ ဖြစ်စဉ်ကောက်ကြောင်းကို ပြန်လည် ပြောပြမိန့်ကြားသည့် ဆရာတော်မှာ နိုင်ငံတော်ဩဝါဒစရိယ အဂ္ဂမဟာပဏ္ဍိတ စစ်ကိုင်းတိုင်း သံဃာ့နာယကအဖွဲ့၏ အကျိုးတော်ဆောင် စစ်ကိုင်းတိုင်း ဒေသကြီး၊ ရွှေဘိုမြို့နယ်၊ ဆိပ်ခွန်ကျေးရွာ အင်ကြင်းပင်ကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တကုဏ္ဍက မဟာထေရ်မြတ်ကြီး ဖြစ်ပါသည်။

သူ၏တပည့်များသည် ညစဉ် ဘုရားဝတ်တက်အပြီးတွင် ဆရာတော်ကြီးအား ဝတ်ကြီးဝတ်ငယ်ပြုကြရင်း ဆရာနှင့်တပည့် ဆုံးမစရာရှိလျှင် ဆုံးမဩဝါဒပေးပြီး သွန်သင်ညွှန်ပြစရာများရှိလျှင်လည်း သွန်သင်ညွှန်ပြတော်မူလေ့ရှိသည်။ ထိုအချိန်တွင် ဆရာတော်ကြီးက သူ့တပည့်များအား -

"တပည့်တို့ . . . ဒကာ/ဒကာမတွေရဲ့ ရှေ့မှောက်သွားရောက်ရတဲ့အခါ မျက်လွှာကိုချပြီး သွားရတယ်။ ဆွမ်းခံကြွရင်လည်း တလေးတစားကြွရတယ်။ ဒကာ၊ ဒကာမတွေကိုလည်း ကုသိုလ်ရအောင်၊ ကိုယ်တိုင်လည်း ကုသိုလ်ရအောင် ရိုရိုသေသေ ဆွမ်းခံကြွရမယ်။ ပြီးတော့ ငါ့ရှင်တို့ကို ငယ်စဉ်က ဆရာသမားတွေက စာသင်ပေးတာကို တရိုတသေ လေးလေးစားစားနဲ့ သင်ယူကြနော်။ ငယ်ရွယ်စဉ်ဆိုတော့ ဉာဏ်ကပွင့်တယ်။ ပြီးတော့ နံပါတ်တစ်က နံပါတ်တစ်ပဲ ဖြစ်အောင်လုပ်။ စာသင်တဲ့အချိန်မှာ ဟိုတရားလေးဟောချင်၊ အင်္ဂလိပ်စာလေးသင်ချင် မလုပ်ကြနဲ့ဦး။ စာသင်ပြီးဆုံးလို့ရှိရင် အင်္ဂလိပ်စာ၊ သင်္ချာ၊ သက္ကတဘာသာ အကုန်တတ်အောင် သင်ကြ" စသည်ဖြင့် တပည့်တွေကို ဆုံးမဩဝါဒပေးတော်မူပါသည်။

အင်ကြင်းပင် ဆရာတော်ကြီးသည် တပည့်များ၏ ဝတ်ဖြည့်မှုကိုခံယူရင်း တစ်နေ့သောညဉ့် "မင်းတို့ကို ထူးထူးဆန်းဆန်း ပြောပြရဦးမယ်။ မှတ်ထားကြ။ မှတ်ထားကြဆိုတာထက် အရကျက်ပြီး မမေ့အောင် ဆောင်ထားကြကွဲ့" ဟု အစချီကာ ဆရာတော်ကြီးသည် တပည့်များ၏ ဝတ်ဖြည့်ကိုခံယူရင်း မှတ်သားစရာများကို ပြောကြားလေ့ရှိ၏။ သို့အတွက်ကြောင့် တပည့်များ ဘယ်တော့မှ မပျင်းကြချေ။ ဗဟုသုတကြားနာရ၍ အပျော်ကြီးပျော်နေကြပါသည်။

(ခ)

"ဗြိတိသျှခေတ်က တို့များရဲ့ ရွှေဘိုမြို့မှာကွာ"

အစချီကာ အောက်ပါအကြောင်းအရာကို ပြောပြလေ၏။ အင်္ဂလိပ်အရေးပိုင်နှင့် သူ့တပည့်တို့ တစ်နေ့သောအခါ တောလယ်ထွက်ကြလေ၏။ တောထဲဝင်ရောက်လာစဉ် သစ်ပင်ပေါ်က ချိုးငှက်ကူသံ ကြားရလေ၏။ အင်္ဂလိပ်အရေးပိုင်မင်းလည်း ပါလာသည့်သေနတ် နဲ့ချိန်ပြီး ချိုးကူနေတဲ့ သစ်ပင်ပေါ်မှ အသိုက်ရှိရာဆီကို သေနတ်နှင့်ပစ်ထည့်လိုက်ရာ "ဒိုင်း" ခနဲမမြည်ဘဲနဲ့ "ချောက်" ခနဲဆိုတဲ့အသံပဲ ထွက်လာလေ၏။ အင်္ဂလိပ်အရေးပိုင်မင်းဟာ အံ့ဩသွားပြီး "ငါ့သေနတ် ဒီလောက်စဝိမည့်ပါဘူး" ဟု ညည်းညည်းညူညူ



www.burmeseclassic.com

www.burmeseclassic.com

လေ၏။

ပြန်၍ ကျည်ဆန်ထုတ်ပြီး ကျည်တောင့်အသစ်ထည့်ကာ နောက်တစ် ကြိမ်ပြန်ပြီး ချိုးသိုက်ထဲမှ ချိုးငှက်ကို ဒုတိယအကြိမ်ပစ်လိုက်ရာ "ဒိုင်း"ခနဲ မမြည်ဘဲ "ချက်"ဆိုတဲ့အသံပဲ ထွက်ပေါ်လာလေ၏။

အရေးပိုင်မင်းမှာ မကျေနပ်၍ တတိယအကြိမ် ချိုးသိုက်ထဲက ကူနေတဲ့ ချိုးငှက်ကို မပစ်တော့ဘဲ တစ်နေရာကို လွှဲပစ်လိုက်လေသောအခါ အရေးပိုင်မင်းရဲ့ သေနတ်ပြောင်းဝက "ဒိုင်း"ခနဲဆိုပြီး မီးခိုးတွေအူကာ ကျည်ထွက်သွား၏။ အင်္ဂလိပ်အရေးပိုင်မင်းနှင့် သူ့တပည့်တို့မှာ တအံ့တသြဖြစ်ပြီးနေကြပါသည်။

ထိုအခါ အရေးပိုင်မင်းက -

"ဟေ့…ချာလီ"

ဟု ခေါ်လိုက်၏။ အနီးအနားရောက်သောအခါ ချာလီက -

"ဟုတ်ကဲ့ ဆရာ၊ ဘာလုပ်ပေးရမလဲ အမိန့်ရှိပါ"

"မင်း ဒီသစ်ပင်ပေါ်တက်ပြီး ချိုးသိုက်ကို တက်ကြည့်စမ်းကွာ"

"ဟုတ်ကဲ့ပါဆရာ"

ဟုဆိုကာ အရေးပိုင်မင်း၏တပည့်ကျော် ချာလီသည် သစ်ပင်ပေါ်သို့တက်၍ သွားလေတော့၏။ သစ်ပင်ထိပ်ဖျားကိုင်းရှိ ချိုးသိုက်နေရာကိုရောက်သောအခါ တပည့်ချာလီသည် ချိုးသိုက်ထဲမှ ချိုးဥနှစ်လုံးကို တွေ့မြင်ရလေ၏။ ချိုးဥများ၏အောက်တွင် စာရွက်လိပ် ခပ်နွမ်းနွမ်းလေးကို မထင်မှတ်ဘဲ ထပ်မံတွေ့ရပြန်၏။ ထိုအခါ ချာလီသည် "ဝါယူတာ" ဟု ပြောဆိုကာ စာရွက်ကလေးကို နှိုက်ယူလာပြီး သစ်ပင်ပေါ်မှဆင်းခဲ့လေ၏။

သစ်ပင်အောက်သို့ ရောက်သောအခါ -

"ဆရာကြီး အထွေအထူးတော့ ဘာမှမတွေ့ရဘူး။ ချိုးသိုက်ထဲက ဟောဒီစာရွက်ကလေးတွေ့လို့ ယူဆောင်လာခဲ့တယ်"

ဟုဆိုကာ အင်္ဂလိပ်အရေးပိုင်မင်းကို ချိုးသိုက်ထဲမှ ရရှိလာသော ဝါဖန့်နေသည့် စာရွက်လိပ်ကလေးကို ပြလေ၏။

"အေး…အဲဒီစာရွက်လေးကို မောင်မင်း သေသေချာချာသိမ်းထားကွာ"

ဟုပြောလိုက်ရာ တပည့်ကျော်ချာလီတစ်ယောက် စာရွက်လိပ်ကလေးကို မပျောက်စေရန် အင်္ကျီအိတ်ကပ်ထဲသို့ တရိုတသေသိမ်းထားလိုက်လေသည်။ ထိုနေ့ တစ်နေကုန်တောလိုက်ကြရာ ဟင်းလျာသားကောင် တစ်ကောင်တလေမျှမရဘဲ လက်လျှော့ကာ တပည့်ချာလီနှင့်အတူ ညနေစောင်းတွင် စိတ်ပျက်စွာနှင့် အိမ်သို့ပြန်လာခဲ့ကြလေသည်။

ထိုခေတ်အခါက အင်္ဂလိပ်အစိုးရ အရေးပိုင်မင်း(မြို့ပိုင်မင်း)နေသောလမ်းကို ဟတ်ထနီးလမ်းခေါ်တွင်ခဲ့သည်။

(၈)

တစ်နေ့သောအခါ အရေးပိုင်မင်း တောလည်ထွက်ရာမှ ခပ်စောစော အိမ်သို့ပြန်လာပြီး အနားယူနေစဉ် မြို့မျက်နှာဖုံး လူကြီးမင်းများဖြစ်ကြသော ဦးရွှေသိန်း၊ ဦးလှအောင်နှင့် ဦးမောင်မောင်တို့ ရောက်ရှိလာကြရာ အရေးပိုင်မင်းက -

"ဟာလို…ဦးရွှေသိန်း၊ ဦးလှအောင်၊ ဦးမောင်မောင်တို့ ကြွပါ ကြွကြွပါခင်ဗျ။ ကျွန်တော်လည်း အခုမှ တောလည်ရာက ပြန်ရောက်စ ရှိပါသေးတယ်"

ဟု နှုတ်ခွန်းဆက်သကာ အင်္ဂလိပ်အရေးပိုင်မင်းသည် မြို့၏မျက်နှာဖုံး လူကြီးမင်းများကို နေရာပေးလေ၏။

"ဘယ်လိုလဲ မြို့ပိုင်မင်းရဲ့ တောလယ်ထွက်ရတာဆိုတော့ သားကောင်လေးများ တွေ့ခဲ့ရခဲ့ရဲ့လား"

ဟူ၍ ဘုရားဒကာ ဦးရွှေသိန်းက မေးလိုက်ရာ -

"ဘုရားဒါယကာရာ…ရတဲ့နေ့လည်း ရပေါ့ဗျာ။ မရတဲ့နေ့လည်း ရှိတယ်ဗျ။ ဟိုတစ်ပတ်လောက်က တစ်နေကုန် သားကောင်လိုက်တာ ဟင်းစားလေး တစ်ကောင်တလေမှတောင် မရဘူးဗျ။ အဲဒီနေ့က အတွေ့အကြုံထူးတစ်ခု ရခဲ့တယ်ဗျ"

မြို့ပိုင်မင်းက ပြောလေ၏။

"ဟုတ်ကဲ့၊ အတွေ့အကြုံထူး သိကြရအောင် ပြောပြပါဦး မြို့ပိုင်မင်းရဲ့"



www.burmeseclassic.com

www.burmeseclassic.com

ဟု ကျောင်းဒကာ ဦးလှအောင်က စကားဝင်ထောက်လိုက်ရာ -

"ဒီလိုပါ ကျောင်းဒကာကြီးရေ။ သစ်ပင်ကြီးပေါ် ကူသံပေးနေတဲ့ချိုးငှက်ကို ကျွန်တော် နစ်ကြိမ်တိုင်တိုင် ချိန်ရွယ်ပြီးပစ်တယ်။ ကျည်ဆန်က မထွက်ဘူးဗျ"

ဦးရွှေသိန်း၊ ဦးလှအောင်၊ ဦးမောင်မောင်တို့ သုံးယောက်သည် အံ့သြဟန်ဖြင့် တစ်ပြိုင်နက် မြို့ပိုင်မင်းကို ကြည့်နေမိကြလေ၏။ အရေးပိုင်မင်းက ဆက်လက်၍ -

"အဲဒါဗျာ တတိယအကြိမ် သေနတ်ပြောင်းကို တစ်နေရာလွှဲပစ်လိုက်တော့ ဒိုင်းခနဲမြည် ကျည်ထွက်သွားတယ်ဗျ"ဟု အံ့သြတုန်လှုပ်စွာဖြင့် မျက်ခုံးကို ဆတ်ခနဲပင့်ကာ အားပါးတရ ပြောပြလေသည်။

"ဟုတ်ပါ့ဗျာ။ ခါတိုင်းဆို အရေးပိုင်မင်းရဲ့ သေနတ်က ပစ်မလွဲဗျ"

"ဟုတ်တာပေါ့ ကျောင်းဒကာကြီးရယ်။ ဒါနဲ့ ကျွန်တော်လည်း တပည့်ကျော်ချာလီကို သစ်ပင်ပေါ်တက်ခိုင်းပြီး ဘာထူးလဲလို့ အကြည့်ခိုင်းလိုက်တယ်။ ချိုးသိုက်ထဲက ပေဒါစာရွက်ကလေး ရခဲ့တယ်ဗျ"

ဟုပြောရင်း ဝါနေသည့် ခပ်နွမ်းနွမ်းစာရွက်၊ ဘေးနားနှုတ်ခမ်းစုတ်နေသော စာရွက်ကလေးကို ထုတ်ယူပြလေသည်။

"ကျွန်တော်တို့လို ဘုန်းကြီးကျောင်းထွက်တွေကတော့ ဒီစာရွက်ပေါ် မှာပါလာတဲ့စာကို ဂါထာလို့ခေါ်သဗျ"

ဟု ဘုရားဒကာ ဦးရွှေသိန်းက ပြောလေ၏။ ထိုအခါ ကျောင်းဒကာကြီးဦးလှအောင်က "ပြစမ်းပါဦးဗျ။ ဂါထာဆိုရင် မှန်းစမ်း"ဆိုပြီး လှမ်းယူကာ အသံထွက်ဖတ်လေတော့၏။

**"အသိ သတ္တု ဓနစေဝ၊ သဗ္ဗေ တေ အာဝုဓာနိစ။**

**ဘဂ္ဂါ ဘဂ္ဂါ ဝိစုဏ္ဏာနိ၊ လောမံပိမေ နဖုသန္တိ။**

တဲ့။ ဂါထာတော့ ဂါထာပဲဗျ"

ထိုစဉ် "ကျောင်းဒကာကြီးရယ်...ကျောင်းဒကာကြီးရဲ့ စမွယ်ရုံဆရာတော်ကို မေးလျှောက်ကြည့်ရင် အဖြေကနင်းပါလိမ့်မယ်"ဟု ပွဲစားကြီးဦးမောင်မောင်က ပြောလေ၏။

"မြို့ပိုင်မင်း ဒီစာရွက်ကလေးကို ကျုပ်တို့ ဆည်းကပ်ကိုးကွယ်နေတဲ့ ဆရာတော်ထံယူသွားပြီး မေးလျှောက်ပေးပါ့မယ်"

"ကောင်းပါတယ်ဗျာ ကောင်းပါတယ်။ ဦးလှအောင်ယူသာသွားပါတော့"

ဟူ၍ မြို့ပိုင်မင်းက ခွင့်ပြုလိုက်သည်နှင့် ထိုနေ့ညနေပိုင်းတွင် မြို့မျက်နှာဖုံးလူကြီးမင်းများ ကြည်နူးဝမ်းသာစွာ အဖြေရှာလိုသည့်အတွက်ကြောင့် အိမ်သို့ပြန်လာခဲ့ကြလေသည်။

(ဃ)

တတိယမြန်မာနိုင်ငံတော်ကြီးကို စည်းတည်ထောင်ဖန်တီးခဲ့သော အလောင်းမင်းတရားကြီး ဦးအောင်ဇေယျတည်ထားကိုးကွယ်တော်မူခဲ့သော ရတနာသိင်္ဃ ရွှေဘိုမြို့တော်၏ တနင်္ဂနွေထောင့်တွင် ဘုရားရှင်၏ မြသပိတ်တော်ကိန်းဝပ်ရာ မောစေမြင်သော မြို့ထောင့်စေတီတော်ကြီး၏ ထီးတော်မှဆည်းလည်းသံတို့သည် မင်္ဂလာရှိသော နံနက်ခင်းတွင် စိတ်အစဉ်မှာ ကြည်နူးစရာကောင်းလှပါတော့သည်။

ဘုရားဒကာကြီး ဦးရွှေသိန်း၊ ကျောင်းဒကာကြီး ဦးလှအောင်၊ ပွဲစားကြီး ဦးမောင်မောင်တို့သည် စကားတပြောပြောနှင့် လမ်းလျှောက်လာကြ၏။ စေတီတော်ကြီး၏ တောင်ဘက်တွင်ရှိသော စမွယ်ရုံကျောင်းတော်ကြီး၏ ပရိဝုဏ်အတွင်းသို့ ဝင်ရောက်လာခဲ့ကြပြီး စုလစ်မွမ်းချွန် ဘုံအဆင့်ဆင့်ပြာသာဒ်များဖြင့် ဆောက်လုပ်ထားသော ကျောင်းတော်ကြီးကို ပီတိရွှန်းဝေ ဝမ်းသာကြည်နူးဖွယ်သော မျက်လုံးအစုံတို့ဖြင့် ကြည့်ရှုနေကြသည်။

ထိုအချိန်တွင် သံဃာတော်များ ဘုရားရှိခိုး ဝတ်တက်ပြီး၍ မေတ္တာပို့အမျှဝေသံများ ကြားကြရလေရာ ဘုရားဒကာ၊ ကျောင်းဒကာကြီးနှင့် ပွဲစားကြီးတို့တစ်တွေ ဝမ်းမြောက်ဝမ်းသာ ပတ္တာနုမောဒနာဟုဆိုသည့် ဆင့်ပွားကုသိုလ် သာဓုသံပြိုင်ခေါ်ဆိုမိကြလေသည်။

မကြာမီ ကျောင်းဒကာ ဦးလှအောင် လှူဒါန်းဆောက်လုပ်ထားသော စမွယ်ရုံကျောင်းကြီးပေါ်မှ ဆရာတော်ကြီး



www.burmeseclassic.com

www.burmeseclassic.com

ဆင်ကြွလာပြီး "ဟော…ဒကာကြီးတို့ ရောက်နေကြပြီကိုး" ဟု ဆရာတော်ကြီးက နှုတ်ဆက်စကား ဆိုလေ၏။

ဘုရားဒါယကာ၊ ကျောင်းဒါယကာ၊ ပွဲစားကြီးတို့သည် ဆရာတော်ကြီးအား လက်ဆယ်ဖြာ ထိပ်မှာမိုး၍ ရှိခိုးဦးချ ဝတ်ပြုကြရင်း လာရင်းအကြောင်းကိုလျှောက်ထားကြလေ၏။

"ဆရာတော်ဘုရား…မြို့ပိုင်မင်း တောပစ်သွားရာကရလာတဲ့ စာရွက်ကလေးထဲက အကြောင်းအရာတွေ သိရှိလိုလို့ လာကြတာပါဘုရား"

ဟု လျှောက်ကြကာ ယူဆောင်လာသည့် စာရွက်ကလေးအား ဆက်ကပ်လေသည်။

ဆရာတော်ကြီးသည် ကျောင်းဒကာကြီး ဆက်ကပ်သော စာရွက်ကလေးကို သေချာကြည့်ရှုပြီး ခေါင်းတညိတ်ညိတ်ဖြင့် စာဖတ်ပြီး ပြုံးတော်မူလေ၏။ ထိုစဉ် ကျောင်းဒကာကြီးဦးလုံအောင်က -

"ဒီလိုပါဘုရား။ မြို့ပိုင်မင်း တောလည်ထွက်ရင်း သစ်ပင်ပေါ်မှာ ချိုးငှက်က တကူးကူးကူးလို့ ခွဲကူနေသတဲ့ဘုရား။ အဲဒါ သေနတ်နဲ့ နှစ်ကြိမ်ပစ်တာ ကျည်တောင်မထွက်ဘူးတဲ့ဘုရား။ သုံးကြိမ်မြောက်တွင် လွဲပြီးပစ်လိုက်တော့မှ ကျည်ဆန်က ဒိုင်းခနဲမြည် ထွက်သွားပါသတဲ့ဘုရား"

ဟု လျှောက်ထားလိုက်ရာ ဆရာတော်ကြီးက -

"ဟုတ်တာပေါ့ ဒကာကြီးရယ်။ ဟောဒီဂါထာက တုတ်၊ ဓား၊ လေးမြား၊ သေနတ်ပါပြီးတယ်လို့ ဆိုရမှာပဲ ဒကာကြီးရဲ့"

ဟု မိန့်ကာ အနက်အဓိပ္ပာယ်ပါ ပြန်ဆိုပေးတော်မူလေ၏။

ဘုရားဒကာ၊ ကျောင်းဒကာ၊ ပွဲစားကြီးတို့သုံးဦးသား တအံ့တသြ ဝမ်းသာမဆုံး ဖြစ်နေကြ၏။

"ကဲ…ဒကာကြီးတို့၊ မြို့ပိုင်မင်းကို ပြောပြလိုက်ပါ။ ဒီစာရွက်မှာပါတဲ့ ဂါထာက တုတ်၊ ဓား၊ လုံ၊ လေးမြား၊ သေနတ်ပါပြီးတယ်လို့ ပြောပြလိုက်ကြပါကွယ်"

ဟု မိန့်ကြားတော်မူလိုက်ပါသည်။

မြို့မျက်နှာဖုံး ဖြစ်ကြသည့် လူကြီးမင်းများသည် ဆရာတော်ကြီးအား အရိုအသေပြု ဦးသုံးကြိမ်ချ ကန်တော့ကြပြီး၍ ရွှင်လန်းတက်ကြွသော ခြေလှမ်းများဖြင့် မြို့တွင်း မြို့ပိုင်မင်းအိမ်သို့ သုတ်ခြေတင်ခဲ့ကြလေသည်။

(င)

**တုတ်၊ ဓား၊ လုံ၊ လေးမြား၊ သေနတ်ပြီးသည့်ဂါထာ**

**အသိသတ္တု ဓနုစေဝ၊ သဗ္ဗေ တေ အာဝုဓာနိ**

**ဘဂ္ဂါ ဘဂ္ဂါ ဝိစုဏ္ဏာနိ၊ လောမံပိ မေ နဖုသန္တိ**

အသိသတ္တု ဓနုစေဝ - တုတ်၊ ဓား၊ သန်လျက်၊ လက်နက်၊ လေးမြား၊ သေနတ်၊ ဖုံးဟု ဆိုအပ်ကုန်သော၊ သဗ္ဗေ-အလုံးစုံကုန်သော၊ တေအာဝုဓာနိစ- ထိုလက်နက်တို့သည်လည်း၊ ဝိစုဏ္ဏာနိ-မှုန်မှုန်ညက်ညက်၊ ဘဂ္ဂါ ဘဂ္ဂါ ဖရိုဖရဲ ကျိုးပဲ့ပျက်စီးကြကုန်သည်ဖြစ်၍၊ မေ-ငါ၏၊ လောမံပိ အမွေးမျှသော်လည်း၊ နဖုသန္တိ-မတွေ့မထိ စေးရာရှောင်ပြေး စေသတည်း။

"အေး…အင်္ဂလိပ်အရေးပိုင်မင်း ချိုးသိုက်ထဲကရရှိတဲ့ ခပ်နွမ်းနွမ်းစာရွက်ထဲမှာပါတဲ့ စာသားတွေက အဲဒီလိုစွမ်း တယ်ကွ"

ဟူ၍ တစ်ချိန်က နိုင်ငံတော်သြဝါဒါစရိယ အဂ္ဂမဟာ ပဏ္ဍိတ စစ်ကိုင်းတိုင်း သံဃာ့နာယကအဖွဲ့ တွဲဖက်အကျိုး တော်ဆောင် ရွှေဘိုမြို့ ဆိပ်ခွန်ရွာ၊ အင်းကြင်းပင်ကျောင်း တိုက် ဆရာတော်ကြီး မပျံလွန်တော်မူခင်က ပြောပြခဲ့သော ထူးထူးဆန်းဆန်း အံ့သြဖွယ်ဖြစ်ရပ်ကို ရောင်ပြန်မဂ္ဂဇင်း စာချစ်သူပရိသတ်အတွက် အလေးအနက် ရေးသားတင်ဆက် လိုက်ရပါတော့သည်။

စာမူပါ အချက်အလက်များ ပြောပြကူညီပေးသော ဆရာတော်ကြီး၏တ ပည့် ဘဒ္ဒန္တကုဏ္ဍလ(တိုင်းဝန်ဆောင်) ဆရာတော်အား ကျေးဇူးအထူး ဥပကာရတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

**အောင်မြင့်မြတ်(ပြည်ရွှေဘို)**

www.burmeseclassic.com

ရန်ကုန်မြို့ သယ်န်းကျွန်းမြို့နယ်၌ နေထိုင်သော်လည်း မောင်အောင်သန်းသည် ကျိုက္ကဆံဘုရားသို့ ရောက်ဖူးခြင်းမရှိ။ ဖြတ်သွားဖြတ်လာပြုမိသော်လည်း ဘုရားစေတီရင်ပြင်ပေါ်သို့ပင် မတက်မိခဲ့။ ယခု တောနယ်မှ ဘကြီးအောင်မြင့် ရောက်လာမှသာ ကျိုက္ကဆံဘုရားသို့ ရောက်ဖြစ်၏။ မရောက်လို့လည်း မဖြစ်။

မောင်အောင်သန်းတို့ ငှားရမ်းနေထိုင်သော ရပ်ကွက်တွင် မောင်အောင်သန်းတို့အိမ်သည် ရပ်ကွက်အစွန်အဖျားကျ၏။ ညောင်ပင်ကြီးအနီးတွင် ရှိသဖြင့် တိတ်ဆိတ်ငြိမ်သက်၏။ အေးချမ်းစွာ နေထိုင်လို့လည်း ကောင်း၏။ သို့သော် မည်သူက စပြောသည်မသိ။ တစ္ဆေခြောက်တတ်သည်ဟု ဆို၏။ လူငှားမမြဲဟုလည်း ပြောကြ၏။ ညညကောင်းစွာ မအိပ်ရဲ။

ထို့ကြောင့် မောင်အောင်သန်းမိန်းမက မနေချင်။ အိမ်ပြောင်းချင်သည်

# တစ္ဆေခြောက် ကြောက်ရန်မလို

နိုင်ငွေထွန်း





www.burmeseclassic.com

www.burmeseclassic.com

ဟု ပြောလာ၏။ မကြာခဏ ပူဆာ၏။ ကလေး၏ ကျန်းမာရေးကလည်း မကောင်းလှ။ ပြောင်းချင်သည်ဆိုပေမယ့် ငွေကြေးကမပြည့်စုံပြန်။ ဈေးအနိမ့်ဆုံးပေးရသော ဤအိမ်ကိုပင် ဖုံးနိုင်ဖို့ မနည်းကြိုးစားရသည် မဟုတ်လော။

မောင်အောင်သန်းသည် အလွန်စိတ်ဆင်းရဲရ၏။ နောက်ဆုံးတွင် ဘယ်လိုမှ မကြံတတ်တော့သဖြင့် အဖေမရှိသည့်နောက်တွင် အဖေလိုအားကိုးရသော တော်ရွာမှ ဘကြီးကို မှာရတော့၏။ ဘကြီးရောက်လာတော့ အများကပြောနေသည့် တစ္ဆေအကြောင်းကို ပြောပြ၏။ ငွေအခက်အခဲကိုလည်း တင်ပြ၏။ ဘကြီးသည် ဆေးပေါ့လိပ်ကို ဖွာရှိုက်ရင်း ခေါင်းတညိတ်ညိတ်ပြု၏။ ကောင်းပြီ…ငါသိပြီ။ ငါကူညီမည်ဟုလည်း ဆို၏။

ထိုနည်းဖြင့် ကျိုက္ကဆံဘုရားကြီးသို့ ဘကြီးနှင့်အတူ ရောက်လာခြင်းဖြစ်၏။ ဘုရားဖူး၊ ပုတီးစိပ်ပြီးသောအခါ အေးချမ်းသော ခရေပင်ကြီးအောက်၌ ဘကြီးက ပြော၏။

“မင်းတို့ကို စောင့်ရှောက်နေတဲ့ ဘုရားအနားမှာနေပြီး ဘုရားရဲ့ ဂုဏ်ကျေးဇူးကို မသိကြတာ အံ့ပါရဲ့ကွာ။ ဘုရားကိုလည်း မရောက်ကြဘူးဆိုတော့ ပိုလို့တောင် အံ့သြဖို့ကောင်းတယ်ကွာ။ ကဲ…ဘုရားစေတီ ငှက်ပျောဖူးအောက်မှာ ဘာရှိသလဲ ကြည့်ကြစမ်းကွာ။ အဲဒါ အကြောင်းမဲ့ အလှအပအတွက် ထည့်ထားတာ မဟုတ်ဘူး။ ဘုရားကို မသူတော်လူယုတ်မာတွေ မဖျက်ဆီးနိုင်အောင် ဘုရားကို စောင့်ရှောက်ပေးနေတဲ့ နတ်မင်းကြီးလေးပါးရဲ့ ရုပ်တုကို ထည့်ထားတာပဲ”

“အရှေ့ဘက်မှာ ဓတရဋ္ဌနတ်မင်း။ တောင်ဘက်မှာ ဝိရူဋ္ဌကနတ်မင်း။ အနောက်ဘက်မှာ ဝိရူပက္ခနတ်မင်း။ မြောက်ဘက်မှာ ကုဝေရနတ်မင်း အဲဒီနတ်မင်းကြီးလေးပါးဟာ လောကကို စောင့်ရှောက်ပေးနေတဲ့ နတ်တွေပဲ။ အဲဒီနတ်တွေကို နေ့တိုင်း တိုင်တည်ရွတ်ဆိုပြီး ဆုတောင်းပေးရင် ဘာအန္တရာယ်မှ မရှိနိုင်ဘူး။ နေ့စဉ်မှန်မှန် ရွတ်ဆိုပေးရင် မင်းတို့ စီးပွားရေး၊ လူမှုရေးလည်း အဆင်ပြေမယ်။ အန္တရာယ်လည်းကင်းမယ်။ အဲဒါ စိတ်ချယုံကြည် ရွတ်ပေတော့”

“အဲဒီဂါထာဟာ တခြားမထင်နဲ့။ ပရိတ်ကြီး (၁၁)သုတ်မှာ အာဋာနာဋိယသုတ်မှာပါတဲ့ ဘုရားဟောဂါထာပဲ။ မြဲမြဲမှတ်ထားကြ။ အသံထွက်လည်း မှန်ပါစေ”

ဆိုပြီး အောက်ပါဂါထာကို ဘကြီး ဦးအောင်မြင့်က ရေးပေးသွား၏။

ပုရတ္ထိမေန ဓတရဋ္ဌော
ဒက္ခိဏေန ဝိရူဠှကော
ပစ္ဆိမေန ဝိရူပက္ခော
ကုဝေရော ဥတ္တရံ ဒိသံ
စတ္တာရော တေ မဟာရာဇာ
လောကပါလာ ယသဿိနော
တေပိ အမှေ့ နုရက္ခန္တု
အရောဂေန သုခေန စ။

အဓိပ္ပာယ်ဖော်ပြချက်

အရှေ့မျက်နှာအရပ်၌ စောင့်ရှောက်သော ဓတရဋ္ဌနတ်မင်း။ တောင်မျက်နှာအရပ်၌ စောင့်ရှောက်သော ဝိရူဋ္ဌကနတ်မင်း။ အနောက်မျက်နှာအရပ်၌ စောင့်ရှောက်သော ဝိရူပက္ခနတ်မင်း။ မြောက်မျက်နှာအရပ်၌ စောင့်ရှောက်သော ကုဝေရနတ်မင်းတို့ ရှိကြကုန်၏။ ထိုနတ်မင်းတို့သည် အခြွေအရံများစွာ ရှိကြကုန်၏။

လောကကို စောင့်ရှောက်ကြသော ထိုနတ်မင်းလေးပါးတို့သည် အကျွန်ုပ်တို့အား အနာရောဂါကင်းခြင်းနှင့် ချမ်းသာခြင်းတို့အတွက် အစဉ်စောင့်ရှောက်ကြပါစေသတည်း။

နောက်ခြောက်လ ကြာသောအခါတွင် ကံဇာတာတက်လာ၍လား၊ ဘုရားဟောဂါထာတန်ခိုးကြောင့်လား မပြောတတ်သော်လည်း မောင်အောင်သန်းတို့မိသားစုတွင် တစ္ဆေခြောက်ခြင်း၊ နေမကောင်းခြင်း မကြားရသည့်အပြင် သုံးသိန်းဆုထီပေါက်၍ ဤတိတ်ဆိတ်အေးချမ်းသော လက်ရှိငှားရမ်းနေသည့်အိမ်ကို အပြီးအပိုင်ဝယ်ယူလိုက်သည့် သတင်း ကြားရခြင်းပင် ဖြစ်၏။

ထို့ပြင် မိသားစုတစ်ခုလုံး တောနယ်သို့ အလှူပြုလုပ်ရန် ခေါ်ပြန်ကြပြီး ဘကြီးဦးအောင်မြင့်ကိုလည်း သွားကန်တော့ကြသည့်အကြောင်းလည်း ကြားရခြင်းပင်ဖြစ်၏။

နိုင်ငွေထွန်း



www.burmeseclassic.com

www.burmeseclassic.com

ဝိဇ္ဇာစရ ဆေးပညာဖြင့် အောက်ပါရောဂါများကို ကုသပေးသည်

**ရွှေပြည်မင်း** ဆရာဦးခင်မောင်လှ (တဆ-ဝ၂၂၉၀) **တိုင်းရင်းဆေးကုဌာန**

* အသည်းရောင်၊ အသားဝါ၊ အသည်းကြွပ်၊ အသည်းခြောက်၊ ရေဖျဉ်းစွဲ၊ အသည်းကြီးခြင်း၊ အသည်းအဆီဖုံးခြင်း၊ အသည်းအနာဖြစ်ခြင်း၊ နာတာရှည်အသည်းရောဂါအမျိုးမျိုး။

* နှစ်ရှည်လများ ဆီးချို၊ သွေးချိုကြောင့် အမျိုးသားအားနည်းရောဂါ နှင့် ဆီးကျောက်ကပ်ရောဂါ။

* လိပ်ခေါင်း၊ ဂရင်ဂျိနာ၊ စအိုဝတွင် အဖုအကျိတ်၊ စအိုနာအမျိုးမျိုး။

* အမျိုးသမီးများသားအိမ်အတွင်းအလုံးအကျိတ်တည်ခြင်း၊ ရက်ရှည်မီးယပ်အဖြူဆင်းခြင်း၊ ရင်သားအဖုအကျိတ် မခွဲမစိတ်မနာမကျင်စေဘဲနှင့် သိဒ္ဓိဝင်ဆေးတောင့်၊ဓါတ်လုံးများဖြင့် သီးသန့် သက်သာပျောက်ကင်းစေရမည်။

* ခန္ဓာကိုယ် အတွင်းအပြင် နှစ်ရှည်လများ ဖြစ်ပွားနေသော အလုံး၊ အကျိတ်၊ အဖု၊ ကင်ဆာ(ခေါ်)မြစ်ပွားနာရောဂါအမျိုးမျိုးကို လက်ခံ၍ ကုသပေးသည်။

ဆေးခန်းဖွင့်ချိန်-

ရွှေပြည်မင်းဆေးတိုက်နှင့်ဆေးကုဌာန

အမှတ်-၂၇၊အပိုင်း(၃)၊၁၄ရပ်ကွက်၊သံသုမာလမ်းမကြီး၊မြင်သာ၊တောင်ဥက္ကလာ၊ရန်ကုန်မြို့။ ☎-၅၇၇၆၅၃၂၊ 📱၀၉ ၄၅၁၀၂၁၇၃၃၊ 📱၀၉ ၅၅၁၁၃၁၆

နေ့လယ်(၁၂)နာရီ မှ ည(၇း၀၀)နာရီထိ တနင်္လာနေ့တိုင်း ပိတ်သည်။

**မြင့်စေတနာဆေးတိုက်**

(အရေပြားရောဂါမှန်သမျှဒိဋ္ဌပျောက်ကင်းစေရမည်။)

# ခရုသင်း (သမင်ဖြူ)

LEUCODERMA

ခရုသင်း (သမင်ဖြူ)၊ဖြူ နီ နက်ကွက်များ◆အနာကြီးရောဂါ◆ပ ၊ ပွေး၊ ဝဲ၊ နှင်းခူ နှင့်အရေပြားရောဂါ အမျိုးမျိုးကို အာမခံနှင့် ကုသပေ သည်။


LEUCODERMA, LEPROSY, YAWS, FUNGUS, PINTA, EC-ZEMA, RING WORM, DERMATITIS, Etc.

ဆရာ **ဦးခင်မောင်မြင့်** (မြင့်စေတနာ့ဆေးတိုက်) ၊ အမှတ် (၃)၊ ပိတောက်ရိပ်မြိုမ်၊ ဒုံတုန်-အင်းစိန်လမ်းမကြီး၊ ကုလားဇေကျောင်းမှတ်တိုင်၊ သမိုင်း၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၆၆၆၄၇၈၀၉-၇၉၈၈၆၉၁၄

ဌာနခွဲ - အမှတ် (၂)၊ ၆၂-လမ်း၊ ၂၈ × ၂၉ လမ်းကြား၊ အောင်တော်မူရပ်၊ မန္တလေးမြို့၊ ဖုန်း - ၀၂-၂၄၆၀၉၊ ဖုန်း - ၀၉၂၀၀၂၈၄၃

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# ပေါ်ဆိုမ၏ သုံးဘဝခရီး

**(ယခင်လမှအဆက်)**

■ ဝေယံလင်းခေါင်

**ပြိတ္တာ ၂၁ မျိုးတို့ ခံစားကြရပုံ အဖုံဖုံနှင့် ပြုလုပ်ခဲ့ကြသော အကုသိုလ်ကံများ**

အင်္ဂုသာဝ်လိက အရိုးစုပြိတ္တာကား ရှင်မောဂ္ဂလာန်မထေရ်သည် ရှင်လက္ခဏမထေရ်နှင့် ဂိဇ္ဈကုဋ်တောင်မှ ဆင်းသက်လာစဉ် ထိုအရိုးစုပြိတ္တာကို ကောင်းကင်၌ မြင်သည်။ ထိုပြိတ္တာကို ဘီလူးဖြစ်သော လင်းတ၊ ကျီး၊ စွန်ရဲတို့သည် ထိုးဆိတ်နေကြသည်။ ပြိတ္တာသည် နာကျင်သော အသံဖြင့် ပြင်းစွာအော်ဟစ်လေသည်။

ထိုပြိတ္တာကိုမြင်၍ ရှင်မောဂ္ဂလာန်မထေရ်က ပြုံးတော်မူသည်။ ရှင်လက္ခဏက ထိုအခြင်းအရာကိုမေးရာ ရှင်မောဂ္ဂလာန်မထေရ်က ဘုရားရှင်ရှေ့ကျမှ ဖြေမည်ဟုမိန့်ကာ ဆက်လာခဲ့ကြသည်။ ဘုရားရှင်ထံမှောက်သို့ ရောက်၍ ဘုရားရှင်ကို လျှောက်ထားကြရာ ဘုရားရှင်က –

"ချစ်သားတို့ ဤပြိတ္တာကား ရာဇဂြိုဟ်ပြည်၌ နွားကိုသတ်လျက် အသက်မွေးဝမ်းကျောင်း ပြုခဲ့သူဖြစ်၏။ သေပြီးနောက် ငရဲသို့ ကျခံခဲ့ရသည်။ ထိုမကောင်းမှုကံ အကြွင်းအကျန်ဖြင့် ဤသို့ ပြိတ္တာဖြစ်ကာ ခံစားနေရသည်"

ဟု မိန့်ကြားတော်မူသည်။

၂။ မံသပေသိက ပြိတ္တာကား ရာဇဂြိုဟ်ပြည်၌ နွားသတ်ယောက်ျားတစ်ဦးသည် အသားတို့ကို အမဲခြောက်ပြုလျက် ရောင်းစားအသက်မွေးခဲ့သည်။

ထိုမကောင်းမှုကံကြောင့် ငရဲ၌ နှစ်ပေါင်းများစွာ ခံစားရပြီးနောက် ထိုအကုသိုလ်ကံကြွင်းအရ ဂိဇ္ဈကုဋ်တောင်တွင် ပြိတ္တာဖြစ်နေရသည်။ ထိုပြိတ္တာသည် ကောင်းကင်၌သွားလျက် လင်းတ၊ ကျီး၊ စွန်ရဲများတို့က သန်လျက်သွားနှင့်တူသော ထက်လှစွာသော သံနှုတ်သီးဖြင့် အစဉ်လိုက်ထိုးခြင်းကို ခံနေရပြီး နာကျင်၍ သည်းမခံနိုင်သောကြောင့် ပြင်းစွာအော်ဟစ်နေရသည်။

၃။ မံသပိဏ္ဍပြိတ္တာ။ အသားဆိုင်ပြိတ္တာသည်ကား ရာဇဂြိုဟ်မှ ငှက်တို့ကိုဖမ်း၍ အတောင်အမွေးတို့ကို ပယ်သတ်ပြီး အသားစိုပြုကာ ရောင်းစားခဲ့သည်။ ထိုမကောင်းမှုဒုစ္စရိုက်ကြောင့် ငရဲ၌ နှစ်ပေါင်းများစွာ ခံစားခဲ့ရပြီ။ ထိုမကောင်းမှုကံကြွင်းဖြင့် ဤတောင်ဝယ် အသားစိုပြိတ္တာ ဖြစ်နေရသည်။

၄။ အရေမရှိသော ယောက်ျားပြိတ္တာကား–လူ့ဘဝက ဆိတ်တို့ကို သတ်၍ ရောင်းစားခဲ့သူဖြစ်၏။ ထိုမကောင်းမှုကံကြောင့် ငရဲ၌ ဖြစ်ရသည်။ ငရဲမှလွတ်သော် ထိုအကုသိုလ်ကံ အကြွင်းအကျန်ဖြင့် ဤသို့သော ပြိတ္တာဖြစ်ရသည်။

၅။ သန်လျက်အမွေးရှိသော ပြိတ္တာကား လူ့ဘဝက ဝက်တို့ကို သတ်သည်တွင် ဝက်တို့ကိုအစာကျွေး၍ မွေးသည်။ ပြီးလျှင် သန်လျက်ဖြင့် ထိုးသတ်သည်။ ထိုအကုသိုလ်ကံကြောင့် ငရဲ၌ နှစ်ပေါင်းများစွာ ခံစားခဲ့ရပြီး ငရဲမှလွတ်သော် အကုသိုလ်ကံအကြွင်းအကျန်ဖြင့် ပြိတ္တာဖြစ်ရသည်။

ပြိတ္တာသည် ကောင်းကင်၌သွားစဉ် သန်လျက်တို့သည် ပျံ၍ပျံ၍ ပြိတ္တာကိုယ်ပေါ်သို့ ကျရောက်သည်။ ပြိတ္တာသည် နာကျင်မှုကို သည်းမခံနိုင်၍ ပြင်းစွာအော်ဟစ်နေရသည်။

၆။ သတ္တိလောမ လှံအမွေးရောက်သောပြိတ္တာကား သမင်တို့ကို လှံဖြင့် ပစ်ခတ်သတ်ဖြတ်ပြီး ရောင်းစားခဲ့သူဖြစ်သည်။ သူသည် သမင်တစ်ကောင်ကို ခေါင်ယူပြီး တောသို့သွားသည်။ ထိုသမင် အနီးသို့လာသော သမင်တို့ကို လှံဖြင့်ထိုးသတ်ဖမ်းယူသည်။

ထိုအကုသိုလ်ကံကြောင့် ငရဲ၌ နှစ်ပေါင်းများစွာ ခံစားခဲ့ရပြီး ငရဲမှလွတ်သော် အကုသိုလ်ကံအကြွင်းဖြင့် ဤသို့သော ပြိတ္တာဖြစ်ရသည်။ လှံတို့ ပျံ၍ ပျံ၍ ကိုယ်၌ ထိုးဆွစူးဝင်ခြင်းကို ခံရသည်။ နာကျင်မှုကို သည်းမခံနိုင်၍ ပြင်းစွာအော်ဟစ်နေရသည်။



www.burmeseclassic.com

www.burmeseclassic.com

၇။ မြားအမွေးရှိသော ပြိတ္တာကား မင်းပြစ်မင်းဒဏ် သင့်သူတို့ကို များစွာသော ညှဉ်းဆဲပြီး မြားဖြင့် ပစ်သတ်ခဲ့သည်။

ထိုမကောင်းမှုကံကြောင့် ငရဲ၌ နှစ်ပေါင်းများစွာ ခံစားခဲ့ရပြီး ငရဲမှ လွတ်သော် ဤသို့သော ပြိတ္တာဖြစ်ရသည်။ မြားတို့က ကိုယ်ပေါ်သို့ ကျရောက်စူးဝင်ခြင်းကို ခံရသည်။ နာကျင်မှုကို သည်းမခံနိုင်၍ အမြဲအော်ဟစ်နေရသည်။

၈။ အပ်အမွေးရောက်သော ပြိတ္တာကား လူ့ဘဝက နွား၊ မြင်းတို့ကို ဆူးတပ်သော နှင်တံဖြင့်ထိုး၍ ဆုံးမခဲ့သည်။ ထိုမကောင်းမှုကံကြောင့် ငရဲ၌ နှစ်ပေါင်းများစွာ ခံစားခဲ့ရသည်။

ထိုငရဲမှလွတ်သော် အကုသိုလ်ကံအကြွင်းဖြင့် ဤသို့သော ပြိတ္တာဖြစ်ရပြီး စူးနှင်တံတို့ဖြင့် ထိုးဆွခံနေရသည်။ နာကျင်မှုကို သည်းမခံနိုင်၍ အမြဲအော်ဟစ်နေရသည်။

၉။ ဒုတိယသုစိလောမ ပြိတ္တာသည်ကား လူ့ဘဝက လူတို့ကို ကုန်းတိုက်၍ အချင်းချင်း ခင်မင်မှုကို ဖျက်ဆီးခဲ့သည်။

ငရဲမှလွတ်သော် အကုသိုလ်ကံအကြွင်းဖြင့် ဤသို့သော ပြိတ္တာမျိုးဖြစ်ရသည်။ ပြိတ္တာ၏ကိုယ်၌ အပ်တို့သည် ဦးခေါင်းမှဝင်၍ ခံတွင်းမှထွက်ကုန်၏။ ခံတွင်းမှဝင်၍ ရင်မှထွက်သည်။ ရင်မှဝင်၍ ဝမ်းမှထွက်သည်။ ဝမ်းမှဝင်၍ ပေါင်မှထွက်သည်။ ပေါင်မှဝင်၍ ဒူးမှထွက်သည်။ ဒူးမှဝင်၍ ခြေဖဝါးမှထွက်သည်။ ပြိတ္တာသည် ထိုနာကျင်မှုကို သည်းမခံနိုင်၍ ပြင်းစွာအော်ဟစ်နေရသည်။

၁၀။ အိုးစရည်းပမာဏ ဝှေးစေ့ရှိသော ပြိတ္တာသည်ကား လူ့ဘဝတုန်းက တရားသုံးဖြတ်သော သူတို့သည် ဆိတ်ကွယ်ရာ၌ တံစိုးလက်ဆောင်ကို ယူ၍ ကောက်ကျစ်စဉ်းလဲသော ဆုံးဖြတ်ချက်ကို ချပေးကြ၏။ အရှင်ဟုတ်သည်ကို မဟုတ်၊ မဟုတ်သည်ကို အဟုတ်ပြုကာ ဆုံးဖြတ်ပေး၏။ ဒဏ်တပ်သည့်အခါ သူတစ်ပါးတို့ မထမ်းဆောင်နိုင်သော ဒဏ်ကိုတပ်၏။

ထိုမကောင်းမှုဒဏ်ကြောင့် သေသော် ငရဲ၌ နှစ်ပေါင်းများစွာ ခံရပြီး ငရဲမှလွတ်သော် ထိုအကုသိုလ်ကံအကြွင်းဖြင့် ဤသို့သော ပြိတ္တာဖြစ်ရသည်။ ထိုပြိတ္တာသည် သွားသော် ဝှေးစေ့ကိုထမ်းသွားရသည်။ အင်္ဂါဇာတ်သည် သည်းမခံနိုင်လောက်သော ဝန်ကို ထမ်းဆောင်နေကြရ၏။ အင်္ဂါဇာတ်ကို ပခုံးပြောင်းထမ်း၊ သည်ဘက်ပြောင်းထမ်းနေရ၍ မညီမညွတ်ဖြစ်နေရသည်။

ထိုပြိတ္တာကို လင်းတ၊ စွန်ရဲတို့က မပြတ်ထိုးဆိတ်နေ၍ အမြဲနာကျင်အော်ဟစ်နေရသည်။

၁၁။ ကျင်ကြီးတွင်း၌နစ်သော ပြိတ္တာကား လူ့ဘဝတုန်းက သူတစ်ပါးသားမယားကို အထိအတွေ့ကာမဂုဏ်တို့ဖြင့် သာယာနှစ်သက်ပြီး စိတ်ကို ပျော်မွေ့တတ်သည်။ ထိုသူသည် သေသော် ငရဲ၌ဖြစ်ရပြီး ထိုအကုသိုလ်ကံအကြွင်းဖြင့် ဤသို့သော ပြိတ္တာဖြစ်ရသည်။ ကံနှင့်သဘောတူသော ကျင်ကြီးအတွေ့ကို တွေ့လျက် ဆင်းရဲစွာ ကျင်ကြီးတွင်း၌ နေရသည်။

၁၂။ မစင်စားသော ပြိတ္တာကား ကဿပဘုရားလက်ထက်က ပုဏ္ဏားတစ်ယောက်သည် ရဟန်းသံဃာတို့ကို ဆွမ်းဖိတ်ကျွေးပြီးလျှင် ကျင်း၌ မစင်ပြည့်စေပြီး ကြွလာသောအခါ အရှင်တို့ အလိုရှိတိုင်း စားကြကုန်ဟု ဆိုခဲ့သည်။

ထိုအကုသိုလ်ကံကြောင့် ငရဲ၌ နှစ်ပေါင်းများစွာ ခံစားခဲ့ရပြီး ယခုဘုရားရှင်လက်ထက်ဝယ် မစင်စားပြိတ္တာ ဖြစ်နေရသည်။

၁၃။ အရေမရှိသော မိန်းမပြိတ္တာသည်ကား မိမိလင်ယောကျ်ား၏ အတွေ့ကို အားမရဘဲ သူတစ်ပါးတို့နှင့် အတွေ့၌ သာယာခဲ့သည်။ ထိုအကုသိုလ်ကံကြောင့် ငရဲ၌ များစွာ ခံစားခဲ့ရပြီး ထိုအကုသိုလ်ကံအကြွင်းဖြင့် ဤသို့သော ပြိတ္တာဖြစ်ရသည်။

ထိုအရေမရှိသော မိန်းမကို စွန်ရဲတို့က မပြတ်လိုက်ထိုးနေသည့်အတွက် မခံမရပ်နိုင်အောင် နာကျင်၍ အမြဲအော်ဟစ်နေရသည်။

၁၄။ မကောင်းသော အနံ့ရှိသော ပြိတ္တာမသည်ကား ဤမိန်းမသည် နတ်ကတော်ဖြစ်ခဲ့သည်။ ဤဝတ္ထုဖြင့် ဤသို့ ပူဇော်သည်ရှိသော် ဤမည်သောစီးပွားသည် ဖြစ်လတ္တံ့ဟူ၍ လူအပေါင်းတို့အား မကောင်းသော မိစ္ဆာအယူကို ယူစေ၏။

သို့အတွက် ကံနှင့်တူသောအားဖြင့် နံ့သာ၊ ပန်းအစရှိသည်တို့ကိုခူး၍ မကောင်းသောအနံ့၊ မကောင်းသော ယူခြင်းကို ယူစေအပ်သည်အဖြစ်ကြောင့် မကောင်းသောအနံ့ မကောင်းသောအဆင်းရှိသော ပြိတ္တာဖြစ်ရသည်။

၁၅။ မီးကျီးထင်းပုံ၌ အိပ်ရသောပြိတ္တာကား ရှေးအခါက ကာလိင်္ဂတိုင်း ကာလိင်္ဂမင်း၏ မိဖုရားဖြစ်၍



www.burmeseclassic.com

www.burmeseclassic.com

သူဖြစ်သည်။ မင်းမောင်းမတစ်ထောင်သည် မီးကျီးချင်းကို အနီး၌ထား၍ မင်း၏ကိုယ်မှ ရေကိုသုတ်သည်။ လက်ကိုလည်း မီးကင်၏။ မင်းသည် ထိုမောင်းမနှင့် စကားပြော၏။ နှစ်သက်သော အခြင်းအရာ အမူအရာကို ပြသသည်။

မိဖုရားကြီးသည် ထိုအမူအရာကို မနှစ်သက်။ သည်းမခံနိုင်သောကြောင့် မင်းထွက်သွားသောအခါ ထိုမီးအိုးကင်းကိုယူ၍ ထိုမောင်းမ၏ဦးခေါင်းထက်၌ လောင်းချသည်။

မိဖုရားကြီးသည် ထိုသို့ပြုသော မကောင်းမှုကြောင့် အကျိုးခံစားရသော ပြိတ္တာမ ဖြစ်လာသည်။

၁၆။ ဦးခေါင်းမပါ ကိုယ်သာရှိသော ပြိတ္တာကား ရာဇဂြိုဟ်ပြည်၌ မင်းအာဏာဖြင့် သူသတ်ယောက်ျား ဖြစ်ခဲ့ဖူးပြီး ခိုးသူတို့အား များစွာသော ဦးခေါင်းကိုဖြတ်၍ သတ်ခဲ့သည်။

ထိုအကုသိုလ်ကံကြောင့် ပြိတ္တာဘဝ၌ ဦးခေါင်းမရှိ။ မျက်စိ၊ ခံတွင်းစသည်တို့သည် ရင်ဘတ်၌သာ ဖြစ်ပေါ်နေရသည်။

၁၇။ ရဟန်းပြိတ္တာသည်ကား ကဿပဘုရားရှင် လက်ထက်က ရဟန်းဖြစ်သည်။ သဒ္ဓါ၍လှူအပ်သော ပစ္စည်းလေးပါးတို့ကို သုံးဆောင်လျက် ကာယဒွါရ၊ ဝစီဒွါရတို့ကို မစောင့်စည်းဘဲ မြူးထူးပျော်ပါးသုံးစား၍ လှည့်လည်နေခဲ့သည်။ ထိုအကုသိုလ်ကံကြောင့် ဘုရားတစ်ဆူနှင့် တစ်ဆူအကြား ငရဲခံရသည်။ ငရဲမှလွတ်သော် ထိုအကုသိုလ်ကံ အကျိုးဆက်ကြောင့် ပြိတ္တာဖြစ်ပြီး သပိတ်၊ ဒုကုဋ်၊ သင်္ကန်း၊ ခါးပန်းကြိုးတို့သည် အလျှံ တပြောင်ပြောင် တောက်လောင်ခံနေရသည်။ ခန္ဓာကိုယ်သည် ရဟန်းကိုယ် အတွဲဘောရှိသည်။

ကျန် ဘိက္ခုနီသာမဏေ၊ သာမဏေရီ သိက္ခာမာန်ပြိတ္တာတို့သည်လည်း ထိုပစ္စည်းလေးပါး အသုံးမှားမှု အကုသိုလ်ကြောင့် ပြိတ္တာဖြစ်ရသူများ ဖြစ်ကြသည်။

➠ ➠ ➠

အထက်ဖော်ပြပါ ကျမ်းဂန်လာ ပြိတ္တာများနှင့်စာလျှင် ဒေါ်ဆုံမ၏ ပြိတ္တာဘဝက သက်သောင့်သက်သာ ရှိသည်ဟု ဆိုရမည်။ ကိုယ်ကာယ၌ ပူလောင်ခြင်း၊ ဆိုးဝါးသော အနံ့အသက်ကို အမြဲရှူရှိုက်နေရခြင်း၊ မစင်ဘင်ပုတ်ကို စားနေရခြင်း၊ မစင်တွင်း၌ နေရခြင်း၊ ကျီး၊ ငှက်၊ လင်းတတို့၏ အမြဲမပြတ် ထိုးဆိတ်ခြင်း စသော အနိဋ္ဌာရုံ ဒဏ်တို့ကိုကား ဒေါ်ဆုံမ တစ်ခုမှ မခံစားရ။ ဒေါ်ဆုံမ ခံစားနေရသော ဝေဒနာမှာ သူတို့ဘုံသားအများ တစ္ဆေ၊ ပြိတ္တာတို့ ခံစားရသကဲ့သို့ ထမင်းဆာ၍ ထမင်းလုံးလိုက်ရှာကြရသော ဒုက္ခတစ်ခုသာရှိသည်။

ထို့ကြောင့်လည်း ဒေါ်ဆုံမသည် တစ္ဆေ၊ ပြိတ္တာ သက်ကြီးများ၏ အတုကိုခိုး၍ သူတို့ဘုံသား တစ္ဆေပြိတ္တာများနှင့်အတူ ထမင်းလုံးရှာ လိုက်သွားရသည်။ ထမင်းရှာသွားကြသော တစ္ဆေပြိတ္တာများထဲတွင် လူ့ဘဝတုန်းက သိပေါင်းကျွမ်းပေါင်းများနှင့် သူတို့ရွာသူရွာသား တစ္ဆေ၊ ပြိတ္တာများကိုလည်း တွေ့ရသည်။

ထိုမိမိရွာသူရွာသား ပြိတ္တာ၊ တစ္ဆေများနှင့်အတူ အပ်တစ်ချောင်းစီကိုင်ကာ ရွာဘက်ထွက်လာကြသည်။ ရွာနားသို့ ရောက်သောအခါ ရွာထဲဝင်ရန် ကြိုးစားကြသည်။ သို့သော် ရွာစောင့်နတ်ကြီးက ရွာထဲမဝင်ရ။ ရွာတံခါးပေါက်မှစောင့်၍ နှင်လွှတ်၏။ သူကပဲ ရှူးတိုက်၍လားမသိ။ ရွာစည်းရိုးနား သွားကပ်ကြသည်နှင့် ခွေးတွေကလည်း မရပ်မနား လာဟောင်၍ ဝိုင်းလိုက်ကြသည်။

ထို့ကြောင့် ဒေါ်ဆုံမတို့ တစ္ဆေ၊ ပြိတ္တာများမှာ ရွာနားမကပ်ရဲကြဘဲ ရွာထဲက စီးလာသော ရေမြောင်းဘက် ရောက်လာကြသည်။ ထိုရေမြောင်းထဲတွင် ရေစီးနှင့်အတူ ရွာထဲက မျောပါလာသော ထမင်းလုံးများကို လိုက်လံကောက်ကြသည်။ ရရှိသော ထမင်းလုံးများကို ယူလာသောအပ်နှင့် သီတံထိုး၍ သီထားကြသည်။ ထမင်းလုံးများများရလျှင် အလွန်ပျော်ကြ၏။

ရသမျှ ထမင်းလုံးများကို အပ်နှင့်ထိုးသီကာ ပခုံးပေါ် တင်ထမ်းလာကြသည်။ မိမိနေရာ ရောက်လာကြသောအခါ ထမင်းလုံးတွေကို အပ်ကဖြုတ်ပြီး စုထားကြသည်။ ထမင်းလုံးများကို အလုံးလိုက်စား၍ မရ။ ထမင်းလုံးတစ်လုံးစီကို အပ်နှင့်ထိုးခွဲ၍ အစိတ်စိတ်ဖြစ်သွားအောင် ထိုးဆွခွဲကြရသည်။ ထမင်းလုံးတွေ အစိတ်စိတ်ဖြစ်သွားမှ ထိုအစိတ်လေးတွေကို ပါးစပ်ထိပ်၌ တည့်ပြီး ပါးစပ်ထဲသွင်းရသည်။

ထမင်းလုံး ခွဲစိတ်ကြရသည်မှာ ထမင်းလုံး သွားရှာကြသလောက်ပင် ကြာသည်။ ရလာသမျှ ထမင်းလုံးတွေကို ခွဲစိတ်ထိုးဆွစား၍ မဝသေးလျှင် နောက်ထပ်သွားရှာကြရသည်။ ပြိတ္တာ၊ တစ္ဆေများမှာ ဝသည် ဟူ၍ မရှိကြ။



www.burmeseclassic.com

www.burmeseclassic.com

ဝလင်အောင်ကို တစ်နေ့မှ မစားကြရ။ ရွာရေစီးမြောင်းမှ ရလာသော ထမင်းလုံးတွေမှာ ဝ၍၊ ပိုလျှံနေ၍ ညစာချန်ထားရသည်ဟုလည်း တစ်နေ့မှ မရှိ။ ထမင်းလုံးရှာမရ၍၊ ရလာတာနည်း၍ မဝလျှင်လည်း သည်အဝိုင်းပင် နေနေကြရသည်။

ထို့ကြောင့်လည်း အမြဲဆာနေသော တချို့ တစ္ဆေ ပြိတ္တာများမှာ ထမင်းဆာလာသော ဝေဒနာဖိစီးမှုကို မခံနိုင်ကြလျှင် ဝေးသောရွာမြောင်းထဲ သွားမရှာကြတော့ဘဲ 'ဆန်ကောစာ၊ ခေါ်စာ'ဟုခေါ်သော အလွယ်တကူ ရနိုင်သည့် ဆန်ကောစာ၊ ခေါ်စာများကို ပတ်ဝန်းကျင် တောစ၊ တောင်စ၊ ချောင်းစနားတွင် သွားရှာ၍ စားကြရ၏။

ထိုဆန်ကောစာ၊ ခေါ်စာတွေမှာ လူတစ်ဦးတစ်ယောက် မကျန်းမမာဖြစ်၍ ဆရာများ၏ ညွှန်ကြားချက်အရ လာပစ်ထားသော အစားအစာဖြစ်သည်။ ထမင်းတစ်ခုတည်းမဟုတ်ဘဲ ထမင်း၊ မုန့်ဖြူ၊ မုန့်နီ၊ ငှက်ပျောသီး၊ အုန်းသီး၊ ကြက်ဥ၊ ထန်းလျက်၊ အချိုအချဉ် အစုံပါသဖြင့် တစ္ဆေပြိတ္တာတွေက ပို၍နှစ်သက်ကြသည်။

သို့သော် ထိုဆန်ကောစာ၊ ခေါ်စာကိုလည်း သွားချင်တိုင်းသွားစား၍၊ ယူချင်တိုင်း သွားယူ၍ မရ။ ဒေါ်ဆုံမတို့ တစ္ဆေ ပြိတ္တာတွေထက် အဆင့်မြင့်သူ၊ ကမ္ဘဇိဒ္ဓိရှိသူ နတ်ပြိတ္တာကြီးတွေက ခွင့်ပြုမှ ယူခွင့်၊ စားခွင့် ရကြသည်။ ထိုပြိတ္တာကြီးများမှာ အခါအားလျော်စွာ လူသားများကို ညှို့ခေါ်ခြင်း၊ ဝင်ပူးခြင်း၊ ဖမ်းစားခြင်းတို့ကို ပြုလုပ်နိုင်စွမ်းရှိကြသည်။

မနုဿလူသားများအား ဖမ်းစားနိုင်သူ၊ ကမ္ဘဇိဒ္ဓိရှိသူ ထိုနတ်ပြိတ္တာတို့သည် ရှေးဦးစွာ သူတို့ဖမ်းစားနိုင်သူ၊ ကံနိမ့်သူ၊ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးကို မေ့လျော့နေသူ၊ အကုသိုလ်အမှု၌ ပျော်မွေ့နေသူ စသော လူသားများအား ပူးဝင်ဖမ်းစားတော့မည်ဆိုလျှင် –

ရှေးဦးစွာ နှလုံးဘူးကို ပိတ်သဖြင့်လည်းကောင်း၊ နှလုံးသွေးကို ဖောက်ပြန်အောင် လုပ်သဖြင့်လည်းကောင်း၊ တစ်စုံတစ်ခုသောအကြောင်းဖြင့် စိတ်ရှုပ်ထွေးအောင်လုပ်၍ ဘဝင်ကျစေရာ သတိမေ့လျော့သောခဏ၌ မိမိ၏ မသိမ်မွေ့သောရုပ်ကို သိမ်မွေ့အောင်ဖန်ဆင်း၍ လူတစ်ကိုယ်လုံးအတွင်းသို့ စိမ့်ဝင်ပျံ့နှံ့စေ၏။ ယိုစေ၏။ နို့ရည်နှင့်ရေ၊ မြေနှင့်ဖြုပ်ဟွာရုပ်ကဲ့သို့ လူရုပ်နှင့် နတ်ရုပ် တစ်ခုအကြားတစ်ခု စိမ့်ဝင်၍ အကုန်လုံး ပျံ့နှံ့နေကြ၏။ ထိုနတ်မထွက်မချင်း လူစိတ်ဘဝင်မှ မထ။ တစ်ကိုယ်လုံး ရုပ်တွေလည်း နတ်ရုပ်တွေ ပမာဏဖြစ်၍ နတ်အလိုရှိတိုင်း လှုပ်ရှားပြောဆို၏။ ထိုနတ်မိစ္ဆာထွက်သွားလျှင် လူတစ်ကိုယ်လုံး ရုပ်တွေသည် အတန်ငယ်စီ ချောင်၍ဟာ၍ ကျန်နေခဲ့သဖြင့် လူမှာ မောပန်းနေရ၏။

ဤသို့ ပူးဝင်ရာ၌ ပူးဝင်အပ်သောသူ၏ စိတ်ကို နှိပ်စေ၊ ထိုင်းစေ၊ ဘဝင်ကျစေ၍ မေ့လျော့အောင်လည်း တတ်နိုင်မှ၊ မိမိရုပ်ကလည်း သိမ်မွေ့မှ ပူးဝင်နိုင်သည်။ သို့မဟုတ်လျှင် မပူးဝင်နိုင်။ အစိမ်း၊ သရဲ၊ တစ္ဆေ၊ မြေဖုတ်ဘီလူး၊ စုန်း စသည်တို့ ပူးကပ်ရာမှာလည်း ထို့အတူ ပူးဝင်အပ်သော သူ့ရုပ်နှင့်သူ။ ပူးဝင်အပ်သော သူ့ရုပ်တစ်ခုအကြား တစ်ခုစိမ့်ဝင်၍ အကုန်လုံး ပျံ့နှံ့၍နေကြ၏။

စုန်းများမှာမူ လူပင်ဖြစ်သော်လည်း အတတ်ပညာ၏အစွမ်း၊ မိစ္ဆာ၏ အာနုဘော်အစွမ်းတို့နှင့် ယှဉ်ခြင်းကြောင့် စိတ်ကိုလည်း နှိပ်စေ၍ မေ့လျော့အောင် တတ်နိုင်၏။ ရုပ်ကိုလည်း သိမ်မွေ့အောင် ဖန်ဆင်းနိုင်ကြ၏။ ထို့ပြင် ကိုယ်ကိုကွယ်ခြင်း၊ ခွေးယောင် စသည်ဆောင်ခြင်း၊ မိမိအကြောင်းကိုပြောသော အဝေးစကားကို ကြားနိုင်ခြင်း၊ စက်ကြိုးဆင်၍ ကောင်းကင်၌ သွားနိုင်ခြင်း စသည်ဖြင့်လည်း တန်ခိုးတွေ များစွာတတ်နိုင်ကြသည်။

ဤလူရုပ်နှင့် စုန်းနတ်တို့၏ ရုပ်တစ်ခုကြားတစ်ခု စိမ့်ဝင်ကြသကဲ့သို့ ထို့အတူ ရေအိုးကြား၊ ရေစိမ့်မျှ၊ ပျဉ်ပြားကြား ရေနံစိမ့်မျှ၊ မြေပန်းကန်ပြားခြသေ့ဆီစိမ့်မျှ၊ မြေကြီးထဲ ရေစိမ့်မျှ၊ ရေကြည်အတွင်း နေရောင်ခြည်တို့ ထိုးဖောက်သွားမှု၊ ဖန်၊ မှန်၊ ပုလင်းတို့ကို ဝဏ္ဏရုပ်တို့ လျှိုပေါက်သွားမှုတို့သည်လည်း တစ်ခုအကြားတစ်ခု စိမ့်ဝင်မှုချည်းတည်း။

(ပဏ္ဍိတဝေဒနိယ ဒီပနီကျမ်းစာ ၁၆၀–၁၆၂၊ အဘိဓမ္မာ သုညတနည်း ရှုပုံအခန်း)

ဒေါ်ဆုံမတစ္ဆေသည် လူများမကျန်းမမာဖြစ်၍ လာပစ်သော ဆန်ကောစာ၊ ခေါ်စာကို သူများတွေရှာစားနေကြသည်ကို မြင်ရ၍လည်း ထိုဆန်ကောစာ၊ ခေါ်စာကို စားလိုစိတ်များစွာ မရှိသလို စားမည်အမှတ်ဖြင့် လိုက်ပါသွားဖူးသည်။ သို့သော် တကယ်တမ်းမှု စား၍မရ။ ထိုခေါ်စာ၊ တစ္ဆေလာ[illegible]



www.burmeseclassic.com

www.burmeseclassic.com

စာတို့မှာ ဒေါ်ဆုံမနှာခေါင်း၌ ဆိုးဆိုးဝါးဝါး စူးစူးရှရှ အနံ့ဆိုးတွေ နံနေသည်။

ဒေါ်ဆုံမ နှာခေါင်းထဲ၌ ထိုအနံ့ဆိုးများ အဘယ်ကြောင့်နံ၍ စားချင်စိတ်ပျက်ကာ မသတီစရာ ဘာကြောင့်ဖြစ်ရသည်ကို ထိုစဉ်က ဒေါ်ဆုံမတစ္ဆေ လုံးဝမသိ။ အမှန်ကတော့ ဒေါ်ဆုံမသည် တစ္ဆေဘဝက လူ့ဘဝကို ပြန်သွားရမည့်သူဖြစ်သဖြင့် တစ္ဆေပြိတ္တာတို့၏ အကုသိုလ်အမျှကြောင့် လူတွေက ထိုအကုသိုလ်အမျှဟု ရည်စူး၍ လာပစ်သော အစားအစာကို စားမရခြင်း၊ အနံ့နံခြင်း၊ မသတီခြင်း ဖြစ်လေသည်။

သို့သော် ထိုအချိန်က ထိုသို့ဖြစ်ရသည်ကို ဘာကြောင့်ဟု ဒေါ်ဆုံမ မသိသေး။ မသတီ၍၊ အနံ့ဆိုးနံ၍၊ စားချင်စိတ်မရှိ၍ မစားခဲ့ခြင်းသာ။ ထိုသို့ မစားခဲ့ခြင်းသည် တစ္ဆေဘဝအတွက် မည်မျှအရေးကြီးသည်ကိုမူ လူဝင်စားခွင့်ပေးလိုက်သော သူတို့၏ အုပ်ချုပ်သူ ပြိတ္တာကြီးက ခွင့်ပြုလိုက်ချိန်၌ ထိုပြိတ္တာကြီးပြောမှ သိရလေသည်။ ထိုအခါမှ ဆန်ကောစာ၊ ခေါစာကို မစားမိခဲ့ခြင်းတန်ဖိုးကို ဒေါ်ဆုံမ တစ္ဆေ သိရလေသည်။

➠ ➠ ➠

တစ်နေ့တွင် ဒေါ်ဆုံမတို့တစ္ဆေဘုံထဲ ဘယ်ကဘယ်လို ရောက်လာမှန်းမသိသော ပြိတ္တာတစ်ကောင် ရောက်လာသည်။ ထိုပြိတ္တာသည် ရောက်လာကတည်းက ဒေါ်ဆုံမ အနားကို လာကပ်နေ၏။ လူ့ဘဝတုန်းက ဒေါ်ဆုံမနှင့်သူသည် ရွာနီးချင်းဖြစ်ခဲ့ကြကြောင်း ပြောသည်။ ဘယ်ရွာက ဆိုသည်ကိုတော့ သူက မပြောသလို ဒေါ်ဆုံမကလည်းမမေးမိ။

မိမိရုပ်သည် မည်ကဲ့သို့ အသွင်သဏ္ဌာန်ရှိနေသည်ကို ဒေါ်ဆုံမ သတိမထားမိသော်လည်း ထိုပြိတ္တာ၏ရုပ်ကို ဒေါ်ဆုံမ မနှစ်သက်။ ထို့ကြောင့် ထိုပြိတ္တာသစ်ကို ဒေါ်ဆုံမ မသိမသာ ရှောင်နေသည်။

သို့သော် ထိုပြိတ္တာသစ်သည် ဒေါ်ဆုံမသွားရာနောက် တကောက်ကောက်လိုက်နေ၏။ အထူးသဖြင့် ထမင်းလုံးအရှာထွက်ကြပြီဆိုလျှင် ထိုပြိတ္တာက ဒေါ်ဆုံမနှင့်သူကြား တခြားတစ္ဆေတစ်ကောင်ကောင် ဝင်မလာနိုင်အောင် ဒေါ်ဆုံမနောက်က ကပ်ပါလာတတ်သည်။ သူ့ကို မနှစ်သက်သော ဒေါ်ဆုံမမှာ ထိုပြိတ္တာသစ်ကြောင့် စိတ်ညစ်ရသည်။

တစ်နေ့တွင် ထိုပြိတ္တာသစ်က ဒေါ်ဆုံမအား –

"သူများတွေနေသလို နင်နဲ့ငါ လင်မယားအဖြစ် နေကြမယ်"

ဟု ပြောလာသည်။

သူ့စကားကြောင့် ဒေါ်ဆုံမမှာ တစ်ကိုယ်လုံး ကြက်သီးဖြန်းဖြန်းထကာ ဖြစ်သွားသည်။ ထိုတစ္ဆေသစ်သည် သူ့ကို မယားလုပ်ချင်၍ ကပ်နေကြောင်း ထိုအခါမှ ဒေါ်ဆုံမအတပ်သိသွားသည်။

သူပြောသလို တစ္ဆေအများစုတွေမှာ လင်တွေ၊ ကလေးတွေနှင့် နေနေကြသည်ကိုတော့ တစ္ဆေဘဝရောက်ကတည်းက ဒေါ်ဆုံမ မြင်နေ၊ တွေ့နေရသည်။ သို့သော် သူ့ရုပ်ကိုလည်းမကြိုက်၊ သူ့အနံ့ဆိုးကိုလည်း မခံနိုင်သော ဒေါ်ဆုံမသည် ဘယ်လိုမှ သူ့ကို လင်ယောကျ်ားအဖြစ် စဉ်းစား၍မရ။

ထို့ကြောင့် ဒေါ်ဆုံမက သူ့ကို အမှန်အတိုင်းပင် စိတ်ထဲရှိသည့်အတိုင်း ပြောလိုက်ရသည်။

"နင့်ရုပ်ကိုလည်း ငါမကြိုက်၊ နင့်အနံ့ဆိုးကိုလည်း ငါမခံနိုင်။ နင့်ကို ငါ ဘယ်လိုလုပ်ပြီး လင်တော်နိုင်မှာလဲ။ သွားစမ်းပါ။ ငါ့အနား လာလာကပ်မနေနဲ့။ နင့်အနံ့ဆိုး ငါမခံနိုင်ပါဘူးဆို"

"အမယ် ... မယ်မယ် နင့်ရုပ်ကကော ဘယ်လောက်လှနေလို့လဲ။ နင့်ကိုယ်ကကော ဘာအနံ့တွေများ မွှေးနေလို့လည်း။ နင်နဲ့ငါနဲ့ အတူတူပဲဟာ၊ ဘဝတူပဲဟာ"

မိမိ၏ရုပ်လက္ခဏာကို မမြင်ရ၊ မတွေ့ရသော ဒေါ်ဆုံမသည် ထိုတစ္ဆေ၏စကားကြောင့် အားငယ်သလို ဖြစ်သွားသည်။ သူပြောသလိုဆိုလျှင် မိမိရုပ်သည်လည်း သူ့လိုပင် နှစ်သက်စရာမကောင်းသော ရုပ်မျိုးပင်ဖြစ်နေလေသလား။ သူ့ရုပ်ကို သူမြင်နိုင်စွမ်းမရှိသော ဒေါ်ဆုံမမှာ မိမိရုပ်ကို မြင်ချင်၊ ကြည့်ချင်စိတ် ဖြစ်ပေါ်လာလေသည်။ သို့သော် ကိုယ့်ရုပ်ကို ကိုယ်က မြင်နိုင်စွမ်းမရှိ။ သူများရုပ်ကိုသာ မြင်ရပြီး ကိုယ့်ရုပ်ကိုယ် မမြင်နိုင်သော ဘုံဘဝထဲ ဒေါ်ဆုံမ ကျရောက်နေ၏။

သို့သော် ... ဘယ်လိုပဲဖြစ်ဖြစ် ဒေါ်ဆုံမက ထိုတစ္ဆေသစ်ကို ဘယ်လိုမှ နှစ်သက်စိတ် ဖြစ်ပေါ်မလာ။ ဤသည်မှာလည်း ဒေါ်ဆုံမသည် မကြာမီ လူ့ဘဝကို ပြန်သွားရမည့်သူ ဖြစ်သဖြင့် တစ္ဆေတစ်ကောင်ကောင်နှင့်



www.burmeseclassic.com

www.burmeseclassic.com

လင်မယားအဖြစ် နေလိုစိတ် မရှိခြင်း
ဆို သည်ကို နောက်မှ သိရလေသည်။

ထိုတစ္ဆေသည်လည်း မကြာမီ
မှာပင် သချိုင်းကုန်းကို ဘုံပြောင်းသွား
ရသည်။ နေရာမှားဝင်လာ၍လား၊
အနေအထိုင် မတတ်၍လား ဘာမှန်း
တော့မသိ။ သချိုင်းစောင့်ကြီးက သူ့
ကို လာဆွဲခေါ်သွားသည်။ ထိုအခါမှ
ဒေါ်ဆုံမမှာလည်း ထိုတစ္ဆေသစ်၏
ရည်းစားစကား အပြောခံရခြင်းဒုက္ခမှ
လွတ်သွားသည်။ တစ္ဆေဘဝတွင် ဒေါ်
ဆုံမကား အိမ်ထောင်မပြုခဲ့။ တခြား
တစ္ဆေမများလို လင်နေချင်စိတ်မရှိခြင်း
မှာလည်း လူ့ဘဝကိုပြန်သွားရန်
ကုသိုလ်ကံရှိနေ၍ ဖြစ်သည်။

ဒေါ်ဆုံမအား သမီးရည်းစား
စကား လိုက်ပြော၍ သုသာန်သို့ ဆွဲ
ခေါ်သွားခြင်းခံရသော တစ္ဆေလို ဒေါ်
ဆုံမတို့ဘုံထဲဝင်လာပြီး မကြာမီမှာ
ကျောင်းပျက်၊ ဇရပ်ပျက်က လာခေါ်
သွားသော တစ္ဆေ၊ သီးခြားဘုံဗိမာန်
က လာခေါ်သွားသော တစ္ဆေများ
လည်း ရှိသည်။

တစ္ဆေများ၊ ပြိတ္တာများ နေနေ
ကြရသော နေရာဘုံဘဝတွေမှာ
အမျိုးမျိုးရှိကြသည်။ တချို့က သစ်ပင်
ချုံပုတ်၌ နေကြသည်။ တချို့က ဇရပ်
အိုး၊ ကျောင်းအိုတို့၌ နေရာရတတ်
သည်။ တချို့က လူနှင့်နီးသော ရွာ
နား၌နေနေရသော တစ္ဆေရှိသလို တချို့
ကျတော့လည်း တောကြီး၊ တောင်ကြီး
ချောက်ကမ်းပါးတို့၌ နေနေကြရ၏။

အနေအထိုင်ချင်း၊ ဘုံဘဝချင်း
မတူကြသလို တစ္ဆေချင်း အတူတူပင်
ဖြစ်ကြသော်လည်း အစားအသောက်
ကမူ မတူကြချေ။ အနံ့ခံရုံနှင့် အာဟာ
ရပြည့်ဝသော တစ္ဆေ၊ ကြော်ချက်ပြီး
သားကိုမှ ကြိုက်တတ်သောတစ္ဆေ၊
အစိမ်းလိုက်ဝါးစားရမှ တင်းတိမ်သော
တစ္ဆေ၊ အရှင်လတ်လတ်ကို ကြွပ်ကြွပ်
မြည်အောင် ဝါးစားရမှ ကျေနပ်သော
တစ္ဆေ စသည်ဖြင့် အမျိုးမျိုးရှိကြသည်။

အနေအထိုင် အစားအသောက်
ကွာခြားကြသလို အကြားအာရုံ၊
အမြင်အာရုံ စသည်တို့လည်း ကွာခြား
ကြသည်။ တချို့ တစ္ဆေများသည်
ဘုရား၊ တရားစာ ရွတ်သံ၊ ဖတ်သံ၊
ခေါင်းလောင်း၊ ကြေးစည်သံတို့ကို
မကြားနိုင်၊ မကြားဝံ့ကြသလို ဘုရား၊
တရားစာ ရွတ်ဖတ်သံကြောင့် ထွက်
ပြေးကြရသော တစ္ဆေများလည်းရှိသည်။

အချို့ကမူ ဘုရား၊ တရား၊
သံဃာတော်များ၏ တရားဓမ္မ ဟော
ကြားပို့ချနေသံကို အလွန်တရာကြား
ချင်ကြသော်လည်း ကြားခွင့်၊ နာခွင့်
မရကြသလို တချို့ကျတော့လည်း နာ
ခွင့်၊ သာဓုခေါ်ခွင့်ကြုံသွား၍ အစား
အသောက်အနေအထိုင်အားလုံး
အဆင့်မြင့်သွားသော တစ္ဆေပြိတ္တာများ
လည်း အများအပြားပင်။

ဤသည်တို့ကို မကြာမကြာ
တွေ့နေမြင်နေရသော ဒေါ်ဆုံမသည်
အဆင့်အတန်းမြင့်သော တစ္ဆေဖြစ်ချင်
၍ သာဓုခေါ်နိုင်ရန်၊ တရားနာနိုင်ရန်
နေ့စဉ်လိုလို နားစွင့်နေသည်။ ပတ်ဝန်း
ကျင်ရှိ ရွာနားသို့သွားသည်။ မည်
သည့်ရွာတွင် မည်သူက အလှူပေး
ကုသိုလ်လုပ်မည်ကို လျှောက်သွား၍
ရှာသည်။ သို့သော် ယခုထိ ဒေါ်ဆုံမ
ကား သာဓုမခေါ်ရသေး။ တရားနာခွင့်
မကြုံသေးသော ဒေါ်ဆုံမတို့လို ဘုရား၊
တရား၊ သံဃာ၌ ကုသိုလ်ရယူလို၍
လိုက်ရှာ လျှောက်သွားနေကြသော
တစ္ဆေပြိတ္တာများလည်း အများအပြား
ပင်။ အားလုံးသော ပြိတ္တာ၊ တစ္ဆေများ
၏ နောင်တရ ညည်းညူနေကြသံမှာ
"ငါ လူ့ဘဝတုန်းက ဒါန၊ သီလ၊ ဘာ
ဝနာကို မလုပ်မိခဲ့လေခြင်း"ဟူသော
သံဝေဂနောင်တသံများချည်းသာ။

တစ်နေ့တွင် ဒေါ်ဆုံမ ထိုသို့
အသိစိတ်နှင့် လျှောက်သွားနေရင်း
တစ္ဆေအများအပြား စုဝေး၍ ရယ်မော
ဟားတိုက်နေကြသံကို ကြားလိုက်ရ
သည်။ ဒေါ်ဆုံမ လှည့်ကြည့်လိုက်သော
အခါ တစ္ဆေများသည် လယ်တောယာ
တောမှ ပြန်လာကြသော ရွာသူ
ကလေးမသုံးယောက်ကို နောက်
ပြောင်ကျီစယ်၍ ဟားတိုက်ရယ်မော
နေကြသည်။ တစ္ဆေအများစု ရယ်မော
ပျော်ရွှင်နေကြသံကြောင့် ဒေါ်ဆုံမ
လည်း ပျော်သွားသည်။

တောင်းကြီး၊ တောင်းငယ်တွေ
ကို ခေါင်းပေါ်ရွက်၍ လယ်တောက
ပြန်လာကြသော ကလေးမများ၏
ထဘီစကို လိုက်ဆွဲသူကဆွဲ၊ ခြေ
ထောက်ကို လိုက်တို့သူကတို့၊ ခေါင်း
ပေါ်ကတောင်းကို လိုက်ပုတ်သူကပုတ်
လုပ်နေကြရာ တစ္ဆေတစ်ကောင် ခြေ
ထောက်ကိုအဆွဲခံရသူမှာ ခလုတ်
တိုက်ပြီး လဲမလို ယိုင်သွားသည်။ ထို
အခါ ထိုသူငယ်မက "သောက်ခွေး၊
သောက်ခွေး"နှင့် လန့်အော်၏။

ဤသည်ကိုပင် တစ္ဆေများက
သဘောကျကာ အူတက်မတတ် ရယ်
နေကြသည်။ ဤအခြင်းအရာကိုမြင်
သောအခါ ဒေါ်ဆုံမမှာလည်း အူမြူး
လာပြီး အများနည်းတူ ပျော်ပျော်ကြီး
လိုက်ရယ်မိသည်။ ဤသို့ ရယ်ရသည်



www.burmeseclassic.com

www.burmeseclassic.com

ကို တစ်ခါမှ မကြုံဖူးသဖြင့် ဒေါ်ဆုံမလည်း အူတက်မတတ် ရယ်နေမိသည်။ ဤသို့ ရယ်မောနေရသည်ကို စိတ်ထဲကလည်း အလွန်ပျော်နေမိ၏။

သည်လိုနှင့် တစ်နေ့မှာ ဒေါ်ဆုံမသည် ထိုရယ်ရ၊ ပျော်ရွှင်ရသည်ကို သွားရင်းလာရင်း သတိရပြီး လယ်တောကပြန်လာသော အဘွားကြီးတစ်ယောက်၏ ခေါင်းပေါ်ကတောင်းကို လှမ်းဆွဲလိုက်သည်။ ထိုအဘွားကြီးမှာ ချက်ချင်းယိုင်နဲ့သွားပြီး အဘွားကြီးပါးစပ်မှ "ဗုဒ္ဓေါ၊ ဗုဒ္ဓေါ"ဟု လန့်အော်လိုက်သည်။

ခေါင်းပေါ်ကတောင်းကို လှမ်းဆွဲခံလိုက်ရသဖြင့် အဘွားကြီးမှာ ယိုင်ရှုံယိုင်သွားသော်လည်း ဒေါ်ဆုံမတစ္ဆေမှာမူ နောက်ပြန်လဲကျသွားသည်။ ဒေါ်ဆုံမ ကမန်းကတန်း ပြန်ထလိုက်ချိန်တွင် အဘွားကြီးကား "ဗုဒ္ဓေါ၊ ဗုဒ္ဓေါ"ဟု ရွတ်ဆိုကာ ရွာဘက်သို့ ဆက်လျှောက်သွားသည်။

လုပ်တုန်းကမူ ရယ်ရအောင်ဟု လုပ်မိလိုက်သော်လည်း မရယ်ရသည့်အပြင် ဒေါ်ဆုံမမှာ ထိုအဘွားကြီးနားသို့ နောက်ထပ် မကပ်ရဲတော့ဘဲ လန့်ဖျပ်သွားသည်။ အဘွားကြီးက ဘုရားတလိုက်တာပဲဟုလည်း ဒေါ်ဆုံမ သတိရလိုက်သည်။ မလုပ်ကောင်းမှန်း၊ ဆက်လုပ်မိလျှင် ငရဲကြီးမည်ဆိုသော အသိကလည်း ဝင်လာသည်။ ထို့ကြောင့် ဒေါ်ဆုံမသည် ထိုနေ့ကပင် အဘွားကြီးအရွယ်တွေကိုသာ မဟုတ် ငယ်ရွယ်သူများနှင့် မည်သူ့ကိုမျှမလုပ်တော့။ ဤသည်မှာ မလုပ်အပ်၊ မလုပ်ထိုက်သော အလုပ်ဟုလည်း သတိရသွားသည်။

တခြားတစ္ဆေများကမူ ထိုအလုပ်ကို ပျော်စရာအလုပ်လို ဆက်လုပ်နေကြ၏။ သူတို့ ထိုသို့ပြုလုပ်နေကြ၍ လူတွေက "သောက်ခွေး"ဟု ဆိုလျှင်လည်းကောင်း၊ အမနာပ အယုတ္တ အနတ္တဆဲဆိုကြလျှင် လည်းကောင်း တစ္ဆေတွေမှာ ပျော်လွန်း၍ အူတက်မတတ် ရယ်ကြရသည်။ တခြားတစ္ဆေများ ဟားတိုက်၍ ပျော်နေကြလျှင် ဒေါ်ဆုံမလည်း အူထဲက ယားလာလောက်အောင် ရယ်ချင်သဖြင့် ထိုတစ္ဆေများနည်းတူ လိုက်၍တော့ ရယ်မိသည်။ သို့သော် မိမိကမူ ရယ်ရအောင်ဟု တစ်စုံတစ်ယောက်ကိုမှ မလုပ်မိတော့။

ဒေါ်ဆုံမတို့ တစ္ဆေဘဝမှာ လူတွေကို စ၍ နောက်ပြောင်၍ ရယ်ရ၊ ပျော်ကြရသလို လူသေ အသုဘနှင့် ပတ်သက်၍လည်း ပျော်ကြတာ တစ်ခုရှိသေးသည်။ ရွာထဲတွင် လူသေတာ အသုဘဖြစ်တာကို ဒေါ်ဆုံမတို့တစ္ဆေတွေ သိကြသည်။ ရွာမှာ လူသေပြီဆိုလျှင် ထိုလူသေအလောင်းကို ပြာသာဒ်တလားလုပ်ပြီး အသုဘချအလာ၊ ရွာပြင်ထုတ်အလာကို စောင့်ကြည့်ကြရသည်။

လူသေအလောင်းပါသော ပြာသာဒ်တလားကို လူတွေက သုသာန်သချိုင်းဘက် ထမ်းလာကြသည်။ ထိုသို့ထမ်းလာရာတွင် ပြာသာဒ်တလားကို လူတွေက ရှေ့တိုးနောက်ငင် ခုန်ပေါက်ကစားကြသည်။ ပြာသာဒ်တလားကို သုသာန်သချိုင်းရှိရာဘက် ထမ်းပြေးလာလိုက် ရွာဘက်ပြန်ပြီး ထမ်းပြေးသွားကြလိုက်နှင့် ကွင်းပြင်ထဲတွင် ပြာသာဒ်တလားထမ်းသူများက အရက်သေစာ သောက်စားပြီး ထိုသို့ကခုန်ကစားနေကြလျှင် ဒေါ်ဆုံမတို့တစ္ဆေများကလည်း ပြာသာဒ်တလားပေါ် ပြေးခုန်တက်ကြကာ လူတွေထမ်းပြေးကြသည့်ဘက် မပါအောင် သုသာန်သချိုင်းဘက် ပါလာအောင် ဝိုင်းဆွဲကြ၏။

ထိုအခါ လူတွေကတစ်ဖက်၊ ဒေါ်ဆုံမတို့တစ္ဆေကတစ်ဖက် အားပြိုင်ဆွဲကြရသဖြင့် ပျော်စရာကောင်းသည်။ မူးမူးရူးရူးနှင့် သောက်စားလာကြသူများကတော့ ဤသည်ကို သတိထားမိပုံမရ။ ဒေါ်ဆုံမတို့ ပျော်နေကြသလို လူတွေကလည်း ကွင်းပြင်ကြီးထဲ ပြာသာဒ်တလားက ကစား၍ ချွေးသီးချွေးပေါက် ကျနေကြသော်လည်း အပျော်ကြီး ပျော်နေကြသည်။

လူတွေက နေမဝင်ချင်း ထိုသို့ ပျော်နေကြလျှင် ဒေါ်ဆုံမတို့ကလည်း အလွန်ပျော်ကြသည်။ ရပ်ရွာတွင် လူချမ်းသာ၊ မျက်နှာကြီး၊ ရွာမျက်နှာဖုံး အသုဘဆိုလျှင် တော်တော်နှင့် မြေမမြှုပ်၊ မီးမရှို့ကြသေးဘဲ ခေါင်းတလားထမ်းသူများက ထိုသို့ အချိန်ကြာကြာ ဆွဲကစားနေကြလေ၏။ ဒေါ်ဆုံမတို့ တစ္ဆေတွေကလည်း သဘောကျပျော်ကြလေပင်။

ထိုသို့ ခေါင်းတလားပြာသာဒ်ပေါ် တက်စီးပျော်စွာ ကစားနေကြချိန်တွင် တစ္ဆေများ၏ ကိုယ်ကာယမှာ ပိုပြီး အကြီးအသေးလုပ်၍ ရနေကြသည်။ နတ်ပြည်၊ ငရဲပြည်ကိုသာ မမြင်ကြရသော်လည်း တခြားအရာဝတ္ထု၊ လူ၊ ခွေး၊ တိရစ္ဆာန်များကို မြင်ရသောအမြင်သည် ပိုပြီး ရှင်းလင်းပြတ်သားသည်ကိုလည်း ခံစားနေကြရ၏။



www.burmeseclassic.com

www.burmeseclassic.com

ထိုအချိန်အခါမျိုးတွင် သူတို့ဝမ်းဗိုက်က အမြဲဆာလောင်မွတ်သိပ်နေသော တစ္ဆေများပင် ဆာလောင်မွတ်သိပ်မှုဝေဒနာကို မခံစားရသကဲ့သို့ လူတွေနှင့်ရောပြီး ပျော်နေတတ်ကြသည်။

➠ ➠ ➠

တစ်နေ့တွင်လည်း တစ္ဆေတစ်ကောင်၏ ထူးထူးဆန်းဆန်းလုပ်ရပ်ဆန်းတစ်ခုကို မြင်ရ၊ ကြားရပြန်သည်။ ရှာသူမိန်းမတစ်ယောက်သည် တုတ်တစ်ချောင်းနှင့် တောတိုးလိုက်ရှာနေသည်။ ဘာကိုရှာနေမှန်း အစက ဒေါ်ဆုံမ သဘောမပေါက်မိ။ ထိုရှာသူပါးစပ်က "နီမရေ . . . နီမ . . . ရော့ . . . ရော့"ဟု အော်ခေါ်ပြီး ဖုန်းဆိုးတောထဲ ဟိုကြည့်သည်ကြည့်နှင့် လိုက်ရှာနေသည်။

ဤသည်ကို တစ္ဆေတစ်ကောင်က မြင်သွားရာ ထိုရှာသူရှေ့က ချုံပုတ်တွေကို ကိုင်လှုပ်ပြပြီး ရှေ့ကသွားသည်။ ရှာသူကလည်း ထိုတစ္ဆေကိုင်လှုပ်ပြသွားသော ချုံပုတ်တွေကို တိုးဝင်ပြီး ပါးစပ်ကလည်း "နီမရေ . . . နီမရေ . . . ရော့ . . . ရော့"ဟု အော်ခေါ်ကာ လိုက်လာသည်။

ဖုန်းဆိုးတောစပ်လွန်၍ တောနက်နားအရောက်မှာ ထိုတစ္ဆေ၏အသံက နွားမတစ်ကောင်၏ အသံကဲ့သို့ မပီမသမြည်ပြီး ရှေ့ကပြေးသွားသည်။ ရှာသူမိန်းမကလည်း ထိုတစ္ဆေနောက် လိုက်လာသည်။ ထိုအခါမှ တစ္ဆေသည် နွားပျောက်၍ နွားလိုက်ရှာနေသော ရှာသူကို ရယ်ရအောင် တမင်နောက်ပြီး ရှာသူရှေ့က နွားသံပေး၍ ပြေးသွားနေမှန်း ဒေါ်ဆုံမသိလိုက်၏။

ဤသည်ကို ဒေါ်ဆုံမကတော့ ရယ်ချင်စိတ်မရှိ။ ထူးဆန်းနေသလိုမြင်၍ လိုက်ကြည့်နေခြင်းသာ။ ထိုတစ္ဆေမှာလည်း ဒေါ်ဆုံမထက် ကမ္ဘာဇာတ်ရှိသော တစ္ဆေတစ်ကောင်မှန်း သိလိုက်ရသည်။

တောနက်ထဲအရောက်တွင် ထိုတစ္ဆေသည် ရှာသူအား မည်သို့လုပ်လိုက်သည် မသိ။ ရှာသူမိန်းမ၏ အထိတ်တလန့်အော်သံကိုသာ ကြားလိုက်ရသည်။ အထူးအဆန်းမို့ ဒေါ်ဆုံမလည်း ရှာသူမိန်းမ အော်သံကြားရာသို့ လိုက်သွားကြည့်၏။ ရှာသူမကား တောထဲတွင် ခွေလဲကာ သတိမေ့နေလေပြီ။ ဒေါ်ဆုံမသည် လူဝင်စားရမည့် ကုသိုလ်ကံရှိနေ၍လား၊ သို့မဟုတ် တစ္ဆေဘဝကိုရောက်တာမကြာသေး၍လားမသိ။ လူတွေအပေါ်တော့ သံယောဇဉ်စိတ် ရှိနေသည်။

လဲကျပြီး သတိမေ့နေသော ရှာသူမိန်းမနား ဒေါ်ဆုံမ ရောက်သွားတော့ ထိုတစ္ဆေကြီးသည် ဒေါ်ဆုံမကို ကြည့်ပြီး "နင် ဘာလာလုပ်တာလဲ ပြိတ္တာမ။ နင်ပါသေချင်လို့လား"ဟု သစ်ပင်ပေါ်က လှမ်းကြိမ်းသည်။

ထိုတစ္ဆေကြီးသည် မိမိအား အမှန်တကယ်လည်း ရိုက်ပုတ်ထုထောင်းနိုင်လောက်သော အင်အားကြီးသည်ကို စိတ်ထဲက သိလိုက်မိသည်။

"အရှင့်ရဲ့ အစွမ်းသတ္တိကို မမြင်ဖူးလို့ လာကြည့်မိတာပါ"

ဟု ကြောက်ကြောက်နှင့် ဒေါ်ဆုံမ ကမန်းကတန်း ပြောလိုက်ရသည်။

"ဘာအစွမ်းသတ္တိလဲ။ ငါ့မှာဖြင့် ဒုက္ခရောက်နေလို့ ကြံမိကြံရာ လုပ်နေရတာ။ ငါ အစာမစားရတာ ဘယ်နှစ်ရက်ရှိပလဲ။ နင်သိလား ပြိတ္တာမ၊ အယုတ်ကောင်မ။ ဒီနေရာက မြန်မြန်ထွက်သွားစမ်း။ နင်ရှိနေရင် ငါ့အတွက် ဒီမှာ အနှောင့်အယှက်ဖြစ်နေဦးမယ်။ သွားစမ်း . . . သွား"

မိန်းမချင်း ကိုယ်ချင်းစာစိတ်ဟု ဆိုရမည်လား။ ဘယ်လိုမှန်းတော့ မသိ။ ထိုရှာသူကို သနားမိသော်လည်း တစ္ဆေကြီးကို ကြောက်ရသဖြင့် ရှာသူမိန်းမ သတိမေ့လဲနေရာက ကမန်းကတန်း ပြေးထွက်လာရသည်။ ထိုသို့ပြေးထွက်မလာလျှင် အစာမစားရ၍ ဒေါသထွက်နေသော ပြိတ္တာကြီးက သူ့ကို တကယ်ပင် ရိုက်ပုတ်တော့မည့် အသွင်သဏ္ဍာန် ပေါ်နေ၏။

ဒေါ်ဆုံမ ကိုယ့်နေရာကို ပြန်ရန် လျှောက်လာတော့ အချိန်က မှောင်ရီဖျိုးဖျဖြစ်နေပြီ။ ရှာသားသုံးလေးယောက်ကို တုတ်၊ ဓားကိုယ်စီနှင့် တွေ့ရသည်။ တစ်ယောက်က –

"ကျုပ်နွားသွင်းလာတော့ အုန်းသင်ကို ဒီနားမှာ တွေ့လိုက်ရတာပဲ။ နွားနီမတစ်ကောင် ရှာမတွေ့လို့ လိုက်ရှာနေတယ်ပြောတယ်"

နောက်တစ်ယောက်က –

"မိန်းမတစ်ယောက် လန့်အော်လိုက်သံတော့ ဟိုနားက ကြားလိုက်ရတာပဲ ထွန်းဆောင်ရ။ အုန်းသင်အသံလား၊ ဘယ်သူ့အသံလဲတော့ ငါဘယ်သိမလဲ။ ငါက အိပ်တန်းတက်ဖို့ လုပ်နေတဲ့ ကြက်ပစ်ဖို့ပဲ အာရုံရောက်နေတော့"

"ဟင် . . . ဘယ် . . . ဘယ်နားလဲကိုကြီး"

"ဟို ရိုးနားဘက်ကပဲကွ။ လာလာ"

ရှာသား သုံးလေးယောက်သည် တစ္ဆေကြီးခြောက်၍ ရှာသူမိန်းမ လဲကျ



www.burmeseclassic.com

www.burmeseclassic.com

သတိလစ်နေသော နေရာဘက် အပြေးလိုက်သွားကြသည်။

တစ္ဆေ၊ သရဲ စသည်တို့သည် လူမဟုတ်၊ နတ်မဟုတ်၊ တိရစ္ဆာန်လည်း မခေါ်သော၊ ငရဲသားနှင့်လည်း မတူသဖြင့် ၎င်းတို့ကို မည်သည့်အမျိုးအစားထဲ၌ ထည့်သွင်းရမည်နည်းဟု မင်းကွန်းအလယ်တောရ ဆရာတော်ကမေး၍ မန်လည်ဆရာတော်ကြီးက ဖြေကြားရာမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

မေး ။ ။ ပြောကြချင် လောကတွင် တစ္ဆေရှိသတဲ့။ ဆွေသိရဲ့လား။ သိပါချင် ရှိပါလျှင် တစ္ဆေဆိုတဲ့ သည်ပုဂ္ဂိုလ်ကောင်သရုပ်ကို ကျမ်းအုပ်လို့ကြား။

ဖြေ ။ ။ ပြောပြချင် လောကတွင် တစ္ဆေရှိသည်ဟု နှံ့သိကျော်ကြားမျိုးတူဆွေ သည်တစ္ဆေရှိမည်မဟုတ်ပါဘူး။ မြေဖုတ်ကို တစ္ဆေပြောကြတယ် လောကလူများ။

၎င်းဆရာတော်ကြီး၏ အမေးအဖြေအရ တစ္ဆေဆိုသည်မှာ ဖုတ်၊ ပြိတ္တာများပင် ဖြစ်ပါသည်။

ထို ဖုတ်၊ ပြိတ္တာတို့သည် လူတို့ကို ခြောက်လှန့်တတ်သောကြောင့် တစ္ဆေဟုခေါ်သည်။ တစ္ဆေဆိုသည်မှာ 'တဇေ့တိ'ဟူသော သဒ္ဒါကိုစွဲ၍ ခေါ်ကြခြင်းဖြစ်သည်။ တဇေ့တိ အနက်သဘောမှာ ကြောက်လန့်အောင် ခြိမ်းခြောက်တတ်သည်ဟုအဓိပ္ပာယ်ရသည်။

ကာလကြာသောအခါ တဇေ့ကို တစ္ဆေဟု စာလိမ်ဖြင့် ရေးသားရာမှ တစ္ဆေဟူ၍ မြန်မာဝေါဟာရ၌ တွင်ကျယ်စွာအသုံးပြုလာကြခြင်းဖြစ်သည်။

**တစ္ဆေခြောက်ခြင်းအကြောင်း**

တစ္ဆေခြောက်သည်ဟု ဆိုရာဝယ် ကိုယ်ထင်ပြခြင်း၊ ညည်းညူခြင်း၊ အနံ့ပေးခြင်း၊ ပူးဝင်ခြင်း၊ ခြောက်လှန့်ခြင်း စသည်တို့ဖြစ်သည်။

တစ္ဆေက လူကို ခြောက်လှန့်ရာဝယ် အကြောင်းအမျိုးမျိုးရှိသည်။

အခြောက်ခံရသူသည် ကံနိမ့်နေ၍ အခြောက်ခံရခြင်း၊ နောက်ပြောင်ကျီစယ်လို၍ ခြောက်ခြင်း၊ ချစ်ခင်၍ ခြောက်ခြင်း၊ စားသောက်လို၍ ခြောက်ခြင်း၊ ဥစ္စာပေးလို၍ ခြောက်ခြင်း၊ မှာထားလို၍ ခြောက်ခြင်း၊ နှုတ်ဆက်လို၍ ခြောက်ခြင်း၊ သားမယားတို့ကို စွဲလမ်းခင်မင်၍ ခြောက်ခြင်း၊ ဘုရား၊ တရားသံကြား၍ မရွတ်မဖတ်အောင် ခြောက်ခြင်း ... စသည်ဖြင့် ခြောက်ခြင်းအမျိုးမျိုးရှိသည်။

တစ္ဆေဟုခေါ်နေကြသော ပြိတ္တာတို့က ခြောက်သည်မဟုတ်။ သူတို့ဆန္ဒကို လူတို့အား ပြောပြလို၍၊ အကူအညီတောင်းလို၍ ကိုယ်ထင်ပြရာ သူတို့၏ အကုသိုလ်ကံကြောင့် သူတို့၏ အတ္တဘော ကိုယ်ခန္ဓာသည် ကြောက်လန့်ဖွယ်၊ ရွံရှာစက်ဆုပ်ဖွယ်ရှိနေသည်။ ထိုသူတို့၏ အတ္တဘော ကိုယ်ခန္ဓာကို လူတို့က ရုတ်တရက်မြင်လိုက်ကြရသောအခါ လန့်ဖျပ်သွားခြင်းသာ ဖြစ်သည်။ ထိုသည်ကို တစ္ဆေခြောက်သည်ဟု ပြောကြခြင်းဖြစ်သည်။

**ကိုယ်ထင်ပြခြင်း**

တွေ့မြင်ဖူးသူတို့က ခေါင်းက ပုတ်လုံးလောက်၊ မျက်လုံးကြီးက လင်းကွင်းလောက်၊ ကိုယ်ခန္ဓာက ထန်းပင်လုံးလောက်၊ လျှာက တစ်တောင် တစ်လံလောက် ထွက်နေသည် စသည်ဖြင့် ပြောဆိုကြသည်။

အမှန်မှာ လူတို့မြင်လိုက်ရသော ထိုအတ္တဘောသည် သူတို့အကုသိုလ်ကံကြောင့် ဖြစ်နေ၊ ခံစားနေရသော အတ္တဘော ကိုယ်ခန္ဓာဖြစ်သည်။ တမင်လုပ်ကြံ၍ ပြခြင်းမဟုတ်။ ထိုသို့သော ပြိတ္တာသည် အလွန်သနားစရာကောင်းသော ပြိတ္တာမျိုးသာဖြစ်သည်။

**အနံ့ပေး၍ ခြောက်ခြင်း**

အနံ့ပေး၍ခြောက်ခြင်း ဆိုသည်မှာ အပုပ်နံ့ပေးခြင်း၊ အမွှေးနံ့သာပေးခြင်း နှစ်မျိုးရှိသည်။

အပုပ်နံ့ပေးခြင်းသည် အကူအညီတောင်းလို၍ လာခြင်းဖြစ်သည်။ အပုပ်နံ့သည် သူပြုခဲ့သော မကောင်းမှုကံကြောင့် ဖြစ်ပေါ်နေသော အနံ့ဆိုးဖြစ်သည်။ ထိုသည်ကိုလည်း လူတို့က ခြောက်သည်ဟု ထင်ကြသည်။

အမွှေးနံ့ပေးခြင်းမှာ ခွဲခွာခါနီး လာနှုတ်ဆက်ခြင်း ဖြစ်သည်။ လူတို့ ပြုလုပ်လိုက်သော ကုသိုလ်အဖို့ဘာဂကို အမျှရ၍ ချမ်းသာသောဘဝသို့ ရောက်သွားသူတို့က ကျေးဇူးတင်ကြောင်း လာပြောဆိုပြီး ကိုယ်ထင်ပြသောအခါ အမွှေးနံ့ရခြင်းဖြစ်သည်။

**ပူးခြင်း၊ ကပ်ခြင်း**

ပူးခြင်း၊ ကပ်ခြင်းဆိုသည့်အရာမှာလည်း တစ္ဆေ သရဲတို့သည် အရုဏ်တက် လင်းအားကြီးချိန်၊ မွန်းတည့်ချိန်၊ နေဝင်ရီတရောအချိန်၊ နွားရိုင်းသွင်းချိန်၊ သန်းခေါင်ယံအချိန်များတွင် ကျက်စားသွားလာတတ်သည်။ ထိုအချိန်များတွင် ပူးတတ်၊ ပူးကပ်တတ်၊ ခြောက်တတ်သည်။



www.burmeseclassic.com

www.burmeseclassic.com

### ဖုတ်ဝင်ခြင်း

နာတာရှည် ရောဂါသည်များကိုလည်းကောင်း၊ ရုတ်ခြည်း သေသူများကိုလည်းကောင်း ပူးကပ်ဝင်ရောက်နိုင်သည်။ ယင်းကို ယနေ့လူတို့ ဝေါဟာရနှင့် 'ဖုတ်ဝင်'သည်ဟု ဆိုသည်။ ထိုဖုတ်၊ ပြိတ္တာသည် ညဥ့်အခါ လူသူ တိတ်ဆိတ်သောအခါ၌ ခိုးစားတတ်သည်။ အစားမက်မောသည်။ အစားကြီးသည်။ သားငါးတို့ကို ကြိုက်နှစ်သက်သည်။

### ဖုတ်ဝင်သည်ဟုပြောကြသော မြန်မာတို့အယူအဆ

ဤဖုတ်၊ တစ္ဆေများ ကပ်ရောက်နေပါက မြန်မာတို့အယူအဆအရ ဖုတ်ဝင်နေသူ၏ အိပ်ရာအောက်၌ ဩဇာရွက်ခင်းခြင်း၊ ဘုရားအင်္ဂတေခင်းခြင်း၊ ခေါင်းအုံးအောက်၌ လွှာဖိနပ်ထိုးခြင်း၊ လက်ဖွဲ့ချည်ပေးခြင်း၊ ပရိတ်ကမ္ဗဝါဖတ်၍ နှင်ထုတ်ခြင်း စသည်တို့ကို ပြုလုပ်လေ့ရှိကြသည်။

### နတ်ဝင်ခြင်း၊ ဖမ်းစားခြင်း

ဖုတ်၊ ပြိတ္တာတို့သည် လူကောင်းနာမ်နိမ့်သူတို့၌လည်း ပူးကပ်တတ်သည်ဟု ဆိုသည်။ ပူးကပ်ပုံမှာ ပထမဖက်လေးလာတတ်သည်။ ထိတ်ခနဲ လန့်ဖျပ်သွားတတ်သည်။ အပုပ်နံ့ထို၍ ရုတ်တရက် စိတ်တစ်မျိုး ပြောင်းသွားတတ်သည်။ ကြက်သီးထခြင်း၊ ခေါင်းနားပန်းကြီးသွားတတ်ခြင်း တစ်ခုခုဖြစ်ပြီးနောက် မျက်ထောင့်နီနီ၊ မျက်နှာတင်းတင်း၊ ကိုယ်လက်အမူအရာနှင့် သိလွယ်အောင်ပြခြင်း၊ စကားပြောခြင်း၊ ကြမ်းတမ်းသော အမူအရာပြလာခြင်း စသည်တို့ဖြစ်လာသည်။ ထိုအခါ သူစားသောက်ချင်သည့်အရာကို ကျွေးမွေးခြင်းဖြင့် ထိုဖုတ်၊ ပြိတ္တာ တစ္ဆေထွက်သွားတတ်သည်ဟု အယူရှိကြသည်။

### နာနာဘာဝဟုခေါ်ပုံ

ပြိတ္တာ၊ တစ္ဆေ၊ သရဲတို့သည် ကြီးအောင်၊ ငယ်အောင်၊ ဖြူအောင်၊ မည်းအောင် မြင်စေနိုင်မှု၊ ကွယ်ပျောက်အောင်၊ ထင်မြင်အောင် ပြုပြင်နိုင်မှု၊ ခွေး၊ ကြောင်၊ မြင်း၊ နွား စသည်ဖြင့် အယောင်ဆောင်နိုင်မှု၊ ဆူးလုံး၊ အိမ်၊ တဲ၊ သစ်ပင် စသည့် အရာဝတ္ထု၊ အသွင်သဏ္ဌာန်ကို ပြနိုင်မြင်စေနိုင်မှု၊ လူယောင်ဖန်ဆင်းနိုင်မှု၊ အတွေးမရောက်နိုင်အောင် အဖြစ်ဆန်း၊ အမြင်ဆန်းများကို ပြသနိုင်မှုကြောင့် နာနာဘာဝ(အထူးထူး အမျိုးမျိုးအဖြစ်ကို ပြတတ်သူ)ဟု ခေါ်ဆိုကြသည်။

### ဥစ္စာစောင့်

ဥစ္စာစောင့်ကို အဘိဓမ္မာသံခိပ်၌ ဖော်ပြထားသည်မှာ ကြီးသောဝမ်းဗိုက်ရှိကြကုန်သော၊ ကျယ်သော၊ ပြူးသော၊ နီသောမျက်စိ ရှိကြကုန်သော ရက္ခိုက်တို့ကို ကုမ္ဘဏ်ဟူ၍ ဆိုကုန်၏။ ထိုကုမ္ဘဏ်တို့ကို ယခု လောက၌ ဥစ္စာစောင့်ဟု ခေါ်ဝေါ်ကြကုန်၏ဟု ဆိုထား၏။

ဥစ္စာစောင့်တို့သည် မြေဖုတ်ဘီလူး အနွယ်ဝင်များဖြစ်ကြသည်။ ဂုဝေရနတ်မင်းကြီးလက်အောက် အသင့်အတင့် ကမ္ဘဇိဒ္ဓိရှိသော၊ ဘုန်းတန်ခိုးရှိသော ဘုမ္မစိုးနတ်ဘီလူးတို့၏ အအုပ်ချုပ်ခံ ဘုန်းတန်ခိုးနည်းပါးသော ပြိတ္တာအနွယ်ဝင်များ ဖြစ်သည်။

တန်ခိုးကြီးသော ဘုမ္မစိုးနတ်တို့၏ စေခိုင်းရာ မြေတွင်းရှိ ဥစ္စာသိုက်စသည်များကို စောင့်ကြပ်ရသူများဖြစ်သည်။ ထို့ကြောင့် ဥစ္စာစောင့်ခေါ်သော မြေဖုတ်ဘီလူးတို့မှာ မူလအားဖြင့် အရုပ်ဆိုးသူများ ဖြစ်ကြသည်။

သို့သော် မိမိကိုယ်ကို လှပအောင် ဖန်ဆင်းနိုင်ကြပြီး သိုက်နန်းအတွင်း၌ ပျော်ပျော်ရွှင်ရွှင် နေနိုင်ကြကြောင်း၊ သူတို့ဘဝကို စွဲလမ်းသာယာနေကြသူများ ဖြစ်ကြသည်။ ဤလူ့ပြည်ရှိ လူသားများကို ဆက်ဆံနိုင်သော အခြေအနေရှိကြသည်။ လူတို့က ဖိတ်ကြားခေါ်လျှင် တရားနာနိုင်ကြသည်။ အမျှဝေကာ သာဓုခေါ်နိုင်သည်။

အိပ်မက်ပေးနိုင်သည်။ ကိုယ်ထင်ပြ၍ လူနှင့် စကားယှဉ်ပြောဆိုနိုင်သည်။ လူရုပ်ပကတိကို ဖန်ဆင်းပြနိုင်သည်။ လူတို့အား ရွှေငွေမှအစ အခြားသော အရာဝတ္ထုများကိုလည်း ပေးကမ်းနိုင်သည်။ ကျေးဇူးတင်တတ် သိတတ်သော သဘောရှိသည်။ သူတို့ဘဝကို သူတို့ ထိုသို့စွဲလမ်းသာယာနေကြသဖြင့် ခကျောင်း၊ ကန်၊ ဘုရားနှင့် နီးစပ်ပြီး လူ့ပြည်မှ သာမန်ကုသိုလ်ပြု၍ အမျှဝေကြသည့်တိုင် ကျွတ်လွတ်သူကား နည်းပါးကြသည်။

*(ဆက်လက်ဖော်ပြပါမည်။)*

ဝေယံလင်းခေါင်



www.burmeseclassic.com

www.burmeseclassic.com

# အညာကျေး မှာခဲ့ဝေဘာလည်း

## မြမြလှိုင်



ဝန်းချီစံလွင်မောင်

၂၄၄ ရောက်ပြီ

www.burmeseclassic.com

www.burmeseclassic.com

# အမှားကြီး မှားခဲ့သော်လည်း

မြမြလှိုင်

"ဖြူပွားဘုံမှာ . . . တန်ခိုးဂုဏ်မာန်သတင်း . . . နေဆယ်စင်းသို့ ပုံပမာ ဗကဖြူပွားကြီးဟာ . . . အမှားကြီး မှားလို့ အယူသီးနေရှာ။ ငါသာမြတယ် စိတ်မှာစွဲကာ . . . ဘုရားကိုပင် ကန့်လန့်တိုက်၍ မိုက်နေပုံကို . . . ဆိုးနေပုံကို . . . ဘဂဝါဘုရားကသာ ဒေသနာတရားပြကာ အဲဒီတော့ ဗကဖြူပွား . . . မာန်စွယ်ချလို့ ရှိခိုးရတာ . . . မေတ္တာဓာတ်နဲ့ ဗုဒ္ဓမြတ်စွာ . . . ဆောင်နှင်းခဲ့ . . . အောင်ခြင်း အင်္ဂါမပါ"

ဇေတမင်းသား၏ မြေပေါ်တွင်ရှိသော ဇေတဝန်ကျောင်းမြတ်မဟာတွင် မြတ်စွာဘုရားသခင်သည် သီတင်းသုံးတော်မူလျက် ရှိလေသည်။ တစ်နေ့သောအခါတွင် မြတ်စွာဘုရားရှင်တို့၏ ဂုဏ်တော်ဖြင့် ကျွတ်ထိုက်သော သူတို့အား ကြည့်မြင်တော်မူရာတွင် အာဘာဿရာဘုံ၌ မိစ္ဆာတိတ္ထိအယူဖြင့် လွဲမှားစွာခံယူနေသော ဗကဖြူပွားကြီးကို မြင်တော်မူလေသည်။ ဗကဖြူပွားကြီးသည် ဈာန်တရားကြောင့် ဘုံအဆင့်ဆင့်သို့ တက်လှမ်းခဲ့သူ ဖြစ်သည်။ လူ့ဘဝရသေ့ရဟန်းပြုစဉ်က လောကီဈာန်သမာပတ်ကို မပြတ်လေ့လာ ကျင့်ကြံခဲ့သဖြင့် သေလွန်သည့်အခါတွင် ဖြူပွားတို့၏ ချမ်းသာခြင်းကို ရရှိကာ၊ ခြောက်ဆယ့်လေးကမ္ဘာ အသက်ရှည်သော သုဘကိဏှ (အမြင့်ဆုံး)ဘုံ၌ ဖြစ်ပြီး ထိုမှတစ်ဖန် စုတေပြန်သော် အာဘာဿရာဘုံ၌ ဖြစ်လေသည်။ နိမ့်သောဘုံတွင် လာဖြစ်သော်လည်း၊ မိမိအထက်ဘုံအဆင့်ဆင့်မှ စုတေခဲ့ရသော အဖြစ်ကို မမှတ်မိ။ ပဋိသန္ဓေ နေရခြင်းလည်း မခံစားရ၊ သည်အတိုင်းပင် ဖြစ်တည်ရသည်ဟု ယူမှတ်ကာ ငါတို့၏ ဖြူပွားဘုံသည် မြတ်သော၊ မြဲသော၊ ထာဝရချမ်းသာသော ဘုံဖြစ်သည်။ ထိုထက်ချမ်းသာခြင်းကိုရှာရန် နိဗ္ဗာန်သည် မရှိပြီ။ ငါ၏ခန္ဓာကိုယ်သည် ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏဆင်းရဲမှု မရှိလျှင် ဖြူပွားဘုံသည်သာ နိဗ္ဗာန်ဖြစ်သည်ဟု အယူကိုခံယူထားလေသည်။

ထိုသို့ လွဲမှားသော အယူအဆကို ပယ်ဖျောက်ရန်အတွက် မြတ်စွာဘုရားရှင်သည် ဖြူပွားဘုံသို့ ကြွတော်မူလေသည်။

"အရှင်ဘုရား . . . အကျွန်ုပ်တို့၏ ဖြူပွားရွာသို့ ကြွလာတော်မူပါသလော။ အရှင်၏လာခြင်းကား အလွန်ကောင်းလှပေသည်။ အရှင် . . . အကျွန်ုပ်တို့ ဖြူပွားရွာသို့ မလာရောက်ခဲ့သည်မှာ ကြာမြင့်လှပြီ။ ယခုလိုရောက်လာသည့်အတွက်၊ အရှင့်အား ကောင်းမွန်ဖို့ရန် ဖြစ်ပေသည်"

မြတ်စွာဘုရားသခင်သည် ဖြူပွားမင်း၏ရှေ့မှောက်သို့ ရောက်သည်တွင် ဗကဖြူပွားကြီးသည် ဘုရားရှင်၏ အနီးသို့လာကာ လျှောက်တင်လေသည်။

"အရှင်ဂေါတမ . . . လှုံ့လပြုကာ ကျင့်တော်မူပါ။ အကျွန်ုပ်တို့ ဖြူပွားရွာ၊ ဖြူပွားဘုံ၌ ရောက်ခဲ့လျှင် ဒုက္ခဆင်းရဲခြင်း ကင်းပါသည်။ မအို၊ မနာ၊ မသေ၊ အမြဲတည်မြဲနေသော ရွှေပြည်နိဗ္ဗာန် ဖြစ်ပါသည်"

ထိုအခါ မြတ်စွာဘုရားရှင်သည် ဗကဖြူပွား၏ စကားကိုကြားလျှင် တခြားဖြူပွားတို့အား သက်သေထား၍ တရားတော်ကို ဟောကြားတော်မူလေသည်။

"အို . . . များစွာသော ဖြူပွားအပေါင်းတို့ ဤဗကဖြူပွားသည် အဝိဇ္ဇာတည်းဟူသော အမှောင်တိုက်ထဲသို့ ရောက်ရှိလို့နေပြီ။ ကျော့ကွင်းတွင် မိနေသော ငှက်သည် လွတ်လျက်ရှိသော



www.burmeseclassic.com

www.burmeseclassic.com

အခြားသတ္တဝါတို့အား လိမ်လည်လှည့်ဖြားကာ မိမိကျော့ကွင်းနားသို့ ရောက်စေလို၍ ချမ်းသာမှုကို ရယူလိုလျှင် ငါ့ထံသို့ လာကြလော့ဟု ဆိုသကဲ့သို့ ချွတ်ယွင်းတိမ်းချော်သော မိစ္ဆာဉာဏ်ဖြင့် ပြဟ္မာသဋ္ဌာန်ကို နိဗ္ဗာန်ဟု ထင်မှတ်ပြီး မိမိအားဖြစ်လတ္တံ့သော ဘေးကိုမမြင်၊ အနိစ္စကို နိစ္စ၊ ဒုက္ခကို သုခဟုပြောရှာဘိတကား။ ဝဋ်တရား၏ကင်းသော နိဗ္ဗာန်သည် ဧကန်ရှိလျက် မသိရှာလေ ငါကား"

ထိုအခါ ဗကပြဟ္မာကြီးလည်း ရှက်လှ၍ သူ့ခိုးသေဖော်ညှိသည့်အလား တခြားပြဟ္မာတို့ကိုပါ သက်သေပြုကာ ညွှန်ပြလေသည်။

"အို…အရှင်ဂေါတမ၊ ဤပြဟ္မာတို့သည်လည်း ကျွန်ုပ်၏အယူကဲ့သို့ပင် ဆုတောင်းကြသူများ ဖြစ်သည်"

ဗကပြဟ္မာကြီးသည် အခြားသော ပြဟ္မာခုနစ်ဆယ်တို့သည်လည်း သူ့ကဲ့သို့ပင် အယူရှိကြပေသည်ဟု သူခိုးသေဖော်ညှိ စကားကိုပြောဆိုလေသည်။ ထိုအခါ မြတ်စွာဘုရားသည် မမြဲသော အနိစ္စတရားကို ဗကပြဟ္မာကြီးအားသိစေရန် မိန့်တော်မူလေသည်။

"အို…ဗကပြဟ္မာ၊ သင်ကား သင်၏အသက်ကို ရှည်လှ၏ဟု အောက်မေ့ကာ ထင်နေသည်။ မထင်လေနှင့်။ သတ္တဝါတို့သည်လည်းကောင်း၊ သင်ပြဟ္မာကြီးသည်လည်းကောင်း အသက်သည် တိုတောင်းလှသည်။ အနိစ္စ၏သဘောတရားအရ သင်၏ခန္ဓာမမြဲဘဲ ကြွေပျက်မည်ကို သင်မသိ"

ဟု မိန့်တော်မူလေသည်။ ထိုအခါ ဗကပြဟ္မာကြီးသည် မြတ်စွာဘုရား၏ အတုမရှိသော တန်ခိုးတော်ကို စုံစမ်းချင်လာသည်။

"အို…အရှင်ဂေါတမ၊ သင်သည် အဆုံးမရှိသော တရားဖြစ်သော နိဗ္ဗာန်ကိုမြင်သော ဘုရားဖြစ်၏။ ပဋိသန္ဓေနေခြင်း၊ အိုခြင်း၊ စိုးရိမ်ခြင်း၊ ပူဆွေးခြင်းတို့မှ နိဗ္ဗာန်သည် ကင်းကုန်၏ဟု ဝန်ခံကြသည်။ ထိုသို့ဖြစ်လျှင် ကျွန်ုပ်၏ အတိတ်ဘဝဟောင်းမှာ ပြုခဲ့ဖူးသော အကျင့်သီလနှင့် ပတ်သက်ပြီး အကြောင်းအရာကို အမှန်အတိုင်းပြောကြားတော်မူပါ။ သင်သိသမျှကို ကျွန်ုပ်လည်း သိပါ၏"

"အို…ဗကပြဟ္မာကြီး၊ သင်သည် သံသရာစက်ဝန်းထဲတွင် ကျင်လည်စဉ်တစ်ခုသောဘဝတွင် သင်သည် ရသေ့အဖြစ်နှင့် ရှိခဲ့သည်။ သဲကန္တာရတစ်ခု၌နေစဉ် ကန္တာရအတွင်း သွားလာကြကုန်သော များစွာသော ခရီးသည်တို့အား ရေကိုသုံးဆောင်ရန်အတွက် ပြုလုပ်ပေးလေ့ရှိသည်။ တစ်နေ့သောအခါ လှည်းသားငါးရာကို ဦးဆောင်လာသော လှည်းကုန်သည် ခေါင်းဆောင်တို့သည် ကန္တာရအတွင်း၌ မျက်စိလည်ကာ လမ်းကိုပင်မမှတ်မိဘဲ ခုနစ်ရက်ပတ်လုံး သွားနေရစဉ်၊ စားနပ်ရိက္ခာနှင့် သောက်သုံးရန် ယူဆောင်လာသော ရေတို့သည် ပြတ်လပ်ကုန်၏။ ကန္တာရ၏ အပူရှိန်ဒဏ်ကလည်း ပြင်းလှသည်။ ထို့ကြောင့် လှည်းမှူးနှင့်တကွ လှည်းသားငါးရာတို့သည် အာဟာရလည်းပြတ်၊ အပူဒဏ်ကလည်း နှိပ်စက်သောကြောင့် လှည်းမှနွားတို့ကိုဖြုတ်ကာ လှည်းအောက်တွင် အိပ်ကြလေသည်။

သင်ရသေ့သည် သိမြင်ဆင်ခြင်လတ်သောအခါတွင် မိမိရှိလျက်နှင့် လှည်းသားငါးရာတို့အား မပျက်စီးစေလို၍ ဂင်္ဂါမြစ်ရေအား အပေါ်သို့ပျံတက်စေပြီး အနီးတွင်လည်း တောအုပ်တစ်ခုကို ဖန်ဆင်းပေးသည်။ လှည်းမှူးနှင့်တကွ ရေကိုအလိုရှိတိုင်း သောက်သုံးစွဲပြီးလျှင် တောအုပ်မှ မြက်တို့ကို ရိတ်ကာ နွားတို့အားကျွေးလေသည်။ ရေတို့ကို တိုက်ကြသည်။ ထို့နောက် သဲကန္တာရကိုကျော်လွှန်ကာ ခရီးနှင်ကြလေသည်။

ထို့နောက် ဘုရားမြတ်စွာသည် ရသေ့၏ကောင်းမှုတစ်ခုကို ဗကပြဟ္မာကြီးအား မိန့်မြွက်ဟောကြားတော်မူပြန်သည်။ ခိုးသားတို့သည် တောအုပ်တစ်ခု၏ ဂူအတွင်း၌ စခန်းချပြီး ခရီးသွားတို့အား လုယက်ဖျက်ဆီး သတ်ဖြတ်သည်ကို သင်သည် ကယ်မသည့်အနေဖြင့် မင်း၏အသွင်ကို ယူကာ မြောက်မြားလှစွာသော စစ်သည်ဗိုလ်ပါ၊ စစ်အင်္ဂါတို့ကို ဖန်ဆင်းမှုပြုကာ ခိုးသားဓားပြတို့အား အဝေးသို့ပြေးအောင် စွမ်းဆောင်ပြီး လူတို့အား ချမ်းသာမှုကိုပြုလေသည်။

တစ်ဖန် သင်ရသေ့သည် ဂင်္ဂါမြစ်နား၌နေစဉ် လူတို့သည် လှေတို့နှင့် အပျော်အပါးပြုကာ မြစ်ထဲတွင်သွားလာကြသည်။ ထိုပြင် စားသောက်ဖွယ်ရာတို့ကို စားသုံးပြီး အမှိုက်၊ အညစ်အကြေးတို့နှင့် အရက်သေရာတို့ကို



www.burmeseclassic.com

www.burmeseclassic.com

သောက်စားမူးယစ်ကာ အညစ်အကြေး မှန်သမျှ မြစ်တွင်းသို့စွန့်ကာ သွန်ပစ် ကြသည်။ ဂင်္ဂါမြစ်တွင်း၌ နေထိုင်သော နဂါးမင်းသည် မိမိ၏ဦးခေါင်းထက်သို့ အညစ်အကြေး စွန့်ပစ်ခြင်းကို သည်းခံ နိုင်စွမ်းမရှိ၍ လူတို့ မြင်သာထင်သာ အောင် ကြီးမားလှသော ကိုယ်ထည်နှင့် အတူ ပါးပျဉ်းကိုမိုးကာ မီးတောက် မီးလျှံ အသွင်ရှိသော မျက်လုံးအစုံနှင့် ဒေါသမုန်တိုင်း ထန်ပြည့်ရှိသော် လှေ ပေါ်တွင် ခရီးနှင်ကာ လိုက်ပါလာသော သူတို့သည် ထိတ်လန့်တုန်လှုပ်စွာ အော် ဟစ်နေကြသည်ကို ကယ်မသောအား ဖြင့် သင်ရသေ့သည် ဂဠုန်အသွင် ဖန် ဆင်းကာ နဂါးရန်ကို နှိမ်နင်းပြီး လူတို့ အား ကယ်တင်ခဲ့ပေသည်။

မြတ်စွာဘုရားရှင်သည် ဗက ဗြဟ္မာကြီးအား နောက်ထပ်အတိတ်ကို ဆောင်ကာ တရားဟောပြပြန်လေ သည်။

"အသင်ဗကဗြဟ္မာ···သင်သည် ကေသဝရသေ့ဖြစ်သောအခါ ငါဘုရား သည် သင်၏တပည့်ကြီး ကပ္ပရသေ့ ဖြစ်ကာ သင့်အား အမှုကြီးငယ်တို့ကို ပြုစုလုပ်ကျွေးဆောင်ရွက်သည်။ အနာ ရောဂါဝေဒနာဖြစ်သော သင့်အား နာရဒ အမတ်သည် ဗာရာဏသီပြည်မှ ဟိမ ဝန္တာသို့ ခေါ်ဆောင်လာခဲ့သည်။ ဟိမ ဝန္တာသို့ရောက်လျှင် သင်၏ကောင်း မြတ်သော ကျင့်စဉ်ကြောင့် အနာရော ဂါတို့သည် ပိန်းကြာရွက်ပေါ် ရေမတင် သကဲ့သို့ လွင့်စဉ် ပျောက်ပျက်ကုန် သည်။ ထိုအခါ နရဒအမတ်သည် ကေသဝရသေ့ကြီးအား အလိုရှိရာ တောင်းခံရန် လျှောက်ထားရာ ပြည့်စုံ သောလူမင်းတို့ အုပ်စိုးရာဖြစ်သည့် ဗာရာဏသီပြည်တွင် နေခြင်းမရှိဘဲ ဤတောကျောင်းဖြစ်သည့် ကပ္ပရသေ့ ထံနေခြင်းကို ပြစ်တင်ပြောဆိုသည့် အခါတွင် သင်ကေသဝ ရသေ့သည် ကပ္ပရသေ့ကျောင်းသင်္ခမ်းတွင် တရား ကျင့်၍ မွေ့လျော်ဖွယ်ကောင်းသော အဖြစ်ကိုသာ လိုလားပြီး လောကီလူ တို့၏ ဓလေ့ကို စက်ဆုပ်ခဲ့၍ သင်ပြုခဲ့ သော ကောင်းမှုကုသိုလ် အလုံးစုံကို အမှတ်ရစေမည်ဖြစ်သည်။ သင်၏ရှေး၌ ဖြစ်သော သီလအကျင့်ကို ငါဘုရား သည် အိပ်မက်မြင်၍ အိပ်ရာမှ နိုးထ သော ယောက်ျားကဲ့သို့ သိရပေသည်"

ထိုအခါတွင် ဗကဗြဟ္မာကြီးသည် မိမိပြုခဲ့ဖူးသော ကောင်းမှုကုသိုလ် အလုံးစုံကို သတိရလာသည်။

"အို···အရှင်ဂေါတမ၊ သင်သည် ဤကျွန်ုပ်၏အသက်အတိုင်းအတာအရှည် ကို စင်စစ်သိမြင်ပေသည်။ တစ်ပါး သော တရားကိုလည်းသိသည်။ အလုံး စုံကို သိမြင်နိုင်သော ဉာဏ်လည်း ပြည့်စုံပါသည်။ ထို့ကြောင့် တုယှဉ် နိုင်းမရ၊ တန်ခိုးအံ့နန္တနှင့်လည်း ပြည့်စုံ ပါသည်။ ထို့ကြောင့် ဘုရားဖြစ်တော် မူသည်။ အရှင်မြတ်စွာဘုရား···ဘုရား ရှင်၏ ထွန်းပသောကိုယ်ရောင်တော် သည် ဗြဟ္မာ့ပြည်တစ်ခွင်တွင်လည်း ထွန်းလင်းစေပါသည်"

ထို့ကြောင့် ဘုရားသခင်အား ချီးမွမ်းပူဇော်စေခြင်းတာ -

"အို···ဗြဟ္မာ၊ နတ်များတို့ လူ သားဖြစ်သော အရှင်ဂေါတမသည် လောကသုံးပါးတွင် နှိုင်းနှိုင်းစရာမရှိ။ ဘုန်းတန်ခိုးနှင့် အလုံးစုံကိုမြင်နိုင်သော ပညာနှင့်လည်း ပြည့်စုံပေသည်။ ဘဝ များစွာ လွှမ်းမိုးထားခဲ့သည်။ ငါ၏ခန္ဓာ ရုပ်နာမ်ကိုလည်း ကေန်သိမြင်တော်မူ သည်"

"အို···ဗြဟ္မာနတ်အပေါင်းတို့ ကြာမြင့်စွာသော ငါ၏အသက်ကိုလည်း အမှန်ရေတွက်လျှင် မျက်မှောက်တွင် ပြောဆိုနိုင်ပေသည်။ ထိုသို့ ပညာများ စွာနှင့် ပြည့်စုံတော်မူသော ဘုရားရှင် ၏ ခြေတော်ရင်းတွင် ခယဝပ်စင်းကာ တပည့်အဖြစ် ခံယူရခြင်းသည် ကောင်း မြတ်သည်သာတည်း။ အရှင်ဘုရား·· သည်းခံခွင့်လွှတ်တော်မူပါ။ အကျွန်ုပ် ၏ မိစ္ဆာအယူဝါဒကို ယနေ့မှစ၍ စွန့် ပယ်ပါတော့မည်။ အရှင်ဘုရားဟော သော၊ မိန့်ကြားသော တရားတော်၌ သာ တည်ပါတော့မည်ဘုရား"

ထိုအခါ မြတ်စွာဘုရားသည် ဗကဗြဟ္မာကြီးအား သစ္စာလေးပါး မြတ် တရားကို ဟောကြားတော်မူသည်။ ဗြဟ္မာနတ်အပေါင်းလည်း အကျွတ် တရားရ၍ သောတာပန်တည်ကြလေ သတည်း။

**မြမြလှိုင်**

ကိုးကားချက်

ဇိနတ္ထပကာသနီ(သတ္တမတွဲ)



www.burmeseclassic.com

www.burmeseclassic.com



# စာရေးဆရာကြီးဦးနု (သို့မဟုတ်) ဗမာ့ဘားနတ်ရှော

မောင်အေးသန့်

၁၉၅၀ ပြည့်နှစ် လွန်စက အလယ်တန်း၊ အထက်တန်းများကို စာသင်သားအဖြစ် စာရေးသူ ဖြတ်သန်းခဲ့ရသည်။ ထိုစဉ်က ပြဇာတ်စာအုပ်များတွင် စာရေးဆရာကြီးဦးနု(ယခင် ဖဆပလအဖွဲ့ ဥက္ကဋ္ဌ)၊ ကွယ်လွန်သူ နိုင်ငံတော်ဝန်ကြီးချုပ်ဦးနု (၁၉၀၇-၁၉၉၅) ရေးသားသော "လူထုအောင်သံ" ပြဇာတ်၊ မိတ္တဗလဋီကာ(ယခင် အမည်-လူပေါ်လူဇော်လုပ်နည်း) စာအုပ်များကို သင်ယူခဲ့ရသည်။ ယင်းကာလ ကျောင်းတက်စဉ်ကပင် ဝန်ကြီးချုပ်ဦးနုကို စာရေးသူတစ်ဦးအဖြစ် သတိပြုမိသည်။ ဖော်ပြပါ ပြဇာတ်စာအုပ်များတွင် မြန်မာနိုင်ငံပြည်တွင်းသောင်းကျန်းမှု အခြေအနေများ၊ လူမှုဆက်ဆံရေးနှင့် စပ်လျဉ်း၍ မှတ်သားလိုက်နာဖွယ်၊ ဗဟုသုတဖြစ်ဖွယ်များကို ရေးသားတင်ပြပေးသည်။

အမှန်ကိုဆိုရလျှင် ကျောင်းနေ စဉ်က ပြဇာတ်စာအုပ်ဖြစ်သော လူထု



www.burmeseclassic.com

www.burmeseclassic.com

အောင်သံပြဇာတ်ကို မဖြစ်မနေ ဖတ်မှတ်ခဲ့ရသော်လည်း နောက်ခံသမိုင်းကြောင်းကိုအလေးအနက်မသိ၊ ကျောင်းသားဖြစ်သည့်အလျောက် စာမေးပွဲအောင်မြင်ရေးကိုသာ အဓိကထားခဲ့သည်။ နောင်အရွယ်ရောက်လာသည့်အခါမှ ယင်းပြဇာတ်စာအုပ်ငယ်သည် ကွန်မြူနစ်ဝါဒဆန့်ကျင်ရေးကို ဦးတည်ရေးသားသည့် ပြဇာတ်တစ်ပုဒ်ဖြစ်ကြောင်း ဂယနဏာသိရပေတော့သည်။

စင်စစ် မြန်မာပြည်လွတ်လပ်ရေးရစ မှန်တိုင်းထန်သည့်ကာလတွင် ကွန်မြူနစ်တို့ တောခို၊ ကေအင်ဒီအိုတို့က အင်းစိန်စစ်မျက်နှာတွင် အလုံးအရင်းဖြင့်တိုက်၊ မြန်မာပြည်အရပ်ရပ် မြို့ကြီးပြကြီးများကို ရောင်စုံသူပုန်တို့ သိမ်းပိုက်ချိန် တောခိုကွန်မြူနစ်များ၏ ဆိုးသွမ်းရက်စက်မှုများကို ဖော်ထုတ်ရိုက်သော ပြဇာတ်စာအုပ်မှာ ဦးနု၏ "လူထုအောင်သံ"ပြဇာတ်ပင် ဖြစ်သည်။ ထိုပြဇာတ်ကို ကလောင်အမည် (K) အမည်ခံ ဆရာကြီးဦးခင်ဇော်က အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုခဲ့သည်။ စာရေးသူမှတ်သားမိသလောက် ၁၉၅၅ ခုနှစ်၊ ဝန်ကြီးချုပ်ဦးနု အမေရိကန်ပြည်ထောင်စုသို့ရောက်စဉ် ထိုနိုင်ငံမှ အနုပညာရှင်များက "လူထုအောင်သံ"ပြဇာတ်ဖြင့် သရုပ်ဖော်တင် ဆက်ကပြခဲ့ကြသည်။

ထိုစဉ်က ကွန်မြူနစ်ဆန့်ကျင်နှိမ်နင်းရေးကို ဖော်ကျူးသော လူထုအောင်သံပြဇာတ်မှာ မဟာအောင်မြင်မှုကြီးတစ်ရပ်ကို ရရှိခဲ့သည်ဟု ဆိုရမည်။ အဘယ်ကြောင့်ဆိုသော် အစိုးရပြန်ကြားရေးဝန်ကြီးဌာနမှ ထိုပြဇာတ်ကို အမေရိကန် အတတ်ပညာရှင်များနှင့်တွဲဖက်၍ ရုပ်ရှင်အဖြစ် ရိုက်ကူးတင်ဆက်ခဲ့သောကြောင့်ပင်။

မှတ်မိပါသေးသည်။ ဇာတ်လမ်းတွင် အောင်ဝင်း၊ ဗိုလ်တောက်ထွန်းတို့၏ ဇာတ်ရုပ်တွင် ဗိုလ်မှူးဗကို၊ (ဦး)လုမောင်လေးတို့ ပါဝင်ပြီး ရုပ်ရှင်သရုပ်ဆောင်အနေဖြင့် ဗိုလ်ဗကို၊ မောင်မောင်တာတို့ ပထမဆုံးအကြိမ် သရုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။

ဇာတ်လမ်းတွင်ပါဝင်သော အငြိမ့်ပွဲကြည့်သူတို့အနက် ကွန်မြူနစ်သောင်းကျန်းသူတို့၏ ပစ်သတ်ခံခဲ့ရသော ပရိသတ်တစ်ဦးမှာ ကျောင်းဆရာ ဦးဖိုးဆိတ်(ဒါရိုက်တာအဲကယ်ဒမီဆရာကြီးဦးသုခ)ပင်ဖြစ်သည်။

ရန်ကုန်မြို့တွင်း တစ်နေ့ရာ ညဦး ၇ နာရီ ၈ နာရီခန့် ခြေခင်းလက်ခင်းသာသည့် နေရာကွက်လပ်တွင် ပြန်ကြားရေးဝန်ကြီးဌာန (ရုပ်ရှင်)မှ ပိတ်ကား စတင်ထောင်ပါပြီ။ ရုပ်ရှင်ပြစက်များ နေရာချ ပြင်ဆင်နေသည့်အချိန်တွင် လူကြီး၊ လူငယ် ကျားမများ ပျော်ပျော်ပါးပါး စုဝေးရောက်လာကြပေပြီ။ (ထိုအချိန် ပွဲတော်နေသော ကာလဖြစ်သည်။) မကြာမီ လူထုအောင်သံ ရုပ်ရှင် စတင်ပြသသည်ကို အားပါးတရ ကြည့်ရှုကြတော့သည်။ ထူးခြားချက်တစ်ခုမှာ ထိုလူထုအောင်သံပြဇာတ်ကို ဘယ်နှစ်ကြိမ်ပြပြ ပြည်သူလူထုက အထပ်ထပ်အခါခါ ကြည့်ရှုကြသည်။ ငြီးငွေ့သည်ဟူ၍မရှိ။ ဤမျှသဘာဝကျသော၊ ဆွဲဆောင်မှုအားကောင်းလှသော ရုပ်ရှင်ပေတည်း။ ယုတ်စွအဆုံး မည်သည့်ဇာတ်ကွက် အကူးအပြောင်းနေရာတွင် မည်သည့်တီးလုံးတီးမည်ကိုပင် အလွတ်ရနေကြပေပြီ။

ပြဇာတ်ရေးဆရာကြီး ဦးနု၏အကြောင်းကို ဆက်ပါဦးမည်။ ဦးနုသည် တက္ကသိုလ်ကျောင်းသား ဘဝကပင် ကမ္ဘာကျော် အင်္ဂလိပ်ပြဇာတ်ဆရာကြီး ဂျော့ဘားနတ်ရှော (Bernard Shaw) ကို အားကျသည်။

ထို့ကြောင့်ပင် မြန်မာ-အင်္ဂလိပ် ဆောနက်(Sonnet) ကဗျာများ၊ ပြဇာတ်များကို စတင်ရေးသားသည်။ ဦးနုက သူ၏ စာရေးလိုစိတ်သည် အသက် ၁၇ နှစ်သားလောက်က စခဲ့သည်ဟု ဆိုသည်။

"ရက်စက်ပါပေ့ကွယ်"ဝတ္ထု နိဒါန်းတွင် "အူထဲ၊ အသည်းထဲ၊ ရိုးတွင်းခြင်ဆီထဲကပါမကျန် လှိုက်လှိုက်လှဲလှဲ ပေါ်ထွက်လာသော စိတ်ဓာတ်ကြီးသည် ကား ယခု စာရေးသူ၏ရင်တွင်း၌ အသက်ဆယ့်ရှစ်နှစ်လောက်က မွေးဖွားခဲ့လေသည်။ ထိုစိတ်ဓာတ်ကြီးမှာ တစ်နေ့တခြား ကြီးမားသန်စွမ်းလျက်ရှိသည်။ ထိုစိတ်ဓာတ်ကား အခြားမဟုတ်။ စာရေးဆရာဖြစ်ချင်သော စိတ်ဓာတ်ကြီးပင် ဖြစ်လေသည်"ဟု ရေးသားခဲ့သည်။

ထို့ကြောင့်လည်း ဝန်ကြီးချုပ်ဦးနု ဆိုဗီယက်ယူနီယံ(ရုရှား)(ယခု ရုရှဖက်ဒရေးရှင်း)နိုင်ငံသို့ ရောက်စဉ်က အလုပ်တာဝန်များ များပြားသည့်ကြားမှ "ကျွန်



www.burmeseclassic.com

www.burmeseclassic.com

တော်စာရေးဆရာတစ်ယောက် ဖြစ်ပါသည်။ ကျွန်တော့်ဘဝတူ စာရေးဆရာနှင့် တွေ့လိုပါသည်"ဆို၍ ရုရှားစာရေးဆရာများနှင့် ဆွေးနွေးခဲ့ပေသေးသည်။

ဗမာ့ဘားနတ်ရှော ဖြစ်လိုသည့် ဦးနုသည် တက္ကသိုလ်ဥပဒေတန်းတက်နေစဉ် အကျင့်သီလပျက်နေသော ဘုန်းကြီးအချို့ကို သရော်လို၍ ဦးကာလိန်ပြဇာတ်ကို စတင်ရေးသားခဲ့သည်။

ဆက်လက်၍ စစ်ကြိုကာလတွင် နိုင်ငံရေးဇာတ်ခုံပေါ်ရှိ ခေါင်းဆောင်အချို့သူတစ်ပါးမယားနှင့် ကြာခိုသည်ကို စောင်းချိတ်ရေးသားသော "နောင်တော်ချွတ်ခန်း"ပြဇာတ်၊ လှေထိုးသားလင်ကြီးအပေါ်တွင် မေတ္တာစစ် မေတ္တာမှန်ထားသော်လည်း သွေးသားအာသာမပြေသည့် လင်ငယ်နေသော မိန်းမအကြောင်းကို ရေးသားသည့် "မယားဆိုးလင်"ပြဇာတ်များအပြင် "လင်ဆိုးမယား"၊ "လင်နေစ ဆင်သေမှ"၊ "သူကရ-ယမမင်းပြဇာတ်"များကို ရေးသားခဲ့ပေသေးသည်။

၁၉၄၀ ပြည့်နှစ်အတွင်း ထောင်တွင်းတွင် ဦးနုရေးသားသော အခန်းရှည်ပြဇာတ်များလည်း ရှိသေးသည်။ ယင်းတို့မှာ "ပုထုဇ္ဇနော ဥမ္မတ္တကော"၊ "နွားသိုးကြိုးပြတ်"နှင့် အခြားပြဇာတ်လေးပုဒ်တို့ဖြစ်သည်။

ဝတ္ထုအနေဖြင့် ဦးနုသည် အင်းစိန်ထောင်အကျဉ်းသားဘဝတွင် ရေးသော "ရက်စက်ပါပေ့ကွယ်"ဝတ္ထုကို တွေ့ရသည်။ ထိုဝတ္ထုသည် တောင်သူလယ်သမားတို့၏ ညှဉ်းဆဲခံဘဝ၊ ခေါင်းပုံဖြတ်ခံဘဝ၊ အကျဉ်းထောင်လောက၏ ပြုပြင်မှုမရှိပုံ အဝဝတို့ကို ရသမြောက်စွာ သရုပ်ဖော်ထားသော ဝတ္ထုဖြစ်သည်။

၁၉၃၉ ခုနှစ်တွင် ဦးနုပါဝင်သော မိတ်ဆက်အဖွဲ့တစ်ဖွဲ့သည် တရုတ်ပြည် ချုံကင်းသို့ သွားရောက်ခဲ့၏။ ထိုစဉ်က တရုတ်ပြည်တွင် ဂျပန်စစ်ဝါဒီတို့၏ ဖျက်ဆီးခြင်းခံရမှုများ၊ တရုတ်တောင်သူလယ်သမား၊ အလုပ်သမားတို့၏ ဆင်းရဲတွင်းနက်ပုံ စသည်တို့ကို သူမြင်သမျှ ကြားသမျှတို့ကို "ဂန္ဓာလရာဇ်"ဟူသော စာအုပ်ဖြင့် မှတ်တမ်းတင်ခဲ့၏။

ထိုမှတစ်ပါး ဦးနုသည် (A Short History of Russian Revolution )ကို ဘာသာပြန်ဆိုခဲ့သော "လူမွဲတို့၏ ထွက်ရပ်လမ်း"နှင့် နဂါးနီစာစောင်တွင် "ကျွန်တော် ဘုံဝါဒသမား" ဆောင်းပါးများကို ရေးသားခဲ့ပေသေးသည်။

"လူမွဲတို့၏ ထွက်ရပ်လမ်း" သည် ရုရှပြည်တွင် ကားလ်မတ်စ်၏ ထွက်ရပ်လမ်းကြောင့် တစ်ပြည်လုံးသာယာပုံ၊ ထိုဝါဒသည် တစ်ကမ္ဘာလုံးကို ကယ်တည်မည့် ဝါဒဖြစ်ပုံတို့ကို ထိုခေတ်က ကမ္ဘာ့နိုင်ငံရေးစနစ်အရလည်းကောင်း၊ မြန်မာ့နိုင်ငံရေး ကြိုးပမ်းမှုအရှိန်ယူစကာလကလည်းကောင်း ရေးသားခဲ့ခြင်းဖြစ်၏။ ဦးနုက ဘုံဝါဒသည်သာလျှင် လူမွဲတို့၏ ထွက်ပေါက်ဖြစ်ကြောင်း ရေးသားခဲ့သဖြင့် ထိုခေတ်က လူကြိုက်များသော ဆောင်းပါးတစ်ပုဒ်ဖြစ်ခဲ့သည်။

"ကာမတဏှာ"ဝတ္ထုမှာလည်း လူကြိုက်များခဲ့သော စာအုပ်တစ်အုပ်ပင်ဖြစ်၏။

နိဂုံးချုပ်အားဖြင့် ဦးနုထင်ရှားသော စာအုပ်တစ်အုပ်ဖြစ်သည့် "**ငါးနှစ်ရာသီ** ဗမာပြည်"အကြောင်းကို တင်ပြလိုသည်။ ထိုစာအုပ်သည် ဂျပန်ခေတ်ကာလ မိမိတွေ့ကြုံခဲ့ရသော ကိုယ်တွေ့ဖြစ်ရပ်များကို မှတ်တမ်းတင်ထားသော စာအုပ်ဖြစ်ပြီး ဆရာကြီးဖာနီဗယ်က(Burma under the Japanese) ဟူသော အမည်ဖြင့် အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုခဲ့သည်။ သို့ဖြစ်၍ ဂျပန်တို့လက်အောက် ကျရောက်ခဲ့သော မြန်မာနိုင်ငံအခြေအနေကို ကမ္ဘာက သိရှိခွင့်ရခဲ့ပေသည်။

ဤကား ဗမာ့ဘားနတ်ရှော၊ သို့မဟုတ် စာရေးဆရာကြီး ဦးနုအကြောင်း တစေ့တစောင်း ဖော်ပြအပ်သော ပုံရိပ်လွှာဖြစ်သတည်း။ (ဦးနုမကွယ်လွန်မီ ကိုယ်ရေးအတ္ထုပ္ပတ္တိဖြစ်သော "တာတေစနေသား"(A Saturday Son) စာအုပ်ကို ရေးသားခဲ့သည်။)

**မောင်အေးသန့်**

ရည်ညွှန်း

မြဝတီမဂ္ဂဇင်း (ဇန်-၁၉၅၆)



www.burmeseclassic.com

www.burmeseclassic.com


# ဂုဏ်ထူးပဒေသာ

## သင်ရိုးကုန်လေ့ကျင့်ခန်း နှင့် အဖြေစုံ

အမှတ်ပေးစည်းမျဉ်းအတိုင်း အမှတ်(၁၀၀)ဖိုး အပြည့်ပါသည်။

(၂၀၁၄-၂၀၁၅ ခရိုင်မေးခွန်းဟောင်းများ လေ့လာဖို့ပါသည်)

စာကျက်မှတ်ရ လွယ်ကူအောင် လေ့ကျင့်ရလွယ်ကူအောင် စီစဉ်ထားပါသည်။

**စတုတ္ထတန်း GRADE - 5**

♦မြန်မာစာ ♦စာရိတ္တနှင့် ပြည်သူ့နီတိ ♦ဘဝတွက်တာကျွမ်းကျင်စရာ ♦သင်္ချာ ♦အခြေခံသိပ္ပံ ♦သမိုင်း ♦ပထဝီဝင် ♦English Exam Special Guide Book

ရွှေပဒေသာစာပေ - အမှတ်-၂၂၁၊ ပထမထပ်၊ ၃၁-လမ်း(အထက်)၊ စင်ထရယ်ဟိုတယ်ဘေး၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉-၂၆၃၄၄၁၀၀၆၊ ၀၉-၇၉၅၉၈၅၇၇၉၊ ၀၁-၃၇၄၉၂၇

# ဂုဏ်ထူးပဒေသာ

**အဋ္ဌမတန်း GRADE - 9**

## သင်ရိုးကုန်လေ့ကျင့်ခန်း နှင့် အဖြေစုံ

(နမူနာမေးခွန်း၊ အမှတ်ပေးစည်းမျဉ်းနှင့် လေ့လာရန် မေးခွန်းဟောင်းပါသည်)

♦မြန်မာစာ ♦အထွေထွေသိပ္ပံ ♦ပထဝီဝင် ♦သမိုင်း
♦MATHS 1 Exam Special Guide Book
♦MATHS 2 Exam Special Guide Book
♦English Exam Special Guide Book

ရွှေပဒေသာစာပေ - အမှတ်-၂၂၁၊ ပထမထပ်၊ ၃၁-လမ်း(အထက်)၊ စင်ထရယ်ဟိုတယ်ဘေး၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉-၂၆၃၄၄၁၀၀၆၊ ၀၉-၇၉၅၉၈၅၇၇၉၊ ၀၁-၃၇၄၉၂၇


www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# သတ္တဝါတစ်ခု ဂုဏ်တစ်ခု

□ နန္ဒာမိုးကြယ်

သူ သတိရလိုက်ချိန်မှာတော့ လည်ချောင်းတစ်ခုလုံး ကွဲအက်ခြောက်သွေ့နေသလို ခံစားနေရလေသည်။ တစ်ကိုယ်လုံးမှာလည်း ခြစ်ခြစ်တောက်အောင် ပူလောင်နေတော့သည်။

သေချာပါသည်။

သူ အပြင်းအထန်ဖျားလေပြီ။ သူထ၍မရသဖြင့် ငြိမ်သက်လဲလျောင်းနေသော ကျင်းနက်ထဲသို့ထိုးကျလာသဖြင့် မျက်စိကို စုံမှိတ်ထားလိုက်ရသည်။ ပတ်ဝန်းကျင်ကို စမ်းသပ်လိုက်သောအခါဝယ် သူ့လက်စွဲတော်ဒူးလေးနှင့် မြားတံဘူးကို လုံးဝမတွေ့တော့။ ဒီဆို သည့်လက်နက်များသည် အသက်ဘေးအတွက် ပြေးရင်းလွှားရင်းနှင့် ကျင်းနှုတ်ခမ်းဝအနီး တစ်နေရာရာ၌ ပြုတ်ကျကျန်ရစ်ခဲ့မှာ သေချာပေပြီ။

ရေဆာသည်။ ရေအလွန်ဆာလောင်နေသည်။

ခန္ဓာကိုယ်အတွင်း ရေဓာတ်တွေက ခန်းခြောက်နေသည့်အတွက် ခန္ဓာကိုယ်တစ်ခုလုံး မီးကျီခဲအလား ပူလောင်လွန်းလှတော့သည်။ သည့်အတွက် တံတွေးကိုပဲ မျိုချပစ်နေရတော့သည်။

နေရောင်ကလေး နည်းနည်းတိမ်းလာတော့ လေးလံလျက်ရှိသော မျက်ခွံတို့ကို လှန်ပစ်လိုက်သည်။ ပက်လက်အနေအထားဖြင့် အပေါ်ကိုမော့ကြည့်တော့ ကျင်းက အတော်နက်သည်။ အပေါ်ကသာကြည့်လျှင် ကျင်းအနက်က သည့်ထက်ပို၍ နက်လေမည်မှာ သေချာသည်။ သည်ကျင်းထဲ သူပြုတ်ကျနေခဲ့သည်မှာ အနည်းဆုံး တစ်ရက်တစ်ညမကဟု ထင်သည်။

ဘာပဲဖြစ်ဖြစ် သည်ကျင်းထဲမှာ သူမနေချင်တော့။

မဖြစ်မနေ သည်ကျင်းထဲမှ သူ ရုန်းထွက်ရမည်။ ဒါမှ အသက်ဝဝရှူနိုင်မည်။ ပြီးလျှင် သူ့လက်နက် လေးမြားတို့ကို ပြန်ရှာပြီး သားကောင်တစ်ကောင်ကောင်ကို ရှာဖွေပစ်ခတ်ရမည်။ သို့ပါသော်ငြား သူ့မှာ ခွန်အားတွေမရှိတော့။ တစ်ကိုယ်လုံးမှာလည်း ရိုက်ထားသလို နာကျင်ကိုက်ခဲနေလေပြီ။

သို့သော် ရှိသမျှအင်အားတွေကို စုစည်းပြီး လူးလဲထဖို့ ကြိုးစားလိုက်သည်။

"အ . . . အ . . . အား။ ကျွတ် ကျွတ် . . . ကျွတ် နာလိုက်တာ"

ညာခြေတစ်ဖက်က လှုပ်ရှားလေတိုင်း စူးစူးရဲရဲကို နာကျင်လျက်ရှိသည်။ ကျေနွံ အရိုးတွေများ ကျိုးကြေသွားရော့သလား။ ခြေတစ်ဖက်က လှုပ်ရှားမရလေတော့ သည်ကျင်းနက်ထဲမှ သူဘယ်လိုများ ရုန်းထွက်ရပါတော့မည်နည်း။

သူ့အဖို့ ကယ်တင်ရှင်တစ်ဦးဦး၏ အကူအညီကို တောင်းခံရပါကော့မည်။ သည့်အတွက် အာခေါင်ကိုခြစ်၍ ငယ်သံပါအောင် သူ အဆက်မပြတ် အော်ဟစ်နေမိပါတော့၏။

■ ■ ■

"ကယ်တော်မူကြပါ . . . ဗျို့"

"ကယ်တော်မူကြပါ . . . ဗျို့"

"ကယ် . . . တော် . . . မူ"

"ကယ် . . တော် . . . မူ"

သူ့တတ်ဖြူးတိုက်ခတ်လာသော လေညင်းကြားမှ အားကိုးတကြီးအော်ဟစ်သံသဲ့သဲ့ကို ကြားလိုက်ရတော့ သူတော်စင်ဘရသေ့သည် ပံ့တဲကလေးအတွင်း ငြိမ်သက်စွာထိုင်နေရာမှ ချက်ချင်းဆိုသလို ထထိုင်လိုက်သည်။

"အင်း . . . ဒုက္ခ . . . ဒုက္ခ။ သတ္တဝါတွေ ဒုက္ခပါလား။ ဘုရား . . . ဘုရား ကယ်တင်နိုင်စွမ်းရှိသလောက် ကယ်တင်ရမှာပလေ"



www.burmeseclassic.com

www.burmeseclassic.com

သည့်နောက်မှာတော့ အသံကြားရာဆီဘက် မျက်နှာမူ ခြေဦးလှည့်လိုက်သည်။

"ကယ်…တော်"

မည်၍မှည်မျှ အခက်အခဲနှင့်ကြုံတွေ့ကာ ကယ်တင်ရှင်ကို အားကိုးတကြီး မျှော်လင့်နေမှန်း အသံအနေအထားကို ခန့်မှန်းတွက်ဆ၍ရသည်။ အသံထွက်ပေါ်လာရာကို မှန်းဆကြည့်တော့ မဝေးလှသော နေရာလောက်မှ ဖြစ်လိမ့်မည်ကို တွက်ဆ၍ရသည်။ သည့်အတွက် အသံထွက်ပေါ်လာရာသို့ နီးသည်ထက်နီးစေရန် လျှောက်သွားလိုက်သည်။

သစ်ရွက်ခြောက်တွေအပေါ် တစ်ဖဝါးကျသွားလေတိုင်း ဖြိုးဖြိုးဖြောက်ဖြောက်အသံတွေ ထွက်ပေါ်လာလေသည်။ ပတ်ဝန်းကျင်မှာတော့ တောအုပ်က ထူထဲလှသည်။ ဇင်ပြွမ်းပင်၊ သဖန်းပင်၊ သစ်ဆိမ့်ပင်၊ စိုင်ကလုံးပင်၊ ကုလားကွမ်းသီးပင်၊ ဥနဲပင်တို့မှာ မြင့်မားစွာ ပေါက်ရောက်နေကြသည်။ သည်အပင်တွေ၏ အခက်အလက် အရွက်တွေကြား၌ ရှဥ့်များသည် ခုန်ပေါက်ပြေးလွှားနေကြ၏။ အရောင်သွေးစုံ ကျေးငှက်သာရကာအပေါင်းမှာ ဘာသာဘာဝ မာဂဓဝေးသွားများကို ဟစ်ကြွေးနေကြလေသည်။

"ဟင်…ရှေ့နားမှာ ဘာတွေကျနေပါလိမ့်"

သစ်ရွက်ကြွေတွေ ဖြန့်ခင်းထားသော မြေပြင်ပေါ်မှာတော့ ဒူးလေးတစ်လက်။ မြားဘူးသည် လဲကျလျက်ရှိပြီး မြားဘူးထဲမှ အဆိပ်လူးထားဟန်တူသော မြားတံတွေက ပြန့်ကြဲလျက်နေသည်။

"ကယ်…တော်…မူ…ကြပါ"

အသံပေါ်ထွက်လာရာ နေရာကို သိလိုက်ပေပြီ။

"ကျင်းထဲက အသံပဲ"

သည့်အတွက် ကျင်းဝဲသို့လျှောက်လှမ်းသွားလိုက်သည်။ ကျင်းဝရောက်တော့ အောက်ကိုငုံ့ကြည့်သည်။ ထိုင်နေသောလူတစ်ဦး။ ၎င်းကို ကြည့်ရသည်မှာ မောဟိုက်ပင်ပန်းနေပုံရသည်။

"ကယ်…ကယ်"

"မပူနဲ့သူငယ်။ မင်းကိုကယ်ဖို့ ရောက်လာပြီ"

"ကယ်‥ကယ်ပါ၊ ကယ်ပါခင်ဗျာ။ ကျွန်တော် ဒုက္ခရောက်နေလို့ပါ"

"အေးပါကွယ် အေးပါ။ မင်းကို ငါကယ်ပါ့မယ်"

ကယ်မည်ဆိုကာမှ ဘယ်သို့ကယ်တင်ရပါ့မလဲဟု ဘရသေ့ စဉ်းစားကြည့်သည်။ ကျင်းအနက်က လူအရပ်သုံးရပ်လောက်ရှိမည်။ ကိုယ်ပါဆင်းလိုက်လျှင် တစ်ပူပေါ်နှစ်ပူဆင့်လိုက်လေမည်လား။

"ကျွန်တော် အပေါ်ကို ဘယ်လိုမှ တက်နိုင်မှာမဟုတ်ဘူး။ ညာခြေတစ်ဖက်က သိပ်လှုပ်လို့ မရဘူးခင်ဗျ"

"မပူပါနဲ့ကွယ်။ နေဦး…ငါ နွယ်ကြိုးကောင်းကောင်း တစ်ချောင်းလောက် ရှာလိုက်ဦးမယ်။ ကြိုးရလာရင် ကြိုးတစ်ဖက်စနဲ့ မင်းရဲ့ချိုင်းအောက်မှာ ချည်လိုက်။ အပေါ်ကနေ ငါဆွဲတင်မယ် ဟုတ်ပလား"

"ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်ခင်ဗျာ။ ကျွန်တော့်ကို ကယ်ပါ"

ဘရသေ့လည်း ကျင်းနှုတ်ခမ်းမှ ဖယ်ခွာပြီး နွယ်ကြိုးကောင်းကောင်းတစ်ချောင်းရရန် ပတ်ဝန်းကျင်ကို လှည့်ပတ်ရှာဖွေလိုက်သည်။ သိပ်တော့မရှာလိုက်ရ။

တွေ့ပါပြီကော။

လက်ပံပင် ထီးထီးမားမားကိုပတ်လျက်တက်နေသော နွယ်ကြိုးတစ်ချောင်း။ သည်နွယ်ကြိုးကိုပဲ ရအောင်ယူမှဖြစ်တော့မည်။ သည့်အတွက် နွယ်ကြိုးတို့ကို ဆွဲခွာလိုက်သည်။

"အင်း…သည်အရှည်လောက်ဆို ရနိုင်ကောင်းပါရဲ့လေ"

ရလာသောနွယ်ကြိုးကို ခွေလျက် ကျင်းရှိရာသို့ ဘရသေ့ ပြန်လာခဲ့သည်။ သည့်နောက် ကျင်းဝမှနေ၍ နွယ်ကြိုးတစ်စကို ပစ်ချပေးလိုက်သည်။

"ကြိုးပစ်ချလိုက်ပြီ သူငယ်ရေ သေသေချာချာချည်ပေရော့။ ပြီးတာနဲ့ ပြော။ ဆွဲတင်လိုက်မယ်"

"ဟုတ်ကဲ့…ဟုတ်ကဲ့…ဟုတ်ကဲ့ခင်ဗျ"

ဘရသေ့၏စကားအတိုင်း သူသည် ကြိုးစကိုလှမ်းယူရင်း ချိုင်းအောက်မှသိုင်းလျက် မြဲနိုင်အောင် ခေါက်တုပ်ချည်လိုက်လေ၏။

"ရပြီခင်ဗျ ရပြီ"

သူ့အသံကြောင့် ဘရသေ့လည်း ကျင်းအနီးရှိ သစ်တစ်ပင်ကို ပတ်တုပ်ကာ ဆွဲတင်လေသည်။

"အ…အ…အီး…ကျွ



www.burmeseclassic.com

www.burmeseclassic.com

ကျွတ်···ကျွတ်"

အပေါ်မှဆွဲတင်မှုကြောင့် သူ့အနေအထားသည် မတ်တတ်ရပ်အနေအထားသို့ ရောက်သွားသည်။ သည့်နောက် ကျင်းနှုတ်ခမ်းကို လက်နှစ်ဖက်ဖြင့် ကုတ်တွယ်လျက် ကျန်ခြေတစ်ဖက်ကလည်း ထောက်ကန်လျက် အပေါ်သို့ ကျားကုတ်ကျားခဲလှမ်းတက်ခဲ့လေသည်။

"ကျင်းထဲက ငါလူရေ တောင့်ထား တောင့်ထား။ ဘာမှ စိတ်ဓာတ်မကျနဲ့။ အပေါ်ကို မကြာခင်ရောက်တော့မယ်။ ကိုင်း···လာစမ်း"

ဘရသေ့က အားပေးစကားဖြင့် ရှိသမျှခွန်အားတို့ကို ဖျစ်ညှစ်ကာ ကြိုးစကို ဆွဲငင်နေလေတော့သည်။ လူတစ်ယောက်၏ခန္ဓာကိုယ်အား အပေါ်သို့ ဆွဲတင်ရသည့်အလုပ်မှာ အလွယ်တကူတော့မဟုတ်။ ရှိသမျှအင်အားအပေါင်းကို ဖျစ်ညှစ်လျက် စိုက်ထုတ်ရသည်။ သည်လိုနှင့် ဘရသေ့၏ ခွန်အားစိုက်ထုတ်မှုကြောင့် သူ့ခမျာ ဟောဟဲလိုက်ရင်း ကျင်းနှုတ်ခမ်းပေါ် ရောက်လာရသည်။ သူ ဟောဟဲလိုက်သလိုပင် ဘရသေ့မှာလည်း ချွေးတွေ ရွှဲနစ်နေပါပကော။

"ဟား···"

သူသည် ကျင်းနှုတ်ခမ်းဘေး သစ်ရွက်ခြောက်များပေါ် ပက်လက်လှန်ရင်း ပါးစပ်ဟလျက် လက်ဆတ်သောလေများကို အငမ်းမရ ရှူသွင်းရှူထုတ်လုပ်နေလေသည်။ သူ၏ရင်အစုံသည် အမှိုက်ဆွဲနေသည့်အလား။

"ရေ···ရေပေးပါ ရေပေးပါ"

"သောက်ရမှာပေါ့ သူငယ်ရယ်။ ဒါပေမယ့် နည်းနည်းတော့ သည်းခံလိုက်ပါဦး။ ငါ့ရဲ့ဝါးတဲကလေးဆီမှာ ရေတင်မကာဘူး။ စားစရာအသီးအနှံတွေ အပြည့်အစုံရှိပါတယ်။ ငါနဲ့လိုက်ခဲ့ချေ"

"ကျွန်···ကျွန်တော် လမ်းလျှောက်လို့မရဘူး။ ညာဘက်ခြေက ထောက်လို့မရဘူး"

"ကိစ္စမရှိပါဘူး။ သူငယ့်ကို ကုန်းပိုးပြီး ခေါ်ဆောင်သွားမှာပါ"

"ကျေးဇူးတင်လိုက်တာ ဘရသေ့ရယ်။ ဘရသေ့ရဲ့ကျေးဇူးကို ကျွန်တော် ဘယ်လိုပြန်ဆပ်ရမှန်းတောင် မသိတော့ဘူး"

"ကိစ္စမရှိပါဘူးကွယ်။ မင်းကို ကယ်တင်ခွင့်ရလို့ ကယ်တင်လိုက်တယ်လို့ပဲ သဘောထားပါ"

သည့်နောက်မှာတော့ ဘရသေ့လည်း သူ့ကို ညင်သာစွာဖေးမ၍ ကုန်းပိုးခေါ်ဆောင်လာခဲ့သည်။

"မင်းတစ်ကိုယ်လုံးလည်း ချစ်ချစ်တောက်ပူနေတာပါပဲလား"

"ဟုတ်တယ် ဘရသေ့။ ကျွန်တော် ကျင်းထဲပြုတ်ကျပြီး မေ့နေတာ။ မြေငွေ့တွေရိုက်ပြီး အအေးပတ်လို့ ချမ်းဖျားတွေတက်နေတယ်။ အင်းဟင်း ဟင်းဟင်းဟင်း···"

"မပူပါနဲ့ကွယ်။ ငါနေတဲ့ တဲကလေးဆီရောက်ရင် အေးအေးသက်သာ အနားယူပါ။ ဆေးဝါးတွေနဲ့ ကုပေးလိုက်ပါမယ်"

ပြောပြောဆိုဆိုနှင့်ပင် သစ်ရွက်သစ်ခက်တွေ မိုးကာထားသော ဝါးတဲကလေးရှိရာသို့ ရောက်လာကြသည်။ ဘရသေ့သည် သူ့အား ညင်သာစွာပင် ဝါးကြမ်းပြင်ပေါ်ချလျက် အဝတ်စကလေးခင်းကာ သက်သောင့်သက်သာ လဲလျောင်းစေလေသည်။ ပြီးနောက် ဝါးကျည်တောက်နှင့် ကျိုထားသော ရေခပ်နွေးနွေးကလေးကိုတိုက်သည်။ အသီးအနှံတွေကို ကျွေးသည်။

"သိပ်အများကြီးမစားနဲ့ဦး။ တော်ကြာ အဖျားထပ်တက်နေဦးမယ်။ ပြီးတော့မှ အဖျားကျဆေးတိုက်ပြီး ဒဏ်ရာကို ကျပ်စည်းရမယ်။ အနားယူလိုက်ဦး။ ငါတောထဲခဏဝင်ပြီး ဆေးပင်ရှာလိုက်ဦးမယ်"

ဘရသေ့က သူ့ အဖျားကျစေဖို့ ဝါးကျည်တောက်အတွင်းမှ ဆေးတောင့်ကလေးတစ်တောင့်ထုတ်ပြီး ရေဖျော်တိုက်သည်။

ဆေးက စပ်ရှားရှား ခပ်ခါးခါး။

လည်ချောင်းအတွင်း ဆေးဝင်အပြီးမှာတော့ သူ၏မျက်တောင်တို့ လေးပင်လာကြကာ အိပ်မောကျသလို ဖြစ်သွားခဲ့လေတော့သည်။

■ ■ ■

"အား···ကျွတ်···ကျွတ်···ကျွတ်"

"ခဏကလေး အောင့်ခံလိုက်ပါကွယ်။ ကျပ်စည်းပြီး သုံးလေးရက်အတွင်းမှာ···မင်းခြေထောက်ဟာ အကောင်းပကတိ ဖြစ်သွားပါလိမ့်မယ်။ သိပ်အစွမ်းထက်တဲ့ ဆေးပင်ကွယ့်။ တော်ရုံတန်ရုံ အရိုးကျိုးတဲ့ဒဏ်ရာကြောက်က

www.burmeseclassic.com

တော့ အလွန်ဆုံး နှစ်ရက်ပဲ"

"ကျေးဇူးတင်လိုက်တာ ဘရသေ့ရာ။ အဖျားလည်း တော်တော်ကျသွားပြီ။ လူလည်းပဲ နေသာထိုင်သာရှိသွားပြီ"

"ကောင်းတာပေါ့ကွာ။ မကြာခင် မင်းခံစားနေရတဲ့ ဝေဒနာတွေ ရှင်းရှင်းကို ပျောက်သွားပါလိမ့်မယ်။ ဒါထက် မင်းနာမည်ကလေးကိုလည်း ပြောပါဦး။ ဘာလုပ်လို့ဘာကိုင်ပြီး ဘယ်က ဘယ်လို ဖြစ်ခဲ့ရတာပါလိမ့်"

"ကျွန်တော့်နာမည် ထွန်းသောင်တဲ့။ အနောက်ရိုးမဘက်ခြမ်းက ကရင်ရွာကလေးမှာ မုဆိုးထွန်းသောင်ဆိုရင် ကလေးလူကြီး အားလုံးသိကြပါတယ်"

"ဩ . . .မင်းက တောတွင်းသတ္တဝါတွေကို သတ်ဖြတ်အသက်မွေးရတဲ့ အကုသိုလ်စေတမန် မုဆိုးပဲကိုး။ ဒါဆိုရင် ငါလမ်းမှာတွေ့ခဲ့တဲ့ဒူးလေးနဲ့ ပြန့်ကျဲနေတဲ့မြားတံတွေဟာ မင်းရဲ့ ပစ္စည်းတွေ ဖြစ်မှာပဲ"

ဘရသေ့ထံမှ သည်စကားကြားတော့ မုဆိုးထွန်းသောင်၏ မျက်နှာတစ်ပြင်လုံး ဝင်းလက်တောက်ပြောင်သွားခဲ့သည်။ မုဆိုးတစ်ဦးအတွက် ဒူးလေးနှင့် မြားတံဟူသည် ကိုယ်နှင့်မကွာ ဆောင်ထားအပ်သည့် တကယ့်မဟာမိတ်ဆွေပင် မဟုတ်ပါကလား။

"ဟာ. . .ဒါဆိုရင် ကျွန်တော်နေကောင်းပြီး သွားနိုင်လာနိုင်ရင် အဲသည်ပစ္စည်းလက်နက်တွေကို သွားပြန်ယူရမယ်"

"ဘာလုပ်မလို့လဲ ထွန်းသောင်ရ"

"ဘာလုပ်ရမှာလဲ ဘရသေ့ရယ်။ ကျွန်တော်က မုဆိုးပဲ။ မုဆိုးအဖို့ သားကောင်ကို သတ်ဖြတ်ဖို့လုပ်ရမှာပေါ့"

"အင်း. . .အကုသိုလ်တွေ အကုသိုလ်တွေ။ အခုလို သေကောင်ပေါင်းလဲဖြစ်ခဲ့တာ အကျွတ်တရားမရသေးပါလားကွယ်။ မင်း ငါရှိနေတဲ့ဝန်းကျင်မှာ သားကောင်ရှာလို့ကတော့ ဘာသားကောင်မှ ရမှာမဟုတ်ဘူး"

"ဘာဖြစ်လို့ မရရမှာလဲ"

"ဘာဖြစ်လို့ဆို ငါရှိနေတဲ့ ဝန်းကျင်ဆိုတာ မေတ္တာတရားတွေဖြန့်ကြက်နေတဲ့ နေရာဝန်းကျင်ဖြစ်လို့ပဲ။ သည်တော့ကွာ အကုသိုလ်ဖြစ်မယ့် အလုပ်တွေကို စွန့်လွှတ်လိုက်စမ်းပါ။ သမာအာဇီဝကျတဲ့ အလုပ်တစ်ခုခုလုပ်မယ်ဆိုရင် တစ်ဝမ်းတစ်ခါးဆိုတာ မခဲယဉ်းပါဘူး"

ဘာမျှခွန်းတုံ့မပြန်တော့။

ခွန်းတုံ့ပြန်စရာစကားလည်း မရှိတော့။ ဘာ့ကြောင့်ဆို သူနှင့်ဘရသေ့တို့၏ အယူအဆတွေက အစွန်းတစ်ဖက်ဆီမှာ ဆန့်ကျင်တည်ရှိနေကြသည် မဟုတ်လား။

ဘရသေ့၏ ဆေးစွမ်းအာနိသင်က ထက်မြက်လှပါဘိ။

အဖျားမတက်တော့။ ကျိုးအက်ပြီဟု ယူဆရသော ညာခြေထောက်ဆိုလျှင် အကောင်းပကတိ။ ပြီးတော့ ဘရသေ့ကျွေးမွေးသည့် သစ်သီးဝလံတွေက ကုန်ခန်းနေသော အားအင်တို့ကို တစ်မုဟုတ်ချင်း ပြည့်ဝစေခဲ့သည်။

"ဘရသေ့ ကျွန်တော် ပြန်တော့မယ် ခွင့်ပြုပါဦး"

"ဖြစ်ပါ့မလား။ တရက်၊ နှစ်ရက်လောက် နားပါဦးလား"

"မနားတော့ဘူး . .။ မုဆိုးတစ်ယောက်အတွက် သားကောင်နဲ့ ရင်မဆိုင်ရရင် အဓိပ္ပာယ်မဲ့သလိုပဲ။ ပျင်းတယ်ဗျ"

"ဩော် . . .မင်းတို့မုဆိုးတွေက အကုသိုလ်ကို အကုသိုလ်လို့မထင်ဘဲ အပျော်လို့ ထင်နေတာကိုး။ တစ်ခါတလေမှာ မုဆိုးဆိုတာ သားကောင်ပြန်ဖြစ်တတ်တယ်နော်"

ဘရသေ့၏စကားတွေက မှန်လွန်းလှပါ၏။

သူသည် ဤတောအုပ်အတွင်းသို့ သားကောင်ကြီးကြီးတစ်ကောင်ပစ်ရန် လက်နက်လေးများ အပြည့်အစုံ၊ ရိက္ခာအလုံအလောက်ဖြင့် အရဲကိုးစွာ ဝင်ရောက်လာခဲ့သည်။ သူ့အဖို့သာမန်သား ကောင်လောက်မလိုချင်။ ကြီးကြီးမားမား သားကောင် လိုချင်သည်။ အမှာရှိသူက ဝက်စွယ်ကောင်းကောင်း လိုချင်ပါသတဲ့။

သည်တော့ တောဝက်အုပ်တွေ ကျင်လည်ကျက်စားတတ်ရာ နေရာကို ရှာဖွေရသည်။ ရေအိုင်၊ ရေစပ်၊ သဖန်းပင်။ တောဝက်ဆိုသည်က တစ်ကောင်ထီးတည်းနေတတ်သော တိရစ္ဆာန်မဟုတ်။ သူ့အုပ်စုနှင့်သူ စုဝေးနေထိုင်သွားလာကျက်စားတတ်သော တိရစ္ဆာန်များ ဖြစ်သည်။ တစ်နေ့နှင့်တစ်ညကျော် အပင်ပန်းခံလိုက်မှ သူတွေ့လိုသော တောဝက်အုပ်တစ်အုပ်ကို တွေ့လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com

အရေအတွက်အားဖြင့် စုစုပေါင်း ကိုးကောင်တိတိ။

သည့်အထဲမှာမှ ဝက်သားပေါက်ကလေးက နှစ်ကောင်ပါနေသည်။ သည်လို သေးသေးငယ်ငယ်ကို သူစိတ်မဝင်စား။ စိတ်ဝင်စားသည်က အုပ်စုခေါင်းဆောင် ဖြစ်ဟန်တူသည့် တောဝက်ထီးကြီးတစ်ကောင်သာတည်း။ ဝါကြန့်ကြန့်အစွယ်နှစ်ခုက ကောက်ကောက်ကွေးကွေး။ သည်အနေအထား ဆိုလျှင် မှာထားသူပုဂ္ဂိုလ် အကြိုက်တွေ့မှာ သေချာသည်။ ခန္ဓာကိုယ်အနေအထားက လုံးကျစ်ဝဖီးကာ လည်ဆံမွေးတွေက ထောင်ထနေသည်။ အလေးချိန်ကို ခန့်မှန်းရလျှင် အချိန် ၁၅၀ ကျော်လောက် ရှိလိမ့်မည်။ သည်တောဝက်အုပ်မှ အုပ်စုခေါင်းဆောင်ကို ဖြိုလှဲနိုင်လျှင် ကျန်တောဝက်များ ကစဉ့်ကလျားဖြင့် ထွက်ပြေးသွားလိမ့်မည်ဟု ယူဆထားခဲ့သည်။ သည့်အတွက် လေအောက်ရှိ သစ်ပင်အကွယ်၌ ချောင်းမြောင်းကာ ဒူးလေးကိုတင်ပြီး အကွက်အကွင်းကောင်းကောင်းကို စောင့်စားနေလိုက်သည်။

တောဝက်အုပ်စုကတော့ အန္တရာယ်ရှိသော ပတ်ဝန်းကျင်အနေအထားကို သတိပြုမိပုံမပေါ်။ ချောင်းစပ်မှရေကို စိတ်တိုင်းကျ သောက်နေကြသည်။

"ရွှတ်"

ဒူးလေးခလုတ်ကို အသာကလေး ဆွဲလိုက်သည်။

မြားတံသည် လေထုကိုထိုးခွဲကာ ပစ်မှတ်ရှိရာ ပြေးလွှားသွားခဲ့ပါ၏။ သို့သော် တောဝက်ကြီးက မမျှော်လင့်ဘဲ ခန္ဓာကိုယ်ကိုတိမ်းငဲ့လိုက်သည့်အတွက် ကျောကုန်းအထက်ပိုင်းကိုသာ ပွတ်တိုက်ထိသွားသလို ဖြစ်ခဲ့ရသည်။

"ကျွိ"

တောဝက်ကြီး၏အသံ။ မမျှော်လင့်ဘဲ ဒဏ်ရာအနာတရဖြစ်သွားလေသည့်အတွက် နာနာကြည်းကြည်း အော်ဟစ်သံ။

သူ အချိန်ဆိုင်းမနေတော့။

မြားဘူးထဲမှ အဆိပ်လူးမြားတံတစ်ချောင်းကို ဆွဲထုတ်ကာ ဒူးလေး၏ မျှော့ကြောင်းပေါ် တင်လိုက်သည်။ ထိုစဉ်ခဏ -

"ကျွိ...အစ်...အစ်...ရှူး"

ဒေါသမာန်ဟုန်အပြည့်ဖြင့် ဒဏ်ရာရသွားသော တောဝက်ကြီးက ၎င်း၏ ရန်သူကို ရုတ်တရက် တွေ့မြင်သွားသည်ထင့်။ လေးမြားရှင်ရှိရာတည့်တည့်သို့ တစ်ဟုန်ထိုး ပြေးဝင်လာခဲ့သည်။ သူ ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိတော့။ အန္တရာယ်က တစ်စထက်တစ်စ နီးကပ်လာခဲ့ပြီကော။ သည်တော့ ချက်ချင်းဆိုသလိုပင် အသက်ဘေးမှ လွတ်ရာလွတ်ကြောင်းအတွက် ခြေဦးတည့်ရာ သုတ်ခြေတင်ရပါတော့သည်။

သစ်ရွက်ခြောက်တို့အပေါ် သေပြေးရှင်ပြေးဖြင့် နင်းချရာမှပေါ်ထွက်လာသောအသံများ။ ရန်သူ၏အသက်ကို ဇီဝိန်ခြွေရန် ဒေါမာန်အပြည့်ဖြင့် တစ်ဟုန်ထိုးလိုက်သံများ။ ပြောင်းလဲတတ်သော နိယာမသဘောတရားအရ မှုဆိုးသည် သား . . . ိတစ်ပြန်တစ်လဲ ဖြစ်ရပြန်လေပြီ။

"ကျွိ...အူး...အစ်...အစ်"

အန္တရာယ်ကား တစ်စတစ်စ နီးကပ်လာပေပြီ။

မကြာခင်မှာပင် တောဝက်ပက်၍ သူ့အသက်နှင့်ခန္ဓာသည် အိုးစားကွဲရပေတော့မည်။ အားသွန်ခွန်စိုက်ဖြင့် ပြေးလွှားနေရင်းမှ မျက်လုံးတွေပြာဝေလာခဲ့သည်။ သစ်ပင်တွေက တရိပ်ရိပ်။

"အား"

"ဝုန်း"

မမျှော်လင့်ဘဲ သစ်ကိုင်းအချို့ ကန့်လန့်ခံလျက်၊ သစ်ရွက်ကြွေများ ဖုံးလျက်ရှိသော ကျင်းနက်ထဲသို့ သူပြုတ်ကျရင်း လောကကြီးတစ်ခုလုံးနှင့် အဆက်ပြတ်သွားခဲ့လေသည်။

ခု အရာအားလုံးကို သူ သိလိုက်ချိန်မှာတော့ သူ့အဖို့ အသက်နှင့်ခန္ဓာ မြဲနေပါသေးသည်။ ဒါကလည်း . . . ဘုရားသူတော်စင်၏ ကယ်တင်စောင်မမှုကြောင့် ဖြစ်၏။

သူ ဘုရားကို နှုတ်ဆက်ပြီး ထွက်ခွာလာတော့ ဦးစွာရှာဖွေမိသည်မှာ သူ့လက်စွဲတော် လက်နက်လေးများပဲ ဖြစ်သည်။

တွေ့ပါချေပြီ။

ဒူးလေးတစ်လက်နှင့် ပြန့်ကျဲနေသော အဆိပ်လူးမြားတံများ။

ဒါတွေအားလုံးကို စုစည်းကောက်ယူလိုက်ပြီး သည်တောအုပ်မှ ခြေလှမ်းကျဲကြီးများဖြင့် သူတစ်လှမ်းချင်း ထွက်ခွာလာလေတော့သည်တကား။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

နေ့ရက်များစွာ ကုန်လွန်လာခဲ့ပါချေပြီ။

သဘာဝတောအုပ်သည် သဘာဝကျေးငှက်များ၊ သဘာဝပန်းပွင့်များ၊ သဘာဝသားကောင်များနှင့် သဘာဝကျကာ လုပသာယာနေသည်ဟု ဘရသေ့ထင်သည်။

ဘရသေ့သည် သတ္တဝါဝေနေယျတို့အပေါ်တွင် မေတ္တာပို့ အမျှပေးဝေရင်း သစ်သီးသစ်နံများရှာဖွေရန် တောအုပ်အတွင်းသို့ ချင်းနင်းဝင်ရောက်လာခဲ့သည်။ သည်တော၊ သည်တောင်တစ်ဝန်းမှာ မေတ္တာဓာတ်ကို အရင်းခံလျက်ရှိသော ဘရသေ့အတွက် ဘယ်သွားသွားဘယ်လာလာ မည်သည့်အန္တရာယ်မှုမရှိ။

သားရဲတိရစ္ဆာန်တို့ကလည်း···ဘရသေ့နှင့်တွေ့လျှင် မည်သည့် ရန်သတ္တရကိုမျှ မပြုကြ။ သူတို့လမ်းကို သူတို့ဘာသာ အေးအေးဆေးဆေးသွားကြသည်သာပင်။

"ဖလပ်···ဖလပ်···ဖလူး···ဖလူး"

"ဖလပ်···ဖလပ်···ဖလူး···ဖလူး"

အရှိန်အဟုန်ပြင်းပြင်းနှင့် တောင်ပံရိုက်ခတ်သံ။

"ဂီး···ဂစ်···ဂစ်···ဂစ်"

"ဖလပ်···ဖလပ်···ဖြုန်း···ဖြုန်း"

တောင်ပံရိုက်ခတ်သံ ခပ်ပြင်းပြင်းနှင့်အတူ နာနာကျင်ကျင်အော်ဟစ်သံကိုပါ ပူးတွဲကြားလိုက်ရသည်။

ဒါ···သတ္တဝါတစ်ကောင်ကောင် ကျဉ်းထဲကျပ်ထဲရောက်နေသည့် အသံမျိုးပင်။

သည့်အတွက် အသံပေါ်ထွက်လာရာသို့ ဘရသေ့ ခြေဦးလှည့်လိုက်သည်။

ဟော···သုတ်ကိုင်းတစ်ခုတွင် မိနေသော သိမ်းစွန်ငှက်ကြီး။

မျက်လုံးအစုံက ကြောက်ရွံ့ထိတ်လန့်ဖွယ်အတိဖြင့် နီရဲတွတ်ကာ တောက်ပလျက်ရှိ၏။ ဘရသေ့အပါးသို့ ရောက်သွားတော့ ကြောက်ရွံ့ထိတ်လန့်စိတ်က ပိုများလာသည်ထင့်။ ပို၍ရုန်းကန်သည်။ တောင်ပံရိုက်ခတ်သံ ပို၍ပြင်းလာသည်။

"ဂီး···ဂစ်"

"ဖြုန်း···ဖရုံး···ဖလပ်···ဖလပ်"

"သားကြီးရေ···မကြောက်ပါနဲ့ကွယ်။ မင်းကို အဘက ရန်ရှာဖို့လာတာမဟုတ်ပါဘူး။ မင်းရဲ့ဒုက္ခအကျပ်အတည်းကို ကယ်တင်ရအောင် လာခဲ့တာပါ။ ဘရသေ့ပြောတာ နားလည်ရဲ့လား သားကြီး"

သနားကရုဏာဓာတ်ခံဖြင့် တစ်လုံးချင်း ညင်သာနူးညံ့စွာ ပြောဆိုလေသောစကားကို သိမ်းစွန်ငှက်ကြီးခမျာ နားလည်သွားရှာလေသည်ထင့်။ အော်ဟစ်ရုန်းကန်လှုပ်ရှားခြင်းများ မပြုလေတော့။

"အို···ဖြစ်မှဖြစ်ရလေကွယ်။ မင်းရုန်းလေ သုတ်ကိုင်းရဲ့သွပ်နန်းကြိုးက မင်းခြေထောက်အသားတွေကို ဖွဲ့လေလေဖြစ်မှာပေါ့ကွယ်။ သွေးတွေလည်း မနည်းပါလားကွယ်။ ကျွတ်ကျွတ်ကျွတ်···ဖြစ်မှဖြစ်ရလေတယ်ကွယ်"

ပြောပြောဆိုဆိုနှင့် သုတ်ကိုင်းကို အသာကလေး ဖြုတ်ပေးလိုက်သည်။

"နေဦး နေဦး သားကြီးရဲ့ဒဏ်ရာဒဏ်ချက်ကို ဘရသေ့ သက်သာပျောက်ကင်းအောင် ဆေးထည့်ပေးပါဦးမယ်"

ဘရသေ့လည်း ခါးကြားထဲမှ ဆေးတောင့်တစ်တောင့်ကို ထုတ်ကာ ပါးစပ်တွင်းထည့်ပြီး ဝါးလိုက်လေသည်။ ဝါးဖတ်များရလာလျှင် ဝါးဖတ်တို့အား ဒဏ်ရာဒဏ်ချက်တို့အပေါ်၌ အုံပေးလိုက်သည်။

"မကြာပါဘူးကွယ်။ သည်ဆေးဟာ သိပ်ပြီး အစွမ်းအာနိသင်ထက်ပါတယ်။ မကြာခင်မှာပဲ ငါ့သားကြီးရဲ့ဒဏ်ရာဒဏ်ချက်တွေဟာ သက်သာပျောက်ကင်းသွားပါလိမ့်မယ်"

သိမ်းစွန်ငှက်ကြီးကား ဘရသေ့၏စကားကို နားလည်သည့်အလား ငြိမ်ငြိမ်သက်သက်ကလေး ရှိနေလေသည်။

ထိုခဏ ဘရသေ့၏နားယံထဲသို့ သစ်ရွက်ခြောက်များအပေါ် ခြေသံပြင်းပြင်းနှင့် နင်းလာသည့်အသံကို ကြားရလေသည်။

"ဒါ ဘာလုပ်တာလဲ ဘရသေ့"

စူးစူးရဲရဲအသံ။

သည်အသံ၌ မာကျောမှုများ ရော ယှက်တွေးနေသည်။

"ဟင်···မင်း···မင်း···ထွန်း



www.burmeseclassic.com

www.burmeseclassic.com

သောင်၊ မှဆိုးထွန်းသောင်"

"ဟုတ်တယ်ဘရသေ့။ ကျုပ်ဆင်ထားတဲ့ထောင်ချောက်က သိမ်းစွန်ငှက်ကို ဘာကြောင့်ဖြုတ်ပေးလိုက်ရတာလဲ"

မုဆိုးထွန်းသောင်ကို ကြည့်ရသည်မှာ မှိုင်းမှိုင်းညို့ညို့။ မျက်နှာထားက တင်းမာနေသည်။

ပြီးတော့ သောက်စားထားဟန်လည်း တူလေသည်။ လက်ထဲမှာလည်း အသက်တစ်ချောင်းမကကို ဇီဝိန်ခြွေပစ်နိုင်သည့် လေးမြားတို့ကို ကိုင်ဆောင်ထားသည်။

"ဒါ…မေတ္တာဘာဝနာ နယ်မြေလေကွယ်။ သတ္တဝါတွေကို အကြောင်းမဲ့နှိပ်စက်သတ်ဖြတ်တာတွေ မလုပ်ဖို့ ဘရသေ့ မေတ္တာရပ်ခံပါရစေ…ထွန်းသောင်"

"ဟာ…ဘာတွေပြောနေတာလဲ။ သည်စကားတွေကြားရတာ နားသိပ်ခါးတယ်"

"ဒီမှာထွန်းသောင် မင်းရဲ့အသက်ကို ဘရသေ့ကယ်တင်ခဲ့တာ မေ့သွားပလား"

"မမေ့ဘူး"

"ဒါဖြင့်ရင်လည်း အဲသည်ကျေးဇူးတရားကို ထောက်ထားပြီး ဟောဒီ သိမ်းစွန်ငှက်ကို ဇီဝိတဒါနအဖြစ် လွတ်ငြိမ်းခွင့်ပေးဖို့ ဘရသေ့ တောင်းပန်ပါရစေကွယ်နော်"

"ဩော်…တော်တော်ခက်ပါလား ဘရသေ့။ ကျားကို ဥပုသ်လာစောင့်ခိုင်းနေပြန်ပြီ။ မုဆိုးဆိုတာ မုဆိုးအလုပ်ပဲ လုပ်တယ်ဗျ။ ကျုပ်အလုပ်မှာ လူသားဟာလည်း ကျုပ်လိုမုဆိုးအတွက် သားကောင်ဖြစ်သွားနိုင်တယ်နော်"

သည်ခဏ သိမ်းစွန်ငှက်ကြီးက ရုတ်တရက် တောင်ပံခတ်လျက် သဖန်းပင်၏ကိုင်းဖျားတစ်ခုပေါ်သို့ ပျံတက်သွားသည်။

"သေပေတော့ကွာ"

ထွန်းသောင်သည် ချက်ချင်းဆိုသလိုပင် သိန်းစွန်ငှက်ကြီးထံ ဒူးလေးကို မြှောက်ချိန်လိုက်သည်။

"မပစ်နဲ့…မပစ်နဲ့…မပစ်နဲ့ ထွန်းသောင်"

ဘရသေ့က ပျာပျာသလဲတောင်းပန်စကား ဆိုလိုက်သည်။

"ဘာ…ကျုပ်ရဲ့စီးပွားရေးကို ဖျက်လိုဖျက်ဆီးလုပ်တယ်။ ကောင်းပြီ။ ကျုပ်လက်က သွေးဆာနေတယ်ဆိုတော့ သိမ်းစွန်ငှက်ကိုမပစ်ရရင် ဘရသေ့ကိုပဲ ပစ်ရလိမ့်မယ်"

"ပစ်ပါကွယ်…ပစ်ပါ။ မင်းရဲ့တုံ့ပြန်ကျေးဇူးကို ဘရသေ့ ရဲရဲကြီးခံရဲပါတယ်။ ပြုသူအသစ် ဖြစ်သူအဟောင်းပါ။ ဝဋ်ကြွေးတုံ့တင်ရှိခဲ့ရင် သည်ဘဝသည်မျှနဲ့ပဲ ကျေပါစေတော့"

"ကိုင်း"

မုန်ယိုနေပြီဖြစ်သည့် ထွန်းသောင်သည် ဒူးလေးကို ဘရသေ့၏ရင်ဝတည့်တည့်သို့ ထိုးချိန်လိုက်သည်။ ပြီးနောက် ခလုတ်ဖြုတ်မည်အပြု -

"ဂီး…ဂစ်…ဂစ်"

"အ…အား…အမလေး မျက်လုံးကန်းပါပြီဗျ"

အခြေအနေက ရုတ်ခြည်းပြောင်းလဲသွားသည်။

သိမ်းစွန်ငှက်ကြီးသည် သဖန်းကိုင်းမှ တစ်ရှိန်ထိုးပျံဝဲကာ ရုတ်ခြည်းဆိုသလိုပင် မုဆိုးထွန်းသောင်၏ မျက်လုံးအစုံအား ချွန်မြသော ခြေသည်းအစုံဖြင့် ကုတ်ခြစ်ထိုးဖောက်ပစ်လိုက်သည်။

"အား…အား…ကယ်ကြပါ။ ဘာမှမမြင်ရတော့ဘူး…အား"

မုဆိုးထွန်းသောင်၏ လက်အစုံသည် ဒူးလေးကိုလွှတ်ချပြီးသည့်သကာလ မျက်နှာကိုအုပ်လိုက်သည်။ လက်ချောင်းလေးတွေကြားမှာတော့ သွေးစိမ်းရှင်ရှင်တို့သည် တသွင်သွင်စီးကျလျက်။

"ရှော်…သတ္တဝါတစ်ခု၊ ကံတစ်ခုပါကလား။ အင်း…အနိစ္စ၊ ဒုက္ခ၊ အနတ္တ"

ဘရသေ့၏ သံဝေဂစကားသံက စိတ်မကောင်းခြင်းကြီးစွာဖြင့် တုန်ယင်ရိုက်ခတ်နေတော့သည်။ ထိုစဉ်မှာပင် သိမ်းစွန်ငှက်ကြီးသည် ဘရသေ့၏ပခုံးပေါ် ခေတ္တဝင်နားလာလေသည်။ ပြီးလေသော်…နှုတ်သီးကောက်ဖြင့် ဘရသေ့၏ပါးပြင်အား ပွတ်သပ်လျက် ကောင်းကင်ဝေဟင်ထက် ပျံဝဲသွားခဲ့လေပြီတကား။

နန္ဒာမိုးကြယ်



www.burmeseclassic.com

www.burmeseclassic.com

# မဟာဒုက်ရဲ့

# သဒ္ဓါအားနဲ့ ကုသိုလ်ကံစေတနာအကျိုး

## ကိုမောင်သန်းဝင်း

စာရေးသူတို့နေထိုင်ရာ ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်၊ ကျိုက္ကဆံရပ်ကွက်မှာ နှစ်စဉ် ဒီဇင်ဘာလရောက်လေတိုင်း နှစ်ကျိပ်ရှစ်ဆူဘုရားပွဲ ကျင်းပလေ့ရှိပါတယ်။ အနီးဝန်းကျင်တာမွေကြီး (၁) ရပ်ကွက်၊ ဗိုလ်စိန်မှန်ရပ်ကွက်၊ ဆရာစံတောင်၊ ဆရာစံအနောက်၊ မြောက်ရပ်ကွက်တွေမှာလည်း အလားတူ ကျင်းပပါတယ်။

အဲဒီလိုကျင်းပတဲ့အခါမှာ ဘုရားပွဲဖြစ်မြောက်ရေးအတွက် အလှူငွေသဘောမျိုးနဲ့ မဟာဒုက်ကံစမ်းမဲရောင်းချလေ့ရှိကြပါတယ်။ ကံစမ်းမဲက ဘုရားတစ်ဆူနဲ့ ငွေသားကျပ် သိန်းကျော်ပါပါတယ်။ အလှူငွေ ထည့်ဝင်သမှုသဘောနဲ့ ကံစမ်းထည့်ဝင်ကြသူတွေများလှပါတယ်။

မဟာဒုက်ဆိုတာ လူကြီးသူမများက သိကြပေမယ့်လို့ သားသမီးအရွယ် လူငယ်ကတော့ သိသူနည်းမယ်လို့ ထင်ပါတယ်။ ပသို့ဆိုစေ ဗဟုသုတဖြစ်ဖွယ်ရာကိုတော့ ရေးပြချင်ပါတယ်။

မဟာဒုက်ဆိုတာက ကဿပဘုရားရှင်လက်ထက်တော်က သူဆင်းရဲတစ်ဦးပါ။ ဇနီးသည်နှင့်အတူ တစ်ပါးသူရဲ့ နေအိမ်အသီးသီးမှာ ထင်းခွဲ၊ ရေခပ်၊ ဆန်ထောင်းနဲ့ အောက်ခြေသိမ်းအလုပ်တွေလုပ်ရင်း ထမင်းရှာစားနေကြရသူတွေပါ။

တစ်နေ့တော့ ရှာခေါ်တစ်ဦးက ရွာရှိအိမ်များကို တစ်အိမ်ဝင်တစ်အိမ်ထွက်နဲ့ သံဃာတော်များအား ဆွမ်းကပ်၊ ဆွမ်းလောင်း ပြုလိုပါသလားလို့ လိုက်လံမေးမြန်းပါတယ်။ မဟာဒုက်ရဲ့အိမ်ကိုလည်း ရောက်တယ်ဆိုပါတော့။ မဟာဒုက်တို့ဇနီးမောင်နှံကလည်း ဆင်းရဲနွမ်းပါးသူတွေဆိုတော့ ဆွမ်းကျွေးဖို့ မတတ်နိုင်ပါကြောင်း ရိုးစင်းစွာပြောတယ်ပေါ့။ ဒါပေမယ့် ရှာခေါ်က "အမောင် • • •မဟာဒုက်လောကမှာ မရှိလို့မလှူ၊ မလှူလို့ မရှိဖြစ်နေပါ့မယ်။ စွမ်းနိုင်သလောက်လှူမယ်ဆိုရင် သံဃာတစ်ပါးတော့ ရနိုင်ကောင်းပါရဲ့"လို့ တွန်းအားပေးပြောတယ်။

မဟာဒုက်ဟာ "အင်း••ဟုတ်ပါရဲ့။ မရှိလို့မလှူ၊ မလှူလို့မရှိဆိုပါလား။ သံဃာတစ်ပါးလောက်တော့ လှူနိုင်ကောင်းပါရဲ့"လို့ဆိုပြီး နောက်တစ်နေ့လှူဖို့စာရင်း သွားပေးလေရဲ့။ ဒါပေမယ့် လို့ စာရင်းမှတ်သူက မဟာဒုက်ကို စာရင်းမှတ်ယူဖို့ သတိမထားလိုက်မိဘူး။ ဘာကြောင့်လဲဆိုတော့ ချမ်းသာသူအချို့က သံဃာငါးပါး၊ ဆယ်ပါး၊ ဆယ့်ငါးပါးရဲ့အထက်တွေကို တောင်းခံပင့်ဖိတ်ကြသူများကိုသာ ဦးစားပေးစာရင်းမှတ်နေရတာမို့ ဖြစ်ပါလိမ့်မယ်။

ဘယ်လိုပဲဖြစ်ဖြစ် မဟာဒုက်ကတော့ သံဃာတစ်ပါးပင့်ဖိတ်ဖို့ စာရင်းပေးခဲ့ပြီဆိုတော့ ဝမ်းသာအားရ အိမ်ပြန်တယ်။ အိမ်ရောက်လေတော့ ဇနီးဖြစ်သူက ဝမ်းပန်းတသာပြောတယ်။ ဇနီးသည်ကလည်း ပီတိနှလုံးရွှင်ပြုံး

www.burmeseclassic.com

လျက်၊ ရှေးဘ၀ကမလှူခဲ့လို့ အခုဘ၀ ဆင်းရဲရတယ်။ ကျွန်မတို့နှစ်ယောက် ဒီနေ့ အစားချုပ်ပြီး ကြိုးစားရမယ် ဟုဆိုကာ တက်ကြွစွာ လမ်းခွဲထွက်ကြပါတော့တယ်။

မဟာဒုက်က သူဌေးတစ်ဦးအိမ်မှာ ထင်းခွဲလက်ခလုပ်ရတဲ့အတွက် အားရဝမ်းသာ မရပ်မနားကြိုးစားပျော်ရွှင်စွာနဲ့ လုပ်နေလေတော့ သူဌေးက တအံ့တဩနဲ့...

"အမောင်လုလင် ဒီနေ့ ဝီသေသ ထူးလှပါလား"

"မှန်လှပါ သူဌေးမင်း။ နက်ဖြန် သံဃာတော်တစ်ပါး ဆွမ်းစားပင့်ထားလို့ပါ။ ဟင်းလျာကောင်းကောင်းနဲ့ ဆွမ်းကျွေးနိုင်ဖို့အရေး ခွေးကိုအရင်းပြုပြီး ကြိုးစားနေရကြောင်းပါ"

မဟာဒုက်စကား သူဌေးကြားရလေတော့ ကြည်ရွှင်သဒ္ဓါ ဝမ်းမြောက်စွာနဲ့ ထင်းပေါက်ခအဖြစ် သလေးဆန်များကို အရင်ကပေးသည်ထက် သုံးလေးဆ ပေးလိုက်ပါတော့တယ်။

မဟာဒုက်ဇနီးသည်ကလည်း သူဌေးတစ်ဦးထံမှာ သီချင်းတကြော်ကြော် သီဆိုရင်း ခြေရောလက်ပါ မနားတမ်း မောင်းထောင်းဆန်ပြာ လုပ်နေပါတယ်။

အရင်ကနဲ့မတူ တစ်မူထူးခြားနေတာမို့ သူဌေးမက အကြောင်းခြင်းရာကို မေးလေတော့ "အရှင်မ ကျွန်တော်မတို့အိမ်မှာ နက်ဖြန် သံဃာတစ်ပါးကို ဆွမ်းကျွေးပင့်ထားတာမို့ အားရရွှင်ကြည် သီချင်းဆိုနေမိပါတယ်။ ဝမ်းသာကြည်နူးဖြစ်ရတာက လုပ်ခပိုရရင်ဖြင့် ပိုလို့သာ လှူနိုင်အောင်လို့ပါ အရှင်မ"

မဟာဒုက်ဇနီး ပြောစကားကို ကြည်ညိုနှစ်သက်တာမို့ သဒ္ဓါတက်ပြီး ထောပတ်အိုးငယ်၊ နို့ဓမ်းအိုး၊ ငရုတ်၊ ကြက်သွန်တွေနဲ့ ဆန်တို့ကိုပေးပါတော့တယ်။

မဟာဒုက်ဇနီးမောင်နှံလည်း ရခဲ့သမျှတွေကို ပေါင်းစပ်ကြည့်ပြီး ပီတိဖြစ်နေပါတော့တယ်။ နောက်နေ့မနက်စောစော မဟာဒုက်က ဈေးသို့ ဟင်းရွက်သွားဝယ်လေတော့ ဈေးမှာ ဟင်းရွက်များ ကုန်နေကြချေပြီ။ သို့ဖြင့် မြစ်ကမ်းစပ်သို့သွားပြီး ဟင်းရွက်တွေခူးရတယ်။ သီချင်းသံတကြော်ကြော်နဲ့ ဟင်းရွက်ခူးနေတာကို တံငါသည်က

"အလို...မဟာဒုက် သီချင်းသံသာသာနဲ့ ဟင်းရွက်ရှာတာ၊ ထူးလှချေလား"

လို့ မေးတော့...

"ရဟန်းတစ်ပါး ဆွမ်းပင့်ထားလို့ဗျို့"

"မဟာဒုက်ကလည်းဗျာ ရဟန်းဆွမ်းကပ်တာ ဟင်းလျာကောင်းကောင်းနဲ့ ဆွမ်းကပ်သင့်တာပေါ့"

"နောင်ကြီးကလည်းဗျာ ကျုပ်မှာမှမရှိတာ။ ရှိတာလေးနဲ့လှူလည်း အကျိုးရှိပါတယ်"

ဟု မဟာဒုက်က ပြောလေတော့ တံငါသည်လည်း သဒ္ဓါစိတ်ယိုဖိတ်ပြီး မဟာဒုက်ကို ငါးကြင်းလေးကောင် ပေးလိုက်ပါတယ်။

ကဿပဘုရားရှင်ဟာ နံနက်စောစောထကာ လောကကို ကြည့်တော်မူလေတော့ မဟာဒုက်တို့လင်မယားမှာ တစ်ပါးမျှသော ရဟန်းတို့အတွက် ဆွမ်းကပ်ဖို့ ဆွမ်းချက်လုံးပန်းနေပေမယ့်လို့ စာရင်းမှာ မပါရှိတဲ့အတွက် ရဟန်းတစ်ပါး ရအံ့မထင်တဲ့အတွက် မဟာဒုက်တို့ ဇနီးမောင်နှံအား ချီးမြှင့်ပါအံ့ဟု ဆင်ခြင်တော်မူပြီး ဂန္ဓကုဋီတိုက်သို့ ကြွဝင်သီတင်းသုံးနေတော်မူပါတယ်။

သိကြားမင်းကလည်း မဟာဒုက်တို့ဇနီးမောင်နှံ သံဃာတစ်ပါးအတွက် ကြိုးစားလုံးပန်းနေပုံနဲ့ မဟာဒုက်ဇနီးမောင်နှံအား ဘုရားမြတ်စွာရဲ့ ချီးမြှင့်မှုကိုပါ သိရှိလေတော့ ငါကိုယ်တိုင် ကူညီလေမှဟု ဆင်ခြင်ပြီးသကာလ ထမင်းချက်အသွင်ယူကာ မဟာဒုက်တို့ဇနီးမောင်နှံအတွက် ကူညီဆောင်ရွက်ပေးလေတော့တယ်။

ဆွမ်းကပ်မယ့်နေ့ ရောက်လေတော့ မဟာဒုက်ဟာ နိဗ္ဗာန်ဆော်ထံ ရဟန်းတစ်ပါး တောင်းခံပင့်ပါတယ်။ ဒါပေမယ့် စာရင်းမှာ မပါရှိတော့တာမို့ ရဟန်းမရခဲ့ပါဘူး။ ဒါနဲ့ မဟာဒုက်လည်း ခဲလေသမျှ သဲရေကျလေပေါ့ဟုဆိုကာ လှိုက်ဖိုဝမ်းနည်း ကြေကွဲငိုကြွေးမိပါတော့တယ်။

နိုးဆော်သူကလည်း မည်ကဲ့သို့မျှ မတတ်နိုင်ဖြစ်ရကား မဟာဒုက်အား မြတ်စွာဘုရားတစ်ပါးသာပင့်ရန် ကျန်နေသေးတယ်။ ရလိုရငြား ဂန္ဓကုဋီတိုက်မှာ သွားလျှောက်ပါတော့။ သင့်မှာကံ[illegible] ပါက သပိတ်တောင် ရနိုင်ကောင်းရဲ့လို့

www.burmeseclassic.com

ညွှန်ကြားပါတယ်။

မဟာဒုက်လည်း ဂန္ဓကုဋီတိုက် သွားပြီး ဘုရားထံချဉ်းကပ်လေတော့ ရှင်ဘုရင်၊ မှူးကြီးမတ်ကြီးတွေ၊ စစ်သူကြီးတွေ၊ သူဌေးကြီးတွေက သပိတ်တော်ကို မျှော်ကိုးကမ်းလင့်နေတာမို့ အဝေးကပဲ မဟာပထဝီမြေကြီးကို တိုင်တည်ပြီး ဘုရားရှင်ကို ထိခြင်းငါးပါးဖြင့်ရှိခိုးပြီး အရှင်ဘုရားရဲ့သပိတ်တော်ကို ချီးမြှောက်တော်မူပါလို့ တိုးတိုးမျှ လျှောက်ထားပါတယ်။

ဘုရားရှင်လည်း မဟာဒုက်၏ လျှောက်ထားသံကို ကြားလေတော့ မှူးကြီးမတ်ကြီး၊ စစ်သူကြီး၊ သူဌေးကြီးတွေကို ဖယ်ရှောင်ခွာပြီး မဟာဒုက်ထံသို့ သပိတ်တော်ကို ပေးအပ်ချီးမြှင့်လိုက်ပါတယ်။

ဘုရင်နဲ့တကွ မှူးမတ်ဗိုလ်ပါ သူဌေးသူကြွယ်တွေအားလုံး အံ့အားသင့်ကြပြီပေါ့။ ဘုရားရှင်တော်မြတ်ကိုယ်တိုင် မဟာဒုက်အား သပိတ်တော်ပေးတာမို့ ဘုရင်သည်လည်း အံ့ဩဖြင့် ရယူခြင်းငှာ မစွမ်း၊ သူဌေးသူကြွယ်တွေကတော့ သပိတ်တော်ကို အဖိုးအခကြီးစွာ ပေးဝယ်ကြသော်ငြားလည်း မဟာဒုက်က မည်မျှပင်ပေးပေး မရောင်းဟုဆိုပါတယ်။

ရှင်ဘုရင်ကလည်း လက်မလျှော့၊ မဟာဒုက်လို ဆင်းရဲသားအိမ်မှာ ဟင်းကောင်း၊ ကျွေးကောင်း ရှိမည်မဟုတ်။ ထိုအခါ ဘုရားရှင်ကို နန်းတော်သို့ပင့်ဆောင်မည်ဟူ၍ အစဉ်လိုက်ကြကုန်ပါတယ်။ မဟာဒုက်အိမ်မှာတော့ ထမင်းချက်အသွင်ယူထားတဲ့ သိကြားမင်းကလည်း လျှာဖွယ်ဘောဇဉ်တို့ကို အသင့်ပြင်ထားပါတယ်။

မဟာဒုက်ရဲ့နေအိမ်က တဲကုပ်သာသာမျှသာ။

ဘုရားရှင်တော်မြတ်၏ အရပ်တော်သည် တံခါးနှင့်မလွတ်။ သို့သော် ဘုန်းတော်ကြောင့် မြေသည်နိမ့်၍ အိမ်သည် မြင့်တက်သွားပါသည်။

ရှင်ဘုရင်ကလည်း ဟင်းလျာညှိ လျှင် ဘုရားရှင်တော်မြတ်ကို နန်းတော်သို့ပင့်ဆောင်ရန်အကြံဖြင့် တစေ့တစောင်း အကဲခတ်နေတာကို သိကြားမင်းသိလေတော့ ခဲဖွယ်ဘောဇဉ်တို့ကို ဖွင့်လှစ်ပြသစေပါတယ်။

ထူးကဲတဲ့ ငါးကြင်းသားဟင်းရနံ့ဟာ မွှေးကြိုင်ပြီး တစ်မြို့လုံး ကြိုင်လှိုင်ပျံ့လွင့်သွားပါတယ်။ အဲဒီအခါ ဘုရင်သည်လည်း မကြုံစဖူး ထူးကဲလှတဲ့ ဟင်းလျာရှိနေပြီမို့ လက်လျှော့ပြန်သွား ပါတော့တယ်။

မြတ်စွာဘုရား ဆွမ်းဘုဉ်းပေးတော်မူကာ အနုမောဒနာပြုပြီး ပြန်ကြွတော်မူလေတော့ မဟာဒုက်လည်း သပိတ်တော်ထမ်းပြီး နောက်တော်မှ လိုက်ပါခဲ့တယ်ပေါ့။ သိကြားမင်းလည်း သပိတ်ထမ်းပို့တဲ့ မဟာဒုက်ကို ပီတိအပြုံးနဲ့ကြည့်ပြီး ခဏအကြာ ကောင်းကင်ပြင်ကိုမော့ကြည့်လေတော့ ရတနာခုနစ်ပါး မိုးရွာချပါတယ်။ ရတနာတွေဟာ မဟာဒုက်နေအိမ်ရှိ အိုးခွက်အားလုံးနဲ့ တစ်အိမ်လုံး ပြည့်နေပါတော့တယ်။

မဟာဒုက်လည်း နေအိမ်သို့ ပြန်အရောက် ပြည့်လျှံနေတဲ့ ရတနာအစုအပုံတွေကို တွေ့မြင်ရလေတော့ ဒါနအကျိုးပေးလေပြီဟု သိလိုက်ပါတော့တယ်။

မဟာဒုက်လည်း ဖြစ်စဉ်ကို နန်းတော်သို့ ဝင်ရောက်လျှောက်ထားလေရာ မင်းကြီးသည် လှည်းတစ်ထောင်စေလွှတ်ပြီး ရတနာတွေကို နန်းရင်ပြင်မှာပုံစေပါတယ်။ ရတနာပုံကြီးဟာ ထန်းပင်တမျှရှိလေတော့ မြို့သူမြို့သားတို့ဟာ အံ့သြဘနန်း ဖြစ်ကြရပါတယ်။ မဟာဒုက်ကိုလည်း သူဌေးကြီးရာထူး ချီးမြှင့်ခဲ့ပါတယ်။

မင်းကြီးက မဟာဒုက်ကို အရင်တုန်းက သူဌေးကြီးတစ်ဦး နေခဲ့ဖူးတဲ့ မြေနေရာကိုပေးပြီး တိုက်အိမ်ဆောက်စေပါတယ်။ တိုက်အိမ်ဆောက်ဖို့ မြေကြီးကိုတူးဆွတဲ့အခါ ရှေးက မြှုပ်ထားတဲ့ ရွှေအိုးတွေ ထွက်ပြူလာပါတယ်။ မင်းကြီးက အသင်၏ ကောင်းမှုကံကြောင့်ရတာ အသင်ပဲယူပါလော့ဟု မိန့်တော်မူပါတယ်။

မဟာဒုက်လည်း အသက်ထက်ဆုံး ကောင်းမှုဒါနတွေပြုလို့ သေလွန်တဲ့အခါ နတ်ပြည်နတ်ရွာသို့ ရောက်ခဲ့ပါတော့တယ်။

မဟာဒုက်လိုပဲ သဒ္ဓါတရားထက်သန်စွာ ဒါနအမှုပြုကြဖို့ ကုသိုလ်စိတ်ညွှတ် ဖော်ပြလိုက်ရခြင်းဖြစ်ပါတယ်။

---

**ကိုမောင်သန်းဝင်း**

---



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



## ဝတ်လွှာရုံမှ

# ပင်လယ်ပျော် ရွှေဗိမာန်ရှင်

အောင်သပြေ

လွန်ခဲ့သော အတိတ်လူ့သမိုင်း၏ အရိပ်အောက်တွင် ဗာရာဏသီပြည်၌ ထူးခြားသော အမျိုးသမီးတစ်ဦး ပေါ်ပေါက်ခဲ့၏။ ထူးခြားသည်ကား သူမ၏ ဆံပင်ဖြစ်၏။

အချိန်ကား ကဿပဘုရားရှင်၏ ရှေ့လက်ထက်တော်အခါဖြစ်၏။ သူမ၏ အမည်မှာ ခလ္လာင်္ဂိယ ဖြစ်၏။ သူ့ကို ခလ္လာင်္ဂိယဟု အများက ခေါ်ကြ၏။ ခလ္လာင်္ဂိယသည် လှ၏။ ရင်သပ်ရှုမော ငေးကြည့်လောက်အောင် ချော၏။ အလှကေရီအလှပိုင်ရှင်ဟု ဆိုထိုက်၏။

မိန်းမမြတ်တို့၏ ငါးရပ်သော ကောင်းခြင်းလက္ခဏာများအနက် ဆံပင်၏ကောင်းခြင်းကား အခြားသူတို့ထက် အလွန်ထူးခြား၏။ ပိတုန်းရောင်ကဲ့သို့ ညိုမှောင်နေသည့်ပြင် အလွန်နူးညံ့၏။ ရှည်လည်းရှည်လျား များလည်းများ၏။ လက်ဖြင့်ဆုပ်လျှင် လက်နှစ်ဆုပ်စာ လောက် ရှိလေ၏။ နောက်သို့ဖြန့်ချလိုက်သော် ခြေသလုံးကို ဖုံးလေ၏။

နွဲ့နွဲ့နှောင်းနှောင်း ဆံကေသာ ကောင်းလှသောကြောင့် အချို့က သူ့ကို "သုကေသီ"ဟူ၍ပင် ဂုဏ်တင်ချီးမ၍ ခေါ်ကြ၏။ သူမ၏အလှကို မိန်းမအချင်းချင်းပင် ငေး၍ကြည့်ရသည်ဖြစ်ရာ အမိုသတ္တဝါကာလသားများ၊ အဖိုကွင်မှု

www.burmeseclassic.com

အဘယ်မှာလျှင် ဆိုဖွယ်ရှိကော့မည်နည်း။ ခလ္လာပဟူသော ခွန်းကျူစကားမှာ ကာလသားများ၏နှုတ်ဖျားတွင် အထူးရေပန်းစားသည့် စကားဖြစ်၏။

ဤလောကကြီး၏ သဘောကား ကရုဏာဖြစ်ရန် လွယ်ကူသလောက် မုဒိတာဖြစ်ရန် ခဲယဉ်းလှ၏။ ထို့ကြောင့်လည်း ခလ္လာငိုယကို ကိုယ့်ထက်သာ၍ မနာလိုသူများ ပေါ်ပေါက်လာကြ၏။

"ဒီကောင်မကြည့်ရတာ ငါတော့ တစ်နေ့တခြား မျက်စိနောက်လာပြီ"

"ညည်းက...သူ့လိုမှ ဆံပင် မကောင်းဘဲ မျက်စိနောက်မှာပေါ့"

"ငါက မနာလိုလို့ပြောတာမဟုတ်ဘူး။ ကြွားလွန်းလို့ အမြင်ကတ်တာ သိလား"

"ကြွားလို့ဟုတ်လား။ ဘယ်လို ကြွားတာလဲအေ့...ပြောစမ်းပါဦး"

"ဘယ့်နှယ်အေ၊ ဆံပင်ထုံးထားလည်း အပြီးသား လုတောင်လုသေး။ ဒီကောင်မက သူ့ဆံပင်ကောင်းကြောင်း မောင်းခတ်ကြော်ငြာသလိုပဲ။ ဆံပင်ကို ဖွားလျားချပြီး လတ်လျားလတ်လျားနဲ့ ငါတယ်လေ...ပြောလိုက်ရ"

ဤကား အမျိုးသမီးတစ်စု၏ စကားဝိုင်းမှ ကွက်ထလာသည့် လှိုင်းဂယက်ဖြစ်၏။ ဤသည်ကို ထောက်သဖြင့် ခလ္လာငိုယအား မနာလိုသူရှိကြောင်း ထင်ရှား၏။

လက်ဆောင်ပစ္စည်းသည် အောင်မြင်ခြင်း၏ လက်နက်တစ်မျိုးဖြစ်၏။ မက်မောလောက်သော လက်ဆောင်ပစ္စည်းနှင့်ခွင်းချက် ဖုံးမှန်သည့်အလားတုံးခနဲ လဲကျသည်က များ၏။

ခလ္လာငိုယ၏ ဆံပင်ကောင်းခြင်းအပေါ် မနာလိုမရှုဆိတ်သူ အမျိုးသမီးတစ်သိုက်က အဆိုပါလက်ဆောင်ဖုံးကို အသုံးပြုလေကုန်၏။ ခလ္လာငိုယ၏ အစေအပါးကျွန်မအား လက်ဆောင်ထိုး၍ ဆံပင်မျိုးပြုတ်အောင် သုတ်သင်ခိုင်း၏။

"ရော့...ဒီဆေးကို ဒီကောင်မ ရေချိုးခေါင်းလျှော်တဲ့အခါ ခေါင်းလျှော်ရည်ထဲ ထည့်မွှေပေးလိုက်။ ဟောဒါက ညည်းအတွက်လက်ဆောင်"

ခလ္လာငိုယ၏ ကျွန်မထံ ဆံပင်ကျွတ်ဆေးကိုအပ်ကာ ဆေးခတ်နည်းကိုပါ အသေးစိတ် ညွှန်ကြားလေ၏။ ကျွန်မမှာ လက်ဆောင်ပစ္စည်းကို ကြည့်ကာ ကြည့်ကာ ပီတိဖြာနေ၏။

တစ်နေ့သောအခါ ခလ္လာငိုယသည် ဂင်္ဂါမြစ်ဆိပ်သို့ ရေချိုးဆင်းလေရာ သူမ၏ အစေခံမလည်းပါလာ၏။ ခလ္လာငိုယမသိအောင် ပေးထားသောဆေးကို ခေါင်းလျှော်ရည်ထဲထည့်မွှေပြီး ခလ္လာငိုယအားပေးလိုက်၏။ ခလ္လာငိုယလည်း ခါတိုင်းကဲ့သို့ပင် ဦးခေါင်းကို ခေါင်းလျှော်ရည်များပွတ်လျှော်၍ ကြေးညှော်သန့်စင်အောင် ရေတွင် ငုပ်တုံပေါ်တုံပြု၏။

ထိုအခါ ဆံပင်တို့မှာ အမြစ်ပါမကျန်ကျွတ်၍ သူ့လက်ထဲ၌ အထွေးလိုက်ပါလာလေကုန်၏။ ဦးပြည့်ခေါင်းတုံး ရွှေခေါင်းပြောင်ဖြစ်သွားလေ၏။

"ဟင်...ဆံပင်...ငါ့ဆံပင်တွေ ကျွတ်ကုန်ပြီ...ကျွတ်ကုန်ပြီ"

ခလ္လာငိုယသည် လက်ထဲ၌အထွေးလိုက်ပါလာသော ဆံပင်ထွေးကို ကြည့်ကာ ငိုမဆုံး ယူကျုံးမရဖြစ်နေလေ၏။

ယခင်အခါက "သုကေသီ" ဟူ၍ ဂုဏ်ယူချီးပင့် အထင်ကြီးတင့်ခဲ့သော ခလ္လာငိုယကား ယခုအခါတွင် ကျီးကန်းအမွေးနုတ်ထားဘိသကဲ့သို့ ဦးပြည့်ခေါင်းတုံးနှင့် လူလုံးမလှဖြစ်သွားလေ၏။ သူမ၏ဦးခေါင်းမှာ ဘူးခါးသီးနှင့် တူနေ၏။ ထို့ကြောင့် ရှက်လှ၍ အိမ်ကို မပြန်ဝံ့တော့။ ခေါင်းပြောင်ကြီးကို အဝတ်ဖြင့် စည်းနှောင်ရစ်ပတ်၍ မြို့ပြင်တစ်နေရာတွင် တိမ်းရှောင်နေရ၏။

တစ်ရက်၊ နှစ်ရက်၊ သုံးရက်။

တစ်သက်လုံး ရှောင်ပုန်းနေ၍ မဖြစ်သောကြောင့် "ငါ့ရဲ့ကံကြမ္မာပေပဲ" ဟူ၍ ဖြေသိမ့်ကာ ခေါင်းတုံးပြောင်ပြောင်နှင့် ဘဝသစ်တစ်ဖြစ်လဲ ခလ္လာငိုယသည် အိမ်သို့ပြန်လာခဲ့၏။ စားဝတ်နေရေး ဘဝအသက်မွေးမှုကလည်း ရှိလေသေးသောကြောင့် ကျပန်းအလုပ်ကို လုပ်ရလေ၏။ ဆီကြိတ်၍ ဆီကုန်သည် ဖြစ်သည့်အခါ ဆီကုန်ကူး၍ အကျိုးအမြတ်မရှိသဖြင့် အရက်ရောင်းသည့် သက်မွေးမှုသံသရာ ချာချာလည်နေတော့၏။

သူ့အဖို့ အရက်နှင့် အကျိုးပေးသလိုဖြစ်နေ၍ အရက်ကို သူ့လက်မလွှတ်ဘဲ ဆုပ်ကိုင်ထား၍ ရောင်းနေ၏။ ထို့ကြောင့် ခလ္လာငိုယအမည်မှာ ပျောက်ခမန်းလုလုဖြစ်ပြီး "အရက်သည်ခေါင်းတုံးမ" ဟု ရေပန်းစားနေ၏။ အရက်သမားများကဆိုလျှင် သူ့ကို "ခေါင်းတုံးမ" ဟူ၍ ခေါ်လာကြ၏။

တစ်နေ့သောအခါ အမူးသမားသုံးယောက်သည် မူးအောက်အောင်



www.burmeseclassic.com

www.burmeseclassic.com

သောက်ကြပြီး သူ့အရက်ဆိုင်ထဲ၌ လဲနေ၏။ ပုဆိုးမနိုင် ပဝါမနိုင်ဆိုသကဲ့သို့ မလုံမလဲဖြစ်နေကြ၏။ ခလ္လာဋိယ၏ ဘဝသည် အပြောင်းအလဲမြန်ဆန်လှ၏။ ရုပ်ဝတ္ထုအနေဖြင့် ဆံပင်ရှည်မှ ရွှေခေါင်းပြောင်ဖြစ်ခဲ့ပြီး ယခု သူမှာ ရုပ်ပိုင်းဆိုင်ရာတွင်သာ ပြောင်းလဲသည် မဟုတ်၊ နာမ်ပိုင်းဆိုင်ရာလည်း ပြောင်းစပြုလာ၏။ စိတ်ကူးမှုမထည့်ခဲ့ဖူးသော ခိုးမှု အဒိန္နာဒါနကံကို သူမ ကျူးလွန်လိုက်ပါပြီကော . . .။

ကိုယ်မလွတ်၍ ကျွတ်လုမတတ်ဖြစ်နေသော အမူးသမားများ၏ ပုဆိုးကို တိတ်တခိုးဝှက်ယူထားပါလေ၏။ သူမ၏ ဘဝတွင် မဖြစ်စဖူး စွန်းထင်းသော အစည်းစက်ကြီးဖြစ်လေ၏။

သို့သော် "ဟယ် . . . ခလ္လာဋိယနင်စိတ်မှကောင်းသေးရဲ့လား" မေးယူရလောက်အောင် ပြောင်းလဲမှုတစ်ရပ် ထပ်၍ဖြစ်လာပြန်၏။ ဤပြောင်းလဲခြင်းကား ကောင်းသော ပြောင်းလဲခြင်း သုစရိုက်ပြောင်းလဲခြင်းဖြစ်၏။ သူမ၏ အိမ်ရှေ့မှ ဆွမ်းခံသော ရဟန္တာတစ်ပါးဖြတ် ကြွသွားသည်ကိုမြင်လေသော် ခလ္လာဋိယ၌ ကြည်ညိုသဒ္ဓါစိတ်များ ဖိတ်ဖိတ်လျှံဖြစ်လာသဖြင့် မိမိအိမ်သို့ ပင့်ကာ နေရာပေး၏။ ရဟန္တာအရှင်မြတ်သည်လည်း ခင်းထားအပ်သောနေရာ၌ ထိုင်နေ၏။ ထိုအခါ ခလ္လာဋိယသည် ဆီဖြင့် ရွှဲရွှဲယိုကျလောက်သော ဆီထွေးမုန့်မျိုးကို အရှင်မြတ်အား ရိုသေစွာ ဆက်ကပ်လှူဒါန်းလေ၏။ အရှင်မြတ်လည်း သူမကို ချီးမြှင့်လိုသောကြောင့် လှူဒါန်းသော ဆီထွေးမုန့်ကို သူမ၏ရှေ့မှောက်တွင်ပင် ဘုဉ်းပေးတော်မူ၏။ အနုမောဒနာပြုလေသောအခါ သူမ၏ဆံပင်များကို သတိရလာသဖြင့် "ဤကောင်းမှုကြောင့် တပည့်တော်၏ ဆံပင်တို့သည် ရှည်လျားနူးညံ့ သွယ်ပြန့်ကော့တက်သော အဖျားရှိသည် ဖြစ်ရပါလို၏" ဟု ဆုတောင်းလိုက်လေ၏။ အသက်အတိုင်းနေ၍ ကွယ်လွန်သောအခါ ခလ္လာဋိယသည် သမုဒ္ဒရာအလယ် ရေညိုရစ်သမ်းလျက်ရှိသည့် ကျွန်းပေါ်တွင် -

ရွှေဗိမာန်နှင့် တစ်ဦးတည်းသော ပြိတ္တာမဖြစ်လာလေ၏။

- ကုသိုလ်နှင့်အကုသိုလ်
- သုစရိုက်နှင့် ဒုစရိုက်
- ဆီထွေးမုန့်လှူခြင်းနှင့် အမူးသမားများ၏အဝတ်ကို ခိုးယူခြင်းဟူသော ကောင်းမှုနှင့်ဆိုးမှုများသည် ဒွန်တွဲကာ သူ့ဘဝအတွက် အဆင်တန်ဆာသဖွယ် ဖြစ်လာလေသည်။
- စေတနာသုံးတန် ဖြတ်၍ ရဟန္တာအရှင်မြတ်အား ဆီထွေးမုန့်ဆွမ်းကပ်လှူဒါန်းခဲ့သော ကောင်းမှုကြောင့် ရွှေဗိမာန်တွင်စံစားရသော်လည်း အရက်မူးသူတို့၏ အဝတ်ပုဆိုးကို ခိုးယူခဲ့သောကြောင့် အဝတ်အထည် ထဘီမရှိဘဲ ကိုယ်လုံးတီးပြိတ္တာမအဖြစ်ဖြင့် နေရလေသတည်း။

ကဿပဘုရားရှင်နှင့် ဂေါတမဘုရားရှင်ဟူသော ဘုရားနှစ်ဆူတို့၏ အကြား ရှည်လျားလှစွာသော ကာလပတ်လုံး ရွှေရောင်ဝန်းရံသည့် ရွှေဗိမာန်ပေါ်တွင် အဝတ်အစည်လွှာ ကိုယ်မှာ မကပ်သည့် ပြိတ္တာမအဖြစ် ဘာကြောင့်ဖြစ်ရလေသနည်း။

ကာလအချိန် ပြက္ခဒိန်များသည် တရိပ်ရိပ်ရွေ့လျားနေ၏။ မှောင်ထုကြီးအောက်သို့ ကျရောက်နေသော ကမ္ဘာကြီး အမှောင်ကိုခွင်းလျက် လင်းရောင်ခြည်ကြီး ပေါ်ထွန်းလာပေ၏ . . .။ ထိုအလင်းရောင်ကား ဂေါတမဘုရားဖြစ်လေသတည်း။

လောကသုံးပါးတွင် ဂေါတမရှင်တော်မြတ်ဘုရား ပွင့်ထွန်းတော်မူလာပြီး အဝိဇ္ဇာအမှောင်အတွင်းမှ သတ္တဝါများကို ကယ်တင်လျက်ရှိနေ၏။ ယခုအချိန်တွင်မှ သာဝတ္ထိပြည်ဇေတဝန်ကျောင်း၌ ဘုရားရှင်သည် သီတင်းသုံးလျက်ရှိနေ၏။

ထိုအခါ သာဝတ္ထိပြည်သား ကုန်သည် ခုနစ်ရာတို့သည် ခရီးထွက်ရန် ပြင်ဆင်နေကြရာ ထိုကုန်သည်များအနက်တွင် ဘုရားရှင်ကို ကြည်ညိုကိုးကွယ်သော ဥပါသကာ ကုန်သည်များလည်း ပါဝင်၏။ ထိုကုန်သည်တို့ကား ခရီးမထွက်မီ ဘုရားကျောင်းတော်သို့ သွားရောက်၍ ဗုဒ္ဓဘုရားရှင်အား ဖူးမြော်ကြကုန်၏ . . .။ ကူသန်းရောင်းဝယ်မှုအတွက် သူတို့ထွက်ခွာကြမည့်ခရီးမှာ ရေကြောင်းခရီးဖြစ်၏။ သုဝဏ္ဏဘူမိတိုင်းသို့ ရွက်သင်္ဘောဖြင့် ဦးတည်ထွက်ခွာကြမည် ဖြစ်လေသည်။

သမုဒ္ဒရာပင်လယ်ပြင်ကြီးကား ကျယ်ဝန်းလှဘိစွ။ မျက်စိတစ်ဆုံးကြည့်သော်လည်း ကမ်းကိုမမြင်ရ။ သာဝတ္ထိပြည်သား ကုန်သည်များ၏ သုံးပင်တိုင်ရွက်သင်္ဘောသည် လေပြင်းမုန်တိုင်း၏ တိုက်ခတ်ခြင်းဒဏ်ချက်ကြောင့် လှိုင်း



www.burmeseclassic.com

www.burmeseclassic.com

လုံးကြီးများကြားဝယ် ကျွဲကဲ့သို့လူးနေ၏။ အချို့ရွက်တို့မှာလည်း လေပြင်းတိုက်ခတ်သဖြင့် စုတ်ပြတ်ကုန်လေ၏။ သို့သော် သူတို့၏ကံကြမ္မာကား အဆိုးဝါးဆုံးသော အခြေအနေသို့မရောက်။ အတန်ကြာသော် မုန်တိုင်းများ စဲသွားသောကြောင့် လှိုင်းလုံးများကြားတွင် လူးနေသောထိုသင်္ဘောမှာ တည်ငြိမ်စပြုလာ၏။ သုဝဏ္ဏဘူမိတိုင်းဆီသို့ ရှေးရှုခုတ်မောင်းနေ၏။

ရွက်သင်္ဘောသည် ပြာလဲ့လဲ့ပင်လယ်ပြင်တွင် လှိုင်းလေငြိမ်သဖြင့် ညင်သာစွာသွားနေ၏။ သင်္ဘောဦးပိုင်းအလံတိုင်တွင်ရပ်လျက် ကုန်သည်သုံးလေးယောက်တို့သည် ရှေ့သို့ကြည့်ကာ စကားတပြောပြောနှင့် လိုက်ပါလာ၏။

ထိုစဉ် "ဟိုးရှေ့က ညိုညိုဟာ" ဟု တစ်ဦးက ညွှန်၍ပြောကာ တစ်ဦးက ထင်ကြေးပေး၏။ "ကျွန်းလား၊ ပင်လယ်ကမ်းရိုးတန်းလားမသိဘူး"

"ပင်လယ်ကမ်းရိုးတန်းတော့ · · မဟုတ်နိုင်ဘူး။ ပင်လယ်ကမ်းရိုးတန်းဆိုရင် ဒီလို စုစုကလေးမဟုတ်ဘူး။ ကျွန်းပဲဖြစ်ဖြစ်၊ ကမ်းရိုးတန်းပဲဖြစ်ဖြစ်၊ ဘာပဲဖြစ်ဖြစ် တို့အပန်းဖြေဖို့တော့ရပြီ"

ကုန်သည်အချင်းချင်း ရှေ့တူရူကိုကြည့်ကာ ဝမ်းသာနေကြသည်။ စင်စစ်သူတို့မြင်ရသော မြင်ကွင်းကား ပင်လယ်ကမ်းရိုးတန်းမဟုတ်။ ခလ္လာဋိယပြိတ္တာမနေထိုင်ရာ ရေညှိဝန်းသည့်ကျွန်း ဖြစ်လေသည်။ ထိုကျွန်းပေါ်၌ ရွှေတောင်ပေါက်သကဲ့သို့ ရွှေရောင်တဝင်းဝင်း တလှုပ်လှုပ်နှင့် ရွှေပြာသာဒ်ကြီးရှိ၏။ ထိုရွှေဗိမာန်၏ပိုင်ရှင်ကား ခလ္လာဋိယ ဖြစ်၏။

ရွှေဗိမာန်ရှင် ရွှေဘုံပျံတွင် စံရသော သခင်မဖြစ်သော်လည်း သူ့ခမျာ ပျော်မွေ့ခြင်းမရှိချေ။ အဘယ်မှာလျှင် ပျော်နိုင်ပါမည်နည်း။ သူမအဖို့တွင်မူ ရေလယ်ကောင်တွင် ရွှေပြောင်ပြောင်ဗိမာန်ကြီးနှင့် နေရစေကာမူ အဖော်မရှိ တစ်ကိုယ်တည်းသာနေရသဖြင့် မပျော်နိုင်။ တငြီးငြီးငွေ့ငွေ့နှင့်သာ နေလာခဲ့ရာ ကြာပြီဖြစ်၏။ ထို့ကြောင့် ခလ္လာဋိယပြိတ္တာမသည် အမြဲတစေ အဖော်ကို တောင့်တကာနေရ၏။

အံ့ဖွယ်ကောင်းသည်ကား သူ့ဘဝ၊ သူ့အဖြစ်။

သူမ၏ မျက်နှာအဆင်းမှာဝင်နေ၏။ လှနေပါ၏။ အံ့ဩလောက်အောင် မျက်စိကို တုတ်ထောက်ကြည့်ရလောက်အောင် ချောသည်ကားမှန်ပါ၏။ သို့သော် သူမမှာ ထဘီမပါ၊ အင်္ကျီမပါ။ ကိုယ်တုံးလုံးဖြစ်နေ၏။ အရှက်ကိုလုံအောင် မည်းမှောင်၍ရှည်လျားသော ဆံပင်များဖြင့် ဖုံးထားရရှာလေ၏။ ရွှေဗိမာန်နှင့် လားလားမျှမတန်။ သို့ပါလျက် ရေလယ်ကျွန်းက ရွှေဗိမာန်ရှင်သခင်မဖြစ်နေသည်မှာ အံ့ဖွယ်ကောင်းလေစွ။ ခလ္လာဋိယသည် ရွှေဗိမာန်ပေါ်မှ ရှေ့တူရူသို့ မျှော်ကြည့်လျက်ရှိစဉ် သူမ၏မျက်တောင်များသည် တဖျပ်ဖျပ်ခတ်ပြီး ရှေ့သို့ အာရုံစူးစိုက်စွာ ကြည့်လိုက်မိလေ၏။

"ဟာ · · · သင်္ဘော · · · သင်္ဘော ငါလူနဲ့တွေ့ရတော့မယ်"

ခလ္လာဋိယမှာ အတိုင်းမသိ ဝမ်းသာစွာ သင်္ဘောကိုစောင့်ကြိုလေ၏။

"ငါ့ကျွန်းသို့ ဆိုက်ပါစေသား" ဟူ၍လည်း တဖွဖွတောင့်တနေမိလေ၏။

ကျွန်းညိုညိုတွင် ကွန်းခိုလိုကြသော ကုန်သည်တို့၏ဆန္ဒလည်း ပြည့်ဝလေပြီး လူနှင့်မတွေ့ရ၊ လူသားကိုမမြင်ရသည်မှာ နှစ်ပရိစ္ဆေဒကြာညောင်းပြီဖြစ်၍ လူနှင့်တွေ့လိုသောဆန္ဒ ခလ္လာဋိယ၏တောင့်တမှုသည်လည်း ပြည့်ဝသွားလေပြီ။ ကုန်သည်တို့၏ ရွက်သင်္ဘောသည် ထိုကျွန်းသို့ ဆိုက်မိလေပြီတည်း။

သို့သော် · · ·

ကုန်သည်တို့သည် သင်္ဘောမှနေ၍ ကုန်းပေါ်သို့မော်ကြည့်ကြသောအခါ ရွှေဗိမာန်ကြီးထဲတွင် ဆံပင်ဖားလျားနှင့် ပုံသဏ္ဍာန်ကို မပြတ်မသား ဝိုးဝိုးဝါးဝါး မြင်ရသဖြင့် အံ့အားသင့်ကုန်လေ၏။

"လူလား · · · နတ်လား · · · တစ္ဆေလား · · · သရဲလား"

ဝမ်းသာဖို့နေနေသာသာ မြင်ရသော ဆံပင်ဖားလျား ဝိုးတဝါးထင်မိအာရုံကြောင့် လန့်ကြကုန်၏။ အဏ္ဏဝါနဒီ မြစ်ရေနစ်၍မသေ၊ ဒီကျွန်းရောက်မှ အူပေါက်၍ သေကုန်တော့မည်။ ကြောက်ရွံ့ပြီး နောက်ဆုတ်သူဆုတ်၊ ရုတ်ရုတ်သဲသဲ ဖြစ်ကြ၏။

ခလ္လာဋိယမှာလည်း ကုန်သည်များအား ဝမ်းပန်းတသာ ထွက်၍နှုတ်ဆက်ချင်၏။ တွေ့ချင်၏။ မမြင်ရသည်မှာကြာပြီဖြစ်သော လူသားတို့၏အသွင်ကို မြင်ချင်၏။ သို့သော် အဝတ်မပါ ဗလာကိုယ်တုံးလုံးဖြစ်နေ၍ အပြင်သို့ မထွက်ဝံ့၊ မတွေ့ဝံ့။

"ဗိမာန်သခင် အို · · ရှင်၏ အပြင်



www.burmeseclassic.com

www.burmeseclassic.com

ကို ကွက်ခဲ့ပါလော့"

ကုန်သည်များက သဘော်ပေါ်မှ တကြော်ကြော်ဒေ ၁ဲ၍ ခေါ်သောအသံကို ကြား၍သလေ ခလ္လာဋ္ဌိယမှာ စိတ်ဆင်းရဲလေလေဖြစ်နေ၏။ "ဘာပဲဖြစ်ဖြစ် ထွက်ပြီးတွေ့မယ်"ဟူ၍ ခြေကိုလှမ်းလိုက်သောအခါ ဆံပင်များဖြင့် အုပ်ဖုံးထားသည့်ကြားမှ သူ့ပေါင်သားက ဖွေးခနဲပေါ်လာသောကြောင့် ရှုံ့သွား၏။ ထွက်ရမှာကို ရှက်နေလေ၏။ ကုန်သည်များသည် သူထွက်များ လာလေမည်လားဟူ၍လည်း လည်တံတမော့မော့နှင့် ဗိမာန်ပေါ်သို့ မော့ကြည့်နေစဉ် ဗိမာန်ပေါ်ကပြောသောအသံကို သဲ့သဲ့ကြားရလေ၏။

"ထဘီမပါ ကိုယ်တုံးလုံးဖြစ်နေပါ၍ ကျွန်မ အပြင်မထွက်ဝံ့ပါဘူးရှင်"

ထိုအသံကြောင့် အားလုံး အံ့ဩကုန်ပြန်လေ၏။

"ဟယ်···ကိုယ်တုံးလုံးကြီးဆိုပါကလား"

ကိုယ်တုံးလုံးဆိုသော အသံကြားလေသော် အချို့ကုန်သည်တို့သည် အချင်းချင်း တိုးကာဝှေ့ကာ ဗိမာန်ပေါ်သို့ မျှော်ကြည့်လေကုန်၏။ အချို့ကမူ ကရုဏာသက်မိကာ မေတ္တာရင်းဖြင့် မိမိတို့၏ အင်္ကျီပုဆိုးများကို ဗိမာန်ပေါ်သို့ ပစ်၍ပေးကြကုန်၏။

"အို···ဗိမာန်ရှင်မ၊ ဤအဝတ်များကို ဝတ်ပါလော့။ ဝတ်၍ထွက်ခဲ့ပါလော့"

ဤသို့အော်ပြောရင်း အင်္ကျီ ပုဆိုးများကို ပစ်ပေးကြကုန်၏။ ပစ်ပေးကြကုန်လေသော် ခလ္လာဋ္ဌိယသည် -

"ငါ လူသားများနှင့် တွေ့ရတော့မည်"ဟူ၍ ပီတိဖုံးသောအပြုံးဖြင့် ပစ်ပေးလိုက်သည့် အဝတ်များကို လှမ်းယူလေ၏။ သို့သော် အဝတ်များကို စိတ်ကယူသော်လည်း လက်ကမူ မလှုပ်။ စိတ်ကမူ အင်္ကျီ ပုဆိုးများကို ယူချင်သော်လည်း ရုပ်ဝတ္ထုဖြစ်သော သူ့လက်များကမူ နာခံခြင်းမရှိ၊ ငြိမ်နေ၏။ "ငါ့နှယ် ကံဆိုးလိုက်လေခြင်း" ဤသို့ ညည်းတွားခြင်းမှတစ်ပါး သူသည် မည်သို့တတ်နိုင်လေမည်နည်း။ ခလ္လာဋ္ဌိယအနေဖြင့် လူသားများနှင့်တွေ့ရန် ကြံ့တောင့်ကြံ့ခဲဖြစ်လာသော ဤအခွင့်အရေးကြီးကို လက်လွှတ်မခံချင်။ ယောကျ်ားသားတွေရဲ့ရှေ့ကို ကိုယ်တုံးလုံးနှင့်ထွက်ပြရမှာလည်း ရှက်နေပြီး အခက်ကြုံနေပေ၏။ "ငါ ဘယ်လိုလုပ်ရပါမည်လဲ" ခလ္လာဋ္ဌိယသည် အပြန်ပြန်အလှန်လှန်စဉ်းစားကာ အကြံထုတ်ရ၏။ သူမသည် အကြံရလာသဖြင့် ကုန်သည်များထံ ဗိမာန်ပေါ်မှနေ၍ ဤသို့ စကားပြန်လေသတည်း။

"ဦးကြီးတို့၊ မောင်ကြီးတို့···ကျွန်မအား ကရုဏာရှေ့ထား၍ အဝတ်အစားများပေးသည့်အတွက် ဝမ်းသာလှပါ၏။ ကျေးဇူးတင်မဆုံးဖြစ်ရပါ၏။ သို့သော် ကျွန်မအား အကုသိုလ်က ဒဏ်ခတ်ထားသဖြင့် ထိုအဝတ်များကို ကျွန်မလက်ဖြင့်မယူနိုင်ပါ။ ထိရုံမျှပင် မထိနိုင်ပါ"

ထိုစကားကိုကြားရလျှင် ကုန်သည်တို့သည် အချင်းချင်းကြည့်ကာ ဗိမာန်ရှင်အား ပို၍သနားမိကြ၏။

"ဦးကြီးတို့၊ မောင်ကြီးတို့ ပေးသော အဝတ်အစားများကို ကျွန်မအနေဖြင့် ရယူခံစားနိုင်သောနည်းလမ်းမှာ ဦးကြီးတို့အထဲတွင် ရတနာသုံးပါးကို လှိုက်လှိုက်လှဲလှဲ ကြည်ညိုသူ ပါရှိပါလိမ့်မည်။ ကျွန်မကိုပေးသော ဤအဝတ်များကို ထိုသူအားပေးပါကုန်၊ ပူဇော်ကြပါကုန်။ ပေးလှူပူဇော်ကြပြီး ကျွန်မကိုရည်ညွှန်း ရေစက်သွန်းချ၍ အမျှပေးဝေကြပါကုန်။ ဤသို့ပြုလျှင် ထိုကုသိုလ်အဖို့ဘာဂကို ကျွန်မရရှိ၍ ကောင်းကျိုးချမ်းသာကို ခံစားရပါလတ္တံ့။ ကျွန်မအား ချီးမြှောက်လိုလျှင် ထိုဥပါသကာအား ပူဇော်ပြီး အမျှပေးဝေကြပါကုန်လော့"

ကုန်သည် ၇၀၀ တို့တွင် ရတနာသုံးပါးအား လှိုက်လှိုက်လှဲလှဲ ကြည်ညိုဆည်းကပ်သူ ဥပါသကာတစ်ဦး ပါရှိလေ၏။ ကုန်သည်တို့သည် ထိုဥပါသကာအား ရေချိုးစေကာ နံ့သာတို့ဖြင့် လိမ်းကျံစေပြီးလျှင် ဗိမာန်ရှင်မ ညွှန်ပြသည့်အတိုင်း ယင်းအဝတ်အစားများကို ထိုဥပါသကာအား ပူဇော်ကြပြီး အမျှပေးဝေခြင်းအမှုပြုကြလေသော် ဗိမာန်ရှင် ခလ္လာဋ္ဌိယပြိတ္တာမသည် "သာဓု" ခေါ်နေဆဲမှာပင် ကာသိတိုင်းဖြစ်သော အဝတ်အသစ်ထက်ပင် ကောင်းမြတ်သော အဝတ်ထဘီများကို ဝတ်ဆင်ရပြီးလျှင် ကိုယ်ရောင်ကိုယ်ဝါဖြင့် ဒေဝစ္ဆရာနတ်ကညာအလား ဖြစ်သွားလေတော့သတည်း။


အောင်သပြေ

ကျမ်းကိုး ။ ။ အဋ္ဌကထာ ဥရုဒေါင်



www.burmeseclassic.com

www.burmeseclassic.com



# ပါရမီဖြည့်ကျင့် ဆောင်ရွက်ချက်

## သောင်းညာဏ်(ပန်းတော်ကျွန်း)

လောက၌ ပုထုဇဉ်လူသားတို့မှာ တဏှာပေမ၊ ကာမဂုဏ်အာရုံတို့နှင့် မလွတ်ကင်းနိုင်ကြပေ။ လူတို့သည် သံယောဇဉ်၊ အချစ်၊ အမုန်း၊ အလွမ်း၊ အဆွေး၊ အပျော်၊ အကြည်၊ အသောအမော အာရုံများကို တစ်မျိုးစီခံစားကြရင်း ဘဝခရီးကို နှင်နေကြရပါသည်။ မြတ်ဗုဒ္ဓဘုရားရှင်သည်ပင် အဆိုး၊ အကောင်း အာရုံမျိုးစုံဖြင့် ဘဝအထွေထွေတွင် ပါရမီတိုးမြှင့်ဖြည့်ကျင့်ခဲ့ရကြောင်း ဗုဒ္ဓဟောကြားတရားတော်များ ထင်ရှားရှိပါသည်။ သံသရာအဆက်ဆက် ဗုဒ္ဓလောင်းလျာနှင့်အတူ ကောင်းမှုပြု၍ သော်လည်းကောင်း၊ မကောင်းမှုပြု၍သော်လည်းကောင်း ပါရမီဖြည့်ဖက်အဖြစ် ဆောင်ရွက်ခဲ့ကြသည့်သူများလည်း ရှိခဲ့ကြပေသည်။ နောက်ဆုံးဘဝတွင် ဘုရားရှင်၏ တရားရေအေးအမြိုက်ဆေး တိုက်ကျွေးခြင်းအကျိုးကို ခံစားရပြီး အေးငြိမ်းရာအမှန် မြတ်နိဗ္ဗာန်သို့ စံမြန်းသူများစွာရှိသကဲ့သို့၊ အပါယ်ဘုံများသို့ ရေးရှုရာအမှုကို ပြုကျင့်ကြပြီး တန်ရာ သင့်ရာဘုံဘဝသို့ ရောက်သူများလည်း အမြောက်အမြားရှိခဲ့ကြောင်းကို ဗုဒ္ဓတရားတော်များကို နာကြားဖတ်မှတ်သူတိုင်း သိမြင်ကြရပါသည်။

ယနေ့အချိန်တွင် ရဟန်းသံဃာတော်များစွာတို့သည် ရဟန်းဒုက္ခငြိမ်း အေးရန်၊ ရဟန်းကိစ္စပြီးမြောက်ရန် စသည့်ကိစ္စများကို ကျင့်ကြံအားထုတ်တော်မူကြသည်သာမက မြတ်ဗုဒ္ဓသာသနာ၊ မြတ်ဗုဒ္ဓတရားတော်များ စည်ပင်ထွန်းကား အဓွန့်ရှည်တည်တံ့စေရန် မေတ္တာစေတနာမွန်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြသည်ကို လူတိုင်း မျက်မြင်သိရှိကြပြီး ဖြစ်ပါသည်။ ဗုဒ္ဓတရားတော်များကို လူမျိုးလူတန်းစားမရွေး နာကြားဖတ်မှတ် နားလည်လိုက်နာကျင့် ဆောင်တတ်စေရန် ဘာသာစကားအမျိုးမျိုး၊ စာပေအရေးအသား အသွင်သဏ္ဍာန်မျိုးစုံတို့ဖြင့် ကြိုးပမ်းဟောကြား ရေးသားတော်မူကြသော သံဃာတော် အရှင်သူမြတ်များ၊ လူပုဂ္ဂိုလ်ပညာရှိ ကဝိအဆူဆူတို့ မြောက်မြားစွာရှိကြပါသည်။ နောင်ပွင့်တော်မူမည့် ဘုရားအလောင်းတော်သည်ပင် ယနေ့အချိန်၌ တစ်နည်းတစ်ဖုံ ပါရမီဖြည့်ကျင့်လျက် ရှိနေလိမ့်မည်ဟု ထင်မိပါသည်။ ယခု လက်ရှိဘဝတွင် တွေ့ကြုံဆုံတွေ့ကာ အသီးသီးဆောင်ရွက်နေကြသည့် လူသားပုဂ္ဂိုလ်မျိုးစုံတို့သည်လည်း မိမိတို့ကြုံရာ[illegible]ရာကဏ္ဍမှ အချင်းချင်းပါရမီဖြည့်ကျင့် ဆောင်ရွက်[illegible]များကို



www.burmeseclassic.com

www.burmeseclassic.com

ကောင်းမှု၊ မကောင်းမှုများဖြင့် ပြုကျင့်နေကြပါသည်။ ဤကဲ့သို့ ၎င်း သံသရာလည်ပတ်ရသဖြင့် ပါရမီဖြည့်လာခဲ့ရသည်မှာ ဘဝပေါင်းမည်မျှ ရှိခဲ့ကြလေမည် မသိနိုင်ချေ။ နောင်လည်း ဆက်လက်လျှောက်လှမ်း နေကြရဦးမည် ဖြစ်ပေသည်ဟု တွေးနေမိပါသည်။

လူဆိုသည်ကား တစ်ဦးတစ်ယောက်တည်း နေ၍မရနိုင်ပေ၊ လူ့အဖွဲ့အစည်း ကြီးငယ်အလိုက် အနည်းအများ စုဝေးနေထိုင်ကြရပါသည်။ မိသားစုဖြစ်စေ၊ အသင်းအဖွဲ့ဖြစ်စေ ကိုယ်စွမ်းဆောင်နိုင်သည့် စွမ်းရည်ကိုယ်စီဖြင့် အများအကျိုး၊ ကိုယ့်အကျိုးအတွက် ဆောင်ရွက်ကြရပါသည်။ လူတို့၏ လိုအပ်သော စားဝတ်နေရေး၊ လူမှုကိစ္စရေးရာ ပြဿနာများကို အချင်းချင်း ပေါင်းသင်းဆက်ဆံ၍ အတူတွဲလျက် ပါရမီဖြည့်ကျင့်ဆောင်ရွက်ကြရာဝယ် သင့်တင့်မျှတသော ကိုယ်စိတ်နှစ်ပါးဆိုင်ရာ တွေးခေါ်မြော်မြင်၊ ချစ်ခင်လေးစားခြင်းဖြင့် အောင်မြင်တိုးတက်မှုကို ရှေးရှုဆောင်ရွက်ကြခြင်းသည်ပင်လျှင် အဆင့်ဆင့် ပါရမီတိုးမြှင့် ဖြည့်ကျင့်ခြင်းမည်ပေသည်ဟု တွေးမိကာ ယူဆနေပါသည်။

ယနေ့အချိန်၌ လူတို့သည် ဘာသာရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု အနုပညာရေးရာအဖြာဖြာ စသည်ဖြင့် နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှု အရေးကိစ္စဟူသမျှ မြင့်မားတိုးတက်လာအောင် နည်းပညာမျိုးစုံတို့ကို အသုံးချ၍ ပြုလုပ်ဆောင်ရွက်နေသော ကာလဖြစ်ပါသည်။ မည်သည့် အရေးကိစ္စ၊ မည်ကဲ့သို့ အခန်းကဏ္ဍတွင်မဆို အစုအသင်းအဖွဲ့အစည်းအလိုက် စီမံကိန်းဖြင့် ဆောင်ရွက်ကြရာတွင် လူ့စွမ်းအား၊ ငွေကြေးစွမ်းအား၊ ရုပ်ဝတ္ထုပစ္စည်းစွမ်းအား၊ စိတ်ဓာတ်စွမ်းအားတို့မှာ အရေးကြီးသော အထောက်အကူများ ဖြစ်ပေသည်။ စိတ်ဓာတ်စွမ်းအား မြင့်မားပြည့်စုံမှသာ လူ့စွမ်းအားကို အပြည့်အဝအသုံးချနိုင်ပြီး ငွေကြေး၊ ရုပ်ဝတ္ထုစွမ်းအား ပံ့ပိုးထောက်ကူမှု၏ အကျိုးကို ဖြစ်ထွန်းစေနိုင်မည်ဟု ယုံကြည်မိပါသည်။ ထို့ကြောင့် လူတို့၏အချင်းချင်း ပါရမီဖြည့်ကျင့်ဆောင်ရွက်ချက် စွမ်းအားညီမျှနိုင်အောင် တွေးခေါ်မြော်မြင်အသိယှဉ်၍ သတိထားဆင်ခြင်သင့်ပေသည်။ လူသားတိုင်းမှာ ကိုယ်ရောစိတ်ပါ ကောင်းမွန်ရေးအတွက် တင်းပြည့်ကျပ်ပြည့် ကိုယ်ကျင့်တရားများနှင့် အံကျပုံသွန်းထားသော ကျောက်ဆစ်ရုပ်တုအသွင် မဖြစ်နိုင်သည်ကို သတိထားလေ့လာချင့်ချိန်ကြည့်သော အလေ့အကျင့် ပြုလုပ်သင့်ပါသည်။

လူတို့၏ ကိုယ်ခန္ဓာတွင် ရောဂါကင်းနိုင်သော အချိန်ရှိသော်လည်း စိတ်ပိုင်းဆိုင်ရာရောဂါမှာ အချိန်နှင့်အမျှ ရှိနိုင်သဖြင့် အချိန်မရွေး စိတ်ရောဂါတစ်ခုခု ပြင်းထန်လာနိုင်သည်ကို သတိထားသင့်ပါသည်။ လူတို့၌ "သည်းခံကင်းကွာ၊ ကြံကာကြောက်မှု၊ စွဲပြုကျိုးနည်း၊ လွန်လွဲတွေးသိ၊ သတိမေ့လျော့၊ ပေါ့ဆထင်တွေး၊ မှိုင်ငေးတွေဝေ၊ ပျင်းရိချေ" ဟူသော စိတ်ရောဂါရှစ်မျိုးရှိကြောင်း ပညာရှိများ မိန့်ကြားခဲ့သည်ကို ဖတ်မှတ်ဖူးပါသည်။ မည်သည့်ရောဂါမျိုးကိုမဆို ကိုယ်ပိုင်အသိပညာ ဉာဏ်စွမ်းရည်ဖြင့် ကြိုတင်ကာကွယ်နိုင်၊ ထောက်ကူပံ့ပိုးမှု ရယူကုသနိုင်ပါသည်။ "ရောဂါပျောက်ချင် သိမြင်ရောဂါ၊ ကြောင်းရာထင်ရှား၊ ဆေးဝါးမှီဝဲ၊ ရှောင်လွှဲမတော်၊ သင့်လျော်ယှဉ်ပေါင်း၊ မိတ်ကောင်းရှိစေ၊ ကြိုးစားပေ၊ ရှစ်ထွေရောဂါ ပျောက်ကြောင်းတည်း" ဟူသော ပညာရှိတို့၏ ရောဂါကုနည်းစာဆိုအလိုကို လေ့လာမှတ်သား သတိထားဆင်ခြင်ပါက လူတို့ခံစားရသော ကိလေသာအပူများ လျော့ပါးစေလျက် စိတ်ဓာတ်စွမ်းအား မြင့်မားပြီး ကိုယ်ရောစိတ်ပါ ကျန်းမာချမ်းသာမှုကို ခံစားရစေပါမည်။ သို့မှသာ ပါရမီဖြည့်ကျင့် ဆောင်ရွက်ချက်များ အောင်မြင်နိုင်၊ ကြီးပွားတိုး တက်နိုင်ပေမည်ဟု တွေးဆမိပါသည်။

စိတ်ရောဂါသည် အချိန်မရွေး ဝင်လာတတ်ပြီး စိတ်ဓာတ်စွမ်းအားကို ထိပါးစေနိုင်သဖြင့် ပါရမီဖြည့်ကျင့် ဆောင်ရွက်ချက်များကို ပြဿနာဖြစ်စေကြောင်း ကြားဖူးနားဝရှိခဲ့ရသည်ကို သတိရမိပါသည်။ ကိုလိုနီနယ်ချဲ့ခေတ် တစ်ချိန်၌ လူမျိုးခြား နယ်ချဲ့အစိုးရအုပ်စိုးသော နိုင်ငံတစ်နိုင်ငံတွင် တာဝန်ထမ်းဆောင်ရသော နိုင်ငံသားပညာရှင် ဝန်ထမ်းများရှိပါသည်။ တစ်နေ့တွင် အုပ်ချုပ်သူလူမျိုးခြားအရာရှိထံသို့ အုပ်ချုပ်ခံနိုင်ငံသားဝန်ထမ်း ပညာရှင်တစ်ဦးက အလုပ်ကိစ္စအတွက် သွားရောက်တွေ့ဆုံရပါသည်။ ထိုအခါ အရာရှိသည် ကုလားထိုင်မှီထိုင်၍ ရှေ့စားပွဲပေါ် ခြေဆန့်တင်လျက် တွေ့ရပါသည်။ ဝန်ထမ်းဝင်လာသည်ကို မြင်လျက်နှင့် ခြေထောက်ကိုမချဘဲ စကားပြောဆိုလေသည်။ ထိုအခါ လူမျိုးခြားအုပ်ချုပ်သူအရာရှိ၏ လူအချင်းချင်း မလေးစားသော အပြုအမူကြောင့် တာဝန်ထမ်းဆောင်သူ ပညာရှင်၌ စိတ်ရောဂါတစ်မျိုး ခံစားခဲ့ရပါသည်။ နောင်တစ်ချိန်တွင် ထိုဝန်ထမ်းပညာရှင်၏အကူ



www.burmeseclassic.com

www.burmeseclassic.com

အညီလိုအပ်သဖြင့် အရာရှိက အမိန့်အာဏာသုံး၍ ဆင့်ခေါ်သောအခါ ဝန်ထမ်းက မသွားဘဲနေလေသည်။ အရာရှိမှာ ထိုပညာရှင်ဝန်ထမ်းနှင့် မတွေ့မဖြစ် တွေ့ဆုံပြောဆိုမှ အဆင်ပြေမည့်ကိစ္စဖြစ်၍ ကိုယ်တိုင်သွားရောက်ရလေသည်။ ဝန်ထမ်းသည် ယခင်တစ်ချိန်က အရာရှိထိုင်နည်းမျိုးဖြင့် ကြိုဆိုလေရာ အရာရှိက ဝန်ထမ်းအား မရိုမသေဆက်ဆံမှုဖြင့် တရားစွဲဆိုပါတော့သည်။ အမှုစစ်ဆေးသောအခါ ဝန်ထမ်းက ထိုအရာရှိထံသို့ မိမိသွားရောက်စဉ်က မိမိအားကြိုဆိုနည်းမှာ အရာရှိတို့ နိုင်ငံကြီးသားယဉ်ကျေးမှုဖြစ်လိမ့်မည်ဟု ယူဆမိသဖြင့် မိမိသည်လည်း အုပ်ချုပ်သူ လူမျိုးခြားအရာရှိကဲ့သို့ပင် ကြိုဆိုသင့်သည်ဟု တွေးတောဆုံးဖြတ်ကာ စားပွဲပေါ် ခြေဆန့်တင်ထိုင်နည်းနှင့် ကြိုဆိုခဲ့ကြောင်း ရဲဝံ့စွာချေပလေတော့သည်။ ထိုပညာရှင်ဝန်ထမ်းသည် သူ၏စိတ်ရောဂါကို သတိထားကုစားနိုင်သည့် စိတ်ဓာတ်စွမ်းအားရှိသူဖြစ်၍ ပညာဉာဏ်ဖြင့် ဆင်ခြင်ကာ ထိထိမိမိကုသခဲ့ခြင်း ဖြစ်ပေသည်ဟု ချီးကျူးမိရပါသည်။

လောက၌ အချင်းချင်း ပါရမီဖြည့်ကျင့် ဆောင်ရွက်ချက်တို့တွင် လူ့အဖွဲ့အစည်းတိုင်း၌ အသက်အရွယ်၊ ရာထူးဂုဏ်ရှိန်၊ စီးပွားဥစ္စာ၊ ဉာဏ်ပညာစွမ်းရည် မညီမျှနိုင်ပေ။ အနိမ့်၊ အလတ်၊ အမြတ်ဟူ၍ အရည်အချင်း အချိုးအစားအလိုက် သင့်တော်မျှတသော စိတ်ဓာတ်စွမ်းအား ဖောင်းမွန်စေရန် မှန်သောအတွေး၊ ကြည်လင်သောအမြင် ရှိရပေမည်။ လူသားတိုင်းသည် ခံစားမှုများ၊ အတွေးအခေါ်များ၊ ဘဝရည်မှန်းချက်များ ကိုယ်စီရှိကြသည်ကို သတိပြု၍ ကိုယ်ချင်းစာ သည်းခံညှာတာခွင့်လွှတ်စိတ်ဖြင့် အချင်းချင်း အပြန်အလှန် အကျိုးပြုနိုင်အောင် သင့်တော်မျှတ ဆောင်ရွက်ကြရပါမည်။ လူတို့သည် မတူညီသော အညွှန်းခံစိတ်ဖြင့် မိမိပြုချင်သလို ပြုကျင့်ကြခြင်းမဟုတ်၊ ပတ်ဝန်းကျင်ရှိ တစ်ပါးသူများက မည်သို့ပြုမှုတုံ့ပြန်ရန် တောင်းဆိုသနည်းဟူသော အခြေအပေါ်မူတည်ကာ တုံ့ပြန်ကြခြင်းသာ ဖြစ်ပေသည်ဟု စိတ်ပညာရှင်တို့ မိန့်ဆိုသည်ကို ဖတ်မှတ်ဖူးပါသည်။ လူတို့ မလွဲမသွေလုပ်ရသော အဝတ်လျှော်ဖွပ်ရာတွင်ပင် လျှော်စက်ဖြင့်အသုံးချ၍ လျှော်ဖွပ်ကာ စင်ကြယ်သောအဝတ်အထည်များရှိသလို၊ လူ၏လုပ်အားကိုအသုံးချ လျှော်ဖွပ်မှ သန့်ရှင်းနိုင်သော အဝတ်အထည်မျိုးလည်း ရှိပေသည်။ လူ၏လုပ်အားဖြင့် တိုက်ချွတ်လျှော်ဖွပ်ရမည်ကို လျှော်စက်ဖြင့်လျှော်ပါက စင်ကြယ်သန့်ရှင်းမှုအကျိုးကို အပြည့်အဝ မရရှိနိုင်ချေ။ ထို့အတူ လူသားတို့ တီထွင်ကြံဆပြုလုပ်ထားသော လျှပ်စစ်ကဲ့သို့သော အရာတို့ကို လူတို့သုံးစွဲမှု၌ သတိထားဆင်ခြင်မှု လျော့ပါးကြ၍ မီးအန္တရာယ်ဖြစ်ရသည်များကြောင့် စိတ်ရောဂါခံစားရမှုများ ဖြစ်လာနိုင်ပေသည်။ စိတ်အာရုံတွင် အချိန်မရွေး ရောဂါရစေနိုင်သော လူတို့၏ ပြဿနာမျိုးစုံ တွေ့ကြုံမှုများသည် လူ့စွမ်းအားကို ထိခိုက်စေ၏နိုင်သဖြင့် အချင်းချင်း ပါရမီဖြည့်ကျင့်ဆောင်ရွက်ချက်များ အကျိုးဖြစ်ထွန်းသင့်သလောက် မဖြစ်ထွန်းနိုင်သည်ကို လေ့လာကြည့်မြင် သုံးသပ်သင့်ပေသည်။ လူတို့ ပါရမီဖြည့်ကျင့် ဆောင်ရွက်ချက်များ အောင်မြင်စေရန် တွေ့ကြုံလာသော ပြဿနာများကို ကျယ်ပြန့်စွာ လွှမ်းခြုံစဉ်းစားတတ်သည့် အလေ့အကျင့်ရှိသော မြင်ကွင်းကျယ်အမြင်၊ အသေးစိတ်အခြေအနေများကို ခွဲခြမ်းစိတ်ဖြာ ကြည့်မြင်တတ်သော အလေ့အကျင့်ရှိသည့် အနုကြည့်အမြင်များဖြင့် အချင်းချင်း ကောင်းမှုကောင်းရာ တုံ့ပြန်လိုသော စေတနာနှင့် ပံ့ပိုးဖေးမ ကူညီဆောင်ရွက်ကြရမည် ဖြစ်ပေသည်။

သစ်ပင်ပန်းမန်တို့၏ နွေကာလ ခြောက်သွေ့ပန်းဟိုက်ခဲ့ကြရသော သစ်မြစ်များအား နွေနှောင်းရာသီ ဝဿန်အကူးမိုးဦးရေအေးတို့က သစ်ကြောတစ်လျှောက် အားသစ်လောင်းလျက် ကြီးထွားရှင်သန် သီးပွင့်ဝေဆာစေသကဲ့သို့ ဆောင်းနှောင်းပုလဲများ ပက်ဖျန်းကာ ရှင်သန်သီးပွင့်မှုများ ရှိသလို၊ ဂိမှာန်ဦးဝယ် အပူဓာတ်ဖြင့် ရင့်မှည့်အောင်မြင်ဖြစ်ထွန်းစေခြင်းများ ဆယ့်နှစ်လရာသီ စက်ဝန်းအတွင်း ရှိကြပါသည်။ လူတို့သည်လည်း သံသရာစက်ဝန်းအတွင်း တစ်ဦးနှင့်တစ်ဦး ပါရမီဖြည့်ကျင့်ဆောင်ရွက်ချက်များ အစုံအလင်ကို ကျင့်ဆောင်ကြရပါသည်။ စိတ်ဓာတ်အင်အား ပြည့်ဝမှန်ကန်မှသာ လူ့စွမ်းရည်တိုးတက်နိုင်သဖြင့် တစ်ဦးချင်းစီ ပါရမီဖြည့်ကျင့် ဆောင်ရွက်ချက် မှန်ကန်ကောင်းမွန်မှသာ "one of all" တစ်ဦးချင်းသည် အားလုံးအတွက် ဆိုသကဲ့သို့ အောင်မြင်ဖြစ်ထွန်း အကျိုးများနိုင်ပြီး လောကကို အလှဆင်နိုင်ကြလိမ့်မည်ဟု တွေးတောယူဆမျှော်လင့်မိပါတော့သည်။

**သောင်းဉာဏ်(ပန်းထော်ကျွန်း)**


www.burmeseclassic.com

www.burmeseclassic.com

■ သုတေသီဆရာငြိမ်း

# အာဟာရပြည့် ဆေးဖက်ဝင်သီးနှံ့အစားအစာများ

အစွမ်းထက် ဆေးဖက်ဝင် ရှောက်သီး



ရှောက်သီးကို အိန္ဒိယပြည် အနောက်မြောက်ပိုင်း ဒေသတွင် စတင်တွေ့ ရှိခဲ့သည်။ ထိုမှ နှစ်ပေါင်းများစွာကြာ သောအခါ အရှေ့တောင်အာရှဒေသအနှံ့ မျိုးပွားစိုက်ပျိုးလာကြသည်။ ရှောက်သီးကို မြန်မာနိုင်ငံ နေရာဒေသအနှံ့အပြား၌ စိုက်ပျိုးလေ့ရှိကြပြီး စိုက်ပျိုးပင်အဖြစ်လည်းကောင်း၊ မြစ်များ၊ ချောင်းများအနီးတွင် သဘာဝပေါက်ပင်အဖြစ်လည်းကောင်း တွေ့ရလေ့ရှိပြီး အထူးသဖြင့် အပူပိုင်းဒေသများ၌ အများဆုံးစိုက်ပျိုးလေ့ရှိကြပေသည်။

ရှောက်သီးသည် မြန်မာ့ဆေး ကျမ်းများ၏ အလိုအရ ချဉ်၏။ နှလုံးကိုကြည်လင်စေတတ်၏။ သွေးသားကို သန့်ရှင်းစေ၏။ ပေါ့ပါးသောဂုဏ်သတ္တိရှိ၏။ ဝမ်းမီးကိုတောက်စေ၏။ မောပန်းခြင်းကို ပျောက်ကင်းစေ၏။ ချောင်းဆိုးနာဖြစ်ခြင်း၊ နှုတ်မမြိန်ခြင်း၊ အော့အန်ခြင်း၊ မွတ်သိပ်ခြင်း၊ အသံပျက်ခြင်း၊ ဝမ်းကြောတင်းခြင်း၊ အဖုအလုံးပေါက်ခြင်းတို့ကို နိုင်၏။ သလိပ်ကိုကြေစေပြီး ဆီးကိုများစေကြောင်း ဖော်ပြထားပေသည်။ ရှောက်ရည် ၁၀၀ ဂရမ်တွင် ဗီတာမင်စီ ၆၀ ဂရမ်ပါဝင်သောကြောင့် အသီးများထဲတွင် ဗီတာမင်စီဓာတ် အများဆုံး ပါဝင်သော အသီးဟု ဆိုကြပါသည်။

ရှောက်ရည်ကို နံနက်စောစောတွင် သောက်သုံးခြင်းဖြင့် ကျန်းမာရေးအတွက် အထောက်အကူဖြစ်စေသည်။ ရှောက်ရည်သည် သွေးအတွင်းရှိ အညစ်အကြေးများကို သန့်စင်ပေးနိုင်၏။ ဝမ်းချုပ်ခြင်းအတွက် အထောက်အကူဖြစ်စေနိုင်၏။ အစာချေခြင်းကို ကူညီပေးနိုင်၏။ အသားအရေကို လှပစေ၏။ နှပျိုစေရုံသာမက အရေပြားတွန့်ခြင်းတို့ကိုလည်း ဖယ်ရှားပစ်နိုင်၏။ ဆံပင်ကို နက်မှောင်စေ၏။ သွားရောဂါများကို သက်သာပျောက်ကင်းစေပြီး ခံတွင်းအနံ့ဆိုးခြင်းများကို လျော့နည်းစေ၏။

ရှောက်သီးဖျော်ရည်သည် လေချဉ်တက်ခြင်းကို သက်သာစေပြီး အူသိမ်အူမများမှ မလိုအပ်သော စွန့်ပစ်ပစ္စည်းများကို ဖယ်ရှားရန် အထောက်အကူဖြစ်စေသည်။ ထို့ပြင် ရှောက်သီးသည် သဘာဝပိုးသတ်ဆေးတစ်မျိုးဖြစ်ပြီး အရေပြားနှင့်ပတ်သက်သောရောဂါများကို ကုသနိုင်သည်။ ကိုယ်တွင်းခုခံအားကို ကောင်းစေခြင်း၊ အသည်း၏ အလုပ်လုပ်နိုင်စွမ်းကို မြှင့်တင်ပေးခြင်း၊ အနာကျက်မြန်စေခြင်း၊ သွေးဖိအားကို လျော့ချပေးခြင်းတို့အတွက် အသုံးဝင်ပေသည်။

ရှောက်သီးကို အမျိုးမျိုးအဖုံဖုံ အသုံးပြုနိုင်သည်

www.burmeseclassic.com

ဆံပင်သားကို တောက်ပြောင်စေခြင်း ဦးရေပြားပေါ်မှ ဖောက်များကို ဖယ်ရှားပေးခြင်းတို့၌ အထူးပင်အစွမ်းထက်လှသည်။ ရှောက်ရည်သည် သွေးပေါက်များကို ကျုံ့စေသောအာနိသင်ရှိသည့်အတွက် လိမ်းပေးပါက မျက်နှာအဆီပြန်ခြင်းကို သက်သာစေပါသည်။ ထို့ပြင် ရှောက်ရည်သည် အစွန်းအထင်းများကို ဖယ်ရှားပေးနိုင်သည့်အတွက် ရှောက်ရည်၊ ဆား၊ သံလွင်ဆီတို့ကိုရောစပ်၍ သဘာဝကြေးချွတ်ဆေးအဖြစ်လည်း အသုံးပြုနိုင်သည်။

## ၁။ ချိုင်းချွေးနံ့တို့ ပျောက်ကင်းစေလိုလျှင်

ရှောက်ရည်ကို ချိုင်းအောက်တွင် သုတ်လိမ်းပေးပါက ချိုင်းချွေးနံ့များ ပျောက်ကင်းသွားပါလိမ့်မည်။

## ၂။ အသားအရေ ချောမွေ့စေလိုလျှင်

သနပ်ခါးတွင် ရှောက်ရည်ညှစ်ထည့်၍ နေ့စဉ်လိမ်းပေးခြင်းဖြင့် အသားအရေကို ချောမွေ့စေပြီး ဝက်ခြံ၊ တင်းတိပ်၊ မှဲ့ခြောက်များကိုပါ သက်သာပျောက်ကင်းစေပါသည်။

## ၃။ နလုံးရောင်ခြင်း၊ လေထိုးလေပွခြင်း၊ လက်ပြင်ဒုပ်ခြင်းနှင့် နာကျင်ကိုက်ခဲခြင်းများ ခံစားနေရလျှင်

ရှောက်မြစ်သွေးရည်နှင့် ပျားရည်ကို ဆတူရောစပ်၍ ဘင်းစားဇွန်းတစ်ဇွန်းစာ နံနက်၊ ည တစ်ကြိမ်စီသောက်သုံးခြင်းအားဖြင့် နလုံးရောင်ခြင်း၊ လေထိုးလေပွခြင်း၊ လက်ပြင်ဒုပ်ခြင်းနှင့် နာကျင်ကိုက်ခဲခြင်းများကို သက်သာပျောက်ကင်းစေပါသည်။

## ၄။ ကလေးငယ်များ မကြာခဏနို့ အန်လျှင်

ရှောက်မြစ်ကိုသွေး၍ ခြောက်လသားအရွယ်အထိ တစ်ပဲသားခန့် ကော်ဖီဇွန်းဖြင့် တိုက်ကျွေးပါက မကြာခဏ နို့အန်ခြင်းများ ကင်းရှင်းသွားပါလိမ့်မည်။

## ၅။ လူကြီးများ မကြာခဏအန်လျှင်

ရှောက်မြစ်ကိုသွေး၍ ပျားရည်နှင့် ရောစပ်ကာ ဘင်းစားဇွန်းတစ်ဇွန်းစာ တိုက်ကျွေးပေးပါက မကြာခဏ အန်ခြင်းများ ရပ်တန့်သွားပါလိမ့်မည်။

## ၆။ အနာပေါက်လျှင်

ရှောက်မြစ်ကို ရေစင်အောင်ဆေးပြီး မကြာခဏ လိမ်းပေးပါက အနာများ မကြာခင်မှာပင် ပျောက်ကင်းသွားပါလိမ့်မည်။

## ၇။ လေငန်းဆိုင်ရာ ဝေဒနာများ ခံစားနေရလျှင်

ရှောက်သီးခွံ အခြောက်များကို မီးတောက်အရက်ဖြင့် ခုနစ်ရက်စိမ်ကာ နံနက်တစ်ကြိမ်၊ ညတစ်ကြိမ် လိမ်းပေးခြင်းဖြင့် လေငန်းကြောင့်ဖြစ်တတ်သော ပါးရွဲ့ခြင်း၊ ပါးစပ်ရွဲ့ခြင်း၊ လက်ကပ်ခြင်း၊ လက်မြှောက်၍မရခြင်း၊ ခြေတစ်ဖက်ဆွဲခြင်းများကို သက်သာပျောက်ကင်းစေပါသည်။

## ၈။ မီးယပ်အဆင်းများ၍ မူးဝေလျှင်

အမျိုးသမီးများ မီးယပ်အဆင်းများ၍ မူးဝေနေပါက ရှောက်သီးနှင့် ထန်းလျက်ကို ရောစားပေးခြင်းအားဖြင့် သက်သာပျောက်ကင်းသွားပါလိမ့်မည်။

## ၉။ အကြောတက်လျှင်၊ အကြိတ်အဖုများထွက်လျှင်၊ ပြင်းထန်စွာထိခိုက်ပြီး အတွင်းဒဏ်ရာရလျှင်

ရှောက်ရည်၊ နနွင်းမှုန့် ထုံးတစ်ဆစီကို အတူရော၍ လိမ်းပေးပါက အကြောတတ်ခြင်း၊ အဖုအကြိတ်များထွက်ခြင်း၊ ပြင်းထန်စွာထိခိုက်ရာမှ အတွင်းဒဏ်ရာရခြင်းများကို သက်သာပျောက် ကင်းစေပါသည်။ (နံနက်တစ်ကြိမ်၊ ညတစ်ကြိမ် ပုံမှန်လိမ်းပေးဖို့လိုပါသည်။)

## ၁၀။ ကျောက်တည်ဝေဒနာ ခံစားနေရလျှင်

ရှောက်သီးအမွှာများနှင့် သိန္ဓောဆားကိုရော၍ နံနက်တစ်ကြိမ်၊ ညတစ်ကြိမ် သောက်သုံးပေးပါက ဆီးအိမ်နှင့် ကျောက်ကပ်တွင် ဖြစ်တတ်သော ကျောက်တည်ဝေဒနာကို သက်သာပျောက်ကင်းစေပါသည်။



www.burmeseclassic.com

www.burmeseclassic.com

### ၁၁။ နှာစေးနေလျှင်

ရေနွေးဖြင့်ရေချိုးပြီး ခဏအကြာတွင် ရောက်သီးကို လက်ဖက်ရည်ပန်းကန်၌ အတန်အသင့်ညှစ်ထည့်၍ ဆားအနည်းငယ်ရောစပ်ကာ လက်ဖက်စားဇွန်းဖြင့် တစ်နေ့တစ်ကြိမ် သုံးဆောင်ပါက နှာစေးခြင်းဝေဒနာ သက်သာပျောက်ကင်းသွားပါလိမ့်မည်။

### ၁၂။ သွေးတိုး၊ သွေးတက်၊ အစာမကြေဖြစ်လျှင်

အုန်းနို့ခေါက်ဆွဲ၊ အုန်းနို့ကျောက်ကျော၊ သာကူဒံပေါက်၊ မုန့်ဟင်းခါး စသည့် သွေးတိုးအစာများကို မလွှဲမရှောင်သာ စားမိပါက ရောက်သီးဖျော်ရည်ကို သောက်သုံးပေးခြင်းဖြင့် သွေးတိုးခြင်း၊ သွေးတက်ခြင်း၊ အစာမကြေဖြစ်ခြင်းများကို သက်သာပျောက်ကင်းစေပါသည်။

### ၁၃။ အရေပြားပေါ်မှာ အစက်အပြောက်တွေရှိနေလျှင်

ရောက်ရည်ဖြင့် အရေပြားမျက်နှာပြင်ကို ပွတ်သပ်လိမ်းကျံပေးပါ။ အရေပြားပေါ်ရှိ အစက်အပြောက်များ မေးမှိန်ပျောက်ကွယ်သွားပါလိမ့်မည်။

### ၁၄။ ချောင်းဆိုး၊ ရင်ကျပ်၊ သလိပ်ကပ်၍ ပန်းနာဝေဒနာ ခံစားနေရလျှင်

ပျားရည်၊ ရောက်ရည်၊ ဝက်သာတို့ကိုရော၍ သောက်သုံးပေးခြင်းအားဖြင့် ချောင်းဆိုးခြင်း၊ ရင်ကျပ်ခြင်း၊ သလိပ်ကပ်ခြင်း၊ ပန်းနာဝေဒနာဖြစ်ခြင်းတို့ သက်သာပျောက်ကင်းသွားပါလိမ့်မည်။

### ၁၅။ ခန္ဓာကိုယ်အလေးချိန် လျှော့ချလိုလျှင်

ရောက်ရည်နှင့်ရေနွေးကို ဆတူရောပြီး ပျားရည်နှင့် သောက်သုံးပေးပါက တိုးလျက်ရှိသော အလေးချိန်များ လျော့ကျသွားပါလိမ့်မည်။

### ၁၆။ ဝက်ခြံပြန့်ထနေလျှင်

ရောက်ရည်နှင့် ကြောင်ပန်းရွက်ညှစ်ရည်တို့ကို ဂျုံစေ ခြင်းအားဖြင့် ဝက်ခြံပြန့်ထခြင်းများ သက်သာသွားပါလိမ့်မည်။

### ၁၇။ ကြို့တွေ အဆက်မပြတ်ထိုးနေလျှင်

ရောက်ရည်ကို သောက်သုံးပေးခြင်းအားဖြင့် ကြို့ထိုးခြင်းဝေဒနာ သက်သာလျော့ပါးသွားပါလိမ့်မည်။(ရောက်သီးဖျော်ရည်သည် လေချဉ်တက်ခြင်းကို သက်သာစေပြီး အူသိမ်၊ အူမများမှ မလိုအပ်သော စွန့်ပစ်ပစ္စည်းများကို ဖယ်ရှားရန် အထောက်အကူဖြစ်စေပါသည်။)

### ၁၈။ မီးလောင်အမာရွတ်များ ရှိနေလျှင်

မီးလောင်ခံထားရသော နေရာရှိ အမာရွတ်များပေါ်သို့ ရောက်ရည်ကို လိမ်းပေးခြင်းအားဖြင့် အမာရွတ်များ မေးမှိန်သွားပါလိမ့်မည်။

### ၁၉။ ရင်တုန်၍ မောနေလျှင်

ရောက်ရည်နှင့် ထန်းလျက်ကို ရောပြီးတိုက်ကျွေးပေးပါက ရင်တုန်မော ပန်းခြင်းဝေဒနာ သက်သာသွားပါလိမ့်မည်။

### ၂၀။ အရိုးကျိုးပေါင်းဖြစ်လျှင်

လည်ပင်းနောက်ဘက်ရှိ ကုပ်ပိုး၌ ကျိုးပေါင်းတက်နေပါက ရောက်ရွက်လက်တစ်ဆုပ်၊ ကြက်ပေါင်းခါးရွက်လက်တစ်ဆုပ် (ဆတူ)တို့ကိုခွဲ၍ အဝတ်သန့်သန့်၌ ရေထုပ်ပါ။ မီးဖိုပေါ်တွင် ရေနွေးအိုးတည်ပါ။ (အိုးအဖုံးပေါ်တွင် အပေါက်ငယ်လေးများ ဖောက်ထားရပါမည်) ဆေးထုပ် နှစ်ထုပ်၊ သုံးထုပ် လုပ်ထားပါ။ လုပ်ထားသည့် ဆေးထုပ်များကို အဖုံး တင်၍ အပေါ်မှ အဖုံးတစ်ခုထပ်အုပ်ပါ။ ရေနွေးငွေ့ကြောင့် ဆေးထုပ်ပူလာသည့်အခါ ကိုက်ခဲနာကျင်သည့် နေရာကို ကြပ်ထုပ်ထိုးပေးပါ။

ဆေးထုပ် တစ်ထုပ်ပြီးတစ်ထုပ် လဲလှယ်၍ တစ်နာရီခန့်ကြာ ကြပ်ထုပ်ထိုးပေးခြင်းဖြင့် တစ်နေ့တခြား သက်သာပျောက်ကင်းလာပါလိမ့်မည်။ (စိတ်ရှည်ရှည်ထား၍ နေ့စဉ်ရက်ဆက် ပြုလုပ်ဖို့လိုပါသည်။)



www.burmeseclassic.com

www.burmeseclassic.com

### ၂၁။ လေငန်းဆွဲလျှင်၊ လေဖြတ်လျှင်

ထန်းလျက် ၇၅ ကျပ်သားကို ရေ ငှက်ပျောဖူး ငါး ပုလင်း ထည့်ကျိုပြီး အအေးခံပါ။ ထို့နောက် ထန်းရည် အလျှင် တစ်ပုလင်းနှင့်ရောပြီး သုံးရက်စိမ်ထားပါ။ သုံးရက် စိမ်ပြီးနောက် ရှောက်သီး လေးလုံး၊ ရှောက်ရွက် တစ်ပြည်၊ သက်ရင်းကြီးရွက် ၁၀ ကျပ်သား ၎င်းတို့ကို နုတ်နုတ်စင်း၍ ပေါင်းအိုးထဲထည့်၍ ပေါင်းပါ။ အရက်ပေါင်းသကဲ့သို့ ပေါင်း ချွေးကိုယူရပါမည်။ ပေါင်းချွေး (သို့မဟုတ်) ရှောက်ပေါင်းရည် ငှက်ပျောဖူးနှင့် ၂ ပုလင်းခွဲအထိရအောင် ထုတ်ယူပါ။

လေငန်းဆွဲခြင်း၊ လေဖြတ်ခြင်း၊ ပါးရွဲ့ခြင်း၊ ခြေလက် ထုံကျင်ခြင်း၊ ခြေလက်မြှောက်မရခြင်း၊ အာရုံကြောအား နည်းခြင်းတို့ကို ရှောက်ပေါင်းရည် တစ်နေ့ နှစ်ကြိမ် နံနက် ဘမင်းမစားမီ ဟင်းသောက်ဇွန်း နှစ်ဇွန်း၊ ညစာမစားမီ ဟင်း သောက်ဇွန်းနှစ်ဇွန်း တိုက်ပေးပါက လျင်မြန်စွာ သက်သာ ပျောက်ကင်းပါလိမ့်မည်။ ကိုယ်လက်ထုံကျင်ကိုက်ခဲခြင်း၊ အရာဝတ္ထုပစ္စည်းတို့ကို မြဲမြဲစွာမကိုင်တွယ်နိုင်ပါက လက် မောင်းနှင့်လက်ချောင်းတို့ကို တစ်နေ့သုံးကြိမ် ဆုပ်နယ်ပြီး လိမ်းပေးရပါမည်။

### ၂၂။ ဒူးနာဝေဒနာ ခံစားနေရလျှင်

ရှောက်သီးအစိမ်းတစ်လုံးကို ထက်ခြမ်းခွဲပြီး ကြက် သွန်နီ အလယ်အလတ် ဥတစ်လုံးစာလောက် ချိုင့်လုပ်ပြီး ကြက်သွန်နီကို မြှုပ်ထားပါ။ ပြီးလျှင် ရှောက်သီးခြမ်းနှစ်ခြမ်း ကို နီးဖြင့်ပြန်ချည်၍ အိုးတစ်လုံးဖြင့် နူးအောင်ကျိုရပါမည်။ အေးသည့်အခါ ရှောက်သီးတစ်ခြမ်းနှင့် ကြက်သွန်နီတစ်ခြမ်း ကို နာနေသည့် ဒူးခေါင်းပေါ်တင်ပြီး ပတ်တီးစည်းထားပါ။ ကျန်တစ်ခြမ်းကို နောက်တစ်နေ့ထပ်စည်းပါ။ သက်သာသွား ပါလိမ့်မည်။ သက်သာပြီဆိုပါက နောက်ထပ် လုပ်ဆောင်ရန် မလိုတော့ပါ။

### ၂၃။ ထုံနာကျင်နာနှင့် အဆုပ်နာဖြစ်လျှင်

ရှောက်သီးတစ်လုံးနှင့် ဆန်ပုန်းရည်ကို ရေခန်းအောင် ပြုလုပ်ပြီး အခြောက်လှန်းပါ။ ခြောက်ပြီဆိုပါက အမှုန့်ပြုပါ။ ထို့နောက် ဆားသုံးကျပ်သားလှော်ပြီး အမှုန့်ထောင်းပါ။ ပွေး ကိုင်းရွက် ငါးကျပ်သားကို အမှုန့်ထောင်းပြီး ၎င်းသုံးမျိုးကို ရောထားပါ။ ညအိပ်ရာဝင်ပါက မန်ကျည်းစေ့နှစ်စေ့ခန့် စား သုံးပေးပါ။ ထုံနာကျင်နာသာမကဘဲ အဆုပ်နာရောဂါဝေဒနာ ပါ သက်သာပျောက်ကင်းစေပါသည်။

### ၂၄။ သွေးတိုး၊ အဆီတိုးနေလျှင်

ရှောက်ရည် ၅၀ ကျပ်သား၊ သကြားအစိတ်သား၊ မြန်မာဆားခါး ၅ ကျပ်သား၊ ၎င်းသုံးမျိုးကို သမအောင် မွှေပါ။ ပုလင်းထဲတွင်ထည့်ပြီး မနက်ည လက်ဖက်ရည် အကြမ်းပန်းကန်တစ်ဝက်ခန့် ပုံမှန်သောက်ပေးသွားပါက သွေးတိုးခြင်း၊ အဆီတိုးခြင်းဝေဒနာများ သက်သာပျောက် ကင်းသွားပါလိမ့်မည်။

### ၂၅။ အကြောတက်လျှင်၊ အမောမခံနိုင်လျှင်၊ ကိုယ်ခန္ဓာ လေးလံဖိစီးနေလျှင်

ရှောက်သီးတစ်လုံးကို အလယ်တည့်တည့်ခွဲ၍ အရည် များကို ညှစ်ယူပါ။ ၎င်းနောက် အစေ့၊ အခွံ၊ အရည် သုံးမျိုး စလုံးကို ကြွေရည်သုတ်ဇလုံထဲသို့ထည့်ပါ။ ပွက်ပွက်ဆူနေ သည့် ရေနွေးအဖြူ ကြွေကရားတစ်လုံးနှင့် ဆားသင့်ရုံထည့်ပါ။

အေးသောအခါ နံနက်တစ်ကြိမ်၊ ညတစ်ကြိမ် အိပ်ရာ ဝင်သည့်အခါ သင့်ရုံသောက်ပေးပါ။ တစ်ပတ်အတွင်း သိသာ လာပါလိမ့်မည်။ အဝလွန်သူများ လက်စွဲထားကာ သောက် သုံးပါက ရေနောက်ဇက်ကြောတက်ခြင်းတို့ ပျောက်ကင်းသွား ပါလိမ့်မည်။ အမောအာန်းခံလာနိုင်ကာ ခန္ဓာကိုယ်တစ်ခုလုံး သက်သာပေါ့ပါးသွားပါလိမ့်မည်။

■ သုတေသီဆရာငြိမ်း



www.burmeseclassic.com

www.burmeseclassic.com

# တိရစ္ဆာန်များမှ လူသားများကိုအကျိုးပြုပုံ

**သမားတော်ကြီးဒေါက်တာသက်ဆွေ**(ရွှေ့ဒေါင်တင်ဆွေ)

**ကကတစ်ငါး**

တိရစ္ဆာန်သတ္တဝါများမှ လူသားများအတွက် ကျန်းမာရေးအထောက်အကူပြုပုံများကို ဖော်ပြပါမည်။

ကကတစ်ငါးများသည် မြန်မာနိုင်ငံ ကမ်းရိုးတန်းတစ်လျှောက်၌ တွေ့ရသောငါးမျိုးဖြစ်၍ လူသိများ၏။ သက်ရှိသတ္တဝါဆိုင်ရာ ပါကာဗေဒအလိုအားဖြင့် ငါးသပြင်၊ ငါးထောက်ကျ၊ ငါးစင်စပ်စသည့် ငါးမျိုးများနှင့်တူ၏။ ကကတစ်ငါး၏ကိုယ်သည် ပြား၍ အနည်းငယ်ရှည်၏။ နှာတံတိုပြီး အောက်မေး ရှေ့သို့ငေါ်ထွက်နေ၏။ ခေါင်း၏ ဘေးတစ်ဖက်တစ်ချက်တွင် ကြီးမားသော မျက်လုံးရှိ၏။ ကျောဆူးတောင်နှစ်ခုပါရှိ၍ ရှေ့ဆူးတောင်သည် မာကျော၏။ အမြီးမှာ ထိပ်ဝိုင်းမျိုးဖြစ်၏။ အကြေးများပါရှိ၏။ အရောင်မှာ မွဲပြာရောင်ဖြစ်ပြီး ကျောပိုင်းတွင် အစိမ်းရောင်နှင့် ဝမ်းဗိုက်တွင် အဖြူရောင်ဖြစ်၏။ အရှည် တစ်ပေခွဲမျှဖြစ်သော်လည်း တစ်ခါတစ်ရံ လေးပေ၊ ငါးပေထိရှိသော ငါးကြီးများလည်း တွေ့ရှိရ၏။ ငါးမျိုးမှန်သမျှသည် အာယုဗေဒ ဆေးကျမ်းအလိုအားဖြင့် အရသာမှာ ချိုဆိမ့်၏၊ ပူ၏၊ ကြေခဲ၏၊ သလိပ်သည်းခြေကို ပွားစေတတ်၏၊ လေကိုနိုင်၏၊ နှုတ်ကို မြိန်စေ၏၊ သုက်အားကို ပွားစေတတ်၏။ သွေးရည်ဖောက်သူ၊ ဝမ်းမီးတောက်သူများ စားသုံးသင့်၏ဟု ဖော်ပြထား၏။

ကကတစ်ငါးသည် မြစ်ငါး(ရေချို)ငါးဖြစ်ခဲ့သော် ကြေခဲ၏။ လူကို ဝစေတတ်၏။ လေကိုနိုင်၏။ သွေးသည်းခြေကို ပျက်စေတတ်၏။ သုက်ကိုပွားစေ၏။ ကျင်ကြီး၊ ကျင်ငယ် နည်းစေတတ်၏။ ရေငန်ငါးဖြစ်ခဲ့ပါက ကြေခဲ၏၊ ပူ၏။ ဝမ်းမီးကို ချုပ်စေတတ်၏။ ကကတစ်ငါးများကို အာဟာရဓာတ်စာအဖြစ် စားသုံးကြ၏။ သလိပ်သည်းခြေအားနည်းသူ၊ လေအားကြီးသူ၊ နှုတ်မမြိန်သူ၊ သုက်အားနည်းသူများ ကကတစ်ကို စားသုံးသင့်၏။ ကကတစ်ခြောက်သည် ငါးရံ့ခြောက်ထက် အချိုဓာတ်ပို၏။ အာလူးဖြင့်ရော၍ အချိုအချဉ် ချက်စားနိုင်၏။ မီးဖုတ်စားလျှင်သော်လည်းကောင်း၊ ကြော်စားလျှင်သော်လည်းကောင်း အရသာရှိ၏။

ကကတစ်ခြောက်၏ အရသာအာဟာရအကျိုးသွားများမှာ ကိုယ်ခန္ဓာတည်ဆောက်မှု၊ အရိုးအသားများ ပွားစီးမှု၊ ခွန်အားဖြစ်စေမှု၊ သွေးအားဖြစ်စေ




**ကကတစ်ငါး**



www.burmeseclassic.com

www.burmeseclassic.com

မှုတို့ကို အကျိုးပြု၏။ အစာကိုကြေကျက်စေ၏။ အသားအရေကို စိုပြည်စေ၏။ ကြွက်သားများ၊ အကြောများကို အကျိုးပြု၏။ နှလုံးကို အားပေး၏။ ထုံကျင်ကိုက်ခဲခြင်းနှင့် ဖောရောင်ခြင်းများကို ကာကွယ်ပေး၏။ ယင်းငါးခြောက်သည် မကျန်းမာသူများနှင့်တည့်၏။ နှုတ်ကို မြိန်စေသဖြင့် နာလန်ထများနှင့် အထူးသင့်လျော်၏။

ကကတစ်ငါးသည် ဓာတ်များလွန်ကဲခြင်းမရှိသောကြောင့် တက်ခြင်း၊ သက်ခြင်း၊ အစာမကြေခြင်း၊ မူးဝေသောရောဂါများ မဖြစ်နိုင်ပါ။ ဓာတ်ငါးပါးညီမျှသဖြင့် ကျန်းမာသောအကျိုးခံစားရပါမည်။

ကကတစ်ငါးကို ဆေးကျမ်းများ၌ မည်သည့်အစိတ်အပိုင်းကို မည်ကဲ့သို့ သုံးရမည်ဟု ဖော်ပြထားခြင်းမရှိသော်လည်း အကျိုးသွားတို့ကို လေ့လာမည်ဆိုပါက လူသားများအတွက် များစွာ အကျိုးပြုကြောင်း သိရှိနိုင်ပေသည်။ ၎င်းငါး၏ အကျိုးသွားအာနိသင်အဖွဲ့ဖွဲ့ကို စေ့စေ့စုံစုံယူတတ်၊ အသုံးချတတ်မည်ဆိုပါက လူသားများ၏ကျန်းမာရေးအထောက်အကူပေးမည်ဖြစ်ကြောင်း တင်ပြလိုက်ရခြင်း ဖြစ်ပါသည်။

## ကသပေါင်းငါး


သတ္တလောက ပါဝင်ကြသော တိရစ္ဆာန်သတ္တဝါများအနက် ကုန်းသတ္တဝါ၊ ရေသတ္တဝါ၊ အာကာသတွင်း ပျံသောသတ္တဝါများမှ လူသားများကို အကျိုးပြုပုံများ ရေးသားဖော်ပြသွားမည်ဖြစ်ပါသည်။

ကသပေါင်းငါးသည် ပင်လယ်တွင်ကျက်စားသော ရေသတ္တဝါ ငါးကြီးမျိုးဖြစ်၏။ အချို့သောငါးကြီးများသည် ရွက်သင်္ဘောကြီး၊ ရွက်လှေကြီးများ ပမာဏထိရှိသည်ဟု သိရ၏။ ကသပေါင်းဟူသော ဝေါဟာရသည် မွန်ဘာသာဖြင့် "က"သည် ငါးဟု အဓိပ္ပာယ်ရသောကြောင့် မြန်မာဝေါဟာရအနေဖြင့် ဘာသာပြန်မည်ဆိုပါက ကသပေါင်းငါးဟု အဓိပ္ပာယ်ရ၏။

တိုင်းရင်းဆေး အလိုအားဖြင့် ဓာတ်ခွဲမည်ဆိုပါက သီတပထဝီနှင့် အာပေါလွန်သည်ဟု သိရ၏။ ပင်လယ်တွင်း၌နေသော ရေငန်ငါးဖြစ်သဖြင့် အကျိုးသွားအာနိသင်မှာ လူသားများ၏ ကိုယ်ခန္ဓာကို တောင့်တင်းခိုင်မာစေ၏။ ခွန်အားကိုဖြစ်စေ၏။ သုက်အားကိုပွားစေတတ်၏။ နှုတ်ကိုမြိန်၏။ ကြွက်သားများ၊ အကြောများကို သန်မာစေ၏။ ကသပေါင်းငါးကို အခြောက်လှန်းပြီး စားသုံးကြသည်ကများ၏။ ငါးကြီးသာဖြစ်သဖြင့် ကြေကျက်ခဲ၏။ ခွန်အားကိုဖြစ်စေသဖြင့် ရောဂါဝေဒနာခံစားနေရသော နာတာရှည်ရောဂါသည်များ၊ နာလန်ထဝေဒနာရှင်များ စားသုံးပေးခြင်းဖြင့် အားအင်ပြည့်ဖြိုး၍ ကျန်းမာလာမည်ဖြစ်ပေသည်။ ထို့ကြောင့် ကသပေါင်းငါးခြောက်များကို ဖုတ်ကင်ကြော်လှော်၍ စားသုံးသင့်ကြောင်း တင်ပြလိုက်ရပေသည်။

## ကကူရံငါး

ကကူရံငါးများသည် လေးပေ ငါးပေမှ ခြောက်ပေကျော်ရှိသော ငါးကြီးများလည်းရှိသည်။ နှာရောင်ပွထပြီး ဝိုင်းသည်။ မျက်လုံးကြီး၏။ ပါးစပ်ပေါက်လည်းကြီးသည်။ ကျောက်ဆူးတောင်နှစ်ခုပါရှိ၏။ အမြီးခွက်နက်သည်။ အကြေးခွံများသေးငယ်ပြီး ဆူးတောင်နားထိ ဖုံးနေတတ်သည်။ အရောင်မှာ အစိမ်းနှင့်ငွေရောင် ရောစပ်နေပြီး ကိုယ်လုံးဘေးနှင့် ဝမ်းဗိုက်တွင် ဖြူဝါရောင်ရှိ၏။ အမြီးနှင့်ဆူးတောင်တို့တွင် အမည်းစက်ကလေးများ ပါရှိသည်။ ကကူရံငါးများသည် ပင်လယ်ရေနက်ပိုင်းတွင် ပေါက်ဖွားကျက်စားသော ရေငံငါးများဖြစ်၏။ အဆိပ်အတောက်ကင်းသော ငါးမျိုးဖြစ်၍ လူနာများ စားသုံးသင့်သည်



ကကူရံငါး



www.burmeseclassic.com

www.burmeseclassic.com

...ဆေးကျမ်းများ၌ ဖော်ပြထား၏။

ကကူရုံငါးတို့သည် ပင်လယ်ငါး ...ဖြစ်သဖြင့် ရခိုင်ပြည်နယ်ဘက်တွင် ...လက်ခွာဟုခေါ်၏။ ထားဝယ်ဒေသ ...တွင် ငါးကျွဲယောင်းဟု ခေါ်ကြ၏။ ပါထာ ...ဒေသအရ ငါးပုဏ္ဏားမျိုးရင်းတွင် ပါဝင် ...ပြီး မြန်မာနိုင်ငံတွင် လူကြိုက်များသော ...ငါးဖြစ်၏။ ပင်လယ်များမှ အမြောက် ...အများရရှိသောကြောင့် ငါးခြောက်နှင့် ...ငါးပုပ်ခြောက်များ ပြုလုပ်ရောင်းချကြ၏။

ကကူရုံငါးသည် ကကတစ်ငါးကဲ့ ...သို့ အကျိုးသွားအာနိသင်တူ၏။ ခန္ဓာ ...ကိုယ်ကို သန်မာစေ၏။ ခွန်အားကိုဖြစ် ...စေ၏။ သုက်ကိုပွားစေ၏။ ကြေကျက် ...လွယ်၏။ နှုတ်ကိုမြိန်စေ၏။ ကြွက်သား ...နှင့်အကြောများကို သန်မာစေ၏။ နှလုံး ...ကို အားရှိစေ၏။ နေထိုင်မကောင်းသူ ...ကျန်းမာသူများနှင့် သင့်၏။

ကကူရုံငါးများသည် ပင်လယ်ရေ ...ငန် အကြေးရှိသောငါးများဖြစ်၍ အား ...ကို ဖြစ်စေ၏။ သုက်ကိုပွားစေ၏။ အပူ ...ဓာတ်ကိုဖြစ်စေပြီး လူအများနှင့် သင့် ...၏။ ခန္ဓာကိုယ်ကိုလည်း ခိုင်ခံ့စေ၏။ ငါး ...အစိုသည် ငါးခြောက်ထက် ပို၍ အာနိ ...သင်ထက်၏။

ကကူရုံငါးသည် သလိပ်၊ သည်း ...ခြေအားနည်းသူများနှင့်သင့်၏။ လေ ...ထိုး လေအောင့်၊ လေနာရောဂါရှိသူများ နှုတ်မမြိန်ခံတွင်းပျက်နေသူများ၊ သုက်အားနည်းသူ ခန္ဓာကိုယ်အားနည်းသူများ စားသုံးပေးခြင်းဖြင့် ကျန်းမာဝပြိုး အားအင်တိုးလာမည်မှာ မလွဲပါ။ ထို့ကြောင့် မှီဝဲစားသုံးသင့်ပေသည်။


## ကဘီလူးငါး

ကဘီလူးငါးများသည် ကကူရုံငါးနှင့် ကကတစ်ငါးမျိုးတွင်ပါဝင်သည်။ အကျိုးသွားအာနိသင်များလည်း တူညီကြသည်။ ပင်လယ်တွင်ကျက်စားပေါက်ဖွားသော ရေငန်ငါးမျိုးဖြစ်၏။ ရေငန်ပိုင်းတွင်သာနေပြီး ရေချိုပိုင်းတွင် မတွေ့ရပေ။ ပုံသဏ္ဌာန်မှာ လုံးလုံးဝိုင်းဝိုင်းဖြစ်ပြီး အကြေးခွံများ ပါရှိကြ၏။ ကဘီလူးဟု မွန်ဘာသာမှလာပြီး ကသည် ဘီလူးဟု အဓိပ္ပာယ်ရ၏။

ကဘီလူးငါးများ၏ အကျိုးသွားအာနိသင်များမှာ အလွန်ချိုစိမ့်သော အရသာရှိ၏။ အလွန်အကျွံစားမိပါက အမျှားဝင်တတ်သည်ဟု သိရ၏။ ထို့ကြောင့် အဖျားပြတ်ခါစ နာလန်ထများ မစားသင့်ဟု သိရ၏။ ကကတစ်၊ ကကူရုံတို့နှင့် မတူဘဲ အဆိပ်အတောက်ရှိသည်ဟု သိရ၏။ ပင်လယ်တွင်ကျက်စားသောကြောင့် အပူဓာတ်ကိုဖြစ်စေ၏။ ကြေကျက်ခဲ၏။ ဝမ်းကို ချုပ်စေတတ်၏။

ကဘီလူးငါးများကို အစိုဖြင့်လည်းကောင်း၊ ငါးခြောက်ပြုလုပ်၍လည်းကောင်း စားသုံးကြ၏။ သုက်ကိုပွားစေ၏။ ကဘီလူးငါးခြောက်ကို ခရမ်းချဉ်သီးဖြင့် ကြော်ချက်၍စားသုံးပါက နှုတ်ကိုမြိန်၍ အရသာရှိသော ဟင်းကောင်းတစ်ခွက်ဖြစ်၏။ ကဘီလူးငါးကို ကိုယ်ငွေ့အားနည်းသူ၊ သုက်အားနည်းသူ၊ ဆီးမထိန်းနိုင်သူ၊ ဝမ်းလွယ်သူများ စားသုံးသင့်၏။

ကဘီလူးငါးခြောက်၏ ရသာအကျိုးထူးများမှာ ရုပ်ဓာတ်ကိုပွား၏။ ခိုင်မာစေ၏။ ကြွက်သားများကို သန်မာစေ၏။ နှလုံးကိုပွား၍ အားဖြစ်စေ၏။ အာရုံကြောများလည်း သန်စွမ်းစေ၏။ ကျန်းမာမှုကို အကျိုးပြုသဖြင့် ကိုယ်လက်ကြံ့ခိုင်မှုနှင့် ကိုယ်ခန္ဓာသန်စွမ်းလိုသူများ၊ အားကစားလိုက်စားသူများ၊ အလုပ်ကြမ်းသမားများ ၎င်းငါးကို များစွာစားသုံးသင့်သည်ဟု သိရှိရ၏။ ထို့ကြောင့် ကဘီလူးငါးစားသုံးခြင်းဖြင့် ကျန်းမာရေးအတွက် များစွာအထောက်အကူပေးနိုင်ကြောင်း တင်ပြလိုက်ရခြင်းဖြစ်ပေသည်။



ကဘီလူးငါး

**သမားတော်ကြီးဒေါက်တာသက်ဆွေ**

(ရွှေဆောင်တင်ဆွေ)

**09-73057152**

***Ref:***

ရွှေဆောင်တင်ဆွေ၏ တီရစ္ဆာန်များမှ လူသားများကို အကျိုးပြုပုံမှာ ဆေးကျမ်း။

www.burmeseclassic.com

www.burmeseclassic.com

# ဆင်ဖက်ယား

■ တောင်တွင်းအောင်သက်ဦး

တောငယ်များတွင် အလေ့ကျ သဘာဝပေါက်ပင်ငယ်များ ဖြစ်သည်။ ထို့ကြောင့် အလွန်ပေါများသော်လည်း လူသုံးနည်းသည့် အပင်ဖြစ်သည်။

ဆင်ဖက်ယားသည် ၃-၄ ပေသာ မြင့်သည်။ အရွက်ဝိုင်း၍ အမွေးအနည်းငယ် ရှိသည်။ လူ၊ ကွဲ၊ နွား စသည့် သတ္တဝါများ အရွက်နှင့်ထိမိလျှင် အလွန်ယားပြီး နာကျင်လာတတ်သည်။ အဆိပ်ပြင်းသော်လည်း ဆေးအဖြစ်သုံးတတ်လျှင် ရောဂါများကို အလွန်လျင်မြန်စွာ ပျောက်စေသည့် ဆေးပင်လည်း ဖြစ်သည်။

အထူးအားဖြင့် ထုံရောဂါများကို ပျောက်ကင်းစေသည်။ ထုံရောဂါသည် ဆီးနှင်းထူထပ်သည့် ဒေသများတွင် အဖြစ်များသည်။ ရောဂါဖြစ်လျှင် တစ်ပတ်အတွင်း အသေအပျောက်ဖြစ်တတ်သော အလွန်ကြောက်စရာကောင်းသည့် ရောဂါဖြစ်သည်။ ကချင်ပြည်နယ်မှ ကျောက်စိမ်းတွင်းများ၊ ရွှေမော်များသို့ ပြောင်းရွှေ့လာသည့် လူသစ်များ ပို၍ဖြစ်လေ့ရှိသည်။

ထုံရောဂါကို အဆင့်သုံးဆင့် ခွဲထားသည်။ ထုံပျော့၊ ထုံရှုပ်၊ ထုံကြီး ဟူ၍ ခေါ်ဝေါ်ကြသည်။

ထုံပျော့ရောဂါဖြစ်လျှင် စားကောင်း၍ ကိုယ်လက်လေးလံထိုင်းမှိုင်းသည်။ နံနက်အချိန်တွင် အလွန်အိပ်ချင်သည်။ ခြေလက်မသယ်နိုင်ဘဲ မသွားနိုင်၊ မလာနိုင်ဖြစ်ကာ ဆီးဝမ်းချုပ်လျက် သေကြရသည်။

ထုံရှုပ်သည် အလွန်အသေမြန်သည်။ ထုံရှုပ်ဖြစ်စဉ် အညှော်မိလျှင် ၃-၄ ရက်အတွင်း သေသည်။ ထုံရှုပ်ဖြစ်လျှင် ကိုယ်ရောင်ခြင်း သိပ်မရှိချေ။ အနည်းငယ် အိပ်ခြင်း၊ စားခြင်းဖြစ်လာပြီး ညောင်းကိုက်ခြင်း၊ ကိုယ်ပူခြင်းများ ဖြစ်လာ၍ မကြာမီသေတတ်လေသည်။

ထုံကြီးရောဂါဖြစ်လျှင် ခြေလက်ကိုင်လျှင် မနာဘဲ ရောင်နေမည်။ အသားများကွဲအက်၍ အပုပ်ရည်များ ထွက်ခြင်း၊ အချို့ ကိုယ်တစ်ပိုင်းက ပုပ်လျက်၊ ပိုးလောက်များ ကျတတ်သည်။ ဆီးဝမ်းချုပ်လျှင် နာရီပိုင်းအတွင်းသေသည်။

ဖော်ပြပါ ထုံရောဂါသုံးမျိုးစလုံးကို ဆင်ဖက်ယားမြစ်ကို ပြုတ်သောက်၍ အရွက်ကိုပြုတ်ပြီး ရေချိုးလျှင် မကြာခင် သက်သာပျောက်ကင်းမှုရလေသည်။

ရောဂါကြီးလျှင် တောပင်စိမ်းရိုင်း (ခေါ်) ဆနိုင်းစိမ်းအရွက်နှင့် ဆင်ဖက်ယားရွက်များရောပါ။ ထိုဆေးပင်နှစ်မျိုး အမြစ်များပါ ရောပြုတ်၍ ဆေးသောက်ခြင်း၊ ချိုးခြင်း ပြုလုပ်လျှင် ထုံရောဂါ မကြာခင် လုံးဝပျောက်ကင်းသည်။

ဆီးဝမ်းချုပ်လျှင် ဆင်ဖက်ယားမြစ်ကို ဆန်ဆေးရည်နှင့် သွေးပြီး လူကျင်ငယ်ရည်နှင့် ရောတိုက်ရသည်။ မကြာခင် ဆီးဝမ်းများသွားပြီး ဖောရောင်ခြင်းများ လျော့သွားမည်ဖြစ်ကြောင်း တင်ပြအပ်ပါသတည်း။

တောင်တွင်းအောင်သက်ဦး



www.burmeseclassic.com

www.burmeseclassic.com

# အုံဖွယ်ထူးဆန်း ဆေးရှမ်းကောင်းများ

မျိုးသန်းထွန်းကို(ရေစကြို)

သမားတော်ကြီးဦးစံမတူ နေအိမ်တွင် နေမွန်းတည့် ချိန်၌ လူများ အတော်စုံလင်နေပေပြီ။ သမားတော်ကြီးမှ ရှပကာသတ္တရ ဆေးပညာမှာ ပါရှိသည့် အကြောင်းအရာများကို အောက်ပါအတိုင်း ရှင်းပြ၏။

(၁) အာရုံကို နိုးကြားစေသော စားစရာများ။ ယင်း အစားအစာများသည် ခန္ဓာကိုယ်အတွင်း အပူဓာတ်ကို တိုး မြင့်စေပြီး လှုပ်ရှားမှုတို့ကို တက်စေသည်။ စိတ်ဆန္ဒကို နိုး ကြွစေသည်။ စားချင်သောက်ချင်စိတ်ကို ဖြစ်ပေါ်စေသည်။ ပဲနီ၊ ငရုတ်ကောင်း၊ လိုင်ချင်းအနီ၊ ဆန်အရက်တို့ ဖြစ်သည်။

(၂) အေးဆေးတည်ငြိမ်စေသော အစားအစာများမှာ စိမ်းစိုသော ဟင်းသီးဟင်းရွက်များ၊ နင်းပန်း၊ မုံ့ဖြူ၊ သစ်အယ် သီး၊ သံလွင်သီးတို့ ဖြစ်သည်။ စိတ်လှုပ်ရှားဒေါသထွက်ခြင်း ကို ပြန်လည်တည်ငြိမ်စေသည်။

(၃) ခန္ဓာကိုယ်လှုံ့ဆော်မှုကို တိုးတက်စေသော အစား အစာများမှာ...

- မှတ်ဉာဏ်တိုးတက်စေသော အစားအစာများ ငရုတ်ကောင်း၊ နမ်းနက်၊ ကြက်သွန်ဖြူ၊ နဂါး မျက်လုံးသီး (သစ်အယ်သီးနှင့် ဆင်တူသည်)
- ဆီးမကြာခဏသွားခြင်းကို သက်သာစေရန် သစ်အယ်သီး။
- အိပ်မပျော်သော ရောဂါကို သက်သာစေရန် နဂါးမျက်လုံးသီး၊ ဆန်အရက်။
- အမြင်စွမ်းအား တိုးတက်စေရန် ဝက်အသည်း၊ မုန်လာဥနီ။
- အဆစ်အမြစ်နာကျင်ကိုက်ခဲမှု သက်သာစေ ရန် ငါးရှဉ့်။
- အရေပြားယားယံခြင်း သက်သာစေရန် ဟင်း နုနွယ်။
- သွေးလည်ပတ်စေရန်၊ သွေးတိုးသက်သာစေရန် ငါးသိုင်း၊ ငါးကြင်း။
- အသံကြည်လင်စေရန် ကြံရည်။
- အစာကြေစေရန် ပျားရည်။
- အရေပြားသန့်ရှင်းစေရန် သစ်ကြားသီး၊ နို့၊ ပျားရည်၊ နမ်း။
- ယောက်ျားအားတိုးစေရန် ပုစွန်ဆိတ်၊ ပုစွန် ကျော၊ ပင်လယ်ပက်ကျိ၊ မို့၊ သစ်အယ်သီး။

(၄) မင်းအပေါင်းစုံလင်သော သစ်ရွက်၊ သစ်ဥများ

| | | |
|---|---|---|
| (က) | ဖြဲဟူမင်းဆိုသည်ကား | တောနနွင်းဥ၊ |
| (ခ) | သိကြားမင်းဆိုသည်ကား | ဆေးတစ်လုံးဥ၊ |
| (ဂ) | မသေမင်းဆိုသည်ကား | ဆင်တုံးမနွယ်၊ |
| (ဃ) | မနာမင်းဆိုသည်ကား | ဥနဲပင်၊ |
| (င) | မဖျားမင်း | ငုရွှေပင် |
| (စ) | မအိုမင်း | သပွတ်ကြီးပင် |
| (ဆ) | လမင်း | ပဒဲကောဟင်း |
| (ဇ) | နေမင်း | လင်းနေ |
| (ဈ) | ကြောင်မင်း | ကြောင်လျှာကြီးပင် |
| (ည) | ကျားမင်း | နွားလျှာကြီးပင် |

ထိုဆယ်မင်းကို ပေါင်းစုပြီးလျှင် ထပ်၍ ပေါင်းအပ် သော ဆေးကား...



www.burmeseclassic.com

www.burmeseclassic.com

- တနင်္ဂနွေနေ့၌ အုန်းပင်၌မင်းမှု၏ အုန်းမြစ်ကိုယူ။
- တနင်္လာနေ့၌ မန်ကျည်းပင်၌ မင်းမှု၏ ဆီးဖြစ်ကိုယူ။
- ဗုဒ္ဓဟူးနေ့၌ ဝါးပင်၌ မင်းမှု၏ ဝါးမြစ်ကိုယူ။
- ကြာသပတေးနေ့၌ ဖလံပင်၌ မင်းမှု၏ ဖလံမြစ်ကိုယူ။
- သောကြာနေ့၌ သီးပင်၌ မင်းမှု၏ သီးမြစ်ကိုယူ။
- စနေနေ့၌ ထိမ်ပင်၌ မင်းမှု၏ ထိမ်မြစ်ကိုယူ။

၎င်းဆေးမြစ်တို့ကို ပေါင်း၍ ဆေးဖော်က မင်းပေါင်းဆေး ဖြစ်၏။

(၅) မျက်မှန်ကျွတ်နည်းနိဿရည်းကတော့ • • •

(က) ရှေးဦးစွာ ခွက်ငယ်တစ်ခုတွင် ရေထည့်ပြီး မျက်စိတစ်ဖက်ကို ရေစိမ်ပါ။ ရေထဲတွင် မျက်စိကို ဖွင့်ချည်/မှိတ်ချည် အကြိမ် ၃၀ လုပ်ပါ။ နောက်တစ်ဖက်ကို ဤသို့ အကြိမ် ၃၀ ပြုလုပ်ပါ။

(ခ) ထို့နောက် လက်ဖြင့်ရေကိုယူ၍ ဦးခေါင်းနောက် ကုပ်ပိုးကို အချက် ၃၀ ကြိမ် ပုတ်ပါ။

(ဂ) ထို့နောက် လက်ဖြင့် ရေကိုယူ၍ လက်ဖျံနှစ်ဖက်ကို အချက် ၃၀ ပြုလုပ်ပါ။

(ဃ) ဒူးခေါင်းနှစ်ဖက်ကိုလည်း ဤနည်းအတိုင်း ပြုလုပ်။

(င) နံနက်/ည တစ်နေ့နှစ်ကြိမ် ပြုလုပ်ပါ။

(စ) အခါအားလျော်စွာ ညအိပ်ရာဝင်လျှင် မျက်လုံးနှစ်ဖက်ပေါ် ကွမ်းရွက်တင်၍ အိပ်ပါ။

(၆) ဆီးပူပြီး ဝါနေလျှင် ကန်စွန်းရွက်နှစ်စည်းကို ရေစင်အောင်ဆေးပြီး ထောင်း၍ရသော သတ္တုရည်ကို ဟင်းခပ်စတီးဇွန်းဖြင့် သကြားနှစ်ဇွန်းထည့်ပြီး မကြာခဏသောက်ပါ။ ဆီးအရောင် ဖြူလာပါမည်။ နံနက်စောစော ရေတစ်ခွက် ဝဝ သောက်ပါ။ ညအိပ်ရာဝင်ခါနီး ရေတစ်ခွက် ဝဝသောက်ပါ။

(၇) သွေးဒူလာရောဂါဟု ခေါ်ဆိုအပ်သော စအိုဝမှ ဝမ်းသွားလျှင် သွေးထွက်တာမျိုးဖြစ်ပါက မီးကွင်းဂမုန်းအရွက်ကို ရေဖြင့် ကျက်အောင်ပြုတ်ပြီး သုပ်စားပါ။ သုံးရက်ခန့်ကြာလျှင် ပျောက်ကင်းပါမည်။ ပါးစပ်ခံတွင်းမှ ငါးပိနှင့် အခြားအစားအစာများစား၍ ခံတွင်းနံ့ နံပါက ငှက်ပျောသီးနှစ်လုံး၊ သုံးလုံး စားလိုက်ပါ။ ပျောက်ကင်းပါမည်။

(၈) အသည်းတွင် ဖြစ်တတ်သော အသည်းခြောက်ခြင်း၊ အသည်းအဆီဖုံးခြင်း၊ အသည်းကင်ဆာရောဂါရှင်များအတွက် ဆေးနည်းများကတော့ -

(က) နေ့စဉ် ထန်းရည်အချို သုံးပုလင်းသောက်ပေးပါ။

(ခ) နနွင်းမှုန့်ကို ပျားရည်ဖြင့် အလုံးလုံးပြီး နေ့စဉ် ငါးလုံးမှ ၁၀ လုံး သောက်ပါ။

(ဂ) ရှားစောင်းလက်ပပ်ကို ပြာချ၊ ပျားရည်ဖြင့်စားပါ။ အဖတ်အစိမ်း/အရည်တို့ကိုလည်း ပျားရည်ဖြင့် ရော၍ မိမိ၏ ခံနိုင်ရည်အပေါ်မူတည်၍ စားပါ။

(ဃ) ထိကရုန်းရွက်၊ မြင်းခွာရွက်၊ ထောက်ကြံ့ရွက် သုံးမျိုးကို ရေနွေးကြမ်းသောက်သလို နေ့စဉ်သောက်ပါ။ သို့မဟုတ် အရွက်ပြာချ ပျားရည်ဖြင့် သောက်ပါ။ မြင်းခွာရွက်က ဆေးမြင်းခွာရွက် ဖြစ်ပါသည်။

(င) ဆန်အရက် အနည်းငယ်သောက်ပေးပါ။ ဖုံ နေသော အဆီများကို ကိုက်စားသွားပါသည်။ ဗိုင်အနီသည်လည်း အလားတူ ပျောက်ကင်းစေပါသည်။

(၉) အဝလွန်သူများ၊ အဆီကျစိန်လိုသူများအတွက်

(က) စပျစ်သီး၊ သပြေသီး နေ့စဉ်စားပေးပါ။ အဆ ကျပါသည်။

(ခ) ကြို့သီးကို ပြာချပြီး ပျားရည်ဖြင့် စားပေး အဆီကျပါသည်။ အောင်လံ၊ သရက်မြို့ တွင် ရှိပါသည်။

(ဂ) ညစာလျှော့စားပါ။ ထန်းရည်အခါး ပေးပါ။



www.burmeseclassic.com

www.burmeseclassic.com

(၁၀) ရှေးလူကြီးများ ဆိုရိုးစကားတစ်ခု ရှိပါ၏။ သားသမီးကို ဆင်စီးမြင်းရံပြီး ပန်းပန်တာကို မြင်လိုသည်ဆိုတဲ့ စကားမှာ ဆေးပညာအတွက် ရေးသားထားခြင်း ဖြစ်ပါသည်။ ဆင်စီးတာက ဆင်တုံးမနွယ်၊ မြင်းစီးတာက မြင်းခွာရွက်တို့ကို ကြိတ်ပြီး၊ ပန်းပန်တာက ပျားရည်ဖြင့် ရောပြီးစားပါက ရောဂါမျိုးစုံပျောက်ကင်းပြီး သက်ရှည်ကျန်းမာ၏လို့ ဆိုလိုခြင်း ဖြစ်ပါ၏။

(၁၁) ဆိမ့်လွန်းတဲ့ အစားအစာများကတော့ အသီးမှာ သရက်၊ အရွက်မှာ လက်ဖက်၊ အသားမှာ ဝက်၊ ဖွတ်ဥ၊ ထိပ်သည်း၊ ကျွဲနို့ခဲတို့ ဖြစ်ပါသည်။

(၁၂) အခြားဆေးမြီးတိုများကတော့ အရက်သောက်သူများ အရက်ပြတ်စေချင်ရင် ကေရာင်မြစ်ကိုသာ သွေးတိုက်ပါ။ အရက်ပြတ်ပါသည်။

(၁၃) ချောင်းအရမ်းဆိုးသူများ၊ ရက်ရှည်ချောင်းဆိုးသူများအတွက် ကျွန်းပင်က ကျွန်းသီးကို သွေးပြီး လည်ပင်းကို သိမ်းပါ။ သွေးသောက်ပါ။ မုချပျောက်ပါ၏။

(၁၄) အဖုအပိမ့်အနာများ ဖြစ်ပေါ်လျှင် ပျဉ်းတော်သိမ်မြစ်ကို အသန့်သွေးပြီး တစ်နေ့လျှင် နှစ်ကြိမ်လိမ်းပေးပါ။

(၁၅) တရုတ်ဆေးပညာအဆိုအရ ရာသီအလိုက် စားချင်စိတ်များ ဖြစ်ပေါ်တတ်ခြင်းသည် ခန္ဓာကိုယ်အတွင်းမှ အစိတ်အပိုင်းတစ်ခု၏ အားနည်းချက်ကြောင့် ဖြစ်ပေါ်ခြင်းဖြစ်၍ ထိုသို့ဖြစ်ပေါ်ချိန်တွင် ရှောင်သင့်သည်ဟုရေးသားထားပါသည်။

(က) နွေရာသီတွင် အချဉ်စားချင်းစိတ် ဖြစ်ပေါ်တတ်သည်။ အသည်းအားနည်း၍ ဖြစ်သည်၊ ရှောင်ရမည်။ နှလုံးအားနည်း၍ အခါးစားချင်စိတ်ဖြစ်ပေါ်တတ်သည်၊ ရှောင်ရမည်။

(ခ) မိုးရာသီ/ဆောင်းရာသီတွင် အဆုတ်အားနည်း၍ စပ်သော အစားအစာများ စားချင်စိတ်ဖြစ်ပေါ်တတ်သည်။ ရှောင်ရမည်။

(ဂ) ဆောင်းရာသီတွင် ကျောက်ကပ်အားနည်း၍ အငန်စားချင်စိတ် ဖြစ်ပေါ်တတ်သည်။ ရှောင်ရမည်။

(ဃ) ရာသီအပြောင်းအလဲတွင် သရက်ရွက်အားနည်း၍ အချိုစားချင်စိတ် ဖြစ်ပေါ်တတ်သည်။ ရှောင်ရမည်။

**အပူစာကဏ္ဍ**

၁။ ကြွက်သား (ဆိမ့်၊ ဖန်၊ ချို)သော အရသာရှိ၏။ ဝမ်းချုပ်၏။ သွေးတက်၊ လေတက်၊ ဆီးနည်း၏။ ချွေးမထွက်ပါ။

၂။ ချိုးသား (ဆိမ့်၊ ဖန်)သော အရသာရှိ၏။ ဝမ်းချုပ်၏။ သွေးတက်၊ လေတက်၊ ဆီးနည်း၏။ ချွေးမထွက်ပါ။

၃။ ခါသား (ဆိမ့်၊ ဖန်)သော အရသာရှိ၏။ ဝမ်းချုပ်၏။ သွေးတက်၊ လေတက်၊ ဆီးနည်း၏။ ချွေးမထွက်ပါ။

၄။ နိုသား (ဆိမ့်၊ ဖန်)သော အရသာရှိ၏။ ဝမ်းချုပ်၏။ သွေးတက်၊ လေတက်၊ ဆီးနည်း၏။ ချွေးမထွက်ပါ။

၅။ စာကလေးသား (ဆိမ့်၊ ဖန်)သော အရသာရှိ၏။ ဝမ်းချုပ်၏။ သွေးတက်၊ လေတက်၊ ဆီးနည်း၏။ ချွေးမထွက်ပါ။

၆။ ဖွတ်သား (ဆိမ့်၊ ဖန်)သော အရသာရှိ၏။ ဝမ်းချုပ်၏။ သွေးတက်၊ လေတက်၊ ဆီးနည်း၏။ ချွေးမထွက်ပါ။

၇။ ပုတတ်သား (ဆိမ့်၊ ဖန်)သော အရသာရှိ၏။ ဝမ်းချုပ်၏။ သွေးတက်၊ လေတက်၊ ဆီးနည်း၏။ ချွေးမထွက်ပါ။

၈။ ဂျီ(ချေ)သား (ဆိမ့်၊ ဖန်)သော အရသာရှိ၏။ ဆီးနည်း၏၊ ဝမ်းချုပ်၏၊ သွေးတက်၏။

၉။ သမင်သား (ဆိမ့်)သော အရသာရှိ၏။ ဆီးနည်း၏၊ ဝမ်းချုပ်၏၊ သွေးတက်၏။

၁၀။ နွားသား(ဆိမ့်)သော အရသာရှိ၏။ ဆီးနည်း၏၊ ဝမ်းချုပ်၏၊ သွေးတက်၏။

၁၁။ သိုးသား(ဆိမ့်)သော အရသာရှိ၏။ ဆီးနည်း၏၊ ဝမ်းချုပ်၏၊ သွေးတက်၏။

၁၂။ ဆိတ်သား(ဆိမ့်)သော အရသာရှိ၏။ ဆီးနည်း၏၊ ဝမ်းချုပ်၏၊ သွေးတက်၏။



www.burmeseclassic.com

www.burmeseclassic.com

၁၃။ ယုန်သား (ချို) ဆီးများ၏ ဝမ်းချုပ်၏ သွေးတာက်၏။
၁၄။ ဒန့်သလွန်သီး (ဆိမ့်၊ စပ်) ဆီးနည်း၏၊ ဝမ်းချုပ်၏၊ လေတာက်၏။
၁၅။ တညှင်းသီး (ဆိမ့်၊ စပ်) ဆီးနည်း၏၊ ဝမ်းချုပ်၏၊ လေတာက်၏။
၁၆။ ဥသျှစ်သီး (ဆိမ့်၊ စပ်) ဆီးနည်း၏၊ ဝမ်းချုပ်၏၊ လေတာက်၏။
၁၇။ ဒူးရင်းသီး (ဆိမ့်၊ ချို) ဝမ်းချုပ်၊ ဆီးနည်း၊ လေတာက်၊ သွေးတာက်၏။
၁၈။ ဒန့်သလွန်ရွက် (ခါး၊ စပ်) ဆီးနည်း၊ ဝမ်းချုပ်။
၁၉။ ကုက္ကိုရွက် (ဖန်၊ စပ်) ဆီးနည်း၊ ဝမ်းချုပ်၊ ချွေးထွက်။
၂၀။ ရှေဒက်ရွက် (ခါး၊ စပ်) ဆီးနည်း၊ ဝမ်းချုပ်၊ လေတာက်၊ ချွေးထွက်။
၂၁။ ဥသျှစ်ရွက် (ခါး၊ စပ်) ဆီးနည်း၊ ဝမ်းချုပ်၊ လေတာက်၊ ချွေးထွက်၊ သွေးတာက်။
၂၂။ မိုးနံရွက် (ခါး၊ စပ်) ဝမ်းချုပ်၊ လေတာက်၊ ချွေးထွက်။
၂၃။ ရဲယိုရွက် (ခါး၊ စပ်) ဝမ်းချုပ်၊ လေတာက်၊ ချွေးထွက် သွေးတာက်။
၂၄။ ဥနဲ့ရွက် (ခါး) ဝမ်းချုပ်၊ ချွေးထွက်။
၂၅။ မြင်းခွာရွက် (ခါး) ဆီးများ၊ လေတာက်။
၂၆။ လဲလူရွက် (ခါး) ဆီးနည်း၏။
၂၇။ ကြိတ်မှန်ရွက် (ခါး) သွေးတာက်၊ လေတာက်။
၂၈။ ပိုးစာရွက် (ခါး) သွေးတာက်၊ လေပွသက်၏။
၂၉။ ထနောင်းရွက် (ခါး) ဝမ်းသက်၊ လေသက်။
၃၀။ ကြာပုဒ်ရွက် (ခါး) ဝမ်းသက်၊ လေသက်။
၃၁။ ကြက်ဆူးရိုးနီရွက် (ခါး) ဝမ်းသက်၊ လေသက်။
၃၂။ သက်ရင်းကြီးရွက် (ခါး) ဝမ်းသက်၊ လေသက်။
၃၃။ ကြောင်ပန်းရွက်(ခါး) ဆီးနည်း၊ ဝမ်းချုပ်၊ လေပွတက်၊ သွေးတာက်။
၃၄။ ဖျောက်ဆိပ်ရွက် (ခါး) ဝမ်းချုပ်၊ လေသက်။
၃၅။ မယားကြီးရွက် (ခါး) ဝမ်းချုပ်၊ လေသက်။
၃၆။ ဂုံခါးရွက် (ခါး) ဝမ်းချုပ်၊ လေသက်။
၃၇။ ခွေးတောက်ရွက် (ခါး) ဝမ်းချုပ်၊ လေသက်။
၃၈။ တမာရွက် (ခါး၊ ဖန်) ဆီးနည်း၊ ဝမ်းချုပ်၊ လေပွ၊ သွေးတာက်။
၃၉။ သဘော်ရွက် (ခါး) လေသက်။
၄၀။ ကြောင်လျှာရွက် (ခါး) လေသက်။
၄၁။ ပင်စိမ်းရွက် (စပ်၊ ခါး) လေသက်၊ သွေးတာက်။
၄၂။ ဇီယာရွက် (စပ်၊ ခါး) လေသက်၊ သွေးတာက်။
၄၃။ နံနံပင်ရွက် (စပ်) ဆီးနည်း၊ ဝမ်းချုပ်၊ လေသက်၊ သွေးတာက်။
၄၄။ စပါးလင် (စပ်) လေသက်၊ သွေးတာက်။
၄၅။ မဆလာ (ဆိမ့်၊ စပ်) ဆီးနည်း၊ ဝမ်းချုပ်၊ သွေးတာက်။
၄၆။ ချင်း (စပ်) ဆီးနည်း၊ ဝမ်းချုပ်၊ လေသက်၊ ချွေးထွက်။
၄၇။ ငရုတ်သီးမျိုးစုံ (စပ်) ဆီးနည်း၊ ဝမ်းသက်၊ ချွေးထွက်။
၄၈။ ငရုတ်ကောင်း (စပ်) ဆီးနည်း၊ ဝမ်းသက်၊ ချွေးထွက်။
၄၉။ မိဿလင်ဥ (စပ်) ဆီးနည်း၊ ဝမ်းသက်၊ ချွေးထွက်။
၅၀။ နနွင်းစိမ်း (စပ်၊ ခါး) ဆီးနည်း ဝမ်းချုပ်။
၅၁။ ကြာဟင်းဖူး (စပ်) ဝမ်းသက်၊ ဆီးများ၊ သွေးတာက်။
၅၂။ ဂုံမင်း (ခါး) ဆီးများ၊ ဝမ်းချုပ်၊ လေသက်။
၅၃။ ဆိတ်ဖူး (စပ်၊ ခါး) ဝမ်းချုပ်၊ သွေးတာက်။
၅၄။ သရက်ကင်းဥ (ဆိမ့်၊ စပ်၊ ခါး) ဆီးနည်း ဝမ်းချုပ်၊ လေသက်၊ သွေးတာက်။
၅၅။ ပတဲကော (စပ်၊ ခါး) ဆီးနည်း ဝမ်းချုပ်၊ ချွေးထွက်။
၅၆။ ဂန့်အိုမ် (စပ်၊ ခါး) ဆီးနည်း ဝမ်းချုပ်။
၅၇။ ပျဉ်းတော်သိမ်ရွက် (ခါး၊ စပ်) ဆီးနည်း၊ သွေးတာက်။
၅၈။ မလွှသီး (ခါး၊ ဆိမ့်) ဝမ်းချုပ်၊ လေသက်။
၅၉။ မလွှပွင့် (ခါး) ဆီးများ၊ ဝမ်းသက်၊ လေတာက်။
၆၀။ ကြက်သွန်ဖြူ (စပ်၊ ခါး) ဆီးနည်း၊ ဝမ်းချုပ်၊ လေသက်၊ သွေးတာက်။
၆၁။ မာလာဖူး (စပ်) လေသက်။
၆၂။ တောက်တာဖူး (စပ်) ဆီးနည်း၊ ချွေးထွက်။
၆၃။ မှျစ် (ဆိမ့်) ဆီးနည်း၊ ဝမ်းချုပ်။
၆၄။ ခံတက်ချဉ် (ချဉ်၊ ခါး) ဆီးနည်း၊ လေချုပ်။
၆၅။ ဟင်းဂလာချဉ် (ချဉ်) ဆီးနည်း။
၆၆။ စောင်ချမ်းချဉ် (ချဉ်) ဆီးနည်း၊ လေချုပ်။
၆၇။ ပဲကြီး (ဆိမ့်) ဝမ်းသက်၊ လေသက်။
၆၈။ ကုလားပဲ (ချို၊ ဆိမ့်) ဆီးများ၊ လေသက်။
၆၉။ ပဲနောက် (ဆိမ့်) ဝမ်းနည်း ၊ လေသက်။
၇၀။ ပဲစဉ်းငုံ (ဆိမ့်၊ ချို) ဝမ်းသက်၊ လေသက်။



www.burmeseclassic.com

www.burmeseclassic.com

၇၃။ ချင်းသုပ် (စပ်) ဆီးနည်း။ ဝမ်းချုပ်၊ လေသက်။
၇၂။ ချင်းယို (ချို၊ စပ်) ဆီးနည်း။ ဝမ်းချုပ်၊ လေသက်။
၇၄။ ဥသျှစ်ကင်းယို (ချို၊ ဆိမ့်) ဆီးနည်း။ ဝမ်းချုပ်။
၇၄။ ဒူးရင်းယို (ချို၊ ဆိမ့်) ဆီးနည်း။ ဝမ်းချုပ်။
၇၅။ ဗေဒိပ္ပိုလ်သီးယို (ဆိမ့်၊ ချို၊ စပ်) ဆီးနည်း။ ဝမ်းချုပ်၊ သွေးတက်။
၇၆။ တညင်းသီးအုန်းနို့ဆမ်း (ဆိမ့်) ဝမ်းချုပ်၊ လေချုပ်။
၇၇။ ဆိတ်သားပလာတာ (ဆိမ့်) ဆီးနည်း။ ဝမ်းချုပ်။
၇၈။ ဆိတ်သားစမူဆာ (ဆိမ့်) ဆီးနည်း။ ဝမ်းချုပ်။
၇၉။ ဆိတ်သားဖြင့်ပြုလုပ်သော အစားအစာအမျိုးမျိုး (ဆိမ့်) ဆီးနည်း။ ဝမ်းချုပ်။
၈၀။ နွားသားဖြင့်ပြုလုပ်သော အစားအစာအမျိုးမျိုး (ဆိမ့်) ဆီးနည်း။ ဝမ်းချုပ်။
၈၁။ ကြက်သားဖြင့်ပြုလုပ်သော အစားအစာအမျိုးမျိုး (ဆိမ့်၊ ချို၊ ဖန်) ဆီးနည်း။ ဝမ်းချုပ်။
၈၂။ ဂျင်ဂျာဘီစကွတ် (ဆိမ့်၊ ချို၊ စပ်) ဆီးနည်း။ ဝမ်းချုပ်။
၈၃။ ပဲကြီးလှော် (ဆိမ့်) ဆီနည်း။ ဝမ်းသက်၊ လေသက်။
၈၄။ ကုလားပဲလှော် (ဆိမ့်) ဆီနည်း။ ဝမ်းသက်၊ လေသက်။
၈၅။ ရဲယိုသီး (စပ်) ဆီးနည်း။ လေသက်၊ သွေးသက်။
၈၆။ အရက်အမျိုးမျိုး (စပ်၊ ခါး) ဆီးနည်း။ သွေးတက်။

**အအေးစာကဏ္ဍ**

၈၇။ ဝက်သား (ဆိမ့်) ဆီးများ။ ဝမ်းသက်၊ လေသက်။
၈၈။ ဝမ်းဘဲသား (ဆိမ့်၊ ဖန်) ဝမ်းချုပ်၊ လေသက်။
၈၉။ ရေကြက် (ဆိမ့်၊ ဖန်) ဝမ်းချုပ်၊ လေချုပ်၊ သွေးတက်။
၉၀။ ဗျိုင်းသား (ဆိမ့်၊ ဖန်) ဝမ်းချုပ်၊ လေချုပ်၊ သွေးတက်။
၉၁။ စစ္စလီ (ဆိမ့်၊ ဖန်) ဝမ်းချုပ်၊ လေချုပ်၊ သွေးတက်။
၉၂။ ငါးအမျိုးမျိုး (ဆိမ့်) ရေပေါ်ငါး သွေးတက်၏။ ရေအောက်ငါး သွေးသက်၏။
၉၃။ ပုစွန်တုပ် (ဆိမ့်) ဝမ်းချုပ်၊ သွေးသက်။
၉၄။ ပုစွန်ဆိတ် (ဆိမ့်) ဝမ်းချုပ်၊ သွေးတက်။
၉၅။ ဝမ်းဘဲဥ (ဆိမ့်) ဝမ်းချုပ်၊ လေတက်။
၉၆။ ကြက်ဥ (ဆိမ့်) ဝမ်းချုပ်၊ ဆီးနည်း။ သွေးတက်။
၉၇။ ဖွတ်ဥ (ဆိမ့်) ဝမ်းချုပ်၊ သွေးတက်။
၉၈။ လိပ်ဥ (ဆိမ့်) ဝမ်းချုပ်၊ သွေးတက်။
၉၉။ ငါးဥများ (ဆိမ့်၊ ဖန်) ဝမ်းချုပ်၊ လေချုပ်။
၁၀၀။ ကိုင်းဥ (ဆိမ့်၊ ဖန်) ဝမ်းချုပ်၊ သွေးတက်။
၁၀၁။ အင်ဥ (ဆိမ့်၊ ဖန်) ဝမ်းချုပ်၊ သွေးတက်။
၁၀၂။ မြေဥ (ဆိမ့်၊ ဖန်) ဝမ်းချုပ်၊ လေချုပ်။
၁၀၃။ ပိန်းဥ (ဆိမ့်၊ ဖန်) လေတက်၊ သွေးတက်။
၁၀၄။ မြောက်ဥ (ဆိမ့်) လေတက်၊ သွေးတက်။
၁၀၅။ မှိုဥ (ဆိမ့်၊ ဖန်) ဝမ်းချုပ်၊ လေသက်၊ သွေးတက်။
၁၀၆။ ကန်စွန်းဥ (ဆိမ့်၊ ဖန်) ဝမ်းချုပ်၊ လေသက်။
၁၀၇။ အာတာလွတ်ဥ (ဆိမ့်) ဝမ်းချုပ်၊ လေသက်။
၁၀၈။ ပဲမြစ် (ဆိမ့်၊ ဖန်) ဆီးချုပ်၊ ဝမ်းချုပ်၊ လေချုပ်။
၁၀၉။ ထန်းမြစ် (ဆိမ့်၊ ခါး၊ ဖန်) ဝမ်းချုပ်၊ လေချုပ်၊ ဆီးနည်း။
၁၁၀။ အာလူး (ဆိမ့်) ဝမ်းချုပ်၊ လေသက်။
၁၁၁။ ပြောင်းဖူး (ဆိမ့်) ဝမ်းချုပ်၊ လေပွ။
၁၁၂။ နွားနို့ (ဆိမ့်) ဝမ်းချုပ်၊ လေသက်။
၁၁၃။ ကျွဲနို့ (ဆိမ့်) ဝမ်းသက်၊ လေသက်၊ သွေးသက်။
၁၁၄။ ဆိတ်နို့ (ဆိမ့်) ဆီးနည်း။ ဝမ်းချုပ်။
၁၁၅။ မြင်းနို့ (ဆိမ့်) ဆီးနည်း။ ဝမ်းချုပ်၊ လေသက်။
၁၁၆။ အုန်းနို့ (ဆိမ့်) ဆီးနည်း။ ဝမ်းချုပ်။
၁၁၇။ ထောပတ် (ဆိမ့်၊ စပ်) ဆီးနည်း။ ဝမ်းချုပ်၊ လေချုပ်။
၁၁၈။ ဘူးသီး (ချို) ဆီးများ။ လေသက်။
၁၁၉။ ဖရဲသီး (ချို) ဆီးများ။ ဝမ်းသက်၊ လေသက်။
၁၂၀။ ကျောက်ဖရုံသီး (ချို) ဆီးများ။ ဝမ်းသက်၊ လေသက်။
၁၂၁။ ရွှေဖရုံသီး (ဆိမ့်၊ ချို) ဝမ်းသက်၊ လေသက်။
၁၂၂။ သခွားသီး (ချို) ဆီးများ။ ဝမ်းသက်၊ လေသက်။
၁၂၃။ ရုံးပတီသီး (ချို၊ ဖန်) ဝမ်းချုပ်၊ လေချုပ်။
၁၂၄။ ကျီးအာသီး (ခါး၊ ဖန်) ဝမ်းချုပ်၊ လေပွ။
၁၂၅။ ဗုံလုံသီး (ချို) ဆီးများ။ လေသက်။
၁၂၆။ အုန်းသီးနု (ချို) ဆီးများ။ ဝမ်းချုပ်။
၁၂၇။ သရက်သီးစိမ်း (ချဉ်၊ ဖန်) ဝမ်းချုပ်၊ လေချုပ်။
၁၂၈။ သရက်သီးမှည့် (ချို၊ ချဉ်၊ ဖန်) ဝမ်းသက်၊ ဆီးများ။ လေသက်။
၁၂၉။ မရန်းသီးစိမ်း (ချဉ်၊ ဖန်) ဝမ်းချုပ်၊ လေချုပ်။



www.burmeseclassic.com

www.burmeseclassic.com

၁၃၀။ မရန်းသီးမှည့် (ချဉ်၊ ချို) လေချုပ်၊ သွေးတက်။
၁၃၁။ ပိန္နဲသီးကင်း (ဖန်) ဝမ်းချုပ်၊ လေချုပ်။
၁၃၂။ ပိန္နဲသီးမှည့် (ချို) ဝမ်းသက်၊ လေသက်။
၁၃၃။ သပြေသီး (ချဉ်၊ ဖန်) ဝမ်းချုပ်၊ လေသက်။
၁၃၄။ မင်းကွတ်သီး (ချို၊ ဖန်) ဝမ်းချုပ်။
၁၃၅။ သပျစ်သီး (ချို၊ ချဉ်၊ ဖန်) ဆီးများ၊ ဝမ်းချုပ်၊ လေချုပ်။
၁၃၆။ ပန်းသီး (ချို၊ ချဉ်၊ ဖန်) ဆီးများ။
၁၃၇။ သစ်တော်သီး (ချို၊ ချဉ်၊ ဖန်) ဆီးများ၊ လေချုပ်၊ သွေးချုပ်။
၁၃၈။ နာနတ်သီး (ချို၊ ချဉ်) ဆီးများ၊ ဝမ်းသက်၊ လေသက်။
၁၃၉။ သီဟိုသီး (ချို၊ ဖန်) ဝမ်းချုပ်၊ လေချုပ်၊ သွေးချုပ်။
၁၄၀။ ကနစိုသီး (ချို၊ ချဉ်၊ ဖန်) ဆီးများ၊ ဝမ်းသက်၊ လေသက်၊ သွေးချုပ်။
၁၄၁။ လိမ္မော်သီး (ချို၊ ချဉ်) ဆီးများ၊ ဝမ်းသက်၊ လေသက်။
၁၄၂။ ရှောက်သီး (ချဉ်) ဆီးများ၊ ဝမ်းသက်၊ လေသက်။
၁၄၃။ သံပရာသီး (ချဉ်) ဆီးများ၊ ဝမ်းသက်။
၁၄၄။ ကျွဲကောသီး (ချို၊ ချဉ်၊ ခါး) ဆီးများ၊ ဝမ်းသက်၊ လေသက်။
၁၄၅။ ရှောက်ချိုသီး (ချို၊ ချဉ်) ဆီးများ၊ လေသက်။
၁၄၆။ သဘောသီးစိမ်း (ချို၊ ဖန်) ဆီးများ၊ လေသက်။
၁၄၇။ သဘောသီးမှည့် (ချို) ဆီးများ၊ ဝမ်းသက်၊ လေသက်။
၁၄၈။ မာလကာသီး (ချို၊ ဆိမ့်၊ ဖန်) ဝမ်းချုပ်၊ လေချုပ်၊ သွေးချုပ်။
၁၄၉။ ဩဇာသီး (ချို) ဝမ်းချုပ်၊ လေချုပ်။
၁၅၀။ သလဲသီး (ချို၊ ချဉ်၊ ဖန်) လေချုပ်၊ ဆီးများ၊ သွေးချုပ်။
၁၅၁။ စောင်းလျားသီး (ချဉ်၊ ဖန်) ဆီးများ၊ လေချုပ်။
၁၅၂။ ခရမ်းချိုသီး (ချဉ်၊ စပ်) ဝမ်းချုပ်၊ လေသက်။
၁၅၃။ ခရမ်းချဉ်သီး (ချဉ်) ဆီးများ၊ လေသက်၊ သွေးတက်။
၁၅၄။ ခရမ်းကစော့သီး (ခါး) လေသက်၊ ဝမ်းသက်၊ ဆီးများ။
၁၅၅။ ဆီးသီး (ချဉ်၊ ဖန်) သွေးချုပ်၊ လေချုပ်၊ ဝမ်းချုပ်။
၁၅၆။ ဖန်ခါးသီး (ဖန်၊ ချဉ်၊ ခါး) ဆီးနည်း၊ ဝမ်းချုပ်၊ လေချုပ်၊ သွေးချုပ်။
၁၅၇။ ခွေးသီး (ဖန်၊ ချဉ်၊ ခါး) ဆီးများ၊ လေချုပ်။
၁၅၈။ နှင်းသီး (ချို၊ ချဉ်၊ ဖန်) ဆီးများ၊ လေချုပ်။
၁၅၉။ ခဝဲသီး (ချို၊ ခါး) လေချုပ်၊ ဆီးများ။
၁၆၀။ မြို့ပျက်ခရမ်းသီး (ချို၊ ခါး) လေချုပ်၊ ဆီးများ။
၁၆၁။ မန်ကျည်းသီးအစိမ်း (ချဉ်၊ ဖန်) လေချုပ်၊ သွေးချုပ်။
၁၆၂။ မန်ကျည်းသီးအမှည့် (ချဉ်၊ ချို) ဝမ်းသက်၊ လေသက်။
၁၆၃။ ဆီးဖြူသီး (ချဉ်၊ ဖန်) ဆီးများ၊ ဝမ်းသက်၊ လေချုပ်။
၁၆၄။ သခွားသီးမွေး (ချို) လေသက်၊ ဆီးများ။
၁၆၅။ ကြံ့ငှသီး (ချို၊ ချဉ်၊ ဖန်) ဝမ်းချုပ်၊ လေချုပ်။
၁၆၆။ သီးသီးအစိမ်း (ချဉ်၊ ဖန်) ဝမ်းချုပ်၊ လေချုပ်။
၁၆၇။ သီးသီးအမှည့် (ချို၊ ချဉ်) ဝမ်းသက်၊ လေသက်။
၁၆၈။ သစ်ဆိမ့်သီး (ဆိမ့်၊ ဖန်) ဝမ်းချုပ်၊ လေသက်။
၁၆၉။ ကြက်ဟင်းခါးသီး (ခါး၊ ဆိမ့်) ဝမ်းချုပ်၊ လေသက်။
၁၇၀။ ကင်းပုံသီး (ခါး၊ ဆိမ့်) ဝမ်းချုပ်၊ ဆီးများ၊ လေသက်။
၁၇၁။ သပွတ်ခါးသီး (ခါး) ဝမ်းသက်၊ လေသက်။
၁၇၂။ ကြက်ပေါင်သီး (ချဉ်၊ ဖန်) ဝမ်းချုပ်၊ လေချုပ်၊ သွေးချုပ်။
၁၇၃။ ကုန်းကန်စွန်းရွက် (ဖန်) ဆီးများ၊ သွေးသက်။
၁၇၄။ ရေကန်စွန်းရွက် (ဖန်) ဆီးများ၊ သွေးသက်။
၁၇၅။ မန်ကျည်းရွက် (ချဉ်၊ ဖန်) လေချုပ်၊ ဝမ်းချုပ်။
၁၇၆။ သနပ်ရွက် (ဖန်) ဝမ်းချုပ်၊ လေချုပ်။
၁၇၇။ သဖန်းရွက် (ဖန်) ဝမ်းချုပ်၊ လေချုပ်။
၁၇၈။ ညံရွက် (ဖန်) ဝမ်းချုပ်၊ လေချုပ်။
၁၇၉။ မဲဇလီရွက် (ခါး၊ ဖန်) ဝမ်းသက်၊ လေသက်။
၁၈၀။ လယ်ပတူရွက် (ခါး၊ ဖန်) ဝမ်းချုပ်၊ လေချုပ်။
၁၈၁။ ပီလောရွက် (ဖန်) ဆီးများ၊ ဝမ်းချုပ်၊ လေချုပ်။
၁၈၂။ ဆီးဖြူရွက် (ဖန်) ဝမ်းချုပ်၊ လေချုပ်။
၁၈၃။ ပြည်ပန်းညိုရွက် (ဖန်၊ ခါး) ဝမ်းချုပ်၊ လေချုပ်။
၁၈၄။ ညောင်ရွက်/ဖူး (ဖန်) ဆီးနည်း၊ ဝမ်းချုပ်၊ လေချုပ်။
၁၈၅။ ကြက်ဟင်းခါးရွက် (ဖန်) ဝမ်းချုပ်၊ လေသက်။
၁၈၆။ ကင်းပုံရွက် (ခါး) ဆီးများ၊ လေချုပ်။
၁၈၇။ ဗုံလုံရွက် (ချို၊ ခါး) ဆီးများ၊ လေသက်။
၁၈၈။ လယ်ဟင်းခါး (ခါး) လေသက်။
၁၈၉။ ကုလားမျက်စိ (ခါး) ဆီးများ၊ လေသက်။
၁၉၀။ ကန့်ကလာ (ခါး) ဝမ်းသက်၊ လေသက်၊ ဆီးများ။
၁၉၁။ ဂန့်ခါး (ခါး) ဆီးများ၊ ဝမ်းသက်၊ လေသက်၊ သွေးသက်။



www.burmeseclassic.com

www.burmeseclassic.com

၁၉၂။ ဆူးလေ (ခါး) ဆီးများ၊ ဝမ်းသက်။
၁၉၃။ မော်ကွတ် (ဖန်) ဆီးများ၊ လေသက်။
၁၉၄။ မုန်ညင်း (ချို၊ စပ်) သွေးသက်၊ လေသက်။
၁၉၅။ မုန်လာရွက် (စပ်) သွေးသက်၊ လေသက်။
၁၉၆။ ကျုံးအာရွက် (ခါး) သွေးသက်၊ လေသက်။
၁၉၇။ ချဉ်ပေါင်ရွက် (ချဉ်) ဆီးများ၊ လေပွ။
၁၉၈။ ကင်ပွန်းရွက် (ချဉ်၊ ဖန်) ဝမ်းချုပ်၊ လေချုပ်။
၁၉၉။ ဘူးရွက် (ချို) ဆီးများ၊ လေသက်။
၂၀၀။ ရွှေဖရုံရွက် (ချို) ဆီးများ၊ လေသက်။
၂၀၁။ ကျောက်ဖရုံရွက် (ချို) ဆီးများ၊ လေသက်။
၂၀၂။ ဆလတ်ရွက် (ချို) ဆီးများ။
၂၀၃။ ဂေါ်ဖီထုပ် (ချို) ဝမ်းချုပ်၊ ဆီးများ။
၂၀၄။ မှော်သေးရွက် (ချို) ဆီးများ၊ လေသက်။
၂၀၅။ မှော်ချဉ် (ချဉ်၊ ဖန်) ဆီးများ၊ လေသက်။
၂၀၆။ ဟင်းနုနွယ်ရွက် (ခါး၊ ချို) ဆီးများ၊ ဝမ်းသက်၊ လေသက်။
၂၀၇။ ကညွတ်ရွက် (ချို၊ ဖန်) ဝမ်းချုပ်၊ လေသက်။
၂၀၈။ ဇရစ် (ချို၊ ဖန်) ဆီးများ၊ ဝမ်းချုပ်၊ လေချုပ်။
၂၀၉။ ပဲရာဇာ (ဆိမ့်) လေသက်၊ ဆီးများ။
၂၁၀။ ပဲနီလေး (ဆိမ့်၊ ချို) ဆီးများ၊ လေသက်။
၂၁၁။ ပဲချဉ်ပေါင် (ဆိမ့်) ဆီးများ၊ လေသက်။
၂၁၂။ ပဲကျား (ဆိမ့်၊ ခါး) လေသက်၊ ဝမ်းသက်။
၂၁၃။ စားတော်ပဲ (ဆိမ့်) ဝမ်းမှန်၊ လေပွ။
၂၁၄။ ပဲကတ္တီပါ (ဆိမ့်) ဝမ်းမှန်၊ လေပွ။
၂၁၅။ ပဲလွန်း (ဆိမ့်၊ ဖန်) ဝမ်းချုပ်၊ လေပွ။
၂၁၆။ မြေပဲ (ဆိမ့်) ဆီးနည်း၊ လေချုပ်။
၂၁၇။ အုန်းသီးဆံ (ဆိမ့်) ဆီးနည်း၊ လေချုပ်၊ ဝမ်းချုပ်။
၂၁၈။ သစ်ကြားသီးဆံ (ဆိမ့်) ဆီးနည်း၊ လေချုပ်၊ ဆီးများ။
၂၁၉။ ကောက်ညှင်းပါသော အစားအစာများ (ဆိမ့်၊ ဖန်) ဆီးချုပ်၊ ဝမ်းချုပ်၊ လေချုပ်။
၂၂၀။ ဟာလဝါ (ဆိမ့်၊ ချို) ဆီးနည်း၊ ဝမ်းချုပ်။
၂၂၁။ ဆနွင်းမကင်း (ဆိမ့်၊ ချို) ဆီးနည်း၊ ဝမ်းချုပ်။
၂၂၂။ ခေါက်ဆွဲပြုတ် (ဆိမ့်၊ ချို) ဆီးများ၊ လေသက်။
၂၂၃။ ခေါက်ဆွဲကြော် (ဆိမ့်) ဝမ်းချုပ်၊ လေသက်။
၂၂၄။ ကိတ်မုန့်မျိုးစုံ (ဆိမ့်၊ ချို) ဝမ်းချုပ်။
၂၂၅။ ဘီစကစ်မုန့်မျိုးစုံ (ဆိမ့်) ဝမ်းချုပ်။
၂၂၆။ ဖာလူဒါ (ဆိမ့်၊ ချို) ဆီးများ၊ ဝမ်းသက်၊ လေသက်။
၂၂၇။ အိုက်စ်ခရင် (ဆိမ့်၊ ချို) ဆီးများ၊ ဝမ်းသက်၊ လေသက်။
၂၂၈။ နို့မှုန့်များ (ဆိမ့်) ဝမ်းချုပ်။
၂၂၉။ ပေါင်မုန့် (ဆိမ့်) ဝမ်းချုပ်၊ လေပွ။
၂၃၀။ ဘီလပ်ရည် (ချို) ဆီးများ၊ လေသက်။
၂၃၁။ ထန်းရည် (ချို) ဆီးများ၊ ဝမ်းသက်၊ လေသက်။
၂၃၂။ ပေရည် (ချို) ဆီးများ၊ ဝမ်းသက်၊ လေသက်။
၂၃၃။ ကြံရည် (ချို) ဆီးများ၊ လေသက်။
၂၃၄။ ဓနိရည် (ချို) ဆီးများ၊ ဝမ်းသက်။
၂၃၅။ မန်ကျည်းဖျော်ရည် (ချို၊ ချဉ်) ဝမ်းသက်၊ လေသက်၊ ဆီးများ။
၂၃၆။ ရှောက်ဖျော်ရည် (ချို၊ ချဉ်) ဆီးများ၊ လေသက်။
၂၃၇။ သံပရာဖျော်ရည် (ချို၊ ချဉ်) ဆီးများ၊ လေသက်၊ သွေးတက်။
၂၃၈။ သစ်ခွရည် (ချို၊ ချဉ်) ဆီးများ၊ လေသက်။
၂၃၉။ ဆီးဖျော်ရည် (ချို၊ ဖန်) ဝမ်းချုပ်၊ ဆီးများ၊ သွေးချုပ်။
၂၄၀။ ဒိန်ချဉ် (ဆိမ့်၊ ချဉ်) ဝမ်းချုပ်၊ လေသက်၊ ဆီးများ။
၂၄၁။ သကြား (ချို) ဆီးများ။
၂၄၂။ ထန်းလျက် (ချို) ဝမ်းသက်၊ ဆီးများ၊ လေသက်။
၂၄၃။ ကြံသကာ (ချို) ဝမ်းသက်၊ ဆီးများ၊ လေသက်။
၂၄၄။ နို့အေး (ချို၊ ဆိမ့်) ဆီးများ၊ လေသက်။
၂၄၅။ နို့အေးချောင်း (ချို) ဆီးများ။
၂၄၆။ အုန်းစိမ်းရည် (ချို၊ ဖန်) ဆီးများ၊ ဝမ်းချုပ်။
၂၄၇။ အုန်းခြောက်ရည် (ချို၊ ငန်) ဆီးများ၊ လေသက်။
၂၄၈။ ဆန်ပုံးရည် (ချဉ်) ဆီးများ၊ လေသက်။
၂၄၉။ စိမ်းစားဥ (ချို) ဆီးများ၊ လေသက်။
၂၅၀။ မုန်လာဥ (ချို၊ စပ်) ဆီးများ၊ လေသက်။
၂၅၁။ မုန်လာချဉ်ဖတ် (ချဉ်) ဝမ်းသက်၊ လေသက်။
၂၅၂။ သခွပ်ပွင့် (ခါး) လေချုပ်။



www.burmeseclassic.com

www.burmeseclassic.com

### အထွေထွေကဏ္ဍ

ဤကဏ္ဍတွင် သီးသန့်ဖော်ပြခဲ့ပြီးသော အပူစာ၊ အအေးစာ ကြွင်းကျန်နေသည့် ဓာတ်စာများကို ရောနှော၍ ဖော်ပြသွားပါမည်။ အပူ၊ အအေးနှင့် အရဲသာ အကျိုးသွားတို့ကို သင့်သလိုသာ သုံးစားပါ။

၂၅၃။ မန်ကျည်းပွင့် (ချဉ်၊ ဖန်) ဆီးချုပ်၊ လေချုပ်၊ ဝမ်းချုပ်။ (အေး)

၂၅၄။ မန်ကျည်းရွက်နု (ချဉ်၊ ဖန်) ဆီးချုပ်၊ လေချုပ်၊ ဝမ်းချုပ်။ (အေး)

၂၅၅။ ကြိမ်ဖူး (ခါး၊ ဖန်) ဆီးနည်း။ လေချုပ်။ (အေး)

၂၅၆။ ငှက်ပျောဖူး (ဖန်) ဆီးနည်း။ လေချုပ်၊ ဝမ်းချုပ်။

၂၅၇။ သရက်သီးဆားစိမ် (ဖန်) ဆီးချုပ်၊ လေသက်။ (အေး)

၂၅၈။ ကနဖော့ရွက် (ငန်၊ ခါး) လေသက်၊ ဆီးများ။

၂၅၉။ ကသစ်ရွက် (ဖန်) လေချုပ်၊ ဆီးနည်း။

၂၆၀။ ကုလားပဲရွက် (ဖန်၊ ချဉ်) လေသက်၊ ဝမ်းသက်။

၂၆၁။ ကျီးရွက် (ခါး) လေသက်။

၂၆၂။ ကင်ပလင်းရွက် (ချဉ်၊ ဖန်) လေချုပ်၊ သွေးချုပ်။

၂၆၃။ ကင်ပိမ့်ရွက် (ချို) လေသက်၊ ဝမ်းချုပ်။ (အေး)

၂၆၄။ ကန့်ချုပ်ဖြူရွက် (ချို) လေသက်။

၂၆၅။ ကြက်ဆူရွက် (ခါး) ဆီးသက်၊ လေသက်။

၂၆၆။ ကြက်သဟင်းရွက် (ချို) လေချုပ်၊ ဝမ်းသက်။

၂၆၇။ ခွေးရွက် (ချဉ်၊ ဖန်) လေချုပ်၊ ဝမ်းချုပ်၊ သွေးတက်။

၂၆၈။ ငါးရံ့ပတူရွက် (ပူ၊ ခါး) သွေးတက်၊ လေသက်။

၂၆၉။ ငုရွက် (ပူ၊ ချို) ဝမ်းသက်၊ လေသက်။

၂၇၀။ စူလာနဖာ (ခါး၊ အေး) သွေးသက်။

၂၇၁။ ဆူးပန်းရွက် (ပူ၊ ချို) လေသက်။

၂၇၂။ ဆူးပုပ်ရွက် (ပူ) သွေးတက်၊ လေသက်။

၂၇၃။ ဆင်နှာမောင်းရွက် (အေး) ဆီးသက်၊ လေသက်။

၂၇၄။ ညံ့ရွက် (ချို၊ အေး) သွေးသက်။

၂၇၅။ ညောင်ချဉ်ရွက် (ချို၊ ဖန်) ဝမ်းချုပ်၊ လေချုပ်။

၂၇၆။ တညင်းရွက် (ဖန်) ဝမ်းချုပ်၊ လေချုပ်။

၂၇၇။ သရက်ရွက် (ဖန်) ဝမ်းချုပ်၊ လေချုပ်။

၂၇၈။ ထိကရုံးရွက် (အေး၊ ဖန်) သွေးတက်၊ ဆီးများ။

၂၇၉။ ထောက်လှူရွက် (အေး၊ ဖန်) ဝမ်းချုပ်၊ လေချုပ်။

၂၈၀။ ဒန့်ကျွဲရွက် (ဖန်) ဆီးများ၊ ဝမ်းချုပ်၊ လေချုပ်။

၂၈၁။ ပရန္နဝါရွက် (ပူ) ဝမ်းသက်၊ လေသက်။

၂၈၂။ ပေါက်ပန်းဖြူရွက် (ချို) ဆီးများ၊ လေချုပ်။

၂၈၃။ ဖျောက်ဆိတ်ရွက် (ပူ) ဝမ်းချုပ်၊ သွေးတက်၊ လေသက်။

၂၈၄။ ဗိစပ်ရွက် (ပူ၊ စပ်) ဝမ်းချုပ်၊ သွေးတက်၊ လေသက်။

၂၈၅။ ဗုံးမဲဇာရွက် (ပူ၊ ဖန်) လေသက်၊ ဝမ်းချုပ်၊ လေချုပ်။

၂၈၆။ ဗုံလုံခါးရွက် (ပူ၊ ခါး) လေတက်၊ ဝမ်းချုပ်။

၂၈၇။ ပြုံမွေးရွက် (ခါး၊ ငန်) ဝမ်းသက်၊ လေသက်။

၂၈၈။ မှိုနတိုရွက် (အေး၊ ချို၊ ဖန်) ဝမ်းချုပ်၊ လေသက်။

၂၈၉။ ရေသကျည်းရွက် (ချို၊ ငန်) ဆီးသက်၊ လေသက်။

၂၉၀။ ဝရောင်းချဉ်ရွက် (ပူ၊ ချဉ်) လေသက်။

၂၉၁။ ဝါရွက် (ချို) ဆီးချုပ်၊ လေသက်။

၂၉၂။ သပ္ပတ်ရွက် (ချို) လေသက်၊ ဝမ်းချုပ်။

၂၉၃။ အောင်မဲညိုရွက် (ချို) ဆီးများ။

၂၉၄။ အောင်မဲဖြူ (စပ်) ဝမ်းချုပ်၊ လေသက်။

### အသီးများ

၂၉၅။ ကြက်မောက်သီး (ချို၊ ချဉ်) ဝမ်းချုပ်၊ လေချုပ်။

၂၉၆။ ကြိမ်သီး သီး (ချဉ်၊ ဖန်) ဝမ်းချုပ်၊ ဆီးချုပ်၊ လေချုပ်။

၂၉၇။ ခရမ်းကြွပ်သီး (ချို) ဝမ်းချုပ်၊ လေသက်။

၂၉၈။ ခံသီး (ချဉ်၊ ဖန်၊ ချို) လေသက်၊ ဝမ်းချုပ်။

၂၉၉။ ချယားသီး (ခရေသီးလည်း ခေါ်၏) (ချို၊ ဖန်) ဝမ်းချုပ်၊ လေချုပ်။

၃၀၀။ စပျစ်သီး (ချို၊ ချဉ်) ဝမ်းသက်။

၃၀၁။ စွန်ပလွံသီး (ချို၊ ဖန်) ဝမ်းချုပ်၊ လေသက်။

၃၀၂။ စုံပတတ်သီး (အေး၊ ချို) လေသက်၊ ဆီးရွှင်။

၃၀၃။ ဇင်ပြွမ်းသီး (ချဉ်၊ ဖန်) ဝမ်းချုပ်၊ လေသက်။

၃၀၄။ တောင်တလည်းသီး (ချို၊ ဖန်၊ စပ်၊ ချဉ်) ဝမ်းချုပ်၊ လေချုပ်။

၃၀၅။ တည်သီး (အေး၊ ခါး၊ ဖန်၊ ချို) ဝမ်းချုပ်၊ လေသက်။

၃၀၆။ တရုတ်တည်သီး (အေး၊ ချို) ဝမ်းချုပ်၊ လေသက်။



www.burmeseclassic.com

www.burmeseclassic.com

၃၀၇။ ထန်းသီးအဆန် (ဖန်၊ ချို၊ ဆိမ့်) ဝမ်းချုပ်၊ လေချုပ်။
၃၀၈။ နရွဲသီး (ဖန်၊ ချို) လေချုပ်၊ ဝမ်းသက်။
၃၀၉။ ပဲစောင်းလျားသီး (ဆိမ့်) ဝမ်းချုပ်။
၃၁၀။ ပဲလင်းမြွေသီး (ဆိမ်း၊ ချို၊ ခါး) ဆီးများ၊ လေသက်။
၃၁၁။ ဗာဒံသီး (ဆိမ့်) ဝမ်းချုပ်။
၃၁၂။ မှန်ကူသီး (ချဉ်၊ ဖန်) သွေးတက်၊ လေချုပ်။
၃၁၃။ မြောက်လုပ်သီး (ချို၊ ချဉ်) ဝမ်းချုပ်၊ လေသက်။
၃၁၄။ ရဲယိုသီး (ပူ၊ စပ်၊ ချဉ်) ဝမ်းချုပ်၊ လေချုပ်။
၃၁၅။ ရင်ဂတ်သီး (ချဉ်) ဝမ်းချုပ်၊ လေချုပ်။
၃၁၆။ သပြေသီး (ချဉ်၊ ဖန်) ဝမ်းချုပ်၊ သွေးချုပ်။
၃၁၇။ ပေါက်ပွင့် (အေး၊ ချို) ဆီးချုပ်၊ ဝမ်းချုပ်။
၃၁၈။ ပေါက်ပန်းဖြူပွင့် (အေး၊ ဖန်၊ ခါး) လေချုပ်၊ ဝမ်းချုပ်။
၃၁၉။ မန်ကျည်းပွင့် (ချဉ်၊ ဖန်) လေချုပ်၊ ဝမ်းချုပ်။
၃၂၀။ သရက်ပွင့် (ဖန်) လေချုပ်၊ ဝမ်းချုပ်။
၃၂၁။ ဒန့်ကျွဲစေ့ (ဖန်) သွေးတက်၊ ဝမ်းချုပ်။
၃၂၂။ နှမ်းစေ့ (ဆိမ့်) ဝမ်းချုပ်၊ လေသက်။
၃၂၃။ ထန်းပင်ညှောက် (ဆိမ့်၊ ဖန်) ဝမ်းချုပ်၊ လေချုပ်။
၃၂၄။ ပဲတီပင်ပေါက် (အေး၊ ချို၊ ဆိမ့်) ဝမ်းချုပ်၊ လေသက်။
၃၂၅။ ဖလံတောင်ဝှေး (ချို၊ ခါး၊ အေး) ဝမ်းပျက်၊ လေသက်။
၃၂၆။ မှို့အုန်းနက် (ချို၊ ဆိမ့်) ဝမ်းချုပ်၊ သွေးတက်။
၃၂၇။ သင်ပေါင်းညှောင့် (ချို၊ ဖန်၊ ခါး) ဝမ်းပျက်၊ လေသက်။
၃၂၈။ ကြာဥ၊ ကြာစွယ် (အေး၊ ချို၊ ဆိမ့်၊ ဖန်) လေသက်၊ ဆီးများ။
၃၂၉။ ပီလောပီနှံဥ (ဆိမ့်၊ ခါး) ဝမ်းသက်၊ ဆီးများ။
၃၃၀။ ဝက်မြေဗာဥ (အေး၊ ချို) လေသက်၊ ဝမ်းချုပ်။
၃၃၁။ ကြက်သွန်နီဥ (ချို၊ စပ်) ဆီးများ၊ လေသက်။
၃၃၂။ ကြက်သွန်မြိတ် (ချို) ဆီးများ။

## ငါးအမျိုးမျိုး၌ အရသာခွဲခြားပုံ

ယခုဖော်ပြခဲ့ပြီးသည့် ဓာတ်စာခွဲခြားပုံများမှာ ဆေးပညာအလိုကျ ပူ၊ အေးမျှကိုသာ ခွဲခြားခြင်းဖြစ်၍ အရသာအပြင့်သာလျှင် ဆုံးဖြတ်ခြင်း ဖြစ်ပေသည်။ ဥပမာ "ငါး" ဆိုလျှင် ရေသတ္တဝါဖြစ်၍ အအေးစာဟု ဆုံးဖြတ်ပြီး အကျိုးသွားတစ်မျိုးတည်းကိုသာ ဖော်ပြခဲ့ပေသည်။ သို့ရာတွင် ညဏ်နသူများအတွက် ဤမျှဖော်ပြရုံဖြင့် လုံလောက်လိမ့်မည် မဟုတ်သောကြောင့် ဓာတုရသ ကျမ်းလာအတိုင်း ငါးအမျိုးမျိုးတို့၏ အကျိုးသွားကို ထပ်မံ၍ ဖော်ပြလိုက်ပါသည်။

၁။ ကကူရံ - ချို၏၊ လေကိုနိုင်၏၊ သွေးသည်းခြေကို ပွားစေတတ်၏။
၂။ ကကတစ် - ချို၏၊ လေကိုနိုင်၏၊ သွေးသည်းခြေကို ပွားစေတတ်၏။
၃။ ကသမြင် - ချို၏၊ လေကိုနိုင်၏၊ သွေးသည်းခြေကို ပွားစေတတ်၏။
၄။ ကသပေါင်း - ချို၏၊ လေကိုနိုင်၏၊ သွေးသည်းခြေကို ပွားစေတတ်၏။
၅။ ကဘီလူး - ချို၏၊ လေကိုနိုင်၏၊ သွေးသည်းခြေကို ပွားစေတတ်၏။
၆။ ငါးကျည်း - လေကိုနိုင်၊ သွေးတက်၏၊ သလိပ်ကို ပျက်စေ၏။
၇။ ငါးကြင်း - ချို၏၊ စဉ်းငယ်ဖန်၏၊ လေကိုနိုင်၍ သည်းခြေကို အနည်းငယ်ပူစေ၏။ သုက်နှင့် အားကို ဖြစ်စေတတ်၏။ ပူ၏။ လေငန်းကိုနိုင်၏။ ဒူးအထက်ဘက်၌ ဖြစ်သောရောဂါတို့ကို နိုင်၏။
၈။ ငါးကြင်းစောက် - ဓာတ်လေးပါးတို့၏ အခိုးအကင်းတို့ကို ငြိမ်းစေတတ်၏။
၉။ ငါးခူ - လေကိုနိုင်၏။ ဝမ်းကို ကန့်စေ၏။ အားနှင့် သုက်၊ သလိပ်ကို ပွားစေတတ်၏။ သွေးတက်၏။
၁၀။ ငါးခုံးမ - ပန်းနာကို ပျောက်စေတတ်၏။ အိပ်ပျော်စေတတ်၏။ လေသလိပ်ကို ပွားစေတတ်၏။ သွေးတက်၏။
၁၁။ ငါးစင်ရိုင်း - အဆိပ်အတောက်နှင့် ပန်းနာတို့ကို ပယ်နိုင်၏။ ချွဲကျပ်သော သူငယ်နာနှင့် သင့်၏။
၁၂။ ငါးစင်း - အေး၏။ ဆိမ့်ချိုသော အရသာရှိ၏။ ဆူ၏။ လေ၊ သည်းခြေကို နိုင်၏။ ဆီး၊ ဝမ်းကို ရှင်စေ၏။
၁၃။ ငါးတန် - ဆူ၏။ သလိပ်၊ သည်းခြေတို့ကို ပယ်ဖျောက်၏။ ဝမ်းကို ငြိမ်းစေ၏။ ၎င်းငါးတန်သားကို ဆီးဖြူသီးနှင့် ချက်စားလျှင် သွေးဒူလာကို ပျောက်ကင်းစေ၏။



www.burmeseclassic.com

www.burmeseclassic.com

၁၄။ ငါးတွေ - ဝမ်းမီးကို အားပေးစေတတ်၏။ သည်းခြေကို နိုင်၏။ အစာကို ကြေစေတတ်၏။

၁၅။ ငါးထန်းရွက် - သလိပ်ကို ပျက်စေ၏။ ဝမ်းမီးကို တောက်စေတတ်၏။ သုက်ကို လွန်မြောက်စေတတ်၏။

၁၆။ ငါးနုသန်း - အေး၏။ ချိုဆိမ့်သော အရသာရှိ၏။ စဉ်းငယ်ခါးသော သဘောရှိ၏။ သလိပ်၊ သည်းခြေနိုင်၏။

၁၇။ ငါးနက်ပြာ - သလိပ်ကို ပျက်စေတတ်၏။ ဝမ်းကို ရပ်တန့်စေတတ်၏။ လေဖြန်း၍ အန်သောအနာကို ငြိမ်းစေတတ်၏။ သွေးတက်၏။

၁၈။ ငါးပနော် - လေကိုနိုင်၏။ အကြောအခြင်ကို ပေါ့ပါးစေတတ်၏။

၁၉။ ငါးပြေမ - လေ၊ သလိပ်ကို နိုင်၏။ ဝမ်းမီးကို တောက်စေတတ်၏။ သည်းခြေကို ပျက်စေတတ်၏။ သွေးတက်၏။

၂၀။ ငါးပြွက် (ပေုတ်သင်ဟု ခေါ်ကြ၏။) ဝမ်းချုပ်၏။ လေကိုပျက်စေတတ်၏။ ဘေးထိုးရင်ကျပ်နာ၊ ရင်ဘတ်နာတို့ကို နိုင်စေ၏။ အစာကို ကြေစေတတ်၏။

၂၁။ ငါးဖယ် - ချို၏။ သုက်၊ သလိပ်ကို ပွားစေတတ်၏။ အားကို ဖြစ်စေတတ်၏။ ဆီးအောင့်သောအနာကို နိုင်၏။

၂၂။ ငါးဖောင်ရိုး - အစာကို ကြေစေတတ်၏။ ဝမ်းမီးနန့်သည်ကို ကျစေတတ်၏။ သည်းခြေကို ငြိမ်းစေတတ်၏။

၂၃။ ငါးဘတ် - အားနှင့် သလိပ်ကို ပွားစေတတ်၏။ လေ၊ သည်းခြေကို နိုင်၏။ အိပ်ပျော်စေတတ်၏။ ဝမ်းကို ရပ်စေတတ်၏။ အစာကို ကြေစေ၏။ နူနာရှိသောသူနှင့် မသင့်၊ သွေးတက်၏။

၂၄။ ငါးမန်း - ချိုဆိမ့်သော အရသာရှိ၏။ အေး၏။ ဆူ၏။ လေ၊ သည်းခြေကို နိုင်၏။ အိပ်ပျော်တတ်၏။ သုက်နှင့် အားကို ပွားစေတတ်၏။ ကျင်ကြီး၊ ကျင်ငယ်ကို ရှင်စေတတ်၏။

၂၅။ ငါးရှဉ့် - ဝမ်းမီးကိုတောက်စေ၏။ အစာကြေခြင်းကို ပြုတတ်၏။ ဝမ်း၌ရှိသော ပိုးမျိုးတို့ကိုလည်း ပယ်တတ်၏။ ဝမ်းကိုက်သောသူနှင့် အလွန်သင့်၏။

၂၆။ ငါးမြွေထိုး - ဝမ်းကိုက်နာ၊ သလိပ်၊ သည်းခြေနာ၊ ညောင်းနာတို့ကို ပျောက်စေနိုင်၏။

၂၇။ ငါးမြင်းရင်း - အားနှင့် သလိပ်ကို ပွားစေတတ်၏။ လေ၊ သည်းခြေတို့ကို နိုင်၏။ မန်းနာ၊ အဆိပ်နာတို့ ပျောက်စေတတ်၏။ ဝမ်းသက်တတ်၏။ အိပ်ပျော်စေတတ်၏။ သွေးတက်၏။ (အချို့ကျမ်းများတွင် ငါးမြင်းဟု ပါရှိ၏။)

၂၈။ ငါးရံ့ - လေ၊ သည်းခြေ၊ သလိပ်တို့ကို နိုင်၏။ ဝမ်းမီးကိုတောက်စေ၏။ အစာကိုကြေစေတတ်၏။ သုက်ကိုပွားစေတတ်၏။

၂၉။ ငါးရံ့ဒိုင်း - ဝမ်းမီးကို ချုပ်စေ၏။ (ထိုငါးကို "ငါးရံ့မြီးကွက်"ဟု ခေါ်ကြသည်။ အချို့ကား "ဘုရားငါး" ဟူ၍ မစားဘဲ ရှောင်ကြဉ်ကြ၏။)

၃၀။ ငါးလူး - ထကြွသော သည်းခြေကို ငြိမ်းစေတတ်၏။ ဝမ်းမီးကို တောက်စေတတ်၏။ အစာကြေခြင်းကို ပြုတတ်၏။

၃၁။ ငါးလဲ - ငါးလူးနှင့် အကျိုးပေးချင်း တူမျှ၏။

၃၂။ ငါးလင်ပန်း - ခံတွင်းနာ၊ လည်ဇချောင်းနာတို့ကိုနိုင်၏။

၃၃။ ငါးလင်းမြွေ - လေကို ပျက်စေတတ်၏။ သလိပ်ကို နိုင်၏။ အကြောကို ပေါ့ပါးစေတတ်၏။ (အချို့စာတွင် "ငါးမြွေ"ဟု ရှိသည်။)

၃၄။ ငါးသပိုး - ဓာတ်လေးပါးတို့၏ အခိုးအကင်းကို ငြိမ်းစေတတ်၏။ ဆယ်ပါးသော အားကိုလည်း ကြွစေတတ်၏ဟု ဆိုသည်။ (အောက်အရပ်ဒေသတွင် "ကသပိုး"ဟု ခေါ်ကြ၏။)

၃၅။ ငါးသလဲထိုး - ဝမ်းမီးကို တောက်စေတတ်၏။ အစာကြေခြင်းကို ပြုတတ်၏။ သည်းခြေကိုနိုင်၏။ ကျင်ကြီး၊ ကျင်ငယ် အောင့်သောအနာ၊ သလိပ်သည်းခြေနာ၊ ညောင်းသောအနာတို့ကို နိုင်၏။

၃၆။ ငါးသံချိတ် - အထက်သို့ဆန်တက်သော ဥဒ္ဓံ ဝါတလေကို ပယ်ဖျောက်စေတတ်၏။

၃၇။ ငါးသလောက် - ဝမ်းကျသောအနာတို့ကို ရပ်စေတတ်၏။ ဖောရောင်သော လေနာတို့ကို ကြေစေတတ်၏။ သွေးတက်၏။ ငါးတို့တွင် အဆိမ့်ဆုံး



www.burmeseclassic.com

www.burmeseclassic.com

သော ငါးပင်တည်း။

၃၈။ ငါးသိုင်း - လေ၊ သလိပ်၊ သည်းခြေတို့ကို နိုင်၏။ ကျင်ကြီး၊ ကျင်ငယ် အောင့်သောအနာကို ပယ်ဖျောက်စေတတ်၏။ သွေးတက်၏။ ၎င်းကျပ်တင်သည် လူနှင့်သင့်၏။

၃၉။ ငါးဟင်းငန်း - ဝမ်းမီးကို တောက်စေတတ်၏။ အစာကြေ၏။ သည်းခြေကိုနိုင်၏။ အထက်သို့ ဆန်တက်သော လေကို ငြိမ်းစေတတ်၏။

၄၀။ ငါးအုံတုံ - သုက်နှင့် သလိပ်ကို ပွားစေတတ်၏။ ဝမ်းချုပ်၏။ ရတ္တပိတ်တာကို နိုင်၏။

၄၁။ ငါးရံ့ပါးငယ် - ငါးရံ့ပါးငယ်သည် အကြောကို မလေးစေတတ်။ နှုတ်ကို မြိန်စေတတ်၏။ လေနာနှင့်သင့်၏။

၄၂။ ငါးငဆုံ(ငါးဆုံ)၊ ဝမ်းသွေးကျခြင်းကိုလည်းကောင်း၊ ဝမ်းမီးတောက်ခြင်းကိုလည်းကောင်း၊ ကိုယ်ဖော၊ ကိုယ်ရောင်ကိုလည်းကောင်း ငြိမ်းစေတတ်၏။

၄၃။ ငါးပိုက်(ငပိုက်)၊ အစာမကြေခြင်းကိုလည်းကောင်း၊ ဝမ်းသွေးကျခြင်းကိုလည်းကောင်း ပယ်နိုင်၏။ အိပ်ပျော်ခြင်းကိုလည်း ပြုတတ်၏။

၄၄။ ငါးရှာ (ငါးခွေးလျှာ) - မြင်းသရိက်နာကိုလည်းကောင်း၊ ကြက်ညှာသလိပ်နာကိုလည်းကောင်း၊ ဝမ်းထဲ၌ရှိသော အလုံးကိုလည်းကောင်း ပယ်နိုင်၏။

၄၅။ ငါးပူတင်း - သွေး၊ သည်းခြေကို ပွားစေတတ်၏။ လေကိုနိုင်၏။ (၎င်း၏ ဥနှင့် သည်းခြေကို စားမိလျှင် သေတတ်၏။ အဖြေကား သံပရာ စသော အချဉ်တည်း။)

၄၆။ ငါးပုဏ္ဏား (ငါးမွေးဟုလည်း ခေါ်ကြ၏။) ဝမ်းချုပ်၏။ လေကို ပျက်စေတတ်၏။ အစာကို ကြေစေတတ်၏။

၄၇။ ပုစွန်ဆိတ် - သွေးတက်၏။ လေကို ကြွစေတတ်၏။ သလိပ်ကို ပျက်စေတတ်၏။

၄၈။ ပုစွန်တုပ် - သွေးတက်၏။ အားကို ပွားစေတက်၏။ ဝမ်းကို ချုပ်စေတတ်၏။ အဆီခဲနာ၊ သွေးဝမ်းသက်သော အနာတို့ကို နိုင်၏။ သုက်ကို ပွားစေတတ်၏။ လေ၊ သလိပ်ကို ပျက်စေတတ်၏။

၄၉။ ပုစွန်လုံး - လေ၊ သည်းခြေကို နိုင်၏။ ဓာတ်ခုနစ်ပါးတို့ကို ပွားစေတတ်၏။ ကျင်ကြီး၊ ကျင်ငယ်ကို ရှင်စေတတ်၏။

၅၀။ ပုစွန်လုံးအနက် - အားကိုဖြစ်စေတတ်၏။

၅၁။ ပုစွန်လုံးအဖြူ -၊ လေ၊ သည်းခြေတို့ကို နိုင်၏။ ကျင်ကြီး၊ ကျင်ငယ်တို့ကို ရှင်စေတတ်၏။

၅၂။ မိကျောင်း - ချို ဆိမ့် ရသာရှိ၏။ ဆူ၏၊ အေး၏။ လေ၊ သည်းခြေကို နိုင်၏။ သုက်ကိုပွားစေတတ်၏။ အားကိုဖြစ်စေတတ်၏။ ကျင်ကြီးကျင်ငယ်ကို ရင်စေတတ်၏။

၅၃။ ဖွတ်မိကျောင်း - ဖွတ်ကဖြစ်သော မိကျောင်းသည့် အရသာပို ကောင်း၏။ ဆူ၏။ အကျိုးသွားမှာ မိကျောင်းနှင့်တူ၏။

၅၄။ လိပ် - အားကို ဖြစ်စေတတ်၏။ လေ၊ သည်းခြေကို နိုင်၏။ သုက်ကို ပွားစေတတ်၏။ အနာဟောင်းကို ထစေတတ်၏။ နူနာမျိုးနှင့် မသင့်။ ပွေး၊ ညှင်းရှိသူတို့ မစားအပ်။

၅၅။ လိပ်တိုက် - လိပ်သားနှင့် အကျိုးသွားတူ၏။

၅၆။ လိပ်ကျောက် - လိပ်သားနှင့် အကျိုးသွားတူ၏။

၅၇။ ခရု - ချို ဆိမ့် ရသာရှိ၏။ အေး၏။ လေ၊ သည်းခြေကို နိုင်၏။ သုက်အားနှင့် ကျင်ကြီး ကျင်ငယ်တို့ကို ပွားများစေတတ်၏။

၅၈။ ခရုသင်း - ခရုအကြီးမျိုးကို ခရုသင်းဟု ခေါ်သည်။ အကျိုးသွားမှာ ခရုနှင့် တူ၏။

၅၉။ ယောက်သွား - ခရုနှင့် အရသာ၊ အကျိုးသွား တူညီ၏။

၆၀။ ကဏန်း - ချို၏။ အားကိုဖြစ်စေတတ်၏။ လေ၊ သည်းခြေကို နိုင်၏။ သုက်နှင့် သလိပ်ကို ပွားစေတတ်၏။

၆၁။ ဖောင်စီးကဏန်း - ချို၏။ လေကို ချုပ်စေတတ်၏။ ပင်လယ်အူလျှောက်နာကို ဖြစ်စေတတ်၏။

## ငါးအကြောင်း သိကောင်းစရာ

ငါးနှင့် ငါးအမျိုးနွယ်ဖြစ်သော ရေသတ္တဝါတို့၏ အကျိုးအပြစ်တို့ကို ဓာတုရသ၊ ဆေးအဘိဓာန်၊ ဥတုဘောဇန်၊ ရှုတော်မူ ဆေးအဘိဓာန် စသော ရှေးဆေးကျမ်းတို့မှ



www.burmeseclassic.com

www.burmeseclassic.com

တွေ့ရှိသမျှကို ဖော်ပြလိုက်ရခြင်း ဖြစ်၏။ အရပ်ဒေသကို လိုက်၍ အခေါ်အဝေါ်ချင်း မတူသည်လည်း ရှိပေလိမ့်မည်။ ဥပမာအားဖြင့် ကကူရံ ကကတစ် ဆိုရာ၌ "က"မှာ မွန်ဘာသာအားဖြင့် "ငါး"ကို ခေါ်ခြင်းပင် ဖြစ်၏။ အချို့သော အမည်များမှာ စာရေးသူကိုယ်တိုင်ပင် မကြားဖူးချေ။ သို့ရာတွင် အရပ်ဒေသအသီးသီးရှိ ပုဂ္ဂိုလ်များ နားလည်စေရန်လည်းကောင်း၊ ရှေးဟောင်းစာမူ မပျက်စေလို၍လည်းကောင်း ထည့်သွင်းလိုက်ရခြင်း ဖြစ်ပေသည်။

ထိုမှတစ်ပါး ငါးနှင့်ပတ်သက်သော ချက်ပြုတ်စားသောက်ရာတွင် မှတ်သားစရာများကို ဆေးကျမ်းများတွင် တွေ့ရှိသည့်အတိုင်း ဆက်လက်ဖော်ပြလိုက်ရပေသည်။ ငါးများတွင် အကြေးရှိသောငါး၊ အကြေးမရှိသောငါး ဟူ၍ နှစ်မျိုးရှိရာ၌ -

၆၂။ အကြေးရှိသော ငါး - လူနှင့် သင့်၏။ ကိုယ်ကို နိုင်ခံခြင်းကို ပြုတတ်၏။ အား၊ သုက်တို့ကို ပွားများစေတတ်၏။

၆၃။ အကြေးမရှိသော ငါး - ကဲ့ရဲ့အပ်၏။

၆၄။ ငါးဥ - သုက်ကိုပွားစေတတ်၏။ အဆီ၊ သလိပ်၊ အားတို့ကို ဖြစ်စေတတ်၏။ ငါးမျိုးတို့တွင် "ရေချိုငါး၊ ရေငန်ငါး"ဟူ၍ နှစ်မျိုးရှိရာ ပင်လယ်ရေနှင့် ပင်လယ်ရေ ရောက်ရာအရပ်၌ ဖြစ်သော ငါးတို့သည် ရေငန်ငါးမည်ကုန်၏။ ပင်လယ်ရေမရောက်သော အရပ်၌ဖြစ်သော ငါးတို့သည် ရေချိုငါး မည်ကုန်၏။

၆၅။ ရေချိုငါး - အပြစ်မရှိ။

၆၆။ ရေငန်ငါး - ကြေခဲ၏။ ပူ၏။ ဝမ်းကိုချုပ်စေတတ်၏။

၆၇။ ငါးမီးဖုတ် (ငါးကို ဆီ၊ ဆား၊ နနွင်းတို့ဖြင့် နယ်၍ ကောက်ရိုးနှင့်ရစ်ပြီးလျှင် ရွှံ့ဖြင့်မံ၍ မီးနှင့်ဖုတ်သော ငါးကို ဆိုလိုသည်။) ကြေခဲ၏။ သုက်ကို ပွားစေတတ်၏။ ဝစေတတ်၏။ အသက်ကို ရှည်စေတတ်၏။ သုက်ကုန်ခန်းသောသူ၊ ပန်းသေ၊ ပန်းညှိုးရှိသူ၊ အရိုးကျိုးသောသူ၊ ထိခိုက်ရှနာသောသူတို့သည် အမြဲမှီဝဲသုံးဆောင်အပ်ကုန်၏။ (ဥတုဗောဓ ကျမ်းမှ)

၆၈။ ငါးကြော် - ဆီနှင့်ကြော်အပ်သောငါးသည် ငါးမီးဖုတ်နှင့် အကျိုးသွားတူညီသော်လည်း ငါးမီးဖုတ်လောက် သတ္တိအား မပြင်း။ ညံ့၏။

၆၉။ ငါးခြောက် - ကြေခဲ၏။ ချုပ်၏။ အားကို ဖြစ်စေနိုင်၏။

၇၀။ ငါးပိ - သလိပ်၊ သည်းခြေကို ပျက်စေတတ်၏။ ပျံ့နှံ့လွယ်၏။

၇၁။ ငါးဆားနယ် - ငါးပိနှင့် အကျိုးတူ၏။

၇၂။ ငါးချဉ် - ဝမ်းမီးကို တောက်စေတတ်၏။ အေး၏။ အပူကိုနိုင်၏။

၇၃။ ငါးစဉ်းကောချဉ် - အားကိုဖြစ်စေ၏။ သွေးကိုကြွစေ၏။ လေကို ပျက်စေ၏။

၇၄။ ကြီးသောငါး - ကြေခဲ၏။ သုက်ကို ပွားစေတတ်၏။ ကျင်ကြီးကျင်ငယ်တို့ကို နိုင်စေတတ်၏။

၇၅။ ငယ်သောငါး - ကြေလွယ်၏။ ဆိမ့်၏။ နှုတ်ကို မြိန်စေ၏။ အားကို ဖြစ်စေ၏။ ဒေသသုံးပါးလုံးကို နိုင်၏။ လူနှင့် သင့်၏။ ဝမ်းကိုက်နာ၊ ဝမ်းပျက်နာကို နိုင်၏။

၇၆။ အလွန်ငယ်သောငါး - ကြေလွယ်၏။ သုက်ကို နည်းစေတတ်၏။ နှုတ်ကိုမြိန်စေတတ်၏။ ချောင်းဆိုးနာ၊ လေနာကို နိုင်၏။

၇၇။ ပုစွန်ငါးပိ - ကြေခဲ၏။ သွေးတက်၏။ သုက်ကိုပွားစေနိုင်၏။

၇၈။ ငါးငံပြာရည် - ငါးပိနှင့် အကျိုးသွားတူ၏။ သွေးတက်၊ လေတက်။

၇၉။ ပုစွန်ငံပြာရည် - ပုစွန်ငါးပိနှင့် အကျိုးသွားတူ၏။ သွေးတက်၊ လေတက်။

၈၀။ လတ်ဆတ်သော ငါးသည် မူလသတ္တိရှိသည့်အတိုင်း အကျိုးကို ဖြစ်ထွန်းစေနိုင်၍ မလတ်ဆတ်သောငါးသည် အကျိုးမရှိဘဲ ဝမ်းသွန်၊ ဝမ်းပျက်နာကို ဖြစ်စေတတ်၏။

မျိုးသန်းထွန်းကို(ရေစကြို)



www.burmeseclassic.com

www.burmeseclassic.com

# လူအိုတော့ ပန်းပန် အိမ်အိုတော့ ကျားကန်

▢ ကျော်ဇေယျဟိန်း(နံ့သာ)

ကမ္ဘာလောကတွင် ကံ၊ စိတ်၊ ဥတု၊ အာဟာရ တည်းဟူသော အကြောင်းတရားလေးပါးပြည့်စုံမှသာလျှင် သတ္တဝါနှင့်လူတို့ဖြစ်ပေါ်လာကြကုန်သည်။ အသိပညာရှိသော လူသားတိုင်းသည် ကျန်းမာခြင်းနှင့် အသက်ရှည်ခြင်းကို အလိုရှိကြကုန်သည်။ ကျန်းမာခြင်းနှင့် ပြည့်စုံမှသာလျှင် လောကစီးပွားနှင့် လောကုတ္တရာစီးပွား နှစ်ဌာနစလုံးအတွက် သယ်ပိုးဆောင်ရွက်နိုင်မည်။ စိတ်ချမ်းသာမှု၊ ကိုယ်ချမ်းသာမှုရှိမှသာ မိမိတို့၏နောင်တမလွန်အတွက် ဒါန၊ သီလ၊ ဘာဝနာ တရားများကို ကြိုးပမ်းအားထုတ်နိုင်ခြင်းတည်းဟူသော အတ္တဟိတ၊ ပရဟိတ၊ မိမိအကျိုး၊ တိုင်းပြည်အကျိုး၊ လူသားတို့၏အကျိုးများကို စွမ်းစွမ်းတမံသယ်ပိုး ထမ်းဆောင်နိုင်မည် ဖြစ်သည်။

ထို့ကြောင့် အသက်ရှည်ရာ၊ အနာမဲ့ကြောင်း နည်းကောင်းများကို လိုက်နာကျင့်သုံးအပ်လှပေသည်။ လူတို့သည် အသက် ၄၀ ကျော်လျှင် အားဆေးစား ရန်လိုအပ်ပေသည်။

"ကျမ်းဂန်အဆိုအမိန့်မဟုတ်သော်လည်း ရိုးရာအစဉ်အဆက် အသိအမှတ်ပြုထားသည်မှာ မိခင်၏နို့ရည်သည် အသက် ၄၀ အရွယ်တွင် ကုန်ခန်းခြင်းသို့ရောက်၍ နို့သက်ဆက်ပေးရန် အသက် ၄၀ ပြည့်သောနေ့တွင် နွားနို့တစ်ပိဿာကို တစ်နေ့တည်းကုန်အောင် (သို့မဟုတ်) တစ်ခါတည်းကုန်အောင် သောက်ပေးပါက အိုမင်းရင့်ရော် အသက်ကြီးရင့်လာသော်လည်း အားအင်များမဆုတ်ယုတ်နိုင်"ဟူ၍ အဆိုရှိပါသည်။

လူအများစုသည် အသက် ၄၀၊ ၅၀ နှစ်ကျော်လာလျှင် ယောက်ျား၊ မိန်းမ မည်သူမဆို ယခင်ကကဲ့သို့ လုပ်ငန်းခွင်များ၌ ပင်ပန်းမခံနိုင်တော့ပေ။ အထူးသဖြင့် ယခင်ကတည်းက ကျန်းမာရေးမကောင်းသူများ၊ ဥပမာ သွေးတိုး၊ နှလုံး၊ ဆီးချို စသည့်ရောဂါတစ်ခုခုနှင့် ကြုံတွေ့ရမည်ဖြစ်သောကြောင့် မောပန်းပြီး ကျန်းမာရေးချို့တဲ့လာမည်သာဖြစ်သည်။

အနောက်တိုင်းအယူအဆအရ လူတို့သည် အသက် ၄၀ ရောက်မှ ဘဝအတွေ့အကြုံများ ရင့်ကျက်လာပြီး ဗဟုသုတတွေ တိုးပွားလာသည်ဖြစ်၍ အသက် ၄၀ တွင် လူ့ဘဝစသည်ဟု ဆိုကြပါသည်။ မြန်မာတို့၏အယူအဆများကလည်း အသက် ၄၀ ကျော်လျှင် အမေ့နို့ရည်များခန်း၍ ရောဂါဝင်ရောက်လာပြီဟု ဆိုပါသည်။ ဤသို့ဆိုလျှင် ဤအယူအဆနှစ်မျိုးတွင် ကွာဟချက်ဖြစ်နေကြောင်း တွေ့ရပါသည်။ ကွာဟချက်နှစ်မျိုးကို တစ်မျိုးတည်းဖြစ်အောင် ပေါင်းစပ်လိုက်လျှင် ကောင်းမွန်သောရလဒ်တစ်ခု ဖြစ်လာပေမည်။ ကျွန်တော်တို့ မြန်မာလူမျိုးများသည် စိတ်ပျို့ကိုယ်နုဖြစ်အောင် အားဆေးတစ်လက်ကို လက်သုံးထား၍ စားသုံးသင့်ပေသည်။ "လူအိုတော့ပန်းပန်၊ အိမ်အိုတော့ကျားကန်"ဟူသော ရှေးလူကြီးများမှာထားရစ်သောစကားတစ်ခွန်းကို မှတ်သားဖူးပါသည်။

"လူအိုတော့ ပန်းပန်"ဆိုသည်မှာ လူများအသက်ကြီး၍ အိုမင်းရင့်ရော်လာသောအခါ အသက် ၄၀ ကျော်မှ အစပြု၍ ပျားရည်ကို နံနက်တစ်ငွန်း၊ ညတစ်ငွန်း စွဲမြဲစွာ သောက်သုံးပါက ကျန်းမာ၍ ရောဂါဘယတွေလည်း အလွယ်တကူဝင်ရောက်မလာနိုင်တော့ပါ။ ပျားရည်သည် အသက်ရှည်ကျန်းမာစေသော ဆေးတစ်ပါးဖြစ်သည်သာမက ပန်းဝတ်မှုန်တို့မှ စုဆောင်းရရှိထားသည့်အတွက် "လူအိုတော့ ပန်းပန်" ဆိုထားခြင်း ဖြစ်ပါသည်။

"အိမ်အိုတော့ ကျားကန်"ဆိုသည့် အဓိပ္ပာယ်မှာ လူနေအိမ်များ ဟောင်းနွမ်းအိုမင်းရင့်ရော် ဆွေးမြည့်ယိမ်းယိုင်လာသောအခါ ယိမ်းယိုင်နေသည့်ဘက်မှ ဝါးလုံး၊ သို့မဟုတ် သစ်သားများဖြင့် ထောက်ကန်ပေးထားရသဖြင့် "အိမ်အိုတော့ ကျားကန်"ဟူသော ဆိုရိုးစကား ပေါ်ပေါက်လာခြင်း ဖြစ်ပါသည်။

ပျားရည်၏ အကျိုးအာနိသင်များနှင့် သဘာဝသတ္တိများမှာ...

www.burmeseclassic.com

www.burmeseclassic.com

ပျားရည်သည် သဘာဝကပေးသော အံ့ဖွယ်ပစ္စည်း ဖြစ်၏။ ပန်းပွင့်များ၏ဝတ်ရည်နှင့် ရန့်များကိုအပူဓာတ်ဖြင့် စုပ်ယူထားသောကြောင့် ဗီတာမင်ဓာတ်များအပါအဝင် ရှုပ်ထွေးများပြားသော ပစ္စည်းအမယ်ပေါင်း ၇၀ ပါဝင်သဖြင့် အာဟာရဓာတ်များ ပြည့်စုံနေပြီး ၉၆ ပါးရောဂါအတွက် ဆေးဖက်ဝင်ပါသည်။ အချန်ငြာမြင့်စွာ သိုလှောင်ထားသည့်တိုင် ယင်းဆေး၏အာနိသင်များသည် မပျက်မစီးကျန်ရစ်ခဲ့ပါသည်။

ပျားရည်သည် လွန်ခဲ့သောနှစ်ပေါင်း မြောက်မြားစွာက ပေါ်ပေါက်လာခြင်းဖြစ်ပြီး ယနေ့အထိ မြန်မာတိုင်းရင်းဆေးအများအပြားကို ပျားရည်နှင့်ရောစပ်ပြီး တိုက်ကျွေးကြကြောင်း တွေ့ရှိရပါသည်။ ပျားရည်သည် ဆေး၏အစွမ်းကို ပိုမိုထက်မြက်စေရုံသာမက ဆေး၏သက်တမ်းဆိုလည်း ပိုမိုကြာရှည်စေပါသည်။ ပျားရည်ထဲတွင် ဂလူးကို့စ်၊ ဖရုတို့(စ်) စသည့် သကြားဓာတ်များ အများအပြားပါဝင်ပါသည်။ ၎င်းသကြားများကို"မိုနိုဆက်ရိတ်"ဟု ခေါ်သည်။ ကြေညက်လွယ်သည့်သကြားများဖြစ်၍ စားလိုက်သည်နှင့် ချက်ချင်းလိုလိုပင် သွေးထဲသို့ အာဟာရဓာတ်အဖြစ် စိမ့်ဝင်ရောက်သွားနိုင်ပါသည်။

ပျားရည်သည် သဘာဝက ပေးကမ်းချီးမြှင့်သည့် စွမ်းအားဖြည့်ဆည်းရာ အစာလည်းဖြစ်ပါသည်။ အကောင်းဆုံး အာဟာရဖြစ်ပါသည်။ ပျားရည်သည် အစာအိမ်၏ အကောင်းဆုံးမိတ်ဆွေဖြစ်သည်ဟူသော ရှေးဆိုရိုးစကား ရှိခဲ့ပါသည်။ ပျားရည်နှင့်ပတ်သက်၍ ပစ္စုပ္ပန်ကာလ ဆေးပညာရှင်များ တညီတညွတ်တည်း အတည်ပြုထားသည်မှာ...

"ကျွန်ုပ်တို့ နေ့စဉ်စားသုံးနေသော အစာများတွင် ပျားရည်ကို မျှတစွာပါဝင်စေခြင်းအားဖြင့်လည်း အစာခြေဖျက်မှုကို လုံ့ဆော်ကာ အစာအိမ်၊ အစာခြေရည်များ၏ အက်ဆစ်ပါဝင်မှု စံနှုန်းကိုမှန်ကန်စေပါသည်။

ပျားရည်တွင်ပါဝင်သော ဂလူးကို့(စ်)သည် သွေးကြောများကိုကျယ်စေရာ သွေးလှည့်ပတ်ခြင်းကို မှန်ကန်စေပါသည်။ စိတ်အား၊ ကာယအားဖြင့်လည်းကောင်း၊ ပင်ပန်းနွမ်းနယ်သူများနှင့် ပြင်းထန်သောရောဂါများကြောင့် အားနည်းနေသော လူမမာများအတွက်လည်းကောင်း ပျားရည်သည် အသက်တစ်မျှ အရေးကြီးပါသည်"ဟူ၏။

ပျားရည်၏ကုသစွမ်းရည်ကို ယခုအခါ ဘက်ပေါင်းစုံမှ စုံလင်စွာတွေ့ရှိလာပြီ ဖြစ်သည်။

ပျားရည်ကို အစာလမ်းကြောင်းနှင့် နှလုံးသွေးကြောရောဂါများတွင်လည်းကောင်း၊ အသည်း၊ သည်းခြေပြွန်နှင့် အခြားအင်္ဂါများ၏ ရောဂါများတွင်လည်းကောင်း အောင်မြင်စွာ အသုံးချနေကြပါသည်။

သိပ္ပံပညာဆိုင်ရာ တွေ့ရှိချက်များအရ ဆေးသုတေသီ ဆရာဝန်အားလုံးက "ပျားရည်သည် နှလုံးသန်မာရေးအတွက် အထူးသင့်လျော်သည်"ဟု ဆိုမိန့်ထားကြပါသည်။

ပျားရည်သည် နှလုံးသားအတွက် အကောင်းဆုံး အာဟာရဖြစ်သည်။ ၎င်းသည် အလွန်ကြေလွယ်ပြီး သွေးအတွင်းသို့ ကောင်းစွာရောက်ရှိနိုင်သည်။ အခြားအချိုဓာတ်များကဲ့သို့ အချဉ်ပေါက်ခြင်း၊ လေပွခြင်းတို့ကို မဖြစ်စေသည့်အပြင် အူလမ်းကြောင်းကိုလည်း သန့်ရှင်းစေသည်။ ထို့ကြောင့် ဝမ်းချုပ်သူကို ဝမ်းသက်စေ၍ ဝမ်းပျက်နေသူကိုလည်း ဝမ်းပြန်ကောင်းစေပါသည်။

ပျားရည်သည် နှလုံးသွေးကြောကျဉ်းရောဂါနှင့် နှလုံးအားနည်းရောဂါများအတွက်လည်း ပိုမိုအသုံးဝင်ပါသည်။ (အဏုဇီဝဗေဒပညာရှင်များအနေဖြင့် ပျားရည်သည် ဘက်တီးရီးယားပိုးမွှားများကို သေစေနိုင်သည်ဟူ၍ ယခင်က မယုံကြည်ခဲ့ကြပေ။) လက်တွေ့စမ်းသပ်ကြည့်တော့မှသာ ဆိုးရွားလှပါသည်ဆိုသော ရောဂါပိုးများ ပျားရည်နှင့်တွေ့လျှင် အတုံးအရုန်းသေဆုံးကုန်ကြသည်ကို အံ့ဩစွာတွေ့ရှိခဲ့ကြသည်။ တိုက်ဖွိုက်ရောဂါပိုးဆိုလျှင် ၄၈ နာရီ အတွင်း သေပြီး၊ ဝမ်းကိုက်ရောဂါပိုးကတော့ ၁၀ နာရီအတွင်း သေဆုံးစေပါသည်။ ပျားရည်သည် နာစေး၊ ချောင်းဆိုး အအေးမိဖျားနှင့် အခြားရောဂါများကိုလည်း ကာကွယ်ပေးသည်။ ပျားရည်သည် နာလန်ထလူနာများအတွက် အထူးသင့်လျော်ပါသည်။ ဆေးရုံဆေးခန်းများတွင် ခွဲစိတ်ပြီး လူနာများအတွက် ပျားရည်ကို အနာကျက်ဆေးအဖြစ်သုံးလျှင် အနာကိုကျက်စေပါသည်။

နိဂုံးချုပ်အားဖြင့် စွယ်စုံရ ဆေးဖက်ဝင်သော ပျားရည်ကို အကျိုးရှိစွာအသုံးပြုခြင်းအားဖြင့် လူသားများ ကျန်းမာဝဖြိုး အလှတိုးစေနိုင်သော ဆေးတစ်လက်ဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။

ကျော်ဇောဟိန်း(နံ့သာ)



www.burmeseclassic.com

www.burmeseclassic.com



# ဖရဲသီးတာနိဖိုး

**ခိုင်ခင်အောင်ကြေင်း**

ဖရဲသီးများဟာ နွေမှာအပေါ်များဆုံး ထွက်ရှိလို့ အခု ခိုင်ခင်အောင်ကြေင်း ရေးမယ့် စာမူအရ နေရောင်ပြင်းလာတတ်တဲ့ နွေရာသီနဲ့ ဖရဲသီးကတော့ သဘာဝက အသင့်ပေးအပ်တဲ့ ဆေးတစ်ပါးအဖြစ် ပိုပြီးသတိပြုစားသုံးလာကြပါလိမ့်မယ်။

အမေရိကမှာလည်း ဖရဲသီးအကျိုးများကြောင့် သုတေသနပြုပြီး ဖရဲသီးစားသုံးသူတွေ အလွန်များပြားလာတာကြောင့် စာဖတ်ပရိသတ်များ သိကြားပြီးဖြစ်နိုင်ပါတယ်။

ဤစာမူကို ရေးရတာ နည်းနည်းတောင် နောက်ကျသွားသလို ဖြစ်နေချင် ဖြစ်နေမှာပေမယ့် ၂၀၀၉ ခုနှစ်က စကော ဂျပန်ရုပ်မြင်သံကြားအစီအစဉ်တစ်ခုက ကျန်းမာရေးအထူးပြု စားသောက်ရေးတွေ စမ်းသပ်တင်ပြမှုရပ်ဆိုင်းသွားတော့ ကြုံရာရေးနေရင်း မှတ်စုဟောင်းတွေရှာတဲ့ထဲက တွေ့တာလေး ရေးရတာဖြစ်တဲ့အတွက် ကျန်းမာသက်ရှည်ရေးနဲ့ပတ်သက်လို့ ကြိုကြား ကြိုကြား ဖြစ်နေရခြင်းကို သည်းခံဖတ်ရှုပေးကြပါရှင်။

တိုကျို အီဘာရာကီခရစ်စတိုဖာတ္တသိုလ်က အိတကုလဟီရိုရှိုးခေးဆံရာ ခေါင်းဆောင်သုတေသနပြုထားခြင်းကို ၂၀၀၆ ခုနှစ်၊ ဇွန်လ ၁၇ ရက်နေ့ည ခုနစ်နာရီမှာ ရုပ်မြင်သံကြားက တင်ဆက်ပြသသွားစဉ်က ဖရဲသီးအကြောင်းတင်ပြဖို့ နေရောင်ရဲ့အပြစ်များအား ပထမတင်ပြမှုအရ နေပူခံရင် သွေးပြစ်ခဲမယ်။ နေထိရင် သွေးထဲက အဆီခဲလေးတွေ ပျော်သွား၍ သွေးကြောထဲမှာ စုပိတ်သွားတတ်ကြောင်း Golf (ဂေါက်သီး)ရိုက်သူကို မရိုက်ခင်နှင့် ရိုက်ပြီးသွေးကို စစ်ပြသွားပါတယ်။ သွေးသွက်နေခြင်း ဂျပန်စကားနဲ့ ဆာလဆာလ ဖြစ်နေမှုက သွေးဥလေးများတစ်လုံးနဲ့တစ်လုံး တွဲကပ်တွဲကပ်ဖြစ်မနေဘဲ သွေးကြောထဲမှာ လွတ်လပ်စွာစီးမျောနေရာက နေရောင်အထိများတော့ သွေးမသွက်ခြင်း ဂျပန်စကားက တိုရိုတိုရိုဖြစ်လျက် သွေးဥလေးများတစ်လုံးနဲ့တစ်လုံး စေးကပ်စေးကပ်ဖြစ်လို့ သွေးကြောထဲတွင် စီးမျောလှည့်ပတ်ရာမှာ နှောင့်နှေးနေခြင်းကြောင့် သွေးလှည့်ပတ်မှု မကောင်းဖြစ်တယ်လို့ ဆိုပါတယ်။

ဒါကြောင့် နေရောင်သိပ်မခံချိန်၌ သွေးသွက်နေကာ နေရောင်ခံလွန်းရင် သွေးလေးကြောင်း၊ သေချာနေတာကြောင့် မိုးသာမရွာလို့များဆိုရင် ထီးဆိုတာကို လုံးဝမယူချင်သူများ နေပူလွန်းရင် ထီးဆောင်းထားသင့်ကြောင်း ထင်မြင်မိလောက်ပါပြီ။

မျက်စိထဲ နေရောင်ဝင်ရင်လည်း



www.burmeseclassic.com

www.burmeseclassic.com

မဲလနင့်ဓာတ်ဖြစ်လို့ တင်းတိပ်ထွက်လာပါလိမ့်မယ်။ မဲလနင့်ဓာတ်ဆိုတာ ပညာရှင်တွေကိုသာ ထပ်မေးလိုရင် မေးကြည့်နိုင်ပါတယ်။ အဲဒီအကြောင်းပြောတော့ နေပူထဲ အသွားများလွန်းတဲ့သူတွေ တင်းတိပ်တွေထွက်နေတာ အထင်အရှားတွေ့နေလို့ မငြင်းနိုင်ပါဘူး။

နေရောင်ခြည်ထဲက ခရမ်းလွန်ရောင်ခြည်အကြောင်း ပြောသွားတာလည်း ခရမ်းလွန်ရောင်ခြည်ရဲ့အန္တရာယ်ဆိုတာ သိနေပြီးကြလို့ နှစ်ပေါင်းကြာနေလို့ တင်ပြရေးသားဖို့ မလိုခြင်း။ ဆက်လက်မရေးဘဲ နေရောင်ထိခြင်းကို ကာကွယ်နည်း ရေးသားဖို့အတွက် (Sun Screen), (Sun Block) စသည်ဖြင့် ဂျပန်စကားဆိုပါက "ဟီးယဲစဲတိုမဲ့" ကရင်မ်(cream)များ လိမ်းရမယ်လို့ ဆိုပါတယ်။ ဒါတွေမရနိုင်ဘဲ ရှားပါးတဲ့ မြန်မာပြည်မှာက အဲဒါတွေထက် အဆပေါင်းများစွာကောင်းတယ်လို့ ရဲရဲဝံ့ဝံ့ ပြောရမယ့် သနပ်ခါးဟာ အကောင်းဆုံးဖြစ်ကြောင်း အကြံပြုပါရစေ။

နေရောင်ကာကွယ်သည့် (cream) ကရင်မ်များ လိမ်းပုံလိမ်းနည်း ပြောသွားတဲ့အခါ အသားပေါ်ကို ပုတ်၍ပုတ်၍လိမ်းမှ အကျိုးပြုမည့်နည်းမှန်ဖြစ်ကြောင်း သိရတော့ သနပ်ခါးကိုပုတ်ပြီးလိမ်းရင် ပိုကောင်းမလားလို့ ခိုင်ခင်အင်ကြင်း စဉ်းစားနေမိပါတယ်။

ဒီလောက်တင်ပြတော့ နေရောင်သိပ်ခံပေမယ့် အာဖရိကသားတွေ ဘာမှမဖြစ်တာ ဘာကြောင့်လဲဆိုတာ မေးရင်းဖြေရင်းတစ်ပြိုင်နက် ရှင်းပြတော့ ဖရဲသီး အလွန်စားတဲ့အတွက် ဖြစ်ကြောင်းကစလို့ ဖရဲသီးထဲက စီတိုလူလင့်ဓာတ်က နေရောင်ရဲ့ဆိုးပြစ်များကို ကောင်းစွာကာကွယ်ပေးသောကြောင့်လို့ ဆိုပါတယ်။ စီတိုလူလင့်ဓာတ်ဆိုတာ အင်္ဂလိပ်လို စာလုံးပေါင်းများနဲ့ ရေးပြသွားခြင်းမပြုလို့ ဂျပန်လိုသာ ရေးသားပြတာကြောင့် အသံထွက်အနေနဲ့ လုံးဝမမှားနိုင်တဲ့အပြင် စုံစမ်းစစ်ဆေးလိုသူများ ရှာဖွေစုံစမ်းကြည့်နိုင်ကြပါကြောင်း ခြွင်းချက်အဖြစ် ရေးသားဝန်ခံပါမယ်။

ဖရဲသီးမှာ သဘာဝဖရဲသီးက အကောင်းဆုံးဆိုပြီး တင်ပြပေမယ့် သဘာဝဆိုတာ အရေလှကျဖရဲသီးသက်သက်ရနိုင်ဖို့ ခက်ခဲတဲ့အတွက် မြေဩဇာအမျိုးမျိုးနဲ့ ပြုပြင်စိုက်ပျိုးခြင်းမပြုပါက သဘာဝဖရဲသီးပဲ ဖြစ်ပါပြီ။

ဖရဲသီးကို ဘယ်လိုစားမလဲဆိုရင် ခွဲစိတ်ပြီးစားမယ်လို့ ဆိုရမှာဖြစ်တဲ့ အလွယ်ဆုံးနည်းနဲ့စားရင် ရသည်ထက်ပို အကျိုးရှိအောင် ဖရဲသီးစားနည်းတွေ တင်ပြနေတာတည်းက တအံ့တသြဖြစ်ရမယ့် နည်းလေးတွေကတော့ ဖရဲသီးယိုလုပ်စားနည်းတစ်နည်းက ဖရဲသီးယိုထိုးစားနိုင်ကြောင်း တစ်ကြောင်းအရ ဖရဲသီးယိုထိုးနည်းမှာ ဖရဲသီးအား MIXER (မစ်ခဇာ)ဖျော်ရည်ကြိတ်စက်ထဲ ထည့်ကြိတ်လို့ရတဲ့အရည်ကို ညှောင်စေးကျအောင် ကျိုရုံပဲဖြစ်ပြီး အများအားဖြင့် ငါးနာရီကျိုရပါမယ်လို့ သိရပါတယ်။ အထူးအကျိုးရှိအောင် စားနည်းတစ်မျိုးက ဖရဲသီးမဆလာဟင်းချက်စားခြင်းဖြင့် ကိုယ်ခန္ဓာထဲက အဆိပ်ကို ပယ်ထုတ်ပေးကြောင်းသိရတော့ အရသာလည်း တစ်မျိုးထူးမှာကြောင့် ချက်စားကြည့်သင့်ကြောင်း ထင်မြင်မိပါတယ်။ ဖရဲသီးမဆလာဟင်းဟာ စားပြီးရင် သွေးများ ဆာလဆာလဆိုသလို(ဂျပန်စကားနဲ့) မြန်မာလို သွေးများ သွက်လက်စွာ စီးဆင်းမယ်လို့ တင်ပြသွားပါတယ်။ စာဖတ်ပရိသတ်ကိုသာ ဒီအကြောင်းရေးပြနေရက်နဲ့ ခိုင်ခင်အင်ကြင်းကိုယ်တိုင် ချက်မစားဖြစ်မိသေးပါဘူး။

နောက်တစ်နည်းမှာ ဖရဲသီးကို သုံးထောင့်ပုံသဏ္ဍာန်စိတ်၍ ဝါးတုတ်ချွန်လို တုတ်ချွန်တစ်ခုခုနဲ့ ထိုးသီကာဂျုံမှုန့်နှင့် ကြော်စားနည်းဖြစ်ကြောင်း ပြောစဉ်မှာတော့ ဘုရားရေ…ဖရဲသီးကြော်စားရမှာ ဆန်းလှချည်လားလို့ ထင်မိပါတော့တယ်။

ဖရဲသီးက ဝိန်ဆေးလည်းဖြစ်သည့် သဘာဝဆေးဖြစ်နေသည်ကိုလည်း သိရပေမယ့် နလုံးနဲ့အသည်းမကောင်းသူများအဖို့ ဆရာဝန်နှင့်တိုင်ပင်ပြီးမှ စားသင့်ကြောင်းနဲ့ အစားမလွန်ဖို့ သတိပေးထားတာကြောင့် သတိပြု၍ မုန်လာဥဝါနှင့် ခရမ်းချဉ်သီးများလည်း ခရမ်းလွန်ရောင်ခြည်ကို ကာကွယ်ပေးပါကြောင်း သိရပြီးလျှင် ယုတ်စွအဆုံး ဖရဲသီးအခွံအတွင်းသားနှင့်လည်း မျက်နှာနှင့်အသားအရေကို ပွတ်တိုက်ပေးခြင်းဖြင့် အသားအရေများ လှပစေကြောင်းများကြောင့် ဖရဲသီးအဖိုးတန်လှ၍ ဤနည်းများဖြင့် အားလုံးပင် ပိုမိုကျန်းမာရေး တိုးတက်မည့်အချက်တို့ကို ရေးသားမှု၌ ရပ်နားလိုက်ပါတယ်။

အစဉ်မွန်မြတ်သော မေတ္တာရည်လျက်…

ခိုင်ခင်အင်ကြင်း



www.burmeseclassic.com

www.burmeseclassic.com

သိသာစေကြောင်း

# မင်္ဂလာနိမိတ်ကောင်း

ဒေါက်တာမင်းသိန်း၏ နည်းစနစ်အတိုင်းဟောသည့်

# ဒေါက်တာစောယုနွယ်

တကယ်ဆိုတော့ . . .
မိမိဘဝရဲ့ ကောင်းခြင်း၊ ဆိုးခြင်းဖြစ်ပျက်မှုတွေကို မိမိဘာသာမိမိ
အသိဆုံးပါ။ ဒါပေမဲ့ ပွဲမစခင် ပြည်ဖုံးကားနောက်ကွယ်မှာ
ဘာတွေလုပ်နေတယ်ဆိုတာကို ကြိုတင်ပြီး သိချင်ကြ
တာဟာ လူ့ဘဝရဲ့ဓမ္မတာပါပဲ။ ပြည်ဖုံးကား
နောက်ကွယ်က ဇာတ်ရှုပ်တွေဟာ တစ်ခါတစ်ခါ
ကျတော့ ပျော်စရာကောင်းတာတွေ တွေ့ရသလို၊
တစ်ခါတစ်ခါကျတော့လည်း စိတ်ရှုပ်စရာတွေလည်း
တွေ့ရတတ်ပါတယ်။ အချိန်အခါ နေရာဒေသကြောင့်
သင့်ဘဝရဲ့ ပြည်ဖုံးကားကို လှစ်ခနဲသာ ဖွင့်လှစ်ပြသ
လိုက်ရတာကြောင့် ဒီစာမျက်နှာမှ သင့်ဘဝရဲ့
အဖြစ်အပျက် အစိတ်အပိုင်း တစ်ခုတလေသာ
မြင်ရမှာဖြစ်လို့ ဘဝဇာတ်ခုံပေါ်မှာ မီးရောင်စုံ
အစုံအလင်နဲ့ သင့်ဘဝအပြည့်အစုံကို
မြင်ချင်တယ်ဆိုရင်ဖြင့် . . .



ဦး အမှတ် (၂၀၅/က)
ဗိုလ်တောက်(၅)လမ်း၊
မြို့သစ်(၈)၊ ဘုရင့်နောင်ရိပ်သာ၊
အင်းစိန်မြို့နယ်၊ ရန်ကုန်။
ဖုန်း ၀၁-၆၄၃၀၃၀

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလအတွက် ဟောစာတမ်း

## တနင်္ဂနွေ သားသမီး



သင်သည် ယခုကာလတွင် စိတ်တိုင်းကျကောင်းမယ့်အချိန် ဖြစ်ပါတယ်။ အတိတ်ဘဝက ပဋ္ဌာန်းဆက်တွေ ကူညီစောင့်ရှောက်မယ့်ကာလလည်း ဖြစ်ပါတယ်။ အစစအရာရာ အဆင်ပြေ အောင်မြင်မှုတွေ ရတတ်ပါတယ်။ အစိုးရဝန်ထမ်းဖြစ်ပါက ရာထူးတိုးတတ်ပါတယ်။ ကျောက်မျက်ရတနာများ ဝယ်ယူစုဆောင်းခြင်း၊ ပြန်လည်ရောင်းချခြင်းပြုပါက အမြတ်အစွန်း အများကြီး ရတတ်ပါတယ်။ မင်္ဂလာကိစ္စတွေလည်း ဆောင်ရွက်ရတတ်ပါတယ်။ လွတ်လပ်ပြီး အရွယ်ရောက်ပြီးသူများ စေ့စပ်ကြောင်းလမ်းခြင်း၊ လက်ထပ်မင်္ဂလာပွဲများ ပြုလုပ်ရတတ်တယ်။ စက်ပစ္စည်းတစ်ခု ဝင်တတ်တယ်။ စိန်ထည်ပစ္စည်းလည်း ဝင်လာတတ်တယ်။ မိဘကို ကောင်းစွာပြုစုစောင့်ရှောက်နိုင်မယ့်အချိန် ဖြစ်တယ်။ လုပ်ငန်းများ သိသိသာသာ အောင်မြင်မှုရမယ်။ လုပ်ငန်းသစ်များ စတင်ပြုလုပ်နိုင်သောကာလ ဖြစ်ပါတယ်။ မိတ်ဆွေကောင်း၊ ဆရာကောင်းများ တွေ့မယ်။ သင်တန်းတစ်ခု တက်ရခြင်း၊ ပညာကောင်းများ ရမယ်။ စီးပွားသိသိသာသာ တက်မယ်။ သိကြားမ,လိုက်သကဲ့သို့ လက်ရှိအခြေအနေထက် များစွာမြင့်တက်သွားလိမ့်မယ်။ ငွေရှာရလွယ်ခြင်း၊ ငွေအဝင်အထွက်ကြွမ်းခြင်းများ ကြုံလိမ့်မယ်။ ရင်းနှီးသူ မိတ်ဆွေများနှင့် အဆင်မပြေ လမ်းခွဲရခြင်း၊ စကားများရခြင်းများ ဖြစ်တတ်တယ်။ ဆရာသမား မိတ်ဆွေများနှင့် စပ်တူရှယ်ယာလုပ်ငန်းများ ပေါ်လာလိမ့်မယ်။ လုပ်ပါလျှင် အောင်မြင်မယ်။ ကျန်းမာရေးအနေဖြင့် ရုတ်တရက် ဒူးနာခြင်း၊ နှလုံးအားနည်းခြင်း ဖြစ်တတ်တယ်။ သွေးလေကြောင့်လည်း ဖျားနာတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ မေမြို့ပန်း(၅)ပွင့်၊ သပြေ(၆)ညွန့်၊ တံခွန်ဖြူ(၆)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

အင်္ဂါ၊ ကြာသပတေး

### ညံ့သောရက်

စနေ၊ ဗုဒ္ဓဟူး

### ကံကောင်းသောနံပါတ်

၅၇၊ ၅၃၊ ၃၅

### အထူးသတိပြုရန်

ယခုကာလတွင် လူမျိုးခြား ဒုက္ခပေးတတ်တယ်။ ကိုယ့်ကို ရန်လိုသူက နိမ့်ကျသော ပညာရပ်များဖြင့် အန္တရာယ်ပြုတတ်တယ်။ နာရေး လုံးဝမသွားပါနှင့်။ သူခိုးဝင်တတ်တယ် ဂရုစိုက်ပါ။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်က ဘုရားတွင် အင်္ဂါနေ့နှင့် ကြာသပတေးနေ့တိုင်း မုန့်စိမ်းပေါင်း(၈)ပန်းကန်(အုန်းသီးမထည့်ရ)၊ ဆီမီးခွက်(၈)ခွက်ဖြင့် လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com



# တနင်္လာ သားသမီး



သင်သည် ယခုကာလတွင် လုပ်ငန်းအသစ် တိုးတက်ခြင်း၊ အလုပ်နေရာ၊ အိမ်နေရာ ပြင်ဆင်မွမ်းမံရတတ်တယ်။ အိမ်သစ်ဆောက်နိုင်တဲ့ အခွင့်အလမ်းတွေလည်း ရရှိလာမှာ ဖြစ်ပါတယ်။ အိမ်ထောင်မရှိသူများ အိမ်ထောင်ကျတတ်တယ်။ ခရီးအကျိုးပေးတဲ့ ကာလဖြစ်သောကြောင့် မကြာခဏ ခရီးသွားရတတ်တယ်။ ပြည်ပခရီးသွားဖို့ ကြံရွယ်ထားရင် ဒီကာလမှာ ထွက်လိုက်ပါ။ လူငယ်တွေအဖို့ အချစ်ရေးမှာ သဘောထား ကွဲလွဲတတ်တယ်။ အဖိုးတန်ပစ္စည်းတွေ ဝင်လာတတ်တယ်။ ဘုရားဆင်းတုတော်၊ ရဟန္တာပုံတော်များ ကြွလာပါက အထူးကံကောင်းတတ်ပါတယ်။ မြေနဲ့ပတ်သက်ပြီး အနည်းငယ် စိတ်ညစ်ရတတ်တယ်။ အိမ်ပေါင်ပြီးတော့ လုပ်ငန်း မလုပ်ပါနှင့်။ သူများ လာပေါင်လျှင်လည်း လက်မခံပါနှင့်။ အမှုဖြစ်တတ်တယ်။ ဘုရားတစ်ဆူ ကြွလာတတ်တယ်။ အလုပ်တွင် အတိုက်အခံ ပြိုင်ဘက် ပေါ်တတ်တယ်။ အကြီးအကဲကလည်း ကိုယ့်ကို ငြိုငြင်တတ်တယ်။ ကျန်းမာရေးအနေဖြင့် ခေါင်း မကြာခဏ ကိုက်တတ်တယ်။ မီးအပူလောင် ခံရတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီး ဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ကုံကော်ညွန့်(၂)ညွန့်၊ ဆီး(ဇီး)ညွန့်(၈)ညွန့်(ဆူးဖြုတ်)၊ ငှက်ပျောရုပ်စုံ(၆)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

## ကံကောင်းသောရက်

ဗုဒ္ဓဟူး၊ သောကြာ

## ညံ့သောရက်

တနင်္ဂနွေ၊ ကြာသပတေး

## ကံကောင်းသောနံပါတ်

၄၅၊ ၄၆၊ ၆၄၊ ၆၇

## အထူးသတိပြုရန်

မိမိ၏ ခေါင်းရင်းအိမ်တွင် အိမ်ဖျက်ချခြင်း၊ အိမ်အမှုဖြစ်ခြင်း၊ မိန်းမအရှုပ်အထွေး ပြဿနာများ ကြုံတွေ့ရပါက မိမိကို ထိခိုက်တတ်သဖြင့် ဇင်းနိမိတ်တွေ့ပါက ကျွန်ုပ်နှင့် လာရောက်တွေ့ဆုံလိုက်ပါ။
မိမိအိမ်ကိုပေါင်၍ စီးပွားလုပ်ခြင်း၊ သူများအိမ် လာပေါင်ခြင်းမျိုး လုံးဝလက်မခံပါနှင့်။

## ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တိုင်း သရက်သီး၊ ရွှေကြည်၊ နနွင်းမကင်းများ လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလအတွက် ဟောစာတမ်း

## အင်္ဂါ သားသမီး



သင်သည် ယခုကာလတွင် စိတ်တိုင်းကျကောင်းမယ့်အချိန် ဖြစ်ပါတယ်။ မပြောပလောက်တဲ့ အညံ့အခိုက်လေးတွေတော့ အနည်းငယ် ရှိပါတယ်။ လက်ရှိအခြေအနေထက် စီးပွားအရှိန်အဟုန်တက်ကာ အိမ်ပိုင် ကားပိုင် ဖြစ်သွားတတ်ပါတယ်။ မိမိ၏ အလုပ်မှလည်းကောင်း၊ ထီပေါက်၍လည်းကောင်း ငွေများ ဝင်လာတတ်ပါတယ်။ ငွေအစုလိုက်၊ အပုံလိုက် ဝင်လာလိမ့်မယ်။ အလှူအတန်းကိစ္စများ မုချလုပ်ရမယ်။ ဤကာလမျိုး၌ မိမိလုပ်ငန်းများကို အင်နှင့်အားနှင့် တိုးချဲ့လုပ်ကိုင်သင့်သော်လည်း ဖြတ်လမ်းမလိုက်ပါနှင့်။ ဝန်ထမ်းတွေအဖို့ ရာထူးတက်ခြင်း၊ ကောင်းသောနေရာသို့ အပြောင်းအလဲလုပ်ခြင်း ကြုံရတတ်တယ်။ ရာထူးတိုးပေမယ့် အလုပ်နှင့်ပတ်သက်ပြီး စိတ်ညစ်စရာ ပေါ်လာလိမ့်မယ်။ မိမိကို ဒုက္ခပေးတဲ့သူတွေ၊ ပြဿနာလုပ်နေသူများရှိလျှင် အဆင်ပြေသွားမယ်။ မသင့်မြတ်သူများနှင့် ပြန်လည်သင့်မြတ်သွားမယ်။ ပြည်ပခရီးဝေးသွားဖို့ ကြံရွယ်ထားသူများ ယခုကာလတွင် စတင်ဆောင်ရွက်ပါက အောင်မြင်မှု ရတတ်ပါတယ်။ မကြာခဏ ခရီးထွက်ရတတ်တယ်။ ထိုခရီးများသည်လည်း အကျိုးပေး အောင်မြင်လိမ့်မယ်။ စန်းပွင့်တဲ့ကာလဖြစ်သောကြောင့် အိမ်ထောင်ရှိသူများအဖို့ သတိထားရပါမယ်။ စွပ်စွဲပြောဆိုခံရတတ်တယ်။ ကျောက်မျက်ရတနာများလည်း ဝင်လာတတ်တယ်။ ဘာပဲဖြစ်ဖြစ် တစ်ခါတည်းနှင့် မပြီးဘဲ နှစ်ခါထပ်ပြီး ဖြစ်တတ်တယ်။ ပညာရေးကိစ္စများ၊ သင်တန်းကိစ္စများကို အကြောင်းပြု၍ စိတ်ညစ်ရတတ်တယ်။ အတူနေမိသားစုထဲမှ အကြီးအကဲ အဘိုးအဘွားများ နာရေးဖြစ်တတ်တယ်။ တခြားကို ပို့ထားပါ။ ကျန်းမာရေးအနေဖြင့် ခေါင်းမူးခြင်း၊ ဝမ်းဗိုက်ဒုက္ခပေးခြင်းမျိုး ဖြစ်တတ်တယ်။ အဲဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ မေမြို့ပန်း(၅)ပွင့်၊ ရွှက်လှ(၆)ညွန့်၊ ထီးအဖြူအသေး(၁၅)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

စနေ၊ တနင်္လာ

### ညံ့သောရက်

ဗုဒ္ဓဟူး၊ တနင်္ဂနွေ

### ကံကောင်းသောနံပါတ်

၂၃၊ ၂၃၊ ၃၂၊ ၃၀

### အထူးသတိပြုရန်

ယခုကာလသည် ကံအကောင်းဆုံးကာလ ဖြစ်သောကြောင့် အခြေကျသော ရင်းနှီးမြှုပ်နှံမှုကို ပြုလုပ်လိုက်ပါ။ ရစရာရှိသော ငွေကြေးများကို ပြန်လည်စုဆောင်းပါ။ ယခုကာလကျော်လျှင် ငွေကြေးဆုံးရှုံးသွားနိုင်ပါသည်။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ဘုရားတွင် တနင်္လာနေ့နှင့် ဗုဒ္ဓဟူးနေ့တိုင်း နန်းဆိုင်လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလအတွက် ဟောစာတမ်း

## ဗုဒ္ဓဟူး သားသမီး



သင်သည် ယခုကာလတွင် အတိုက်အခိုက်များပြီး မိမိလုပ်သမျှတွေလည်း အရာမထင် ဖြစ်တတ်တယ်။ ဩဇာအာဏာကလည်း မရှိ၊ စိတ်သောကတွေကလည်း အလည်သဘောနဲ့ မကြာခဏ ရောက်ရှိလာတတ်ပါတယ်။ မထင်မှတ်သောခရီး၊ မရည်ရွယ်သော ခရီးတွေလည်း သွားရတတ်တယ်။ ကိုယ်ကျိုးအတွက် သွားရတဲ့ခရီးတွေ မရှိသလောက်ပါပဲ။ မိမိရဲ့ လုပ်ဖော်ကိုင်ဖက်များ၊ မိတ်ဆွေများနှင့်လည်း စိတ်ဝမ်းကွဲတတ်တယ်။ မြေဝင်တတ်တယ်။ ကုန်းမြင့်မှ မြေမျိုး၊ ဘုန်းကြီးကျောင်း၊ စာသင်ကျောင်းတို့နှင့်နီးသော မြေမျိုး ဖြစ်နေတတ်တယ်။ ပညာရပ်တစ်ခုလည်း သင်ကြားရတတ်တယ်။ လူမျိုးခြားနဲ့ အကျိုးပေးတယ်။ ပြည်ပခရီးထွက်ဖို့ ကြံရွယ်ထားသူများ ဒီကာလမှာ စတင်လုပ်သင့်တယ်။ စိတ်ပိုင်းဆိုင်ရာများ ထိခိုက်နာကျင်စေတဲ့ကာလ ဖြစ်သောကြောင့် ကိုယ်ကျင့်တရားကောင်း၍ မေတ္တာစိတ်ဖြင့် တုန့်ပြန်ပါက မိမိ၏ စိတ်ဒုက္ခများ ပြေပျောက်ပြီး ဂုဏ်စည်းစိမ်များ ပြန်လည်ပြည့်စုံလာမှာ ဖြစ်ပါတယ်။ ကျန်းမာရေးအနေဖြင့် အစာအဆိပ်ဖြစ်ခြင်း၊ ခြေထောက်၊ ခါးတွင် ထိခိုက်ဒဏ်ရာ ရခြင်းမျိုး ကြုံတွေ့ရတတ်တယ်။ ကိုယ်လက်အင်္ဂါ ခွဲစိတ်ကုသမှု ခံရတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ကုံကော်ညွန့်(၂)ညွန့်၊ ဆီး(ဇီး)ညွန့်(၈)ညွန့်(ဆူးဖြုတ်)၊ ကြက်လျှာအလံရောင်စုံ (၈)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

| ကံကောင်းသောရက် |
|---|
| စနေ၊ ကြာသပတေး |

| ညံ့သောရက် |
|---|
| တနင်္လာ၊ သောကြာ |

| ကံကောင်းသောနံပါတ် |
|---|
| ၇၆၊ ၃၄၊ ၁၄၊ ၁၇ |

**အထူးသတိပြုရန်**

ကဆုန်လ၊ ဝါခေါင်လ၊ ပြာသိုလများတွင် အရှေ့တောင်အရပ်၊ အနောက်မြောက်အရပ်များသို့ လုံးဝခရီးမသွားပါနှင့်။ အန္တရာယ် ကြုံတတ်တယ်။ မိန်းမကိစ္စ ရှုပ်ထွေးမှု ဖြစ်တတ်တယ်။

**ကံကောင်းပြီး လာဘ်ရွှင်စေရန်**

မိမိနေအိမ်ကဘုရားတွင် ကြာသပတေးနေ့နှင့် စနေနေ့တိုင်း ထောပတ်ဆွမ်း(၁)ပန်းကန် လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလအတွက် ဟောစာတမ်း

## ကြာသပတေး သားသမီး



သင်သည် ယခုကာလတွင် အညှံ့လေးတွေများလို့ ငွေကြေးကုန်ကျတာတွေ များနေတတ်ပါတယ်။ အစစအရာရာ သတိကြီးစွာထားရန် လိုပါတယ်။ မိမိအပေါ် မကောင်းကြံခြင်း၊ မကောင်းပြောခြင်းများလည်း ခံရတတ်ပါတယ်။ အမှုအခင်းများနဲ့ ပတ်သက်ရတတ်တယ်။ သားသမီး လက်အောက်ငယ်သားများအတွက် စိတ်ညစ်စရာများ ကြုံတွေ့ရတတ်ပါတယ်။ အင်္ဂါနံ စက်ပစ္စည်း ပျက်တတ်တယ်။ ရွှေနှင့် လက်ဝတ်ရတနာထွက်ခြင်း၊ ပေါင်နှံရခြင်းများ ကြုံရတတ်တယ်။ မထင်မှတ်သော ဆွေမျိုးသားချင်းများက အကူအညီကောင်း ပေးလာပါလိမ့်မယ်။ သွပ်၊ သံ၊ သစ် ကိရိယာများ၊ ရေထွက်ပစ္စည်းများ အောင်မြင် အကျိုးပေးတတ်တယ်။ လုပ်ငန်းသစ်၊ အစီအစဉ်သစ်များ ပေါ်ပေါက်လာတတ်တယ်။ ကျန်းမာရေးအနေဖြင့် ခြေထောက်တွင် အန္တရာယ် ဖြစ်တတ်တယ်။ သက်ကြီးရွယ်အိုများ အိမ်သို့ လာရောက်တည်းခိုလျှင် ဆုံးပါးသွားတတ်တယ်။ ထိုကဲ့သို့ အတိတ်ဆိုး၊ နိမိတ်ဆိုးများ တွေ့ကြုံပါက ဆန်(၇၃)ပုံကို အဆိုးနိမိတ်တွေ ပပျောက်စေဟုပြောပြီး တောင်မှမြောက်သို့ ပုံပေးပါ။ ဘုရားဂုဏ်တော်တွေ များများရွတ်ပေးပါ။ 'အရဟံ' ဟု အကြိမ်ကြိမ် ရွတ်ပေးပါ။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ဂုဏ်တော်များ ပွားများရွတ်ဆိုပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

တနင်္ဂနွေ၊ သောကြာ

### ညံ့သောရက်

စနေ၊ ဗုဒ္ဓဟူး

### ကံကောင်းသောနံပါတ်

၁၅၊ ၁၆၊ ၆၃

### အထူးသတိပြုရန်

မျက်နှာချင်းဆိုင် ခေါင်းရင်းဘက်တွင် အိမ်အသစ်ဆောက်တာ၊ အိမ်ပြောင်းပြင်တာတွေ့လျှင်လည်းကောင်း၊ ဆိုင်းပွဲ၊ အငြိမ့်ကတာ တွေ့လျှင်လည်းကောင်း သင့်အတွက် အလုပ်သစ်၊ အကြံသစ် ရတတ်ပါတယ်။ မိမိခန္ဓာကိုယ် အစိတ်အပိုင်းတစ်ခု မတော်တဆ ထိခိုက်ဒဏ်ရာ ရတတ်တယ်။ သတိထားပါ။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ဘုရားတွင် တနင်္ဂနွေနေ့နှင့် သောကြာနေ့တိုင်း ကြေးပန်းအိုးတစ်ခုထဲတွင် အုန်း(၆)ညွန့်၊ သီဟိုဠ်(၂၁)ညွန့်တို့ကို လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com



# သောကြာ သားသမီး



သင်သည် ယခုကာလတွင် လုပ်ငန်းသစ်တွေ စတင်လုပ်ရတတ်တယ်။ ငွေတွေလည်း ရပါလိမ့်မယ်။ ကံကတော့ ကိုယ့်ဘက်ပါလာပြီ။ ကိုယ်က ကြိုးစားပြီး ကိုယ့်အလုပ် ကိုယ်လုပ်ပါ။ အချိန်ဖြုန်းတာမျိုး မလုပ်ဘဲနှင့် မိမိလုပ်ငန်းကို တိုးချဲ့၍ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် ဂရုတစိုက် လုပ်ဆောင်မယ်ဆိုရင် သင့်အတွက် ရွှေကလပ်ကြီးတစ်ခုကို ပိုင်ပိုင်နိုင်နိုင် ရမှာဖြစ်ပါတယ်။ ကိုယ်လုပ်သမျှ အလုပ်တွေ အရာထင် အောင်မြင်တတ်တယ်။ အဖက်ဖက်မှာ စိတ်ချမ်းသာစရာများ ကြုံတွေ့လာရလိမ့်မယ်။ အလုပ်နေရာ၊ အိမ်နေရာ ပြောင်းရွှေ့ရတတ်တယ်။ ဘုရားဆင်းတုတော်၊ ပုံတော်များ ကြွလာတတ်တယ်။ အလှူအတန်းပြုရခြင်း၊ မင်္ဂလာပွဲများ စီစဉ်ပေးရခြင်းများ ပြုလုပ်ရတတ်တယ်။ ယခုကာလအတွင်း အိမ်ထောင်မပြုရ။ အိမ်ထောင်ပြုလျှင် တည်မြဲသောအိမ်ထောင် မဖြစ်နိုင်ပါ။ စီးပွားအလွန်ကောင်းသကဲ့သို့ ကိုယ်ကျင့်တရား အထူးအရေးကြီးသော အချိန်ဖြစ်ပါတယ်။ မိမိပိုင်ဆိုင်တဲ့မြေ ထွက်သွားတတ်တယ်။ သူတစ်ပါးပိုင်မြေကို ရောင်းပေးလျှင် မိမိအတွက် ဝေစုပိုရတတ်တယ်။ အိမ်ထောင်ရှိသူများ ဂရုစိုက်ပါ။ အိမ်ထောင်ဖက်နှင့် အဆင်မပြေကြီးစွာ ဖြစ်တတ်တယ်။ အောက်လက်ငယ်သား ဒုက္ခပေးတတ်တယ်။ မိမိမသွားချင်တဲ့ ခရီးဝေးတစ်ခု သွားရတတ်တယ်။ နာရေးကိစ္စ အကြောင်းပြု၍ ခရီးသွားရတတ်တယ်။ ယခုကာလတွင် ပျော်စရာကောင်းပေမယ့်လည်း ဆရာသမားလို ပုဂ္ဂိုလ်များနှင့် အဆင်မပြေ ဖြစ်တတ်တယ်။ ကျန်းမာရေးအနေဖြင့် ဆေးမှား၊ အစာမှား ဖြစ်တတ်တယ်။ သွေးတိုးတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ မေမြို့ပန်း(၅)ပွင့်၊ သပြေ(၆)ညွန့်၊ ယပ်အဖြူ(၁၂)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

**ကံကောင်းသောရက်**

တနင်္လာ၊ ဗုဒ္ဓဟူး

**ညံ့သောရက်**

အင်္ဂါ၊ သောကြာ

**ကံကောင်းသောနံပါတ်**

၄၁၊ ၄၂၊ ၂၄၊ ၂၆

**အထူးသတိပြုရန်**

ယခုကာလတွင် အိမ်ထောင်ရှိသောသူများ အိမ်ထောင်ရေး ရှုပ်ထွေးတတ်တယ်။ ယောက်ျားပျို မိန်းမပျိုများအဖို့ အိမ်ထောင်ရှိသူများနှင့် စွပ်စွဲပြောဆိုခံရတတ်တယ်။

**ကံကောင်းပြီး လာဘ်ရွှင်စေရန်**

မိမိနေအိမ်ကဘုရားတွင် ဗုဒ္ဓဟူးနေ့တိုင်း မုန့်လက်ကောက်(၆)ခု လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလအတွက် ဟောစာတမ်း

## စနေ သားသမီး



သင့်သည် ယခုကာလတွင် စိတ်ပင်ပန်း၊ လူပင်ပန်းတဲ့ကာလဖြစ်နေတတ်တယ်။ နားချိန်မရလောက်အောင် အလုပ်ရှုပ်ပြီး လွန်စွာပင်ပန်းလိမ့်မယ်။ ဝန်ထမ်းတွေအဖို့ သင်တန်းတက်ရခြင်း၊ အဖွဲ့အစည်းတစ်ခုအတွင်းမှာ ပါဝင်ပတ်သက်ရခြင်း ကြုံရတတ်တယ်။ ဝန်ထမ်းများအဖို့ အလုပ်တွင် မပျော်ပိုက်ဘဲ ဖြစ်နေတတ်တယ်။ ပြောင်းရန် စိတ်မကူးပါနှင့်ဦး။ ပြောင်းလျှင် အဆင်မပြေနိုင်သေးပါ။ အထက်လူကြီး၊ ကြီးကဲသူတို့က ကူညီမ,စလိမ့်မယ်။ ဘာသာရေးနှင့် ပတ်သက်သော ပုံတော်များ ဝင်လာလိမ့်မယ်။ အမျိုးသားများအနေဖြင့် ပဋိပက္ခ ခံရတတ်တယ်။ လူငယ်များအဖို့ မိန်းမခိုးခြင်း၊ ယောကျ်ားနောက်လိုက်ခြင်းများ လုပ်လျှင် ဆွေပြတ်မျိုးပြတ် ဖြစ်တတ်တယ်။ အလှူရက်၊ မင်္ဂလာရက် ရွှေ့ရတတ်တယ်။ နိုင်ငံခြားနှင့် ဆက်သွယ်သော ကိစ္စများ၊ လူမျိုးခြားနှင့် တွဲပြီးလုပ်ရသော အလုပ်များ အောင်မြင်လိမ့်မယ်။ ပြည်ပခရီးဝေးသွားရန် ကြံရွယ်ထားသူများ ယခုကာလတွင် စာရွက်စာတမ်းကိစ္စများ ပြုလုပ်ပါက တိုးတက်အောင်မြင်တတ်တယ်။ ကိုယ်ပေးစရာရှိသော ငွေများကို ချက်ချင်းပေးရတတ်ပြီး ရစရာရှိတဲ့ငွေက မရဘဲ ဖြစ်နေတတ်တယ်။ ရွှေဝင်ခြင်း၊ ထွက်နေသော ရတနာပစ္စည်းများ ပြန်ဝင်မယ်။ ကိုယ့်လက်အောက်ငယ်သားက ကိုယ့်ဆီက ထွက်သွားပြီး ပြိုင်ဘက်ထံ ရောက်ရှိသွားတတ်တယ်။ လုပ်ဖော်ကိုင်ဖက်တွေကလည်း ကိုယ့်ကို အနိုင်ကျင့်တတ်တယ်။ ယခုရောက်နေတဲ့ ကာလတွင် တပို့တွဲ၊ ပြာသိုလများ ပါဝင်နေရင် အစွပ်အစွဲ အပြောအဆို ခံရခြင်း၊ အထက်လူကြီး၏ ပြုငြင်မှု ခံရတတ်တယ်။ ကြာသပတေး၊ စနေ သားသမီးတွေရဲ့ ကူညီမှု ရတတ်တယ်။ စီးပွားရေး၊ လူမှုရေး ထိခိုက်တတ်တယ်။ မိမိကို ကူညီမယ့်သူ နည်းပြီး စိတ်ပင်ပန်းအောင် လုပ်မယ့်သူ များနေတတ်တယ်။ ကျန်းမာရေးအနေဖြင့် သွေးအားနည်းခြင်း၊ စိတ်ဓာတ်ကျခြင်း၊ ခြေထောက်၊ ခါးတို့တွင် ထိခိုက်ဒဏ်ရာရတတ်တယ်။ မကောင်းသော အတတ်များနှင့် နှောင့်ယှက်ခြင်း ခံရတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏မွေးနံထောင့်၌ မေမြို့ပန်း(၅)ပွင့်၊ သပြေ(၆)ညွန့်၊ ယပ်အဝါ (၁၇)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

ကြာသပတေး၊ စနေ

### ညံ့သောရက်

တနင်္လာ၊ သောကြာ

### ကံကောင်းသောနံပါတ်

၇၇၊ ၇၁၊ ၇၃

### အထူးသတိပြုရန်

ယခုကာလတွင် သချိုင်းမြေ လုံးဝမနင်းရပါ။ ကျန်းမာရေးညံ့ပြီး ငွေတွေ လာဘ်ပိတ်နေတတ်သောကြောင့် ဆရာကောင်း သမားကောင်းရှာပြီး တစ်ပတ် တစ်ကြိမ် အမိဋ္ဌာန် ဝင်လိုက်ပါ။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် နှီးထမင်း မကြာခဏ လှူဒါန်းပေးပါ။
ရဟန်းသံဃာ၊ ဆရာသမားများအား ရွှေရင်အေး လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလအတွက် ဟောစာတမ်း

## ရာဟု သားသမီး



သင်သည် ယခုကာလတွင် အိုးအိမ်နေရာထိုင်ခင်း ပြုပြင်မွမ်းမံရတတ်တယ်။ လုပ်ငန်း(၂)ခု၊ နေရာဌာန(၂)ခု ပူးတွဲလုပ်ရတတ်တယ်။ စက်ပစ္စည်းဟောင်းဝင်တတ်တယ်။ စာအုပ်တစ်အုပ် လက်ဆောင်ရတတ်တယ်။ ငွေအဝင်အထွက်ကြမ်းတတ်တယ်။ ဝင်လာသလောက် ပြန်ကုန်သွားတတ်တယ်။ မြေကိစ္စ၊ အမွေကိစ္စ၊ ငွေကြေးကိစ္စတို့နှင့် ပတ်သက်၍ စကားများရတတ်တယ်။ ရောဂါဝေဒနာဟောင်း ပြန်ပေါ်တတ်တယ်။ ခွဲစိတ်ကုသရတာမျိုး ဖြစ်တတ်တယ်။ ခရီးကိစ္စစီစဉ်ထားပါက အောင်မြင်စွာ သွားရတတ်တယ်။ အကျိုးရှိမယ့် ခရီးစဉ်ဖြစ်တယ်။ သားသမီးအတွက် စိတ်ပူရတတ်တယ်။ ကြာသပတေး သမီးကြီး ရှိပါက အိမ်ကထွက်သွားတတ်တယ်။ ရွှေ လက်ဝတ်ရတနာ ပျောက်ဆုံးတတ်တယ်။ လူမျိုးခြား၊ အောက်လက်ငယ်သားတို့ကြောင့် ပူပင်သောက ကြုံရတတ်တယ်။ နိုင်ငံရပ်ခြားနှင့် ဆက်သွယ်ရတဲ့ လုပ်ငန်းတွေ အဆင်မပြေဖြစ်တတ်တယ်။ အိမ်မှာရှိတဲ့ ရေပိုက်တွေ၊ ရေကန်တွေ ပြုပြင်ရတတ်တယ်။ လျှပ်စစ်နှင့် ပတ်သက်၍ ဂရုစိုက်ပါ။ အိမ်ထောင်ရှိသူအဖို့ အိမ်ထောင်ဖက်နှင့် စိတ်ဝမ်းကွဲခြင်း၊ အထင်လွဲခြင်းမျိုး ကြုံရတတ်တယ်။ ငွေနှင့် ပတ်သက်ပြီး ပူပန်ရတတ်တယ်။ ရပ်ဝေးမှ အမျိုးသမီးတစ်ယောက်ကလည်း ငွေလိမ်တတ်တယ်။ ယခုကာလတွင် ဘာပဲလုပ်လုပ် အပင်ပန်းခံသလောက် အကျိုးမရှိဘူး ဖြစ်နေတတ်တယ်။ စိတ်တွေကလည်း ဟိုရောက် ဒီရောက်နှင့် ဘာလုပ်ရမှန်းမသိ ယောင်ချာချာ ဖြစ်နေတတ်တယ်။ အလုပ်တွေလည်း တစ်ပိုင်းတစ်စ ဖြစ်နေတတ်တယ်။ ကျန်းမာရေးအနေဖြင့် အမြင့်မှ လိမ့်ကျတတ်တယ်။ ခေါင်းမကြာခဏ ကိုက်တတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ မေမြို့ပန်း(၅)ပွင့်၊ သပြေ(၆)ခက်၊ တံခွန်ဖြူ(၉)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

တနင်္လာ၊ ဗုဒ္ဓဟူး

### ညံ့သောရက်

သောကြာ၊ အင်္ဂါ

### ကံကောင်းသောနံပါတ်

၄၂၊ ၂၄၊ ၂၉

### အထူးသတိပြုရန်

မိမိအိမ်ပတ်ဝန်းကျင်တွင် အစာအဆိပ်သင့်ခြင်း၊ အစွပ်အစွဲပြဿနာများ ပေါ်ပါက သင်သည် သွေးထွက်သံယိုဖြစ်ခြင်း၊ စိတ်ညစ်စရာများ ဖြစ်ပေါ်လာတတ်သောကြောင့် ၎င်းနိမိတ်တွေ့ပါက ကျွန်ုပ်နှင့် လာရောက်တွေ့ဆုံပါ။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် တနင်္လာနေ့နှင့် ဗုဒ္ဓဟူးနေ့တိုင်း ကြံရည်(၆)ခွက် လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# နိုင်ငံခြားရောက် မြန်မာများအတွက်

## အထူးဟောကိန်း

### ဒေါက်တာစောယုနွယ်

(၂၀၁၆-ခုနှစ်၊ ဖေဖော်ဝါရီလ)

ယခုကာလမှာ ကျွန်မတို့ ဗုဒ္ဓဘာသာမြန်မာလူမျိုး၊ လူငယ်လူရွယ်အချို့ဟာ နိုင်ငံရပ်ခြားကို သွားရောက်ပြီး အလုပ်လုပ်ခြင်း၊ ပညာရှာခြင်းတွေ လုပ်နေကြပါပြီ။ အဲဒီလို တိုင်းတစ်ပါးမှာ သွားရောက်လုပ်ကိုင်သူတွေအဖို့ အားကိုးရာမှာ ကျွန်မတို့ ကိုးကွယ်ဆည်းကပ်တဲ့ မြတ်ဗုဒ္ဓရဲ့ လမ်းညွှန်မှုတွေပါပဲ။ မြတ်ဗုဒ္ဓကို ကြည်ညိုလေးစားတဲ့ ဗုဒ္ဓဘာသာဝင်တွေအဖို့ ဘယ်နေရာ ဘယ်ဒေသရောက်ရောက် သရဏဂုံတည်ခြင်း ရှိခဲ့ပါလျှင် ဘေးဥပါဒ်အန္တရာယ်တွေကင်းပြီး လိုအင်ဆန္ဒတွေ ပြည့်ဝတယ်ဆိုတာ အားလုံးအသိပါပဲ။ ရတနာသုံးပါးကို ကြည်ညိုလေးစားတဲ့သူတွေအဖို့ ၎င်းတို့ရဲ့ အခက်အခဲလေးတွေကို ပြေလည်စေဖို့ရန် ကျွန်မတတ်တဲ့ လောကီပညာရပ်တွေနဲ့ ကူညီလိုက်ရပါတယ်။ အကယ်၍များ ဘဝဇာတ်စုံ အဖုံဖုံကို သိချင်တယ် ဆိုရင်ဖြင့် စာဖြင့်သော်လည်းကောင်း၊ အခြားဆက်သွယ်နိုင်မည့် နည်းလမ်းများနှင့်သော်လည်းကောင်း ဆက်သွယ်ခဲ့မယ် ဆိုပါက . . .

ဒေါက်တာစောယုနွယ်

အမှတ်(၂၀၅/က)၊ ပိတောက်(၅)လမ်း၊ မြို့သစ်(ဂ)၊ ဘုရင့်နောင်ရိပ်သာ၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁ ၆၄၃၀၃၀

## တနင်္ဂနွေသားသမီးများအတွက်

လူပျို၊ အပျို ဖြစ်ပါက ချစ်သူကြင်ဖက်နှင့် တွေ့ရတတ်တယ်။ စက်ပစ္စည်းတစ်ခု ဝင်လာတတ်တယ်။ သင်တန်းတစ်ခု တက်ရတတ်တယ်။ ငွေရှာရ လွယ်ပေမယ့် အဆင်မပြေ ဖြစ်တတ်တယ်။ လူမျိုးခြား ဒုက္ခပေးတတ်တယ်။

**ယတြာ**

မိတ်ဆွေတစ်ဦးကို စပါကလင် ဝယ်တိုက်ပါ။

## တနင်္လာသားသမီးများအတွက်

အချစ်ရေးတွင် သဘောထားကွဲလွဲတတ်တယ်။ ပြည်ပခရီး သွားရတတ်တယ်။ အလုပ်တွင် အတိုက်အခံ ပြိုင်ဘက်ပေါ်တတ်တယ်။ အကြီးအကဲက ကိုယ့်ကို ငြိုငြင်တတ်တယ်။ အလုပ်ပြောင်း၊ နေရာပြောင်းရတတ်တယ်။

**ယတြာ**

မိတ်ဆွေတစ်ဦးကို ရွှေကြည်ဆန္ဒင်းမကင်း ဝယ်ကျွေးပါ။

www.burmeseclassic.com

www.burmeseclassic.com

## အ၊ါသားသမီးများအတွက်

ငွေအရလိုက် အပုံလိုက် ဝင်တတ်တယ်။ အလှူအတန်း မုချပြုလုပ်ရတတ်တယ်။ ခုသင့်မြတ်သူများနှင့် ပြန်လည်သင့်မြတ်မယ်။ ခရီးမကြာခဏ ထွက်ရတတ်တယ်။ စွပ်စွဲပြောဆိုခြင်း ခံရမယ်။ သင်တန်းတစ်ခု တက်ရတတ်တယ်။

**ယတြာ**

မိတ်ဆွေတစ်ဦးကို နန်ကထိုင်မုန့် လက်ဆောင်ပေးပါ။

## ဗုဒ္ဓဟူးသားသမီးများအတွက်

မထင်မှတ်သောသာခရီး သွားရမယ်။ လူမျိုးခြားနှင့် အကျိုးပေးမယ်။ ငွေများဝင်ပေမယ့် အကုန်အကျ များနေမယ်။ မိမိလုပ်ဖော်ကိုင်ဖက်များနှင့် အဆင်မပြေဖြစ်မယ်။

**ယတြာ**

မိတ်ဆွေတစ်ဦးကို ထောပတ်တစ်ဗူး လက်ဆောင်ပေးပါ။

## ကြာသပတေးသားသမီးများအတွက်

ငွေကုန်ကြေးကျ များနေမယ်။ အညံ့များ ရှိနေတတ်တယ်။ အစစအရာရာ သတိကြီးစွာ ထားရမယ်။ မိမိအပေါ် မကောင်းကြံခြင်း၊ မကောင်းပြောခြင်းများ ခံရတတ်တယ်။ တရားရုံးနှင့် ပတ်သက်ရတတ်တယ်။

**ယတြာ**

မိတ်ဆွေတစ်ဦးကို ဒူးရင်းသီးမုန့် လက်ဆောင်ပေးပါ။

## သောကြာသားသမီးများအတွက်

ပျော်ရွှင်စရာကောင်းတဲ့ အလုပ်တွေ လုပ်ရတော့မယ်။ ငွေတွေလည်းရမယ်။ ကိုယ်လုပ်သမျှ အောင်မြင်ပြီး အရာထင်တတ်တယ်။ အဖက်ဖက်မှာ စိတ်ချမ်းသာစရာတွေ ကြားရမယ်။ ငယ်ရွယ်သူများ ယခုကာလတွင် အိမ်ထောင်မပြုသင့်ပါ။

**ယတြာ**

မိတ်ဆွေတစ်ဦးကို ရေခွက်တစ်ခွက် လက်ဆောင်ပေးပါ။

## စနေသားသမီးများအတွက်

အလုပ်တွေ များများလုပ်ရမယ်။ ဝန်ထမ်းတွေအဖို့ သင်တန်းတက်ရခြင်း၊ အဖွဲ့အစည်းတစ်ခုအတွင်း ဝင်ရခြင်းများ ကြုံရမယ်။ အထက်လူကြီး၊ ကြီးကဲသူတို့က ကူညီမ,စမယ်။ ဘာသာရေးနှင့် ပတ်သက်သောပုံများ ဝင်လာမယ်။

**ယတြာ**

မိတ်ဆွေတစ်ဦးကို ထောပတ်မုန့်တစ်ခု လက်ဆောင်ပေးပါ။

## ရာဟုသားသမီးများအတွက်

စက်ပစ္စည်းအဟောင်းတွေ ဝင်လာမယ်။ မြေကိစ္စ၊ အမွေကိစ္စ စကားပြောရမယ်။ သားသမီးအတွက် စိတ်ပူရတတ်တယ်။ လူမျိုးခြား အောက်လက်ငယ်သားတို့ကြောင့် ပူပင်သောက ရောက်ရမယ်။ ငွေနှင့် ပတ်သက်၍ ပူပင်သောက ရောက်ရတတ်တယ်။

**ယတြာ**

မိတ်ဆွေတစ်ဦးကို စာအုပ်တစ်အုပ် လက်ဆောင်ပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

## (၇၄)ကြိမ်မြောက် ရွှေဟိဂုံစေတီတော်သို့ ရွှေစင်ရွှေသား တစ်ပိဿာကျော် လှူဒါန်းပူဇော်

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ ပန်းတဉ်းတန်း အရဏ်တော်ဝတ်အသင်းကြီးမှ ကြီးမှူး၍ (၇၄)ကြိမ်မြောက် ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ ဆက်ကပ်လှူဒါန်းမည့် ရွှေပြားသင်္ကန်းတော် ၁၀၈ ပြား(ရွှေစင်ရွှေသား တစ်ပိဿာ ၈၈ ကျပ်သား)ကို ဒီဇင်ဘာလ ၅ ရက်နေ့တွင် ဘောဂရပ်ကွက်၊ အောက်ကြည့်မြင်တိုင်လမ်းနှင့် တော်ဝင်လမ်းထိပ်ရှိ အသင်းဓမ္မာရုံ အလှူတော်မင်္ဂလာမဏ္ဍပ်မှ ကြည့်မြင်တိုင်မြို့နယ်အတွင်းရှိ ရပ်ကွက်များသို့ လှည့်လည်အပူဇော်ခံခဲ့ပြီး ၆ ရက်နေ့တွင် စမ်းချောင်းမြို့နယ်အတွင်းရှိ ရပ်ကွက်များသို့ လှည့်လည်အပူဇော်ခံခဲ့ကြောင်း သိရှိရသည်။

ဒီဇင်ဘာလ ၈ ရက်မှ ၁၇ ရက်နေ့အထိ အသင်းဓမ္မာရုံရှေ့တွင် တရားပွဲများ ကျင်းပခဲ့ပြီး ၁၈ ရက်နေ့တွင် စာရေးတံမဲများဖောက်၍ ၂၀ ရက်နေ့ နံနက်တွင် ရေစက်ချ အခမ်းအနားပြုလုပ်ကာ ရွှေပြားသင်္ကန်းတော်များအား ရွှေတိဂုံဘုရား ဂေါပကအဖွဲ့ထံသို့ အလှူရှင်များက ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိပါသည်။

အင်ကြင်း

## သန်လျင်တောရ ကမ္မဋ္ဌာန်းကျောင်းတိုက် မဟာဘုံကထိန်ပွဲတော်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊ သန်လျင်မြို့နယ်၊ ဗိုလ်ချုပ်ကျေးရွာရှိ "သန်လျင်တောရ ကမ္မဋ္ဌာန်းကျောင်းတိုက်" တွင် ၁၃၇၇-ခုနှစ်၊ တန်ဆောင်မုန်းလဆန်း(၁၁)ရက်၊ (၂၂-၁၁-၂၀၁၅) တနင်္ဂနွေနေ့ နံနက်(၈)နာရီတွင် ကောင်းမြတ်သောဆန္ဒဖြူစင်သော သဒ္ဓါစေတနာ ရှိကြပါသော အလှူရှင် အပေါင်းတို့က နှစ်စဉ် ကျင်းပမြဲဖြစ်သော ဘုံကထိန်ဒါနအလှူပွဲ၌ ကျောင်းတိုက်အတွင်းရှိ သံဃာတော် အရှင်သူမြတ်တို့အား ကထိန်လျာသင်္ကန်းနှင့် ဒါတပ္ပဝတ္ထုတို့ကို လှူဒါန်းဆက်ကပ်ခဲ့ကြောင်း သတင်းရရှိပါသည်။

ကြွရောက်လာကြသော ဧည့်ပရိသတ်အပေါင်းတို့အားလည်း ဘုံကထိန် အလှူရှင်များက အစားအသောက်များဖြင့် ဧည့်ခံကျွေးမွေးခဲ့ကြောင်း သိရှိရသည်။

ZN

## အလှူရေစက် လက်နှင့်မကွာ မဟာစည်ရိပ်သာ

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်၊ အမှတ်-၁၆၊ သာသနာ့ရိပ်သာလမ်းရှိ ပြည်တွင်းပြည်ပ ဗုဒ္ဓသာသနာပြု မဟာစည် သာသနာ့ရိပ်သာကြီးတွင်ရှိသော သံဃာတော် အရှင်သူမြတ်များနှင့် ယောဂီများအတွက် အရုဏ်ဆွမ်းကို (၁-၁၀-၂၀၁၅)ရက်နေ့တွင် "မဟာစည် သာသနာ့ရိပ်သာ ဩဝါဒစရိယ ဆရာတော် သာသနဓဇသီရီပဝရ ဓမ္မာစရိယ ဝိနယ ပါဠိပါရဂူ အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ ဒေါက်တာဇဋိလ" မှ ကျပ်လေးသိန်း လှူဒါန်းခဲ့သည်။

နေ့ဆွမ်းကို ဦးချမ်းငြိမ်းဇော်+ဒေါ်အိအိသွယ်၊ သား-မောင်ဇေယံ(ခ)Dayton Chan အမည်ပေး ကင်ပွန်းတပ်နှင့် ရက်(၁၀၀)ပြည့် မွေးနေ့အလှူအဖြစ် ကျပ် တစ်ဆယ့်ကိုးသိန်းတစ်ထောင့်ခြောက်ရာကျပ်ကို ရေစက်ချ လှူဒါန်းခဲ့သည်။

တက္ကသိုလ်စိုးယဉ်

www.burmeseclassic.com

www.burmeseclassic.com

# လှမဥ္စူမိသားစု၏ ကထိန်အလှူတော်မင်္ဂလာ







၁၃၇၇-ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၁၂)ရက်၊ (၂၃- ၁၁-၂၀၁၅)ရက်၊ တနင်္လာနေ့က တိုက်ကြီးမြို့နယ်၊ မင်္ဂလာရပ်ကွက်ရှိ ဆရာတော် အရှင်ဝါသ၏ ဝေယျာသိဒ္ဓိ-စမကုန်းတော် ဇမ္ဗူအေး အောင်တော်မူကျောင်း(ပုပ္ပားကျောင်း)တွင် ကထိန် အလှူတော်မင်္ဂလာ ကျင်းပခဲ့သည်။

အဆိုပါ ကထိန်အလှူတော်မင်္ဂလာအား အလှူဒါယကာ၊ ဒါယိကာမများ ဖြစ်ကြသည့်တာမွေ မြို့နယ်၊ ကျောက်မြောင်း၊ သင်္ဂလမ်း၊ အမှတ်(၁၄)နေ ဦးဝင်းမင်းအေး+ဒေါ်လှလှသန်း၊ သားသမီးများ ဖြစ်ကြသော မောင်မင်းကိုကိုမောင်+မထက်နုဝေ၊ မြေး-မင်းခန့်ဘုန်းနန္ဒ၊ မောင်အာကာမင်း+မမိရတနာမွန်၊ မြေး-မင်းသွေးစစ်ကောင်း၊ ယုဇနပလာဇာမှ ပွဲနေ့ပွဲထိုင် ဇာအမျိုးမျိုး ရောင်းဝယ်ရေး(လှမဥ္စူ)မိသားစုတို့က ပင့်သံဃာ အပါး(၅၀)တို့အား မြတ်ကထိန်သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုအစုစုတို့ကို လှူဒါန်းခဲ့ကြရာ မြောင်းတကာ၊ ရွာဦးဓမ္မာရုံကျောင်း ဆရာတော်ဘဒ္ဒန္တဉာဏဇေက သာဓုအနုမောဒနာ ရေစက်ချတရားကို ဟောကြား ပေးခဲ့ကြောင်း သတင်းရရှိပါသည်။

ကိုရင်သာဓု





www.burmeseclassic.com

www.burmeseclassic.com

## မဟာစည် အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓသာသနာပြု သင်တန်းကျောင်း (၂၅)နှစ်ပြည့် ငွေရတု (၅)ထပ်ကျောင်းကြီး ဆောက်လုပ်မည်



ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ အမှတ်(၁၆)၊ သာသနာ့ရိပ်သာလမ်းတွင် ပြည်တွင်းပြည်ပ ဗုဒ္ဓ သာသနာပြု မဟာစည် သာသနာ့ရိပ်သာကြီး ရှိပါသည်။ ထိုရိပ်သာကြီး၏ ဗုဒ္ဓသာသနာနုဂ္ဂဟ အချုပ် လက်အောက် တွင် "အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓသာသနာပြု သင်တန်း ကျောင်း" ရှိပါသည်။ ဦးအပွင့်ကောင်း+ဒေါ်ခင်နွဲ့ရီတို့ ဆောက် လုပ်လှူဒါန်းခဲ့သော "မဟာဂန္ဓာရုံကျောင်းတိုက်"ထဲ၌ရှိပါ၏။

ထိုကျောင်းတိုက်ထဲ၌ မဟာစည် အပြည်ပြည်ဆိုင်ရာဗုဒ္ဓသာသနာပြုသင်တန်းကျောင်း "(၂၅)နှစ်ပြည့် ငွေရတု (၅)ထပ်ကျောင်းကြီး" တည်ဆောက်ရန်အတွက် ကြိုးပမ်းအားထုတ် ဆောင်ရွက်လျက် ရှိကြပါသည်။ ထိုသို့ ဆောင်ရွက်ရာတွင် မိဘနှစ်ပါးအား ရည်စူး၍ ဒေါက်တာ တင့်စိုးလင်း(ဥက္ကဋ္ဌ-ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်)၊ ညီမ ဒေါ်ပွင့်မာ ခိုင်(အမှုဆောင်-အမျိုးသမီးယောဂီစောင့်ရှောက်ရေးအဖွဲ့)နှင့် ညီအစ်ကိုမောင်နှမ မိသားစုများ၊ ရွှေပုစွန်မိသားစုများက(၅) ထပ်ကျောင်းကြီးအတွက် မ,တည်လှူဒါန်းငွေ ကျပ်သိန်းတစ်ထောင် ဖြစ်ပါသည်။

ဆွေမျိုးများ၊ အဖွဲ့ကြီးသုံးဖွဲ့မှ အလှူရှင်များ၊ ယောဂီများ၊ အခြားသော စေတနာသဒ္ဓါတရား ထက်သန်လှသော ကုသိုလ်ရှင်များ ပါဝင်လှူဒါန်းလျက်ရှိရာ ကျပ်သိန်းပေါင်း တစ်ထောင့်ငါးရာကျော် ရရှိနေပြီ ဖြစ်ပါသည်။ ထိုသို့လှူဒါန်းကြရာတွင် ဦးစိုးဝင်း(တက္ကသိုလ်စိုးယဉ်)+စာရေးဆရာမ(မလေးယဉ်) မိသားစုတို့ကလည်း မိမိတို့ ရရှိသော ပင်စင်ငွေထဲမှ တစ်သိန်းကျပ်ကို အလှူဒါနအဖြစ် ဦးစိုးဝင်း (၇၅)နှစ်ပြည့် စိန်ရတုမွေးနေ့အတွက် (၁၄-၁၀-၂၀၁၅)ရက်နေ့က လှူဒါန်းခဲ့ပါသည်။

BURMESE CLASSIC

တက္ကသိုလ်စိုးယဉ်

---

## ပဋ္ဌာန်းပါဠိတော် (၅)စောင်တွဲကျမ်းများနှင့် ကမ္မဝါများ လှူဒါန်း

(၁၀-၁၀-၂၀၁၅)ရက်နေ့ နံနက်(၉)နာရီအချိန် ကျောက်တန်းမြို့ ဖားအောက်ဓမ္မရိပ်သာ ဆရာတော် ဦးဓမ္မိကအား ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့် မြို့နယ်နေ ငွေရည်ပုလဲကုမ္ပဏီမှ ဦးစိန်မျိုးအောင်၊ ဆရာမ ဒေါ်မာလာသိန်း (မန်းဂျိတီအိုင်)တို့က ပဋ္ဌာန်းကျမ်းကြီး (၅)စောင်တွဲနှင့် ကမ္မဝါများ လှူဒါန်းရာ ဆရာတော်ကြီးမှ သာဓုအနုမောဒနာ တရား ဟောကြား ရေစက်ချပေးပါ သည်။ ယနေ့ထိ ကျောင်းများသို့ လှူဒါန်းခဲ့သော ပဋ္ဌာန်း ကျမ်းကြီး(၅)အုပ်တွဲ (၁၄၉)စုံနှင့် မြင်းခြံ ကိုးဆောင် ကမ္မဝါ (၁၁၃)စုံ ရှိခဲ့ပါပြီ။ ဆက်လက်လှူဒါန်းမည်ဖြစ်ပါ၍ အလှူခံလို သော ရဟန်းသံဃာတော်များ စာရေးဆရာမကြီး ဒေါ်မာလာသိန်း (၀၉-၅၁၀၄၁၆၄၊ ၀၉-၉၇၂၀၄၀၅၉၉)သို့ ဆက်သွယ်အလှူ ခံနိုင် ကြောင်း ဓမ္မမိတ်ဆွေများ မုဒိတာပွားနိုင်ရန် တင်ပြလိုက်ရခြင်း ဖြစ်ပါသည်။

ဒေါက်တာသက်ဆွေ

www.burmeseclassic.com

www.burmeseclassic.com

## တာမွေမြို့နယ်၊ ကျားကွက်သစ်လုံးဆိုင်ရာ အဌမအကြိမ်မြောက်နှစ် ကျိုပ်ရှစ်ဆူဘုရားများ ဗုဒ္ဓပူဇနီယပွဲနှင့် ဓမ္မပူဇာသဘင်



တာမွေမြို့နယ်၊ ကျားကွက်သစ်ရပ်ကွက်လုံးဆိုင်ရာ အဌမအကြိမ်မြောက် နှစ်ကျိုပ်ရှစ်ဆူဘုရားများ ဗုဒ္ဓပူဇနီယ ပွဲတော်အောင်ပွဲအထိမ်းအမှတ်အဖြစ် ဒုတိယအကြိမ် မြောက် ဓမ္မပူဇာသဘင်ကို (၂၅-၁၂-၂၀၁၅)သောကြာနေ့ တွင် သီတဂူ "ဒေါက်တာ အရှင်ဉာဏိဿရ"ဆရာတော်၊ (၂၆-၁၂-၂၀၁၅)စနေနေ့တွင် သီတဂူ"ဒေါက်တာ ကိတ္တိဓဇ" ဆရာတော်၊ (၂၇-၁၂-၂၀၁၅)တနင်္ဂနွေနေ့တွင် သီတဂူ "ဒေါက်တာ အရှင်ဉာဏိဿရာစရိယ" ဆရာတော်တို့မှ ညစဉ် (၇း၃၀) နာရီတွင် အမှတ်(၈)၊ ဓမ္မဝိဟာရလမ်း၊ ကျားကွက် သစ်ရပ်ကွက်၊ တာမွေမြို့နယ်ရှိ "သာသနဟိတဓမ္မာရုံ"တွင် တရားဓမ္မများ ဟောကြားခဲ့ကြောင်း သတင်းရရှိသည်။

## (၇၅)နှစ်ပြည့် စိန်ရတု မွေးနေ့ပွဲ ကျင်းပ



ဆရာဦးစိုးဝင်း(တက္ကသိုလ်စိုးယဉ်) (မဟာမင်္ဂလဓမ္မဇောတိကဓဇ)၊ (Y.M.B.A) အသင်းကြီး ဥက္ကဋ္ဌဟောင်း မြန်မာနိုင်ငံစာရေးဆရာအသင်း ဗဟိုအလုပ်အမှုဆောင်၊မင်္ဂလာတောင်ညွန့်မြို့နယ် စာရေးဆရာ အသင်း ဂုဏ်ထူးဆောင် နာယကဇီဝကကျန်းမာရေး အလှအပ သုတရသမဂ္ဂဇင်း အကြံပေး၏ (၁၄-၁၁-၂၀၁၅)ရက်နေ့တွင် ဗဟန်းမြို့နယ်၊ ဓမ္မစေတီလမ်း၊ မိုးညှင်းကျောင်းတိုက်၌နံနက် ၁၀ နာရီမှ ၁၂ နာရီအထိ မွေးနေ့မင်္ဂလာပွဲ ကျင်းပရာ မီဒီယာ လောကမှ စာရေးဆရာ၊ ဆရာမများ၊ ဆွေမျိုးမိတ်သင်္ဂဟများ စုံညီစွာ တက်ရောက်ခဲ့ကြပါသည်။ ကြွရောက်လာကြသော ဧည့်ပရိသတ်များအား စိန်ရတု မွေးနေ့အထိမ်းအမှတ် စာအုပ်နှင့် ငွေကျပ် ၂၀၀၀ ကျပ်စီ မွေးနေ့လက်ဆောင် အထိမ်းအမှတ် ပြန်လည်ဒါနပြုပြီး နံနက်စာဖြင့် တည်ခင်းဧည့်ခံခဲ့ပါသည်။

ရွှေဆောင်တင်အေး

www.burmeseclassic.com

www.burmeseclassic.com

# ပဒေါစိမ်း



အရက်သေစာ သောက်စားတတ်သူတို့ တစ်ခါတစ်ရံတွင် အရက်သေစာ မသောက်ရသဖြင့် သေကောင်ပေါင်းလဲ ဖြစ်နေစဉ်တွင် သူ၏အသက်ကို ကယ်စေခြင်းငှာ အသက်ဆက်ပေးလိုသော စေတနာဖြင့် အရက်တိုက်ပေးလိုက်လျှင် ဇီဝိတဒါနဟု ထင်မှတ်နိုင်သော်လည်း အမှန်စင်စစ် ကုသိုလ် မဖြစ်နိုင်၊ အကုသိုလ်စိတ်သာ ဖြစ်နိုင်ကြောင်းကို မြတ်စွာဘုရားရှင်က မလှူအပ်သော ဒါနငါးမျိုးထဲတွင် မဇ္ဇဒါန ဆိုသော အရက်သေစာကို မလှူအပ်ကြောင်း ဗုဒ္ဓဘာသာလက်စွဲကျမ်းတွင် ဖွင့်ဆိုထားရာ••

www.burmeseclassic.com